NYI SAY
ကျော်အောင်
ငန်းရိုင်းများ
WILD SWANS
Jung Chang
WHISPER OF WORDS

About Author

ကျော်အောင်

၂၈ ဖေဖော်ဝါရီ ၁၉၂၇ ခုနှစ်တွင် ပခုက္ကူမြို့၊ ပေါင်းလောင်းရှင်ရပ်၌ အဖေ ဒိစကြိတ် ကောင်စီ စက္ကရီတေရီ ဦးကြင်မောင်၊ အမိ ဒေါ်တင်မြင့်တို့မှ မွေးဖွား။ ငယ်မည်မှာ မောင်အောင်ကြည်။ ဂျပန်ခေတ်တွင် ဗမာ့တပ်မတော်သို့ ဝင်ခဲ့သည်။ ပဋ္ဌမပတ် မင်္ဂလာဒုံဗိုလ် သင်တန်း တက်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးတွင် တိုင်း(၁)(၁၀၉)တပ်ရင်း (မင်းရှင်နောင်တပ်ရင်း)မှ ပါဝင်၍ ဂျပန်တော်လှန်ရေးတွင် အင်းစိန်ခရိုင်ပြည်သူ့ရဲဘော် အတွင်းရေးမှူး (၁၉၄၆)၊ မြန်မာ-ဆိုဗီယက် ယဉ်ကျေးမှုအသင်း အတွင်းရေးမှူး (၁၉၅၂- ၅၃)၊ တက္ကသိုလ်ဘာသာပြန်ဌာန (၁၉၅၅-၅၆)၊ သမိုင်းကော်မရှင် (၁၉၅၆-၅၇)၊ တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန (၁၉၅၇မှ ပင်စင်ယူသည် အထိ)တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ ပခုက္ကူဦးအုံးဖေ စာပေဆုရွေးချယ်ရေး အဖွဲ့ အဖွဲ့ဝင်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ပြည်သူ့ရဲဘော်ဂျာနယ်၌ စာစတင်ရေးသားခဲ့သည်။ ပင်ကိုရေး ဝတ္ထုများတွင် "ကြွေကြွေ ကာ နွမ်းလေပြီကွယ်" (၁၉၅၄)၊ "အနီထဲကကြယ်ဖြူပွင့်" (၁၉၆၄)၊ "လူ့သမိုင်း" (၁၉၆၅)၊ "သမဂ္ဂအလံတော် အောက်ဝယ်"(၁၉၆၉)၊ "နိဗ္ဗာန်ဘုံ ပျောက်ဆုံးခြင်း"(၁၉၆၉)၊ "အမှောင်ခေတ်ကချစ်သူများ" (၁၉၇၃)၊ "အကောင်းမြင်သမား"၊ "နှလုံးလှ ဆရာဝန်" (၁၉၆၅)၊ "တောရိုင်းမြေ" (၁၉၆၅-၁၉၆၇ထိ)၊ "ဆမ်းမားဆက်မွန်၏ ဝတ္ထုတိုများ"၊ "ချက်ကော့ဘ်သတို့သမီးနှင့် အခြားဝတ္ထုတိုများ"၊ "ကူလီ" (၁၉၅၄)၊ "မက်ဝါဒလမ်းညွှန်" (၁၉၆၄)၊ တို့သည် ထင်ရှားခဲ့သည်။ ၁၉၆၇ခုနှစ် အမျိုးသားစာပေဆု (ဘာသာပြန်)ကို "တောရိုင်းမြေ" စာအုပ်ဖြင့် လည်းကောင်း၊ ၁၉၇၁ အမျိုးသားစာပေဆု (ဝတ္ထုရှည်)ကို အရေးကြီးပြီ သွေးစည်းကြစို့ဖြင့် လည်းကောင်း၊ ၁၉၉၅ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဘာသာပြန်၊ သုတ) ကို "အိုဂျေရုဆလင်" စာအုပ်ဖြင့်လည်းကောင်း ၁၉၉၈ အမျိုးသား စာပေဆု (ဘာသာပြန်သုတ) ကို နေဝင်ဘုရင်များဖြင့် လည်းကောင်းရရှိ။ ၁၉၈၆ တွင် နိုင်ငံဂုဏ်ရည်ဘွဲ့ (ဒုတိယအဆင့်)၊ ၁၉၉၉ ခုနှစ်တွင် အရှေ့တောင်အာရှစာပေဆုကို ရရှိခဲ့သည်။ ၁၃ ဖေဖော်ဝါရီ ၂၀၀၀ ပြည့်နှစ်တွင် ကွယ်လွန်ခဲ့သည်။

ပုံနှိပ်မှတ်တမ်း

လောကသစ် စာအုပ်အမှတ် ၆၆

- စာမူခွင့်ပြုချက်အမှတ် - ၃၁၀၂၆၆၀၈၁၂
- ထုတ်ဝေသူ - ဒေါ်ဝေဝေမြင့် (မြဲ ၀၃၉၀၉) အမှတ် (၇)၊ သုဝဏ္ဏလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
- အတွင်းပုံနှိပ်သူ - ဦးတင်မောင်ဝင်း (၀၅၉၄၆) သင်းလဲ့ဝင်းပုံနှိပ်တိုက်
- မျက်နှာဖုံးပုံနှိပ်သူ - ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်၊ ရန်ကုန်။ ဦးတင်မောင်ဝင်း (၀၅၉၄၆) သင်းလဲ့ဝင်းပုံနှိပ်တိုက်၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်၊ ရန်ကုန်။
- မျက်နှာဖုံး - ဝဏ္ဏအောင်
- ဖလင် - Perfect
- စာအုပ်ချုပ် - ဦးမြင့်
- တန်ဖိုး - ၅၀၀၀ ကျပ်
- ထုတ်ဝေခြင်း - အောက်တိုဘာ၊ ၂၀၁၂
- အုပ်ရေ - ၇၀၀၊

❑ လောကသစ်စာပေ-အမှတ် (၇)၊ သုဝဏ္ဏလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၁၃၅၉၊ ၄၀၁၃၈၇

➢ ကျော်အောင်—ငန်းရိုင်းများ/ ကျော်အောင်။ - ရန်ကုန်၊

လောကသစ်စာပေ၊ ၂၀၁၂။

၅၀၈ - စာ၊ ၁၄. ၆ × ၂၄. ၁ စင်တီ။ (၁) ငန်းရိုင်းများ

အမှာစာ

[၁]

ဆရာကျော်အောင်သည် ဤစာအုပ်ကို (၁၁. ၅. ၉၇) တွင် ရေးပြီးခဲ့သည်။ ယခု စာအုပ်အဖြစ် ထွက်လာတော့ ၂၀၁၂ ခုနှစ်ဖြစ်ရာ စာမူဘဝနှင့် အိပ်ပျော်နေသည်မှာ ၁၅ နှစ် ရှိပါပြီ။ ဆရာသည် ၂၀၀၀ ပြည့်နှစ်က ကွယ်လွန်သွားခဲ့သည်ဖြစ်ရာ လောကသစ်အတွက် သီးသန့် ရေးပေးခဲ့သော ဤစာအုပ်ကို သူ မြင်ခွင့် မကြုံနိုင်တော့။

[၂]

"စာပေမြင့်မှ လူမျိုးမြင့်သည်" ဆိုသည်မှာ ကျင့်ဝတ်သိက္ခာရှိသော အရည်အချင်းပြည့် စာပေသမားများက သက်ဆိုင်ရာ နယ်ပယ်သီးသီးတွင် လွတ်လပ်စွာ ရေးသားထုတ်ဝေနိုင်မှ ဖြစ်နိုင်သော ကိစ္စဖြစ်ပါသည်။ မဂ္ဂဇင်းက ဘယ်နှစောင်၊ ဂျာနယ်က ဘယ်နှမျိုး၊ လုံးချင်းက ဘယ်နှအုပ် စသည်ဖြင့် ရေတွက်ကာ အရေအတွက်များတိုင်း "စာပေမြင့်ပြီ" ဟု ပြောမရပါ။ စာကောင်းပေကောင်း ထွက်လာရေးကို ဂရုမပြုလျှင် စာညံ့ ပေညံ့များသာ တောထလာဖွယ်ရှိပါသည်။

စာညံ့ ပေညံ့များဖြင့် ကြီးပြင်းရသော လူမျိုးသည် ခပ်ညံ့ညံ့ လူမျိုးသာဖြစ်တတ်ပါသည်။ လောကသစ်စာပေသည် ကမ္ဘာအရပ်ရပ်မှ သုတရသ စာကောင်းပေမွန်များကို အရင်းတိုင်း ပြန်ဆိုထုတ်ဝေခြင်း ဖြင့် လူထု၏ အသိဉာဏ် ရေချိန်ကို မြှင့်တင်ပေးရန် တစ်တပ်တစ်အား ကြိုးစားလျက် ရှိပါသည်။

[၃]

ဤစာအုပ်သည် တရုတ်ပြည်မိသားတစ်စု၏ မျိုးဆက်သုံးဆက် ဘဝ အဖြစ်အပျက်များကို နောက်ခံထားလျက် တရုတ်ပြည်သူတို့၏ နိုင်ငံရေး ဖြတ်သန်းမှုများကို ရေးဖွဲ့ထားသော ဝတ္ထုဟုန် အတ္ထုပ္ပတ္တိဖြစ်သည်။

မူရင်းစာအုပ်ရေးသူ ယန်ချန်းသည် တရုတ်ပြည် စီချွမ်ပြည်နယ်၊ ယိဘင်မြို့ ၌ ၁၉၅၂ ခုနှစ်တွင် မွေးဖွားသည်။ အသက် ၁၄ နှစ်တွင် တပ်နီလူငယ် အဖြစ် ခေတ္တ ဆောင်ရွက်ခဲ့ပြီးနောက်၊ လယ်သမား၊ ဖိနပ်မဲ့ ဆရာဝန်၊ သံမဏိ စက်ရုံလုပ်သား၊ လျှပ်စစ်ပညာရှင်၊ ထို့နောက် စီချွမ်တက္ကသိုလ်လက်ထောက် ကတိက စသည်ဖြင့် အလုပ်မျိုးမျိုး လုပ်ကိုင်ခဲ့သည်။ ၁၉၇၈ ခုနှစ် တွင် ဗြိတိန်သို့ ထွက်ခွာသွားပြီး ယော့ခ်တက္ကသိုလ်မှ စကောလားရှစ်ရသည်။ ၁၉၈၂ တွင် ဘာသာဗေဒဖြင့် ပီအိပ်ချ်ဒီရသည်။ ယခု လန်ဒန်တွင် နေထိုင်ကာ လန်ဒန် တက္ကသိုလ်တွင် သင်ကြားပို့ချ လျက်ရှိသည်။

ဤစာအုပ်တွင် မူရင်းစာရေးသူက တရုတ်ပြည်၏ ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း အဖြစ်အပျက်များကို ဖော်ပြထားသည်။ စာဖတ်သူအနေ ဖြင့် အစွဲကင်းကင်းဖြင့် ဖတ်ရှု၍ သင်ခန်းစာ ယူတန်တာကို ယူဖို့ဖြစ်ပါသည်။ တရုတ်ပြည်ကတော့ ယဉ်ကျေးမှုတော်လှန်ရေးကာလကို လွန်မြောက်ပြီး တစ်ကမ္ဘာလုံး က အလေးထားရသည့်အနေသို့ ရောက်ခဲ့ပါပြီ။

လောကသစ်စာပေ

WHISPER of WORDS
Subscribe Telegram Channel
https://t.me/TheBookR

မာတိကာ

၁။ စစ်မင်းဗိုလ်ချုပ်တစ်ယောက်၏ ကိုယ်လုပ်တော်
၂။ မန်ချူး ဆရာဝန်တစ်ယောက်နှင့် အဘွားလက်ထပ်ခြင်း
၃။ ဂျပန်လက်အောက်က မန်ချူးကိုး
၄။ သခင်သစ်များ အုပ်ချုပ်ခြင်းခံရသည်
၅။ တရုတ်ပြည်သစ်တိုက်ပွဲ
၆။ တော်လှန်သော လက်ထပ်ပွဲ
၇။ အမေ၏ ခရီးရှည် ချီတက်ပွဲ
၈။ မိသားစုနှင့် ခေါးပြမျှားရှိရာသို့ ၁၆၂
၉။ အဂတိမလိုက်စားသူတစ်ယောက်နှင့် အတူနေရခြင်း
၁၀။ အမေ့အပေါ် သံသယဝင်ခြင်း
၁၁။ နှုတ်ပိတ်နေရသည့် တရုတ်ပြည်
၁၂။ ငတ်မွတ်ခေါင်းပါးခြင်း
၁၃။ အခွင့်ထူးခံ ပိုးအိမ်လေးထဲမှာ
၁၄။ မော် ကိုးကွယ်ရေး
၁၅။ ယဉ်ကျေးမှုတော်လှန်ရေး အစပျိုးခြင်း
၁၆။ မော်၏ တပ်နီလူငယ်များ
၁၇။ အဖေ နှင့် အမေ၏ ဆုပ်လည်းစူး စားလည်းရှူးဘဝ
၁၈။ ပီကင်းသို့ ဘုရားဖူးသွားခြင်း
၁၉။ မိဘများ စိတ်ဆင်းရဲသည်
၂၀။ အဖေ အဖမ်းခံရခြင်း
၂၁။ ကျွန်မ၏ မွေးချင်းများနှင့် သူငယ်ချင်း
၂၂။ ဟိမဝန္တာဒေသအစပ်သို့
၂၃။ ကောက်စိုက်သမနှင့် စေတနာ့ဝန်ထမ်း ဆရာဝန်
၂၄။ အဖေနှင့် အမေတို့၏ အကျဉ်းစခန်းများ
၂၅။ လျှပ်စစ်သမားများနှင့် ဘဝသစ်
၂၆။ အင်္ဂလိပ်စာ သင်ကြားခြင်း
၂၇။ ကျွန်မ အဖေကွယ်လွန်ခြင်း
၂၈။ ပျံသန်းပါလေ ပျံလေဦးတော့မယ်
နိဂုံးစကား

[၁]

သုံးလက်မ ရွှေနှင်းပန်း

စစ်မင်းဗိုလ်ချုပ်တစ်ယောက်၏ ကိုယ်လုပ်တော်

(၁၉၀၉ - ၁၉၃၃)

ကျွန်မအဘွားသည် ဆယ့်ငါးနှစ်အရွယ်တွင် စစ်မင်းဗိုလ်ချုပ်တစ်ယောက်၏ ကိုယ်လုပ်တော် ဖြစ်လာသည်။ စစ်မင်းဗိုလ်ချုပ်မှာ ယွဲ့ယွဲ့လေးသာရှိသော တရုတ် အမျိုးသားအစိုးရ၏ ပုလိပ်မင်းကြီးဖြစ်သည်။ အချိန်မှာ ၁၉၂၄ ဖြစ်ပြီး တရုတ်ပြည်ကြီး ကစဉ့်ကလျားဖြစ်နေချိန်ဖြစ်သည်။ ကျွန်မအဘွားနေထိုင်ရာ မန်ချူးရီးယား အပါအဝင် တရုတ်ပြည် ပြည်နယ်အများအပြားကို စစ်မင်းများက အုပ်ချုပ်လျက် ရှိသည်။ အဘွားကို ကိုယ်လုပ်တော် အဖြစ်သိမ်းပိုက်ရန် အောင်သွယ်ပေးသူမှာ အဘွား၏ အဖေ ကိုယ်တိုင် ဖြစ်သည်။ သူသည် မန်ချူးရီးယား အနောက် တောင်ပိုင်း တောမြို့ တစ်ခု ဖြစ်သည့် ယိရှန်မြို့၏ ပုလိပ်အရာရှိဖြစ်သည်။ ယိရှန်သည် မဟာရံတံတိုင်း မြောက်ဘက် မိုင်တစ်ရာအကွာနှင့် ပီကင်းမြို့ အရှေ့ မြောက် ဘက် မိုင် ၂၅၀ အကွာတွင် တည်ရှိသည်။

ယိရှန်သည် များစွာသော တရုတ်မြို့များနည်းတူ ခံတပ်မြို့တစ်ခု ဖြစ်သည်။ ဆယ့်သုံးပေ မြင့်ပြီး ဆယ့်နှစ်ပေထုရှိသည့် မြို့ရိုးက ဝိုင်းရံ ထားသည်။ ထန်မင်းဆက် (အေဒီ ၆၁၈-၉၀၇) လက်ထက်တွင် တည်ဆောက်သည့် မြို့ဖြစ်ရာ သူရဲခို ခံတပ် တို့ဖြင့် ပြည့်စုံသည်။ အရပ် လေးမျက်နှာတွင် တံခါးလေးခုရှိပြီး မြို့ရိုးကို ကျုံးနက်နက် တစ်ထပ် ရံထားသည်။

ထူးခြားသည့် အင်္ဂါတစ်ခုမှာ ခေါင်းလောင်းစင်ဖြစ်သည်။ ထိုဒေသသို့ ဗုဒ္ဓဘာသာ ရောက်လာသည့် ခြောက်ရာစုတွင် တည်ဆောက်ခဲ့သည်။ ခေါင်းလောင်းကို ညစဉ် အချိန်မှန်မှန် တီးခတ်သည်။ မီးလောင်လျှင် ရေကြီးရေလျှံလျှင် သတိပေးသည်။ တစ်ဖန် ယိရှန်သည် ကြွယ်ဝသော ဈေးမြို့ ဖြစ်သည်။ ပတ်ဝန်းကျင်လွင်ပြင် တွင် ဝါချည်၊ ပြောင်းဖူး၊ နှံစားပြောင်း၊ ပဲပိစပ်၊ နှမ်း၊ သစ်တော်သီး၊ ပန်းသီးနှင့် စပျစ်သီးတို့ စိုက်ပျိုးသည်။ မြက်ခင်း ဒေသနှင့် အနောက်ဘက် တောင်တန်းဒေသ များတွင် သိုးနှင့် ကျွဲနွား မွေးမြူသည်။

ကျွန်မ အဘေး ယန်ရု-ရှန်ကို ၁၈၉၄ တွင် မွေးသည်။ တရုတ်တစ်ပြည်လုံးကို ပီကင်းတွင် မင်းလုပ်အုပ်ချုပ်သည့် မန်ချူးတို့ စိုးမိုး နေချိန်ဖြစ်သည်။ ဧကရာဇ် မိသားစုမှာ ၁၆၄၄ တွင် မန်ချူးရီးယားမှ တရုတ်ပြည်ကို ဝင်ရောက် တိုက်ခိုက်အောင် နိုင်သူ မန်ချူးများဖြစ်သည်။ “ယန်” တို့မှာ မျိုးရိုးတစ်ခုလုံး တရုတ်သွေးစစ်စစ်များ ဖြစ်သည့် ဟန်လူမျိုးများ ဖြစ်သည်။ သူတို့သည် မဟာရံတံတိုင်းကြီး မြောက်ဘက်သို့ အလုပ်အကိုင် သစ်များ ရှာဖွေရန် စွန့်စား

ထွက်ခွာ သွားကြသူများဖြစ်သည်။

ကျွန်မ အဘေးသည် တစ်ဦးတည်းသော သားဖြစ်သည်။ သို့ဖြစ်ရာ သူသည် မိသားစုတွင် အရေးကြီးသည့် ပုဂ္ဂိုလ်ဖြစ်သည်။ သားယောကျ်ားလေး သာလျှင် မျိုးရိုး နာမည်ကို ဆက်ခံထိုက်သည်။ သူမရှိလျှင် မျိုးဆက်ပြတ် သွားမည်။ ထိုအဖြစ်မှာ ဘေးဘိုးတို့ကို သစ္စာဖောက်ခြင်း မည်လေသည်။ အဘေးကို ကျောင်းကောင်းသို့ ပို့သည်။ စာမေးပွဲများ အောင်လျှင် မင်းမှုထမ်း ဖြစ်မည်။ ထိုအချိန်က တရုတ် ယောကျ်ားတိုင်း ထိုလမ်းစဉ်ကို လိုက်ကြသည်။ မင်းမှုထမ်း ဖြစ်လျှင် အာဏာရှိ လာမည်။ အာဏာရှိလျှင် ငွေရှိလာမည်။ အာဏာ မရှိလျှင် သို့မဟုတ် ငွေမရှိလျှင် ဘဝ အာမခံချက် မရှိ။ မင်းခ ယောကျ်ား ကမ်းနားသစ်ပင် အဖြစ်နှင့် ကြုံရနိုင်သည်။ ခေတ်က မကောင်း၊ ဆူပူပုန်ကန်မှုများ မကြာခဏ ဖြစ်တတ်သည်။ တရားဥပဒေ ဟူ၍ မရှိ။ အုပ်စိုးသူ၏ ပါးစပ်က ပြောသည့် စကားသည် ဥပဒေ ဖြစ်လာသည်။ အုပ်ချုပ်ပုံမှာ တင်းကျပ်သည်။ အပြစ်ပေးပုံ ရက်စက်သည်။ အာဏာရှိသော မင်းမှုထမ်းအရာရှိ၏ စကားသည် ဥပဒေဖြစ်သည်။ သို့ဖြစ်ရာ မင်းမှုထမ်းဖြစ် ရေးသည် အရေးကြီးသည်။ ဘဝအာမခံချက် ရှိသည်။ ဂုဏ်ဒြပ်မရှိသူ လူသာမန်တို့သည် မင်းမှုထမ်းဖြစ်ရန် ကြိုးစားကြသည်။ သို့မှသာ မတရားမှု နှင့် အစဉ်ကြောက်ရွံ့နေရမှု တို့မှ လွတ်ကင်းနိုင်မည်။ ယန်၏ အဖေသည် သူ၏ သားကို သူ့လို လက်လုပ် လက်စား မဖြစ်စေချင်။ သူတို့ မိသားစု ချွေတာပြီး ဖြစ်သလိုစားကာ သား၏ပညာရေးအတွက် တတ်နိုင်သမျှ အသုံးပြုသည်။ မိသားစုက အမျိုးသမီးများသည် အချုပ်အလုပ် ကျွမ်းကျင်သည်။ အင်္ကျီဝတ်စုံစသည်တို့ ချုပ်လုပ်ကာ ဆိုင်ကြီးသို့ သွင်းသည်။ ညဥ့်နက် သန်းခေါင်အထိ အလုပ်လုပ်ကြရသည်။ ပိုက်ဆံမကုန်အောင် ဆီချွေတာသည့်အနေဖြင့် မီးအိမ်ကို မှိန်မှိန်သာထွန်းပြီး အလင်းရောင် အနည်းငယ် ရှိသည့် အခန်း၌ ချုပ်လုပ်ကြရသည်။ သို့ဖြစ်ရာ သူတို့သည် တဖြည်းဖြည်း မျက်စိမှုန်လာသည်။ လက်ဆစ်များ နာလာသည်။

ကျွန်မ အဘေးသည် တရုတ်ထုံးစံအတိုင်း ဆယ့်လေးနှစ်အရွယ်တွင် သူ့ထက် ခြောက်နှစ်ကြီးသည့် မိန်းမတစ်ယောက်နှင့် လက်ထပ်ရသည်။ ဇနီး အိမ်သူ၏ တာဝန်တစ်ခုသည် လင်ယောကျ်ားကို ပြုစုပျိုးထောင်ရခြင်း ဖြစ်သည်။

ကျွန်မ အဘေးမကြီး၏ ဇာတ်လမ်းမှာ ထိုခေတ်က သန်းပေါင်း များစွာသော တရုတ်အမျိုးသမီးတို့၏ ဘဝဇာတ်လမ်းအတိုင်းပင် ဖြစ်သည်။ သူသည် “ဝူ” မျိုးရိုးမှ ပေါက်ဖွားလာသည်။ သူတို့သည် မျိုးရိုးအလိုက် သားရေနယ် လုပ်ငန်းကို လုပ်ကိုင်ကြသည်။ သူ့အဖေသည် မင်းမှုထမ်းမဟုတ်။ ရာထူး ရာခံမရှိ။ သူသည်လည်း မိန်းကလေးဖြစ်ရာ သူ့ကို ထူးထူးထွေထွေ နာမည် မပေးခဲ့ပေ။ ဒုတိယသမီးဖြစ်သဖြင့် နံပါတ်နှစ်မိန်းကလေး (အား-ယာ-တိုး) ဟု ရိုးရိုးပင် ခေါ်ကြသည်။ ငယ်စဉ်က အဖေကွယ်လွန်ရာ ဦးလေးတစ်ယောက်၏ အုပ်ထိန်းမှုအောက်တွင် ကြီးပြင်းခဲ့ရသည်။ တစ်နေ့တွင် ဦးလေးသည်

သူငယ်ချင်းတစ်ယောက်နှင့်အတူ ထမင်းစားသည်။ သူငယ်ချင်းမိန်းမမှာ ကိုယ်ဝန်ရှိနေသည်။ အကယ်၍ သားယောက်ျားလေးမွေးလျှင် သူ့တူမနှင့် ပေးစားမည်ဟု ဦးလေးက သဘောတူခဲ့သည်။ ထိုအချိန်က တူမမှာ ခြောက်နှစ်အရွယ်ဖြစ်သည်။ လူငယ်နှစ်ယောက်သည် လက်မထပ်မီအတွင်း တစ်ယောက် နှင့်တစ်ယောက် မတွေ့ခဲ့ဖူးကြပေ။ ငယ်ရွယ်သူတို့ ချစ်ကြိုက်ကြသည်မှာ ရှက်စရာကောင်းသည်။ မိဖတို့ အရှက်ရသည်။ လူငယ်ချင်းမတွေ့ရဟု တားမြစ် ချက်မရှိ။ တားမြစ်ရိုး ထုံးစံမရှိ။ သို့သော်လည်း ချစ်ကြိုက်သွားနိုင်သည့် ရင်းရင်းနှီးနှီး တွေ့ဆုံမှုမျိုး ကြုံကြိုက်ခွင့်မရှိခြင်းဖြစ်သည်။ ဆိတ်ကွယ်ရာတွင် လူငယ်နှစ်ယောက် တွေ့ကြသည်မှာ အကျင့်မကောင်းခြင်း ဖြစ်သည်။ တဖန် လက်ထပ်ထိမ်းမြားခြင်း ဆိုသည် နှစ်ဖက်မိဘ စီစဉ်စေ့စပ်သည့်ကိစ္စဖြစ်သည်။ တရုတ်ပြည်တွင် အစဉ်အလာ အားဖြင့် နှစ်သက်လေးစားဖွယ်ကောင်းသည့် ကြည်နူးလွမ်းဆွတ်ကောင်းသည့် အချစ် ဇာတ်လမ်းများရှိခဲ့ဖူးသည်။ မိဖပေးစားသည့် လင်မယားသည် လက်ထပ်ပြီးနောက် တစ်ယောက်နှင့် တစ်ယောက် ချစ်ခင်နှစ်သက်သွားကြသည်။

အဘေးမှာ ဆယ့်လေးနှစ်တွင် လူပျိုပေါက်အရွယ် ရောက်လာသည်။ မင်္ဂလာဦးညတွင် မင်္ဂလာခန်းဆောင် ထဲသို့သူမဝင်ချင်။ သူ့အမေအနားသွား၍ အိပ်နေသည်။ အိပ်ပျော်မှ သူ့ကို ပွေ့ယူပြီး သတို့သမီးဘေးမှာ ချထားရသည်။ သူသည် မိဖက အလိုလိုက်ထားသဖြင့် ဆိုးသည်။ ယခုတိုင် အဝတ်ကိုသူများက ဝတ်ဆင်ပေးရသည်။ သို့သော်လည်း သူ့မိန်းမအလိုအရမူ သူသည် မျိုးဆက်ပြန့်ပွားနည်းကို သိသူဖြစ်သည်။ သူတို့ လက်ထပ်ပြီး တစ်နှစ်ရှိလျှင် ကျွန်မ အဘွားကို ၁၉၀၉ နွေဦး တွင် မွေးသည်။ အဘွားသည် အဘေးမကြီးထက် ကံကောင်းသည်။ သူမွေးသည့်အခါ “ယုဖန်” ဟူသော နာမည်တစ်ခု ပိုင်ဆိုင်လာသည်။ “ယု” ဆိုသည် ကျောက်စိမ်းဖြစ်ပြီး မျိုးရိုးနာမည်ဖြစ်သည်။ ဖန်မှာ မွှေးကြိုင်သည့် ပန်းဖြစ်သည်။

အဘွားမွေးဖွားလာသည့် လောကသည် ဘာတစ်ခုမျှ ရေရေရာရာ မရှိ။ တရုတ်ပြည်ကြီးကို နှစ်ပေါင်း ၂၆၀ ကျော် အုပ်စိုးခဲ့သည့် မန်ချူးလက်နက် နိုင်ငံသည် ဖရိုဖရဲ ပြိုကွဲလုဖြစ်နေသည်။ ၁၈၉၄-၉၅ တွင် ဂျပန်က မန်ချူးရီးယားကို ဝင်၍ တိုက်သည်။ တရုတ်တို့မှာ နယ်မြေအများအပြား ဆုံးရှုံးရသည်။ ၁၉၀၀ တွင် အမျိုးသားရေးဝါဒီတို့ ခေါင်းဆောင်သည့် လက်သီးသူပုန်ကို နိုင်ငံခြားသားစစ်တပ် ရှစ်ခုက နှိမ်နင်းလိုက်သည်။ ထို့နောက် ၁၉၀၄-၀၅ တွင် မန်ချူးရီးယားလွင်ပြင်၌ ဂျပန်နှင့် ရုရှားတို့ စစ်ပွဲကြီးတစ်ခု ဆင်နွှဲကြသည်။ ဂျပန်က အနိုင်ရသဖြင့် ပြင်ပ စစ်အင်အားတစ်ခု မန်ချူးရီးယားတွင် အထက်စီး ရလာသည်။ ၁၉၁၁ တွင် ငါး နှစ်သားကေရာဇ် “ပုရီ”ကို ဖြုတ်ချကာ ဆွန်ယက်ဆင်ခေါင်းဆောင်သည့် သမ္မတ အစိုးရ ထူထောင်သည်။

သမ္မတနိုင်ငံသစ် အစိုးရလည်း ချက်ချင်းပင် ပြိုကွဲသွားသည်။ နိုင်ငံမှာ

ကံကျွေးစားမြေများအဖြစ် အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားသည်။ မန်ချူးအင်ပိုင်ယာလည်း ပျက်သုဉ်းသွားသည်။ ဂျပန်သည် ဟာကွက်ကိုဝင်၍ ဖြည့်သည်။ အစိုးရမရှိ၊ အာဏာမရှိ ကျင့်ဝတ်သိက္ခာမရှိသော လူ့အဖွဲ့အစည်း ဖြစ်လာသည်။ လူအများသည် ထိပ်တန်းနေရာများသို့ရောက်အောင် ဒေသခံ အာဏာပိုင်တို့အား ငွေကြေးတံစိုး လက်ဆောင်ပေးကြသည်။ ကျွန်မ အဘေးသည် မြို့ကြီးတွင် စီးပွားချမ်းသာ တိုးပွား လာအောင် မကြံဆောင်နိုင်။ သူကား မချမ်းသာ။ သူ့ အသက် သုံးဆယ်အရွယ်တွင် ခေတ်နောက်ကျသည့် ယိရှန်မြို့ ပုလိပ်အဖွဲ့တွင် အရာရှိတစ်ယောက် ဖြစ်လာသည်။ သို့သော်လည်း သူ့တွင် အကြံဉာဏ်ရှိသည်။ စိတ်ကူးစိတ်သန်း ကောင်းသည်။ သူ့တွင် အဖိုးတန်ပစ္စည်း တစ်ခုရှိသည်။ ယင်းမှာ သမီးတစ်ယောက် ဖြစ်သည်။

ကျွန်မ အဘွားသည် ချောမောလှပသည်။ မျက်နှာဝိုင်းပြီး ကြက်သွေး ရောင်ပါးစုံလေးများရှိသည်။ အသားအရေ စိုပြေဝင်းလက်သည်။ ဆံပင်မှာ ရှည်ပြီး ကြက်သွေးရောင် ပါးနှံ့လေးများရှိသည်။ အသားအရေ လက်သည်။ ဆံပင်မှာ ရှည်ပြီး ကျစ်ဆံမြီး ကျစ်လိုက်သည့်အခါ ခါးအထိ တွဲကျနေသည်။ ကာယိန္ဒြေကို ထိန်းသိမ်းနိုင်စွမ်း ရှိသည်။ သို့ပြောလည်း ဖိနှိပ်ထားရသည့် စိတ်ဖြင့် ကြွကြွရွရွရှိသည်။ အရပ်ငါးပေ သုံးလက်မရှည် ပြီး ခန္ဓာကိုယ်မှာ သွယ်လျသည်။ ပခုံးနှစ်ဖက် စောင်းရွေသည်။ ယင်းတို့မှာ လှပကြော့ရှင်းသည့် သွင်ပြင်လက္ခဏာတို့ပင် ဖြစ်လေသည်။

သို့သော်လည်း သူ၏ အဖိုးအတန်ဆုံးပစ္စည်းမှာ စည်းနှောင်ထားသည့် ခြေများဖြစ်သည်။ တရုတ်လို သုံးလက်မ ရွှေနှင်းပန်း ဟုခေါ်သည်။ (စန်-ဆွ န်-ကင်-လျန်) 'နွေးဦးလေပြည် လေညင်းတွင် သေးသွယ်သည့် မိုးမခပင်ပျိုလေးလို' လမ်းလျှောက်သွားသည်ဟု အဓိပ္ပာယ်ရသည်။ သည်လိုပဲ တရုတ်တို့သည် မိန်းမအလှကို ဖွဲ့ဆိုသည်။ စည်းထားသည့် ခြေဖြင့် လှုပ်လီလှုပ်လဲ့ လျှောက်နေသော မိန်းမတစ်ယောက်ကို မြင်လျှင် ယောကျ်ားတို့၌ တပ်မက် စိတ် ဖြစ်ပေါ်လာသည်။

အဘွားအသက် နှစ်နှစ်အရွယ်တွင် ခြေစည်းခံရသည်။ သူ့အမေက စည်းပေးခြင်းဖြစ်ပြီး သေလုအောင် နာသည်။ ခြေဖဝါး ခုံးတက်နေသည်ကို ပြားသွားအောင် ကျောက်တုံးဖြင့် ဖိချသည်။ မအော်နိုင်အောင် ပါးစပ်ထဲ အဝတ် ဖြင့် ဆို့ထားသည်။

ခြေချောင်းရိုးများ ကျိုးသွားသည့်တိုင်အောင် ဆက်၍ စည်းထားရသည်။ နှစ်ပေါင်းများစွာ ကြာသည်အထိ နာကျင်နေသည်။ သူ့အမေအား ခြေစည်း ဖြေပေးရန် ပြောသည့်အခါ သူ့အမေက ငိုသည်။ ခြေစည်းထားမှ သူ့ဘဝ မပျက်စီးဘဲရှိမည်။ တစ်သက်လုံး ပျော်ရွှင်ဖို့အတွက် ခြေစည်းရခြင်း ဖြစ်သည်ဟု ဆိုသည်။

ထိုအချိန်က အမျိုးသမီးတစ်ယောက် လက်ထပ်ပြီဆိုလျှင် သတို့သား၏ မိသားစုက ခြေထောက်ကို ပထမဆုံးကြည့်သည်။ ခြေထောက်ကြီးနေလျှင်

ပုံမှန်ခြေထောက်ဆိုလျှင် သူ့လင်၏ မိသားစုတစ်ခုလုံးအား အရှက်ခွဲခြင်းဟု ယူဆသည်။ ယောက္ခမ မိန်းမသူသည် သတို့သမီး၏ ဂါဝန်ရှည်ကြီးကို မ၍ ကြည့်သည်။ ခြေထောက်မှာ လေးလက်မထက်ပို၍ ရှည်လျှင် ဂါဝန်ကို လွှတ်ချလိုက်ပြီး ရှုတ်ချသည့် မျက်နှာထားဖြင့် ကြည့်သည်။ သတို့သမီးကို ဧည့်သည်များက အပြစ်တင် ဝေဖန်သည့် မျက်နှာထားဖြင့် စူးစိုက်၍ ကြည့်သည်။ ထို့နောက် ယုတ်ညံ့သည့် မိန်းမဟု တတွတ်တွတ် အပြစ်တင် စကား ဆိုသည်။

ခြေစည်းသည့် အလေ့အထကို လွန်ခဲ့သည့် နှစ်ပေါင်း တစ်ထောင်လောက် ဧကရာဇ်တစ်ပါး၏ ကိုယ်လုပ်တော်တစ်ယောက်က စခဲ့သည်။ ခြေစည်း သည့် မိန်းမကိုမြင်ရသည့် ယောကျ်ားတို့မှာ တပ်မက်စိတ်ဖြစ်ပေါ်သည်ဟု ဆိုသည်။ တစ်ဖန်ယောကျ်ားတို့သည် ပိုးဖိနပ် ဝတ်ထားသော ခြေစည်းထား သော ခြေထောက်နှစ်ဖက်ကို ကိုင်တွယ်ဆော့ကစားကြပြီး ဇနီးကို ကျီစယ်ကြသည်။ အဘွားသည် အပြင်မှ ပြန်လာပြီး အိမ်ရောက်လျှင် ရေနွေးဖြင့် ခြေထောက်နှစ်ဖက်ကိုစိမ်ကာ သက်ပြင်းချသည်။ ရေနွေး စိမ်လိုက်တော့မှ နာကျင်သည့် ဒဏ်ပျောက်သွားသည်ဟု ဆိုသည်။

တကယ်တော့ ခြေစည်းဓလေ့ပျောက်ကွယ်စပြုသည့် အချိန်တွင် အဘွား ခြေစည်းခံရခြင်းဖြစ်သည်။ ၁၉၁၇ ခုတွင် သူ့ညီမ မွေးသည့်အခါ ထိုအလေ့အထ လုံးဝ ပျောက်ကွယ်သွားပြီဖြစ်သည်။

မည်သို့ဖြစ်စေ အဘွားကြီးပြင်းလာသည့်တိုင် ခြေစည်းခြင်းဖြင့် လင်ကောင်း သားကောင်း ရနိုင်သည်ဟု ယိရှန်လို မြို့ငယ်လေးတွင် ယုံကြည်လျက်ရှိသည်။ သူ့ အဖေက သမီးအား နန်းတွင်းသူ ဂုဏ်ကြီးရှင်များလို တကယ့် အမျိုးသမီးကောင်းဖြစ်ရန် လေ့ကျင့်ပျိုးထောင်ပေးရန် အကြံအစည်ရှိသည်။ ထိုခေတ်ကမူ မိန်းမများ စာမတတ်လျှင် ကောင်းသည်ဟု ယူဆကြသည်။ ယင်းယုံကြည်ချက်ကို ဆန့်ကျင်ပြီး ၁၉၀၅ တွင် သူ့သမီးကို မိန်းကလေးကျောင်းသို့ ပို့သည်။ အဘွားသည် တရုတ်စစ်တုရင်နှင့် မာချောင်းကို ကစားတတ်သည်။ ပုံဆွဲလေ့ကျင့်သည်။ အချုပ်အလုပ် သင်ကြားသည်။ သူ အကြိုက်ဆုံး ဒီဇိုင်းမှာ မန်ဒရင်းဘဲ ဖြစ်သည်။ မန်ဒရင်းဘဲသည် ဖိုမတွဲကာ ရေမှာ ကူးနေလေ့ရှိသည်။ သို့ဖြစ်ရာ မန်ဒရင်းဘဲမောင်နှံသည် အချစ်၏ အမှတ်အသားဖြစ်သည်။ ယင်း၏ပုံကို ဇာပန်းထိုးပြီး ပိုးဖိနပ်မှာ ချုပ်သည်။ ပညာစုံရန် ဆရာငှားပြီး "ကျင်" တူရိယာတီးနည်း သင်ကြားစေသည်။

အဘွားသည် "ယိရှန်မယ်" ဟု အသိအမှတ်ပြု ခံရလောက်အောင် ချောမော လှပသည်။ မြို့သူမြို့သားတို့က "ကြက်တွေအလယ်က ကြိုးကြာငှက်ကလေးလိုပဲ" ဟူ၍ သူ့အလှကို ဖွဲ့ဆိုကြသည်။ ၁၉၂၄ တွင် အဘွားမှာ ဆယ့်ငါးနှစ်ရှိပြီ။ သူ့အဖေက အချိန်လွန်သွားမည်စိုးရိမ်သည်။ အဖိုးတန်ရတနာလေးအတွက် ပူပင်လာသည်။ သားမက်ကောင်းရမှ သူ့မှာ အေးချမ်းသာယာ နေရမည်။ ထိုအချိန်တွင် ပီကင်းစစ် မင်းအစိုးရ၏ ပုလိပ်မင်းကြီး ဗိုလ်ချုပ်ဆူးကျိဟန်သည်

ယိုရှန်သို့ အလည် ရောက်လာသည်။

ဆူးကျိုဟန်ကို ၁၈၇၆ တွင် လုလောင်မြို့၌ မွေးသည်။ လုလောင်မှာ ပီကင်းမြို့ အရှေ့ဘက် မိုင်တစ်ရာအကွာ မဟာရံတံတိုင်းကြီး တောင်ဘက်တွင် တည်ရှိသည်။ အပြောကျယ်သည့် မြောက်ဘက် လွင်ပြင်ကြီးက တောင်တန်းကြီးသို့ ဦးခိုက်သည့် နေရာတွင် ဖြစ်သည်။ သူသည် တောကျောင်းဆရာ တစ်ယောက်၏ သားလေး ယောက်တို့အနက် အကြီးဆုံးသားဖြစ်သည်။

"ဆူး" သည် လူချောဖြစ်သည်။ တွေ့သူတိုင်း နှစ်သက်သည်။ မျက်မမြင်ဗေဒင်ဆရာများက သူ့မျက်နှာကို စမ်းကြည့်ပြီး အာဏာရှိသော ရာထူးပိုင် ဖြစ်မည်ဟု ဟောကိန်းထုတ်ကြသည်။ စာရေးရာတွင် စုတ်ချက်အဆွဲကောင်းသည်။ ၁၉၀၈ ခုတွင် ဝင်ဟွေကျင်းဟုခေါ်သော စစ်မင်းတစ်ယောက်က သူ့စုတ်ချက်ကို ဘုရား ကျောင်းတံခါးဝတွင်တွေ့ပြီး ဘယ်သူ့လက်ရာလဲဟု မေးကာ သူ၏ ကိုယ်ရံတော် အဖြစ် ခန့်သည်။ ထိုအချိန်တွင် "ဆူး" မှာ သုံးဆယ့်နှစ်နှစ် ရှိနေပြီ။

အလုပ်ကျွမ်းကျင်သဖြင့် စစ်ထောက်ချုပ် ရာထူးသို့တက်သည်။ ထိုအခါ နေရာအနှံ့အပြား ခရီးထွက်ရသည်။ လုလောင်နှင့် မဟာရံတံတိုင်း အခြားတစ်ဖက် တွင် စားသောက်ဆိုင်များ ပိုင်ဆိုင်လာသည်။ အတွင်းမွန်ဂိုလီးယားတွင် သူပုန်များကို နှိမ်နင်းရာ၌ ဗိုလ်ချုပ်ဝင်ကို ကူညီသည်။ ထိုအခါ ပို၍ ဂုဏ်သတင်း တက်လာသည်။ မကြာမီ အချိန်အတွင်း ငွေကြေးစုဆောင်းမိပြီး လုလောင်တွင် အခန်းရှစ်ဆယ့် တစ်ခန်းရှိသည့် စံအိမ်ကြီးတစ်ခုကို ဆောက်လုပ်နေထိုင်သည်။ မန်ချူးအင်ပိုင်ယာ ပျက်သုဉ်းပြီးနောက် ပြည်နယ်များတွင် အစိုးရအာဏာစက် မဖြန့်ကျက်နိုင်။ အားကြီး သော စစ်မင်းများသည် အစိုးရအာဏာကို သိမ်းရန်အချင်းချင်း တိုက်ခိုက်ကြသည်။ "ဆူး" ၏ အပိုင်းတွင် ဝုပေဖုဟုခေါ်သော စစ်မင်းတစ်ယောက်က ခေါင်းဆောင်သည်။

၁၉၂၂ တွင် ပီကင်းအစိုးရ၏ ပုလိပ်မင်းကြီး ဖြစ်လာသည်။ ပြည်သူ့လုပ်ငန်းဌာနကို လည်း ပူးတွဲတာဝန်ယူရသည်။ မဟာရံတံတိုင်း ဟိုဘက်သည်ဘက် ဒေသ နှစ်ဆယ်ကို အုပ်ချုပ်ရသည်။ သူ့လက်အောက်တွင် မြင်းစီးစစ်ပုလိပ်နှင့် ခြေလျင်တပ်သား ၁၀,၀၀၀ ရှိသည်။ ပုလိပ်မင်းကြီးဖြစ်သဖြင့် အာဏာပို၍ ရှိလာသည်။ ပြည်သူ့လုပ်ငန်း ဌာနရာထူးက အုပ်ချုပ်ရေးအရှိန်အဝါကို ကြီးစေသည်။

သစ္စာခံခြင်းဟူသည် တည်ချင်သည့်အခါမှတည်ပြီး ပြောင်းချင်ရင်လည်း ချက်ချင်း ပြောင်းနိုင်သည်။ ၁၉၂၃ တွင် ဗိုလ်ချုပ်ဆူးသည် သမ္မတလီယွန်ဟောင်ကို တော်လှန်ပြီး ခရစ်ယာန်စစ်မင်း ဖန်ယုဆိုင်နှင့် ပူးပေါင်းသည်။ ပီကင်းနန်းတော်ကို ဆူး၏တပ်များ ဝိုင်းကာ လက်နက်ချ ခိုင်းသည်။ လီယွန်ဟောင်က အညံ့မခံသဖြင့် ရေဖြတ်မီးဖြတ်သည်တွင် ဇွန် ၁၃ ၌ သမ္မတလီ တီယန်ကျင်းသို့ ထွက်ပြေးသည်။

တရုတ်ပြည်တွင် အစိုးရတစ်ခု၏ အာဏာသည် ပိုင်ဆိုင်သူ အပေါ်တွင် သာမက သူ၏ တံဆိပ်အပေါ်တွင်လည်း တည်သည်။ သမ္မတ၏ လက်မှတ်ပါသော်

လည်း သူ၏တံဆိပ်တုံး ခပ်နိုပ်မထားလျှင် မည်သည့် အမိန့်မျှ တရားမဝင်။ အတည် မဖြစ်။ ထိုအကြောင်းသိသည့် လီသည် သမ္မတတံဆိပ်တုံးများကို ပြင်သစ်သာသနာပြုများ တည်ထောင်ထားသည့် ပီကင်းမြို့ ဆေးရုံတစ်ခုတွင် နာမကျန်းဖြစ်၍ တက်ရောက် ကုသနေသည့် သူ၏ ကိုယ်လုပ်တော်တစ်ယောက်၏ လက်တွင် အပ်နှံထားခဲ့သည်။

သမ္မတလီ၏ ရထား တီယန်ကျင်းနားရောက်လျှင် လက်နက်ကိုင် ပုလိပ်အဖွဲ့ က ရထားကိုရပ်ခိုင်းပြီး တံဆိပ်တုံးများပေးရန် တောင်းဆိုသည်။ ပထမတွင် ဘယ်မှာ သိမ်းထားသည်ကို သူမပြော။ သို့သော်လည်း နာရီပေါင်းများစွာ ကြာသည့်အခါ အလျှော့ပေးပြီး ဘယ်မှာထားသည်ဟု ပြောလိုက်သည်။ ထိုနေ့မနက် သုံးနာရီတွင် ဗိုလ်ချုပ်ဆူးသည် ပြင်သစ်ဆေးရုံသို့ သွားကာ တံဆိပ်တုံးများကို ကိုယ်လုပ်တော်ထံမှ တောင်းသည်။ သူ့အိပ်ရာဘေးရောက်လာသည့် ဗိုလ်ချုပ်ဆူးကို ကိုယ်လုပ်တော်က လှည့်စောင်း၍ မျှမကြည့်။ "ပုလိပ်တစ်ယောက်လက်ကို သမ္မတတံဆိပ်တုံး ဘယ်လို လုပ်ပြီး အပ်နိုင်မှာလဲ" ဟု မာန်မာနစကား ပြောသည်။ သို့သော်လည်း ဗိုလ်ချုပ်ဆူးမှာ ယူနီဖောင်းအပြည့်အစုံ နှင့် ခမ်းနား တောက်ပြောင်နေသည်။ အရှိန်အဝါကို ကြောက်လန့်လာပြီး ကိုယ်လုပ်တော်သည် တံဆိပ်တုံးများကို ကျိုးနွံစွာ ဗိုလ်ချုပ်ဆူးလက်သို့ ပေးအပ်သည်။

ထို့နောက် လေးလကာလအတွင်း ဆူးသည် သူ၏ ပုလိပ်အဖွဲ့ကို အသုံးပြုကာ သမ္မတအဖြစ် သူတို့အုပ်စုက တင်မြှောက်ချင်သည့် ဆိုကွန်အား တရုတ်ပြည်၏ ပထမဆုံး ရွေးကောက်ပွဲတွင် အရွေးခံရအောင် ဆောင်ရွက်သည်။ ပါလီမန်အဖွဲ့ဝင် ၈၀၄ ယောက်ကို လာဘ်ထိုးရမည်။ ဆူးနှင့်ဗိုလ်ချုပ် ဖန်တို့သည် သူတို့တပ်များကို ပါလီမန်အဆောက်အအုံတွင် ချထားသည်။ ထို့နောက် နည်းလမ်းမှန်ကန်စွာ မဲပေးသူများအား ကျေနပ်လောက်အောင် ချီးမြှင့်မည်ဟု အသိပေးကြေငြာသည်။ ထိုအခါ ပြည်နယ်များမှ ပါလီမန်ကိုယ်စားလှယ် အများအပြား ရောက်လာကြသည်။ ရွေးကောက်တင်မြှောက်ပွဲအတွက် အရာရာ အဆင်သင့် ဖြစ်သည့်အချိန်တွင် ပီကင်း ပါလီမန်ထဲသို့ အဖွဲ့ဝင် ၅၅၅ ယောက် ရောက်ရှိနေသည်။ ဆိုကွန်အား မဲ ၄၈၀ ဖြင့် တရုတ်ပြည်၏ သမ္မတအဖြစ် တင်မြှောက်လိုက်ကြသည်။ ရွေးကောက်ပွဲမတိုင်မီ လေးရက်အတွင်း ဈေးဆစ်ပြီး အပေးအယူ လုပ်ကြသည်တွင် ကိုယ်စားလှယ် တစ်ယောက်ကို ယွန် ၅,၀၀၀ ငွေဒင်္ဂါးဖြင့် ဈေးတည့်သည်။ ယင်းမှာ အတော်လေးများသည့် ငွေဖြစ်သည်။ ၁၉၂၃ အောက်တိုဘာ ၅ တွင် ဆိုကွန်သည် မဲဆန္ဒ ၄၈၀ ဖြင့် တရုတ်ပြည်သမ္မတ ဖြစ်လာသည်။ ဆူးကို ဗိုလ်ချုပ်ကြီးအဖြစ် ရာထူးတိုးပေးသည်။ အခြား သူနှစ်သက်သည့် မောင်းမမိဿံများ၊ စစ်မင်းအများအပြားနှင့် ဗိုလ်ချုပ်အများအပြားတို့၏ ကိုယ်လုပ်တော်များ ကိုလည်း ချီးမြှင့်မြှောက်စားသည်။ သူတို့ကို အထူး အကြံပေးအရာရှိများ အဖြစ် ခန့်ထားလိုက်လေသည်။

နောက်နှစ်နွေဦးစောစောပိုင်းတွင် ဗိုလ်ချုပ်ဆူးသည် ယိရှန်သို့

သွား၍လည်းပတ်သည်။ ယိရှန်မှာ မြို့ကြီးမဟုတ်သော်လည်း နည်းဗျူဟာအရ အရေးကြီးသည့် ဒေသဖြစ်သည်။ ပီကင်းအစိုးရ၏ အမိန့်စာချွန်တော်သည် ချန်ဒေသတွင် ကုန်ဆုံးစပြုသည်။ ဟိုမှာဘက်တွင်မူ အရှေ့မြောက်ပိုင်း၏ အုပ်ချုပ်မှု အာဏာသည် အင်အားအကြီးဆုံး စစ်မင်းချန်ဆိုလင်း၏ လက်ဝယ်၌ တည်လေသည်။ ချန်ဆိုလင်း ကို မာရှယ်ကြီးဟု လူသိများသည်။ ဗိုလ်ချုပ်ဆူးသည် စစ်ဆေးရေးခရီးထွက်လာခြင်းဖြစ်သည်။ သို့သော်လည်း သူ့တွင် ထိုဒေသ၌ ကိုယ်ရေးကိုယ်တာကိစ္စများ ကြည့်ရှုရန်ရှိသည်။ ယိရှန်တွင် သူပိုင်ဆိုင်သည့် ကောက်ပဲသီးနှံ ကုန်လှောင်ရုံကြီးများရှိသည်။ အကြီးဆုံးစတိုးဆိုင်များကိုလည်း သူဖွင့်လှစ်ထားသည်။ ယင်းတွင် အပေါင်ဆိုင်တစ်ခု ပါဝင်သည်။ အပေါင်ဆိုင်မှာ နှစ်ဆ ဖွံ့ဖြိုးကြီးထွားလာပြီး ဘဏ်တိုက်တစ်ခု ဖြစ်လာသည်။ ထိုဘဏ်တိုက်က ကိုယ်ပိုင်ငွေစက္ကူများကို ရိုက်နှိပ် ထုတ်ဝေသည်။ ယိရှန်မြို့ထဲတွင် ထိုငွေစက္ကူကို အသုံးပြုကြသည်။ အနီးဝန်းကျင်က လည်း အသိအမှတ်ပြု သုံးစွဲကြသည်။

ကျွန်မ အဘေးအတွက်ကား တစ်သက်တွင် တစ်ခါသာ ရနိုင်သည့် အခွင့်အရေးမျိုး ရနေသည်။ တကယ့်အရေးကြီးသည့် ပုဂ္ဂိုလ်တစ်ယောက်နှင့် အနီးကပ်ဆုံးနေရာတွင် သူရောက်နေသည်။ ဗိုလ်ချုပ်ဆူး၏ ကိုယ်ရံတော်အလုပ်ကို ရအောင် သူကြိုးစားသည်။ ထိုနောက် သမီးကို ဗိုလ်ချုပ်နှင့်လက်ဆက်ပေးရအောင် သူ ကြံဆောင်မည်ဟု မိန်းမကိုပြောသည်။ မိန်းမသဘောတူရန် သူ အခွင့်တောင်းခြင်း မဟုတ်။ မိန်းမကို အသိပေးခြင်းသာဖြစ်သည်။ အဘေးသည် သူ့မိန်းမကို အထင်သေးသည်။ မိန်းမက ငိုသည်။ ဘာမှတော့ မပြော။ သမီးကို လေသံမှ မဟလေနှင့်ဟု အဘေးက မှာသည်။ သမီးနှင့် တိုင်ပင်ရန် အကြောင်း ဘာမျှမရှိ။ လက်ထပ် ထိမ်းမြားခြင်းဟူသည် အပေးအယူ လုပ်ခြင်းဖြစ်သည်။ ခံစားမှု အလိုသို့လိုက်သည့် ကိစ္စမဟုတ်။ လက်ထပ်ပွဲ အခမ်းအနားစီစဉ်သည့် အခါတွင်မှ သမီးကို ပြောတော့မည်။

ဗိုလ်ချုပ်ဆူးအား တိုက်ရိုက်မချဉ်းကပ်ရန် အဘေး နားလည်သည်။ ဗိုလ်ချုပ် လက်ကို သမီးကို ထိုးအပ်တာမျိုး မလုပ်နိုင်။ သမီး တန်ဖိုးကျသွားမည်။ လက်ခံမည် လည်းမဟုတ်။ သူ့အားပေးမည့် လက်ဆောင်ပစ္စည်းကို ဗိုလ်ချုပ်ဆူး ကြည့်ရှုရန် အခွင်းအလမ်းတစ်ခု ပေါ်လာဖို့လိုသည်။ ထိုအချိန်ကမူ ဂုဏ်သရေရှိ အမျိုးသမီးများကို လူစိမ်းများနှင့် တွေ့ဆုံမိတ်ဆက်ပေးလေ့မရှိ။ သို့ဖြစ်ရာ ယန်သည် သူ့သမီးကို ဗိုလ်ချုပ်မြင်ရန် အခွင့်အရေးတစ်ခု ဖန်တီးရမည်။ မမျှော်လင့်ဘဲ တွေ့ဆုံးခြင်းမျိုးဖြစ်ရမည်။

ယိရှန်မြို့တွင် အနှစ် ၉၀၀ ရှိသော ဗုဒ္ဓဘာသာဘုရားကျောင်းတစ်ခု ရှိသည်။ သစ်သားဖြင့် ဆောက်လုပ်ထားသည့် ထိုကျောင်းသည် ပေတစ်ရာမြင့်သည်။ ဆိုက်ပရတ်ပင်များ အတန်းလိုက် ပေါက်ရောက်နေသည့် သာယာသည့် ပရဝုဏ်ထဲမှာ ရှိသည်။ ပရဝဏ်မှာ တစ်စတုရန်းမိုင် နီးပါးကျယ်သည်။ ကျောင်းထဲတွင် ဥာဏ်တော်ပေသုံးဆယ်မြင့်သည့် ဗုဒ္ဓဆင်းတု တစ်ခုရှိသည်။

သစ်သားဖြင့် ထုလုပ်ထားပြီး ဆေးရောင် တောက်ပစွာ ခြယ်ထားသည်။ ဘုရားကျောင်းအတွင်းဘက် နံရံတွင် ဗုဒ္ဓဖြစ်တော်စဉ် ဇာတ်ဝတ္ထုများကို ရေးခြယ်ထားသည်။ ယန်သည် အရေးကြီးသည့် ပုဂ္ဂိုလ်အား ထိုနေရာသို့ ခေါ်သွားမည်။ ဘုရားကျောင်းများသို့ လူကုံထံမိသားစုမှ အမျိုးသမီးများ သွားနိုင်သည်။

တစ်နေ့တွင် ကျွန်မ အဘွားကို ထိုဘုရားကျောင်းသို့သွားရန် တိုက်တွန်းသည်။ ဗုဒ္ဓရှင်တော်ကို ကြည်ညိုမှုပြသရန် အမွှေးနံ့သာရည်များဖြင့် ရေချိုးသည်။ ထို့နောက် မွှေးမျိုးနံ့သာတိုင် ထွန်းညှိကာ ဆင်းတုတော်ရှေ့တွင် နာရီပေါင်းများစွာ ကြာသည်အထိ ဘာဝနာစီးဖြန်းနေရမည်။ ဘုရားကျောင်းတော်တွင် ဘုရားရှိခိုး ဘာဝနာစီးဖြန်းရန် သူ့စိတ်သည် တည်ငြိမ်ရမည်။ ဝီစိကိစ္စ မများရ။ တောင်တောင် အီအီ မတွေးရ။ အဘွားသည် မြင်းလှည်းတစ်စီးကို ငှားပြီး ဘုရားကျောင်းသို့ သွားသည်။ သူနှင့်အတူ အစေအပါး မိန်းမတစ်ယောက်ပါသည်။ အဘွားသည် ရွှေခြည်ထိုးကာ အနားကွပ်ထားသည့် ဘဲဥအပြာရောင် အင်္ကျီကို ဝတ်ထားသည်။ ညာဘက်တွင် လိပ်ပြာပုံ ကြယ်သီးများ တပ်ဆင်ထားသည်။ ထိုအင်္ကျီနှင့်အတူ ပန်းပွင့် သေးသေးလေးများ ပန်းထိုးထားသည့် ပန်းရောင် ဂါဝန်ကို ဝတ်ဆင်ထားသည်။ နက်မှောင်ရှည်လျားသည့် ဆံပင်ကို ကျစ်ဆံမြီးတစ်ခုတည်း ကျစ်ထားသည်။ မှုန်နံ့သာခြယ်၍မထား။ သို့သော်လည်း ဘုရားကျောင်းသွားသူတို့နှင့် သင့်လျော်သည့် ရေမွှေးကို ဆွတ်ဖျန်းထားသည်။ ကျောင်းထဲရောက်လျှင် ဗုဒ္ဓရုပ်ပွားတော် ရှေ့မှောက်တွင် ဒူးထောက်၍ ထိုင်သည်။ သစ်သားဆင်းတုကို အကြိမ်ပေါင်းများစွာ ဝတ်ပြုသည်။ ထို့နောက် ဒူးထောက်လျက် လက်စုံယှက်၍ ဆုတောင်းကာ ထိုင်နေသည်။

အဘွား ဆုတောင်းဝတ်ပြုနေစဉ် သူ့အဖေသည် ဗိုလ်ချုပ်ဆူးနှင့်အတူ ရောက်လာသည်။ သူတို့နှစ်ယောက် ခပ်မှောင်မှောင် စင်္ကြံထဲမှ စောင့်ကြည့်နေသည်။ ကျွန်မအဘေးသည် အကွက်စေ့အောင် စီစဉ်ထားသည်။ အဘွားထိုင်နေသည့် ပုံစံမှာ ဒူးထောက်လျက်ရှိပြီး ရွှေနားကွပ်ပိုးဂါဝန်ကိုသာမက ပိတ်ဖိနပ်ထဲမှ သေးငယ်သော ခြေထောက်ကို ထင်ထင်ရှားရှားမြင်နေရသည့် ပုံစံဖြစ်သည်။

ဆုတောင်းဝတ်ပြုပြီးနောက် အဘွားသည် ဗုဒ္ဓရှင်တော်အား ဦးသုံးကြိမ်ချသည်။ ထို့နောက် ထိုရာမှ ထသည်။ ထိုအခါ အနည်းငယ် ယိမ်းယိုင်သွားသည်။ သို့သော်လည်း အိမ်ဖော်မလေး၏ လက်မောင်းကို အားပြုကာ ကိုယ်ကို မတ်သွားအောင် ထိန်းလိုက်သည်။ ဗိုလ်ချုပ်ဆူးနှင့် သူ့အဖေတို့ ရပ်နေရာမှ လျှောက်လာကြသည်။ အဘွားမျက်နှာမှာ ရှက်သွေးဖျန်းသွားပြီး ခေါင်းကို ငုံ့ထားသည်။ ထို့နောက် တစ်ဖက်သို့ လှည့်ထွက်ရန်ပြင်သည်။ ဤသည်မှာ အမှန်ကန်ဆုံး ပြုမူချက်ဖြစ်သည်။ သူ့အဖေက ရှေ့သို့လျှောက်လာပြီး အဘွားကို

ဗိုလ်ချုပ်နှင့် မိတ်ဆက်ပေးသည်။ အဘွားက ဒူးနှစ်ဖက်ကွေးကာ အရိုအသေပြုသည်။ အဘွားသည် တစ်ချိန်လုံး ခေါင်းကို ငုံ့ထားသည်။

ရာထူးရှိသည့် ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လေရာ ဗိုလ်ချုပ်သည် ထိုတွေ့ဆုံခဲ့စဉ်က အကြောင်းကို ယန်အား ဘာမျှမပြော။ ယန်သည် သူ့လက်အောက်ငယ်သား တစ်ယောက်မဟုတ်လား။ သို့သော်လည်း ကျွန်မ အဘေးသည် သူ့သမီးကို ဗိုလ်ချုပ် အာရုံကပ်ငြိနေပြီဖြစ်ကြောင်း သိသည်။ နောက်ခြေလှမ်းမှာ သည်ထက်ပို နီးနီးကပ်ကပ် တွေ့ဆုံခွင့်ရအောင် ကြံဆောင်ရန်ဖြစ်သည်။ ထို့နောက် ရက်အတန်ကြာလျှင် ယန်သည် မြို့တွင် အကောင်းဆုံး ဇာတ်ရုံကိုငှားကာ ဒေသခံအော်ပရာအဖွဲ့တစ်ခု တင်ဆက်သည်။ ထိုပွဲသို့ ဗိုလ်ချုပ်ဆူးအား ဂုဏ်ပြုအပ်သည့် ဧည့်သည်အဖြစ် ဖိတ်ကြားသည်။ ဇာတ်ရုံမှာ တရုတ်ထုံးစံအတိုင်း လေးထောင့်ကွက်လပ် တစ်ခုကို သုံးဖက်သုံးတန် ကာရံပြီး စတုတ္ထမျက်နှာစာမှာ ပွဲကသည့် စင်မြင့်ဖြစ်သည်။ အမိုးမရှိဘဲ ကောင်းကင်သို့ ဟင်းလင်းပွင့်နေသည်။ ဇာတ်စင်တွင် ကန့်လန့်ကာမရှိ။ အခြား အပြင်အဆင် များလည်းမရှိ။ ပွဲကြည့်သူများထိုင်သည့် နေရာသည် အနောက်နိုင်ငံပုံစံ မျိုးမဟုတ်ဘဲ ကဖေးတစ်ခုနှင့် တူသည်။ ကွက်လပ်တွင် စားပွဲများ၌ အမျိုးသားများ ထိုင်ရင်း စားကြသောက်ကြသည်။ အော်ပရာ ကပြနေစဉ် ကျယ်လောင်စွာ စကားပြောကြသည်။ ဘေးဘက်က ခပ်မြင့်မြင့်နေရာမှာ သီးသန့်ပွဲကြည့်ရန် နေရာဖြစ်သည်။ စားပွဲငယ်များတွင် အမျိုးသမီးများ ဣန္ဒြေရရထိုင်ပြီး ပွဲကြည့်ကြသည်။ သူတို့နောက်က အစေအပါးများ ရပ်နေကြသည်။ သူ့သမီးကို ဗိုလ်ချုပ်ဆူး လွယ်လွယ်နှင့် မြင်နိုင် မည့် နေရာတွင် အဘေးက နေရာချထားသည်။

သည်တစ်ခါတွင်မူ အဘွားသည် ဘုရားကျောင်းသွားတုန်းကထက်ပို၍ ပြင်ဆင်လာသည်။ ဇာပန်းများ ထိုးထားသည့် ဖဲဝတ်စုံကို ဝတ်ထားသည်။ ခေါင်းတွင်လည်း ရွှေဘီး၊ ရွှေဆံထိုး၊ စိန်ဆံထိုးများ ဆင်ယင်ထားသည်။ ပင်ကိုသဘာဝအတိုင်း မိန်းမမိတ်ဆွေများနှင့် ရယ်မောပြောဆိုနေသည်။

ဗိုလ်ချုပ်ဆူးသည် ပွဲကြည့်စင်ဘက် သို့ မကြည့်တော့ပေ။

အော်ပရာပွဲပြီးလျှင် တရုတ်ရိုးရာ ပဟေဠိအဖြေညှိပွဲတစ်ခု ကျင်းပသည်။ မီးပုံးစကားထာဖြစ်သည်။ ခန်းမနှစ်ခုခွဲ၍ ကျင်းပသည်။ တစ်ခုတွင် ယောကျ်ားများနှင့် နောက်တစ်ခုတွင် မိန်းမများ ပါဝင်ဆင်နွှဲကြသည်။ မီးပုံးများတွင် ကဗျာများ ရေးထားသည်။ ကဗျာပဟေဠိဖြစ်ပြီး အဖြေမှန်ကို အများဆုံး ပြောနိုင်သူက ဆုရသည်။ ယောကျ်ားဝိုင်းတွင် သဘာဝအတိုင်း ဗိုလ်ချုပ်ဆူးက အကောင်းဆုံး ဖြေနိုင်သည်။ မိန်းမဝိုင်းတွင် ကျွန်မ အဘွားက အကောင်းဆုံး ဖြေနိုင်သည်။

ဗိုလ်ချုပ်ဆူးသည် အဘွား၏အလှနှင့် ဉာဏ်ကောင်းပုံကို လေ့လာခွင့် ရခဲ့သည်။ နောက်ဆုံး အရည်အချင်းမှာ အနုပညာအထုံဖြစ်သည်။ နှစ်ညလွန်

ပြောက်ပြီးနောက် အဘေးသည် ဗိုလ်ချုပ်ဆူးကို သူ့အိမ်သို့ ညစာစားရန် ဖိတ်ခေါ်သည်။ ထိုညသည် မိုးလေကင်းစင်ပြီး နွေးထွေးသာယာသည့် လပြည့် ညချမ်းတစ်ခု ဖြစ်သည်။ "ကျင်" တူရိယာတီးခတ်သည်ကို နားထောင်သည့် အခမ်းအနားတစ်ခု လည်း အစီအစဉ်တွင်ပါသည်။ ထမင်းစားပြီးလျှင် ယောက်ျားများ ဝရန်တာတွင် ထိုင်နေကြပြီး အဘွားကို ပန်းခြံထဲဆင်းကာ "ကျင်" တီးစေသည်။ အဘွားသည် စင်မြင့်ထက် နွယ်တက်နေသည့် ပန်းရုံတစ်ခု အောက်တွင် ထိုင်ပြီး ကျင်ခေါ် ဗျပ်စောင်းကို တီးသည်။ ပန်းရနံ့များက သင်းပျံ့သည်။ သူ့စောင်းသံတွင် ဗိုလ်ချုပ်ဆူး ယစ်မူးနေ လေသည်။ နောင်အခါ တွင် လသာသည့် ထိုညက ဗျပ်စောင်းတီးနေသည့် အဘွားကို အချစ်ကြီးချစ်မိသည်ဟု ဗိုလ်ချုပ်က ပြောဖူးသည်။ ကျွန်မအမေကို မွေးလာသည့် အခါ သမီးကို ဗိုလ်ချုပ်က "ပိုချင်" ဟူ၍ နာမည်မှည့်သည်။ အဓိပ္ပာယ်မှာ "အဖိုးတန်စောင်း" ဖြစ်သည်။

ထိုညမှာပင် အဘွား၏အချစ်ကို သူတောင်းဆိုသည်။ အဘွားသို့ကား မဟုတ်။ သူ့အဖေကိုဖြစ်သည်။ လက်ထပ်ယူမည်ဟူ၍ ကားမဟုတ်။ ကိုယ်လုပ်တော် အဖြစ် သိမ်းပိုက်ခြင်းသာဖြစ်သည်။ "ယန်" ကလည်း သည့်ထက်ပို၍ ဘာမှမမျှော်လင့်။ ဆူးမိသားစုသည် ဗိုလ်ချုပ်အတွက် စောစီးစွာကပင် လက်ထပ်ပေးရန် စိတ်ကူးရှိပေလိမ့်မည်။ အဆင့်အတန်းကို အခြေခံသည့် ထိမ်းမြားခြင်းမျိုးဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ယန်တို့မှာ ဗိုလ်ချုပ်အတွက် မယားတစ်ယောက် ပေးနိုင်လောက်အောင် အဆင့်အတန်းမမြင့်။ သို့သော်လည်း ဗိုလ်ချုပ်ဆူးလို ပုဂ္ဂိုလ်မျိုးမှာ ကိုယ်လုပ်တော်များ ထားသင့်သည်ဟု မျှော်လင့်လက်ခံပြီးသားဖြစ်သည်။ မယားဟူသည် ဇိမ်ခံရန်မဟုတ်။ ဇိမ်ခံဖို့အတွက်ကား ကိုယ်လုပ်တော်များ၏ အလုပ်ဖြစ်သည်။ ကိုယ်လုပ်တော်များသည် အခွင့်အာဏာ အဆင့်တစ်ခုအထိကား ရနိုင်သည်။ သို့သော်လည်း အိမ်ထောင်ရေး အဆင့်အတန်းတွင် ဇနီးမယားနှင့် တခြားစီဖြစ်သည်။ ကိုယ်လုပ်တော်ဟူသည် တရုတ်လူ့အဖွဲ့အစည်းတွင် ခွင့်ပြုထားသော အပျော်မယားပင် ဖြစ်သည်။ လိုချင်သည့် အခါယူပြီး မလိုချင်သည့်အခါ စွန့်ပစ်နိုင်လေသည်။

အဘွားကို သူ့အမေက ထိုဆက်ဆံရေးအကြောင်းကို ပထမဆုံး ပြောပြသည်။ အဘွားသည် ခေါင်းငုံ့ပြီးငိုသည်။ ကိုယ်လုပ်တော်မဖြစ်ချင်။ သို့သော်လည်း အဖေက ဆုံးဖြတ်ပြီးပြီ။ မိဘသဘောကို ဆန့်ကျင်ရန် အကြောင်းမရှိ။ မိဖဆုံးဖြတ်ချက်ကို မလိုက်နာလျှင် သားသမီးဝတ္တရားမကျေပွန်။ သားသမီးဝတ္တရား မကျေပွန်ခြင်းသည် မိဖကို သွေဖည်ခြင်းဖြစ်သည်။ ငြင်းပယ်လျှင် အိမ်ထောင်မပြုလို၊ မိဖနှင့် အတူနေမည်ဟု သဘောသက်ရောက်သည်။ လက်မခံနိုင်ဟု ငြင်းပယ်ပြီးလျှင် မိမိ ကိုယ်မိမိ သတ်သေရန်ပင် ဖြစ်သည်။ အဘွားသည် နှုတ်ခမ်းကို ကိုက်၍ သာနေသည်။ ပါးစပ်က ဘာမျှမပြော။ တကယ်တော့ ဘာမျှသူမပြောနိုင်။ လက်ခံပါမည် ခေါင်းညိတ်လျှင်

ဂုဏ်သရေရှိအမျိုးသမီး မပီသ။ လက်ခံလျှင် မိဖဆီမှ ခွာရန်ဆန္ဒရှိသည်ဟု ယူဆရမည်။

အဘွားမပျော်ပိုက်သည်ကို သိသည့် သူ့အမေက ယခုအစီအစဉ်သည် အကောင်းဆုံးဖြစ်သည်ဟု သမီးအား ပြောပြသည်။ သူ့ယောကျ်ားက ဗိုလ်ချုပ်ဆူး မည်မျှ အာဏာထက်ပုံကို ယခုလိုပြောသည်။

"ပီကင်းမှာ ဒီလိုပြောကြတယ်။ ဗိုလ်ချုပ်ဆူး ခြေတစ်ချက် ပေါက်လိုက်ရင် ပီကင်းတစ်မြို့လုံး သိမ့်သိမ့်တုန်သွားတာပဲ" တဲ့။

တကယ်တော့ အဘွားသည် ဗိုလ်ချုပ်၏ ရုပ်ရည်ချောမောမှုကို သဘောကျသည်။ စစ်ဗိုလ်တစ်ယောက် ဖြစ်ရာ ခန့်ထည်သည်။ သူ့အဖေမှ တစ်ဆင့် မြှောင့်ပင့် ချီးမွမ်းပြောဆိုသည့် သူ့စကားများကို အဘွားသဘောကျ သာယာသည်။ ယိရှန်တွင် "ဆူး" လောက် မက်မောစရာကောင်းသည့် ယောကျ်ားမရှိ။ အသက်ဆယ့်ငါးနှစ်တွင် ကိုယ်လုပ်တော်ဆိုသည်ကို အဘွား နားမလည်။ ဗိုလ်ချုပ်ဆူး၏ အချစ်ကို ရယူနိုင်မည်၊ ပြီးတော့ ပျော်ရွှင်သည့်ဘဝတွင် နေထိုင်သွားနိုင်လိမ့်မည် မျှော်လင့်သည်။

"ဆူး" က ယိရှန်တွင် အဘွားအတွက် အိမ်တစ်လုံးဝယ်ပေးသည်။ ထိုအိမ်တွင် နေရမည်ဟု ဆူးက ပြောသည်။ သူ့မိသားစုနှင့်လည်း နီးနီးကပ်ကပ် နေရမည်။ ပို၍ အရေးကြီးသည့် အကြောင်းတစ်ခုမှာ ဗိုလ်ချုပ်အိမ်တွင် သူလိုက်၍ မနေရခြင်းပင်ဖြစ်သည်။ ဗိုလ်ချုပ်ဆူးအိမ်တွင်ဆိုလျှင် သူ့ဇနီး၏ ဩဇာခံအဖြစ် နေရမည်။ အခြားကိုယ်လုပ်တော်များကလည်း ဩဇာပေးကြမည်။ သူတို့သည် သူ့အရင် ကိုယ်လုပ်တော် ဖြစ်ကြသူများ ဖြစ်သည်။ ဗိုလ်ချုပ်ဆူးလို အာဏာရှိသူ၏ အိမ်တွင် မိန်းမများစွာမှာ အကျဉ်းသားများနှင့် တူသည်။ အချင်းချင်း ရန်ဖြစ်ကြသည်။

ငြင်းခုံပြောဆိုကြသည်။ သူတို့မှာ ဘဝအာမခံချက်မရှိ။ ဘဝအာမခံချက် အရှိဆုံးမှာ လင်ယောကျ်ား၏ အလေးပေးအရေးယူခံရခြင်းဖြစ်သည်။ အိမ်တစ်လုံးဝယ်ပေးသည် ဆိုခြင်းမှာ အိမ်တစ်ဆောင် မီးတစ်ပြောင် ထားခြင်းဟူသော အဓိပ္ပာယ်သက်ရောက်သည်။ တစ်ဖန် လက်ထပ်အခမ်းအနား ကျင်းပမည်ဟူ၍လည်း ကတိပေးသည်။ အဘွားမျက်နှာ မပျက်တော့ပေ။ ဤသည်မှာ အရေးကြီးသည်။ အဖေကလည်း ကျေနပ်သည်။ သူ့အမေကို ဗိုလ်ချုပ်က လေးလေးစားစား ဆက်ဆံနေရာပေးမည်ဟု မျှော်လင့်ရသည်။

မစ္စက်ယန်သည် ဝက်ရူးပြန်ရောဂါရှိသူဖြစ်သည်။ သားတစ်ယောက် မမွေးနိုင်သဖြင့် သူ့ခင်ပွန်းက မကျေနပ်။ ကျွန်မ အဘေးမကြီးသည် မကြာခဏ ကိုယ်ဝန်ပျက်သည်။ အဘွားကိုမွေးမှ ကျန်းမာလာသည်။ ၁၉၁၇ဘွင် ဒုတိယကလေး မွေးသည်။ ယင်းမှာလည်း သမီးမိန်းကလေးဖြစ်သည်။

လက်ထပ်ပွဲတွင် ဗိုလ်ချုပ်ဆူးက လက်ဆောင်အများအပြား ပေးသည်။ အကျိုးကျေးဇူးခံစားရသူမှာ အဘေးအဘိုးကြီးဖြစ်သည်။ ဗိုလ်ချုပ်၏ အဆင့်အတန်းနှင့် လိုက်ဖက်သည့် လက်ဆောင်များ ပေးကြသည်။ အဘေးအဘိုးကြီးမှာ ချက်ချင်း

ငွေတွေ အများကြီးရှိလာသည်။ သူကိုယ်တိုင် ကိုယ်လုပ်တော်များ ထားနိုင်သည့် အခြေအနေရောက်လာသည်။

လက်ထပ်ပွဲနေ့တွင် အနီရောင်ခြယ်လှယ်ထားသည့် ဝေါယာဉ်တစ်ခု ယန်မိသားစုအိမ်ရှေ့သို့ ရောက်လာသည်။ လက်ထပ်အခမ်းအနားကို ညနေပိုင်းတွင် ကျင်းပသည်။ မှောင်ရီပျိုးချိန်တွင် မီးပုံးနီများ ထွန်းညှိထားသည်။ တူရိယာအဖွဲ့က ဆူဆူညံညံ တီးမှုတ်ကြသည်။ ပျော်ရွှင်စရာ သီချင်းများ သီဆိုကြသည်။ ဆူဆူညံညံ တီးမှုတ်မှ လက်ထပ်ပွဲကောင်းတစ်ခုဖြစ်သည်။ တိတ်ဆိတ်နေလျှင် ရှက်စရာကောင်းသည်။ အဘွားသည် အကျအနဝတ်ဆင်ထားသည်။ အိမ်သစ်သို့ လူရှစ်ယောက်ထမ်းသည့် ဝေါယာဉ်ဖြင့် သွားသည်။ ဝေါထဲတွင် ထိုင်နေရသည်မှာ ပူအိုက်မွန်းနစ်သည်။ ပဝါကိုလှစ်ကာ အပြင်ဘက်သို့ မျက်နှာပြူကြည့်သည်။ တစ်လမ်းလုံး လူအပြည့်ရှိနေသည်။ လက်ထပ်ပွဲ စီတန်းလမ်းလျှောက်လာသည်ကို တစ်မြို့လုံး ထွက်ကြည့်ကြ၍ အဘွား ဝမ်းသာသည်။ ကိုယ်လုပ်တော်တစ်ယောက်၏ လက်ထပ်ပွဲနှင့်မတူ။ သူ့ကို ဝေါတွင်တင်ကာ တစ်မြို့လုံးလှည့်ပြသည်။ မြို့တံခါးလေးခုသို့ရောက်သည်။ သတို့သမီး နောက်တွင် လက်ဖွဲ့ပစ္စည်းများကို လှည်းများပေါ်တွင် တင်၍ လည်းကောင်း၊ အချို့ကို တောင်းများတွင်ထည့်ကာ ထမ်း၍ လည်းကောင်း သယ်ဆောင်လာကြသည်။ မြို့ကို လှည့်ပြပြီးနောက် သူနေမည့် အိမ်သစ်သို့ ရောက်သည်။ အိမ်မှာ ကြီးပြီး ခမ်းနားလေရာ အဘွားကျေနပ်သည်။ ဂုဏ်တက်ရသည်။ ယိရှန်မြို့တစ်သက်တွင် ယခုလို ခမ်းနားကြီးကျယ်သည့် လက်ထပ်ပွဲမျိုး မကြုံ ဖူးခဲ့ပေ။

အိမ်တွင် ဗိုလ်ချုပ်ဆူးက စစ်ဝတ်စုံဖြင့် စောင့်ကြိုနေသည်။ မြို့မိမြို့ဖများလည်း လက်ထပ်ပွဲ တက်ရောက်ကြသည်။ ဖယောင်းတိုင်အနီများ၊ ထိန်ညီးသည့် ခေတ်ငွေ့မီးအိမ်များ အလယ်တွင် ထွန်းညှိထားသည်။ ထုံးစံအတိုင်း မိုးနှင့်မြေကို ကန်တော့သည်။ ဆူးနှင့်အဘွား အပြန်အလှန် အလေးပြုသည်။ ထို့နောက် အဘွား သည် ထုံးစံအရ အိပ်ခန်းဆောင်ထဲသို့ တစ်ဦးတည်း ဝင်သွားသည်။ ဗိုလ်ချုပ်ဆူး သည် ယောကျ်ားဧည့်သည်များနှင့်အတူ စားသောက်ကြရန် ထွက်သွားသည်။

ဗိုလ်ချုပ်ဆူးသည် အဘွားနှင့်အတူ အိမ်သစ်တွင် သုံးရက်နေသည်။ ဆူးက သူ့ကို ချစ်သည်၊ ကြင်နာသည်ထင်သည်။ သို့သော်လည်း ဆူးသည် လေးနက်သည့် အကြောင်းအရာများမပြော။ ခလေ့ထုံးစံတစ်ခုဖြစ်သည့် မိန်းမများတွင် ဆံပင်ရှည် များရှိကြသော်လည်း အသိဉာဏ်တိုသည်၊ နည်းသည်ဟူသော ဆိုရိုးစကားတစ်ခုရှိသည် မဟုတ်လား။ တရုတ်ယောကျ်ား တစ်ယောက်သည် မိသားစုအတွင်းမှာ ဖြစ်စေ နှုတ်နည်းရမည်။ ခန့်ညားစွာနေရမည်။ သို့ဖြစ်ရာ အဘွားကလည်း စကားအထွေ အထူးမပြော။ မနက်လင်းလျှင် အိပ်ရာထဲတွင် လင်သား၏ ခြေချောင်းလေးများကို အဘွားက နှိပ်နယ်ပေးသည်။ ညနေတွင် ဗျပ်စောင်းတီး ဖြေဖျော်သည်။ တစ်ပတ်ခန့် အကြာတွင် သူသွားတော့မည်ဟု

ဗိုလ်ချုပ်ဆူးက ရုတ်တရက်ပြောသည်။ ဘယ်သွားမှာလဲဟု အဘွား မမေး။ အမေးအမြန်း ထူသည်မှာမကောင်း။ သူ့တာဝန်မှာ ပြန်လာသည့်အထိ စောင့်နေရန်ပင်ဖြစ်သည်။ ဤသို့ဖြင့် အဘွားသည် ခြောက်နှစ်တိတိ ဗိုလ်ချုပ်ကို စောင့်ခဲ့ရသည်။

၁၉၂၄ စက်တင်ဘာတွင် တရုတ်ပြည်မြောက်ပိုင်း၌ စစ်မင်းအုပ်စုချင်း တိုက်ခိုက်ကြသည်။ ဗိုလ်ချုပ်ဆူးမှာ ပီကင်းမြို့စောင့်တပ်၏ ဒုတိယတပ်မှူး အဖြစ် ခန့်ထားခံရသည်။ သို့သော်လည်း ရက်သတ္တပတ် အနည်းငယ်အတွင်း သူ၏ မဟာမိတ်ဟောင်း ခရစ်ယာန်စစ်မင်း ဗိုလ်ချုပ်ဖန်သည် ဘက်ပြောင်းသွားသည်။ နိုဝင်ဘာ ၃ တွင် ဆူးနှင့်ဖန်တို့တင်ခဲ့သည့် သမ္မတဆိုကွန် နုတ်ထွက်ရသည်။ ထိုနေ့မှာပင် ပီကင်းမြို့စောင့်တပ်ကို ဖျက်သိမ်းလိုက်သည်။ နှစ်ရက်ရှိလျှင် ပီကင်းပုလိပ်အဖွဲ့ကို ဖျက်သိမ်းသည်။ ဗိုလ်ချုပ်ဆူးမှာ မြို့တော်မှ အလျင်အမြန်ခွာရသည်။ တီယန်ကျင်း ပြင်သစ်ပိုင်နယ်မြေ တစ်ခုတွင်ရှိသည့် သူ၏ ပိုင်ဆိုင်သည့် အိမ်တွင် နေထိုင်အနား ယူရသည်။ ပြင်သစ်ပိုင်နယ်မြေသည် တရုတ်တရားစီရင်ပိုင်ခွင့် ကင်းလွတ်သည်။ လွန်ခဲ့သည့်တစ်နှစ်က ဆူးတိုက်ထုတ်လိုက်သည့် သမ္မတ လီသည်လည်း တီယန်ကျင်းသို့ပင် ထွက်ပြေးခိုလှုံရသည်။

ထိုအချိန်တွင် အဘွားသည် တိုက်ပွဲများအလယ်၌ ရောက်နေသည်။ စစ်မင်းအချင်းချင်း တိုက်ကြသည့် စစ်ပွဲများတွင် အရှေ့မြောက်ပိုင်းဒေသကို မိမိလက် အောက် ထိန်းထားနိုင်ဖို့ အရေးကြီးသည်။ ယိရှန်တို့လို ရထားလမ်းဆုံ မြို့ကလေး များစွာကို သိမ်းပိုက်ရန် နှစ်ဖက်စလုံးက ကြိုးစားကြသည်။ ဗိုလ်ချုပ်ဆူး ထွက်သွားပြီး နောက် ယိရှန်မြို့တံခါးပြင်ဘက်တွင် ကြိုတင်စီစဉ်ထားသည့် တိုက်ပွဲများ ဖြစ်ပွားသည်။ ပစ္စည်းများ လုယက်ကြသည်။ အီတလီလက်နက်ကုမ္ပဏီတစ်ခုက ငွေမရှိသော စစ်မင်းတို့အား “လုယက်ရနိုင်သည့်ရွာ” များကို အရန်အာမခံပစ္စည်းအဖြစ် သတ်မှတ်မည်ဆိုလျှင် လက်နက်ရောင်းမည်ဟု ကြေညာသည်။ မိန်းမများကို စစ်သားများက မုဒိန်းကျင့်ကြသည်။ အခြားမိန်းမများနည်းတူ အဘွားသည်လည်း အရုပ်ဆိုးအောင် မျက်နှာကို အိုးမဲသုတ်ထားရသည်။ ကံအားလျော်စွာပင် ယိရှန်မှာ အပျက်အစီးမရှိ။ တိုက်ပွဲသည် တောင်ပိုင်းသို့ ရွှေ့သွားသည်။ ယိရှန်လည်း ပုံမှန်အခြေ အနေပြန်ရောက်လာသည်။ ပုံမှန်အခြေအနေဆိုသည်မှာ အဘွားအဖို့ အိမ်ကြီးတစ်လုံးထဲတွင် တစ်ယောက်တည်း အချိန်ကုန်လွန်စေသည့် နည်းများကို ရှာကြံလုပ်ကိုင်ရခြင်းဟု အဓိပ္ပာယ်ရသည်။ အိမ်ကို မြောက်ပိုင်းတရုတ်ပုံစံအတိုင်း ဆောက်လုပ်ထားသည်။ စတုဂံမြေကွက်ကြီးတွင် သုံးဖက်သုံးတန်၌ အိမ်ကြီးတစ်ခုဆောက် လုပ်ထားသည်။ တောင်ဘက်တွင်မူ ခုနစ်ပေမြင့်သည့် နံရံတစ်ခုရှိသည်။ တံခါးပေါက် သေးလေးမှ တစ်ဆင့် အပြင်ဘက်သို့ ထွက်နိုင်သည်။ အပြင်ဘက်တွင် ဝင်းခြံ ကွက်လပ်တစ်ခု ရှိသေးသည်။ ယင်းကို တံခါးနှစ်ထပ်ဖြင့်

ပိတ်ထားသည်။

ထိုအိမ်များသည် ဆိုးသည့်ရာသီဥတုဒဏ်ခံနိုင်ရန် ပုံစံထုတ်ကာ ဆောက်လုပ်ထားခြင်းဖြစ်သည်။ ဆောင်းတွင် ရေခဲသည်။ နွေတွင် မခံမရပ်နိုင်အောင်ပူသည်။ နွေတွင် အပူချိန်မှာ ဖာရင်ဟိုက် ၉၅ ဒီဂရီအထက် ရောက်သည်။ ဆောင်းတွင်မူ ရေခဲအောက် ဒီဂရီ ၂၀ ရှိသည်။ ဆိုက်ဘေးရီးယားဘက်မှ လေသည် အော်မြည်ပြီး လွင်ပြင်များကို ဖြတ်၍ တိုက်ခတ်သည်။ မျက်လုံးထဲ ဖုန်တွေဝင်သည်။ အသားအရေကို စပ်ဖျင်းဖျင်း ဖြစ်စေသည်။ ခေါင်းနှင့်မျက်နှာကို ဖုံးအုပ်သည့် အဆောင်းများစွပ် ထားရသည်။ အတွင်းဘက် ခြံဝင်းတွင်ရှိသည့် အိမ်များ၏ ပြတင်းများ နေရောင်ခြည် များများရရန် ရည်ရွယ်လျက် တောင်ဘက်သို့လှည့်၍ ဆောက်ထားသည်။ မြောက်ဘက်နံရံများက လေဒဏ်ကို ခံရသည်။ အိမ်၏ မြောက်ဘက်ခြမ်းတွင် အဘွား၏ နားနေခန်းနှင့် အိပ်ခန်းရှိသည်။ ဘေးဘက်အခန်းများတွင် အစေခံများနေကြသည်။ အိမ်ခန်းများတွင် အုတ်ကြွပ်များ ခင်းထားသည်။ သစ်သားပြတင်းများကို စက္ကူများကပ်ထားသည်။ အမိုးမှာ ချောမွေ့သည့် အုတ်ကြွပ်အနက်များဖြင့် ဆောက်လုပ်ထားသည်။

အိမ်ကြီးသည် ယိရှန်စံနှင့် ဆိုလျှင် ဇိမ်ခံအိမ်ဖြစ်သည်။ အဘွားမိဘများ၏ အိမ်ထက်ကောင်းသည်။ သို့သော်လည်း အဘွားမှာ အဖော်ကင်းမဲ့သဖြင့် စိတ်ညှိုးနွမ်းရသည်။ အိမ်တွင် တပည့်တပန်းများစွာရှိသည်။ တံခါးမှူး၊ ထမင်းချက်နှင့် အိမ်ဖော်မိန်းကလေး နှစ်ယောက်တို့ ပါဝင်သည်။ သူတို့မှာ စေခိုင်းသမျှ လုပ်ပေးပြီး အပို တာဝန်ဖြစ်သည့် စောင့်ကြပ်ခြင်းနှင့် သူလျှိုလုပ်ခြင်းတို့ပါ ဆောင်ရွက်ရသည်။ တံခါးမှူးသည် အဘွားအပြင်ဘက်သို့ ထွက်မသွားအောင် ဂရုစိုက်ရသည်။ ခရီးမထွက်မီ ဗိုလ်ချုပ်ဆူးက သူ၏ ကိုယ်လုပ်တော် တစ်ယောက်၏ ကံကြမ္မာကို ပြောပြဖူးသည်။ ထိုကိုယ်လုပ်တော်သည် ယောကျ်ားအစေခံတစ်ယောက်နှင့် ချစ်ကြိုက်သည်ကို သိရသောအခါ ဗိုလ်ချုပ်က ကိုယ်လုပ်တော်ကို ခုတင်ပေါ်မှာ ချည်နှောင်ထားပြီး ပါးစပ်ကို အဝတ်စတစ်ခုဖြင့် ဆို့ထားသည်။ ထို့နောက် အရက်ဆီကို အဝတ်စပေါ် လောင်းထည့်ပြီး မွန်းဆို့ကာ သေစေသည်။ "သူ့ကို မြန်မြန်မသေစေဘူး။ မိန်းမ တစ်ယောက်ဟာ လင်ကို သစ္စာဖောက်တဲ့ကိစ္စလောက် ရှက်စရာကောင်းတာ တခြားဘာမှမရှိဘူး" ဟူ၍ လည်းပြောသည်။ ကာမကျူးလွန်မှားယွင်းသည်နှင့် ပတ်သက်လာလျှင် ဗိုလ်ချုပ်ဆူးသည် မိန်းမကို ယောကျ်ားထက်ပို၍ မုန်းတီးလေသည်။ "သူနဲ့ ဖောက်ပြားတဲ့ လူကိုတော့ ပစ်သတ်လိုက်တယ်" ဟုပြောသည်။ ယင်းအပြစ်မှာ တကယ်ပဲလားတော့ မသိ၊ ဆယ့်ငါးနှစ်သမီး တစ်ယောက်အဖို့ကား များစွာကြောက်ရွံ့တုန်လှုပ်မိလေသည်။

ထိုအခါမှစ၍ အဘွားသည် အမြဲကြောက်ရွံ့နေသည်။ အပြင်သို့ ထွက်ဖို့မလွယ်ရကား နံရံလေးဘက် အလယ်တွင် လောကလေးတစ်ခု တည်ဆောက်ရသည်။ သို့သော်လည်း သူသည် တကယ့်အိမ်ကြီးရှင် မဟုတ်သေး။ အစေခံများကို မြှောက်ပင့်ချီးမွမ်းရသည်။ သို့မှသာ သူ့အပေါ် အကောက် မကြံမည်

ဖြစ်သည်။ ယုံတမ်းပုံပြင်များထွင်ကာ ဗိုလ်ချုပ်ကို ကုန်းမချောမည်ဖြစ်သည်။ သူတို့ကို လက်ဆောင်များပေးရသည်။ မာဂျောင်းကစားဝိုင်းများ ဖန်တီးရသည်။ နိုင်သူက အစေခံများကို ရက်ရက်ရောရော မုန့်ဖိုးများပေးသည်။

အဘွားအဖို့ ငွေလိုသည်ဟူ၍မရှိ။ ဗိုလ်ချုပ်က မှန်မှန်ထောက်ပံ့သည်။ လစဉ်အပေါင်ဆိုင် မန်နေဂျာက ပိုက်ဆံပေးသည်။ တစ်ဖန် မာဂျောင်းကစားသည့် အခါ ရှုံးသည့်ပိုက်ဆံများကိုလည်း သူက ပေးသည်။

တရုတ်ပြည်အနှံ့အပြားတွင် ကိုယ်လုပ်တော်များသည် မာဂျောင်းဝိုင်း ဖွဲ့ကြသည်။ ဘိန်းရှူကြသည်။ ဘိန်းကို လွယ်လွယ်ရနိုင်သည်။ သူ့လို အဖော်ကင်းမဲ့နေ သူများသည် ဘိန်းရှူကာ နှစ်သိမ့်မှုရှာကြံကြသည်။ ကိုယ်လုပ်တော် အများအပြား ဘိန်းစွဲလာကြသည်။ ဗိုလ်ချုပ်ဆူးက အဘွားကို ဘိန်းရှူခိုင်းသည်။ သို့သော်လည်း သူပြောသည်ကို အဘွားမလုပ်။

အိမ်ပြင်ထွက်ရသည့် တစ်ချိန်မှာ အော်ပရာကြည့်သည့်အချိန်ဖြစ်သည်။ သို့မဟုတ်လျှင်ကား နေ့တိုင်း အိမ်မှာတစ်နေကုန် ထိုင်နေရသည်။ အဘွား စာဖတ်သည်။ ပြဇာတ်များ ဝတ္ထုများ ဖတ်သည်။ ပန်းခြံကို ပြုစုပျိုးထောင်သည်။ နှစ်သက်သည့် ပန်းပင်များ စိုက်သည်။ သူ့ဘဝမှာ ရွှေလှောင်အိမ်ထဲက ဘဝမျိုး ဖြစ်သည်။ အပျင်းပြေကြောင်မွေးသည်။ မိဘများဆီသို့ သွားရောက်လည်ပတ်ခွင့်ရှိသည်။ သို့တိုင်အောင် မျက်မှောင် ကြုတ်ပြီး အကြည့်ခံရသည်။ မိဘအိမ်မှာ ညမအိပ်ရ။ သူနှင့်စကား ပြောနိုင်သူမှာ မိဘနှစ်ပါးသာရှိသည်။ သို့သော်လည်း လည်ပတ်သည့်အခါ အစမ်းသပ်ခံရအောင် သွားသည်နှင့်တူနေသည်။ သူ့အဖေသည် ယိရှန်ပုလိပ်အဖွဲ့၏ ဒုတိယအကြီးအကဲ ရာထူးသို့ တက်သွားသည်။ ဗိုလ်ချုပ်ဆူး၏ အဆက်အသွယ်ကြောင့် ဖြစ်သည်။ မြေရသည်။ ပစ္စည်းများ စုဆောင်းမိသည်။ သူ့ဘဝမှာ ဘယ်မျှ ဆိုးရွားကြောင်း ပါးစပ်ဟ လိုက်တိုင်း အဖေက သူ့ကို ဆုံးမသည်။ အကျင့်ကောင်းသည့် မိန်းမဆိုသည်မှာ စိတ်အလိုမလိုက်ရ။ မယားဝတ္တရား ကျေပွန်စွာ ဆောင်ရွက်သည်မှအပ အခြား ဘာမျှ စိတ်မကူးရ။ လင်ယောက်ျားနှင့် ကွဲနေရသည်မှာမှန်သည်။ သို့သော် ယင်းမှာ တိုင်တောစရာအကြောင်းမဟုတ်။ အဖေက တရုတ်ဆိုရိုးစကားတစ်ခုကို ပြောပြသည်။ "**ကြက်လေးနဲ့ လက်ထပ်ရင် ကြက်ကလေးကိုရိုသေ။ ခွေးနဲ့လက်ထပ်ရင် ခွေးကိုရိုသေ။**"

ခြောက်နှစ်ကျော်ခဲ့ပြီ။ အစတွင် စာအနည်းငယ်ရသည်။ ထို့နောက် ဘာသံမျှ မကြားရတော့ပေ။ အဘွား စိတ်တိုသည်။ အလိုမပြည့်တာတွေ ကြုံရသည်။ ခြေစည်းထားသဖြင့် အိမ်ထဲမှာ ခပ်ကြဲကြဲမလှမ်းနိုင်။ မသွားနိုင်။ ကန့်ကလျ သွားရသည်။ အစတွင် သတင်းစကားကြားရမည်လား မျှော်သည်။ ထို့နောက် သူ့ကို တောင်းလှသည့် ဗိုလ်ချုပ်နှင့်ရပြီးဘဝကို အဖန်ဖန် သုံးသပ်သည်။ သူ့ကို များစွာ သတိရသည်။ သူ၏ ကိုယ်လုပ်တော်များသည် တရုတ်ပြည်အနှံ့ အပြားတွင်ရှိသည်။ ထိုအထဲက သူသည် တစ်ယောက်ဖြစ်သည်ကို သိသည်။ တစ်ဖန် သူနှင့်အတူ

တစ်သက်လုံး နေသွားမည်ဟူ၍လည်း သူစိတ်ကူးမယဉ်ခဲ့ပေ။ သို့တိုင်အောင် သူ့ကို တမ်းတမိသည်။ သူနေချင်သည့် ဘဝမျိုးကို သူက ထားနိုင်လိမ့်မည် ယုံစားမိသောကြောင့် ဖြစ်သည်။

အချိန်တွေကုန်လာသည်။ လတွေပြောင်းပြီး နှစ်တွေညောင်းလာသည်။ မျှော်ရလွန်းသဖြင့် ထုံထိုင်းလာသည်။ သူအဖို့ကား မိမိမှာ ကစားစရာအရုပ် တစ်ခု သာဖြစ်သည်။ စိတ်ကူးရသည့်အခါ ကောက်ယူသုံးစွဲမည်။ သူသည် ကိုယ်ကျပ်အင်္ကျီ ဝတ်ထားရသူနှင့် တူသည်။ သူဘာလုပ်ရမည်မသိ။ တစ်ခါတစ်ရံ ကြမ်းပြင်ပေါ် မေ့လဲကျသွားမတတ် ခံစားရသည်။ သည်လိုပဲ ဘဝဆုံးသည်အထိ နေရမည်လား။

တစ်နေ့တွင်ကား သူ့ အိမ်တံခါးမှ ထွက်သွားပြီး ခြောက်နှစ်တာလှည့်လည် သွားလာပြီးနောက် သူ့ယောကျ်ား ပြန်ပေါ်လာသည်။ ပြန်လာလျှင် ဘယ်လိုလုပ် လိုက်မည် ဘယ်လိုပြောလိုက်မည်ဟု စိတ်ကူးထားသမျှ ဘာမှ အကောင်အထည် ပေါ်မလာ။ သူ့ကိုယ်ကိုသာ ပုံ၍ အပ်လိုက်တော့မည်။ ယခုမူ ချုပ်တည်းထားရသည့် တာဝန်ကျေမှုရှိနေသည်ကို သူ့ကိုယ်သူ တွေ့လာရသည်။ အစေခံ တစ်ယောက် ယောက်က သူဖောက်ပြားသည်ဟု တိုင်တောလေမည်လား စိုးရိမ် ရသေးသည်။ သို့သော် အားလုံးချောမောသည်။ ဗိုလ်ချုပ်မှာ အသက်ငါးဆယ် ကျော်လာပြီဖြစ်ရာ ရင့်မှည့်လာပြီ။ အရင်ကလို ခန့်ညားထည်ဝါမှု မရှိတော့ပေ။ မျှော်လင့်သည့်အတိုင်းပင် ဘယ်သို့သွားသည်၊ ဘာကြောင့်မြန်မြန် ထွက်သွားရသည်၊ ယခု ဘာကြောင့် ပြန်ရောက်လာသည် စသည်ကို သူမပြော။ အဘွားက လည်း မမေး။ စပ်စုသည်ဟု အပြောမခံ ချင်တာအပြင် အရေးမစိုက်တော့တာလည်း ပါသည်။

တကယ့်အဖြစ်မှာ ဗိုလ်ချုပ်ဆူးသည် အဝေးသို့မသွား။ အနားယူပြီဖြစ်သည်။ ချမ်းသာသော ဂုဏ်သရေရှိ ပုဂ္ဂိုလ်တစ်ယောက်အဖြစ် တိယန်းကျင်းနေအိမ်နှင့် လုလောင်ကျေးလက်စံအိမ်တို့တွင် တစ်လှည့်စီ နေထိုင်သည်။ သူကျင်လည်ခဲ့သည့် ကမ္ဘာသည် အတိတ်တွင် ကျန်ရစ်ခဲ့သည်။ စစ်မင်းစနစ်နှင့် မြေရှင်ပဒေသရာဇ်စနစ်တို့ ပြိုလဲသွားပြီ။ ယခုအခါ တရုတ်ပြည်ကို တစ်ခုတည်းသော အင်အားစုက အုပ်ချုပ်သည်။ ယင်းမှာ ကူမင်တန် သို့မဟုတ် ချန်ကေရှိတ်ခေါင်းဆောင်သည့် အမျိုးသား အစိုးရဖြစ်သည်။ မြို့တော်ကို ပီကင်းမှ နန်ကင်းသို့ ပြောင်းသည်။ ၁၉၂၈ တွင် မန်ချူးရီယားအာဏာရှင် မာရှယ် ကြီး ချန်ဆိုလင်းကို ဂျပန်က သတ်ပစ်လိုက်သည်။ ထိုအချိန်တွင် ဂျပန်သည် မန်ချူးရီးယားတွင် ခြေသွက်စပြုလာသည်။ ချန်ဆိုလင်း၏ သား မာရှယ်လေး ဟုခေါ်သူ ချန်ဆွေလျန်သည် ကူမင်တန်နှင့် ပေါင်းကာ မန်ချူးရီးယားကို တရုတ်ပြည်ထဲ သွတ်သွင်းလိုက်သည်။ ကူမင်တန်အုပ်ချုပ်မှု အာဏာစက်သည် မန်ချူးရီးယားအထိ မပျံ့နှံ့ခဲ့ပေ။

ဗိုလ်ချုပ်ဆူးသည် အဘွားဆီတွင် ကြာကြာမနေနိုင်။ ရက်အတန်ကြာနေပြီးနောက် သွားတော့မည်ဟု ဆိုသည်။ မသွားခင်တစ်ညက

သူနှင့်အတူ လုလောင် တွင် လိုက်၍ နေလှည့်ပါဟု အဘွားကိုခေါ်သည်။ အဘွားမှာ နှလုံး ခုန်တစ်ချက်ရပ် သွားသည်။ လိုက်ခဲ့ရမည်ဟု အမိန့်ပေးလျှင်ကား သူသည် အမိုးတစ်ခုတည်း အောက်တွင် သူ့ဇနီး၊ အခြားကိုယ်လုပ်တော်များနှင့်အတူ တစ်သက်တစ်ကျွန်း ထောင်ကျပြီ မှတ်ရမည်။ အဘွားတုန်လှုပ်သွားသည်။ သူ့ခြေထောက်ကို နှိပ်နယ်ပေးရင်း ယိရှန် တွင် နေပါရစေဟု တိုးတိုးသက်သာ လျှောက်လဲသည်။ သူ့ကို တခြားတစ်ပါးသို့ ခေါ်မသွားပါဟု သူ့မိဘများအား ကတိပေးခဲ့သည်မှာ ကြင်နာမှုအပြည့်ရှိသည်။ တဖန် ယခုသူ့အမေသည် နေကောင်းလှသည်မဟုတ်။ တတိယအကြိမ် မီးဖွားပြီး စဖြစ်သည်။ သားယောကျ်ားလေးကား ရပါ၏။ ယခုမူ မိဘကို သူဂရုစိုက် ပြုစုချင်သည်။ လင်သား နှင့်အရှင်သခင်ဖြစ်သူ ယိရှန်သို့ အလည်ရောက်လာသည့်အခါ သူပြုစုပါမည်ဟု ပြောသည်။ နောက်တစ်နေ့တွင် သူ့ပစ္စည်းများကို အဘွား ထုပ်ပိုးပေးသည်။ ထို့နောက် ဗိုလ်ချုပ်ဆူးသည် တစ်ယောက်တည်း ထွက်ခွာသွားသည်။ ထွက်သွားသည့်အခါ ရောက်လာတုန်းကလိုပင် အဘွားကို ရွှေ၊ ငွေ၊ ကျောက်စိမ်း၊ ပုလဲနှင့် မြ ရတနာတို့ကို ပေးကမ်းသည်။ အခြားယောကျ်ားများနည်းတူ ရွှေ၊ ငွေ ပေးကမ်းခြင်းသည် မိန်းမတွေ၏ နှလုံးသားကို ပျောင်းညွတ်စေသည်ဟု သူယုံကြည်သည်။ အဘွားလို မိန်းမများအဖို့ကား ရွှေ၊ ငွေ ရတနာတို့သည်သာ သူတို့အတွက် အာမခံပစ္စည်းများ ဖြစ်လေသည်။

ထို့နောက် အတန်ကြာလျှင် သူ့တွင် ကိုယ်ဝန်ရှိနေကြောင်း အဘွား သိသည်။ ၁၉၃၁ နွေဦး တတိယလ၏ ဆယ့်ခုနစ်ရက်နေ့တွင် အဘွား၌ သမီးမိန်း ကလေးတစ်ယောက် မွေးဖွားသည်။ သူကား ကျွန်မ၏ အမေဖြစ်လေသည်။ ဗိုလ်ချုပ် ထံ အဘွား စာရေးအကြောင်းကြားသည်။ ဗိုလ်ချုပ်ကလည်း စာပြန် ရေးကာ သမီးကို “ပိုကျင်” ဟု ခေါ်စေချင်သည်။ ခရီးသွားနိုင်လျှင် သမီးကိုခေါ်ကာ လုလောင်သို့ အမြန်ဆုံးလိုက်ခဲ့ပါဟု မှာကြားသည်။

ကလေးရသဖြင့် အဘွားပီတိဖြစ်သည်။ ယခုမူ သူ့ဘဝသည် ရည်ရွယ် ချက်ရှိလာသည်။ ရှိသမျှအချစ်ကို ကျွန်မအမေအား ပုံ၍ပေးသည်။ ပျော်ရွှင်စွာ တစ်နှစ်ကုန်ခဲ့သည်။ ဗိုလ်ချုပ်ဆူးက လုလောင်သို့လာရန် အကြိမ်ကြိမ် စာရေးခေါ်သည်။ သို့သော်လည်း အဘွားက ဘယ်တော့လာမည်ဟူ၍ တိကျသည့် အဖြေကို မပေး။ ထို့နောက် ၁၉၃၂ နွေလယ်တစ်နေ့တွင် သံကြိုးတစ်စောင် ရောက်လာသည်။ ဗိုလ်ချုပ်ဆူး အပြင်းအထန်နေမကောင်း။ သမီးကိုခေါ်ပြီး ချက်ချင်းလိုက်လာပါဟု ဆိုသည်။ သည်တစ်ကြိမ်ငြင်း၍ မရသည်မှာ သေချာသည်။

လုလောင်သည် မိုင် ၂၀၀ ဝေးသည်။ အဘွားမှာ ခရီးမသွားဖူးခဲ့ပေ။ ပစ္စည်းတစ်ဖက်၊ ကလေးတစ်ဖက်နှင့် မနိုင်မနင်းရှိသည်။ ခြေစည်းထားသဖြင့် ခရီး ရှည်သွားရန် ခက်ခဲမည်။ သူ့ညီမ ယုလန်ကို သူနှင့်အတူ ခေါ်သွားမည်။ ယုလန်မှာ ယခု ဆယ်လေးနှစ်ရှိနေပြီ။ “လန်” ဟု သူတို့က ခေါ်ကြသည်။

ခရီးမှာ စွန့်စားခန်းဖြစ်သည်။ ထိုဒေသသည် ပြန်လည်ဆူပူလာသည်။ ၁၉၃၁ စက်တင်ဘာတွင် ဂျပန်သည် ထိုဒေသတွင် တဖြည်းဖြည်း နယ်ပယ်ချဲ့ထွင်လာပြီး။ မန်ချူးရီးယားကိုဝင်၍ သိမ်းသည်။ ၁၉၃၂ ဇန်နဝါရီ ၆ တွင် ယိရှုန်မြို့ကို ဂျပန်တပ်များ သိမ်းပိုက်သည်။ နှစ်လကြာလျှင် မန်ချူးကိုး နိုင်ငံထူထောင်ကြောင်း ကြေညာသည်။ မန်ချူးကိုးမှာ ပြင်သစ်နှင့် ဂျာမနီတို့ ပေါင်းထားသည့် ဧရိယာလောက် ကျယ်ဝန်းသည်။ တရုတ်အရှေ့မြောက်ဒေသဖြစ်သည်။ မန်ချူးကိုးသည် လွတ်လပ် ရေးရပြီဟု ဂျပန်က ကြေညာသည်။ အမှန်စင်စစ် တိုကျို၏ ရုပ်သေးအစိုးရသာဖြစ်သည်။ ပုရိကို နန်းတင်သည်။ ပထမအကြီးအကဲဟုခေါ်သည်။ ၁၉၃၄ တွင်မူ မန်ချူး ကိုး ဧကရာဇ်ဖြစ်လာသည်။ ပြင်ပလောကအကြောင်း မသိသည့် အဘွားအဖို့ ယင်းတို့ကို နားမလည်၊ ခပ်ပေါ့ပေါ့သာ မှတ်ထင်သည်။

၁၉၃၂ ပူပြင်းသောနွေရာသီနေ့တစ်နေ့တွင် အဘွား၊ သူ့ညီမနှင့် ကျွန်မ အမေတို့သည် ယိရှုန်မှ ရထားစီးကာ တောင်ဘက်သို့ ထွက်ခဲ့ကြသည်။ မန်ချူးရီးယား နယ်ကို ရှန်ဟဲကွမ်မြို့၌ ဖြတ်ကျော်ခဲ့ပြီး ရထားသည် ပင်လယ်ကမ်းခြေအတိုင်း ခုတ်မောင်းသည်။ ရှုခင်းများပြောင်းလဲလာသည်။

မန်ချူးရီးယားမြေညိုဝါအစား မည်းမှောင်သည့် မြေကို မြင်ရသည်။ သစ်ပင်ဝါးပင်တို့ ထူထပ်စွာ ပေါက်ရောက်သည်။ မဟာရံတံတိုင်းလွန်လျှင် ရထားသည် ကုန်းတွင်းသို့ ဦးလှည့်သည်။ တစ်နာရီခန့်ရှိလျှင် ချန်လီဘူတာ၌ ရပ်သည်။ သူတို့သည် အမိုးစိမ်းအဆောက်အအုံထဲ ရောက်သွားကြသည်။ ယင်းမှာ ဆိုက်ဗေးရီးယားမှ ဘူတာရုံနှင့် တူသည်။

အဘွားတို့သည် မြင်းလှည်းတစ်စီးငှားကာ ဖုန်ထူသည့် လမ်းအတိုင်း ဗိုလ်ချုပ်ဆူး စံအိမ်သို့ သွားကြသည်။ ယင်းသည် မိုင်နှစ်ဆယ်ဝေးပြီး ယန်ဟေယင်ဟုခေါ်သည့် မြို့ငယ်လေး၏ အပြင်ဘက်တွင် ရှိသည်။ မန်ချူးဧကရာဇ်နှင့် မင်းမှုထမ်း တို့ မကြာခဏ လည်ပတ်သည့် ဒေသဖြစ်သည်။ သို့ဖြစ်ရာ ထိုလမ်းကို "ဧကရာဇ်လမ်း" ဟု နာမည်တွင်လာသည်။ ပေါ်ပလာပင်များ၏ အရွက်စိမ်းများ နေခြည်တွင် တောက်ပနေသည်။ ယင်းဟိုဘက်တွင် မက်မန်းခြံရှိသည်။ သဲဆန်မြေတွင် ရှင်သန်စွာ ဖြစ်ထွန်းနေကြသည်။ အဘွားသည် ဖုန်ထသောလမ်းတွင် ရှုခင်းများကို မသာယာနိုင်အား။ သူ့တစ်ကိုယ်လုံး ဖုန်အလိမ်းလိမ်း တက်နေအောင် လမ်းကကြမ်းသည်။

ယင်းတို့ထက် ခရီးလမ်းဆုံးတွင် မည်သည့်တို့က သူ့ကို ဆီးကြိုမည်ကို မှန်းဆမရနိုင် ဖြစ်ရသည်။

စံအိမ်ကြီးကို မြင်ရလျှင် ခမ်းနားလှသဖြင့် အဘွား အံ့ဩမိသည်။ ရှေ့တံခါးတွင် လက်နက်ကိုင်များ စောင့်ကြပ်နေသည်။ မြေတွင်ဝပ်နေသော ခြင်္သေ့ရုပ်များကို အစောင့်များ အနီးတွင် မြင်ရသည်။ မြင်းများချည်ရန် ကျောက်ရုပ်ရှစ်ခုကို တွေ့ရသည်။ ဆင်ရုပ်လေးခုနှင့် မျောက်ရုပ်လေးခု တို့ဖြစ်သည်။ ဆင်၏

တရုတ်အခေါ် အဝေါ်မှာ "ဆီအန်" (Xiang) ဖြစ်ပြီး တစ်ချိန်တည်းမှာပင် ရာထူးကြီးဟူသော အဓိပ္ပာယ်ရသည်။ ထို့အတူ မျောက်ကို "ဟို" (hou) ဟုခေါ်ပြီး မှူးမတ်ဟု အဓိပ္ပာယ် ရသည်။

အပြင်တံခါးမှ ဝင်သွားလျှင် တံတိုင်းကြီးက ဆီးကြိုနေသည်။ ပြီးမှ တစ်ဖက်သို့ ကွေ့ဝင်ရသည်။ ထိုအခါ ဒုတိယတံခါးကို တွေ့ရသည်။ ဤသည်မှာ တရုတ်ရိုးရာ အဆောက်အအုံဖြစ်သည်။ အထဲတွင် ဘာရှိသည်ကို လူစိမ်းတို့ချက်ချင်းမမြင်နိုင်။ ပထမတံခါးမှ တိုက်ခိုက်ခြင်း၊ ပစ်ခတ်ခြင်းတို့မှာ မထိရောက်။

အတွင်းတံခါးဝင်သွားပြီး အထဲရောက်သည်နှင့် အစေခံတစ်ယောက်သည် အဘွားဘေးသို့ ရောက်လာပြီး ဆတ်ခနဲသူ့သမီးကို ခေါ်ဆောင်သွားသည်။ နောက် အစေခံတစ်ယောက်က အိမ်ကြီးသို့ တက်သည့်လမ်းကိုပြသည်။ ထို့နောက် ဗိုလ်ချုပ်ဆူး၏ ဇနီးနားနေသည့် အခန်းသို့ ခေါ်သွားသည်။

အခန်းထဲရောက်လျှင် အဘွားသည် ဒူးထောက်ထိုင်ပြီး အရိုအသေပေးကာ "နှုတ်ခွန်းဆက်ပါတယ် သခင်မ"ဟု ထုံးစံနှင့်အညီ ဆိုသည်။ သူ့ညီမ "လန်" ကို ဝင်ခွင့်မပြု။ အပြင်၌ အစေခံလို ရပ်နေရသည်။ ကိုယ်လုပ်တော်၏ ဆွေမျိုးသားချင်းတို့ကို မိသားစုအဖြစ် အသိအမှတ်မပြု။ ထို့နောက် အတန်ကြာမှ ဗိုလ်ချုပ်၏ ဇနီးက ထိုင်ရာမှ ထနိုင်ပြီဟု ဇနီးမယားထက်သာသည့် အဆင့်မြင့် အစေခံမျိုးကို ပြောဆိုသည့် အသုံးအနှုန်းမျိုးဖြင့် ပြောဆိုသည်။

ထို့နောက် ဗိုလ်ချုပ်၏ ဇနီးက အဘွားအား ထိုင်ရန်ပြောသည်။ အဘွားသည် ရုတ်တရက် ဆုံးဖြတ်ချက်တစ်ခုချရသည်။ တရုတ်နေအိမ်တစ်ခုတွင် ဘယ်နေရာမှာ ဘယ်အဆင့်အတန်းရှိသူက ထိုင်ရသည်ဟူသော သတ်မှတ်ချက်ရှိသည်။ ဗိုလ်ချုပ်ဇနီးသည် အခန်းမြောက်ဘက် အစွန်းတွင် ထိုင်သည်။ သည့်ဟိုဘက်တွင် စားပွဲတစ်ခုနောက်၌ တောင်ဘက်သို့ လှည့်နေသည့် ကုလားထိုင်တစ်ခုရှိသည်။ ယင်းမှာ ဗိုလ်ချုပ်၏ နေရာဖြစ်သည်။ ထို့နောက် အခန်းတစ်ဖက်စီတွင် ကုလားထိုင် များ စီခင်းထားသည်။ အဘွားသည် နှိမ့်ချသောအားဖြင့် တံခါးနှင့်အနီးဆုံးကုလားထိုင်တစ်ခု တွင်ထိုင်သည်။ ထို့နောက် ဗိုလ်ချုပ်ဇနီးက အဘွားအား ရှေ့သို့ အနည်းငယ် တိုးရန် ခေါ်သည်။ သူ့ဘက်က ကြင်နာမှုပြရမည် မဟုတ်လား။

အဘွား နေရာယူပြီးသည့်အခါ ဗိုလ်ချုပ်ဇနီးက ယခုမှစ၍ သမီးကို သူ့သမီးအရင်းလို မွေးမည်။ အဘွားကိုမဟုတ်ဘဲ သူ့ကို "မာမာ" ဟု ခေါ်စေရမည်။ အဘွားသည် သမီးကို အိမ်ကြီး၏ သခင်မလေးတစ်ယောက် အဖြစ်ဆက်ဆံပြုမူပြောဆိုရ မည်ဟု မှာကြားသည်။

အိမ်ဖော်မလေးတစ်ယောက်က အဘွားကို ခေါ်သွားပြီး နေရန်အခန်းသို့ပို့ပေးသည်။ အဘွားသည် ငိုချင်စိတ်ကို ဖိနှိပ်ထားရသည်။ ဗိုလ်ချုပ်ဆူး၏ နံပါတ်နှစ် ကိုယ်လုပ်တော်ကို တွေ့သည့်အခါ အဘွားမျက်လုံးများမှာ နီနေသည်။ သူသည် ဗိုလ်ချုပ်၏ အချစ်တော်ဖြစ်သည်။ အိမ်မှုကိစ္စတာဝန်ယူရသည်။ မျက်နှာမှာ

နုနယ် ချောမွေ့သည်။ သူမက အဘွားကို အံ့ဩစရာကောင်းအောင် စာနာသည်။ သို့သော် လည်း အဘွားသည် သူရှေ့မှာ မငိုမိအောင် သတိထားသည်။ ယခုလို ဆန်းပြားသည့် ပတ်ဝန်းကျင်တွင် အရာရာ သတိထားနိုင်မှ တော်ကာကျမည်ဟု သူထင်သည်။

ထိုနေ့ ညနေပိုင်းတွင် အဘွားသည် သူ့ယောကျ်ားနှင့်တွေ့ရသည်။ ကျွန်မ အမေလည်း ပါသွားသည်။ ဗိုလ်ချုပ်သည် မီးလင်းဖိုပေါ်က ခုတင်ပေါ်တွင် လဲလျောင်းနေသည်။ ကိုယ်လုပ်တော် သို့မဟုတ် အိမ်ဖော်မလေးနှစ်ယောက်က ဗိုလ်ချုပ်ကို ခြေဆုပ်လက်နယ်ပြုနေကြသည်။ ဗိုက်ကိုလည်း နှိပ်ပေးသည်။ ဗိုလ်ချုပ်၏ မျက်လုံးများ မှိတ်ထားသည်။ မျက်နှာမှာ ဝါကြန်ကြန် ဖြစ်နေသည်။ အဘွားက ခုတင် အစွန်းပေါ် ကိုယ်ကိုကိုင်းပြီး တိုးတိုးခေါ်သည်။ ဗိုလ်ချုပ်မျက်လုံးဖွင့်ကြည့်ကာ ယဲ့ယဲ့ပြုံးသည်။ အဘွားက ကျွန်မအမေကို ခုတင်ပေါ်တင်ပြီး “ဒါ ပိုကျင်” ပဲ ဟုပြောသည်။ ဗိုလ်ချုပ်သည် ကျွန်မ အမေ၏ခေါင်းကို ဖြည်းညင်းစွာသပ်ပြီး “ပိုကျင်က မင်းနဲ့တူတယ်၊ သိပ်လှတယ်” ဟု ပြောသည်။ ထို့နောက် မျက်လုံးမှိတ်သွားသည်။

အဘွားက ထပ်၍ခေါ်သည်။ သို့သော်လည်း သူ့မျက်လုံးများ မပွင့်လာ။ အလွန်အမင်း နာမကျန်းဖြစ်နေပြီ။ သေနိုင်သည်။ ကျွန်မအမေကို ခုတင်ပေါ်မှ ပွေ့ယူပြီး တင်းကျပ်စွာ ဖက်ထားသည်။ သို့သော်လည်း ဗိုလ်ချုပ်ဇနီးရှေ့တွင် ခဏသာ ပွေ့ဖက်နိုင်သည်။ ဗိုလ်ချုပ်ဇနီးမှာ သူတို့ဘေးတွင် ရောက်နေပြီး စိတ်မရှည်စွာ သူ့အင်္ကျီလက်ကို အတင်းဆွဲသည်။ အပြင်ဘက်ရောက်လျှင် ဇနီးက ဗိုလ်ချုပ်အား ခဏခဏ မနှောင့်ယှက်ရန် သို့မဟုတ် လုံးလုံးမနှောင့်ယှက်ရန် သတိပေးသည်။ အဘွား သည် သူ့အခန်းထဲမှာသာ နေရမည်။ ခေါ်မှလာရမည်။

အဘွား ကြောက်ရွံ့ထိတ်လန့်သွားသည်။ ကိုယ်လုပ်တော်အဖြစ် သူ့ဘဝရှေ့ရေးနှင့် သူ့သမီးရှေ့ရေး တို့မှာ အန္တရာယ်ရှိသည်။ အသက်အန္တရာယ်ပင် စိုးရိမ်ရသည်။ သူ့တွင် ဘာအခွင့်အရေးမှမရှိ။ ဗိုလ်ချုပ်သေလျှင် သူ့ဇနီးသနားမှ ချမ်းသာရာရမည်။ ဇနီးသည် သူ့သေရေးရှင်ရေးကို ချုပ်ကိုင်ထားသည်။ သူ ကြိုက်သလို စီရင်နိုင်သည်။ လူချမ်းသာတစ်ယောက်သို့ ရောင်းစားနိုင်သည်။ သို့မဟုတ် ပြည့်တန်ဆာခန်းသို့ ရောင်းစားမည်။ ဤအဖြစ်မျိုးမှာ ရိုးနေပြီ။ ထို့နောက် အဘွားသည် သူ့သမီးကို မတွေ့ရတော့ပေ။ သူနှင့်သူ့သမီး ဤစံအိမ်မှ မြန်မြန်ထွက်ပြေးလျှင် ကောင်းမည်ဟု နားလည်လာသည်။

အခန်းသို့ ရောက်လျှင် ဤအိမ်မှ ထွက်ပြေးရန် စီစဉ်မှု အစပျိုးသည်။ သို့သော်လည်း တကယ်စဉ်းစားသည့်အခါ ခေါင်းပူထူလာသည်။ ခေါင်းထဲသွေး ရောက်သလား ထင်ရသည်။ လူမှာလည်း နုံးချည့်လာပြီး လမ်းကောင်းကောင်း မလျှောက်နိုင်။ စားပွဲကုလားထိုင်တို့ကို ဆွဲကိုင်အားပြုရသည်။ စိတ်ဓာတ်ကျပြီး သူ ငိုသည်။ ဒေါသလည်းထွက်သည်။ ထွက်ပေါက်မမြင်နိုင် ဖြစ်လာသည်။ ပို၍ဆိုး သည်မှာ ဗိုလ်ချုပ်အခြေအနေက နေ့လားညလား ဖြစ်နေသည်။ ထိုအခါ သူ

တစ်ယောက်တည်း တစ်သက်လုံး ထောင်ထဲမှာ ပိတ်မိနေသလို ဖြစ်လာမည်။

တဖြည်းဖြည်း စိတ်ငြိမ်အောင် ထိန်းပြီး သေသေချာချာ စဉ်းစားသည်။ အိမ်ကြီးနှင့်ပတ်ဝန်းကျင်ကို စတင်လေ့လာသည်။ ခြံဝင်းကြီးတစ်ခုထဲတွင် သီးခြား ခြံဝင်းလေးများ ဖွဲ့ထားသည်။ ဘေးပတ်လည်တွင် နံရံအမြင့်ကြီးများ ဝိုင်းရံထားသည်။ ပန်းခြံသည်ပင် အလှအပထက် လုံခြုံရေးကို အလေးပေးကာ တည်ဆောက်ထားသည်။ ဆိုက်ပရတ်ပင် အနည်းငယ်၊ ဘတ်ပင်နှင့် ဆောင်းဆီးပင်များ စိုက်ပျိုးထားသည်။ သို့သော်လည်း တစ်ခုမျှ အုတ်နံရံနားတွင် ကပ်လျက်မတည်ရှိ။ လူသတ်သမား တစ်ယောက် ပုန်းခိုနိုင်မည့် ချုံဖုတ်ခပ်ကြီး ကြီးပင်မရှိ။ ပန်းခြံမှထွက်နိုင်သည့် တံခါးနှစ်ခုကို သော့ခတ်ထားသည်။ ရှေ့မျက်နှာစာတံခါးကို လက်နက်ကိုင်အစောင့် များ နှစ်ဆယ့်လေးနာရီ ချထားသည်။

အဘွားကို ဝင်းခြံအပြင်ဘက်သို့ ထွက်ခွင့်မပြု။ ဗိုလ်ချုပ်ဆီသို့ နေ့စဉ် သွားခွင့်ပြုသည်။ သို့သော်လည်း တခြားမိန်းမများနှင့်အတူ လူမမာ၏ အိပ်ရာကို ဖြတ်ပြီး လျှောက်ရသည်။ ပြီးတော့ "သခင်ကို နှုတ်ဆက်ပါတယ်" ဟု တိုးတိုးပြောခွင့်ပြုသည်။

ထိုကာလအတွင်းမှာပင် အိမ်ကြီးတွင် နေကြသူများ၏ ပင်ကိုယ်စရိုက် များကို သိနားလည်စ ပြုလာသည်။ ဗိုလ်ချုပ်၏ ဇနီးကလွဲလျှင် အရေးအကြီးဆုံး အမျိုးသမီးမှာ နံပါတ်နှစ် ကိုယ်လုပ်တော် ဖြစ်သည်။ သူက အဘွားကို သနားသည်။ အိမ်ဖော် မလေးများအား အဘွားကို ကောင်းမွန်စွာ ဆက်ဆံရန် မှာကြားထားသည်။ သို့ဖြစ်ရာသူ့အခြေအနေမှာ အနည်းငယ်ကောင်းလာသည်။ ကြံ့စည်ရလွယ်ကူလာသည် ဆိုရ မည်။ ဤအိမ်မျိုးတွင် အိမ်ဖော်အစေခံများ၏ စိတ်နေသဘောထားသည် သူတို့ အမှုထမ်းသည့် သခင်၏ အဆင့်အတန်းကို လိုက်၍ ပြောင်းလဲသည်။ အိမ်ကြီးရှင်၏ အရေးပေးခံရသူကို ခယဝပ်တွားပြီး မျက်နှာသာပေးမခံရသူကို နှိပ်စက်ကလူ ပြုလုပ်သည်။

နံပါတ်နှစ်ကိုယ်လုပ်တော်တွင် သမီးတစ်ယောက်ရှိသည်။ ကျွန်မ အမေထက် အသက်အနည်းငယ် ကြီးသည်။ ဤသည်မှာ သူနှင့်အဘွား နီးစပ်ရသည့် အကြောင်းတစ်ခုဖြစ်သည်။ တဖန် ဗိုလ်ချုပ်ဆူးတွင် ကျွန်မ အမေကလွဲ၍ တခြား သားသမီးများ မရှိလေရာ နံပါတ်နှစ်ကိုယ်လုပ်တော်ကို စွဲလမ်းရသည့် အကြောင်း တစ်ခုအဖြစ် ပေါ်လွင်ထင်ရှားသည်။

တစ်လခန့်ရှိလျှင် ကိုယ်လုပ်တော်နှစ်ယောက် ရင်းနှီးလာကြသည်။ အဘွားသည် ဗိုလ်ချုပ်ဇနီးကို သွား၍ တွေ့ကာ အဝတ်အစားများယူရန် အိမ်သို့ပြန်လိုသည်ဟု ပြောသည်။ ဗိုလ်ချုပ်၏ ဇနီးက ခွင့်ပြုသည်။ အဘွားက သမီးကို ခေါ်သွားမည်။ အဘိုးအဘွားတို့ကို ကန်တော့နှုတ်ဆက်မည်ဟု ခွင့်တောင်းသည်။ ယင်းကို ဗိုလ်ချုပ် ဇနီးက ခွင့်မပြု။ "ဆူး" မျိုးဆက်ကို စံအိမ်မှ အပြင်သို့ ခေါ်ဆောင်သွားသည်ကို ခွင့် မပြုနိုင်ဟု အကြောင်းပြသည်။

သို့ဖြစ်ရာ အဘွားသည် ဖုန်ထူသောလမ်းအတိုင်း ချန်လီသို့ တစ်ယောက်တည်းသွားသည်။ မြင်းလှည်းက သူ့ကို ဘူတာရုံမှာ ချထားခဲ့သည်။ ထိုအခါ အနီးအနားရှိ လူများထံ စုံစမ်းသည်။ မြင်းစီးသမား နှစ်ယောက်က သူသွားချင်သည့်ခရီးကို စီစဉ်ပေးမည်ဟု ဆိုသည်။ ညအထိ အဘွားစောင့်သည်။ ညရောက်လျှင် လုလောင်သို့ မြင်းစီးသမားနှစ်ယောက်နှင့်အတူ ဖြတ်လမ်းအတိုင်း သွားကြသည်။ တစ်ယောက်က မြင်းကိုမစီးဘဲ အဘွားကို ကုန်းနှီးပေါ်တင်ကာ သူက ရှေ့မှနေ၍ မြင်းဇက်ကြိုးကို ဆွဲသွားသည်။

စံအိမ်သို့ ရောက်လျှင် နောက်ဖေးပေါက်မှဝင်ကာ ကြိုတင်ချိန်းချက်ထားသည့်အတိုင်း အချက်ပေးပြီး ခဏစောင့်ရသည်။ သို့သော် ထိုတစ်ခဏမှာ နာရီပေါင်းများစွာကြာသည်ဟု အဘွားထင်မိသည်။ ခဏကြာလျှင် သူ့ညီမ “လန်” သည် ကျွန်မအမေကို ပွေ့ကာ ထွက်လာသည်ကို လရောင်တွင် မြင်ရသည်။ နောက်ဖေးတံခါးကို မပိတ်ဘဲဖွင့်ထားသည်မှာ နံပါတ်နှစ် ကိုယ်လုပ်တော်၏ အစီအစဉ်ဖြစ်သည်။ ပြီးမှ တစ်စုံတစ်ယောက်က သော့ကို အတင်းဖွင့်ခဲ့သလို ပုဆိန်ဖြင့် သော့ကို ရိုက်ချိုးထားသည်။

အဘွားသည် ကျွန်မအမေကို ခပ်မြန်မြန်ပွေ့ချီသည်။ အိပ်ပျော်နေရာမှ ကလေးနိုးသွားလျှင် ငိုမည်စိုးသဖြင့် ခပ်မြန်မြန်ထွက်ခွာရန် စီစဉ်သည်။ သူနှင့်သူ့ညီမတို့ မြင်းနှစ်စီးပေါ် တက်စီးကြသည်။ သမီးကိုမူ မြင်းစီးသမားတစ်ယာက်၏ ကျောပေါ်မှာ ချည်နှောင်လိုက်သည်။ ထို့နောက် ညအမှောင်ထဲ ထွက်လာခဲ့ကြသည်။ မြင်းစီးသမားနှစ်ယောက်ကို ပိုက်ဆံများစွာပေးထားရာ ခရီးတွင်အောင်မြန်မြန် သွားကြသည်။ အရုဏ်တက်လျှင် ချန်လီသို့ရောက်သည်။ ရထားမထွက်သေး။ အချိန် မီရောက်သွားကြသည်။ ရထားသည် မြောက်ဘက်သို့ ဦးတည်ခုတ်မောင်းသည်။ ညရောက်လျှင် ယိရှန်သို့ ရထားဝင်သောအခါ အဘွားလည်း မြေပေါ်လဲကျသွားပြီး အတော်ကြာ လဲလျောင်းနေရသည်။ အနည်းငယ်မျှ မလှုပ်ရှားနိုင်။

အဘွားမှာ ဘေးရန်ကင်းရှင်းသွားပြီ။ လုလောင်နှင့် မိုင် ၂၀၀ ဝေးသော နေရာတွင် သူရောက်နေသည်။ “ဆူး” မိသားစုနှင့် အလှမ်းဝေးသည် မဟုတ်လား။ ကျွန်မအမေကိုမူ အိမ်သို့ခေါ်မည်။ အိမ်ရှိအစေခံများကို စိတ်မချ။ ကျောင်းနေဘက် သူငယ်ချင်းတစ်ယောက် စီစဉ်ပေးသဖြင့် ကျွန်မ အမေကို ဝှက်ထားရန် နေရာတစ်ခုရသည်။ အဘွားသူငယ်ချင်းသည် ယောက္ခမအိမ်မှာ နေသည်။ သူ့ယောက္ခမမှာ ဒေါက်တာရှီယာ ဖြစ်ပြီး ကြင်နာတတ်သည်ဟု လူသိများသည်။ ပြီးတော့ မိတ်ဆွေ တစ်ယောက်ကို ဘယ်တော့မှ သစ္စာဖောက်လေ့ မရှိသူဖြစ်သည်။

ဗိုလ်ချုပ်ဆူး၏ အိမ်ကမူ ကိုယ်လုပ်တော်တစ်ယောက်ဖြစ်သည့် အဘွား ကို ဂရုစိုက်ဟန်မတူ။ လိုက်ရှာရန် မလိုဟုလည်း ယူဆကြဟန်တူသည်။ “ဆူး” ၏ သွေးသားဖြစ်သည့် ကျွန်မအမေကိုသာ သူတို့ဂရုစိုက်ကြလိမ့်မည်။ အဘွားသည် လုလောင်သို့ သံကြိုးရိုက်ကာ ကျွန်မအမေသည် ရထားပေါ်တွင် နေမကောင်းဖြစ်ပြီး

သေသွားသည်ဟု အကြောင်းကြားလိုက်သည်။ သူပြောသည်ကို ဗိုလ်ချုပ်မိသားစုက ယုံသည်ဟု အဘွားထင်သည်။ သို့သော်လည်း ထိုသို့မယုံကြည်ဘဲ သမီးကို အခေါ် လွှတ်ပြီး လုယူသွားလျှင် ဘယ်လိုလုပ်ကြမည်လဲ။ သူ့ကိုလည်း ပြန်လာရန် မခေါ်ဟု အထပ်မပြောနိုင်။ နောက်ဆုံးတွင်မူ အဘွားသည် နှစ်သိမ့်မှုရရန် တစ်မျိုးတွေးသည်။ ဗိုလ်ချုပ်မိသားစုသည် သေဆုံးတော့မည့် ဗိုလ်ချုပ်အတွက် အလုပ်ရှုပ်နေကြပြီး သူတို့သားအမိကို စိတ်ဝင်စားခြင်းမရှိနိုင်။ သူတို့မှာ မအားမလပ်ဖြစ်နေသည်။ တစ်ဖန် သူ့သမီး သူ့ပတ်ဝန်းကျင်မှာ မရှိလျှင် စံအိမ်က မိန်းမများ ခြယ်လှယ်ချင်သလို ခြယ်လှယ်နိုင်မည်။ ဤသည်မှာ အဘွား၏ အတွေးဖြစ်သည်။

သူ့ကို ဘယ်သို့မျှ နှောင့်ယှက်ခြင်းမပြုတော့သည့်အခါ အဘွားသည် သမီး ကိုခေါ်ပြီး ယိရှန်အိမ်တွင် အေးချမ်းစွာနေထိုင်သည်။ အစေခံများအတွက်လည်း ပူစရာမလို။ သူ့ယောက်ျား လာနိုင်တော့မည် မဟုတ်သည်ကို အဘွား သိထားသည်။ လုလောင်မှ သတင်းစကား တစ်နှစ်လောက် မကြားရ။ သို့နှင့် ၁၉၃၃ ဆောင်းဦးတစ်နေ့တွင် ဗိုလ်ချုပ်ဆူး ကွယ်လွန်ပြီဆိုသော သံကြိုးတစ်စောင် အဘွားရသည်။ အသုဘ အခမ်းအနားသို့ အမြန်ဆုံးလာခဲ့ပါဟူ၍လည်း မှာကြားသည်။

ဗိုလ်ချုပ်သည် စက်တင်ဘာလက တီယန်ကျင်းတွင် သေဆုံးသည်။ သူ့ အလောင်းကို ယွန်းခေါင်းတွင်ထည့်ကာ အနီရောင်ပိုးထည်လွှမ်းပြီး လုလောင်သို့ သယ်ယူခဲ့သည်။ သူ့အလောင်းနှင့်အတူ ခေါင်းနှစ်ခုပါလာသည်။ တစ်ခုမှာ ယွန်းခေါင်းတွင်ထည့်ပြီး အနီရောင်ပိုးထည်လွှမ်း၍ သယ်ယူခဲ့သည်။ အခြားခေါင်းမှာ အဖုံးမပါသော ရိုးရိုးသစ်သားခေါင်းဖြစ်သည်။ ပထမခေါင်းမှ အလောင်းမှာ ဗိုလ်ချုပ် နှင့်အတူ လိုက်၍သေရန် ဘိန်းမျိုပြီး သေဆုံးသည့် ကိုယ်လုပ်တော်တစ်ယောက်၏ အလောင်းဖြစ်သည်။ လင်မယားသစ္စာကို ပြခြင်းဖြစ်သည်။ နောင်အခါ ထင်ရှားသည့် စစ်မင်းဝုပေဖုက သစ်သားပြား တစ်ခုတွင် သေသူကို ဂုဏ်ပြုသည့် စာတန်းရေးထိုးသည်။ ထိုသစ်သားပြားကို ဗိုလ်ချုပ်ဆူးအိမ်တွင် ချိတ်ဆွဲထားသည်။ ဒုတိယခေါင်းမှ အလောင်းမှာ အခြား ကိုယ်လုပ်တော်တစ်ယောက်၏ အလောင်းဖြစ်သည်။ တိုက်ဖွိုက် ရောဂါဖြင့် လွန်ခဲ့သည့်နှစ်နှစ်က သေဆုံးခဲ့သည်။ ယခုပြန်လည်တူးဖော်ပြီး ဗိုလ်ချုပ်ဆူး ဘေးတွင် ယှဉ်လျက်မြှုပ်နှံမည်။ ထိုခေါင်းမှာ ရိုးရိုးသစ်သားဖြင့် လုပ်သည့် ခေါင်းဖြစ်သည်။ ကြောက်စရာ ရောဂါဆိုးဖြင့် သေရသဖြင့် နိမိတ်မကောင်းဟု သဘောထားသည်။ ခေါင်းများတွင် ပြဒါးနှင့် မီးသွေးတို့ ထည့်ကာ မပုပ်သိုးရအောင် စီမံထားသည်။ အလောင်းများ၏ ပါးစပ်များထဲတွင် ပုလဲလုံးများလည်း ထည့်ထားသည်။

ဗိုလ်ချုပ်ဆူးနှင့် ကိုယ်လုပ်တော်နှစ်ယောက်ကို ဂူသင်္ချိုင်းတစ်ခုတည်းမှာ မြှုပ်နှံသည်။ သူ့ဇနီးသည် အခြားကိုယ်လုပ်တော်တို့ သေလျှင်လည်း ဗိုလ်ချုပ်၏ ဂူသင်္ချိုင်းမှာပင် မြှုပ်နှံရမည်။ စျာပနတွင် သေသူ၏ ဝိညာဉ်ကို အလံဖြူကိုင်ဆောင် ကာခေါ်သည့် အထူးတာဝန်ကို သေသူ၏ သားကယူ ရသည်။ ဗိုလ်ချုပ်တွင် သားမရှိ

ရကား သူ့ဇနီးမွေးစားသည့် ၁၀ နှစ်သား တူတစ်ယောက်က ထိုတာဝန်ကို ထမ်းဆောင်ရသည်။ ထိုသားငယ်သည် တခြားအခမ်းအနားတစ်ခုကိုလည်း ပြုလုပ်ရသည်။ ခေါင်းဘေးတွင် "ဒူးထောက်ထိုင်၊ သံတွေစူးမယ်။ ရှောင်ပါ" ဟု ပြောရသည်။ မပြောလျှင် သေသူကို ခေါင်းရိုက်သည့်သံများက စူးနိုင်သည်။

ဂူသင်္ချိုင်းကို ဗိုလ်ချုပ်ကိုယ်တိုင်မြေကြည့်ကာ ရှေ့ဖြစ်ဖတ်ပြီး ရွေးချယ်ခဲ့သည်။ သင်္ချိုင်းနေရာသည် သာယာလှပသည်။ အေးချမ်းဆိတ်ငြိမ်သည်။ မြောက်ဘက်တွင် ခပ်လှမ်းလှမ်း၌ တောင်များရှိပြီး ရှေ့မျက်နှာစာတွင် ယူကလစ်ပင်များအကြား တောင်ဘက်သို့ စီးဆင်းနေသည့် စမ်းချောင်းတစ်ခု ရှိသည်။ နောက်ခံမှာ အထုအထည်ကြီးသည့် အရာများဖြစ်သည့် တောင်များဖြစ်ပြီး ရှေ့ဘက်တွင် နေမင်း၏ အရောင်များ စမ်းချောင်း မှတစ်ဆင့် ရိုက်ခတ်သည်။ တက်သစ်စနေခြည်နှင့်အတူ ကြီးပွားမည့် နိမိတ်လက္ခဏာ ကိုဆောင်သည်။

သို့သော်လည်း အဘွားသည် သင်္ချိုင်းမြေကို ဘယ်တုန်းကမျှ မမြင်ဖူးခဲ့ပေ။ သူ့ဇနီးက ဆင့်ခေါ်သည်ကို လျစ်လျူရှုခဲ့ပြီး ဈာပနအခမ်းအနားသို့ မသွားခဲ့ပေ။ နောက်အဖြစ်အပျက်တစ်ခုမှာ အပေါင်ဆိုင်မန်နေဂျာက လစဉ် ထောက်ပံ့ကြေးများ မပေးတော့ခြင်းဖြစ်သည်။

နောက်တစ်ပတ်ကြာသည့်အခါ အဘွား၏ မိဘများထံသို့ ဗိုလ်ချုပ်ဆူး၏ ဇနီးထံမှ စာတစ်စောင် ရောက်လာသည်။ ကျွန်မအဖိုးက နောက်ဆုံး စကားတစ်ခွန်းပြောခဲ့သည်။ အဘွားကို လွတ်လပ်ခွင့် ပေးသည်ဟူသော စကားဖြစ်သည်။ ထိုအချိန်ကဆိုလျှင် ထိုဖြစ်ရပ်သည် ထူးထူးခြားခြား အသိဉာဏ် ပွင့်လင်းသည့် ဖြစ်ရပ်တစ်ခုပင်တည်း။ သူ ကံကောင်းပုံကို အဘွားမှာ မယုံကြည်နိုင် လောက်အောင် ရှိလေသည်။

အသက်နှစ်ဆယ့်လေးနှစ်တွင် အဘွားမှာ လွတ်လပ်သူဖြစ်လာသည်။

****

[၂]

ရေရိုးရိုးသည်ပင် ချိုသည်။

မန်ချူး ဆရာဝန် တစ်ယောက်နှင့် အဘွားလက်ထပ်ခြင်း

(၁၉၃၃ - ၁၉၃၈)

ဗိုလ်ချုပ်ဆူး၏ ဇနီး၏ စာထဲတွင် အဘွား၏ မိဘများက အဘွားကို ပြန်ခေါ်ရန်လည်း ပါရှိသည်။ ရိုးရာထုံးစံအတိုင်း သွယ်ဝိုက်၍ ပြောခြင်းဖြစ်သည်။ ယခု သူနေသော အိမ်မှ အဘွားကို နှင်ချခြင်းဖြစ်သည်။

သူ့အဖေက သူ့အိမ်သို့သမီးကို ပြန်ခေါ်သည်။ သို့သော်လည်း ခပ်တွန့်တွန့်ပင်။ ယခုမူ အဘေးသည် အိမ်ထောင်ရှင် ဖြစ်သည်ကို ဟန်ဆောင်မနေတော့ပေ။ ဗိုလ်ချုပ်ဆူးလက်သို့ သမီးကို ပေးအပ် လိုက်ပြီးနောက် သူ၏ အရှိန်အဝါဖြင့် တက်သွားသည်။ ယိရှန်တွင် ပုလိပ်ဒုတိယအကြီးအကဲ ဖြစ်လာသည်။ ချမ်းသာလာသည်။ မြေဝယ်သည်။ ဘိန်းရှူသည်။

ရာထူးတက်ပြီးမကြာမီ အဘေးသည် ကိုယ်လုပ်တော်တစ်ယောက်ရသည်။ သူ့အထက် အကြီးအကဲက သူ့ကို မွန်ဂိုလီယန် မိန်းမတစ်ယောက် လက်ဆောင်ပေးသည်။ ရာထူးတက်လာသည့် လုပ်ဖော်ကိုင်ဘက်ကို ကိုယ်လုပ်တော် လက်ဆောင်ပေးသည်မှာ လုပ်ရိုးလုပ်စဉ်ဖြစ်သည်။ ယိရှန်ပုလိပ် အကြီးအကဲသည် ဗိုလ်ချုပ်ဆူး၏ လက်စွဲတော်တစ်ယောက်အား ဤသို့လက်ဆောင် ပေးရသည်ကို ဂုဏ်ယူဝမ်းသာသည်။ သို့သော်လည်း အဘေးသည် နောက်ထပ်ကိုယ်လုပ်တော် တစ်ယောက်ရှာသည်။ သူ့လို ရာထူးရှိသော လူတစ်ယောက်အဖို့ ကိုယ်လုပ်တော် များများယူလေ ကောင်းလေဖြစ်သည်။ ယင်းလုပ်ရပ်က ယောကျ်ား တယောက်၏ အဆင့်အတန်းကို ပြသည်။ ဝေးဝေးရှာစရာ မလို။ မွန်ဂိုလီယန်း ကိုယ်လုပ်တော်တွင် ညီမတစ်ယောက်ပါ လာသည်။

အဘွားသည် မိဘအိမ်သို့ ပြန်နေသည်။ သူထွက်လာခဲ့သည့် ဆယ်နှစ်ကနှင့်မတူဘဲ မိသားစုဦးရေ တိုးပွားလာသည်။ မပျော်ပိုက်သော သူ့အမေအပြင် နောက်ထပ် မယားသုံးယောက် တိုးလာသည်။ ကိုယ်လုပ်တော်တစ်ယောက်တွင် သမီးတစ်ယောက် မွေးသည်။ သူကား ကျွန်မအမေနှင့် အသက်တူပင် ဖြစ်သည်။ အဘွား၏ ညီမ "လန်" သည် ဆယ့်ခြောက်နှစ်ရှိလာပြီဖြစ်သော်လည်း လက်မထပ်ရသေး။ ယင်းကို အဘေးယန် မကျေမနပ်ဖြစ်နေသည်။

အဘွားသည် ရှုပ်ထွေးပွေလီသော အိမ်ထောင်ကြီးတစ်ခုမှ အလားတူ နောက်အိမ်ထောင်ကြီး တစ်ခုသို့ ပြောင်းရွှေ့လာရသည်။ ကျွန်မအဘေး

သူ့အဖေသည် သူ့ကိုရော သူ့အမေကိုပါ မကျေနပ်။ သူ့မိန်းမကိုမူ သူ့အိမ်မှာရှိနေသေးသဖြင့် မကျေနပ်ခြင်းဖြစ်သည်။ ယခုအခါ သူ့တွင် ကိုယ်လုပ်တော် နှစ်ယောက် ထပ်၍ တိုးလာရာ အနေရအထိုင်ရ ခက်လာသည်။ ကိုယ်လုပ်တော် နှစ်ယောက်ကို အဘေး အရေး ပေးသည်။ ထိုနှစ်ယောက်နှင့်အတူ ထမင်းစားသည်။ မိန်းမကိုမူ သူ့ဘာသာစားစေသည်။ အဘွားကိုမူ ယခုလို ကမ္ဘာသစ်တစ်ခု တည်ဆောက်ထားသည့် အိမ်သို့ ပြန်လာသဖြင့် မကျေနပ်ခြင်းဖြစ်သည်။

အဘွားကို ကံဆိုးမဟု ထင်သည်။ လင်ဆုံးခဲ့သည်မဟုတ်လား။ ထိုအချိန်က လင်သေသူအား တာဝန်မကင်းသူဟု ယုံကြည်ကြသည်။ ကံဆိုးမသည် သူ့ကံကိုပင် အန္တရာယ်ဖြစ်နိုင်သည် ဟု အဘေး ထင်သည်။ ထို့ကြောင့် အိမ်မှာမထားချင်။

ကိုယ်လုပ်တော်နှစ်ယောက်က အဘေးကို နားပူနားဆာလုပ်ကြသည်။ အဘွားမရောက်လာမီက သူတို့ထင်သလို နေနိုင်သည်။ အဘေးမကြီးမှာ ကြင်နာတတ်သည်။ ပျော့လည်းပျော့ညံ့သည်။ သူသည် ကိုယ်လုပ်တော်တို့ အထက်က ဖြစ်သော်လည်း သူတို့ စိတ်တိုင်းကျနေထိုင်ရသည်။ ၁၉၃၀ တွင် အဘေးမ၌ ယုလင် ဟုခေါ်သည့် သားတစ်ယောက်မွေးသည်။ ထိုအခါ ကိုယ်လုပ်တော်တို့မှာ ဘဝလုံခြုံမှု မရှိတော့ပေ။ ကျွန်မ အဘေးသေလျှင် သူ့ပစ္စည်းအားလုံးကို သားကရမည်။ သို့ဖြစ်ရာ ယန်က သားကို ချစ်ခင်ကြောင်းပြလျှင် သူတို့မနာလို ဖြစ်ကြသည်။ စိတ်ဆိုး စိတ်ကောက်လုပ်ကြသည်။ ယုလင် မွေးလာပြီးနောက် ကိုယ်လုပ်တော် နှစ်ယောက်သည် အဘေးမကြီးကို စိတ်ဓာတ်စစ်ဆင်ရေးလုပ်ကြသည်။ စကားမပြောဘဲနေကြသည်။ ပြောလျှင်လည်း အပြစ်စကား၊ ရန်ထောင်စကားများသာ ဖြစ်သည်။ မျက်နှာထားတင်းတင်းနှင့် ကြည့်တတ်ကြသည်။ အဘေးမကြီးမှာ သူ့ယောကျ်ားထံမှ အကူအညီမရ။ သားမွေးပေးသဖြင့် မကျေမချမ်း ဖြစ်နေသည်။ အဘေးက သူမကို အပြစ်ရှာရန် နည်းလမ်းသစ်များ ရှာဖွေနေသည်။

အဘွားသည် စိတ်ဓာတ်ကြံ့ခိုင်သည်။ သူ့အမေထက် ခံနိုင်ရည်ရှိသည်။ လွန်ခဲ့သည့် ဆယ်နှစ်အတွင်း အဆိုးဆုံးခံခဲ့ရသည်က သူ့ကို ရင့်ကျက်စေခဲ့သည်။ သူ့အဖေကပင် သူ့ကို အံ့သြသည်။ အဖေ့စကားကို နာခံခဲ့ရသည့် အချိန်တို့ ကုန်လွန်ခဲ့ပြီ။ ယခုမူ သူ့အတွက် သူတိုက်မည်။ သူ့အမေအတွက်လည်း တိုက်မည်။ အဘွား အိမ်မှာရှိလျှင် ကိုယ်လုပ်တော်နှစ်ယောက် ချုပ်ချုပ်တည်းတည်း နေကြသည်။ တစ်ခါတစ်ရံ မျက်နှာချိုပင်သွေးကြသည်။

ဉာဏ်ဝန်းကျင်တွင် ကျွန်မအမေ ကြီးပြင်းခဲ့ရသည်။ နှစ်နှစ်သမီးမှ လေးနှစ် သမီးအရွယ်အတွင်း လူလားမြောက်ချိန်တွင် အမေဖြတ်သန်းခဲ့ရသည့် ပတ်ဝန်းကျင်မှာမကောင်း။ မိခင်၏ မေတ္တာရိပ်တွင် ကြီးပြင်းခဲ့ရသော်လည်း အိမ်တွင်းရေး မသာယာသည်ကို နားလည်ခဲ့သည်။

အဘွားသည် နှစ်ဆယ်ကျော်အရွယ်တွင် အလွန်လှသည့် မိန်းမ

တစ်ယောက်ဖြစ်သည်။ ယောကျ်ားများစွာက သူ့ကို လိုချင်ကြသည်။ အဖေ့ဆီမှာ တောင်းရမ်းကြသည်။ အဘွားမှာ ကိုယ်လုပ်တော် ဖြစ်ခဲ့သဖြင့် သူ့ကို လင်လုပ်ချင်ကြ သူများမှာ ဆင်းရဲသားများသာ များသည်။ သူ့အဖေမစ္စတာယန် လက်ခံနိုင်စရာ အကြောင်းမမြင်။

ကိုယ်လုပ်တော်လောကတွင် အဘွားကျင်လည်ခဲ့ဖူးပြီ။ ရန်လိုခြင်းလက်စားချေခြင်းတို့သာ ကြုံခဲ့ရသည်။ ကိုယ်က ခံလျှင်ခံ၊ မခံလျှင် သူများကို ဦးအောင် အနိုင်ယူရသည့် ဘဝမျိုးဖြစ်သည်။ အလယ်အလတ် လမ်းမရှိ။ အဘွားစိတ်ထဲတွင် သမီးကို အေးချမ်းသာယာစွာ ကြီးပြင်းလာအောင် မွေးမြူချင်စိတ် တစ်ခုတည်း သာရှိသည်။

သူ့အဖေက သူ့ကို နောက်ထပ်အိမ်ထောင်ပြုရန်ပြောသည်။ မလိုလားသည့် စကားမျိုး၊ တစ်ခါတစ်ရံ လုံးဝတာဝန်မယူနိုင်ဆိုသည့် စကားမျိုးပြောသည်။ သူမတွင် ပြေးစရာမြေမရှိ။ ဘယ်သွားနေရမည်လဲ။ အလုပ်လည်း မလုပ်ရ။ ကြာလာလျှင် စိတ်ရှုပ်ကာ ဗုန်းဗုန်းလဲတော့သည်။

ဆရာဝန်တစ်ယောက် ခေါ်သည်။ လွန်ခဲ့သည့် သုံးနှစ်က ဗိုလ်ချုပ်ဆူး ဆီမှ ထွက်အပြေးတွင် ကျွန်မ အမေခိုလှုံခဲ့သည့် အိမ်ရှင် ဒေါက်တာရှီယာ ဖြစ်သည်။ သူ့ချွေးမ၏ သူငယ်ချင်းဖြစ်သည့် အဘွားကို ဒေါက်တာရှီယာ မမြင်ဖူးခဲ့ပေ။ အခန်းထဲဝင်သွားသည့်အခါ အဘွား၏အလှကိုမြင်ပြီး မိန်းမူးတွေဝေ သွားသည်။ ချက်ချင်းပင် အခန်းမှ လှည့်ထွက်လာပြီး အစေခံတို့အား သူ နည်းနည်းနေမကောင်းချင်ဖြစ်သွား သည်ဟု ပြောရသည်။ ခဏကြာမှ တည်ငြိမ်လာပြီး အခန်းထဲဝင်ကာ အဘွားဘေးမှာ ထိုင်ပြီး မေးမြန်းသည်။ သူ့မှာ ဘယ်သို့ ခံစားနေရသည်ကို ယောကျ်ားတစ်ယောက်အား ပထမဖွင့်ဟပြောဆိုခြင်းဖြစ်သည်။ ဝမ်းနည်းကြေကွဲရပုံ၊ ဘယ်လိုဘဝ မျှော်လင့်ခဲ့ပုံ စသည်တို့ကို ဒေါက်တာရှီယာအား အဘွားပြောပြသည်။ လင်သား မဟုတ်သည့် ယောကျ်ားတစ်ယောက်အား ထိန်းထိန်းသိမ်းသိမ်း ပြောပြခြင်းဖြစ်သည်။ ဆရာဝန်သည် ကြင်နာတတ်သည်။ သိမ်မွေ့သည်။ သူ့လိုနားလည်လွယ်သူကို အဘွားမတွေ့ခဲ့ဖူးပေ။ များမကြာမီ သူတို့နှစ်ယောက် ချစ်သွားကြသည်။ ဒေါက်တာ ရှီယာက လက်ထပ်ရန် တောင်းဆိုသည်။ အဘွားကို ဇနီးအဖြစ်ယူပါမည်၊ သမီးလိုပြုစု စောင့်ရှောက်ပါမည်ဟု ပြောသည်။ အဘွားက လက်ခံသည်။ ဝမ်းသာလွန်း၍ မျက်ရည်များပင်လည်မိသည်။ အဘွား၏ အဖေကလည်း ဝမ်းသာသည်။ သို့သော်လည်း ဒေါက်တာရှီယာအား ငွေကြေးတင်၍ မတောင်းနိုင်ဟုပြောသည်။ ဒေါက်တာ ရှီယာက မလိုပါဟု ပြန်ပြောသည်။

ဒေါက်တာရှီယာသည် ယိရှန်တွင် တိုင်းရင်းဆေးဆရာဝန် တစ်ယောက်အဖြစ် အတော်လေး အောင်မြင်ခဲ့သည်။ ဆေးကုတော်သည်ဟု အသိအမှတ်ပြုကြသည်။ သူသည် ဟန်မျိုးနွယ် တရုတ်စစ်စစ် မဟုတ်။ “ယန်” တို့နှင့်အတူ တရုတ်ပြည်တွင် နေထိုင်လျက်ရှိသည့် လူများစွာတို့မှာလည်း

ဟန်မျိုးနွယ် မဟုတ်။ မန်ချူးတစ်ယောက်သာဖြစ်သည်။ သူ၏ မိသားစုသည် မန်ချူးကေရာဇ်များ၏ နန်းတွင်းသမားတော် များဖြစ်ခဲ့သည်။

ဒေါက်တာရှီယာမှာ ဆရာဝန်ကောင်းသာမက ကြင်နာတတ်သူ၊ ဆင်းရဲသားများကို ငွေကြေး တစ်ပြားတစ်ချပ်မှ မယူဘဲ ကုသသူဟူ၍ လူသိများသည်။ သူသည် ထွားကျိုင်းပြီး အရပ်ခြောက်ပေ မြင့်သည်။ သို့သော်လည်း သိမ်မွေ့စွာသွား လာတတ်သည်။ ရိုးရာဝတ်ရုံရှည်များကို ဝတ်သည်။ အပေါ်အင်္ကျီကို ဝတ်သည်။ မျက်လုံးညိုတစ်စုံရှိပြီး မုတ်ဆိတ်ကျင်စွယ်ရှိသည်။ သူ့နှုတ်ခမ်းမွေးသည် အောက်သို့ ကွေးကျနေသည်။ မျက်နှာကိုယ်ဟန်မှာ တည်ငြိမ်သည်။

အဘွားကို လက်ထပ်မည်ဟု ပြောသည့်အခါ ဒေါက်တာရှီယာမှာ အသက်ကြီးနေပြီ။ ခြောက်ဆယ့်ငါးနှစ်ရှိပြီး မုဆိုးဖိုတစ်ယောက်ဖြစ်သည်။ အရွယ်ရောက်သည့် သားသုံးယောက်နှင့် သမီးတစ်ယောက် ရှိသည်။ အားလုံးမှာ အိမ်ထောင်သည်များဖြစ်သည်။ သားသုံးယောက်သည် သူနှင့်အတူ တစ်အိမ်တည်းမှာ နေသည်။ အကြီးဆုံးသားသည် အိမ်မှုကိစ္စတို့ကို ကြည့်ရှုပြီး မိသားစုပိုင် မြေကို အုပ်ချုပ်သည်။

ဒုတိယသားသည် အဖေနှင့်အတူ ဆေးခန်းထိုင်သည်။ တတိယသားမှာ ကျောင်းဆရာ ဖြစ်ပြီး အဘွား၏ ကျောင်းနေဘက် သူငယ်ချင်းကို ယူထားသည်။ သားသုံးယောက်မှ သားသမီးရှစ်ယောက် ပေါက်ဖွားသည်။ တစ်ယောက်သည်ပင် အိမ်ထောင်ပြုပြီး သားတစ်ယောက်မွေးပြီးပြီ။

ဒေါက်တာရှီယာသည် သားများကို ခေါ်ကာ သူ့အစီအစဉ်ကို ပြောပြသည်။ သားများ မယုံကြည်နိုင် ဖြစ်ပြီး တစ်ယောက်ကိုတစ်ယောက် ခိုးကြည့်ကာ မျက်ရိပ် မျက်ကဲပြုကြသည်။ တစ်ခန်းလုံးငြိမ်နေသည်။ ထိုနောက် အကြီးဆုံးသားက စ၍ ပြောသည်။ “အဖေ သူ့ကို ကိုယ်လုပ်တော်အဖြစ် ယူမယ်ပြောတာလား” ဟု မေးသည်။ ဒေါက်တာရှီယာက အဘွားကို မယားတစ်ယောက်အဖြစ် ယူမည်ဖြစ်သည်ဟု ပြန်ပြောသည်။ ဤသို့ဆိုလျှင် ရှုပ်ထွေးကုန်တော့မည်။ အဖေယူမည့် မိန်းမသည် သူတို့၏ မိထွေးဖြစ်လာမည်။ ထိုအခါ အိမ်ထောင်တွင် လူကြီးပိုင်းနေရာ အဖေနှင့် တစ်တန်းတည်းထား၍ ဆက်ဆံကြရမည်။ ရိုးရိုးတရုတ်အိမ်ထောင်တစ်ခုတွင် ငယ်ရွယ်သူများသည် ကြီးသူကို ရိုသေရမည်။ သင့်တင့်လျောက်ပတ်သည့် ရိုသေမှုပြုရသည်။ နေရာပေးရသည်။ သို့သော်လည်း ဒေါက်တာရှီယာသည် ပို၍ရှုပ်ထွေးသည့် မန်ချူး ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို လိုက်နာစေသည်။ မနက်တိုင်း၊ ညနေတိုင်း လူငယ်များ က လူကြီးများကို အရိုအသေပေးရသည်။ ယောကျ်ားများက ဒူးထောက်ရပြီး မိန်းမများက ဒူးကွေးကာ အရိုအသေပေးရသည်။ ပွဲလမ်းသဘင်ချိန်တို့တွင်မူ ယောကျ်ားများသည် ပျပ်ဝပ်ရိုသေမှု အပြည့်အစုံကို ပြုလုပ်ရသည်။ အဘွားသည် ကိုယ်လုပ်တော် တစ်ယောက်ဖြစ်ခဲ့ဖူးရာ အဆင့်အတန်းနိမ့်သည်။ အသက်အားဖြင့်လည်း သူတို့

အောက် များစွာငယ်သည်။ သို့ဖြစ်ရာ ပျပ်ဝပ်ရိုသေမှုပြရန် အတော်လေး ခက်ခဲသည့်ကိစ္စဖြစ်သည်။

သူတို့သည် ကျန်အိမ်ထောင်စုနှင့် ပေါင်းမိကာ ပြောဆိုဆွေးနွေးကြပြီး ဒေါသဖြစ်သည့်အဆင့်၌ တညီတညွတ်တည်း စုစည်းမိကြသည်။ ချွေးမတစ်ယောက်မှာ ကျွန်မအဘွား၏ ကျောင်းနေဘက် သူငယ်ချင်းဖြစ်ရာ သူ့ယောက္ခမက မယားအဖြစ်လက်ထပ်ယူလျှင် ဆက်ဆံရေးအသစ်စခန်းသို့ ဝင်လာပြီး သူငယ်ချင်းကို ပျပ်ဝပ် ဦးညွတ်ရတော့မည်။ သူငယ်ချင်းအဖြစ် အဘွားနှင့် တစ်စားပွဲတည်းထိုင်၍ ထမင်း မစားရ။ ကြမ်းတစ်ပြေးတည်း အတူ မထိုင်နိုင်။ ခြေဆုပ်လက်နယ် ပြုရမည်၊ ဦးညွတ်ရ မည်ဖြစ်ရာ သူ စိတ်ရှုပ်သည်။

မိသားစုအဖွဲ့ဝင်အားလုံး တစ်ယောက်စီ ဒေါက်တာရှီယာထံ အယူခံဝင်ကြသည်။ သားများ၊ ချွေးမများ၊ မြေးများနှင့် မြစ်ကလေးပင်ပါသည်။ ကန့်ကွက်ကြ၊ ငိုကြယိုကြ၊ ခြေသလုံးဖက်ပြီး တောင်းပန်ကြသည်။

ဒေါက်တာရှီယာသည် မန်ချူးဖြစ်သည်။ မန်ချူးရှေးထုံးစံအရ ဟန်မျိုးနွယ် တရုတ်တစ်ယောက်ကို သူ့လို အဆင့်အတန်းမြင့်သူက မယူသင့်ဟု သားသမီးများက ပြောသည်။ ထိုဓလေ့ထုံးစံ ပျက်ပြယ်သွားသည် မှာ ကြာပြီဟု ဒေါက်တာရှီယာက ဆိုသည်။ မန်ချူးကောင်းတစ်ယောက်ဖြစ်ခဲ့လျှင် ထိုထုံးစံကို လိုက်နာရမည်ဟု သားသမီးများက ပြောသည်။ ထိုနောက် အသက်ကွာခြားပုံကိုလည်း ပြောပြကြသည်။ **“အသက်ကြီးသော လင်အိုကြီးယူထားသည့် မိန်းမတစ်ယောက်သည် တကယ်စင်စစ် အခြားယောက်ျား တစ်ယောက်၏ အချစ်တော်ဖြစ်သည်**” ဟူသည့် ဆိုရိုးတစ်ခုကို တစ်ယောက်က ရွတ်ဆိုပြသည်။

ကိုယ်လုပ်တော်ဖြစ်ခဲ့ဖူးသူတစ်ယောက်ကို မယားအဖြစ်ယူလျှင် သူ့သားသမီးများ အရပ်ထဲတွင် မျက်နှာငယ်ရမည်ဟု ပြောဆိုကြသည့်အခါ ဒေါက်တာရှီယာ စိတ်ထိခိုက်သွားသည်။ ထိုအဖြစ်မှန်သည်ကို သူ သိသည်။ သို့သော်လည်း ဒေါက်တာရှီယာသည် အဘွား၏ စိတ်ချမ်းသာမှုကို ဦးစားပေးသည်။ ကိုယ်လုပ်တော်အဖြစ် အဘွားကိုယူလျှင် အဘွားမျက်နှာငယ်ရမည်။ မိသားစုတစ်ခုလုံး၏ ကျေးကျွန် ဖြစ်သွားမည်။ ကိုယ်လုပ်တော်အဖြစ် ယူလျှင် သူ့အချစ်တစ်ခုတည်းက အဘွားကို အကာ အကွယ်မပေးနိုင်မှန်း ဒေါက်တာရှီယာ သိသည်။

ဒေါက်တာရှီယာက အဘိုးကြီးတစ်ယောက်၏ ဆန္ဒကို လိုက်လျောကြပါဟု တောင်းပန်သည်။ သို့သော်လည်း သူတို့က ယခုလိုတင်ပြသည်။ မျက်နှာလွှဲကာ တာဝန်ကင်းမဲ့သည့် အလိုဆန္ဒများကို မလိုက်လျောနိုင်။ ရပ်ရွာကလည်း သည်အတိုင်းပင် သဘောထားသည်။ အချို့က သူ့အား အိုမင်းနေပြီဟူ၍ အကြောင်းပြသည်။ အခြားသူများက “အဖေမှာ သားတွေမြေးတွေနဲ့ မြစ်တစ်ယောက်တောင် ရှိနေပြီ။ အလွန်ကြီးကဲ ချမ်းသာကြွယ်ဝတဲ့ မိသားစုကြီး ဖြစ်နေပြီ။ တခြားဘာလို သေးသလဲ။ ဘာကြောင့် သူ့ကို လက်ထပ်ချင်တာလဲ” ဟု

မေးကြသည်။

အချေအတင် ပြောကြသည်။ ဆွေမျိုးများ၊ မိတ်ဆွေများ ပါဝင်လာသည်။ သူတို့ကို သားများက ဖိတ်ခေါ်လာခြင်း ဖြစ်သည်။ အဘွားကို လက်ထပ်ယူချင်သည့် စိတ်ကူးသည် လူကောင်းတစ်ယောက်၏ စိတ်ကူးမျိုးမဟုတ်ဟု ဆိုကြသည်။ ထို့နောက် သူတို့သည် အဘွားဘက်သို့ အမုန်းတရားပွားကြပြန်သည်။ "သေတဲ့လင်ကြီး အရိုးတောင် မဆွေးသေးဘူး။ နောက်ထပ်တစ်ယောက် လိုချင်နေတယ်။" "အဲဒီမိန်းမက အားလုံးကြိုတင်စီစဥ်ထားပြီးသား၊ ကိုယ်လုပ်တော်အဖြစ် မခံနိုင်ဘူးဆိုတာက မယား နေရာယူချင်လို့။ အဖေ့ကို တကယ် ချစ်တယ်ဆိုရင် ကိုယ်လုပ်တော်အဆင့်ကိုပဲ လက်ခံပါတော့လား။" အဘွား၏ စိတ်ကူးကို သူတို့က ဖွင့်ဟသည်။ ဒေါက်တာရှီယာကို လက်ထပ်ယူရန် ကြံစည်ကာ အစီအစဥ်များပြုလုပ်နေသည်။ ထို့နောက် မိသားစုတစ်ခုလုံးကို အုပ်စီးမည်။ သားသမီးများ မြေးမြစ်များကို ညှဥ်းပန်းနှိပ်စက်မည်။

တစ်ဖန်ဒေါက်တာ ရှီယာ၏ စီးပွားချမ်းသာကိုလည်း ထိုမိန်းမက သိမ်းပိုက်ရန် ကြံစည်နေသည်ဟု စွပ်စွဲသည်။ ဆွေမျိုးများက စိတ်ပူလာကြသည်။ လက်ထပ်ပြီးလျှင် မိန်းမသည် အိမ်ထောင်စုမန်နေဂျာမကြီး ဖြစ်လာတော့မည် ယူဆကြသည်။ လက်ထပ်ယူလျှင် အလိုအလျောက် ထိုအဆင့်အတန်းသို့ ရောက်သွားပြီ။ ရပ်ရွာက အသိအမှတ်ပြုကြမည့် အဖြစ်ရောက်မည်ကိုလည်း ဆွေမျိုးများက စိုးရိမ်သည်။

ဒေါက်တာရှီယာသည် လူချမ်းသာတစ်ယောက်ဖြစ်သည်။ ယိရှန်ကျေး လက်တွင် သူပိုင်သည့် မြေဧက ၂,၀၀၀ ရှိသည်။ မဟာရံတံတိုင်းကြီးတောင်ဘက်တွင်လည်း လယ်မြေအနည်းငယ်ပိုင်သည်။ မြို့ထဲတွင် အုတ်ညိုဖြင့် ဆောက်ကာ ဆေးဖြူ သုတ်ထားသော အိမ်တစ်ခု ပိုင်ဆိုင်သည်။ အိမ်ခန်း များကို နံရံကပ်စက္ကူများ ကပ်ထားသည်။ ဤသည်တို့မှာ သူ့စီးပွားချမ်းသာများ ဖြစ်သည်။ ဆေးကုသည့် ဝင်ငွေက ကောင်းသည်။ ဆေးဆိုင်တစ်ခုလည်း ဖွင့်ထားသည်။

ဒေါက်တာရှီယာနှင့် ဆွေးနွေးသော်လည်း အရာမရောက်သည်ကို သိသည့် မိသားစုသည် အဘွားထံ တိုက်ရိုက်ချဥ်းကပ်ရန် စိတ်ကူးမိသည်။ တစ်နေ့တွင် ဒေါက်တာရှီယာ၏ ချွေးမတို့ အဘွားဆီသို့ ရောက်လာသည်။ လက်ဖက်ရည် သောက်ပြီးနောက် မာကြောင်းသာကြောင်း ပြောကြသည်။ ထို့နောက် လိုရင်းကို အဘွားအား ပြောပြရာ အဘွားမျက်ရည်ကျသည်။ သူငယ်ချင်း၏ လက်ကို ရင်းနှီးစွာ ကိုင်ပြီး "အကယ်၍ သူ့နေရာမှာ သူသာရှိလျှင် ဘာလုပ်မလဲ" ဟုမေးသည်။ အဖြေမရသည့်အခါ အဘွားက ထပ်၍မေးသည်။

"ကိုယ်လုပ်တော်ဘဝ ဘယ်လိုဆိုတာ မင်းသိမှာပေါ့။ မင်းဆိုရင်ရော ကိုယ်လုပ်တော် လုပ်ချင်ပါ့မလား။ လုပ်မလား" ကွန်ဖျူးရှပ်ရဲ့ စကားတစ်ခု ရှိတယ်။ မင်းသိမှာပေါ့…

"ကျန်-ရှင်-ဝိ-ရှင်၊ ငါ့နှလုံးသားနေရာမှာ မင်း ဝင်ကြည့်စမ်းတဲ့"

စိတ်ကောင်းရှိဖို့ ပညာရှိစကားကို ကိုးကားခြင်းသည် တစ်ခါတစ်ရံ ကိစ္စပြီး ပြေတတ်သည်။

အဘွားသူငယ်ချင်းသည် မလုံမလဲစိတ်ဖြင့် မိသားစုဆီသို့ ပြန်လာပြီး သူ့ လုပ်ငန်း မအောင်မြင်ကြောင်း ပြောပြသည်။ တဖန်အဘွားကို နောက်ထပ် မပြောချင် ဘော့သည့် အကြောင်းကိုလည်း ပြောပြသည်။ သူနှင့် တေကွိတို့ တစ်သဘောတည်း ပြင်လာသည်။ တေကွိသည် ဒေါက်တာရှီယာ၏ ဒုတိယသားဖြစ်ပြီး အဖေနှင့် အတူ ဆေးကုသည်။ သူသည် အဖေနှင့်ပို၍ နီးစပ်သည်။ လက်ထပ်ပွဲလုပ်ချင် လုပ်ပါစေဟု သူကဆိုသည်။ အဘွား၏ စိတ်ဆင်းရဲရပုံကို သူငယ်ချင်းက သူ့ ယောကျ်ားအား ပြောပြသည့်အခါ တတိယသားသည်လည်း စိတ်ပြောင်းလာသည်။

စိတ်သဘောထားတင်းမာသူများမှာ ပထမဆုံးသားနှင့် သူ့မိန်းမတို့ ဖြစ်သည်။ ကျန်သားနှစ်ယောက် ၏ သဘောထားများ ပြောင်းလဲလာသည်ကို သိရသည့် အခါ သူ့မိန်းမက သားကြီးကို ယခုလိုပြောသည်။

"သူတို့က ဘာမှ ဂရုစိုက်စရာမလိုဘူးလေ။ သူတို့မှာ အလုပ်ကိုယ်စီ ရှိနေတာပဲ။ အဲဒီလုပ်ငန်းတွေကို ဟိုမိန်းမက ဘယ်မှာလုယူလို့ရမလဲ။ ဒါပေမယ့် ရှင်ကတော့ အဘိုးကြီးရဲ့ မန်နေဂျာ၊ အဘိုးကြီးပိုင်သမျှဟာ ဟိုမိန်းမနဲ့ သူ့ သမီးလက်ထဲ ရောက်သွားတော့မယ်။ ကျွန်မတို့ သားအမိတစ်တွေ ဘာမှ အားကိုးစရာမရှိဘူး။ ကျွန်မတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ချင်တယ်။ အဲဒီတော့ သူတို့ ဝမ်းသာကြမှာပဲ"

ဤသို့ပြောကာ ငိုယိုသည်။ မျက်ရည်များသွန်၍ ထုတ်သည်။ သူ့ ယောကျ်ားက "နက်ဖြန်အထိ ငါ့ကိုအချိန်ပေးပါကွယ်" ဟုပြောသည်။ နောက်တစ်နေ့ မနက်တွင် ဒေါက်တာရှီယာ အိပ်သည့် အခန်းအပြင်ဘက်တွင် မိသားစုဆယ့်ငါးယောက် ဒူးထောက်ကာ ထိုင်၍ စောင့်နေကြသည်။ သူတို့ အထဲတွင် တေကွိတစ်ယောက် မပါ။ သူတို့အဖေအခန်းထဲက ထွက်လာလျှင် "ကန်တော့ကြ" ဟူ၍ သားအကြီးဆုံးက ပြောသည်။ အားလုံးပျပ်ဝပ်စွာ ကန်တော့ကြသည်။ ထို့နောက် အသံတုန်တုန်ရီရီဖြင့် သားအကြီးဆုံးက စ၍ ပြောသည်။

"အဖေ့သားတွေနဲ့ မိသားစုတွေဟာ အဖေမသေမချင်း ဒီမှာနေပြီး ကန်တော့နေကြမှာပါ။ ဒီတော့ အဖေစဉ်းစားပါ။ အဖေ အသက်ကြီးပြီဆိုတာလည်း သတိရပါ"

ဒေါက်တာရှီယာမှာ ဒေါသဖြင့် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။ သားသမီးများအားလုံး ကို ထိုင်ရာမှ ထခိုင်းသည်။ သို့သော်လည်း သူတို့မထမီ သားအကြီးဆုံးက ပြောသည်။

"မထဘူး အဖေ။ လက်ထပ်ပွဲကို ဖျက်မယ်ဆိုမှ ကျွန်တော်တို့ထမယ်" ဒေါက်တာရှီယာက အကျိုးအကြောင်း ရှင်းပြသော်လည်းမရ။ ဆက်၍

သာပြောနေသည်။ နောက်ဆုံးတွင် ဒေါက်တာရှီယာက ဤသို့ပြောသည်။

"မင်းတို့စိတ်ထဲ ဘာဖြစ်နေတယ်ဆိုတာ ငါသိတယ်။ ငါဟာ အသက်ကြီးပြီ။ သေတော့မယ်။ ကြာကြာမနေရတော့ဘူး။ မင်းတို့မိထွေးအပေါ် စိတ်မချဘူး မဟုတ်လား။ သူ့အတွက် ငါတာဝန်ခံတယ်။ မင်းတို့အားလုံးအပေါ် ချစ်ချစ်ခင်ခင် သူဆက်ဆံမှာပဲ။ သူဟာ လူကောင်းပါ။ သူ့စရိုက်နဲ့ အကျင့်သိက္ခာကို ငါသိတယ်။ အဲဒါ အာမခံတာပဲ"

"စရိုက်နှင့်အကျင့်သိက္ခာ" ဆိုသော စကားကြားရလျှင် သားအကြီးဆုံးကအသံကျယ်ကျယ်ဖြင့် ကန့်ကွက်သည်။

"ကိုယ်လုပ်တော်တစ်ယောက်ရဲ့ စရိုက်နဲ့အကျင့်ကို အဖေ ဘယ်လိုပြောလိုက်တာလဲ။ မိန်းမကောင်း ဆိုရင် ဘယ်တော့မှ ကိုယ်လုပ်တော်အဖြစ်မခံဘူး"

ထို့နောက် အဘွားကို မကောင်းပြောသည်။ ထိုအခါ ဒေါက်တာရှီယာသည် စိတ်မထိန်းနိုင် ဖြစ်လာသည်။ တုတ်ကောက်ကိုဆွဲကာ သားကို ရိုက်သည်။

ဒေါက်တာရှီယာသည် စိတ်ကိုထိန်းနိုင်ပြီး တည်ငြိမ်သူဖြစ်ရာ ဒူးထောက်ထိုင်နေကြသည့် မိသားစုမှာ ကြက်သေ သေသွားသည်။ မြစ်ကလေးက ငယ်သံပါအောင် အော်သည်။ သားအကြီးမှာလည်း မှင်တက် မိသွားသည်။ သို့သော်လည်း ခဏမျှသာ။ ချက်ချင်းအသက်ပြန်ဝင်လာပြီး အသံကျယ်ကျယ်ဖြင့် ပြန်ပြောသည်။ နာကျင်ရုံမျှမက မိသားစုရှေ့တွင် အရိုက်ခံရသဖြင့် အရှက်ကြီးရှက်ကာ ပြောခြင်းဖြစ်သည်။ ဒေါက်တာရှီယာသည် မရိုက်တော့ဘဲ ရပ်သွားသည်။ ဒေါသဖြင့် အသက်ရှူ မှားလာသည်။ ထိုအခါ သားအကြီးသည် အဘွားအကြောင်း မကောင်းပြောသည်။ သူ့အဖေက ပါးစပ်ပိတ်ရန်ပြောပြီး တုတ်ဖြင့် ခပ်နာနာ ရိုက်ရာ တုတ်သည် နှစ်ပိုင်းကျိုး သွားသည်။

သားမှာ အရှက်ရသည်။ အနာလည်းခံရသည်။ ဤသည်တို့ကို ခဏမျှ ဆင်ခြင်သည်။ ထို့နောက် ခြောက်လုံးပြူးတစ်ခုဆွဲထုတ်ကာ ဒေါက်တာရှီယာ၏ မျက်နှာကို စေ့စေ့ကြည့်သည်။

"သစ္စာစောင့်သိတဲ့ ကျွန်ရင်းဟာ အသက်အသေခံပြီး ဘုရင်ကို သူ သစ္စာစောင့်ကြောင်းပြတယ်။ အဖေကို ချစ်တဲ့သားဟာလည်း အသက်နဲ့လဲပြီး သစ္စာစောင့်တာကို ပြရမယ်" ဟု ပြောသည်။ ထိုနောက် သေနတ်သံကြားရသည်။ သားသည် ဒယီးဒယိုင်ဖြစ်သွားပြီး လဲကျသွားသည်။ သူ့ဗိုက်ကို သေနတ်ဖြင့် ပစ်လိုက်ခြင်းဖြစ်သည်။

မြည်းလှည်းတစ်စီးဖြင့် ဆေးရုံသို့ အမြန်ပို့သည်။ နောက်တစ်နေ့တွင် သားအကြီး သေဆုံးသွားသည်။ သူ့ကိုယ်သူ သတ်သေရန်ကား မရည်ရွယ်။ အဖေကို သစ္စာရှိကြောင်းပြရန် လုပ်ဆောင်ခြင်းသာ ဖြစ်သည်။

သူ့သားသေသဖြင့် ဒေါက်တာရှီယာ စိတ်ထိခိုက်သည်။ အပြင်ပန်းကြည့်လျှင် အရင်ကလို တည်ငြိမ်သည်ထင်ရသော်လည်း သူ့တည်ငြိမ်မှုတွင် ဝမ်းနည်းခြင်း၊ အမာရွတ်တစ်ခု ထင်ကျန်ရစ်ခဲ့သည်ကို ရင်းနှီးသူတို့ သိသည်။

ထိုအခါမှစ၍ သူသည် ညှိုးနွမ်းလာသည်။

ယိရှန်တစ်မြို့လုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဒေါက်တာရှီယာနှင့် အဘွားတို့မှာ တာဝန်ရှိသူများ ဖြစ်လာသည်။ ဒေါက်တာရှီယာကမူ သူ့ဆုံးဖြတ်ချက်ကိုမပြင်။ သားသေသဖြင့် လက်ထပ်ပွဲ မဖျက်နိုင်ကြောင်းကို ပြချင်သည်။ အသုဘ ပြီးဆုံးလျှင် လက်ထပ်ရန် ရက်သတ်မှတ်သည်။ သူ့သားသမီးများအား သူတို့ အမေသစ်ကို အရိုအသေပေးရမည်ဟု ကြိုတင်ပြောထားသည်။ မြို့မိမြို့ဖများထံ ဖိတ်စာများပို့သည်။ အဘွားကမူ အပြစ်တင်ခံရမည် ကြောက်သည်။ သို့သော်လည်း ငါ့မှာ ဘာ အပြစ်မှမရှိဘူး ဟူသော စိတ်ခေါတ်ကို ရိုက်သွင်းထားရသည်။ လက်ထပ်ပွဲကို အခမ်း အနားအပြည့်အစုံဖြင့် ကျင်းပသည်။ လက်ထပ်ပွဲနေ့တွင် အဖေ့အိမ်မှ မွမ်းမံထားသည့် ဝေါပေါ်တက်ကာ လိုက်ပါသွားရသည်။ မန်ချူးထုံးစံအတိုင်း သူတို့ဘက်က ဝေါတစ်ခု ငှားပြီး အိမ်သစ်သို့ လမ်းတစ်ဝက် အရောက်ပို့ပေးရသည်။ သတို့သားက ဝေါတစ်ခုနှင့် အကြိုလွှတ်ရသည်။ သတို့သမီး လွှဲပြောင်းသည့်နေရာတွင် အဘွား၏မောင် ငါးနှစ်သား ယုလင်သည် ဝေါတံခါးဝတွင် ကိုယ်ကို ကိုင်းကာ စောင့်နေရသည်။ အဘွားကို ယုလင်က ကျောပေါ် တင်ကာ ဒေါက်တာရှီယာ၏ ဝေါပေါ်သို့ ပို့ပေးပါမည်ဆိုသော သရုပ်သဏ္ဌာန်ဖြစ်သည်။ ဒေါက်တာရှီယာ၏ အိမ်သို့ရောက်လျှင် ယခင်ကအတိုင်း ကိုင်းညွတ်ကြိုဆိုသည်။ မိန်းမတစ်ယောက်သည် ယောကျ်ား၏ အိမ်ထဲသို့ လမ်းလျှောက်၍ မဝင်နိုင်။ ဝင်လျှင် သိက္ခာကျသည်။ သူ့ကို ခေါ်ယူရမည်ဖြစ်သည်။

ဒေါက်တာရှီယာ၏ အိမ်တွင် ကောင်းကင်၊ မြေကြီး၊ ဧကရာဇ်၊ မိဘ ဘိုးဘွားနှင့် ဆရာသမားတို့ကို ရည်မှတ်ပြုလုပ်ထားသည့် သစ်သားပြားငါးခု ရှိသည်။ ဒေါက်တာရှီယာသည် ယင်းတို့ကို ငါးကြိမ် ဦးညွတ်ကာ မင်္ဂလာအခမ်းအနား ကျင်းပ မည့်အခန်းသို့ ဦးစွာဝင်သည်။

ထို့နောက် အဘွားသည် မျက်နှာကို ခြုံလွှာအနီလွှမ်းပြီး ရှေးနည်းအတူ ငါးကြိမ်ဦးညွတ်ကာ အခန်းသို့ဝင်သည်။ ဒေါက်တာရှီယာက ခြုံလွှာနီကို လှစ်သည်။ ပြီးလျှင် ဆွေမျိုးများ ဧည့်သည်များကို နှုတ်ဆက်သည်။ အဘွားသည် စင်မြင့်ပေါ်တွင် နာရီပေါင်းများစွာ ထိုင်နေရသည်။ ဤသည်ကို “ပျော်ရွှင်စွာ နေထိုင်ခြင်း” ဟူ၍ အမှတ်သညာပြုသည်။ ဧည့်သည်များပြန်လျှင် ဒေါက်တာရှီယာ၏ ဆွေမျိုး လူငယ် ယောကျ်ားတစ်ယောက်က အဘွား၏ အင်္ကျီလက်ကို သုံးကြိမ်ဆွဲသည်။ ထိုအခါတွင်မှ စင်မြင့်ပေါ်မှ ဆင်းခွင့်ပြုသည်။ ခြုံထည်ကြီးများကိုချွတ်ပြီး အင်္ကျီနီ၊ ဘောင်းဘီနီ ဖြင့်သာနေသည်။ ခေါင်းဆောင်းကို လည်းချွတ်ကာ ဆံပင်ကို နားတစ်ဖက်စီ၏ အထက်၌ ခွေလိပ်ပြီး ပင့်တင်ထားသည်။

သို့နှင့် ၁၉၃၅ တွင် လေးနှစ်အရွယ် ကျွန်မအမေနှင့် နှစ်ဆယ့်ခြောက် နှစ်အရွယ် အဘွားတို့သည် ဒေါက်တာရှီယာ၏ ခမ်းနားထည်ဝါသော အိမ်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။ အိမ်မှာ ခြံဝင်းအတွင်းဘက် တွင် တည်ရှိပြီး

ခွဲစိတ်ခန်းနှင့် ဆေးဆိုင်တို့သည် လမ်းဘက်သို့ မျက်နှာမူလျက် တည်ရှိသည်။ ဒေါက်တာရှီယာ မှာအောင်မြင်သည့် ဆရာဝန်ဖြစ်သည်။ အိမ်တွင် တရုတ်တိုင်းရင်းဆေးများကို အကူ သုံးယောက်၏ အကူအညီဖြင့် ဖော်စပ်ရောင်းချသည်။

အိမ်မျက်နှာစာတွင် တံစက်မြိတ်ကို အနီရောင်ရွှေရောင်မှုန်းခြယ်ထားသည်။ အလယ်တွင် ရွှေရောင်စာလုံးများဖြင့် ရှီယာ၏ အိမ်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဆေးဆိုင်နောက်ဘက်တွင် အစေခံများ နေသည့် အခန်းငယ်လေးများ၊ ဆောက်လုပ်ထားသည်။ ထိုအခန်းများနောက်ဘက်တွင် မိသားစုများ နေထိုင်သည့် အခန်းငယ်လေးများတည်ရှိသည်။ နောက်ဘက်တွင်မူ ဆိုက်ပရပ်ပင်များ ဆောင်းရာသီ ဆီးပင်များ ပေါက်ရောက်သည့် ဥယျာဉ်တစ်ခုရှိသည်။ ခြံဝင်း ကွက်လပ်များတွင် မြက်များမပေါက်။ ရာသီဥတုမှာ ဆိုးသည်။ နွေအခါ ဖုန်ထူပြီး နွေဦးပေါက်တွင် မိုးအနည်းငယ်ရွာသည်နှင့် ရွှံ့ဗွက်များ ဖြစ်လာသည်။ ဒေါက်တာရှီယာသည် ငှက်ချစ်သူဖြစ်သည်။ ငှက်များကို အိမ်ဖြင့် မွေးသည်။ နံနက်တိုင်း ငှက်ကလေးများ သီချင်းဆို သံနားထောင်ရင်း ကိုယ်လက်လှုပ်ရှားသည့် လေ့ကျင့်ခန်းများ ပြုလုပ်သည်။

သားကြီးသေဆုံးပြီးနောက် ဒေါက်တာရှီယာသည် မိသားစု၏ ကြဉ်ခြင်းကို ခံရသည်။ သူ့ကို စကားမပြောကြ။ သူသည် သူ့ရင်ထဲမှာ နာကျင်နေသည်ကို ကြိတ်မှိတ်၍ ခံသည်။ အဘွားကို ဘာတစ်ခွန်းမျှ မဟ။ အဘွားသည် သူ့ကို ချစ်မြတ်နိုးစွာ ပင် ပြုစုသည်။

အဘွားသည် မိသားစုကို အပြုံးဖြင့် မျက်နှာချင်းဆိုင်သည်။ သူတို့ကမူ ထုံးစံအတိုင်း အရိုအသေပေးရသော်လည်း ရန်သူလိုသဘောထားကြသည်။ သူနှင့် ကျောင်းနေဘက်ချွေးမက သူ့ကို ရှောင်သည်။ သားကြီးသေရသည်မှာ သူ့ပယောဂ မကင်းဟူ၍ အဘွားရင်ထဲမှာ အမြဲကိန်းအောင်းနေသည်။

အဘွားသည် မန်ချူးတစ်ယောက်လို နေထိုင်ရသည်။ သူသည် ကျွန်မ အမေနှင့်အတူ အခန်းတစ်ခုတွင် အိပ်သည်။ ဒေါက်တာရှီယာက အခြားအခန်း တစ်ခု တွင် အိပ်သည်။ မနက်စောစောတွင် သူ့ဆီသို့ လာနေသော ခြေသံများကို အဘွား နားစွင့်ရသည်။ မြန်မြန်မျက်နှာသစ်ကာ သူ့ကို နှုတ်ဆက်ရန် လာသူတိုင်းကို ပြန်၍ နှုတ်ဆက်ရသည်။ “ကောင်းသော နံနက်ပါ” ဟူသော အေးစက်စက် နှုတ်ဆက်သံများ ကို သူ နားထောင်ရသည်။ သူ့ကို ကိုင်းညွှတ် အရိုအသေပေးနေ သူတိုင်း၏ ရင်ထဲဘွင် အမုန်းတရားများ ပွားနေကြသည်ကို သူ သိသည်။

ပွဲလမ်းသဘင်နေ့များနှင့် အရေးကြီးသော အခမ်းအနားများတွင် မိသားစု ဝင်အားလုံးသည် အဘွားကို လာရောက်ကန်တော့ကြရသည်။ ထိုအခါ အဘွားသည် လားထိုင်မှထကာ ဘေးတွင်နေရသည်။ ကုလားထိုင်မှာ ကွယ်လွန်သူ သူတို့အမေ၏ နေရာဟောင်းဖြစ်သည်။ ထိုနေရာဟောင်းကို အမေအမှတ်ဖြင့် ကန်တော့ကြသည်။

မန်ချူးထုံးစံက ဒေါက်တာရှီယာနှင့် အဘွားကို အတူမနေဖို့ တားမြစ်သည်။ ထမင်းအတူမစားရ။ ချွေးမတစ်ယောက်သည် အဘွားနောက်တွင် အမြဲရပ်နေကာ လိုသည်တို့ကို ပြုလုပ်ပေးရသည်။ သို့သော်လည်း မျက်နှာထားမှာ တင်းမာနေလေရာ အဘွားမှာ ထမင်းကို ပြီးအောင် မစားနိုင်။ စားရသည်မှာလည်း အရသာမရှိ။

ဒေါက်တာရှီယာအိမ်သို့ ရောက်စက တစ်နေ့တွင် အဘွားသည် နေရာထိုင်ခင်းကောင်း တစ်ခုပေါ်တက်၍ ထိုင်သည်။ ထိုအခါ ဒေါက်တာရှီယာ မျက်နှာ မည်းသွားပြီး ထိုနေရာမှ အဘွားကို ဆွဲချသည်။ အဘွားသည် အိမ်ဦးနတ်၏ နေရာတွင် ထိုင်သဖြင့် တားမြစ်ခြင်း ဖြစ်သည်။ မန်ချူးထုံးစံအရ ထိုနေရာသည် မြင့်မြတ်သည်။

ဒေါက်တာရှီယာအိမ်သို့ ပြောင်းလာရသည်မှာ ကောင်းသည်။ အဘွား ပထမဆုံးအကြိမ် လွတ်လပ်ရေး ရသည် မဟုတ်လား။ သို့သော်လည်း အတိုင်းအတာ တစ်ခုအထိ အကျဉ်းကျနေသည်နှင့် တူသည်။ ဒေါက်တာရှီယာသည် အဘွားကို ကြင်နာသည်။ သမီးရင်းလို ပြုစုသည်။ အဘွားက သူ့ကို အဖေဟုခေါ်ပြီး ရှီယာက သူ့နာမည်ကို အဘွားအား အပ်နှင်းသည်။ ယနေ့အထိ ထိုနာမည်တွင်ခဲ့သည်။ တစ်ဖန် နာမည်သစ်တစ်ခုပေးသည်။ စာလုံးနှစ်လုံး ရှိသည်။ "တေ-ဟောင်" ဖြစ်သည်။ ဟောင်မှာ ငန်းရိုင်းဖြစ်ပြီး တေမှာ မျိုးရိုးနာမည်ဖြစ်ကာ သူရသတ္တိရှိသောဟု အဓိပ္ပာယ် ရသည်။ အဘွားသည် သတ္တိရှိသောငန်းရိုင်း ဖြစ်လာသည်။

ဒေါက်တာရှီယာ၏ သားသမီးများသည် အဘွားကို မစော်ကားရဲ။ ထိုအပြုအမူမှာ "အမေ" ကို စော်ကားရာရောက်သည်။ သို့သော်လည်း အဘွား၏ သမီးမှာ အခြားတစ်ပါးဖြစ်သည်။ ဒေါက်တာရှီ၏ သားသမီးငယ်များက အမေ့ကို ရန်စောင်ကြသည်။ ကိုယ်ထိလက်ရောက် ရိုက်နှက်ကြသည်။ ယင်းကို အမေ ကောင်းစွာမှတ်မိနေသည်။ အမေ မငိုမိရန် ကြိုးစားသည်။ စိတ်ကို ထိန်းထားသည်။ ဒဏ်ရာဒဏ်ချက်များကို သူ့အမေမသိအောင် ဖုံးဖိထားသည်။ သို့သော်လည်း ဘာတွေဖြစ်ပျက်နေသည်ကို အဘွားသိသည်။ ဒေါက်တာရှီယာကို ဘာမျှသူမပြော။ သူ့လင်သား စိတ်မညစ်စေချင်။ သားသမီးများနှင့် ပြောဆိုကြသည်ကို အဘွား မလိုလား။ သို့သော် ကျွန်မအမေမှာ စိတ်ဆင်းရဲရသည်။ အဘိုးအဘွား အိမ်ပြန်ကြပါစို့ဟု သူ့အမေကို ပြောသည်။ သို့မဟုတ် ဗိုလ်ချုပ်ဆူးဝယ်ပေးသည့် အိမ်သို့ ပြန်ကြမည် ပြောသည်။ ထိုအရပ်တွင်မူ သူ့ကို အားလုံးက မင်းသမီးလေးလို အလေးပေးဆက်ဆံ ကြသည်။ သို့သော်လည်း အိမ်ပြန်မည်ဟူ၍ အမေမပြောတော့ပေ။ ပြောလျှင် အဘွား မျက်ရည်ကျသည်ကို သူသိသည်။

အမေ၏ အရင်းနှီးဆုံးမိတ်ဆွေများမှာ သူမွေးမြူထားသည့် တိရစ္ဆာန်များဖြစ်သည်။ ဗီးကွက် တစ်ကောင်၊ စကားပြောတတ်သည့် သာလိကာတကောင်၊ သိမ်းငှက်တစ်ကောင်၊ ကြောင်တစ်ကောင်၊

ကြွက်ဖြူတစ်ကောင်နှင့် ပုလင်းများထဲတွင် ထည့်ထားသည့် ခါးခုတ်ကောင်နှင့် နံ့ကောင်များနှင့် သူ အဖော်လုပ်ကာ ကစားသည်။ သူ့မိတ်ဆွေနောက်တစ်ဦးမှာ ဒေါက်တာရီယာ၏ မြင်းလှည်းမောင်းသမား အဘိုးကြီး လီဖြစ်သည်။ လူကြမ်းကြီးတစ်ယောက်ဖြစ်ပြီး တရုတ်၊ မွန်ဂိုလီယားနှင့် ဆိုဗီယက် ယူနီယန်တို့ နယ်စပ်ဟင်းဂန်တောင်တန်း သားတစ်ယောက်ဖြစ်သည်။ သူ့အဖေက သူ့ကို မုဆိုးအတတ်သင်ပေးသည်။ ဂျင်ဆင်းအမြစ်များ တူးဖော်ရောင်းချသည်။ ဝက်ဝံ၊ မြေခွေးနှင့် သမင်များလိုက်ကာ အရေခွံကို ရောင်းချသည်။ သို့သော်လည်း တစ်ချိန်တွင် ခါးပြများက သူ့လုပ်ငန်းကို ရပ်တန့်စေသည်။ သူတို့သည် မာရှယ်ကြီး ချင်ဆိုလင်းကို လုပ်ကျွေးကြသူများဖြစ်သည်။ နောက်အခါ အမေက ချင်ဆိုလင်းသည် ပြင်းထန်သော ဂျပန်ဆန့်ကျင်ရေးသမား မျိုးချစ်ပုဂ္ဂိုလ် တစ်ယောက်ဖြစ်ခဲ့သည် ပြောလျှင် အဘိုးကြီးလီက အရှေ့မြောက်ပိုင်းမှ "သူရဲကောင်း" ဆိုသည်ကို ပြောင်လှောင် ပြောဆိုသည်။

အမေသည် "လီ" ကို အဖော်လုပ်ကာ ကစားသည်။ ငါးမျှားကြသည်။ မှိုရှာထွက်သည်။ ဆောင်းဦးပေါက်တွင် မြို့ပြင်သို့ထွက်ကာ ယုန်လိုက်ကြသည်။

မန်ချူးရီးယားဆောင်းရာသီတွင် နေ့တာရှည်သည်။ လွင်ပြင်ကို ဖြတ်၍ လေအေးတိုက်ခတ်သည်။ ပြတင်းမှန်များတွင် ရေများခဲသည့်အခါ အပြင်မထွက်ကြတော့ဘဲ "လီ" က မြောက်ဘက်တောင်တန်းများမှ ပုံပြင်များကို အမေ့အား ပြောပြသည်။ အိပ်ရာဝင်ခါနီးကြားရသည့် ပုံပြင်များမှ အလွန့်အလွန် မြင့်သည့် သစ်ပင်များ၊ မွှေးကြိုင်သည့်ပန်းများ၊ သီချင်းဆိုသော ရောင်စုံငှက်ကလေးများ၊ မိန်းမပျိုလေးနှင့် တူသည့် ဂျင်ဆင်းမြစ်များ အကြောင်းပြောပြသည်။ ဂျင်ဆင်းမြစ်ကို ကြိုးနီနှင့် ချည်နှောင်ကာ လည်ပင်းတွင် ချိတ်ဆွဲထားရသည်။ သို့မဟုတ်လျှင် သူတို့ ထွက်ပြေး သွားမည်ဟု ဆိုသည်။

"လီ" က အမေ့အား တိရစ္ဆာန်များကို လေ့ကျင့်သင်ကြားပေးပုံတို့ကို ပြောပြသည်။ မန်ချူးရီးယား မြောက်ပိုင်းတောင်တန်းများတွင် လှည့်လည်ကျက်စားသည့် ကျားများသည် သဘောကောင်းသည်။ လူကို ရန်မမူ။ သူတို့ကို သတ်ဖြတ်ရန် ကြိုးစားသူကိုမှ ရန်မူသည်။ လီသည် ကျားချစ်သူဖြစ်သည်။ ဝက်ဝံကား တစ်ဘာသာ ဖြစ်သည်။ ရက်စက်ကြမ်းတမ်းသည်။ ရင်ဆိုင်ရန် စိတ်မကူးနှင့်၊ ဝေးဝေးကရှောင်ဟု လီက ပြောသည်။ ဝက်ဝံတစ်ကောင်နှင့် ရင်ဆိုင်တွေ့လျှင် သူခေါင်းငုံ့သွားသည်အထိ ခုပ်ကြည့်နေရမည်။ ခေါင်းငုံ့လိုက်လျှင် သူ့ခေါင်းပေါ်က ဆံပင်မွှေးတစ်အုပ်သည် မျက်စိရှေ့သို့ကျလာပြီး သူ့ မြင်ကွင်း ပိတ်သွားမည်။ မကြောက်ရွံ့သည့်ဟန်ဖြင့် ကြည့်နေပြီးမှ နောက်သို့လှည့်ကာ ဖြည်းဖြည်း ပြန်လျှောက်ရမည်။ နောင်နှစ်ပေါင်းများစွာ ကြာသည့်အခါ "လီ" ၏ သွန်သင်ချက်ကြောင့် အမေမှာ အသက်ချမ်းသာရာရခဲ့ ဖူးသည်။

အမေ ငါးနှစ်အရွယ်တွင် တစ်နေ့သ၌ ပန်းခြံထဲတွင် သူ မွေးထားသော တိရစ္ဆာန်များနှင့် စကားပြောနေသည်။ ထိုစဉ် ဒေါက်တာရီယာ၏ မြေးများ

ရောက်လာပြီး အမေ့ကို စသည်။ နောက်ပြောင်ကျီစယ်သည်။ ရေတွင်းပျက်ကြီး တစ်ခုထဲသို့ တွန်းချသည်။ ရေတွင်းပျက်မှာ နက်သည်။ အောက်တွင် အုတ်ကျိုးအုတ်ပဲ့များနှင့် ထိခိုက်ကာ ဒဏ်ရာရသည်။ တစ်ယောက်က "လီ" ကို အော်ခေါ် ပြီး လှေကားနှင့် ဆင်းကာ အမေ့ကို အပေါ်သို့ သယ်ယူရသည်။ အဘွားလည်း ပျာယီးပျာယာ ရောက်လာသည်။ အမေမှာ သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေသည်။ "လီ" က အမေ့ကို အဘွားရင်ခွင်ထဲ ထည့်လိုက်သည်။ ဒေါက်တာရှီယာ ရောက်လာပြီး ကြည့်ရှု စစ်ဆေးသည်။ တင်ပဆုံရိုး ကျိုးသွားသည်။ နောင်အခါ တင်ဆုံခွက်လွဲတတ်သည်။ ထိုအခါမှစ၍ အမေ၏ ခြေထောက်မှာ အနည်းငယ် ဆာလာသည်။

ဒေါက်တာရှီယာက ဘာဖြစ်သလဲ မေးလျှင် အမေက သူ့ကို "နံပါတ်ခြောက်" (မြေး) က တွန်းချသည်ပြောသည်။ အဘွားက သူ့ပါးစပ်ကို ပိတ်ရသည်။ နံပါတ်ခြောက်မှာ ဒေါက်တာရှီယာ၏ အချစ်တော်ဖြစ်သည်။ အမေ့ကို အတော်ကြာ သည်အထိ ဘယ်ကိုမှမသွားစေရဘဲ အိပ်ခန်းထဲမှာ အဘွား ထိန်းသိမ်းထားသည်။ တခြားကလေးများက အမေ့ကို ဝိုင်းပယ်ထားကြသည်။

ထိုသို့ဖြစ်ပွားပြီးနောက် ဒေါက်တာရှီယာသည် အကြာကြီး ခရီးထွက်လေ့ရှိသည်။ ပြည်နယ်မြို့တော် ဖြစ်သည့် ကျင်ကျို့သို့ သူသွားသည်။ ယင်းမှာ တောင်ဘက် နှစ်ဆယ့်ငါးမိုင် အကွာတွင်ရှိသည်။ ဒေါက်တာရှီယာသည် အလုပ်ရှာသွားခြင်း ဖြစ်သည်။ အိမ်တွင်းရေး အခြေအနေမကောင်း။ တစ်ခုခုအပြောင်း အလဲလုပ်ရမည်ဟု ဒေါက်တာရှီယာ နားလည်သည်။

အလွန်ကြီးမားသည့် ဆုံးဖြတ်ချက်တစ်ခုဖြစ်သည်။ တရုတ်ပြည်တွင် မျိုးဆက်ပေါင်းများစွာ အမိုးတစ်ခုတည်းအောက်တွင် နေထိုင်ခဲ့သည့် မိသားစုကို ဂုဏ်ပြုလေ့ရှိကြသည်။ ထိုကဲ့သို့သော မိသားစုကို ဂုဏ်ပြုကာ "အမိုးတစ်ခုတည်းအောက် မျိုးဆက်ငါးဆက်လမ်း" ဟူ၍လည်း နာမည်မှည့်ကြသည်။ မိသားစု အကွဲကွဲအပြားပြားဖြစ်ရသည်မှာ ဝမ်းနည်းစရာကောင်းသည်။ သို့သော်လည်း ဒေါက်တာရှီယာသည် အဘွားကို ခပ်ပြုံးပြုံးအသိပေးသည်။ သူ့တွင် တာဝန်တွေ လျော့နည်းသွားပြီဟု ဆိုသည်။

အဘွားစိတ်ချမ်းသာသည်။ သို့သော်လည်း ဝမ်းသာကြောင်းမပြ။ ဖုံးဖိထားသည်။ ကျွန်မ အမေ ရေတွင်းထဲကျကတည်းက အိမ်ခွဲနေရန် ဒေါက်တာရှီယာအား တိုက်တွန်းခဲ့သည်။ သူ့အဖို့ အမိုးတစ်ခုတည်း အောက် မိသားစုများစွာနှင့် နေခဲ့ဖူးပြီ။ အေးစက်စက်မျက်နှာများကိုလည်း မြင်ခဲ့ရပေါင်းများပြီ။ သူ့တွင် တစ်ကိုယ်ရေ လွတ်လပ်မှုလည်းမရှိ။ စုစုဝေးဝေးအပေါင်းအသင်းနှင့်လည်း မနေရ။

သူ၏ စီးပွားချမ်းသာကို သားသမီးများအား ဒေါက်တာရှီယာခွဲဝေပေးသည်။ သူ့အတွက်မူ မန်ချူးကေရာဇ်များက သူ၏ဘိုးဘေးတို့အား ပေးခဲ့သည့် လက်ဆောင်များကိုသာ ယူသည်။ သားအကြီး၏ မိန်းမ မုဆိုးမကို လယ်မြေအားလုံး

ပေးသည်။ ဒုတိယသားသည် ဆေးဆိုင်ကို ပိုင်ဆိုင်ခွင့်ရသည်။ တတိယသားကိုမူ ယခုနေသည့် အိမ်ကို ပေးသည်။ ”လီ” နှင့် အစေခံအားလုံးကို ကြည့်ရှုကျွေးမွေးရန် မှာကြားသည်။ ဆင်းရဲသွားသဖြင့် စိတ်မဆင်းရဲဘူးလားဟု အဘွားကို သူမေးသည်။ အဘွားက “အချစ်ရှိရင် ရိုးရိုးရေသည်ပင် ချိုသည်” ဟု ပြန်ပြောခဲ့သည်။

၁၉၃၆ ရေခဲလောက်အောင် အေးသည့် ဒီဇင်ဘာတစ်နေ့တွင် မိသားစု အားလုံး အိမ်ရှေ့တံခါးဝ၌ စုဝေးကာ သူတို့ကို နှုတ်ဆက်ကြသည်။ သူတို့ မျက်လုံး များတွင် မျက်ရည်မရှိ။ ခန်းခြောက်နေသည်။ တေကွီ တစ်ယောက်သာ မျက်ရည်ကျသည်။ သူသည် အဖေ နောက်အိမ်ထောင်ပြုသည်ကို ထောက်ခံခဲ့သူ ဖြစ်သည်။ အဘိုးကြီးလီက သူတို့ကို မြင်းလှည်းပေါ်တင်ကာ ဘူတာရုံသို့ လိုက်၍ပို့သည်။ အမေက မျက်ရည်စဖြင့် လီကို နှုတ်ဆက်သည်။ ရထားတွဲပေါ်သို့ တက်သည့်အခါတွင်မူ တက်တက်ကြွကြွ ဖြစ်လာသည်။ တစ်နှစ်သမီးတွင် ရထားစီးဖူးသည်။ သို့သော် ဘာမျှ မမှတ်မိ။ ယခု အကြိမ်ကား ဝမ်းသာအားရ တွဲထဲလျှောက်ပြေးသည်။ ပြတင်းမှ အပြင်ဘက်သို့ ခေါင်းပြူ၍ကြည့်သည်။

ကျင်ကျို့သည် လူဦးရေ ၁၀၀,၀၀၀ ရှိသည့် မြို့ကြီးတစ်မြို့ဖြစ်သည်။ မန်ချူးကိုးရှိ ပြည်နယ်ကိုးခုတွင် မြို့တော်တစ်ခုလည်းဖြစ်သည်။ ပင်လယ်နှင့် ဆယ်မိုင် ဝေးသည်။ ယိရှန်လိုပင် မြို့ရိုးကာရံထားသည်။ တဖြည်းဖြည်း စည်ကားလာရာ မြို့ရိုး ပြင်ဘက်သို့ လူနေအိမ်ခြေများ တိုးချဲ့ဆောက်လုပ်လာကြသည်။ ချည်စက်များစွာရှိသည်။ ရေနံချက်စက်ရုံနှစ်ခုရှိသည်။ ကိုယ်ပိုင် လေဆိပ်တစ်ခုပင် ရှိသည်။

၁၉၃၂ ဇန်နဝါရီတွင် တိုက်ပွဲပြင်းထန်စွာဖြစ်ပြီးနောက် ကျင်ကျို့ကို ဂျပန်တို့ သိမ်းပိုက်ခဲ့သည်။ ကျင်ကျို့သည် မဟာဗျူဟာအရ အချက်အချာ ဒေသဖြစ်သည်။ မန်ချူးရီးယားတစ်ခုလုံးကို သိမ်းပိုက်ရာ၌ ကျင်ကျို့သည် အရေးကြီးသည်။ ယင်းကို သိမ်းပိုက်သည်နှင့် အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်တို့အကြား ကွင်းဆက်ဖြစ်ရပ်များကြုံတွေ့ရသည်။ နောက်ဆုံးဖြစ်ရပ်မှာ နောင်ဆယ့်နှစ်ကြာသည့်အခါ ပုလဲ ဆိပ်ကမ်းကို ဂျပန်က စတင်တိုက်ခိုက်ခြင်းဖြစ်သည်။

၁၉၃၁ စက်တင်ဘာတွင် ဂျပန်က မန်ချူးရီးယားကို စတင်တိုက်ခိုက်သည်။ လူငယ်မာရှယ်ချန်ရွှေလျန် သည် မုခဒင်မြို့မှ ဆုတ်ခွာထွက်ပြေးရသည်။ ဂျပန်က မုခဒင်ကို သိမ်းပိုက်သည်။ ချန်ရွှေလျန်သည် တပ်သား ၂၀၀,၀၀၀ နှင့် ကျင်ကျို့သို့ ရွှေ့ပြောင်းစခန်းချသည်။ ဂျပန်သည် မြို့ကို လေယာဉ်မှ ဗုံးကြဲတိုက်ခိုက်သည်။ ယင်းမှာ သမိုင်းတွင် ပထမဆုံးအကြိမ် ဖြစ်သည်။ ကျင်ကျို့သို့ ဂျပန်တပ်များ လုယက် သတ်ဖြတ်ရန် ဝင်လာကြသည်။

ကျင်ကျို့မှာ အသက်ခြောက်ဆယ့်ခြောက်နှစ် ရှိနေသည့် ဒေါက်တာရှီယာ သုညမှစ၍ ဘဝတစ်ခု ထူထောင်ရာ မြို့ဖြစ်သည်။ မြစ်ကမ်းအနီး မြေနိမ့်ပိုင်းတွင် ဆယ်ပေရှစ်ပေ ကျယ်သည့် ရွှံ့အိမ်တစ်ခု ငှားရမ်းနေထိုင်သည်။ ထိုရပ်ကွက်တွင်

ဆင်းရဲသားတို့မှာ အမိုးကောင်းကောင်း မမိုးနိုင်။ သွပ်ပြားကြီးများကို တဲပေါ်တင်ပြီး အုတ်ခဲဖိထားရသည်။ သို့မှ လေပြင်းတိုက်လျှင် လွင့်မသွားမည်ဖြစ်သည်။ မြစ်ဟိုဘက်တွင် နှံစားပြောင်းခင်းများရှိသည်။ ဒီဇင်ဘာတွင် တစ်မြို့လုံးရေခဲသည်။ နွေဦးပေါက်တွင် ရေခဲအရည်ပျော်သည့် အခါ ရွံ့ဗွက်ထူသည်။ ရေဆိုးများ မိလ္လာရေများ မစီးဆင်း။ နံစော်နေသည်။ မိလ္လာနံ့ကို အမြဲ ရှူရှိုက်နေကြရသည်။ နွေတွင် ခြင်ပေါသည်။ မြစ်ရေကြီး၍ ရေလျှံသည့် ဒုက္ခကို တွေ့ရသည်။ အိမ်များ ရေမြုပ်သည်။ တာရိုးများ ကောင်းစွာမပြုပြင်နိုင်။

အမေမှာ မခံမရပ်နိုင်အောင် အေးသည့်ဒဏ်ကို ခံရသည်။ အောက်က မီးဖိုထားသည့် စင်မြင့်ပေါ်မှာ အမြဲနေရသည်။ မိသားစုသုံးယောက်စလုံး ထိုစင်မြင့်မှာပင် အိပ်ရသည်။ ထောင့်တစ်နေရာတွင် မီးဖိုတစ်ခု ရှိသည်။ လျှပ်စစ်မီး မရှိ။ ရေပိုက် ရေမရှိ။

အိမ်နှင့်မျက်နှာချင်းဆိုင်တွင် မီးနတ်ကို တည်ထားကိုးကွယ်သည့် ကျောင်းဆောင် တစ်ခုရှိသည်။ အရောင်အသွေးလွင်လွင် ဆေးခြယ်ထားသည်။ ကျောင်းသို့ လာကြသူများသည် သူတို့မြင်းများကို ဒေါက်တာရီယာ အိမ်ရှေ့မှာ ချည်ထားကြသည်။ ရာသီဥတု ပူနွေးလာလျှင် ညနေခင်းတွင် ဒေါက်တာရီယာသည် အမေ့ကိုခေါ်ကာ မြစ်ကမ်းဘေးသို့ လမ်းလျှောက်ထွက်သည်။ လမ်းလျှောက်ရင်း ရေးကဗျာများ ရွတ်ဆိုပြသည်။ အဝေးတွင် နေလုံးကြီးဝင်သွားသည်ကို ချစ်စရာတွေ့ရသည်။ အဘွား က သူတို့နှင့်မလိုက်။ လင်မယား နှစ်ယောက်တွဲကာ လမ်းလျှောက်သည့် ထုံးစံမရှိ။ တစ်ဖန် အဘွားခြေထောက်မှာ စည်းထားရာ လမ်းလျှောက်လို့မကောင်း။ သွက်သွက် မလျှောက်နိုင်။

သူတို့မှာ ဝေ်ပြတ်လု အခြေသို့ ရောက်နေသည်။ ယိရှန်တွင်မူ ကိုယ်ပိုင် လယ်မြေမှ စပါးရသည်။ ဂျပန်များယူပြီး နောက်မှာပင် အနည်းငယ်ရသည်။ ယခုမူသူတို့ဝင်ငွေမှာ ကျသွားသည်။ ဂျပန်ကလည်း ထွက်သမျှ ကောက်ပဲသီးနှံကိုယူကာ ဂျပန်ပြည်သို့ ပို့သည်။ မန်ချူးရီးယားတွင် တပ်စွဲနေသည့် ဂျပန်တပ်မကြီးသည် ဆန်နှင့် ဂျုံကို သိမ်းပိုက်သည်။ ဒေသခံတို့မှာ ပြောင်းဖူးနှင့် နှံစားပြောင်းတို့ကို စားရသည်။ ယင်းတို့သည်ပင် ပေါပေါများများ မရှိ။ အဓိကအစာမှာ ဝက်သစ်ချသီးမှုန့် ဖြစ်သည်။ အရသာမရှိ။ အနံ့အသက် မကောင်း။

ယခုလို ဆင်းရဲသည်မျိုး အဘွားမကြုံခဲ့ရပေ။ သို့တိုင်အောင် ယခု အချိန်မှာ သူ့ဘဝတွင် အပျော်ဆုံးအချိန်ဖြစ်သည်။ မန်ချူးဓလေ့ထုံးစံတွေ လိုက်နာစရာ မလိုတော့ပေ။ သူတို့ ရွှံ့တဲကလေးတွင် ရယ်မောသံများ အမြဲကြားနေရသည်။ အဘွားနှင့် ဒေါက်တာရီယာတို့ ညနေခင်းများတွင် ဖဲကစားကြသည်။ ဒေါက်တာရီယာ ရှုံးလျှင် အဘွားက သုံးချက်ရိုက်ရသည်။ အဘွားရှုံးလျှင် ဒေါက်တာရီယာက သူ့ကို သုံးခါ နမ်းရသည်။

အဘွားတွင် အိမ်နီးချင်းမိန်းမမိတ်ဆွေများ ရှိလာသည်။ ဆရာဝန်ကတော် အဖြစ် လေးစားစွာ ဆက်ဆံကြသည်။ နှစ်ပေါင်းများစွာ စိတ်ဒုက္ခရောက်ခဲ့ရသမျှ

ယခုမှ ပျော်ရွှင်ချမ်းမြေ့သည့်ဘဝတွင် နေရသည်။ လွတ်လပ်ရေးရလေပြီ။

အဘွားနှင့် မိတ်ဆွေများသည် မန်ချူးအကများ ကကြသည်။ သီချင်းများ ဆိုကြသည်။ ဗုံများ တီးကြသည်။ သီချင်းဆိုရင်း ကဗျာစပ်ကြသည်။ အိမ်ထောင်ရှင်မိန်းမများက သူတို့၏ လိင်ဆက်ဆံရေးဘဝကို သီချင်းဖွဲ့ကာ ဆိုကြသည်။ အပျိုများက လိင်ဆက်ဆံရေးအကြောင်း မေးမြန်းကြသည်။ များသောအားဖြင့် စာမတတ်ကြရကား ဤနည်းဖြင့် ဘဝအတွေ့အကြုံများ ရှာကြသည်။ ဘဝပြဿနာများ ဖြေရှင်းကြသည်။ သီချင်းဆိုရင်း သူတို့ ယောကျ်ားများနှင့် မည်သို့ဆက်ဆံပုံတို့ကို အပြန်အလှန် ပြောကြသည်။ အတင်းစကားများ ပြောကြသည်။

အပေါင်းအသင်းများနှင့် သီချင်းဆိုရသည်ကို အဘွားပျော်သည်။ အိမ်တွင် သီချင်းဆိုကျင့်သည်။ သီချင်းရေးစပ်သည်။ ဘယ်ဘက်လက်က ဗုံတီးပြီး စည်းချက်အလိုက်သီဆိုသည်။ သီဆိုရင်း သီချင်းများစပ်သည်။ ဒေါက်တာရှီယာက စကားလုံးမ ျ ားရွေးပေးသည်။ အမေငယ်သေးသဖြင့် သီချင်းဆိုပွဲများသို့ အဘွားက ခေါ်မသွား။ သို့သော်လည်း အိမ်တွင် အဘွားလေ့ကျင့်နေသည်ကို စောင့်ကြည့်နိုင်သည်။ ဒေါက်တာရှီယာက ဘယ်စကားလုံး ရွေးပေးသလဲဆိုသည်ကို သူ သိချင်သည်။ သူတို့ နှစ်ယောက် သီချင်းရေးစပ်ရင်း ရယ်ကြသည်ကို အမေကြည့်ကာ ပျော်သည်။ အဘွားက သူ့အား ပြန်ပြောပြသည့်အခါ သူနားမလည်။ သူတို့၏ ဆိုလိုရင်းအဓိပ္ပာယ်ကို အမေမငုံမိ။

သို့သော်လည်း ဘဝမှာ ရုန်းကန်ရသည်။ နေ့စဉ်ပင် တိုက်ပွဲတစ်ခု တိုက်ခိုက်ရသည်။ အောင်နိုင်မှ အသက်ရှင်မည်။ ဆန်နှင့်ဂျုံတို့မှာ မှောင်ခိုဈေးတွင်မှ ရနိုင်သည်။ သို့ဖြစ်ရာ အဘွားသည် ဗိုလ်ချုပ်ဆူး ပေးခဲ့သည့် လက်ဝတ်ရတနာများကို ရောင်းချစားသောက်ရသည်။ သူကိုယ်တိုင်မူ ဘာမျှမစား။ စားပြီးပြီ သို့မဟုတ် မဆာသေး နောက်မှစားမည်ဟူ၍သာ ပြောသည်။ လက်ဝတ်ရတနာများ ထုခွဲသည် ကို သိလျှင် ဒေါက်တာရှီယာက တားမြစ်သည်။ “ငါက အသက်ကြီးပါပြီ။ တစ်နေ့ ငါသေတဲ့အခါ အဲဒီ လက်ဝတ်ပစ္စည်းတွေ ရောင်းချစားသောက်ရမယ် မဟုတ်လား” ဟု ပြောသည်။

အခြားသူတစ်ယောက်၏ ဆေးဆိုင်တွင် ဒေါက်တာရှီယာသည် လခစား ဆရာဝန်အဖြစ် လုပ်ကိုင်သည်။ သူ့အစွမ်းအစကို ပြခွင့်မပေး။ သို့သော်လည်း သူကြိုးစားလေရာ တဖြည်းဖြည်း နာမည်ရလာသည်။ ထိုနေ့ညနေက အိမ်အပြန်တွင် အဝတ်စတစ်ခုဖြင့် ထုပ်ထားသည့် ပစ္စည်းတစ်ခု ပါလာသည်။ အမေနှင့် သူ့မိန်းမကို မျက်ရိပ်ပြကာ အထဲမှာ ဘာပါသလဲဟု မေးသည်။ အငွေ့ထွက်နေသော အထုပ်ကို ဖြေနေစဉ် အမေက ကော်ပြန့်ကြော်ဟု အော်၍ ပြောသည်။ စားနေစဉ် ဒေါက်တာရှီယာက ပီတိဖြင့် သူ့ကိုကြည့်နေသည်။ နောင်နှစ်ပေါင်းငါးဆယ်ကျော် သည်တိုင် ထိုကော်ပြန့်ကြော်အရသာကို ပြော၍ မပြီးနိုင်။ တခြား ဘယ်အစားအစာ နှင့်မျှ မတူ။ အလွန်ကောင်းသည်ဟု အမေ

ပြောသည်။

အိမ်များသို့ ဆေးကုပင့်၍ လိုက်ရသည်မှာ တန်ဖိုးရှိသည်။ လူနာရှင်က ဆေးဆိုင်သို့မပေး။ ဆရာဝန်ကို ခြေကြွခပေးသည်။ လူနာများမှာ သဘောကောင်းလျှင် သို့မဟုတ် ချမ်းသာလျှင် ဆရာဝန်ခြေကြွ ကောင်းကောင်းရသည်။ နှစ်သစ်ကူး နေ့များတွင် အဖိုးတန်လက်ဆောင်ကောင်းများ ပေးတတ်သည်။ အိမ်များသို့ ဆေးကု လိုက်ရပြီးနောက် ဒေါက်တာရှီယာ၏ အခြေအနေမှာ တိုးတက်လာသည်။

သူ၏ သတင်းသည်လည်း နီးဝေးကုန်စင် မွှေးပျံ့လာသည်။ တစ်နေ့တွင် ပြည်နယ်ဘုရင်ခံ တစ်ယောက်၏ မိန်းမ မေ့မျောသွားရာ ဒေါက်တာရှီယာ ကိုပင့်သည်။ သတိပြန်လည်လာအောင် ကုသပေးနိုင်သည်။ ဤသည်မှာ လူတစ်ယောက်ကို သေတွင်းမှ ဆယ်တင်သည်နှင့်အတူတူပင် ဖြစ်သည်။ ဘုရင်ခံသည် သစ်သားပြား တစ်ခုတွင် သူကိုယ်တိုင်ထောက်ခံစာ ရေးပေးသည်။ “လူနာများနှင့် လူ့လောကကို အသက်ဆက်ပေးသည့် ဒေါက်တာရှီယာ” ဟူသော စာတန်းကို အခမ်းအနားဖြင့် သယ်ဆောင်ပြီး မြို့ကို လှည့်၍ပြစေသည်။

မကြာမီမှာပင် ဘုရင်ခံက ဒေါက်တာရှီယာအား အခြားအကူအညီတစ်ခု တောင်းသည်။ သူ့တွင် ဇနီးတစ်ယောက်နှင့် ကိုယ်လုပ်တော် ဆယ့်နှစ်ယောက်ရှိသည်။ သို့သော်လည်း မည်သည့်တစ်ယောက်ကမျှ သူ့အတွက် ကလေးမွေးမပေးနိုင်။

ဒေါက်တာရှီယာသည် ထိုကိစ္စမျိုး၌ ကျွမ်းကျင်သည်ဟု သတင်းကြားသဖြင့် ရောက် လာခြင်းဖြစ်သည်။ ဒေါက်တာရှီယာက ဘုရင်ခံနှင့် အမျိုးသမီးဆယ့်သုံးယောက် အတွက် ဆေးညွှန်းများပေးသည်။ ယင်းတို့အထဲမှ အများအပြား ပဋိသန္ဓေရှိ လာကြသည်။ အမှန်စင်စစ် ဘုရင်ခံ၏ အပြစ်ဖြစ်သည်။ သို့သော်လည်း ဒေါက်တာ ရှီယာသည် သူ့ဇနီးနှင့် ကိုယ်လုပ်တော်တို့ကိုပါ ဆေးကျွေးသည်။ ဘုရင်ခံမှာ ပျော်လွန်းသဖြင့် ရေးကထက်ပို၍ ကြီးသော သစ်သားပြားတွင် ချီးကျူးစာရေးစေသည်။ ကွမ်ရင်မယ်တော်ဝင်စားသူ ဒေါက်တာရှီယာဟု သူချီးကျူးသည်။ ကွမ်ရင်မယ်တော်မှာ ကရုဏာရှင် နတ်ဘုရားမဖြစ်ပြီး မျိုးပွားခြင်းကိုလည်း အစိုးရသူ ဖြစ်သည်။ စာတန်းသစ်ကို ယခင်ကထက်ပို၍ များပြားသော အခမ်းအနားဖြင့် ဒေါက်တာရှီယာ၏ အိမ်သို့ ပို့ပေးသည်။ ထို့နောက် မြောက်ဘက်မိုင် ၄၀၀ ဝေးသော “ဟာဘင်” အရပ်မှ ပင် ဒေါက်တာရှီယာထံ ဆေးကုရောက်လာကြသည်။ သူသည် မန်ချူးကိုးတွင် ထင်ရှားသည့် ဆရာဝန်လေးယောက်အနက် တစ်ယောက်ဖြစ်လာသည်။

၁၉၃၇ နှစ်ကုန်တွင် အိမ်ကြီးတစ်ခုသို့ ဒေါက်တာရှီယာတို့ ပြောင်းရွှေ့နိုင်ခဲ့သည်။ အိမ်သည် မြို့မြောက်တံခါးအပြင်ဘက်တွင် တည်ရှိသည်။ မြစ်ကမ်း ဘေးက ရှံ့အိမ်ထက်ပို၍ ကောင်းသည်။ အခန်းသုံးခန်းထက်မနည်းရှိသည်။ ကိုယ်ပိုင် ဆေးခန်းဖွင့်နိုင်ပြီး ဧည့်ခန်းကို

ခွဲစိတ်ခန်းအဖြစ် အသုံးပြုသည်။

ခြံဝင်းကြီးတစ်ခုတွင် တောင်ဘက်ခြမ်း၌ အိမ်ကြီးတည်ရှိသည်။ အခြား အိမ်ထောင်နှစ်ခုလည်း နေထိုင်ကြသည်။ သို့သော်လည်း အိမ်ထဲသို့ ဝင်သည့် တံခါးသည် ဒေါက်တာရှီယာနေသည့်ဘက်တွင် ရှိသည်။ ခြံဝင်း၏ မြောက်ဘက်ခြမ်းတွင် အုတ်နံရံတစ်ခု ကာရံထားသည်။ ခြံထဲတွင် ဆိုက်ပရတ်ပင်များ၊ တရုတ်ဝက်သစ်ချပင်များ ရှိသည်။ အိမ်ထောင်သုံးခု အဝတ်လှမ်းရန် ထိုသစ်ပင် များကို အသုံးပြုကြသည်။ တစ်ဖန် ရှရွန်နှင်းဆီပန်းပင်များ၊ ဂန္ဓမာပန်းပင်များ စိုက်ပျိုးထားသည်။ နှင်းဆီပန်းပင်သည် ပြင်းထန်သည့် ဆောင်းရာသီ၏ ဒဏ်ကို ခံနိုင်သည်။ ထို့နောက် အဘွားသည် နွေရာသီတွင် ရှစ်နာရီပန်း၊ ဂန္ဓမာပန်း၊ ဒေလီယာပန်းနှင့် သစ်ဆီမွှေးပင်များလည်း စိုက်ပျိုးသည်။

အဘွားတို့ ဒေါက်တာရှီယာတို့တွင် သားသမီးမရ။ အသက်ရှည်အောင် မေထုန်အမှုကို များများမပြု ရဟု ဒေါက်တာရှီယာ ယုံကြည်သည်။ သူ့အသက်အရွယ် ရှိသူတစ်ယောက် အနေနှင့် ထူးထူးခြားခြား ကျန်းမာသည်။ နေ့စဉ် ရေအေးချိုးနိုင်သည်။ ရေခဲမှတ်အောက် ၁၀ ဒီဂရီဖာရင်ဟိုက်ရှိသည့်နေ့မှာပင် ရေချိုး မပျက်ပေ။ ဒေါက်တာရှီယာသည် အရက်လုံးဝမသောက်။ ဆေးလိပ်လည်း မသောက်။ သူကိုယ်တိုင် ဆရာဝန်ဖြစ်သော်လည်း ဆေးစားလေ့မရှိ။ ခန္ဓာကိုယ်သန်စွမ်းလျှင် ကျန်းမာမည်ဟု သူ ယုံကြည်သည်။ အဘွားနှင့် အမေတို့သည် သူ့ကွယ်ရာတွင် ဆေးသောက်ကြသည်။ သူတို့နေမကောင်းဖြစ်လျှင် တိုင်းရင်း တရုတ် ဆေးဆရာတစ်ယောက် သူ ခေါ်ပေးသည်။ ဆေးဆရာက အထက်လမ်းနည်း၊ အောက်လမ်းနည်း အားလုံးကုသည်။

အမေမှာ ယခုအခါ ပျော်ရွှင်စွာ နေထိုင်လျက်ရှိသည်။ ဒေါက်တာ ရှီယာ၏ မြေးများအလယ်တွင် အနိုင်ကျင့်ခံရသည့် ဘေးမှ ကင်းဝေးသည်မှာ တစ်နှစ်ခန့်ရှိပြီ။

လစဉ်ပွဲလမ်းများ ကျင်းပသဖြင့် အမေပျော်သည်။ တရုတ်တို့တွင် အလုပ်လုပ်သည့် ရက်သတ္တပတ် ဟူသော အယူအဆမရှိ။ အစိုးရအမှုထမ်းများ၊ ကျောင်းများနှင့် ဂျပန်စက်ရုံများတွင်သာ တနင်္ဂနွေနေ့ တစ်ရက်အားလပ်ခွင့် ရကြသည်။

တရုတ်နှစ်သစ်ကူးနေ့ မတိုင်မီခုနစ်ရက်အလိုတွင် ဆောင်းရာသီပွဲ စတင်သည်။ သမိုင်းပုံပြင် အလိုအရ ယင်းမှာ မီးဖိုစောင့်နတ်များနှင့် နတ်သမီးတို့ကို ပူဇော်ပေးသည့်ပွဲဖြစ်သည်။ အိမ်တွင် အစားအစာ ပေါများအောင် ပူဇော်ရခြင်းဖြစ်သည်။ မီးဖိုစောင့်နတ်သားနှင့် နတ်သမီးတို့ နတ်ပြည်တက်ကာ သိကြားမင်းကို ကန်တော့ပြီး လာမည့်နှစ်တွင် အစာရေစာပေါများစေရန် ပန်ကြားကြသည်။

နောက်ရက်များတွင် အစားအစာအမျိုးမျိုး မုန့်အမျိုးမျိုး ပြုလုပ်ကြသည်။ ဆန်နှင့်ပဲပိစပ်တို့ရော၍ ထောင်းကာ မုန့်များပြုလုပ်သည်။ ယင်းတို့ကို သဘောဝ

ရေခဲသေတ္တာဖြစ်သည့် မြေအောက်ခန်းထဲတွင် ထည့်ထားသည်။ နှစ်သစ်ကူးနေ့တွင်မှ ထုတ်ယူစားသုံးကြသည်။

တရုတ်နှစ်သစ်ကူးနေ့မတိုင်မီ ညချမ်းတွင် ဗျောက်အိုးများ ဖောက်ကြသည်။ အမေမှာ ကြောက်လည်း ကြောက်သည်။ ပျော်လည်းပျော်သည်။ ဒေါက်တာ ရှီယာနှင့်သူ့အမေတို့ နောက်ကလိုက်ကာ ကံကြမ္မာ ဘုရားလာမည့် လမ်းကို ကြိုဆိုကြသည်။ လမ်းတစ်လျှောက်လုံး သူတို့ကို ကြိုဆိုသူများ ပြည့်နှက်နေသည်။ ထို့နောက် အချင်းချင်းနှုတ်ဆက်ကြသည်။ "စီးပွားဥစ္စာတိုးတက်ပါစေ" ဟု အပြန်အလှန် ဆုတောင်းကြသည်။

တရုတ်နှစ်သစ်ကူးနေ့တွင် အချင်းချင်းလက်ဆောင်များပေးကြသည်။ အရုဏ်လာလျှင် အမေလည်း အိပ်ရာပေါ်မှ ခုန်ဆင်းကာ အင်္ကျီသစ်၊ ဘောင်းဘီသစ်၊ ခြေအိတ်သစ်နှင့် ဖိနပ်သစ်များ ဝတ်ဆင်ပြီး အမေနှင့်အတူ အိမ်နီးချင်း မိတ်ဆွေများ ကို နှုတ်ဆက်သည်။ အသက်ကြီးသူများကို ကန်တော့သည်။ နဖူးနှင့်ကြမ်းပြင် တစ်ခါ ထိလျှင် စက္ကူနီဖြင့်ထုပ်ထားသည့် အမ်ပေါင်းရသည်။ အထဲတွင် ငွေပါသည်။ အမေ အဖို့ တစ်နှစ်လုံးမုန့်ဖိုးကို အမ်ပေါင်းမှရသည်။

နောက်ဆယ့်ငါးရက်အထိ လူကြီးများသည် ဆွေမျိုးမိတ်ဆွေများအိမ်များသို့ လည်ပတ်ကြသည်။ ငွေကြေးပေါကြွယ်ရန် ဆုတောင်းကြသည်။ လူများမှာ ဆင်းရဲသည်။ ရှီယာအိမ်ထောင်စုတွင် ထိုနေ့များ၌ သားငါးပေါပေါ စားသောက်ကြသည်။ နှစ်သစ်ကူးပွဲတော်အချိန်တွင် စားစရာပေါများသည်။

ပွဲတော်နောက်ဆုံးရက်တွင် လှည့်လည်ကပြကြသည်။ မှောင်လျှင် မီးပုံးများ ထွန်းညှိကြသည်။ ထိုအချိန်တွင် မီးနတ်က အစစ်အဆေးရောက်လာသည်ဟု ဆိုသည်။ မီးကို ရှိသေရန် မီးနတ်က ညွှန်ကြားသည်။ အိမ်များအားလုံး လိုလိုမှာ သစ်သားဖြင့် ဆောက်လုပ်ကြပြီး ရာသီဥတုပူပြင်းသည့်အခါ မီးလောင်မှု ဖြစ်ပွားတတ်သည်။ ဒေါက်တာရှီယာတို့ ပထမနေခဲ့သည့် ရွှံ့တဲရှေ့ရှိ ဘုရားကျောင်းမှ ဘုရား ပွဲစတင်လှည့်လည်သည်။ မီးနတ်ရုပ်တုကို ဝေါယာဉ်ပေါ်တင်ကာ လူငယ်ရှစ်ယောက် က ထမ်းသည်။ ဆံပင်နီနီ၊ မုတ်ဆိတ်မွေး၊ မျက်ခုံးမွေးများနှင့် ဝတ်ရုံခြုံထားသည့် နတ်ရုပ်မှာ မီးနတ်ဘုရား၏ ပုံတူဖြစ်သည်။ မီးနတ်နောက်တွင် နဂါး၊ ခြင်္သေ့ရုပ်များ လိုက်ပါလာသည်။ နဂါးက ခြင်္သေ့ အကများကကြသည်။ ပန်းရထားပေါ်တွင် ခါး၌ ပိုးကြိုးနီများစည်းထားသည် ယန်ကေ ကခြေသည်များလိုက်ပါလာသည်။ ဖြောက်အိုးများ ဖောက်ကြသည်။ မီးပန်းများရှို့ကြသည်။ ဗုံသံ လင်းကွင်းသံ ဆူညံနေသည်။ အမေသည် နဂါးကသူများ၊ ခြင်္သေ့ကသူများနောက်က လိုက်သွားသည်။ အိမ်တိုင်း က စားစရာများ ကျွေးသည်။ သို့သော်လည်း မီးနတ်ဘုရားသည် ဘာမျှ မစား။ "နတ်ဘုရားကို ပူဇော်သက္ကာပြုပြီး လူတွေကို ကျွေးမွေးတာဟု အဘွားက ပြောသည်ကို မှတ်ထားသည်။ အစာရေစာ ရှားပါးသော ထိုအချိန်က အမေသည် ဘုရားပွဲများကို မျှော်တတ်သည်။ အဘွားကမူ မီးပုံးကြီးများပေါ်တွင် ရေးထားသည့်

ပဟေဠိများကို အဓိပ္ပာယ်ဖော်ရန် ကြိုးစားနေသည်။ တစ်ဖန် ပြည်သူ့ဥယျာဉ် တွင်စိုက်ပျိုးထားသည့် ဂန္ဓမာပန်းများကို လှည့်လည်ကြည့်ရှု တတ်သည်။ ထိုအခါ အမေသည် စိတ်မရှည်နိုင် ဘဲ အဘွားကို စောင့်မျှော်နေရသည်။

"မြို့တော်ရင်" ဘုရားပွဲကို တစ်နှစ်တစ်ကြိမ် ကျင်းပသည်။ အဘွားက အမေ ကို ခေါ်သွားပြီး ရွှံ့ရုပ်တုများကိုပြသည်။ အားလုံးမှာ ငရဲပြည်ရှုခင်းများဖြစ်သည်။ ပြစ်ဒဏ်ခံကြရသူများပုံ သရုပ်ဖော်ထားသည်။ လျှာကြီးကို ငရဲသား နှစ်ယောက်က လွှဖြင့် ဖြတ်နေပုံရုပ်တုကိုပြကာ အရင်ဘဝက လိမ်ပြောသူတစ်ယောက် လျှာဖြတ်ခံရ ခြင်းဖြစ်သည်ဟု အမေကိုပြောပြသည်။ လိမ်ပြောရင် သည်လိုပဲ လျှာဖြတ်ခံရမည်ဟု အမေကို သတိပေးသည်။

အဘွားသည် ကြောက်စရာ ငရဲခန်းရုပ်တုများကို တစ်ခုပြီးတစ်ခုပြကာ ရှင်းပြသည်။ တစ်နေရာတွင်မူ ဘာမျှ ရှင်းပြမနေတော့ဘဲ ဆက်၍သွားသည်။ နောင်အခါ နှစ်အတန်ငယ်ကြာတော့မှ ထိုအရုပ်များအကြောင်း အမေအား ပြောပြသည်။

မိန်းမရုပ်တစ်ခုကို လူနှစ်ယောက်က လွှဖြင့် နှစ်ခြမ်းဖြစ်အောင် ဖြတ်သည်။ ထိုမိန်းမမှာ မုဆိုးမဖြစ်ပြီး နောက်ထပ်လင်ယူသောကြောင့် သူ့လင်နှစ်ယောက်က သူတို့တစ်ခြမ်းစီ ပိုင်ဆိုင်သည်ဆိုကာ လွှဖြင့် ဖြတ်ကြသည်။ ထိုအချိန်အခါက မုဆိုးမများသည် မည်မျှ အနေအထိုင် ဆင်းရဲစေကာမူ နောက်ထပ် လင်မယူကြပေ။ ကွယ်လွန်သူယောကျ်ားကို သစ္စာရှိကြောင်း ပြခြင်း ဖြစ်သည်။ အချို့က လင်သေပြီးနောက် မိဘက နောက်ထပ် လင်ပေးစားမည် စိုးသဖြင့် ကိုယ့်ကိုယ်ကိုယ် သတ်သေကြသည်။ သူ့အမေသည် ဒေါက်တာရှီယာအား အရဲစွန့်ပြီး ယူရသည်မှာ လွယ်သည့် အလုပ်မဟုတ်သည်ကို အမေ နားလည်လာသည်။

******

မန်ချူးကိုးမှာ ပျော်စရာဒေသဖြစ်သည်ဟု သူတို့က ပြောကြသည်။

ဂျပန်လက်အောက်က မန်ချူးကိုး

(၁၉၃၈ - ၁၉၄၅)

၁၉၃၈ စောစောပိုင်းတွင် အမေခုနစ်နှစ်ပြည့်သည်။ သူသည် ဉာဏ်ကောင်းသည်။ စာသင်ချင်စိတ် ပြင်းပြလေရာ ကျောင်းဖွင့်လျှင် ကျောင်းပို့မည်ဟု မိဘများက စိတ်ကူးသည်။ တရုတ်နှစ်သစ်ကူး ပြီးလျှင်ပြီးချင်း ကျောင်းစဖွင့်သည်။

ပညာရေးကို ဂျပန်က ထိန်းချုပ်ထားသည်။ အထူးသဖြင့် သမိုင်းနှင့် အကျင့်စာရိတ္တသင်ခန်းစာများကို သူတို့ ဦးစီးသည်။ ကျောင်းများတွင် သင်ကြားရေးမဏ္ဍိုင်မှာ တရုတ်ဘာသာမဟုတ်။ ဂျပန်ဘာသာဖြစ်သည်။ မူလတန်းကျောင်းတွင် လေးတန်းအောင်လျှင် စာများကို ဂျပန်ဘာသာဖြင့် သင်ကြားသည်။ ဆရာများမှာ များသောအားဖြင့် ဂျပန်များဖြစ်သည်။

၁၉၃၉ စက်တင်ဘာ ၁၁ တွင် ကျင်ကျိုသို့ မန်ချူးကိုးပြည့်ရှင် ပုရီ တရားဝင် အလည်ရောက်လာသည်။ ထိုအချိန်တွင် အမေသည် မူလတန်းကျောင်း၌ ဒုတိယ တန်းရောက်နေသည်။ ပုရီအား ပန်းဆက်ရန် အမေ့ကို ရွေးသည်။ သူတို့အားလုံး မန်ချူးကိုး အလံဝါလေးများ ဝှေ့ယမ်း၍ စောင့်ကြိုနေကြသည်။ ပုရီ သည် စစ်ဝတ်စုံဝတ်ထားပြီး သူ့မိဖုရားသည် ဝတ်စုံဖြူနှင့် လက်တွင် လက်အိတ်အဖြူ ဝတ်ထားသည်။ လက်အိတ်သည် တံတောင်ဆစ်အထိ ရှည်သည်။ ပုရီ၏ မိဖုရား အလွန်လှသည် အမေထင်သည်။ ပုရီ ကို အမေ ခိုးကြည့်သည်။ မျက်မှန် ထူကြီးနောက်တွင် ဝက်မျက်လုံးတစ်စုံကို တွေ့ရသည်။

အမေသည် အတန်းထဲတွင် တော်သောကျောင်းသူဖြစ်သဖြင့် ပန်းဆက်ရန် ရွေးခြင်းဖြစ်သည်။ နောက်တစ်ချက်ရှိသေးသည်။ သူ၏ ကျောင်းဝင် လျှောက်လွှာတွင် လူမျိုးနေရာ၌ မန်ချူးဟုရေးသည်။ ဒေါက်တာရှီယာကလည်း မန်ချူးလူမျိုးအဖြစ်ကို ဘယ်တော့မှ မဖုံးကွယ်။ မန်ချူးကိုးသည် မန်ချူးတို့၏ လွတ်လပ်သောနိုင်ငံဖြစ် ဟန်တူသည် ထင်ရသည်။ ပုရီကို နန်းတင်ထားခြင်း အားဖြင့် တိုင်းသူပြည်သားတို့အဖို့ သူတို့သည် ကိုယ့်ဘုရင်လက်အောက်မှာ နေသည် ထင်နေကြသည်။ ဤသည်မှာ ဂျပန်၏ စိတ်ကူးကောင်းတစ်ခုဖြစ်သည်။ ဒေါက်တာ ရှီယာသည် သစ္စာရှိသော မန်ချူး အမျိုးသားဖြစ်သည်။ အဘွားလည်း ထို့အတူပင်။ မိန်းမတစ်ယောက်အဖို့ ယောကျ်ားတစ်ယောက်ကို ချစ်သည့်အကြောင်း ပြသရန် အကောင်းဆုံးနည်းမှာ အရာရာတိုင်းတွင် လင်ယောကျ်ားနှင့် တစ်သဘောတည်းဖြစ်ရေးတည်း။ သို့ဖြစ်ရာ သဘာဝအတိုင်း အဘွားလည်း

လင်နှင့်တစ်သဘောတည်း ရှိလေသည်။ သူ့ဘဝကို ကျေနပ်နေသည်ဖြစ်ရာ ဘယ်ကိစ္စတွင်မှ ဒေါက်တာရှီယာ နှင့် မဆန့်ကျင်။

ကျောင်းတွင် အမေသင်ကြားရသည်မှာ ဤသို့ဖြစ်သည်။ သူ့တိုင်းပြည်သည် မန်ချူးကိုးဖြစ်သည်။ အိမ်နီးချင်းတိုင်းပြည်များမှာ ချန်ကေရှိတ်ခေါင်းဆောင်သည့် တရုတ်သမ္မတနိုင်ငံဖြစ်ပြီး သူတို့နှင့် ရန်ဘက်ဖြစ်သည်။ နောက်တစ်နိုင်ငံမှာ ဝမ်ချင်ဝေး ခေါင်းဆောင်သည့် မိတ်ဆွေ တရုတ်သမ္မတနိုင်ငံဖြစ်သည်။ ဝမ်ချင်ဝေးသည် ဂျပန်တင်ထားသည့် ရုပ်သေးအစိုးရခေါင်းဆောင်ဖြစ်သည်။ မန်ချူးရီးယားသည် တရုတ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဆိုသည်ကိုမူ အမေတို့ ကျောင်းတွင် သင်ကြားခြင်းမရှိ။

ကျောင်းသားများသည် သစ္စာစောင့်သိသော တိုင်းသူပြည်သားများဖြစ်အောင် ပညာသင်ကြား ပေးထားခြင်း ဖြစ်သည်။ ကျောင်းတွင် အောက်ပါသီချင်းကို အမေဆိုရသည်။

"ကျောင်းသားနီများနှင့် ကျောင်းသူစိမ်းလေးများ လမ်းပေါ်လျှောက်သွားသည်။

မန်ချူးကိုးသည် ပျော်စရာကောင်းသည့် ဒေသဖြစ်သည်ဟု သူတို့ပြောကြသည်။

မင်းလည်း ပျော်သည်။ ငါလည်း ပျော်သည်။

လူတိုင်းအေးချမ်း စွာနေထိုင်ရသည်။ ပျော်ရွှင်စွာ အလုပ်လုပ်ကြသည်။

ပူပန်သောကတွေ ဘာတစ်ခုမျှမရှိ"

မန်ချူးကိုးသည် ကမ္ဘာပေါ်တွင် သုခဘုံလေးတစ်ခုဖြစ်သည်ဟု ဆရာများက ပြောသည်။ အမေ၏ အသက်အရွယ်မှာပင် ထိုသုခဘုံသည် ဂျပန်အတွက်ဖြစ်ကြောင်း သိလာသည်။ ဂျပန်ကလေးများသည် သီးခြားကျောင်းများတွင် နေရသည်။ ထိုကျောင်းများမှာ သန့်ရှင်းသည်။ ကြမ်းပြင်ပြောင်လက်သည်။ အပူပေးထားသည်။ ဒေသခံကျောင်းသားတို့မှာ ယိုင်နဲ့နေသော ကျောင်းများ၊ ဘုရားကျောင်းကို စာသင်ခန်းလုပ်ထားသည့် ကျောင်းများတွင် နေရသည်။ ရပ်ရွာက လှူဒါန်းထားသည့် ကျောင်းများဖြစ်သည်။ အပူပေးသည့် စနစ်မရှိ။ ဆောင်းအခါ အလွန်အေးသဖြင့် စာသင်နေရင်း ကျောင်းကို ပတ်၍ ပြေးရသည်။ သို့မဟုတ် ပြိုင်တူပြေးဆောင့်နေကြရသည်။ သို့မှ ကိုယ်လက်လှုပ်ရှားပြီး ချွေးထွက်ကာ ပူနွေးလာမည်။

ဂျပန်ဆရာများက စာသင်ရာတွင် ဂျပန်နည်းကို အသုံးပြုသည်။ ကလေးများကို ရိုက်နှက်ဆုံးမသည်။ အပြစ်ငယ်လေး ကျူးလွန်လျှင်ပင် ရိုက်နှက်သည်။ မိန်းကလေးတစ်ယောက်အဖို့ နားရွက်အောက် ဆံပင်မထားရ။ ထားလျှင် ဒဏ်ပေးသည်။ မိန်းကလေးရော ယောကျ်ားလေးများကိုပါ ပါးရိုက်ဆုံးမသည်။ ယောကျ်ားလေးဆိုလျှင် ခေါင်းကို တုတ်နှင့်ရိုက်သည်။ နောက်တစ်နည်းမှာ နှင်းထဲတွင် အကြာကြီး ဒူးထောက်ထိုင်နေရခြင်းဖြစ်သည်။

လမ်းတွင် ဂျပန်တစ်ယောက်တွေ့လျှင် ကြီးသည်ဖြစ်စေ၊ ငယ်သည် ဖြစ်စေ ခေါင်းငုံ့အရိုအသေ ပေးရသည်။ ဂျပန်ကျောင်းသားလေးများသည် မန်ချူးကျောင်းသားလေးများကို လမ်းမှာတွေ့လျှင် ရပ်ခိုင်းပြီး အကြောင်းမဲ့ ပါးကိုရိုက်သည်။ ဂျပန်ဆရာတစ်ယောက် လမ်းလျှောက်သွားလျှင် မြက်ခင်းပြင်၌ လေပွေ ဖြတ်တိုက်ယမ်းသည်နှင့်တူသည်။ မြက်များ ငိုက်ကျသွားသည်ဟု အမေက သူငယ်ချင်းများ ကို ပြောပြသည်။

လူကြီးများလည်း ဂျပန်တို့ကို အလေးပြုရသည်။ ရှီယာမိသားစုအဖို့ ဂျပန်များရှိနေသဖြင့် ထူးခြားမှုမရှိ။ အလယ်အလတ်ရာထူးများကို ဒေသခံ မန်ချူးနှင့် ဟန်တရုတ် တို့က ဆက်လက်ချုပ်ကိုင် ထားသည်။ ယိရှန်တွင် ကျွန်မတို့ အဘေးက ဒုတိယပုလိပ်မင်းကြီးရာထူး ယူထားသကဲ့သို့ပင် ဖြစ်သည်။ ၁၉၄၀ တွင် ဂျပန် ၁၅,၀၀၀ ကျင်ကျို့၌ ရှိနေသည်။ ရှီယာတို့ အိမ်ဘေးတွင် ဂျပန်မိသားစု နေထိုင်သည်။

ယောက်ျားမှာ အစိုးရအရာရှိ ဖြစ်သည်။ သူအလုပ်သွားလျှင် မိန်းမနှင့် ကလေး သုံးယောက်က ခေါင်းညိတ်အရိုအသေပေးရသည်။ ထိုနောက် မိန်းမသည် ကျောက်မီးသွေးမှုန့်များကို အလုံးဖြစ်အောင် လုပ်သည်။ ယင်းဖြင့် ထမင်းဟင်းချက်သည်။ ထိုဂျပန်မသည် လက်အိတ်ဖြူကို အမြဲ ဝတ်ထားလေရာ ချက်ချင်း ပေကျံ သွားနိုင်သည်။ ဘာကြောင့်ဝတ်သလဲဆိုသည်ကို အဘွားနှင့် အမေတို့ နားမလည်။

အဘွားသည် အိမ်နီးချင်းဂျပန်မနှင့် ခင်မင်သည်။ ဝင်ထွက်သွားလာသည်။ သီချင်းအတူဆိုကြသည်။ အဘွားက ဂျပန်စကား အနည်းငယ်တတ်သည်။ ဂျပန်မက တရုတ်စကား အနည်းငယ်တတ်သည်။ လွမ်းစရာရှိလျှင် အတူလွမ်းကြပြီး မျက်ရည် အတူကျကြသည်။ အဘွားသည် ဂျပန်မ၏ ပန်းခြံ ကို သဘောကျသည်။

သို့တစေ ရှီယာအိမ်သားတို့သည် ဂျပန်တို့၏ အနိုင်ကျင့်အုပ်ချုပ်ရေး အကြောင်း အမြဲကြားနေရသည်။ မြောက်ပိုင်းတွင် ရွာများကို မီးရှို့သည်။ ရွာသားများ ကို တစ်နေရာသို့ အုပ်လိုက်မောင်းထုတ်သည်။ မန်ချူးရီးယား၏ လူဦးရေ ခြောက်ပုံ တစ်ပုံ ဖြစ်သည့် လူငါးသန်းသည် အိုးမဲ့အိမ်မဲ့ ဖြစ်ရသည်။ ထောင်ပေါင်းများစွာ သေကြေပျက်စီးသည်။ အလုပ်သမားများစွာတို့မှာ သတ္တုတွင်းများတွင် သေသည်အထိ ပင်ပန်းကြီးစွာ အလုပ်လုပ်ရသည်။ ထွက်သည့် သတ္တုရိုင်းကို ဂျပန်ပြည်သို့ ပို့သည်။ လူများစွာတို့မှာ ဆားမစားရ။ ပြေးစရာလည်း မြေမရှိ။

ဒေါက်တာရှီယာကမူ ထိုအကြောင်းများကို ကေရာဇ်ပုရီ မသိဟု ဆိုသည်။ သို့သော်လည်း ပုရီ၏ စကားအသုံးအနှုန်းတို့ ပြောင်းလဲလာသည်။ “အိမ်နီးချင်း မိတ်ဆွေဂျပန်” မှ “နောင်ကြီးဂျပန်” ဟု ခေါ်လာသည်။ နောက်ဆုံးတွင် မိဘဖြစ်သည့် ဂျပန်ပြည်ဟု သုံးနှုန်းသည်။ ထိုအခါ ဒေါက်တာ ရှီယာ စားပွဲကို လက်သီးဖြင့်ထုပြီး “ဟိုဘဝင်မြင့်တဲ့ သူရဲဘောနည်းတဲ့အကောင်” ဟု ခေါ်သည်။

သို့တိုင်အောင် ရက်စက် ကြမ်းကြုတ်မှုများတွင် ပုရီ ဘယ်မျှ တာဝန်ရှိသည် သူမသိ။ အဖြစ်အပျက်နှစ်ခုနှင့်ကြုံမှ ဒေါက်တာရှီယာ နိုးနိုး ကြားကြားဖြစ်လာသည်။

၁၉၄၁ တစ်နေ့တွင် ဒေါက်တာရှီယာ ခွဲစိတ်နေခိုက် သူမသိသော လူတစ်ယောက် အခန်းထဲ ဝင်လာသည်။ သူ့ကိုယ်တွင် ဂုန်အိတ်စုတ်ပတ်ထားသည်။ ခါးကိုင်းနေသည်။ သူသည် မီးရထားကူလီ တစ်ယောက် ဖြစ်ပြီး ဗိုက်နာနေသည်။ သူသည် နေထွက်မှ နေဝင် တစ်နှစ် ၃၆၅ ရက် အလေးအပင် ထမ်းရသည်။ သည်အတိုင်း ဆက်လက်မလုပ်ကိုင်နိုင်။ သို့သော်လည်း အလုပ်ပြုတ်လျှင် သူ့ မိန်းမနှင့် မွေးစကလေးကို မကျွေးမွေး မထောက်ပံ့နိုင်ဟု ဆိုသည်။

အစာကြမ်းကိုစားလျှင် အစာမကြေနိုင်ဟု ဒေါက်တာရှီယာက ပြောသည်။

၁၉၃၉ ဇွန် ၁ ရက်နေ့တွင် အစိုးရက ဆန်ကို သီးသန့်ကုန်အဖြစ် သတ်မှတ်သည်။ ဂျပန်တို့သာ ဆန်ကို စားရသည်။ တိုင်းသူပြည်သားတို့မှာ ဝက်သစ်ချသီးမှုန့်၊ လူး၊ ဆပ် စသည်တို့ စားရသည်။ အစာမကြေ။ ဒေါက်တာရှီယာက ထိုလူနာကို ဆေးပေးသည်။ တစ်ဖန်အဘွားအား မှောင်ခိုဈေးမှ ဝယ်ထားသည့် ဆန်တစ်အိတ်ပေး လိုက်ရန် ပြောသည်။

မကြာမီ ထိုလူနာ အလုပ်သမားစခန်းတွင် သေသွားသည် ကြားရသည်။ ဒေါက်တာရှီယာ၏ အိမ်မှအပြန် သူသည် ဆန်ထမင်းကို စားပြီး အလုပ်သွားသည်။ မီးရထားဝင်းထဲမှာ အန်သည်။ အန်ဖတ်တွင် ထမင်းလုံးများကို ဂျပန်အစောင့်တွေ့ သွားပြီး "စီးပွားရေး လူဆိုး" အဖြစ် သူ့ကို ဖမ်းသည်။ အကျဉ်းစခန်းသို့ ပို့သည်။ အားနည်းပြီး ရက်အနည်းငယ်သာ အသက်ရှင်နေနိုင်သည်။ သူ သေကြောင်း သူ့မိန်းမကြားရသည့် အခါ ကလေးနှင့်အတူ ရေထဲဆင်းပြီး သေသည်။

မီးရထားကူလီ သေသွားသဖြင့် သူမှာ တာဝန်မကင်းဟု ဒေါက်တာရှီယာ ယူဆသည်။ ဆန်သည် လူ့အသက်ကို ရှင်စေနိုင်သလို သေစေနိုင်သည်။ ဆန်အိတ်ငယ်လေး တစ်အိတ်ကြောင့် လူသုံးယောက် သေရသည်။ ထိုအခါမှစ၍ ပုရီကို မင်းဆိုး မင်းညစ်ဟု ဒေါက်တာရှီယာခေါ်သည်။

ထိုဖြစ်ရပ်နောက် ဒေါက်တာရှီယာ၏ အိမ်သို့ ဒုက္ခများ အလုံးအရင်းနှင့် ရောက်လာသည်။ သူ၏ သားအငယ်ဆုံးသည် ယိရှန်တွင် ကျောင်းဆရာလုပ်သည်။ ပုရီ၏ ဓာတ်ပုံကို အလေးမပြုမိသဖြင့် ဂျပန်ကျောင်းအုပ်က ပါးရိုက်သည်။ "ဒါ မင်းတို့ဘုရင်။ မင်းတို့ ရိုသေရမယ်" ဟု ဂျပန်ကျောင်းအုပ်က ပြောသည်။ ထိုနေ့ညနေတွင် မိတ်ဆွေတစ်ယောက် အိမ်သို့ရောက်လာပြီး သူ့ကို "အတွေးအခေါ် ရာဇဝတ် ကောင်" ဟု ကင်ပွန်းတပ်ကြောင်း သိရသည်။ ယင်းပြစ်မှုကြောင့် သေဒဏ်ပေးနိုင်သည်။ သူလည်း အိမ်မှ ထွက်ပြေးသည်။ သူ့အကြောင်း မကြားရတော့ပေ။ တစ်နေရာတွင် ဖမ်းမိပြီး ထောင်ထဲတွင် သေသွားဟန်တူသည်။ သို့မဟုတ် အလုပ်သမားစခန်းတစ်ခု၌ အသက်ဆုံးပါးနိုင်သည်။ ထိုအခါမှစ၍ ဒေါက်တာရှီယာ သည် မန်ချူးကိုးနှင့် ပုရီတို့၏ ရန်သူ ဖြစ်လာသည်။

သည်မျှနှင့် အဆုံးမသတ်သေး။ သူ့ညီ၏ ရာဇဝတ်မှုသည် အစ်ကို တောကွီ

ကိုပါ ဒုက္ခပေးသည်။ တေကွီမှာ ဒေါက်တာရှီယာ၏ သားတစ်ယောက် ဖြစ်သည်။ သူ့ညီအား အကာအကွယ်ပေးရသဖြင့် ငွေပေးရမည်ဟု ရပ်ရွာလူဆိုး တို့က တောင်းသည်။ ပေးသော်လည်း ထပ်၍တောင်းသည်။ နောက်ဆုံးတွင် ဆေးဆိုင်ကို ရောင်းကာ ယိရှန်မှ ထွက်ခွာပြီး မုခဒင်တွင် ဆိုင်သစ်ဖွင့်နေလေသည်။

ယခုအခါ ဒေါက်တာရှီယာမှာ ပို၍ကျော်ကြားလာသည်။ ဂျပန်ကိုရေ ဒေသသားများကိုပါ သူ ဆေးကုပေးရသည်။ လူနာသည် လူသားဖြစ်သည်။ ဆရာဝန် ဆိုသည် လူနာကို ဆေးကုရမည်။ ဘယ်လိုလူလဲဆိုသည်ကို စောကြော မနေသင့်ဟု ဒေါက်တာရှီယာ ခံယူသည်။

အဘွားသည် ထိုအတောအတွင်း သူ့အမေကို ကျင်ကျို့သို့ ခေါ်ယူသည်။ ဒေါက်တာရှီယာနှင့် လက်ထပ်ရန် အိမ်မှ ထွက်လာသည့်အခါ သူ့အမေ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ သူ့ယောကျ်ားက မနှစ်မြို့။ မွန်ဂိုလီယား ကိုယ်လုပ်တော် နှစ်ယောက်ကလည်း မုန်းသည်။ သူ့ကို အဆိပ်ခပ်သတ်မည် သံသယရှိလာသည်။ ကျွေးသည့် ထမင်းကို ငွေတူဖြင့်စားသည်။ ငွေသည် အဆိပ်နှင့်ထိလျှင် မည်းသွားသည်။ တစ်နေ့တွင် ကျွေးသည့်ထမင်းကို ခွေးအား ကျွေးရာ ခွေးသေသွားသည်။ ထိုအခါမှစ၍ အဘွား၏အမေသည် သူ့လင်နှင့် ရန်ဖြစ်သည်။ ယောက္ခမ မိန်းမသူ မစ္စက်ယန်းအကူအညီဖြင့် သားငယ်ယုလင်ကို ခေါ်ကာ အိမ်မှထွက်ခွာပြီး အခန်း တစ်ခု ငှားနေသည်။ မစ္စက်ယန်းလည်း သူ့သားကို စိတ်ပျက်ပြီး အဘွား၏ အမေ တို့နှင့်အတူ အိမ်မှ ခွာသည်။ သားကို သွားခါနီးမှသာ တွေ့သွားသည်။

ပထမဆုံးနှစ်တွင် မစ္စတာယန်းက ထောက်ပံ့သည်။ ၁၉၃၉ တွင်မူ ထောက်ပံ့ငွေမပေးတော့။ ဒေါက်တာရှီယာနှင့် အဘွားက သူတို့ သုံးယောက်ကို ထောက်ပံ့ရသည်။ ထိုအချိန်က လင်ကမယားကို ထောက်ပံ့ကြေးပေးရသည့် ဥပဒေမရှိ။ ၁၉၄၂ မစ္စက်ယန်း သေသည့်အခါ ကျွန်မ၏ အဘေးမကြီးနှင့် ယုလင်တို့ ကျင်ကျို့ သို့ရောက်လာကြပြီး ဒေါက်တာရှီယာ၏ အိမ်တွင် နေထိုင်သည်။ မစ္စက်ယန်း သည် ဘုရားကြည်ညို သည်။ နေ့စဉ် ရှိခိုးသည့်အခါ နောက်တစ်ခါ လူဖြစ်လျှင် မိန်းမ ဘဝမရပါစေနှင့်ဟု ဆုတောင်းသည်။ "ကြောင် သို့မဟုတ် ခွေးဖြစ်ချင်ဖြစ်ပါစေ။ လူမိန်းမတော့ မဖြစ်ပါရစေနှင့်" ဟု သူ အမြဲပြောသည်။

အဘွားသည် သူ့ညီမ "လန်" ကို ကျင်ကျို့သို့ခေါ်ယူသည်။ လန်ကို အဘွား အလွန်ချစ်သည်။ လန်ယူသည့် ယောကျ်ားမှာ လိင်တူဆက်ဆံသူဖြစ်သည်။ လန်ကို သူ့လင်က လူချမ်းသာ ဦးလေးတစ်ယောက် အားပေးလိုက်သည်။ တစ်ဖန် သူ့လင်က "လန်" ကို ဦးလေး၏ ကုန်သွယ်ဘက် တစ်ယောက်အား ပေးသည့်အခါ လန် ငြင်းသည်။ အဘွားက ငွေပေးကာ လန်ကို ရွေးယူရသည်။ ထိုခေတ်က မိန်းမတစ်ယောက်သည် လင်မယားကွာရှင်းခွင့်မတောင်းဆိုနိုင်။ အဘွားက သူ့ကို ကျင်ကျို့သို့ခေါ်ယူသည်။ ကျင်ကျို့တွင် လန်သည် "ပိုင်-အို" ဆိုသော ယောကျ်ားတစ်ယောက်နှင့် လက်ထပ်သည်။

"ပိုင်အို" သည် ထောင်ဝါဒါဖြစ်သည်။ သူတို့လင်မယား အဘွားဆီသို့ မကြာခဏလာရောက် လည်ပတ်သည်။ ပိုင်အိုထံမှ ကြားရသည့် ထောင်တွင်း ဇာတ်လမ်းများမှာ ကြက်သီးထစရာကောင်းသည်။ ထောင်ထဲတွင် နိုင်ငံရေး အကျဉ်းသားများစွာရှိသည်။ သူတို့သည် သတ္တိကောင်းသည်။ နှိပ်စက်ညှဉ်းပန်း ခံရသည့်အကြားက ဂျပန်ကို ဆဲရေးသည်။ အကျဉ်းသားများသည် ဆေးကုသခွင့်မရှိ။ အနာရလျှင် သည်အတိုင်းပျောက်လျှင်ပျောက် မပျောက်လျှင် ပုပ်သွားသည်။

ဒေါက်တာရှီယာသည် ထောင်ထဲသို့သွားကာ ထောင်သားများကို ဆေးကုသည်။ ပထမ အကြိမ်သွားသည့်အခါ "ပိုင်-အို" က သူ၏မိတ်ဆွေ ဒေါက်ဖြုတ်သမား "ဒေါင်" နှင့် မိတ်ဆက်ပေးသည်။ "ဒေါင်" သည် ကြိုးစင်တွင် ဒေါက်ဖြုတ်သူဖြစ်သည်။ သတ်နည်းတစ်မျိုးမှာ အကျဉ်းသားကို ကုလားထိုင်တွင် ထိုင်စေပြီး လည်ပင်းကို ကြိုးဖြင့်တုပ်သည်။ ကြိုးကို တဖြည်းဖြည်းခြင်း တင်းခြင်းဖြစ်သည်။ အကျဉ်းသားမှာ မချိမဆံ့သေရသည်။

"ဒေါင်" သည် လူသတ်ရသည်ကို လိပ်ပြာမလုံ။ မသတ်ခင် အရက်သောက် ရသည်။ ဒေါက်တာရှီယာက ဒေါင်ကို အိမ်သို့အလည်အပတ်ခေါ်သည်။ လက်ဆောင် များပေးသည်။ ကြိုးကို တင်းတင်းမတုပ်ရန် မေတ္တာရပ်ခံသည်။ ဒေါင်က တတ်နိုင်သမျှ ကြိုးစားမည်ဆိုသည်။ တစ်ခါတစ်ရံ ဂျပန်အစောင့်သည် လူသတ်ကွင်းတွင်မရှိ။ ဒေါင်နှင့်လွှဲထားသည်။ ထိုအခါ တတ်နိုင်သမျှ သူကယ်တင်သည်။

အကျဉ်းသားများကို သတ်ပြီးနောက် မြို့ပြင်ဒက္ခိဏကုန်းမြေ၌ မြှုပ်နှံသည်။ ကျင်းများမှာ တိမ်သဖြင့် အလောင်းများကို တောခွေးများက စားသည်။ ထိုခေတ်က သမီးမိန်းကလေးမွေးလျှင် သတ်ပြီး ထိုနေရာမှာ စွန့်ပစ်သည်။ အလောင်းများကို ထင်ရှူးသေတ္တာတွင်ထည့်ကာ လှည်းပေါ်တင်ပြီး မြို့ပြင်သို့ ပို့သည်။

ဒေါက်တာရှီယာသည် လှည်းသမား အဘိုးအိုနှင့် ဆက်သွယ်ပြီး ငွေကြေး ပေးကမ်းကာ တတ်နိုင်သမျှ အသက်များကို ကယ်သည်။ လှည်းသမား အဘိုးအိုသည် ဒေါက်တာ၏ ဆေးခန်းသို့ ရောက်လာပြီး မတည်ငြိမ်သည့် လူ့ဘဝအကြောင်းများ ပြောတတ်သည်။ တကယ်က ဒက္ခိဏကုန်းမြေမှ သချိုင်းကုန်း အကြောင်း ပြောခြင်း ပြင်သည်။ "သေသူ့ဝိညာဉ်တွေကို ကျွန်တော်က ပြောရတယ်။ ငါ့ကြောင့် သေတာ မဟုတ်ဘူး။ နောင်နှစ်ပြန်လာခဲ့ကြ။ လူပြန်ဖြစ်ချင်ရင် ခေါင်းလှည့်တဲ့ ဘက်သွားကြလို့ ပြောရတယ်။ အဲဒါအကောင်းဆုံး လမ်းပဲ"။ ဒေါင်နှင့် လှည်းသမားကြီးတို့ သူတို့ ဘာလုပ်သည်ကို တစ်ယောက်နှင့် တစ်ယောက်မပြောကြ။ သူ့တို့လူ ဘယ်နှစ်ယောက် ဘယ်တင်ခဲ့သည်ကို ဒေါက်တာရှီယာ ဘယ်တော့မှ မသိ။ စစ်ပြီးသည့်အခါ ကယ်တင်ခံရသူတို့သည် ငွေကြေးစုဆောင်းပြီး ဒေါင်အတွက် အိမ်တစ်လုံး၊ မြေ အနည်းငယ် ဝယ်ပေးကြသည်။ လှည်းသမားကြီးကား ကွယ်လွန်သွားပြီ။

သူတို့ကယ်တင်ထားသူ တစ်ယောက်မှာ အဘွား၏ ခပ်ဝေးဝေး ဆွေမျိုး

တစ်ယောက်ဖြစ်သည့် ဟန်-ချင် ဖြစ်သည်။ သူသည် ဂျပန်ဆန့်ကျင်ရေးခေါင်းဆောင် တစ်ယောက်ဖြစ်သည်။ ကျင်ကျို့သည် တရုတ်ပြည် မဟာရံတံတိုင်းကြီး မြောက်ဘက် တွင် တည်ရှိသည့် အချက်အချာဒေသတစ်ခု ဖြစ်သည်။ ဂျပန်သည် တရုတ်ပြည်ကို ၁၉၃၇ တွင် ဇူလိုင်တွင် စတင်တိုက်ခိုက်သည်။ လုံခြုံရေး တင်းကျပ်သည်။ ဟန်- ချင်၏ မြေအောက် အဖွဲ့ထဲသို့ ဂျပန်သူလျှိုတစ်ယောက် ဆက်သွယ် ဝင်ရောက်နိုင် လေရာ တစ်ဖွဲ့လုံး အဖမ်းခံရသည်။ အမျိုးမျိုးနှိပ်စက်ပြီး နောက်ဆုံး သတ်ပစ်သည်။ ဟန်-ချင် သေသည်မှာ ကြာပြီဟု ဒေါက်တာရှီယာ ထင်သည်။ သို့သော်လည်း ဦးလေး “ပိုင်-အို” က မသေသေး။ သို့သော် သတ်တော့မည်ဟု သူက ပြောသည်။ ဒေါက်တာ ရှီကလည်း ချက်ချင်းပင် “ဒေါင်” နှင့် ဆက်သွယ်သည်။

သတ်မည့်ညတွင် ဒေါက်တာရှီယာနှင့် အဘွားတို့ ဒက္ခိဏကုန်းမြေသို့ မြင်းလှည်းတစ်စီးဖြင့်သွားကာ သစ်ပင်အုပ် တစ်ခုအောက်မှာ စောင့်သည်။ ခွေးအူ သံများ ကြားရပြီး နောက်ဆုံးတွင် လှည်းရောက်လာသည်။ လှည်းသမားထွက်သွားလျှင် သူ စွန့်ပစ်ခဲ့သည့် အလောင်းများထဲမှ ဟန်-ချင် ကို ရှာသည်။ တွေ့သည်။ သေသည် ရှင်သည်ကား မပြောနိုင်။ အသက်ငွေ့ငွေ့ ရှိသေးသည်။ သူ့ကို အိမ်သို့ ခေါ်ဆောင်လာသည်။

အိမ်တွင် အတွင်းခန်းတစ်ခု၌ ဝှက်ထားသည်။ ဟန်-ချင်၏ အခန်းမှ ခြံဝင်းထဲသို့ တိုက်ရိုက် ထွက်နိုင်သည်။ ဟန်-ချင် ကျန်းမာရေးလေ့ကျင့်ခန်းများ လုပ်သည်။

ပုလိပ်ဝင်ဖမ်းမှာတော့ စိုးရသည်။ မန်ချူးကိုးပုလိပ်သည် တကယ်တော့ ကြောက်စရာမကောင်း။ သူတို့သည် ဂျပန်ဆန့်ကျင်သူများဖြစ်သည်။ သူတို့ တာဝန်မှာ မှတ်ပုံတင်စစ်ဆေးခြင်းဖြစ်သည်။ တစ်အိမ်တက်ဆင်းရှာသည်။ သူတို့ ရောက်လာလျှင် “မှတ်ပုံတင်စစ်မယ်ဟု ခပ်ကျယ်ကျယ်အော်သည်။ ပုန်းအောင်းလိုသူတို့အဖို့ အချိန်များစွာရသည်။ ထိုအသံကြားလျှင် အဘွားက ဟန်-ချင်ကို နောက်ဆုံးအခန်း ထပ်ခိုးပေါ်မှာ ဝှက်ထားသည်။ ပုလိပ်သည် အိမ်ထဲရှာပြီး ဧည့်ခန်းမှာထိုင်ကာ လက်ဖက်ရည်သောက်သည်။ ပြီးတော့ အဘွားအား “ရှာရတာကတော့ တာဝန်အရပါ ခင်ဗျာ . . . အဘွားသိပါတယ်” ဟု တောင်းပန်သည်။

ထိုအချိန်တွင် ကျွန်မ အမေသည် ဆယ့်တစ်နှစ်သမီးအရွယ်ရှိနေပြီ။ မိဘများက မပြောသော်လည်း ဟန်-ချင် အိမ်မှာရှိကြောင်း တခြားသူများအား မပြောရဟု သူ နားလည်သည်။ ကလေးဘဝကပင် အမေသည် ကိုယ်နှုတ်စောင့်စည်း တတ်ခဲ့သည်။

အဘွားက ဟန်-ချင် ကို ပြုစုသည်။ သုံးလရှိလျှင် ကျန်းမာလာပြီး လမ်းလျှောက်နိုင်လာသည်။ ထိုနောက် အိမ်မှ ခွာသည်။ “အစ်မနဲ့ အစ်ကို ယောက်ဖ တို့ခင်ဗျား။ အသက်ကယ်တာကို မမေ့ပါဘူး။ အခွင့်သာတဲ့အခါ

အသက်ဖိုးဆပ်ပါမယ်” ဟု သွားခါနီးတွင် နှုတ်ဆက်သည်။ သုံးနှစ်ကြာလျှင် သူ ပြန်ရောက်လာပြီး သူ့ကတိစကားအတိုင်း တည်သည်။

အမေနှင့် ကျောင်းနေဘက်သူငယ်ချင်း အတန်းသားတို့သည် ပညာပေး အစီအစဉ်တစ်ခု ဖြစ်သည့် ဂျပန်တို့ပြသသည့် သတင်းရုပ်ရှင်ကားများကို ကြည့်ရသည်။ ရက်စက်မှုကား စုံသည်။ ရက်စက်မှုကိုပြလျှင် မကြောက်မရွံ့ ကြည့်ရသည်။ မအော်ရ။ မျက်လုံးပိတ်မထားရ။ ပါးစပ်ထဲ လက်ကိုင်ပဝါ ဆို့မထားရ။ ကြောက်လာအောင် ပြခြင်းဖြစ်သည်။ ဂျပန်စစ်သားတို့၏ လူသတ်ပုံမှာ စုံလင်သည်။ လူကို နှစ်ပိုင်းဖြတ်သတ်ကာ ခွေးများကို တစ်ပိုင်းစီဆွဲစေသည်။ အမေသည် ကြောက်စရာ အိမ်မက်ဆိုးများ ကြုံရသည်။ ထမင်းလုံး တစ္ဆေအခြောက်ခံရသည်။

၁၉၄၂ အတွင်း ဂျပန်တပ်များ တရုတ်ပြည်၊ အရှေ့တောင်အာရှနှင့် ပစိဖိတ် နိုင်ငံများသို့ စစ်ကွန်ယက် ဖြန့်ကြက်သည်။ တိုင်းပြည်တိုင်းတွင် အလုပ်သမားများ ရှားပါးသည်။ အမေနှင့်အတူ ကျောင်းသူတစ်တန်းလုံး ချည်စက်တစ်ခုတွင် ကူညီလုပ်ကိုင်ရန် ခေါ်ဆောင်သွားသည်။ ဂျပန်ကလေးများလည်းပါသည်။ အမေတို့မှာ လေးမိုင်ခရီးကို ခြေကျင်လျှောက်ကြရသည်။ ဂျပန်ကလေးများကို ထရပ်ကား ပေါ်တင်၍ ခေါ်သည်။ အမေတို့မှာ လောက်ကောင်တွေပါသည့် ပြောင်းဆန်ပြုတ်ကို စားရသည်။ ဂျပန်ကျောင်းသူများတွင် အသား၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးတို့ ပေါကြွယ်သည့် နေ့လယ်စာများ ပါလာသည်။

ဂျပန် ကျောင်းသူများသည် လွယ်ကူပေါ့ပါးသည့် အလုပ်များ လုပ်ကိုင်ရသည်။ အမေတို့မှာ ဗိုင်းငင်စက်များကို မပြတ်ကြည့်နေရသည်။ အန္တရာယ်လည်း များသည်။ ချည်ငင်ပြီး အပ်ချည်စများ ပြတ်လျှင် ဆက်ပေး ရသည်။ စက်များက ရပ်မနား လည်နေသည်။ အပ်ချည်စပြတ်သည်ကို မမြင်လျှင် သို့မဟုတ် ပြတ်သည်ဘဲ ဆက်မပေးလျှင် ဂျပန်အုပ်ချုပ်သူက ရိုက်သည်။

ကျောင်းသူများ ကြောက်ရွံ့ ထိတ်လန့် စိတ်ရှုပ်ရသည်။ ရာသီဥတုက အေးသဖြင့် တစ်ကိုယ်လုံး ထုံကျဉ်ကိုက်ခဲသည်။ ထိုအခါ မတော်တဆ ဖြစ်ရပ်များကြုံရသည်။ အမေနှင့်အတူ ပါသွားသည့် ကျောင်းသူ တစ်ဝက်မှာ ဒဏ်ရာများရသည်။ တစ်နေ့တွင် လွန်းတစ်ခု စက်ထဲမှ ပျံထွက်လာပြီး အမေဘေးက ကျောင်းသူ၏ မျက်စိကို မှန်သည်။ ဆေးရုံပို့စဉ် သတိမထားရ ကောင်းလားဟု ဂျပန်အုပ်ချုပ်သူက တစ်လမ်းလုံး ဆူပူ ကြိမ်းမောင်းသည်။

စက်ရုံလုပ်ငန်း တာဝန်ပြီးဆုံးလျှင် အမေသည် အလယ်တန်း ကျောင်းသို့ တက်သည်။ ခေတ်ပြောင်းလာပြီ။ အဘွားတို့ခေတ်နှင့် မတူ။ မိန်းကလေးများ သည် နံရံလေးဖက်အတွင်း မနေကြတော့ဘဲ စာသင်ကျောင်း ပရဝုဏ်သို့ ဝင်ကြသည်။ မိန်းမ တစ်ယောက် အထက်တန်းပညာ သင်ကြားသည်ကို လူ့အဖွဲ့အစည်းက လက်ခံသည်။ သို့ငြားလည်း ယောက်ျားနှင့်မိန်းမ ခွဲခြားပြီး သင်ကြားကြသည်။ မိန်းကလေးများ၏ ရည်ရွယ်ချက်မှာ ဇနီးမယားကောင်းဖြစ်ရေး မိဘကောင်းဖြစ်ရေးသာတည်း။ ဤသည် မှာ စာသင်ကျောင်း၏

ဆောင်ပုဒ်ဖြစ်သည်။ ဂျပန်အသုံးအနှုန်းမှာ "မိန်းမပီသရေး" ဖြစ်သည်။ အိမ်မှုကိစ္စ၊ အချက်အပြုတ်နှင့် အချုပ်အလုပ်၊ လက်ဖက်ရည်ပွဲ တည်ခင်းခြင်း၊ ပန်းအလှပြင်ခြင်း၊ ဇာထိုးပန်းထိုး၊ ပုံဆွဲနှင့် အနုပညာ မြတ်နိုးခံစားခြင်း တို့ ဖြစ်သည်။ အရေးအကြီးဆုံးမှာ လင်ယောကျ်ား ကျေနပ်အောင် ပြုစုတတ်ရေးပင် ဖြစ်သည်။ လှပအောင် ဝတ်စားပြင်ဆင်တတ်ရမည်။ ဆံပင်ပြုပြင် တတ်ရမည်။ လင်ကို ဦးညွတ် ကြိုဆိုရမည်။ လင်၏စကားကို နားထောင်ရမည်။ တစ်ခွန်းမျှ ပြန်မမေးရ။ အဘွားကမူ ကျွန်မအမေသည် ရိုးတွင်းခြင်ဆီထဲကကို သူပုန်သွေးပါလာသည့် မိန်းကလေးဖြစ်သည်ဟု ဆိုသည်။ အမေသည် ထိုကိစ္စများအားလုံးကို မလုပ်တတ်။ ထမင်းဟင်းပင် မချက်တတ်။

ဟင်းလျာစီစဉ်ချက်ပြုတ်ခြင်းနှင့် ပန်းအလှပြင်ခြင်းတို့တွင် စာမေးပွဲများ ပြုလုပ်သည်။ စာစစ်အဖွဲ့တွင် ဂျပန်ရော ဒေသခံလူကြီးများပါ ပါသည်။ မိန်းကလေးများကို အရွယ်ခွဲခြားသည်။ ဂါဝန်လှလှလေးများ ဝတ်ထားသည့် သူတို့ခေတ်ပုံများကို ကြော်ငြာသင်ပုန်းတွင် သူတို့၏ တာဝန်နှင့်အတူ ယှဉ်တွဲဖော်ပြထားသည်။ ဂျပန် အရာရှိများသည် မန်ချူးကိုး သမီးပျိုများကို လက်ထပ်သည်။ သွေးချင်းနှော သည်ကို သူတို့အားပေးသည်။ မိန်းကလေး အချို့ကို သူတို့ မမြင်ဖူးသည့် ဂျပန်ယောကျ်ားနှင့် လက်ထပ်ရန် ဂျပန်ပြည်သို့ ပို့သည်။ မိန်းကလေးရော သူတို့၏ မိဘများပါ သဘောတူသည်။ ဂျပန်အုပ်ချုပ်ရေး ကုန်ဆုံးခါနီးချိန်တွင် အမေ၏ သူငယ်ချင်းတစ်ယောက်သည် ဂျပန်ပြည်သို့ လင်ယူသွားရန် ရွေးချယ်ထားသည်။ သို့သော်လည်း သဘော်ာ မမီလိုက်သဖြင့် ဂျပန်လက်နက်ချသည့်အခါ ကျင်ကျို့တွင် ကျန်ရစ်ခဲ့သည်။ အမေက "ဘယ်နှယ်ရှိစ" ဟူ၍ မေးထိုးကာ မေးသည်။

ဂျပန်တို့သည် သူတို့အရင်က မန်ဒရင်းတရုတ်တို့နှင့်မတူ။ အားကစားကို အားပေးသည်။ အမေသည် အပြေးကောင်းသည်။ အရေးကြီးသည့် ပွဲတစ်ခုတွင် ဝင်ပြိုင်ရန် သူ့ကို ရွေးထားသည်။ အချိန်အတန်ကြာက လေ့ကျင့်ထားသည်။ သို့သော်လည်း ပြေးခုန်ပွဲမတိုင်မီ ရက်အနည်းငယ်တွင် တရုတ်ဆရာက နိုင်အောင် မပြေးရန် ပြောသည်။ ဘာကြောင့်ဟူ၍ကား ပြောမပြသော်လည်း အမေ နားလည်သည်။ ဂျပန်တို့သည် သူတို့သာ အနိုင်ယူချင်သည်။ ဒေသခံ မိန်းကလေး တစ်ယောက် ကိုလည်း ထိုအတိုင်း အမေမှတစ်ဆင့် အပြောခိုင်းသည်။ ပြေးပွဲနေ့တွင် အမေက နိုင်အောင်မပြေး။ ပထမခြောက်ယောက်ထဲတွင်ပင် မပါလာ။ သို့သော်လည်း တခြား မိန်းကလေးမှာ ပထမဆုံး ပန်းဝင်လာသည်။

ဂျပန်တို့က ချက်ချင်းလက်စားချေသည်။ ကျောင်းတွင် မနက်တိုင်း တကျောင်းလုံး ခန်းမ၌ စုဝေးကြရသည်။ ကျောင်းအုပ်ဂျပန်က ဦးဆောင်ပြီး အလေးပြုခြင်း လေးမျိုးကို ရင်ခေါင်းသံဖြင့် ကြေညာသည်။ ပထမ အဝေးရှိ မြို့တော်ကို အလေးပြုခြင်း။ ယင်းမှာ တိုကျိုမြို့ဖြစ်သည်။ ဒုတိယ အမျိုးသားမြို့တော်ကို အလေးပြုခြင်း။ ယင်းမှာ မန်ချူးကိုးမြို့တော် ဆင်ကင်း

ဖြစ်သည်။ တတိယ နေနတ်သား ဧကရာဇ်ကို အလေးပြုခြင်း၊ ယင်းမှာ ဂျပန်ဘုရင်ဖြစ်ပြီး နောက်ဆုံး ဧကရာဇ်၏ ဓာတ်ပုံကို အလေးပြုခြင်း ဖြစ်သည်။ နောက်ဆုံးမှာ ပုရီဖြစ်လေသည်။ ယင်းတို့အားလုံးပြီးလျှင် ဆရာများကို အလေးပြုရသည်။

ထိုနေ့မနက်တွင် အလေးပြုခြင်းအားလုံး ပြီးဆုံးသည့်အခါ ပြေးပွဲတွင် ပထမရသည့် ကျောင်းသူကို ကျောင်းအုပ်က ဆွဲထုတ်ပြီး ပုရီကို အလေးပြုသည့်အခါ ကိုးဆယ်ဒီဂရီအောက် နည်းသည်ဟု ပြောသည်။ ထိုနောက် ပါးရိုက်သည်။ ခြေဖြင့် ကန်သည်။ ပြီးတော့ သူ့ အား ကျောင်းထုတ်လိုက်သည်ဟု ကြေငြာသည်။ ထိုကျောင်းသူနှင့် သူ့မိသားစု ဒုက္ခရောက်ရသည်။

သူ့မိဘများသည် သူတို့သမီးကို အရာရှိလေး တစ်ယောက်နှင့် လက်ထပ်ပေးသည်။ ဂျပန်စစ်ရှုံးပြီးနောက် ထိုအရာရှိကို ဂျပန်နှင့် ပူးပေါင်းသူဟု စွပ်စွဲခံရသည်။ သို့ဖြစ်ရာ သူ့မိန်းမမှာ ဓာတု ဆေးပစ္စည်းစက်ရုံတစ်ခုတွင်သာ အလုပ်ရသည်။ စက်ရုံတွင် လေထုညစ်ညမ်းမှုကို ထိန်းချုပ်ခြင်းမရှိ။ ၁၉၈၄ တွင် ကျင်ကျိူ့သို့ အမေ ရောက်သွားသည့်အခါ ထိုကျောင်းသူကို တွေ့အောင် ရှာသည်။ သူ့မှာ မျက်မမြင် ဖြစ်နေရှာသည်။ သူသည် ဘဝကြမ္မာဆိုးများ၏ ဒဏ်ကိုခံခဲ့ရသည်။ ပြေးပွဲတွင် ဂျပန်ကို အနိုင်ယူ ခဲ့သောကြောင့်ဖြစ်ပြီး နောက်ဆုံးတွင် ဂျပန်နှင့်ပူးပေါင်းသူအဖြစ် ဇာတ်သိမ်းမလှ ဖြစ်ခဲ့ရသည်။ သို့တိုင်အောင် ပြေးပွဲတွင် အနိုင်ရခဲ့သဖြင့်ကားထိုအချိန်အထိ နောင်တရခြင်း မရှိပေ။

မန်ချူးကိုးတွင် ပြည်သူများသည် ကမ္ဘာ့အခြေအနေမှန်ကို မသိရ။ စစ်ပွဲတွင် ဂျပန်အခြေအနေ ကိုလည်း မသိရ။ သူတို့နှင့် ဝေးသည့်နေရာများတွင် စစ်ပွဲများ ဖြစ်ပွားနေသည်။ သတင်းများကို ဖြတ်တောက်ပြီးမှ ကြေညာသည်။ ရေဒီယိုကမူ ဝါဒဖြန့် သတင်းများကိုသာ ပြောကြားသည်။ သို့သော်လည်း ဂျပန်ဒုက္ခတွေ့နေပြီ ဟူ၍ကား သူတို့သိသည်။ အစားအသောက်များ ရှားပါးလာသောကြောင့် ဖြစ်သည်။

၁၉၄၃ နွေရာသီတွင် ပထမဆုံးသတင်းမှန် ကြားရသည်။ ယင်းမှာ ဂျပန်၏ မဟာမိတ် အီတလီ လက်နက်ချသည့် သတင်းဖြစ်ပြီး သတင်းစာများက ဖော်ပြသည်။ ၁၉၄၄ အလယ်တွင် အုပ်ချုပ်ရေးဘက် ဂျပန်အရာရှိများကို စုစည်းသည်။ ၁၉၄၄ ဇူလိုင် ၂၉ တွင် အမေရိကန် ဘီ ၂၉ ဗုံးကြဲလေယာဉ်ပျံများ ကျင်ကျိူ့မြို့ပေါ်တွင် ပထမဆုံးအကြိမ် ပျံသန်းသည်။ ဗုံးကားမချ။ ဂျပန်တို့က အိမ်တိုင်းဗုံးခိုကျင်း တူးရမည် အမိန့်ပေးသည်။ တစ်နေ့တွင် ကျွန်မ အမေ၏ ကျောင်း၌ ကျောင်းသူတစ်ယောက်က မီးသတ်ဗူးဖြုတ်ယူပြီး သူမုန်းသော ဂျပန်ဆရာတစ်ယောက်ကို ပက်ဖျန်းသည်။ ယခင်ကမူ ယင်းမှာ ပြစ်မှုကြီးတစ်ခု ဖြစ်သော်လည်း ယခုခွင့်လွှတ်ကာ အရေးမယူ။ ကြမ္မာအလှည့် အပြောင်းကာလ ရောက်လာပြီ။

ကြွက်မြီးဖြတ်ခြင်းနှင့် ယင်ကောင်ဖမ်းခြင်း လှုပ်ရှားမှုတစ်ခု ကျင်းပခဲ့သည်မှာကြာပြီ။ ကျောင်းသားများသည် ကြွက်မြီးများဖြတ်ပြီး

အိတ်တွင်ထည့်ကာ ပုလိပ်လက်အပ်ရသည်။ ယင်ကောင်ကိုမူ ပုလင်းထဲထည့်ကာ ပို့ရသည်။ ပုလိပ်က ကြွက်မြီးများ ယင်ကောင်များကို ရေတွက်သည်။ ၁၉၄၄ တစ်နေ့တွင် အမေပေး လိုက်သည့် ယင်ကောင်ပုလင်းကို ယူပြီး မန်ချူးကိုးပုလိပ်က "တစ်နပ်စာတောင်မရှိဘူး" ဟု ပြောသည်။ အမေအံ့အားသင့်သွားသည်ကိုမြင်လျှင် "မင်းမသိဘူးလား။ ဂျပန်တွေ ယင်ကောင်ကို သိပ်ကြိုက်တယ်။ ကြော်ပြီး စားတယ်" ဟု ပြောသည်။ အမေသည် ဂျပန်တို့ကို မအံ့သြတော့။

၁၉၄၄ ဆောင်းဦးပေါက်တွင်မူ အမေမပျော်တော့ပေ။ သူ့မိဘများ စိတ်ဝမ်းကွဲပြားသည့် အဖြစ်ကို ကြုံတွေ့ရလေသည်။

တရုတ်ဓလေ့ထုံးစံတစ်ခုမှာ အဋ္ဌမလ၏ ဆယ့်ငါးရက်မြောက်ညတွင် ဆောင်းဦးအလယ်ပွဲ ကျင်းပခြင်း ဖြစ်သည်။ အဘွားသည် ထိုပွဲတော်အတွက် ဖရုံစေ့ လှော်၊ လမုန့်နှင့် ပေါင်မုန့်တို့ကို လရောင်တွင် တည်ခင်းကျွေးမွေးရသည်။ ဤသည်မှာ ဓလေ့ထုံးစံအတိုင်း ဖြစ်သည်။ တရုတ်စကား "ယွင်" မှာ ပေါင်းစည်းခြင်း အဓိပ္ပာယ် ရသည်။ ထိုစကားလုံးသည်ပင် လုံးဝိုင်းခြင်း သို့မဟုတ် "အစည်းမပြေခြင်း" ဟူသောအဓိပ္ပာယ်လည်းထွက်သည်။

ငွေလရောင်တွင် အဘွားသည် ကျွန်မအမေကို လစန္ဒာနှင့်ပတ်သက်သည့် ပုံပြင်များ ပြောပြလေ့ရှိသည်။ "လ" တွင် အရိပ်မည်းကြီးတစ်ခုထင်နေသည်။ "ဝုဂင်" ဟူသော နတ်မင်းသည် အလွန်ကြီးသည့် ပွေးကိုင်းပင်ကြီးကို တစ်သက်လုံး ခုတ်လှည်း ရန်ကြိုးစားနေသည်။ ထိုအရိပ်သည် လတွင် ထင်ဟပ်နေခြင်းဖြစ်သည်။ သို့သော် လည်း ပွေးကိုင်းပင်မှာ တန်ခိုးရှင်က ဖန်ဆင်းထားသည့် အပင်ဖြစ်ရာ ခုတ်လှည်း မရနိုင်ဘဲ ရှိနေသည်။ အဘွားပြောသည့် လစန္ဒာပုံပြင်ကို အမေနားထောင်သည်။ လပြည့်ဝန်းည၏ လရောင်မှာ ကြည်နူးစရာကောင်းသည်။ သို့ပေမယ့် ထိုညတွင် "ယွင်" ဟူသော စကားကို မပြောရန် အဘွားကတားမြစ်ထားသည်။ အကြောင်းမှာ အဘွားတို့ မိသားစု တကွဲတပြား စီဖြစ်နေသောကြောင့်ဖြစ်သည်။ ဒေါက်တာရှီယာ သည် ပွဲတော်ရက်တွင် ဝမ်းနည်း ညှိုးနွမ်းနေသည်။ အဘွားလည်း ပုံပြောချင် စိတ်ပျောက်ကွယ်သွားသည်။

၁၉၄၄ ပွဲတော်ညတွင်မူ အမေနှင့်အဘွားတို့သည် ဖရဲစင်အောက်တွင် ထိုင်ရင်း မြူတိမ်ကင်းစင်သည့် ကောင်းကင်ကို ကြည့်နေကြသည်။ အမေက "လမင်း ဟာ ဒီည ဝိုင်းစက်နေတာပဲ" ဟု ပြောသည်။ သို့သော်လည်း အဘွားက စကားဖြတ်ပြီး မျက်ရည်တွေတွေကျကာ ငိုလေသည်။ ထိုနောက် အိမ်ထဲသို့ ပြေးဝင်သည်။ အဘွား၏ ရှိုက်သံစူးစူးကို အမေ ကြားနေရသည်။

"ရှင့်သား နဲ့ ရှင့်မြေးတွေဆီ ပြန်သွားတော့လေ။ ကျွန်မတို့သားအမိကို ထားခဲ့။ ရှင့်လမ်း ရှင်သွား" ဟု ပြောနေသည်။ ထို့နောက် ရှိုက်သံအကြားမှာပင် "ကျွန်မ အပြစ်လား။ ရှင့်အပြစ်လား။ ရှင့်သား သူ့ကိုယ်သူ သတ်သေတာ ဘယ်သူ့ အပြစ်လဲ။ အဲဒီအတွက် နှစ်တိုင်း ဘာကြောင့်ကြေကွဲနေရသလဲ။ ရှင့်သားသမီးတွေနဲ့ မတွေ့ရဘူးလို့ ကျွန်မ မတားမြစ်ဘူး။ သူတို့က ရှင့်ကို လာတွေ့ဖို့

ငြင်းဆန်နေကြတာ” ဟု ပြောသည်။ ယိရှန်မှ ဒေါက်တာရှီယာ ထွက်လာခဲ့ကတည်းက သူ၏ ဒုတိယသား တောက္ကိသာ သူ့ဆီ လာရောက် လည်ပတ်သည်။ ဒေါက်တာရှီယာ၏ အသံကိုကား အမေမကြားရပေ။

ထိုအခါမှစ၍ တစ်ခုခုတော့ မှားနေပြီဟု အမေခံစားမိသည်။ ဒေါက်တာ ရှီယာသည် စကားနည်းလာသည်။ သို့ဖြစ်ရာ အမေသည် သူ့ကို ရှောင်သည်။ အဘွား သည် မျက်ရည်စို့၍ သာနေသည်။ သူနှင့် ဒေါက်တာရှီယာတို့ ပျော်ရွှင်မှု ဘယ်တော့မှ ရနိုင်လိမ့်မည်မဟုတ်ဟု ညည်းသည်။ အဘွားသည် အမေ့ကို ဖက်ကာ ချစ်စရာဆို၍ သမီးတစ်ယောက်သာရှိတော့သည်ဟု ပြောသည်။

ကျင်ကျို့တွင် အမေမပျော်။ ဆောင်းရောက်လာသည်။ အမေရိကန် ဗုံးကြဲလေယာဉ်များ နောက်တစ်ကျော့ ထပ်၍လာသည်။ သို့တိုင်အောင် အမေ အားတက်စိတ်မဖြစ်ပေ။

ဂျပန်တို့သည် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ အမေ၏ ကျောင်းနေဘက် သူငယ်ချင်းတစ်ယောက် တရုတ်စာရေးဆရာ တစ်ယောက်ရေးသည့် စာအုပ်တစ်အုပ်ကို ဖတ်သည်။ ယင်းမှာ မဖတ်ရဟု ပိတ်ပင်ထားသည့် စာအုပ် ဖြစ်သည်။ အေးဆေး မည့်တစ်နေရာကို သူရှာသည်။ ထိုနေရာသို့သွားကာ ဖတ်ချင်သည့် စာအုပ်ကို ဖတ်မည်။ သို့ဖြစ်ရာ တောဘက်သို့ထွက်သွားပြီး နေရာရှာလျှင် ဂူတစ်ခုတွေ့ရသည်။ ဂူထဲဝင်သွားသည့်အခါ မှောင်မိုက်နေသည်။ စမ်းတဝါးဝါးနှင့်သွားရာ တစ်စုံတစ်ခုကို စမ်းမိသည်။ ယင်းမှာ ခလုတ်တစ်ခုဖြစ်သည်။ ချက်ချင်းပင် အသံစူးစူးဝါးဝါး တစ်ခု ထွက်လာခြင်းဖြစ်သည်။ သူရောက်နေသည်မှာ လက်နက်ဂိုဒေါင်ဖြစ်သည်။ သူ့ခြေထောက်ခွေကျသွားသည်။ ထွက်ပြေးရန် ကြိုးစားသော်လည်း ကိုက်တစ်ရာခန့် ပြေးမိလျှင် ဂျပန်စစ်သားလက်သို့ ရောက်သွားသည်။

နှစ်ရက်ရှိလျှင် တစ်ကျောင်းလုံး မြို့အပြင်ဘက် ရှောင်လင်မြစ် အကွေ့ဘေးက နှင်းတွေဖုံးနေသည့် ကွင်းပြင်တစ်ခုသို့ ချီတက်ကြရသည်။ ဂျပန်ကို မရိုသေသည့် မိန္ဒာတစ်ယောက်ကို ပြစ်ဒဏ်ပေးမည်။ အားလုံးသက်သေအဖြစ် ကြည့်ကြရမည်။ ကျောင်းသူလေးကို ကြိုးတုပ်ထားသည်။ တယိမ်းယိမ်း တယိုင်ယိုင် လျှောက်လှမ်းနေရသည်။ နှိပ်စက်ရိုက်နှက်ထားသဖြင့် မျက်နှာတစ်ခုလုံး ဖူးရောင်နေသည်။ မှတ်မိစရာပင် မရှိ။ အမေသည် သူ့အတန်းသူကို မမှတ်မိ။ ဂျပန်စစ်သားများ ရိုင်ဖယ်များကို မြှောက်ကာ တစ်ပြိုင်နက်တည်း ပစ်သည်။ သွေးများ နှင်းတွေပေါ် စီးကျသွားရင်း ကျောင်းသူလေးခွေလဲသွားသည်။ ဂျပန်ကျောင်းအုပ်က ကျောင်းသူများကို သေသေချာချာ ကြည့်သည်။ အမေသည် စိတ်မကောင်း။ သို့သော် ဖုံးကွယ် ထားရသည်။ သူငယ်ချင်း၏ ခန္ဓာကိုယ် ဆီသို့ ကြည့်သည်။ နှင်းဖြူဖြူပေါ်က နီရဲရဲ အကွက်ထဲတွင် ခန္ဓာကိုယ်တစ်ခု ခွေကျလဲ လျောင်းနေသည်ကို မြင်ရသည်။

ရှိုက်သံကို ချိုးနှိမ်နေသည့် တစ်ယောက်ဆီက အသံကို အမေကြားရသည်။

သူကား ဂျပန်ကျောင်းဆရာမလေး မစ္စ တာနာကာ ဖြစ်သည်။ ကျောင်းအုပ်သည် ချက်ချင်းပင် မစ္စ တာနာက၏ ပါးကို ရိုက်သည်။ ခြေထောက်နှင့် ကန်သည်။ ဆရာမ မြေပေါ်သို့လဲကျသွားသည်။ ဂျပန်ကျောင်းအုပ်၏ ဖိနပ်နှင့် ဝေးရာသို့ လိမ့်ကာ လိမ့်ကာ ပြေးသွားသည်။ သို့သော်လည်း ဆက်ကာဆက်ကာ ကန်သည်။ ဂျပန်လူမျိုး ကို သစ္စာဖောက်သည်ဟု သူပြောသည်။ ထို့နောက် ကျောင်းအုပ် အကန်ရပ်သည်။

တပည့်များကိုကြည့်ပြီး ချီတက်ရန်အမိန့်ပေးသည်။

အမေသည် ခွေခွေကလေးလဲနေသော ဆရာမနှင့် သူငယ်ချင်း၏ အလောင်းကို တစ်ချက်လှည့်၍ ကြည့်သည်။ ထို့နောက် အမုန်းစိတ်ပွားရလေသည်။

[၄]

ကိုယ်ပိုင်နိုင်ငံမရှိသည့် ကျေးကျွန်များ

သခင်သစ်များ အုပ်ချုပ်ခြင်းခံရသည်

(၁၉၄၅ - ၁၉၄၇)

၁၉၄၅ မေတွင် ဂျာမန်တို့ လက်နက်ချသည့်သတင်း ကျင်ကျို့သို့ ရောက်သည်။ ဥရောပစစ်ကြီး ပြီးဆုံးသွားပြီ။ အမေရိကန်လေယာဉ်များ ပျံသန်းမှု ပိုများလာသည်။ ဘီ ၂၉ တို့သည် မန်ချူးရီးယားနိုင်ငံ အခြားမြို့များကို ဗုံးကြဲသည်။ ကျင်ကျို့မှာ အတိုက်ခိုက်မခံရ။ ဂျပန်တို့ စစ်ရှုံးတော့မည်ဆိုသော သတင်း ပျံ့နှံ့နေသည်။

ဩဂုတ် ၈ တွင် အမေတို့ ကျောင်းသားများ ဂျပန်အောင်နိုင်ရေးအတွက် ဆုတောင်းဝတ်ပြုရန် ဘုရားကျောင်းတစ်ခုသို့ သွားရမည်ဟူသော အမိန့်တစ်ခု ထွက်လာသည်။ နောက်တစ်နေ့တွင် မန်ချူးကိုးထဲသို့ ဆိုဗီယက်တပ်များနှင့် မွန်ဂိုလီယားတပ်များ ဝင်သည်။ ဂျပန်နိုင်ငံပေါ်သို့ အဏုမြူဗုံးနှစ်လုံးချသည့် သတင်းများ ကြားရသည်။ ပြည်သူတို့ ဝမ်းသာအားရ ကြိုဆိုသည်။ လေကြောင်းရန်ကြောက်ရသည့် အချိန်ရောက်လာသည်။ ကျောင်းများ ပိတ်သည်။ အမေသည် အိမ်တွင် ဗုံးခို ကျင်းတူးသည်ကို ကူညီသည်။

ဩဂုတ် ၁၃ တွင် ဂျပန်တို့ လက်နက်ချမည့်သတင်းကို ရှီယာတို့ ကြားရသည်။ ရေဒီယိုတွင် အရေးကြီးသည့် သတင်းတစ်ခု ကြေညာလိမ့်မည်ဟု အိမ်နီးချင်းတရုတ်တစ်ယောက်က ပြောသည်။ ဒေါက်တာရှီယာသည် ပန်းခြံထဲတွင် အဘွားနှင့် အတူ ထိုင်နေသည်။ ဂျပန် ဘုရင်လက်နက်ချသည့် သတင်း ကြေညာသည်။ ထို့နောက် ပုရီသည် မန်ချူးကိုးဧကရာဇ်အဖြစ်မှ နန်းစွန့်ကြောင်း ဆက်တိုက် သတင်း ကြေညာသည်။ လူအများ ပျော်ရွှင်ကြသည်။ အမေသည် ကျောင်းသို့သွားကာ ဘာတွေဖြစ်ပျက်နေသလဲ စုံစမ်းသည်။ ကျောင်းမှာ တိတ်ဆိတ်နေသည်ထင်ရသည်။ အသံတစ်ခု ခပ်ညှင်းညှင်း ကြားရသည်။ အမေ ချောင်းကြည့်သည်။ ဂျပန်ဆရာများ စုဝေးကာ ငိုနေကြသည်။

ထိုညက အမေအိပ်မပျော်။ အရုဏ်တက်လျှင် အိပ်ရာမှထသည်။ အိမ်ရှေ့တံခါးဖွင့်လိုက်လျှင် လမ်းထဲတွင် လူအုပ်တစ်ခုတွေ့ရသည်။ ဂျပန်အမျိုးသမီးတစ်ယောက်နှင့် ကလေးနှစ်ယောက် လမ်းပေါ်မှာ လဲနေသည်။ ဂျပန်စစ် ဗိုလ်တစ်ယောက် ဟာရာကီရီလုပ်ကာ သူ့ကိုယ်သူ သတ်သေသည်။ သူ၏ မိသားစု အသတ်ခံရသည်။

ဂျပန် လက်နက်ချပြီးနောက် ရက်အနည်းငယ်ကြာ တစ်မနက်ခင်းတွင် ရှီယာ၏ အိမ်နီးချင်း ဂျပန်များ သေနေသည်ကို တွေ့ရသည်။ အဆိပ်သောက်

သေကြသည်ဟု အချို့ကပြောသည်။ ကျင်ကျို့တစ်မြို့လုံးတွင် ဂျပန်များ ကိုယ့်ကိုယ်ကိုယ် သတ်သေကြသည်။ သို့မဟုတ် အသတ်ခံကြရသည်။ ကျောင်းသားများက လက်စား ချေသည်။ ဂျပန်မိန်းမအချို့ မုဒိမ်းကျင့်ခံရသည်။ အများအပြား ခေါင်းတုံး ရိတ်ကာ ယောက်ျားဟန်ဆောင်ပြီး သွားလာကြသည်။

အမေသည် မစ္စ တာနာကာအတွက် ပူပန်သည်။ သူသည် တစ်ကျောင်းလုံး တွင် ကျောင်းသားများကို ပါးမရိုက်သည့် တစ်ယောက်တည်းသော ဂျပန်ဆရာမ ဖြစ်သည်။ အမေသူငယ်ချင်း အသတ်ခံရသည့် အခါတွင်လည်း စိတ်မချမ်းသာသူ ဂျပန်လူမျိုးတစ်ယောက် ဖြစ်သည်။ အမေက ဆရာမကို အိမ်မှာ ဝှက်ထားနိုင်မည်လားဟု အဘွားတို့ကိုမေးသည်။ အဘွားက စိုးရိမ်သည်။ သို့သော် ဘာမျှမပြော။ ဒေါက်တာရှီယာက ခေါင်းညိတ်သည်။

အမေသည် အန်တီလန်ထံမှ အဝတ်တစ်စုံငှားကာ မစ္စတာနာကာအား ဝတ်ခိုင်းပြီး အိမ်မှာဝှက်ထားရန် ကြိုးစားသည်။ မစ္စတာနာကာသည် အခန်းထဲမှာ ပုန်းနေသည်။ အမေယူသွားသည့် အဝတ်များသည် သူနှင့်တော်သည်။ သူသည် အခြားဂျပန်မများထက် အရပ်မြင့်ရာ တရုတ်နှင့်တူသည်။ ဘယ်သူလဲ အမေးခံရလျှင် အမေ၏ ဝမ်းကွဲညီမပါ ပြောရန် ကြံစည်ထားသည်။ တရုတ်တို့တွင် ဝမ်းကွဲဆွေမျိုးများ မရေမတွက်နိုင်လောက်အောင် ရှိသည်။ ဘယ်သူမှ သင်္ကာမကင်းဖြစ်စရာ အကြောင်းမရှိ။ သူ့ကို တစ်ခါက ဟန်ချင် ပုန်းသည့် အခန်းတွင် ဝှက်ထားသည်။

ဂျပန်လက်နက်ချပြီးနောက် မြို့မှာ ဝရုန်းသုန်းကား ဖြစ်ကျန်ရစ်သည်။ အတည်အငြိမ်မရှိ။ ညတွင် သေနတ်သံများကြားရသည်။ ကယ်ပါကူပါ အော်သံများ ကြားရသည်။ အိမ်တွင် ယောကျ်ားများက ညကင်းစောင့်ရသည်။ အဘွားက ကြောက်သော်လည်း အမေကမူ မကြောက်။ “နင့်အဖေ့ သွေးပါသည်” ဟု အဘွားက ပြောသည်။

ဂျပန်လက်နက်ချပြီးနောက် မုဒိမ်းကျင့်၊ ပစ္စည်းလု၊ လူသတ်မှုများ ဖြစ်ပွားသည်မှာ ရှုစ်ရက်တိတိကြာသည်။ ထို့နောက် စစ်တပ်အသစ်တစ်ခု မြို့ထဲဝင်လာ နေပြီဟု သိရသည်။ ယင်းမှာ ဆိုဗီယက်တပ်နီဖြစ်သည်။ ဩဂုတ် ၂၄ တွင် ဘူတာရုံသို့ သွားပြီး ကြိုဆိုကြရသည်။ ဒေါက်တာရှီယာနှင့် အဘွားတို့အိမ်မှာ နေခဲ့ပြီး အမေသည် လူငယ်ထုကြီးနှင့်အတူ အလံငှေ့ယမ်းကာ ကြိုဆိုရန် လိုက်ပါသွားသည်။ ရထား ဝင်လာလျှင် လူထုက “ဝူလား” ဟု ဟစ်ကြွေးကြသည်။ (အူရားဆိုသော ရုရှားစကားကို တရုတ်လို ဝူလားဟု အသံလှယ်ခြင်းဖြစ်သည်။ အူရားမှာ ဟူးရား၏ ညီမျှခြင်း ဖြစ်သည်။) ဆိုဗီယက်စစ်သည်တော်တို့မှာ အောင်နိုင်သူ သူရဲကောင်းများဖြစ်ရာ မြင်းကြီးများစီးလာသည့် မုတ်ဆိတ်နှင့် ခန့်ခန့်ထည်ထည် စစ်သားကြီးများဖြစ်မည်ဟု အမေထင်သည်။ မြင်လိုက်ရသည့် စစ်သားတို့မှာ စုတ်စုတ်ပြတ်ပြတ် ဖိုးရိုးဖားရား ဝတ်စားထားသည့် ဖြူဖျော့ဖျော့ လူငယ်များဖြစ်သည်။ ဤသည်မှာ အမေပထမဆုံး မြင်ဖူးသော မျက်နှာဖြူဖြစ်သည်။

ကျင်ကျို့တွင် ဆိုဗီယက်တပ်သားတစ်ထောင် စခန်းချသည်။ ရောက်စတွင် သူတို့သည် ဂျပန်တို့ကို မောင်းထုတ်သူများဖြစ်သဖြင့် မြို့က ကျေးဇူးတင်သည်။ သို့သော်လည်း ရုရှားတို့သည် ပြဿနာသစ်များ သယ်ဆောင်လာသည်။ ဂျပန်လက်နက်ချသဖြင့် စာသင်ကျောင်းများ ပိတ်ထားသည်။ အမေသည် အလွတ်ပညာသင်ယူရသည်။ တစ်နေ့တွင် ဆရာထံမှအပြန် လမ်းဘေးတွင် ကားတစ်စီးရပ်ထားသည်ကို တွေ့ရသည်။ ကားပေါ်မှ ရုရှားစစ်သားများသည် အထည်လိပ်များကို ဖြန့်ပြီး ကိုင်နေကြသည်။ ဂျပန်လက်ထက်တွင် အဝတ်အထည်ရှားသည်။ ရာရှင်စနစ်ဖြင့် ဝေငှသည်။ အမေသွား၍ကြည့်သည်။ သူငယ်ငယ်က အလုပ်လုပ်သည့် စက်ရုံမှ ရက်လုပ်သည့် အထည်လိပ်များဖြစ်နေသည်ကိုတွေ့ရသည်။ ရုရှားတို့သည် အထည်စများကို လက်ပတ်နာရီ၊ စားပွဲတင်နာရီနှင့် အခြားပစ္စည်းများဖြင့် လဲနေသည်။ အမေသည် အိမ်သို့ အမြန်ပြန်လာပြီး၊ သေတ္တာအောက်ဆုံးမှာ ရှိသည့် နာရီဟောင်းတစ်ခုကို ထုတ်ယူသည်။ နာရီမှာ အနည်းငယ် ကျိုးပဲ့နေသဖြင့် သူစိတ်ညစ်သွားသည်။ သို့သော်လည်း ရုရှားစစ်သားများက ဝမ်းသာအားရပင် အဖြူစတွင် ပန်းရောင်ပန်းပွင့်များ ရိုက်ထားသည့် အထည်တစ်လိပ်ပေးလိုက်သည်။ လူစိမ်းရုရှားများ နာရီအပျက် မက်မောပုံကို ပြောပြီး အိမ်သားများ ခေါင်းယမ်းကြသည်။

အထည်အလိပ်ဝေငှသည်နှင့် မပြီးသေး။ ရုရှားများသည် ကျင်ကျို့ရှိ ရေနံချက်စက်ရုံနှစ်ခုအပါအဝင် အခြားစက်ရုံမှ စက်များကို တစ်စစီ ဖြုတ်ကာ ဆိုဗီယက်ယူနီယံသို့ သင်္ဘောဖြင့် တင်ပို့သည်။ “စစ်လျော်ကြေး” အဖြစ် သိမ်းပိုက်ခြင်း ဟု သူတို့ကပြောသည်။

ရုရှားစစ်သားတို့သည် အိမ်များသို့ဝင်ရောက်လည်ပတ်ပြီး သူတို့ကြိုက်သည့် ပစ္စည်းများ ကိုယူသည်။ ဥပမာ နာရီနှင့် အထည်အဝတ်များ။ ထို့နောက် မိန်းမများကို မုဒိမ်းကျင့်သည်။ ထိုဖြစ်ရပ်သည် တောမီးလောင်သလို ကျင်ကျို့တစ်မြို့လုံးသို့ ကူးစက်လောင်ကျွမ်းစေသည်။ ဂျပန်လက်မှ လွတ်မြောက်အောင် တိုက်ခိုက်ပေးသူများ၏ မုဒိမ်းအကျင့်ခံရမည်ကို မိန်းမများကြောက်ရွံ့ကာ ပုန်းအောင်း တိမ်းရှောင်ကြသည်။ မကြာမီ တစ်မြို့လုံး ဒေါသမီးဖြင့် လောင်မြိုက်နေသည်။ စိုးရွံ့ထိတ်လန့်မှု ကြီးစိုးလာသည်။

ရှီယာမိသားစုသည် မြို့ရိုးအပြင်ဘက်တွင်နေသည်။ အကာအကွယ်မပြည့်စုံ။ အမေ၏ သူငယ်ချင်းတစ်ယောက်က မြို့တွင်းလာနေပါလားဟု အိမ်တစ်ခု စီစဉ်ပေးသည်။ ချက်ချင်းပင် အမေတို့ အိမ်ပြောင်းကြသည်။ အမေ၏ ဆရာမ ဂျပန်အမျိုးသမီးကိုလည်း အတူခေါ်သွားသည်။ အမေမှာ အလွတ်ပညာသင်ကျောင်းနှင့် ဝေးသွားသည်။ ခရီးနှစ်ပြန်တိုး၍ လမ်းလျှောက်ရသည်။ ဒေါက်တာရှီယာက လိုက်ပို့မည်ဆိုသည်။ အမေက သူ့ကို ခရီးဝေး လမ်းမလျှောက်စေချင်။ အပြန်တွင်သာ လာကြိုပါဟု မှာသည်။ တစ်နေ့တွင် အလွတ်ပညာသင်ဆရာထံမှအပြန်

ဂျစ်ကားတစ်စီး အပြည့်ပါသော ရုရှားစစ်သားများနှင့် ပက်ပင်းတိုးသည်။ သူ့အနားသို့ ကားထိုးရပ်ပြီး နောက်က လိုက်သည်။ အမေက တအားပြေးသည်။ အနည်းငယ်ပြေးမိလျှင် သူ့ ပထွေး လာကြိုနေသည်ကို မြင်ရသည်။ ရုရှားစစ်သားများ နီးလာသည်။ အမေလည်း လူသူမရှိသော သူငယ်တန်းကျောင်းဟောင်းထဲ ဝင်ပြေးသည်။ ကျောင်းထဲတွင် ဝင်္ကပါလှည့်သလို လှည့်ပြေးသည်။ တစ်နာရီလောက် ပုန်းနေသည်။ ပြီးမှ အိမ်သို့ဘေးရန်ကင်းစွာ ပြန်လာသည်။ ရုရှားစစ်သားမှာ အမေ့နောက်လိုက် သွားသည်ကို ဒေါက်တာရှီယာ မြင်သည်။ ချက်ချင်းပင် သူတို့ ပြန်ထွက်လာသည်ကို မြင်မှ ဒေါက်တာရှီယာ ရင်အေးသွားသည်။

ရုရှားစစ်သားများ ဝင်လာပြီး တစ်ပတ်ခန့်အကြာတွင် ရပ်ကွက်ကော်မတီ ဥက္ကဋ္ဌက အစည်းအဝေးတစ်ခုတက်ရန် အမေ့ကို လာခေါ်သည်။ အစည်းအဝေး ကျင်းပရာသို့ ရောက်လျှင် တရုတ်အမျိုးသားများကို တွေ့ရသည်။ အမျိုးသမီး အချို့ပါသည်။ တရုတ်ပြည်တွင် လူသာမန်တို့ ဘဝ၏ အရှင်သခင် ဖြစ်လာအောင် သူတို့တတွေ ဂျပန်ကို ရှစ်နှစ်ကြာသည်အထိ တိုက်ခဲ့ကြောင်း သူတို့ ဟောပြောနေသည်။ သူတို့မှာ တရုတ်ကွန်မြူနစ်များဖြစ်သည်။ မနေ့ကပင် မြို့ထဲ သူတို့ဝင်လာသည်။ ကြိုတင် သတိပေးခြင်းလည်း မရှိ။ အမျိုးသမီးကွန်မြူနစ်များသည် ပုံပန်းမကျသော အဝတ်များကို ဝတ်ထားကြရာ ယောကျာ်းများနှင့်တူနေသည်။ သေနတ်ကောင်း မရှိ။ အဝတ်ကောင်း မဝတ်နိုင်ဟု အမေတွေးမိသည်။ ကွန်မြူနစ်များသည် ဆင်းရဲသည်။ သပ်သပ်ရပ်ရပ်မရှိဟု အမေထင်သည်။ သူတောင်းစားလောက်ပင် မပြောင်ရောင်။

ကွန်မြူနစ်များကို သူရဲကောင်းများအဖြစ် အမေထင်ခဲ့ရာ ယခုလို မြင်လိုက်ရတော့ စိတ်ပျက်သွားသည်။ ကွန်မြူနစ်တို့သည် သတ္တိကောင်းသည့် အကျဉ်းသား များဖြစ်သည်ဟု ဦးလေးပိုင်-အိုနှင့် ဒေါက်ဖြုတ်သမား "ဒေါင်" က ပြောဖူးသည်ကို အမေအမှတ်ရသည်။

"ထောင်ထဲမှာ ကြွေးကြော်သံတွေ ကြွေးကြော်ကြတယ်။ ဂျပန်တွေကို ကျိန်ဆဲတယ်။ နောက်ဆုံး အသက်ခံတော့မယ့် အချိန်အထိ ကြွေးကြော်သွားတယ်" ဟု "ဒေါင်" က ပြောဖူးသည်။

ကွန်မြူနစ်များသည် မြို့နေလူထုစည်းကမ်းလိုက်နာရန် ကြေညာချက်များ ထုတ်သည်။ ဂျပန်စစ်တပ်အတွက် အလုပ်လုပ်ခဲ့သူများ၊ ဂျပန်နှင့် ပူးပေါင်း သူများကို ဖမ်းဆီးစပြုလာသည်။ အဖမ်းခံရသူများတွင် အဘွား၏ အဖေ "ယင်" လည်း ပါသည်။ သူသည် ယိရှန်မြို့တွင် လက်ထောက် ပုလိပ်မင်းကြီးအဖြစ် ဆောင်ရွက်နေဆဲဖြစ်သည်။ သူ့ကို သူအုပ်ချုပ်ခဲ့သည့် ထောင်မှာပင် အကျဉ်းချထားသည်။ သူ့အကြီးအကဲ မင်းကြီးကိုမူ သတ်ပစ်လိုက်သည်။ ကွန်မြူနစ်တို့သည် ရပ်ရွာစည်ပင်လာအောင် ဆောင်ရွက်သည်။ စီးပွားရေးလုပ်ငန်းများလည်း လည်ပတ်လာပြီး အခြေအနေ ကောင်းလာသည်။

အစားအစာ ပေါ်လာသည်။ ဒေါက်တာရီယာလည်း လူနာများကို ပြန်လည်ကုသနိုင်ပြီ။ အမေ၏ ကျောင်းလည်း ပြန်၍ဖွင့်သည်။

ကွန်မြူနစ်များသည် ဒေသခံပြည်သူတို့၏ အိမ်များမှာ တည်းခိုစခန်းချသည်။ အိမ်သားများနှင့် စကားစမြည်ပြောဆိုသည်။ "ကျွန်တော်တို့အထဲမှာ ပညာ တတ်တဲ့လူနည်းတယ်။ ကျွန်တော်တို့ အဖွဲ့ထဲဝင်ရင် ခရိုင်အကြီးအကဲ ဖြစ်နိုင်တယ်" ဟု အမေ၏ သူငယ်ချင်းတစ်ယောက်အား ပြောသည်။

သူတို့သည် တပ်သားသစ်များ စုဆောင်းနေသည်။ ဂျပန်လက်နက်ချချိန်တွင် ကွန်မြူနစ်များနှင့် ကူမင်တန်များသည် နယ်မြေများများသိမ်းပိုက်နိုင်ရန် ကြိုးစားကြသည်။ သို့သော်လည်း ကူမင်တန်တို့မှာ တပ်အများအပြားရှိပြီး လက်နက် ပြည့်စုံသည်။ လွန်ခဲ့သည့် ရှစ်နှစ်က ဂျပန်ကို စတင်တိုက်ခိုက်ရသဖြင့် အချင်းချင်း အတိုက်အခိုက်ရပ်စဲထားခဲ့သည်။ ယခုပြည်တွင်းစစ်ကို ပြန်စရန် ပြင်ဆင်နေကြသည်။ တကယ်တော့ မန်ချူးရီးယားတွင် ကွန်မြူနစ်နှင့် ကူမင်တန်တို့ စတင်တိုက်ခိုက်နေပြီ ဖြစ်သည်။ မန်ချူးရီးယားသည် အစာရေစာ ပေါကြွယ်သဖြင့် နှစ်ဖက်စလုံးက ခြေကုပ် ယူရန် ကြိုးစားကြသည်။ ဤသို့ဖြင့် မန်ချူးရီးယားသည် အရေးကြီးသည့် စစ်မြေပြင် ဖြစ်လာသည်။ ကွန်မြူနစ်တို့မှာ အနီးအနားတွင် ရှိနေသဖြင့် မန်ချူးရီးယားသို့ ပထမဆုံးဝင်လာကြသည်။ ရုရှားတပ်များ၏ အကူအညီကို သူတို့မယူ။ သို့သော်လည်း အမေရိကန်သည် ချန်ကေရှိတ်ကို ကူညီနေသည်။ သူ၏ တပ်များကို တရုတ်ပြည် မြောက်ပိုင်းသို့ ပို့ပေးနေသည်။ ကျင်ကျို့နှင့် မိုင်သုံးဆယ်ဝေးသည့် ဟူလူဒါအို ဆိပ်ကမ်းသို့ ချန်ကေရှိတ်တပ်သားများကို အမေရိကန်က သင်္ဘောဖြင့် ပို့ပေးသည်။ သို့သော်လည်း တရုတ်ကွန်မြူနစ်တို့က ပစ်ခတ်သဖြင့် ဆုတ်ခွာကြရသည်။ မဟာရံတံ တိုင်းတောင်ဘက်တွင် ကူမင်တန်တပ်များ ဇွတ်အတင်းဝင်ရောက်စခန်းချပြီး မြောက်ပိုင်းသို့ ရထားဖြင့် သွားကြသည်။ အမေရိကန်လေတပ်က သူတို့ကို အကာအကွယ် ပေးသည်။ တရုတ်ပြည်မြောက်ပိုင်းတွင် အမေရိကန်မရိန်းတပ်သား ၅၀,၀၀၀ ဝင်ရောက်ပြီး ပီကင်းမြို့နှင့် တီယန်စင်မြို့တို့ကို သိမ်းပိုက်သည်။

ရုရှားသည် ချန်ကေရှိတ်၏ ကူမင်တန်အဖွဲ့ကို တရုတ်ပြည်အစိုးရအဖြစ် အသိအမှတ်ပြုသည်။ နိုဝင်ဘာ ၁၁ တွင် ဆိုဗီယက်တပ်များ ကျင်ကျို့မှ ဆုတ်ခွာပြီး မန်ချူးရီးယားမြောက်ပိုင်းသို့ ချီတက်သွားကြသည်။ အောင်ပွဲရအပြီး သုံးလအတွင်း ထိုဒေသမှတပ်များ ဆုတ်ခွာမည်ဟူသော စတာလင်၏ ကတိစကားအတိုင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုအခါ ကျင်ကျို့တွင် တရုတ်ကွန်မြူနစ်တပ်များ ကျန်ရစ်ခဲ့သည်။ နိုဝင်ဘာလကုန် တစ်ညနေခင်းတွင် တရုတ်ကွန်မြူနစ်များ တောင်ဘက်မြို့ တံခါးမှ ထွက်သွားကြသည်ကို ကျောင်းမှ အမေမြင်သည်။ ပတ်ဝန်းကျင်ဒေသများ တွင် တိုက်ပွဲပြင်းထန်သဖြင့် ကွန်မြူနစ်တို့ မြို့မှ

ထွက်သွားခြင်းဖြစ်သည်ဟု အမေ ထင်သည်။

ဤသည်မှာ ကွန်မျူနစ်ခေါင်းဆောင် မော်စီတုန်း၏ မဟာဗျူဟာနှင့် အညီ ဆုတ်ခွာခြင်းဖြစ်သည်။ မော်စီတုန်းက မြို့များကို သိမ်းပိုက်ရန် မကြိုးစား။ မြို့ကို တိုက်လျှင် ကူမင်တန်တို့ အသာစီးရမည်။ သို့ဖြစ်ရာ ကျေးလက်ဒေသများသို့ ဆုတ်ခွာရမည်။ "ကျေးလက်ကို အခြေခံပြီး မြို့ကိုဝိုင်းမည်။ သိမ်းပိုက်ရမည်" ဟူသည် မော်စီတုန်း၏ ပြည်တွင်းစစ်ကဏ္ဍသစ်အတွက် လမ်းညွှန်ဖြစ်သည်။

ကျင်ကျိုမှ တရုတ်ကွန်မျူနစ်များ ဆုတ်ခွာပြီးနောက် တစ်နေ့တွင် မြို့တွင်းသို့ စစ်တပ်အသစ်တစ်ခု ဝင်ရောက်လာသည်။ လပေါင်းများစွာအတွင်း ဝင်လာသည့် စတုတ္ထစစ်တပ် ဖြစ်သည်။ သူတို့သည် ယူနီဖောင်းအသစ် အမေရိကန်လက်နက် အသစ်များ ကိုင်ဆောင်ထားသည်။ သူတို့မှာ ကူမင်တန်တပ်များ ဖြစ်သည်။ လူအများ အိမ်မှထွက်ကာ လက်ခုပ်လက်ဝါးတီးပြီး ကြိုဆိုကြသည်။ အမေလည်း လူအုပ်ကြားမှ ရှေ့သို့တိုးထွက်ပြီး လက်ဝှေ့ယမ်း နှုတ်ဆက်သည်။ သူတို့သည် ဂျပန်စစ်သားများကို တိုက်ခိုက်ကြသူများဟု အမေထင်သည်။ အိမ်သို့ပြန်ပြေးပြီး တွေ့ခဲ့ရသည်ကို ဝမ်းသာအားရ ပြောပြသည်။ အမေသည် ပျော်ရွှင်လှုပ်ရှားနေသည်။

ကျင်ကျိုးမြို့ကြီး တစ်ခုလုံးပွဲတော်ရက်ကဲ့သို့ ရွှင်မြူးတက်ကြွနေသည်။ လူအများက ကူမင်တန်တပ်များကို သူတို့အိမ်များသို့ လာရောက်နေထိုင်ရန် ဖိတ်ခေါ်သည်။ အရာရှိတစ်ယောက်သည် ဒေါက်တာရှီယာ၏ အိမ်သို့ လာရောက်နေထိုင်သည်။ အိမ်ရှင်ကို ရိုရိုသေသေ ဆက်ဆံသည်။ ယဉ်ကျေးသိမ်မွေ့သည်။ အဘွားနှင့် ဒေါက်တာရှီယာတို့က ကူမင်တန်သည် ဥပဒေစိုးမိုးရေးကို ခေါင်းဆောင်မည်ဖြစ်ပြီး နောက်ဆုံးတွင် ငြိမ်ချမ်းသာယာသည့် အချိန်ရောက်လာတော့မည်ဟု ယုံကြည်သည်။

လူတွေက ကူမင်တန်တို့အပေါ် မေတ္တာစေတနာရှိသလောက် ကူမင်တန် က ပြန်လည်တုံ့ပြန်ရန် မကြိုးစားသဖြင့် စိတ်ပျက်စရာ ကြုံလာရသည်။ စစ်ဗိုလ် အရာရှိများမှာ တရုတ်ပြည်တစ်ခြားဒေသသား ဖြစ်သည်။ သူတို့က ကျင်ကျိုမြို့သားတို့အား "ကိုယ်ပိုင်နိုင်ငံမရှိသည့် ကျေးကျွန်များ" ဟု ခေါ်သည်။ ဂျပန် လက်အောက်က လွတ်မြောက်အောင်တိုက်ပေးသည့် ကူမင်တန်တို့ကို ကျေးဇူးတင် သင့်ကြောင်း ပြောသည်။ တစ်ညနေခင်းတွင် အမေ၏ကျောင်း၌ ကျောင်းသားများနှင့် ကူမင်တန်စစ်ဗိုလ်များ အတွက် ပါတီပွဲတစ်ခု ကျင်းပသည်။ ကူမင်တန် စစ်ဗိုလ် တစ်ယောက်၏ သုံးနှစ်အရွယ်သမီးငယ်က မိန့်ခွန်းပြောသည်။ သူက "ကျွန်မတို့ ကူမင်တန်တွေ ဂျပန်ကို တိုက်တာရှစ်နှစ်ရှိပြီ။ အခု ရှင်တို့ကို ကယ်တင်လိုက်ပြီ။ ရှင်တို့ဟာ ဂျပန်ရဲ့ ကျွန်တွေပဲ" ဟု ဆိုသည်။ အမေနှင့် သူ့သူငယ်ချင်းများ ပါတီပွဲမှ ထွက်လာခဲ့ကြသည်။

ကူမင်တန်စစ်ဗိုလ်များသည် ကိုယ်လုပ်တော်များ ရှာကြသည်။ ထိုလုပ်ရပ် ကို အမေစက်ဆုပ်သည်။ ၁၉၄၉ နှစ်ဦးပိုင်းတွင် ကျင်ကျိုသည် စစ်တပ်မြို့

ဖြစ်လာသည်။ အမေ၏ ကျောင်းသည် တစ်ခုတည်းသော မိန်းကလေးကျောင်း ဖြစ်သည်။

ယင်းသို့ ကိုယ်လုပ်တော်ရှာရန် သို့မဟုတ် ခေတ္တခဏမယားအဖြစ် ပေါင်းသင်းရန် စစ်ဗိုလ်များ အရှာအဖွေလာကြသည်။ မိန်းကလေးအချို့သည် လိုလိုချင်ချင် သူတို့ကို လက်ထပ်သည်။ အချို့မှာ သူတို့မိဘများ သဘောတူသည်ကို မငြင်းဆန်နိုင်ဘဲ လက်ထပ်ကြရသည်။ မိဘများကမူ စစ်ဗိုလ်ကို လက်ထပ်လျှင် ဘဝလုံခြုံမှုရှိမည် ဘဝအာခံချက်ရှိမည်ဟု ထင်ကြသည်။

အမေမှာ အသက်ဆယ့်ငါးနှစ်အရွယ် ရောက်နေပြီ။ လက်ထပ်နိုင်သည့် အရွယ်ဖြစ်သည်။ အလှပန်းပွင့်ချိန်ဖြစ်ပြီး ထင်ပေါ်သည့် ကျောင်းသူတစ်ယောက်ဖြစ်သည်။ စစ်ဗိုလ်အများအပြားက ချစ်ရေးဆိုကြ၊ လက်ထပ်ခွင့် တောင်းကြသည်။ အမေက သူတို့ကို လက်မထပ်ချင်ဟု မိဘများအား ပြောထားသည်။ စစ်ဗိုလ် တစ်ယောက်မှာ ဗိုလ်ချုပ်၏ ရုံးအဖွဲ့မှူးဖြစ်ပြီး ဝေါတစ်ခု လွှတ်လိုက်မည်ဟု ခြိမ်းခြောက်သည်။ အမေသည် အိမ်ပြင်ဘက်မှ ခိုး၍ နားထောင်နေသည်။ ချက်ချင်းပင် အိမ်ထဲသို့ဝင်သွားပြီး ထိုစစ်ဗိုလ်၏ မျက်နှာကို တည့်တည့်ကြည့်ကာ ဝေါပေါ် လိုက်မည့်အစား သူ့ကိုယ်သူ သတ်သေမည်ဟု ပြောလိုက်သည်။ ကံကောင်းချင်တော့ ထိုစစ်ဗိုလ်၏ တပ်ဖွဲ့သည် မကြာခင် မြို့မှထွက်ခွာရန် အမိန့်ကျသည်။

အမေသည် သူ့စိတ်ကြိုက်ရွေးပြီး လင်ယူမည် ဆုံးဖြတ်ထားသည်။ မိန်းမများကို ခြေတော်တင်ရုံ သဘောထားသည့် ယောကျ်ားများ၏ သဘောထားကို သူ မနှစ်မြို့။ အထူးသဖြင့် ကိုယ်လုပ်တော်စနစ်ကို ရွံမုန်းသည်။ သူ့မိဘများက သူ့ကို ထောက်ခံသည်။ သို့သော်လည်း လာရောက်တောင်းရမ်းကြသည်တို့ များလာသည့် အခါ သူတို့လည်း စိတ်ညစ်ရသည်။ ပရိယာယ်သုံးကာ ငြင်းရသည်။ ရန်မူမည် မကောင်းကြံမည်ကိုလည်း ရှောင်သာရှားသာအောင် ပြောရသည်။

အမေ၏ ဆရာမတစ်ယောက်ဖြစ်သည့် မစ္စလျူသည် အမေ့ကို များစွာ ချစ်ခင်သဘောကျသည်။ တရုတ်ပြည်တွင် လူတစ်ယောက်ကို ချစ်ခင်နှစ်သက်လာ ပြီဆိုလျှင် ထိုပုဂ္ဂိုလ်ကို မိသားစု၏ အဖွဲ့ဝင်တစ်ဦး ဖြစ်အောင် ကြံစည်ကြသည်။ အဘွားတို့ခေတ်တွင် ယောကျ်ားလေးများသည် မိန်းကလေးများနှင့် ရောနှောခွင့်မရ။ အမေတို့ခေတ်တွင်မူ သူငယ်ချင်း၏ မောင်၊ သူငယ်ချင်း၏ နှမ စသူတို့ ရောနှောကာ အပေါင်းအသင်းကျယ်ပြန့်လာသည်။ ဤနည်းဖြင့် ကြင်ဘက်ရွေးကြသည်။ ရှာကြသည်။ မစ္စလျူသည် သူ့အစ်ကိုနှင့် အမေ့ကို မိတ်ဆက်ပေးသည်။ ဦးစွာပထမ မိဘများဖြစ်သည့် မစ္စတာနှင့် မစ္စက်လျူတို့ ခွင့်ပြုဖို့လိုသည်။

၁၉၄၆ စောစောပိုင်းတွင် အမေ့ကို လျူ တို့က အိမ်သို့ ဖိတ်ခေါ်ကာ နှစ်သစ် ကူးပွဲတော်ရက်များ ကုန်လွန်စေမည် စိတ်ကူးရှိသည်။ လျူ၏ အိမ်သည် ခမ်းနားသည်။ သူသည် ကျင်ကျို့တွင် စတိုးဆိုင်များ ပိုင်ရှင်ဖြစ်သည်။ သူ့သားမှာ ဆယ့်ကိုးနှစ်သာ ရှိသေးသည်။ သို့သော်လည်း ခေတ်မီကာ လည်လည်ဝယ်ဝယ်

ရှိသည်။ ယဉ်ကျေးသိမ်မွေ့သည်။ အစိမ်းရင့်ရောင် ဝတ်စုံကို ဝတ်တတ်သည်။ ကျင်ကျို့ လို မြို့ကလေးတွင် သူကား မြို့ကြီးသားတစ်ယောက် ဖြစ်လာသည်။ ပီကင်း တက္ကသိုလ်တွင် တက်ရောက်ပြီး ရုရှားဘာသာစကား နှင့် စာပေကို သင်ယူနေသည်။ အမေက သူ့ကို အထင်ကြီးလေးစားသည်။ လျူမိသားစုလည်း အမေ့ကို နှစ်သက် သဘောတူသည်။ မကြာမီ အောင်သွယ်တစ်ယောက်ကို ဒေါက်တာရှီယာထံ စေလွှတ်ပြီး တောင်းရမ်းသည်။ ယင်းကို အမေ မသိ။

သူတို့၏သား လျူနှင့် သူငယ်ချင်းလို အမေဆက်ဆံသည်။ ဒေါက်တာ ရှီယာသည် ရှေးရိုးသမားမဟုတ်။ ခေတ်မီသည်။ အမေ့သဘောထားကို မေးသည်။ အမေနှင့် သားငယ်လျူတို့ အခင်မင်မပျက် သွားလာဆက်ဆံနေသည်။ ထိုအချိန်က ယောကျ်ားလေးနှင့်မိန်းကလေး လူထဲမှာ တွဲပြီဆိုလျှင် အနည်းဆုံး စေ့စပ်ကြောင်းလမ်းခြင်း အမှုကိုတော့ ပြုထားရသည်။ အမေသည် လွတ်လွတ်လပ်လပ် နေချင်သည်။ လက်မထပ်သေးဘဲ မိတ်ဆွေအဖြစ် ပေါင်းသင်းချင်သည်။ ဒေါက်တာရှီယာ နှင့် အဘွားတို့သည် အမေ့အကြောင်း သိသဖြင့် လျူမိသားစုနှင့် သတိထားဆက်ဆံရသည်။ ပေးသမျှ လက်ဆောင်များကို ငြင်းသည်။ တရုတ်ထုံးစံမှာ မိန်းကလေးမိဘများ သည် သမီးကိုလာရောက် တောင်းရမ်းသည့်အခါ ချက်ချင်းခေါင်းမညိတ်။ သဘော လွယ်ဟန်မပြကြ။ လက်ဆောင်များ လက်ခံလျှင် သူတို့သမီးနှင့် သူတို့သား သဘောတူ ရာရောက်မည်။ သို့သော်လည်း ဒေါက်တာရှီယာနှင့် အဘွားတို့မှာ တစ်ဖက်က အထင်လွဲမည်ကိုလည်း စိုးရိမ်သည်။

အမေသည် လျူနှင့် ဆက်လက်ပေါင်းသင်း သွားလာသည်။ မြို့ကြီးသူ အမူအရာကို ကြိုက်၍ဖြစ်သည်။ အားလုံးက လိုက်ဖက်သည့်အတွဲဟု ပြောကြသည်။ ဒေါက်တာရှီယာနှင့် အဘွားတို့က တိတ်တဆိတ် သားမက်အဖြစ် သဘောတူထားသည်။ သို့သော်လည်း ကြာကြာပေါင်းသည့်အခါ လျူမှာ အလေးအနက်မရှိ အလွန်တိမ်သည်၊ နက်နက်နဲနဲမဟုတ်ဟု ခံစားရလာသည်။ ပီကင်းသို့လည်း သူမသွား။ အိမ်မှာနေပြီး ယောင်ဝါးဝါးလုပ်နေသည်ကို သတိထားမိသည်။ တစ်နေ့တွင် စာပေ အကြောင်း ပြောဆိုကြရာမှ ခန်းဆောင်နီ အိပ်မက်ကိုပင် မဖတ်ဖူးကြောင်း အမေသိရသည်။ ယင်းမှာ ကျော်ကြားသည့် ဆယ့်ရှစ်ရာစု တရုတ်ဂန္ထဝင်ဝတ္ထုရှည် ဖြစ်သည်။ ပညာတတ် တရုတ်လူမျိုးတိုင်း သိသည်။ အမေက စိတ်ပျက်သည်ကို လျူသိလျှင် တရုတ်ဂန္ထဝင်များသည် သူ့စိတ်ကြိုက် ဘာသာရပ်မဟုတ်။ နိုင်ငံခြားစာပေကိုသာသူဖတ်သည်ဟု ပြောသည်။ "မဒမ်ဘိုဗာရီကို ဖတ်ပြီးပြီလား။ အဲဒီ ဝတ္ထုဟာ တို့ကြိုက်တဲ့ ဝတ္ထုပဲ။ မောပတ်ဆွန်းရဲ့ ဝတ္ထုတွေ အနက်အကောင်းဆုံးပဲ" ဟု အမေ့ကို မေးသည်။

အမေသည် မဒမ်ဘိုဗာရီကို ဖတ်ပြီးပြီ။ ရေးသူမှာ မောပတ်ဆွန်းမဟုတ်။ ဖလောဘေးဖြစ်သည်ကို အမေသိသည်။ သည်မျှဆိုလျှင်ပင် လျူကို အထင်ကြီး စရာမရှိတော့ပေ။ သို့သော်လည်း သူ့ကို ပြန်ပြောမနေတော့။ ပြောလျှင်လည်း

နှုတ်သီး ကောင်းသည် အထင်ခံရမည်။

လျှုသည် လောင်းကစားဝါသနာပါသည်။ အထူးသဖြင့် မာကျောင်းကို စွဲစွဲလမ်းလမ်း ကစားသည်။ အမေကလည်း မာကျောင်းကို စိတ်ကုန်သည်။ နားငြီးသည်။ တစ်ညနေခင်းတွင် မာကျောင်းကစားနေစဉ် မိန်းမအစေခံတစ်ယောက် ဝင်လာပြီး “အိပ်ရာထဲမှာ ဘယ်မိန်းကလေးရဲ့ အပြုစုကို မစွတာလျှု လိုချင်ပါသလဲ” ဟု မေးသည်။ ဤသည်မှာ မေးရိုးမေးစဉ် ဖြစ်သည်။ လျှုက “ဘယ်သူဘယ်ဝါ” ဟု ပြောလိုက်သည်။ အမေသည် ဒေါသဖြင့် တဆတ်ဆတ် တုန်လာသည်။ လျှုကမူ မျက်ခုံးပင့်ကာ အမေ တုန်တုန်လှုပ်လှုပ် ဖြစ်နေသည်ကို တစ်ချက်ကြည့်သည်။ ပြီးတော့ ခပ်ပေါ့ပေါ့ပင် “အဲဒါက ဂျပန်မှာဆိုရင် ထုံးစံ ဖြစ်နေပြီ။ လူတိုင်း ဒီလိုပျော်ကြတာပဲ။ ဒါမျိုးကို “ဆိကျင်” လို့ ခေါ်တယ်။ (အပြုအစုနဲ့ အိပ်ခြင်း)” ဟု ပြောသည်။ အမေသည် တောဆန်သည်၊ မနာ လိုဖြစ်သည်ဟု လျှုထင်သည်။ ဤသဘောထား အပြုအမူမှာ တရုတ်ပြည်တွင် မိန်းမများ၏ ထုံးစံလိုဖြစ်နေသည်။ ယင်းကို အကြောင်းပြီး ယောကျ်ားများက သူတို့မယားကို ကွာလေ့ရှိသည်။ သည်တစ်ခါ အမေဘာမှ ပြန်ပြော မနေတော့။ ဒေါသဖြစ်ကာ ရင်ထဲမှာ ဗလောင်ဆန်နေသည်။

သူလို လူမျိုးနှင့် အမေမပျော်နိုင်။ အပျော်အပါးလိုက်စားခြင်းနှင့် တခြားတစ်ပါးသော မိန်းမနှင့် လိင်မှုဆက်ဆံခြင်းသည် ယောကျ်ားပီသသည့် သဘောဖြစ်သည်ဟု ခံယူနေသူနှင့် ပေါင်းသင်းရန်မဖြစ်နိုင်ဟု အမေဆုံးဖြတ်လိုက်သည်။ သူ့ကို မြတ်မြတ်နိုးနိုး ချစ်သူသည် ယခုလို အပျော်အပါးမျိုး မလိုက်စားသူ အမေ့စိတ်ကို မထိခိုက်စေသူ ဖြစ်ရမည်။ ထိုလူမျိုး အမေ ရှာချင်သည်။ ထိုညနေမှာပင် လျှုနှင့်ဆက် လက် မပေါင်းသင်းရန် အမေ ဆုံးဖြတ်လိုက်သည်။

ထို့နောက် ရက်အနည်းငယ်အကြာတွင် အဖေကြီး လျှု သေဆုံးသည်။ ထိုအချိန်က သေသူမှာ မိသားစု အကြီးအကဲဖြစ်နေလျှင် အသုဘကို ကြီးကျယ်ခမ်းနားအောင် ပြုလုပ်ရသည်။ သို့မဟုတ်လျှင် ဆွေမျိုးသားချင်းများနှင့် ရပ်ရွာက အသုဘရှင်တို့ကို လိုလားမည်မဟုတ်။ လျှုမိသားစုက အသုဘကို ချဲ့ချင်သည်။ အိမ်မှသင်္ချိုင်းသို့ အခမ်းအနားနှင့် ပို့ဆောင်ရုံမျှမက ဘုန်းကြီးများ ပင့်ကာ ရွတ်ဖတ်မည်။ ထို့နောက် အော်ကြီးဟစ်ကျယ်ငိုမည်။ ထိုမှ လေးဆယ့်ကိုးရက်မြောက်နေ့ အထိ ငိုသံမပြတ်စေရ။ သေသူနောင်ဘဝတွင် ပေါ်ကြွယ်ရန် စက္ကူငွေများကို မီးရှို့ရမည်။ သားမယားများမှာ လေးဆယ့်ကိုးရက်လုံး မငိုနိုင်။ သို့ဖြစ်ရာ ကိုယ်စားငိုသူများ ငှားရသည်။ လျှုတို့ကမူ အပြင်လူမငှားချင်။ ကိုယ်တိုင်လုပ်ချင်သည်။ ဆွေမျိုးသားချင်း တွေ ကူညီကြမည်မဟုတ်လား။ ဆွေမျိုးအသိုင်းအဝိုင်းကလည်း များသည် မဟုတ်လား။

သေပြီးနောက် လေးဆယ့်နှစ်ရက်မြောက်နေ့တွင် အလောင်းကို စန္ဒကူးခေါင်းတွင်ထည့်ကာ အိမ်ရှေ့မဏ္ဍပ်ထဲသို့ ပို့သည်။ နောက်ဆုံး ခုနစ်ရက်တွင် သေသူသည် အခြားဘဝတစ်ခုတွင် ရောက်နေရာမှ တောင်ထိပ်တစ်ခု ပေါ်သို့တက်ကာ

လူ့ပြည်ကိုကြည့်မည်။ မိသားစု စုံစုံညီညီ သူ့အသုဘအခမ်းအနားကို တက်ရောက်ကြသလား၊ ဂရုစိုက်ကြသလား။ ဆွေမျိုးစုံသည်ဆိုလျှင် ဝမ်းသာသည်။ သို့မဟုတ်လျှင်ကား သေသူမှာ အေးချမ်းစွာ နားခိုနိုင်မည်မဟုတ်ဟု အယူရှိကြသည်။ သို့ဖြစ်ရာ လျူမိသားစုက အမေကို လာစေချင်ကြသည်။ အမေသည် ချွေးမဖြစ်လာမည့်သူ မဟုတ်လား။

အမေငြင်းဆန်သည်။ အဖေလျူ အတွက် ဝမ်းနည်းပါသည်။ သို့သော်လည်း ထိုအခမ်းအနားသို့ တက်လျှင် သားငယ်လျူကို သူ လက်ထပ်ရတော့မည်။ အမေနေသည့် ရှီယာအိမ်သို့ သတင်းစကား ကြားလာသူများ အဆက်မပြတ် ရောက်လာကြသည်။

ယခုလို အခိုက်အတန့်မျိုးတွင် ဆက်ဆံရေးဖြတ်တောက်လိုက်မည်ဆို လျှင် သေသူအဖေကြီးလျူ စိတ်မကောင်းဖြစ်မည်။ ဤသည်မှာ ဂုဏ်သိက္ခာ ထိခိုက်ရာ ရောက်သည်။ လျူအငယ်နှင့် အဆက်အသွယ် ဖြတ်သည်ကို မကန့်ကွက်လိုသော်လည်း ယခုလိုအချိန်မျိုးတွင် စိတ်ထားမြင့်မြတ်ကြောင်း သဘောထား ကြီးကြောင်း ပြရမည်ဟု ဒေါက်တာရှီယာက ပြောသည်။ အဘွားကမူ တစ်မျိုးပြောသည်။ အသုဘ အခမ်းအနားသို့ အမေသွားသင့်သည်ဟု အဘွား သဘောရသည်။ ထို့ပြင် နိုင်ငံခြား သားစာရေးဆရာ တစ်ယောက်၏ အမည်မှန်ကို မပြောနိုင်သဖြင့် ရည်းစားသနံကို အဆက်ဖြတ်သည့် မိန်းကလေးမျိုး ဘယ်မှာကြားဖူးသလဲ။ ချမ်းသာသည့် လူငယ်မှန်သမျှ အပျော်အပါးလိုက်စား ကြသည်သာ များသည်။ ပြီးတော့ အမေအဖို့ ကိုယ်လုပ်တော်များ အပျော်မယား များအတွက် ပူပန်စရာမလို။ စိုးရိမ်စရာမလို။ အမေသည် စိတ်ဓာတ်ကြံ့ခိုင်သူ ဖြစ်သည်၊ လင်ယောကျ်ားကို နိုင်နင်းစွာ ထိန်းချုပ်နိုင်သူဖြစ်သည်မဟုတ် လားဟု အဘွားက ပြောသည်။

ဤသည်မှာ အမေလိုချင်တောင့်တသော ဘဝမျိုးမဟုတ်။ သည်အတိုင်း အမေပြန်၍ ပြောသည်။ အဘွား စိတ်ထဲကသဘောတူပါသည်။ သို့သော်လည်း အမေ့ကို အိမ်မှာ သည်အတိုင်း ဆက်လက် မထိန်းသိမ်းနိုင်။ ကူမင်တန်စစ်ဗိုလ်များ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကာ အမေ့ကို တောင်းရမ်းကြသည်။

“တစ်ယောက်ကို ငြင်းလို့ရပေမယ့် လာသမျှအားလုံးကိုတော့ ငြင်းလို့မရဘူး သမီး။ “ချင်” ကိုလက်မထပ်ချင်ရင် “လီ” ကို လက်ခံရမှာပဲ။ ပြန်စဉ်းစားပါဦး။ လျူဟာ တခြားသူတွေထက်တော့ သင့်တော်တယ်ထင်တာပဲ။ သူ့ကို လက်ထပ်လိုက်ရင် တခြားအရာရှိတွေ စစ်ဗိုလ်တွေလာပြီး တောင်းရမ်း ကြတော့မှာ မဟုတ်ဘူး။ တို့မှာတော့ သမီးအတွက် နေ့နေ့ညည ပူနေရတာပဲ။ ဘာဖြစ်လေမလဲ စိုးရိမ်နေ ရတာပဲ။ သမီးလင်ရပြီး အိမ်ကထွက်သွားမှ အမေစိတ်အေးမှာပဲ” ဟု ပြောသည်။ သို့သော်လည်း အမေက သူ့ဘဝ ပျော်ရွှင်မှုမပေးနိုင်သည့် သူမချစ်မနှစ်သက်သည့် လျူနှင့်လက်ထပ်မည့်အစား သေသည်ကမှ ကောင်းသေးသည်ဟု ပြန်ပြောသည်။

လျှူတို့ဘက်က ဒေါသထွက်သည်။ ထို့အတူ ဒေါက်တာရှီယာနှင့် အဘွားတို့ကလည်း အမေကို မကျေနပ်။ ရက်ပေါင်းများစွာအထိ သူတို့ ဆွေးနွေးသည်။ တောင်းပန်သည်။ ချော့သည်။ အော်သည်။ ငေါက်သည်။ ငိုသည်။ သို့သော်လည်း အမေ၏ စိတ်ကိုပြောင်းအောင် မတတ်နိုင်။ နောက်ဆုံးတွင် ဒေါက်တာရှီယာ ဒေါသထွက်လာသည်။

"မင်းလုပ်နေတာက ရှီယာမိသားစု အရှက်ရအောင် လုပ်နေတာ။ မင်းလို သမီးမျိုး ငါမလိုချင်ဘူး" ဟု ဆိုသည်။ အမေသည် ထိုင်နေရာမှ ဆတ်ခနဲထကာ ပြန်ပြောသည်။ "ကောင်းပြီလေ။ ကျွန်မလို သမီးမျိုး မရှိစေရပါဘူး။ ကျွန်မ သွားမယ်။"

အခန်းထဲမှ ဝုန်းခနဲ ထွက်သွားပြီး ပစ္စည်းများကို သိမ်းဆည်းထုပ်ပိုးသည်။ ထိုနောက် အိမ်မှ အမေထွက်လာခဲ့လေသည်။

အဘွားတို့ ခေတ်က အိမ်မှ ယခုလို ထွက်သွားသည့် အဖြစ်မျိုး စိတ်မကူးရဲကြပေ။ မိန်းကလေးများစွာ အတွက် အလုပ်အကိုင်ဟူ၍ ဘာမျှမရှိ။ အခိုင်းအစေအလုပ်သာရှိသည်။ သို့တိုင်အောင် ထောက်ခံချက် လိုသေးသည်။ သို့သော်လည်း ခေတ်ပြောင်းလာသည်။ ၁၉၄၆ တွင် မိန်းကလေးများ ကိုယ့်ခြေပေါ်ကိုယ် ရပ်နိုင်ပြီး အလုပ်ရှာဖွေနိုင်လာသည်။ ဥပမာ စာသင်သည့် ဆရာမအလုပ်မျိုး၊ ဆေးဝါးကုသသည့် အလုပ်မျိုးဖြစ်သည်။ တခြားအလုပ်ဆိုသည် နောက်ဆုံးမှရှာဖွေရသည့် ကိစ္စမျိုးဖြစ်သည်။ အမေနေခဲ့သည့် ကျောင်းတွင် ဆရာဖြစ်အတန်း တစ်ခုဖွင့်လှစ်ထားသည်။ ကျောင်းမှာ သုံးနှစ်နေပြီးသူ မိန်းကလေးများအတွက် အဆောင်ခနှင့်စာသင်ခမပေးရဘဲ တက်ရောက်နိုင်သည်။ သင်တန်းတက်ပြီး သင်တန်းပြီးဆုံးလျှင် ကျောင်းဆရာမ လုပ်ပါမည်ဟူသော ရည်ရွယ် ချက်တစ်ခုရှိဖို့ သာလိုပါသည်။ စာမေးပွဲကား ဖြေရမည်။ ထိုဌာနသို့ ရောက်လာကြသူများမှာ ငွေကြေးမတတ်နိုင်သူများ၊ တက္ကသိုလ်သို့သွားရန် အခွင့်အလမ်း မရှိသူများသာဖြစ်သည်။ ထိုကျောင်းက လက်ခံလျှင် ဆရာဖြစ်သင်ကျောင်းတစ်ခုသို့ သွားရန် မလိုတော့ပေ။ ၁၉၄၅ သည်ဘက်တွင်ကား အမျိုးသမီးများ တက္ကသိုလ်ပညာ သင်ယူရန် အခွင့်အလမ်းများ ပွင့်လာသည်။ ဂျပန်လက်အောက်တွင်မူ အထက်တန်း ကျောင်း တွင် ပညာရေးစခန်းပြီးဆုံးသည်။ ထိုကျောင်းများတွင် အိမ်ထောင်ထိန်းသိမ်းမှုကိုသာ ဦးစားပေး သင်ကြားကြသည်။

ယခုအချိန်အထိ အမေသည် ထိုကျောင်းသို့ တက်ရန် စိတ်ကူးမရှိ။ ယင်းမှာ ဒုတိယတန်းစားဟု သူထင်သည်။ သူ့အဆင့်သည် တက္ကသိုလ်အဆင့် ဖြစ်သည်ဟု သတ်မှတ်ထားသည်။ သူရောက်လာလျှင် ကျောင်းက အံ့အားသင့် သွားသည်။ သို့သော်လည်း သူသည် ကျောင်းဆရာအလုပ်ကို အလွန်ဂုဏ်ယူ ပါသည်ဟု ပြောတော့မှ လက်ခံသည်။ သူ့ကိစ္စမှာ တစ်မျိုးဖြစ်သည်။ ထိုကျောင်းတွင် သုံးနှစ်ပြည့် အောင် မနေဖူးပေ။ သို့သော်လည်း ကျောင်းနေစဉ်က သူ့ကို အလွန်တော်သည့် အလားအလာတောက်ပြောင်သည့် ကျောင်းသူ အဖြစ်

ဆရာများက သတ်မှတ်သည်။ စာမေးပွဲအဖြေခိုင်းပြီး လက်ခံသည်။ စာမေးပွဲကို အခက်အခဲမရှိ ဖြေဆိုအောင်မြင်သည်။ သို့နှင့် ကျောင်းတွင် နေခွင့်ရသည်။ မကြာမီ အဘွားရောက်လာပြီး သူ့ကို ချော့သည်။ အိမ်ပြန်နေပါဟု ပြောသည်။ အဘွားနှင့် ပြန်လည်သင့်မြတ်သဖြင့် အမေ ဝမ်းသာသည်။ အိမ်သို့ မကြာခဏ ပြန်လာပါမည်ဟု ကတိပေးလိုက်သည်။ သို့သော်လည်း ကျောင်းမှာပဲ သူနေမည်။ မည်သူ့ကိုမျှ မမှီခိုချင်ဟု အမေဆုံးဖြတ်ထားသည်။ ကျောင်းမှ ဆရာဖြစ်သင်ဌာနသည် သူ၏ စိတ်ကြိုက်ဌာနဖြစ်သည်။ အောင်လျှင် အလုပ်အာမခံချက်ရှိသည်။ ထိုအချိန်တွင် တက္ကသိုလ်မှ ဘွဲ့ရသူများ အလုပ် ရှာမရ နိုင်ဘဲ ယောင်ချာချာ ဖြစ်နေသည်။ ထို့ပြင် အကျိုးခံစားခွင့်တစ်ခုလည်းရှိသည်။ ကျောင်းတွင် အခမဲ့နေခွင့်ရခြင်းပင် ဖြစ်သည်။ ထိုအချိန် ဒေါက်တာရီယာမှာ စီးပွားရေးမပြေမလည် ဖြစ်လာသည်။ တိုင်းပြည်၏ စီးပွားရေးကျဆင်းသဖြင့် ဂယက်ရိုက်ခြင်းဖြစ်သည်။

စက်ရုံများကို အုပ်ချုပ်နေသော ကူမင်တန်အရာရှိများသည် စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန် မြင့်လာအောင် မလုပ်နိုင်။ သူတို့ အုပ်ချုပ်နေသည့် စက်ရုံများမှာ ရုရှားများ ဖြုတ်ယူမသွားသည့် စက်ရုံများဖြစ်သည်။ စက်ရုံအချို့မှာ ရာနှုန်းပြည့် မလည်ပတ်နိုင်။ သို့သော်လည်း အကျိုးအမြတ်အချို့ကို သူတို့ အိတ်ထဲထည့်ကြသည်။

ကူမင်တန် ကိုယ်ကျိုးရှာသမားများသည် ဂျပန်စစ်ဗိုလ်များ စွန့်ခွာသွားသည့် အိမ်များတွင် တက်၍ နေကြသည်။ ဒေါက်တာရီ၏ အိမ်ဟောင်းတစ်ဖက်တွင် ဂျပန်နေသည့် အိမ်ရှိသည်။ ယင်းတွင် ကူမင်တန် တစ်ယောက်နေသည်။ သူသည် ကိုယ်လုပ်တော်တစ်ယောက် သိမ်းပိုက်ထားသည်။ ကျင်ကျို့၏ မြို့တော်ဝန် မစ္စတာ ဟန်ဆိုသူမှာ ဒေသခံယောင်ခြောက်ဆယ်တစ်ယောက်ဖြစ်ပြီး နေ့ချင်းညချင်းပင် ချမ်းသာလာသည်။ ဂျပန်နှင့် အပေါင်းပါများထံမှ ပစ္စည်းများကို သူက သိမ်းပိုက်သည်။ သူ့တွင် ကိုယ်လုပ်တော် အများအပြား ရှိသည်။ ရပ်ရွာက သူ၏ မြို့တော် အုပ်ချုပ်ရေးရုံးကို “ဟန်မိသားစုရုံး” ဟု ခေါ်ကြသည်။ ရုံးတွင် သူ့ဆွေမျိုးသားချင်းများ မိတ်ဆွေများကို အလုပ်ခန့်ထားသည်။

ယိရှန်ကို ကူမင်တန်တို့ သိမ်းပိုက်သည့်အခါ ကျွန်မအဘေး မစ္စတာယင်ကို ထောင်မှလွှတ်လိုက်သည်။ သို့မဟုတ် ပိုက်ဆံပေး၍ လွတ်လာခြင်းလည်း ဖြစ်နိုင်သည်။ ကူမင်တန်အရာရှိတို့သည် ဂျပန်နှင့် ပူးပေါင်းသူများထံမှ ငွေညှစ်ကာ ချမ်းသာလာကြသည်ဟု ရပ်ရွာက ယုံကြည်သည်။ ယုံနိုင်စရာ အကြောင်းများ လည်း ရှိသည်။ အဘေး “ယင်”သည် အကာအကွယ်ကောင်းရရန် ကိုယ်လုပ်တော် တစ်ယောက်နှင့်မွေးသည့် သမီးတစ်ယောက်ကို ကူမင်တန် စစ်ဗိုလ်တစ်ယောက်နှင့် ပေးစားသည်။ သို့သော်လည်း ထိုစစ်ဗိုလ်မှာ ကပ္ပတိန် မျှသာဖြစ်လေရာ ယောက္ခမကို ကောင်းကောင်းအကာအကွယ် မပေးနိုင်။ “ယင်” ၏ ချမ်းသာစီးပွားကို သိမ်းယူသည်။ ယခုမူ “ယင်” သည် သူတောင်းစားဘဝသို့ ရောက်သွားသည်။ အရပ်စကားမှာ “ရေမြောင်းပေါ် တင်ပလ္လင်ခွေထိုင် နေသူ” ဖြစ်သည်။ ထိုသတင်းကို

သူ့မိန်းမကြားလျှင် သားသမီးများအား ငွေကြေးထောက်ပံ့ခြင်း မပြုရန် အကူအညီမပေးရန် တားမြစ်သည်။

၁၉၄၇ တွင် ထောင်ကထွက်လာပြီး တစ်နှစ်ရှိသည့်အခါ "ယင်" နေမကောင်းဖြစ်သည်။ လည်ပင်းတွင် အကျိတ်ပေါ်လာသည်။ ကင်ဆာဖြစ်နိုင်သည်။ သေတော့မည်ကို သိသဖြင့် ကျင်ကျို့သို့ အမှာစကားပါးပြီး သားသမီးများကို တွေ့ချင်သည်ဟု ဆိုသည်။ ကျွန်မ၏ အဘေးမကြီးက မတွေ့နိုင်ဟု ငြင်းဆန်သည်။ သို့သော်လည်း အကြိမ်ကြိမ်စာလွှာပါးပြီး လာတွေ့ရန် မေတ္တာရပ်ခံသည်။ နောက်ဆုံးတွင် သူ့မိန်းမက တွေ့ရန် သဘောတူသည်။ ကျွန်မ အဘွား၊ လန်နှင့် ယုလင်တို့ရထားဖြင့် ယိရှန်သို့ သွားကြသည်။ အဘွားသည် သူ့အဖေကို မတွေ့ရသည်မှာ ဆယ်နှစ်ရှိပြီ။ ယခုတွေ့သည့်အခါ အဖေသည် အသားအရေများ တွန့်လိပ်နေသော လူတစ်ယောက်ဖြစ်နေသည်။ သားသမီးများကို တွေ့ရလျှင် ပါးပြင်ပေါ်သို့ မျက်ရည် တွေတွေစီးကျသည်။ သူတို့အမေကို ပစ်ထားသဖြင့် သားသမီးများက သူ့ကို စိတ်နာ နေကြသည်။ သူက ယုလင်အား သူ့ကို အဖေဟု ခေါ်ရန် ပြောသည်။ ယုလင်က မခေါ်သဖြင့် "ယင်" စိတ်ဆင်းရဲသည်။ ထိုမျက်နှာကို မြင်ရသည့် အဘွားသည် သူ့မောင်ကို ချော့ပြီး အခေါ်ခိုင်းသည်။ တစ်ကြိမ်ပဲ ခေါ်ပါဟု ပြောရသည်။ ယုလင် က အံကြိတ်ပြီး "အဖေ" ဟု ခေါ်သည်။ သူ့အဖေက သူ့လက်ကို ဖမ်းဆုပ်ပြီး "ပညာရှင် ဖြစ်အောင် ကြိုးစား ဒါမှမဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုခုလုပ်။ အရာရှိ ဘယ်တော့မှ မလုပ်နဲ့။ လုပ်ရင် ငါပျက်စီးခဲ့သလို မင်းလည်း ပျက်စီးလိမ့်မယ်" ဟု ပြောသည်။ ဤသည်မှာ သူ့မိသားစုသို့ နောက်ဆုံးမှာကြားသည့် စကားဖြစ်လေသည်။

သူသေတော့ သူ့ဘေးမှာ ကိုယ်လုပ်တော်တစ်ယောက်သာ ရှိသည်။ ဆင်းရဲလွန်းသဖြင့် ခေါင်းပင်မတတ်နိုင်။ သူ့အလောင်းကို စုတ်ပြတ်နေသော သေတ္တာ တစ်ခုနှင့် ထည့်ကာ အခမ်းအနားမပါဘဲ မြေမြှုပ်သင်္ဂြိုဟ်လိုက်ရသည်။ သူ့ဘေးတွင် သူ့သွေးသားတစ်ယောက်မျှ မရှိ။

တရုတ်ပြည်တွင် လာဘ်ပေးလာဘ်ယူမှာ ပျံ့နှံ့နေသည်။ ချန်ကေရှိတ်က တိုက်ဖျက်ရန် အဖွဲ့တစ်ခုထူထောင်သည်။ ယင်းကို "ကျားရိုက်အဖွဲ့" ဟု ခေါ်သည်။ လာဘ်စားသည့် အရာရှိများသည် ကြောက်လန့်နေသည့် ကျားနှင့်တူသည်ဟု လူအများက နှိုင်းခိုင်းကြသည်။ ထိုအဖွဲ့က ပြည်သူများကို ဖိတ်ခေါ်ပြီး တိုင်တောစေသည်။ သို့သော်လည်း ထိုသို့ဖိတ်ခေါ်ခြင်းသည်ပင် ချမ်းသာသူများထံမှ အာဏာရှိသူများက ငွေညှစ်သည့် လုပ်ငန်းတစ်ခု ဖြစ်လာပြီး "ကျားရိုက်ခြင်း" သည် စို့စို့ပို့ပို့ရသည့်ူ အလုပ်ဖြစ်လာသည်။

ပို၍ဆိုးသည်မှာ ပြောင်ပြောင်တင်းတင်း လုယူခြင်းပင်ဖြစ်သည်။ ဒေါက်တာရှီယာ၏ ဆေးခန်းသို့ စစ်သားများ မကြာခဏရောက်လာပြီး အလေး ပြုကာ ဤသို့ပြောတတ်ကြသည်။

"လေးစားပါတယ် ဒေါက်တာရှီယာ။ ကျွန်တော်တို့ရဲဘော်တွေ

ငွေလိုနေတယ်။ နည်းနည်းလောက် ချေးပါလား”

ငြင်းလျှင်မကောင်း။ ကူမင်တန်နှင့်မတည့်လျှင် ထိုသူမှာ ကွန်မြူနစ်ဟု အစွပ်စွဲခံရသည်။ ဖမ်းပြီး ညှဉ်းပန်းနှိပ်စက်သည်။ စစ်သားများသည် ဆေးခန်းသို့ လာပြီး ဆေးကုသခံသည်။ ဆေးဝါးတောင်းသည်။ ဆေးကုခ တစ်ပြားမျှမပေး။

ဒေါက်တာရှီယာမှာ အလကားဆေးကုပေးရသည်ကို ဝန်မလေး။ ဆေးတောင်းပြီး မှောင်ခိုဈေးမှာ ရောင်းစားသည်ကိုတော့ မကြိုက်။ ထိုအချိန်တွင် ဆေးဝါးများ ရှားပါးစပြုလာသည်။

ပြည်တွင်းစစ်သည် ကျယ်ပြန့်လာသည်။ ထိုအခါ ကျင်ကျို့သို့ စစ်သား အများအပြားရောက်လာသည်။ ချန်ကေရှိတ် တိုက်ရိုက်အမိန့်ပေးသည့် တပ်များသည် အသင့် အတင့်စည်းကမ်းရှိသည်။ သို့သော်လည်း အခြားတပ်များမှာ ဗဟိုအစိုးရထံမှ လခမရသဖြင့် ရပ်ရွာအပေါ် မှီခိုစားသောက်နေကြရသည်။

ဆရာဖြစ် သင်တန်းတွင် အမေသည် “ပိုင်” ဟုခေါ်သော ဆယ့်ခုနစ်နှစ် အရွယ်ရှိ မိန်းမပျိုလေး တစ်ယောက်နှင့် မိတ်ဆွေဖြစ်သည်။ ပိုင်သည် အလွန် လှသည်။ အမေက သူ့ကို ချစ်သည်။ အမေက ကူမင်တန်များကို မနှစ်သက်ကြောင်း ပြောသည့် အခါ “ပိုင်” က သစ်တောကို မကြည့်နှင့်၊ သစ်ပင်များကို ကြည့်ပါဟု ပြောသည်။ ချွတ်ယွင်းချက်တော့ရှိနိုင်သည်။ မကင်းနိုင်ဟူ၍လည်း ပြောသည်။ “ပိုင်” သည် ကူမင်တန် ဘက်တော်သားဖြစ်သည်။ ကြိုက်လွန်းသဖြင့် ထောက်လှမ်းရေးအဖွဲ့တစ်ခု သို့ပင် “ပိုင်” ဝင်သည်။ ထောက်လှမ်းရေး သင်တန်းအကြီးအကဲများက ကျောင်းနေဘက် သူငယ်ချင်း များ၏ လှုပ်ရှားမှုများကို သတင်းပို့ရမည်ဟု ညွှန်ကြားသည်။ “ပိုင်” ငြင်းဆိုသည်။ ထိုနောက် တစ်ညတွင် သူ့အခန်းမှ သေနတ်သံကြားရသည်။ သူငယ်ချင်းများသွား၍ကြည့်လျှင် အိပ်ရာပေါ်တွင် မျက်နှာဖြူဆွတ်ကာ သေဆုံး နေသည့် “ပိုင်” ကို တွေ့ရသည်။ ခေါင်းအုံးပေါ်တွင် သွေးများပေကျံနေသည်။ စကား တစ်ခွန်းမျှ မပြောနိုင်ဘဲ သေဆုံးသွားခြင်းဖြစ်သည်။ သတင်းစာများက ချစ်ဇာတထန်၍ သေဆုံးရသည့် ရာဇဝတ်မှုဟု ဖော်ပြကြသည်။ မနာလိုသည့် ချစ်သူတစ်ယောက်က သတ်သွားသည်ဟုလည်း ပြောကြသည်။ သို့သော်လည်း ထိုစကားကို မည်သူကမျှ မယုံကြည်။ “ပိုင်” သည် ထောက်လှမ်းရေးအဖွဲ့မှ ထွက်သဖြင့် အသတ်ခံရခြင်း ဖြစ်သည်ဟူသော သတင်းစကားတစ်ခု အမေ ကြားရသည်။

အနိဋ္ဌာရုံ ဇာတ်လမ်းမှာ သည်မျှနှင့် မဆုံးသေး။ “ပိုင်”၏ အမေသည် ရွှေဆိုင်တစ်ခုဖွင့်ထားသည့် လူချမ်းသာတစ်ယောက်၏အိမ်တွင် အစေအပါး လုပ်သည်။ သူသည် သမီးသေသဖြင့် စိတ်ဆင်းရဲရသည်။ သတင်းစာများတွင် သူ့ သမီး၌ ချစ်သူများစွာရှိသည်၊ အချစ်ရန်ပွဲမှ သူ့သမီးအသတ်ခံရသည်ဟု ဖော်ပြသည်။ မိန်းမတစ်ယောက်အဖို့ အပျိုရည်သည် မွန်မြတ်သည့် ရတနာဖြစ်သည်။ အပျိုရည် မပျက်အောင် အသက်အသေခံသွားခြင်းဖြစ်သည်ဟု သူ့အမေယုံကြည်သည်။ များမကြာမီ သူ့အမေလည်း ကြိုးဆွဲချ သေသွားသည်။ သူ့အိမ်ရှင်ထံသို့

အရပ်ထဲကလူမိုက်များ ထွက်လာပြီး ပိုင်၏အမေ သေဆုံးသည့်အတွက် တာဝန်ရှိသည်ဟု စွပ်စွဲသည်။ ငွေညှစ်ခြင်းဖြစ်သည်။ မကြာမီ အိမ်ရှင်မှာ ရွှေဆိုင်ပြုတ်သွားသည်။

တစ်နေ့တွင် ရှီယာ၏ အိမ်တံခါးကို တစ်စုံတစ်ယောက် လာ၍ခေါက်သည်။ ခေါက်သူမှာ အသက်သုံးဆယ်ခန့်ရှိသည့် ကူမင်တန်ယူနီဖောင်း ဝတ်ဆင်ထား သူ ယောက်ျားတစ်ယောက်ဖြစ်သည်။ အဘွားကို အစ်မဟုခေါ်ပြီး ဒေါက်တာရှီယာကို နောင်တော်ယောက်ဖကြီးဟု ခေါ်သည်။ ထိုသူမှာ ဟန်-ချင် ဖြစ်သည်။ သချိုင်းကုန်းမှ ဒေါက်တာရှီယာတို့ ကယ်တင်ခဲ့ပြီး အိမ်တွင် သုံးလခန့်ပြုစုကျွေးမွေးထားခဲ့ သူဖြစ်သည်။ သူနှင့်အတူ ယူနီဖောင်းဝတ်လူငယ် တစ်ယောက် ပါလာသည်။ ထိုသူသည် စစ်သားနှင့် မတူ၊ ကောလိပ် ကျောင်းသားနှင့် တူသည်။ ဟန်-ချင်က ထိုသူမှာ သူ့မိတ်ဆွေ ချူ-ကေး ဖြစ်သည်ဟု မိတ်ဆက်ပေးသည်။ အမေသည် ချက်ချင်းပင် သူ့ကို နှစ်သက်မိသည်။

သူတို့နောက်ဆုံးတွေ့ပြီးနောက် ဟန်-ချင်သည် ကူမင်တန်ထောက်လှမ်းရေး အရာရှိကြီး တစ်ယောက် ဖြစ်လာသည်။ ဌာနခွဲတစ်ခုတွင် ကျင်ကျို့တစ်မြို့လုံး၏ တာဝန်ခံဖြစ်လာသည်။ သွားခါနီးတွင် “အစ်မကြီးရယ် ကျွန်တော့် အသက်ဟာ အစ်မကြီးတို့ မိသားစုကြောင့် ယခုတိုင် ရှင်ရက်ရှိနေတာပါ။ အစ်မကြီးတို့ ဘာလိုချင်သလဲ။ လိုချင်တာကိုသာပြောပါ။ ရအောင် ဖြစ်အောင် ကျွန်တော် လုပ်ပေးပါမယ်” ဟု ပြောသွားသည်။

ဟန်-ချင်နှင့် ချူ-ကေးတို့ မကြာခဏ အလည်လာကြသည်။ ဒေါက်ဖြုတ်သမားဟောင်း “ဒေါင်” နှင့် အဘွား၏ မတ်လန်၏ယောကျ်ား “ပိုင်အို” တို့အတွက် ကူမင်တန်ထောက်လှမ်းရေးဌာနတွင် အလုပ်များ ရှာကြံပေးသည်။

ချူ-ကေးသည် အဘွားတို့ မိသားစုနှင့် ရင်းနှီးလာသည်။ သူသည် တီယန်စင်တက္ကသိုလ်တွင် သိပ္ပံပညာသင်ယူခဲ့သည်။ ဂျပန်တို့လက် တီယန်စင် ကျသည့်အခါ ထွက်ပြေးပြီး ကူမင်တန်ပါတီသို့ဝင်သည်။ အဘွားက တစ်ခါတွင် အတူနေသော မစ္စတာနာကာနှင့် မိတ်ဆက်ပေးသည်။ သူတို့ ချစ်ကြိုက်ကြပြီး လက်ထပ်ကာအခန်းတစ်ခု ငှားရမ်း နေထိုင်ကြသည်။ တစ်နေ့တွင် ချူ-ကေးသည် သူ့သေနတ်ကို တိုက်ချွတ်စဉ် မောင်းကို မတော်တဆထိမိပြီး ကျည်ဆန်ထွက်သွားသည်။ ကျည်ဆန်သည် ကြမ်းပြင်ကို ဖောက်ကာ အောက်ထပ်တွင်နေသော မြေပိုင်ရှင် ၏ အငယ်ဆုံးသားကို ထိမှန်သဖြင့် သေဆုံးသွားသည်။ ကာယကံရှင်များ မတိုင်တန်းရဲသော်လည်း ချူ-ကေးသည် စိတ်မချမ်းသာဖြစ်ပြီး ချက်ချင်းပင် မြို့မှ ထွက်ခွာ သွားသည်။

လန်၏ယောကျ်ား ဦးလေး “ပိုင်- အို” သည်ထောက်လှမ်းရေးတွင် ကြီးပွားလာသည်။ ကူမင်တန်ကို သစ္စာရှိသဖြင့် သူ့နာမည်ကို “ရှောက်ရှိက်” ဟုပြောင်း လိုက်သည်။ (ချန်ကေရှိတ်ကိုသစ္စာရှိသော) သူသည် ချူ-ကေး လက်အောက်တွင် အမှုထမ်းရသည်။ သူတို့ အလုပ်မှာ ဂျပန်နှင့်ပူးပေါင်းခဲ့သူကို

အပြစ်ပေးရသည်။ ထိုနောက် ကွန်မျူနစ်ပါတီ၏ မိတ်ဆွေကျောင်းသားများကို စောင့်ကြည့်ရသည်။ ခဏကြာသည်အထိ သစ္စာရှင် ပိုင်-အိုသည် ခိုင်းသမျှလုပ်သည်။ သို့သော်လည်း လိပ်ပြာမလုံဖြစ်လာသည်။ လူတွေကို ထောင်သို့ မပို့ချင်။ ညှဉ်းပန်းသူ ငွေညှစ်သူ လက်သို့လည်း မအပ်ချင်။ အလုပ်ပြောင်းရန်တောင်းဆိုသည်တွင် မြို့စောင့်အလုပ်သို့ ပြောင်းရသည်။ ကွန်မျူနစ်တို့သည် မြို့ကို ခွာသွားပြီဖြစ်သော်လည်း ဝေးဝေးသို့ မသွား။ အနီးအနားမှာပင် ရှိနေသည်။ မြို့ဝန်းကျင်တွင် ကူမင်တန်တပ်များနှင့် မကြာခဏ ရင်ဆိုင်တိုက် ခိုက်ကြသည်။ ကျင်ကျို့အာဏာပိုင်တို့က အရေးကြီးသည့် လူသုံးကုန်ပစ္စည်းများ ကွန်မြူနစ်လက်သို့ မရောက်အောင် တားဆီးရန် ကြိုးစားနေသည်။

ထောက်လှမ်းရေးတွင် လုပ်သဖြင့် "သစ္စာရှင်" မှာ အာဏာရှိသည်။ ထို့ကြောင့် ချမ်းသာလာသည်။ တဖြည်းဖြည်း နေထိုင်သည့် ပုံစံပြောင်းလာသည်။ ဘိန်းရှူသည်။ အရက်များများ သောက်သည်။ လောင်းကစားသည်။ ပြည့်တန်ဆာအိမ်များသို့ မကြာခဏ သွားသည်။ ချက်ချင်းပင် ကာလသားရောဂါ ရလာသည်။ အဘွားက ဆင်ခြင်ရန်ပြောသည်။ ငွေပေးသည်။ သို့သော်လည်း သူက မပြုပြင်။ ထိုအတွင်း ရှီယာမိသားစုမှာ စားစရာပါးရှားသည်ကို သူသိသည်။ ထို့ကြောင့် အိမ်သို့ခေါ်ပြီး စားကောင်းသောက်ဖွယ်များ ကျွေးသည်။ ဒေါက်တာရှီယာက အဘွားကို သွား၍ မစားစေချင်။ "အဲဒီ ပစ္စည်းတွေက မတရားသဖြင့် ရထားတဲ့ ပစ္စည်းတွေ။ လက်နဲ့တောင် မထိချင်ဘူး" ဟုပြောသည်။ သို့သော်လည်း အဘွားသည် တစ်ခါတစ်လေ အစားကောင်းစားချင်သဖြင့် ပိုင်အိုဆီသို့ ယုလင်နှင့် ကျွန်မအမေတို့ကို ခေါ်သွားပြီး စားသောက်ကြသည်။

ကျင်ကျို့သို့ ကူမင်တန်တပ်များ ပထမဆုံး ရောက်လာသည့်အခါ ယုလင်မှာ ဆယ့်ငါးနှစ် အရွယ်ဖြစ်သည်။ သူသည် ဒေါက်တာရှီယာနှင့်အတူ ဆေးဝါး ကုသရေး လေ့လာနေသည်။ မကြာခင် သမားကောင်းဖြစ်လာမည်ဟု ဒေါက်တာ ရှီယာ မျှော်လင့်သည်။ ယခုအခါ အဘွားသည် အိမ်ထောင်အကြီး အကဲနေရာဝင်၍ ယူသည်။ သူ့အမေ၊ သူ့ညီမနှင့်မောင်တို့မှာ သူ၏ ယောက်ျား ဒေါက်တာရှီယာကို မှီခိုနေကြသူများ ဖြစ်သည်မဟုတ်လား။ ယခုအချိန်ဆိုလျှင် ယုလင်အိမ်ထောင်ပြုဖို့ တော်ပြီဟု အဘွားထင်သည်။ သူ့ထက်သုံးနှစ်ကြီးသည့် အမျိုးသမီးတစ်ယောက်နှင့် ပေးစားရန် စိတ်ကူးရသည်။ အမျိုးသမီးမှာ ဆင်းရဲသော မိသားစုမှဖြစ်ရာ အလုပ်လုပ်မည်၊ အိမ်ထောင်ထိန်းသိမ်းနိုင်မည်ဟု အဘွား ထင်သည်။ သူတို့နှစ်ယောက် ၁၉၄၆ တွင် မှတ်ပုံတင်ရုံး၌ လက်ထပ်ကြသည်။ ယုလင်မှာ ဆယ့်ခြောက်နှစ်နှင့် သူ့မိန်းမမှာ ဆယ့်ကိုးနှစ်ဖြစ်သည်။

ယုလင်အတွက် အလုပ်ပေးရန် ဟန်-ချင်ကို အဘွားတာဝန်ပေးသည်။ ထိုအချိန်တွင် ဆားသည် ရှားပါးလူသုံးကုန်တစ်ခုဖြစ်သည်။ ဟန်-ချင်က ယုလင်အား ဆားမှူးခန့်လိုက်သည်။ မကြာခဏ ကူမင်တန်နှင့် ကွန်မျူနစ်တို့ တိုက်ခိုက်ကြသည့် အကြား ယုလင် ပိတ်မိနေသည်။ ကူမင်တန်တို့သည် ဆားကို လက်ဝါးကြီးအုပ်ရန်

ကြိုးစားသည်။ တိုက်ပွဲတွင် အများအပြား သေကြသည်။ ယုလင်ကြောက်လာသည်။ သို့နှင့် လအနည်းငယ်လုပ်ပြီး အလုပ်ထွက် လိုက်သည်။

ထိုအချိန်တွင် ကူမင်တန်တပ်များသည် တောနယ်များတွင် ခြေကုပ်မရတော့ပေ။ စစ်သားသစ်များ လည်း စုဆောင်းမရနိုင်ဖြစ်ရသည်။ လူငယ်များသည် "မုံးစာ" များ မဖြစ်လိုကြ။ ပြည်တွင်းစစ်မှာ ပြင်းထန်လာပြီး အသေအပျောက် များလာသည်။ စစ်တပ်ထဲ အတင်းဝင်ခိုင်းမည်ကို ကြောက်လာကြသည်။ ယုလင်ကို ယူနီဖောင်းမဝတ်ရန် ကြံဆောင်ဖို့ဆိုသည်မလွယ်။ ထောက်လှမ်းရေးတွင် အလုပ်တစ် ခုခုရှာပေးဖို့ ဟန်ချင်ကို အဘွားပြောသည်။ ဟန်ချင်က ငြင်းသည်။ ယုလင်လိုတော်တည့် မှန်ကန်သော လူငယ်တစ်ယောက်အဖို့ ထိုအလုပ်မျိုးနှင့် မတော်ဟု ဆိုသည်။

ဟန်-ချင် တစ်ယောက် သူ့အလုပ်တွင် စိတ်ပျက်လာသည်ကို အဘွား သတိမထားမိ။ သစ္စာရှင် ပိုင်-အို လိုပင် သူလည်း ဘိန်းစွဲလာသည်။ အရက်အလွန်အကျွံ သောက်လာသည်။ ပြည့်တန်ဆာအိမ်များသို့ အသွားများလာသည်။ မိန်းမပေးစားရလျှင်ကောင်းမည် အဘွားစိတ်ကူးမိသည်။ သို့သော်လည်း ဟန်-ချင်က မိန်းမ မလိုချင်။ သူ သေချင်သည်ဟု ဆိုသည်။ အဘွား ထိတ်လန့်မိသည်။ ဘာကြောင့်လဲဟု မေးရာ မပြောနိုင်ဟုဆိုသည်။

ဟန်-ချင်သည် ဂျပန်ကို မုန်းသဖြင့် ကူမင်တန်ပါတီသို့ ဝင်ခြင်းဖြစ်သည်။ သို့သော်လည်း သူ ထင်သလိုမဟုတ်။ လုပ်ကိုင်ရသည်မှာ မနှစ်မြို့စရာ ကောင်းလာသည်။ တရုတ်အချင်းချင်းကို နှိပ်စက်ရသည်။ ထိုအလုပ်မှ မထွက်နိုင်။ သူ့ကိုယ်သူ သတ်သေလို့လည်းမဖြစ်။ ကျန်ရစ်သည့် မိသားစု ဒုက္ခရောက်မည်။ မီးခိုး ကြွက်လျှောက်လိုက်ကာ မိသားစုကို ထောက်လှမ်းရေးက ဒုက္ခပေးမည်။ အလုပ်က ထွက်ရန် ကြိုးစားသည့် ကျွန်မအမေ၏ ကောလိပ်ကျောင်းက သူငယ်ချင်း "ပိုင်" လိုအသေဆိုးသေရမည်။ သို့ဖြစ်ရာ သေရိုးသေစဉ် အတိုင်း သေအောင် အလွန်အကျွံ အရက်သောက်သည်။ ဘိန်းရှူသည်။

၁၉၄၇ နှစ်သစ်ကူးတွင် မိသားစုရှိရာ ယိရှန်သို့ ဟန်-ချင် ပြန်သည်။ အစ်ကို၊ အဖေတို့နှင့် ပျော်ရွှင်စွာ နှစ်သစ်ကူးပွဲ ဆင်နွှဲသည်။ သို့သော် နောက်ဆုံး တွေ့ခြင်းဖြစ် မည် ယူဆကာ အကြာကြီးနေသည်။ ထို့နောက် အပြင်းအထန် နေမကောင်းဖြစ်ပြီး ထိုနှစ်နွေတွင် သေဆုံးသွားသည်။ သူ့အဖေ၏ အသုဘကို ခမ်းနားစွာ သင်္ဂြိုဟ်ခွင့် သူမရသဖြင့် ဝမ်းနည်းသည်ဟူ၍ အဘွားကို ပြောသွားသည်။

သို့သော်လည်း အဘွားအကျိုးကိုမူ တတ်နိုင်သမျှ ဆောင်ရွက်သွားသည်။ ယုလင်အတွက် ထောက်လှမ်းရေးအမှုထမ်း ကတ်ပြားရအောင် သူ လုပ်ပေးသွားသည်။ ယုလင်မှာ ထောက်လှမ်းရေးလုပ်ငန်း တစ်စုံတစ်ရာ မလုပ်ရဘဲ ထောက်လှမ်း ရေးအရာရှိဖြစ်လာသည်။ စစ်တပ်ထဲသို့ သူ မဝင်ရတော့ပေ။ ဒေါက်တာရှီယာ၏ အိမ်မှာနေပြီး ဆေးဆိုင်တွင် ကူညီလုပ်ကိုင်ပေးနိုင်သည်။

အမေ၏ ကျောင်းမှ လူငယ်ဆရာတစ်ယောက်မှာ "ကင်" ဖြစ်သည်။

တရုတ်စာပေကို သင်ပြသည်။ တော်သည်။ ဗဟုသုတပြည့်ဝသည်။ အမေက သူ့ကို ကြည်ညိုသည်။ သူသည် ကူမင်တန်ဆန့်ကျင်ရေး လုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့သူဖြစ်သည်။ ယင်းမှာ အနောက်တောင်ပိုင်း ကူမင်းတွင် ဖြစ်သည်။ သူနှင့် မိန်းကလေးမိတ်ဆွေမှာ သင်တန်းတစ်ခုတွင် လက်ပစ်ဗုံး ပေါက်ခွဲရာ၌ သေဆုံးခဲ့သည်။ သူ့သင်ကြားချက်များမှာ ကွန်မြူနစ်လိုလား သူ တစ်ယောက်၏ အမြင်များဖြစ်သည်။ အမေက သူ့ကို များစွာလေးစားသည်။

၁၉၄၇ အစောပိုင်း တစ်မနက်ခင်းတွင် ကျောင်းပေါက်ဝ၌ အထုပ်ထမ်းသူအဘိုးကြီးက အမေ့ကိုတားပြီး စာတစ်စောင်ပေးသည်။ "ကင်" မရှိတော့ဟူ၍လည်း ပြောသည်။ အမေ မသိတာတွေရှိသည်။ ကင်ကို အချင်းချင်းက သတိပေးသဖြင့် ကူမင်တန်လက်မရောက်မီ ထွက်ပြေးခြင်း ဖြစ်သည်။ ထိုအချိန် က ကွန်မြူနစ်များ အကြောင်း အမေ ကောင်းကောင်းမသိ။ "ကင်" သည်လည်း ကွန်မြူနစ်တစ်ယောက် ဖြစ်မှန်းမသိ။

"ကင်" ၏ စာတွင် စကားတစ်လုံးတည်းသာ ပါသည်။ "တိတ်တိတ်နေ" ဟူ၍ ဖြစ်သည်။ အဓိပ္ပာယ်နှစ်မျိုးရသည် အမေထင်သည်။ သူ့ချစ်သူအတွက် ရေးသည့် ကဗျာထဲက စကားလုံးကို ရည်ညွှန်းသည် လည်း ဖြစ်နိုင်သည်။ "တိတ်တိတ်နေ။ တို့တစ်တွေရဲ့ အင်အားတွေ စုစည်းမိပြီ။" ဟု ကဗျာက ဆိုသည်။ စိတ်ဓာတ်မကျရန် ရည်ညွှန်းခြင်းလည်း ဖြစ်နိုင်သည်။ သို့သော်လည်း အရမ်းလျှောက်လုပ်မနေနဲ့ ဟူသော သတိပေးစကားလည်း ဖြစ်နိုင်သည်။ အမေသည် အကြောက် အရွံ့မရှိသူဟူ၍ နာမည်ကြီးလာသည်။ ကျောင်းသူများ၏ ထောက်ခံမှုကိုလည်း ရလာသည်။ ထိုအချိန်တွင် ကျောင်းအုပ်ဆရာမကြီး အသစ်တစ်ယောက် ရောက် လာသည်။ ဆရာမကြီးသည် ကူမင်တန်ပါတီ အမျိုးသားကွန်ဂရက် ကိုယ်စားလှယ် တစ်ယောက် ဖြစ်သည်။ ထောက်လှမ်းရေး နှင့် အဆက်အသွယ် ရှိသည်ဟု သတင်းကြီးသည်။ သူနှင့်အတူ ထောက်လှမ်းရေးသမားအများအပြား ပါလာသည်။ တစ်ယောက်မှာ ယိုး-ဟန် ဖြစ်ပြီး နိုင်ငံရေးမှူးဖြစ်သည်။ ကျောင်းသားများကို စောင့်ကြည့်ရန် အထူးတာဝန်ဖြင့် ရောက်လာခြင်းဖြစ်သည်။

ပညာရေးကြီးကြပ်သူမှာ ကူမင်တန်ပါတီ၏ ခရိုင်အတွင်းရေးမှူးဖြစ်သည်။ ထိုအချိန်က အမေနှင့် ရင်းနှီးသူတစ်ယောက်မှာ ခပ်ဝေးဝေးအစ်ကို ဝမ်းကွဲ "ဟု" ဖြစ်သည်။ သူ့အဖေသည် ကျင်ကျို့ မုခဒင်နှင့် ဟာဆင်တို့တွင် ကုန်ပဒေသာ စတိုးဆိုင်များ ပိုင်ဆိုင်သည်။ မိန်းမတစ်ယောက်ယူထားပြီး ကိုယ်လုပ်တော် နှစ်ယောက်ရှိသည်။ သူ့မိန်းမက သားတစ်ယောက်မွေးသည်။ ကိုယ်လုပ်တော်များက သားသမီးမမွေး။ ထိုအခါ ဟု၏ အမေမှာ ကိုယ်လုပ်တော်နှစ်ယောက်၏ မနာလိုစရာ ဖြစ်လာသည်။ တစ်ညတွင် သူ့ယောကျ်ား အပြင်သွားနေခိုက် ကိုယ်လုပ်တော် နှစ်ယောက်က ဟုအမေ၏ အစားထဲတွင် ဆေးခပ်သည်။ ယောကျ်ားအစေခံ တစ်ယောက်၏ အစားထဲတွင်လည်း ဆေးခပ်သည်။ သူတို့နှစ်ယောက်ကို အိပ်ရာတစ်ခုထဲ သိပ်ထားလိုက်သည်။ မစ္စတာဟု ပြန်ရောက်လာသည့်အခါ

သူ့မိန်းမကို အစေခံနှင့် တစ်အိပ်ရာထဲ တွေ့ရသည်။ ထိုအခါ ဒေါသပေါက်ကွဲသည်။ မိန်းမကို အခန်းလေးတစ်ခုထဲ သော့ခတ်ပြီး လှောင်ထားသည်။ သူ့သား “ဟု” အငယ်အား အမေနှင့် တွေ့ခွင့်မပေး။ မစ္စတာဟုသည် ယင်းကိစ္စနှင့် ပတ်သက်၍ ကိုယ်လုပ်တော် နှစ်ယောက်ကို သက်ာမကင်း ရှိသည်။ သို့ရာတွင် သူ့ဇနီးကို မယားအဖြစ်မှမစွန့်။ အိမ်မှလည်း မောင်းမချ။ လူကြားလျှင် သူရော သူ့မိန်းမပါ ဂုဏ်သိက္ခာကျမည်။ ကိုယ်လုပ်တော်များက သားကို အန္တရာယ်ပေးမည် စိုးရိမ်ပြီး ကျင်ကျို့ရှိ ဘော်ဒါ ကျောင်းတစ်ခုသို့ ပို့လိုက်သည်။ ထိုကျောင်းတွင် အမေနှင့်တွေ့ခြင်းဖြစ်သည်။ ထိုအချိန်က အမေ၏ အသက်မှာ ခုနစ်နှစ်နှင့် အစ်ကိုဟု၏ အသက်မှာ ဆယ့်နှစ်နှစ် ဖြစ်သည်။ သူ့အမေသည် တစ်ယောက်တည်းအခန်းတစ်ခုထဲ ဒဏ်ခံနေရာမှ ရူးသွားသည်။

အစ်ကိုဟုသည် ထိခိုက်လွယ်သူ နာကျည်းလွယ်သူ အဖြစ်ကြီးပြင်းလာခဲ့သည်။ ဖြစ်ပျက်ခဲ့သည်ကို မမေ့ပျောက်နိုင်။ အခါအားလျော်စွာ အမေ့ကိုပြန်ပြောပြလေ့ရှိသည်။ ကြားရသည့်အဖြစ်အပျက်ကို အမေဆင်ခြင်သုံးသပ်ကြည့်သည်။ မိန်းမဘဝမှာ ဆိုးသည်။ ကံဆိုးမိုးမှောင်ကျသည့် အဖြစ်အပျက်များ သူ့ မိသားစုမှာလည်း ကြုံခဲ့ရသည်။ အခြားမိသားစုများတွင်လည်း အမေများ၊ သမီး များ၊ ဇနီးများနှင့် ကိုယ်လုပ်တော်များ၏ ဘဝများသည် ရင်နင့်ဖွယ် ကြေကွဲဖွယ် ဖြစ်ရပ်တို့နှင့် ပြွမ်းခဲ့သည်။ မိန်းမသားတွင် အာဏာမရှိ။ နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ ပြီဖြစ်သော ဓလေ့ထုံးစံဟောင်းများ အစဉ်အလာများနှင့် ကိုယ်ကျင့်တရား များကို အမေ စက်ဆုပ်သည်။ ဒေါသဖြစ်ရသည်။ ပြုပြင်ပြောင်းလဲမှုများ ရှိခဲ့သော်လည်း ယခုတိုင် ဘက်လိုက်ခြင်းများအကြားတွင် နစ်မြုပ်ခဲ့ရသည်။ အမေသည် စိတ်မရှည်နိုင် ဖြစ်လာကာ တော်လှန်ပစ်လိုက်ချင်သည်။

သူ ကျောင်းနေစဉ် နိုင်ငံရေးအင်အားစုတစ်ခုက အပြောင်းအလဲများ ပြုလုပ်မည်ဟု ဖြောင်ဖွင့်ဟ ကြေညာကြောင်း ကြားဖူးသည်။ ယင်းမှာကွန်မြူနစ် အင်အားစုဖြစ်သည်။ ထိုအကြောင်းကို “ရှု” ဟု ခေါ်သည့် သူငယ်ချင်းအရင်းအချာ တစ်ယောက်ထံမှ သိရသည်။ “ရှု” သည် အိမ်နှင့် စိတ်ဆိုးကာ ကျောင်းသို့ ရောက်လာ သူဖြစ်သည်။ သူ့အဖေက ဆယ့်ရှစ်နှစ်သမီး “ရှု” ကို ဆယ့်နှစ်နှစ်သားလေး တစ်ယောက်နှင့် လက်ထပ်ပေးရန် စီစဉ်သည်။ တစ်နေ့တွင် “ရှု” သည် အမေကို နှုတ်ဆက်ခဲ့သည်။ ရှုနှင့် သူ၏ တိတ်တခိုးချစ်သူ တို့သည် ကွန်မြူနစ်တို့နှင့် ပူးပေါင်းရန် ထွက်သွားကြသည်။ “သူတို့ဟာ ကျွန်မတို့ရဲ့ မျှော်လင့်ချက်ပဲ အမေ” ဟု ပြောခဲ့သည်။

ထိုအချိန်တွင် ကျွန်မ အမေသည် အစ်ကိုဟုနှင့် နီးစပ်လာသည်။ လူပေါ်ကြော့ မစ္စတာလျူလေးကို ဟု မနာလိုဖြစ်လာသည်။ ထိုအခါတွင်မှ အမေ့ကို သူချစ်နေပါလားဟု သူ့ကိုယ်သူ သိလာသည်။ လျူနှင့်အမေတို့ အဆင်မပြေသည်ကို သိရသည့် အခါဝမ်းသာသည်။ အမေ့ကို နေ့တိုင်းလာ၍ တွေ့သည်။

၁၉၄၇ မတ်လ တစ်ညနေခင်းတွင် သူတို့နှစ်ယောက် ရုပ်ရှင်အတူသွားကြည့်ကြသည်။ လက်မှတ်နှစ်မျိုးဝယ်နိုင်သည်။ တစ်မျိုးမှာ ထိုင်ခုံဖြစ်ပြီးနောက်တစ်မျိုးမှာ ရပ်ကြည့်သည့် လက်မှတ်ဖြစ်သည်။ ဟု တွင် ပိုက်ဆံနည်းနေသဖြင့် အမေ အတွက် ထိုင်ခုံလက်မှတ်ဝယ်ကာ သူက ရပ်ပြီးကြည့်သည်။ အမေကမူ သဘောမကျ။ ဟု ကိုသာ ခိုး၍ကြည့်နေသည်။ ရုပ်ရှင်တစ်ဝက်ရောက်လျှင် ခပ်ကြော့ကြော့ ဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ယောက်ဟု အနားသို့ တိုးသွားသည်ကို မြင်ရသည်။ ချက်ချင်းပင် သူတို့နှစ်ယောက် လက်ချင်းထိကြသည်။ အမေသည် ချက်ချင်းပင် ထိုင်ခုံမှ ထသွားပြီး ပြန်တော့မည်ပြောသည်။ ပထမတွင် ဘာမှမဖြစ်ဟု အစ်ကို ဟုက ပြောသည်။ အမေက သူသည်းမခံနိုင်ဟု ဆိုသည့်အခါ နောက်တော့ ရှင်းပြပါမည်ဟု ဟုက ပြောသည်။ အမေမှာ ငယ်သေးသည်၊ နားမလည်နိုင်တာတွေ ရှိသည်ဟု အစ်ကိုဟုက ပြောသည်။ အမေအိမ်ပြန်ရောက်လျှင် သူ့ကို အိမ်ထဲအဝင်မခံ။ နောက်ရက်များတွင် ဟုသည် အမေ့ကို ခဏခဏလာ၍ တွေ့သည်။ အမေက အတွေ့မခံ။

ခဏကြာလျှင် အမေသည် သူ့ကိုတောင်းပန်ရန် အသင့်ပြင်ထားသည်။ သူတို့ ပြန်လည်သင့်မြတ် ကြမည်။ တံခါးဝဆီသို့ မျှော်သည်။ နှင်းတွေ ကျနေသော တစ်ညနေခင်းတွင် သူ့အိမ်ဆီသို့ အဖော်တစ်ယောက် နှင့်အတူ လာနေသော ဟုကို အမေမြင်သည်။ အိမ်ထဲသို့ မဝင်ဘဲ ဒေါက်တာရီယာ၏ အိမ်ငှား "ယု-ဝု" ဆီသို့ သူသွားသည်။ ခဏကြာလျှင် ပြန်လာပြီး အမေဆီသို့ မြန်မြန်လျှောက်လာသည်။ အက်ကွဲသံဖြင့် ကျင်ကျို့က သူချက်ချင်းထွက်သွား ရတော့မည်၊ သူ့နောက်သို့ ပုလိပ် လိုက်နေသည်ဟု ပြောသည်။ ဘာ့ကြောင့်လဲဟု အမေက မေးလျှင် သူက "ငါ ကွန်မြူနစ်တစ်ယောက်ပဲ" ဟု ပြောကာ နှင်းထန်နေသော ညအမှောင်ထဲသို့ ပျောက်ကွယ်သွားလေသည်။

ရုပ်ရှင်ရုံထဲတွင် တွေ့ခဲ့ရသည်မှာ အစ်ကိုဟုတို့ လျှို့ဝှက်တွေ့ဆုံခြင်း ဖြစ်သည်ဟု အမေစဉ်းစား မိသည်။ အမေ အသည်းကွဲရသည်။ ယခုမူ ပြန်လည် စေ့စပ်၍ ရနိုင်တော့မည်မဟုတ်။ သူတို့ အိမ်ငှား ယု-ဝုသည်လည်း ကွန်မြူနစ်တစ်ယောက်ဖြစ်သည် သူထင်သည်။ အစ်ကိုဟု ရောက်လာသည်မှာ ယု-ဝု အိမ်ခန်းတွင် ပုန်းအောင်း ရန်ဖြစ်မည်။ ယု-ဝုက မဖြစ်နိုင်ဟု ပြောသည်။ အမေနှင့် ဟုတို့ အဆက်အစပ်ရှိနေ သည်ကို လူတိုင်းသိသည်။ ကူမင်တန် ပုလိပ်တို့ လာ၍ ရှာလျှင် ယု-ဝု ပါအဖမ်း ခံရလိမ့်မည်။ အရင်က သူတို့နှစ်ယောက် မသိကြ။ ထိုညကမှ သိခြင်းဖြစ်သည်။ ထိုညမှာပင် အစ်ကိုဟုသည် ကွန်မြူနစ်များရှိရာ မြို့နှင့် မိုင်နှစ်ဆယ်ဝေးသည့် ဒေသသို့ ထွက်သွားသည်။ နောက်နွေဦးရောက်လာပြီး ပုရစ်ဖူးလေးတွေ ပြူထွက်လာသည့်အခါတွင်မူ မြို့မှအထွက် ဟု အဖမ်းခံရသည်ဟု ယု-ဝု သတင်းရသည်။ သူနှင့် အတူပါသူမှာ သေနတ်မှန်၍ သေသွားသည်။ ဟုကိုလည်း သတ်ပစ်လိုက်ကြသည်ဟု သတင်းရသည်။

အမေသည် ကူမင်တန်ကို တစ်နေ့တခြားရွံမုန်းလာသည်။ ရွေးစရာတစ်ခုမှာ

ကွန်မျူနစ်ပါတီ ဖြစ်သည်ဟု သူသိလာသည်။ ပြီးတော့ မိန်းမတွေ မတရားအနှိမ်ခံရသည်ကို အဆုံးသတ်စေမည်ဟူသော ကတိစကားကိုလည်း အမေသဘောကျ နှစ်သက်သည်။ ယခုမူ အမေမှာ ဆယ့်ငါးနှစ်သာရှိသေးသဖြင့် ကွန်မျူနစ်ပါတီသို့ မဝင်နိုင်သေး။ အစ်ကိုဟု သေဆုံးသည့်သတင်းကြားရလျှင် သူဆုံးဖြတ်လိုက်သည်။ ကွန်မျူနစ်ပါတီသို့ ဝင်တော့မည်။

****

[၅]

သမီးတစ်ယောက် ဆန် ၁၀ ကီလိုနှင့် ရောင်းမည်။

တရုတ်ပြည်သစ်တိုက်ပွဲ

(၁၉၄၇ - ၁၉၄၈)

လွန်ခဲ့သည့် လအနည်းငယ်က မိတ်ဆွေတစ်ယောက်၏ မိတ်ဆက်စာဖြင့် ယု-ဝု ရောက်လာသည်။ ရှီယာမိသားစုသည် မြို့ရိုးမြောက်ဘက်တံခါးနားက အိမ်ကြီးသို့ ပြောင်းရွှေ့လာစဖြစ်ပြီး ချမ်းသာသည့် အိမ်ငှားတစ်ယောက် လိုချင်နေခိုက်ဖြစ်သည်။ ယု-ဝုသည် ကူမင်တန် ယူနီဖောင်းနှင့်ရောက်လာသည်။ သူနှင့်အတူ မိန်းမ တစ်ယောက်၊ ကလေးတစ်ယောက်ပါလာသည်။ သူ့ မိန်းမဖြစ်သည်ဟု ယု-ဝုက ပြောသည်။ အမှန်စင်စစ် သူ့မိန်းမ မဟုတ်။ လက်ထောက်အကူအညီ တစ်ယောက် ဖြစ်သည်။ ကလေးမှာ ထိုအမျိုးသမီး၏ ကလေးဖြစ်ပြီး သူ့ယောက်ျားသည် အဝေး တစ်နေရာက ကွန်မြူနစ်တပ်တစ်ခုတွင် ရှိနေသည်။ တဖြည်းဖြည်း အနေကြာလာသည့်အခါ သူတို့သည် တကယ့် လင်မယားဖြစ်သွားကြသည်။ နှစ်ယောက်ပေါင်းဘက်ရာမှ သားသမီးနှစ်ယောက်မွေးသည်။ သူတို့၏ ပထမလင်နှင့်မယားတို့သည် အသီးသီးနောက် အိမ်ထောင်များ ပြုသွားကြသည်။

ယု-ဝု သည် ၁၉၃၈ တွင် ကွန်မြူနစ်ပါတီသို့ ဝင်သည်။ ကျင်ကျို့သို့ စစ်အတွင်း ကွန်မြူနစ်ဌာနချုပ် ဖြစ်သည့် ယင်အန်မှ ရောက်လာခြင်း ဖြစ်သည်။ ဂျပန်လက်နက်ချပြီးစဖြစ်ပြီး မြို့ပြင်ဘက်ရှိ ကွန်မြူနစ်များ အတွက် သတင်းစုဆောင်းပေးပို့ရန် တာဝန်နှင့် သူရောက်လာသည်။ ကျင်ကျို့ခရိုင်ခွဲတစ်ခု၏ ကူမင်တန်စစ်ဌာနချုပ် အကြီးအကဲတစ်ယောက်အဖြစ် သူ လုပ်ရှားသည်။ ထိုရာထူးကို ကွန်မြူနစ်များ က သူ့အတွက် ဝယ်ပေးသည်။ ထိုအချိန်တွင် ကူမင်တန်ရာထူးရာခံများကို ဈေးကြီးကြီးပေးသူများအား ရောင်းနေသည်။ ထောက်လှမ်းရေးရာထူးကိုပင် ဝယ်၍ရနိုင်သည်။ အချို့က မိသားစုကာကွယ်ရေးအတွက် ရာထူးဝယ်ကြသည်။ စစ်သားများနှင့် လူဆိုး သူခိုးတို့ သောင်းကျန်းနေသည်မှ အကာအကွယ်ရနိုင်သည်။ ပြီးတော့ ရာထူးရှိလျှင် တခြားသူများထံမှ ငွေညှစ်နိုင်သည်။ ကျင်ကျို့မှာ နည်းဗျူဟာ အချက်အချာ ဒေသဖြစ်ရာ အရာရှိများစွာ ရုံးထိုင်ကြသည်။ ထိုရုံးများသို့ ကွန်မြူနစ် များ အလွယ်တကူ ထိုးဖောက် နေရာယူကြသည်။

ယု-ဝုသည် သူ့ဇာတ်ကို သူနိုင်အောင် ကနိုင်သည်။ လောင်းကစားပွဲများ ထမင်းစားပွဲများ ကျင်းပသည်။ ထိုပွဲများတွင် အဆက်အသွယ်များရသည်။ ထိုပွဲများက သူ့ကို အကာအကွယ်ပေးသည်။ ကူမင်တန်စစ်ဗိုလ်များ၊

ထောက်လှမ်းရေးအရာရှိများ ဝင်ထွက်သွားလာကြသည်။ မကုန်နိုင်သော "ဝမ်းကွဲများ" နှင့် "မိတ်ဆွေများ" ရောက်လာကြသည်။ သူတို့သည် အခြားတစ်ပါးသူများ ဖြစ်သည်။ သို့သော်လည်း မည်သူကမျှ မေးမြန်းစစ်ဆေးခြင်း မပြုကြပေ။

ယု-ဝု အတွက် အကာအကွယ်တစ်ခုရှိသေးသည်။ ဒေါက်တာရှီယာ၏ ဆေးခန်းမှာ အမြဲဖွင့်ထားလေရာ သူ့ဆီရောက်လာသည့် မိတ်ဆွေများသည် သူ့ဆီမှ တစ်ဆင့် ဆေးခန်းသို့ သွားကြသည်။ မည်သူမျှမရိပ်မိ။ ဒေါက်တာ ရှီယာသည် ဝု-ယု၏ ဆူညံသည့် ပါတီပွဲများကို သည်းခံသည်။ ကန့်ကွက် ပြောဆိုခြင်းမရှိ။ သူကိုယ်တိုင်မှာ လောင်းကစားနှင့် အရက်သေစာ ဆန့်ကျင်တားမြစ်သည့် ဆင်ခြင်တုံတရားဂိုဏ်းဝင် တစ်ယောက်ဖြစ်သည်တိုင် ဘာမျှမပြော။ ထိုအခါ သူ့ပထွေး၏ သည်းခံစိတ်ကို အမေနားမလည်နိုင်ဖြစ်ရသည်။ နောက်ပြန်လည် စဉ်းစားသည့် အခါတွင်မှ ဒေါက်တာရှီယာသည် ယု-ဝု၏ ဘဝမှန်ကို သိသည်၊ သို့မဟုတ် ရိပ်မိသည်ဟု နားလည်လာသည်။

အစ်ကိုဟုကို ကူမင်တန်တို့ သတ်ပစ်လိုက်သည်ဟု သိရလျှင် အမေသည် ကွန်မြူနစ်တို့ဘက် ပါဝင်လုပ်ကိုင်ရန် ယု-ဝုထံ ချဉ်းကပ်သည်။ အသက် အလွန်ငယ်သည်ဟု ဆိုကာ ဝင်ခွင့်မပေး။

အမေသည် ကျောင်းတွင် ထင်ပေါ်သူဖြစ်လာသည်။ ကွန်မြူနစ်များ သူ့ကို ချဉ်းကပ်လိမ့်မည် မျှော်လင့်နေသည်။ မျှော်လင့်သည့်အတိုင်း ချဉ်းကပ်သည်။

သို့သော်လည်း သူတို့က အချိန်စောင့်ချင်သေးသည်။ သူ့သူငယ်ချင်းမ တစ်ယောက်မှာ "ရှု" ဖြစ်သည်။ ကွန်မြူနစ်ဒေသသို့ မသွားမီ အမေ့အကြောင်း သူနှင့် အဆက် အသွယ်ရှိသည့် ကွန်မြူနစ်များကို ပြောပြထားသည်။ ထိုပုဂ္ဂိုလ်နှင့် အမေ့ကို ဆက်သွယ်ပေးသည်။ တစ်နေ့တွင် ထိုပုဂ္ဂိုလ်ရောက်လာပြီး မမျှော်လင့်ဘဲ ကျင်ကျို့ တောင်ပိုင်းဘူတာရုံနှင့် မြောက်ပိုင်းဘူတာရုံအကြားရှိ မီးရထားဥမင်သို့ သတ်မှတ်ထားသော နေ့တွင် သွားရန်ပြောသည်။ ထိုနေရာတွင် အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိ ရှန်ဟိုင်းအသံထွက်နှင့် စကားပြောသည့် လူချောချောတစ်ယောက်က အမေ့ကို ဆက်သွယ်လိမ့်မည်။ သူ၏ နာမည်မှာ "လျန်" ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် အမေ၏ အနီးကပ်ဆုံးခေါင်းဆောင်ဖြစ်လေသည်။

သူ၏ ပထမတာဝန်မှာ မော်စီတုန်းရေးသည့် ညွန့်ပေါင်းအစိုးရ၊ မြေယာ ပြုပြင်ရေးနှင့် အခြားကွန်မြူနစ်ဝါဒ သဘောတရားများအကြောင်း ရေးသားထားသည့် စာရွက်စာတမ်းများ ဖြန့်ချိရခြင်း ဖြစ်သည်။ ယင်းတို့ကို မြို့ထဲသို့ ခိုးသွင်းရသည်။ များသောအားဖြင့်ကား မီးဆိုက်ရန်အတွက် သယ်ယူလာသည့် ကောက်ရိုးစည်းကြီး များထဲ ထည့်ယူလာလေ့ရှိသည်။ ထို့နောက် ပြန်လည်၍ အထုပ်သစ်များအဖြစ် စည်းနှောင်ကာ ငရုတ်သီးစိမ်းအိတ်များထဲ ပြောင်း၍ ထည့်သည်။

တစ်ခါတစ်ရံ ယုလင်၏ မိန်းမသည် ငရုတ်သီးစိမ်းများ ဝယ်ရင်းအမေ ၏

ရဲဘော်များရောက်လာပြီး စာရွက်စာတန်းများကို ယူသည့်အခါ ဘေးဘီကို ကြည့်ရှုပေးသည်။ စာရွက်စာတန်းများကို မီးဖိုများတွင် ပြာထဲထိုးထည့်ကာ သိမ်းဆည်း ပေးတတ်သည်။ တရုတ်ပရဆေးပုံကြီးများတွင် ဝှက်ပေးတတ်သည်။ သို့မဟုတ် ထင်းပုံ များထဲ ထည့်ကာ ဝှက်ပေးတတ်သည်။ ဤကွန်မြူနစ်စာပေများကို ကျောင်းသားများ က လျှို့ဝှက်ပြီး ဖတ်ကြသည်။ လက်ဝဲဝတ္ထုများကိုမူ အများအားဖြင့် လွတ်လပ်စွာ ဖတ်ရှုနိုင်သည်။ အနှစ်သက်ဆုံးမှာ မက်ဇင်ဂေါ်ကီ၏ အမေ ဝတ္ထုဖြစ်သည်။

မော်စီတုန်း၏ ဒီမိုကရေစီသစ်ကို ဖြန့်ဝေစဉ် သတိမေ့တတ်သော အမေ၏ ကျောင်းသူ သူငယ်ချင်းတစ်ယောက် ဒုက္ခရောက်သွားသည်။ သူ့အိတ်ထဲထည့်ထားပြီး ထိုစာတန်းကို မေ့သွားသည်။ ဈေးသို့သွားပြီး ဈေးဝယ်သည့်အခါ ပိုက်ဆံပေးရန် အိတ်ကို ဖွင့်ပြီးထုတ်လိုက်သည်တွင် ဒီမိုကရေစီသစ် စာတန်းသည် အိတ်ထဲမှ ထွက်ကျသွားသည်။ ထောက်လှမ်းရေးသမား နှစ်ယောက်က တွေ့သွားပြီး အဝါရောင် စက္ကူပါးပါးကို မြင်သည်တွင် လျှို့ဝှက်ချက်ပေါ်သွားသည်။ ထိုကျောင်းသူကို ခေါ်သွားပြီး မေးမြန်းစစ်ဆေးသည်။ မေးမြန်းရင်း နှိပ်စက်သည်တွင် ထိုကျောင်းသူ သေသွားသည်။

ကူမင်တန်ထောက်လှမ်းရေး၏ လက်ထဲတွင် လူအများသေဆုံးကြရသည်။ အမေအဖို့ သူ့အလုပ် အန္တရာယ်ကြီးသည်ကို သိသည်။ စောစောက အဖြစ်အပျက်ကြောင့် ကြောက်ဖို့ဝေးစွ ပို၍ပင် မခံချင် ဖြစ်လာသည်။ သူ့စိတ်ဓာတ်သည် များစွာ တက်ကြွနေသည်။ ယခုအခါ သူသည် ကွန်မြူနစ် လှုပ်ရှားမှုတွင် ပါဝင်နေပြီဖြစ်သည်။

ပြည်တွင်းစစ်တွင် မန်ချူးရီးယားသည် အရေးကြီးသော စစ်မြေပြင် ဖြစ်လာသည်။ ကျင်ကျို့တွင် ဖြစ်ပျက်သမျှသည် တရုတ်တစ်ပြည်လုံး တိုက်ပွဲများ၏ ရလဒ်အဖြေ ဖြစ်လာသည်။ စစ်မျက်နှာ ဟူ၍ကား သတ်သတ်မှတ်မှတ် မရှိ။ စစ်မျက်နှာမှာ တစ်ခုတည်းလည်းမဟုတ်။ ကွန်မြူနစ်များသည် မန်ချူးရီးယား မြောက်ပိုင်းနှင့် ကျေးလက်အများစုကို သိမ်းပိုက်ထားသည်။ ကူမင်တန်သည် မြို့ကြီးများကို သိမ်းပိုက် ထားသည်။ သို့သော်လည်း မြောက်ပိုင်း ဟာဘင်မြို့နှင့် ပင်လယ်ဆိပ်ကမ်းမြို့များ မီးရထားလမ်းမြို့များကိုမူ ကူမင်တန်တို့ မသိမ်းပိုက်နိုင်။ ၁၉၄၇ နှစ်ကုန်တွင် ထိုဒေသ၌ ကွန်မြူနစ်တပ်အင်အားက ကူမင်တန်ထက် များလာသည်။ လယ်သမားအများအပြား ကွန်မြူနစ်တပ်များသို့ ဝင်ကြသည်။ သို့မဟုတ် ကွန်မြူနစ်များကို အလုံးအရင်း ထောက်ခံကြသည်။ အကြောင်းတစ်ခုမှာ ကွန်မြူနစ်တို့၏ မြေယာပေါ်လစီကြောင့် ဖြစ်သည်။ လယ်လုပ်သူလက်သို့ လယ်မြေများပေးအပ်ရမည်ဟူသော လယ်မြေပြုပြင်ရေး သဘောထားတစ်ခု ကြေညာသည်။ ကွန်မြူနစ်ပါတီကို ထောက်ခံလျှင် သူတို့ ကိုယ်တိုင်လုပ်သော လယ်များကို ပိုင်ဆိုင်မည်ဟု လယ်သမားတို့ နားလည် ထားကြသည်။

ထိုအချိန်တွင် ကျင်ကျို့ပတ်ဝန်းကျင် ကျေးလက်ကို ကွန်မြူနစ်တို့

သိမ်းပိုက် ထားသည်။ လယ်သမားများသည် လယ်ယာထွက်ပစ္စည်းများ ရောင်းချရန် ကျင်ကျို့ မြို့သို့ သွားရသည်။ သို့သော်လည်း ယခုမသွားချင်ကြ။ မြို့အဝင်လမ်း တစ်လျှောက် စစ်ဆေးသည့်နေရာက အခွန်အတုတ် မတန်တဆ ကောက်ခံသည်။ သို့မဟုတ် ပစ္စည်းများ အသိမ်းခံရသည်။ ကောက်ပဲသီးနှံဈေးမှာ တစ်နေ့ပြီးတစ်နေ့ တိုးတက်လာသည်။ လောဘကြီးသော ကုန်သည်များနှင့် လာဘ်စားသော အရာရှိများကြောင့် ပိုဆိုးလာသည်။

ကူမင်တန်တို့ ပထမဆုံးရောက်လာသည့်အခါ ငွေစက္ကူအသစ်ထုတ်သည်။ ယင်းကို တရားဝင် ငွေစက္ကူဟု ခေါ်သည်။ သို့သော်လည်း ငွေဖောင်း ပွလာသည်ကို သူတို့ မထိန်းနိုင်။ ဒေါက်တာရှီယာမှာ အသက်ရှစ်ဆယ်နားနီး လာသည်။ သူသေလျှင် အဘွားနှင့်ကျွန်မအမေတို့ ဒုက္ခရောက်မည် စိုးရိမ်သည်။ သို့ဖြစ်ရာ စုထားသည့် ငွေများကို တရားဝင်ငွေသစ်နှင့် လဲထားသည်။ ထို့နောက်တစ်ချိန်တွင် တရားဝင်ငွေကို ရွှေယွမ်ဟု ခေါ်သည့် ငွေစက္ကူသစ် တစ်ခုဖြင့် အစားထိုးသည်။ ယင်းငွေမှာ တန်ဖိုးမရှိ လှ၍ အမေ့မှာ ကျောင်းလခပေးရန် လန်ခြားတစ်ခုငှားပြီး ငွေစက္ကူပုံကြီးကို သယ်ဆောင်သွားရသည်။ (ချန်ကေရှိတ်သည် ယွမ် ၁၀,၀၀၀ ထက် တန်ဖိုးများသော ငွေစက္ကူကို မထုတ်တော့ပေ။) သို့ဖြစ်ရာ ဒေါက်တာရှီယာ၏ စုဆောင်းငွေများ ဆုံးပါး သွားရသည်။

၁၉၄၇-၄၈ ဆောင်းရာသီတွင် စီးပွားရေးအခြေအနေ ယိုယွင်းလာသည်။ ကုန်များလျှောင်ခြင်းနှင့် ကုန်ဈေးနှုန်းကြီးမြင့်ကို ကန့်ကွက်မှုများပြားလာသည်။ ကျင်ကျို့သည် မြောက်ပိုင်းအဝေးဒေသများ၌ ကူမင်တန်တပ်များကို ရိက္ခာထောက်ပံ့သည့် အခြေစိုက်ဒေသဖြစ်သည်။ ၁၉၄၇ ဒီဇင်ဘာလလယ်တွင် လူ ၂၀,၀၀၀ က ရိက္ခာဂိုဒေါင်များကို ဖောက်ထွင်းလုယူကြသည်။

ကုန်စည်တစ်ခုမှာ အရောင်းသွက်လာသည်။ ယင်းမှာ မိန်းကလေးငယ်များကို ပြည့်တန်ဆာအိမ်များသို့ လည်းကောင်း၊ လူချမ်းသာများသို့ အခိုင်းအစေအဖြစ် လည်းကောင်း ရောင်းချသည့်လုပ်ငန်း ဖြစ်သည်။ မြို့တွင်း၌ သူတောင်းစားအသစ်များ တဖြည်းဖြည်း များပြားလာသည်။ ကလေးများကို အစားအစာနှင့် လဲကြသည်။ အမေ၏ ကျောင်းပြင်ဘက်တွင် စုတ်ပြတ်နေသော မိန်းမတစ်ယောက် ဂုန်အိတ်စုတ်ပတ်ကာ အေးခဲနေသော မြေကြီးပေါ်ပုံလျက် လဲနေသည်။ သူနှင့်အတူ ဆယ်နှစ်အရွယ် ထုံထိုင်းထိုင်းမျက်နှာပေးနှင့် မိန်းကလေး တစ်ယောက်ရှိနေပြီး သူ၏အင်္ကျီ ကော်လာနောက်ဘက်တွင် တုတ်တစ်ချောင်း ထောင်ထွက် နေသည်။ ယင်းတွင် စာရွက်တစ်ခု ချိတ်ထားသည်။ စာရွက်ပေါ်တွင် “သမီးကို ဆန် ၁၀ ကီလိုနှင့် ရောင်းမည်” ရေးထားသည်။

ဝလင်အောင်မစားရသူများတွင် ကျောင်းဆရာများပါသည်။ လခတိုး တောင်းသည့်အခါ အစိုးရက ကျောင်းလခကို တိုး၍ယူသည်။ ဤနည်းဖြင့် ဖြေရှင်းသော်လည်း မပြေလည်။ မိဘများမှာ ကျောင်းလခတိုး၍ မပေးနိုင်။ အမေတို့ ကျောင်းမှ ဆရာတစ်ယောက် အစာအဆိပ်ဖြစ်ပြီး သေဆုံးသွားသည်။ လမ်းဘေးက

ကောက်လာသည့် အမဲသားကို စားမိသောကြောင့် ဖြစ်သည်။ အမဲသားပုပ်နေမှန်း သိသော်လည်း ဝတ်သဖြင့် ဒုက္ခမဖြစ်နိုင်ဟုထင်ကာ စားခြင်းဖြစ်သည်။

ထိုအချိန်တွင် အမေသည် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌဖြစ်လာသည်။ သူ၏ ပါတီအကြီးအကဲက ဆရာများ ကျောင်းသားများ ကွန်မြူနစ်ပါတီကို ထောက်ခံလာရန် စည်းရုံးရေးလုပ်ခိုင်းသည်။ ဆရာများအတွက် ရန်ပုံငွေ ကောက်ခံခိုင်းသည်။ ရုပ်ရှင်ရုံများ ဇာတ်ရုံများသို့သွားကာ ပွဲမစမီ သီချင်းဆို ကပြပြီး အလှူငွေကောက်ခံကြသည်။

သို့သော်လည်း အနည်းငယ်သာ ရသည်။ လူများစုမှာ ဆင်းရဲသည်။

တစ်နေ့တွင် အမေသည် ကျောင်းနေဘက်သူငယ်ချင်းတစ်ယောက်နှင့် တွေ့သည်။ သူငယ်ချင်းမှာ တပ်မဟာမှူး၏ မြေးဖြစ်ပြီး ကူမင်တန်စစ်ဗိုလ် တစ်ယောက်နှင့် လက်ထပ်ထားသူဖြစ်သည်။ သူငယ်ချင်းက ထိုနေ့ညနေပိုင်းတွင် မြို့လယ်က ခမ်းနားသော စားသောက်ဆိုင်တစ်ခုတွင် ကူမင်တန်အရာရှိ ငါးဆယ်နှင့် သူတို့ဇနီးများအတွက် စားသောက်ပွဲတစ်ခုရှိသည်ဟု သတင်းပေးသည်။ ထိုအချိန်က ကူမင်တန်အရာရှိများ သည် ထမင်းစားပွဲများ ကျင်းပလေ့ ရှိသည်။ အမေသည် ကျောင်းသို့ပြေးသွားပြီး သူငယ်ချင်းများ ရနိုင်သမျှ စုဆောင်းသည်။ ညနေ ၅ နာရီတွင် ကျောက်တုံးမျှော်စင်၌ စုဝေးကြမည်ဟု ချိန်းသည်။ ထိုနေရာသို့ ရောက်သွားလျှင် ကျောင်းသူအတော်များများ ရောက်လာကြသည်ကို အမေတွေ့ရသည်။ သူ့အကြံအစည်ကို ပြောပြသည်။ ညနေ ခြောက်နာရီခန့်တွင် တောက်တောက်ပြောင်ပြောင် ဝတ်ဆင်လာသည့် အရာရှိစုံတွဲများ ရောက်လာကြသည်။ ဇနီးများမှာ ပြိုးပြိုးပြက်ပြက် လက်လက်တောက်နေသော စိန်ရွှေရတနာများ ဝတ်ဆင်လာသည်။ ပိုးအင်္ကျီ၊ ပိုးဂါဝန်တို့ဖြင့် ဖိတ်ဖိတ်လက်နေသည်။

ထမင်းစားနေကြပြီဟု ယူဆရသည့်အချိန်တွင် အမေနှင့် သူငယ်ချင်း မလေးများ စားသောက်ဆိုင်ထဲသို့ ဝင်သွားကြသည်။ အမေက ကုလားထိုင်တစ်ခု ပေါ်တက်ပြီး စကားအနည်းငယ် ပြောကာ ကျောင်းဆရာများ အတွက် အလှူခံသည်။

အရာရှိများဆီသို့သွားကာ အလှူခံပြီး ဘယ်လောက်လှူမည်ကို မှတ်ထားကြသည်။ နောက်တစ်နေ့ မနက်တွင် အရာရှိများ၏ အိမ်များသို့ လှည့်လည်ကာ ငွေကောက်ခံသည်။ ကျောင်းဆရာများက အမေတို့ကျောင်းသူများကို ကျေးဇူးတင်သည်။ ငွေကြေးမဖောင်းပွမီ အမြန်သုံးစွဲနိုင်လိုက်ကြသည်။

ထမင်းစားပွဲလာကြသူများမှာ ယခုလို အလှူငွေကောက်ခံ သည်ကို အငိုက်မိသွားပြီး ပေးလှူလိုက်ကြရသဖြင့် မကျေနပ်ကြပေ။ သို့သော်လည်း အမေ့ကို အရေးမယူရဲပေ။ အမေက သူတို့တစ်တွေ ဖောဖောသီသီသုံးစွဲ စားသောက်နေခိုက်နှင့် ကိုက်ပြီး အလှူခံရန် ကြံစည်ခြင်းဖြစ်သည်။ လူအများ ဝတ်ပြတ်နေစဉ် ကူမင်တန်

စစ်ဗိုလ်များ ဖောဖောသီသီ သုံးစွဲနေကြသည်ကို ရပ်ရွာက သိသွားသည်။ ဤသို့ဖြင့် အမေသည် တဖြည်းဖြည်း ကွန်မျူနစ် ဘက်တော်သားဖြစ်လာသည်။

အစားအစာရှားပါးသလို အထည်အဝတ်လည်း ရှားပါးသည်။ ကူမင်တန်က နယ်သို့အထည်အဝတ်များ မပို့ရဟု တားမြစ်ထားသည်။ သစ္စာရှင် ပိုင်-အို ၏ အလုပ်မှာ နယ်သို့အထည်အဝတ်များ မထွက်အောင် မြို့တံခါးများမှ စောင့်ကြပ်တားမြစ်ရခြင်း ဖြစ်သည်။ ကွန်မျူနစ်များ လက်ဝယ်သို့ အထည်အဝတ် ရောက်မည်စိုးသည်။ မောင်ခိုသမားများသည် ကူမင်တန်အရာရှိများ အတွက်ရော မြေအောက်ကွန်မျူနစ်တို့ အတွက်ပါ အလုပ်လုပ်ကြသည်။

သစ္စာရှင် ပိုင်-အို နှင့် အပေါင်းအသင်းများသည် တံခါးဝများမှ နယ်သို့ ထွက်သည့် လှည်းများကို ရှာဖွေပြီး အထည်အဝတ်များကို သိမ်းသည်။ ပိုင်ရှင်ကိုမူ မဖမ်း။ နောက်တစ်ခေါက် ပြန်လာမည်ကို မျှော်လင့်၍ဖြစ်သည်။ တစ်ခါတစ်ရံ အထည်မှောင်ခိုအား ရာခိုင်နှုန်းတောင်းကာ လွှတ်လိုက်သည်။ မည်သို့ဖြစ်စေ အစောင့်တို့ကလည်း ကွန်မျူနစ်ဒေသများသို့ အထည်အဝတ်ဖြန့် ချိသည်။ သစ္စာရှင် နှင့် အပေါင်းပါများ ဝဖီးလာကြသည်။

တစ်ညတွင် သစ္စာရှင်တာဝန်ကျသည့် တံခါးဝသို့ လှည်းတစ်စီး ရောက်လာသည်။ လှည်းပေါ်က ပစ္စည်းကို ရှာသည်။ လှည်းသမားကို ခြိမ်းခြောက်ကာ ငွေညှစ်ရန် ကြံစည်သည်။ ပိုင်ရှင်ဘယ်သူလဲဟု သစ္စာရှင်က အေးအေးဆေးဆေး မေးသည်။ အကြောင်းမှာ ပါလာသည့် ပစ္စည်းသည် အဆမတန်များ သောကြောင့်ဖြစ်သည်။

သစ္စာရှင်သည် လှည်းပေါ်တက်ကာ လှည်းသမားအား မြို့တွင်းသို့ ပြန်အမောင်းခိုင်းသည်။ လှည်းသမားလည်း အမိန့်အတိုင်း ပြန်မောင်းသည်။

အဘွားသည် အပြင်ဘက်မှ တံခါးခေါက်သံကြားသဖြင့် အိပ်ပျော်ရာမှ နိုးလာသည်။ အချိန်မှာ ည ၁ နာရီဖြစ်သည်။ တံခါးဖွင့်လိုက်သည့်အခါ သစ္စာရှင်ကို တွေ့ရသည်။ ဒီတစ်ည လှည်းပေါ်က ပစ္စည်းတွေ အဘွားအိမ်မှာ ထားပါရစေ ပြောသည်။ အဘွား သဘောတူရသည်။ တရုတ်ထုံးစံမှာ ဆွေမျိုးသားချင်းတို့အား ငြင်းပယ် ရိုးမရှိ။ သူတို့တာဝန်နှင့် သူတို့သာဖြစ်သည်။ အိပ်ပျော်နေသည့် ဒေါက်တာရှီယာကို အဘွားဘာမျှ မပြော။

မိုးမလင်းမီ လှည်းနှစ်စီးဖြင့် သစ္စာရှင် ပြန်ရောက်သည်။ ပစ္စည်းများကို လှည်းများပေါ်ဝေမျှတင်ပြီး အရုဏ်တက်ချိန်တွင် ပြန်ထွက်သွားသည်။ နောက် တစ်နာရီခန့်ကြာလျှင် လက်နက်ကိုင်ပုလိပ်များ ရောက်လာပြီး အိမ်ကို ဝိုင်းထားသည်။ ပထမလှည်းသမားသည် တခြားထောက်လှမ်းရေးအဖွဲ့၏ သတင်းပေးဖြစ်ရာ အကြီးအကဲများကို အစီရင်ခံသည်။ သူတို့ပစ္စည်းများကို ပြန်၍ လိုချင်သည်မှာ သဘာဝကျသည်။

ဒေါက်တာရှီယာ နှင့် အဘွားတို့ စိတ်တိုလာသည်။ ပစ္စည်းများကား အိမ်မှာ မရှိတော့။ အမေအဖို့မူ ပုလိပ်များ ရုတ်တရက်ရောက်လာသဖြင့် ထိတ်သွားသည်။

အိမ်တွင် ကွန်မြူနစ်စာရွက်စာတမ်းများ ရှိသည်။ ပုလိပ်များကို မြင်လျှင် ယင်းတို့ကိုဘောင်းဘီထဲ ထိုးထည့်ပြီး အပေါ်က အနွေးထည်ဝတ်ကာ အိမ်သာသို့ ပြေးသည်။ ပုလိပ်က သူ့ကိုရှာမည်ဆိုသည်။ အမေက ဦးလေး ချူကေးကို တိုင်မည်ဟု ပြန်ပြောသည်။

ထိုအချိန်အထိ ပုလိပ်သည် အိမ်ရှင်တို့၏ ထောက်လှမ်းရေးအဆက် အသွယ်ကို မသိသေး။ အထည်အဝတ်များကို ဘယ်သူ သိမ်းသွားသလဲဆိုသည်ကို လည်းမသိ။ ကျင်ကျို့တွင် များစွာသော ကူမင်တန်တပ်ဖွဲ့များ တပ်စခန်းချနေလေရာ အုပ်ချုပ်ရေးတွင် အမျိုးမျိုးကွဲပြားနေသည်။ သေနတ်ရှိသူနှင့် အာဏာတစ်ခုခုက အကာအကွယ်ပေးခံရသူသည် အစွမ်းထက်သည်။ သစ္စာရှင်နှင့် သူ့လူများ အထည် အဝတ်များကို ပြောင်းရွှေ့သယ်ယူသွားသည့်အခါ လှည်းသမားက ဘယ်သူ့လူတွေ လဲဟု မမေး။

အမေက ချူကေး နာမည်ကို ပြောလိုက်သည့်အခါ အခြေအနေ ချက်ချင်း ပြောင်းသွားသည်။ ချူကေးသည် ယခုလာသူ ပုလိပ်အရာရှိ၏ အထက်အရာရှိ၏ မိတ်ဆွေဖြစ်နေသည်။ ပုလိပ်များသည် ချိန်ထားသည့် သေနတ်များကို အောက်သို့ ချသည်။ အရာရှိကလည်း ပလုံးပထွေး တောင်းပန်စကားဆိုသည်။ ပုလိပ်တို့မှာ ပို၍ စိတ်ရှုပ်သွားသည်။ ပစ္စည်းမသိမ်းရလျှင် ပိုက်ဆံမရ။ ပိုက်ဆံမရှိလျှင် ထမင်းဘယ်လို စားရမည်မသိ။ သို့နှင့် လေးပင်သော ခြေလှမ်းများဖြင့် ပြန်သွားကြသည်။

ထိုအချိန်တွင် ကျင်ကျို့၏ အရှေ့မြောက်မှ ပြန်လာသူတို့၏ တက္ကသိုလ် အသစ်တစ်ခု ဖွင့်လှစ်သည်။ မန်ချူးရီးယားမြောက်ပိုင်း ကွန်မြူနစ်နယ်မြေမှ ထွက်ပြေးလာကြသည့် ကျောင်းသားများနှင့် ဆရာများအတွက် တည်ထောင်သည့် တက္ကသိုလ် ဖြစ်သည်။ မြောက်ပိုင်းတွင် ကွန်မြူနစ်ပေါ်လစီများမှာ ပြင်းထန်သည်။ မြေပိုင်ရှင် အများအပြား အသတ်ခံရသည်။ မြို့လေးများတွင် စက်ရုံငယ်လေးများ၊ ဈေးဆိုင်ငယ်လေးများ၏ ပိုင်ရှင်များကို ရှုတ်ချပြီး သူတို့ပိုင်ပစ္စည်းများကို သိမ်းပိုက်သည်။ ပညာတတ်များမှာ အတန်အသင့် ချမ်းသာသူများ၏ သားသမီးများဖြစ်သည်။ သူတို့ မိဘများသည် ကွန်မြူနစ်အုပ်ချုပ်မှုအောက်တွင် အဖိနှိပ်ခံကြရသည်။ သူတို့ ကိုယ်တိုင် က မိဘများကို ရှုတ်ချကြသည်။

မြောက်ပိုင်းပြန်တက္ကသိုလ်တွင် ဆေးကောလိပ်တစ်ခုရှိသည်။ အမေသည် ထိုဆေးကောလိပ်သို့ တက်ချင်သည်။ သူသည် ဆရာဝန်လုပ်ရန် ရည်မှန်းချက်ရှိသည်။ ဤသည်မှာ ဒေါက်တာရှီယာ၏ အားပေးမှုကြောင့် ဖြစ်သည်။ တစ်ဖန်ဆရာဝန်သည် လွတ်လပ်သည်၊ ကိုယ့်ခြေပေါ်ကိုယ်ရပ်နိုင်သည်ဟု အမေယူဆသည်။ "လျန်" က ထက်ထက်သန်သန် ထောက်ခံသည်။ ပါတီကလည်း အမေ့အတွက် အစီအစဉ်ရှိသည်။ ၁၉၄၈ ဖေဖော်ဝါရီတွင် အမေသည် ဆေးကောလိပ်သို့ အချိန်ပိုင်း ကျောင်းသားအဖြစ် မှတ်ပုံတင်သည်။

မြောက်ပိုင်းပြန်တက္ကသိုလ်တွင် ကူမင်တန်နှင့် ကွန်မြူနစ်တို့ အပြိုင်အဆိုင် ပါတီဝင်စုကြသည်။ မန်ချူးရီးယား မြောက်ပိုင်းတွင် အခြေအနေဆိုးသည်ကို

ကူမင်တန်တို့သိသည်။ သို့ဖြစ်ရာ ကျောင်းသားများအား တောင်ပိုင်းဝေးဝေးသို့ ပြေးရန် အားပေးအားမြှောက်လုပ်သည်။ ကွန်မြူနစ်တို့ကမူ သူတို့ပါတီမှ ပညာတတ်များ မဆုံးပါးစေချင်။ သူတို့၏ မြေယာလမ်းစဉ်ကို အလျှော့ပေး ပြင်ဆင်ပြီး မြို့နေ ဓနရှင်များကို သက်ညှာစွာ ဆက်ဆံရန်နှင့် ချမ်းသာသူများ၏ သားသမီးများဖြစ်သည့် ပညာတတ်များအား အကာအကွယ်ပေးရန် သဘောထားသစ်များ ထုတ်ပြန် ကြေညာသည်။ ကျင်ကျို့ မြေအောက်အဖွဲ့အစည်းသည် ကျောင်းသားများနှင့် ဆရာများကို သည်မှာပဲနေအောင် စည်းရုံးသည်။ ဤသည်မှာ အမေ့၏ အဓိကတာဝန် ဖြစ်လေသည်။

ကွန်မြူနစ်တို့ သဘောထားပြောင်းသော်လည်း ကျောင်းသားအချို့နှင့် ဆရာအချို့သည် ဝေးရာသို့ ပြေးမှ လုံခြုံမည်ဟု ယူဆကြသည်။ သို့ဖြစ်ရာ တီယန်စင် သို့ သင်္ဘောတစ်စီးအပြည့်ပါသည့် ကျောင်းသားများ ထွက်ပြေးကြသည်။ ယင်းမှာ ဇွန်လကုန်တွင် ဖြစ်သည်။ တီယန်စင်သည် မိုင် ၂၅၀ ဝေးသည်။ ရောက်လျှင် နေရာ မရှိ၊ စားစရာမရှိ ဖြစ်ကြရသည်။ ဒေသခံကူမင်တန်တို့က စစ်တပ်ထဲဝင်ရန် သူတို့ကို တိုက်တွန်းသည်။ အမိမြေပြန်ရအောင် တိုက်ယူပေါ့ဟု ဆိုသည်။ မန်ချူးရီးယားမှ သူတို့ ထွက်ပြေးသည်မှာ ထိုအကြောင်းကြောင့် မဟုတ်။ သူတို့နှင့်အတူ ပါသွားသည့် မြေအောက်ကွန်မြူနစ် အလုပ်သမားများက ဆန္ဒပြရန် တိုက်တွန်းသည်။

ထိုသတင်း ကျင်ကျို့သို့ ရောက်လာသည်။ အမေသည် တီယန်စင်သို့ ထွက်သွားကြသည့် ကျောင်းသားများအား ထောက်ခံရန် ချက်ချင်းစည်းရုံးသည်။ ကျောင်းသားသမဂ္ဂခေါင်းဆောင်များ၏ အစည်းအဝေးတစ်ခုခေါ်ပြီး ကျင်ကျို့ ကျောင်းသားများ သမဂ္ဂတစ်ခု တည်ထောင်ရန် ကြိုးစားသည်။ တီယန်စင် ရောက်နေ သော ကျောင်းသားများထံသို့ သွေးစည်းထောက်ခံသည့် သံကြိုးတစ်စောင်ပို့သည်။ ထို့နောက် မာရှယ်လောထုတ်သည့် ဗိုလ်ချုပ်ချီယူ၏ ဌာနချုပ်သို့ ချီတက်ပြီး အခြေအနေပြန်လည်သုံးသပ် တင်ပြသည်။

အမေ့သူငယ်ချင်းများသည် ကျောင်းတွင်စုဝေးကာ အမေ့ထံမှ ညွှန်ကြားချက်များ နာယူရန် စောင့်နေကြသည်။ ထိုနေ့ကား မိုးရွာသောနေ့ဖြစ်ပြီး ကောင်းကင် တစ်ခုလုံး မှုန်မှိုင်းနေသည်။ မှောင်လာသည့်တိုင် အမေနှင့် အခြား ကျောင်းသားခေါင်းဆောင် ခြောက်ယောက်တို့၏ အရိပ်အယောင်ကို မမြင်ရ။ ထိုနောက် အစည်းအဝေးကို ပုလိပ်ဝင်ဖမ်းပြီး သူတို့ကို ခေါ်ဆောင်သွားကြောင်း သတင်းရသည်။ အမေ၏ ကျောင်းမှ နိုင်ငံရေးမှူး ယို-ဟန်က ထိုသတင်းကို ယူလာသည်။

သူတို့ကို မာရှယ်လောဌာနချုပ်သို့ ခေါ်သွားသည်။ ခဏကြာလျှင် ဗိုလ်ချုပ် ချီယူ ဝင်လာကာ သူတို့ကို စားပွဲတစ်ဖက်မှ စကားပြောသည်။ သည်းခံကြရန် မိဘလေသံမျိုးဖြင့် ချော့သည်။ ဗိုလ်ချုပ်အသံမှာ ဝမ်းနည်းသံပါသည်။ သူတို့သည်

ငယ်ရွယ်သူများဖြစ်သည်၊ မစဉ်းစားမဆင်ခြင်ဘဲ ထင်မိ ထင်ရာ လုပ်တတ်ကြသည်၊ နိုင်ငံရေးကို ဘယ်လောက်နားလည်သလဲ၊ ကွန်မျူနစ်တို့၏ အသုံးခံများဖြစ်နေသည်ကို သူတို့မသိဘူးလားဟု မေးသည်။ တစ်ဖန် ကျောင်းစာကိုသာ စိတ်ဝင်စားကြပါ၊ အမှားကို ဝန်ခံပြီး နောက်ကွယ်က ကွန်မျူနစ်များကို ဖော်ထုတ်လျှင် ဖမ်းထားရာမှ လွှတ်မည်ဟု ပြောသည်။ ထို့နောက် ခဏနားပြီး သူ့စကားဘယ်မျှ ထိရောက်သည်ကို စောင့်ကြည့်သည်။

မိုလ်ချုပ်စကားကြောင့် အမေ မည်သို့မှစိတ်မပြောင်း။ ရှေ့သို့ ထွက်သွားပြီး အသံကျယ်ကျယ်ဖြင့်

"ကဲ . . . ပြောပါဦး မိုလ်ချုပ်ရှင့်။ ကျွန်မတို့ ဘာအမှားတွေများ လုပ်မိသလဲ" ဟု မေးသည်။

မိုလ်ချုပ်သည် ဒေါသထွက်လာပြီး

"မင်းတို့ကို ကွန်မျူနစ်ဒမြတွေက အသုံးပြုနေတယ်။ ဆူပူအောင် လုပ်ခိုင်းတယ်။ အဲဒါ မင်းတို့ အမှားမဟုတ်ဘူးလား" ဟု မေးသည်။ အမေက ပြန်၍ အော်သည်။

"ဘာပြောတယ်။ ကွန်မျူနစ်ဒမြတွေက ခိုင်းလို့ဟုတ်လား။ ကျွန်မ သူငယ်ချင်းတွေ တီယန်စင်မှာ သေရတာဟာ ရှင်အကြံပေးလို့၊ သူတို့ ကွန်မျူနစ်တွေ ဆီက ထွက်ပြေးလို့ရှင့်။ သူတို့ကို ပစ်သတ်စရာ ဘာအကြောင်းရှိလို့လဲ။ သူတို့ မဆင် မခြင် ဘာလုပ်မိလို့လဲ" ဟု ပြန်၍ ပြောသည်။ အပြန်အလှန် ပြောကြပြီးနောက် မိုလ်ချုပ်သည် စားပွဲကို လက်သီးဖြင့် ဝုန်းခနဲထုသည်။ ပြီးတော့ အစောင့်များကို အော်၍ ခေါ်သည်။ "အကြောင်းပြလိုက်စမ်း ဟေ့။" ဟု ပြောပြီး အမေ့ဘက်လှည့်ကာ

"မင်း ဘယ်ရောက်နေတယ်ဆိုတာ မင်းသိရဲ့လား" ဟု မေးသည်။ သူ့ကို စစ်သားများမဖမ်းမီ အမေရှေ့သို့တိုးသွားပြီး စားပွဲကို လက်သီးနှင့် ထုသည်။ ပြီးမှ

"ကျွန်မ ဘယ်မှာရောက်နေနေ၊ ဘာတစ်ခုမှ မဟုတ်တာ ကျွန်မ မလုပ်ဘူး" ဟု အော်၍ပြောသည်။

သူ့ကို လက်နှစ်ဖက်တင်းတင်းဆုပ်ကာ စင်္ကြံတစ်ခုအတိုင်း ဆွဲခေါ်သွားပြီး အောက်ထပ်သို့ လှေကားတစ်ခုအတိုင်း ဆင်းသွားသည်။ မှောင်မိုက်သောအခန်း တစ်ခုထဲရောက်သွားသည်ကို အမေသိသည်။ အခန်းအစွန်တွင် လူတစ်ယောက် အနှိပ်စက်ခံရပြီး ခေါင်းယမ်းကာ ညည်းညူနေသည်ကို တွေ့ရသည်။ အခြားတစ်ဖက်ခန်းတွင်လည်း လက်နှစ်ဖက်ချည်ထားပြီး ခေါင်းငိုက် စိုက်ချနေသော လူတစ်ယောက် ၏ ရင်ဘတ်ကို သံပူတစ်ခုဖြင့် ကပ်နေသည် ကို အမေမြင်ရသည်။ သူ့မျက်နှာကိုမူ မမြင်ရ။ အော်သံနှင့် အသားမီးလောင်သဖြင့် ညှော်နံ့တစ်ခုကို ရှူရှိုက်ရသည်။ အမေသည် မအော်မိ။ သတိလက်လွှတ် လည်း မဖြစ်။ ဒေါသအပြင်းအထန် ဖြစ်ပေါ် လာသည်။ ယင်းကြောင့် အားရှိလာပြီး ကြောက်စိတ်အားလုံးကို မောင်းထုတ်လိုက်သည်။

ပုလိပ်အရာရှိက ဖြောင့်ချက်ပေးမည်လားဟု မေးသည်။ အမေက ငြင်းသည်။ သူ့နောက်တွင် ဘယ်ကွန်မြူနစ်မှုမရှိ၊ သိလည်းမသိဟု ပြောသည်။ အခန်း တစ်ခုမှာ သူသည် ရှည်လျားသည့် နေ့ပေါင်းများစွာ ကုန်လွန်ခဲ့ရသည်။ ဘေးဘီတွင် အော်သံများ ကြားရသည်။

ထို့နောက် တစ်နေ့တွင် အမေကို အဆောက်အအုံတစ်ခု၏ နောက်ဘက် ကွက်လပ်တစ်ခုသို့ ခေါ်သွားသည်။ နံရံတစ်ခုရှေ့မှာ ရပ်စေသည်။ သူ့ဘေးတွင် အနှိပ်စက်ခံရသည့် လူတစ်ယောက်ရပ်နေသည်။ စစ်သားများ နေရာယူကြသည်။ အမေ့မျက်နှာကို အဝတ်စည်းသည်။ မမြင်ရသော်လည်း အမေမျက်လုံးများ ပိတ်ထားသည်။ သူ သေရန် အသင့်ရှိနေသည်။ အရေးတော်တစ်ခုအတွက် အသက်စွန့်ရသဖြင့် အမေ ဂုဏ်ယူသည်။

သေနတ်သံများ ကြားရသည်။ အမေဘယ်သို့မျှ မခံစားရ။ ခဏကြာလျှင် သူ့မျက်နှာတွင် စည်းထားသည့် အဝတ်ကိုဖြေသည်။ သူ့ဘေးက လူ မြေမှာလဲ ကျနေသည်။ မြေအောက်အကျဉ်းခန်းသို့ ခေါ်ဆောင်ခဲ့သူ အရာရှိ ရောက်လာသည်။ ဆယ့်ခုနစ်နှစ်သမီးလေး တစ်ယောက် တုန်တုန်လှုပ်လှုပ် မဖြစ်သည်ကို အံ့ဩသည့် အနေဖြင့် မျက်ခုံးတစ်ခုပင့်၍ကြည့်သည်။ အမေက သူ့မှာ ဘာဖြောင့်ချက်မှ ပေးရန် မလိုဟု တည်ငြိမ်စွာပြောသည်။

အကျဉ်းခန်းသို့ အမေ့ကို ပြန်ခေါ်သည်။ သူ့ကို ဘယ်သူမျှဂရုမစိုက်။ နှိပ်စက်ညှဉ်းပန်းခြင်းလည်း မပြု၊ ရက်အတန်ကြာလျှင် လွှတ်လိုက်သည်။ လွန်ခဲ့သည့် အပတ်က မြေအောက်ကွန်မြူနစ်အဖွဲ့သည် အလွန်အလုပ်ရှုပ်သည်။ အဆက်အသွယ်များကို ညွှန်ကြားစေခိုင်းသည်။ အဘွားသည် မာရှယ်လောဌာနချုပ်သို့ နေ့တိုင်းသွားပြီးငိုသည်။ အသနားခံသည်။ သူ့ကိုယ်သူ သတ်သေမည် ခြိမ်းခြောက်သည်။

ဒေါက်တာရှီယာလည်း ရာထူးရာခံကြီးသော သူ၏ လူနာများထံသွားကာ အဖိုးတန်လက်ဆောင်များ ပေးသည်။ အမေ့အတွက် ကိုယ်တိုင်လက်မှတ်ရေးထိုးကာ တာဝန်ယူကြောင်း၊ အမေသည် ကွန်မြူနစ် မဟုတ်ကြောင်း၊ ငယ်ရွယ်သူဖြစ်ပြီး တစ်ရှူးထိုး တစ်ဖွတ်ထိုး လုပ်တတ်သူဖြစ်ကြောင်း အသနားခံစာများ တင်သည်။

အမေကား တုန်လှုပ်မှု အလျဉ်းမရှိ။ ထောင်မှ လွတ်လျှင် တီယန်စင်တွင် သေသည့် ကျောင်းသားများအတွက် အမှတ်တရဆုတောင်းပွဲများ ကျင်းပရန် စည်းရုံး လှုံ့ဆော်သည်။ အာဏာပိုင်တို့က ခွင့်ပြုသည်။ အစိုးရတိုက်တွန်းချက်အရ ကျင်ကျို့မှ ကျောင်းသားများ ထွက်သွားကြသည်ကို သိနေသော မြို့သူမြို့သားတို့မှာ များစွာ စိတ်ဆိုးဒေါသဖြစ်ကြရသည်။ ထိုအချိန်တွင် စာမေးပွဲ မစစ်တော့ဘဲ ကျောင်းများ အားလုံးကို ပိတ်လိုက်သည်။ ကျောင်းသားများ အိမ်ပြန်လျှင် လူစုကွဲသွားမည်ဟု အာဏာပိုင်တို့က မျှော်လင့်သည်။

ထိုအခါ မြေအောက်အဖွဲ့အစည်းက ပါတီဝင်များကို ကွန်မြူနစ်ဒေသသို့

သွားရန်အကြံပေးသည်။ မသွားနိုင်သူတို့အား လျှို့ဝှက်လုပ်ငန်းများ မလုပ်ဘဲ ရပ်နားထားရန် ညွှန်ကြားသည်။ ကူမင်တန်အစိုးရက များစွာဖိနှိပ်သည်။ အဖမ်းအဆီး အသတ်အဖြတ်များလည်း များလာသည်။ လျုန်သည် လွတ်မြောက်နယ်မြေသို့ သွားမည်။ အမေ့ကိုလည်း ခေါ်သည်။ သို့ရာတွင် အဘွားက ခွင့်မပြု။ အမေသည် ကွန်မျူနစ်ဟု အထင်ခံရသူမဟုတ်။ ကွန်မျူနစ်များနှင့် ထွက်သွားလျှင် ကွန်မျူနစ်ဖြစ် သွားလိမ့်မည်ဟု ပြောသည်။ ပြီးတော့ သူ့အတွက် အာမခံထားသူများ ဘာလုပ်ရ မည်လဲ။ အမေ ထွက်သွားလျှင် အားလုံး ဒုက္ခရောက်မည် ဖြစ်သည်ဟု ပြောသည်။

သို့ဖြစ်ရာ အမေ ဘယ်မှမသွား။ သို့သော်လည်း တစ်ခုခုလုပ်ချင်သည်။ မြို့တွင် ကျန်ခဲ့သည့် ယု-ဝုနှင့် ဆက်သွယ်သည်။ သူသည် ကွန်မျူနစ်တို့အတွက် လုပ်ငန်းများလုပ်ကိုင်ပေးခဲ့သူဖြစ်သည်။ ယု-ဝုသည် လျုန်၏ အဆက်အသွယ် သို့မဟုတ် အမေ၏ အခြားအဆက်အသွယ်များကိုမသိ။ သူတို့သည် မြေအောက် အဖွဲ့တစ်ခုစီတွင် ပါဝင်ကြသူများဖြစ်သည်။ တစ်ဖွဲ့မှ တစ်ယောက် ဖမ်းမိသွားလျှင် အနည်းအကျဉ်းကိုသာ ထုတ်ဖော်နိုင်မည်ဖြစ်သည်။

ကျင်ကျို့သည် နည်းဗျူဟာ မြို့ဖြစ်လာသည်။ အရှေ့မြောက်ပိုင်းတွင် ရှိသည့် ကူမင်တပ်များကို ထောက်ပံ့ရာ နောက်တန်းဒေသဖြစ်လာသည်။ ထိုဒေသတွင် ကူမင်တန်စစ်သား ငါးသိန်းခန့်ရှိသည်။ မီးရထားလမ်းမြို့များနှင့် မြို့ကြီးများ ပတ်လည်တွင် စခန်းချထားကြသည်။ ၁၉၄၈ တွင် ကျင်ကျို့၌ ကူမင်တန်စစ်သား ၂၀၀,၀၀၀ ရှိလာသည်။ ချန်ကေရှိတ်သည် ဗိုလ်ချုပ်ကြီးများနှင့် ရန်ဖြစ်သည်။ စကားများသည်။ တပ်မှူးများကို လိမ်ညာသည်။ အားလုံး စိတ်ဓာတ်ကျနေကြသည်။ တစ်တပ်နှင့် တစ်တပ် အဆက်အသွယ်မရှိ။ တစ်ဦးကိုတစ်ဦး မယုံကြည်။ အမေရိကန် အပါအဝင် ဗျူဟာမှူးများက မန်ချူးရီးယားကို ချန်ကေရှိတ် စွန့်လွှတ်သင့်သည် ယူဆကြသည်။ အားလုံး ကျင်ကျို့သို့ ဆုတ်ကြမည်။ ကျင်ကျို့သည် မဟာရံတံတိုင်း မြောက်ဘက် မိုင်တစ်ရာသာဝေးသည်။ ကူမင်တန်၏ အနေအထား လုံခြုံစိတ်ချရသည့် တရုတ်ပြည်မကြီးနှင့် ကပ်နေသည်။ ပြီးတော့ ကျင်ကျို့သို့ ပင်လယ်လမ်းမှလည်း စစ်ကူပို့နိုင်သည်။ ဟူလူဒါအိုသည် ကျင်ကျို့တောင်ဘက် မိုင်သုံးဆယ် အကွာ တွင် တည်ရှိသည်။ ထိုမြို့သည် လုံခြုံစိတ်ချရသော ရထားလမ်းနှင့် ဆက်နေသည်။

၁၉၄၈ နွေဦးတွင် ကူမင်တန်သည် ကျင်ကျို့ပတ်လည်တွင် သံမဏိဘောင်ခတ်ပြီး ကွန်ကရစ်တုံးများ ကာရံထားသော ခံစစ်တစ်ခုကို အကျအန တည်ဆောက်သည်။ ကွန်မျူနစ်များတွင် တင့်ကားမရှိ။ အမြောက်တပ်ကောင်းကောင်းမရှိ။ ခံတပ်ကြီးများကို တိုက်ခိုက်ဖှုးသည့် အတွေ့အကြုံမရှိဟု ကူမင်တန်က ယူဆသည်။ မြို့ပတ်လည်တွင် တစ်နေရာတည်း အရာရာပြည့်စုံသည့် ခံတပ် တစ်ခုတည်ဆောက်မည်။ ရန်သူအဝိုင်းခံရလျှင်လည်း အစာရေစာ ပြည့်စုံစွာဖြင့် တာရှည်ခုခံနိုင်မည်။ ခံတပ်တစ်ခုနှင့်တစ်ခု ခြောက်ပေအကျယ်

ခြောက်ပေအနက်ရှိသည့် ကတုတ်ကျင်းများဖြင့် ဆက်သွယ်ထားမည်။ ကတုတ်ကျင်းကို သံဆူးကြိုး ကာရံထားမည်။ မန်ချူးရီးယား၏ သေနာပတိ ဗိုလ်ချုပ်ဝေလီဟွန်သည် တပ်စစ် ရောက်လာပြီး မည်သူမျှ မဖောက်ထွင်းနိုင်ဟု ကြေညာသည်။

ထိုစီမံကိန်းသည် အကောင်အထည်မပေါ်။ ပစ္စည်းမစုံ။ စီမံပုံညံ့သည်။ ငွေကြေးအယိုအဖိတ် များသည်။ ဆောက်လုပ်ရေးတာဝန်ယူသူသည် ပစ္စည်းများ မှာယူပြီး မှောင်ခိုဈေးတွင် ရောင်းချကာ အိတ်ထဲသို့ထည့်သည်။ အလုပ်သမားများကိုလည်း လုပ်ခများ လုံလောက်စွာမပေး။ စက်တင်ဘာရောက်လျှင် ကွန်မြူနစ်တပ်များ က မြို့ကို ဖြတ်တောက်လိုက်သည်။ ခံတပ်များ သုံးပုံတစ်ပုံသာ ပြီးသည်။ ပြီးသည်မှာ ကွန်ကရစ်ခံတပ်ငယ် လေးများဖြစ်သည်။ တခြား အစိတ်အပိုင်းများကို မြို့ရိုးဟောင်းမှ ရွှံ့များဖြင့် ပိတ်ဆို့ရသည်။

ကူမင်တန်၏ ခံစစ်နှင့် တပ်အနေအထားများကို ကွန်မြူနစ်များ သိချင်သည်။ ကွန်မြူနစ်တပ်များသည် စုစည်းကာ အဆုံးအဖြတ်ပေးမည့် တိုက်ပွဲတစ်ခုအတွက် အသင့်ဖြစ်နေသည်။ စုစုပေါင်းတပ်သား နှစ်သိန်းငါးသောင်း စုစည်းမိသည်။ ကွန်မြူနစ်တပ်များ၏ သေနာပတိချုပ် ချူတေးက ထိုဒေသရှိ တပ်မှူးလင်ပြောင်ထံသံကြိုးဖြင့် မှာကြားသည်။ “ကျင်ကျိုကို သိမ်းရမယ် . . . အဲဒီအခါ တရုတ်တစ်ပြည်လုံး တို့ လက်ထဲရောက်ပြီ။” ဟု သံကြိုးရိုက်သည်။ တိုက်ပွဲမစမီ ကျင်ကျိုအနေအထား အားလုံး၏ နောက်ဆုံးအခြေအနေကို ပေးပို့ရန် ယု-ဝု၏ အဖွဲ့ထံအကြောင်းကြားသည်။ သူ့တွင် လက်ထောက်များ လိုသည်။ အမေက သူ့ကို အလုပ်တစ်ခုခု ပေးပါဟု တောင်းဆိုသည့်အခါ သူနှင့်သူ့အကြီးအကဲများ ဝမ်းသာသွားသည်။

မြို့ထဲသို့ ထောက်လှမ်းရေးသမားများကို ကွန်မြူနစ်တို့ဘက်က စေလွှတ်သည်။ သို့သော်လည်း ယောက်ျားတစ်ယောက်တည်း မြို့ဆင်ခြေဖုံးတွင် လျှောက်သွားနေလျှင် ချက်ချင်းရိပ်မိနိုင်သည်။ ချစ်သူစုံတွဲဆိုလျှင် မည်သူမျှ သံသယမဖြစ်။ ထိုအချိန်တွင် ယောက်ျားနှင့်မိန်းမတွဲ၍ သွားလာနေကြသည်ကို ကူမင်တန် အရာရှိ များက လက်ခံသည်။ ထောက်လှမ်းရေးသမားများသည် ယောက်ျားများဖြစ်လေရာ အမေသည် သူတို့၏ “ချစ်သူ” အဖြစ်များစွာ သဘာဝကျသည်။ ယု-ဝုက ရက်အတိအကျ ချိန်းပြီး နေရာအတိအကျ သတ်မှတ်သည်။ ထိုနေရာက အမေစောင့်နေရမည်။ အမေသည် အပြာနုဂါဝန်ကို ဝတ်ပြီး ခေါင်းတွင် ပိုးစအနီရောင် ပန်းတစ်ပွင့် ပန်လာရမည်။ ကွန်မြူနစ်အရာရှိသည် ကူမင်တန်က ထုတ်ဝေသည့် စင်ထရယ် ဒေလီးသတင်းစာကို တြိဂံပုံ ချိုးကာ ကိုင်လာမည်။ ပြီးတော့ အမေ့ကိုမြင်လျှင် မျက်နှာလက်ဝဲဘက်မှ ချွေးကို သုံးကြိမ်သုတ်မည်။ မျက်နှာလက်ျာဘက်မှချွေးကို သုံးကြိမ်သုတ်မည်။

ချိန်းသည့်နေ့တွင် အမေသည် မြောက်ဘက်မြို့ရိုးဟောင်း ပြင်ဘက်က ဘုရားကျောင်းကလေးသို့ သွားသည်။ တြိဂံပုံသတင်းစာကို ကိုင်ထားသည့် ယောက်ျားတစ်ယောက် သူ့ဆီလာနေသည်။ ပြီးတော့ မှန်ကန်စွာ အချက်ပြသည်။ အမေက လက်ျာဘက်လက်ဖြင့် မျက်နှာလက်ျာဘက်ကို သုံးကြိမ်ချွေးသုတ်သည်။ ထို့နောက် လူစိမ်းက လက်ဝဲလက်ဖြင့် မျက်နှာလက်ဝဲဘက်ကို သုံးကြိမ်ချွေးသုတ်သည်။ ထို့နောက် အမေက သူ့လက်ကိုတွဲကာ ခေါ်သွားသည်။

သူ ဘာကိစ္စရှိသဖြင့် လာသလဲ။ အမေ နားမလည်။ မေးလည်း မမေး။ သူတို့နှစ်ယောက် စကားမပြောဘဲ တွဲလျှောက်သည်။ လူများဖြတ်သွားမှ စကား ပြောကြသည်။ အလုပ်ကိစ္စအောင်မြင်သည်။

မြို့ဆင်ခြေဖုံးရပ်ကွက်များနှင့် ဘူတာရုံတို့ကို နောက်ထပ်အကြိမ်ပေါင်း များစွာ သွားကြရဦးမည်။

သတင်းစနည်းနာရန် ထိုအမျိုးသားရောက်လာခြင်းဖြစ်သည်။ ထို့နောက် ရသည့်သတင်းကို မြို့ပြင်သို့ ရောက်အောင် ပို့ရမည်။ ဇူလိုင်လကုန်လျှင် မြို့ဝင်ဂိတ်များတွင် တင်းကျပ်စွာ စစ်ဆေးသည်။ အချို့ကို ပိတ်ထားသည်။ ဝင်ချင်ထွက်ချင် သူတို့ကို အသေအချာ ရှာဖွေသည်။ ယု-ဝု သည် အမေနှင့် တိုင်ပင်သည်။ အမေ့ အရည်အချင်းကို သူသိသည်။ အကျဉ်းအကျပ်မှ လွတ်အောင်အမေလုပ်နိုင်မည်။ အထက်တန်းအရာရှိများ၏ ယာဉ်များကို မရှာဖွေ။ အဆက်အသွယ်တစ်ခု အမေ့ ခေါင်းထဲ ပေါ်လာသည်။ ယင်းကို အသုံးချ၍ ရနိုင်မည်ထင်သည်။ ကျောင်းနေဘက် သူငယ်ချင်းမတစ်ယောက်မှာ တပ်မှူးတစ် ယောက်ဖြစ်သည့် ဗိုလ်ချုပ် "ကျိ" ၏ မြေးမဖြစ်သည်။ သူ၏ အစ်ကိုသည် သူ့အဘိုးတပ်မဟာတွင် ကာနယ်အဖြစ် အမှုထမ်းနေသည်။

"ကျိ" မိသားစုသည် ကျင်ကျိုးဇာတိဖြစ်သည်။ ဩဇာအာဏာရှိသည်။ လမ်းတစ်လမ်းလုံးကို သူတို့ ယူထားသည်။ ထိုလမ်းကို "ကျိလမ်း" ဟု အရပ်က နာမည်ပေးထားသည်။ ခြံဝင်းကျယ်ပြီး ကောင်းစွာ ပျိုးထောင်ပြုစုထားသည့် ဥယျာဉ် ပန်းခြံကြီးတစ်ခုရှိသည်။ အမေသည် ထိုပန်းခြံထဲတွင် သူငယ်ချင်းနှင့် လမ်းလျှောက်ဖူးသည်။ သူ၏ အစ်ကို ဟွီ-ကေးနှင့်လည်း ခင်မင်ရင်းနှီးသည်။

ဟွီ-ကေးသည် အသက် ၂၅ နှစ်ခန့်ရှိသည်။ အင်ဂျင်နီယာဘွဲ့ရဖြစ်ပြီး ချောမောလှပသည်။ အခြားလူချမ်းသာများ၏ သားသမီးများလို အဝတ်အစားကို တောက်တောက်ပြောင်ပြောင်မဝတ်။ အမေက သူ့ကို နှစ်သက်သည်။ ဟွီ-ကေး ကလည်း အမေ့ကို နှစ်သက်သည်။ ရှီယာအိမ်သို့ သွားလာ ဝင်ထွက်သည်။ အမေ့ကို လက်ဖက်ရည်ပွဲများသို့ ဖိတ်သည်။ အဘွားက သူ့ကို အလွန်သဘောကျသည်။ အဘွားမျက်စိထဲတွင် လင်ကောင်းတစ် ယောက်ဖြစ်နိုင်မည် မျှော်လင့်သည်။

မကြာမီပင် ဟွီ-ကေးက အမေ့ကို အပြင်သို့ အလည်အပတ်ခေါ်သည်။ အစတွင် သူနှင့်အတူ သူ့နှမပါလာသည်။ အဖော်အဖြစ်လိုက်လာဟန်ဆောင်သည်။ ထို့နောက် အကြောင်းတစ်ခုခုပြပြီး ရှောင်ထွက်သွားသည်။ သူ့အစ်ကို အကြောင်း

အမေ့အား ချီးမွမ်းခန်းဖွင့်သည်။ ဟွီ-ကေးသည် အဘိုး၏ အချစ်တော်ဖြစ်သည်ဟူ၍လည်း ပြောသည်။ သူ့အစ်ကိုအား အမေ့အကြောင်းပြောထားဟန် တူသည်။ သူသည် အမေ့အကြောင်း အတော်များများ သိနေသည်။ တော်လှန်ရေးလှုပ်ရှားမှုများကြောင့် အဖမ်းခံရဖူးသည်အထိ သိသည်။ သူတို့နှစ်ယောက် စိတ်သဘောချင်း တူတာတွေရှိသည်။ ကူမင်တန်ပါတီနှင့် ပတ်သက်၍ ဟွီ-ကေးသည် ပွင့်လင်းသည်။ တစ်ခါနှစ်ခါ လောက် သူ၏ ကာနယ်ယူနီဖောင်းကိုဆွဲကာ သက်ပြင်းချသည်။ စစ်မြန်မြန်ပြီးလျှင် အင်ဂျင်နီယာအလုပ်ကို လုပ်တော့မည်ဟု ပြောသည်။ ကူမင်တန်ပါတီ ပျက်ခါနီးလာပြီဟု အမေ့ကို ပြောသည်။ သူ၏ အတွင်းစိတ်ကို ဖိနှိပ်ထားရသည်ဟု အမေထင်သည်။

သူ့ကို ဟွီ-ကေးသဘောကျနေကြောင်း အမေသိသည်။ သို့သော်လည်း သူ့ပြုမူ ပြောဆိုပုံနောက်တွင် နိုင်ငံရေးရည်ရွယ်ချက်များ ပါနေမည်လား အမေ တွေးကြည့်သည်။ အမေမှတစ်ဆင့် သူ့သဘောထားများကို ကွန်မြူနစ်တို့အား သိစေချင်သည့် ဆန္ဒရှိနေသလား။ သူ့သဘောထားမှာ ကူမင်တန်ကိုတို့ မကြိုက်ဘူး မင်းကို ကူညီဖို့အသင့်ပဲဟူ၍ ဖြစ်မည်ထင်သည်။

သူတို့နှစ်ယောက်သည် တိတ်တဆိတ် စက်ပုန်းခုတ်နေကြသူများဖြစ်သည်။ တစ်နေ့တွင် အမေက သူ့အား တပ်များနှင့်အတူ ကွန်မြူနစ်များထံ လက်နက်ချသင့်သည်ပြောသည်။ (ထိုအချိန်က ကူမင်တန်စစ်ဗိုလ်များ တပ်နှင့် အတူ ကွန်မြူနစ် ဘက်သို့ အများအပြား ဘက်ပြောင်းကြသည်။) သူက သူသည် ဦးစီးအရာရှိသာ ဖြစ်သည် တပ်မကိုင်ရဟု ပြောသည်။ အမေက သူ့အဘိုးကို ဘက်ပြောင်းဖို့ ပြောပါ လားဟု ဆိုသည့်အခါ အဘိုးသည် ထိုစကားကြားလျှင် သူ့ကိုယ်သူ သတ်သေ လိမ့်မည်ဟု ပြောသည်။

သူ့အကြောင်းကို ယု-ဝုအား အမေပြောပြထားသည်။ ယု-ဝုက ဟွီ-ကေးကို ကွန်မြူနစ်စိတ်ဓာတ် သွင်းပေးပါလားဟု အကြံပေးသည်။ ထို့နောက် ဟွီ-ကေး၏ ဂျစ်ကားနှင့်မြို့ပြင်သို့ သွားရန်ပြောသည်။ မြို့ပြင်သို့ ဂျစ်ကားနှင့် သုံးလေးခါ သွားကြသည်။ အခေါက်တိုင်း ရှေးဟောင်းရုံ့ အိမ်သာသို့ ရောက်လျှင် အမေက အိမ်သာသို့ သွားသည်။ အိမ်သာထဲတွင် နံရံအပေါက်ထဲ၌ သတင်းစကားများ ရေးသားထားသည့် စာများထားခဲ့သည်။ ဟွီ-ကေးသည် ဂျစ်ကားမှာ ထိုင်စောင့်နေသည်။ ဘာတစ်ခွန်း မျှမမေး။ သူတို့ စကားတွေ ပြောကြသည်။ သူနှင့် သူ့မိသားစု ဘဝရေ့ရေးအတွက် စိုးရိမ်ပူပန်မိကြောင်းသို့ ရောက်သွားသည်။ ကွန်မြူနစ်များက သူ့ကို သတ်ပစ်မည် စိုးရိမ်ကြောင်း သွယ်ဝိုက်၍ ပြောခြင်းဖြစ်သည်။ "ငါတော့ သိပ်စိုးရိမ်တာပဲ။ ငါ့ကိုယ်ဟာ တစ်ပိုင်းတစ်စစီကွဲပြီး အနောက်ဘက်တံခါးဝမှာ ပြန့်ကြဲနေ လိမ့်မယ် ထင်တယ်" ဟု ပြောသည်။ အနောက်ဘက်တံခါးဝသည် သင်္ချိုင်းကုန်းကို ရည်ညွှန်း ပြောဆိုခြင်း ဖြစ်သည်။ တရုတ်ပြည်မြို့များတွင် လူသတ်ကုန်းသည် အနောက်မြို့တံခါးအပြင်ဘက် တွင်

တည်ရှိသည်။ ထိုသို့ပြောရင်း အမေ့ကို စိုက်ကြည့်သည်။ အမေ့ဆီမှ အဖြေ တစ်ခုခု သူလိုချင်သည်။

အမေ့ စိတ်ထဲတွင် ကွန်မျူနစ်များအတွက် သူ ဆောင်ရွက်ပေးသဖြင့် သက်ညှာလိမ့်မည် ထင်သည်။ အမေက "မဟုတ်တာတွေ တွေးမနေနဲ့" သို့မဟုတ် "အဲဒီလို ဖြစ်မှာမဟုတ်ပါဘူး" ဟု ပြန်ပြောကာ နှစ်သိမ့်စကားဆိုသည်။

လွန်ခဲ့သည့် နွေနှောင်းကာလမှစ၍ ကူမင်တန်အခြေအနေမှာ ယိုယွင်းလာသည်။ စစ်ရေးတွင်သာ ဆိုးရွားသည်မဟုတ်၊ အကျင့်စာရိတ္တပိုင်းတွင်လည်း ဆိုးရွားသည်။ လာဘ်စားခြင်း၊ အဂတိလိုက်စားခြင်း၊ ဖောက်ပြန်ခြင်းတို့ များပြားလာသည်။ ၁၉၄၇ ကုန်ခါနီးတွင် ငွေဖောင်းပွမှုသည် ကြောက်စရာကောင်းလာပြီး ရာခိုင်နှုန်း ၁၀၀,၀၀၀ အထိ ရှိလာသည်။ ၁၉၄၈ တွင် ကူမင်တန်ဒေသများ၌ ရာခိုင်နှုန်း ၂,၈၇၀,၀၀၀ သို့ ရောက်လာသည်။ ကောက်ပဲသီးနှံများအနက် လူးနှင့်ဆပ် စပါးဈေးနှုန်းမှာ ကျင်ကျို့တွင် နေ့ချင်းညချင်း အဆခုနစ်ဆယ် တက်လာသည်။ အရပ်သားများအဖို့ စားရေးသောက်ရေး အခြေအနေဆိုးရွားလာသည်။ အစာရေစာမှန်သမျှ စစ်တပ်က သိမ်းယူသည်။ အများအပြားကို ဒေသခံတပ်မှူးတို့က မှောင်ခိုဈေးသို့ ချရောင်းသည်။

ကူမင်တန်ထိပ်ပိုင်းတွင် မဟာဗျူဟာနှင့် ပတ်သက်၍ သဘောထား ကွဲလွဲနေသည်။ ချန်ကေရှိတ်က မုခဒင်ကိုစွန့်လွှတ်ရန် တိုက်တွန်းသည်။ မုခဒင်မှာ မန်ချူးရီးယားတွင် အကြီးဆုံးမြို့ဖြစ်သည်။ မုခဒင်မှ ဆုတ်ပြီးကျင်ကျို့မှ ခုခံမည်။ သို့သော်လည်း ကျိုးကြောင်းညီညွတ်သည့် မဟာဗျူဟာတစ်ခုကို ထိပ်တန်းဗိုလ်ချုပ်များ လက်ခံအောင် သူမတင်ပြနိုင်။ အမေရိကန်များ ဝင်ရောက်စွက်ဖက်လာရေးကိုသာ သူ မျှော်လင့်နေသည်။ သူ၏ထိပ်ပိုင်း ဗိုလ်ချုပ်များအကြား အရှုံးပေးရေးဝါဒ တဖြည်းဖြည်းစိမ့်ဝင်လာသည်။

စက်တင်ဘာတွင် မန်ချူးရီးယား၌ ကူမင်တန်စစ်အင်အားသည် မြို့ကြီးသုံးမြို့မှာသာ စုဝေးတည်ရှိနေသည်။ ယင်းတို့မှာ မုခဒင်၊ ချင်ချန် (မန်ချူးကိုး၏ မြို့တော်ဟောင်းဆင်ကင်း) နှင့် ကျင်ကျို့တို့ဖြစ်ပြီး ယင်းတို့နှင့် ဆက်စပ်နေသည့် မီးရထား လမ်းတစ်လျှောက် မိုင် ၃၀၀ ဖြစ်သည်။ ကွန်မျူနစ်တို့က မြို့သုံးမြို့ကို တစ်ပြိုင်နက်တည်း ဝိုင်းထားသည်။ ဘယ်မြို့ကိုစ၍ တိုက်မည် မသိရ။ တကယ်တော့ ကျင်ကျို့ဖြစ် ဖို့များသည်။ ယင်းမှာ တောင်ဘက်အစွန်ဆုံးတွင် တည်ရှိပြီး အချက် အချာ အကျဆုံးမြို့ဖြစ်သည်။ ကျင်ကျို့ကျလျှင် ကျန်နှစ်မြို့ ရိက္ခာပြတ်မည်။ ကွန်မျူနစ် များ တပ်အလုံးအရင်းနှင့် ချီတက်လာသည်ကို မည်သူမျှမသိရ။ သတင်းလည်း မရ။ သို့သော်လည်း ကူမင်တန်သည် မီးရထားလမ်းကို အားကိုးသည်။ ယင်းမှာလည်း မပြတ်အတိုက်ခိုက် ခံနေရသည်။ ပြီးတော့ လေကြောင်းမှ ဆုတ်ခွာရန် အနည်းငယ် အားကိုးသည်။

၁၉၄၈ စက်တင်ဘာ ၁၂ တွင် ကျင်ကျို့ကို ကွန်မျူနစ်တို့ စတင်တိုက်ခိုက်သည်။ မုခဒင်သို့လေယာဉ်ပျံဖြင့်သွားသည့် အမေရိကန်သံအရာရှိ ဂျွန်၊

အကဲဖ်၊ မယ်လဆီက သူ့ဒိုင်ယာရီတွင် ဤသို့မှတ်တမ်းတင်သည်။ "မန်ချူရီးယားမြောက်ပိုင်း သို့သွားသည့် လမ်းတစ်လျှောက်လုံး ကွန်မျူနစ် အမြောက်သံများကြားနေရသည်။ လေယာဉ်ကွင်းထဲမှနေ၍ ကွန်မျူနစ်တို့သည် ချင်ချော (ကျင်ကျို့) ကို အမြောက်နှင့် ပစ်သည်။" နောက်တစ်နေ့ဖြစ်သည့် စက်တင်ဘာ ၂၄ တွင် ကွန်မျူနစ်တပ်များ တဖြည်းဖြည်းနီးလာသည်။ နောက် နှစ်ဆယ့်လေးနာရီရှိလျှင် ချန်ကေရှိတ်က ဗိုလ်ချုပ် ဝေလီ-ဟွန်အား တပ်မ ဆယ့်ငါးခုဖြင့် မုခဒင်မှ ဖောက်ထွက်ပြီး ကျင်ကျို့ကို စစ်ကူပို့ရန် အမိန့်ပေးသည်။ ဗိုလ်ချုပ်ဝေ မဆုံးဖြတ်တတ်။ စက်တင်ဘာ ၂၆ တွင်မူ ကွန်မျူနစ်တို့ က ကျင်ကျို့ကို အခြားစစ်မျက်နှာများနှင့် အဆက်ဖြတ်နိုင်ခဲ့သည်။

အောက်တိုဘာ ၁ တွင် ကျင်ကျို့ကို ကွန်မျူနစ်တို့ ဝိုင်းထားပြီးပြီ။ အဘွား၏ ဇာတိ မြောက်ဘက်နှစ်ဆယ့်ငါးမိုင် ဝေးသည့် ယိရှန်သည် ထိုနေ့မှာပင် ကွန်မျူနစ် လက်သို့ ကျသည်။ ချန်ကေရှိတ်သည် မုခဒင်သို့လေယာဉ်ပျံဖြင့်သွားကာ ကိုယ်တိုင် ကွပ်ကဲသည်။ ကျင်ကျို့တိုက်ပွဲတွင် တပ်မအပိုခုနစ်ခု ပါဝင်နိုင်ရန် အမိန့်ပေးသည်။ သို့သော်လည်း ဗိုလ်ချုပ်ဝေသည် အောက်တိုဘာ ၉ တွင်မှ တပ်မဆယ့်တစ်ခုနှင့်အတူ ဖောက်ထွက်နိုင်သည်။ ချန်ကေရှိတ်အမိန့်ပေးပြီး နောက်နှစ်ပတ်အကြာတွင် ဖြစ်သည်။ အောက်တိုဘာ ၆ တွင် ချန်ကေရှိတ်သည် ဟူလူဒါအိုသို့ လေယာဉ်ဖြင့် သွားကာ ကျင်ကျို့ကို ကယ်တင်ရန် တပ်များကို ချီတက်ခိုင်းသည်။ အချို့ ချီတက်ကြသည်။ သို့သော်လည်း အလုံးအရင်းနှင့်ကား မဟုတ်။ အနည်းငယ်စီသာ ချီတက် နိုင်သည်။ ယင်းတပ်အားလုံး တကွဲတပြားစီဖြစ်သွားပြီး အချေမှုန်းခံရလေသည်။

ကွန်မျူနစ်တပ်များသည် ကျင်ကျို့ကိုတိုက်ခိုက်နေရာမှ သိမ်းဖို့ကြိုး စားသည်။ ယု-ဝုက အမေ့ကို ချဉ်းကပ်ပြီး အရေးကြီးသော ကိစ္စတစ်ခုဆောင်ရွက်ပေးရန် ပြောသည်။ မီးကူးစနက်တံများကို လက်နက်ဂိုဒေါင်များထဲသို့ ယူသွားရန်ဖြစ်သည်။ ယင်းမှာ ဟွီ-ကေး၏ တပ်မသို့ လက်နက်များ ပေးနေသည့် ဌာနဖြစ်သည်။ လက်နက်ခဲယမ်း မီးကျောက်များကို ခြံဝင်းကြီးတစ်ခုထဲတွင် သိုလှောင်ထားသည်။ ယင်းကို အုတ်နံရံအမြင့်တစ်ခုက ကာရံထားပြီး နံရံထိပ်တွင် သံဆူးကြိုးများ ချည်နှောင် ထားသည်။ သံဆူးကြိုးတွင် လျှပ်စစ်ဓာတ်လွှတ်ထားသည်ဟု ပြောကြသည်။ အထဲဝင်သူများကို ရှာဖွေသည်။ အတွင်းမှာ စောင့်ကြပ်နေသည့် စစ်သားများသည် ဖဲရိုက်အရက်သောက်နေကြသည်သာ များသည်။ တစ်ခါတစ်ရံ အရာရှိများသည် ပြည့်တန်ဆာများကို ခေါ်ဆောင်လာကြသည်။ အရေးပေါ် ကလပ်တစ်ခု ဖန်တီးကာ သီချင်းဆိုကြ တွဲကကြသည်။ အမေက အထဲသို့ဝင်ပြီး ကပွဲကို ကြည့်ချင်သည်ဟု ဟွီ-ကေးအား ပြောသည်။ ဟွီ-ကေးက ဘာမှပြန်မမေးဘဲ သဘောတူသည်။

နောက်တစ်နေ့တွင် အမေ့ကို မမြင်ဖူးသူတစ်ယောက်က စနက်တံများ ပေးသည်။ အမေသည် စနက်တံများကို အိတ်ထဲထည့်ပြီး လက်နက်ဂိုဒေါင်ထဲသို့ ဟွီ-

ကေးနှင့်အတူ ကားဖြင့်ဝင်သွားသည်။ သူတို့ကားကိုမရှာ။ အထဲရောက်လျှင် လှည့်ပြပါဟု ဟွီ-ကေးအား ပူဆာသည်။ ဟွီ-ကေးက လိုက်ပြသည်။ စနက်တံများ ကားပေါ်တွင် ကျန်ရစ်ခဲ့သည်။ သူတို့ထွက်သွားလျှင် မြေအောက် အဖွဲ့ဝင်များက စနက်တံများကို ယူသွားသည်။ သူတို့အချိန်ရအောင် အမေသည် ခပ်ကြာကြာ လျှောက်ကြည့်သည်။ ဟွီ-ကေးကလည်း အမေ့အလိုလိုက်ရသဖြင့် ဝမ်းသာသည်။

ထိုညတွင် လက်နက်ရုံပေါက်ကွဲသဖြင့် တစ်မြို့လုံး တုန်လှုပ်သွားသည်။ စနက်တံများ ဆက်တိုက်မီးကူးပြီး ဒိုင်းနမိုက်များ၊ ဗုံးများ ပေါက်ကွဲလေရာ ကောင်းကင် တစ်ခုလုံး မီးရှူးမီးပန်းများ လွှတ်သလို ထိန်လင်းနေသည်။ လက်နက်ရုံရှိသည့် တစ်လမ်းလုံးမီးလောင်သည်။ ကိုက်ငါးဆယ်အတွင်း ပြတင်းများ တုန်ခါသည်။ နောက်တစ်နေ့မနက်တွင် ဟွီ-ကေးက အမေ့ကို သူတို့အိမ်သို့ အလည်ခေါ်သည်။ သူ့မျက်တွင်းမှာ ဟောက်နေသည်။ တစ်ညလုံး တစ်မှေးမျှ အိပ်ရဟန်မတူ။ နှုတ်ခမ်း မွေး၊ မုတ်ဆိတ်မွေးများ မရိတ်ရသေး။ ခါတိုင်းနှင့်မတူဘဲ အမေ့ကို သတိနှင့် နှုတ်ဆက်သည်။

အတန်ကြာ စကားမပြောကြဘဲ ငြိမ်သက်နေပြီးမှ အမေ့အား သတင်း ကြားပြီလားမေးသည်။ ထို့နောက် သူ့မှာ အစစ်ဆေးအမေးမြန်း ခံရမည်မှာ သေချာသည်ဟု ပြောသည်။ ခေါင်းနဲ့ကိုယ် အိုးစားကွဲမလား ဆုပဲချခံရမည်လား မသိဟူ၍လည်း ပြောသည်။ အမေက “ရှင့်ကို သင်္ကာမကင်းဖြစ်စရာ အကြောင်းမရှိပါဘူး။ ဆုချခံရမှာ သေချာပါတယ်” ဟု ပြောသည်။ ထိုအခါ ဟွီ-ကေးသည် ထိုင်ရာမှထပြီး အမေ့ကို အလေးပြုသည်။ “မင်းကတိစကား အတွက် ကျေးဇူးတင်ပါတယ်” ဟု ပြောသည်။

ယခုအခါ ကွန်မြူနစ်တို့က မြို့ကို အမြောက်ဖြင့် ပစ်သည်။ ခေါင်းပေါ်မှ အမြောက်ကျည်ဆန် ပြေးသွားသံ ကြားလျှင် အမေကြောက်သည်။ နောက်တော့ ရိုးသွားသည်။ လူတိုင်း သေဘေးနီးလာသည်။ မိုးချုန်းသံ အမြဲကြားနေ ရသည်နှင့် တူသည်။ မြို့သိမ်းတိုက်ပွဲချိန်တွင် ဒေါက်တာရှီယာသည် တင်းကျပ်သော မန်ချူး အစဉ်အလာကို ဖောက်ဖျက်ကာ တစ်အိမ်လုံး ဝိုင်းဖွဲ့ထမင်းစားကြသည်။ သခင်နှင့် အစေခံ အတူစားကြသည်။ ယခင်က ရှစ်စုခွဲပြီး စားခဲ့ရာမှ ယခု တစ်စုတည်း စုပေါင်း၍ စားကြသည်။ တစ်နေ့တွင် ထမင်းစားနေစဉ် အမြောက်ကျည်ဆန်တစ်ခု အိမ်ထဲသို့ ဝင်လာသည်။ ထိုအချိန်တွင် ယုလင်၏ တစ်နှစ်အရွယ် သားလေး ကစားနေသည်။ ကံအားလျော်စွာပင် အမြောက် ကျည်ဆန်သည် မပေါက်ကွဲ။

မြို့တွင်အစားအစာ ရှားပါးလာသည်။ ကူမင်တန် ဒေါ်လာသန်းတစ်ရာ နှင့် ဆပ်စပါးတစ်ပေါင်ပင် ဝယ်၍မရ။ အဘွားစုဆောင်းထားသည့် ဆပ်နှင့် ပဲပိစပ်တို့ ရှိနေသဖြင့် အနည်းငယ်စားသောက်နိုင်ကြသည်။ သစ္စာရှင် ပိုင်-အို၏ အဆက်အသွယ်ဖြင့် အစားအစာအချို့ရသည်။ မိသားစုပိုင် မြည်းကလေးတစ်ကောင် အမြောက်ဆန်မှန်ပြီး သေသွားသဖြင့် သူ့အသားကိုစားကြသည်။

အောက်တိုဘာ ၈ တွင် ကွန်မြူနစ်တပ်အင်အား နှစ်သိန်းခွဲ

ချီတက်လာသည်။ မြို့ကို အမြောက်ဖြင့် အဆက်မပြတ် ပစ်ခတ်သည်။ ပစ်မှတ်ကို မလွဲအောင် ပစ်နိုင်သည်။ ကူမင်တန်တပ်မှူး ဗိုလ်ချုပ် ဖန်ဟန်-ကျောကမူ သူသွားလေရာသို့ အမြောက်ကျည်ဆန် နောက်ကလိုက်လာသည်ဟု ပြောသည်။ ကားလမ်းများ၊ မီးရထားလမ်းများ ပျက်စီးသည်။ တယ်လီဖုန်းလိုင်းများ ပြတ်တောက်သည်။ လျှပ်စစ် မီးမရ။ ချက်ချင်းပင် မှောင်ကျသွားသည်။

အောက်တိုဘာ ၁၃ တွင် အပြင်ဘက်စည်း ခံစစ်ပြိုကွဲကာ ပေါက်သွားသည်။ ကူမင်တန်စစ်သား ၁၀၀,၀၀၀ ကျော် အပြေးအလွှား ဆုတ်လာသည်။ ထိုည တွင် ဒေါက်တာရှိယာ၏အိမ်သို့ ဆံပင်စုတ်ဖွားနှင့် စစ်သားတစ်ဒါဇင်လောက် ဝင်လာပြီး စားစရာတောင်းသည်။ ယု-လင်၏ မိန်းမက ကျွေးမွေးရန် ပြင်ဆင်သည်။ ထိုစဉ် အမြောက်ဆန်တစ်ခု အိမ်ထဲသို့ ကျလာပြီး ပေါက်ကွဲသည်။ ယုလင်၏မိန်းမက စစ်သားတစ်ယောက်၏ ခြေတစ်ဖက်ကို ဆွဲပြီး အမှောက်ခိုင်းသည်။ အဘွားထိတ်လန့် သွားသည်။ “ညည်းကို သေနတ်နဲ့ပစ်သွားရင် ဘယ်လိုလုပ်မလဲ” ဟု မေးသည်။

အမြောက်ဆန်သည် ပစ်မှတ်မလွဲ မှန်သည်။ ရိုးရိုးအိမ် အနည်းငယ်သာ ထိမှန်သည်။ သို့သော်လည်း မြို့သူမြို့သားတို့ ကြောက်လန့်သည်။ နေရာအနှံ့ မီးလောင်နေလေရာ ကောင်းကင်တစ်ခုလုံး မှောင်မည်းနေသည်။ အမြောက်ပစ်သံမှာ နားကွဲလောက်သည်။ ငိုသံများ အမေကြားရသည်။ ဘယ်သူတွေ ဘယ်သို့ဖြစ် ပျက်နေ လေသလဲ သူမသိ။

အောက်တိုဘာ ၁၄ တွင် နောက်ဆုံးမြို့သိမ်းတိုက်ပွဲ စတင်သည်။ မြို့ထဲသို့ အမြောက်ဆန်ကိုးရာ အဆက်မပြတ် ပစ်ခတ်သည်။ အိမ်သားများ ဗုံးခိုကျင်းတွင် ပုန်းကြသည်။ ဒေါက်တာရှိယာသည် အိမ်ထဲမှ အပြင်ဘက်သို့ မထွက်။ ကျင်းထဲသို့ လည်း မဆင်းဘဲ ဘုရားရှိခိုးနေသည်။ ထိုစဉ် ကြောင်ကလေး ဆယ့်လေးကောင် သူ့အခန်းထဲ ပြေးဝင်လာရာ သူပျော်သွားသည်။ “ကြောင်ပုန်းတဲ့နေရာဟာ ကံကောင်း တယ်” ဟု သူ ပြောသည်။ ဟုတ်သည်။ ကျည်ဆန်တစ်ခုမှ အိမ်ခန်းထဲ ဝင်မလာ။

ဗုံးခိုကျင်းထဲသို့ မဆင်းသူတစ်ယောက်မှာ အဘွား၏ အမေ ဘေးမကြီးဖြစ်သည်။ သူမသည် ဝက်သစ်ချစားပွဲအောက်ဝင်၍ ခွေနေသည်။ တိုက်ပွဲပြီးလျှင် သူ့အပေါ်က စားပွဲမှာ ဆန်ခါပေါက် ဖြစ်နေသည်ကို တွေ့ရသည်။

အမြောက်ဆန်မိုး ရွာနေစဉ် ယု-လင်၏သားငယ် သေးပေါက်ချင်သဖြင့် အပြင်သို့ထွက်၍ သေးတည်ရသည်။ ခဏကြာလျှင် သူတို့မှီနေသည့် ဗုံးခိုကျင်း နံရံပြိုကျသည်။ အဘွားနှင့်အမေ အိမ်ပေါ်သို့ ပြေးတက်ပြီး ပုန်းအောင်းကြသည်။ အိမ်နံရံများ ကျည်ဆန်မှန်သဖြင့် တုန်ခါလာသည်။ ကောင်းကင်တစ်ခုလုံး မီးခိုးလုံး များဖြင့် မည်းမှောင်လာသည်။ အမေသည် နောက်ဘေး ပန်းခြံထဲသို့ ပြေးထွက်သွားသည်။ ကျည်ဆန်များ ပြေးခုန်လာသည်။ တစ်နေရာမှန်ပြီး နောက်တစ်နေရာဆက်၍ မှန်သည်။ မိုးကြီးရွာနေသည် ထင်ရသည်။

အော်ဟစ်သံများ ဆူညံနေသည်။

နောက်တစ်နေ့သို့ ကူးပြောင်းပြီး မိုးလင်းခါနီးတွင် ကူမင်တန် စစ်သား တစ်စု ဒေါက်တာရီယာ၏ အိမ်ထဲသို့ ပြေးဝင်လာသည်။ သူတို့နှင့်အတူ အနီး ဝန်းကျင်မှ အရပ်သားနှစ်ဆယ်လောက် ပါလာသည်။ အားလုံး ထိတ်လန့်တုန်လှုပ်နေသည်။ စစ်သားများလည်း ကြောက်ရွံ့နေသည်။ သူတို့သည် လမ်းတစ်ဖက်ရှိ အမြောက်တပ်စိတ်မှ ပြေးလာခြင်းဖြစ်သည်။ ရန်သူ၏ အမြောက်သည် အလွန် လက်တည့်သည်။ အရပ်သားတစ်ယောက်ယောက်က အချက်ပေးခြင်း ဖြစ်ရမည်ဟု သူတို့ပြောသည်။ ဘယ်သူ အချက်ပေးသလဲ။ အဖြေမရသည့်အခါ အမေ့ကို ဖမ်းဆွဲပြီး နံရံမှာကပ်ကာ စွပ်စွဲသည်။ အဘွားလည်း ထိတ်လန့်ပြီး ရွှေတိုရွှေစများပေးကာ တောင်းပန်သည်။ ဒေါက်တာရီယာနှင့် အဘွားတို့ ဒူးထောက်ကာ စစ်သားများကို တောင်းပန်ကြသည်။ ဒေါက်တာရီယာ ဒူးထောက်သည်ကို သည်တစ်ကြိမ်သာ တွေ့ဖူး သည်ဟု ယုလင်၏ မိန်းမက ပြောသည်။

စစ်သားများသည် အဘွားပေးသည့် ရွှေကိုယူပြီး အမေကို လွှတ်လိုက်သည်။ သို့သော်လည်း လုံစွပ်နှင့်ချိန်ကာ အခန်းထဲသို့ လူများကို ဝင်ခိုင်းသည်။ သို့မှ အချက်မပြနိုင်မည်ဟု ဆိုသည်။ အခန်းထဲတွင် မှောင်နေသဖြင့် ကြောက်စရာ ကောင်းသည်။ ထိုခဏမှာပင် အမြောက်သံနည်းသွားသည်ကို အမေ သတိထား မိသည်။ အပြင်ဘက်မှ ကြားရသော အသံများမှာ တစ်မျိုးပြောင်းလဲ လာသည်။ လက်ပစ်ဗုံးပေါက်ကွဲသံများနှင့် လုံစွပ်ချင်းရိုက်သံများ ကြားရသည်။ "လက်နက်ချရင် မပစ်ဘူး" ဟူသော အသံများ ကြားရသည်။ အသံများ နီးသည်ထက်နီးလာသည်။ ပစ်ခတ်သံများ၊ အော်ဟစ်သံများနှင့်အတူ ကူမင်တန်စစ်သားများ ထွက်ပြေးသဖြင့် အုတ်လမ်းပေါ် ဖိနပ်နင်းသံများ ကြားရသည်။

ခွာသံများ တဖြည်းဖြည်းငြိမ်သွားသည့်အခါ အိမ်ဝင်းဘေးဘက်တံခါးဆီ မှ အသံကြားရသည်။ ဒေါက်တာရီယာ လေးကန်စွာထသွားပြီး အခန်းတံခါး ဖွင့်သည်။ ကူမင်တန်စစ်သားများ မရှိကြတော့ပေ။ ဘေးတံခါးဆီသို့ သွားပြီး ဘယ်သူလဲဟု မေးသည်။ အသံတစ်ခုကဖြေသည်။

"ကျွန်တော်တို့ ပြည်သူ့တပ်မတော်ကပါ။ ခင်ဗျားတို့ လွတ်မြောက်အောင် ကယ်တင်ဖို့ ရောက်လာတာပါ"

တံခါးဖွင့်ပေးလိုက်လျှင် ဖောင်းပွပွယူနီဖောင်းဝတ် စစ်သားများ ပြေးဝင်လာသည်။ လက်ဝဲဘက် လက်တွင် မျက်နှာသုတ်ပဝါ အဖြူများကို လက်ပတ်အဖြစ် ပတ်ထားသည်ကို မှောင်ထဲတွင် အမေမြင်ရသည်။ လုံစွပ်တပ်ထားသည့် သေနတ် များဖြင့် ချိန်ထားသည်။

"မကြောက်ကြပါနဲ့။ ခင်ဗျားတို့ကို အန္တရာယ်မလုပ်ပါဘူး။ ခင်ဗျားတို့ရဲ့ တပ်မတော်၊ ပြည်သူ့တပ်မတော်ပါ" ထိုသို့ ပြောကာ ကူမင်တန်စစ်သားများ ရှိမရှိကြည့်သည်။ အိမ်ကို မွှေနှောက်၍မရှာ။ စားစရာမတောင်း၊ ခိုးဝှက်ခြင်းမရှိ။

ပြီးလျှင် လက်ဖွေ့ယမ်း နှုတ်ဆက်ကာ ထွက်သွားကြသည်။

အိမ်ထဲသို့ စစ်သားများ ဝင်လာတော့မှ မြို့ကို ကွန်မျူနစ်များ သိမ်းပိုက်သည်ကို သိရသည်။ အမေသည် ဝမ်းသာသဖြင့် ပျော်နေသည်။ ယခု အကြိမ်တွင် ကွန်မျူနစ်စစ်သားများ၏ ဖုန်အလိမ်းလိမ်း ပေကျံကာ စုတ်ပြဲနေသော ယူနီဖောင်းများကြောင့် အမေ စိတ်ပျက်ခြင်း မဖြစ်ပေ။

ဒေါက်တာရှီယာ၏အိမ်တွင် ပုန်းအောင်းနေသူတို့ ကိုယ့်အိမ်သို့ မြန်မြန် ပြန်ရောက်ချင်နေကြသည်။ ပျက်စီးသလား၊ ပစ္စည်းတွေ ယူသွားသလား သိချင်ကြသည်။ အိမ်တစ်ခုပျက်စီးနေပြီး တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့် ကိုယ်ဝန်ဆောင် မိန်းမတစ်ယောက် သေဆုံးနေသည်။

ခဏကြာလျှင် ဘေးတံခါးခေါက်သံ ကြားရသည်။ အမေဖွင့်ပေးသည်။ ကူမင်တန် စစ်သား ခြောက်ယောက်ဖြစ်ပြီး ကြောက်လန့်ကာ အရပ်ဝတ်အင်္ကျီ ဘောင်းဘီများတောင်းသည်။ သနားစရာ ကောင်းသည်။ ဒေါက်တာရှီယာနှင့် အဘွားကို ခေါင်းငုံ့ကာ အရိုအသေပေးသည်။ သူတို့လိုချင်သည့် အဝတ်များပေးလိုက်လျှင် ယူနီဖောင်းပေါ်ထပ်၍ ဝတ်ပြီး ပြေးထွက်သွားကြသည်။

အလင်းရောင်ရလျှင် ယု-လင်၏ မိန်းမသည် အိမ်ရှေ့ခြံဝင်းတံခါးကို ဖွင့်သည်။ ထိုနောက် အထိတ်တလန့် အော်ဟစ်ပြီး အိမ်ထဲပြန်ပြေးလာသည်။ အမေ ထွက်၍ကြည့်သည်။ လမ်းပေါ်တွင် အလောင်းများ ပြန့်ကြဲနေသည်။ ခေါင်းပြတ်၊ လက်ပြတ်၊ ခြေပြတ်နှင့် အူပွင့်နေသည့် အလောင်းများ ဖြစ်သည်။ သွေးချောင်းစီးနေသည်။

ကျင်ကျို့တိုက်ပွဲမှာ ပြင်းထန်သည်။ သုံးဆယ့်တစ်နာရီကြာသည်။ ပြည်တွင်းစစ်၏ အလှည့်အပြောင်း စစ်ပွဲဖြစ်သည်။ ကူမင်တန် စစ်သား ၂၀,၀၀၀ သေဆုံးပြီး ၈၀,၀၀၀ အဖမ်းဆီးခံရသည်။ စစ်သေနာပတိ ဆယ့်ရှစ်ယောက်ထက်မနည်း စစ်သုံ့ပန်းအဖြစ် အဖမ်းခံရသည်။ ယင်းတို့တွင် ကျင်ကျို့ ရှိ ကူမင်တန်တပ်မှူး ဗိုလ်ချုပ် ဖန်ဟန်-ကျေလည်းပါသည်။ သူသည် အရပ်ဝတ်နှင့် ထွက်ပြေးရန်ကြံစည်စဉ် အဖမ်း ခံရခြင်း ဖြစ်သည်။ စစ်သုံ့ပန်းများ စခန်းသို့အသွား လမ်းပေါ်တွင် လျှောက်နေစဉ် အမေသည် သူ့ သူငယ်ချင်းမတစ်ယောက်ကို သူ့ယောကျ်ား ကူမင်တန်စစ်ဗိုလ်နှင့် အတူ တွေ့ရသည်။ သူတို့ နှစ်ဦးလုံး အေးလွန်းသဖြင့် ကိုယ်ကို စောင်များဖြင့် ပတ်ထားသည်။

ကွန်မျူနစ်တို့က လက်နက်ချသူများကို မသတ်။ စစ်သုံ့ပန်းများကို ကောင်းစွာကျွေးမွေးပြုစုသည်။ ဤသည်မှာ ရိုးရိုးစစ်သားများကို သူတို့ဘက်ပါစေရန် ဆွဲဆောင်ခြင်းတစ်မျိုးဖြစ်သည်။ စစ်သားဆိုသည် ဆင်းရဲသော လယ်သမားများ ပင်ဖြစ်သည်။ ကွန်မျူနစ်တို့တွင် သုံ့ပန်းစခန်းမရှိ။ အလယ်အလတ်နှင့် အထက်အရာ ရှိကြီးများကိုသာ ဖမ်းဆီးသည်။ ကျန်သည့် စစ်သားများကို ပြန်လွှတ်သည်။ သူတို့ ဆန္ဒရှိသမျှ ရင်ဖွင့်ခိုင်းသည်။ တော်လှန်ရေးဆိုသည် လယ်မြေဝေခြမ်းရေးပင်ဖြစ်

သည်ဟု ကွန်မျူနစ်တို့က ပြောသည်။ စစ်သားများကို နှစ်ခုအနက် နှစ်သက်ရာ တစ်ခု ရွေးခိုင်းသည်။ အိမ်ပြန်ချင်လျှင် စရိတ်ပေးသည်။ သို့မဟုတ် ကွန်မျူနစ်တပ်များ သို့ဝင်ပြီး ကူမင်တန်တို့ကို ဆက်လက်တိုက် ထုတ်ရာတွင် ပါဝင်နိုင်သည်။ များစွာတို့မှာ တပ်ထဲပြန်ဝင် ကြသည်။ စစ်ဖြစ်နေရာ အိမ်သို့ပြန်ရောက်ဖို့မလွယ်။ မော်စီတုန်းသည် ရှေးတရုတ်စစ်ပွဲများ နမူနာကိုယူပြီး ပြည်သူတို့၏ နှလုံးသားကို အနိုင်ယူရန် ကြိုးစားသည်။ စစ်သုံ့ပန်းပေါ်လစီမှာ အောင်မြင်သည်။ ကျင်ကျို့ ကျဆုံးပြီးနောက် ကူမင်တန်စစ်သားများသည် အဖမ်းခံကြသည်။ ပြည်တွင်းစစ်တွင် ကူမင်တန်စစ်သား ၁ . ၇၅ သန်း လက်နက်ချကာ ကွန်မျူနစ်တို့ဘက်သို့ ကူးပြောင်းသည်။ ပြည်တွင်း စစ်နောက်ဆုံးနှစ်တွင် ကူမင်တန် အကျအဆုံး နည်းလာသည်။ အကျအဆုံးအားလုံး ၂၀ ရာခိုင်နှုန်းသာ ရှိသည်။

ထိပ်တန်းတပ်မှူးတစ်ယောက် အဖမ်းခံရသည့်အခါ သူနှင့်အတူ သူ့သမီး ပါလာသည်။ သမီးမှာ ကိုယ်ဝန်အရင့်အမာရှိနေသည်။ သူက သမီးနှင့်အတူ ကျင်ကျို့မှာ နေထိုင်လို့ရမည်လား မေးသည်။ ကွန်မျူနစ်တပ်မှူးက သမီးမီးဖွားမည်ကို အဖေကြည့်ရှုရန် မသင့်ပါ။ အမျိုးသမီးရဲဘော်မ တစ်ယောက် အကူအညီပေးပါမည်ဟု ပြောသည်။ ကူမင်တန်စစ်ဗိုလ်သည် ထွက်ပြေးရန် အကြံအစည်ဖြင့် ပြောခြင်းဖြစ်သည်။ နောင်အခါ သမီးမီးဖွားရာတွင် ကူညီသူမှာ ကွန်မျူနစ်တပ်မှူး၏ ဇနီးကိုယ်တိုင် ဖြစ်နေသည်ကို တွေ့ရသည်။

စစ်ပွဲပြီးဆုံးလျှင် မြို့သန့်ရှင်းရေးကို ကွန်မျူနစ်စစ်သားများ ဦးဆောင် ပြုလုပ်သည်။ အလောင်းများကို လှည်းများဖြင့်သယ်ယူကာ မြို့ပြင်သို့ပို့ရသည်။ ရက်အတန်ကြာမှ ထိုလုပ်ငန်းပြီးဆုံးသည်။ အမေသိသူ အများအပြား သေဆုံးသည်။ အချို့မှာ တိုက်ရိုက်ထိမှန်ခံရပြီး အချို့မှာ တိုက်အိမ်များပြိုကျရာမှ ပိပြီး သေဆုံးရခြင်း ဖြစ်သည်။

မြို့ကို သိမ်းပြီးနောက် ပုံမှန်အခြေအနေရောက်ပြီဟု ကွန်မျူနစ်တို့က ကြေညာချက်များ ထုတ်ဝေသည်။ ဒေါက်တာရှီယာသည် ဆေးဆိုင်ပြန်ဖွင့်ရန် ကြိုးစားသည်။ ဆေးခန်းဖွင့်သူထဲတွင် ဒေါက်တာရှီယာ ပထမဆုံးဖြစ်သည်ဟု ကွန်မျူနစ် အုပ်ချုပ်ရေးအဖွဲ့က ပြောသည်။ အောက်တိုဘာ ၂၀ တွင် ဆိုင်များ ဖွင့်သည်။ နှစ်ရက်ရှိလျှင် ကျောင်းများ၊ ရုံးများ ပြန်ဖွင့်ပြီး မူလအတိုင်း အချိန်မှန် အလုပ်လုပ်ကြသည်။

အရေးပေါ် ပြဿနာမှာ အစားအစာဖြစ်သည်။ အစိုးရသစ်က လယ်သမားများအား မြို့သို့ တက်လာပြီး ကောက်ပဲသီးနှံများ ရောင်းချရန် တောမ ဈေးနှုန်းထက် တစ်ဆတိုးပေးမည်ဟု ကြေညာသည်။ ဆပ်စပါး၏ ဈေးသည် တစ်ပေါင်လျှင် ကူမင်တန်ဒေါ် သန်း ၁၀၀ မှ ဒေါ်လာ ၂,၂၀၀ သို့ ကျဆင်းလာသည်။ ရိုးရိုးလုပ်သားတစ်ယောက် သူ၏ တစ်နေ့ဝင်ငွေဖြင့် ဆပ်စပါးလေးပေါင် ဝယ်နိုင်သည်။ ထမင်းငတ်မှာမပူကြရ တော့ပေ။ ကွန်မျူနစ်တို့က မရှိသူ

ဆင်းရဲသူတို့အား ကောက်ပဲသီးနှံ၊ ဆားနှင့် ကျောက်မီးသွေးများ ထုတ်ပေးသည်။ ကူမင်တန်က ဘယ်တုန်းကမျှ ယခုလို မကူညီ။ သို့ဖြစ်ရာ ပြည်သူတို့ကြည်ညိုမှုကို ကွန်မြူနစ် တို့ရကြသည်။

ကွန်မြူနစ်စစ်သားများ၏ စည်းကမ်းသေဝပ်မှုမှာ စံပြဖြစ်လာသည်။ လုယက်ခြင်း သို့မဟုတ် မုဒိမ်းကျင့်ခြင်းများ လုံးဝမရှိ။ ဤသည်မှာ ကူမင်တန် စစ်သားများနှင့် ကွာခြားသည့် အချက်ပင်ဖြစ်သည်။

မြို့သည် သတိနှင့်နေထိုင်သည်။ အမေရိကန်လေယာဉ်ပျံများက ခြိမ်းခြောက် ပျံသန်းသည်။ အောက်တိုဘာ ၂၃ တွင် အတန်အသင့် အင်အားရှိသော ကူမင်တန်တပ်များသည် ကျင်ကျို့ကို ပြန်လည်သိမ်းပိုက်ရန် ကြိုးစားသည်။

မြောက်ဘက်ဟူလူဒါအိုမှ စစ်ကြောင်းနှစ်ခု ချီတက်လာပြီး တိုက်ခိုက်သည်။ သို့သော်လည်း မအောင်မြင်။ ကျင်ကျို့ကျဆုံးသည်နှင့် မုခဒင်နှင့် ချင်ချန်ရှိ ကူမင်တန်တပ်များ ခပ်မြန်မြန်လက်နက်ချသည်။ နိုဝင်ဘာ ၂ တွင် မန်ချူးရီးယားတစ်ခုလုံး ကွန်မြူနစ် လက်အောက်သို့ ရောက်သွားလေသည်။

မြို့ကို ပြန်လည်ထူထောင်ရာတွင် ကွန်မြူနစ်တို့မှာ များစွာကျွမ်းကျင်သည်။ ဒီဇင်ဘာ ၃ တွင် ဘဏ်များဖွင့်ပြီး နောက်တစ်နေ့တွင် လျှပ်စစ်မီးလင်းသည်။ ဒီဇင်ဘာ ၂၉ တွင် လမ်းအုပ်ချုပ်ရေး ကော်မတီများ ဖွဲ့စည်းရန် ကြေညာသည်။ ဤအုပ်ချုပ်ရေး စနစ်သည် ကွန်မြူနစ်အုပ်ချုပ်ရေးတွင် သော့ချက်ဖြစ်သည်။ နောက်တစ်နေ့တွင် ပိုက်ရေရပြီး ဒီဇင်ဘာ ၃၁ တွင် မီးရထားများ စတင်ပြေးဆွဲသည်။

ငွေဖောင်းပွသည်ကိုလည်း အဆုံးသတ်ရန် ကြိုးစားသည်။ တန်ဖိုးမရှိသည့် ကူမင်တန်ငွေကို ကွန်မြူနစ်မဟာရုံတံတိုင်း ငွေဖြင့်လဲလှယ်ရန် သင့်တင့်သည့် နှုန်းများ သတ်မှတ်သည်။

ကွန်မြူနစ်များ ရောက်လာပြီးနောက် အမေသည် တော်လှန်ရေးအတွက် လုပ်ကိုင်ရန် မျှော်လင့်နေသည်။ ကွန်မြူနစ်အရေးတော်တွင် သူ တစ်စိတ်တစ်ပိုင်း ပါဝင်ဆောင်ရွက်လိုသည်။ ရက်ပေါင်းအတန်ကြာ သည်းမခံနိုင်စွာ စောင့်မျှော်ရပြီး နောက်တစ်နေ့တွင် သူ့ထံသို့ ပါတီကိုယ်စားလှယ် တစ်ယောက် လာ၍ တွေ့သည်။ ကျင်ကျို့တွင် လူငယ်တာဝန်ခံဖြစ်သည့် ရဲဘော်ဝမ်ယုနှင့် တွေ့ဆုံရန် ညွှန်ကြားသည်။

****

[၆]

အချစ်အကြောင်းပြောကြသည်။

တော်လှန်သော လက်ထပ်ပွဲ

(၁၉၄၀ - ၁၉၄၉)

ရာသီဥတု အတန်အသင့်သာယာသော ဆောင်းဦးတစ်နေ့တွင် အမေသည် ရဲဘော် ဝမ်နှင့်တွေ့ရန် သွားသည်။ ထိုအချိန်မှာ ကျင်ကျို့တွင် ရာသီဥတု အကောင်းဆုံး အချိန်ဖြစ်သည်။ နွေ၏ အပူရှိန်သည် လွင့်ပါးထွက်ပြေးသွားသည်။ လေသည် အေးစ ပြုလာသည်။ သို့သော်လည်း နွေရာသီဝတ်စုံများ ဝတ်လို့ရသေးသည့် အချိန်ဖြစ်သည်။ မြို့တွင်းသို့ လေများ တိုက်ခတ်သည့်အခါ လေနှင့်အတူ ဖုန်များ၊ သဲများပါလာ တတ်သည်။ ယခု ယင်းတို့မရှိကြတော့ပေ။ သာယာသည့် ရာသီဥတုရောက်လာသည်။

အမေသည် ရိုးရာဂါဝန်ပြာပွပွကို ဝတ်ထားပြီး ခေါင်းတွင် ပိုးပဝါဖြူ ပတ်ထားသည်။ တော်လှန်ရေးဆင်ယင်ထုံးဖွဲ့မှုသစ်နှင့်အညီ ဆံပင်ကို တိုတို ဖြတ်ထားသည်။ ယာယီအစိုးရသစ် ရုံးစိုက်သည့် ဌာနချုပ်ရှိရာ ဝင်းထဲသို့ ဝင်သွားလျှင် သစ်ပင်အောက်၌ သူ့ကို ကျောပေးရပ်နေသည့် အမျိုးသား တစ်ယောက် ကို တွေ့ရသည်။ ပန်းခင်းအစပ်တွင် သွားတိုက်နေသည်။ ပြီးအောင် စောင့်နေသည်။ ထိုသူက ခေါင်းမော့ကြည့်သည်။ အသက်နှစ်ဆယ်ကျော် သုံးဆယ်နားနီးပြီဖြစ်သည့် အမျိုးသားဖြစ်သည်။ မျက်နှာမှာ ညိုပြီး အလွန်ကြီးသည့် တောင့်တောင့်တတ မျက်လုံးတစ်စုံကို တွေ့လိုက်ရသည်။ စစ်ဝတ်စုံ ပွပွကြီးအောက်ရှိ ခန္ဓာကိုယ်မှာ သေးသွယ်သည်။ သူ့ထက်အရပ်နိမ့်သည်။ စိတ်ကူးယဉ်တတ်သည်ဟု အမေထင်သည်။ ကဗျာဆရာ တစ်ယောက်နှင့်များ တူသလားမသိ။

"ရဲဘော်ဝမ်ရှင့် ကျွန်မဟာ ကျောင်းသားအဖွဲ့က ရှီယာတေ-ဟောင်ပါ။ ကျွန်မတို့ လုပ်ငန်း အခြေအနေ အစီရင်ခံရအောင် ရောက်လာသူပါ"

အမေက ပြောသည်။

"ဝမ်" ဆိုသည်မှာ သူ၏ တပ်တွင်းနာမည်ဖြစ်သည်။ သူကား ကျွန်မ၏ အဖေဖြစ်လာမည့်သူ ပေတည်း။ လွန်ခဲ့သည့် ရက်အနည်းငယ်က ကျင်ကျို့မြို့တွင်းသို့ ကွန်မြူနစ်တပ်များနှင့်အတူ သူဝင်လာခဲ့သည်။ ၁၉၄၅ နှောင်းပိုင်းမှစ၍ သူသည် ထိုဒေသ ပြောက်ကျားတပ်ဖွဲ့၏ တပ်မှူးတစ်ယောက် ဖြစ်ခဲ့သည်။ ယခုမူ ကျင်ကျို့မြို့ကို အုပ်ချုပ်သည့် ကွန်မြူနစ်ပါတီ အဖွဲ့ဝင်တစ်ယောက်ဖြစ် လာပြီး အတွင်းရေးမှူးအဖွဲ့၏ ခေါင်းဆောင်ဖြစ်လာသည်။ မကြာမီ သူ့ကို ပြည်သူ့ရေးရာဌာန အကြီးအကဲ အဖြစ်ခန့်မည်။ ထိုဌာနသည်

ပညာရေး၊ စာတတ်မြောက်ရေး၊ ကျန်းမာရေး၊ သတင်း ဖြန့်ချိရေး၊ ဖျော်ဖြေရေး၊ အားကစား၊ လူငယ်ဌာနတို့ကို တာဝန်ယူရပြီး ပြည်သူ့ သဘောထားကို စနည်းနာရသည်။

သူ့ကို ကျင်ကျို့မှ မိုင် ၁၂၀၀ ဝေးသည့် ဆီချွမ်းပြည်နယ် အနောက်တောင်ပိုင်း ယိဘင်မြို့တွင် မွေးသည်။ ယိဘင်မှာ လူဦးရေ ၃၀,၀၀၀ ရှိပြီး မင်မြစ်နှင့် ရွှေသဲမြစ်တို့ ပေါင်းဆုံပြီး ယန်ဇီမြစ်ထဲ စီးဝင်သည့် မြစ်ဆုံတွင် တည်ရှိသည်။ ယိဘင် ဝန်းကျင်မှာ မြေဩဇာကောင်းသည်။ "ကောင်းကင်ဘုံက စပါးကျီ" ဟု နာမည်မှည့် ခေါ်ကြသည်။ လက်ဖက်ခြောက်စိုက်ရန် ကောင်းသည့် မြူဆိုင်းသော ရာသီဥတုရှိသည်။ ယနေ့ ဖြိတိန်တွင် သောက်သုံးသည့် လက်ဖက်ခြောက်အမည်းမှာ ဤဒေသ၏ ထွက်ကုန်ဖြစ်သည်။

ကျွန်မအဖေသည် မွေးချင်းကိုးယောက်အနက် သတ္တမမြောက်သား ဖြစ်သည်။ သူ့အဖေသည် ဆယ့်နှစ်နှစ်အရွယ်တွင် အထည်စက်ပိုင်ရှင်တစ်ယောက်ထံ၌ အလုပ်လုပ်သည်။ ကြီးပြင်းလာသည့်အခါ ထိုစက်ရုံတွင် အလုပ်လုပ်သော သူ့အစ်ကို တို့သည် ကိုယ်ပိုင်လုပ်ငန်းတစ်ခု တည်ထောင်ရန် အကြံဖြစ်ပြီး ဆုံးဖြတ် လုပ်ကိုင်သည်။ နှစ်အနည်းငယ်အတွင်း အောင်မြင်ကြီးပွားကာ အိမ်ကြီးတစ်ခုပင် ဝယ်နိုင် လာသည်။

သူတို့အောင်မြင်သဖြင့် အလုပ်ရှင်ဟောင်းက မနာလိုဖြစ်သည်။ လုပ်ငန်းသစ်လုပ်ကိုင်ရန် သူ့ဆီက ငွေများခိုးသည်ဟု စွပ်စွဲကာ တရားစွဲသည်။ အမှုမှာ ခုနစ်နှစ်ကြာသည်။ အမှုစရိတ်ကုန်ကျသမျှကို ပေးရန် ပိုင်ဆိုင်သမျှ ပစ္စည်းများအားလုံး ထုခွဲရောင်းချရသည်။ ရုံးနှင့်ဆက်စပ်သူမှန်သမျှ သူတို့ထံမှ ငွေညှစ်သည်။ အရာရှိများမှာ အမြဲငွေလိုနေကြသည်။ ကျွန်မအဘိုး ထောင်ကျသည်။ သူ့ညီက သူ့အဖေကို ထောင်မှ ထွက်နိုင်အောင် ကြိုးစားသည်။ အလုပ်ရှင်ဟောင်းကို ငွေသား ဒင်္ဂါး ၁,၀၀၀ ပေးရသည်။ ဤသို့ဖြင့် သူတို့ မိသားစု ပျက်စီးဆုံးပါးခြင်းသို့ ရောက်ရသည်။ ကျွန်မဦးကြီးသည် အသက်သုံး ဆယ့်လေးနှစ်အရွယ်တွင် ပစ္စည်းကုန်လူပန်းပြီး သေဆုံးရသည်။

ကျွန်မ အဘိုးသည် မိခိုသူ ဆယ့်ငါးယောက်ရှိသော အိမ်ထောင်စုနှစ်ခုကို ကြည့်ရှုရသူ ဖြစ်လာသည်။ သူ့အလုပ်ကို ပြန်၍စသည်။ ၁၉၂၀ ကျော်တွင် မူ ပြန်လည်ဖွံ့ဖြိုးလာသည်။ သို့သော်လည်း ခေတ်မကောင်း။ ထိုအချိန်တွင် စစ်မင်းတို့ သူတစ်လူငါတစ်မင်း လုပ်နေကြသည်။ အခွန်အတုတ်များစွာ ကောက်ခံသည်။ တစ်ဖန် ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြီး အရိပ်အယောင်ရိုက်ခတ်သည်တွင် အထည်စက်တစ်ခု ပြန်လည်ထူထောင်ရန် မလွယ်ကူ။ ၁၉၃၃ တွင် အဘိုးသည် အလုပ်ဒဏ်ပိပြီး စိတ်ဆင်းရဲကာ အသက်လေးဆယ့်ငါးတွင် သေဆုံးသည်။ အကြွေးများဆပ်ရန် ထူထောင်ထားသည့် လုပ်ငန်းကြီး တစ်ခုလုံးကို ရောင်းရသည်။ မိသားစုများ အကွဲကွဲအပြားပြားလွင့်စဉ်သွားသည်။ အချို့မှာ စစ်သားဖြစ်သွားသည်။ ထိုအချိန်ကမူ စစ်သားသည် အလွယ်ဆုံးအလုပ်ဖြစ်သည်။ တိုက်ပွဲများကလည်း

ဖြစ်ပွားနေရာ စစ်သားတစ်ယောက်အဖို့ သေဖို့လွယ်သည်။ အခြားညီအစ်ကိုများနှင့် ဝမ်းကွဲများ ရရာအလုပ်ကို လုပ်ကြရသည်။ သမီးမိန်းကလေးများ ဘဝမပျက်ရန် ရရာလင်ကို ဆွဲယူကြရသည်။ အဖေ အလွန်ချစ်သည့် ဝမ်းကွဲနှမတစ်ယောက်မှာ ဆယ့်ငါးနှစ် အရွယ်တွင် သူ့ထက်အသက်များစွာကြီးသည့် ဘိန်းစွဲနေသူ ယောကျာ်းကြီး တစ်ယောက်ကို ယူရသည်။ လက်ထပ်အခမ်းအနားသွားရန် ဝေါယာဉ်ရောက်လာလျှင် အဖေသည် သူ့နောက်က ပြေးလိုက်သွားသည်။ သူ့နှမကို နောက်တွေ့ရတော့ ပါမည်လား သူ မသိနိုင်ပြီ။

အဖေသည် စာချစ်သူဖြစ်သည်။ သုံးနှစ်သားတွင် ဂန္တဝင်စကားပြေကို ဖတ်စပြုသည်။ ဉာဏ်သည်မှာ ထူးခြားလှသည်။ အဘိုးသေပြီးနောက် သူ ကျောင်းထွက်ရသည်။ ဆယ့်သုံးနှစ်အရွယ်တွင် ကျောင်းစာကိုစွန့်ကာ အလုပ်ရှာသည်။ နောက်တစ်နှစ်ဖြစ်သည့် ၁၉၃၅ တွင် ယီဘင်မှ ခွာပြီး ယန်ဇီမြစ်အတိုင်း ချုံကင်းသို့ စုန်ဆင်းသည်။ ချုံကင်းမှာ ယန်ဇီမြစ်ကမ်းပေါ်က နည်းနည်းကြီးသည့် မြို့ကြီးတစ်မြို့ဖြစ်သည်။ ကုန်စုံဆိုင်တွင် အကူအလုပ် တစ်ခုရသည်။ တစ်နေ့ဆယ်နာရီ လုပ်ရသည်။ သူ့တာဝန်တစ်ခုမှာ သူ့သခင်၏ ဆေးလိပ်သောက်သည့် တမာကူလို အိုးကြီးကိုရွက်ပြီး သခင်သွားလေရာ နောက်က လိုက်ရခြင်းဖြစ်သည်။ သူ့ သခင်သည် ဝေါယာဉ်ပေါ်တွင် မှီ၍ ထိုင်ရင်း ဆေးလိပ်သောက်သည်။ အထမ်းသမားနှစ်ယောက် က ဝေါယာဉ်ကို ထမ်းရသည်။ အဖေ့ခေါင်းပေါ်ရွက်ရသည့် ဆေးအိုးကြီးကို ဝေါပေါ် တင်ယူ သွားလျှင်ရသည်။ သို့သော်လည်း သူ့သခင်သည် မြို့ရွာကိုလည်ပြီး ကြွားဝါ ပြလိုခြင်းဖြစ်သည်။ ဆေးအိုးရွက်ရန် တပည့်တစ်ယောက်ထားနိုင်သည်ဟု သူကြွားချင်သည်။ အဖေမှာ လုပ်ခတစ်ပြားမျှမရ။ အိပ်စရာတစ်နေရာနှင့် တစ်နေ့ ထမင်းနှစ်နပ် စားရသည်။ ညစာမစားရ။ အိပ်ရာဝင်လျှင် ဗိုက်ထဲမှာ အစာမရှိသဖြင့် နာသည်။ ထမင်းငတ်မှာ သူစိုးရိမ်သည်။

သူ့အစ်မအကြီးဆုံးသည် ချုံကင်းတွင်နေသည်။ ကျောင်းဆရာတစ်ယောက်နှင့် အိမ်ထောင်ကျသည်။ သူတို့ အမေသည် သူ့ယောကျာ်းကွယ်လွန်လျှင် သူ့အစ်မ အိမ်မှာ လိုက်၍နေသည်။ တစ်နေ့တွင် အဖေသည် ဆာလွန်းသဖြင့် သူ့အစ်မ အိမ်သို့သွားကာ မီးဖိုထဲက ကန်စွန်းဥပြုတ်ကို နှိုက်စားသည်။ ယင်းကို သူ့အစ်မ သိသွားပြီး ဆူပူသည်။

“အမေကို တင်ကျွေးထားရတာတောင် မလွယ်လှဘူး။ နောက်ထပ် မောင်ကိုတော့ တင်မကျွေးနိုင် ဘူး။”

အဖေ စိတ်ထဲမှာ အတော်နာကျည်းကာ ထိုအိမ်မှာ ထွက်လာခဲ့သည်။ အစ်မဆီသို့ ဘယ်တော့မှ ပြန်မသွားတော့ပေ။

အဖေက သူ့သခင်အား ညစာကျွေးရန် ပြောသည်။ သခင်က မကျွေးရုံ မျှမက သူ့ကို ဆူပူကြိမ်းမောင်းသည်။ ဒေါသထွက်ကာ ထိုအိမ်မှ အဖေထွက်ခဲ့ပြီး ယီဘင်သို့ပြန်သည်။ ယီဘင်တွင် အလုပ်မျိုးစုံလုပ်သည်။ စတိုးဆိုင်တစ်ခုပြီး

တစ်ခုဝင်၍ လုပ်သည်။ သူတစ်ယောက်တည်းသာမဟုတ် သူ့ပတ်ဝန်းကျင်ရှိ လူအားလုံး ငတ်ပြတ်ဆင်းရဲနေသည်ကို တွေ့ရသည်။ မုန့်ရောင်းသည့် ခါးကုန်းကုန်း မျက်မမြင် အဘိုးအိုတစ်ယောက်မှာ သူ့မုန့်ကို ဝယ်အောင် လွမ်းဆွတ်ဖွယ်သီချင်းများ သီဆိုပြီး ရောင်းရသည်။ သနားကရုဏာဖြစ်ကာ သူ့မုန့်ကို ဝယ်စားကြသည်။ မျက်မမြင် အဘိုးအို၏ သီချင်းသံကြားတိုင်း အဖေ စိတ်မချမ်းသာ။ လူ့လောကကြီးကို ပြောင်းလဲ ပစ်မည်ဟု တစ်ကိုယ်တည်း ပြောသည်။

ထွက်ရပ်လမ်း သူရှာသည်။ ကွန်မြူနစ်ဝါဒဆိုသော စကားလုံးကို အမှတ်ရသည်။ ထိုဝေါဟာရကို သူ ခုနစ်နှစ်အရွယ် ၁၉၂၈ က ကြားဖူးခြင်းဖြစ်သည်။ အိမ်နားတွင် ကစားနေစဉ် လမ်းထောင့်၌ စုဝေးနေသော လူအုပ်ကြီးကို မြင်ရသဖြင့် တိုးဝှေ့ကာ ကြည့်သည်။ လူငယ်တစ်ယောက် မြေကြီးပေါ်တွင် တင်ပျဉ်ခွေကာ ထိုင်နေသည်။ သူ့လက်နှစ်ဖက်ကို နောက်တွင် ကြိုးနှင့်တုပ်ထားသည်ကို တွေ့ရသည်။ သူ့ကို အားခွန်ဗလကောင်းသည့် လူကြီးတစ်ယောက်က ဓားကြီးကိုင်ကာ မိုးထားသည်။ လူငယ်ကို သူပြောချင်ရာ ပြောခွင့်ပြုသည်။ ကွန်မြူနစ်ဝါဒဆိုတာလည်း ကြားရသည်။ ထိုနောက် လူသတ်မည့်သူသည် ဓားကြီးကို တအားလွှဲကာ လည်ပင်းကို ခုတ်ချလိုက်သည်။ အဖေသည် စူးစူးဝါးဝါးအော်ပြီး မျက်လုံးကို လက်ဖြင့် ပိတ်လိုက်သည်။ အဖေမှာ အတော်တုန်တုန် ရင်ရှင်ဖြစ်သွားသည်။ သို့သော်လည်း ထိုလူ၏ သတ္တိကို များစွာအံ့သြမိသည်။ သေတော့မည့်အချိန်ထိ တစ်ချက်ကလေး မျက်နှာ မပျက်။

၁၉၃၀ ကျော် နောက်ပိုင်းတွင် ကွန်မြူနစ်လှုပ်ရှားမှုသည် ခေတ်နောက်ကျသော ယိဘင်ဒေသသို့ပင် ပျံ့နှံ့လာသည်။ ယိဘင်တွင် မြေအောက်လှုပ်ရှားမှု အတန်အသင့်ရှိနေပြီ။ သူတို့၏ အဓိကကြွေးကြော်သံမှာ ဂျပန်ခုခံရေး ဖြစ်သည်။ ဂျပန်က မန်ချူးရီးယားကို သိမ်းပိုက်စဉ်မှာပင် ချန်ကေရှိတ်သည် မခုခံရေးဝါဒကို ကျင့်သုံးသည်။ ဂျပန်သည် မန်ချူးရီးယားမှတစ်ဆင့် တရုတ်ပြည်ထဲဝင်ရန် ကြိုးစားနေသည်။ ကွန်မြူနစ်များကို ချေမှုန်းတော့မည်။ ကွန်မြူနစ်တို့ကမူ “တရုတ်အချင်းချင်း မတိုက်ရ” ဟု ကြွေးကြော်သည်။ ချန်ကေရှိတ်ကိုမူ ဂျပန်ကို တိုက်ရန် အပြင်းအထန် တိုက်တွန်းသည်။ ၁၉၃၆ ဒီဇင်ဘာတွင် ချန်ကေရှိတ်ကို သူ၏ဗိုလ်ချုပ်နှစ်ယောက်က ပြန်ပေးဆွဲသွားသည်။ တစ်ယောက်မှာ မန်ချူးရီးယားမှ လူငယ်ဗိုလ်ချုပ် ချန်ဆွေလင်း ဖြစ်သည်။ ချန်ကေရှိတ်ကို ကွန်မြူနစ်တို့ကပင် ကယ်တင်ခဲ့သည်။ ချန်ကေရှိတ်က ဂျပန်ကိုတိုက်ရန် ညီညွတ်ရေးတပ်ဦးဖွဲ့ပါမည်ဟု ကတိပေးရသည်။ ချန်ကေရှိတ်မှာ စိတ်မပါ။ ကွန်မြူနစ်တို့ ဆက်လက်ရှင်သန်မည်ကို သူသိသည်။ “ဂျပန်ဆိုတာ အရေပြားပေါ်က ရောဂါဖြစ်သည်။ ကွန်မြူနစ်ဆိုတာ နှလုံးသားရောဂါဖြစ်သည်” ဟု ဆိုသည်။ ကွန်မြူနစ်တို့ကမူ မြေအောက်လှုပ်ရှားမှုများ ဆက်လက် လုပ်ကိုင်နေသည်။

၁၉၃၇ ဇူလိုင်တွင် တရုတ်ပြည်မကြီးထဲသို့ ဂျပန်စ၍ဝင်သည်။ အဖေလည်း

သူများနည်းတူ အထိတ်တလန့် ဖြစ်မိသည်။ တိုင်းပြည်၏ ကံကြမ္မာဘယ်လိုဖြစ်လေမည်လဲ။ ထိုအချိန်တွင် သူသည် လက်ဝဲစာအုပ်များရောင်းသည့် စာအုပ်ဆိုင်တွင် ကူညီနေလေရာ ညအခါ ညစောင့်လုပ်ရင်း ထိုစာအုပ်များ ဖတ်သည်။

စာအုပ်ဆိုင်တွင် ကူညီလုပ်ကိုင်ရင်း ညဦးပိုင်းတွင် ရုပ်ရှင်ဇာတ်လမ်းပြောသူအဖြစ်လည်း လုပ်ကိုင်သည်။ အမေရိကန် ရုပ်ရှင်များမှာ အသံတိတ်များ ဖြစ်သည်။ သူ့အလုပ်မှာ ပိတ်ကားဘေးတွင်ရပ်ကာ ဘာပြောကြသည်၊ ဘာဖြစ်နေသည်ကို ရုပ်ရှင်ကြည့်ပရိသတ်အား ပြောပြရသည်။ ထိုစဉ်က ရုပ်ရှင်များမှာ တရုတ်အသံ သွင်းထားခြင်မရှိ။ ဘာသာပြန်စာတန်းလည်းမထိုး။ တစ်ဖန် ဂျပန်ဆန့်ကျင်ရေး ဇာတ်အဖွဲ့တွင်လည်း ပါဝင်ကပြသည်။ အဖေ့ကိုယ်မှာ သေးသွယ်ရာ မိန်းမအခန်းများက ပါဝင်သည်။

အဖေသည် ဇာတ်အဖွဲ့ကို သဘောကျသည်။ ယင်းမှတစ်ဆင့် မြေအောက်ကွန်မြူနစ်များနှင့် သူဆက်သွယ်မိသည်။ ကွန်မြူနစ်များသည် ဂျပန်ကို တိုက်နေသည်။ တရားမျှတသော လောကသစ် တည်ဆောက်နေသည်။ ယင်းတို့ကို သူသဘောကျကာ ၁၉၃၈ အသက်ဆယ့်ခုနစ်တွင် ကွန်မြူနစ်ပါတီသို့ သူဝင်သည်။ ထိုအချိန်တွင် ကူမင်တန်ပါတီသည် ဆီချွမ်း၌ ကွန်မြူနစ်လှုပ်ရှားမှုကို နိုးနိုးကြားကြား စောင့်ကြည့်နေသည်။ ၁၉၃၇ ဒီဇင်ဘာတွင် ဂျပန်လက်သို့ နန်ကင်းကျသည်။ ချန်ကေရှိတ်သည် ချက်ချင်းပင် အစိုးရအဖွဲ့ကို ချုံကင်းသို့ ပြောင်းရွှေ့သည်။ ဤတွင် ဆီချွမ်၌ ပုလိပ်အဖွဲ့ က များစွာမွှေနှောက်သည်။ အဖေ၏ အချို့မိတ်ဆွေများ အဖမ်းခံရသည်။ အချို့ ထွက်ပြေးကြသည်။ တိုင်းပြည်အတွက် ဘာမျှမလုပ်နိုင်သဖြင့် အဖေ စိတ်ပျက်သည်။

သည့်မတိုင်မီ နှစ်အနည်းငယ်က ကွန်မြူနစ်တပ်များသည် ဆီချွမ် အခေါင်အဖျားဒေသများကို ဖြတ်သန်းကာ မိုင် ၆,၀၀၀ ခရီးရှည်ချီတက်သည်။ တရုတ်ပြည် အနောက်မြောက်ပိုင်း မြို့ငယ်လေးတစ်ခု ဖြစ်သည့် ယင်အန်တွင် အခြေစိုက်သည်။ ယင်အန်သည် အပေါင်းအဖော်ကောင်းများ စုဝေးရာဒေသဖြစ်သည်။ အဂတိ လိုက်စားမှုမရှိ။ တက်ကြွလှုပ်ရှားသည်ဟု ဇာတ်အဖွဲ့တွင် ပြောကြသည့် စကားများကို အဖေကြားရသည်။ ယင်းမှာ အဖေ၏ အိပ်မက်ထဲက ပြည်တော်သစ်ဖြစ်လေသည်။ ၁၉၄၀ နှစ်ဆန်းတွင် အဖေသည် ယင်အန်သို့ တစ်ကိုယ်တော် ခရီးချီတက်သည်။ ချုံကင်းသို့ ပထမသွားသည်။ ထိုမြို့တွင် သူ၏ ယောက်ဖတော်တစ်ယောက်မှာ ချန်ကေရှိတ်စစ်တပ်တွင် အရာရှိဖြစ်နေသည်။ သူက စာရေးပေးသဖြင့် ကူမင်တန် သိမ်းပိုက်ထားသည့် ဒေသများ ပိတ်ဆို့ထားသည့် ဒေသများကို ဖြတ်သန်းနိုင်ခဲ့သည်။ တိုတစ်ကိုယ်တော်ခရီးမှာ လေးလနီးပါး ကြာသည်။ ယင်အန်ရောက်တော့ ၁၉၄၀ ဧပြီလထဲရောက်နေ ပြီ။

ယင်အန်သည် မြေဝါကုန်းပြင်မြင့်ပေါ်တွင် တည်ရှိသည်။ တရုတ်ပြည် မြောက်ပိုင်းဝေးခေါင်သည့် လွင်တီးခေါင်ဒေသဖြစ်သည်။ အဖေသည် ယင်အန်တွင်

ငါးနှစ်ကျော်နေထိုင်သည်။ မော်စီတုန်းနှင့် သူ၏ တပ်ဖွဲ့အနည်းငယ်သည် ၁၉၃၅-၁၉၃၆ ကာလအတွင်း တဖွဲဖွဲရောက်လာကြသည်။ ထိုအချိန်မှာ ခရီးရှည်ချီတက်ပွဲ ပြီးဆုံးချိန်ဖြစ်သည်။ ဤတွင် ပထမဆုံးအကြိမ် ကွန်မြူနစ်မြို့တော် တည်ဆောက်ခြင်း ဖြစ်သည်။ ယင်အန်ပတ်ပတ်လည်တွင် ရန်သူ ကူမင်တန်တပ်များ ဝိုင်းနေသည်။ သို့သော်လည်း ဝေးလွန်းသဖြင့် တိုက်ခိုက်သိမ်းပိုက်ရန် မလွယ်ကူ။

ပါတီကျောင်းတွင် ခဏနေပြီးနောက် ပါတီ၏ အမြင့်ဆုံးဌာနတစ်ခု ဖြစ်သည့် မတ်လီနင်ဝါဒ အကယ်ဒမီသို့ တက်ရန် လျှောက်လွှာတင်သည်။ ဝင်ခွင့်စာမေးပွဲ မှာ ခက်သည်။ သို့သော်လည်း အဖေ ပထမစွဲကာ အောင်မြင်သည်။ ဤသည်မှာ ယိဘင်စာအုပ်ဆိုင် အထပ်ခိုးတွင် ညအခါ သဲသဲမဲမဲ ဖတ်ရှုလေ့လာခဲ့သည့် ကျေးဇူးကြောင့်ဖြစ်သည်။ အခြားသူများက အံ့အားသင့်သည်။ သူတို့သည် ရှန်ဟဲလို မြို့ကြီး များမှ ရောက်လာကြသူများဖြစ်သည်။ သူ့ကို တောသားဟု အထင်သေးသည်။ အဖေ သည် ထိုကျောင်းတွင် အငယ်ဆုံးကျောင်းသားဖြစ်လေသည်။

ယင်အန်ကို အဖေချစ်သည်။ ထိုဒေသတွင် တွေ့ရသူများသည် စိတ်အား ထက်သန်ကြသည်။ လောကကို အကောင်းမြင်စိတ်ဖြင့် ရှုကြည့်သည်။ ရည်ရွယ်ချက် ကြီးကြီးမားမား ရှိသည်။ ပါတီခေါင်းဆောင်များ၏ နေထိုင်မှုမှာ ရိုးသားသည်။ ကူမင်တန် အရာရှိများနှင့်ကား ဆီနှင့်ရေလို ကွာခြားသည်။ ယင်အန်သည် ဒီမိုကရေစီ မဟုတ်သော်လည်း သူနေခဲ့သည့်အရပ်နှင့်ယှဉ်သော် ညီမျှရေး ကြီးစိုးရာ အရပ်တစ်ခု ဖြစ်သည်။

၁၉၄၂ တွင် မော်သည် အမှားပြင်ရေး တိုက်ပွဲတစ်ခု စတင်အကောင် အထည်ဖော်သည်။ ယင်အန်တွင် အရာရာကို ဝေဖန်ရန် ဖိတ်ခေါ်သည်။ ဝမ်ရှီ-ဝေ ခေါင်းဆောင်ပြီး အဖေပါသည့် လူငယ်လေ့လာရေး အဖွဲ့ဝင်များက နံရံကပ် ပိုစတာများ ချိတ်ဆွဲကာ ခေါင်းဆောင်များကို ဝေဖန်သည်။ ယခု ထက်ပို၍ လွတ်လပ်ခွင့် ပေးရမည်၊ တစ်ယောက်ချင်း၏ ဆန္ဒကို ပို၍ ဖော်ထုတ် ခွင့်ပြုရမည်ဟု ရေးသားထားသည်။ မော်စီတုန်းသည် ကိုယ်တိုင် နံရံကပ်ပိုစတာများကို ဖတ်ရှုပြီး ပေါက်ကွဲသည်။

သူ မြင်ရဖတ်ရသည်ကို မော်မကြိုက်။ ပိုစတာတိုက်ပွဲကို လမ်းပြောင်းပစ်သည်။ တရားခံရှာပွဲဖြစ်လာသည်။ ဝမ်ရှီ-ဝေကို ထရော်စကီနောက်လိုက်နှင့် သူလျှိုဟု စွပ်စွဲသည်။ အဖေသည် ထိုအဖွဲ့တွင် အငယ်ဆုံးဖြစ်သည်။ တရုတ်ပြည်တွင် မတ်ဝါဒ စတင်သွတ်သွင်းသူ ထဲတွင် ခေါင်းဆောင်တစ်ယောက် ဖြစ်သည့် အိုင်ရှီ-ချီ က အဖေအား ရိုးအသောအမှား သို့မဟုတ် ပကတိရိုးသားသော အမှားကို ကျူးလွန်သူဟူ၍ ဝေဖန်သည်။ စောစောပိုင်းကမူ အိုင်ရှီ-ချီ က အဖေ့ကို အတောက်ပြောင်ဆုံး ဉာဏ်အထက်မြက်ဆုံးဟု ချီးကျူးခဲ့သည်။ ယခု အဖေနှင့် အပေါင်းပါများကို မညှာမတာ ဝေဖန်ပြီး အစည်းအဝေးများ ဆက်တိုက်လုပ်ကာ လပေါင်းများစွာ

ကြာအောင် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေး လုပ်ခိုင်းသည်။ သူတို့ကြောင့် ယင်အန်တွင် ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားသည်၊ ပါတီ၏ ညီညွတ်ရေးနှင့် စည်းကမ်းပျက်ပြားသွားသည်၊ ဂျပန်ကို တိုက်နေချိန်တွင်များစွာ ဆုံးရှုံးနစ်နာနိုင်သည်ဟု ဆိုသည်။ ပါတီသည် တရုတ်ပြည်ကြီးကို ဆင်းရဲတွင်းမှ လွတ်မြောက်အောင် မတရားအုပ်စိုးခြင်းမှ လွတ်မြောက်အောင် တိုက်ခိုက်နေသဖြင့် ပါတီ၏ ဦးဆောင်မှုကို လက်ခံရန် မနားမနေ ဝေဖန်တိုက်တွန်းသည်။

မတ်ဝါဒအကယ်ဒမီကို ပိတ်လိုက်သည်။ အဖေ့ကို ပါတီက ဖွင့်လှစ်သည့် ကျောင်းတွင် လယ်သမားများအား ရေးဟောင်းတရုတ်နိုင်ငံသမိုင်း သင်ကြားရန် ပို့လိုက်သည်။ ထိုစမ်းသပ်ပွဲတွင် အဖေသည် အယူအဆတစ်မျိုးသို့ ပြောင်းလဲခံယူသည်။ အခြားလူငယ်များနည်းတူ အဖေသည် သူ၏ ဘဝနှင့် ယုံကြည်ချက်ကို ယင်အန်တွင် မြှုပ်နှံလိုက်သည်။ လွယ်လွယ်နှင့်အရှုံးမပေး။ စိတ်ပျက်ခြင်းလည်းမရှိ။ သူ ကြုံတွေ့ရသည်မှာ တရားမျှတသည့် မွန်မြတ်သော တကယ့်အတွေ့အကြုံကြီး တစ်ခု ဖြစ်သည်။ တရုတ်ပြည်ကြီးကို ကယ်တင်ရေး လုပ်ငန်းကြီးတွင် ဦးနှောက်ဆေးသည့် သဘောဖြစ်သည်။ စည်းကမ်းသေဝပ်မှ ထိုလုပ်ငန်းကြီးတွင် ပါဝင်နိုင်မည်ဟု သူလက်ခံသည်။ အတ္တကို စွန့်ရမည်ဟု သူ ခံယူသည်။

အဖေသည် ပတ်ဝန်းကျင် ဒေသများသို့ လှည့်လည်ပြီး ရိုးရာကဗျာများ စုဆောင်းသည်။ သူသည် အနောက်တိုင်း တွဲကသည့်အကကို ကတတ်အောင် သင်ယူသည်။ ယင်အန်တွင် နှစ်ယောက်တွဲအကမှာ လူကြိုက်များသည့် အကဖြစ်လာသည်။ ထိုအကကို ဝန်ကြီးချုပ်လောင်း ချောင်အင်လိုင်းသည် အလွန် ကြိုက်နှစ်သက်သည်။ အခြား ကွန်မြူနစ်ခေါင်းဆောင်များလည်း သဘောကျသည်။ အဖေသည် မြစ်ဝါမြစ် တွင်လည်း မကြာခဏ ရေကူးသည်။

ယင်အန်တွင် နေရသည်မှာ ခက်ခဲကြမ်းတမ်းသော်လည်း ပျော်စရာ ကောင်းသည်။ အားတက်သည်။ ရွှင်ပျသည်။ ၁၉၄၂ တွင် ချန်ကေရှိတ်၏ ပိတ်ဆို့ရေးမှာ ပို၍တင်းကျပ်လာသည်။ အစားအစာ၊ အဝတ်အထည်နှင့် အခြားနေ့စဉ်သုံး ပစ္စည်းများ ယင်အန်သို့ မရောက်။ မော်က လူတိုင်းပေါက်တူးပေါက်ပြား ကိုင်ရမည်၊ ဗိုင်းငင်ရမည်ပြောသည်။ အဖေသည် ဗိုင်းငင်ကောင်းသူ တစ်ယောက်ဖြစ်လာသည်။

စစ်ကာလတစ်လျှောက်လုံး အဖေသည် ယင်အန်တွင်နေသည်။ ချန်ကေရှိတ်က ပိတ်ဆို့သော်လည်း ဒေသအများအပြားတွင် ကွန်မြူနစ်တို့ အင်အား တိုးပွားလာသည်။ အထူးသဖြင့် မြောက်ပိုင်း ဂျပန်ရှေ့တန်း နောက်တွင် ကွန်မြူနစ်အခြေစိုက်နယ်မြေများ တိုးပွားလာသည်။ မော်သည် အခြေအနေကို ကြိုတင် တွက်ဆထားပြီးဖြစ်သည်။ ကွန်မြူနစ်တို့အဖို့ အသက်ရှူချိန်ရသည်။ စစ်ကာလ ပြီးဆုံးလျှင် "အခြေစိုက်ဒေသ ဆယ့်ရှစ်ခုတွင် လူဦးရေ နှစ်ဆယ်ရာခိုင်နှုန်း ဖြစ်သည့် ၉၅ သန်းသည် ကွန်မြူနစ်နယ်မြေတွင် ရှိနေသည်။ တဖန် ထိုအခြေအနေတွင် စီးပွားရေးကျပ်တည်းနေခိုက် အစိုးရအဖွဲ့တစ်ခု

ထူထောင်ရေးမှာလည်း အရေးကြီးသော အလုပ်တစ်ခုဖြစ်သည်။ ထိုသို့ ကြံ့ကြံ့ခံရပ်တည်နိုင်သည်မှာ သူတို့အဖို့ ကောင်းသည်။ စည်းရုံးရေးစွမ်းရည်နှင့် နယ်မြေထိန်းသိမ်းနိုင်ရေး ထူးထူးခြားခြား သိသာလာသည် ဆိုရမည်။

၁၉၄၅ ဩဂုတ် ၉ တွင် ဆိုဗီယက်တပ်များ တရုတ်အရှေ့မြောက်ပိုင်းသို့ ဝင်သည်။ နှစ်ရက်ရှိလျှင် တရုတ်ကွန်မြူနစ်တို့က သူတို့နှင့် ပူးပေါင်းကာ ဂျပန်ကို တိုက်မည်ဟု ကမ်းလှမ်းသည်။ သို့သော် ဆိုဗီယက်တို့က လက်မခံဘဲ ငြင်းပယ်လိုက်သည်။ စတာလင်သည် ချန်ကေရှိတ်ကို ထောက်ပံ့နေသည်။ ထိုနေ့မှာပင် တရုတ် ကွန်မြူနစ်တို့က လက်နက်ကိုင်တပ်များနှင့် နိုင်ငံရေးအကြံပေးအရာရှိများကို မန်ချူးရီးယားသို့ ဝင်ရန် အမိန့်ထုတ်သည်။ အခြေအနေမှာ အရေးကြီးလာပြီဟု အားလုံး နားလည်ကြသည်။

ဂျပန်လက်နက်ချပြီး တစ်လအကြာတွင် အဖေတို့ ယင်အန်မှ အနောက်တောင် မန်ချူးရီးယားနယ် ချီယန်ဟုခေါ်သော ဒေသသို့ ပြောင်းရွှေ့ရန် အမိန့် ထွက်လာသည်။ ယင်းဒေသမှာ အတွင်းမွန်ဂိုးလီးယား နယ်စပ်နှင့် နီးပြီး အရှေ့ဘက် မိုင် ၇၀၀ ခန့် ဝေးသည့်နေရာဖြစ်သည်။

နိုဝင်ဘာတွင် အဖေနှင့်အဖွဲ့ငယ်လေး ချီယန်သို့ ရောက်သည်။ ခြေကျင် ခရီးလာခဲ့ရာ နှစ်လကြာသည်။ များသောအားဖြင့် တောင်ကတုံးများ တောင်ထူထပ်သည့် နေရာများဖြစ်သည်။ ယင်အန်လိုပင် ခြောက်သွေ့နွမ်းပါးသည်။ လွန်ခဲ့သည့် သုံးလက မန်ချူးရီးယား၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ဒေသခံကွန်မြူနစ်များက အစိုးရဖွဲ့ပြီးပြီဟု ကြေညာသည်။ ကူမင်တန်မြေ အောက်အဖွဲ့ကလည်း သူတို့အစိုးရ ထူထောင်ပြီးပြီဟု ကြေညာသည်။ မိုင်ငါးဆယ် ဝေးသည့် ကျင်ကျို့မှ ကွန်မြူနစ် တပ်များ ရောက်လာပြီး ကွန်မြူနစ်အစိုးရကို ဖြုတ်ချရန် ကြံစည်သူဟု စွဲချက်တင်ကာ ကူမင်တန်အုပ်ချုပ်ရေးမှူးကို ဖမ်းကာ သတ်ပစ်လိုက်သည်။

ယင်အန်၏ အမိန့်အရ ကျွန်မအဖေသည် တစ်လအတွင်း ချီယန်ဒေသ တစ်ခုလုံးကို စနစ်တကျအုပ်ချုပ်ရန် တာဝန်ယူရသည်။ ထိုဒေသတွင် လူဦးရေ ၁၀၀,၀၀၀ ရှိပြီး အဖေသည် ဒုတိယအုပ်ချုပ်ရေးမှူး ဖြစ်လာသည်။ အစိုးရသစ်သည် ကြေညာချက်များ ထုတ်ပြန်ကာ ယင်းအတိုင်း စတင်ဆောင်ရွက်သည်။ အကျဉ်းသားများအားလုံးကို လွှတ်ပစ်သည်။ အပေါင်ဆိုင်အားလုံး ပိတ်လိုက်သည်။ ပေါင်နှံထားသည့် ပစ္စည်းများကို ပိုင်ရှင်များအား ပိုက်ဆံမပေးရဘဲ ပြန်ယူခွင့်ပြုသည်။ ပြည့်တန်ဆာခန်းများကို ပိတ်သည်။ ပြည့်တန်ဆာများကို ပိုင်ရှင်များက ခြောက်လ အတွက် နေထိုင်မှုစရိတ်ပေးရသည်။ ဆန်ဆိုင်၊ ဂျုံဆိုင်များ ပြန်၍ ဖွင့်ခိုင်းသည်။ လိုသူများကို ဖြန့်ဝေသည်။ ဂျပန်ပိုင်ပစ္စည်းနှင့် ဂျပန်အလိုတော်ရိတို့ပိုင် ပစ္စည်းများကို သိမ်းသည်။ တရုတ်အမျိုးသားပိုင် စက်ရုံအလုပ်ရုံများနှင့် ကုန်သွယ်ဌာနများကို အစိုးရ သစ်က အကာအကွယ်ပေးရမည်။

ဤကြေညာချက်ကို လူတိုင်းထောက်ခံကြ သဘောကြသည်။ ဆင်းရဲသား ကို အစိုးရသစ်က အကာအကွယ်ပေးသည်။ ချိယန်တွင် အများစုမှာ ဆင်းရဲကြသည်။ ယခုလိုအုပ်ချုပ်ရေးမျိုး ချိုယန်တွင် မကြုံဖူးခဲ့ပေ။ စစ်မင်းများ အုပ်ချုပ်သည့်ခေတ် များသည် တစ်မင်းပြီးတစ်မင်း တက်လာကာ ရှိသမျှ ပစ္စည်းများကို လုယူသိမ်းပိုက် သွားကြသည်။ ထိုနောက် ဂျပန်တက်လာပြီး ဆယ်နှစ်လောက် ပြောင်တလင်းခါ အောင် သွေးစုပ်သွားသည်။

အလုပ်သစ်တွင် အဖေ ရက်သတ္တပတ်အနည်းငယ် လုပ်ကိုင်ပြီးနောက် မော်စီတုန်းက သူ့တပ်များအား မြို့ကြီးများမှ ဆုတ်ခွာပြီးတောသို့ ရွှေ့ပြောင်းရမည်ဟု အမိန့်ထုတ်သည်။ လမ်းမကြီးများကို သည်အတိုင်းထားခဲ့ပြီး လမ်းဘေးတစ်ဖက် တစ်ချက် နယ်မြေများကို သိမ်းပိုက်ရသည်။ မြို့ကြီးများကို ကျေးလက်မှ ဝိုင်းထားရ မည်။ အဖေနှင့် အဖွဲ့သည် ချိုယန်းမှတောင်များဆီသို့ ဆုတ်ခွာခဲ့သည်။ ထိုဒေသတွင် သစ်ပင်မပေါက်။ မြက်ရိုင်းနှင့်သစ်အယ်သီးပင်များသာ ပေါက်ရောက်သည်။ သစ်သီးရိုင်းများကားရှိသည်။ ညအပူချိန်မှာ ဖာရင်ဟိုက် အနုတ် ၃၀ ဒီဂရီဖြစ်ပြီး အေးစက်သည့် လေပြင်းများတိုက်ခတ်သည်။ ညတွင် အဝတ်အထည် လုံလုံလောက် လောက်မပါဘဲ အပြင်ဘက်ထွက်သူသည် အေးခဲပြီး သေသွားနိုင်သည်။ အစာရေစာ ဟူ၍ ဘာတစ်ခုမျှမရှိ။ ဂျပန်ဆုတ်ပြေးသည်ကို အားရဝမ်းသာဖြစ်ပြီး မြောက်ပိုင်းသို့ နယ်မြေချဲ့ထွင်ရန် ရောက်လာကြသည့် ကွန်မျူနစ်များ၏ အောင်ပွဲမှာ ရက်ပိုင်း အတွင်း ဘာအကျိုးကျေးဇူးမျှ မခံစားကြရ သလို ဖြစ်လာသည်။ အဖေနှင့် အဖွဲ့သည် တောင်နံရံဂူများ ဆင်းရဲသောလယ်သမားတို့၏ တဲများတွင် ခိုအောင်းကြရပြီး စိတ်ဓာတ်ပျက်ပြားစပြုလာသည်။

ကွန်မျူနစ်များနှင့် ကူမင်တန်တို့သည် ပြည်တွင်းစစ်ကို အကျယ်အပြန့် တိုက်ခိုက်ရန် ပြင်ဆင်နေကြသည်။ ချန်ကေရှိတ်က သူ့တပ်များကို အမေရိကန် အကူအညီဖြင့် မြောက်ပိုင်းသို့ ချီတက်စေသည်။ မဟာဗျူဟာဒေသများကို သိမ်းပိုက်ခိုင်းသည်။ အစိုးရရုံးစိုက်သည့် မြို့တော်ကို နန်ကင်းသို့ပြောင်းရွှေ့သည်။ အမေရိကန် အစိုးရက ထိပ်တန်းဗိုလ်ချုပ်ကြီးဖြစ်သည့် ဂျော့မာရှယ်ကို တရုတ်ပြည်သို့ စေလွှတ်ပြီး ကွန်မျူနစ်တို့နှင့် ညွန့်ပေါင်းအစိုးရဖွဲ့ရန် ချန်ကေရှိတ်အား ဖျောင်းဖျစေသည်။ ကွန်မျူနစ်တို့က အားသေးသော အဖွဲ့တစ်ခုအဖြစ် ပါဝင်မည်။ ၁၉၄၆ ဇန်နဝါရီ ၁၀ တွင် ညွန့်ပေါင်းအစိုးရ စာချုပ် လက်မှတ်ရေးထိုးကာ ဇန်နဝါရီ ၁၃ မှစ၍ ညွန့်ပေါင်းအစိုးရအာဏာသက်ရောက်စေရမည်။ ဇန်နဝါရီ ၁၄ တွင် ကူမင်တန်တပ်များ ချိုယန်းသို့ ဝင်သည်။ ချက်ချင်းပင် အင်အားကောင်းသော စစ်ပုလိပ်အဖွဲ့ တစ်စုံဖွဲ့သည်။ ထောက်လှမ်းရေးကွန်ရက်ကို ဖြန့်ထားသည်။ ဒေသခံမြေပိုင်ရှင်၏ ကိုယ်ပိုင်တပ်များကို လက်နက်တပ်ဆင်ပေးသည်။ ထိုဒေသတွင် ကွန်မျူနစ်တို့ကို ချေမှုန်းရန်အင်အား ၄,၀၀၀ ရှိသည့်တပ်ကို

ဖွဲ့စည်းသည်။ ဖေဖော်ဝါရီတွင် အဖေနှင့် သူ့တပ်ဖွဲ့မှာ ချီုယန်းမှ ထွက်ပြေးပြီး သူလူအပေါက်အရောက် နည်းသည့် တောထဲ တောင်ထဲသို့ ဆုတ်ခွာရကာ ဆင်းရဲသော လယ်သမားများဆီမှာ ခိုလှုံကြရသည်။ ဧပြီရောက်လျှင် ပြေးစရာမြေမရှိတော့။ သို့ဖြစ်ရာ အစုလေးများခွဲကာ ပြောက်ကျား စစ်ဆင်နွဲရန် ပြင်ဆင်ကြသည်။ အဖေသည် ကျင်ကျို့အနောက်ဘက်ခြောက်ဆယ့်ငါးမိုင်ဝေးသည့် ရှောက်လင်မြစ်ဖျား တောင်ကုန်းဒေသခြောက်အိမ်စုရွာတွင် အခြေစိုက်လေသည်။

ပြောက်ကျားတပ်ဖွဲ့တွင် လက်နက်အနည်းငယ်သာရှိသဖြင့် ဒေသခံပုလိပ်သို့မဟုတ် မြေပိုင်ရှင်၏ ကိုယ်ပိုင်စစ်တပ်တို့မှ ငှားရသည်။ နောက်ထပ် လက်နက်ရနိုင်သည့် ဌာနမှာ မန်ချူးကိုးစစ်တပ်နှင့် ပုလိပ်အဖွဲ့ဝင်ဟောင်းတို့ ထံမှ ဖြစ်သည်။ သူတို့ကိုလည်း အားကိုးရသည်။ သူတို့ကို ရွေးချယ်ရသည်မှာ လက်နက်ရှိခြင်းနှင့် တိုက်ပွဲအတွေ့အကြုံရှိခြင်းတို့ကြောင့် ဖြစ်သည်။ အဖေ တာဝန်ယူသည့် ဒေသတွင် သူရင်းငှားခလျှော့ရန်နှင့် ငွေတိုးလျှော့ရန် ကွန်မျူနစ်တို့ ဦးတည်ဆောင်ရွက်သည်။ မြေပိုင်ရှင်များထံမှ ကောက်ပဲသီးနှံများနှင့် အဝတ်အထည်များသိမ်းကာ ဆင်းရဲသော လယ်သမားတို့အား ဝေခြမ်းပေးသည်။

အစတွင် တိုးတက်မှုမရှိ။ နှေးကွေးသည်။ သို့သော်လည်း ဇူလိုင်ရောက်ပြီး နှံစားပြောင်းများ လူတစ်ရပ်နီးပါးရှိလာကာ ရိတ်သိမ်းရန် အသင့်ဖြစ်လာသည်တွင် ထိုပြောင်းခင်း၌ သူတို့ပုန်းအောင်း နိုင်လာသည်။ ပြောက်ကျားတပ်ဖွဲ့ အသီးသီးသည် ခြောက်အိမ်စုသို့ ရောက်လာကြပြီး သစ်ပင်ကြီးတစ်ခု အောက်ရှိ ဘုရားကျောင်းတွင် စုဝေးကြသည်။ အဖေက တရုတ်ရော်ဘင်ဟု ပုံပြင်တစ်ခုကို ညွှန်းဆိုပြီး ”ဒီရိပ်သာဟာ တို့ရဲ့တရားမျှတမှု ဂေဟာပဲ။ ဒီမှာ တို့လူမျိုးတွေ ဆင်းရဲခြင်း လွတ်ကင်းအောင် ကောင်းကင်ဘုံကိုယ်စား တရားမျှတမှုတည်ရှိ စေဖို့ ငါတို့ ဆွေးနွေး ကြမယ်” ဟု အစည်းအဝေးကို ဖွင့်လှစ်သည်။

ထိုအချိန်တွင် အဖေ၏ ပြောက်ကျားများသည် အနောက်ဘက်သို့ ဦးတည် တိုက်ခိုက်နေကြသည်။ သူတို့ စစ်မျက်နှာမှာ မွန်ဂိုးလီးယားများ နေထိုင်ရာဒေသဖြစ်သည်။ ၁၉၄၆ နိုဝင်ဘာတွင် ဆောင်းဝင်လာသည် နှင့် ကူမင်တန်တို့က စတင် တိုက်ခိုက်သည်။ ချုံခိုတိုက်ပွဲတစ်ခုတွင် အဖေမှာ ရန်သူ့လက် ရောက်လုနီးပါး ဖြစ်သွားရာ မနည်းပင် ထိုးဖောက်ထွက်ပြေးခဲ့ရသည်။ အင်္ကျီဘောင်းဘီများ စုတ်ပြဲနေသည်။ သူ၏ ဘွားဘက်တော်သည် ဘောင်းဘီစုတ်သည့်နေရာမှ အပြင်ထွက် နေရာ ရဲဘော်များစွာ ငိုအားထက် ရယ်အား သန်ဖြစ်ကြရသည်။

တစ်နေရာတည်းတွင် ကောင်းကောင်းမအိပ်ရ။ နှစ်ညဆက်တိုက် ပြေးလွှား နေရသဖြင့် တစ်ညအိပ်ရာတစ်မျိုးပြောင်း၍ အိပ်ကြရသည်။ တစ်ဖန် တစ်ညတည်းတွင် နေရာအမျိုးမျိုးသို့ ပြောင်းရွှေ့အိပ်စက်ရသည်လည်းရှိသည်။ အိပ်သည့်အခါ အင်္ကျီဘောင်းဘီမချွတ်ရဲ။ သူတို့မှာ အဆက်မပြတ် ချုံခိုအတိုက်

ခံနေရသည်။ အဝိုင်း ခံနေရသည်။ ရန်သူဝိုင်းထားသည့် အထဲမှ ဖောက်ထွက် လွတ်မြောက်ကြရသည်။ တပ်ဖွဲ့တွင် မိန်းမအများအပြားပါသည်။ တစ်ချိန်တွင် အဖေသည် သူ့တပ်ဖွဲ့ကို တောင်ဘက်မဟာရံတံတိုင်းကြီးနားသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်သည်။ ထိုခရီးမှာ အခက်အခဲများစွာရှိမည်။ ကူမင်တန်သိမ်းပိုက်ထားသော နယ်များကို ဖြတ်ရမည်။ အသံမမြည်ရန် လိုအပ်သည်။ အသံတစ်သံကြောင့် တစ်တပ်လုံး ပြုတ်ပြုတ်ပြုန်း နိုင်သည်။ သို့ဖြစ်ရာ ကလေးများကို ဒေသခံလယ်သမားများလက် အပ်ခဲ့ရမည်ဟု အမိန့်ပေးသည်။ မိန်းမတစ် ယောက်မှာ သူ့ကလေးကို မထားခဲ့နိုင်။ နောက်ဆုံးတွင် အဖေက သူ့အမိန့် အတိုင်းကလေးကိုထားခဲ့မည်လား သို့မဟုတ် စစ်ခုံရုံးတင်ရမည် လား တစ်ခုခု ရွေးရန်ပြောသည်။ ထိုအခါတွင်မှ ထိုမိန်းမသည် သူ့ကလေးကို ထားခဲ့သည်။

ထိုနောက် အဖေတို့ တပ်ဖွဲ့သည် အရှေ့ဘက်ကျင်ကျို့နှင့် မီးရထားလမ်းတို့ ဆီသို့ ချီတက်ကြရသည်။ ကွန်မြူနစ်အမြဲတမ်း တပ်မတော်ရောက်မလာမီ သူတို့မှာ ကျင်ကျို့ အနောက်ဘက် တောင်ကုန်းများတွင် တိုက်ရသည်။ ကူမင်တန်၏ ကွန်မြူနစ် ချေမှုန်းရေးစစ်ပွဲများမှာ မအောင်မြင်။ အဖေတို့ တပ်ဖွဲ့၏ တိုက်ခိုက်မှုများမှာ ထိရောက်လာသည်။ ယခုမူ အဖေသည် နှစ်ဆယ့်ငါးနှစ် ရှိလာသည်။ သူ့ခေါင်း ပေါ်မှာ ဆုငွေတွေ ပုံ့ဝဲနေသည်။ အသေရရ အရှင်ရရ အလိုရှိသည်ဆိုသော ကြော်ငြာများကို ကျင်ကျို့ဒေသ နေရာတကာတွင် တွေ့ရသည်။ အမေသည် ထိုကြော်ငြာများကို တွေ့သည်။ သူ့အကြောင်းကိုလည်း များစွာကြားဖူးသည်။ ကူမင်တန် ထောက်လှမ်းရေးအဖွဲ့ရှိ သူ့အမျိုးများထံမှ ကြားရခြင်းဖြစ်သည်။

အဖေ၏ တပ်များ ထွက်သွားသည့် နေရာများသို့ ကူမင်တန်တပ်များ ရောက်လာသည့်အခါ မြေရှင်ထံမှ ကွန်မြူနစ်တို့ သိမ်းယူခဲ့သည့် စားစရာနှင့် အဝတ်များကို ပြန်တောင်းသည်။ နေရာအများအပြားတွင် လယ်သမားများမှာ နှိပ်စက်ခံရသည်။ တချို့ အသတ်ခံရသည်။ စားစရာများမှာ စားသောက်ပြီးဖြစ်ရာ ပြန်မပေးနိုင်။ မစားလျှင်လည်း ငတ်သေဖို့ သာရှိသည်။

ခြောက်အိမ်စုရွာတွင် ကျင်တင်ချွန်ဆိုသော မြေရှင်ပုလိပ်အကြီးအကဲ တစ်ယောက်ရှိသည်။ သူသည် ရွာထဲမှ မိန်းမအများအပြားကို မုဒိမ်းကျင့်သည်။ ကူမင်တန်တပ်များနှင့်အတူ သူ ထွက်ပြေးသည်။ အဖေ၏တပ်များက သူ့အိမ်နှင့် စပါးကျီကိုဖွင့်ရန် စည်းဝေးဆုံးဖြတ်သည်။ ကူမင်တန်တပ်များနှင့် အတူ ကျင် ပြန် ရောက်လာသောခါ လယ်သမားများကို သူ့ရှေ့ အလျားမှောက်ခိုင်းပြီး ကွန်မြူနစ်တို့ ပေးသွားသည့် ပစ္စည်းများကို ပြန်၍ တောင်းသည်။ စားသောက်ပြီးသူများကို နှိပ်စက်သည်။ အိမ်ကို ဖျက်ဆီးသည်။ တစ်ယောက်မှာ သူ့ကို ဒူးမထောက်သဖြင့် သို့မဟုတ် ပစ္စည်းများ ပြန်ပေးရန်ငြင်းဆန်သဖြင့် မီးရှို့သတ်ကာ တဖြည်းဖြည်းသေစေသည်။

၁၉၄၇ နွေဦးတွင် အလှည့်အပြောင်းကာလရောက်လာသည်။ မတ်လတွင်

အဖေ၏ တပ်များက ချိုယန်းကို ပြန်လည်သိမ်းပိုက်သည်။ ပတ်ဝန်းကျင် ဒေသတစ်ခုလုံးလည်း သူတို့လက်ထဲရောက်လာသည်။ အောင်ပွဲများကို အဖေဦးစီးကျင်းပသည်။

ကွန်မြူနစ်တို့က လယ်မြေဝေခြမ်းရေးပြုသည်။ ခြောက်အိမ်စုရွာတွင် မူမြေရှင်ကျင်၏ လယ်မြေကို ဝေယူရန် လယ်သမားများက ငြင်းသည်။ မြေရှင်ကျင်ကို ယခုဖမ်းထားသည်။ ကျင် နှိပ်စက်သဖြင့် မီးလောင်သောသူ၏ မိသားစုများက ကျင်ကို လက်စားချေချင်သည်။ သူတို့ သားချင်းများ သေသလို သူသေစေရမည်ဆိုသည်။ ချိုယန်းအစိုးရက မြေရှင်ကျင်ကို ပစ်သတ်ရန် ဆုံးဖြတ်သော်လည်း လယ်သမားများက မီးရှို့သတ်ချင်သည်။ သို့ဖြစ်ရာ ခွင့်ပြုရသည်။

ကျင်လိုပုဂ္ဂိုလ်မှာ ချမ်းသာသောမြေရှင် ဖြစ်ရုံမက အာဏာရှင်ကြီးဖြစ်နေသည်။ သူ့စကားတစ်ခွန်း သည် အမိန့်ဖြစ်သည်။ သူ့ကို ရွာသားများက "အေး-ဘာ" (ရက်စက်ကြမ်းကြုတ်သည့် သက်ဦးဆံပိုင် မြေရှင်ပဒေသရာဇ်) ဟု ခေါ်ကြသည်။

အချို့ဒေသများတွင် သာမန်မြေရှင်များကို ကွပ်မျက်သည်။ သူတို့သည် ကျောက်တံတိုင်းများဖြစ်ပြီး တော်လှန်ရေး၏ အဟန့်အတားများဖြစ်သည် ဆိုကြသည်။ "ကျောက်တံတိုင်း" လို ပုဂ္ဂိုလ်ကိုမူ သံသယရှိလျှင် သက်နိုင်သည်ဟု သဘော ထားချမှတ်သည်။ အဖေကမူ ဤသဘောထားသည် မှားသည်ဟု သူ့တပ်ဖွဲ့ကို တင်ပြသည်။ ထိုနောက်အထက်သို့ အစီရင်ခံသည့်အခါ လူ့အသက်နှင့် ပတ်သက်၍ သတိထားသင့်သည်ဟု တင်ပြသည်။ ထိုသို့ သတ်ဖြတ်ခြင်းက တော်လှန်ရေးကို အန္တရာယ် ပြုနိုင်သည်ဟူ၍လည်း တင်ပြသည်။ ထို့ကြောင့်ပင် ၁၉၄၈ ဖေဖော်ဝါရီတွင် ကွန်မြူနစ်ပါတီက လူသတ်ခြင်းမပြု လုပ်ရန် ညွှန်ကြားချက်များ ထုတ်ပြန်သည်။

ကွန်မြူနစ်တပ်မကြီး ကျင်ကျို့ဆီသို့ ချီတက်လာသည်။ ၁၉၄၈ နှစ်ဦးပိုင်းတွင် အဖေ၏ ပြောက်ကျားတပ်ဖွဲ့ဝင်များသည် အမြဲတမ်းတပ်မတော်သို့ ဝင်ကြသည်။ အဖေသည် ကျင်ကျို့ဟူလူဒါအို ဒေသတွင် တပ်စွဲထားသည်။ ကူမင်တန်တပ် အခြေ အနေနှင့် သူတို့၏ ရိက္ခာအခြေအနေကို ထောက်လှမ်းရန် တာဝန်ယူရသည်။ သူရသည့် သတင်းများမှာ ကူမင်တန်ထဲမှ ကွန်မြူနစ်ဘက်တော်သားများက ပေးပို့သည့် သတင်းများဖြစ်သည်။ အမေတို့အိမ်ငှား ယု-ဝု ထံမှ သတင်းများလည်း ပါသည်။ ထိုအစီရင်ခံစာများ မှတစ်ဆင့် အမေ၏ နာမည်ကို သူ ပထမဆုံး ကြားဖူးခြင်းဖြစ်သည်။

သေးသေးသွယ်သွယ် စိတ်ကူးယဉ်တတ်သည့် ထိုပုဂ္ဂိုလ်ကို အောက်တိုဘာတစ်နံနက်ခင်းတွင် ပန်းခြံအစပ်၌ သွားတိုက်နေစဉ် အမေတွေ့သည်။ သူ့ပြောက်ကျားရဲဘော်များက အလွန်ဇီဇာကြောင်သည့် လူဟု ပြောသည်ကို အမေကြားဖူးထားသည်။ နေ့စဉ်သွားတိုက်သည်။ ဤသည်မှာ ပြောက်ကျားများနှင့် ရွာသားများ အဖို့ အသစ်အဆန်းဖြစ်နေသည်။ သူများက မြေကြီးပေါ် နှပ်ညှစ်သည်။

သူကမူ လက်ကိုင်ပဝါတွင် နှပ်ညှစ်သည်။ အချိန်အားလျှင် ထိုလက်ကိုင်ပဝါကို လျှော်ဖွပ်သည်။ အခြားစစ်သားများလို လူအများသုံးသည့် ရေဇလုံတွင် သူ့မျက်နှာသုတ်ပဝါကို မလျှော်ဖွပ်။ မျက်စိနာရောဂါ ပြန့်ပွားကူး စက်နေသည်။ သူသည် ပညာရှိနှင့်တူသည်။ စာကြွမ်းပိုးဟု အသိများသည်။ သူနှင့်အတူ ဂန္ထဝင်ကဗျာစာအုပ်များ အမြဲရှိသည်။ တိုက်ပွဲကာလမှာပင် ကဗျာစာအုပ်ကို လက်ကမချ။

သူ့အား အလိုရှိသည့် ကြော်ငြာများကို အမေ ပထမအကြိမ် တွေ့ရပြီး အလွန်ကြောက်စရာ ကောင်းသည့် သူပုန်ဗိုလ်ကြီးဖြစ်သည်ဟု ဆွေမျိုးများထံမှ ကြားရသည့်အခါ အမေ့စိတ်ထဲတွင် သူ့ကို ကြည်ညိုလာသည်။ တစ်ချိန်တည်းမှာပင် ကြောက်စိတ်လည်းဖြစ်ပေါ်မိသည်။ ယခုမူ အစဉ်အလာကြီးသည့် ပြောက်ကျားဗိုလ်ကြီးသည် စစ်သားနှင့် မတူပါလားဟု တွေးကာ နည်းနည်း စိတ်ပျက်မိသည်။

အဖေကလည်း အမေ၏ သတ္တိပြောင်မြောက်မှုကို သိသည်။ အထူးသဖြင့် ဆယ့်ခုနစ်နှစ် သမီးလေးက ယောက်ျားများအား အမိန့်ပေးနေသည်ဟု ကြားလေရာ ထူးခြားသည်ဟု ထင်မိသည်။ အစဉ်အလာ အတွေးအခေါ်မှ လွတ်မြောက်လာသူ ချီးမွမ်း အံ့ဩဖွယ်ကောင်းသည် မိန်းကလေးတစ်ယောက် ဖြစ်သည်ထင်သည်။ သို့သော်လည်း အမေသည် နဂါးမလေးလို ကြမ်းတမ်းခက်ထန်သည် ထင်သည်။ အမေ့တွင် သဘောကျစရာ အခြား အရည်အသွေးများ ရှိသေးသည်။ လှသည်။ အပြောအဆို နူးညံ့သည်။ မိန်းမပီသသည်။ ပျံလွှားမလေးနှင့်ပင် တူသည်။ ပြီးတော့ တစ်ဖက်သားအား ဖျောင်းဖျောင်းဖျဖျ ပြောဆိုတတ်သည်။ တစ်ဖန် တရုတ်ပြည်တွင် အလွန်ရှားသည့် အရည်အသွေးတစ်ခု အမေ့မှာ ရှိသည်။ ယင်းမှာ တိကျ ပြတ်သား ခြင်းဖြစ်သည်။ ထိုအရည်အသွေးကို သူတန်ဖိုးထားသည်။ အဖေသည် ရိုးရာထုံးစံကို မနှစ်သက်။ ပြီးတော့ တာဝန်မဲ့ပြီး မပြတ်မသား မရေမရာ ပြောတတ်သည့် မိန်းမကို လည်း မကြိုက်။

အမေ့ဘက်က အဖေ့ကို သဘောကျတာတွေရှိသည်။ သူ အကြားကြီးရယ်တတ်သည်ကို အမေ သတိထားမိသည်။ သွားများ ဖြူဖွေးနေသည်။ တခြားပြောက် ကျားဗိုလ်များမှာ သွားတွေညိုနေပြီး ပါးစပ်က နံသည်။ အဖေသည် စကားပြောကောင်းသည်။ ပြီးတော့ ပညာဗဟုသုတကြွယ်သည်။ သေချာတာ တစ်ခုကတော့ ဖလောဘေးနှင့် မောပတ်ဆွန်းကို အရောရောအထွေးထွေး သိနေသူ မဟုတ်ခြင်းပင်။

အမေက ကျောင်းသားသမဂ္ဂလုပ်ငန်းများ တင်ပြရန် လာခြင်းဖြစ်သည် ဟု ပြောသည်။ အဖေက ဘာစာအုပ်တွေ ဖတ်နေသလဲဟု မေးသည်။ အမေ သူဖတ်သည့် စာအုပ်စာရင်းပြောပြပြီး သူ့ကျောင်းသို့လာကာ မတ်ဝါဒနှင့် သမိုင်းအကြောင်း ပြောပြပို့ချလှည့်ပါဟု ဖိတ်ခေါ်သည်။ လာမည်ဟု သူပြောသည်။ ကျောင်းသူ ဘယ်လောက်ရှိသလဲ၊ ကွန်မြူနစ်ဝါဒကို ဘယ်လောက် ကြိုက်သလဲ

စသည်တို့မေးလျှင် အမေက တိကျစွာဖြေသည်။

ရက်အနည်းငယ်ရှိလျှင် ကျောင်းသို့သူရောက်လာပြီး ဟောပြောပို့ချသည်။ တစ်ဖန် မော်စီတုန်း၏ ကျမ်းများနှင့် အခြေခံသဘောတရားများကို ရှင်းပြသည်။ သူသည် စကားပြောအလွန်ကောင်းသည်။ အမေအပါအဝင် မိန်းကလေးများ အကြီးအကျယ် အံ့အားသင့်သွားသည်။

တစ်နေ့တွင် အဖေက ကျောင်းသားများအား အစီအစဉ်တစ်ခု ပြောပြသည်။ ပါတီသည် ဟာဘင်မြို့ သို့ ခရီးတစ်ခုသွားရန် ပြင်ဆင်နေသည်။ ဟာဘင်မှာကွန်မြူနစ်များ၏ ယာယီမြို့တော်ဖြစ်ပြီး မန်ချူးရီးယား မြောက်ပိုင်းတွင် တည်ရှိသည်။ ယင်းသည် ရုရှားများ တည်ဆောက်သည့် မြို့ဖြစ်ပြီး "အရှေ့ဘက်က ပဲရစ်မြို့" ဟု ထင်ရှားကျော်ကြားသည်။ လမ်းများကျယ်သည်။ အဆောက်အအုံများ အထူးမွမ်းမံ ထားသည်။ ဈေးဆိုင်များသည် ပစ္စည်းစုံသည်။ ပြီးတော့ ဥရောပစတိုင် ကဖေးများ လည်း ရှိသည်။ ထိုခရီးကို အလည်အပတ် ခရီးဟု ကြေညာထားသည်။ အမှန်စင်စစ် ကျင်ကျို့မြို့ကို ကူမင်တန်တို့ ပြန်လည်သိမ်းပိုက်ရန် ကြိုးစားနေရာ ကျင်ကျို့မှ ထွက်ခွာရလျှင် ကွန်မြူနစ် ထောက်ခံသူ ဆရာများနှင့် ကျောင်းသားများ၊ ပြီးတော့ ဆရာဝန်များကို သူတို့နှင့်အတူ လိုက်ပါစေချင်သည်။ သို့သော်လည်း ထိုသို့ အတိ အလင်းပြောလျှင် အထိတ်တလန့် ဖြစ်ကုန်ကြမည်စိုးသည်။ သူတို့ ခေါ်ချင်သည့် လူ ၁၇၀ တွင် အမေနှင့် အမေ့သူငယ်ချင်း အများအပြားပါသည်။

နိုဝင်ဘာ နှောင်းပိုင်းတွင် အမေသည် ရထားဖြင့် မြောက်ပိုင်းသို့သွားသည်။ ဆီးနှင်းတွေကျနေသော ဟာဘင်တွင် သူတို့နှစ်ယောက် ချစ်သွားကြသည်။ သူ့ လက်ရေးမှာ အလွန်လှသည်ဟု အမေထင်သည်။ သူ့ကို အမေပို၍ အထင်ကြီးလာသည်။

နှစ်သစ်ကူး ညနေခင်းတွင် သူက အမေနှင့် အမေ၏ မိန်းကလေး သူငယ်ချင်းတို့ကို သူနေသော အိမ်ခန်းသို့ ဖိတ်ခေါ်သည်။ အိမ်ခန်းမှာ ရုရှား ဟိုတယ် ဖြစ်ပြီး ဒဏ္ဍာရီပုံပြင်ထဲက အိမ်နှင့်တူသည်။ အထဲသို့ဝင်သွားသည့် အခါ စားပွဲပေါ်တွင် ပုလင်းတစ်လုံးတင်ထားသည်ကို တွေ့ရသည်။ ရှမ်ပိန် ပုလင်းဖြစ်သည်။ အဖေ သည် ရှမ်ပိန်ကိုမသောက်ဖူးပေ။ နိုင်ငံခြားစာအုပ်များ ထဲတွင်သာ ဖတ်ဖူးသည်။

ထိုအချိန်တွင် သူတို့နှစ်ယောက် ချစ်သူများဖြစ်နေပြီ ဖြစ်ကြောင်း အမေ၏ သူငယ်ချင်းကျောင်းသူများ သိသည်။ အမေသည် ကျောင်းသားခေါင်းဆောင် အဖြစ် အဖေ့ထံ တင်ပြစရာရှိသည်တို့ တင်ပြရန်မကြာခဏ သွားသည်။ အကြာကြီး နေသည်။ သန်းခေါင်ကျော်မှ ပြန်လာသည်။ အဖေ့ကို နှစ်သက်သူ များစွာရှိသည်။ အမေနှင့်ပါသွားသည့် သူငယ်ချင်းကလည်း နှစ်သက်သည်။ သို့သော်လည်း သူတို့ နှစ်ယောက် ချစ်နေကြမှန်း သူသိသွားသည်။

ထိုညတွင် အဖေက အမေ့အား တခြားတစ်စုံတစ်ယောက်နှင့် ချစ်ခဲ့ဖူး သလားမေးသည်။ အမေက သူတကယ်ချစ်သူမှာ ဝမ်းကွဲအစ်ကို "ဟု" ဖြစ်သည်။

သို့သော်လည်း "ဟု" ကို ကူမင်တန်တို့ သတ်ပစ်လိုက်ကြသည်။ သူကလည်း သူ့အကြောင်းပြောပြသည်။ ယီဘင်တွင် မိန်းမတစ်ယောက်နှင့် ချစ်ခဲ့ဖူးသည်။ ယီဘင်က ထွက်လာခဲ့သည့်အခါ ထိုဇာတ်လမ်း ပြီးဆုံးသွားသည်။ ထိုနောက်ပြောက်ကျား ဘဝတွင် ယင်အန်၌ ချစ်သူများ ရှိခဲ့ဖူးသည်။ သို့သော်လည်း စစ်ကြောင့် လက်ထပ်ဖို့စိတ်မကူးရဲကြ။ သူ့ချစ်သူသည် နောင်အခါ မော်စီတုန်း၏ အတွင်းရေးမှူး ဖြစ်လာသည့် ချင်ပိုတာနှင့် လက်ထပ်သွားသည်။

ပွင့်လင်းစွာ ပြောဆိုကြပြီးနောက် အဖေက ပါတီကို တင်ပြကာ လက်ထပ်ခွင့်တောင်းမည်ဆိုသည်။ ထိုညတွင် အဖေ့ထံမှ ရုရှားအလွမ်းဝတ္ထုတစ်အုပ် လက်ဆောင်ရသည်။ ဝတ္ထုနာမည်မှာ "အဲဒါချစ်လို့ပေါ့" တဲ့။

နောက်တစ်နေ့တွင် အမေသည် အိမ်သို့ စာရေးပြီး သူချစ်သော ယောကျ်ားတစ်ယောက်တွေ့နေပြီဟု ပြောသည်။ ဒေါက်တာရှီယာက သဘောမတူချင်။ အဖေမှာ အရာရှိ တစ်ယောက်ဖြစ်နေသည်။ အရာရှိဟူသည် တရုတ်တို့အယူအဆအရ လူဆိုးဖြစ်သည်။ အာဏာရှိပြီး မိန်းမများကို သိမ်မွေ့ယဉ်ကျေးစွာ ဆက်ဆံကြသူများ မဟုတ်ဟု ယူဆသည်။

တစ်လလောက်ရှိသည့်အခါ ကျင်ကျို့မှာ စိတ်ချရသည့် အခြေအနေရောက်ပြီ ယူဆကာ ဟာဘင်သို့သွားသည့် အုပ်စုပြန်လာသည်။ ပါတီက အဖေ့အား အမေနှင့် "အချစ်အကြောင်း ပြောဆိုဆွေးနွေးနိုင်သည်" ဟု ခွင့်ပြုသည်။ အခြားနှစ်ယောက်ကလည်း အချစ်အကြောင်း ပြောချင်ကြသည်။ တစ်ယောက်မှာ စောစောပိုင်း မြေအောက်လှုပ်ရှားမှုအချိန်က သူ၏ ပါတီစိတ် ခေါင်းဆောင် "လျန်" ဖြစ်သည်။ ယခုမူ လျန်သည် မျှော်လင့်ချက်ဆုံးရှုံးသဖြင့် ကျင်ကျို့မှ အဝေးသို့ ပြောင်းရွှေ့ရန်တောင်းဆိုသည်။ လျန်နှင့် နောက်ယောကျ်ား တစ်ယောက်တို့သည် အမေကို ဖွင့်ဟ၍ ချစ်ရေးမဆိုခဲ့ကြပေ။

ကျင်ကျို့သို့ ပြန်ရောက်သည့်အခါ အဖေကို ပြည်သူ့ရေးရာဌာနတွင် အုပ်ချုပ်ရေးမှူးအဖြစ် ခန့်ထားလိုက်သည်။ ရက်အနည်းငယ်ကြာလျှင် အမေသည် သူ့ကို အိမ်သို့ခေါ်သွားသည်။ သူ ဝင်လာသည်ကို မြင်လျှင် အဘွားသည် နှုတ်မဆက်ဘဲ ကျောပေးနေသည်။ အဖသည် အသားက ညိုသည်။ အတော် ပိန်သည်။ ယင်းမှာ ပြောက်ကျားဗိုလ်ဘဝက ဆင်းရဲပင်ပန်းသည့် ဒဏ်ရာဒဏ်ချက်များ ဖြစ်သည်။ အဘွားကမူ အဖေသည် အသက်လေးဆယ်ကျော်ဖြစ်ရမည်။ သို့ဖြစ်လျှင် အရင်က လက်မထပ်ခဲ့ဖူး သူမဟုတ်နိုင်ဟု ထင်သည်။ ဒေါက်တာရှီယာကမူ ယဉ်ကျေးစွာ လက်ခံပြောဆိုသည်။

အဖေသည် ကြာကြာမနေဘဲ ပြန်ထွက်သွားသည်။ သူသွားလျှင် အဘွားမှာ မျက်ရည်များကျလာသည်။ အရာရှိဆိုသည် မကောင်းနိုင်။ ဒေါက်တာရှီယာကမူ အဖေ အမေတို့နှင့် ပြောဆိုဆွေးနွေးပြီးဖြစ်ရာ ကွန်မြူနစ်များသည် လိမ်လည်သူများ မဖြစ်နိုင်ဟု ပြောသည်။ အဘွားက မထောက်ခံ။ "သူက ဆီချွမ်ကလာတာ။ ဒီလောက်အဝေးကြီးက လာတဲ့လူအကြောင်း ဘယ်လိုလုပ်ပြီး ကွန်မြူနစ်တွေ

သိနိုင်မှာလဲ” ဟု ပြောသည်။

အဘွားသည် သံသယတွေနှင့် အဟန့်အတားများလုပ်သည်။ သို့သော်လည်း ကျန်မိသားစုက အဖေ့ကို သဘောကျသည်။ ဒေါက်တာရှီယာနှင့် လေပေး ဖြောင့်သည်။ နာရီပေါင်းများစွာ သူတို့ စကားပြောကြသည်။ ယုလင်နှင့် သူ့မိန်းမတို့ ကလည်း အဖေကို သဘောကျသည်။ ယုလင်၏ မိန်းမသည် ဆင်းရဲသည့် မိသားစုမှ ဖြစ်သည်။ ယုလင်နှင့် လက်ထပ်ပြီးနောက် မနက်သုံးနာရီတွင် အိပ်ရာမှထကာ အိမ်မှု ကိစ္စများလုပ်ရသည်။ ထမင်းဟင်းချက်ရသည်။ ဤသည်မှာ မန်ချူးထုံးစံ ဖြစ်သည်။ အဘွားက အိမ်ထောင်ဦးစီးဆိုသော်လည်း ယုလင်တို့ လင်မယားမှာ တစ်ဆင့်နိမ့်သည်။ သူတို့သည် ရှီယာမိသားစုတွင် မှီခိုသူများဖြစ်နေသည်။ သူတို့ကို ပထမဆုံး တန်းတူပေါင်းသင်းဆက်ဆံသူမှာ အဖေဖြစ်သည်။ အဖေက ရုပ်ရှင်လက်မှတ်များ အလကားပေးသည်။ သူတို့အဖို့ အထူးဂုဏ်ပြုခြင်းတစ်ခုဟု ထင်သည်။ အဖေသည် သူတို့တွေ့ဖူးသည့် အရာရှိများတွင် မကြွားဝါဆုံးလူတစ်ယောက်ဖြစ်သည်။ ကွန်မြူနစ် များသည် တိုးတက်သူများဖြစ်သည်ဟု ယုလင်၏မိန်းမ ယုံကြည်သည်။

ဟာဘင်မှ ပြန်လာပြီး နှစ်လမပြည့်မီ အဖေနှင့် အမေသည် လက်ထပ်ခွင့် တင်ပြသည်။ ရှေးကမူ လက်ထပ်ခြင်းသည် အိမ်ထောင်စုနှစ်ခု သဘောတူ ကတိကဝတ် ပြုကြခြင်းဖြစ်သည်။ ယခုမူ တော်လှန်ရေး၌ ပါဝင်သူများအဖို့ ပါတီက မိဘ အရာယူပြီး လက်ထပ်ပေးသည်။ ပါတီ၏မူမှာ “၂၈-၇-တပ်ရင်း-၁” ဖြစ်သည်။ ပါတီဝင်အမျိုးသားသည် ၂၈ နှစ်ပြည့်ရမည်။ ပါတီဝင်အဖြစ် ၇ နှစ် ရှိရမည်။ တပ်ရင်းမှူးရာထူး အဆင့်ရှိရမည်။ “၁” မှာ လက်ထပ်မည့် အမျိုးသမီးသည် ပါတီ အတွက် တစ်နှစ်အလုပ်လုပ်ဖူးသူ ဖြစ်ရမည်။ ဤမူများနှင့် ညီညွတ်သည်။ အဖေ ၂၈ နှစ်ရှိပြီ။ ပါတီဝင်ဖြစ်သည်မှာ ၁၀ နှစ်ရှိပြီ။ သူ့ ရာထူးသည် ဒုတိယတပ်မမှူး အဆင့်ဖြစ်သည်။ အမေသည် ပါတီဝင်မဟုတ်သော်လည်း ဟာဘင်မှ ပြန်လာ ပြီးနောက် အမျိုးသမီးသမဂ္ဂတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်ခဲ့သည်။

ယခုအခါ အမေ၏ အလုပ်ယူနစ်မှာ အမျိုးသမီးသမဂ္ဂဖြစ်ပြီး ပါတီ လက်အောက်ခံ အဖွဲ့အစည်းဖြစ်သည်။ အမေသည် တာဝန်ထမ်းဆောင်ရာ သမဂ္ဂ အဆောက်အအုံတွင် နေသည်။ သို့ဖြစ်ရာ သမဂ္ဂသို့ လက်ထပ်ခွင့် တောင်းရသည်။ အဖေသည် အမျိုးသမီးသမဂ္ဂကို တာဝန်ခံရသူဖြစ်သည်။ သို့ဖြစ်ရာ အဖေ၏ ရာထူး အခြေအနေကြောင့် လက်ထပ်ခွင့်ကို အနှောက် လျှောင်းနင်းပြည်နယ် ပါတီ ကော်မတီက ခွင့်ပြုချက်ပေးသည်။ ပြဿနာအထွေ အထူးမရှိဟု ယူဆပြီး အမေဆယ့်ရှစ်ပြည့်သည့် မေ ၄ ရက်နေ့တွင် လက်ထပ်ရန် ရက်သတ်မှတ်သည်။

ထိုနေ့တွင် အမေသည် အိပ်ရာလိပ်ပြီး အဝတ်များသိမ်းဆည်းကာ အဖေ၏ နေအိမ်သို့ ပြောင်းရွှေ့ရန် ပြင်ဆင်သည်။ သူအနှစ်သက်ဆုံး အပြာရောင်ဂါဝန်ကို ဝတ်ပြီး အဖြူရောင်ပိုးလည်စည်းကို ခေါင်းမှာတင်သည်။ အဘွား အထိတ်တလန့်ဖြစ်သည်။ သတို့သမီးတစ်ယောက် သတို့သားအိမ်ကို

လမ်းလျှောက်သွားမည် ဆိုသည်ကို ဘယ်တုန်းကမျှ မကြားဖူးခဲ့ဟု ဆိုသည်။ သတို့သားက ဝေါယာဉ်လွှတ်ပြီး ကြိုဆိုရမည်။ ယခုလို လမ်းလျှောက်သွားရမည်ဆိုသည်မှာ သတို့သမီးအဖို့ တန်ဖိုးမရှိ။ ယောကျ်ားက တကယ်မလိုချင် သောကြောင့်ဟု ဆိုသည်။ "အဲဒါတွေ အခုဘယ်သူမှ ဂရုမစိုက်တော့ဘူး အမေ" ဟု အမေက အဘွားကို ပြောသည်။ သမီးမိန်းကလေး တစ်ယောက် မွေးလာပြီဆိုလျှင် သူ့ အမေသည် သတို့သမီးဘက်က တင်ရသည့် ခန်းဝင်ပစ္စည်း စတင်စုဆောင်းသည်။ ခေါင်းအုံးအိပ်ရာခင်း စသည်။ သို့သော်လည်း ယခုမူ အမေက ယင်းတို့ မှာ ခေတ်နောက်ကျနေပြီ အပိုဖြစ်နေသည် ယူဆသည်။ အဖေနှင့် အမေသည် အချစ်ကိုသာ တန်ဖိုးထားသည်။ တော်လှန်သူနှစ်ယောက်သည် အချစ်ကိုသာ ကိုးကွယ်ကြသည်။

အမေသည် အိပ်ရာလိပ်သယ်ကာ အဖေ၏ အခန်းသို့ လမ်းလျှောက်သွားသည်။ သူသည် မြို့ပါတီကော်မတီဝင်ဖြစ်ရာ အလုပ်လုပ်သည့် အဆောက်အအုံ တွင် အခန်းရသည်။ မှောင်ရီပျိုးလျှင် သူတို့နှစ်ယောက် အိပ်ရာဝင်ကြတော့မည်။ အမေက အဖေ၏ ဖိနပ်ကို ချွတ်ပေးသည်။ ထိုစဉ် တံခါးခေါက်သံ ကြားရသည်။ တံခါးဝတွင် လူတစ်ယောက်ရပ်နေပြီး ပြည်နယ်ပါတီကော်မတီထံမှ စာတစ်စောင်ပါ လာသည်။ စာက သူတို့ကို ယခုလက်ထပ်ခွင့်မပြုနိုင်ဟု ဆိုသည်။ အမေသည် နှုတ်ခမ်း ကို တင်းတင်းစေ့ထားသည်။ သူဘယ်မျှ မရွှင်ပြုံးနိုင်သည်ကို ပြသည်။ ခေါင်းငုံ့ပြီး အိပ်ရာလိပ်ကိုသိမ်းပြီး "နောက်တွေ့ကြတာပေါ့" ဟု အဖေ့အား နှုတ်ဆက်ကာ ထွက်လာခဲ့သည်။ အမေ့မျက်နှာတွင် မျက်ရည်တစ်စက်မကျ။ အမူအရာ တစ်စက် မပျက်။ ဒေါသအရိပ်အယောင်ပင် မမြင်ရ။ ထိုရုပ်သွင်သည် အဖေ့စိတ်ထဲမှာ သံမှိုနှက်သလို စွဲထင်နေသည်။ ကျွန်မငယ်ငယ်တုန်းက "မင်းအမေလေ သိပ်ကျက်သရေရှိ တာပဲ" ဟု အဖေက ပြောဖူးသည်။ ထို့နောက် ကျွန်မကို အဖေကျီစယ်သည်။ "ခေတ် ပြောင်းခဲ့ပြီနော်၊ မင်းဟာ မင်းအမေနဲ့မတူစေရဘူး။ ခေါင်းငုံ့ပြီး ယောကျ်ား တစ်ယောက်ရဲ့ ဖိနပ်ကို ချွတ်ပေးတာမျိုး မလုပ်ရဘူး။ သိလား" ဟု အဖေကဆိုသည်။

ပြည်နယ်ပါတီကော်မတီက ဟန့်တားသည်မှာ ကျွန်မ၏ ဆွေမျိုးအဆက် အနွယ်များ ကိစ္စဖြစ်သည်။ ကူမင်တန်အဆက်အသွယ်ကင်းရဲ့လား။ အမှန်ပြောရမည်။ တရားရုံးတွင် ကျမ်းကျိန်အစစ်ခံသလို အမေ အစစ်ခံရမည်။

ကူမင်တန်အရာရှိများက အမေ့ကို လက်ထပ်ခွင့်တောင်းခဲ့ဖူးသည်ကို လည်း ဖြေရှင်းနိုင်ရမည်။ ပြီးတော့ ကူမင်တန်လူငယ်အဖွဲ့ဝင်များနှင့် ဘာကြောင့် မိတ်ဆွေဖြစ်ရသလဲ။ အမေက သူ့ သူငယ်ချင်းများမှာ အကောင်းဆုံး ဂျပန် ဆန့်ကျင်ရေးသမားများဖြစ်သည်။ ၁၉၄၅ တွင် ကျင်ကျို့သို့ ကူမင်တန် ဝင်လာသည့် အခါ ယင်းကို တရုတ်ပြည်၏ အစိုးရဟု သူတို့ယူဆသည်။ သူကိုယ်တိုင်ပင် လူငယ် အဖွဲ့ဝင်ချင်သည်။ သို့သော်လည်း အသက်ဆယ့်လေးနှစ် သာရှိသေး၍ မဝင်နိုင်။

တကယ်တော့ သူ့သူငယ်ချင်းများ အားလုံးလိုလိုပင် ကွန်မြူနစ်ဘက်သို့ ကူးပြောင်းခဲ့ကြသည်။

ပါတီတွင် နှစ်စုကွဲနေသည်။ မြို့နယ်ကော်မတီက အမေ့သူငယ်ချင်းများသည် မျိုးချစ်စိတ်ရှိသည်ဟု ယုံကြည်သည်။ သို့သော်လည်း ပြည်နယ်ခေါင်းဆောင်အချို့က သံသယရှိသည်။ အမေကို ရန်ငါ အဖြုတ်ခိုင်းသည်။ လက်ထပ်မည်ယောက်ျားယူမည်ဆိုလျှင် သူ့သူငယ်ချင်းဟောင်းများကို မတွေ့ရဟု ဆိုသည်။

သို့သော် အမေသည် လူငယ်ကူမင်တန် ကာနယ်ဟွီဂေးအတွက် စိတ်မကောင်း။ ဟွီဂေး ကျန်းကျန်းမာမာရှိရဲ့လား သူသိချင်သည်။ ကွန်မြူနစ်များ မြို့ကို သိမ်းပြီးသည့်အခါ သွေးများပေကျံနေသော လမ်းတစ်လျှောက် ပြေးသွားကာ ကျီအိမ်ကြီးသို့ သွားသည်။ ဟွီဂေးကိုမတွေ့ရ။

လက်ထပ်မည် စိုင်းပြင်းသည့် နွေဦးကမူ ဟွီဂေးမသေး၊ ကျင်ကျို့ ထောင်ထဲတွင်ရှိသည်ဟု အမေသိရသည်။ မြို့သိမ်းသည့်အခါ ထွက်ပြေးလွတ်မြောက်သွားသည်။ ၁၉၄၉ တွင် ကွန်မြူနစ်တို့ တီအန်ဆင်ကို သိမ်းသည့်အခါ သူ့ကို ဖမ်းမိပြီး ကျင်ကျို့သို့ ပြန်ခေါ်လာသည်။

ဟွီဂေးသည် ရိုးရိုးစစ်သုံ့ပန်းမဟုတ်။ ကျင်ကျို့တွင် အရှိန်အဝါကြီးသူ ဖြစ်ရာ မြေပွေးဟု သဘောထားသည်။ ကွန်မြူနစ်ဆန့်ကျင်ရေး စိတ်ဓာတ်ရှိသဖြင့် အန္တရာယ် ရှိသည်ဟု အစိုးရသစ်က ယူဆသည်။

အမေကမူ ဟွီဂေးကို တရားမျှတစွာ စစ်ဆေးစေချင်သည်။ ကွန်မြူနစ်တို့အတွက် သူ ဆောင်ရွက်ပေးခဲ့တာ တွေ့ရှိသည်။ သို့ဖြစ်ရာ သူ့ကိုယ်စား အမေ အသနားခံစာတင်သည်။ အမျိုးသမီးသမဂ္ဂမှ တစ်ဆင့် တင်ရသည်။ ဘယ်သူက အဆုံး အဖြတ်ပေးမည် အမေမသိ။ ဝုယုဆီ သွားသည်။ ဟွီဂေး ဘာတွေလုပ်ခဲ့သည်ကို ဝုယုက စာတစ်စောင်ရေးပေးသည်။ သို့သော်လည်း အမေ့ကို ချစ်သဖြင့် ဆောင်ရွက် ပေးခြင်းဖြစ်သည်။ အချစ်ကြောင့် မှန်ထူကာ ကွန်မြူနစ်တွေအတွက် လုပ်ပေးသလိုဖြစ်လာသည် ဟူ၍လည်း စာတွင်ပါသည်။

မြေအောက်လှုပ်ရှားမှု ခေါင်းဆောင်တစ်ယောက်ထံ အမေသွားသည်။ သူက ငြင်းသည်။ အမေက သူနှင့်ဟွီဂေးတို့ ချစ်သူများမဟုတ်ကြပါဟု ပြောသည်။ သို့သော်လည်း သက်သေမပြနိုင်။ ပါတီသည် ကူမင်တန်ကာနယ်အတွက် ထောက်ခံရန်တွန့်တိုနေသည်။

အဖေနှင့်အမေ လက်ထပ်ရန် စီစဉ်နေခိုက် ထိုကိစ္စများ ဖြစ်ပေါ်လာသည်။ သူတို့နှစ်ယောက် ဆက်ဆံရေးပျက်ပြားနိုင်သည်။ သို့သော်လည်း အဖေ့ ဘက်ကမူ အမေ စိတ်ရှုပ်ထွေးကာ အကျပ်ရိုက်နေသည် ကို စာနာသည်။

မေလနှောင်းပိုင်းတွင် လက်ထပ်ခွင့်ပြုသည့် နောက်ဆုံးအမိန့်ရောက်လာသည်။ အမျိုးသမီးသမဂ္ဂ အစည်းအဝေး အမေတက်နေခိုက် တစ်ယောက်က အမေ့ လက်ထဲသို့ စာတစ်စောင်ထည့်သည်။ မြို့နယ်ပါတီခေါင်းဆောင် လင်ရှောက်ရှီယာ ထံမှဖြစ်သည်။ သူသည်

မန်ချူးရီးယားတွင် ကွန်မြူနစ်တပ်များကို ဦးဆောင်ခဲ့သည့် ဗိုလ်ချုပ်လင်ပြောင်၏ တူဖြစ်သည်။ သူက စာတွင် ကဗျာဖွဲ့ကာ "ပြည်နယ်အာဏာပိုင် တို့က ခွင့်ပြုသည်။ အစည်းအဝေးမှာ တွယ်ကပ်မနေပါနဲ့။ မြန်မြန်ထွက်ခဲ့ပြီး မြန်မြန် လက်ထပ်ပါ" ဟု ရေးထားသည်။

အမေသည် စိတ်ကိုတည်ငြိမ်နိုင်သမျှ တည်ငြိမ်အောင် ချုပ်တည်းပြီး အစည်းအဝေးသဘာပတိထံ သွားကာ စာကို ပြသည်။ သူက ခွင့်ပြုသည်။ ထို့နောက် လီနင်ဝတ်စုံပြာကို ဝတ်ကာ အဖေ၏ အိမ်ခန်းသို့ပြေးသွားသည်။ အခန်းတံခါးဖွင့် လိုက်သည့်အခါ ယခုလေးမှာပင် ရောက်လာကြသော ပါတီခေါင်းဆောင်များ ကိုယ်ရံတော်များကိုတွေ့ရသည်။ လင်လျှောက်ရှီယာလည်း ရောက်နေသည်။ ဒေါက်တာရှီယာအတွက် မြင်းလှည်းတစ်စီးလွှတ်လိုက်သည်။ ထိုအခါ လင်က "ယောက္ခမမိန်းမသူကြီးရော မခေါ်ဘူးလား" ဟု မေးသည်။ အဖေက ဘာမျှ ပြန်မပြော။ "ဒီဟာ မဟုတ်သေးဘူး" ဟု ပြောသည်။ ထို့နောက် မြင်းလှည်းနောက်တစ်စီးကို အဘွားအတွက် လွှတ်လိုက်သည်။ အမေ စိတ်မကောင်း။ သို့သော်လည်း အဘွား၏ ကူမင်တန်ထောက်လှမ်းရေး အဆက်အသွယ်များကို သူမနှစ်မြို့ခြင်းသာ ဖြစ်သည်ဟု အမေ မှတ်ယူသည်။ သို့တိုင်အောင် ဤသည်မှာ သူ့အမေ၏ အပြစ်မဟုတ်ဟု အမေထင်သည်။ အဖေ၏ အပြုအမူသည် အဘွားက သူ့အပေါ် ဆက်ဆံခဲ့ခြင်းကို ပြန်တုံ့ပြန်သည်ဟု အမေ မယူဆပါ။

မင်္ဂလာအခမ်းအနားမှာ မကြီးကျယ်ပါ။ ရိုးရာထုံးစံအရဆိုလျှင် ငွေအများကြီးကုန်ကျသည်။ ကွန်မြူနစ်တို့ တက်လာသည့်အခါ အခမ်းအနားကို ချုံ့ပစ်သည်။ အကုန်အကျမများသော ထမင်းစားပွဲ ကျင်းပသည်။

ဒေါက်တာရှီယာနှင့် အဘွားတို့မှာ လက်ထပ်ပွဲအကြောင်း ဘာမျှ မသိ။ ပထမရောက်လာသည့် မြင်းလှည်းမောင်းသူက ဘာမျှမပြော။ ဒုတိယ မြင်းလှည်း ရောက်လာမှ သူ့သမီးလက်ထပ်ပွဲ အခမ်းအနားအကြောင်း အဘွား သိသည်။ မြင်းလှည်းမှ ဆင်းပြီး လမ်းကလေးအတိုင်း ခပ်သွပ်သွက် လျှောက်လာစဉ် အမျိုးသမီး သမဂ္ဂမှ အမျိုးသမီးများ အချင်းချင်း တီးတိုးပြောနေကြသည်။ ထိုနောက် နောက်ဖေးမှ ပျောက်ကွယ်သွားကြသည်။ အဖေလည်း ထွက်သွားသည်။ အမေမှာ မျက်ရည်များပင် လည်သည်။ အမျိုးသမီးသမဂ္ဂအဖွဲ့ဝင်များသည် အဘွားကို အထင်သေးမှန်း အမေ သိသည်။ ကူမင်တန် အဆက်အသွယ်ကြောင့် သာမဟုတ် ကိုယ်လုပ်တော်ဖြစ်ခဲ့သဖြင့်လည်း အထင်သေးသည်။ ကွန်မြူနစ်များ တက်လာသည့် အခါ ကိုယ်လုပ်မယားတို့ကို လွတ်မြောက်စေခဲ့သည်။ သို့သော်လည်း အခြေခံပညာ ချို့တဲ့သည့် လယ်သမား နောက်ခံ အမျိုးသမီးများသည် ရှေးဦးဓလေ့အတိုင်း တွေးခေါ်စဉ်းစားသည်။ ကွန်မြူနစ်တို့က ကိုယ်လုပ်မယားသည် လက်ထပ်ယူသည့် ဇနီးနှင့် အခွင့်အရေး အတူတူပင် ရရှိရမည်ဟု စည်းကမ်းဥပဒေများ သတ်မှတ်သော်လည်း အမျိုးသမီး သမဂ္ဂအဖွဲ့ ဝင်များကမူ

မိန်းမကောင်းသည် ကိုယ်လုပ်မယား မဖြစ်နိုင် ဟူသော အယူအဆကို ဆုပ်ကိုင်ထားကြသည်။ ကွန်မျူနစ်လက်ထက်တွင် ဇနီးမယားသည် တစ်ဖက်သတ် လင်မယားကွာရှင်းကြောင်း ကြေညာနိုင်ခွင့်ရှိသည်။ အမျိုးသမီး လွတ်မြောက်ရေးကို သမဂ္ဂမှ လှုံ့ဆော်ခဲ့ကြသည် မဟုတ်လားဟု အမေ မေးချင်သည်။

အမေက အခြေအနေကို ဖုံးဖုံးဖိဖိလုပ်သည်။ သူ့ယောက်ျားသည် အလုပ်သို့ ပြန်သွားရကြောင်း ပြောသည်။

"ကွန်မျူနစ်တွေအဖို့ လက်ထပ်တဲ့အခါလည်း အားလပ်ရက်ပေးရိုးထုံးစံ မရှိဘူး။ ကျွန်မလည်း အလုပ်ကို ပြန်သွားရမှာပဲအမေ" ဟု အဘွားကို နှစ်သိမ့်သည်။ အဘွားကမူ ကွန်မျူနစ်ဆိုသည် ရိုးရာဓလေ့ထုံးစံတို့ကို ချိုးဖောက်ရန် ဝန်မလေးသူများဖြစ်ရာ ယခုအကြိမ်တွင်လည်း လက်ထပ်ပွဲထုံးစံတို့ကို လျစ်လျူရှုရန် ဝန်မလေး သည်မှာ သဘာဝကျသည်ဟု ဖြေသိမ့်သည်။

ထိုအချိန်တွင် အမေသည် အထည်စက်ရုံတွင် အမျိုးသမီးများအား အရေးအဖတ် သင်ကြားပေးနေသည်။ ထိုစက်ရုံမှာ ဂျပန်လက်ထက်တွင် အမေအလုပ်လုပ် ခဲ့သည့် စက်ရုံဖြစ်သည်။ စက်ရုံမှာ ယခုတိုင် ပုဂ္ဂလိကပိုင်ဖြစ်သည်။ ဖိုမင်တစ်ယောက်သည် မိန်းမအလုပ်သမားများကို ရိုက်နှက်ဆုံးမသည်။ သူ့ကို ဖြုတ်ချသည့်အခါ အမေ၏ အကူအညီလိုသည်။ ပြီးမှ အလုပ်သမားများက သူတို့ကြိုက်နှစ်သက်သည့် မိန်းမဖိုမင်တစ်ယောက် ရွေးကောက်တင်မြှောက်မည်။ အမေကူညီသဖြင့် ထိုဖိုမင်ပြုတ် ကျသော်လည်း အမေ့ကို အခြားကိစ္စတစ်ခုကြောင့် သမဂ္ဂက မကျေမနပ်ဖြစ် နေသည်။

အမျိုးသမီးသမဂ္ဂ၏ တာဝန်ကြီးတစ်ခုမှာ စစ်တပ်အတွက် အဝတ်ဖိနပ် များ ချုပ်လုပ်ပေးရခြင်း ဖြစ်သည်။ အမေသည် ဖိနပ်မချုပ်တတ်။ သို့ဖြစ်ရာ သူ့အမေ နှင့် အဒေါ်များထံ အကူအညီတောင်းသည်။ သူတို့သည် ဇာထိုးပန်းထိုး ကျွမ်းကျင်သူများဖြစ်သည်။ ဖိနပ်များချုပ်လုပ်ပြီး ပန်းလှလှများ ထိုးပေးလိုက်သည်။ အမေသည် သူ့ကို ခိုင်းသည်ထက်ပို၍ များများချုပ်ကာ အမျိုးသမီးသမဂ္ဂသို့ ပေးအပ်သည်။ သူပေးအပ်သည်မှာ ပန်းထိုးထားသော အဝတ်ဖိနပ်များဖြစ်သည်။ သူ့၏ ကျွမ်းကျင်မှုကို ချီးကျူးရမည့်အစား ကလေးလေး တစ်ယောက်လို ဆူပူကြိမ်းမောင်း ခြင်းခံရသည်။ အမေ အံ့အားသင့်မိသည်။ ကမ္ဘာပေါ်တွင် ဖိနပ်မချုပ်တတ်သည့် မိန်းမတစ်ယောက် မရှိနိုင်ဘူးလားဆိုသည်ကို သမဂ္ဂမှ လယ်သမားအမျိုးသမီးကြီးများ မတွေးတောတတ်။ လူတစ်ယောက်ကို ထမင်းမစားတတ်ဟု ပြောသည်နှင့် တူနေသည်။ အစည်းအဝေးများတွင် အမေ့ကို ဓနရှင်ပေါက်စ စိတ်မကုန်သေးသူဟု ဝေဖန်ကြသည်။

အမေသည် သမဂ္ဂတွင် ခေါင်းဆောင်အချို့နှင့် အဆင်မပြေ။ သူတို့မှာ အသက်ကြီးသည်။ ရှေးဆန်သည်။ သူတို့သည် လယ်ယာအလုပ်သမားများ ဖြစ်ပြီး ပြောက်ကျားတပ်ဖွဲ့နှင့်အတူ ပင်ပန်းစွာ တိုက်ခိုက်လာကြသူများလည်း ဖြစ်သည်။ အမေလို မိန်းမချော၊ မိန်းမလှ ပညာတတ်မြို့သူကို သူတို့မနှစ်သက်။ အမေတို့လို

မြို့သူများကို ကွန်မျူနစ်အမျိုးသားများက မြင်လျှင်မြင်ချင်း နှစ်သက်စွဲလမ်းကြသည်။ အမေက ပါတီဝင်ဖြစ်ရန် လျှောက်လွှာတင်သည်။ သူတို့က အမေ့ကို ပါတီဝင်အဖြစ် မထိုက်တန်ဟုဆိုသည်။

အိမ်သို့ အမေပြန်သည့် အခါတိုင်း မိသားစုကို ခင်တွယ်လွန်းသည်ဟု ဝေဖန်ခံရသည်။ ဤသည်မှာ ခေတ်ရှင်ပေါက်စ အကျင့်ဖြစ်သည်ဟု ဝေဖန်သည်။ သို့ဖြစ်ရာ အမေသည် သူ့အမေအရင်းနှင့်တွေ့ချိန် နည်းသည်ထက် နည်းလာသည်။

ထိုအချိန်က စာရွက်ပေါ်ရေးမထားသည့် စည်းကမ်းတစ်ခုရှိသည်။ တော်လှန်ရေးသမားတိုင်း အိမ်သို့ စနေနေ့တွင်သာ ပြန်နိုင်သည်ဟူ၍ဖြစ်သည်။ အမေ သည် သမဂ္ဂဆောက်အအုံတွင် အိပ်ရသည်။ အဖေ၏ အိပ်ခန်းနှင့် ရွှံ့ နံရံနိမ့်နိမ့် တစ်ခုသာ ခြားသည်။ ညတွင် အမေသည် ရွှံ့နံရံကိုကျော်ကာ ပန်းခြံလေးတစ်ခုကို ဖြတ်ပြီး အဖေ့အခန်းမှာ သွား၍ အိပ်သည်။ အရုဏ်မတက်မီ သူ့အခန်းသို့ အမေ ပြန်လာသည်။ ယင်းကို သိသွားပြီး ပါတီအစည်းအဝေးများတွင် အဖေနှင့်အမေတို့ အဝေဖန်ခံရသည်။ ကွန်မျူနစ်တို့သည် လူနေမှုဘဝကိုပါ တော်လှန်ပြောင်းလဲရန် ကြိုးစားလာသည်။ အထူးသဖြင့် တော်လှန် ရေးထဲဝင်လာသူများ၏ ကိုယ်ရေးဘဝ ကိုပါ ချုပ်ကိုင်လာသည်။ ကိုယ်ရေးကိုယ်တာ ကိစ္စသည်ပင် နိုင်ငံရေးဘဝတစ်ခု ဖြစ်သည်ဆိုသော အယူအဆပင်တည်း။ ထိုအခါမှစ၍ ဘယ်ကိစ္စမှ ကိုယ်ရေး ကိုယ်တာကိစ္စဟု သဘောမထားတော့ပေ။ သဘောထားသေးသိမ်ခြင်းကို “နိုင်ငံရေး” ဟူသော စကားလုံးဖြင့် ဖုံးကွယ်ကာ တရားဝင်အခိုင်အမာ ဖြစ်စေသည်။ အစည်းအဝေးများသည် ကွန်မျူနစ်တို့ ရှေးကရန်ငြိုးများ ဖြေရှင်းရာနေရာများ ဖြစ်လာသည်။

အဖေက အစည်းအဝေးတွင် ကိုယ့်ကိုယ်ကို ဝေဖန်ရေးလုပ်ရသည်။ အမေက စာရေးပြီး ဝေဖန်ရေး လုပ်ရသည်။ အမေသည် တော်လှန်ရေးအစား အချစ်ကို ဦးစားပေးသူဖြစ်သည်။ သူ့အပြုအမူ မှားယွင်းနေပြီလား အမေ ခံစားရသည်။ ကိုယ်လင်နှင့် ကိုယ် ညမှာအတူအိပ်ခြင်းက တော်လှန်ရေးကို ဘယ်လို အန္တရာယ်ပြုနိုင် သလဲ။ ပြောက်ကျားစစ် ကာလတုန်းကမူ ထိုစည်းကမ်းသည် အဓိပ္ပာယ်ရှိသည်ဟု အမေနားလည်နိုင်သည်။ ယခုမူ သူနားမလည်။ စာရေးပြီး မိမိကိုယ်မိမိ ဝေဖန်ရေး မလုပ်ချင်ကြောင်း အဖေ့ကို ပြောသည်။ အဖေက “တို့ စည်းကမ်းဖောက်တာပဲ။ အမှားကို ဝန်ခံရမှာပေါ့။ တော်လှန်ရေးမှာ သံမဏိစည်းကမ်းတွေ လိုတယ်။ စည်းကမ်း ကို နားမလည်ပေမယ့် သဘောမတူပေမယ့် ပါတီရဲ့ စကားကိုတော့ ရိုသေလိုက် နာရမယ်၊ စစ်ပွဲက မပြီးသေးဘူး။ တော်လှန်ရေးက အောင်ပွဲမခံသေးဘူး” ဟု သတိပေးဆုံးမသဖြင့် အမေ တုန်လှုပ်ချောက်ချားမိသည်။

ထိုကိစ္စပြီးသည့်နောက် ချက်ချင်းလိုလိုပင် မမျှော်လင့်ဘဲ ကံဆိုးမိုးမှောင် ကျလာသည်။ ဟာဘင်သို့ လေ့လာရေးသွားကြသည့် အဖွဲ့တွင် အမေ၏ ရင်းနှီးသောမိတ်ဆွေ ပီယန်ဆိုသော ကဗျာဆရာတစ်ယောက် ပါသွားသည်။

ထိုပုဂ္ဂိုလ်သည် ယခု သူ့ကိုယ်သူ သတ်သေသည်။ ပီယန်သည် “လစန္ဒာ အသစ်” ဟုခေါ်သော ကဗျာ ဂိုဏ်းဝင်တစ်ယောက်ဖြစ်သည်။ ထိုအဖွဲ့တွင် ခေါင်းဆောင်တစ်ယောက်မှာ “ဟုရှီ” ဖြစ်သည်။ သူသည် နောင်အခါ အမေရိကန်ပြည်ထောင်စုဆိုင်ရာ ကူမင်တန်သံ အမတ်ကြီး ဖြစ်လာသည်။ သူတို့သည် အင်္ဂလိပ်ကဗျာဆရာကိ၏ နောက်လိုက်များ ဖြစ်သည်။ ပီယန်သည် စစ်အတွင်းကွန်မျူနစ်ပါတီသို့ ဝင်သည်။ သို့သော်လည်း သူ့ကဗျာသည် တော်လှန်ရေးနှင့်မညီညွတ်သည်ကို သူသိသည်။ တော်လှန်ရေးက ဝါဒဖြန့်သည်ကို လိုချင်သည်။ တစ်ကိုယ်ရေ ခံစားမှုဖော်ပြဖွဲ့ နွဲ့သည်ကို မလိုချင်။ ထိုအချက်ကို သူ လက်ခံသည်။ သို့သော်လည်း သူ့စိတ်မှာ နာကျင်ပြီး ညှိုးငယ်နေသည်။ သူ ကဗျာမဖွဲ့နိုင်တော့ဟု နားလည်လာသည်။ ကဗျာမရှိဘဲ သူအသက်မရှင်နိုင်ဟု ပြောသည်။

ပီယန်သတ်သေသဖြင့် ပါတီမှာ အတော်လေးချောက်ချောက်ချားချား ဖြစ်သွားသည်။ လူတွေတစ်မျိုးကောက်ယူကြလိမ့်မည်။ လွတ်မြောက်ရေးသဘော တရားတွင် ထင်ယောင်ထင်မှားဖြစ်ပြီး မိမိကိုယ်မိမိ သတ်သေရန် ကြိုးစားကြတော့မည်။ ပီယန်သည် ကျင်ကျို့တွင် ပါတီအရာရှိများကို စာသင်ပေးသည့် ကျောင်းဆရာ ဖြစ်သည်။ ပါတီအရာရှိ အများအပြားမှာ စာမတတ်ကြပေ။ ထိုကျောင်းမှ ပါတီအဖွဲ့ အစည်းကစုံစမ်းကာ ပီယန်သည် တုံ့ပြန်ခြင်း မခံရသောအချစ်ကြောင့် သူ့ကိုယ်သူ သတ်သေခြင်းဖြစ်သည်ဟု ဆိုသည်။ သူ့အချစ်ကို မတုံ့ပြန်သူမှာ အမေ ကိုယ်တိုင်ဖြစ် နေသည်။ အမျိုးသမီးသမဂ္ဂ အစည်းအဝေးတွင် ဆွေးနွေးသည့်အခါ အမေသည် ပီယန်ကို ရေလာမြောင်းပေး လုပ်ခဲ့သည်။ ပြီးမှ ဆုလာဘ်ကြီး တစ်ခုဖြစ်သည့် အဖေ့ ကို လက်ထပ်လိုက်သည်ဟု ဆိုသည်။ အမေမှာ အမျက်ဒေါသ ချောင်းချောင်း ထွက်သည်။ သက်သေအထောက်အထား ဘာရှိသလဲဟု မေးသည်။ တကယ်က စွပ်စွဲချက်သာ ဖြစ်သည်။ အထောက်အထား မပြနိုင်။

ဤကိစ္စတွင် အဖေသည် အမေ့ဘက်ကရပ်သည်။ ဟာဘင်သွားသည့် အခါ အဖေ ပါသွားသည်။ ထိုအခါမှစ၍ အမေသည် အဖေနှင့် ချစ်ကြိုးသွယ်ခဲ့သည်။ အမေ့ချစ်သူမှာ ပီယန်မဟုတ်သည်ကို အဖေသိသည်။ မည်သို့ဖြစ်စေ အတင်းစကား တီးတိုး ဆိုကြသည်။ အမျိုးသမီးသမဂ္ဂမှ မိန်းမကြီးများသည် ထိုကိစ္စတွင် အမေ့ကို အပြင်းအထန် ဝေဖန်တိုက်ခိုက်သည်။

ထိုကိစ္စအရှိန်တက်နေစဉ် ဟွီဂေး၏ အသနားခံစာကို ပယ်ချလိုက်သည် ဟု အမေကြားရသည်။ အမေ များစွာစိတ်ထိခိုက်သည်။ အမေက ဟွီဂေးကို နှစ်သိမ့်ခဲ့သည်။ ထောင်ဝင်စာခံ၍ မကြာခဏတွေ့ကာ စကားပြောသည်။ သူက ကိုယ်စား အသနားခံစာတင်သဖြင့် ပါတီကစဉ်းစားသည်။ သို့သော်လည်း ဟွီဂေးကို မလွှတ်နိုင်။ အမေသွား၍ တွေ့သည်။ အမေ မျက်စိမျက်နှာ ပျက်နေသည်ကို ဟွီဂေးမြင်သည်တွင် မျှော်လင့်ချက်မရှိတော့သည်ကို သိသွားသည်။

သူတို့နှစ်ယောက် ငိုကြသည်။ စားပွဲတွင် မျက်နှာချင်းဆိုင် ထိုင်ကာ တစ်ယောက် လက်တစ်ယောက်ဆုပ်ကိုင်ပြီး ငိုကြသည် ကို အစောင့်များမြင်သည်။ ဟွီဂေးက အမေ့လက်ကို ဆုပ်ကိုင်ထားသည်။ အမေ ရုန်းမထွက်နိုင်။

ထောင်သို့ အမေသွားသည်ကို အဖေ့အား သတင်းပေးသည်။ အစတွင် အဖေ ဘာမျှမပြော။ အမေ့ အစီအမံကို အဖေ နားလည်သည်။ သို့သော်လည်း တဖြည်းဖြည်း ဒေါသဖြစ်လာသည်။ ပီယန်နှင့်အကြောင်း သွားပုပ်လေလွင့်ပြောနေစဉ် ယခု ကူမင်တန်ကာနယ်တစ်ယောက်နှင့် အမေ ဆက်သွယ်နေသည်။ သူတို့နှစ်ယောက် ပျားရည်ဆမ်းခရီး ထွက်နေကြလေသလား မသိ။ အဖေ ဒေါသဝှန် တက်လာသည်။ သို့သော်လည်း သူ့ခံစားမှုကို ပါတီက လက်ခံမည်မဟုတ်။ အကယ်၍ ကူမင်တန်တို့ ပြန်လာနိုင်မည်ဆိုလျှင် ဟွီဂေးသည် သူ့အခွင့်အာဏာ ကို သုံးပြီး ကူမင်တန်တို့ကို ရှေ့ဆုံးက ကူညီမည့်သူဖြစ်သည်ဟု အမေ့ကို ပြောသည်။ ကွန်မြူနစ်ပါတီသည် ယခုအချိန်တွင် မစွန့်စားရဲ။ "တို့တော်လှန်ရေးဟာ သေရေး ရှင်ရေးပဲ" ဟု ပြောသည်။ အမေက ကွန်မြူနစ်တွေကို ဟွီဂေး ကူညီခဲ့ကြောင်း ပြောပြသည်။ ထိုအခါ အဖေက ထောင်သို့ အမေသွား တွေ့ခြင်းသည် မကောင်း။ လက်ချင်း ဆုပ်ကိုင်သည်မှာ ပို၍ မကောင်း။ လက်ထပ်မည့်သူများ သို့မဟုတ် ချစ်သူများသည်ပင် လူမြင်ကွင်းတွင် လက်ချင်းဆုပ်ကိုင်သည်မှာ အလွန်ရှားသည်။ လက်ချင်းဆုပ်ကိုင်ခြင်းက သူတို့နှစ်ယောက် ချစ်နေကြောင်း ထင်ရှားသည်။ ကွန်မြူနစ်တို့ကို ဟွီဂေး ကူညီသည်မှာ မှန်ကန်သည်ထင်၍ ကူညီခြင်းမဟုတ်ဟု ပြောသည်။ အမေ့မှာ ငြင်းရန်ခက်နေသည်။

တဖန် ကွန်မြူနစ်တို့ တက်လာပြီးနောက် ဆွေကိစ္စမျိုးကိစ္စတို့ကို လိုက်လံဖြေရှင်းနေရသည်။ ကူမင်တန်ထောက်လှမ်းရေးတွင် ပါဝင်ခဲ့သူများ လာရောက်သတင်းပို့ရမည်ဟု ကွန်မြူနစ်ပါတီက ကြေညာသည်။ အမေ၏ ဦးလေး "ယု-လင်" သည် ကူမင်တန်ထောက်လှမ်းရေးတွင် ဘယ်တော့မှ ပါဝင်ကူညီခြင်းမရှိခဲ့။ သို့သော်လည်း သူ့လက်ဝယ်တွင် ထောက်လှမ်းရေး ကတ်ပြားရှိနေသည်။ "ယု-လင်"က သတင်းပို့ချင်သည်။ ဆွေမျိုးများက ဖျက်သည်။ သူ့မိန်းမနှင့် ကျွန်မအဘွားက သဘောမတူ။ သူကမူ အမှန်ကို ဖုံးကွယ်မထားချင်။ ထုတ်ဖော်ပြန်လျှင်လည်း သံသယ ဝင်တော့မည်။

ပါတီ၏ အဆုံးအဖြတ်မှာ ဤသို့ဖြစ်သည်။ "အတိတ်တွင် အပြစ်ရှိသည်။ ပြစ်ဒဏ်မပေးရ။ သို့သော်လည်း သတိကြီးစွာထားရမည်။" ဤအဆုံးအဖြတ်ကို တရားရုံးကမပေး။ ပါတီအဖွဲ့အစည်းတစ်ခုက ပေးသည်။ အဆုံးအဖြတ်မှာ ပြတ်ပြတ်သားသားမရှိ။ နှစ်ပေါင်းသုံးဆယ်လုံးလုံး ယုလင်၏အခြေအနေမှာ နိုင်ငံရေး ရာသီနှင့် ပါတီခေါင်းဆောင်များ စိတ်ထားအပေါ် တည်နေသည်။ ထိုအချိန်ကမူ ကျင်ကျို့မြို့နယ်ပါတီ ကော်မတီသည် အယူအဆမပြင်းထန်။ သို့ဖြစ်ရာ "ယုလင်" သည် ဒေါက်တာရှီယာ၏ ဆိုင်တွင် ကူညီလုပ်ကိုင် ခွင့်ရသည်။

အဘွား၏ မတ် သစ္စာရှင် ပိုင်အိုသည် အလုပ်ကြမ်းလုပ်ရန် ကျေးလက် သို့ သွားရသည်။ သူ့လက်များမှာ သွေးစွန်းနေလေရာ သူ့ကို "စောင့်ကြည့်ရမည့်" စာရင်းထဲ ထည့်ထားသည်။ ထောင်မချဘဲ အလုပ်ကြမ်းလုပ်ခိုင်း သည်မှာ လူထုအား စောင့်ကြည့်စေခြင်းတစ်မျိုး ဖြစ်သည်။ သူ့မိသားစုလည်း လိုက်နိုင်သည်။ သစ္စာရှင် ကိုမူ ဆေးရုံတက်ခိုင်းသည်။ သူ့တွင် ကာလသား ရောဂါရှိနေသည်။ ကွန်မြူနစ်တို့က ကာလသားရောဂါကို အပြင်းအထန် တိုက်ဖျက်နေသည်။

သူ့ကို စောင့်ကြည့်သည်မှာ သုံးနှစ်ကြာသည်။ အလုပ်ကြမ်းလုပ် ရသူတို့မှာ လွတ်လပ်ခွင့်ရသည်။ သို့သော်လည်း အချိန်မှန် ပုလိပ်ကို သတင်းပို့ရသည်။ ထိုနောက် သူတို့သည် ယုလင်တို့စာရင်းထဲ ဝင်သွားသည်။ တင်းကျပ်သည့် စည်းကမ်းအောက် တွင်ကား မနေရတော့ပေ။ သို့သော်လည်း အိမ်နီးချင်းနှစ်ဦးကို ကြည့်ရှုရန် တာဝန်ပေး ထားရာ အဆာညှပ်ထားသည့် ပေါင်မုန့်နှင့် တူနေသည်။ အနီနှစ်ယောက်အကြား အမည်းတစ်ခု ညပ်နေသည်ဟု ပြောစမှတ်ပြုကြသည်။ အလယ်ကအမည်းသည် စိတ်မချရသေး။ အမည်းသည် စိတ်ချရပြီ သို့မဟုတ် စိတ်မချရသေးဆိုသည်ကို ပါတီ သို့ သတင်းပို့ရသည်။ လူထုတရားစီရင်ပုံမှာ စေ့စပ်သည်။ လိုကွက်ဟာကွက် မရှိ။

အမေ၏ ဂျပန်ကျောင်းဆရာမ မစ္စတာနာကာကို လက်ထပ်သည့် ထောက်လှမ်းရေးအရာရှိ ချူဂေးကို အလုပ်စခန်းသို့ ပို့လိုက်သည်။ တစ်သက် တစ်ကျွန်းသဘောမျိုးပင်။ (ထိုစခန်းမှ ကူမင်တန်အရာရှိများကို ၁၉၅၉ တွင် လွတ်ငြိမ်း ချမ်းသာခွင့်ပေးသည်။) ဂျပန်မကိုမူ ဂျပန်နိုင်ငံသို့ ပြန်ပို့သည်။

အရေးကြီးသော ကူမင်တန်အရာရှိများကို အပြစ်မပေး။ ထောက်လှမ်း ရေးသမားများလည်း ပါသည်။ အမေ၏ ကျောင်းတွင် အုပ်ချုပ်ရေးအရာရှိမှာ ကူမင်တန်ခရိုင်အတွင်းရေးမှူးဖြစ်သည်။ သို့သော်လည်း ကွန်မြူနစ်အသက်ပေါင်းများစွာကို ကယ်တင်ခဲ့သည့် အထောက်အထားများ ရှိသည်။ ကျွန်မ အမေ့ကိုပါ ကယ်တင်ခဲ့သည်။ သူ့ကိုမူ အပြစ်မပေး။

ကျောင်းအုပ်ဆရာမနှင့် ဆရာနှစ်ယောက် ပုန်းအောင်းရာမှ ထိုင်ဝမ်သို့ ထွက်ပြေးကြသည်။

ကွန်မြူနစ်တို့သည် ပုဂ္ဂိုလ်ကြီးများကို ချမ်းသာပေးသည်။ ဥပမာ နောက်ဆုံး ဧကရာဇ်ပုရီနှင့် ထိပ်တန်းဗိုလ်ချုပ်ကြီးများ။ သူတို့မှာ အသုံးတည့်သည်။ မော်စီတုန်း ကြေညာသည့် ပေါ်လစီမှာ "ချန်ကေရှိတ်ငယ်လေးတွေကို တို့သတ်ရမယ်။ ချန်ကေရှိတ်အကြီးစားတွေကို မသတ်ရဘူး" ဟူ၍ ဖြစ်သည်။ ပုရီကို မသတ်သဖြင့် နိုင်ငံခြားက အပြစ်မပြောတော့ပေ။

အမေ့ဦးလေး ယုလင်နှင့် အဒေါ်လန်တို့ မိသားစု၏ အနာဂတ်မှာ မရေရာ။ သူ့ယောက်ျား၏ ကံကြမ္မာနှင့် ဆက်စပ်နေသည်။ "သစ္စာရှင်" ကိုမူ ဝိုင်းပယ်ထားသည်။

အကြဉ်ခံရခြင်းတစ်မျိုးဖြစ်သည်။ အမျိုးသမီးသမဂ္ဂသည် အမေ့အား

မိမိကိုယ်မိမိ ဝေဖန်ရေး တစ်ခုပြီးတစ်ခု ရေးခိုင်းသည်။

အကျဉ်းသား ဟွီဂေးထံသွားသဖြင့် အပြစ်တင်သည်။ သမဂ္ဂ၏ ခွင့်ပြုချက်မရဘဲ သွားသဖြင့် မကျေနပ်။ ခွင့်ပြုချက်ယူရမည်ဟု အမေ့ကို မည်သူ ကမျှမပြော။ အမေသည် စည်းကမ်းထိန်းသိမ်းလိုသူမဟုတ်၊ ထိန်းသိမ်းသည်အထိ စောင့်ကြည့်မည်ဟုဆိုသည်။ "ဘာတွေလုပ်ရင် ကြိုတင်ခွင့်ပြုချက် ယူရမယ်ဆိုတာ ကျွန်မသိထား ဖို့လိုတယ်။ ဘာတွေကိုလဲ" ဟု မေးသည့်အခါ "ဘာမဆိုပေါ့" ဟူသော အဖြေကိုရသည်။ တရုတ်ကွန်မြူနစ်အုပ်ချုပ်ရေးလက်အောက်တွင် "ဘာမဆို" ဆိုသည်မှာ အဖြေ တစ်ခုလို ဖြစ်လာသည်။ ကိုယ့်ဘာသာကိုယ် တီထွင်ရှေ့ဆောင်ပြီးမလုပ်ရန် အရေးကြီး သည်ဟု လူအများ နားလည်လာကြသည်။

အမေ၏ လောကမှာ အမျိုးသမီးသမဂ္ဂဖြစ်သည်။ ယင်းမှ သူ့ကို ဝိုင်းပယ်ထားသည်။ ဟီဂေးတို့ ပြန်လာဖို့အတွက် ကူညီနေသည်ဟူ၍ တီးတိုးဝါဒဖြန့်ကြသည်။ "ဒီလိုပဲဖြစ်မှာပေါ့။ သူကိုယ်တိုင်က လျော့ရဲရဲဖြစ်နေတာကိုး၊ ပျက်တက်တက်မဟုတ်လား။ ယောကျ်ားအတော်များများနဲ့ ပတ်သက်နေတာသာ ကြည့်ပေတော့။" ဟူ၍ အမေ့ကို "မိန်းမပေါ့" အဖြစ် တီးတိုးပြောကြသည်။ သူ့ကို ဝိုင်း၍ လက်ညှိုးငေါက် ငေါက်ထိုးသူများအကြား အမေရောက်နေသည်။ အမျိုးသမီးသမဂ္ဂ အစည်းအဝေး တက်နေစဉ် လက်ထပ်ရန် ထွက်သွားသည်ကိုလည်း ဝေဖန်သည်။"အချစ်ကို ဦးစား ပေးသည်" မှာ ပြစ်မှုတစ်ခု ဖြစ်သည်။ "မြို့နယ်ပါတီ အကြီးအကဲက သွားပါဆိုလို့ ကျွန်မသွားတာ" ဟု အမေက လျှောက်လဲသည့်အခါ သဘာပတိအမျိုးသမီးက "ဒါတော့ ကိုယ့်ဘာသာကိုယ် မှန်ကန်တဲ့အပြုအမူအတိုင်း ဆောင်ရွက်ရမှာပေါ့။ အစည်းအဝေးကို ဦးစားပေးရမှာပေါ့" ဟု ပြန်ပြောသည်။

ဆယ့်ရှစ်နှစ်သမီးတစ်ယောက် ပူပူနွေးနွေး လက်ထပ်ပြီးစ ဘဝသစ်ကို ငံ့လင့်နေသည့် အမေမှာ စိတ်ရှုပ်ထွေးကာ အထီးကျန်ဖြစ်လာသည်။ အမှားအမှန် ခွဲခြားနိုင်သည်ဟု သူ့ကိုယ်သူ အမြဲယုံကြည်ခဲ့သည်။ ယခုမူ သူ့ကိုယ်သူ သံသယရှိလာသည်။

ပါတီကိုလည်းကောင်း၊ တော်လှန်ရေးကိုလည်းကောင်း အမေ အပြစ် မတင်။ အမျိုးသမီးသမဂ္ဂမှ မိန်းမများကိုလည်း အပြစ်မတင်ချင်။ သူတို့သည် သူ့ရဲဘော်များဖြစ်ပြီး ပါတီ၏ အသံဖြစ်ဟန်တူသည် ထင်သည်။ အဖေ့ကို သူ မကျေနပ်။ အဖေသည် သူ့ဘက်က မရပ်။ သူ့ရဲဘော်များဘက်က ရပ်ပြီး သူ့အပြုအမူကို အမြဲ ဆန့်ကျင်သည်။ လူထဲတွင် ပြောရန်ခက်ဟန်တူသည်ဟု အမေနှစ်သိမ့်မှုရှာသည်။

နှစ်ယောက်ထဲနေသည့်အခါ အမေ့ဘက်တွင် သူရှိကြောင်း ပြစေချင်သည်။ သို့သော် လည်း မပြ။ လက်ထပ်ပြီးသည်မှစ၍ ကျွန်မ မိဘများသည် အခြေခံအားဖြင့် သဘောထားကွဲလွဲခဲ့ကြသည်။ အဖေသည် ကွန်မြူနစ်အရေးတော်ကို တစ်ကိုယ်

လုံးပုံ၍ အပ်ထားသည်။ သူ့မိန်းမသည်လည်း ထိုဘာသာစကားကိုပဲ ပြောရလိမ့်မည်ဟု အဖေယုံကြည်သည်။ အမေသည် သူနှင့်စာလျှင် ပို၍ပျော့ပျောင်းသည်။ ကျိုးကြောင်း ဆင်ခြင်ခြင်းနှင့် တွေ့ထိ ခံစားတတ်သည့် စိတ်အာရုံတို့ ပေါင်းစပ်ကာ အမေသည် ပါတီကိုယုံ၍ သူ့ကိုယ် သူပုံအပ်လိုက်သည်။ အမေက ကိုယ်ရေးကိုယ်တာကို နေရာပေးသည်။ အဖေက နေရာမပေး။

အမေသည် ကျင်ကျို့တွင် အသက်ရှုကျပ်လာသည်။ ချက်ချင်းပင် ကျင်ကျို့မှ ထွက်ပြေးချင်သည်ဟု အဖေ့ကို ပြောသည်။ ရာထူးတိုးတော့မည့် အခိုက်မှာပင် အဖေလည်း သဘောတူသည်။ မြို့နယ်ပါတီ ကော်မတီသို့ ပြောင်းခွင့်လျှောက်သည်။ သူ့ဇာတိမြို့ ယိဘင်သို့ သွားချင်ပါသည်ဟု အကြောင်းပြသည်။ ကော်မတီ အံ့အားသင့်သည်။ မကြာသေးမီကပင် ကိုယ့်မြို့ကိုယ် မပြန်ချင်ပါ ပြောဖူးသည်။ တရုတ် သမိုင်းတွင် အရာရှိများကို ဇာတိမြို့၌ တာဝန်မပေးရန် စည်းကမ်းချထားသည်။ ဇာတိ နှင့် ဝေးရာပို့သည်။ ဇာတိတွင် တာဝန်ထမ်းလျှင် ဆွေမျိုးများအလုပ်ပေးခြင်း အခွင့်အရေးပေးခြင်းတို့ရှိမည်။

၁၉၄၉ နွေတွင် ကွန်မြူနစ်များသည်တောင်ပိုင်းသို့ ဟန့်တား၍ မရနိုင်သည့် အရှိန်အဟုန်ဖြင့် ချီတက်လာသည်။ ချန်ကေရှိတ်၏ မြို့တော်နန်ကင်းကို သိမ်းပိုက်ပြီးပြီ။ ဆီချွမ်းသို့ မကြာမီရောက်မည်မှာ သေချာသည်။ မန်ချူးရီးယား အတွေ့အကြုံအရ ဒေသသားအုပ်ချုပ်ရေးမှူးများ အလွန်အမင်းလိုလာသည်။ ထိုသူသည် ပါတီကို သစ္စာရှိသူလည်း ဖြစ်ရမည်။

ပါတီက အဖေ့ပြောင်းရွှေ့ခွင့်ကို သဘောတူသည်။ လက်ထပ်ပြီး နှစ်လအကြာ တရုတ်ပြည် လွတ်မြောက်ပြီး တစ်နှစ်မပြည့်မီ အတင်းစကားနှင့် အာဃာတ တို့ကြောင့် ဇာတိမြို့မှ ထွက်ပြေးကြရ လေသည်။ လွတ်မြောက်သဖြင့် ပျော်ရွှင်ရသည်တို့သည် အမေ့အဖို့ ပူပန်မှုဖြင့် စိတ်ဝမ်းမခိုင်ရသည့်အဖြစ်သို့ ပြောင်းလဲသွားသည်။ ကူမင်တန်လက်အောက်တွင် စိတ်ထဲမှာ တင်းမာပြည့်ကျပ်လာလျှင် အန်ထုတ်နိုင်သည်။ ကိုယ်လုပ်တာမှန်သည်ဟု အမြဲထင်သည်။ ယင်းက သူ့ကို သတ္တိမွေးပေးသည်။ ယခုမူ တစ်ချိန်လုံး ငါမှားနေပြီလားဟု တွေးတောပူပန်နေရသည်။ ထိုအကြောင်းကို အဖေ့အား ပြောပြသည့်အခါ အဖေက ကွန်မြူနစ်ဖြစ်လာရသည်မှာ ပြင်းထန်သော ဝေဒနာတစ်ခု ခံစားရသည့် ဖြစ်စဉ်တစ်ခုနှင့်တူလာသည်ဟု ပြောသည်။ သည်အတိုင်း ပဲဖြစ်ရပေမည်။

[၇]

တောင်ကြားလမ်းငါးခုဖြတ်ခြင်း

အမေ၏ ခရီးရှည်ချီတက်ပွဲ

(၁၉၄၉ - ၁၉၅၀)

ကျင်ကျို့မှ မခွာမီ အမေသည် အရန်ပါတီဝင်ဖြစ်လာသည်။ အမျိုးသမီးသမဂ္ဂ ကြီးကြပ်သူ ဒုတိယမြို့တော်ဝန်၏ ကျေးဇူးပြုခြင်းပေတည်း။ "သူ့အဖို့ ပါတီကတ်ပြား လိုတယ်။ သူ ဒေသသစ်သွားရမယ် မဟုတ်လား" ဟု ဆိုကာ ထောက်ခံခြင်းဖြစ်သည်။ ထိုက်တန်အောင်သူနေထိုင်ပြုမူမည်ဆိုလျှင် အမေသည် တစ်နှစ်ရှိသော် တင်းပြည့် ပါတီဝင်ဖြစ်လာတော့မည်။

အနောက်တောင်ပိုင်းသို့ သွားသည့် လူတစ်ရာကျော်အုပ်စုနှင့်အတူ အဖေနှင့်အမေတို့ သွားကြရသည်။ များစွာတို့မှာ ဆီချွမ်သို့ သွားကြသည်။ အနောက်တောင်ပိုင်းမှ ကွန်မျူနစ်ပါတီအရာရှိများ အပါအဝင် ယောကျ်ားအုပ် များများစားစား ပါဝင်သည်။ မိန်းမအနည်းငယ်မှာ ဆီချွမ်သားများကို လက်ထပ်ထားသည့် မန်ချူး အမျိုးသမီးများဖြစ်သည်။ ခရီးအတွက် ယူနစ်များဖွဲ့ပြီး စစ်စိမ်းဝတ်စုံများ ထုတ်ပေးသည်။ သူတို့သွားမည့်လမ်းတွင် ပြည်တွင်းစစ်ပွဲသည် ပြင်းထန်နေသည်။

၁၉၄၉ ဇူလိုင် ၂၇ တွင် ဘူတာရုံသို့ ဒေါက်တာရှီယာ၊ အဘွား၊ အမေ၏ အရင်းနှီးဆုံးသူငယ်ချင်းများ လာ၍ပို့သည်။ အားလုံးလိုလိုမှာ ကွန်မျူနစ်ပါတီကသံသယနှင့် စောင့်ကြည့်နေသူများဖြစ်သည်။ ဘူတာစကြံတွင် ရပ်ရင်း နှုတ်ဆက်သည့်အခါ အမေမှာ စိတ်နှစ်ခွဖြစ်ပေါ်လာပြီး ဝမ်းနည်းကြေကွဲနေသည်။ စိတ်တစ်ခုမှာ လှောင်ချိုင့်မှလွတ်ပြီး အာကာတစ်ခွင်လေဟုန်စီးကာ ပျံသန်းချင်သည့် ငှက်ငယ်၏ စိတ်မျိုးဖြစ်သည်။ နောက်စိတ်တစ်ခုမှာ သူ ချစ်သည့် သူများနှင့် အထူးသဖြင့် သူ့အမေနှင့် ပြန်လည်ဆုံဆည်းဖို့ ရှိနိုင်ပါ မည်လားဆိုသော ဒွိဟစိတ် ဖြစ်သည်။ ခရီးလမ်းမှာ ဘေးအန္တရာယ်များသည်။ ပြီးတော့ ဆီချွမ်သည် ကူမင်တန် လက်ထဲမှာ ရှိနေဆဲဖြစ်သည်။ တွေးမရနိုင် အောင်ဝေးသည့် မိုင် ၁၀၀၀ ခရီးဖြစ်သည်။ ကျင်ကျို့သို့ သူပြန်ရောက်နိုင်တော့မည် အမေ မထင်။ အမေသည် ငိုချင်သော်လည်း မျက်ရည်တွေကို ထိန်းထားသည်။ သူ့အမေကို သည့်ထက်ပို၍ ပူဆွေးအောင် မလုပ်ချင်။ ရထားထွက်ပြီး စကြံကို မမြင်ရတော့သည့်အခါတွင် အဖေက သူ့ကို နှစ်သိမ့်ရန် ကြိုးစားသည်။ ကြံ့ခိုင်ပါ။ တော်လှန်ရေးတွင်ပါဝင် ဆင်နွှဲသည့် ကျောင်းသားငယ်တစ်ယောက်လို တောင်ကြားလမ်းငါးခုကို ဖြတ်သန်း နိုင်ရမည်။ ဆိုလိုသည်မှာ မိသားစု၊ အလုပ်အကိုင်၊ ချစ်သူ၊ နေထိုင်ပုံနှင့် ကာယအလုပ်တို့တွင် အခက်အခဲနှင့် ကြုံတွေ့ရတော့မည်ဟူသော သဘောထားမျိုး ခံယူရမည်။ အပင်ပန်း

အဆင်းရဲခံမည်ဟု စိတ်ထား တတ်ရမည်။ ပါတီ၏ သဘောတရားမှာ အမေတို့လို ပညာတတ်များသည် ခေတ်ရှင်ပေါက်စအတွေးအခေါ် ကို စွန့်ပြီး ရှစ်ဆယ် ရာခိုင်နှုန်းရှိသော လယ်သမားနှင့် နီးစပ်လာရမည်ဟူ၍ဖြစ်သည်။ ထိုသဘောတရားများကို အကြိမ်တစ်ရာမျှ အမေကြားဖူးသည်။ တရုတ်ပြည်သစ်အတွက် ကိုယ့်ကိုယ်ကိုယ် ပြုပြင်ဖို့ လိုသည်ကို လက်ခံနားလည်သည်။ သို့သော်လည်း အမေသည် ကြင်နာယုယမှုနှင့် နားလည်မှုကို လိုချင်သည်။ အထူးသဖြင့် အဖေ၏ ယုယမှုနှင့် နားလည်မှုကို သူ လိုချင်သည်။ အဖေ့ဆီက လိုချင်တာမရသဖြင့် အမေ မကျေနပ်။

တီအန်ဆင်တွင် သူတို့ ခရီးတစ်ထောက်နားရသည်။ ရှေ့ဆက်ပြီး ရထား သွားလို့မရ။ လမ်းဆုံးနေပြီ။ တီအန်ဆင်မှာ အနောက်တောင်ဘက်မိုင် ၂၅၀ ဝေးသည်။ အဖေက အမေ့အားမြို့ကို လှည့်၍ပြသည်။ နိုင်ငံခြားသား အခြေစိုက်သည့် နေရာများကို လှည့်လည်ကြည့်ရှုသည်။ နိုင်ငံခြားဗိသုကာဟန်ဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံများ ခမ်းနားစွာ တည်ရှိသည်။ ပြင်သစ်နန်းတော်ကြီးများ၊ အီတလီဗိမာန်ကြီးများ၊ ဩစတြီးယား ဟန်ဂေရီမြို့ပြအိမ်ရာများမှာ အံ့မခန်းအောင် ကြီးကျယ်ခမ်းနားသည်။ ဂျပန်ဘဏ်များ၊ ရုရှားဘဏ်များကိုလည်း တွေ့ရသည်။ အမေအဖို့ အတွေ့အကြုံသစ်များဖြစ်သည်။ ယခုတွေ့ရသည့် အဆောက်အအုံများကို ပထမဆုံးအကြိမ် မြင်ဖူးခြင်း ဖြစ်သည်။ အဖေသည် နိုင်ငံခြားစာပေ အများအပြားကို ဖတ်သည်။ အဆောက်အအုံများအကြောင်းလည်း သူဖတ်သည်။ ယခုမူ ပထမဆုံးအကြိမ် သူဖတ်ဖူးသည့် စာများထဲမှ အဆောက်အအုံများကို မြင်ဖူးခြင်းဖြစ်သည်။ သူတို့နှစ်ယောက်သည် စီတန်းပေါက်နေသည့် သစ်ပင်များမှ ရနံ့များ သင်းထုံနေသည့် လမ်းအတိုင်း လျှောက်သွားကြသည်။ အမေသည် အဘွား ကို အမှတ်ရနေသည်။ အဖေ့ကို သူ မကျေနပ်။ အမေ့စိတ် အခြေအနေ ပြောင်း အောင် သူ မကြိုးစား။

ရထားလမ်းတွေပျက်နေသဖြင့် သူတို့သည် ခြေကျင်လျှောက်ကြရသည်။ လမ်းခရီး မှာ မလုံခြုံ။ ဒေသခံမြေရှင်များ၏ တပ်များ၊ ဓားပြများ၊ ကွန်မျူနစ်တပ်များ တက်လာသည့်အခါ မပြေးနိုင်ဘဲ နောက်တန်းတွင် ကျန်ရစ်ခဲ့သည့် ကူမင်တန်စစ်သားများ၊ ကြီးစိုးသောင်းကျန်းသည့် ဒေသများကို ဖြတ်ရသည်။ တစ်ဖွဲ့လုံးတွင် ရိုင်ဖယ်သုံးခုသာပါသည်။ ယင်းအနက် တစ်ခုမှာ အဖေ ပိုင်ဖြစ်သည်။ ခရီးလမ်း အဆင့်ဆင့်တွင် ဒေသခံအုပ်ချုပ်ရေးအဖွဲ့များက တပ်များလွှတ်ပြီး ကြိုဆိုစောင့်ရှောက်သည်။ သူတို့တွင် စက်သေနတ် သုံးလေးခုပါသည်။

နေ့စဉ် ခရီးဝေးဝေးလျှောက်ရသည်။ လမ်းများမှာ ကြမ်းသည်။ အိပ်ရာ လိပ်နှင့်ပိုင်ဆိုင်သမျှ ပစ္စည်းတို့ကို ကျောမှာပိုးရသည်။ ပြောက်ကျားတပ်ဖွဲ့ဝင် များကား အကျင့်ရခဲ့ပြီးဖြစ်သဖြင့် မပင်ပန်း၊ တစ်နေ့တွင် အမေ့ခြေဖဝါး၌ အရေကြည်ဖုများ ပေါက်လာသဖြင့် ခရီးမဆက်နိုင်။ နားကြရသည်။ အဖော်များက

ညတွင် ခြေထောက် ကို ရေနွေးစိမ်ခိုင်းသည်။ ပြီးတော့ အရေကြည်ဖုကို အပ်ဖြင့် အဖောက်ခိုင်းသည်။ ခဏသက်သာသလိုရှိသော်လည်း နောက်တစ်နေ့မနက်တွင် အနာများ ဖြစ်လာပြီး မခံမရပ်နိုင်လောက်အောင် နာသည်။ အမေမှာ အံကြိတ်ကာ လျှောက်ရသည်။

ခရီးအချို့တွင် လမ်းဟူ၍မရှိ။ လမ်းထွင်သွားရသည်မှာ ခက်ခဲကြမ်းတမ်းသည်။ အထူးသဖြင့် မိုးရွာသည့် အခါများတွင် မြေကြီးမှာ ရွှံ့ဗွက်ဖြစ်လာပြီး ချော်သည်။ အမေ အကြိမ်ကြိမ်ချော်လဲသည်။ တစ်နေ့တာခရီးဆုံးလျှင် သူ့တစ်ကိုယ်လုံး ရွှံ့များပေကျံနေသည်။ ညရောက်ပြီး နားရမည့်စခန်းရောက်လျှင် အမေသည် မြေကြီး ပေါ် တစ်ကိုယ်လုံး ပစ်လှဲလိုက်သည်။ မလှုပ်ချင် မရှားချင်တော့။

မိုးရွာထဲတွင် တစ်နေ့မိုင် သုံးဆယ်လျှောက်ရသည်။ အပူချိန် ဖာရင်ဟိုက် ၉၀ ဒီဂရီကျော်သည်။ အမေတစ်ကိုယ်လုံး မိုးရေနှင့်ချွေးနှင့် စိုရွှဲနေသည်။ တောင်တစ်ခုတက်ရသည်။ မမြင့်လှပါ။ ပေ ၃,၀၀၀ သာ ရှိသည်။ အမေ ခြေကုန် လက်ပန်း ကျလာသည်။ ထမ်းထားရသည့် အိပ်ရာလိပ်မှာ ကျောက်တုံးကြီးတစ်ခုလို လေးလာသည် ထင်သည်။ မျက်စိတွင် ချွေးများစိုရွှဲလာသည်။ မျက်လုံးဖွင့်လိုက်လျှင် သူ့ရှေ့ တွင် ကြယ်များလက်နေသည်ကို မြင်ရသည်။ ပါးစပ်ဟာပြီး အသက်ရှူရသည်။ မောပန်းသည်။ ခြေတစ်လှမ်းရွှေ့ဖို့ မနည်းကြိုးစားရသည်။ တောင်ထိပ်ရောက်လျှင် ဒုက္ခအေးတော့မည်ထင်မိသည်။ သို့သော်လည်း တောင်ဆင်းက ပိုဆိုးသည်။ ခြေသလုံးကြွက်သားများ ပျော့ဖပ်ဖပ်ဖြစ်ကာ ကျောက်ကျောနှင့်တူလာသည်။ တောင်ကမ်းပါးများမှ ဆင်းသည့်အခါ ခြေချော်လျှင် အသူတစ်ရာနက်သည့် ချောက်ထဲသို့ ကျသွားနိုင်သည်။ ကမ်းပါးယံတွင် ပေါက်နေသည့် သစ်ပင်များကို အားပြုကာ ဆင်းရသည်။

တောင်ပေါ်မှဆင်းလာလျှင် ရင်ခေါင်းအထိနက်သည့် မြစ်များကိုဖြတ်ရသည်။ ရေစီးသန်သည်။ အမေမှာ ခြေကုပ်မမြဲ။ ရေနစ်မလိုဖြစ်သည်။ ဘေးက လူတစ်ယောက်ကိုလှမ်း၍ ကိုင်ကာမြစ်ကို ကူးရသည်။ မြစ်ကိုကူးစဉ် မိတ်ဆွေ အမျိုးသမီးတစ်ယောက်ကို သူ့ယောကျ်ားက ပွေ့ချီကာ မြစ်ကို ဖြတ်ကူးသွားသည် မြင်သည်။ ထိုအခါ အမေစိတ်မထိန်းနိုင်တော့ဘဲ မျက်ရည်ကျမိသည်။ သူ့ယောကျ်ားမှာ အဆင့်မြင့် အရာရှိ တစ်ယောက်ဖြစ်သည်။ ထိုခရီးတွင် မော်တော်ကား သုံးပိုင်ခွင့်ရှိသည်။ သူ့မိန်းမနှင့်အတူ ခရီးသွားချင်သဖြင့် ထိုအခွင့်အရေးကို စွန့်လိုက်ခြင်းဖြစ်သည်။

အဖေသည် အမေ့ကိုမခေါ်ဘဲ သူ့ဘာသာ ဂျစ်ကားနှင့်သွားသည်။ သူ့တွင် ကိုယ်ရန်တော် တစ်ယောက်ပါသည်။ သူ့မှာ ရာထူးအရ မော်တော်ကား သို့မဟုတ် မြင်း ရရာကို အသုံးပြုနိုင်သည်။ အမေကမူ သူ့ကို ကားပေါ်တင်ခေါ်မည်လား၊ သို့မဟုတ် သူ့အိပ်ရာလိပ်ကို ကားပေါ်တင်ယူသွားမည်လား မျှော်လင့်မိသည်။ သို့သော်လည်း ထိုအခွင့်အရေးများမပေး။ ထိုညနေက မြစ်ထဲမှာ ရေနစ်မလိုဖြစ်ပြီး

နောက် အဖေနှင့်အတူ သွားမည် စိတ်ကူးမိသည်။ ထိုနေ့ကား အပင်ပန်းဆုံးဖြစ်သည်။ ပြီးတော့ တစ်နေ့လုံးအန်သည်။ အချို့ခရီးတွင် အမေကို ကားပေါ် တင်ခေါ် မသွားနိုင် ဘူးလား။ အဖေက မခေါ်နိုင်။ မျက်နှာလိုက်ရာ ရောက်မည်။ ပြီးတော့ အမေ့ပါတီ အဆင့်သည် ကားစီးနိုင်သည့်အဆင့်မဟုတ်ဟု ပြောသည်။ တစ်ဖန် အမေ့ကိုလည်း ပင်ပန်းသည့်အတွေ့အကြုံ ရစေချင်သည်။ တရုတ်ပြည်တွင် အရိုးစွဲနေသော ဆွေမျိုး သားချင်းတို့ကို အခွင့်အရေးပေးသည့် အလေ့အထကို သူတိုက်ဖျက်ချင်သည်ဟု ပြောသည်။ သူ့မိတ်ဆွေတစ်ယောက်ကို သူ့ယောက်ျားက မြစ်ဖြတ်ကူးစဉ် ပွေ့ချီသွား သည်ကို တွေ့ရကြောင်း အမေက ပြောသည်။ ထိုအခါ ထိုမိန်းမသည် ကွန်မျူနစ် အရင့်အမာ တစ်ယောက်ဖြစ်သည်။ ၁၉၃၀ လွန်နှစ်များတွင် နောက်အခါ ကိုရီးယားသမ္မတ ဖြစ်လာမည့် ကင်အီဆွန်းနှင့်အတူ ပြောက်ကျားတပ်ဖွဲ့တစ်ခုကို ပူးတွဲ အမိန့်ပေးကာ အရှေ့မြောက်ပိုင်း၌ ဂျပန်ကိုတိုက်ခဲ့သူဖြစ်သည်။ တော်လှန်ရေး ကာလတွင် အကျအဆုံးများစာရင်း၌ သူ၏ ပထမယောက်ျားပါဝင်သည်။ စတာလင်၏ အမိန့်အရ သုတ်သင်ခံရခြင်း ဖြစ်သည်ဟု အဖေပြောသည်။ အမေသည် ထိုအမျိုးသမီးနှင့် မယှဉ်သင့်။ အမေသည် ယခုမှ ကျောင်းသူတစ်ယောက်သာ ရှိသေးသည်။ သူ့ယောက်ျားက အလိုလိုက်သည်ဟု သူများတွေထင်လျှင် အမေပင် ဒုက္ခတွေ့မည်။ “အဲဒါ မင်းကောင်းဖို့ ပြောတာ” ဟု ပြောပြီး ပါတီဝင်လျှောက်လွှာ တင်ထားသည်ကို မမေ့နှင့်ဟု သတိပေးသည်။ “မင်းရွေးလေ။ မော်တော်ကား ပေါ်လိုက်မလား ဒါမှမဟုတ် ပါတီဝင်အဖြစ် အရွေးခံမလား။ နှစ်ခုစလုံးတော့ ရွေးလို့ မရဘူး။ တစ်ခုပဲရွေး”

အဖေပြောသည်မှာ မှန်သည်။ ချက်ကျသည်။ ယခုတော်လှန်ရေးသည် အခြေခံအားဖြင့် လယ်သမားတော်လှန်ရေးဖြစ်သည်။ လယ်သမား၏ ဘဝသည် ကြမ်းတမ်းသည်။ တခြားလူများ ပျော်ရွှင်နေကြသည် သို့မဟုတ် အသာစံဖို့သာ လုပ်နေကြသည်ကို မမြင်ချင်။ အရေးပါသည်။ တော်လှန်ရေးထဲ ပါလာသူကို သူတို့ လိုပင် ကြံ့ခိုင်သူများ ဖြစ်စေချင်သည်။ ဆင်းရဲဒုက္ခကို ကျင့်သား ရစေချင်သည်။ အဖေသည် ယင်အန်တွင်လည်းကောင်း၊ ပြောက်ကျားမိုလ်ဘဝတွင်လည်းကောင်း ထုသားပေသားရခဲ့သည်။

သဘောတရားကို အမေ နားလည်သည်။ သို့သော်လည်း သူဖျားနေစဉ် အဖေက ကြင်နာယုယမှု မပေးသည်ကို မစဉ်းစားဘဲမနေနိုင်။ သူ့မှာ တစ်ချိန်လုံး ပင်ပန်းသည်။ အိပ်ရာလိပ် ထမ်းရသည်။ လမ်းတစ်လျှောက်မှာ အန်လည်း အန်သည်။ ခြေထောက်များ ခဲတုံးကြီးလို လေးလံသည်။

တစ်ညတွင် အမေသည် မထိန်းနိုင်တော့ဘဲ မျက်ရည်သွန်ချသည်။ ပထမဆုံးအကြိမ် မျက်ရည်ကျခြင်း ဖြစ်သည်။ ညများတွင် ဂိုဒေါင်လွတ်များ၊ စာသင်ကျောင်းခန်းများ၌ အိပ်ကြရသည်။ ထိုညက ဘုရားကျောင်းတစ်ခုထဲက မြေကြီး ပေါ်မှာ အိပ်ကြရသည်။ အဖေသည် အမေ၏ဘေးတွင် အိပ်သည်။

အမေသည် အင်္ကျီလက်တွင် မျက်နှာအပ်ကာ ငိုသည်။ အသံမထွက်အောင် ထိန်းသည်။ အဖေနိုး လာပြီး အမေပါးစပ်ပေါ် လက်ဖြင့်အုပ်ထားသည်။

"အကျယ်ကြီး မငိုနဲ့။ ဘေးလူတွေကြားရင် အဝေဖန်ခံရလိမ့်မယ်။" ဟု အမေကို ပြောသည်။ အဝေဖန်ခံရလျှင် ပါတီမှာ သိက္ခာကျသည်။ ရဲဘော်များက တော်လှန်ရေးနှင့် မထိုက်တန်ဟု ပြောကြမည်။ သူ့ရဲဘောနည်းသူဟု ပြောကြမည်။

သူ့လက်ထဲသို့ လက်ကိုင်ပဝါတစ်ခု အဖေထည့်သည်ကို သိလိုက်သည်။

နောက်တစ်နေ့တွင် အမေလိုက်ပါလာသည့် ယူနစ်၏ ခေါင်းဆောင်က ညက အမေငိုကြောင်း တိုင်တန်းကြသည်ဟု ပြောသည်။ အမေသည် ခေါင်းပုံဖြတ်သည့် လူတန်းစားမှ ဂုဏ်ကြီးရှင်အမျိုးသမီးလေး နှင့်တူသည်ဟု ပြောကြသည်။ အဖေ သက်ညှာစိတ်ရှိပါသည်။ သို့သော်လည်း သူများတွေ ဝေဖန်သည်ကို မကြားချင်။ ခြေလှမ်းအနည်းငယ်လျှောက်ပြီးနောက် ငိုသည်မှာမကောင်း၊ တော်လှန်ရေး သမားလို မကျင့်ဟု ပြောသည်။ ထိုအခါမှစ၍ အမေ တစ်ခါမျှ မငိုတော့ပေ။

ခရီးကြမ်းကို အမေ ဆက်လက်ချီတက်သည်။ ရှန်တောင်ပြည်နယ်တွင် အန္တရာယ်များ ကြုံရသည်။ ကွန်မြူနစ်သိမ်းပိုက်သည်မှာ လပိုင်းသာရှိသေးသည်။ တစ်နေ့တွင် နက်ရှိုင်းသော တောင်ကြားလမ်းအတိုင်း လျှောက်ကြစဉ် ခေါင်းပေါ်သို့ ကျည်ဆန်မိုးများ ရွာချသည်။ ဆယ်မိနစ်ခန့် ပစ်ခတ်ခံရသည်။ ပြီးလျှင် အမေတို့ အထဲမှ တစ်ယောက် သေနတ်မှန်ပြီး သေသည်။ ပစ်ခတ်သူ များနောက်သို့လိုက်စဉ် သေနတ်မှန်ခြင်းဖြစ်သည်။ ပစ်သူများမှာ လမ်းဓားပြများဖြစ်သည်။ အများအပြား ဒဏ်ရာရသည်။ သေသူကို လမ်းဘေးတွင် မြှုပ်နှံပြီးနောက် အဖေနှင့်အခြားအရာရှိ များက သူတို့စီးသည့် မြင်းများကို ဒဏ်ရာရ သူများစီးရန် ပေးသည်။

ရက်လေးဆယ်ရှိလျှင် တစ်ခါက ကူမင်တန်မြို့တော်ဖြစ်သည့် နန်ကင်း သို့ ရောက်သည်။ ယင်းမှာ "တရုတ်ပြည်၏ မီးဖိုကြီး" ဟု ခေါ်ကြသည့် မြို့ ဖြစ်သည်။ စက်တင်ဘာလလယ်တွင် ပေါင်းအိုးကြီးထဲ ပြုတ်ထားသလို ပူသည်။ စစ်တန်းလျား များထဲတွင် သူတို့နေရသည်။ စစ်လေ့ကျင့်ခန်းဆင်းရသည်။ အင်္ကျီဝတ်ရာတွင် ကော်လာကြယ်သီးများကို တပ်ထားရသည်။ အမေ ချွေးပြန်သည်။ အသက်ရှူမဝ။ ကျောတွင် သူများနည်းတွင် ချွေးရွှဲကာ အကွက်ထင်နေသည်။ ဦးထုပ်ကိုလည်း ကျပ်ကျပ်ဆောင်းရသည်။ ဆံတစ်ပင် မထွက်စေရ။ အမေ့ ဦးထုပ်အနားတွင် ချွေးရွှဲနေသည်။

တစ်ခါတစ်ရံ မြို့ထဲလည်ပတ်ခွင့်ရသည်။ အများအပြားမှာ မြို့ကြီးပြကြီး ရောက်ဖူးသူများ မဟုတ်ကြ။ တီယန်ဆင်တွင်သာ ခဏနားဖူးသည်။ ရေခဲချောင်း တွေ့လျှင် အငမ်းမရစားကြသည်။ အချို့က ရဲဘော်များအတွက် လက်ကိုင်ပဝါ ထဲထည့်ကာ လက်ဆွဲအိတ်ထဲထည့်ပြီး ယူသွားကြသည်။ စစ်တန်းလျား ရောက်လျှင် ရေခဲချောင်းများ အရည်ပျော်နေပြီ။

နန်ကင်းတွင် သူတို့ နိုင်ငံရေးသင်တန်းတက်ရသည်။ ဆရာများမှာ

တိန့်ရှောင်ဖိန်နှင့် ဗိုလ်ချုပ်ချင်ယီတို့ဖြစ်သည်။ နှစ်ဦးစလုံး နောင်အခါ ခေါင်းဆောင်များ ဖြစ်လာကြသည်။ အမေနှင့် အခြားရဲဘော်များ အရိပ်အောက်က မြက်ခင်း ပြင်တွင် ထိုင်ကာ သင်တန်းလိုက်ရသည်။ ပို့ချသူက နေပူထဲတွင် ရပ်ကာ နှစ်နာရီ သုံးနာရီ ဆက်တိုက်ဟောပြောသည်။ ယင်းမှာ နန်ကင်းဗဟိုတက္ကသိုလ်တွင် ဖြစ်သည်။ နေပူရှိန်ပြင်းသော်လည်း ပို့ချသူများသည် ပရိသတ်မပျင်းအောင် ဟောပြော နိုင်သည်။

တစ်နေ့တွင် အမေနှင့် သူ၏ ယူနစ်သည် မိုင်ပေါင်းများစွာ အမြန်ပြေးရသည်။ ပြန်ရောက်လျှင် အမေ၏ဗိုက် အပြင်းအထန်နာသည်။ ထိုညက မြို့ထဲက ဇာတ်ရုံတစ်ခုတွင် ပီကင်းအော်ပရာပွဲရှိသည်။ ပီကင်း အော်ပရာ ကြိုက်တတ်သော အဘွား၏ အမွေကို ဆက်ခံထားသည့် အမေသည် ပွဲသွားချင်သည်။ ထိုညနေက ငါးမိုင်ဝေးသည့် ဇာတ်ရုံသို့ အမေသည် ရဲဘော်များနှင့်အတူ စီတန်း ချီတက်သည်။ အဖေသည် ကားနှင့်သွားသည်။ လမ်းတွင် အမေ ဗိုက်နာလာသဖြင့် လှည့်ပြန်မည် စိတ်ကူးသည်။ သို့သော်လည်း စိတ်တင်းကာ မပြန်။ ကပွဲ တစ်ဝက်လောက်ရောက် သည်တွင် မခံမရပ်နိုင်အောင် နာသည်။ အဖေဆီသွားကာ သူ့ကို အိမ်သို့ကားနှင့် ပြန်ပို့ပေးပါပြောသည်။ ဗိုက်နာသည်ဟူ၍ကား မပြော။ ဒရိုင်ဘာကိုကြည့်ရာ ပွဲထဲ စိတ်ဝင်စားနေသည်ကို တွေ့ရသည်။ အဖေ က “သူ ပွဲကြည့်နေတုန်း ငါ့မိန်းမ အိမ်ပြန်ချင်တာနဲ့ မခေါ်ပါရစေနဲ့” ဟု ပြောသည်။ အမေသည် ဘာမျှ ရှင်းပြမနေတော့ဘဲ ချာခနဲလှည့်ထွက်ပြီး ပြန်လာခဲ့သည်။

စစ်တန်းလျားသို့ရောက်အောင် မိတ်ကြိတ်၍ သူလျှောက်သည်။ မျက်စိ ထဲတွင် ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်နေသည်။ လမ်းကိုလည်း မမြင်။ တန်းလျား ရောက်ဖို့ တစ်ဘဝလောက်ကြာသည်ထင်သည်။ ရောက်လျှင် တန်းလျားတွင် လူ တစ်ယောက်မျှမရှိ။ အားလုံး အော်ပရာကပွဲသွားကြသည်။ အစောင့်ပင်မကျန်တော့။ အမေသည် အိပ်ရာသို့ တွားသွားသည်။ မီးအိမ်အလင်းရောင်တွင် သူ့ ဘောင်းဘီ၌ သွေးများပေကျံနေသည်ကို တွေ့ရသည်။ အိပ်ရာပေါ် လှဲချလိုက်သည်နှင့် သတိ မေ့သွားသည်။ ပထမကလေး ပျက်ကျခြင်းဖြစ်သည်။ အနီးအနားတွင် မည်သူမျှမရှိ။

ခဏကြာလျှင် အဖေပြန်ရောက်လာသည်။ ကားနှင့်ပြန်လာ၍ အခြား သူများထက် စောပြီး ရောက်လာခြင်းဖြစ်သည်။ အမေကို အိပ်ရာပေါ်တွင် ခွေလျက် တွေ့ရသည်။ ပထမတော့ ပင်ပန်း၍ဟု ထင်သည်။ နောက်မှ သွေးကွက်များကို မြင်သည်။ သတိမေ့နေသည်ကို တွေ့ရသည်။ အဖေသည် ဆရာဝန်ပြေးရှာသည်။ ဆရာဝန်က ကလေးပျက်သည်ထင်ကြောင်းပြောသည်။ သို့သော်လည်း စစ်တပ် ဆရာဝန်ဖြစ်ရာ ယင်းကိစ္စမျိုး၌ အတွေ့အကြုံမရှိ။ မြို့ထဲက ဆေးရုံတစ်ခုသို့တယ်လီဖုန်းဆက်ကာ သူနာပြုယာဉ်ပို့ပါဟု ပြောရသည်။ ဆေးရုံက ပို့မည်ဆိုသော်လည်း ယာဉ်ခနှင့် အရေးပေါ်ခွဲစိတ်ခတို့ကို ငွေဒင်္ဂါးနှင့်ပေးရမည်ဆိုသည်။ သူ့တွင် ပိုက်ဆံတစ်ပြားမျှ မရှိသော်လည်း

ပေးမည်သဘောတူလိုက်သည်။ "တော်လှန်ရေး နှင့်အတူ ရှိနေသူဖြစ်ရာ အလိုအလျောက် "ကျန်းမာရေးအာမခံ" ခံစားခွင့်ရှိသည်။

အမေ သေတော့မတတ်ခံရသည်။ သွေးသွင်းပြီး သားအိမ်ခြစ်ရသည်။ ခွဲစိတ်ခြင်းပြီးဆုံး၍ သတိရကာ မျက်စိကို ဖွင့်လိုက်သည့်အခါ သူ့ဘေးတွင် အဖေ ထိုင်နေသည်ကို မြင်ရသည်။ ပထမဆုံး အမေပြောသည့် စကားများ "ရှင်နဲ့ကျွန်မ ကွာမယ်" ဟူ၍ဖြစ်သည်။ အဖေ မနားတမ်း တောင်းပန်သည်။ အမေ ကိုယ်ဝန်ရှိ သည်ကိုလည်း အဖေမသိ။ အမေကိုယ်တိုင်ပင်မသိ။ သွေးထိန်သည်ကို သတိထား မိသည်။ သို့သော်လည်း အပြေးအလွှားလုပ်ရသည့် လေ့ကျင့်ခန်းကြောင့်ဟု ထင်သည်။ အဖေ ကမူ ကလေးပျက်ကျသည်ဆိုသည်ကိုပင် နားမလည်။ နောင်အခါ ထောက်ထား ညှာတာပါမည် ကတိပေးသည်။ ပြီးတော့ အမေ့ကို ချစ်ကြောင်း၊ နောင် သူပြုပြင်ပါမည်ဖြစ်ကြောင်း ထပ်တလဲလဲ ပြောသည်။

အမေ သတိမေ့နေစဉ် သွေးများပေကျံနေသည့် အဝတ်များကို အဖေ ကိုယ်တိုင်လျှော်ဖွပ်သည်။ တရုတ်ယောက်ျားတို့ လုပ်ရိုးလုပ်စဉ်မဟုတ်သည့် အလုပ်ကို သူလုပ်ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ကွာရှင်းရန်မတောင်းဆိုတော့ဟု အမေပြောသည်။ သို့သော်လည်း မန်ချူးရီးယားသို့ သူ ပြန်ချင်သည်။ ဆေးသင်တန်း ဆက်၍ တက်မည် ပြောသည်။ ပြီးတော့ တော်လှန်ရေးက ကျေနပ်အောင် သူ ဘယ်တော့မှ မလုပ်နိုင်ခဲ့။ ဘယ်မျှအပင်ပန်းခံသော်လည်း အမြဲတမ်း ဝေဖန်ခံရသည် ပြောသည်။

"ကျွန်မ ပြန်တာပဲ ကောင်းတယ်"

အမေ ထပ်၍ ပြောသည်။ အဖေက

"မပြန်ရဘူး။ ပြန်ရင် မင်းဟာ ဆင်းရဲပင်ပန်းတာကို ကြောက်တယ်လို့ ပြောမယ်။ ပြီးတော့ မင်းကို "တပ်ပြေး" လို့ သတ်မှတ်မယ်။ အဲဒီအခါ မင်းမှာ အနာဂတ် မရှိတော့ဘူး။ ကောလိပ်က မင်းကို လက်ခံရင်လည်း အလုပ်ကောင်း မင်း မရနိုင်ဘူး။ တစ်သက်လုံး အမှားဒဏ်ခံသွားရမယ်"

ဟု စိုးရိမ်တကြီးပြောသည်။ အမေသည် သူရောက်နေသည့် စနစ် တစ်ခု ထဲမှ ထွက်ပြေးတော့မည်။ သူ့မှာ ရွေးချယ်ပိုင်ခွင့်မရှိတော့သည်ကို မသိ။ ဤသည် မှာ စာပေါ်တွင် ရေးမထားသည့် အချက်ဖြစ်သည်။ သို့သော်လည်း အဖေ့ အသံတွင် စိုးရိမ်သံပါသည်ကို သတိထားမိသည်။ တော်လှန်ရေးသည် တစ်ခါ ဖက်တွယ်မိပြီ ဆိုလျှင် ဘယ်တော့မှ စွန့်ခွာ၍မရတော့ပေ။

၁၉၄၉ အောက်တိုဘာ ၁ တွင် အမေ ဆေးရုံ၌ရှိနေသည်။ သူ့ရဲဘော်များက အထူးကြေညာချက် တစ်ခု အသံလွှင့်မည်ပြောသည်။ အမေတို့ နားထောင်သည်။ မော်စီတုန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ကြောင်း ကြေညာသည်။ သူတို့ဝမ်းသာအားရ ဦးထုပ်များ မိုးပေါ်သို့ မြှောက်ပစ်ကြသည်။ ဤသည်မှာ ရှရှားတို့ထံမှရသည့် ဝမ်းသာကြောင်းပြသည့် အမူအရာတစ်ခု ဖြစ်သည်။ သူတို့ အားလုံး မျက်ရည်များကျသည်အထိ ဝမ်းသာသည်။ ပြီးလျှင် ဂုဏ်ပြုသည့်

အထိမ်းအမှတ်အဖြစ် စားသောက်ပွဲလေးတစ်ခု ကျင်းပသည်။

အမေ ဆေးရုံမတက်ရမီ သူတို့စုံတွဲ ဓာတ်ပုံရိုက်သည်။ တပ်မတော် ဝတ်များဝတ်ထားကြသည်။ ကူမင်တန်မြို့တော်သို့ဝင်သည့် အထိမ်းအမှတ် ဖြစ်သည်။ ဓာတ်ပုံကို အဘွားဆီသို့ အမေပို့လိုက်သည်။

အောက်တိုဘာ ၃ တွင် အဖေ၏ တပ်ဖွဲ့ နေရာရွှေ့ပြောင်းရသည်။ ကွန်မျူနစ်တပ်များ ဆီချွမ်းသို့ ဝင်ကြတော့မည်။ ဆေးရုံတွင် အမေ တစ်လနေရသည်။ ထိုနောက် ခမ်းနားကြီးကျယ်သော စံအိမ်ကြီးတစ်ခုတွင် အနားယူရသည်။ ထိုအိမ်မှာ ချန်ကေရှိတ်၏ယောက်ဖ အိပ်ချ်၊ အိပ်ချ်၊ ကွန်း၏ အိမ်ဖြစ်သည်။ တစ်နေ့ တွင် သူတို့အဖွဲ့ဝင်များ အပိုလုပ်ငန်းလေးများ လုပ်ဆောင်ရမည်ဟုဆိုကာ နန်းကင်း လွတ်မြောက်ခြင်းအခမ်းအနားကို ရုပ်ရှင်ရိုက်သည့်အခါ အရပ်ဝတ်များဝတ်ပြီး ပါဝင် ဆင်နွှဲရသည်။ ထိုမှတ်တမ်းတင်ရုပ်ရှင်ကားကို တရုတ်ပြည်အနှံ့အပြား ပြသသည်။

နန်ကင်းတွင် အမေရှိစဉ် အဖေ့ဆီကစာများ အဆက်အပြတ် လာသည်။ အလွန်ချစ်ကြောင်း၊ ပြုပြင်မည်ဖြစ်ကြောင်းများ ရေးသည်။ ကျင်ကျို့ သို့ မပြန်ပါနှင့်၊ တော်လှန်ရေးကို မစွန့်ပါနှင့်ဟူ၍လည်း မှာကြားသည်။

ဒီဇင်ဘာလကုန်တွင် သင်္ဘော၌ ခရီးသွားရန် တစ်နေရာရသည်ဟု အကြောင်းကြားသည်။ မကျန်းမာသဖြင့် ကျန်ရစ်ခဲ့သူများကို တပ်ရှိရာသို့ပို့ပေးမည်။ သင်္ဘောဆိပ်သို့ ညတွင် သွားရသည်။ နေ့အခါ ကူမင်တန်လေယာဉ်များက ဗုံးကြဲသည်။ မီးရောင်မရှိ။ မြောက်လေအေးက မြစ်ယံကို ဖြတ်ပြီး တိုက်ခတ်သည်။ စောင့်ရသည်မှာ ကြာသဖြင့် မကျေမနပ်ဖြစ်ကာ "ခြေကို ဆောင့်သည်။ သူစီးထားသည့် အဝတ်ဖိနပ်မှာ လွတ်မြောက်ရေးဖိနပ်ဖြစ်ပြီး အောက်ခံတွင် "ချန်ကေရှိတ်ကို ထိုးနှက်" "တိုင်းပြည်ကို ကာကွယ်ကြ" ဟူသော စားများ ရေးထားသည်။

သင်္ဘောသည် ယန်စီမြစ်အတိုင်း အနောက်ဘက်သို့ ဦးတည် ခုတ်မောင်းသည်။ မိုင် ၂၀၀ ဝေးသည့် အန်ချင်းမြို့အထိ သွားရမည်။ နေ့တွင် မခုတ်မောင်းနိုင်။ ညမှ ခရီးဆက်ကြရသည်။ မနက်လင်းလျှင် ကျူပင်များအကြား ရပ်နားရသည်။ သင်္ဘောပေါ်တွင် စစ်သားများ လက်နက်ခဲယမ်းမီးကျောက်များ ပါသည်။ တစ်ခါတစ်ရံ ချန်ကေရှိတ်တပ်များနှင့် မြေရှင်တို့၏ ကိုယ်ပိုင်တပ်များ၏ ပစ်ခတ်ခြင်းခံရသည်။ ကျောက်ချရပ်နားတော့မည်တွင် ကူမင်တန်စစ်သားအချို့ သင်္ဘောပေါ် တက်ရန် ကြိုးစားသည်။ အမေတို့သည် သင်္ဘောအောက်ထပ် ဝမ်းခေါင်းထဲတွင် ပုန်းအောင်းရသည်။ မူလနေရာတွင် မကပ်နိုင်ဘဲ ဆက်လက် ခုတ်မောင်းသွားရသည်။

သင်္ဘောသည် ယန်ဇီမြစ်ကျဉ်းသို့ ရောက်လာသည်။ ထိုနေရာမှစ၍ ဆီချွမ်ပြည်နယ်ထဲ ဝင်လာသည်။ မြစ်ကျဉ်းတွင်ခရီးဆက်ရန် ချုံကင်းမှ သင်္ဘောငယ်လေးနှစ်စီးပေါ်သို့ ပြောင်းကြရသည်။ စစ်သားများနှင့် လက်နက်များကို

သင်္ဘောတစ်စီးပေါ်သို့ တင်သည်။ အမေတို့က တစ်စီးသတ်သတ် စီးရသည်။

ယန်ဇီမြစ်ကျဉ်းသည် "ငရဲပြည်အဝင်ဝ" ဟု ထင်ရှားသည်။ တစ်ညနေခင်းတွင် ကြည်လင်တောက်ပ သည့် ဆောင်းနေသည် ရုတ်တရက်လုံးလုံး ပျောက်ကွယ် သွားသည်။ တစ်ဖက်တစ်ချက်တွင် မြင့်မားသည့် ချောက်ကမ်းပါးယံကြီးများသည် သင်္ဘောဆီ ငိုက်ကျနေသည်။ သစ်ပင်များပေါက်ရောက်နေသည်မှာ မြင့်လွန်းသဖြင့် မိုးကောင်းကင်ကိုပင် မမြင်။ မြင်ကွင်းမှ ပျောက်ကွယ်နေသည်။ ကောင်းကင်ဘုံက နတ်မင်းကြီးတစ်ပါး နတ်ဓားနှင့် ခုတ်လိုက်သွားသဖြင့် မြစ်ကြောင်းကြီး ဖြစ်ကျန်ရစ်ခဲ့ သည် ထင်ရသည်။

သင်္ဘောလေးသည် ဝဲကတော့များ၊ ရေစီးများ၊ ကျောက်ဆောင်များကို ရှောင်တိမ်း ခုတ်မောင်းရသည်။ တစ်ခါတစ်ရံ ရေစီးသန်သဖြင့် နောက်သို့ပြန်၍ လည်ကာ ထွက်သွားသည်။ မှောက်သွားမည်ပင် စိုးရိမ်ရသည်။ တစ်ခါတစ်ရံ ကျောက် နံရံကို ဝင်တိုက်တော့မတတ် ဖြစ်သွားသည်။ ပဲ့ကိုင်ကျွမ်းကျင်သဖြင့် ဒုက္ခမရောက်ခြင်း ဖြစ်သည်။

ကွန်မျူနစ်တို့သည် ဆီချွမ်ပြည်နယ်ကို အရင်လအတွင်းကမှ သိမ်းပိုက်ပြီးသည်။ သို့သော်လည်း ကူမင်တန်တို့ ပြောက်တိပြောက်ကျားရှိနေသေးသည်။ ထိုင်ဝမ်သို့ ချန်ကေရှိတ်နှင့် အတူမလိုက်နိုင်သူများ သည် ပြေးရင်းလွှားရင်း ပြန်လည် တိုက်ခိုက်သည်။ ထိုကူမင်တန်အချို့သည် မြစ်အကွေ့တွင် ပထမသင်္ဘောကို ပစ်ခတ်သည်။ ခဲယမ်းများ ပေါက်ကွဲကာ သင်္ဘောမီးလောင်သည်။ မြစ်ပြင်တစ်ခုလုံး မီးလောင် သည်နှင့်တူနေသည်။ သစ်သားများ မီးလောင်ရင်း မျောပါလာသည်။ အမေတို့စီးသည့် ဒုတိယသင်္ဘောကို တိုက်မိ မတတ် ဖြစ်သည်။ မည်သူမျှ ကြောက်ရ မှန်းမသိကြ။ သူတို့သည် သေမင်းနှင့် အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ကြရသဖြင့် ယခုမူ ထုံနေပြီ။ ပထမ သင်္ဘောပေါ်မှ စစ်သား အားလုံး သေသည်။

အမေကား မရောက်ဖူးသည့် ဒေသတွင် အသစ်ဆန်းများ မြင်တွေ့ရသည်။ ကြိမ်ပင်တွေပေါ်၌ မျောက်များ ပြေးလွှားဆော့ကစားနေသည်။ ကျင်ကျို့ လွင်ပြင်ဒေသနှင့်မတူသည့် ရှုခင်းသစ်များကိုမြင်သော် အမေ ကြည်နူးသည်။

ကျောက်တောင်ပေါ်တွင် အချို့နေရာများ၌ မြို့လေးများရှိသည်။ အမြဲတမ်း မှောင်မှိုင်းနေသဖြင့် နေ့အခါမှာပင် ဆီမီးတိုင်များ ထွန်းညှိထားရသည်။ ရာသီမှာ အေးသည်။ လေအေးများကလည်း အမြဲတိုက်ခတ်သည်။ မမြင်ဖူးသည့် လူမျိုးစုများကို တွေ့ရသည်။

ဖန်နဝါရီလလယ်တွင် ဂျပန်ဆန့်ကျင်ရေး စစ်ပွဲအတွင်း ကူမင်တန်မြို့တော်ဖြစ်သည့် ချုံကင်းသို့ အမေတို့ ရောက်သည်။ ထိုအရပ်တွင် နောက်ထပ် သင်္ဘော လေးတစ်ခု သို့ ကူးပြောင်းကာ မြစ်ညာသို့ ထပ်၍ ဆန်တက်ပြီး လူကျို့မြို့ရောက်မှ စခန်းတစ်ထောက်နားရသည်။ အဖေက ယိဘင်မှ သမ္ဗန်တစ်စီး အကြို လွှတ်သည်။ ထိုအခါတွင်မှ အဖေ မသေမပျောက် သူ့ဇာတိသို့

ရောက်နေသည်ကို အမေသိရသည်။ ယခုမူ သူ့ကို မကျေနပ်သည့် စိတ်တို့သည် လွင့်စဉ်သွားပြီဖြစ်သည်။ လေးလ အထိ သူတို့ကွေကွင်းနေခဲ့သည်။ အဖေ့ကို တွေ့ချင် စိတ်ပြင်းပြလာသည်။

ထိုညနေမှာပင် အမေ ခရီးဆက်နိုင်ခဲ့သည်။ နောက်တစ်နေ့မနက် အိပ်ရာ မှ နိုးသည့်အခါ နှင်းမြူအကြားမှ နွေးထွေးသော နေရောင်ခြည်ကို မြင်ရသည်။ မြစ်ကမ်းတစ်လျှောက်တွင် စိမ်းစိမ်းစိုစို မို့မို့မောက်မောက် တောင်ကုန်းလေးများကို မြင်ရသည်။ နောက်တစ်နေ့ညနေတွင် ယိဘင်သို့ ရောက်သည်။ ထိုနေ့ကား နှစ်သစ်ကူးအကြိုနေ့ ဖြစ်သည်။ ယိဘင်မြို့ကလေးသည် မြူတိမ်တို့အပေါ် ငြိမ့်ငြိမ့်လေး တည်နေသည့် မြို့တစ်ခုသဏ္ဍာန် အမေ မြင်ရသည်။ ဆိပ်ကမ်းသို့ ဆင်းလာသော အဖေ့ကို မြင်ရသည်။ ကိုယ်ရံတော်သည် သူ့နောက်တွင် ကပ်၍ လိုက်ပါလာသည်။ မြစ်ကမ်းမှာ ကျယ်ပြန့်ပြီး သဲပြင်ကြီးများနှင့် ကျောက်စရစ်များ ပြန့်ကြဲနေသည်။ တောင်ကုန်းလေးတစ်ခုပေါ်တွင် မြို့ကလေးတည်နေသည်။ သစ်သားအိမ် အချို့မှာ ခြေတံရှည်အိမ်များဖြစ်ပြီး လေအဟုန့်တွင် ဘယ်ညာယိမ်းနေသည်။ ချက်ချင်းပင် ပြိုကျတော့မည်လား ထင်ရသည်။

မြို့ထိပ်တွင် သမ္မန်ဆိုက်ကပ်သည်။ လှေသမားထိုးပေးသည့် ကုန်းပေါင် အတိုင်း အဖေ့ကိုယ်ရံတော် တက်လာကာ အမေ့အိပ်ရာလိပ်ကို လှမ်း၍ ယူသည်။ အမေသည် ကုန်းပေါင်အတိုင်း ခုန်ဆွခုန်ဆွ ပြေးဆင်းသည်။ အဖေက လက်နှစ်ဖက် ကမ်းလင့်ကြိုဆိုသည်။ လူသူများအကြား ပွေ့ဖက်ရန် ကားမသင့်။ သို့တိုင်အောင် အမေ့ရင်ထဲမှာ ဒိတ်ဒိတ်ခုန်နေသည်။ အဖေလည်း သူ့အတူ ရှိမည်ထင်သည်။ အမေ အလွန်ပျော်သည်။

□ □ □

[၈]

ပိုးပဝါခြုံ၍ ဌာနေသို့ ပြန်လာသည်

မိသားစုနှင့် ဓားပြများရှိရာသို့

(၁၉၄၉ - ၁၉၅၁)

ယိဘင်သည် ဘယ်လိုမြို့ဖြစ်မည်လဲဟု တစ်လမ်းလုံး အမေ စဉ်းစားကြည့်ခဲ့သည်။ လျှပ်စစ်မီးရှိရဲ့လား။ ယန်ဇီမြစ်ကမ်းတစ်လျှောက်က တောင်ကြီးများ ရှိရဲ့လား။ ဇာတ်ရုံ ရော ရှိရဲ့လား။ အဖေနှင့်အတူ တောင်ကုန်းပေါ်သို့ တက်သည့်အခါ အလွန်လှသည့် မြို့ကလေးတစ်ခုကို တွေ့ရသဖြင့် ပီတိဖြစ်ကာ ရင်ဖိုလာသည်။ ယိဘင်သည် မြစ်နှစ်ခု ဆုံရာ တောင်ကုန်းထက်တွင် တည်ရှိ ပြီး အငူတစ်ခုကို လှမ်းမြင်နေရသည်။ မြစ်တစ်ခု မှာ ကြည်လင်ပြီး တစ်ခုမှာ ရွှံ့ရေများဖြင့် နောက်သည်။ လျှပ်စစ်မီး ထိန်လင်းနေသော အိမ်လေးများ တန်းစီနေသည်ကို အမေတွေ့ရသည်။ အိမ်မိုးများမှာ ပေါ့ပါးသည်။ လေဒဏ် နှင်းဒဏ်တို့ကို ခံနိုင်သည့် မန်ချူးရီးယား အိမ်မိုးများနှင့်မတူ။ အဝေးဆီတွင် စိမ်းမှောင်နေသော တောင်များအကြား၌ အိမ်ကလေးများကို မြင်ရသည်။ ပရုပ်ပင်၊ ထင်ရှူးပင်နှင့် လက်ဖက်ပင်များ ပေါက်ရောက်လျက်ရှိသည်။ ယခုမူ အဖေ့ကို သူ ကျေနပ်သည်။ သူ၏ ကိုယ်ရံတော်အား အမေ့အိပ်ရာလိပ်ကို သယ်ခိုင်းခြင်းကြောင့် ကား မဟုတ်။ ဖြတ်သန်းခဲ့သည့် လမ်းခရီးတွင် စစ်ကြောင့် ပျက်စီးသည့် မြို့ရွာအိမ်ခြေ များကို တွေ့ခဲ့ရသည်။ ယခုမူ စစ်က မဖျက်ဆီးသည့်ဒေသကို တွေ့ရသဖြင့် ဝမ်းသာသည်။ အင်အား ၇,၀၀၀ ရှိသည့် ကူမင်တန်မြို့စောင့်တပ်သည် သေနတ်တစ်ချက် မဖောက်ဘဲ လက်နက် ချသည်။

အဖေသည် အစိုးရသစ်သိမ်းပိုက်ထားသည့် အိမ်ကြီးတစ်ခုတွင်နေသည်။ ရုံးခန်းများကို လူနေအိမ်များနှင့် တွဲထားသည်။ အဖေနှင့်အတူ အိမ်ကြီးထဲသို့ အမေ ဝင်သည်။ ပန်းခြံထဲတွင် မမြင်ဖူးသည့် အပင်များတွေ့ရသည်။ သဘော်သီးပင်၊ ငှက်ပျောပင်တို့နှင့်အတူ မြေကြီးပေါ်တွင် ရေညှိစိမ်းများကိုလည်း တွေ့ရသည်။ ရေကန်ငယ်လေးတစ်ခုတွင် ရွှေငါးများ ရေကူးနေကြသည်။ လိပ်ငယ်လေး တစ်ကောင်ပင် ရှိနေသည်။ အဖေ၏ အိပ်ခန်းထဲတွင် နှစ်ယောက်အိပ်ခုတင်ကြီး တစ်ခုရှိပြီး ဆိုဖာခင်းထားသည်။ အလွန်နူးညံ့သည့် အိပ်ရာခင်းဖြစ်သည်။ အမေ မအိပ်ဖူးသည့် အိပ်ရာမျိုးဖြစ်သည်။ ယိဘင် ဆောင်းရာသီတွင် ဂွမ်းကပ်စောင် တစ်ခုသာ လိုသည်။ ရိုးတွင်းခြင်ဆီအထိ အေးသည့်လေမျိုး မတိုက်ခတ်။ မန်ချူးရီးယားက ဖုန်လုံးကြီးများလည်းမရှိ။ မျက်နှာတွင် ပိတ်ကျဲစ အုပ်စရာမလို။ အသက် ဝဝရှူနိုင်သည့် ဒေသဖြစ်သည်။ ရေတွင်း၌ အဖုံးမရှိ။ ဝါးလုံးတစ်ခုထိပ်တွင် ပုံးတစ်ခုတပ်ထားပြီး မောင်းတက်ဖြင့် အလွယ်တကူ ရေခပ်နိုင်သည်။

ရေတွင်းဘေးက ကျောက်ပြားများတွင် အဝတ် လျှော်ဖွပ်ကြသည်။ ဖုန်မှုန့်မရှိ။ သူ့ဘဝတွင် ပထမဆုံး အကြိမ် ဆန်ထမင်းနှင့် လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များကို နေ့စဉ်စားနိုင် လာသည်။

ယခုမူ အဖေနှင့်အတူ ပျားရည်ဆမ်းခရီးထွက်ရသည်နှင့် တူသည်ဟု အမေ ထင်သည်။ "အချစ်ကို ဦးစားပေးသည်" ဟူ၍ ဝေဖန်မည့်သူမရှိ။ ကွန်မျူနစ်တို့မှာ တိုက်ပွဲများအနိုင်ရသဖြင့် စိတ်အားတက်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။ လင်မယားစုံတွဲများ စနေနေ့တွင်သာ အတူအိပ်ရမည်ဟူ၍လည်း အဖေ၏ ရဲဘော်များက စည်းကမ်းမသတ်မှတ်။

ယိဘင်သည် အခြားမြို့များထက် နှစ်လစောပြီး ကွန်မျူနစ်တို့လက်သို့ ကျသည်။ ၁၉၄၉ ဒီဇင်ဘာ ၁၁ တွင် သိမ်းပိုက်မိသည်။ ထိုနောက် ခြောက်ရက် အကြာတွင် အဖေရောက်သွားသည်။ အဖေ့ကို ယိဘင်ခရိုင်အုပ်ချုပ်ရေးမှူး အဖြစ် ခန့်ထားသည်။ ယိဘင်ခရိုင်တွင် လူဦးရေတစ်သန်းကျော်ရှိပြီး ယိဘင်မြို့တွင် ၁၀၀,၀၀၀ ခန့်ရှိသည်။ သူနှင့်အတူ နန်ကင်းတွင် တော်လှန်ရေးဘက် သို့ဝင်သော ကျောင်းသားတစ်ရာကျော် ပါလာသည်။ သူတို့ကို အလုပ်သမား ရာပေါင်းများစွာက ကြိုဆိုသည်။ ကြယ်များ နေရာအထားမှားနေသော ကွန်မျူနစ် အလံသစ်များကို ဝှေ့ယမ်းကြသူများ ကမ်းလုံးပြည့်ရှိသည်။ ကြွေးကြော်သံများ ဟစ်ကြွေးကြသည်။

အဖေက ယိဘင်စကားဖြင့် နှုတ်ခွန်းဆက်သောခါ သူတို့ ဝမ်းသာသည်။ အဖေသည် ၁၉၂၀ လွန်နှစ်များက ရှစ်မြောင့်ဦးထုပ်ကို ဆောင်းထားသည်။ သူတို့ သင်္ဘောသည် မြို့တစ်ဖက်ကမ်းတွင် ဆိုက်သည်။

ထိုနောက် မြစ်ကိုဖြတ်ကာ မြို့သို့သင်္ဘောဖြင့် ကူးသည်။ မြို့မှ အဖေ ခွာသည်မှာ ဆယ်နှစ်ရှိနေပြီ။ အဖေသည် သူ့မိသားစုကို ချစ်သည်။ အထူးသဖြင့် အငယ်ဆုံးနှမလေးကို ပို၍ချစ်သည်။ ယင်အန်မှနေ၍ သူ၏ ဘဝသစ် အကြောင်း နှမလေးထံ စာရေးခဲ့သည်။ ကူမင်တန်တို့ ယင်အန်ကိုဝိုင်းထားသည့်အခါ အဖေထံမှ စာများမရောက်၊ သတင်းမကြား၊ နန်ကင်းတွင် အဖေနှင့် အမေတို့ ဓာတ်ပုံရိုက်ပြီး ပို့လိုက်သည်ကိုရမှ အဖေ မသေသေးဟု မိသားစု သိကြရသည်။ အဖေ့ကို အမှတ်ရ တိုင်း သူတို့ငိုကြသည်။ ဗုဒ္ဓရှင်တော်ထံ အဖေမသေဘဲပြန်လာပါစေဟု ဆုတောင်းကြ ရသည်။ ဓာတ်ပုံနှင့်အတူ သူ့နာမည်ကို တော်လှန်ရေးကာလအတွင်း ပြောင်းထား သည်ကိုလည်း သိစေသည်။ ယင်အန်တွင် အခြားသူများလိုပင် သူလည်း "ဝမ်ယု" ဟူသော နာမည်ကို ခံယူသည်။ ယိဘင်သို့ ပြန်ရောက်လျှင်ကား "ယု" ကို ထိန်းထားပြီး ချင်ရှိုယုဟု နာမည်ဟောင်းမှ "ချင်" ကိုယ်ပိုင်နာမည်ကို ရှေ့မှထားကာ မှည့်ခေါ်စေသည်။ "ယု" မှာ ကိုယ်ကျိုးစွန့် သူဟု အဓိပ္ပာယ်ရသည်။

လွန်ခဲ့သည့် ဆယ်နှစ်ကမူ အဖေမှာ ဆင်းရဲသည်။ ဝေါ်ပြတ်ပြီး သူများထံမှာ အလုပ်လုပ်ရသည်။ ယခု ဇာတိသို့ ပြန်လာသည့်အခါ အသက်သုံးဆယ်မပြည့်မီ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်လာသည်။ တရုတ်ဓလေ့ထုံးစံတွင် မျှော်လင့်ချက် အိပ်မက် တစ်ခု ထားကြသည်။ တရုတ်လို "ယိ-ကျင်-ဟွမ်-ဇင်း" ဟု ခေါ်သည်။

အခိပ္ပာယ်မှာ ကြီးပွားကာ တစ်ရပ်တစ်ကျေးမှ "ပိုးပဝါခြုံပြီး ဌာနသို့ ပြန်လာသည်" ဟူ၍ ဖြစ်သည်။ မိသားစုမှာ သူ့အတွက် ဂုဏ်တက်သည်။ ဆယ်နှစ်ကြာလျှင် သူဘယ်လို ရုပ်သွင်လဲ သိချင်ကြသည်။ ကွန်မျူနစ်တွေအကြောင်း သတင်းအမျိုးမျိုး သူတို့ကြားရသည်။ အဖေ၏ အမေသည် သား၏ဘဝသစ်ကို များစွာသိမြင်ချင်သည်။

အဖေသည် ဝမ်းသာသဖြင့် ရယ်မောကာ စကားအကျယ်ကြီးပြောသည်။ ထိန်းချုပ်၍ မထား။ ငယ်မူငယ်သွေး ပေါ်လာသည်။ သူ့သားကြီး ပုံစံမပြောင်းဟု သူ့အမေ ဝမ်းသာသည်။ တစ်အိမ်သားလုံး ဝမ်းသာလွန်းသဖြင့် မျက်ရည်ကိုယ်စီ လည်ကြရသည်။ နှမအငယ်ဆုံးမှာ ပို၍မြူးသည်။ ကျစ်ဆံမြီး နှစ်ခုကို မကြာခဏ ကျောဘက်သို့လွှဲကာ ခေါင်းကလေးစောင်းပြီး အလေးအနက်ပြောတတ်သည်။ အဖေသည် ဆီချွမ်သူတို့၏ ချစ်စရာအမူအရာကို အသိအမှတ်ပြုသော အားဖြင့် ပြုံးရွှင်နေသည်။ မြောက်ပိုင်းတွင် နေခဲ့သည့် ဆယ်နှစ်တာဘဝကိုပင် အဖေမေ့သွားသည်။

ပြောစရာတွေ အများကြီးရှိသည်။ ကြားချင်တာတွေအများကြီးရှိသည်။ အဖေ၏ အမေက သားထွက်သွားပြီးနောက် အဖြစ်အပျက်တို့ကို စီကာပတ်ကုံး ပြောပြသည်။ တစ်ခုသူ စိုးရိမ်တာရှိသည်။ ယင်းမှာ ချုံကင်းတွင် ခိုအောင်းစဉ် သူ့ကို ပြုစုသည့် သမီးကြီးကိစ္စဖြစ်သည်။ သမီး၏ ယောကျ်ား သေဆုံးသွားပြီးနောက် လယ်ယာအတော်များများ ကျန်ခဲ့သည်။ သမီးကြီးက လယ်ယာလုပ်သား အနည်း ငယ်ငှားရမ်းကာ လယ်အလုပ်လုပ်ကိုင်သည်။ ကွန်မျူနစ်များ၏ မြေယာပိုင်ဆိုင်မှု ပြုပြင်ပြောင်းလဲရေး အကြောင်း ကောလဟလသတင်းများ ကြားနေရသည်။ ယခု သူ့သမီးကြီးကို မြေရှင်ကြီးအဖြစ် သတ်မှတ်ပြီး သူ့လယ်တွေကို သိမ်းမှာလား အဖွား စိုးရိမ်ပူပန်သည်။ မိန်းမသားတွေသည် စကားကို အလွန်အကျွံ ပြောကြသည်။ အမျိုးမျိုးစွပ်စွဲပြောဆိုသည်။ "သမီးကြီး ဘာဖြစ်မလဲ။ သူဘယ်လို နေထိုင်ရတော့ မှာလဲ။ ကွန်မျူနစ်တွေ ဘာ့ကြောင့် ယခုလို မြေများသိမ်းရသလဲ"

အဖေ စိတ်ထိခိုက်ရသည်။ စိတ်လည်းဆိုးသည်။ သို့ဖြစ်ရာ ပေါက်ကွဲသည်။

"ကျွန်တော် ဒီနေ့ကို အများကြီး မျှော်လင့်ထားခဲ့တယ်။ အောင်ပွဲတွေ ရလာပြီး အမေတို့နဲ့အတူ မျှဝေခံစားမယ်လို့ ကျွန်တော် စိတ်ကူးထားတယ်။ တရားမျှတမှုမရှိဘူးဆိုတာ အတိတ်ကကိစ္စ။ အခုဆိုရင် ပျော်ရမယ့် အချိန်၊ အစိုးရသစ် ကို ထောက်ခံရမယ့် အချိန်။ ဒါပေမယ့် အမေတို့က အစိုးရသစ်ကို မယုံဘူး။ ဝေဖန် တယ်။ အပြစ်ရှာတယ်"

ထိုသို့ပြောကာ ကလေးငယ်တစ်ယောက်လို အဖေငိုသည်။ မိန်းမတွေ အားလုံး ငိုကြသည်။ သူကျသည့် မျက်ရည်မှာ စိတ်ပျက်ခြင်း၊ သူ့ကြိုးပမ်းချက်များ အချည်းနှီးဖြစ်ရခြင်း တို့ကြောင့် ကျသည့်မျက်ရည်မ ျ ား ဖြစ်သည်။ ဆွေမျိုး များအဖို့ကား စိတ်ထဲမှာမရှင်း။ ရှုပ်ထွေးနေသည်။ တက်လာသည့် ကွန်မျူနစ်အစိုးရအပေါ် သံသယ နှင့် စောင့်ကြည့်နေကြသည်။ ဘဝအတွက် ဘာတစ်ခုမျှ သေချာရေရာခြင်း မရှိသေး ဟု ယုံကြည်ကြဆဲဖြစ်သည်။

အဖေ၏ အမေ ကျွန်မအဖွားသည် မြို့ပြင်ဘက်အိမ်ကြီးတစ်ခုတွင် နေသည်။ အိမ်ကြီးအိမ်ကောင်း ဖြစ်ပြီး သူ့ယောက်ျားထားခဲ့သည့် အမွေဖြစ်သည်။ လမ်းနှင့်တံတိုင်းတစ်ခု ခြားထားသည်။ အိမ်ရှေ့ပန်းခြံမှာ ကျယ်သည်။ နောက်ဘက်တွင် ဆောင်းရာသီတွင် သီးသည့် ဆီးပင်များရှိသည်။ ဆီးပွင့်ရနံ့များမှာ ထုံသင်းနေသည်။ ဝါးရုံတောမှာ စိမ်းစိုလှပသည်။ အေးချမ်းသာယာသည့် ပတ်ဝန်းကျင်ဖြစ်သည်။

သန့်ရှင်းသည်။ ပြတင်းများတွင် ဖုန်မှုန့် တစ်စက် မရှိ။ အိမ်ထောင်ပရိဘောဂမှာ ပြောင်လက်နေသည်။ အလွန်လှသည့် ပိတောက်သားဖြင့် ပြုလုပ်ထားသည့် ကုလားထိုင်များ စားပွဲများရှိသည်။ အမေသည် အဖွားအိမ်ကို ပထမအကြိမ် ရောက်သွားပြီး နောက် သဘောကျသည်။

ယခုအချိန်မှာ အရေးကြီးသည့် အချိန်ဖြစ်သည်။ တရုတ်ထုံးစံအရ အိမ်ထောင်တစ်ခုတွင် အိမ်ထောင်ရှင်မအပေါ် ဩဇာအလွှမ်းမိုးဆုံး ပုဂ္ဂိုလ်မှာ ယောက္ခမ မိန်းမသူ ဖြစ်သည်။ ချွေးမသည် ယောက္ခမကို ရိုသေရသည်။ ယောက္ခမက နှိုင်ထက်ကလူ နှိပ်စက်နိုင်သည်။ သို့ဖြစ်ရာ ချွေးမသည် တစ်လှည့် တစ်ကြိမ် ယောက္ခမဖြစ်လာသည့်အခါ သူခံခဲ့ရသည်ကို အမှတ်ရပြီး သူ့ချွေးမကို ဩဇာပေး အုပ်ချုပ်သည်။ ကွန်မျူနစ်တို့က ချွေးမများ ယောက္ခမ၏ နှိုင်ထက်ကလူ နှိပ်စက်မှု အောက်မှ လွတ်မြောက်ရေးကို အလေးထားသည်။ ကွန်မျူနစ် ချွေးမများသည် နဂါး လိုထက်သည်ဟု ကောလဟာလသတင်းများက ဆိုသည်။ ယခုလည်း ကျွန်မ အမေ သည် ဘယ်လိုချွေးမမျိုးလဲဆိုသည်ကို ဆွေမျိုးသားချင်းတစ်စုက စောင့်ကြည့်နေ ကြသည်။

အဖေ၏ ဆွေမျိုးမှာ များသည်။ ထိုနေ့က အဖွားအိမ်မှာ စောင့်နေကြသည်။ အမေကို သူတို့လှေ့လာကြမည်။ တံခါးဝမှ အမေဝင်သွားလျှင် “သူလာ နေပြီ သူလာနေပြီ” ဟူသော တီးတိုးပြောသံကို ကြားရသည်။ ကလေးများ ငြိမ်ငြိမ်နေရန် ပြောပြီး ဟိုး . . . အဝေးမြောက်ပိုင်းမှ ရောက်လာသည့် ထူးဆန်းသော ကွန်မျူနစ် ချွေးမကို စောင့်ကြိုအကဲခတ်နေကြသည်။

အခန်းထဲသို့ အဖေနှင့်အတူ အမေ ဝင်သွားသည့်အခါ အဖွားသည် အခန်း တစ်ဖက်အစွန်း ပိတောက်သားကုလားထိုင်ပေါ်တွင် ထိုင်နေသည်ကို တွေ့ရသည်။ အခန်း၏ တစ်ဖက်တစ်ချက်တွင် ပိတောက်သားကုလားထိုင်များ စီတန်းလျက် နေရာ ယူထားသည်။ အလယ်တွင် စားပွဲတစ်ခုပေါ်၌ ပန်းကရား တစ်ခု ရှိသည်။ အလယ် လမ်းအတိုင်း အမေလျှောက်သွားပြီး အဖွားကိုကြည့် လိုက်သည်။ သူ့ယောက္ခမ၏ မျက်နှာမှာ တည်ငြိမ်သည်။ မေးရိုးကားကားနှင့် ထင်ရှားသည်။ အဖေ၏ မေးရိုးသည် အဖွား၏ အမွေဖြစ်သည်။ မျက်လုံးများ သေးငယ်ပြီး မေးစေ့မှာ ချွန်သည်။ အမေသည် အဖေနှင့်အတူ လျှောက်သွားပြီး အဖွားရှေ့တည့်တည့်တွင် ရပ်သည်။ ထို့နောက် ဒူးထောက်ထိုင်ကာ ဦးသုံးကြိမ်ညွတ်သည်။ ဤသည်မှာ ထုံးစံဖြစ်သည်။ သို့သော်လည်း ကွန်မျူနစ် ချွေးမသည် ထုံးစံကို လိုက်နာပါမည်လား

သံသယရှိနေကြသည်။ ယခုမူ ဆွေမျိုးအားလုံး ဘဝင်ကျသွားပြီး သက်မကိုယ်စီချသည်။ အဖေ၏ နှမများဝမ်းကွဲများသည် အဖွားကြားအောင် တိုးတိုးပြောကြသည်။

"သိပ်ချစ်စရာကောင်းတဲ့ ချွေးမလေးပဲ။ အလွန်သိမ်မွေ့တယ်။ သိပ်လှတယ်။ လူကြီးကို ရိုသေတယ်။ အမေတော့ ချွေးမရ ကံကောင်းတယ်။"

အဖေ၏ မိသားစုမှ အမျိုးသမီးအားလုံးသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်သည်။ နှမတစ်ယောက်ဖြစ်သည့် ယန်ယင်သည် အပျိုဖြစ်ပြီး ဘာသာတရားကို အလွန်ကိုင်းရှိုင်းသူဖြစ်သည်။ အမေ့ကိုခေါ်ကာ ဗုဒ္ဓဆင်းတုအား ရှိခိုးခိုင်းသည်။ ထို့ပြင် မိဘဘိုးဘွားတို့အား အမှတ်တရတည်းထားသည့် ဘုရားဆင်းတုများကို လည်းကောင်း၊ အိမ်နောက်ဘေးရှိ ဆီးပင်များ၊ ဝါးပင်များကိုလည်းကောင်း ရှိခိုးခိုင်းသည်။ သစ်ပင်တိုင်း ပန်းပွင့်တိုင်းတွင် ဝိညာဉ်တစ်ခုရှိသည်ဟု ယန်ယင်ယုံကြည်သည်။ ဝါးပင် ကို ကန်တော့ခိုင်းပြီး ဝါးပွင့်မပွင့်ပါစေနှင့်ဟု ဆုတောင်းခိုင်းသည်။ တရုတ်တို့က ဝါးများအပွင့်ပွင့်လျှင် နိမိတ်မကောင်း၊ ကပ်ဆိုက်မည်ဟု ယုံကြည်ကြသည်။ အမေ အဖို့ကား ရယ်စရာကောင်းသည်။ အဖေတွင် ထိုယုံကြည်မှုများမရှိ။ သို့သော်လည်း အမေက ချော့သည်။ ကွန်မြူနစ်တွေ ဘုရားတရားမရှိဘူး ပြောကြသည်ကို မဟုတ် ကြောင်းပြရန် သူရှိခိုးခြင်းဖြစ်ကြောင်း ပြောပြသည်။ ကူမင်တန်တို့က ကွန်မြူနစ် ဆိုသည် ဓလေ့ထုံးစံများကို မယုံကြည်။ ဖျက်ဆီးလိမ့်မည်ဟု ပြောသည်။ သို့ဖြစ်ရာ ကူမင်တန်တို့ ပြောသလို မဟုတ်ကြောင်း ပြရန်လိုသည်ဟု အမေက ပြောပြသည်။

အဖွားမိသားစုသည် အမေ့အပေါ် ကြင်နာသည်။ အဖွားသည် တွေ့စက ကိန်းခန်းကြီးဟန် ရှိသော်လည်း တကယ်တော့ ပေါ့ပေါ့ပါးပါး နေသူဖြစ်သည်။ ချွေးမကို ဝေဖန်ပြောဆိုလေ့မရှိ။ ဒေါ်လေးယန်ယင်မှာ မျက်နှာဝိုင်းဝိုင်းရှိပြီး ကျောက်ပေါက်မာများရှိသည်။ သို့သော်လည်း သူ့မျက်လုံးတွင် ကြင်နာမှုအပြည့်ရှိသည်။ ဒေါ်လေး နှင့်လည်း တည့်အောင်နေနိုင်သည်။ သူ့ကို ဘာတစ်ခုမျှ အလုပ်လုပ်ခိုင်းခြင်း မရှိ။ အမေမှာ ယောက္ခမအိမ်တွင် ပျော်သည်။ ယန်ယင်သည် ပူပူစပ်စပ် ဆီချွဲမ်ဟင်းများ အချက်ကောင်းသည်။

ဟင်းနာမည်များမှာ ချစ်စရာကောင်းသည်။ "နဂါးကို ကျားဆွဲသည့်ဟင်း" "တော်ဝင်ကိုယ်လုပ်တော် ကြက်သားဟင်း"၊ "ဘဲပူစပ်ဟင်း"၊ "အရဏ်ဦး ရွှေကြက်ဖတွန်သည့်ဟင်း" စသည်တို့ဖြစ်သည်။ အမေသည် ယောက္ခမအိမ်သို့ သွားကာ မိသားစုနှင့်အတူ ထမင်းစားလေ့ရှိသည်။ နွေဦးတွင် ဆီးပင်၊ ဗာဒံပင်၊ မက်မန်းပင် တို့မှ ပန်းရောင် အဖြူရောင်ပန်းပွင့်များ ဝေဝေဆာဆာဖူးပွင့်သည်။ ချင်မိသားစု အိမ်မှာ ပျော်စရာကောင်းသည်။

အမေသည် ယိဘင်ခရိုင်ရုံးပြည်သူ့ရေးရာဌာနတွင် လုပ်ကိုင်ရသည်။ ရုံးတွင်နေရသည်မရှိ။ နယ်ထွက်ရသည်။ နယ်လူထုထမင်းမငတ်အောင် ဆောင်ရွက်ရသည်။ ဤကိစ္စမှာ အစတွင် ခက်ခဲသည်။

တရုတ်ပြည် အနောက်တောင်ပိုင်းသည် ကူမင်တန်တို့၏ နောက်ဆုံး ခြေကုပ်စခန်းဖြစ်သည်။ ၁၉၄၉ ဒီဇင်ဘာတွင် ထိုင်ဝမ်သို့ ချန်ကေရှိတ်ထွက်ပြေးသည့် အခါ ထိုဒေသတွင် ကူမင်တန်စစ်သား နှစ်သိန်းခွဲခန့် ကျန်ရစ်သည်။ ဆီချွမ်သည် ကွန်မျူနစ်တို့ ဩဇာမသက်ရောက်သည့် ပြည်နယ်ဖြစ်သည်။ ကူမင်တန်တပ်များမှာ ဖရိုဖရဲ ထွက်ပြေးနေကြရသော်လည်း လက်နက်ကောင်းရှိသည်။ ဆီချွမ်တောင်ပိုင်းကို သူတို့ ယခုတိုင် ထိန်းသိမ်းထားသည်။ ရိက္ခာများစွာတို့မှာ ကူမင်တန်လိုလားသည့် မြေရှင်များလက်ဝယ်တွင် ရှိနေသည်။ ကွန်မျူနစ်တို့က မြို့များသို့ ရိက္ခာသယ်ဆောင် ကာ သူတို့တပ်များနှင့် လက်နက်ချသော ကူမင်တန်တပ်များကို ကျွေးရသည်။

နယ်များသို့ ဆန်ဝယ်စေလွှတ်ရသည်။ မြေရှင်များစွာတို့တွင် ကိုယ်ပိုင် စစ်တပ်များရှိသည်။ ထိုစစ်တပ်များသည် ကူမင်တန်စစ်သားများနှင့် ပူးပေါင်းသည်။ ယိဘင်သို့ အမေတို့ ရောက်ပြီး မကြာမီ ဆီချွမ်တောင်ပိုင်းတွင် ပုန်ကန်မှုများ ဖြစ်ပွားသည်။ ယိဘင်မှာ ရိက္ခာပြတ်လုနီးပါးအခြေအနေသို့ ဆိုက်ရောက် လာသည်။

ကွန်မျူနစ်တို့က လက်နက်ကိုင်တပ်များ စေလွှတ်ပြီး ရိက္ခာစုဆောင်းသည်။ လူတိုင်းပါဝင်စေသည်။ အစိုးရရုံးများတွင် လူတစ်ယောက်မျှမရှိ။ ယိဘင် ခရိုင်ရုံးတွင် မိန်းမနှစ်ယောက်သာကျန်ရစ်သည်။ တစ်ယောက်မှာ ဧည့်ဝတ်ပြုသူဖြစ်ပြီးနောက် တစ်ယောက်မှာ မွေးစသမီးငယ်ဖြစ်သည်။

အမေသည် ရိက္ခာဝယ်အဖွဲ့နှင့်အတူ ခရီးထွက်ရသည်။ တစ်ခါထွက်လျှင် အတော်ကြာသည်။ တစ်ဖွဲ့တွင် အဖွဲ့ဝင်ဆယ့်သုံးယောက်ပါဝင်သည်။ အရပ်သား ခုနစ်ယောက်နှင့် စစ်သားခြောက်ယောက် တစ်ဖွဲ့ဖြစ်သည်။ အမေ့ပစ္စည်းများမှာ အိပ်ရာလိပ်တစ်ခု ဆန်အိတ်တစ်အိတ်နှင့် အရွက်ကားကား ထီးတစ်ခုဖြစ်သည်။ ကျောမှာ ပိုး၍ သယ်ဆောင်သည်။ တောင်အထပ်ထပ်ကို ဖြတ်ကျော်ရသည်။ အန္တရာယ်များသည်။ ရွာတစ်ရွာရောက်လျှင် အဆင်းရဲဆုံး တဲအိမ်သို့ ဝင်သည်။ ဆင်းရဲသည့် လယ်သမားများနှင့် ပြေပြစ်သင့်တင့်အောင် ဆက်ဆံသည်။ သူတို့လို ဆင်းရဲသော လယ်သမားများကို ကွန်မျူနစ်များက လယ်ယာများဝေခြမ်းပေးမည်ဟု ပြောသည်။ ပြီးတော့ ဘယ်မြေပိုင်ရှင် စပါးတွေ လှောင်ထားသလဲမေးသည်။ လယ်သမားသည် အရာရှိဆိုလျှင် ကြောက်သည်။ အများစုမှာ ကွန်မျူနစ် အကြောင်း ကို မကြားဖူးကြပေ။ ကွန်မျူနစ်များမှာ လူဆိုးများဖြစ်သည်ဟုသာ သူတို့သိသည်။ အမေသည် စကားပြောကောင်းသည်။ ဆွဲဆောင်နိုင်သည့် စွမ်းရည်ရှိသည်။ ကွန်မျူနစ်တို့၏ လယ်ယာမြေဝါဒသစ်ကို ရွှမ်းရွှမ်းဝေအောင် ပြောနိုင်သည်။ စပါးတွေဘယ်မြေပိုင်ရှင်လှောင်ထားသည် သတင်းရလျှင် သွားရောက်ဆွေးနွေးပြီး ရောင်းရန် ပြောရသည်။ အချို့မှာ ကြောက်ပြီး သိသမျှ အကုန်ပြောသည်။ အချို့ကမူ စပါးဝယ် အဖွဲ့ ဘယ်မှာရှိသည်ကို လက်နက်ကိုင်သူပုန်များအား သတင်းပေးသည်။ အမေတို့ အဖွဲ့မှာ မကြာခဏ ပစ်ခတ်ခံရသည်။ ညအခါ သတိနှင့်အိပ်ရသည်။

တစ်နေရာတည်း မအိပ်ရဲ၊ ရွှေ့ပြောင်းပြီး အိပ်ရသည်။

အစဦးတွင် ဆင်းရဲသော လယ်သမားများနှင့် အမေတို့ အတူနေသည်။ သို့သော်လည်း လက်နက်ကိုင်သူပုန်တို့က အမေတို့အဖွဲ့အား ကူညီသူမှန်သမျှကို သတ်ပစ်သည်။ ထိုအခါ သူများဒုက္ခ မရောက်စေချင်သဖြင့် ကွင်းပြင်လယ်မှာ အိပ်သည်။ သို့မဟုတ် လူသူမရှိသော ဘုရားကျောင်းများတွင် အိပ်သည်။

တတိယအကြိမ် ရိက္ခာဝယ်ထွက်သည်တွင် အမေမှာ ခေါင်းမူးလာသည်။ မကြာခဏ ပျို့အန်သည်။ ကိုယ်ဝန်ရှိသည်မှာ သေချာသည်။ ယိဘင်သို့ ပြန်လာသည့် အခါ မောပန်းနွမ်းနယ်လာသည်။ အနားယူဖို့ လိုသည်။ သို့သော်လည်း သူ့အဖွဲ့သည် ချက်ချင်းပင် နောက်တစ်ကြိမ် ခရီးထွက်ဦးမည်။ ကိုယ်ဝန်ရှိနေသော မိန်းမ တစ်ယောက်အနေနှင့် ဘာလုပ်ရမည်လဲ။ လိုက်သွားရမည်လား၊ နေရစ်ခဲ့ရမည်လား ဝေခွဲမရနိုင် ဖြစ်ရသည်။ လိုက်သွားချင်သည်။ ထို အချိန်တွင် ကိုယ်ကျိုးစွန့်ရေးဘက်က အလေးသာနေသည်။ ကိုယ်ဝန်ရှိလို့ မလိုက်နိုင်ပါဟု ပြောရမည်မှာ ရှက်စရာကောင်းသည်။ သို့သော်လည်း လွန်ခဲ့သည့် ငါးလက ကိုယ်ဝန်ပျက်ခဲ့သည်ကို အမေ သတိရ လာသည်။ သည်တစ်ခါ ကိုယ်ဝန်ပျက်လျှင် တောကြီးအလယ် ဘယ်ဆရာဝန်ဆီ သွားရမလဲ။ ယာဉ်ရထားကလည်း မရှိ။ ပြီးတော့ ရိက္ခာဝယ်အဖွဲ့မှာ မကြာခဏ တိုက်ပွဲများ ကြုံရသည်။ ဓားပြများက ပစ်ခတ်သည်။ ပြေးနိုင်ဖို့လိုသည်။ မြန်မြန်ပြေး နိုင်ရမည်။ ယခု သူ ခပ်ပြင်းပြင်း လမ်းလျှောက်လျှင်ပင် မူးဝေလာသည်။

သို့ရာတွင် အမေသည် အဖွဲ့နှင့်အတူ လိုက်ရန် ဆုံးဖြတ်သည်။ အခြား ကိုယ်ဝန်ရှိ နေသော မိန်းမတစ်ယောက်လည်း လိုက်ပါမည်။ တစ်နေ့လယ်ခင်းတွင် အမေတို့အဖွဲ့သည် ခြံဝင်းတစ်ခုထဲတွင် နေ့လယ်စာစားရန် ပြင်ဆင်နေကြသည်။ ပိုင်ရှင်သည် သူတို့ရောက်လာသဖြင့် ထွက်ပြေးသွားသည်။ ရွံ့တံတိုင်းမှာ မလုံခြုံ။ သစ်သားတံခါးသည် လေအဟော့တွင် တကျွီကျွီမြည်နေသည်။ ထမင်းကို မီးဖိုထဲတွင် ချက်နေသည်။ ထိုစဉ်လူလတ်ပိုင်းတစ်ယောက်ဝင်လာပြီး နာမည်ကြီး ဓားရှည်တပ်ဖွဲ့ သည် အမေတို့ဆီ လာနေသည်၊ ကွန်မြူနစ်အရာရှိကြီးများ၏ မိန်းမနှစ်ယောက် ပါလာသည်ကို သိသဖြင့် ဖမ်းဆီးကြလိမ့်မည်ဟု သတင်းပေးသည်။

ထိုသတင်းပေးမှာ ရိုးရိုးလယ်သမား တစ်ယောက်ဖြစ်သည်။ ကူမင်တန်လက်ထက်တွင် ကျေးရွာတစ်အုပ်စုကို အုပ်ချုပ်ရသည့် ရွာသူကြီးဖြစ်သည်။ ဓားပြ အဖွဲ့က သူ့အကူအညီလိုသည်။ ကူမင်တန်နှင့် မြေရှင်တို့ကိုလည်း ထိုသူကြီး ကူညီခဲ့သည်။ ကွန်မြူနစ်အဖွဲ့ကို ထွက်ပြေးကြရန် သူပြောသည်။

အဖွဲ့လည်း ချက်ချင်းလွတ်ရာသို့ ထွက်ပြေးကြသည်။ အမေနှင့် အခြား ကိုယ်ဝန်ဆောင် အမျိုးသမီးတို့မှာ မြန်မြန်မပြေးနိုင်။ သို့ဖြစ်ရာ သူကြီးက အနီးအနားရှိ ကောက်ရိုးပုံထဲတွင် ဝင်၍ ပုန်းရန် ညွှန်ပြသည်။ ထမင်းချက်သည် ထမင်းပူပူကို မသယ်နိုင်သဖြင့် အိုးထဲရေလောင်းထည့်ကာ သယ်ယူသည်။

စစ်သားနှစ်ယောက်က သူ့ကို ကူညီရန် စောင့်နေရစ်သည်။ ထိုနောက် သူတို့ သုံးယောက် နောက်ဖေးပေါက်မှ ထွက်ပြေးကြသည်။ ခားပြများက အိမ်ရှေ့ပေါက်မှဝင်လာပြီး အတန်ငယ်လိုက်လျှင် သူတို့ကို ဖမ်းမိသည်။ သူတို့သုံးယောက်ကို ခားနှင့်ထိုးကာ သတ်ပစ်လိုက်သည်။ ကျည်ဆန်လုံလုံလောက် လောက်မရှိသဖြင့် သက်စရာရှိလျှင် ခားကို အသုံးပြုသည်။ ကောက်ရိုးပုံတွင် ပုန်းနေသော အမေနှင့်သူ့အဖော်ကိုကား သူတို့ မတွေ့။

မကြာမီပင် ခားပြအဖွဲ့ကို မိသည်။ သူတို့နှင့်အတူ သူကြီးလည်းပါလာသည်။ သူကြီးသည် ခားမြအဖွဲ့ခေါင်းဆောင်ဖြစ်သည်။ သူ့ကို သေဒဏ်ပေးထိုက်သည်။ သို့သော်လည်း သူက အဖွဲ့အား ထွက်ပြေးရန် သတင်းပေးပြီး အမေတို့မိန်းမ သားနှစ်ယောက်ကို ဝှက်ပေးသည်။ ထိုအချိန်က သေဒဏ်ကို အဖွဲ့ဝင်သုံးဦးပါသည့် ခုံရုံးအဖွဲ့က ဆုံးဖြတ်သည်။ ထိုခုံရုံးအဖွဲ့၏ ခေါင်းဆောင်မှာ အဖေဖြစ်သည်။ ဒုတိယ အဖွဲ့ဝင်မှာ တခြားကိုယ်ဝန်ဆောင် မိန်းမ၏ ယောကျ်ားဖြစ်ပြီး တတိယအဖွဲ့ဝင်မှာ ဒေသခံပုလိပ်အဖွဲ့ အကြီးအကဲဖြစ်သည်။

ခုံရုံးသည် နှစ်မဲတစ်မဲကွဲနေသည်။ ကိုယ်ဝန်ဆောင်မိန်းမ၏ ယောကျ်ားက သူကြီးကို သေဒဏ်မပေးချင်။ အဖေနှင့် ပုလိပ်အကြီးအကဲက သေဒဏ်အမိန့်ကို အတည်ပြုသည်။ အမေက သူကြီးကို မသတ်ရန် ခုံရုံးသို့ အသနားခံသည်။ အဖေကား ဖျောင်းဖျ၍မရ။ ခေါင်းမာသည်။ အဖွဲ့၏အကြောင်း သတင်းပေးသူမှာ သူကြီး ကိုယ်တိုင်ဖြစ်သည်။ အရေးကြီးသောကွန်မျူနစ် အရာရှိနှစ်ဦး၏ ဇနီးများ ပါနေသည်ကို သိသောကြောင့် ဖြစ်သည်၊ သူ့လက်မှာ သွေးစွန်းနေပြီ ဟု အဖေက ပြောသည်။ တခြားကိုယ်ဝန်ဆောင်၏ ယောကျ်ားက သဘောမတူ။ အဖေသည် စားပွဲကို လက်ဖြင့် ဝုန်းခနဲပုတ်ကာ

“တို့ မသက်ညှာနိုင်ဘူး။ ကိုယ့်မိန်းမတွေပါနေလို့ ပိုပြီး သက်ညှာဖို့ မဖြစ်နိုင်ဘူး။ သက်ညှာလိုက်ရင် ကိုယ်ကျိုးကြည့်ရာရောက်မယ်။ ဒီလိုဆိုရင် တရုတ်ပြည် အသစ်နဲ့ တရုတ်ပြည်ဟောင်း ဘာခြားနားတော့မှာလဲ။”

ဟု ပြောကာ သူကြီးကို သေဒဏ်အတည်ပြုသည်။

အမေသည် အဖေ့ကို ခွင့်မလွှတ်နိုင်။ သူကြီးမသေထိုက်ဟု အမေ သဘောရသည်။ လူများစွာ၏ အသက်ကို သူကယ်ခဲ့သည်။ အထူးသဖြင့် အဖေမှာ ကျေးဇူးရှိသည်။ အဖေသည် သူ့ကို တန်ဖိုးမထားဟု အမေထင်သည်။ တခြားခုံရုံး အဖွဲ့ဝင်က သူ့မိန်းမကို ကယ်ခဲ့သဖြင့် သူကြီးကို သေဒဏ်မပေးချင်။

ခုံရုံးဆုံးဖြတ်ချက်ပြီးသည့်နောက် အမေတို့အဖွဲ့ ရိက္ခာဝယ်ထွက်ရသည်။ အမေမှာ နေမကောင်း။ မကြာခဏ အန်သည်။ အားမရှိ။ မောပန်းသည်။ ဗိုက်ထဲက နာသည်။ ကောက်ရိုးပုံသို့ အမောတကော ပြေးရပြီးနောက်ပိုင်း ဗိုက်နာသည်မှာ ပို၍ဆိုးလာသည်။ တခြားကိုယ်ဝန်ဆောင်၏ ယောကျ်ားကမူ သူ့မိန်းမကို သည်တစ်ခေါက် မထည့်နိုင်။

“ကိုယ်ဝန်ရှိတဲ့ ကျွန်တော့်မိန်းမကို စောင့်ရှောက်ရမယ်။ တခြားကိုယ်ဝန်

ရှိတဲ့ မိန်းမတွေလည်း မလိုက်သင့်ဘူး။ အန္တရာယ်များတယ်”

ဟု ပြတ်ပြတ်သားသား ပြောသည်။ သို့သော်လည်း အမေ၏ အကြီးအကဲ မစ္စစ်မီက အပြင်းအထန် ကန့်ကွက်သည်။ သူသည် လယ်သမားမှ ပြောက်ကျား ခေါင်းဆောင်ဖြစ်လာသူတည်း။

လယ်သမားမိန်းမတစ်ယောက်သည် ကိုယ်ဝန်ရှိသော် လည်း အနားမယူ။ မွေးဖွားသည်အထိ အလုပ်လုပ်သည်။ အချို့မှာ လယ်ထဲတွင် မီးဖွားပြီး တံစဉ်ဖြင့် အချင်းကိုဖြတ်သည်။ ထိုကဲ့သို့သော ပုံပြင်ပေါင်း များစွာရှိသည်။ မစ္စစ်မီကိုယ်တိုင် တိုက်ပွဲအတွင်း စစ်မြေပြင်၌ ကလေးမွေးခဲ့သည်။ ကလေးငိုသံ ကြားလျှင် တပ်ဖွဲ့တစ်ခုလုံး ဒုက္ခရောက်မည်စိုးဖြင့် ကလေးကို စစ်မြေပြင်မှာ စွန့်ပစ်ခဲ့သည်။ ထိုသို့ ကိုယ်တိုင် ကြုံရပြီးနောက် အခြားမိန်းမများကိုလည်း သူ့နမူနာယူစေချင်သည်။ အမေ့ကို ခရီးထွက်ရမည် သူပြောသည်။ သူ့အကြောင်းပြချက်မှာ ထိရောက်သည်။ ထိုအချိန်က “အထက်တန်း” အရာရှိများကလွဲလျှင် မည်သည့်ပါတီဝင် ကိုမျှ လက်ထပ်ခွင့် မပြု။ လက်ထပ်ခွင့်ရသည့် အရာရှိမှာ “၂၈-၇-တပ်ရင်းမှူး-၁” နှင့် ညီညွတ်ရသည်။ ဆိုလိုသည်မှာ ယောကျ်ားက အသက် ၂၈ နှစ်၊ ပါတီဝင်ကာလ ၇ နှစ်၊ တပ်ရင်းမှူးအဆင့်ရှိရသည်။ ယူမည့်မိန်းမက ပါတီအတွက် တစ်နှစ်တာဝန် ထမ်းဆောင်ဖူးရမည်။ သို့ဖြစ်ရာ ကိုယ်ဝန်ရှိသည့် အမျိုးသမီးသည် အထက်အရာရှိ များ၏ ဇနီးများသာ ဖြစ်နိုင်သည်။ သူတို့က တာဝန်ကို ငြင်းလျှင် အခြားသူများကို ပါတီကမည်သို့ ဆွဲဆောင်ရမည်လဲ။ အဖေက သူ့အကြောင်းပြချက်ကို ထောက်ခံသည်။ အမေ ခရီးထွက်ရမည်ဟု သူပြောသည်။

နောက်တစ်ကြိမ် ကိုယ်ဝန်ပျက်ကျမည် စိုးရိမ်သော်လည်း ခရီးထွက်ရန်အမေ ဆုံးဖြတ်သည်။ အသေခံရန် အသင့်ရှိသော်လည်း ခရီး မထွက်သင့်ဟု အဖေ အား သူ့ဘက်က ရပ်စေချင်သည်။ သူ့အတွက် အဖေ စိုးရိမ်ကြောင်း ပြစေချင်သည်။ သို့သော်လည်း အဖေ မပြ။ အဖေ၏ ပထမဆုံး သစ္စာရှိမှုမှာ တော်လှန်ရေးအပေါ် ဖြစ်သည်။ သို့ဖြစ်၍ အမေ စိတ်မချမ်းမသာဖြစ်ရသည်။

သည်တစ်ကြိမ်ခရီးထွက်သည့်အခါ တောင်များဖြတ်ကျော်ရသည်။ နာကျင်သည်။ မောပန်းသည်။ အားကုန်သည်။ ချုံခိုတိုက်ပွဲများပြင်းထန်သည်။ အခြား အဖွဲ့ဝင်များကို ဓားပြများက နှိပ်စက်သတ်ဖြတ်သည့် သတင်းများ နေ့တိုင်းလိုလို ကြားရသည်။ အထူးသဖြင့် မိန်းမများကို သူတို့နှိပ်စက် သတ်ဖြတ်ချင်ကြသည်။ တစ်နေ့တွင် အဖေ့တူမတစ်ယောက်၏ အလောင်းကို မြို့တံခါးပြင်ဘက်တွင် စွန့်ပစ် သွားသည်ကို တွေ့ရသည်။ သူ့ကို အဓမ္မကျင့်ပြီး မိန်းမကိုယ်ကို ဓားဖြင့်လှီးဖြတ် ထားသည်။ ဓားပြဂိုဏ်းက အခြားမိန်းမပျို တစ်ယောက်ကို တိုက်ပွဲတွင် ဖမ်းဆီးမိသည်။ သူတို့ကို ကွန်မြူနစ်တပ်ဖွဲ့က ဝိုင်းထားသည်။ ထိုအခါ ဓားပြများက မိန်းမပျိုကို ကြိုးတုပ်ပြီး ဓားပြများအား ထွက်ပြေးခွင့်ပြုပါဟု အော်ပြောခိုင်းသည်။ သို့သော်လည်း မိန်းမပျိုက “ကိစ္စမရှိဘူး။

ကျွန်မအတွက် မစိုးရိမ်နဲ့။ တိုက်စရာရှိရင်တိုက်ကြ” ဟု အော်ပြောသည်။ ခေးပြများက သူ့အသားများကို လှီးဖြတ်၍ သတ်သည်။ ထိုကဲ့သို့သော ဖြစ်ရပ်များ ကြုံလာရသည့်အခါ ရိက္ခာဝယ်ယူရေးခရီးများတွင် အမျိုးသမီး များ လိုက်ပါခွင့်မပြုတော့ဟု ဆုံးဖြတ်သည်။

ထိုအခိုက် ကျင်ကျို့တွင် ရှိနေသော အဖွားသည် သူ့သမီးအတွက် စိုးရိမ်ပူပန်လျက်ရှိသည်။ ယိဘင်သို့ ချောချောမောမောရောက်ပြီဟူသော စာရသည့်အခါ သမီးနောက်သို့ လိုက်ရန်ဆုံးဖြတ်သည်။ သမီးအခြေအနေ ဘယ်လိုလဲ သူ သိချင်သည်။ ကိုယ်တိုင်မြင်ရမှ ကျေနပ်နိုင်မည်။ ၁၉၅၀ မတ်လတွင် အဖွားသည် တရုတ် ပြည်ကြီးကို အလျားလိုက်ဖြတ်ကာ တစ်ကိုယ် တော်ခရီးရှည်ချီတက်ပွဲ စတင်သည်။

တရုတ်ပြည်ကြီး၏ အခြားဒေသများအကြောင်းကို အဖွား မသိ။ ဆီချွမ်ဆိုသည် တော်တောင်ထူထပ်ပြီး အဆက်အသွယ်ပြတ်သော ဒေသဖြစ်သည် လူသုံးပစ္စည်းများ ပြတ်လပ်သည်ဟု သူထင်သည်။ သို့ဖြစ်ရာ သူနှင့်အတူ သမီးအတွက် နေ့စဉ်စားသုံးသည့် ပစ္စည်းများသယ်ယူရန် စိတ်ကူးရှိသည်။ သို့သော်လည်း တိုင်းပြည် မှာ မငြိမ်သက်။ တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။ သူသွားမည့်ခရီးလမ်းမှာ မပြေပြစ်။ သို့ဖြစ်ရာ ကိုယ့်ပစ္စည်းကိုယ်သယ်ဆောင်ရမည်ကို အဖွား သဘောပေါက် နားလည်သည်။ ခရီးလမ်းတွင် ခြေကျင်လျှောက်ရမည့်ခရီးမှာ ပို၍များသည်ကို သူသိသည်။ သူ့ခြေမှာ စည်းထားရာ မလွယ်ကူ။ နောက်ဆုံးတွင် သူသယ်နိုင်သမျှ အထုပ်အပိုးသေးသေးလေးကို ယူသွားမည်ဟု ဆုံးဖြတ်သည်။

ဒေါက်တာရှီယာနှင့် လက်ထပ်လိုက်ကတည်းက အဖွား၏ ခြေထောက်မှာ ကြီးထွားလာသည်။ မန်ချူးထုံးစံတွင် မိန်းမများ ခြေစည်းသည့်အစဉ်အလာမရှိ။ သို့ဖြစ်ရာ အဖွားသည် ခြေစည်းသည့်အဝတ်ကို ဖြေသည်။ ထိုအခါ သူ့ခြေထောက်မှာ တဖြည်းဖြည်းကြီးလာသည်။ သို့သော်လည်း နဂိုနေသို့ကား မရောက်။ ဤသို့ ခြေစည်း ဖြေရသည်မှာလည်း စည်းခါစလိုပင် အလွန်နာသည်။ ကျိုးသွားသော အရိုးများကို ပြန်လည်ပြုပြင်၍ မရ။ ရှုံ့တွကာ လမ်းလျှောက်လျှင် ခြေလှမ်းမမှန်။ ယိမ်းယိုင်သည်။ ခြေချောင်းများအကြား ဂွမ်းများထည့်ပြီး ဖိနပ်ကိုစီးသည်။

ကျင်ကျို့မှ မထွက်မီ လင်ရှောက်ရှီယာက အဖွားကိုင်ဆောင်ရန် လက်မှတ်တစ်စောင်လာ၍ ပေးသည်။ လင်ရှောက်ရှီယာသည် သမီးမင်္ဂလာဆောင်သို့ သူ့ကိုလာ၍ ခေါ်သူဖြစ်သည်။ စာတွင် ယခုလက်မှတ်ကိုင်ဆောင်ထားသူသည် တော်လှန်ရေးသမားတစ်ယောက်၏ အမေဖြစ်သည်ဟု ရေးထားသည်။ ဤထောက်ခံစာကြောင့် လမ်းတစ်လျှောက်ရှိ ပါတီအဖွဲ့အစည်းများက အဖွားကို စားစရာ တည်းခိုစရာပေးသည်။ ငွေကြေးလည်းထောက်ပံ့သည်။ အဖွားသည် အဖေအမေတို့သွားသည့် လမ်းအတိုင်းသွားသည်။ မီးရထား စီးသည်။ တစ်ခါတစ်ရံ

ထရပ်ကား ပက်လက်ပေါ်လိုက်ပါသွားရသည်။ ပို့ဆောင်သည့်ယာဉ်မသွားသောနေရာတွင် ခြေကျင်လျှောက်ရသည်။ ကားပေါ်တွင် ကွန်မျူနစ်မိသားစုများ ပါသည့်အခါ ပါသည်။ ကလေးများ အပေါ့အပါးသွားရန်ခဏတစ်ဖြုတ်ရပ်သည့်အခါရပ်သည်။ ထိုအခါမျိုး တွင် ခေးပြများက ပစ်ခတ်သဖြင့် ကျည်ဆန်များခေါင်းပေါ်က ဖြတ်ပြေးသည်။ အတူ ပါလာသည့် အစောင့်များက ပြန်လည်ပစ်ခတ်သည်။ ခေးပြဆိုသူများမှာ ကူမင်တန် အကြွင်းအကျန်များ ဖြစ်သည်။ အဖွားမှာ ဘေးရန်ကင်းသည်။ သို့သော်လည်း ကလေးအများအပြားနှင့် အစောင့်စစ်သားအချို့ သေဆုံးသည်။

ဝူဟန်ရောက်လျှင် ခရီးသုံးပုံနှစ်ပုံ ဖြတ်ကျော်ခဲ့ပြီ။ ဝူဟန်ကား တရုတ်ပြည်အလယ်ပိုင်းရှိ မြို့ကြီးတစ်မြို့ဖြစ်သည်။ ထိုမှခရီးဆက်သည့်အခါ ယန်စီမြစ်အတိုင်း မော်တော်လေးများဖြင့် သွားရသည်။ ထိုခရီးမှာ မလုံခြုံ။ ခေးပြ တိုက်သည်။ ဝူဟန်တွင် တစ်လစောင့်ရသည်။ လမ်းခရီးသာယာမှ သင်္ဘော ဖြင့်ထွက်ခဲ့ကြသည်။ သို့တိုင်အောင် လမ်းတွင် အပစ်အခတ်များရှိသည်။ သင်္ဘောဆိုသော်လည်း ရှေးကလှေများ သမ္ဗန်များလို ဝမ်းပြားဖြစ်ပြီး အကာအရံ မရှိ။ အစောင့်များက ဘေးတစ်ဖက် တစ်ချက်တွင် အကာအရံများပြုလုပ်ပြီး သဲအိတ်များကို လေးပေအမြင့်အထိဆင့်ကာ ချထားသည်။ သူတို့ဘက်က ပြန်၍ ပစ်နိုင်ရန် အပေါက်သေးသေးများ ချန်ထားသည်။

သင်္ဘောလေးမှာ ရေပေါ်ခံတပ်တစ်ခုနှင့်တူသည်။ ခေးပြများက ပစ်ခတ်လျှင် ရေယာဉ်မှူးက စက်ကုန်ဖွင့်ကာ အပြေးမောင်းသည်။ အဖွားသည် အောက်တွင်ဝပ် နေရသည်။ အပစ်အခတ် စဲသွားမှ ခေါင်းဖော်ရဲသည်။

ယိချင်တွင် လှေငယ်လေးသို့ ပြောင်း၍ စီးရသည်။ သူတို့လှေသည် ယန်စီကျောက်ကမ်းပါးများကို ဖြတ်သည်။ မေလတွင် သူတို့၏ လှေသည် ယိဘင်နားနီးလာသည်။ လှေ၏ အမိုးမှာ ထန်းရွက်များဖြစ်သည်။ သူတို့သည် ကြည်လင်သည့် မြစ် ကြောင်းအတိုင်း အထက်သို့ ဆန်ကြသည်။ လေပြည်နှင့်အတူ သင်းပျံ့သည့် လိမ္မော် ပွင့်ရနံ့များပါလာသည်။

ရေဆန်ခရီးတွင် လှေထိုးသားတစ်ဒါဇင်ခန့်က လှော်တက်များဖြင့် လှော်ခတ်ရသည်။ လှေလှော်ရင်း ဆီချွမ်ရိုးရာအော်ပရာတေးဂီတကို သီဆိုကြသည်။ ဖြတ်သန်းသွားသည့် ရွာများ၊ တောင်ကုန်းများ၊ ဝါးရုံစောင့်နတ်များ အကြောင်းလည်း လက်တန်းဖွဲ့ဆိုကြသည်။ သူတို့ စိတ်ထဲတွင် ဖြစ်ပေါ်လာသည့် စိတ်ထားများကိုလည်း ဖွဲ့ဆိုကြသည်။ ခရီးသည်အမျိုးသမီးတစ်ယောက်ကို စောင်းမြောင်းကာ အချစ်ဘွဲ့များ သီကျူးကြသည်ကို အဖွားသိသည်။ အဖွားလည်း ပျော်လာသည်။ သူတို့မျက်လုံးများမှာ ချစ်ရည်များ ရွှန်းလဲ့နေသည်။ ဆီချွမ်စကားကို အဖွား နားမလည်။ သို့သော်လည်း ခရီးသည်များ တခစ်ခစ်ရယ်သည်ကို ကြည့်ကာ သူတို့ဘာအကြောင်း သီဆိုနေသည်ကို အဖွား နားလည်သည်။ ဆီချွမ်စရိုက်ကို အမေကြားဖူးသည်။ ဆီချွမ် ဟင်းလျာကိုပင် ပြောင်ချော်ချော်

ပူစပ်စပ်ဖြစ်သည်ထင်သည်။ အဖွား ပျော်လာသည်။ ထိုအချိန်တွင် အမေမှာ သေတွင်းမှ အကြိမ်ကြိမ်လွတ်မြောက်လာသည်ကို အဖွား မသိ။ ကိုယ်ဝန်ပျက်ကျသည်ကိုလည်း အမေက အဖွားအား အသိမပေး။

မေလလယ်တွင် ယိဘင်သို့ အဖွားရောက်သည်။ ခရီးတစ်ခုလုံး နှစ်လ ကျော်ကြာသည်။ အမေ ဝမ်းသာသည်။ အဖေကမူ မနှစ်သက်။ ဝမ်းမသာ။ ယိဘင်တွင် သူတို့လင်မယား ပထမဆုံးအကြိမ် လွတ်လွတ်လပ်လပ်နေခြင်း ဖြစ်သည်။ အိမ်ထောင်ဟူ၍ အခြေတကျဖြစ်ခါနီးနေပြီ။ ယောက္ခမထံမှ ထွက်ပြေးလာခဲ့ရာ ယခု သူ့သမီးဆီ လိုက်လာပြန်သည်။ သမီးနှင့်အမေ မိုင်တစ်ထောင်ဝေးသွားပြီ သူထင်ခဲ့သည်။ သမီးနှင့်အမေအကြား ချည်နှောင်ထားသည့် မေတ္တာသည် သူ့အတွက် အဟန့် အတားတစ်ခုဖြစ်သည် သူထင်သည်။

အဖွားသည် အဖေ့ကို မကျေနပ်။ ဓားပြများ ပိုမိုသောင်းကျန်းလာရာ သူတို့သည် စစ်သားလိုနေ စစ်သားလိုစားရသည့် အခြေအနေပြန်ရောက်လာသည်။ အဖေနှင့်အမေ တစ်လမ်းစီသွားနေလေရာ အဖေနှင့် အိပ်ရသည် ဟူ၍ပင်မရှိ။

အဖေသည် တစ်ချိန်လုံး တောနယ်များကို ခရီးလှည့်နေသည်။ ရိက္ခာအခြေအနေ လေ့လာသည်။ လယ်သမားများ၏ စကားများကို နားထောင် လေ့လာသည်။ ပြဿနာ အရပ်ရပ်ကို ဖြေရှင်းပေးသည်။ အထူးသဖြင့် ရိက္ခာအခြေအနေကို တတ်နိုင်သမျှ ဖြေရှင်းပေးသည်။ ယိဘင်တွင် နေလျှင်လည်း အဖေသည် ရုံးတွင် ညဉ့်နက်သန်းခေါင် အထိ အလုပ်လုပ်နေသည်။ အဖေနှင့် အမေ မျက်နှာချင်းမဆိုင်ဖြစ်သည်မှာ ကြာပြီ၊ သည်လိုနှင့် သူတို့နှစ်ယောက် အနေဝေးလာသည်။

အဖွားရောက်လာသည့်အခါ အနာဟောင်းများ ပြန်ထလာသည်။ အဖွားကို အိမ်ခန်းတစ်ခန်း ပေးထားသည်။ အရာရှိများမှာ ပါတီက ပေးသည့် စရိတ်ဖြင့် ဖြစ်သလိုနေထိုင်စားသောက်ကြရသည်။ သူတို့မှာ လခဟူ၍မရှိ။ မရ။ နေစရာအိမ်၊ စားစရာအစာ၊ ဝတ်စရာ အဝတ်တို့ပေးသည်။ နေ့စဉ် လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးသည်။ ပြီးတော့ စစ်တပ်ထဲမှာလို အသေးသုံး လက်ဖက်ရည်ဖိုးရသည်။ လူတိုင်း ဘုံရိပ်သာမှာ စားရသည်။ အစာမှာ နည်းသည်။ စားလို့မကောင်း။ ကိုယ့်အိမ်မှာ ကိုယ်ချက်မစားရ။ အခြားတစ်ဖက်တစ်လမ်းမှ ဝင်ငွေရနေသည်တိုင် မီးဖိုမတည် ထောင်ရ။

အဖွားသည် သူပိုင် လက်ဝက်လက်စားအချို့ကို ထုခွဲရောင်းချပြီး ဈေးမှာ စားစရာများဝယ်သည်။ အမေ့ကို ကောင်းကောင်းချက်ပြုတ်ကျွေးသည်။ ကိုယ်ဝန်ဆောင်စဉ် ကောင်းကောင်းစားရမည်ဟု အဖွား ပြောသည်။ သို့သော်လည်း မစ္စစ်မီမှတစ်ဆင့် အတိုင်အတောများတက်လာသည်။ အမေသည် ခနရှင်ပေါက်စ ဖြစ်လာသည်။ အခွင့်ထူးခံကာ စားသောက်နေသည်။ အလွန်အဖိုးတန်သည့် မီးထင်းကို အသုံးပြုကာ ချက်ပြုတ်စားသည်။ ထင်းသည် ဆန်လိုပင်ရှားသည်။ တောမှလာရောင်းသည်ကို ဝယ်ရသည်။ တစ်ဖန် အမေ့ကို အဖွားက အလိုလိုက်လွန်းသည်

ဟူ၍လည်း ဝေဖန်သည်။ သူ့ အမေရှိနေသဖြင့် ပါတီက ပညာပေး၍မဖြစ်နိုင်။ အဖွားက ကန့်လန့်ခံနေသည်။ အဖေက ပါတီအဖွဲ့အစည်းသို့ သူ့ကိုယ်သူ ဝေဖန်ရေး လုပ်သည်။ ထိုနောက် အိမ်တွင် ချက်ပြုတ်မစားရဟု အဖွားကို ချုပ်ချယ်သည်။ အမေ မကျေနပ်။ အဖွားလည်း စိတ်ရှုပ်သည်။

"ရှင် တစ်ခါတစ်လေများ ကျွန်မဘက်က ရပ်ပါဦးလား။ ကျွန်မ ဗိုက်ထဲက ကလေးဟာ ရှင့်ကလေးပဲမဟုတ်လား။ ကလေးအာဟာရဖြစ်ဖို့ လိုတယ်"

ဟု အမေက ပြောသည်။ ထိုအခါ အဖေက တစ်ထစ် လျှော့ပေးသည်။ တစ်ပတ်နှစ်ကြိမ် အဖွား ထမင်းဟင်းချက်နိုင်သည်။ သည့်ထက်မပိုစေရ။ ယင်းသည်ပင် စည်းကမ်းဖောက်ခြင်းဖြစ်သည်ဟူ၍လည်း ပြောသည်။

အဖွားသည် အရေးကြီးသည့် စည်းကမ်းတစ်ခုကို ချိုးဖောက်သလို ဖြစ်နေသည်။ အရာရှိအချို့သာ သူတို့မိဘများကို အိမ်မှာခေါ်ထားပြီး အတူနေနိုင်သည်။ အမေသည် ထိုစာရင်းထဲမပါ။ ထို့ကြောင့် သူ့အမေဖြစ်သည့် အဖွားကို အိမ်မှာ ခေါ်မထားနိုင်။ အရာရှိများသည် လခမရကြ။ နိုင်ငံတော်က သူတို့အား မှီခိုနေသူများ ကိုပါ ထောက်ပံ့သည်။ ယခုမူ မှီခိုသူဦးရေလျှော့ချချင်သည်။ အဖေသည် အရာရှိကြီး ဖြစ်သော်လည်း သူ့အမေကို အိမ်မှာ ခေါ်မထား။ ဒေါ်လေးယန်ယင်က အဖေ့အမေ ကို ကြည့်ရှုစောင့်ရှောက် နေသည်။ အမေက-"အဖွားအတွက် နိုင်ငံတော်မှာ ဝန်လေး စရာမလို။ သူ့တွင် ရွှေငွေဥစ္စာပစ္စည်းများ ရှိသည်။ ယင်းတို့ကို ထုခွဲကာ စားသောက် နိုင်သည်ဟု ထောက်ပြသည်။ တစ်ဖန် ဒေါ်လေးယန်ယင်က သူနှင့်အတူနေရန် ဖိတ်ခေါ်ထားသည်။ မစ္စစ်မီကမူ အဖွားသည် ထိုအိမ်မှာလည်းမနေသင့်၊ အကောင်းဆုံးမှာ မန်ချူးရီးယားသို့ ပြန်သွားခြင်းပင်ဖြစ်သည်ဟု ဆိုသည်။ ထိုအဆိုပြုချက်ကို အဖေ သဘောတူသည်။

အမေသည် အဖေနှင့် အပြင်းအထန် ဆွေးနွေးသည်။ သို့သော်လည်း အဖေက အလျှော့မပေး။ စည်းကမ်းသည် စည်းကမ်းသာဖြစ်သည်။ လိုက်နာရမည်။ ခေတ်ဟောင်းတုန်းက အာဏာရှိသူများသည် စည်းကမ်းအထက်က နေထိုင်ခဲ့ကြသည်။ ကွန်မြူနစ်တော်လှန်ရေးသည် ခေတ်ဟောင်းကို ပြင်ရန်ဖြစ်သည်။ အရာရှိ များသည် စည်းကမ်းလိုက်နာဖို့လိုသည်ဟု ပြောသည်။ အမေမှာ မျက်ရည်စက်လက် ဖြစ်ရသည်။ သည်တစ်ကြိမ်လည်း ကိုယ်ဝန်ပျက်မှာ စိုးရိမ်မိသည်။ အဖေသည် အမေ မွေးဖွားပြီးသည်အထိ အဖွားကို အတူနေခွင့် ပြုသင့်သည်။ သို့သော် အဖေခွင့် မပြု။ အသေးအဖွဲလေးကစပြီး ပြုပြင်ရမည်။ ယခုလို အဂတိလိုက်စားမည်ဆိုလျှင် တော်လှန်ရေးအောင်နိုင်မည်မဟုတ်ဟု ပြောသည်။ အမေ သူ့ကိုပြိုင်ပြီး မပြောနိုင်။ အဖေ့တွင် ခံစားချက်ဘာမျှမရှိ ဟု အမေထင်သည်။ ငါ့ဘက်က မရပ်ဘူး၊ ငါ့ကို သူမချစ်ဘူးဟု အမေ ခံစားရသည်။

အဖွား မန်ချူးရီးယားသို့ ပြန်ရမည်။ သည်ကိစ္စနှင့် ပတ်သက်၍ကား အဖေ့ကို အမေ ခွင့်မလွှတ်နိုင်။ အဖွားနှင့် တစ်လကျော်ကျော်လေး အတူနေရသည်။

အသက်စွန့်ပြီး တရုတ်ပြည်ကြီးကို နှစ်လကျော်ကျော် ဖြတ်သန်းလာခဲ့ရသည်။ ယိဘင်ရှိ ဆေးရုံများကို အဖွားစိတ်မချ။ သူ့သမီး ကိုယ်ဝန်ပျက်နိုင်သည်။ မပြန်မီ အဖွားသည် ဒေါ်လေးယန်ယင်ကို တွေ့သည်။ သူ့သမီးကို ယန်ယင်လက်အပ်ခဲ့ပါရစေ ပြောသည်။ ဒေါ်လေးလည်း စိတ်မကောင်း။ အမေ မွေးပြီးသည်အထိ နေစေချင်သည်။ သူ့အစ်ကိုထံသွားပြီး တောင်းပန်သည်။ သို့သော်လည်း အဖေကအလျှော့မပေး။

အမေမှာ စိတ်လေးလံစွာနှင့် အဖွားကို မြစ်ဆိပ်သို့လိုက်၍ပို့သည်။ မျက်ရည်ကို ထိန်းသိမ်း၍မရ။ အဖွားသည် လှေငယ်လေးဖြင့် ယန်စီမြစ်အတိုင်း စုန်ဆင်းကာ မန်ချူးရီးယားသို့ ပြန်ရတော့မည်။ ခရီးလမ်းပန်း မချောမွေ့။ မြစ်ကမ်းပါး တွင်ရပ်ကာ လက်ဝှေ့ယမ်းပြီး အဖွားကို နှုတ်ဆက်သည်။ သူ့အမေ ကို ပြန်တွေ့ရပါ တော့မည်လားဟု အမေ သံသယဖြစ်မိသည်။

၁၉၅၀ ဇူလိုင်ရောက်သည်။ အမေသည် ပါတီတွင် တစ်နှစ်တာ အရန် ပါတီဝင်ဖြစ်ခဲ့သည်။ ယခု ပါတီဝင်ဖြစ်ဖို့ရှိသည်။ သူ၏ ပါတီစိတ်က သူ့ကို အမျိုးမျိုး နှိပ်စက်သည်။ ပါတီစိတ်တွင် အဖွဲ့ဝင်သုံးယောက် ရှိသည်။ အဖေ၊ အဖေ၏ ကိုယ်ရံတော်နှင့် အမေ၏ အကြီးအကဲမစ္စစ်မီတို့ ဖြစ်သည်။ ယိဘင်တွင် ကွန်မြူနစ် ပါတီဝင် အလွန်နည်းသည်။ ယခုလည်း သူတို့သုံးယောက် မညီမညွတ်နှင့် ပါတီစိတ် တွင် စုစည်းမိကြသည်။ အခြားနှစ်ယောက်မှာ တင်းပြည့်ပါတီဝင်များ ဖြစ်သည်။ အမေ၏ ပါတီဝင်လျှောက်လွှာကို ပုတ်ထုတ်နေသည်။ သို့သော်လည်း ဒဲ့ဒိုးကား မပြော၊ အမျိုးမျိုးပညာရှိ နှိပ်စက်ကာ မိမိကိုယ်မိမိ ဝေဖန်ရေးများ တစ်ခုပြီးတစ်ခု လုပ်ခိုင်းသည်။

ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးလုပ်သည်ကို ပြန်လည်ဝေဖန်သည်။ အမေသည် ဓနရှင် ပေါက်စဉာဉ် ရှိသည်။ တောသို့သွားသည့် ရိက္ခာစုဆောင်းရေးအဖွဲ့နှင့် မလိုက်ချင်ဟု ဝေဖန်သည်။ အမေက သူသွားပါမည်ဟု ပြောလျှင် “တကယ် သွား ချင်တာမဟုတ်။ စိတ်မပါ” ဟု ဆိုသည်။ တစ်ဖန် အမေသည် အိမ်မှာ အဖွားချက် ကျွေးသည့် ထမင်းကောင်း ဟင်းကောင်းစားသည်။ အခြားကိုယ်ဝန်ဆောင် မိန်းမတို့ ထက် ပို၍သည်းသည်။ နာမကျန်းချင်ယောင်ဆောင်သည်။ မွေးလာမည့် ကလေး အတွက် အဖွားက အင်္ကျီသစ်များ ချုပ်ပေးသည်ကို မစ္စစ်မီ မကြိုက်။ “ဘယ်ကလေး က အင်္ကျီသစ်ဝတ်ရသလဲ။ ဓနရှင်ပေါက်စတွေ အသုံးအဖြုန်းကြီးတယ်။ မွေးလာတဲ့ ကလေးကို လူတိုင်းအဝတ်ဟောင်းနဲ့ ထွေးကြတာပဲ။ သူ့ကျမှ အနီးသစ်ဝယ်တယ် ဟူ၍လည်း ဝေဖန်သည်။ အဖွားပြန်သည့်အခါ အမေ ဝမ်းနည်းပြီး မျက်ရည်ကျသည်။ ဤသည်ကိုထောက်ပြပြီး အမေသည် “မိသားစုကို ဦးစားပေးသည်၊ ဤသည် မှာ ပြစ်မှုကြီးတစ်ခုဖြစ်သည်” ဟု ဝေဖန်သည်။

၁၉၅၀ နွေရာသီမှာ ထူးထူးကဲကဲ ပူသည်။ ဖာရင်ဟိုက် ၁၀၀ ဒီဂရီ ရှိသည်။ အမေသည် နေ့တိုင်းအဝတ်လျှော်သည်။ ယင်းကိုလည်း အဝေဖန် ခံရသည်။ ရေရှား

သဖြင့် မြောက်ပိုင်းမှလာသည့် လယ်သမားများသည် နေ့တိုင်း အဝတ်မလျှော်။

ပြောက်ကျားတပ်ဖွဲ့များတွင် ဘယ်သူ့မှာ တော်လှန်ရေး အင်းဆက်ပိုး (ကိုယ်သန်း) များသလဲ ပြိုင်ဆိုင်ကြသည်။ သန့်သန့်ရှင်းရှင်းနေသည်မှာ ပစ္စည်းမဲ့အလေ့အကျင့် မဟုတ်ဟု ဆိုသည်။ နွေကုန်ပြီး အေးသည့်ဆောင်းဦးရောက်လျှင် အမေသည် အဖေ အသုံးပြုပြီး ကျန်သည့် ရေနွေးကို အသုံးပြုသည်။ ထိုအခါ အဖေ၏ ကိုယ်ရံတော်က အမေအား "ကူမင်တန်အရာရှိကြီး၏ ဇနီးတစ်ယောက်လို အကျင့်ရှိသည်။ အကြောင်းမှာ အဖေ၏ လက်ကျန် ရေများကို အသုံးပြုသောကြောင့်ဖြစ်သည်။ ထိုအချိန်က ထင်းချွေတာရန် လူတိုင်းကို ရေနွေးသုံးခွင့်မပြု။ အရာရှိအချို့သာ သုံးနိုင်သည်။ ရေနွေး သုံးခွင့်ရသူထဲတွင် အဖေ ပါသည်။ အမေမပါ။ အဖေ၏ ဆွေမျိုး သားချင်းများက ကိုယ်ဝန်ရင့်လာသည့်အခါ ရေအေးမကိုင်ရဟု တားမြစ်သည်။ ကိုယ်ရံတော်က ဝေဖန်ပြီးနောက် အဖေသည် သူ့လက်ကျန်ရေနွေးကို အမေ့အား သုံးခွင့် မပြုတော့ပေ။ အမေသည် အဖေကို အော်ဟစ်ရန်ထောင်ချင်စိတ် ဖြစ်ပေါ်လာသည်။ သူ၏ဘဝထဲဝင်ကာ မဆိုင်သည်တို့ကို ဝေဖန်ခံရသည်မှာ အဖေကြောင့်ဟု ထင်သည်။

ပါတီက လူတိုင်း၏ ကိုယ်ရေးကိုယ်တာ ဘဝထဲ ဝင်ရောက်စွက်ဖက်သည် ကို "အတွေးအခေါ် ပြုပြင်ခြင်း" အလုပ်ဟု ခေါ်သည်။ မော်စီတုန်းက အတွေးအခေါ် ကိုပါ ပြုပြင်ပြောင်းလဲ စေချင်သည်။ အတွေးအခေါ် စစ်ဆေးရေး အစည်းအဝေးများ အပတ်စဉ်ကျင်းပသည်။ လူတိုင်းအတွေးအခေါ်ကို ပြန်လည် ဆန်းစစ်ရမည်။ ဝေဖန်ရမည်။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးလုပ်ပြီးမှ သူများကို ဝေဖန်နိုင်မည်။ ခနရှင်ပေါက်စ အတွေးအခေါ်များ ဉာဉ်ဆိုးများကို အမြစ်ပါ မကျန် ဝေဖန်တိုက်ဖျက်ရမည်။ ပါတီ ဝင်တိုင်းသည် လယ်သမားအခြေခံ အတွေးအခေါ်ရှိရမည်။ အကြောင်းမှာ ယခု ကွန်မြူနစ်တော်လှန်ရေး သည် အနှစ်သာရအားဖြင့် လယ်ယာတော်လှန်ရေးဖြစ်သော ကြောင့်ပင်။ ပညာတတ်လူတန်းစားများ အတွေးအခေါ်ပြုပြင်ရမည်။ သူတို့သည် လယ်သမားများထက် လူနေမှုမြင့်သောကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ ပညာတတ် တို့သည် မိမိကိုယ်မိမိဝေဖန် ရေးလုပ်ရမည်။

အစည်းအဝေးများ လုပ်ခြင်းဖြင့် ကွန်မြူနစ်တို့က အရာရာကို ချုပ်ကိုင်သည်။ လူတွေအအားမနေရ။ ကိုယ်ရေးကိုယ်တာ ဘဝဟူသည်မရှိတော့။ လူတွေ၏ ဉာဉ်ဆိုးကို ဆေးကြောခြင်းဖြစ်သည်ဟု ဆိုသည်။ အမေ၏ ပါတီစိတ် သည် အမေကို တစ်ပတ်ပြီးတစ်ပတ် တစ်လပြီးတစ်လ အပြင်းအထန် ဝေဖန်ရေး လုပ်သည်။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေး လုပ်ခိုင်းသည်။

ဝေဖန်ရေးမှာ နာကျင်ထိခိုက်သည်။ အမေသည် အလျှော့ပေးကာအဝေဖန်ခံသည်။ တော်လှန်ရေးသမား တစ်ယောက်အဖို့ ကွန်မြူနစ်ပါတီ၏ ဖယ်ထုတ်ခြင်းခံရလျှင် သူ့ဘဝမှာ အဓိပ္ပာယ်မရှိ တော့ပေ။

ကက်သလစ် ဘာသာဝင် တစ်ယောက် အကြဉ်ခံရ၊ ဝိုင်းပယ်ခံရသည်နှင့် တူသည်။ ဤသည်မှာ ပုံမှန်ဖြစ်စဉ် သာတည်း။ အဖေသည် "တော်လှန်ရေး" နှင့် တစ်သားတည်းဖြစ်အောင် မိမိကိုယ်မိမိ ဝေဖန်ရေးကို လက်ခံကျင့်သုံးခဲ့သည်။ တကယ်တော့ အဖေသည် ထိုဖြစ်စဉ်ထဲ ဖြတ်လျှောက်နေခြင်း ဖြစ်သည်။ ပါတီကမူ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးမှာ အလွန် နာကျင်သည့်ကိစ္စ ဖြစ်ကြောင်း ဖုံးကွယ်မထား။ အမေ၏ ကိုယ်စိတ်ဆင်းရဲရခြင်း မှာ သာမန်မျှသာဖြစ်သည်ဟု အဖေက ပြောသည်။

နောက်ဆုံးတွင် အမေ၏ ရဲဘော်နှစ်ယောက်က အမေအား တင်းပြည့် ပါတီဝင်အဖြစ်လက်မခံ။ ပယ်ချလိုက်သည်။ အမေ စိတ်ဓာတ်ပျက်ပြားသည်။ တော်လှန်ရေးကို သူအသက်ပေးခဲ့သည်။ တော်လှန်ရေးက သူ့ကို လက်သင့်မခံ ဆိုသည်ကို သူ နားမလည်။ အသေးအဖွဲကိစ္စလေးများကို အကြောင်းပြကာ သူ့ကို ဖယ်ထုတ်ခြင်းဖြစ်သည်။ ပယ်ချသည့် ရဲဘော်နှစ်ယောက်၏ အကြောင်းပြချက်များ သည် အဓိပ္ပာယ်မရှိ။ သူ လက်ခံယုံကြည်သည့် ပါတီသဘောထားနှင့် အလင်းနှစ် များလောက်ကွာဝေးသည်။ သူက တိုးတက်သော ပါတီအဖွဲ့အစည်းသို့ ဝင်ချင်သည်။ သူ့ကို ခေတ်နောက်ကျသော ပုဂ္ဂိုလ်များက ကန်ထုတ်လိုက်သည်။ တကယ်မှားသူမှာ မိမိသာဖြစ်သည်ဟု တော်လှန်ရေးက သူ့ကို သဘောထားသလို ဖြစ်နေသည်။ ပါတီဝင်ဖြစ်ဖို့ အရေးကြီးသည်။ မဖြစ်ခဲ့လျှင် သူ၏ ဂုဏ်သရေပျက်မည်။ ဝိုင်းပယ် ခံရမည်။

ကမ္ဘာကြီးက သူ့ကို ဝိုင်းပယ်သည်ဟု အမေခံစားရသည်။ လူတွေကို အမေမတွေ့ချင်။ အခန်းအောင်းကာနေသည်။ အခန်းထဲမှာ ကြိတ်၍ငိုသည်။ ငိုသည် ကိုပင် လူမြင်မခံရဲ။ တော်လှန်ရေးကို မယုံကြည်ဟု ဝေဖန်ခံရဦးမည်။ ပါတီကို သူအပြစ်မတင်ချင်။ ပါတီက မှန်နေသည်ထင်ရသည်။ သို့ဖြစ်ရာ အဖေ့ကို အပြစ်တင် ချင်သည်။ ပထမ သူ့ကြောင့်ကိုယ်ဝန်ဆောင်ရသည်။ ထို့နောက် သူ့ဘက်က အဖေ မရပ်။ သူ့ကိုဝေဖန်ကာ ပါတီက ငြင်းပယ်သည့်အခါ အဖေဘာမျှမပြော။ မြစ်ဆိပ်သို့ အမေသွားသည်။ ယန်စီရွှံ့ရေပြင်ကို ကြည့်ကာ ရေထဲဆင်းပြီး သူ့ကိုယ်သူ သတ်သေချင်သည်။ ထိုအခါတွင် အဖေသည် နောင်တကြီးစွာရမည် သူထင်သည်။

အဖေ၏ ပါတီစိတ်က တင်ပြသည်ကို အထက်အဖွဲ့အစည်းက ထောက်ခံ အတည်ပြုရသည်။ ထိုအဖွဲ့တွင် ပွင့်လင်းသော ပညာတတ် သုံးဦးပါဝင်သည်။ သူတို့က အမေ့ကို စာနာသည်။ ကိုယ်ချင်းစာသည်။ ပါတီဝင်ခွင့် ပယ်ချသည်မှာ မတရားဟုထင်သည်။ သို့သော်လည်း အမေ့ပါတီစိတ် သဘောထားကို ပြောင်းပြန်လုပ်၍ မရ။ သို့ဖြစ်ရာ စဉ်းစားရန် အချိန်ဆိုင်းထားလိုက်သည်။ အချိန်ရွှေ့ဆိုင်းရန်မှာ လွယ်သည်။ သုံးယောက်စလုံး အလုပ်များရာ မျက်နှာချင်းဆိုင်မိဖို့ပင် အချိန်မရ။ အဖေ့လိုပင် ရိက္ခာဝယ်ထွက်ရသည်။ ဓားပြများကို လိုက်လံရှင်းလင်းရသည်။ ယိဘင်မှာ အကာအကွယ်မဲ့နေသည်ကို သိသော ကူမင်တန်တပ် အကြွင်းအကျန်တို့သည် မြေရှင်၏ တပ်များ၊ ဓားပြများနှင့်

ပေါင်းကာ မြို့ကိုဝိုင်းထားသည်။ မကြာမီ ယိဘင်မြို့ သူတို့ လက်သို့ ကျတော့မည့် အခြေအနေရှိနေသည်။ ထိုသတင်းကို ကြားသည့်အခါ အဖေသည် မြို့ကို ခုခံကာကွယ်ရန် ကျေးလက်မှ အမြန်ပြန်လာသည်။

မြို့ကို ဝိုင်းထားသူတို့က ပေါင်းမြက်များ အကာအကွယ်ယူကာ မြောက်ဘက်တံခါးကို လက်နက်ကြီးများဖြင့် ပစ်ခတ်သည်။ တပ်ဦးတွင် ဓားရှည်တပ်ဖွဲ့ ခေါင်းဆောင်သည်။ သူတို့နှင့်အတူ လက်နက်မဲ့ လယ်သမားများ ပါလာသည်။ "မြတ်ရေစင်" သောက်ထားသဖြင့် သေနတ်ပြီးသည်ဟု ယုံကြည်ကြပြီး ဝင်ရောက် တိုက်ခိုက်သည်။ သူတို့နောက်တွင် ကူမင်တန်တပ်သားများ ပါလာသည်။ ကွန်မျူနစ် တို့က ကူမင်တန်တပ်သားများကိုသာ ပစ်ခတ်သည်။

အမေသည် ကိုယ်ဝန်ခုနစ်လရှိနေလျက် အခြားရဲမေများနည်းတူ တံတိုင်းမှ ခုခံကာကွယ်သူတို့အား ရေများထမင်းများ ပို့ပေးသည်။ ဒဏ်ရာရသူများကို သယ်ယူသည်။ ရှေးဦးသူနာပြုအတတ်ကို သူကျွမ်းကျင်သည်။ ပြီးတော့ အမေသည် သတ္တိကောင်းသည်။ တစ်ပတ်ခန့်ကြာလျှင် မြို့ကိုဝိုင်းထား သူများ ဆုတ်ခွာ ထွက်ပြေးကြသည်။ ကွန်မျူနစ်တို့က လက်နက်ကိုင် ဓားပြ သောင်းကျန်းသူမှန်သမျှကို အပြီးတိုင် ချေမှုန်းနိုင်ခဲ့သည်။

ထိုတိုက်ပွဲပြီးဆုံးသည့်နောက် ယိဘင်တွင် မြေယာပြုပြင်ရေးစတင်သူ ကွန်မျူနစ်တို့က ထိုနှစ်နွေရာသီတွင် မြေယာပြုပြင်ရေးဥပဒေများ ထုတ်ပြန်ကြေညာသည်။ ယင်းမှာ တရုတ်ပြည်ကြီးကို အသွင်းပြောင်းလဲရာတွင် အခြေခံအကျဆုံး လုပ်ငန်းဖြစ်သည်။ တစ်နည်းအားဖြင့် "မြေယာများပြန်လည် ဝေခြမ်းရေး" ဟု ခေါ်သည်။ လယ်မြေများ၊ ကျွဲနွားများနှင့် အိုးအိမ်များကို လယ်သမားများသို့ ညီညီမျှမျှ ဝေခြမ်းသည်။ လယ်သမားတိုင်းအညီအမျှ မြေ ပိုင်ဆိုင်သည်။ မြေပိုင်ရှင်များလည်း သူများနှင့် ညီတူညီမျှ မြေကွက်တစ်ကွက်ရသည်။ အဖေသည် ဦးစီးသည့် အထဲတွင် တစ်ယောက်အပါအဝင် ဖြစ်သည်။ အမေ့ကိုကား ကိုယ်ဝန်ရင့်လာပြီဖြစ်သဖြင့် တောရွာများသို့ မပို့တော့ပေ။

ယိဘင်သည် ဆန်ရေစပါးပေါ်ကြွယ်သည့် ဒေသဖြစ်သည်။ တစ်နှစ်လုပ်ပြီး နှစ်နှစ်ထိုင်စားနိုင်သည် ဟု ဆိုရိုးရှိသည်။ သို့သော်လည်း စစ်ပွဲများ အဆက်မပြတ် ဖြစ်သဖြင့် ထိုအရပ်မှာ မဖွံ့ဖြိုးတော့။ ဂျပန်ကို ရှစ်နှစ်တိုက်ရသဖြင့် အစိုးရက အခွန်အတုတ် ကြီးလေးစွာ ကောက်ခံသည်။ လူထုမှာ အခွန်အောက် ပိနေသည်။ ဆီချွမ် ပြည်နယ်သို့ စစ်ကာလမြို့တော်အဖြစ် ချန်ကေရှိတ် ပြောင်းရွှေ့ရုံးထိုင်သည့်အခါ ကူမင်တန်စစ်သားများ၏ နိုင်ထက်စီးနင်း ပြုလုပ် ခံရသည်။ အရာရှိများ လာဘ်စားသည်။ မြို့မှ ငွေတိုးကြီးချေးစားသူတို့ ကျေးလက်သို့ ဆင်းလာကြသည်။ ကူမင်တန် အစိုးရသည် ၁၉၄၉ တွင် ဆီချွမ်ကို နောက်ဆုံး ခံတပ်အဖြစ် ဖက်တွယ်ထားသည်။ ကွန်မျူနစ်တို့ မရောက်လာမီ အခွန်များ မတန်တဆ စည်းကြပ်သည်။ မြေရှင်များက လည်း လောဘကြီးသည်။

သို့ဖြစ်ရာ မူလက ချမ်းသာကြွယ်ဝသည့် ပြည်နယ်တွင် ဆင်းရဲတွင်း နက်လာသည်။ လယ်သမားရှစ်ဆယ်ရာခိုင်နှုန်းမှာ မိသားစုကို ဝလင် အောင် မကျွေးနိုင်။ သီးထွက်မကောင်းသည့်အခါ ချုံနွယ်များ ပြုတ်၍စားရသည်။ ကန်စွန်းဥပြုတ်များ စားကြရသည်။ အရင်ကမူ ကန်စွန်းဥဆိုသည်မှာ နွားကျွေးသည့် အစာဖြစ်သည်။ ပြည်နယ်တစ်ခုလုံးလိုလို အငတ်ဘေးဆိုက်ပြီး ပျမ်းမျှ လူ့သက်တမ်း မှာ လေးဆယ်ခန့်သာရှိသည်။ ဤမျှဆင်းရဲသဖြင့် အဖေသည် ကွန်မြူနစ်ဝါဒကို စွဲလမ်းနှစ်သက်လာခြင်း ဖြစ်သည်။

ယိဘင်တွင် လယ်ယာမြေပြုပြင်ပြောင်းလဲရေးကို အေးဆေးသက်သာ ပြုလုပ်နိုင်သည်။ ဆန့်ကျင်သော မြေရှင်များမှာ စစ်ပွဲများအတွင်း သေဆုံးကြသည် သို့မဟုတ် အသတ်ခံရသည်။ ဤသည်မှာ ကွန်မြူနစ်အုပ်ချုပ်ရေး ပထမ ကိုးလကာလ အတွင်းဖြစ်သည်။ သို့သော်လည်း တင်းကျပ်စွာ အုပ်ချုပ်ရသည်တို့ ရှိသည်။ ဥပမာ ပါတီဝင် တစ်ယောက်သည် မြေရှင်မိသားစုမှ မိန်းမများကို အဓမ္မပြုကျင့်ပြီးရင်သား များကို ဖြတ်ပစ်သည်။ အဖေက ထိုပါတီဝင်ကို သေဒဏ်ပေးသည်။

ဓားပြဗိုလ်တစ်ယောက်က တက္ကသိုလ်ဘွဲ့ရ ကွန်မြူနစ်လူငယ်တစ်ယောက် ကို ကိုယ်နှစ်ပိုင်းဖြတ်၍ သတ်သည်။ ထိုဓားပြဗိုလ်ကို နောင်တွင် မိသည့်အခါ ကွန်မြူနစ်မြေယာပြုပြင်ရေး ခေါင်းဆောင်က သေသည်အထိ ရိုက်၍ သတ်သည်။ ထို့နောက် ဓားပြဗိုလ်၏ နှလုံးကိုထုတ်ကာ ချက်၍စားပြသည်။ ဤမျှ လက်စားချေ စိတ်ပြင်းထန်သည်။ အဖေက ထိုခေါင်းဆောင်ကို အလုပ်မှ ဖြုတ်ပစ်လိုက်သည်။ ပစ်၍ကား မသတ်။ သူလုပ်ကိုင်ပုံ ရက်စက်သော်လည်း ရိုးသားသော လယ်သမားကို သတ်ခြင်းမဟုတ်၊ လူသတ်သမားကို သတ်ခြင်း သာဖြစ်သည်။ သို့တိုင်အောင် သူ၏ အပြုအမူမှာ ရက်စက်လွန်းသည်ဟု အဖေက ရှင်းပြသည်။

ယိဘင်လယ်မြေဝေခြမ်းရေးသည် တစ်နှစ်အကြာတွင် ပြီးဆုံးသည်။

များသောအားဖြင့်ကား စိတ်ထားအဆိုးဆုံးမြေရှင်ကြီးများ လယ်မြေဆုံးရှုံးသည်။ အိုးအိမ်များ အသိမ်းခံရသည်။ ရိုးသားပွင့်လင်းသော မြေရှင်များ၊ ပုန်ကန်မှုတွင် မပါဝင်သော မြေရှင်များ သို့မဟုတ် ကွန်မြူနစ်မြေအောက်လှုပ်ရှားမှုကို ကူညီသော မြေရှင်များကိုမူ သက်ညှာစွာ စဉ်းစားသည်။ ဒေသခံမြေရှင် အများအပြားမှာ အဖေတို့ မိသားစု၏ အသိအကျွမ်းများဖြစ်သည်။ အိမ်မှာ ထမင်းကျွေးပြီးမှ သူတို့ပိုင် လယ်မြေ ကို ဆင်းရဲသော လယ်သမားများအား ဝေပေးသည်။

နိုဝင်ဘာ ၈ တွင် အမေသည် ပထမဆုံး သမီးဦးကို မွေးသည်။ အဖေမရှိ။ အလုပ်မှာ နစ်မွန်းနေသည်။ အမေ့ကို ဒေါက်တာရှီယာက တေဟောင်ဟု နာမည် ပေးခဲ့သည်။ “ငန်းရိုင်း” (ဟောင်) အဓိပ္ပာယ်ရသည်။ “တေ”မှာ မျိုးရိုးနာမည်ဖြစ်သည်။ ယခုအဖေက သမီးဦးကို ရှောက်ဟောင်ဟု နာမည်ပေးသည်။ အဓိပ္ပာယ်မှာ အမေနှင့် တူသော သမီး (ရှောက်) ဖြစ်သည်။

ရောက် ဟောင်ကို ဆေးရုံမှာ မွေးပြီး ခုနစ်ရက်ရှိ လျှင် အမေ့ကို ဝါးထမ်းစင်ပေါ်တင်ကာ ဒေါ်လေးယန်ယင်က အိမ်သို့ခေါ်လာသည်။ ကွန်မြူနစ်ဖြစ်သဖြင့် သူများကို ဒုက္ခမပေးရ၊ ကိုယ်ဘာသာလမ်းလျှောက်ပြန်ရမည်ဟု အဖေက ပြောသည်။ အမေက မီးဖွားပြီးစ လမ်းမလျှောက်ရ ဟု ရှေးလူကြီးတို့ မိန့်ဆိုကြသည်ဟု ပြန်ပြောသည်။ အဖေကမူ လယ်သူမတွေ ဘယ်လိုကလေး မွေးကြ သလဲဟု ပြန်ပြောသည်။

အမေ စိတ်ဓာတ်ကျသည်။ ပါတီထဲမှာ နေနိုင်မည်လား သို့မဟုတ် ထွက်ရမည်လား ဝေခွဲမရ ဖြစ်နေသည်။ အဖေနှင့် ပါတီကို အပြစ်မတင်နိုင်ရကား သူ့ဒုက္ခ ရောက်ရသည်မှာ ကလေးကြောင့် ဖြစ်သည်ဟု အပြစ်တင်သည်။ ဆေးရုံမှ ဆင်းလာပြီး လေးရက်မြောက်တွင် ရောက်ဟောင် တစ်ညလုံးငိုသည်။ အမေ သည်းမခံနိုင်တော့ဘဲ အော်ဟစ်ကြိမ်မောင်းကာ ခပ်နာနာရိုက်သည်။ တစ်ဖက်ခန်းတွင် အိပ်နေသော ဒေါ်လေးယန်ယင်အိပ်ရာမှ နိုးပြီး “အစ်မ ပင်ပန်းပါတယ် ရောက်ဟောင်ကို ကျွန်မ တာဝန်ယူထိန်းပါမယ်” ဟု ပြောသည်။ ထိုအခါမှ စ၍ ကျွန်မ အစ်မကြီးရောက်ဟောင် ကို ဒေါ်လေးယန်ယင် တာဝန်ယူသည်။

ယနေ့အထိ သမီးကြီးရောက်ဟောင်အား သူရိုက်ခဲ့သည်ကို အမှတ်ရကာ အမေစိတ်မကောင်း၊ နောင်တရသည်။ ရောက်ဟောင်သည် အမေ့ကို မြင်လျှင် ပုန်းသည်။ အမေကလည်း သူ့အား ရောက်ဟောင်က အမေဟု အခေါ်မခံ။

ဒေါ်လေးသည် ရောက်ဟောင်အတွက် နို့ထိန်းတစ်ယောက်ရှာသည်။ နိုင်ငံတော်က ထိုစရိတ်ကို ကျခံသည်။ အိမ်ဖော်ဟူ၍မရှိ။ ကလေးခါးတောင်းကျိုက် ကိုပင် နို့ထိန်းများမလျှော်ရ။ သူတို့သည် အိမ်ဖော်မဟုတ်။

နို့ထိန်းမှာ ဆယ့်ကိုးနှစ်ခန့်ဖြစ်သည်။ သူ့ကလေးမှာ အသေမွေးသည်။ သူသည် မြေရှင်မိသားစုမှ သားတစ်ယောက်နှင့် လက်ထပ်သည်။ ယခု မြေယာ လက်လွတ်သဖြင့် ဝင်ငွေမရှိတော့ပေ။ လယ်သမား မလုပ်ချင်။ သူ့ယောကျ်ား နှင့်အတူ နေချင်သည်။ သူ့ယောကျ်ားသည် ယိဘင်တွင် နေသည်။ ဒေါ်လေးနှင့် နို့ထိန်းတို့မှာ သူငယ်ချင်းဖြစ်သည်။ သို့ဖြစ်ရာ သူယောကျ်ားပါ ချင်မိသားစု အိမ်သို့ ပြောင်းရွှေ့လာ ပြီး အတူနေသည်။

အမေမှာ တဖြည်းဖြည်း စိတ်ဓာတ်ပြန်တက်လာသည်။ မွေးဖွားပြီး ရက်သုံးဆယ် ခွင့်ရသည်။ ယောက္ခမအိမ်မှာ အမေနေသည်။ အလုပ်ပြန်ဝင်သည့်အခါ ယိဘင်မြို့ ကွန်မြူနစ်လူငယ်အဖွဲ့တွင် တာဝန်ထမ်းရသည်။ ယိဘင်ခရိုင်တွင် မြို့တော် တစ်ခုနှင့် ကျေးလက်မြို့နယ် ကိုးခုပိုင်းခြားထားသည်။ အဖေသည် ဒေသတစ်ခုလုံးကို အုပ်ချုပ်သည့် လေးဦးကော်မတီတွင် အဖွဲ့ဝင်ဖြစ်သည်။ တစ်ဖန်ခရိုင်၏ ပြည်သူ့ရေးရာဌာန အကြီးအကဲဖြစ်လာသည်။

ပါတီကို ပြန်လည်ဖွဲ့စည်းသည့်အခါ မစ္စစ်မီမှာ တစ်နေရာသို့ ပြောင်းရွှေ့ရပြီး အမေ၏ အကြီးအကဲအဖြစ် အခြားတစ်ယောက် ရောက်လာသည်။

ယင်းမှာ ယိဘင်မြို့ပြည်သူရေးရာဌာန အကြီးအကဲဖြစ်လာပြီး လူငယ်အဖွဲ့ကို တာဝန်ယူရသည်။ ကွန်မျူနစ်တရုတ်ပြည်တွင် အထက်လူကြီးသည် အခရာဖြစ်သည်။ အထက်လူကြီး၏ သဘောထားသည် ပါတီ၏ သဘောထားဖြစ်သည်။ အထက်လူကြီး ကောင်းလျှင် အောက်ကအဖွဲ့ဝင်တစ်ယောက်၏ ဘဝမှာ အဆင်ပြေသည်။

အမေ၏ အကြီးအကဲသစ်မှာ ချင်ဇီတင်းဖြစ်သည်။ သူ့ယောက်ျားနှင့် သူ့ကို ၁၉၅၀ တွင် တိဗက်သို့ပို့ရန် လျာထားသည်။ ယခု သူတို့တောင်းဆိုချက်အရ ဆီချွမ်သို့ ရောက်လာကြသည်။ သူ့ယောက်ျားမှာ လျူကျေတင်း ဖြစ်သည်။ ထိုလင်မယား နှစ်ယောက်ကို "တင်းနှစ်ယောက်" ဟု ခေါ်ကြသည်။

နွေဦးပေါက်တွင် အမေသည် ရာထူးတက်ပြီး လူငယ်အဖွဲ့၏ ခေါင်းဆောင် ဖြစ်လာသည်။ အသက်နှစ်ဆယ်မပြည့်သေးသော အမျိုးသမီးတစ်ယောက်အား ထိုရာထူးခန့်ထားခြင်းဖြစ်သည်။ ထိုဌာနသည် အရေးကြီးသည်။ ယခုမူ အမေသည် နဂိုနေပြန်ရောက်လာပြီ။ စိတ်ဓာတ်လည်း တက်ကြွလာသည်။ ထိုအခိုက် ၁၉၅၁ ဇွန်တွင် ကျွန်မ၏ကိုယ်ဝန်ကို အမေဆောင်ရသည်။

□ □ □

[၉]
လူတစ်ယောက် အာဏာရှိလာပြီဆိုလျှင် သူ၏ ကြက်များ၊ ခွေးများသည်ပင် အရှိန်အဝါရှိလာသည်

အဂတိမလိုက်စားသူတစ်ယောက်နှင့် အတူနေရခြင်း
(၁၉၃၃ - ၁၉၃၈)

ကျွန်မ၏အမေသည် ယခုပါတီကလာပ်စည်းအသစ်တွင် အဖွဲ့ဝင်ဖြစ်သွားသည်။ မစ္စစ်တင်း ယိဘင်မြေအောက်အဖွဲ့တွင် အတူလုပ်ကိုင်ခဲ့သူ ရဲဘော်မတစ်ယောက်နှင့် အမေတို့ သုံးဦးပါဝင်သည်။ ယိဘင်က ရဲဘော်မမှာ အမေနှင့် အဆင်ပြေသည်။ သူများကိစ္စမှာ ဝင်၍ပါတာတွေ မိမိကိုယ်မိမိ ဝေဖန်ရေး လုပ်ခိုင်းတာတွေ ရပ်သွားသည်။ ပါတီကလာပ်စည်းအသစ်က အမေ့ကို တင်းပြည့်ပါတီဝင်ဖြစ်ရန် အမြန်ဆုံး အဆိုပြုသည်။ သို့ဖြစ်ရာ ဇူလိုင်တွင် အမေသည် ပါတီဝင်ဖြစ်သည်။

အမေ၏ ခေါင်းဆောင်အသစ်မှာ မစ္စစ်တင်းဖြစ်သည်။ ရုပ်မလှ၊ ခန္ဓာကိုယ် သေးသေးသွယ်သွယ် ရှိပြီးနှင့် နှုတ်ခမ်းများမှာ အနည်းငယ်ထူသည်။ မျက်နှာတွင် မှဲ့ခြောက်များရှိသည်။ မျက်လုံးအစုံမှာ ဝင်းလက်နေသည်။ ချက်ကျကျ ပြန်ပြော တတ်သည်။ သွက်လက်ဖျတ်လတ်သည်။ သို့ဖြစ်ရာ မစ္စစ်တင်း သည်စရိုက်ကောင်းပိုင်ရှင်တစ်ယောက်ဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းသူ လည်းဖြစ်သည်။ သူနှင့်တွေ့ လျှင် မြင်မြင်ချင်း အမေနှစ်သက်သွားသည်။

အရင်က ခေါင်းဆောင်မစ္စစ်မီ သည် အလစ်ချောင်းပြီး တွယ်တတ်သည်။ "တင်း"ကမူ အမေ့ကို မချုပ်ချယ်။ လုပ်ချင်တာ လုပ်နိုင်သည်။ ဝတ္ထု ဖတ်နိုင်သည်။ အရင်ကဆိုလျှင် မတ်ဝါဒစာအုပ်မဖတ်ဘဲ ဝတ္ထုဖတ်သည်ကို ဝေဖန်ပြစ်တင်သည်။ ဓနရှင်ပေါက်စ ပညာတတ်ဉာဉ်ရှိသည်ဟု စွဲချက်တွေ အများကြီး အတင်ခံရသည်။ "တင်း" ကမူ အမေရုပ်ရှင်သွားကြည့်သည်ကို ခွင့်ပြုသည်။ ပြင်ပရုပ်ရှင်ကြည့်ခွင့်ရ သည်မှာ အခွင့်ထူးတစ်ခုဖြစ်သည်။ ထိုအချိန်က တော်လှန်ရေးသမားများသည် ဆိုဗီယက်ရုပ်ရှင်များကိုသာ ကြည့်ရသည်။ ပြင်ပရုပ်ရှင်ရုံများတွင် အမေရိကန် ကားဟောင်းများကြည့်ရသည်။ ချာလီချက်ပလင်၏ ဇာတ်ကားဟောင်းများလည်း ကြည့်ရသည်။ နောက်ထပ် အခွင့်ထူးတစ်ခုမှာ တစ်ရက်ခြားရေချိုးခွင့်ရခြင်း ဖြစ်သည်။

တစ်နေ့တွင် အမေသည် မစ္စစ်တင်းနှင့်အတူ ဈေးသို့လိုက်သွားပြီး ပိုလန်ပြည်ဖြစ် ပန်းပေါင်းအပွင့်များပါသည့် ချည်ထည်နှစ်ကိုက်ဝယ်လာသည်။ ထိုအဝတ်စ ကို အမေတွေ့ဖူးသည်။ သို့သော်လည်း အဝတ်အစားလော်လီသည်ဟု ဝေဖန်ခံရမည် ကြောက်သဖြင့် မဝယ်ရဲ။ ယိဘင်သို့ ရောက်ပြီးနောက် ဝတ်နေကျ

တပ်ယူနီဖောင်းကို စွန့်ပြီး “လီနင်ဝတ်စုံ” ကို ဝတ်ရသည်။ ယင်းအောက်တွင် ပုံပန်းမကျသော အရောင်အဆင်း မရှိသော ချည်ကြမ်းကို ဝတ်ရသည်။ ထိုဝတ်စုံကို ဝတ်ရမည်ဟူ၍ကား သတ်မှတ်ချက်မရှိ။ သို့သော်လည်း အဝေဖန်မခံရဲသဖြင့် မဝတ်ဘဲနေကြသည်။ အမေသည် အရောင်အသွေး လွင်လွင်ကို ဝတ်ချင်နေသည်မှာ ကြာပြီ။ အမေနှင့် မစ္စစ်တင်းတို့ ချန်၏ အိမ်သို့ အပြေးသွားပြီး ချုပ်ခိုင်းသည်။ မကြာမီ အလွန်လှသည့် ဘလောက်အင်္ကျီလေးသည် ချုပ်၍ ပြီးသည်။ တစ်ယောက်နှစ်ထည်စီ ဖြစ်သည်။ နောက်တစ်နေ့တွင် လီနင်အပေါ်ဝတ် အောက်၌ အဝတ်သစ်များ ဝတ်ဆင်ကြသည်။ အမေသည် ပန်းရောင်ကော်လာကို အပြင်သို့ ထုတ်ဝတ်သည်။ တစ်နေ့လုံး စိတ်ထဲက မလုံမလဲဖြစ်နေသည်။ ချောက်ချောက်ချားချားလည်း ဖြစ်ရသည်။ မစ္စစ်တင်းကမူ အမေထက်ရဲသည်။ ကော်လာကို အပြင်သို့ထုတ်ရုံမက အပေါ်အင်္ကျီ လက်များကို အပေါ်သို့ ခေါက်တင်ထားရာ ပန်းရောင်ဘလောက်၏ လက်များမှာ ပို၍ထင်းခနဲ မြင်သာသည်။

မစ္စစ်တင်း သတ္တိကောင်းလှချည်လားဟု အံ့ဩမိသည်။ မျှော်လင့်ထားသည့် အတိုင်းပင် မလိုလားသည့်မျက်စောင်းများ အချိတ်ခံရသည်။ သို့သော်လည်း မစ္စစ်တင်းသည် မျက်နှာထားတင်းတင်းနှင့် “ဘယ်သူ့ဂရုစိုက်ရမှာလဲ” ဟု အမေ့ကိုပြောသည်။ အမေ ရင်ထဲမှာ ပေါ့သွားသည်။ သူ၏ ပါတီခေါင်းဆောင် ခွင့်ပြုချက် ရပြီဖြစ်၍ ဘယ်ဝေဖန်ရေးကိုမှ ဂရုစိုက်စရာမလိုတော့ပေ။

မစ္စစ်တင်း ဂရုစိုက်စရာမလိုသည်မှာ အကြောင်းရှိသည်။ သူ့ ယောကျ်ားသည် အာဏာရှိသူ ဖြစ်သည်။ မစ္စတာတင်းသည် ယိဘင်ဒေသပါတီ အကြီးအကဲ ဖြစ်သည်။ အရေးကြီးသည့်ဌာနကို ကိုင်ထားသည်။ ရာထူးတိုးခြင်း၊ ရာထူးမှချခြင်း၊ အပြစ်ပေးခြင်းတို့သည် သူ့လက်ထဲမှာ ရှိသည်။ ပါတီဝင်တို့၏ ကိုယ်ရေး ရာဇဝင်ဖိုင် တွဲများကို သူကိုင်သည်။ အဖေလိုပင် ယိဘင်ဒေသလေးဦး ကော်မတီတွင် အဖွဲ့ဝင် တစ်ယောက်ဖြစ်သည်။

အမေတာဝန်ယူရသည့် လူငယ်အဖွဲ့တွင် သူနှင့်သက်တူရွယ်တူများ ပါဝင်သည်။ ပညာတတ်များဖြစ်ပြီး သောကကင်းကင်းနေတတ်ကြသူများ ဖြစ်သည်။ လူ့ဘဝ၏ ပျော်စရာများကို သူတို့ရှာသည်။ အရင်က လယ်သမားတစ်ဖြစ်လဲ ပါတီ ခေါင်းဆောင်အမျိုးသမီးများနှင့် မတူ။ အရင်ပုဂ္ဂိုလ်တို့မှာ သူတို့သာ မှန်သည်ဟု အထင်ရောက်သူများဖြစ်သည်။ ယခုအသစ် ပေါင်းသင်းရသူ တို့သည် ပျော်ပျော်နေ တတ်သည်။ အကဝါသနာပါသည်။ အမေသည် သူတို့ နှင့်အတူ ပျော်ပွဲစားသွားသည်။ စာအုပ်များအကြောင်း ပြောကြသည်။ ထွေရာ လေးပါးလည်းပြောလို့ရသည်။

အမေ့သည် အနည်းငယ်ပြောင်းလဲလာသည်။ တာဝန်ရှိသော အလုပ် တစ်ခုကို ထမ်းဆောင်ရသဖြင့် သူ့ကို အများကလေးစားသည်။ ကျွမ်းကျင် ဖျတ်လတ် သူအဖြစ် အများက ယုံကြည်စိတ်ချကြသည်။ သူ့ကိုယ်သူ ယုံကြည်လာသည့်အခါ အဖေ့ကို အားကိုးချင်စိတ်များ ပျောက်သွားသည်။ အဖေ့အပေါ် စိတ်ပျက်ခြင်း မဖြစ် တော့။ အဖေ့အကြောင်းကို သိနေသူဖြစ်ရာ သူ့ကို

ဂရုမစိုက်သည်မှာ သူ့စရိုက်တစ်ခု ဟု ခံယူတတ်လာသည်။ သို့ဖြစ်ရာ အမေ၏ ဘဝသည် များစွာ အေးချမ်းသာယာရှိ လာသည်။

ပါတီဝင်ဖြစ်လာသဖြင့် သူ့အမေ ကျွန်မအဖွားကို ယိဘင်သို့ အမြဲ ခေါ်ထား ခွင့်ရလာသည်။ ၁၉၅၁ ဩဂုတ်လကုန်တွင် အဖွားနှင့် ဒေါက်တာရှီယာ တို့ မီးရထား သဘော်တို့ အဆင့်ဆင့်စီးကာ ယိဘင်သို့ ရောက်လာကြသည်။ သူတို့မှာ အစိုးရအရာရှိ၏ မှီခိုသူများအဖြင့် သုံးခန်းတွဲအိမ်တစ်ခုတွင် နေရသည်။ ဆန်နှင့်မီးထင်း စသည့် ပစ္စည်းများအခမဲ့ ရာရှင်ရသည်။ အခြား ပစ္စည်းများဝယ်ရန် ငွေကြေးအနည်းငယ် ထောက်ပံ့သည်။ ကျွန်မအစ်မနှင့် သူ၏ နို့ထိန်းတို့ အဖွားတို့နှင့် အတူနေသည်။ အမေသည် အချိန်အားရလျှင် အဖွားဆီသို့သွားသည်။ အဖွားချက်သည့် အရသာရှိသော ထမင်းဟင်းကို စားသည်။

အဖွားတို့လင်မယားနှင့်အတူ နေရသဖြင့် အမေ စိတ်ချမ်းသာသည်။ ဒေါက်တာရှီယာကို အမေချစ်သည်။ ကျင်ကျို့မှာ သူတို့မရှိတော့သဖြင့် အမေ ဝမ်းသာသည်။ ကိုရီယားတွင် စစ်ပွဲတစ်ခု ဖြစ်ပွားရာ မန်ချူးရီးယားနှင့် ကပ်နေသည်။ အမေရိကန်တို့ တောင်ကိုရီးယားဘက်မှ ဝင်၍တိုက်ရာ ၁၉၅၀ နှောက်ပိုင်းတွင် ယာလူးမြစ်ကမ်းသို့ ရောက်လာသည်။ ယာလူးမြစ်သည် ကိုရီယားနှင့် တရုတ်အကြား နယ်ခြားမျဉ်းဖြစ်သည်။ အမေရိကန်လေယာဉ်တို့က မန်ချူးရီးယားမြို့ကို ဗုံးကြဲသည်။ စက်သေနတ်ဖြင့် ပစ်သည်။

အမေ သိချင်သည်မှာ လူငယ်ကာနယ်ဟွီဂေး အကြောင်းပင် ဖြစ်သည်။ ကျင်ကျို့မြစ်ကွေ့တွင် ကွပ်မျက်ရေးတပ်က သေနတ်နှင့်ပစ်သတ်လိုက်သဖြင့် သေဆုံး သွားသည်ဟု ကြားရသောအခါ အမေ စိတ်မချမ်းသာ။

တရုတ်အဖို့ သေသူကို ဓလေ့ထုံးစံအတိုင်း သင်္ဂြိုဟ်ခြင်းမပြုရမည်ကို စိုးရိမ်သည်။ သေသူကို လုံခြုံစွာဖုံးထားပြီး မြေနက်နက်တွင် မြှုပ်နှံပါမှ သေသူသည် ငြိမ်းချမ်းမှုရနိုင်မည် ယုံကြည်သည်။ ဤသည်မှာ ဘာသာရေးယုံကြည်မှုတစ်ခုဖြစ်သည်။ မြေမြှုပ်သင်္ဂြိုဟ်ခြင်း မပြုလျှင် သေသူ၏ အလောင်းကို ခွေးစား၊ ငှက်လင်းတ ထိုးသုတ်သည်နှင့် အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်သွားမည်။ ရှေးကဆိုလျှင် သေနတ်ဖြင့် ပစ်သတ်ခံရသူကို မြေမမြှုပ်ဘဲ သုံးရက်ပစ်ထားပြီး လူအများ သင်ခန်းစာယူနိုင်ရန် ပြသသည်။ ထို့နောက်တွင်မှ သက်ဆိုင်သူက စုစည်းပြီး မြေမြှုပ်သင်္ဂြိုဟ်ရသည်။ ယခုမူ သေဒဏ်အပေးခံရသူ၏ မိသားစု အလျင်အမြန် သင်္ဂြိုဟ်နိုင်အောင် ကွန်မျူနစ်တို့က အမိန့်ထုတ်ပြန်သည်။ ဆွေမျိုးများက သင်္ဂြိုဟ်ခြင်း မပြုလုပ်နိုင်လျှင် အစိုးရက သုဘရာဇာ များငှားကာ သင်္ဂြိုဟ်ပေးသည်။

အဖွားသည် လူသတ်ကွင်းသို့ကိုယ်တိုင်သွားကာ ဟွီဂေး၏ အလောင်းကို ကောက်ယူပြီး ထုံးစံနှင့်အညီ သင်္ဂြိုဟ်ပေးခဲ့သည်။

အဖွားကို ယောက်မဖြစ်သူ ယုလင်၏ မိန်းမက ရှုတ်ချသည်ဟု ကြားရလျှင် အမေ တုန်လှုပ်အံ့သြရသည်။ အဖွားသည် အိမ်ရှင်ဖြစ်ရာ မှီခိုသူများကို စေခိုင်းသည်။

ကွန်မျူနစ်တို့က အနှိပ်စက်ခံရသူများ ခေါင်းပုံဖြတ်ခံရသူများရှိလျှင် ထုတ်ဖော်နိုင်သည်ဟု ဆိုသည်။ ထိုအခါ အခဲမကျေသည့် ယုလင်၏ မိန်းမအဖို့ အကွက် ဝင်သွားသည်။ ဟွီဂေး၏ အလောင်းကို အဖွားက သင်္ဂြိုဟ်ပေးသည်မှာ ရာဇဝတ်ကောင် တစ်ယောက်အပေါ် သနားကြင်နာသည့် သဘောဖြစ်သည်ဟု တိုင်တန်းသည်။ ထိုအခါ အိမ်နီးနားချင်းများစုဝေးပြီး ဝေဖန်ပွဲလုပ်သည်။ သူ့အမှားသူဝန်ခံရမည်ဟု အဖွားအား ပြောသည်။ ထိုအစည်းအဝေးကို အဖွားတက်ရသည်။ တစ်ခွန်းမျှ ပြန်၍မပြော။ ဆိတ်ဆိတ်နေသော် ဝန်ခံရာ ရောက်သည်။ ဝေဖန်သည်ကို လက်ခံရာရောက်သည်။ စိတ်ထဲကမူ ယောက်မနှင့်ကွန်မျူနစ်များကို ဒေါသထွက်နေသည်။

ထိုဖြစ်ရပ်ကြောင့် အဖွားနှင့်အဖေတို့ ဆက်ဆံရေး ပျက်ပြားရသည်။ အဖွားသည် ကူမင်တန်ဘက်သား ဖြစ်သည်ဟု အဖေက စွပ်စွဲသည်။ သို့သော်လည်း အဖေ ဟွီဂေးအပေါ် မနာလို ဖြစ်နေမှာကြာပြီ။ အဖွားနှင့်အဖေ စကားမပြော။ ဟွ္ဂီေး ကို အဖွားသဘောကျသည်။ ကျွန်မအမေ သူ့သမီးနှင့် ပေးစားချင်သည်။

ကျွန်မအမေမှာ လင်နှင့် အမေအကြား မျက်နှာကောင်းမရ။ “ဟွီဂေး သေဒဏ်အစီရင်ခံရသဖြင့် စိတ်မကောင်း၊ တစ်ဖက်ကလည်း နိုင်ငံရေးအရ ကွန်မြူနစ် တို့ကို ထောက်ခံလျက်ရှိသည်။

ကူမင်တန် ကာနယ်ကို သေဒဏ်ပေးသည်မှာ တန်ပြန်တော်လှန်ရေးသမားများအား ဆန့်ကျင်တိုက်ခိုက်သည့် အစီအစဉ်တစ်ခုဖြစ်သည်။ ၁၉၅၀ ဇွန်လ တွင် ကိုးရီယားစစ်ပွဲစသည်။ ထိုအခါ ကူမင်တန်များ ခေါင်းထောင်လာသည်။ အမေရိကန်တပ်များ မန်ချူးနယ်စပ်အထိ ရောက်လာသည်တွင် မော်စီတုန်းစိုးရိမ် လာသည်။ တရုတ်ကိုဝင်၍ တိုက်လေမည်လား၊ သို့မဟုတ် ချန်ကေရှိတ်၏ စစ်တပ်ကို ပြည်မကြီးသို့ ပို့ပေးမည်လား စိုးရိမ်သည်။ သို့နှင့် ကိုးရီးယားသို့ တရုတ်စစ်သား တစ်သန်း စေလွှတ်ကာ အမေရိကန်ကို ဆန့်ကျင်သည့် မြောက်ကိုးရီယားဘက်က ဝင်၍တိုက်စေသည်။

ချန်ကေရှိတ်၏ တပ်များသည် ထိုင်ဝမ်မှပြင်ပသို့ မထွက်။ သို့သော်လည်း မြန်မာနိုင်ငံတွင် ကျန်ရစ်သော ကူမင်တန် တပ်များကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်းသို့ ဝင်ရောက်တိုက်ခိုက်နိုင်ရန် အမေရိကန်က အားပေးအားမြှောက် လုပ်နေသည်။ ကူမင်တန်အကြွင်းအကျန် တို့သည် တရုတ်ပြည် အနှံ့အပြားတွင် ရှိနေပြီး ပုန်ကန်မှုများ ပြုလုပ်နိုင်လောက်သည့် အင်အားများ စုစည်းနေသည်။ ထူထောင်ပြီး စဖြစ်သော ပြည်သူ့သမ္မတနိုင်ငံကို ထောင်ထား ခြားနားရန် ကြံစည်မည်ကို ကွန်မျူနစ် တို့ စိုးရိမ်သည်။ သို့ဖြစ်ရာ ကူမင်တန်နှင့် ယင်းတို့ကို ထောက်ခံသူများအား သင်ခန်းစာ ပေးသည့် အနေဖြင့် သေဒဏ်များ စီရင်သည်။ မည်သည့် အတိုင်းအတာအထိ သင်ခန်းစာပြရမည်ကိုမူ ဝေခွဲမရနိုင် ရှိနေသည်။ အစိုးရသစ်အဖို့ သူရဲဘောနည်းသည်၊ သတ္တိမရှိဆိုသည့်

အထင်အမြင်မျိုး မခံနိုင်။ "တို့က သူတို့ကို မချေမှုန်းရင် သူတို့ပြန်လာရင် တို့ကို ချေမှုန်းမှာပဲ" ဟု ကွန်မြူနစ်တို့က တရားဝင် ထုတ်ဖော်သည်။

အမေသည် အဖေနှင့် ယှဉ်ပြိုင်ပြီး မပြောချင်။ အချေအတင်မဆွေးနွေးချင်။ တကယ်တော့ သူတို့နှစ်ယောက် မျက်နှာချင်းမဆိုင်ဖြစ်သည်မှာ ကြာပြီ။

အဖေသည် မြို့မှာနေရသည်ဟူ၍မရှိ။ ကျေးလက်တွင် မြေယာတော်လှန်ရေး အတွက် စေ့စပ်ဖြေရှင်း နေရသည်။ မြို့ရောက်လာလျှင်လည်း အမေနှင့် တွေ့ချိန် မရှိ။ အရာရှိများသည် နံနက် ၈ နာရီမှ ည ၁၁ နာရီအထိ အလုပ်လုပ်ကြရသည်။ တစ်ပတ် ခုနစ်ရက်လုံးလုံး အလုပ်ဆင်းရသည်။ တစ်ယောက်ယောက်မှာ အိမ်ပြန် နောက်ကျသည်။ စကားပြောချိန်မရ။ သူတို့၏ ပထမသမီးသည် သူတို့နှင့်အတူ မနေ။ သူတို့ နှစ်ယောက်စလုံး ကင်တင်းမှာ ထမင်းစားကြသည်။ မိသားစုဘဝဟူ၍ အရသာ မခံစားကြရပေ။ သိုက်သိုက်ဝန်းဝန်း အတူ မနေကြရပေ။

မြေယာပြုပြင်ရေးပြီးလျှင် ပြည်နယ်တွင်း လမ်းမကြီးတစ်ခု ဖောက်လုပ်ရန် ထွက်ခွာသွားရသည်။ အရင်ကမူ ယိဘင်သည် ပြင်ပလောကနှင့် ဆက်သွယ်ရန် မြစ်ကြောင်းတစ်ခုသာရှိသည်။ "အစိုးရက တောင်ဘက် ယူနန်ပြည်နယ်သို့ လမ်းမကြီး တစ်ခုဖောက်ရန် ဆုံးဖြတ်သည်။ တစ်နှစ်အတွင်း စက်ပစ္စည်းမသုံးဘဲ မြစ်များကို ဖြတ်ကာ တောင်ထူထပ်သည့် နယ်မြေအတွင်း မိုင်ရှစ်ဆယ်ဖောက်ပြီးပြီ။ လယ်သမားမှာ လမ်းဖောက်အလုပ်သမားများ ဖြစ်လာသည်။ လုပ်ခအဖြစ် အစားအစာပေးသည်။

လမ်းဖောက်စဉ် တူးဆွရာ၌ ဒိုင်နိုဆောတစ်ကောင်၏ အနည်းငယ် ကျိုးပဲ့ ပျက်စီးနေသည့် အရိုးစုအကြွင်းကို တွေ့ရသည်။ အဖေသည် ပထမဆုံး ကိုယ့်ကိုယ် ကိုယ် ဝေဖန်ရေးလုပ်သည်။ ပြီးတော့ အသေအချာ တူးဖော်ကာ ဒိုင်နိုဆောရုပ်ကြွင်း ကို ပီကင်းပြတိုက်သို့ ပို့လိုက်သည်။ တစ်ဖန်အေဒီ ၂၀၀ ကတည်းက တည်ရှိခဲ့သည့် သင်္ချိုင်းများကို အကာအကွယ်ပေးရန် စစ်သားများ စေလွှတ်ရသည်။ လယ်သမားများသည် သူတို့၏ ဝက်ခြံကို ဖာထေးပြင်ဆင်ရန် သင်္ချိုင်းဟောင်းများမှ အုတ်များကို အသုံးပြုသည်။

တစ်နေ့တွင် လမ်းတစ်ခု၌ ကျောက်တောင်ပြိုသဖြင့် လယ်သမား နှစ်ယောက် သေဆုံးသွားသည်။ အဖေကိုယ်တိုင် ထိုနေရာသို့ ညတွင်းချင်းသွား၍ ကြည့်သည်။ အဖေလို အရာရှိတစ်ယောက် သူတို့၏ စားဝတ်နေရေးကို ဂရုတစိုက် လိုက်လံကြည့်ရှုသည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်ဟူ၍ လယ်သမားများ ဝမ်းသာ မဆုံးရှိကြသည်။ အရင်ကမူ အရာရှိဟူသည် ပိုက်ဆံရှာရအောင် နယ်ထွက်ကြသည် သာများသည်။ လယ်သမားနှစ်ယောက် သေသည်ကို အဖေလာ၍ကြည့်ပြီး နောက်ပိုင်း ကွန်မြူနစ်ဆိုသည်မှာ အံ့ဖွယ်ပုဂ္ဂိုလ်များ ဟု ထင်လာသည်။

ထိုအချိန်တွင် အမေ၏ အဓိကလုပ်ငန်းမှာ အစိုးရသစ်အား ထောက်ခံမှုရရန် ကြိုးပမ်းခြင်းဖြစ်သည်။ အထူးသဖြင့် အလုပ်သမားများ၏ ထောက်ခံမှုကို

လိုချင်သည်။ ၁၉၅၁ အစကတည်းက စက်ရုံများသို့ စည်းရုံးရေးဆင်းသည်။ ဟောပြောသည်။ တိုင်တန်းသည်တို့ကို နားထောင်သည်။ ပြဿနာများရှိလျှင် ဖြေရှင်းပေးသည်။ တစ်ဖန် လူငယ်လုပ်သားများအား ကွန်မျူနစ်ဝါဒ အကြောင်း ပြောဟောသည်။ လူငယ်အဖွဲ့သို့ ဝင်ရန်စည်းရုံးသည်။ ပါတီဝင်ရန် ဟောပြောသည်။ စက်ရုံသုံးလေးခုမှာပဲ အမေနေသည်။ ကွန်မျူနစ်ဆိုသည် အလုပ်သမား၊ လယ်သမား နှင့်အတူ လက်ပွန်းတတီး နေထိုင်စားသောက်ရမည်။ သို့မှသာ သူတို့လိုအင်ဆန္ဒ များသိမည်။ ဤသည်မှာ အမေကျင့်သုံးသည့် နည်းဖြစ်သည်။

မြို့ပြင်ဘက် စက်ရုံတစ်ခုသည် ခေတ်မလိုက်သည့် လျှပ်ကာလျှပ်စီး ပတ်လမ်းများ ပြုလုပ်နေသည်။ အလုပ်သမားများ နေထိုင်စားသောက်ရသည်မှာ ဆိုးရွားသည်။ အများအပြားသည် ဝါးနှင့်သက်ကယ်နှင့် ဆောက်ထားသည့် တန်းလျားကြီးထဲမှာ အိပ်ကြရသည်။ အစာအာဟာရ မပြည့်စုံ။ ပင်ပန်းစွာ လုပ်ကိုင်ရသော်လည်း တစ်ပတ်လျှင် နှစ်ရက်သာ အသားစားရသည်။ မိန်းမများသည် အေးစက်သော ရေထဲမှာ ရှစ်နာရီဆက်တိုက်ရပ်နေပြီး ကြွေခွက်များကို ဆေးကြောရသည်။ အာဟာရ မပြည့်စုံခြင်း၊ ကျန်းမာရေးနှင့် မညီညွတ် ခြင်းတို့ကြောင့် တီဘီရောဂါများ ဖြစ်ပွားသည်။ ထမင်းပန်းကန်နှင့် တူတို့ကို စင်ကြယ်အောင် မဆေးနိုင်သဖြင့် ရောဂါများ ကူးစက်သည်။

မတ်လတွင် အမေသည် ချောင်းဆိုးလျှင် သွေးအနည်းငယ်ပါလာသည်။ သူ့မှာ တီဘီရောဂါ ကူးစက်နေပြီကို သိသည်။ သို့သော်လည်း ဆက်၍လုပ်ကိုင် နေသည်။ အလုပ်ခွင်မှာ သူပျော်သည်။ သူ့ဘဝထဲ ဝင်၍နှောင့်ယှက်မည့်သူ မရှိ။ သူလုပ်တာ သူယုံကြည်သည်။ တဖြည်းဖြည်း အလုပ်သမားများ၏ အခြေအနေ တိုးတက်လာသည်။ သူ့ကို လူငယ်အလုပ်သမားများက ချစ်ခင်သည်။ သူ စည်းရုံး သဖြင့် ကွန်မျူနစ်ပါတီဝင်သူ အများအပြားရှိလာသည်။ တော်လှန်ရေးတွင် စူးစူး စိုက်စိုက် သက်ဝင်ယုံကြည်ဖို့ လိုသည်၊ ကိုယ်ကျိုးစွန့်ဖို့ လိုသည်ဟု အမေ ယုံကြည်သည်။ သို့ဖြစ်ရာ အနားမယူဘဲ အလုပ်လုပ်သည်။ သို့သော်လည်း တစ်လလောက် မနားတမ်း အလုပ်လုပ်သည့်အခါ အမေ နာမကျန်း ဖြစ်လာသည်။ သူ၏အဆုပ် ထဲတွင် တီဘီပိုးစားသဖြင့် လေးနေရာ၌ အခေါင်းများ ဖြစ်လာသည်။ နွေရာသီတွင် ကျွန်မကို ကိုယ်ဝန်ရှိလာသည်။

နိုဝင်ဘာနှောင်းပိုင်းတစ်နေ့တွင် စက်ရုံကြမ်းပြင်ပေါ်သို့ အမေ လဲကျ သွားကာ သတိမေ့သွားသည်။ မြို့ဆေးရုံသို့ ပို့ရသည်။ ဆေးရုံမှာ တရုတ်ကက်သလစ် သာသနာပြုဆေးရုံ ဖြစ်သည်။ ဥရောပတိုက်သား ဘုန်းကြီးတစ်ပါးရှိပြီး ဥရောပသူသီလရှင်များ ရှိသည်။ မစ္စစ်တင်းက အဖွားကို စားစရာများ ချက်ပြုတ်ခိုင်းပြီး ကျွေးမွေး စေသည်။ အမေသည် အတော်စားလိုက်သည်။ တစ်ခါတစ်ရံ တစ်နေ့ ကြက်တစ် ကောင်၊ ကြက်ဥဆယ်လုံး၊ အမဲသားတစ်ပေါင် ကုန်အောင်စားသည်။ သူ့ဗိုက်ထဲက သန္ဓေသား ကျွန်မမှာ ကြီးထွားလာသည်။ အမေလည်း ကိုယ်အလေးချိန် ပေါင်သုံး ဆယ်တိုးလာသည်။

ဆေးရုံတွင် တီဘီအတွက် အမေရိကန်ဆေးအနည်းငယ်သာရှိသည်။ မစ္စစ်တင်း၏ အမိန့်ဖြင့် ထိုဆေးအားလုံးကို အမေ့အတွက် ယူလိုက်သည်။ အဖေ သိသည့်အခါ နည်းနည်းယူပါ၊ တစ်ဝက်ချန်ထားပါ ဟုပြောသည်။ မစ္စစ်တင်းက "ဘာမှ အဓိပ္ပာယ်မရှိဘူး၊ တစ်ဝက်ထားခဲ့လို့ လူနာတစ်ယောက်အတွက်တောင် မလုံလောက်ဘူး။ မယုံရင် ဆရာဝန်ကို မေးကြည့်၊ ပြီးတော့ ရှင့်မိန်းမက ကျွန်မလက်အောက်က ပါတီဝင်။ သူ့အတွက် ကျွန်မ ဆုံးဖြတ်တာပဲ" ဟု ခပ်ပြတ်ပြတ်ပြောသည်။ သူ့ဘက်က ရပ်ပြီး အဖေ့ကို ပြောသဖြင့် မစ္စစ်တင်းကို အမေကျေးဇူးတင်သည်။ အဖေ ဘာမျှ မပြောတော့။ အမေ့ ကျန်းမာရေးအတွက် အဖေ ပူသည်။ ပြီးတော့ အခြေခံမှုကိုလည်း သူ မဖောက်ဖျက်ချင်။ အမေအတွက် အခွင့်အရေးမယူသင့်ဟု သူ ခံယူသည်။

သူ့ဗိုက်ထဲကသန္ဓေသား ကျွန်မ ကြီးထွားသဖြင့် အဆုတ်ထဲက အခေါင်းများကို ဖိမိပြီး ပိတ်သွားသည်။ ကလေးကြောင့်ဟု ဆရာဝန်များကို ပြောသည်။ သို့သော်လည်း အမေသည် အမေရိကန်ဆေးဝါးနှင့် မစ္စစ်တင်းကို ကျေးဇူးတင်သည်။ ဆေးရုံတွင် ကိုယ်ဝန်ရှစ်လရှိသည့် ၁၉၅၂ ဖေဖော်ဝါရီအထိ သူ နေသည်။ စ၍တက် သည်မှ သုံးလအထိ ကြာသွားသည်။ တစ်နေ့တွင် လုံခြုံမှုအတွက်ဆေးရုံမှ ဆင်းပါဟု မိတ်ဆွေတစ်ယောက်က တိုက်တွန်းသည်။ ပီကင်းမြို့တွင်နေသည့် နိုင်ငံခြားသား ဘုန်းကြီးတစ်ယောက်၏ အိမ်တွင် သေနတ်များတွေ့သဖြင့် နိုင်ငံခြားသားဘုန်းကြီးများနှင့် သီလရှင်များကို မသင်္ကာဖြစ်လာသည်ဟု သတင်းစကားတစ်ခုကြားသည်။

အမေသည် ဆေးရုံမှ မဆင်းချင်။ ဆေးရုံမှာ သာယာသည်။ ပန်းခြံတွင် ပန်းမျိုးစုံဖူးပွင့်နေသည်။ ဆရာဝန်များ သူနာပြုများက ဂရုစိုက်သည်။ ပတ်ဝန်းကျင်မှာ အေးချမ်းပြီး သန့်ရှင်းသည်။ ထိုအချိန်က တရုတ်နိုင်ငံတွင် ထိုဆေးရုံမျိုးမရှိ။ ရှားသည်။ သို့သော်လည်း သူ့မှာ အခြားရွေးချယ်ပိုင်ခွင့်မရှိ။ ပြည်သူဆေးရုံ နံပါတ်တစ်သို့ ပြောင်းရွှေ့ရသည်။ ထိုဆေးရုံက ဆရာဝန်သည် ကလေးမွေးပေးဖူးသူမဟုတ်။ ကူမင်တန်စစ်တပ်ဆေးတပ်ဖွဲ့မှ ပြောင်းရွှေ့လာသူ ဖြစ်သည်။ ကလေးမွေးစဉ် အမေ သေလျှင် သူ့တာဝန် ဖြစ်မည်ကို စိုးရိမ်ပူပန်သည်။ ကျွန်မ အဖေသည် ကွန်မြူနစ် အရာရှိကြီးတစ်ယောက်မဟုတ်လား။

မွေးဖွားမည့်ရက်နီးလာလျှင် ဆရာဝန်က ပစ္စည်းပြည့်စုံပြီး သားဖွားပါရဂူများရှိသည့် မြို့ကြီးတစ်ခုက ဆေးရုံကြီးသို့ ပြောင်းပါဟု အကြံပေးသည်။ မွေးဖွားသည် တွင် ချက်ချင်းဖိအား အပြောင်းအလဲကြောင့် အမေ၏ အဆုတ်ထဲက အခေါင်းများ ပြန်ပွင့်ကာ သွေးသွန်မည်ကို သူစိုးရိမ်သည်ဟု ပြောသည်။ အဖေက လက်မခံ။ သူ့မိန်းမသည် အခွင့်ထူးခံမဟုတ်။ သူများတွေလိုပင် ပြုစုဂရုစိုက်ပါ။ ကွန်မြူနစ်တို့သည် အခွင့်အရေးယူသည့် စနစ်ကို တိုက်ဖျက်နေသည်ဟု ပြောသည်။ ထိုစကားကို အမေကြားလျှင် စိတ်ပျက်သည်။ သူ့လင်သည် မိန်းမကျန်းမာရေးကို ဂရုမစိုက်။ သေချင်သေ ရှင်ချင်ရှင် သူ့ခံယူချက်

ကိုကား မပြောင်းလဲ။

၁၉၅၂ မတ် ၂၅ တွင် ကျွန်မကို မွေးသည်။ ခက်ခဲသဖြင့် ခွဲစိတ်ဆရာဝန် နောက်တစ်ယောက် ခေါ်ထားရသည်။ အဖေ့ကို မွေးခန်းအပြင်ဘက်မှာ စောင့်နေစေသည်။ အောက်ဆီဂျင်၊ သွေးပုလင်း စသည်တို့ အဆင်သင့်ပြင်ဆင်ထားသည်။ ကျွန်မကိုမွေးတော့ ခေါင်းက ပထမထွက်သည်။ ပခုံးနှစ်ခု တစ်နေသည်။ ဝလွန်း သဖြင့် အလွယ်တကူ ဆွဲထုတ်၍မရ။ သူနာပြုဆရာမများက ကျွန်မကို ခေါင်းမှကိုင်၍ ဆွဲထုတ်သည်။ ထိုအခါတွင်မှ ပြာနှမ်းနှမ်း အသက် မရှူသေးသည့် ကျွန်မသည် အမေ့ဝမ်းမှ ကျွတ်ထွက်လာသည်။ ဆရာဝန်များက ကျွန်မကို ရေနွေးထဲမှာ ပထမနှစ်သည်။ ပြီးတော့ ရေအေးထဲမှာ နှစ်သည်။ ထိုနောက် ခြေနှစ်ဖက်မှ ဆွဲကိုင်ကာ တင်ပါးကို ခပ်ဆတ်ဆတ် တစ်ချက် ပုတ်လိုက်သည်။ ကျွန်မ၏ ငိုသံကျယ်ကြီးကို ကြားရတော့မှ အားလုံး ပြုံးနိုင် ရယ်နိုင်ဖြစ်သွားကြသည်။ မွေးစတွင် ဆယ်ပေါင်ကျော် အလေးချိန်ရှိသည်။ အမေ၏ အဆုတ်များ မပျက်စီးပါ။

အမျိုးသမီးဆရာဝန်မတစ်ယောက်က "ဒီကလေး မျက်လုံးက ပြူးထွက်နေတာပဲ" ဟု ပြောသည်။ အမေ စိတ်မကောင်း။ ဒေါ်လေးယန်ယင်ကမူ "မဟုတ်ပါဘူး။ အလွန်လှတဲ့ မျက်လုံးကြီးတွေပါ" ဟု ပြင်၍ပြောသည်။

အဖွားသည် ဆေးရုံသို့ လိုက်လာပြီး ကောင်းစွာချက်ပြုတ်၍ အမေ့ကို ကျွေးသည်။ ကြက်ဥရေကြော်ကို သကြားနှင့်ရောကာ ဆန်ပြုတ်ထဲထည့်၍ တိုက်သည်။

ကျွန်မကိုမွေးပြီဟုကြားလျှင် ဒေါက်တာရှီယာက "နောက်ထပ် ငန်းရိုင်းလေး တစ်ကောင် မွေးပြီပေါ့" ဟု ဆိုသည်။ သို့ဖြစ်ရာ ကျွန်မကို အားဟောင်ဟု နာမည် ပေးသည်။ အဓိပ္ပာယ်မှာ ဒုတိယငန်းရိုင်းဖြစ်သည်။

ကျွန်မကို နာမည်ပေးပြီးနောက် လေးရက်မြောက်နေ့တွင် အသက်ရှစ်ဆယ့်နှစ်နှစ်၌ ဒေါက်တာရှီယာ ကွယ်လွန်သည်။ အိပ်ရာထဲတွင် နွားနို့သောက်ရင်း ရုတ်တရက် ခေါင်းငိုက်စိုက်ကျကာ အသက်ပါသွားခြင်း ဖြစ်သည်။ နာကျင်ခြင်းမရှိ။ ဝေဒနာ မခံစားရ။

တရုတ်ပြည်တွင် လူသေလျှင် ခမ်းခမ်းနားနား သင်္ဂြိုဟ်ကြသည်။ ဆင်းရဲသားများ လူသေလျှင် ပိုက်ဆံကုန်သဖြင့် မွဲသွားသည်။ အဖွားသည် သူချစ်သည့် ဒေါက်တာရှီယာကို အကောင်းဆုံး သင်္ဂြိုဟ်ချင်သည်။ ပထမ အကောင်းဆုံး ခေါင်းတစ် ခုလိုသည်။ ဒုတိယ ခေါင်းကို လှည်းမှာတင်၍ မဆွဲရ။ လူထမ်းရမည်။ တတိယ ဗုဒ္ဓဘာသာဝင် ဘုန်းကြီးများ သုတ်များရွတ်ဖတ်ရမည်။ အသုဘတွင် တီးမှုတ်သည့် ပလွေကို မှုတ်ရမည်။ အဖေက ပထမနှစ်ခုကို သဘောတူသည်။ တတိယအချက်ကို သဘောမတူ။ မလုပ်ရဟု တားမြစ်သည်။ ကွန်မြူနစ်တို့က အသုဘအခမ်းအနား ချဲ့ခြင်းကို မကြိုက်။ ငွေကုန်သည်၊ ပဒေသရာဇ်ဆန်သည်ဟု ယူဆသည်။ အသုဘတွင် ဆူဆူညံညံဖြစ်မှ လူသိမည်။

လူသူအများအပြား ပါဝင်မည်။ အဖွားသည် အဖေနှင့် အကြီးအကျယ် စကားများသည်။ ဒေါသလည်း ဖြစ်ရသည်။ အော်ဟစ်ပြောဆိုပြီး အဖွားသည် ဒေါသနှင့် ဝမ်းနည်းခြင်းတို့ ရောပြွမ်းကာ မေ့လဲသွားသည်။ အမေမှာ ဆေးရုံက မဆင်းသေး။ အမေ့ကို အဖွားဘာတစ်ခုမျှမပြော။ အသုဘပြီးလျှင် အဖွား ပုံလဲကျသွားသဖြင့် ဆေးရုံသို့ တင်ရသည်။ ဆေးရုံမှာ နှစ်လကြာသည်။

ဒေါက်တာရှီယာကို ယိဘင်မြို့အစွန် ယန်စီမြစ်ကို မိုးကြည့်နေသော တောင်ကုန်းတစ်ခုထက်တွင် မြှုပ်နှံလိုက်သည်။ ထင်းရှူးပင်ရိပ်၊ ဆိုက်ပရတ်ပင်ရိပ်နှင့် ပရုတ်ပင်ရိပ်အောက်တွင် အေးချမ်းစွာ သူ နားနေသွားသည်။ သူ့ကို ယိဘင်တစ်မြို့လုံးလိုလိုက ချစ်ခင်လေးစားကြသည်။ အို ကံကောင်း သည်ဆိုရမည်။ သေခါနီးအထိ ကျန်းမာသည်။ အသက်ကြီးလျှင် မကြောင့်မကြ နေနိုင်ဖို့ လိုသည်။ ဒေါက်တာရှီယာ မှာ အလိုပြည့်သဖြင့် ကံကောင်းသည်။

အဖေ့ကို ဒေါက်တာရှီယာက ယုံကြည်ချက်အပြည့်ရှိသူအဖြစ် လေးစား ချစ်ခင်သည်။ အဖေသည် ဗဟုသုတကြွယ်သည်။ အဂတိမလိုက်စားသည့် အရာရှိ ဟူ၍မရှိဟု ဆိုရိုးရှိသည်။ သို့သော်လည်း အဖေသည် ရာထူးကို အခွင့်အရေးမယူ။ မိသားစုအတွက်ပင် နေရာမပေး။

အဖေနှင့် ဒေါက်တာရှီယာတို့ နာရီပေါင်းများစွာကြာသည်အထိ စကား လက်ဆုံကျကြသည်။ ကိုယ်ကျင့်တရားကောင်းရမည်ဟု နှစ်ယောက်စလုံး ခံယူသည်။ သို့သော်လည်း အဖေ၏ ကိုယ်ကျင့်တရားသည် ကွန်မြူနစ်ဝါဒတွင် အခြေခံသည်။ ဒေါက်တာရှီယာကမူ လူအကျိုးပြုဝါဒ သို့မဟုတ် လူ့ကောင်းကျိုးတွင် အခြေခံသည်။ ကွန်မြူနစ်တို့ လူအများကြီးသတ်သည်ကို ဒေါက်တာ ရှီယာမကြိုက်။ “အဖေကမူ တန်ပြန်တော်လှန်ရေးသမားများ ကို နှိမ်နင်းရခြင်း ဖြစ်သည်”ဟု ဆိုသည်။ အဖေသည် ပါတီကို ကာကွယ်ရမည် ယုံကြည်သူဖြစ်သည်ဟု ဒေါက်တာရှီယာ ထင်သည်။ သို့သော်လည်း သူ လက်ခံအောင်ကား ရှင်းမပြနိုင်ဟု ဆိုသည်။

ဆေးရုံကဆင်းလျှင် အဖွားသည် အဖေအမေတို့နှင့် လာ၍နေသည်။ ကျွန်မအစ်မကြီးနှင့် သူ၏ နို့ထိန်းတို့လည်း ရောက်လာသည်။ ကျွန်မ နို့ထိန်းမှာ ဆယ့်နှစ်ရက်သားတစ်ယောက်ရှိသည်။ သူ့ယောကျ်ားမှာ ဘိန်းစားသဖြင့် ထောင်ထဲ ရောက်နေသည်။ သို့ဖြစ်ရာ ပိုက်ဆံလိုသည်။ ယိဘင်တွင် ဘိန်းကုန်ကူးသူ ပေါများသည်။ ဘိန်းစား ၂၅,၀၀၀ ရှိသည်။ အရင်က ဘိန်းကို ငွေအဖြစ် သုံးစွဲကြသည်။ ကွန်မြူနစ်တက်လာလျှင် ဘိန်းရှူခြင်းကို အမြစ်က သုတ်သင်သည်။ ဘိန်းကုန်ကူးခြင်း ကို ဓားပြဂိုဏ်းက ခေါင်းဆောင်သည်။ ကူမင်တန်အစိုးရဘတ်ဂျက်သည် ဘိန်းမှ အများအပြားရသည်။

ကျွန်မ၏ နို့ထိန်းမှာ သေးသွယ်သည်။ ဆံပင်ရှည်သည်။ မျက်လုံးကောင်းပြီး အသားအရေ ချောမွေ့သည်။ ကြင်နာတတ်ပြီး ကျွန်မကို သူ့သမီးအရင်းလို ချစ်သည်။

ကျွန်မ၏ ပခုံးကျယ်သည် ကားသည်ကို မကြိုက်ကြ။ မိန်းကလေးနှင့် မသင့်၊ ပြေပြေလျောလျော ရှိသင့်သည် ယူဆကာ ကျပ်နေအောင် ထုပ်ထားကြသည်။ အော်ဟစ်ငိုယိုတော့မှ နို့ထိန်းက ကျွန်မ၏လက်နှင့် ပခုံးတို့ကို တင်းကျပ်အောင် ဖျစ်ညှစ်ထားရာမှ ဖြေလျှော့လိုက်သည်။ အိမ်သို့ အလည်လာကြသူများကို လက်ဖဝါးမ်း နှုတ်ဆက်တတ်အောင် နို့ထိန်းက သင်သည်။ ကိုယ်ဝန်ရှိနေစဉ် စိတ် ချမ်းသာသဖြင့် ကျွန်မမှာ စရိုက်လက္ခဏာကောင်းသူ ဖြစ်လာမည်ဟု အမေက မျှော် လင့်သည်။

ကျွန်မတို့သည် အမေ၏ ရုံးရှိရာ မြေရှင်ဟောင်း၏ အိမ်ကြီးတွင် နေကြသည်။ ပန်းခြံမှာကျယ်ပြီး ငှက်ပျောပင်နှင့် ပန်းပင်မျိုးစုံရှိသည်။ အစိုးရက ခန့်ထားသည့် ဥယျာဉ်မှူးတစ်ယောက်က ကြည့်ရှုသည်။ အဖေသည် ခရမ်းချဉ်နှင့် ငရုတ်ပင် များ စိုက်သည်။ သစ်ပင်စိုက် ဝါသနာပါသည်။ တစ်ဖန် ကွန်မြူနစ် အရာရှိများသည် အလုပ်ကြမ်းလည်း လုပ်ရမည်ဟူသော ခံယူချက် သူ့မှာရှိသည်။

အဖေက ကျွန်မကို အလွန်ချစ်သည်။ ကျွန်မ တွားသွားတတ်သည့် အရွယ် ရောက်လျှင် ကြမ်းပေါ်မှာ မှောက်၍ အိပ်နေသော အဖေ့ကိုယ်ပေါ် ကျွန်မ တွားတက်သည်။ ကျော်၍ဆင်းသည်။

ကျွန်မကိုမွေးပြီး မကြာမီမှာပင် အဖေရာထူးတက်သည်။ ယိဘင်ဒေသ၏အုပ်ချုပ်ရေးမှူး ဖြစ်လာသည်။ ယင်းမှာ နံပါတ်နှစ်နေရာဖြစ်ပြီး ပါတီအတွင်းရေးမှူး ၏ အောက်ကဖြစ်သည်။ (ပါတီနှင့် အစိုးရသည် လုပ်ငန်းသဘောအရ ခွဲခြားထား သော်လည်း တကယ်က တွဲ၍နေသည်)။

ယိဘင်သို့ အဖေပြန်ရောက်လာသည့်အခါ အမျိုးများနှင့် မိတ်ဆွေများ က သူ့ထံမှ အကူအညီရမည် မျှော်လင့်ကြသည်။ တရုတ်ပြည်တွင် အာဏာရှိသော နေရာသို့ ရောက်သူသည် ဆွေမျိုးများကို ကြည့်ရှုသည်ဟု ယူဆကြသည်။ ဆိုရိုး တစ်ခုရှိသည်။ ယင်းမှာ "လူတစ်ယောက် အာဏာရှိလာပြီဆိုလျှင် သူ၏ ကြောင်များ၊ ခွေးများသည်ပင် အရှိန်အဝါရှိလာသည်" ဟူ၍ ဖြစ်သည်။ သို့သော်လည်း အဖေသည် လူတစ်မျိုးဖြစ်သည်။ ဆွေမျိုးအား ကြည့်ရှုသည့် ဓလေ့ထုံးစံကို သူတိုက်ဖျက်ချင်သည်။ ယင်းသည် အဂတိလိုက်စားခြင်းဖြစ်သည်။ တရုတ်ပြည်၏ မကောင်းမှုအားလုံးသည် အဂတိလိုက်စားခြင်းတွင် မြစ်ဖျားခံသည်ဟု အဖေယုံကြည်သည်။ ယိဘင်တစ်မြို့လုံး အဖေ့ကို စောင့်ကြည့်နေကြသည်။ အဖေ လုပ်ကိုင်သမျှသည် ကွန်မြူနစ်လုပ်ထုံး လုပ်နည်းဖြစ်သည်ဟု သူတို့ယူဆကြတော့မည်။ ထိုအဖြစ်သို့ အရောက်မခံနိုင်။

အဖေသည် စည်းကမ်းကြီးသည်။ တိကျမှန်ကန်သည်။ သို့ဖြစ်ရာ ဆွေမျိုး မိတ်ဆွေများက သူ့ကို ရှောင်ကြသည်။ ဝမ်းကွဲညီတစ်ယောက်က မြို့ပေါ်ရှိ ရုပ်ရှင်ရုံ တစ်ခုတွင် အလုပ်လုပ်ချင်သဖြင့် သူ့ထောက်ခံချက်ကို တောင်းသည်။ အဖေက စည်းကမ်းနည်းလမ်းအတိုင်း လျှောက်လွှာတင်ပါဟု ပြောလိုက်သည်။ ထိုအခါမှစ၍ သူ့ဆီသို့ ဘယ်ဆွေမျိုးမှ မလာကြတော့ပေ။ အုပ်ချုပ်မှူးဖြစ်ပြီးစမှာပင် ကိစ္စတစ်ခု

ပေါ်သည်။ အဖေ၏ အစ်ကိုတစ်ယောက်မှာ လက်ဖက်ခြောက်လုပ်ငန်းတွင် ကျွမ်းကျင်ပြီး အရောင်းအဝယ်ဌာနတစ်ခုတွင် လုပ်ကိုင်နေသည်။ ၁၉၅၀ ကျော်တွင် စီးပွားရေးလုပ်ငန်းများ အောင်မြင်နေရာ ထုတ်လုပ်ရေးကို တိုးချဲ့လာသည်။ ဒေသခံ လက်ဖက်ခြောက် ရောင်းဝယ်ရေးအဖွဲ့က အဖေ၏အစ်ကိုကို မန်နေဂျာ ခန့်ချင်သည်။ အဆင့်တစ်ခု၏ အထက်တွင် ရာထူးအတိုးအမြင့်တို့သည် အဖေထောက်ခံမှ အတည် ဖြစ်သည်။ သို့ဖြစ်ရာ ထိုပုဂ္ဂိုလ်အား မန်နေဂျာခန့်ရန် ထောက်ခံချက်သည် အဖေ၏ စားပွဲပေါ်သို့ ရောက်သွားသည်။ အဖေက ပယ်ချလိုက်သည်။ သူတို့မိသားစုက အဖေ့ကို စိတ်ဆိုးသည်။ အမေကလည်း စိတ်ဆိုးသည်။ "ရာထူးတိုးပေးချင်တာက ရှင်မဟုတ်ဘူး။ သူ့အုပ်ချုပ်ရေးအဖွဲ့က တိုးပေးချင်တယ်။ သူ့ကို ရှင်ကူညီ စရာမလိုပါဘူး။ ဒါပေမယ့် သူ့တက်လမ်းကိုတော့ ရှင် ပိတ်ဆို့ဖို့မသင့်ဘူး" ဟု အမေက ပြောသည်။ အဖေကမူ သူ့အစ်ကိုသည် ထိုနေရာနှင့် မသင့်။ သို့သော်လည်း သူ့အစ်ကိုဖြစ်နေ၍ "ထိုရာထူးသို့ တိုးပေးခြင်းဖြစ်သည်" ဟု ပြန်ပြောသည်။ လက်ဖက်ခြောက်ရောင်းဝယ်ရေးအဖွဲ့သည် အဖေဆီက မျက်နှာသာရအောင် လုပ်ခြင်းဖြစ်သည် သူထင်သည်။ လက်ဖက်ခြောက်အဖွဲ့မှာ စိတ်မကောင်း။ သူတို့ မျက်နှာလိုအားရ လုပ်ခြင်းမဟုတ်။ ထိုအခါမှစ၍ သူ့အစ်ကို သည် သူ့ကို စကားမပြောတော့ပေ။

သို့သော်လည်း အဖေသည် နောင်တမရ။ သူနည်းနှင့်သူ အဂတိ လိုက်စားသည့် စနစ်ကို တိုက်ဖျက်နေခြင်း ဖြစ်သည်။ လူတိုင်းကို သူ့စံနှင့် တိုင်းကြည့်သည်။ တရားမျှတမှုရှိသည် မရှိသည်ဆိုသည်ကို တိုင်းတာစရာ ပေတံမရှိ။ အပေါင်းအသင်း ရဲဘော်များကိုလည်း မတိုင်ပင်။ သူ့ဆွေမျိုးသည် ရာထူးတစ်ခုနှင့် မထိုက်တန်ဟု သူ့ကို မည်သူကမျှ ပြောလိမ့်မည် သူမထင်။

၁၉၅၃ တွင် အတန်းအစားခွဲခြားသတ်မှတ်သည့် စနစ်တစ်ခု တီထွင်သည် တွင် အဖေ့ အကျင့်သိက္ခာဆိုင်ရာ ဆောင်ရွက်ချက်သည် အထွတ်အထိပ်သို့ ရောက်သည်။ ပြည်သူ့ဝန်ထမ်းများ အားလုံးကို အဆင့်နှစ်ဆယ့်ခြောက်ဆင့် ခွဲခြားသတ်မှတ်သည်။ အနိမ့်ဆုံးမှာ အဆင့် ၂၆ ဖြစ်သည်။ ယင်း၏လခသည် အမြင့်ဆုံးအဆင့်၏ နှစ်ဆယ်ပုံ တစ်ပုံဖြစ်သည်။ သို့သော်လည်း တကယ့်ကွာခြားမှုမှာ ထောက်ပံ့ကြေးများ နှင့် လခအပြင် ပေးသော အပိုကြေးများတွင်ဖြစ်သည်။ ထိုစနစ်သည် အားလုံးကို ညှို၍ရသည်။ အကျုံးဝင်သည်။ အရာထမ်း၊ အမှုထမ်းတစ်ယောက်၏ အပေါ်အင်္ကျီ သည် အဖိုးတန်သိုးမွေးဖြင့် ချုပ်ထားသလား သို့မဟုတ် ဈေးချိုသော ချည်ထည်ဖြင့် ချုပ်လုပ်ထားသလားဆိုသည့် စံမှသည် နေထိုင်သည့် အိမ်ခန်းအကျယ်အဝန်း ပြီးတော့ ရုံးခန်းနှင့်တွဲလျက် အိမ်သာရသလား၊ မရဘူးလားအထိ ခွဲခြားထားပြီး ဖြစ်သည်။

ရာထူးအဆင့်အရ ဘယ်လောက်အထိ သိခွင့်ရှိသလဲဆိုသည်ကိုလည်း

သတ်မှတ်ပြီး ဖြစ်သည်။ တရုတ်ကွန်မျူနစ်စနစ်အရ သတင်းအားလုံးကို ထိန်းချုပ်ထားသည်မဟုတ်။ သို့သော်လည်း ဘယ်အဆင့်က ဘယ်လောက်အထိ သိသင့်သည်ဟု စည်းခြားထားသည်။ ပြည်သူအတွက်သာမဟုတ် ပါတီတွင်းမှာလည်း ခွဲခြားထားသည်။ ပြည်သူတို့အဖို့ကား သတင်းစာထဲမှာ ပါသလောက်သာ သိရသည်။ ယင်းမှာ အနည်းငယ်သာ သိရသည့်သဘောဖြစ်သည်။

ဘယ်အဆင့် ငါသတ်မှတ်ခံရလဲဆိုသည်မှာ အရေးကြီးသည်။ အဖေ၏အဆင့်ကို အထက်က ၁၁ ဟု သတ်မှတ်သည်။ ယိဘင်ဒေသတစ်ခုလုံးတွင် ရာထူးအဆင့်ကို သူခေါင်းဆောင်၍ သတ်မှတ်နိုင်သည်။ ထိုသို့ သတ်မှတ်ခံရသူများတွင် အဖေ့နှမအငယ်ဆုံး၏ ယောကျ်ားလည်းပါသည်။ ထိုနှမကို အဖေချစ်သည်။ သို့ဖြစ်ရာ သူ့ယောကျ်ားကို အဆင့် ၂ ခု လျှော့ချလိုက်သည်။ အမေ၏ဌာနက အမေ့ကိုအဆင့် ၁၅ သတ်မှတ်သည်။ အဖေက အဆင့် ၁၇ သို့ လျှော့ချလိုက်သည်။

အဆင့်စနစ်သည် အစိုးရဌာနများတွင် ပုဂ္ဂိုလ်တစ်ယောက်၏ ရာထူးနှင့် တိုက်ရိုက်မသက်ဆိုင်။ အဆင့်နံပါတ်မမြင့်ဘဲလည်း အစိုးရဌာနများတွင် ရာထူးတိုးပေးနိုင်သည်။ အနှစ် ၄၀ အတွင်း အမေသည် နှစ်ကြိမ်သာ အဆင့်မြှင့်ပေးခြင်းခံရသည်။ ၁၉၆၂ တွင် တစ်ကြိမ်၊ ၁၉၈၂ တွင်တစ်ကြိမ် ဖြစ်သည်။ ထိုအခါတွင်လည်း တစ်ဆင့်သာတတ်သည်။ ၁၉၉၀ တွင် အမေ၏ အဆင့်မှာ ၁၅ သာရှိသေးသည်။ ထိုအဆင့်အရ ၁၉၈၀ လွန်နှစ်များတွင် အမေသည် လေယာဉ်လက်မှတ်ဝယ်ခွင့်မရှိ။ ရထားစီးလျှင် ဆိုဖာပါသောတွဲတွင် မစီးနိုင်။ ယင်းတို့မှာ အဆင့် ၁၄ နှင့်အထက်တို့အတွက် ဖြစ်သည်။ အဖေ၏ ကျေးဇူးကြောင့် အမေသည် သူ့တိုင်းပြည်ထဲမှာပင် သက်သောင့်သက်သာ ခရီးမသွားနိုင်။ ဟိုတယ်တွင် တည်းခိုလျှင် ရေချိုးခန်းပါသည့် အခန်းမှာ မနေရ။ ယင်းမှာ အဆင့် ၁၃ နှင့်အထက်တို့အတွက် ဖြစ်သည်။ သူနေသည့် အခန်းအတွက် လျှပ်စစ်မီတာသေတ္တာကြီးကြီး လျှောက်သည်။ မရနိုင်။ အဆင့် ၁၃ နှင့်အထက်တို့သာ လျှပ်စစ်မီတာ သေတ္တာကြီးကြီးရသည်။

အဖေ့ဘက်ကမိသားစု သူ့ကြောင့်ခံရသည့် အဖြစ်ကို ဒေသခံတို့က မမေ့။ ယနေ့တိုင် ပြောဆိုနေကြဆဲ ဖြစ်သည်။ ၁၉၅၂ တစ်နေ့တွင် နံပါတ်တစ် အလယ်တန်း ကျောင်းအုပ်က သူ့ဆရာများ နေစရာခက်ခဲသည်ဟု အဖေ့ထံ တင်ပြသည်။ “ဒါဖြင့် ကျွန်တော်တို့ အိမ်ကို ယူပေါ့။ သုံးယောက်ထဲဆိုတော့ ကြီးနေတယ်” ဟု အဖေက ပြောသည်။ သုံးယောက်ဆိုသည်မှာ သူ၏အမေ၊ သူ၏ နှမယန်ယင်နှင့် ဖွံ့ဖြိုးမှု နှေးကွေးသည့် သူ့ညီတစ်ယောက်တို့ ဖြစ်သည်။ မိသားစုသုံးယောက်သည် ပန်းခြံနှင့် အိမ်ကလေးကိုသဘောကျသည်။ သို့သော်လည်း အဖေကြောင့် မြို့ထဲက အိမ်ခန်းငယ်လေးတစ်ခုသို့ ပြောင်းလိုက်ရသည်။ အဖွား မကျေနပ်။ သို့သော်လည်း သဘော ကောင်းကာ နားလည်မှုရှိသဖြင့် သားကို ဘာမှ ပြန်၍မပြော။

အရာရှိတိုင်း အဖေလိုမဟုတ်။ အာဏာရစ ကွန်မျူနစ်တို့မှာ ငွေကြေး လိုသည်။ ကိုရီးယားတွင်လည်း စစ်တိုက်နေရသည်။ စစ်စရိတ်မှာ ဘတ်ဂျက်၏ ၅၀

ရာခိုင်နှုန်း ကုန်ကျသည်။ ထိုအခြေအနေမျိုးတွင် အစိုးရစရိတ်နှင့် ညွှေ့ခံပွဲ လုပ်နေသူတွေ ဝါကြွားနေကြသူတွေ များစွာရှိသည်။

အရာရှိအချို့သည် အကြီးအကျယ် အလွဲသုံးစားလုပ်ကြသည်။ တစ်ပြည်လုံး ခြစားကာ ပျက်စီးလာနေသည်။ ၁၉၅၁ တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး စတင်ဆင်နွှဲသည်။ "အကျင့်ဆိုးသုံးခု ဆန့်ကျင်ရေးတိုက်ပွဲ" ဟု ခေါ်သည်။ ငွေကြေး အလွဲသုံးစားလုပ်သူအချို့ကို သေဒဏ်ပေးသည်။ အများအပြားကို ထောင်ချသည်။

အများအပြားကို ရာထူးမှထုတ်ပယ်သည်။ ကွန်မြူနစ်တပ်မတော်ထဲမှ စစ်သား ဟောင်းကြီးများကိုပင် အရေးယူသည်။ သေဒဏ် ပေးသည်။ ထိုအခါမှစ၍ လာမည့် အနှစ်နှစ်ဆယ် လောက်အတွင်း အဂတိ လိုက်စားမှု လျော့နည်းလာသည်။

ယိဘင်ဒေသတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၌ အဖေ ခေါင်းဆောင် ရသည်။ သန့်ရှင်းသော အစိုးရတည်ဆောက်ရေးကို သူတို့၏ ကတိစကားအတိုင်း ကွန်မြူနစ်တို့ ဆောင်ရွက်ကြခြင်းဖြစ်သည်။ အရာရှိတိုင်းသည် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးလုပ်ရသည်။ အသေးအဖွဲ့ကအစ ဝန်ခံရသည်။ ဥပမာ ကိုယ်ရေးကိုယ်တာ အတွက် ရုံးတယ်လီဖုန်းသုံးခြင်း၊ ရုံးစာရွက်နှင့် ကိုယ်ရေးကိုယ်တာအတွက် စာရေးခြင်း စသည်တို့ ဖြစ်သည်။ အချို့က ရုံးစာရေးလျှင် ရုံးကဖောင်တိန်၊ ရုံးကမင်နှင့် ရေးသည်။ မိတ်ဆွေသူငယ်ချင်းဆီ စာရေးလျှင် ကိုယ်ပိုင်ဖောင်တိန်ပြောင်းကာ စာရေးသည်။

အဖေနှင့် တွဲလျက်လုပ်ကိုင်သူတို့သည် အဖေ၏ စနစ်အတိုင်း လိုက်နာကြသည်။ ဤသို့ လိုက်နာခြင်းအားဖြင့် အရင်ကနှင့်မတူသော တရုတ်ပြည်သစ် တစ်ခု ပေါ်လာမည် မျှော်မှန်းကြသည်။

အကျင့်ဆိုးသုံးခု ဆန့်ကျင်ရေးတိုက်ပွဲသည် ပါတီဝင်များအတွက် ရည်ရွယ်သည်။ သို့သော်လည်း လာဘ်ပေးလာဘ်ယူလုပ်ဖို့ လူနှစ်ယောက်ရှိမှ ဖြစ်နိုင်သည်။ အများအားဖြင့် အဂတိလိုက်စားကြသူများမှာ ပါတီပြင်ပမှ ဖြစ်ပြီး အရင်းရှင်များ၊ စက်ရုံပိုင်ရှင်များ၊ ကုန်သည်ကြီးများဖြစ်သည်။ သူတို့ ကိုမူ လက်ဖျားနှင့်မျှ မတို့ရသေး။ သို့ဖြစ်ရာ ၁၉၅၂ နွေဦးပေါက်တွင် ဆန့်ကျင်ရေးသုံးခုလုပ်နေစဉ်မှာပင် နောက်ထပ် တိုက်ပွဲတစ်ခုတိုးလာသည်။ ယင်းမှာ "အကျင့်ဆိုးဆန့်ကျင်ရေးငါးခုတိုက်ပွဲ" ဖြစ်ပြီး အရင်းရှင်များဘက်သို့ မြားဦး လှည့်ရန်ရည်ရွယ်သည်။ ပစ်မှတ်ငါးခုမှာ လာဘ်ပေး လာဘ်ယူ၊ အခွန်ရှောင်ခြင်း၊ လိမ်လည်ခြင်း၊ အစိုးရပစ္စည်းခိုးခြင်းနှင့် လာဘ်ပေးကာ စီးပွားရေးသတင်းများ ရယူခြင်းတို့ဖြစ်သည်။ အရင်းရှင်များစွာတို့သည် ယင်းငါးခုကို ကျူးလွန်ကြသည်။ သို့သော်လည်း ပြစ်ဒဏ်မှာ ဒဏ်ငွေတပ်ခြင်းသာ ဖြစ်သည်။ အရင်းရှင်တို့အပေါ် အစိုးရက စိတ်ရှည်ရှည်ထားကာ ချော့တစ်လှည့် ခြောက်တစ်လှည့် လုပ်ခြင်းဖြစ်သည်။ သူတို့သည် စီးပွားရေးကဏ္ဍတွင် အသုံးဝင်သူများ ဖြစ်သည်။ အများအပြားကို ထောင်မချ။

ထိုတိုက်ပွဲနှစ်ခုမှာ ကွန်မြူနစ်နိုင်ငံထူထောင်စ နှစ်များတွင် ပြုလုပ်ခြင်း

ဖြစ်သည်။ တရုတ်ပြည်တွင် ထူးခြားသည့် လှုပ်ရှားမှုများဖြစ်သည်။ အရေးအကြီးဆုံးမှာ လူထုပါဝင်လှုပ်ရှားသည့် တိုက်ပွဲများဖြစ်သည်။ "လုပ်ငန်းအဖွဲ့" ဟု ခေါ်သည့်အဖွဲ့များက ဦးဆောင်သည်။

လုပ်ငန်းအဖွဲ့များသည် ထိုကိစ္စတစ်ခုတည်းအတွက် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အစိုးရရုံးများမှ ဝန်ထမ်းများပါဝင်သည်။ ရာထူးကြီးပါတီဝင်များက ခေါင်းဆောင်သည်။ ပီကင်းရှိ ဗဟိုအစိုးရက ပြည်နယ်များသို့ အဖွဲ့များစေလွှတ်ကာ ပြည်နယ်အရာရှိများနှင့် အမှုထမ်းများကို စိစစ်သည်။ ဤသို့ဖြင့် ပြည်နယ်က အောက်ခြေမြို့နယ်ကျေးရွာများသို့ အဖွဲ့များစေလွှတ်ကာ စိစစ်သည်။ "အဆင့်တစ်ခုတွင် ယခုတိုက်ပွဲအတွက် ပါဝင်ရမည်" ဟု စိစစ်ခံရပြီးသူမှ လုပ်ငန်းအဖွဲ့တွင် ပါဝင်ခွင့်ရှိသည်။

လုပ်ငန်းအဖွဲ့များကို လူတန်းစားအဖွဲ့အစည်းများသို့လည်း စေလွှတ် စိစစ်စေသည်။ ညနေတိုင်း အစည်းအဝေးများ အမြဲလုပ်နေရပြီး အထက်အာဏာပိုင်တို့ထံမှ ညွှန်ကြားချက်များကို နာယူရသည်။ အဖွဲ့ဝင်များ ဦးဆောင်ကာ လူထုကို ဟောပြောသည်။ ပညာပေးသည်။ မယုံသင်္ကာရှိလျှင် အစည်းအဝေး မှာပင် ထိုသူကို ထုတ်ပယ်စေသည်။ စာဖြင့်လည်း တိုင်တန်းနိုင်သည်။ တိုင်တန်းသူ အမည်ဖော် စရာမလို။ ပြီးလျှင် ပြစ်ဒဏ်မည်သို့ စီရင်မည်ကို အထက်အဖွဲ့သို့ တင်ပြကာ အတည်ပြုချက် ယူရသည်။

စစ်မှန်သော အယူခံစနစ်ကား မရှိ။ မသင်္ကာခံရသူသည် သက်သေပြခိုင်းနိုင်သည်။ မိမိကိုယ်မိမိ ကာကွယ်ထုချေခွင့်ရှိသည်။ အပြစ်ရှိလျှင် ကျေးလက်သို့ စေလွှတ်ကာ အလုပ်ကြမ်းလုပ်ခိုင်းသည်။ အပြစ်ကြီးလျှင်ကား တရားဝင်အစိုးရ တရားရုံးများသို့ တင်ပြသည်။ တရားရုံးအဖွဲ့သည် ပါတီ၏ ထိန်းချုပ်မှုအောက်တွင် ရှိသည်။

ဒေါ်လေးယန်ယင်သည် ဝင်ငွေရအောင် ရက်ကန်းစင်တစ်ခုထောင်ထား ပြီး အမေကို ထောက်ပံ့သည်။ မောင်ကို ကျွေးမွေးသည်။ သူ့အတွက် ကိုယ်ပိုင်စျေးသုံးရသည်။ ညတိုင်း မီးမှိန်မှိန်နှင့် ရက်ကန်းရက်ရသဖြင့် မျက်စိမွဲလာသည်။ ၁၉၅၂ တွင် ငွေစုကာ စက်ရက်ကန်းစင်နှစ်ခုဝယ်သည်။ သူနှင့်အတူ သူငယ်ချင်းနှစ်ယောက် အလုပ်လုပ်သည်။ ဝင်ငွေကို ခွဲဝေယူကြသော်လည်း ဒေါ်လေးက လုပ်ခ ခွဲဝေပေးခြင်းသာဖြစ်သည်။ အကြောင်းမှာ ရက်ကန်းစက်ကို ဒေါ်လေး ပိုင်သောကြောင့် ဖြစ်သည်။ ဆန့်ကျင်ရေးငါးခုတိုက်ပွဲတွင် အလုပ်သမားငှားရမ်းစေခိုင်းသည့် အလုပ်ရုံများပါဝင်လေရာ ဒေါ်လေးတို့၏ အသေးစားလုပ်ငန်းမှာ သံသယဝင်နိုင်သည့် အထဲတွင် ပါဝင်သည်။ အမှန်စင်စစ် ဒေါ်လေး၏ ရက်ကန်းစက်မှာ သမဝါယမ စနစ်ထဲ ပါဝင်သဖြင့် အစစ်ဆေး အစိစစ်ခံရမည်။ သူငယ်ချင်းနှစ်ယောက်ကို ဒေါ်လေးက အလုပ်ထွက်သွား စေချင်သည်။ သို့သော်လည်း သူက အလုပ်ထုတ် ပစ်လိုက်သည်ဟု သူငယ်ချင်းနှစ်ယောက် အထင်မခံစေချင်။ သို့သော်လည်း သူငယ်ချင်းနှစ်ယောက်က သူတို့

အလုပ်ထွက်သွားလျှင် အကောင်းဆုံးဖြစ်မည်ဆိုသည်။ ဤတွင် စိတ်ပူစရာ တစ်ခုပေါ်လာသည်။ တစ်စုံတစ်ယောက်က အတို့ အထောင်လုပ်ကာ တိုင်တန်းလျှင် တိုင်တန်းသူမှာ သူတို့ပင်ဖြစ်သည်ဟု ဒေါ်လေး ထင်မှာစိုးသည်။

၁၉၅၃ နှစ်လယ်တွင် ဆန်နဲ့ကျင်ရေးသုံးခုနှင့် ငါးခုတိုက်ပွဲတို့ကို ရပ်လိုက်သည်။ အရင်းရှင်တို့ လက်နက်ချသည်။ ကူမင်တန်တို့ အစအနမရှိတော့။ လူထု အစည်းအဝေးများ မလုပ်တော့ပေ။ ရသည့်သတင်းများ မမှန်ကန်ဟု အရာရှိများ သိလာသည်။ အမှုကိစ္စတို့ကိုမူ တစ်ဦးချင်းပြစ်မှုများအဖြစ် စစ်ဆေး စီရင်သည်။

၁၉၅၃ မေတွင် အမေသည် တတိယကလေးကို မွေးရန် ဆေးရုံတက်သည်။ မေ ၂၃ တွင် သား ကျင်မင်းကိုမွေးသည်။ ဆေးရုံမှာ ကျွန်မကို ကိုယ်ဝန်ဆောင်စဉ် က တက်သည့် သာသနာပြုဆေးရုံဖြစ်သည်။ သို့သော် သာသနာပြုများ မရှိတော့ပေ။ တရုတ်ပြည်တွင် ရှိနေသမျှ သာသနာပြုများကို နှင်ထုတ်လိုက်သည်။ အမေသည် ယိဘင်မြို့ ပြည်သူ့ရေးရာဌာနမှူးအဖြစ် မကြာသေးမီက ရာထူးတက်ခဲ့သည်။ ယင်းသည်လည်း ပါတီအတွင်းရေးမှူးရာထူးသို့ တက်သွားသော မစ္စစ်တင်း၏ လက်အောက်တွင်ဖြစ်သည်။ ထိုအချိန်တွင် အဖွားသည် ပန်းနာရောဂါဖြစ်ကာ ဆေးရုံ သို့တက်နေသည်။ တော်လှန်ရေးတွင် ပါခဲ့သည့် မိသားစုဖြစ်သောကြောင့် ကျွန်မမှာ ချက်တွင် အနာပေါက်သဖြင့် နို့ထိန်းနှင့်အတူ ဆေးရုံ တက်ရသည်။ ကျွန်မတို့ကို ကောင်းစွာပြုစုသည်။ အခမပေးရ။ ပြည်သူတို့အတွက် ကျန်းမာရေးကြည့်ရှုမည့် ဆေးရုံမရှိ။ လယ်သမားတို့ ဆေးရုံတက်ချင်လျှင် အခကြေး ငွေပေးရသည်။

ကျွန်မအမေနှင့် ဒေါ်လေးယန်ယင်တို့သည် သူငယ်ချင်းများနှင့် အတူ တောမှာသွားနေသည်။ သို့ဖြစ်ရာ အိမ်မှာ အဖေတစ်ယောက်တည်းသာ ရှိသည်။ တစ်နေ့တွင် အလုပ်ကိစ္စတစ်ခုနှင့် ပတ်သက်ပြီး အဖေ့အိမ်သို့ မစ္စစ်တင်း ရောက်လာသည်။ အလုပ်ကိစ္စပြောပြီးလျှင် ခေါင်းအနည်းငယ်ကိုက်သဖြင့် လှဲနေချင်သည်ဟု မစ္စစ်တင်းက ပြောသည်။ အဖေက အိပ်ရာတစ်ခုပေါ်သို့ သူ့ကိုပို့သည်။ ထိုစဉ် အဖေ ကို မစ္စစ်တင်းက သူ့ဆီဆွဲယူပြီး နမ်းသည်။ ကျောကိုသပ်သည်။ အဖေသည် ချက်ချင်း နောက်ဆုတ်သည်။ “မင်း အတော် မောလာတယ်နဲ့ တူတယ်” ဟု ပြောကာ အခန်းထဲမှ ထွက်သွားသည်။ ခဏကြာလျှင် မစ္စစ်တင်းဆီ အဖေပြန်သွားသည်။ စိတ်မှာလည်း လှုပ်ရှားနေသည်။ သောက်ရေတစ်ဖန်ခွက်ယူလာပြီး အိပ်ရာဘေးက စားပွဲပေါ်မှာတင်ထားသည်။ “ငါ့မိန်းမကို ငါချစ်တယ်ဆိုတာ မင်း သိတယ်နော်” ဟု အဖေက ပြောသည်။ ထို့နောက် မစ္စစ်တင်း တစ်စုံတစ်ခုမလုပ်နိုင်မီ အပြင်ဘက်သို့ထွက်ကာ အခန်း တံခါးကို ပိတ်ခဲ့သည်။ သောက်ရေဖန်ခွက်အောက်တွင် စာရွက်လွတ်တစ်ခု ပေါ်၌ “ကွန်မျူနစ် လူ့ကျင့်ဝတ်” ဆိုသော စာများ ရေးထားခဲ့သည်။

ရက်အနည်းငယ်ရှိလျှင် အမေဆေးရုံမှ ဆင်းလာသည်။ ကလေးကို ချီကာ

သူ့အိမ်ရှေ့အဖြတ်တွင် အဖေက "တို့တော့ ယိဘင်က အမြန်ဆုံးခွာမှ ဖြစ်တော့မယ်ဟေ့။ အပြီးသွားမယ်" ဟု ပြောသည်။ ဘာတွေဖြစ်ပျက်နေသလဲ အမေမသိ။ အဖေက ဖြစ်ပျက်သမျှ ပြန်ပြောပြသည်။ မစ္စစ်တင်းသည် သူ့ကို မျက်စိကျနေသည်မှာ ကြာပြီဟူ၍လည်း ပြောသည်။ အမေမှာ ဒေါသမဖြစ်။ အံ့သြသည်။ "ဒါပေမယ့် ဘာဖြစ်လို့ မြန်မြန်ထွက်ပြေးချင်ရတာလဲ" ဟု မေးသည်။

"မင်းမသိဘူးနော်၊ ဒီမိန်းမက သူလုပ်ချင်ရင် မဖြစ်မနေလုပ်တတ်တယ်။ နောက်ထပ် ငါ့ကို အတင်းကြံဦးမှာပဲ။ ပြီးတော့ လက်စားလည်းချေတတ်တယ်။ မင်းအတွက် စိုးရိမ်တာပါ။ မင်းက သူ့လက်အောက်မှာ မဟုတ်လား။ လက်စားချေလို့ လွယ်မယ်လေ" ဟု ပြောသည်။

"နေစမ်းပါဦး။ သူက ဒါလောက်တောင်ပဲ ဆိုးသလား"

အမေက ပြန်မေးသည်။

"သူ့အကြောင်း ကျွန်မကြားဖူးတာရှိတယ်။ ကူမင်တန်လက်ထက်မှာ ထောင်ကျတုန်းက ဝါဒါကို မြူဆွယ်တယ်တဲ့။ အဲသလိုမျိုးပေါ့လေ။ ဒါပေမယ့် လူတွေ က ကောလဟာလသတင်းဆိုရင် ဖြန့်ချင်တယ်။ ဘာပဲဖြစ်ဖြစ် ရှင့်ကို ကြိုက်တယ်ဆိုတာတော့ ကျွန်မ မအံ့သြပါဘူး။ ဒါပေမယ့် ကျွန်မအပေါ် မကောင်းကြံမယ်လို့ ထင်သလား။ သူက ကျွန်မရဲ့ အချစ်ဆုံးသူငယ်ချင်းပဲ"

ထိုသို့ ပြောကာ အမေပြုံးသည်။

"မင်းနားမလည်ဘူး။ ရှက်ရမ်းရမ်းတယ်ဆိုတာ ရှိတယ်။ သူ့စိတ်ထဲ ဘာဖြစ်နေတယ်ဆိုတာ ငါသိတယ်။ ငါကလည်း ပရိယာယ်မလုပ်တတ်ဘူး။ သူ ရှက်သွားတယ်။ အဲဒါအတွက်တော့ ဝမ်းနည်းပါတယ်။ ရုတ်တရက်ဆိုတော့ ငါလည်း လန့်သွား ပြီး အဲဟိုစာ ရေးခဲ့တာပဲ။ သူ့ကို ငါကြောက်တယ်။ ဒီမိန်းမက လက်စားချေရမှ ကျေနပ်တဲ့မိန်းမ"

အဖေ ရုတ်တရက် မည်သို့တုံ့ပြန်လိုက်သည်ကို အမေနားလည်သည်။ သို့ပေမယ့် မစ္စစ်တင်းတွင် မချေရစိတ်ရှိမည်မထင်။ သူတို့ကို ဘယ်လိုပျက် စီးအောင် လုပ်မည်ကိုလည်း မစဉ်းစားတတ်။ အဖေက သူ့နောက် ယိဘင် အုပ်ချုပ်ရေးမှူးမစ္စတာရှူကို မစ္စစ်တင်း ကြံစည်ပြန်သည်ဟု ဆိုသည်။

ခရီးရှည်ချီတက်စဉ် တပ်နီတော်သို့ မစ္စတာရှူ ဝင်သည်။ ထိုစဉ်က "ရှူ" သည် လယ်သမားတစ်ယောက် ဖြစ်သည်။ မစ္စက်တင်းကို သူလည်း မကြိုက်။ ပြီတီတီ နဲ့တဲ့တဲ့လုပ်သည့်ကိစ္စကို ဝေဖန်ဖူးသည်။ ပြီးတော့ ဆံပင်တွင် ကျစ်ဆံမြီးကျစ်ကာ ပတ်ထားသည်ကို မကြိုက်ကြောင်း ပြောဖူးသည်။ မစ္စစ်တင်း စိတ်ဆိုးသည်အထိ ဖြစ်ဖူးသည်။ ကျစ်ဆံမြီးကို ဖြတ်ပါဟု မစ္စတာရှူ အကြိမ်ကြိမ်ပြောသည်။ မနာခံ။ ကိုယ့်ကိစ္စကိုယ်လုပ်ပါ။ သူများကိစ္စ ဝင်မစွက်ပါနှင့်ဟု ပြန်ပြောသည်။ ထိုအခါ မစ္စတာ ရှူက ထပ်၍ ဝေဖန်သည်။ သူတို့နှစ်ယောက် မတည့်ကြ။ သူ့ယောက်ျား အကူအညီ ဖြင့် မစ္စတာရှူကို လက်စားချေရန် မစ္စစ်တင်း ဆုံးဖြတ်သည်။

မစ္စတာရှူ၏ ရုံးတွင် ထိုင်ဝမ်သို့ထွက်ပြေးသော ကူမင်တန်အရာရှိ

တစ်ယောက်၏ အပျော်မယား တစ်ယောက် အလုပ်လုပ်ဖူးသည်။ မစ္စတာရှုကို ထိုမိန်းမက မြူဆွယ်သည်ကို မစ္စစ်တင်းမြင်ဖူးသည်။ မစ္စတာရှုတွင် မယားရှိသည်။ သူတို့ နှစ်ယောက်ချစ်ကြိုက်နေကြပြီဟု ဘေးဘီက အတင်းပြောကြသည်။ မစ္စစ်တင်းက ထိုမိန်းမကို ချဉ်းကပ်ပြီး မစ္စတာရှုသည် သူ့ကို ကြံစည်သည်၊ သူနှင့်အိပ်ရန် အတင်းကြံစည်ဖူးသည် ဟူသော စာတစ်စောင်ရေးပြီး လက်မှတ်ထိုးရန် ပြောသည်။ မစ္စတာရှုမှာ အုပ်ချုပ်ရေးမှူးဖြစ်သော်လည်း မစ္စစ်တင်းမှာ ကြောက်စရာကောင်းသည် ဟု ထိုမိန်းမသိသည်။ မစ္စတာရှုသည် အုပ်ချုပ်ရေးမှူးဟူသော ရာထူးကို အခွင့်ကောင်းယူပြီး ကူမင်တန်တစ်ယောက်၏ အပျော်မယားဟောင်း တစ်ယောက်နှင့် ကိုယ် လက်နှီးနှောသည်ဟု စွဲချက်အတင်ခံရသည်။ ယင်းမှာ ကွန်မြူနစ်ရဲဘော်ဟောင်း တစ်ယောက်အဖို့ ခွင့်မလွှတ်နိုင်သည့် ပြစ်မှုပင်ဖြစ်သည်။

လူတစ်ယောက်ကို အရာချချင်ပြီဆိုလျှင် ပြစ်မှုတစ်ခုကို နောက်ထပ် ပြစ်မှုများတွင်တွဲကာ စွဲချက်အမျိုးမျိုးတင်သည်မှာ တရုတ်ပြည်တွင် အသုံးပြုသည်။ ကျင့်ထုံး တစ်ခုဖြစ်သည်။ မစ္စတာရှုမှာ စွဲချက်တင်စရာ တစ်ခုရှိနေသည်။ တစ်ခါက သူသည် ပီကင်းက ချမှတ်သည့် ပေါ်လီစီတစ်ခုကို သဘောမတူ။ သို့ဖြစ်ရာ ပီကင်းရှိ ပါတီ ထိပ်ပိုင်းပုဂ္ဂိုလ်များထံ စာရေးပြီး သူ့ထင်မြင်ချက်များကို ပြောပြသည်။ ပါတီ လုပ်ထုံး အရ သူ့ဘက်က မှန်သည်။ ပြီးတော့ သူသည် ခရီးရှည်ချီတက်ပွဲကတည်းက ပါဝင်ခဲ့သူဖြစ်ရာ ဝါရင့်ရဲဘော်ဟောင်းကြီးဖြစ် သဖြင့် အခွင့်ထူးရသည့် အနေအထားမှာ ရှိသူဖြစ်သည်။ သို့ဖြစ်ရာ သူ့ထင်မြင်ချက်ကို ပွင့်လင်းစွာ တင်ပြနိုင်ခွင့်ရှိသည်ဟု ယုံကြည်သည်။ “တင်” တို့က ထိုဖြစ်ရပ်ကို ဆွဲယူပြီး မစ္စတာရှုသည် ပါတီဆန့်ကျင်ရေး သမားဖြစ်သည် ဟု စွဲချက်တင်သည်။

စွဲချက်နှစ်ခုကို ပူးတွဲကာ မစ္စတာတင်က မစ္စတာရှုကို ပါတီမှ ထုတ်ပြီး အလုပ်တာဝန်မှ ရပ်စဲသင့်ကြောင်း အဆိုတင်သည်။ မစ္စတာရှုက စွဲချက်များကို ပြင်းပြင်းထန်ထန် ငြင်းသည်။ ပထမအချက်မှာ လုံးဝမမှန်ဟု သူဆိုသည်။ ထိုမိန်းမကို ဘယ်တုန်းကမျှ ပေါင်းဖော်စပ်ရက်ရန် မကြိုးစားခဲ့ဖူးကြောင်း၊ ထိုမိန်းမကို ယဉ်ကျေး ပျူငှာစွာသာ ဆက်ဆံကြောင်း ဖြေရှင်းသည်။ ဒုတိယစွဲချက်ကိုမူ သူ့ဘက်က မမှား၊ ပါတီကို ဆန့်ကျင်ရန် မရည်ရွယ်ကြောင်း ဖြေရှင်းသည်။ ယိဘင်ဒေသ ပါတီကော်မီတီဝင် လေးယောက်ရှိသည်။ မစ္စတာရှု၊ မစ္စတာတင်၊ ကျွန်မအဖေနှင့် ပထမ အတွင်းရေးမှူးတို့ ဖြစ်သည်။ အဖေက မစ္စတာရှုဘက်မှ ကာကွယ်ပြောဆိုသည်။ မစ္စတာရှုသည် ရိုးသားသည်။ စာရေး၍ အယူအဆတင်ပြသည်မှာ တရားဝင်ခွင့်ပြု ထားသည့် အခွင့်အရေးဖြစ်သည် ဟု အဖေပြောသည်။

မဲခွဲဆုံးဖြတ်သည့်အခါ အဖေ၏ အဆိုပြုချက်ရှုံးနိမ့်သည်။ မစ္စတာရှုကို အလုပ်မှ ထုတ်ပစ်လိုက်သည်။ ပါတီပထမအတွင်းရေးမှူးက မစ္စတာတင်ကို ထောက်ခံသည်။ နောက်တစ်ချက် ရှိသေးသည်။ မစ္စတာရှု တပ်နီသို့ဝင်ခဲ့သည်

ဆိုသည်မှာ အပြစ်တင်ဖွယ်အဖြစ်နှင့် တပ်နီဘက်သို့ ဝင်ခဲ့ခြင်းဖြစ်သည်။ သူသည် ၁၉၃၀ တွင် စောစောပိုင်းက ဆီချွမ်ပြည်နယ်တွင် စတုတ္ထစစ်မျက်နှာသို့ ဝင်ခဲ့ခြင်းဖြစ်သည်။ ထိုတပ်များသည် မော်စီတုန်းခေါင်းဆောင်သည့် တပ်နီတော်နှင့် ၁၉၃၅ တွင် ပူးပေါင်းသည်။ ထိုတပ်၏ တပ်မှူးမှာ အလွန်ဟန်များသည့် ချန်ကိုတောင်ဖြစ်သည်။ သူသည် မော်စီတုန်း၏ ခေါင်းဆောင်မှုကို လုယူရန်ကြံစည်ရာ မအောင်မြင်။ ထို့နောက် သူ့တပ်များနှင့်အတူ ခရီးရှည်ချီတက်ပွဲမှ ဖဲ့ထွက်သွားသည်။ ထိုအခါ သူ့တပ်များ အကျအဆုံးများပြီး မော်၏ တပ်များနှင့်ပေါင်းရသည်။ သို့သော်လည်း ကွန်မြူနစ်များ ယင်အန်သို့ ရောက်ပြီး ၁၉၃၈တွင် သူသည် ကူမင်တန်ဘက်သို့ ကူးပြောင်းသွားသည်။ ထိုအကြောင်းကြောင့် ခရီးရှည်ချီတက်ရာတွင် စတုတ္ထစစ်မျက်နှာ၌ ပါဝင်သူများမှာ မော်စီတုန်းအား သစ္စာမခံသူများဟု သံသယအဝင်ခံရသည်။ စတုတ္ထ စစ်မျက်နှာသို့ ဝင်ကြသူများတွင် ဆီချွမ်ပြည်နယ်သား အတော်များများပါသည်။

ကွန်မြူနစ်များ အာဏာရသောအခါ နာမည်ပျက်ရှိခဲ့သော ထိုရဲဘော်များသည် မော် တိုက်ရိုက် မအုပ်ချုပ်သည့် တော်လှန်ရေးသမားများ အကြားတွင် အများအပြားရှိသည်။ ဆီချွမ်ပြည်နယ်က မြေအောက် တော်လှန်ရေးသမားများလည်းပါသည်။ သူတို့သည် သတ္တိအထွန်းပြောင်ဆုံး အရဲရင့်ဆုံး တော်လှန်ရေးကို အသက်ပါနှင်းအပ်ထားသူများဖြစ်ပြီး ပညာတတ် ပညာတော်သည့် ကွန်မြူနစ်များ ဖြစ်ကြသည်။ ယိဘင်တွင် မြေအောက်ဂိုဏ်းဝင်အားလုံးလိုလို တစ်မျိုးမျိုး အဖိနှိပ်ခံရသည်။ နောက်တစ်ချက်မှာ မြေအောက် တော်လှန်ရေးသမား အများစုသည် ချမ်းသာသော သူများ၏ သားသမီးများ ဖြစ်သည်။ သူတို့ မိသားစုများမှာ ကွန်မြူနစ်တို့၏ အနှိပ်စက်ခံရသူများဖြစ်သည်။ ကွန်မြူနစ်တပ်နှင့် ပါလာသူများမှာ လယ်သမားများ ဖြစ်ပြီး မြေအောက်ဂိုဏ်းဝင်တို့မှာ သူတို့ ထက်ပို၍ ပညာတတ်သူများ ဖြစ်သည်။ ထိုအခါ မနာလိုစရာဖြစ်လာသည်။

အဖေသည် ပြောက်ကျားရဲဘော်ဖြစ်သော်လည်း မြေအောက်တော်လှန်ရေးသမားများ နှင့် ပို၍ နီးစပ်သည်။ အကောက်ဉာဏ်ဖြင့် ဝိုင်းပယ်ရန် အကြံအစည် ရှိသူတို့နှင့် သူ မပေါင်းသင်း။ မြေအောက်တော်လှန်ရေးသမားများဘက်က သူ ရပ်တည်သည်။ “ကွန်မြူနစ်တွေထဲမှာ မြေအောက်မြေပေါ် ဘာဖြစ်လို့ ခွဲနေကြတာလဲ” ဟု အဖေ အမြဲပြောသည်။ မြေအောက်ဂိုဏ်းသားများသည် လူတော်များဖြစ်သည်။ ထို့ကြောင့် သူတို့နှင့်အတူ အဖေအလုပ်လုပ်သည်။

စတုတ္ထစစ်မျက်နှာတွင် ပါဝင်ခဲ့ဖူးသည့် မစ္စတာရှုလို ပုဂ္ဂိုလ်များကို မယုံကြည်ဟု ဆိုသည်ကို အဖေ လက်မခံ။ သို့ဖြစ်ရာ မစ္စတာရှု ပြန်လည် ထူထောင်လာနိုင်အောင် အဖေပါဝင်ကူညီသည်။ ဦးစွာပထမ သူ့အား ယိဘင်မှ ခွာစေသည်။ မစ္စတာရှုသည် ဆီချွမ်ပြည်နယ်မြို့တော်ချိန်တူသို့ ပြောင်းရွှေ့ နေထိုင်သည်။ ယင်းတွင် ပြည်နယ်သစ်တော်ဌာန၏ စာရေးလိုရာထူးမျိုးရသည်။ ထိုစဉ် ပီကင်းရှိ

ဗဟိုကော်မတီသို့ စာရေးကာ အယူခံတင်သည်။ အဖေ့နာမည်ကို ဖော်ပြပြီး သက်သေထူသည်။ အဖေကလည်း သူ့ကို ထောက်ခံသည့် စာရေးသည်။ နောင် အတော်လေး ကြာမှ မစ္စတာရှုသည် ပါတီဆန့်ကျင်သူ စွပ်စွဲချက်မှ ကင်းရှင်းသွားသည်။ သို့သော်လည်း တခြားတစ်ပါးမိန်းမကို တပ်မက်ကြံစည်သည်ဟူသော စွဲချက်ကား မပြေသေး။ စွဲချက်တင်သည့်အခါ သက်သေထူသည့် ကူမင်တန်၏ အပျော်မယားမှာ သူ့အဆိုပြုချက်ကို ပြန်၍ မရုပ်သိမ်းရဲ။ သို့သော်လည်း သူ့ကို ပေါင်းသင်းရန် ကြံစည် သည်ဆိုအချက်ကို ပေါ့သွားအောင် စစ်ဆေးရေးအဖွဲ့သို့ စာရေးသည်။ မမှန်ဟူ၍ လည်း ပြောသည်။ သို့ဖြစ်ရာ မစ္စတာရှုကို ပီကင်းသစ်တောဝန်ကြီးဌာနတွင် ရာထူးကြီးကြီးတစ်ခု ပေးသည်။ သို့သော်လည်း ယခင်ရာထူးကိုကား ပြန်၍ မရတော့ပေ။

အဖေသည် အမေအတွက် စိုးရိမ်စိတ်မပြေ။ ချက်ချင်းယိဘင်မှခွာရန်သာ ပြောသည်။ နောက်တစ်နေ့တွင် ချိန်တူသို့ အဖေသွားသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးဆီ ဝင်တွေ့ပြီး ဇာတိမြို့တွင် လုပ်ကိုင်ရခက်ခဲကြောင်း ချိန်တူသို့ ပြောင်းရွှေ့ပေးရန် အကြောင်းပြောပြသည်။ ယိဘင်တွင် ဆွေမျိုးတွေ များလွန်းသည်ဟူ၍သာအကြောင်း ပြသည်။

အုပ်ချုပ်ရေးမှူးလီဒါချန်သည် ပါတီတွင် ဩဇာရှိသည်။ မော်၏ မိန်းမ ကျန်ကျင်း၏ပါတီ ဝင်ခွင့်လျှောက်လွှာကို ပထမထောက်ခံခဲ့သူဖြစ်သည်။ အဖေကို သူ နားလည်သည်။ သို့သော်လည်း ချက်ချင်းမပြောင်းပါနှင့်ဟု တားသည်။ ချိန်တူ တွင် ရှိသမျှရာထူးများကို ခန့်ထားပြီးဖြစ်သည်ဟု ဆိုသည်။ အဖေက မစောင့်နိုင်။ ဘာရာထူးရရ လက်ခံမည်ပြောသည်တွင် အနုပညာနှင့် ပညာရေးဌာန၏ အကြီး အကဲအဖြစ် ခန့်ထားလိုက်သည်။ သို့သော်လည်း “ခင်ဗျား အစွမ်းအစနဲ့ မတန်ဘူး။ နိမ့်တယ်” ဟု သတိပေးသည်။ အဖေက ကိစ္စမရှိ၊ လုပ်စရာအလုပ်ရှိလျှင် တော်ပြီဟု ဆိုသည်။

အဖေသည် ယိဘင်သို့ ပြန်မသွားတော့။ သူ့ထံသို့ အမြန်လာခဲ့ပါဟု အမေ ဆီ စာရေးသည်။ မီးဖွားပြီးစ ခရီးထွက်ဖို့ဆိုသည်မှာ မဖြစ်နိုင်။ အဖေ စိတ်ပူသဖြင့် မီးထွက်ချိန်တွင် သူ၏ ကိုယ်ရံတော်အား ယိဘင်သို့ စေလွှတ်ပြီး မိသားစုကို ခေါ်ခိုင်းသည်။

ကျင်မင်းကို ယိဘင်တွင် ထားခဲ့မည်။ လသားအရွယ်ဖြစ်ရာ ခရီးသွားရန် မသင့်။ သူ၏ နို့ထိန်းနှင့် ကျွန်မအစ်မ ရှောက်ဟောင်၏ နို့ထိန်းတို့သည် သူတို့ မိသားစုများရှိရာ ယိဘင်တွင် နေခဲ့ချင်သည်။ ကျင်မင်း၏ နို့ထိန်းသည် ကျင်မင်းကို အလွန်ချစ်သည်။ သူနှင့်အတူထားခဲ့ပါဟု အမေကို တောင်းဆိုရာ အမေ သဘောတူသည်။

သို့နှင့် ဇွန်လကုန်တစ်ရက် အရုဏ်မတက်မီ အမေ၊ အဖွား၊ ရှောက်ဟောင်၊ ကျွန်မနှင့် ကျွန်မ၏နို့ထိန်းတို့သည် အဖေ့ကိုယ်ရံတော် ခေါ်ဆောင်ရာသို့ လိုက်ပါခဲ့ကြသည်။ ဂျစ်ကားထဲတွင် ပစ္စည်းအနည်းငယ်နှင့် ခရီးထွက်ခဲ့သည်။

ထိုအချိန်က အဖေ့လိုအရာရှိများမှာ ပစ္စည်းများများစားစားမပိုင်။ နေ့စဉ် ဝတ်သည့် အဝတ်များသာ ရှိသည်။ ချိုင့်ကျင်းထူသော လမ်းအတိုင်း မောင်းခဲ့ရာ နောက်တစ်နေ့နံနက်တွင် နိုင်ကျန်းမြို့သို့ ရောက်သည်။ အလွန်ပူအိုက်သည့်နေ့ ဖြစ်သည်။ ရထားကို အတော် ကြာစောင့်ရသည်။

ဘူတာရုံရောက်လျှင် ကျွန်မ အပေါ့အပါးသွားချင်သည်။ နို့ထိန်းက ချီပြီး စကြံ့စွန်းသို့ ပို့သည်။ အမေက ရထားချက်ချင်းရောက်လာလျှင် ကျန်ရစ်ခဲ့မည် စိုးသည်။ နို့ထိန်းမှာ ရထားကို မမြင်ဖူးသူဖြစ်သည်။ အမေ့ကို "ရထား ဒရိုင်ဘာကို ခဏစောင့်ပါဦးလို့ ပြောပေါ့" ဟု ဆိုသည်။

အဆင့်အတန်းခြားနားသဖြင့် ရထားတွင် အတူမစီးရ။ အမေနှင့် အစ်မရှောက်ဟောင်တို့မှာ ဒုတိယတန်း အိပ်ခန်းစီးရသည်။ အဖွားသည် ထိုင်ခုံတွင် ဆိုဖာ ပါသောနောက်တွဲတစ်ခုတွင် စီးရပြီး အထိန်းနှင့် ကျွန်မကိုယ်တိုင်တို့မှာ မိခင်များနှင့် ကလေးများအတွက်သာဟူသော တွဲတွင်စီးရသည်။ အထိန်းသည် ထိုင်ခုံမာရပြီး ကျွန်မမှာ ပုခက်စီးရသည်။ ကိုယ်ရံတော်မှာ စတုတ္ထတွဲတွင် သီးခြားလိုက်ပါရသည်။

ရထားသည် လယ်ကွင်းများ၊ ကြံခင်းများအကြား ခုတ်မောင်းသည်။ အမေ သည် အတွေးတွင် နစ်မျောရင်းလိုက်ပါသွားသည်။ လေးနှစ်အတွင်း သူတို့ လင်မယားနှင့် အိမ်ထောင်စုမှာ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းခဲ့ကြရသည်။ ပထမ သူ၏ ဇာတိမြို့ကျင်ကျို့မှ အဖေ၏ ဇာတိမြို့ယိဘင်သို့ ပြောင်းရွှေ့ကြရသည်။ ယခု အကြိမ် အဖေ၏ ယိဘင်မှ ပြောင်းရွှေ့ကြရပြန်သည်။ သူတို့ပြဿနာ များကို တော်လှန်ရေးက ဖြေရှင်းပေးနိုင်ဟန်မတူဟု အမေတွေးမိသည်။ ပြဿနာ ဟောင်းများအပေါ် ပြဿနာသစ်များ ထပ်၍တိုးလာသည်။ ပထမဆုံးအကြိမ် ရေးရေး စဉ်းစားမိတာရှိသည်။ တော်လှန်ရေးဆိုသည် လူသားများက ပြုလုပ်သည့် ကိစ္စဖြစ်သည်။ ယခုမူ ထိုလူသားတွေ၏ ချွတ်ယွင်းချို့တဲ့မှုတို့ဖြင့် ဖုံးလွှမ်းနေပြန်ပြီ၊ သို့သော်လည်း တော်လှန်ရေးသည် လူသားတို့၏ ချွတ်ယွင်းချို့တဲ့မှုများကို ဖြေရှင်းရန် အနည်းငယ်သာ ဆောင်ရွက်ခဲ့သည် ဟူ၍ကား သူဆက်၍ မတွေးတော တော့ပေ။

ညနေစောစောတွင် ချိန်တူသို့ ရထားဆိုက်သည်။ အမေသည် ဘဝသစ်ကို မျှော်လင့်နေမိသည်။ ချိန်တူသည် ရေးဟောင်းမင်းနေပြည်တစ်ခု ဖြစ်သည်။ ပိုးခြည် မြို့ဟူ၍ ထင်ရှားသည်။ ခေါင်ရန်းပန်းမြို့တော် ဟူ၍လည်း အမေကြားဖူးသည်။ နွေတွင် မုန်တိုင်းတိုက်ခတ်လျှင် တစ်မြို့လုံးခေါင်ရန်းပွင့်ဖတ်များ နီရဲကျန်ရစ်ခဲ့သည် ဟုဆိုသည်။ ယခုအခါ အမေမှာ နှစ်ဆယ့်နှစ်နှစ် အရွယ်ရှိလာသည်။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်က သူ့အသက်နှင့်ရွယ်တူဖြစ်သည့် သူ့အမေ ကျွန်မ၏ အဖွားသည် မန်ချူးရီးယားတွင် အိမ်ကြီးတစ်ခု၌ မရှိသော လင်သားစစ်မင်းတစ်ယောက်၏ အကျဉ်းသားသဘောအဖြစ် နေထိုင်ခဲ့ရသည်။ စစ်မင်းသည် ထိုအိမ်မှာမရှိ။ သူ၏ အစေအပါးတို့က မျက်လုံးဒေါက်ထောက်ကာ သူ့ကို မပြတ် ကြည့်နေကြသည်။

အဖွားသည် ကစားစရာတစ်ခုဖြစ်ပြီး ယောက်ျားသားတို့ပိုင် ပစ္စည်းတစ်ခုအဖြစ်သာ တည်ရှိခဲ့သည်။ အမေကမူ အနည်းဆုံး လွတ်လပ်သောလူသားတစ်ယောက်တော့ ဖြစ်လာသည်။ အမေမှာ မည်မျှဆင်းရဲဒုက္ခရောက်စေ ရှေးဟောင်းတရုတ်ပြည်က အဖွား၏ ဘဝနှင့်တော့ မနှိုင်းယှဉ်သင့်ဟု ထင်သည်။ သူသည် ကွန်မြူနစ် တော်လှန်ရေးကို များစွာကျေးဇူးတင်သည်။ ချိန်တူဘူတာသို့ ရထားဝင်စပြုသည်။ ထိုအခါ ကွန်မြူနစ်အရေးတော်အတွက် ကိုယ်ရောစိတ်ပါ ပါဝင်မည်ဟု အမေဆုံး ဖြတ်သည်။

****

[၁၀]

ဆင်းရဲဒုက္ခရောက်လျှင် ကွန်မျူနစ်ကောင်း တစ်ယောက်ဖြစ်ဖို့ နီးစပ်လာပြီ။

အမေ့အပေါ် သံသယဝင်ခြင်း

(၁၉၃၅ - ၁၉၅၆)

ဘူတာရုံသို့ အဖေလာ၍ကြိုသည်။ လေကမတိုက်။ မွန်းကျပ်သည်။ ရထားခရီးမှာ ပင်ပန်းသည်။ အပူရှိန်ပြင်းသည်။ ရထားပေါ်တွင် လေပူကြီးတိုက်သည်။ ဆီချွမ်း ပြည်နယ် အစိုးရပိုင်ဧည့်ရိပ်သာတွင် ကျွန်မတို့ ခေတ္တတည်းခိုရသည်။ အမေ ပြောင်း ရွှေ့လာသည်မှာ မြန်လွန်းသဖြင့် သူ့အတွက် အလုပ်တာဝန် မလျာထားရသေး။ နေစရာအိမ်လည်း မရှာရသေးပေ။

ချိန်တူမြို့သည် ဆီချွမ်ပြည်နယ်မြို့တော်ဖြစ်သည်။ ဆီချွမ်မှာ တရုတ်နိုင်ငံတွင် လူဦးရေ အများဆုံး ပြည်နယ်ဖြစ်သည်။ ခြောက်ဆယ့်ငါးသန်းနေထိုင်လျက် ရှိသည်။ ချိန်တူ၏ လူဦးရေမှာ ငါးသိန်းကျော်သည်။ ငါးရာစုတွင် တည်ဆောက်ခဲ့သော မြို့ဖြစ်သည်။ ဆယ့်သုံးရာစုတွင် မာကိုပိုလို လာရောက်လည် ပတ်ခဲ့သည်။ ပီကင်းမြို့ ပုံစံအတိုင်း မြို့တံခါးကြီးနှစ်ခု တောင်နှင့်မြောက် ဝင်ရိုးတန်းတည်ရှိပြီး အရှေ့ ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းမြို့ကို ပိုင်းခြားထားသည်။ ၁၉၅၃ တွင်လူဦးရေထူထပ်လာသဖြင့် အုပ်ချုပ်ရေးအပိုင်းသုံးခု ခွဲထားရသည်။ အရှေ့ အနောက်နှင့် ဆင်ခြေဖုံးတို့ ဖြစ်သည်။

ရောက်ပြီး သုံးလေးပတ်ရှိလျှင် အမေ့ကို အလုပ်တစ်ခုပေးသည်။ အလုပ်ရှာရေးမှာ အဖေ၏ တာဝန်ဖြစ်သည်။ အဖေက သူ့လက်အောက်မှာ မရှိလျှင် ကောင်းသည်ဟုပြောသည်။ သို့ဖြစ်ရာ အရှေ့ပိုင်းခရိုင်၏ ပြည်သူ့ရေးရာဌာနအကြီးအကဲ အဖြစ် အမေ့ကို ခန့်ထားလိုက်သည်။ တာဝန်ရာထူးနှင့် အတူ နေထိုင်စရာ အိုးအိမ်က ကပ်၍ပါလာသည်။ အမေ့ဌာနက ပိုင်ဆိုင်သည့် အိမ်ခန်းများတွင် အမေ့ကို နေရာချ ထားသည်။ ဝင်းနှင့်ခြံနှင့်ဖြစ်သည်။ ထိုအခန်းများသို့ ပြောင်းကြသည်။ အဖေသည် သူ့ရုံးခန်းမှာပဲ အိမ်လုပ်၍နေသည်။

အရှေ့ပိုင်းအုပ်ချုပ်ရေးဌာနရုံးခြံဝင်းထဲတွင် အမေ၏ အိမ်တည်ရှိသည်။ အစိုးရရုံးများသည် ယခင်က ကူမင်တန်အရာရှိများ၊ ချမ်းသာသောမြေရှင်ကြီးများ ပိုင်သည့် အိမ်များကို သိမ်းယူပြီး ဖွင့်လှစ်ထားခြင်း ဖြစ်သည်။ အရာရှိကြီးများသည် ရုံးအိပ်ရုံးစား နေထိုင်ကြသည်။ အိမ်တွင် ချက်၍ မစား။ ကင်တင်းတွင် စားကြသည်။ ကင်တင်းတွင် ရေနွေးရနိုင်သည်။ ဓာတ်ဗူးဖြင့် သယ်ယူရသည်။

စနေတစ်ရက်တည်းသာ လက်ထပ်ပြီးဇနီးမောင်နှံတို့ အတူနေနိုင်သည်။ တဖြည်းဖြည်း စည်းကမ်းလျှော့ပေးသည်တွင် လင်မယားစုံတွဲများ အတူနေချိန် ပို၍ ရလာသည်။

အမေ၏ ဌာနသည် အလုပ်အလွန်များသည်။ ကိုင်တွယ်ရသည့် ဌာနများသည် မူလတန်း ပညာရေး၊ ကျန်းမာရေး၊ ဖြေဖျော်ညှော်ခံခြင်းနှင့် ပြည်သူ့သဘောထား စူးစမ်းရေးတို့ဖြစ်သည်။ အသက် နှစ်ဆယ့်နှစ်နှစ်တွင် လူနှစ်သိန်းခွဲ၏ လှုပ်ရှားမှုများကို အမေ တာဝန်ယူရသည်။ အလုပ်များသဖြင့် အမေနှင့် ကျွန်မတို့ မျက်နှာချင်း ဆိုင်ချိန်မရှိ။ အစိုးရသည် ကုန်သွယ်ရေးကိုလက်ဝါးကြီး အုပ်ရန်ရည်ရွယ်သည်။ အခြေခံကုန်စည်များဖြစ်သည့် ဆန်နှင့်ဂျုံ၊ ဝါဂွမ်း၊ စားသုံးဆီနှင့် သားငါးတို့ကို ချုပ်ကိုင်ထားသည်။ လယ်သမားများက ထိုကုန်များကို အစိုးရသို့ တိုက်ရိုက်ရောင်းရမည်။ ပြီးမှ အစိုးရက မြို့နေလူထုနှင့် တောနေအချို့ကို ခွဲတမ်းချပြီး ရာရှင်စနစ်ဖြင့် ဖြန့်ဖြူးသည်။

ကွန်မြူနစ်ပါတီသည် ပေါ်လစီအသစ်တစ်ခုကျင့်သုံးလျှင် ဝါဒဖြန့်ရေးက တွဲ၍ လိုက်ပါသည်။ အမေ၏ အလုပ်မှာ ထိုသို့ကုန်စည်ဖြန့်ဖြူးခြင်းသည် လူထု ကောင်းဖို့အတွက်ဆိုသည်ကို ဟောပြောရသည်။ တရုတ်နိုင်ငံသည် လူဦးရေ အလွန်များသည်။ စားဝတ်နေရေးပြဿနာကို ဘယ်တုန်းကမှ ပြေလည်အောင် မဖြေရှင်းနိုင်ခဲ့။ ယခုမူ အခြေခံစားကုန်များ သင့်တင့်မျှတစွာ ဝေငှမည်။ အချို့က ဆန်နှင့်ဂျုံ တို့ သိုလှောင်နေစဉ် လူထုမှာ ငတ်ပြတ်သည်မရှိစေရ။ ယင်းမှာ အစိုးရသစ်၏ ပေါ်လစီဖြစ်သည်။ အမေသည် အလုပ်ကို စိတ်ပါလက်ပါ လုပ်သည်။ ဘိုင်စကယ် စီးကာ ခရီးထွက်သည်။ အစည်းအဝေးများ တက်သည်။ နောက်ဆုံး ကလေးကိုယ်ဝန် ရင့်မာချိန်မှာပင် အနားမယူ။ အလုပ်မှာ အမေ ပျော်သည်။ အောင်မြင်ရမည် ယုံကြည်သည်။

နောက်ဆုံးအချိန်ရောက်မှ ကလေးမွေးရန် ဆေးရုံသို့ အမေ သွားသည်။ ၁၉၅၄ စက်တင်ဘာ ၁၅ တွင် အငယ်ဆုံးသားကို ဖွားသည်။ အမွေးရခက်သည်။ သူ ဆေးရုံရောက်လျှင် ဆရာဝန်က အိမ်သို့ပြန်ရန် ပြင်ဆင်နေလျက်ရှိရာ ဆရာဝန်ကို တားထားရသည်။ သူ့မှာ သွေးသွန်နေသည်။ တစ်ခုခုတော့ ချွတ်ယွင်းနေမှန်း အမေ သိသည်။ အချင်းအပိုင်းအစတစ်ခု သားအိမ်ထဲမှာ ကျန်ရစ်သည်။ မေ့ဆေးပေးကာ ခွဲစိတ်မှုကြီးတစ်ခုလုပ်ပြီး သားအိမ်မှာ ကျန်ရစ်သည့်အချင်းကို ထုတ်ယူရသည်။ အချင်းအပြင်ရောက်သဖြင့် အမေ အသက် ရှင်ခြင်းဖြစ်သည်။

အဖေသည် ကျေးလက်သို့ဆင်းကာ ကုန်စည်လက်ဝါးကြီးအုပ်စနစ်ကို နားလည်အောင် ရှင်းလင်း ဟောပြောနေသည်။ အဖေမှာ ရာထူးအဆင့် ၁၀ သို့ တိုးမြှင့်ခြင်းခံရသည်။ ဆီချွမ်ပြည်နယ် တစ်ခုလုံး၏ ပြည်သူ့ရေးရာဌာနတွင် ဒုညွှန်မှူး ဖြစ်လာသည်။ အဓိကတာဝန်မှာ ပြည်သူ့သဘောထား တီးခေါက်ရေး ဖြစ်သည်။ ပေါ်လစီတစ်ခုကို လူထုက ဘယ်လိုလက်ခံသလဲ၊ မကျေနပ်တာတွေ ပြောသလား။ လယ်သမားမှာ အများစုဖြစ်ရာ အဖေသည် ကျေးလက်တွင် အနေများသည်။ အဖေ သည်လည်း အမေလိုပင် အလုပ်ကို ယုံကြည်သည်။ ပါတီနှင့် အစိုးရသည် လူထုနှင့် အမြဲထိတွေ့နေရမည်။

ကလေးမွေးအပြီး ခုနစ်ရက်မြောက်နေ့တွင် အဖေ၏ လုပ်ဖော်ကိုင်ဘက်

တစ်ယောက်က အမေ့ကိုကြိုရန် ဆေးရုံသို့ ကားတစ်စီးလွှတ်လိုက်သည်။ လင်ယောကျ်ားအဝေးရောက်နေလျှင် သူ့မယားကို စောင့်ရှောက်ရန် ပါတီမှာ တာဝန်ရှိသည်ဟု လက်ခံထားသည်။ အမေက ကားနှင့်လာ၍ကြိုသည်ကို ကျေးဇူးတင်စွာ လက်ခံသည်။ အိမ်မှာ နာရီဝက်လျှောက်မှ ရောက်သည့်နေရာတွင် ရှိသည်။ အဖေ ကိုယ်တိုင် ကားပေါ်တွင်ပါမှ အမေသည် အစိုးရကပေးထားသည့် ကားကို စီးပိုင်ခွင့် ရှိသည်ဟု စည်းကမ်း သတ်မှတ်ချက် ရှိသည်။ ရက်အတန်ကြာလျှင် အဖေ ပြန်ရောက် လာသည်။ အမေကားစီးသည့်အတွက် သူ့လုပ်ဖော်ကိုင်ဘက်ကို အဖေ ပြစ်တင် ကြိမ်းမောင်းသည်။ သူမရှိဘဲ သူ့ကားကို အမေ့အား စီးစေခြင်းသည် ဆွေမျိုးသားချင်းကို အခွင့်အရေးပေးခြင်းဖြစ်သည်ဟု အဖေက ဆိုသည်။ အမေမှာ ခွဲစိတ်ရပြီး ကျန်းမာရေးမကောင်းသဖြင့် ကားကြို လွှတ်ရခြင်းဖြစ်သည်ဟု လုပ်ဖော်ကိုင်ဘက်က ထုချေသည်။ သို့သော်လည်း စည်းကမ်းသည် စည်းကမ်းသာဖြစ်သည်၊ လိုက်နာရ မည်ဟု အဖေ ပြောသည်။ အဖေ၏ တိကျမှန်ကန်ခြင်းကို နောက်တစ်ကြိမ် အမေ ကြုံတွေ့ရခြင်းဖြစ်သည်။ မွေးဖွားရခက်ခဲသည့်နောက်ပိုင်း အဖေက အမေကို ဒုတိယ အကြိမ်ပြစ်တင် စကားဆိုသည်။ အိမ်သို့ပြန်ချိန်တွင် အဖေမရှိ။ ထို့ကြောင့် လုပ်ဖော်ကိုင်ဘက်များ စည်းကမ်းဖောက်ရခြင်းဖြစ်သည်ဟု အမေချေပသည်။ အဖေက သူ့မှာ အလုပ်နှင့် မပြတ်ရှိနေသည်၊ အလုပ်တာဝန်နှင့် အမေ ဘယ်ဟာက အရေးကြီး သလဲဟု မေးသည်။ အမေသည် အရမ်းစိတ်ပျက်သွားသည်။

မွေးပြီးနှစ်ရက်တွင် မောင်လေးရှောက်ဟေတွင် နှင်းခူနာစွဲကပ်သည်။ နွေတုန်းက အလုပ်များနေသဖြင့် အစိမ်းရောင်သံလွင်သီးများ ပြုတ်ပြီး မစားခဲ့ရသောကြောင့် မောင်လေးနှင်းခူနာ ရခြင်းဖြစ်သည်ဟု အမေထင်သည်။ တရုတ်တို့ သည် သံလွင်သီးစားလျှင် အပူကင်းသည်ဟု ယုံကြည်သည်။ ရှောက်ဟေ၏ လက်များ ကို ကုတင်ဘောင်မှာ ချည်နှောင်ထားရသည်။ သို့မှ အနာကို မကုတ် နိုင်မည်ဖြစ်သည်။ ခြောက်လရှိလျှင် အရေပြားဆေးရုံသို့ ပို့ရသည်။ ထိုအချိန်တွင် အဘွားသည် သူ့ အမေ နေမကောင်းသဖြင့် ကျင်ကျို့သို့ ပြန်နေရသည်။

ရှောက်ဟေ၏ အထိန်းသည် ယိဘင်ကျေးလက်မှဖြစ်သည်။ ဆံပင်များ ရှည်လျားပြီး မျက်လုံးအလွန်ကစားသည့် အရွယ်ဖြစ်သည်။ သူ့သားကို နို့တိုက်ရင်း ဖိမိသဖြင့် ကလေး မွန်းကာ သေသွားသည်။ ဒေါ်လေးယန်ယင်မှတစ်ဆင့် ဆက်သွယ်ကာ အိမ်မှာ အလုပ်လုပ်ပါရစေ တောင်းပန်သည်။ မြို့ကြီးပြကြီးသို့ သူသွားချင်သည်။ ပျော်စရာကောင်းသည်မဟုတ်လား။ ဒေါ်လေးက ထောက်ခံပြီး ပို့လိုက်သည်။ အချို့က တားကြသည်။ လက်ရှိလင်ကို စွန့်ပြီး နောက်လင် လိုချင်သဖြင့် ချိန်တူသို့ သွားလိုခြင်းဖြစ်သည် ပြောကြသည်။ ယန်ယင်သည် အပျိုကြီးဖြစ်သော်လည်း ထိုကိစ္စမျိုး၌ စာနာတတ်သည်။ နားလည်မှုရှိသည်။ လူတို့အကျင့်မကောင်းသည်ကို သူခွင့်လွှတ်သည်။

ထိုအထိန်းသည် ရောက်လာပြီး လအနည်းငယ်အတွင်း အလုပ်သမား တစ်ယောက်နှင့် ချစ်ကြိုက်သည်။ ကျွန်မ၏ မိဘများက ကိုယ်ရေးကိစ္စများကို ဝင်၍ မစွက်။ မမြင်ချင်ယောင် ဆောင်နေလိုက်သည်။

အရေပြားဆေးရုံသို့ မောင်လေးတက်လျှင် သူ၏ အထိန်းလိုက်သွားသည်။ ကွန်မျူနစ်တို့ လက်ထက်တွင် ကာလသားရောဂါ အတော်များများ ပပျောက်သွားသည်။ သို့သော်လည်း ဆေးရုံတွင် ကာလသားရောဂါသည် တချို့ရှိနေသေးသည်။ တစ်နေ့တွင် နို့ထိန်းကို လူနာတစ်ယောက်၏ အိပ်ရာပေါ်တွင် တွေ့ရသည်။ ဆေးရုံက အမေ့ကို တိုင်သည်။ ရောက်ဟောအား ထိုနို့ထိန်း၏ နို့မတိုက်ရန်ပြောသည်။ ရောဂါ တွေကူးလိမ့်မည်။ အမေက သူ့ကို ပြန်လွှတ်လိုက်သည်။ ထို့နောက် ကျွန်မ၏ နို့ထိန်း က ရောက်ဟောကို နို့တိုက်သည်။ ကျင်မင်းလည်း ယိဘင်မှ ချိန်တူသို့ ရောက်လာသည်။ သူ့နို့ထိန်းက မောင်ငယ်လေးကို နို့တိုက်သည်။

၁၉၅၄ နှစ်ကုန်ခါနီးတွင် ကျင်မင်း၏ အထိန်းက ချိန်တူသို့ လာချင်သည်။ သူ့ယောက်ျား အရက်သမားက သူ့ကိုရိုက်သည်၊ ခေါ်ပါဟု စာရေးသည်။ အမေသည် သားကြီးကျင်မင်းနှင့် မတွေ့ရသည်မှာ ဆယ့်ရှစ်လရှိပြီ။ တစ်လသားက ခွဲခဲ့ရသည်။ ရောက်လာတော့ စိတ်ညစ်စရာကြုံရသည်။ အတန်ကြာသည်အထိ အမေက သူ့ကို လက်ဖျားနှင့်ပင် မတို့ရ။ သူ "အမေ" ဟု ခေါ်သူမှာ တစ်ယောက်တည်း ရှိသည်။ ထိုပုဂ္ဂိုလ်မှာ သူ့အထိန်းတော်ဖြစ်သည်။

ကျင်မင်းသည် အဖေ့ကို အထိမခံ။ အဖေက ကျွန်မကို ချစ်သည်။ ကျွန်မနှင့် ကစားသည်။ သူ့အကျီကော်လာတွင် ပန်းများချိတ်ထားလျှင် ကျွန်မ သူ့ကိုယ်ပေါ် တွားတက်ကာ နမ်းသည်။ အဖေမှာ အလုပ်များသည်။ မုတ်ဆိတ် မရိတ်ဘဲထားရာ သူနမ်းလျှင် နှုတ်ခမ်းမွေးမုတ်ဆိတ်မွေးကြမ်းများ စူးသဖြင့် အော်ရသည်။ အဖေ၏ ရုံးမှအရာရှိများနောက်သို့ လိုက်သည်။ သူတို့ကို နာမည်သစ်များ ပေးသည်။ သားချော့တေးများ ရွတ်ပြသည်။ သုံးနှစ်မပြည့်မီမှာပင် ကျွန်မကို သူတို့က "သံအမတ်လေး" ဟု ခေါ်ကြသည်။ ပရိယာယ်ကြွယ်၍ ထင်သည်။

သူတို့က ကျွန်မကို ချစ်သည်။ အလုပ်နားချိန်တွင် ကျွန်မကို ကျီစယ်ကာ အပန်းဖြေကြသည်။ ကျွန်မ တွတ်တီးတွတ်တာပြောတတ်သည်ကို သဘောကျသည်။ ကျွန်မသည် ဝဝတုတ်တုတ်ဖြစ်ရာ သူတို့ရင်ခွင်မှာ ကျွန်မကိုတင်ကာ နမ်းရှုတ်သည်။ ဆိတ်ဆွပြီး စသည်။ ဖျစ်ညှစ်ကာ ဖက်သည်။

ကျွန်မသုံးနှစ်သမီးရှိလျှင် ကျွန်မနှင့်အတူ အစ်မနှင့် မောင်များပါ နေ့ကလေးထိန်းကျောင်းသို့ သွားရသည်။ ကျွန်မ မသွားချင်၍ ဆန္ဒပြသည်။ ကျောင်းတွင် နွားနို့ပုလင်းကို ခုံများပေါ် လောင်းချသည်။ အိမ်နှင့်ခွဲပြီး ကျောင်းမှာမနေချင်။ ခေါင်းကဖဲကြိုးကို ဖြုတ်သည်။ ဖြဲဆုတ်သည်။ ငါးကြီးဆီဆေးလုံးများကို နို့ထဲမှာ ထည့်သည်။ ဆရာများအလုပ်ရှုပ် ဒုက္ခရောက်ရသည်။ နေ့လယ်စာစားချိန်ပြီးလျှင် တစ်ရေး အိပ်ရသည်။ ကျွန်မက

အခြားကလေးများကို ကြောက်စရာတစ္ဆေပုံပြင်များ ပြောသည်။ တကယ့်ပုံပြင် မဟုတ်။ ကျွန်မ လုပ်ကြံဖန်တီးသည့် ကြောက်စရာ ပုံပြင်များဖြစ်သည်။ ဆရာမ သိသွားကာ ကျွန်မကို ဒဏ်ပေးသည်။ တံခါးဝတွင် အကြာကြီး ထိုင်နေရသည်။

နေ့ကလေးထိန်းကျောင်းသို့ ကျွန်မတို့ သွားရသည်မှာ အိမ်တွင်ထိန်းမည့် သူမရှိခြင်းကြောင့် ဖြစ်သည်။ ၁၉၅၅ ဇူလိုင် တစ်နေ့တွင် အမေနှင့် ဝန်ထမ်း ၈၀၀ ကို အရှေ့ပိုင်းခရိုင်တွင် စုဝေးစေပြီး နောက်ထပ် အမိန့် တစ်စုံတစ်ရာမလာဘဲ ဘယ်မှ မသွားရ၊ ရုံးတွင်ရှိနေရမည်ပြောကြားသည်။ နိုင်ငံရေးတိုက်ပွဲသစ်တစ်ခု စတင်ခြင်း ဖြစ်သည်။ ပုန်းလျှိုးနေသော တန်ပြန်တော်လှန်ရေးသမားများကို ဖော်ထုတ်သည့် လှုပ်ရှားမှုတစ်ခု စတင်သည်။ အလစ်အလပ်မရှိအောင် စစ်ဆေးသည်။

အမေနှင့် အပေါင်းအသင်းတို့သည် အမိန့်သစ်ကို လက်ခံသည်။ သူတို့မှာ စစ်တပ်ပုံစံအတိုင်း နေရခြင်းဖြစ်သည်။ ကွန်မြူနစ်တို့ ထူထောင်လိုက်သည့် လူနေမှု ဘဝသစ်သည် တည်တည်ငြိမ်ငြိမ် ရှိရဲ့လားဆိုသည်ကို ပါတီက သူ၏ ပါတီဝင်များအား စစ်ဆေးကြည့်ချင်ဟန်တူသည်။ ဤသည်မှာ သဘာဝကျသည်ဟု အမေ တို့ ခံယူသည်။ အမေသည် ပါတီ၏ အကျိုးကို သည်ပိုးရန် ဆုံးဖြတ်ထားသည်။ ထို့ကြောင့်ပင် ယခုလို စစ်စစ်ဆေးဆေး လုပ်သည်ကို မညည်းညူဘဲ နေနိုင်ခဲ့ခြင်းဖြစ်သည်။

တစ်ပတ်ကျော်လျှင် အမေ၏ လုပ်ဖော်ကိုင်ဘက်အားလုံးအပေါ် သံသယ ကင်းရှင်းသွားပြီး လွတ်လပ်စွာသွားလာနိုင်သည်။ အမေ့ကိုမူ သံသယ ရှိသေးသည်။ သူ၏ အတိတ်တွင် လုပ်ဆောင်ချက် အချို့သည် သံသယဝင်စရာဖြစ်သည်ဟု ဆိုသည်။ သူ၏ အိပ်ခန်းတွင် မအိပ်ရတော့ဘဲ ရုံးအဆောက်အအုံထဲရှိ အခြားအခန်းတစ်ခုတွင် အိပ်ရသည်။ ယင်းသို့ အခန်းပြောင်းမအိပ်ရမီ အိမ်သို့ပြန်ကာ စီစဉ်စရာရှိသည်တို့ကို ခွင့်ပြုသည်။ သူသည် အကျယ်ချုပ်သဘောမျိုးဖြင့် အတော်ကြာကြာ နေရမည်ဟု ဆိုသည်။

တိုက်ပွဲသစ်သည် မော်စီတုန်း၏ အစီအစဉ်ဖြစ်သည်။ ကွန်မြူနစ်စာရေးဆရာအချို့၏ စိတ်နေသဘောထားကို မော်မကြိုက်။ အထူးသဖြင့် ထင်ရှားသည့် စာရေးဆရာဟူဖန်း ဖြစ်သည်။ သူတို့သည် မော်စီတုန်းနှင့် သဘောတရားရေးရာတွင် တစ်သားတည်းမကျသည်ကား မဟုတ်။ သို့သော်လည်း လွတ်လပ်စွာ တွေးခေါ်ချင်သည်။ ယင်းကို မော်က လက်မခံနိုင်။ လွတ်လပ်စွာတွေးခေါ်ရာမှ သူ့ကို လုံးဝ မနာခံတော့သည့် အဖြစ်သို့ ဆိုက်ရောက်သွားမည်ကို မော် စိုးရိမ်သည်။ တရုတ်ပြည်သစ်သည် တစ်သွေးတည်း တစ်သားတည်းရှိရမည်။ သို့ဖြစ်ရာ စည်းကမ်းတင်းကျပ်ရမည်။ သို့မဟုတ်လျှင် တိုင်းပြည် ပြိုကွဲပျက်စီးနိုင်သည်ဟု ဆိုသည်။ သို့ဖြစ်ရာထင်ရှားသည့် စာရေးဆရာ အများအပြားကို ဖမ်းသည်။ တန်ပြန်တော်လှန်ရေးသမားများ၊ လုပ်ကြံမည့်သူများဟု စွပ်စွဲသည်။ ယင်းမှာ ကြောက်စရာစွဲချက်ဖြစ်သည်။ တန်ပြန်တော်လှန်ရေးသမားဟု အမည်တပ်ခံရလျှင် သေဒဏ်အထိ အပြစ်ပေးနိုင်သည်။

တရုတ်ပြည်တွင် တစ်ဦးချင်းလွတ်လပ်စွာ မတွေးခေါ်နိုင်တော့ပေ။ လူထုဆက်သွယ်ရေး အားလုံးကို ကွန်မြူနစ်ပါတီက ချုပ်ကိုင်ထားသည်။ ထိုအခါမှ စ၍ နိုင်ငံတစ်ခုလုံး လွတ်လပ်စွာ တွေးခေါ်ခြင်း မပြုရဟူသော သဘော ပေါ်လွင်လာသည်။

"အရင်းရှင်နိုင်ငံများနှင့် ကူမင်တန်သူလျှိုများ၊ ထရော်စကီဂိုဏ်းသားများ၊ ကူမင်တန် ဘက်တော်သားဟောင်းများနှင့် ကွန်မြူနစ်ပါတီထဲမှ သစ္စာဖောက်များ" ကို သူစောင့်ကြည့်နေသည်ဟု မော်က ဆိုသည်။ သူတို့သည် ကူမင်တန်များ ပြန်လာအောင် ကြံစည်လုပ်ကိုင်နေကြသည်။ အမေရိကန် အရင်းရှင်များသည် ပီကင်းကို အသိအမှတ်ပြုရန် ငြင်းဆိုနေကြသည်။ တရုတ်ပြည်ကို ဆန့်ကျင်သူများက ပတ်ပတ်လည် ဝိုင်းထားသည်ဟူ၍လည်း မော်က ပြောသည်။

စောစောပိုင်းကမူ တန်ပြန် တော်လှန်ရေးသမားများ ကို နှိပ်ကွပ်ရမည် ဆိုရာ၌ အမေ၏ သူငယ်ချင်း ဟွီဂေးတို့ အသတ်ခံရခြင်း အကျုံးဝင်သည်။ ယင်းမှာ ကူမင်တန်ဘက်တော်သားတို့ကို ရည်ရွယ်သည်။ ယခုမူ ပါတီဝင်များ အစိုးရဝန်ထမ်းများထဲက ကူမင်တန်အနွယ်တွေ ဘယ်လောက်ရှိနေသလဲဟု စူးစမ်းခြင်း ဖြစ်သည်။

ကွန်မြူနစ်တို့ အာဏာရလာကတည်းက လူတိုင်း၏ ကိုယ်ရေးရာဇဝင်များကို ပြုစုကာ ဖိုင်တွဲထားသည်။ ပါတီဝင်များ၏ ဖိုင်တွဲကို စည်းရုံးရေးဌာနက သိမ်းဆည်းသည်။ လျှို့ဝှက်အစီရင်ခံစာ မှန်သမျှ သက်ဆိုင်ရာ ပုဂ္ဂိုလ်၏ ဖိုင်တွဲမှာ ထည့်သည်။

ဤတွင် အမေသည် အဓိက မသင်္ကာခံရသူထဲတွင် ထိပ်ဆုံးကပါဝင်သည်။ ကျွန်မတို့ကို ထိန်းသည့် သူနာပြုဆရာမများလည်းပါသည်။

ပြည်နယ်အစိုးရ အမှုထမ်းအစေခံများကို စုံစမ်းသည့် အဖွဲ့တစ်ခုရှိသည်။ မော်တော်ကားဒရိုင်ဘာများ၊ ဥယျာဉ်မှူးများ၊ အိမ်စေမိန်းမများ၊ ထမင်းချက်များ အားလုံး၏ ကိုယ်ရေးရာဇဝင်ကို ပြုစုသည်။ ကျွန်မကို ထိန်းသည့် ဆရာမ၏ ယောကျ်ားသည် လောင်းကစားသည်၊ ဘိန်းကုန်ကူးသည်။ ထို့ကြောင့် ထောင်ချလိုက်သည်။ ထိုအခါ ထိုအထိန်းဆရာမလည်း မလိုလားအပ်သူ စာရင်းထဲ ပါသွားသည်။ ကျင်မင်း၏အထိန်းသည် မြေရှင် မိသားစုဝင်တစ်ယောက်နှင့် လက်ထပ်သည်။

သူ့ယောကျ်ားသည် ကူမင်တန်အရာရှိငယ် တစ်ယောက်ဖြစ်ခဲ့ဖူးသည်။ နို့ထိန်းများကိုမူ အရေးမထား။ ပါတီက သူတို့ကို သံသယစာရင်းထဲ မထည့်။ သို့သော်လည်း ကျွန်မတို့ မိသားစု၏ အလုပ်များကို လုပ်ခွင့်မပြုတော့ပေ။

အမေ့ကို အကျယ်ချုပ်မထားမီ အိမ်သို့ ခဏပြန်ခွင့်ပြုသည့်အခါ သံသယ စာရင်းဝင်ဖြစ်သည်ဟု အကြောင်းကြားသည်။ ကလေးထိန်းနှစ်ယောက်ကို ပြောပြသည့်အခါ သူတို့တုန်လှုပ်ချောက်ချားသွားသည်။ သူတို့သည် ကျင်မင်းနှင့် ကျွန်မ တို့ကို ချစ်သည်။ ယိဘင်သို့ပြန်လျှင် အလုပ်မရှိဖြစ်ကာ ဝင်ငွေ နည်းမည်။

ထို့ကြောင့် အမေက အုပ်ချုပ်ရေးမှူးထံ စာရေးကာ အလုပ်တောင်း ပေးသည်။ သူ့ကို လက်ဖက် စိုက်ခင်းတွင် ခန့်လိုက်သည်။ သို့ဖြစ်ရာ သူ၏ သမီးငယ်ကို အတူခေါ်၍ထားနိုင်သည်။

ကျင်မင်း၏ အထိန်းဆရာမသည် ယောက်ျားဆီသို့ ပြန်မသွားချင်။ ယခု ရည်းစားအသစ် တစ်ယောက်ရနေသည်။ ချိန်တူမြို့ရှိ အဆောက်အအုံတစ်ခု၏ အစောင့်တစ်ယောက်ဖြစ်သည်။ လက်ထပ်ချင်သဖြင့် မျက်ရည်လည်ရွဲနှင့် အမေ့ကို အသနားခံသည်။ လင်နှင့်ကွာရှင်းခွင့်ရအောင် လုပ်ပေးပါ။ သို့မှသာ နောက် ရည်းစားနှင့် လက်ထပ်နိုင်မည်။ လင်မယား ကွာရှင်းခွင့်ရရန်မှာ အလွန့်အလွန် ခက်ခဲသည်။ သို့သော်လည်း အဖေက စကားတစ်ခွန်းနှင့် ကူညီမည်ဆိုလျှင် လွယ်သည်ကို သူသိသည်။ လက်ရှိယောက်ျားကို ကွာပြီး အစောင့်နှင့်လက်ထပ်လျှင် သူအဖို့ မြေရှင်လူတန်းစားအဆင့်မှ အလုပ်သမား လူတန်းစားအဆင့်သို့ အလိုအလျောက် အဆင့်နိမ့်သွားမည်ဖြစ်သည်။ ကျွန်မတို့လည်း ခွဲရတော့မည် မဟုတ်ပေ။ ထို့ကြောင့် အမေ ကူညီချင်သည်။ အဖေ့ကို ပြောပြရာ အဖေက သဘောမတူ။ "ဘယ့်နှယ်လုပ်ပြီး လင်မယား ကွာရှင်းခွင့် ပေးနိုင်မလဲ။ ကွန်မြူနစ်တွေဟာ လင်မယားကွဲအောင်လုပ် နေတာလို့ ပြောကြမှာပေါ့" ဟု အဖေက ပြောသည်။ "ဒါပေမယ့် ကျွန်မတို့ သားသမီး တွေကို ဘယ်သူထိန်းမလဲ" ဟု အမေက ပြန်မေးသည်။ "ကလေးထိန်းဌာနတွေ ပို့ပေါ့ကွာ" ဟု အဖေက အဖြေပေးသည်။

ကျင်မင်း၏ အထိန်းဆရာမကို ပြောပြသည့်အခါ စိတ်ဓာတ်ကျသည်။ မူးမေ့လဲသွားမတတ် ခံစားရသည်။ တစ်ညနေခင်းတွင် ကျင်မင်း၏ အထိန်း အိမ်မှ ထွက်ခွာသည်။ ယင်းညနေခင်းကို ကျင်မင်းဘယ်တော့မှ မမေ့။ ကျင်မင်း မသိသော ယောက်ျားတစ်ယောက်က သူ့အထိန်းကို ခြံတံခါးဝမှာ စောင့်၍ ခေါ်သည်။ အော်ဟစ်ကြိမ်းမောင်းသည်။ ခြေနှင့်ကန်သည်။ ထို့နောက် ဆရာမ မြန်မြန် ထွက်သွားသည်။ ထိုအခါမှစ၍ သူ့အထိန်းတော်ကို ကျင်မင်း မတွေ့ရတော့ပေ။

အဘွားသည် မန်ချူးရီးယားမှာ ရောက်နေသည်။ အဘေးမကြီးသည်တီဘီရောဂါဖြင့် ကွယ်လွန်သည်။ အကျဉ်းစခန်းသို့ မသွားမီ ကျွန်မတို့ လေးယောက် ကို ကလေးထိန်းကျောင်းများသို့ပို့ရန် ပစ္စည်းများကို ထည့်သို ထုပ်ပိုးပေးသည်။ အဖြစ်အပျက်မှာ မြန်ဆန်လွန်းရာ မည်သည့်မြူနီစပယ် ကလေးထိန်းကျောင်းကမျှ တစ်ယောက်ထက်ပို၍ လက်မခံနိုင်။ သို့ဖြစ်ရာ ကျွန်မတို့ မောင်နှမလေးယောက် တကွဲတပြားစီ နေကြရသည်။

အမေ အကျဉ်းစခန်းသို့ သွားခါနီးတွင် အဖေက ဤသို့အကြံပေးသည်။ "ပါတီအပေါ်မှာ ရိုးသားပါ။ ယုံကြည်မှု အပြည့်ထားပါ။ ပါတီက မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို ပေးပါလိမ့်မယ်"။ အမေ မကျေနပ်။ လင်နှင့်မယား ရင်းနှီးနွေးထွေးသည့် နှစ်သိမ့်စကားကို အဖေ့ ဆီက လိုချင်သည်။ သို့ရာတွင် မရ။ သို့နှင့် ပူအိုက်သော နွေတစ်နေ့တွင် အမေသည် ဒုတိယအကြိမ် အကျဉ်းချခံရန်

ထွက်ခွာခဲ့ရသည်။ သည်တစ်ကြိမ်တွင်မူ အကျဉ်းချသူမှာ သူ့ပါတီကိုယ်တိုင်ဖြစ်လေသည်။

အစစ်ဆေးခံရသည်ဆိုခြင်းမှာ အပြစ်ရှိသည်ဟု မယူဆနိုင်။ နောက်ခံရာဇဝင်ကြောင်းများကို လိုက်မည်၊ ရှင်းလင်းသွားအောင် စူးစမ်းမည်ဆိုသည့် သဘောဖြစ်သည်။ သို့သော်လည်း ကွန်မြူနစ်ပါတီ အတွက် ကိုယ်ကျိုးစွန့်ခဲ့သူ၊ ပါတီအပေါ်သစ္စာရှိသူဖြစ်သော သူ့လို ပါတီဝင်တစ်ယောက် အစစ်ဆေးခံရသဖြင့် မကျေနပ်။ အရှက်ရခဲ့ရသည်။ သို့သော်လည်း နောက်ဆုံးတစ်နေ့တွင် ပြေလည်သွားမည် သူယုံကြည်သည်။ ဘာရှက်စရာရှိသလဲ။ သူ့မှာ ဘာမှ ဖုံးကွယ်စရာမရှိ။ သူသည် ကွန်မြူနစ်ဝါဒကို ကိုးကွယ်သူတစ်ယောက် ဖြစ်သည်။ ယင်းကို ပါတီအသိအမှတ် ပြုမည်ဟု မျှော်လင့်မိသည်။

အထူးခုံရုံးဖွဲ့ကာ သူ့ကို စစ်မည်။ ခေါင်းဆောင်မှာ ချိန်တူမြို့ ပြည်သူ့ရေးရာဌာနတာဝန်ခံမစ္စတာကွန် ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ရာထူးအရ အဖေ့အောက်ကဖြစ်ပြီး အမေ၏ အထက်ကဖြစ်သည်။ အမေတို့ မိသားစုအကြောင်း သိသူဖြစ်သည်။ အမေ့ကို ကြင်နာသော်လည်း စည်းကမ်းနည်းလမ်းအတိုင်း ဆက်ဆံသည်။ ကိုယ်နှုတ်အမူအရာ စောင့်စည်းလွန်းသူဖြစ်သည်။

အခြားအကျဉ်းသားများနည်းတူ အမေ့ကို "အဖော်" အများအပြားက စောင့်ရှောက်သည်။ သွားလေရာ နောက်ကလိုက်သည်။ အိမ်သာသွားလျှင်ပင် ထက်ကြပ်မကွာလိုက်သည်။ စောင့်ရှောက်ခြင်း ဖြစ်သည်ဟု အမေ့ကို ပြောသည်။ အမေ ကိုယ့်ကိုယ်ကိုယ်သတ်သေမည် စိုးရိမ်သည်။ သို့မဟုတ် တစ်စုံတစ်ယောက်နှင့် လျှို့ဝှက်တွေ့မည် စိုးရိမ်သည်။

မိန်းမပေါင်းများစွာက အမေ့ကို အလှည့်ကျ စောင့်သည်။ သူတို့သည်အမေ၏ နေ့စဉ်လှုပ်ရှားမှုကို အစီရင်ခံရသည်။ သူတို့အားလုံးကို အမေသိသည်။ သူတို့သည် ဖော်ရွေကြသည်။ အမေ့ကို ကောင်းစွာဆက်ဆံသည်။ သို့သော်လည်း လွတ်လပ်မှုကား ဆုံးရှုံးရသည်။

အပြစ်ရှိသလားဟု စူးစမ်းမှုပြုလုပ်ရုံမက ရိုးသားရဲ့လားဟူ၍လည်း စုံစမ်းသည်။ တရားရုံးမှာလို စွဲချက်တင်တာ လျှောက်လဲချေပတာတွေမရှိ။ ထင်ကြေးများကို ပြေလည်အောင် ဖြေရှင်း၍မရ။

အမေ၏ဖိုင်တွဲတွင် ကိုယ်ရေးရာဇဝင် အပြည့်အစုံပါသည်။ ကျောင်းသားဘဝမြေအောက် လှုပ်ရှားမှုတွင် ပါဝင်ခဲ့ခြင်း၊ ကျင်ကျို့အမျိုးသမီးသမဂ္ဂတွင် ပါဝင်ခဲ့ခြင်း၊ ယိဘင်တွင် တာဝန်ထမ်းဆောင်ခြင်းတို့ စုံလင်သည်။ ပထမကိစ္စမှာ ၁၉၄၈တွင် ကူမင်တန်ထိန်းသိမ်းထားသည့် အကျဉ်းထောင်မှ လွတ်မြောက်လာခဲ့ခြင်း ဖြစ်သည်။ ပြစ်မှုကြီးလေးသည်ဖြစ်ရာ ဘယ်လိုလွတ်မြောက် လာသလဲ။ ဘယ်သူ ကကူညီသလဲ။ ထောင်ထဲမှာ အညှဉ်းပန်းမခံရ။ ကူမင်တန်က ဖမ်းယောင်ဆောင်တာလား။ အယုံ သွားပြီး ကူမင်တန်သူလျှိုအဖြစ် ကွန်မြူနစ်ပါတီထဲ ဝင်ရအောင်လား။

ထို့နောက် ဟွီဂေးနှင့်မိတ်ဆွေဖြစ်ရသည့်အကြောင်း၊ ကျင်ကျို့ အမျိုးသမီးသမဂ္ဂမှ အထက်လူကြီးများက အမေ၏ ဂုဏ်သရေကိုဖျက်ရန် မှတ်ချက်များရေးထားသည်မှာ ထင်ရှားသည်။ ဟွီဂေးသည် အမေမှတစ်ဆင့် ကွန်မြူနစ်တို့ယုံကြည်မှုရအောင် ကြံဆောင်ခြင်းဖြစ်နိုင်သည်။ ထို့အတူ အမေသည်လည်း ကူမင်တန်တို့၏ ယုံကြည်သူ မဖြစ်နိုင်ဘူးလား။

အမေ့ကို ပိုးပန်းသည့် ကူမန်တန်များအကြောင်းကိုလည်း မေးသည်။ သူတို့က ကွန်မြူနစ်ပါတီတွင် အမေ့ကို မထင်မရှားနေစေပြီး ကူမင်တန်အတွက် သူလျှိုလုပ်ခိုင်းသလား။

အမေမှာ အပြစ်မရှိပါဟု ထုချေရန် မဖြစ်နိုင်သည့် အခြေအနေတွင် ရှိသည်။ သူတို့သိချင်သူများ အားလုံးသည် အသက်ခံရသည် သို့မဟုတ် ထိုင်ဝမ်တွင် ရောက်နေကြသည်။ တချို့ကိုမူ ဘယ်ရောက်နေ မှန်းအမေမသိ။

တဖန်အမေ၏ ဦးလေးအကြောင်းကိုလည်း မေးသည်။ သူသည် ကူမင်တန်နှင့် ဘယ်လို အဆက်အသွယ်ရှိသလဲ။ အမေနှင့် ကျောင်းတုန်းက သူငယ်ချင်းများ အကြောင်းလည်း မေးသည်။ သူတို့သည် ကျင်ကျို့ကို ကွန်မြူနစ်တို့ သိမ်းပိုက်ချိန်တွင် ကူမင်တန်လူငယ်အဖွဲ့သို့ ဝင်လာကြသူများ ဖြစ်သည်။ ဂျပန်လက်နက်ချပြီးနောက် "တန်ပြန်တော်လှန်ရေးသမား" ဟု အစွပ်စွဲခံရသည့် ကူမင်တန်လူငယ်အဖွဲ့ အကြီးအကဲကို သိသလား။ အမေကမူ မန်ချူးရီးယားကိစ္စသည် အထူးကိစ္စ အထူးအခြေအနေဖြစ်သည်။ ဂျပန်တို့ မန်ချူးရီးယား သိမ်းပိုက်သည့် အချိန်တွင် ကူမင်တန်သည် တရုတ်ပြည်ကို ကိုယ်စားပြုနေသည်။ မော်စီတုန်းသည်ပင် တစ်ချိန်က ကူမင်တန်ပါတီ အကြီးအကဲတစ်ယောက် ဖြစ်သည်။ သို့သော်လည်း ထိုအကြောင်းကိုကား အမေ ထည့်၍ မပြော။ ပြီးတော့ သူ့သူငယ်ချင်းများသည် များမကြာမီအတွင်း ကွန်မြူနစ်တို့ ဘက်သို့ ကူးပြောင်းခဲ့ကြသည်ဟူ၍လည်း သူပြောသည်။ သို့သော်လည်း ထို သူငယ်ချင်း ဟောင်းအားလုံးကို တန်ပြန်တော်လှန်ရေးသမားများအဖြစ် သတ်မှတ်ပြီး ဖြစ်သည်ဟု စစ်ဆေးသူတို့က ပြောသည်။ အမေကား မည်သို့မျှ ပြစ်တင်ရှုတ်ချ ခြင်းခံခဲ့ရသည်မဟုတ်။ သို့သော်လည်း မဖြစ်နိုင်သည့် မေးခွန်းကို တမင်မေးသည်။ ကူမင်တန် ဘက်တော်သားတွေ အများအပြားနှင့် ဘာကြောင့် အမေ အဆက်အသွယ် ရှိခဲ့ရသလဲ။

အမေကို ခြောက်လအကျဉ်းချထားသည်။ ထိုအတောအတွင်း ရန်သူဘက်တော်သားများအား ရှုတ်ချသည့်ပွဲများ၊ လက်ထိတ်ခတ်ကာ ထောင်သို့ပို့သည့် ပွဲများသို့ တက်ခဲ့ရသည်။ တန်ပြန်တော်လှန်ရေး သမား ဖြစ်ပါသည်ဟု ဝန်ခံသူ အများအပြားရှိသည်။ ထောင်မချရန်ဖြစ်သည်။ ထိုအထဲတွင် အမေ၏ သူငယ်ချင်း တစ်ယောက်ပါသည်။ ရှုတ်ချပွဲပြီးသည့်နောက် သူကိုယ်သူ သတ်သေသည်။ စစ်ဆေး မေးမြန်းစဉ် စိတ်ညစ်သဖြင့် ဟုတ်ပါသည်ဟု လိမ်လည်ဖြောင့်ချက်ပေးခဲ့မိ၍

ဖြစ်သည်။ နောင်နှစ်အတန်ကြာသည့်အခါ ပါတီက ထိုသူသည် တစ်လျှောက်လုံး ရိုးသား သူဖြစ်သည်ဟု အသိအမှတ်ပြု ကြေညာသည်။

အမေ့ကို သင်ခန်းစာယူရန် ထိုပွဲများသို့ ခေါ်သွားခြင်းဖြစ်သည်။ သို့သော်လည်း စိတ်ဓာတ်ကြံ့ခိုင်သူ ဖြစ်ရာ အမေ မတုန်လှုပ်။ မကြောက်ရွံ့။ ခေါင်းအေးအေးနှင့်ပင် သူ၏ ဘဝဇာတ်လမ်းကို သစ္စာရှိရှိ ရိုးရိုးသားသား တင်ပြခဲ့သည်။

အကျဉ်းချထားစဉ် အိပ်မပျော်သော ညပေါင်းများစွာကို အမေကုန်လွန်ခဲ့ရသည်။ တရားမျှတမှု မရှိသည့်အဖြစ်ကို အမေအောင့်အည်း သည်းမခံနိုင်။ ကူမင်တန်က ဖမ်းပြီး ပြန်လွှတ်သည်ကို မသင်္ကာဖြစ်နေသဖြင့် အမေ နာကျည်းသည်။ သူသည် တော်လှန်ရေးမှ သွေဖည်ရန်ဘယ်တုန်းကမျှ စိတ်ကူးခဲ့သူ မဟုတ်။

သို့သော်လည်း ပါတီကို မကျေမနပ် မဖြစ်ရန် အမေသည် သူ့ကိုယ်သူ ဆုံးမသည်။ တရုတ်ပြည်တွင် လူတစ်ယောက်အဖို့ မတရားအစွပ်စွဲခံရသည်မှာ ထုံးစံလိုဖြစ်နေသည်။ ကိုယ်ကျိုးစွန့်ခြင်းနှင့် ဆက်စပ်၍ ပါတီဝင်တို့ ပြောကြသည့် စကားတစ်ခွန်းကို အမေမှတ်မိနေသည်။

“တစ်ချိန်တွင် အစမ်းသပ်ခံရလိမ့်မည်။ ဆင်းရဲဒုက္ခခံလျှင် ကွန်မြူနစ်ကောင်းတစ်ယောက်ဖြစ်ဖို့ နီးစပ်လာပြီ”

“တန်ပြန်တော်လှန်ရေးသမား” အဖြစ်သတ်မှတ်ခံရလျှင် ဘယ်လို ဖြစ်မလဲ။ ထိုအခါ သူ့သားသမီးများ သို့လည်း ထိုပြစ်ဒဏ်ကူးစက်သွားမည်။ ဘဝတစ်ခုလုံး ပျက်စီးသွားမည်။ ထိုအဖြစ်မျိုးမှ ရှောင်ကွင်းနိုင်မည့် နည်းလမ်းတစ်ခုမှာ အဖေကို သူ ကွာရှင်းရမည်။ ပြီးတော့ ကျွန်မတို့ကို သားသမီးအဖြစ်မှ စွန့်လွှတ်ရမည်။ ထိုညက အနာဂတ်ဘဝလမ်းမှုန်မှိုင်းမှိုင်း ရှိနေသည်ကို တွေးမိပြီး အမေသည် မျက်ရည်မကျရန် မနည်းထိန်းထားရသည်။ အိပ်ရာပေါ်မှာနည်းနည်းမျှ မလှုပ်ရှားရဲ။ ဘယ်ညာ မလှည့်ရဲ။ သူနှင့်အတူ ကပ်၍ အိပ်နေသူအဖော်တစ်ယောက်ရှိသည်။ မည်မျှပင် ခင်မင် ရင်းနှီးငြားလည်း အမေ၏ ကိုယ်စိတ်အမူအရာ မှန်သမျှကို အထက်သို့ သူတို့ သတင်း ပို့ကြရသည်။ မျက်ရည်ကျလျှင် ပါတီက နှိပ်ကွပ်သဖြင့် စိတ်မှာဒဏ်ရာရပြီး ငိုသည် သို့မဟုတ် ပါတီကို မယုံကြည်တော့ဟု အဓိပ္ပာယ်ကောက်ကြလိမ့်မည်။

အမေသည် အံကြိတ်ပြီးပါတီကို ယုံကြည်သစ္စာရှိရမည်ဟု သူ့ကိုယ်သူ ဆုံးမသည်။ သို့တိုင်အောင် မိသားစုနှင့်ခွဲနေရခြင်း၊ ကလေးများကို မတွေ့ရခြင်း တို့ကြောင့် နာကျည်းသည်။ အဖေသည် သူထံသို့ စာမရေး။ လာရောက် လည်ပတ် ခြင်းမရှိ။ ယင်းတို့ကို တားမြစ်ထားသည်။ ထိုအချိန်တွင် အမေသည် သူ့ဦးခေါင်း နားခိုရာ ပခုံးတစ်ခု လိုချင်သည်။ ချစ်ခင်ကြင်နာသည့် စကားတစ်ခွန်း ကြားချင်သည်။

သို့သော်လည်း တယ်လီဖုန်းခေါ်သည်တို့နှင့် အမေကြုံရသည်။ တစ်ဖက်

အစွန်းမှ ရယ်ရွှင်ဖွယ်စကားများနှင့် ယုံကြည်ပါသည်ဆိုသည့် စကားများ ကြားရသည်။ အမေအားတက်မိသည်။ အကျဉ်းစခန်းတွင် တစ်ခုတည်းသော တယ်လီဖုန်းသည် လျှို့ဝှက်မှတ်တမ်းများ တာဝန်ခံရသည့် အမျိုးသမီး၏ စားပွဲပေါ်မှာ ရှိသည်။ အမေ့ထံ တယ်လီဖုန်းလာလျှင် သူ၏ အဖော်များသည် အမေစကားပြောနေစဉ် ထိုအခန်းထဲမှာ ရပ်နေကြသည်။ နားမစွင့်ဟန်ဆောင်နေကြသည်။ လျှို့ဝှက်မှတ်တမ်းတာဝန်ခံ သည် အမေကို စစ်ဆေးသည့် အဖွဲ့ထဲ တွင်မပါ။ သို့ဖြစ်ရာ သူသည် ဖုန်းကို နားထောင်ပိုင်ခွင့်မရှိ။ အမေ့အကြောင်း အစီရင်ခံစာရေးပိုင်ခွင့်မရှိ။ တယ်လီဖုန်း စကားပြောပြီးနောက် အမေ အခြေအနေမပျက်သည်ကို သေချာစွာ စောင့်ကြည့်ကြသည်။ သူတို့က ရိုးရိုးပဲ အစီရင်ခံသည်။ "ညွှန်ကြားရေးမှူးချုပ် တယ်လီဖုန်းဆက်သည်။ မိသားစု ကိစ္စ ဆွေးနွေးသည်။" ထိုအခါ အမေ၏လင်သား ကျွန်မတို့ အဖေ သည် အမေကို ချစ်သည်ဟု ပြောကြမည်။ အမေ၏ ငယ်ရွယ်သူအဖော် တစ်ယောက် ကလည်း ကျွန်မတို့အဖေလို ကောင်းသည့်လင်တစ်ယောက် လိုချင်သည်ဟု ပြောသည်။

တယ်လီဖုန်း ပြောသူမှာ အဖေမဟုတ်သည်ကို မည်သူမျှမသိ။ အရာရှိကြီးတစ်ယောက်ဖြစ်သည်။ သူသည် ဂျပန်တိုက်ခိုက်ရေးစစ်ပွဲအတွင်း ကူမင်တန် ဘက်မှ ကွန်မြူနစ်ဘက်သို့ ပြောင်းလာခဲ့သည်။ တစ်ချိန်က ကူမင်တန်ဖြစ်ခဲ့ရာ သံသယရှိပြီး ၁၉၄၇ တွင် ကွန်မြူနစ်တို့က ထောင်သွင်းအကျဉ်းချခဲ့သည်။ သူ့တွင် ပြစ်မှုဘာတစ်ခုမျှမရှိ။ သူ့အတွေ့အကြုံကို အမေ့အား ပြောပြပြီး အားပေးခြင်း ဖြစ်သည်။ တကယ်တော့ သူသည် အသက်ထက်ဆုံး အမေတို့၏ မိတ်ဆွေဖြစ်သည်။ ခြောက်လအတွင်း အဖေသည် အမေထံ တစ်ကြိမ်မှ ဖုန်းမဆက်ခဲ့။ ပါတီက အစစ် ဆေးခံနေရသည့် အကျဉ်းချထားသူကို ပြင်ပကမ္ဘာနှင့် အဆက်အသွယ်မလုပ်စေချင်။ ယင်းကို အဖေသိသည်။ အမေ့ကို နှစ်သိမ့်စကားပြောလျှင် ပါတီက သူ့ကို ယုံကြည် တော့မည်မဟုတ်သည်ကို လည်းသိသည်။ အမေသည် အဖေ့ကို ဘယ်တော့မှ ခွင့်မလွှတ်။ ကြင်နာမှုနှင့် နှစ်သိမ့်အားပေးစကားလိုနေစဉ် အဖေက သူ့ကို မျက်ကွယ် ပြုထားသည်။ ယခုလည်း အမေနှင့် ပါတီရွေးရမည်ဆိုလျှင် ပါတီကို သူ ပထမရွေး မည်မှာ ထင်ရှားသည်။

ဇန်နဝါရီတစ်နံနက်ခင်းတွင် စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် မစ္စတာကွန်က အမေကိုခေါ်၍တွေ့ပြီး အလုပ်ပြန်လုပ်ခွင့်ပြုလိုက်ပြီ၊ ပြန်ပါတော့ဟုပြောသည်။ သို့သော်လည်း အမေသည် ညတိုင်းသတင်းပို့ရမည် ဖြစ်သည်။ ပါတီသည် အမေနှင့် ပတ်သက်၍ နောက်ဆုံး ဆုံးဖြတ်ချက်မပေးနိုင်သည်မှာ ထင်ရှားသည်။

စုံစမ်းမှုကို ရပ်ဆိုင်းရသည့်အခြေအနေ ရောက်လာကြောင်း အမေ သဘောပေါက်သည်။ သံသယများမှာ မခိုင်လုံ။ သက်သေမပြနိုင်။ ထိုသဘောထားမှာ မပြတ်သားခြင်းဖြစ်သဖြင့် အမေ မကျေနပ်။ သို့သော်လည်း ကလေးတွေကို ထိုအချိန်တွင် မြင်ယောင်လာသဖြင့် တွေ့မည်ဆုံးဖြတ်လိုက်သည်။ ခြောက်လအတွင်း ပထမဆုံး အကြိမ် တွေ့ရခြင်းဖြစ်သည်။

တခြားစီနေကြရသဖြင့် ကျွန်မတို့မှာ အဖေကို တွေ့ရခဲသည်။ သူသည် တောမှာသာ အနေများသည်။ မြို့ပြန်ရောက်လျှင် ကျွန်မအစ်မနှင့် ကျွန်မကိုခေါ်ရန် ကိုယ်ရံတော်ကို လွှတ်လိုက်သည်။ သားနှစ်ယောက် ကိုကား ခေါ်၍ မတွေ့။ ငယ်လွန်းသဖြင့် အဖေ့ကိုမသိ။ စိမ်းနေသည်။ အဖေ့အိမ်ဆိုသည်မှာ သူ၏ ရုံးဖြစ်သည်။ ရုံးရောက်လျှင် လုပ်စရာမရှိ။ ဆပ်ပြာပူဖောင်းမှုတ်ကာ ကစားကြသည်။ တစ်ခါတော့ ကျွန်မမှာ ပျင်းလွန်းသဖြင့် ဆပ်ပြာရည်သောက်ရာ ရက်အတန်ကြာ နေမကောင်း ဖြစ်ရသည်။

ပြန်နိုင်ပြီဆိုလျှင် အမေသည် စက်ဘီးပေါ်တက်ခွပြီး ကျွန်မတို့ ရှိရာသို့အမြန်လာသည်။ နှစ်နှစ်ခွဲသာရှိသေးသည့် ကျောင်းမင်းကို သူ စိတ်ပူသည်။ သို့သော်လည်း ခြောက်လလောက် မစီးဘဲထားသည့် စက်ဘီးသည် ခြံတံခါးမှအထွက် ဘီးလုံးများ ပြားချပ်သွားသည်။ ဘီးလေထိုးသည်မှာ ကြာလွန်းသည် သူ ထင်သည်။

ကျောင်းမင်းထံ ပထမဆုံးသွားသည်။ အမေ့ကိုမြင်လျှင် ဆရာမက အေးစက်စက် ကြိုဆိုသည်။ ကျောင်းမင်းကို စနေ၊ တနင်္ဂနွေတို့တွင် မည်သူမျှလာ၍ မခေါ်။ တစ်ယောက်တည်း ကျန်ရစ်သည်ဟု ဆရာမက ပြောသည်။ အဖေလည်း မပါ။ အိမ်သို့လည်း မခေါ်။ အစတွင် ကျောင်းမင်းက “အမေချင်” ကို မေးသည်။ “အဲဒါ ရှင် မဟုတ်ဘူးနော်” ဟု ဆရာမက ဆိုသည်။ အမေက “အမေချင်” ဆိုသည်မှာ သူ၏ နို့ထိန်းဖြစ်သည်ဟု ပြောသည်။ မိဘများက ကလေးများကို လာခေါ်ချိန်ရောက်လျှင် ကျောင်းမင်းသည် အခန်းထောင့်မှာ သွား၍ နေသည်။ “ရှင်ဟာ မိထွေးဖြစ်မှာပဲ” ဟု ဆရာမ စွပ်စွဲသည်။ အမေ ဘာမှ ပြန်မပြောနိုင်။

ကျောင်းမင်းကို ခေါ်လာသည့်အခါ အခန်းတွင် ခပ်ဝေးဝေးမှာနေသည်။ အမေ ဆီသို့ သူမသွား။ မကျေမနပ်ဖြစ်နေသည်။ ကြည့်ပင်မကြည့်။ အမေက မက်မန်းသီး များထုတ်ပြပြီး ခေါ်သည်။ ကျောင်းမင်း နေရာမှမရွေ့။ အခွံခွာပြီး မက်မန်းသီးများကို လက်ကိုင်ပဝါနှင့်ထုပ်ပြီး စားပွဲပေါ်မှာ တင်ကာ သူ့ဆီသို့ တွန်းပို့သည်။ အမေ လက်ရုပ်မှ တစ်ခုယူစားသည်။ မကြာခင် မက်မန်းသီးသုံးခု ကုန်သွားသည်။ အမေ မျက်ရည်ကျသည်။ ခြောက်လအတွင်း ပထမဆုံး ကျသည့် မျက်ရည်ဖြစ်သည်။

ကျွန်မကို အမေ လာ၍တွေ့သည့် ညနေခင်းကို မှတ်မိနေသည်။ ကျွန်မ အသက် လေးနှစ်ပြည့်တော့မည်။ သစ်သားခုတင်ပေါ်မှာ အိပ်ရသည်။ လက်တန်း အကာများ တစ်ဖက်တွင် ချထားသည်။ ကျွန်မ အိပ်ပျော်နေစဉ် အမေ ခုတင်ဘေးမှာ ထိုင်သည်။ ကျွန်မသည် အမေ့ကို စွန့်စားခန်းတွေ၊ မဟုတ်တာ လုပ်တာတွေ ပြောပြချင်သည်။ ကျွန်မ အိပ်ပျော်သွားစဉ် အမေထွက်သွားမှာ ပူမိသည်။ အိပ်ပျော်သွားပြီ ထင်သဖြင့် လက်ကိုရုပ်သည်။ ကျွန်မက သူ့လက်ကို နာနာဖမ်းဆုပ်ပြီး ငိုသည်။ ညသန်းခေါင်အထိ အမေ နေသွားသည်။ သူပြန်တော့မည်ဆိုလျှင် ကျွန်မ ငိုသည်။ သို့သော်လည်း အမေ မနေနိုင်၊ ပြန်ရသည်။ ညတိုင်းရှိနေကြောင်း မျက်နှာပြ လက်မှတ်ထိုးရသည်။ ခွင့်ပြုချိန် ကုန်သွားပြီ

ဆိုသည်ကို ကျွန်မ မသိ။

+++++

[၁၁]

လက်ယာဂုဏ်း တိုက်ဖျက်ရေးပြီးဆုံးသည့်နောက် မည်သူမျှ ပါးစပ်မဟကြတော့ပေ။

နှုတ်ပိတ်နေရသည် တရုတ်ပြည်

(၁၉၅၆-၁၉၅၈)

ကျွန်မတို့တွင် အထိန်းများမရှိ။ အမေကလည်း ညနေတိုင်း မျက်နှာပြ လက်မှတ်ထိုးရသဖြင့် ကျွန်မတို့ ကလေးများကို ကလေးထိန်းကျောင်းမှာပဲ နေစေသည်။ အမေသည် ကျွန်မတို့ကို ဘယ်လိုမှ ပြန်၍မကြည့်နိုင်။ သူသည် ဝါဒဖြန့်သီချင်းထဲကလို လူထုနှင့်အတူ ဆိုရှယ်လစ်ပန်းတိုင် ဆီသို့ အပြေးချီတက်နေရသည်။

အမေအကျဉ်းခံစဉ် "မော်" သည် တရုတ်ပြည်၏ သွင်ပြင်ကို ရှေ့ကနှင့် မတူအောင် ပြောင်းလဲပစ်ရန် အားသွန်ကြိုးပမ်းနေသည်။ ၁၉၅၅ ဇူလိုင်တွင် စုပေါင်းလယ်ယာကို မြန်မြန်ပြီးမြောက်စေသည်။ နိုဝင်ဘာတွင် စက်မှုလုပ်ငန်း အားလုံးနှင့် ကုန်သွယ်ရေးလုပ်ငန်းအားလုံးကို ပြည်သူပိုင်လုပ်မည်ဟု ရုတ်တရက် ကြေညာသည်။ ယင်းတို့မှာ တစ်သီးပုဂ္ဂလလက်ထဲမှာ ရှိနေသည်။

အမေသည် ထိုလှုပ်ရှားမှုထဲ တန်း၍ ဝင်ရသည်။ သဘောတရားအရ စက်မှုလုပ်ငန်းကို ပိုင်ရှင်ဟောင်းများနှင့်အတူ နိုင်ငံတော်က ပူးတွဲပိုင်ဆိုင်သည်။ ပိုင်ရှင်ဟောင်းသည် သူတို့၏ အရင်းအနှီး၏ တန်ဖိုး ၅ ရာခိုင်နှုန်းကို အနှစ် ၂၀ အတွင်း နှစ်စဉ်ပြန်ယူမည်။ တရားဝင်ကြေညာချက်အရ ငွေကြေးဖောင်းပွမှု၊ ငွေတန်ဖိုး ကျဆင်းမှုမရှိသည်ဖြစ်ရာ ဤအစီအစဉ်သည် တန်ဖိုးအားလုံး ပြန်လည် ပေးဆပ်လိုက်ခြင်း ဖြစ်သည်ဆိုသည်။ ပိုင်ရှင်ဟောင်းသည် မန်နေဂျာများ အဖြစ်ရှိနေပြီး အလွန်များသည့် လခရမည်။ သို့သော်လည်း သူတို့ အထက်တွင် ပါတီက ခန့်ထားသည့် အကြီးအကဲတစ်ယောက်ရှိမည်။

ခရိုင်အတွင်းရှိ အစာစက်ရုံ၊ ပေါင်မုန့်စက်ရုံနှင့် စားသောက်ဆိုင်များ စုပေါင်းထားသည့် စက်မှုလုပ်ငန်းတစ်ရာကျော်ကို ပြည်သူပိုင်သိမ်းသည့် လုပ်ငန်းအဖွဲ့၏ တာဝန်ခံအဖြစ် အမေ့ကို ခန့်ထားသည်။ အမေမှာ ယခုတိုင် ညတိုင်း မျက်နှာပြ လက်မှတ်ထိုးရဆဲဖြစ်ရာ သူ့ကိုယ်ပိုင်အိပ်ရာမှာ မအိပ်နိုင်သေး။ အရေးကြီးသည့် တာဝန်တစ်ခု ယုံကြည်ပေးအပ်ထားသဖြင့် မအားလပ် နိုင်ရှိနေသည်။

ပါတီက အမေကို "ပြန်လည်တာဝန်ပေးသည်။ သို့သော် အထိန်းအချုပ် ရှိပြီး စောင့်ကြည့်ခံရသူ" အဖြစ် သတ်မှတ်သည်။ ပြည်သူသို့ကား မကြေညာ။ သို့သော်လည်း သူနှင့်သူ့အမှု စစ်ဆေးသူများအား ထိုအတိုင်း အသိပေးထားသည်။

အမေကို အကျဉ်းချထားစဉ် အဘွားဆီသို့ စာရေးကာ မပြန်လာနှင့်၊

မန်ချူးရီးယားမှာပဲ ယခုအချိန်တွင်နေပါဟု စာရေးမှာကြားထားသည်။ သူ အကျဉ်းခံရသည်ကို အဘွား မသိစေချင်သဖြင့် ပရိယာယ်ဆင်ခြင်းဖြစ်သည်။ အကျဉ်းခံကြောင်း သိလျှင် အဘွားစိတ်ပူလိမ့်မည်။

အဘွားသည် ပြည်သူပိုင်စတင်ပြုလုပ်သည့် ကာလအတွင်း ကျင်ကျို့တွင် ရှိနေသည်။ သူလည်း ပြည်သူပိုင်နှင့် ပိတ်မိနေသည်။ ၁၉၅၁ တွင် ဒေါက်တာရှီယာနှင့်အတူ ကျင်ကျို့မှ ထွက်လာသည့်အခါ ဆေးဆိုင်ကို သူ၏ မောင် ယုလင်က ဦးစီးလုပ်ကိုင်နေသည်။ ၁၉၅၂ တွင် ဒေါက်တာရှီယာ ကွယ်လွန်လျှင် ဆေးဆိုင်ပိုင်ဆိုင်မှုသည် အဘွားဆီသို့ ရောက်လာသည်။ ယခုမူ ပြည်နယ်အစိုးရက ဆေးဆိုင် ကိုဝယ်ရန် စီစဉ်နေသည်။ "ဈေးညှိ" နေကြသည်။ မနစ်နာအောင် ပေးမည်ဆိုသည်။ သို့သော်လည်း ဒေါက်တာရှီယာ၏ ဆေးဆိုင်ကို ဈေးနှုန်းကော်မတီက ဈေးခပ် နည်းနည်းဖြတ်သည်။ အာဏာပိုင်များ သဘောကျစေရန် လျှော့ဖြတ်ခြင်းဖြစ်သည်။ သို့သော်လည်း အဘွားအတွက်မူ ကောင်းသည်။ အဘွားသည် အရင်းရှင်အငယ်စား စာရင်းဝင်ဖြစ်သွားသည်။ သို့ဖြစ်၍ သူ့အဖို့ မထင်မရှားနေလို့ရသည်။

ပြည်သူပိုင်လုပ်ခြင်းလှုပ်ရှားမှုကို စည်တိုများ၊ ဗုံမောင်းများဖြင့် လှည့်လည်ဝါဒဖြန့်သည်။ အစည်းအဝေးများ မနားတမ်းလုပ်သည်။ လုပ်ငန်းရှင်များက အစိုးရဝယ်သည်ကို ဝမ်းသာအားရ ရောင်းချင်သည်။ မူလက စိုးရိမ်နေတာထက် တော့ တော်သေးသည် ပြောကြသည်။ ဆိုဗီယက်ယူနီယံတွင်မူ ချက်ချင်းပြည်သူပိုင်သိမ်းသည်။ ယခု တရုတ်ပြည်တွင် လျော်ကြေးပေးသေးသည်။ အစိုးရလက်သို့ လိုလို ချင်ချင် ထိုးအပ်ကြသည်။

အဘွား စိတ်ရှုပ်သည်။ သူ့သမီးပါဝင်နေသည့် တော်လှန်ရေးကို သူ သဘောမတူ။ သို့သော်လည်း သူ့အတွက်မူ ဝမ်းသာသည်။ အစိုးရပြောသည့်အတိုင်း နာခံရန် အသင့်ရှိသည်။ ဆေးဆိုင်မှာ ဒေါက်တာရှီယာ ထူထောင်ခဲ့သည့် လုပ်ငန်းဖြစ်သည်။ ဒေါက်တာသည် မနားမနေ အလုပ်လုပ်သည်။ အဘွားနှင့် သူ့သမီးတို့ စားဝတ်နေရေးကို ဆေးဆိုင်က ထောက်ပံ့နိုင်သည်။ သည်အတိုင်း လက်ပိုက်ကြည့် နေရသည်ကို အဘွားမကြိုက်၊

ကိုးရီးယားစစ်ပွဲအတွင်း အစိုးရတွင် ပိုက်ဆံမရှိသဖြင့် တိုက်လေယာဉ်ပျံများ ဝယ်ရန် ပြည်သူတို့က အဖိုးတန်လက်ဝတ်ရတနာများ လှူကြပါဟု တိုက်တွန်းသည်။ အဘွားသည် သူပိုင်ရတနာများကို မစွန့်လွှတ်နိုင်။ ဗိုလ်ချုပ် ဇူးနှင့် ဒေါက်တာရှီယာတို့ ပေးခဲ့သည့် ပစ္စည်းများဖြစ်ပြီး ဝမ်းစာအတွက် ချန်ထားချင်သည်။ ကွန်မြူနစ်ပါတီကမူ "လူထုအပေါ် ခေါင်းပုံဖြတ်ရာမှ ထွက်လာသည့် အသီးအပွင့်" ဟု ဆိုသည်။ ဤသဘောထားကို အမေ သဘောတူသည်။ အစိုးရကို လှူစေချင်သည်။ အမေရိကန် နယ်ချဲ့သမား ဝင်၍ တိုက်လျှင် ကာကွယ်ရန် လေယာဉ်ပျံလိုသည် ဟုဆိုသည်။ ယင်းကို အဘွားစိတ်မဝင်စား။ အမေက အဘွားဘာမှပူစရာမလို။ သူရှိနေသမျှ ကာလပတ်လုံး အဘွားကို

လုပ်ကျွေးမည်ဆိုသည်။ အဘွားလက်လျှော့ လိုက်သည်။ သမီးအတွက် သူ ပေးလှူတော့မည်။ လက်ဝတ်ရတနာအားလုံးကို လှူသည်။ သို့သော်လည်း လက်ကောက်နှစ်ရံ၊ ရွှေနားဆွဲတစ်ရံ၊ ရွှေလက်စွပ်တစ်ခုတို့ကို ချန်ထားသည်။ ယင်းတို့အားလုံးမှာ ဒေါက်တာရီယာ၏ မင်္ဂလာလက်ဖွဲ့များဖြစ်သည်။ အစိုးရက ရရှိကြောင်း လက်မှတ်တစ်စောင် ပေးသည်။ သူ၏ မျိုးချစ်စိတ်ကို ချီးကျူးသည်။

သို့သော်လည်း အဘွားသည် သူ့ လက်ဝတ်ရတနာများ ဆုံးရှုံးသဖြင့် ဖွင့်မပြောသော်ငြား စိတ်မချမ်းသာ။ အဘွားသည် အမြဲတမ်းလိုလို မလုံခြုံသည့် ဘဝမှာ နေခဲ့ရသည်။ ကွန်မြူနစ်ပါတီက လူတိုင်းကို အမြဲကြည့်ရှုစောင့် ရှောက်မည်ဟု တကယ် ယုံကြည်ရပါ့မလား။

လေးနှစ်ကြာသည့်အခါ အဘွားသည် ဆေးဆိုင်ကို အစိုးရလက်သို့ အပ်ချင် လာသည်။ အခြားရွေးစရာ လမ်းမရှိ။ ပြည်သူပိုင်လုပ်ခြင်း လုပ်ငန်းစဉ်မှာ ကြာသည်။

အဘွားသည် မန်ချူးရီးယားမှာ ကြာကြာနေရသည်။ အမေကမူ ဆီချွမ်သို့ အဘွား မပြန်လာစေချင်။ သူလွတ်မြောက်မှ၊ သူ့အခန်းတွင် ပြန်နေနိုင်မှ အဘွား ပြန်လာစေချင်သည်။ ၁၉၅၆ နွေတွင်မူ အမေမှာ သံသယဘဝမှ လုံးဝလွတ် မြောက်ခဲ့သည်။ မျက်နှာပြလက်မှတ်ထိုးရခြင်းမရှိတော့။

အမေ့မှာ လုံးဝအပြစ်မရှိဆိုသည့် အဆုံးအဖြတ်ကို ချိန်တူပါတီ ကော်မတီ က ထုတ်ပြန်ကြေညာသည်။ ကူမင်တန်နှင့် နိုင်ငံရေးအဆက်အသွယ် ကင်းသည်ဟု ယုံကြည်သည်ဆိုသည်။ ဤသည်မှာ အပြတ်သားဆုံး ဆုံးဖြတ်ချက်ဖြစ်သည်။ ယခုမူ အမေသည် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ကျသွားပြီ။ ခိုင်လုံသည့် သက်သေမရှိသဖြင့် လွတ်မြောက်ရခြင်း ဖြစ်သည်ဟု အမေ ထင်သည်။ စစ်ဆေးရေး အဖွဲ့ခေါင်းဆောင် မစ္စတာကွန်ကို အမေ ကျေးဇူးတင်သည်။ သူ သတ္တိရှိသဖြင့် အမေလွတ်မြောက်ခြင်း ဖြစ်သည်။

အမေ ကံကောင်းသည်။ လက်ယာဂိုဏ်း ချေမှုန်းရေးတိုက်ပွဲတွင် ယောကျ်ားမိန်းမ ၁၆၀,၀၀၀ ကို တန်ပြန်တော်လှန်ရေးသမားဟု စွပ်စွဲသည်။ အနှစ်သုံး ဆယ်မျှ သူတို့မှာ ဘဝပျက်ရသည်။ ယင်းတို့တွင် ကျင်ကျို့တုန်းက အမေ၏ သူငယ်ချင်းများ ပါဝင်သည်။ ကူမင်တန်လူငယ်အဖွဲ့ဝင်ဖြစ်ခဲ့သဖြင့် တန်ပြန် တော်လှန်ရေးသမားများဟု စွဲချက်အတင်ခံရသည်။ အလုပ်ပြုတ်ပြီး အလုပ်ကြမ်း လုပ်ရန် ကျေးလက်သို့ အပို့ခံရသည်။

တရုတ်နိုင်ငံ သမိုင်းတစ်လျှောက်လုံးတွင် လူတစ်ယောက် ဒဏ်ခတ်ခံရ လျှင် တစ်ဆွေတစ်မျိုးလုံး ဒုက္ခရောက်သည်။ ယောကျ်ားမိန်းမ ကလေးများ မွေးကင်းစ များပါ အသတ်ခံရသည့် အစဉ်အလာများရှိသည်။ သေဒဏ်သည် ဝမ်းကွဲဆွေမျိုးများ အထိ အကျုံးဝင်သည်။ တစ်စုံတစ်ယောက် ရာဇဝတ်မှု ကျူးလွန်လျှင် သူ့အသိုင်း အဝိုင်းတစ်ခုလုံး ဒုက္ခရောက်သည်။

ယခုအချိန်အထိ မလိုလားအပ်သော သူများ ကွန်မြူနစ်ပါတီထဲတွင် ရှိနေ သေးသည်။ ကွန်မြူနစ်တို့၏ ရန်သူများ၏ သားသမီးများသည် ရာထူးကြီးနေရာတွင်

ရောက်လာသည်။ အမှန်စင်စစ် စောစောပိုင်း ကွန်မျူနစ်ခေါင်းဆောင်များသည် ဆိုးသောသမိုင်းနောက်ခံရှိခဲ့သူများ ဖြစ်သည်။ သို့သော်လည်း ၁၉၅၅ နောက်ပိုင်းတွင် မျိုးရိုးဇာတိသည် အရေးကြီးလာသည်။ နောက်ပိုင်းတွင် မော်သည် အာဃာတ ရှေ့တန်းတင်ကာ ရန်သူ တစ်ယောက်ပြီးတစ်ယောက်လိုက်၍ ရှင်းလေရာ သားကောင်ဦးရေ များလာသည်။ သားကောင်၏ ပြစ်မှုများသည် တဖြည်းဖြည်းများလာ ကြီးလာသည်။ တစ်ယောက်မှသည် သူ၏ မိသားစုပါ ခံရတော့သည်။

သို့တိုင်အောင် တရုတ်ပြည်သည် ၁၉၅၆ တွင် များစွာတည်ငြိမ်လာသည်။ နိုင်ငံခြားကျူးကျော်ခြင်း၊ ပြည်တွင်းစစ်၊ ငတ်မွတ်၍ သေကြေခြင်း၊ ခားပြများ သောင်းကျန်းခြင်း၊ ငွေတန်ဖိုးကျခြင်းတို့မှာ အတိတ်၏ ကိစ္စများအဖြစ်သာ တည်ရှိသည်။

၁၉၅၆ နွေရာသီတွင် ချိန်တူသို့ အဘွားပြန်လာသည်။ ရောက်လျှင် ရောက်ချင်း ကလေးထိန်း ကျောင်းများသို့ အပြေးသွားပြီး ကျွန်မတို့အားလုံးကို အမေ့အိမ်သို့ ပြန်ခေါ်သည်။ ရှောက်ဟောင်နှင့် ကျွန်မတို့မှာ နေသားကျနေပြီ။ သို့သော်လည်း အဘွားကိုမြင်လျှင် အော်ဟစ်ပြီး အိမ်ပြန်သွားရန်ပြောသည်။ ကျင်မင်း အခြေအနေမှာ ဆိုးသည်။ ဘယ်သူမှ အတို့အထိမခံ။ သူ၏ အထိန်းတော်ဟောင်းကိုသာ တမ်းတနေသည်။ ရှောက်ဟေကို မြင်သည့်အခါ အဘွား ငိုသည်။ သစ်သားရုပ်နှင့်တူနေသည်။ အဓိပ္ပာယ်မဲ့ ပြုံးဖြဲဖြဲကြည့်နေသည်။ ထားသည့်နေရာမှာနေသည်။ တုပ်တုပ်မျှမလှုပ်။ အိမ်သာသွားချင်သည်ဟု မပြောတတ်။ ငိုပင်မငိုတတ် ထင်ရသည်။ အဘွားသည် သူ့ကို ပွေ့ဖက်ထားသည်။ ထိုအခါမှစ၍ သူသည် အဘွား၏ အချစ်ဆုံးမြေးဖြစ်လာသည်။

အဘွားက အဖေနှင့်အမေတို့ကို ကြင်နာတတ်သည့် နှလုံးသားမရှိသူ များဟု ဆိုသည်။ အမေမှာ သည်လမ်းမှအပ တခြားရွေးစရာမရှိသည်ကို သူမသိ။ ကျွန်မတို့လေးယောက်စလုံးကို အဘွားမထိန်းနိုင်။ သို့ဖြစ်ရာ ရှောက်ဟောင်နှင့် ကျွန်မတို့မှာ နေ့တွင် ကလေးထိန်းကျောင်းသို့ သွားကြရသည်။ ကလေးထိန်းကျောင်း သို့ ကျွန်မ မသွားချင်။ ကန့်ကွက်သည့်နည်းတစ်ခုရလာသည်။ ကျောင်းရောက်လျှင် ကျွန်မ အပြင်းဖျားသည်။ ဆရာဝန်များ ထိတ်လန့်သွားသည်။ အိမ်ပြန်ရောက်လျှင် ကျွန်မ အဖျား လုံးဝကင်းစင်သွားသည်။ ထိုအခါမှစ၍ ရှောက်ဟောင်နှင့်ကျွန်မတို့ကို အိမ်မှာ နေခွင့်ပြုသည်။

အဘွားအဖို့ ပန်းမန်သစ်ပင်၊ မိုးတိမ်၊ မိုးရွာခြင်း အားလုံးသည် နှလုံးသား ရှိသော မျက်ရည်ရှိသော အကျင့်သိက္ခာရှိသော သက်ရှိများဖြစ်သည်ဟု ခံယူသည်။ ကလေးများအပေါ် သတ်မှတ်သည့် ရှေးဟောင်းတရုတ်စည်းကမ်းဖြစ်သည့် “စကားကို နားထောင်ပါ” ဟူသော အဆိုကို လိုက်နာလျှင် ကျွန်မတို့မှာ ဘေးကင်းမည်ဟု အဘွား ယုံကြည်သည်။

ညတွင် အဘွားက ပုံပြောပြီး သိပ်သည်။ တရုတ်ဂန္ထဝင်အော်ပရာထဲက

ပုံပြင်များကို သူပြောပြသည်။ ကျွန်မတို့တွင် တိရစ္ဆာန်ပုံပြင် ငှက်ပုံပြင် သမိုင်းပုံပြင် ရိုးရာပုံပြင်တို့ များစွာကြွယ်ဝသည်။ ကလေးများအတွက် နိုင်ငံခြားပုံဝတ္ထုများလည်းသင်ကြားစရာရှိသည်။ ဟန်ခရစ်ယန်အင်ဒါဆင်၏ ပုံများ၊ အီစွပ်ပုံပြင်များမှာ ကျွန်မ တို့ ဖတ်စရာများဖြစ်သည်။ ခင်နှင်းဖြူနှင့် လူပုလေးခုနစ်ယောက်၊ စင်ဒရဲလားတို့မှာ ကျွန်မအပေါင်းအသင်းများ ဖြစ်လာသည်။

ပုံဝတ္ထုတို့နှင့်အတူ သားချော့တေးကဗျာများကိုလည်း ကျွန်မ နှစ်သက်မြတ်နိုးသည်။ ကဗျာကို အစောဆုံးတွေ့ရခြင်းဖြစ်သည်။ တရုတ်ဘာသာစကားသည် အသံအနိမ့်အမြင့်ကို အခြေခံသည်။ တရုတ်ကဗျာတွင် ဂီတသံများ ပါသည်။ အဖေသည် ဂန္ထဝင်ကဗျာများ ရွတ်ဆိုပြသည်။ ကျွန်မသည် ကဗျာများတွင် ယစ်မူးလာ မိသည်။ အဓိပ္ပာယ်ကို ကျွန်မ နားမလည်။ အဘွားသည် ရိုးရာဟန်ဖြင့် ဖတ်ပြသည်။ သီချင်းသံထပ်တလဲလဲ ထွက်လာသည်။ ဆွဲဆွဲ ငင်ငင်အသံများ ကြားရသည်။ အနိမ့် အမြင့် အသံများကို စည်းဝါးမိမိ ကြားရသည်။ တစ်နေ့တွင် ဘီစီ ၅၀၀ က ကဗျာ အချို့ကို အဘွားဆိုနေသည်ကို အမေကြားရသည်။ ခက်သဖြင့် ကလေးများ လိုက်မမီ ဟု ယူဆကာ မဆိုပါနှင့်ဟု တားရန် အမေကြိုးစားသည်။ အဘွားက အဓိပ္ပာယ် နားလည်စရာမလို၊ ဂီတသံလို သာယာသည့် အသံကို နားထောင်ခံစားတတ်ဖို့ ဖြစ်သည်ဟု ပြောသည်။

မောင်နှစ်ယောက်က အိပ်ရာဝင်ပုံပြင်များကို စိတ်မဝင်စား။ ဖတ်ပြသော်လည်း နားမထောင်။ သို့ပေမယ့် အစ်မရှောက်ဟောင်သည် ပုံပြင်ကြိုက်သည်။ မှတ်ဉာဏ်အလွန်ကောင်းသည်။ ပုရှကင်၏ ဘဲလက်ကဗျာရှည်ကြီးကို သုံးနှစ်သမီး အရွယ်တွင် အထစ်အငေါ့မရှိ ရွတ်ဆိုနိုင်သည်။

ကျွန်မတို့ မိသားစုဘဝမှာ အေးချမ်းသာယာလာသည်။ ချစ်ခင်နှစ်သက်စရာ ကောင်းလာသည်။ အဖေ့အပေါ် စိတ်တိုင်းမကျလျှင် အမေသည် ကလေးများ ကွယ်ရာတွင် ကြိတ်၍ ရန်ဖြစ်သည်။ တရုတ်ထုံးစံအရ အဖေသည် သားသမီးကို ချိုင်းမှ မချီရ။ မနမ်းရ။ ပွေ့ဖက်ခြင်းမပြုရ။ ကျွန်မတို့ သုံးနှစ်ကျော်မှ အဖေသည် ကျွန်မတို့ကို ချိုင်းမှ အသေအချာကိုင်ပြီး ချီသည်။ ကျွန်မတို့ အိပ်နေစဉ် ခွင့်တောင်းပြီးမှ အခန်း ထဲသို့ အဖေ ဝင်သည်။

အမေသည် ကျွန်မတို့နှင့် အတွေ့အထိ နည်းလာသည်။ ဤသည်မှာ ကွန်မြူနစ်စည်းကမ်း အချို့ကြောင့်ဖြစ်သည်။ မွန်မြတ်စင်ကြယ်သည့် လူနေမှုဘဝကို ကွန်မြူနစ်တို့ တည်ဆောက်ရမည်ဟု ခံယူကြသည်။ ၁၉၅၀ လွန်နှစ်များတွင် ကွန်မြူနစ်တစ်ယောက်သည် တော်လှန်ရေးနှင့် ပြည်သူကို အလုပ်အကျွေးပြုသူဖြစ်ရမည်။ သားသမီးသံယောဇဉ်ကြီးလျှင် ပါတီအပေါ် သစ္စာမရှိဟု အပြောအဆို ခံရသည်။ အိပ်ချိန်နှင့်စားချိန်က လွဲလျှင် ကျန်သည့်အချိန်ကို ပါတီက ပိုင်သည်။ ပါတီအတွက် အလုပ်လုပ်နေရမည်ဟု ဆိုသည်။

ပထမတွင် အမေသည် ကျောင်းသားမရ။ မိသားစုကို အရေးပေးလွန်းသည် ဆိုသည်မှာ ပါတီရဲဘော်များက သူ့ကို ဝေဖန်သည့်စကားဖြစ်သည်။ ကြာတော့ ကျောင်းသားရလာပြီး ပါတီကိစ္စမှာသာ နစ်မြောနေတော့သည်။ အမေအိမ်ပြန်လာချိန်တွင် ကျွန်မတို့မှာ အိပ်မောကျနေကြပြီ။ ကျွန်မတို့ အိပ်ရာဘေးတွင် ထိုင်ကာ ကျွန်မတို့ မျက်နှာများကို ကြည့်သည်။ အသက်ရှူသံကို နားထောင်သည်။ အမေအဖို့ တစ်နေ့တာ လုံးတွင် ထိုအချိန်သည် အပျော်ဆုံးအချိန်ဖြစ်သည်။

အချိန်ရသည့်အခါ ကျွန်မတို့ကို အမေ ပွေ့ပွေ့ပိုက်ပိုက် လုပ်သည်။ လက်မောင်းတံတောင်တို့ကို ပွတ်သပ်သည်။ ကျွန်မတို့မှာ အလွန်အရသာရှိသည်။ ကျွန်မခေါင်းကို သူ့ရင်ခွင်ထဲမှာ ဆွဲယူပြီး နားရွက်ထဲကို ကလိသည်။ ကျွန်မအဖို့ အလွန်အရသာရှိသည်။ တရုတ်ထုံးစံတွင် နားဖာချေးကလော်ခြင်းသည် ဇိမ်ခံလို့ အကောင်းဆုံးကိစ္စတစ်ခုဖြစ်သည်။

၁၉၅၆ မှစ၍ ကွန်မျူနစ်ခေါင်းဆောင်များအဖို့ တနင်္ဂနွေနေ့တွင် အနားယူနိုင်သည်။ အဖေအမေတို့နှင့်အတူ ပန်းခြံများ၊ ကစားကွင်းများသို့ သွားကြသည်ကို ကျွန်မ အမှတ်ရနေသည်။ အလွန်ပျော်စရာကောင်းသည့် ကလေးဘဝများ ဖြစ်သည်။

အဘွားကမူ အဖေနှင့်အမေတို့ အိမ်မကပ်သဖြင့် ဆူဆူပူပူလုပ်သည်။ “ဘယ်လိုမိဘတွေမှန်းမသိဘူး” ဟု ပြောကာ သက်ပြင်းချကာ ခေါင်းတယမ်းယမ်းလုပ်သည်။ သူတို့ကိုယ်စား အဘွားသည် ကျွန်မတို့ကို အလွန်ချစ်သည်။ အမေက ဒေါ်လေးယန်ယင်ကို အိမ်မှာလာနေလှည့်ပါဟု ခေါ်ထားသည်။ အဘွားနှင့် ဒေါ်လေးယန်တို့ သင့်မြတ်သည်။ ၁၉၅၇ အစောပိုင်းအထိ အဆင်ပြေသည်။ ထိုအချိန်တွင် ကျွန်မတို့သည် ခရစ်ယန်သင်းအုပ်နေသော အိမ်ဟောင်းသို့ ပြောင်းရသည်။ အဖေလည်း အတူလာနေသည်။ တစ်မိုးအောက်တွင် သိုက်သိုက်ဝန်းဝန်း ပထမဆုံးအကြိမ် နေရခြင်းဖြစ်သည်။ ထိုအချိန်တွင် အတူလာနေသည့် အိမ်ဖော် အမျိုးသမီး ရောက်လာသည်။

အိမ်ဖော်မှာ အသက်ဆယ့်ရှစ်နှစ်ရှိသည်။ ရောက်စတွင် ပွင့်ရိုက်အင်္ကျီများဝတ်သည်။ မြို့ကြီးသူတို့က သူ၏ တောက်တောက်ပြောင်ပြောင်တို့ကို မကြိုက်။ နှာခေါင်းရှုံ့သည်။ မျက်စိကျိန်းသည် ပြောကြသည်။ မြို့ကြီးသူတို့သည် ရိုးရိုး မိန်းမများဝတ်သည့် အင်္ကျီဂါဝန်တို့ကို ဝတ်သည်။ ကျွန်မတို့ အိမ်ဖော်ကမူ တောသူစတိုင် ဘေးမှာကြယ်သီးတပ်ရသည့် ရိုးရာအင်္ကျီဂါဝန်တို့ကို ဝတ်သည်။ ခါးပတ်မပတ် ဘဲ ဘောင်းဘီကို ကြိုးဖြင့်ချည်သည်။ တောသူများ မြို့တက်လာလျှင် ဂနိုင်ကျသည်အထင်မခံနိုင်သဖြင့် အဝတ်အစား ပြောင်း၍ ဝတ်လာကြသည်။ ယခု ကျွန်မတို့ အိမ်ဖော်မှာ အရိုးခံအတိုင်း ဝတ်ဆင်သည်။ တောသူစရိုက်ပေါ်လွင်သည်။ လက်တံ ခြေတံကြီးသည်။ ရှက်တတ်သည်။ နေလောင်သည့်မျက်နှာတွင် ရိုးသားသော အပြုံးပန်းများ ပွင့်လာတတ်သည်။ နီရဲနေသော ပါးပြင်နှစ်ဖက်တွင်

ချစ်စရာပါးချိုင့်လေး နှစ်ခု ထင်းခနဲ ပေါ်နေသည်။ အိမ်သားတိုင်း သူ့ကို ချစ်လာကြသည်။ ကျွန်မတို့နှင့် အတူစားသည်။ အိမ်အလုပ်ကို အဘွား၊ ဒေါ်လေးတို့နှင့်အတူ လုပ်သည်။ အမေက အိမ်တွင် မရှိသည်မှာ များသည်။ သို့ဖြစ်ရာ အဘွားသည် ဒေါ်လေးနှင့် တောသူမ တို့ကို ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်များအဖြစ် ဆက်ဆံသည်။

"တောသူမ" သည် မြေရှင်မိသားစုမှ ဆင်းသက်လာသူဖြစ်သည်။ တောမှာ မနေချင်။ တောတွင် ဝေဖန်ခံရသည်။ ခွဲခြမ်းခွဲခြမ်းလုပ်သည်တို့ ကြုံရသည်။ ၁၉၅၇ တွင်မူ "ဆိုး" သည့် သမိုင်းနောက်ခံရှိသည့် မိသားစုဝင်တို့ကို ပြန်လည် လူရာသွင်းလာသည်။ အလုပ်ပေးစေခိုင်းလို့ရလာသည်။ ၁၉၅၅ လက်ယာဂိုဏ်း တိုက်ပွဲပြီးဆုံးသွား ကာ အခြေအနေကောင်းလာချိန်ဖြစ်သည်။

ထိုအချိန်တွင် လူတိုင်းမှတ်ပုံတင်ရမည်ဟူသော စနစ်တီထွင်လာသည်။ မြို့နေမှတ်ပုံတင်သူတို့သာ အခြေခံစားကုန်ရာရှင်ရသည်။ "တောသူမ" မှာ ရွာက မှတ်ပုံတင်သာရှိသည်။ သို့ဖြစ်ရာ ရာရှင်မရ။ ကျွန်မတို့ရာရှင်မှာ များသဖြင့် သူ့ကို ကျွေးနိုင်သည်။ တစ်နှစ်ရှိလျှင် အမေက သူ့ကို မြို့မှတ်ပုံတင်ရအောင် လုပ်ပေးသည်။ တောမှချိန်တူသို့ ပြောင်းရခြင်းဖြစ်သည်။

တောသူမကို လုပ်ခပေးသည်။ ၁၉၅၆ နှောင်းပိုင်းတွင် နိုင်ငံတော်က ထောက်ပံ့သည့် စနစ်ကို ရပ်ဆိုင်းလိုက်သည်။ အဖေတွင် ကိုယ်ရံတော်မရှိတော့။ ရုံးတွင် အားလုံးခိုင်းစေနိုင်သည့် ယောက်ယာရုံးလုလင် တစ်ယောက်ပေးသည်။ တောက်တိုမည်ရ လုပ်ရသည်။ လက်ဖက်ရည်ဖျော်ခိုင်းသည်။ ကားစီစဉ် ခိုင်းသည်။ အဖေနှင့် အမေတို့သည် ဝန်ထမ်းအဆင့်အတိုင်း လခများရကြသည်။ အမေက အဆင့် ၁၇။ အဖေက အဆင့် ၁၀။ နှစ်ဆနီးပါး ကွာသည်။ အခြေခံစားကုန်များ ဈေးချိုသည်။ စားသုံးသူအဖွဲ့အစည်းဆိုသည့် အယူအဆမရှိ တော့။ ဖျက်လိုက်သည်။ နှစ်ယောက်လခမှာ လောက်သေည်။ အဖေသည် အထူးအဆင့်ဝင်ဖြစ်သည်။ "ဂိုဂန်" ဟု ခေါ်သည်။ အရာရှိကြီးဆိုကြပါစို့။ "အကောင်" ဟု လည်း ခေါ်နိုင်သည်။ ယင်းမှာ အဆင့် ၁၃ နှင့် အထက်ဖြစ်သည်။ ဆီချွမ်ပြည်နယ်တစ်ခုလုံးတွင် ၂၀၀ ခန့်သာ ရှိသည်။ ပြည်နယ်တစ်ခုလုံး တွင် အဆင့် ၁၀ မှာ ဦးရေ ၂၀ ပင်မပြည့်တတ်။ ဆီချွမ်၏ လူဦးရေမှာ ယခု ခုနစ်ဆယ့်နှစ်သန်း ရှိလာသည်။

၁၉၅၆ နွေဦးပေါက်တွင် မော်သည် "ပန်းပေါင်းတစ်ရာ" ပေါ်လစီကို ကြေညာသည်။ "ပန်းပေါင်းတစ်ရာ ပွင့်ပါစေ" "ပန်းတိုင်းပွင့်ပါစေ" ဟူသော စကားမှ အခြေခံသည့် ပေါ်လစီဖြစ်သည်။ (ပိုင်-ဟွာ-ကျိ-ဖန်)။ အနုပညာ၊ စာပေနှင့် သိပ္ပံ သုတေသနတို့ ပို၍လွတ်လပ်ခွင့်ရလာသည့် သဘောသက်ဝင်သည်။ ပါတီသည် တရုတ်ပြည်၏ ပညာတတ်များကို စုစည်းသိမ်းသွင်းချင်သည်။ စက်မှုထွန်းကား ရေးခေတ်လွန် နာလန်ထချိန်သို့ ဝင်ရောက်လာရာ တိုင်းပြည်တွင် ပညာတတ် အများ အပြားလိုလာသည်။

တရုတ်ပြည်၏ ယေဘုယျပညာရေးအဆင့်အတန်းသည် အလွန်နိမ့်သည်။

လူဦးရေမှာ ထိုစဉ်က သန်း ၆၀၀ ကျော်သည်။ လူများစုမှာ ဝဝလင်လင် မစား သောက်ရ။ လုလုပပ မဝတ်ဆင်ရ။ တရုတ်ပြည်သည် "အာဏာရှင်" တစ်ယောက်ယောက်လက်အောက်တွင် အမြဲလိုနေခဲ့ရသည်။ အာဏာရှင်တို့သည် ပြည်သူ၏ နားမျက်စိကို ပိတ်ထားပြီး ကျိုးနွံသော လူထုကိုသာ လိုချင်သည်။ ခိုင်းရာ နေ စေရာသွား လူထုကို ကြိုက်သည်။ တဖန် ဘာသာစကားပြဿနာ တစ်ခုရှိသေးသည်။ တရုတ်စာသည် အရေးရအလွန် ခက်သည်။ စာလုံး ထောင်ပေါင်းများစွာကို အဆက်အစပ်နှင့်ရေးရသည်။ အသံထွက်သည် စာလုံးနှင့်မဆိုင်။ စာလုံးတစ်လုံး ရေးရန် စုတ်ချက်များကို သိရသည်။ တစ်ခုစီမှတ်ထားရသည်။ ပြည်သူသန်းပေါင်း များစွာမှာ လုံးဝ စာမတတ်။

ပညာတစ်ခုခု တက်သူတို့ကို "ပညာတတ်" ဟု ခေါ်သည်။ ကွန်မြူနစ်တို့က လူတန်းစားအခြေခံဖြင့် ပေါ်လစီသတ်မှတ်သည်။ "ပညာတတ်လူတန်းစား" ဆိုသည် သီးသန့်အတန်းအစားတစ်ခု ဖြစ်သည်။ ယင်းတွင် သူနာပြု၊ ကျောင်းသား၊ ရုပ်ရှင် သရုပ်ဆောင်၊ အင်ဂျင်နီယာ၊ နည်းပညာတတ်ကျွမ်းသူ၊ စာရေးဆရာ၊ ကျောင်းဆရာ၊ ဆရာဝန်နှင့် သိပ္ပံပညာရှင်များ ပါဝင်သည်။

"ပန်းတိုင်းပွင့်ပါစေ" ပေါ်လစီကျင့်သုံးသည့် တစ်နှစ်ခန့်အတွင်း တစ်တိုင်း ပြည်လုံး အနည်းနှင့်အများ လွတ်လပ်ခွင့်ရသည်။ အချုပ်ချယ် နည်းလာသည်။ စိတ်လွတ်ကိုယ်လွတ် ပျော်နိုင်ကြသည်။ ထို့နောက် ၁၉၅၇ နွေဦးတွင် ပညာတတ် များအား ပြည်သူ့ဝန်ထမ်း အထက်အရာရှိများ ပါတီခေါင်းဆောင်များကို ဝေဖန် စေသည်။ သဘောထားကြီးပြီး အမြင်ကျယ်ပြန့်လာအောင် အချုပ်အချယ်မှ လွတ်ပေးသည့် ပေါ်လစီဖြစ်သည်ဟု အမေထင်သည်။ မော်၏ မိန့်ခွန်းကို အမေတို့အဆင့်အထိ ဝေဖန်ခိုင်းသည်။ အမေမှာ စိတ်လှုပ်ရှားလွန်းသဖြင့် တစ်ညလုံးအိပ်မပျော်။ တရုတ် နိုင်ငံသည် ခေတ်မီသော ဒီမိုကရေစီနိုင်ငံဆီသို့ ချီတက်နေသည်။ ပါတီသည်ဝေဖန်ရေးကို ကြိုဆိုသည်။ သို့မှ အသက်ဝင်လှုပ်ရှားလာမည်ဟု အမေယူဆသည်။ အမေသည် ကွန်မြူနစ်တစ်ယောက်ဖြစ်ရသည်ကို ဂုဏ်ယူသည်။

မော်၏ မိန့်ခွန်းအရ အထက်အရာရှိများကို ဝေဖန်ရန် အမေတို့အား ဖွင့်ပေးသည့်အခါတွင် မော်၏ အခြားမှတ်ချက်များကို မပြောဘဲထားသည်။ မြွေကို ကျင်းထဲမှ ထွက်ခဲ့ရန် မြူဆွယ်ခြင်းမျိုး ဖြစ်သည်။ မော်က သူနှင့် သူ့အုပ်ချုပ်ရေးကို ဆန့်ကျင်တိုက်ခိုက်ဝံ့သူတို့ရှိလျှင် ပေါ်လာစေရန် ဖော်ထုတ် ရန်ရည်ရွယ်ရင်း ဖြစ်သည်။ သည့်အရင်တစ်နှစ်က ဆိုဗီယက်ခေါင်းဆောင်က ရှုရှက်သည် လျှို့ဝှက် မိန့်ခွန်းတစ်ခုတွင် စတာလင်ကို ရှုတ်ချခဲ့သည်။ ယင်းကြောင့် မော် သိက္ခာကျရသည်။ မော်သည် သူ့ကိုယ်သူ စတာလင်နှင့် နှိုင်းသူဖြစ်သည်။ တဖန် ထိုနှစ်ဆောင်းဦးပေါက် တွင် ဟန်ဂေရီတွင် အုံကြွမှုတစ်ခု ဖြစ်ပေါ်ခဲ့သည်။ ကြာရှည်မခံသော်လည်း တည်တံ့ ခိုင်မြဲနေသော ကွန်မြူနစ်စနစ်တစ်ခုကို ဖြိုဖျက်တွန်းလှန်းရသည့် ပထမဆုံး ကြိုးပမ်းချက်တစ်ခု ဖြစ်သည်။

တရုတ်ပညာတတ် လူများစုသည် တိုင်းပြည်ကို ခေတ်မီအောင် လုပ်ချင်သည်။ အချုပ်အချယ်ကင်းသော သဘောထားကြီးသော အမြင်ကျယ် သောစနစ်ကို လိုလားနေသည်။ ယင်းကို မော်သိသည်။ တရုတ်ပြည်တွင် ဟန်ဂေရီအုံကြွမှုမျိုးမပေါ်အောင် သူ တားချင်သည်။ တကယ်တော့ ယခုလို ဝေဖန်ရေးဖိတ်ခေါ်သည်မှာ ထောင်ချောက်ဆင်ခြင်း သာဖြစ်သည်ဟု ဟန်ဂေရီ ခေါင်းဆောင်များကို မော် ပြောသည်။ မော်၏ ရဲဘော်များက ဝေဖန်ရေး တော်လောက်ပြီ ရပ်ခိုင်းပါတော့ဟု ပြောကြသည်။ မော်ကို မကျေနပ်သူတို့ မြင်သာပါပြီ။ မီးခိုးများအူလာလျှင် မီးတောက်ကို မြင်သာပါပြီဟု ပြောကြသည်။

အလုပ်သမားနှင့် လက်သမားတို့အတွက် မော် စိတ်ချသည်။ သူတို့သည် ကွန်မျူနစ်စံနစ်ကို ကျေးဇူးတင်နေကြသည်။ ကွန်မျူနစ်အစိုးရတက်လာမှ ထမင်း ဝအောင်စားရပြီး အေးချမ်းသာယာနေသည် ဟု ခံယူထားကြသူများ ဖြစ်သည်။ ပြီးတော့ ထိုလူတန်းစားကို အခြေခံအားဖြင့် သူမလေးစား။ သူတို့သည် သူ၏ အုပ်ချုပ်ရေးကို တွန်းလှန်နိုင်လောက်အောင် အကြံဉာဏ်ရှိသူများ မဟုတ်ဟု စိတ်ချ ထားပြီး ဖြစ်သည်။ သို့သော်လည်း မော်သည် ပညာတတ် လူတန်းစားကို ဘယ်တော့မျှ မယုံ။ ဟန်ဂေရီအုံကြွမှုတွင် ပညာတတ်တို့ စနက် အများကြီးပါသည်၊ သူတို့သည် ကိုယ်ကျိုးကို ကြည့်ကြသူများဖြစ်သည် ဟု မော် စွဲစွဲမြဲမြဲ မှတ်ထားသည်။

မော်၏ ပရိယာယ်ကို နားမလည်သည့် အရာရှိများ ပညာတတ်များသည် ဝေဖန်ရေးများ ပြုလုပ်ကြသည်။ မော်က "ပြောချင်တာပြောကြ" မခွင်းမချန် ပြောကြ ဟု ဖိတ်ခေါ်သည်။ အမေသည် မော် ဖိတ်ခေါ်သည့် စကားလုံးများကို ကျောင်းများ၊ ဆေးရုံများတွင် ပြောပြသည်။ အစည်းအဝေးများ၊ ဆီမီနာများ ပြုလုပ်ပြီး ပြောပြသည်။ နံရံကပ်ပိုစတာများတွင် ကြေညာသည်။ သတင်းစာများတွင် ထင်ရှားသည့် ခေါင်းဆောင်များက ဝေဖန်ရေးစကားများ ပြောသည်။

အမေလည်း အဝေဖန်ခံရသည်။ ကျောင်းများက ဝေဖန်ခြင်းဖြစ်သည်။ အမေသည် အရေးပါသည့် ကျောင်းကို မျက်နှာလိုက်သည်ဟု ဆိုကြသည်။ တရုတ်နိုင်ငံတွင် နိုင်ငံတော်အစိုးရက ပြုစုပျိုးထောင်ထားသည့် ကျောင်းပေါင်းများစွာ ရှိသည်။ ထိုကျောင်းများသည် ဆရာကောင်းရသည်။ ကျောင်းသုံးပစ္စည်းနှင့် အခြား အထောက်အကူပစ္စည်း များစွာရသည်။ အတော်ဆုံးကျောင်းသားကို ရွေးပြီး တက္ကသိုလ်များသို့ ဝင်ခွင့်ရစေသည်။ ထိုကျောင်းများတွင် နေလျှင် တက္ကသိုလ်ဝင်ခွင့် အာမခံချက်ရှိသည်။ ထိုကျောင်းများမှ ကျောင်းသားအများဆုံး တက္ကသိုလ်ဝင်ရသည်။ အထူးသဖြင့် အရေးပါသည့် တက္ကသိုလ်များသို့ ဝင်ခွင့်ရခြင်းဖြစ်သည်။ သာမန် ကျောင်းများမှ ဆရာများက အမေသည် အရေးပါသည့် ကျောင်းများကို မျက်နှာလိုက်သည်ဟု ဝေဖန်သည်။ အမေ၏ ဌာနသည် မူလတန်းပညာရေးကို ကိုင်ရသည်။

ဆရာများကိုလည်း အဆင့်သတ်မှတ်ထားသည်။ ဆရာကောင်းများကို ဂုဏ်ထူးဆောင်အဆင့်များ သတ်မှတ်ပြီး လခကောင်းကောင်းပေးသည်။ အထူး အစားအစာ ထောက်ပံ့သည်။ အိမ်ခန်းကောင်းရသည်။ ဓာတ်ရုံမေတ္တာလက်မှတ်များ ရသည်။ အမေ့လက်အောက်က အဆင့်မြင့်ဆရာများသည် မလိုလားသည့် မျိုးရိုး သမိုင်းရှိသူများ ဖြစ်ဟန်တူသည်။ အဆင့်နိမ့်ကျောင်းဆရာအချို့က အမေသည် ပညာ ရည်ချွန်သူများကို ဦးစားပေးသည်။ လူတန်းစားအခြေခံရှိသူတို့ကို မကြည့်ရှုဟု ဝေဖန်သည်။ အမေက အရေးကြီးသည့် ကျောင်းများနှင့်ပတ်သက်၍ မညီမမျှ ဆက်ဆံသည်မှာ မှန်သည်။ သို့သော်လည်း ရာထူးတိုးပေးရာတွင် ပညာရည်ချွန်သူကို ဦးစားပေးသည့်ကိစ္စ၌ သူ မမှားဟု ပြန်ပြောသည်။

ဝေဖန်ရေးတစ်ခုကိုမူ အမေနားပိတ်နေလိုက်သည်။ မူလတန်းကျောင်း တစ်ခုမှ ကျောင်းအုပ်ဆရာမ သည် ၁၉၄၅ တွင် ကွန်မြူနစ်ဘက်သို့ ဝင်သည်။ အမေ ထက်စော၍ ပါတီနှင့်ဆက်သွယ်မိသည်။ ယခု အမေ၏ အမိန့်များကို နာခံနေရသဖြင့် စိတ်ထဲမှာ မပျော်ဟုဆိုသည်။ ယခုအလုပ်ကို အမေရသည်မှာ အဖေ၏ အရှိန်အဝါကြောင့် ရခြင်းဖြစ်သည်ဟု ထိုကျောင်းအုပ်ဆရာမက ဝေဖန်သည်။

အခြားဝေဖန်ရေးများလည်း ရှိသေးသည်။ ကျောင်းအုပ်များက သူတို့ စိတ်ကြိုက် ဆရာများ ခန့်ချင်သည်။ အထက်ကပေးသည့် ဆရာများကို မလိုချင်သည့် အခါများ ရှိသည်။ ဆေးရုံညွှန်မှူးများကလည်း တိုင်းရင်းဆေးနှင့် အခြားဆေးများကိုကိုယ်တိုင်ဝယ်လိုသည်။ အစိုးရပေးသည့် ဆေးများမှာ နည်းသည်။ မလောက်င။ ခွဲစိတ်ဆရာဝန်များကလည်း ရိက္ခာရာရှင်များများလိုချင်သည်။ သူတို့အလုပ်သည် အော်ပရာထဲက ကွန်ဖူးသိုင်းသမားတစ်ယောက်၏ အလုပ်ထက် အရေးပါသည်ဟု ယူဆသည်။ သို့သော်လည်း သူတို့၏ ရာရှင် ရိက္ခာမှာ ကွန်ဖူးသမားလောက်မရဟု တိုင်တည်သည်။ အရာရှိငယ်တစ်ယောက်က ချိန်တူဈေးမှ ပစ္စည်းကောင်းများ ပျောက်သွားပြီး ပြည်တွင်းလုပ် အညံ့စားများသာ ရှိတော့သည်ဟု ဝေဖန်သည်။ အမေက သူတို့ဝေဖန်သည်ကို သဘောတူပါသည်။ သို့သော်လည်း သူ့ဘက်က ဖြည့်ဆည်းပေးနိုင်တာ ဘာမျှမရှိ။ သူတို့ဝေဖန်ကြသည်မှာ နိုင်ငံတော်အစိုးရ၏ ပေါ်လစီများဖြစ်သည်။ သူတတ်နိုင်သည်မှာ အထက်သို့ တင်ပြပေးခြင်းသာဖြစ်သည် ဟု ပြန်လည် ဖြေကြားသည်။

ဝေဖန်ရေးများကို ၁၉၅၇ နွေဦးတွင် တစ်လလောက်အတွင်း အများအပြား ပြုလုပ်ကြသည်။ ဖွန်လဆန်းတွင် မြွေကိုကျင်းထဲမှ ထွက်လာရန် မြှူဆွယ်ကြရန်ဆိုသည့် မော်၏မိန့်ခွန်းကို အမေတို့အဆင့်သို့ ပါးစပ်နှင့် ပြောသည်။ စာအထောက် အထားမပါ။

မော်၏ မိန့်ခွန်းတွင် လကျာ်ဂိုဏ်းသားများသည် ဒေါသူပုန်ထပြီး ကွန်မြူနစ် ပါတီနှင့် တရုတ်ပြည်၏ ဆိုရှယ်လစ်စနစ်ကို ဆန့်ကျင်တိုက်ခိုက်ကြသည်

ဟုဆိုသည်။ ပညာတတ်လူတန်းစားတွင် လက်ယာသမား ၁ ရာခိုင်နှုန်း မှ ၁၀ ရာခိုင်နှုန်းအထိ ရှိသည်။ သူတို့ကို ချေမှုန်းရမည်။ အရာရာ ရှင်းလင်းသွားအောင် ၅ ရာခိုင်နှုန်းကို အမိဖမ်းရမည်ဟု မော်က ပြောသည်။ ထိုအတိုင်းဆိုလျှင် အမေ၏ လက်အောက် အဖွဲ့အစည်းများတွင် လက်ယာဂိုဏ်းသား တစ်ရာလောက်ရှိမည် မျှော်လင့်ရသည်။

သူ့အပေါ်ဝေဖန်ချက်အချို့ကို အမေ မကျေလည်။ သို့သော်လည်း အချို့ မှာ ကွန်မြူနစ်ဆန့်ကျင်ရေး ဆိုရှယ်လစ်ဆန့်ကျင်ရေး သဘော သက်ဝင်သည်။ သတင်းစာများတွင် ဖတ်ရသည်တို့အရ နိုင်ငံတော်အာဏာကို ကွန်မြူနစ်များက လက်ဝါးကြီးအုပ်ထားခြင်းကို ကြိုက်ကြဟန်မတူ။ ဆိုရှယ်လစ်စနစ်ကိုလည်း မလိုလားကြ။ သို့သော်လည်း အမေ့လက်အောက်က ကျောင်းများနှင့် ဆေးရုံများတွင် လက်ယာသမားများမရှိ။ သို့ဖြစ်လျှင် လက်ယာသမားကို ဘယ်မှာရှာရမည်လဲ။

ဖွင့်ပြောကြပါ၊ ဝေဖန်ကြပါဟု ဖိတ်ခေါ်ပြီးမှ လူတွေကို အပြစ်ပေးသည် မှာ မတရားဟု အမေ ထင်သည်။ ဖွင့်ပြောသဖြင့် လက်စားချေခြင်း၊ ရန်တုံ့ပြန်ခြင်း မရှိစေရဟု မော် ကိုယ်တိုင်က အာမခံသည်။ ထို့ကြောင့် အမေကိုယ်တိုင်ပင် ဝေဖန်ရေးကို ဖိတ်ခေါ်ခဲ့သည်။

အမေမှာ ဒွိဟစိတ်ဖြင့် စိတ်နှစ်ခွဖြစ်နေသည်။ သူ့နည်းတူ တရုတ်ပြည် တစ်ဝှမ်း သန်းပေါင်းများစွာ ခံစားနေကြရသည်။ ချိန်တူတွင် လက်ယာဂိုဏ်း ဆန့်ကျင်ရေးသည် နောက်ကျသည်။ နှေးသည်။ ပြည်နယ်အာဏာပိုင်တို့က နမူနာ တစ်ခု တင်ပြသည်။ သူကား သုတေသနဌာနမှ ပါတီစိတ်အတွင်းရေးမှူး မစ္စတာ ဟောဖြစ်သည်။ “ဟော” အား လက်ယာဂိုဏ်းသား အများအပြား ရှာတွေ့နိုင်မည် မျှော်လင့်သည်။ ဟောက သူ့ဌာနတွင် တစ်ယောက်မှမရှိဟု အစီရင်ခံသည်။ သူ့အကြီးအကဲက ဘာကြောင့်လဲဟု မေးသည်။ သိပ္ပံပညာရှင် အချို့သည် အနောက်နိုင်ငံများတွင် ပညာသင်ကြားခဲ့ကြသည်။ သူတို့ကို အနောက်နိုင်ငံ လူ့အဖွဲ့အစည်း ရောဂါကူးစက်မည်။ ကွန်မြူနစ်စနစ်အောက်မှာ သူတို့ဘယ်လို ပျော်နိုင်မည်လဲ။ သူတို့အထဲတွင် ဘာကြောင့် လက်ယာဂိုဏ်းသား မရှိနိုင်ရမည်လဲ။ မစ္စတာဟော၏ အယူအဆမှာ သူတို့သည် တရုတ်ပြည်တွင် ရှိနေကြသည်မှာ သူတို့ကိုယ်တိုင် ရွေးချယ် သောကြောင့်ဖြစ်သည်။ ထို့ကြောင့် သူတို့သည် ကွန်မြူနစ်ဆန့်ကျင်ရေးသမား မဖြစ်နိုင် ဟု ယူဆသည်။ သည်အကြောင်းက သူတို့အတွက် လက်ယာမဟုတ်သော အာမခံ ချက်ဖြစ်နေသည်။ မစ္စတာဟောအား သူ့အယူအဆများကို ပြင်ဆင်ရန် အကြိမ်ကြိမ် သတိပေးသည်။ နောက်ဆုံးတွင် မစ္စတာဟောကိုယ်တိုင် လက်ယာသမားဖြစ်သွားပြီး ပါတီမှ ထုတ်ပယ်လိုက်သည်။ အလုပ်မှလည်း ဖယ်ရှားခံရသည်။ ဝန်ထမ်းအဆင့်သည် အနိမ့်ဆုံးနီးပါး လျှော့ကျသွားသည်။ လခနည်း သွားသည်။ သူ ဦးစီးခဲ့သည့် ဓာတ်ခွဲခန်းများတွင် တံမြက်စည်းလှဲသည့် အလုပ်ကို လုပ်ရသည်။

မစ္စတာဟောကို အမေသိသည်။ ယုံကြည်ချက်မစွန့်သဖြင့် အမေလေးစားသည်။ ယနေ့အထိ အခင်အမင်မပျက်သော မိတ်ဆွေများ ဖြစ်လာသည်။ အမေ စိုးရိမ်လာသည်။ သူ့ကြမ္မာအတိုင်း အမေခံရတော့မည်ထင်လာသည်။ လက်ယာ ဂိုဏ်းသားဦးရေကို အမေဘက်က ပြည့်အောင်ဖြည့်ပေးရမည်။

နေ့တိုင်းပင် မြူနီစပယ်ပါတီအာဏာပိုင်များထံ တိုက်ပွဲအခြေအနေကို အမေအစီရင်ခံရသည်။ ချိန်တူတွင် လက်ယာဂိုဏ်းဆန့်ကျင်ရေး တိုက်ပွဲ တာဝန်ခံမှာ မစ္စတာယင်းဆိုသူဖြစ်သည်။ ပိန်ပိန်ရှည်ရှည် ဖြစ်ပြီး ဝင့်ဝင့်ဝါဝါနှင့် မာနကြီး သူတစ်ယောက်ဖြစ်သည်။ အမေက သူ့အတွက် လက်ယာသမား ဦးရေ တိုးလာအောင် ရှာပေးရသူဖြစ်သည်။ တစ်ယောက်မှ စာရင်းမတင်ရသေး။ နာမည်က အရေး မကြီး။ ဦးရေက အရေးကြီးသည်။

သို့သော်လည်း ကွန်မြူနစ်ဆန့်ကျင်ရေး ဆိုရှယ်လစ်ဆန့်ကျင်ရေး လက်ယာသမား ၁၀၀ ကျော်ရအောင် အမေဘယ်လိုရှာရမည်လဲ။ ထိုအခိုက် သူ၏ လက်အောက်အရှေ့ပိုင်းခရိုင်ပညာရေးတာဝန်ခံ မစ္စတာကောင်က ကျောင်းအုပ်ဆရာမကြီးများက သူတို့ကျောင်းများတွင် လက်ယာဂိုဏ်းသားဆရာများရှိနေသည်ဟု ပြောသည်။ တစ်ယောက်မှာ မူလတန်းဆရာမဖြစ်ပြီး သူ့ယောကျ်ားကူမင်တန် အရာရှိသည် ပြည်တွင်းစစ်တွင် သေဆုံးခဲ့သည်။ ထို ဆရာမက "တရုတ်ပြည်ဟာ အရင်ကထက် ဆိုးလာတယ်" ဟူသော စကားတစ်ခွန်း ပြောဖူးသည်။ တစ်နေ့တွင် ကျောင်းအုပ်ဆရာမကြီးက ထိုဆရာမကို အလုပ်ပေါ့လျော့သည်ဟု ဝေဖန်သည်။ ဤတွင် သူတို့နှစ်ယောက် ဆူဆူညံညံ ရန်ဖြစ်ကြသည်။ အခြားဆရာများက ကြားဝင် ၍ဖြေသည်။ ဆရာမက ကျောင်းအုပ်ဆရာမကြီးကို ရိုက်သည်။ ဆရာမကြီးမှာ ကိုယ်ဝန်ရှိနေသဖြင့် သတိထားပါဟု တားကြသည်။ ထိုအခါ ဆရာမက "ဒီမိမစစ်၊ ဖမစစ် ကွန်မြူနစ်ကလေးကို သတ်ချင်နေတာကြာပြီ" ဟု အော်ဟစ်ကြိမ်းမောင်းသည်။ (ဗိုက်ထဲက ကလေးကို ရည်ရွယ်သည်) ထိုသို့ အထက်သို့ အစီရင်ခံသည်။

နောက်တစ်ယောက်ရှိသေးသည်။ ဆရာမတစ်ယောက်၏ ယောကျ်ားသည် ကူမင်တန်တို့နှင့်အတူ ထိုင်ဝမ်သို့ ထွက်ပြေးသည်။ ထိုသူသည် လက်ဝတ်ရတနာ အချို့ကို သူ့မိန်းမ ဆရာမထံ ပို့သည်။ ထိုဆရာမက အခြားဆရာမအား လက်ဝတ်ရတနာကို ပြသည်။ ကူမင်တန်တို့ဘဝကို အားကျရန် ရည်ရွယ်သည်ဆိုသည်။ တစ်နေ့တွင် ထိုဆရာမကပင် ကိုရီးယားတွင် အမေရိကန်တို့ စစ်ရှုံးပြီး တရုတ်ပြည်ထဲသို့ ချီတက်မလာသည်မှာ သနားစရာကောင်းသည်ဟု ပြောကြောင်း ဆရာမများက အစီရင်ခံသည်။

ထိုကိစ္စများကို သူ စစ်ဆေးကြည့်ရှုပြီးပြီဟု မစ္စတာကောင်က ဆိုသည်။ အမေ စိစစ်ရန်ကိစ္စများ မဟုတ်။ လက်ယာသမားများကို အကာအကွယ်ပေးသည့် ကိစ္စများရှိနိုင်သဖြင့် သတိထားရမည်ဟု ဆိုသည်။

ကျန်းမာရေးဌာန၏ အကြီးအကဲများနှင့် လက်ထောက်များက လက်ယာ

ဂိုဏ်းသားများ၏ နာမည်များကို မပေးကြ။ သို့သော်လည်း ဆရာဝန် အများအပြား သည် လက်ယာဂိုဏ်းသားများဖြစ်သည်ဟု ချိန်တူ မြူနီစပယ် အာဏာပိုင်များက စွပ်စွဲသည်။ စောစောပိုင်းက အစည်းအဝေးများတွင် သူတို့ ဝေဖန်ရေးများ လုပ်ကြသည်ဟု ဆိုသည်။

သို့ဖြစ်ရာ လက်ယာဂိုဏ်းသားဆို၍ ဆယ်ယောက်ပင်မပြည့်။ ခွဲတမ်း အောက်လျော့နေသည်။ ထိုအခါ မစ္စတာယင်သည် အမေနှင့်အပေါင်းအသင်းများ အားတက်သရောမရှိ။ လက်ယာဂိုဏ်းသားများ ရှာမတွေ့သည်မှာ သူကိုယ်တိုင် လက်ယာဂိုဏ်းဝင် ဖြစ်နေသောကြောင့်ဟု အမေ့ကိုပြောသည်။ "လက်ယာ" ဟုအစွပ်စွဲခံရလျှင် နိုင်ငံရေးအရ ဝိုင်းပယ်ခံရမည်။ ထို့ပြင် အလုပ်ပြုတ်မည်။ ပို၍ဆိုး သည်မှာ သားသမီးများနှင့် မိသားစုတစ်ခုလုံး၏ အနာဂတ်ခရီး မဖြောင့်ဖြူးတော့။ ဘဝခရီးအန္တရာယ်မကင်း။ ကလေးများ ကျောင်းတွင်ဝိုင်းပယ် ခံရမည်။ နေသည့် လမ်းထဲတွင် ပေါင်းသင်းမည့်သူမရှိ။ အကြည်ခံရမည်။ သူနေထိုင်သည့် ရပ်ကွက် အဖွဲ့ဝင်က သူ့အိမ်ဘယ်သူတွေ လာလည်သလဲ စောင့်ကြည့်မည်။ လက်ယာဂိုဏ်း သားကို ကျေးလက်ပို့လျှင် လယ်သမားများက အလုပ်ကြမ်းလုပ်ခိုင်းမည်။ မည်သူမျှ ထိုအန္တရာယ်များကို မသိ။ ဘဝသည် မရေရာမသေချာ။ ဤသည်ပင် ကြောက်စရာ ကောင်းသည့် အချက်တစ်ခု ဖြစ်လာသည်။

အမေမှာ ဝေခွဲမရဖြစ်နေသည်။ လက်ယာသမားဟု တံဆိပ်တပ်ခံရလျှင် သူ့အဖို့ သားသမီးများကို စွန့်ရမည်။ သို့မဟုတ်လျှင် သူတို့ အနာဂတ်မှာ ဖြောင့်ဖြူး နိုင်မည် မဟုတ်တော့ပေ။ အဖေက အမေကိုကွာရှင်းရမည်။ သို့မဟုတ်လျှင် အဖေ သည် လူဆိုးစာရင်းဝင်ဖြစ်သွားမည်။ မိသားစုတစ်ခုလုံးကို တစ်သက်လုံး သံသယ ထားကြတော့မည်။ သို့သော်လည်း သူ အလွတ်ရုန်းမည်ဆိုလျှင် အပြစ်မရှိသော ရိုးသားသော လူတစ်ရာနှင့် သူတို့မိသားစု ဒုက္ခရောက်မည်။

ထိုအကြောင်းများကို အဖေအား အမေပြောမပြ။ အဖေ မဖြေရှင်းနိုင်။ အဖေ၏ အဆင့်ကို အမေ မကျေနပ်။ ယခုလို ခေါင်းရှုပ်စရာများကို အဖေ မဖြေရှင်းရ။ မစ္စတာယင်၊ အမေ၊ သူ့လက်ထောက်များ၊ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆေးရုံညွှန်မှူးများသာ စိတ်ရှုပ်စရာကိစ္စများ ကိုင်တွယ်ရပြီး အဆုံးအဖြတ် ပေးရသည်။

အမေ၏ ခရိုင်တွင် ချိန်တူနံပါတ်နှစ် ဆရာဖြစ်သင်ကောလိပ်ရှိသည်။ ကျောင်းသားများကို ပညာသင်ဆုများပေးသည်။ ဆင်းရဲသော ကျောင်းသားများ နေချင်ကြသည်။ ဆီချွမ်ပြည်နယ်သည် တရုတ်ပြည်၏ စပါးကျီဖြစ်သည်။ မကြာခင် က ယင်းနှင့်ကျန်တရုတ်ပြည် တို့ကို ဆက်သည့် ရထားလမ်းတစ်ခု ဖောက်လုပ်ပြီး ဆုံးသွားသည်။ ထိုအခါ ဆီချွမ်ပြည်နယ်မှ ဆန်များ၊ ရိက္ခာများ အခြားဒေသများသို့ ထွက်သည်။ သို့ဖြစ်ရာ နေ့ချင်းညချင်းပင် အခြားကုန်ဈေးနှုန်းများ သုံးဆလောက် တက်လာသည်။ ဆရာဖြစ်သင် ကျောင်းသားများ၏ လူနေမှုနိမ့်ကျသွားသည်။ ဤတွင် ဆန္ဒပြပွဲများ လုပ်သည်။ ထောက်ပံ့ကြေးများ ပို၍ တောင်းသည်။

ထိုဖြစ်ရပ်ကို မစ္စတာ ယင်က ၁၉၅၆ ဟန်ဂေရီအုံကြွမှုနှင့် နှိုင်းယှဉ်ပြီး ကျောင်းသားများသည် "ဟန်ဂေရီ ပညာတတ်များနှင့် ဆွေမျိုးတော် သည်" ဟု မစ္စတာယင်က ပြောသည်။ ဆန္ဒပြပွဲတွင်ပါသည့် ကျောင်းသားများကို လက်ယာဂိုဏ်းသားဟု ကင်ပွန်းတပ်သည်။ ကျောင်းသား ၃၀၀ ရှိရာ ၁၃၀ သည် ဆန္ဒပြပွဲတွင်ပါဝင်ကြသည်။ ဆရာဖြစ်သင်ကောလိပ်သည် အမေ့လက်အောက်ခံ မဟုတ်သော်လည်း သူ၏ ခရိုင်ထဲတွင် တည်ရှိသည်။ သို့ဖြစ်ရာ မြို့အာဏာပိုင်များက ကျောင်းသား ၁၃၀ ကို အမေ၏ လက်ယာ ဂိုဏ်းစာရင်းဝင်အဖြစ် ရေတွက်သည်။

အမေကို ခေါင်းဆောင်မှုစည်းရုံးမှု ညံ့သဖြင့် ခွင့်မလွှတ်ကြ။ မစ္စတာယင်က အမေကို လက်ျာဂိုဏ်း စာရင်းထဲထည့်ပြီး သံသယရှိနိုင်သူဟု ကင်ပွန်းတပ်သည်။ မစ္စတာယင် ဘာမှ မလုပ်နိုင်မီ သူကိုယ်တိုင်ပင် လက်ယာဂိုဏ်းသား ဖြစ်သွားသည်။

၁၉၅၇ မတ်တွင် မစ္စတာယင် ပီကင်းသို့သွားသည်။ တရုတ်တစ်နိုင်ငံလုံးရှိ ပြည်နယ်နှင့် မြူနီစပယ်ပြည်သူ့ရေးရာ အကြီးအကဲများ၏ ညီလာခံကျင်းပသည်။ အုပ်စုလိုက်ဆွေးနွေးပွဲ များတွင် မိမိတို့ဒေသအတွေ့အကြုံများ ရင်ဖွင့်ကြရန် ကိုယ်စားလှယ်များအား တောင်းဆိုသည်။ မစ္စတာယင်သည် ဆီချွမ် ပါတီကော်မီတီ ပထမအတွင်းရေးမှူး လီကျင်ကွမ်ကို ဆန့်ကျင်ပြောဆိုသည်။ လီကျင်ကွမ်သည် နိုင်ငံရေးမှူး လီဟု လူသိများသည်။ အဖေသည် ဆီချွမ်ကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။ သို့ဖြစ်ရာ ညီလာခံမှ ပြန်လာလျှင် အစီရင်ခံစာရေးရန် သူ့မှာ တာဝန်ရှိသည်။ လက်ယာဂိုဏ်းဆန့်ကျင်ရေး တိုက်ပွဲစလျှင် မစ္စတာယင်ပြောခဲ့သည့် စကားများကို သူမနှစ်သက်။ မကျေနပ်။ သို့ဖြစ်ရာ ကိုယ်စားလှယ်အဖွဲ့ ဒုတိယ ခေါင်းဆောင်နှင့် ညှိနှိုင်းသည်။ သို့သော် လည်း မစ္စတာယင်၏ ဝေဖန်ရေးစလျှင် ထိုပုဂ္ဂိုလ်သည် ပါးနပ်စွာပင် အိမ်သာ သွားတက်ပြီး ရှောင်နေလိုက်သည်။ နောက်ပိုင်း တွင် နိုင်ငံရေးမှူးလီက မစ္စတာယင်ကို လက်ယာဂိုဏ်းသားဟု နာမည်တပ်သည်။ ထိုစကားကို အဖေကြားလျှင် စိတ်ရှုပ်သွားသည်။ မစ္စတာယင်၏ ကျဆုံးခြင်းသည် သူ့တာဝန် တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု အဖေ စဉ်းစားမိသည်။ အမေက ဒီလို မဟုတ်ဘူးဟု ရှင်းပြသည်။ "ရှင့်အပြစ်မဟုတ်ဘူးလေ" ဟု ပြောသည်။ သို့တိုင်အောင် အဖေမှာ ကြီးစွာသော စိတ်ဆင်းရဲခြင်းဖြစ်ရသည်။

လူများစွာတို့က ရန်ငြိုး၊ လက်စားချေစိတ်တို့ဖြင့် စာရင်းတင်ကြသည်။ အချို့က သူတို့ရန်သူ ဖြစ်ခဲ့ဖူးသူကို လက်ယာဂိုဏ်းစာရင်းထဲ ထည့်သည်။ အဖေ၏ လက်ထောက်များ အားလုံးလိုလို လက်ယာဂိုဏ်းဝင် ဖြစ်သွားကြသည်။ အဖေ အလွန်ကြိုက်သူတစ်ယောက်မှာ လက်ယာအစွန်းရောက်သူ ဖြစ်သွားသည်။ သူ့ပြစ်မှုမှာ တစ်ခါက "တရုတ်သည် ဆိုဗီယက်အပေါ် အားမထားသင့်" ဟု ပြောဖူးသည်။ ထိုအချိန်က ဆိုဗီယက်ကို အားကိုးရမည်ဟူသော သဘောထားမျိုး ပါတီက ထုတ်ဖော် ဖူးသည်။ သူ့ကို ထောင်သုံးနှစ်ချလိုက်ပြီး အလုပ်ကြမ်းနှင့် တောတောင်ထူထပ်သည့် နေရာသို့ ပို့လိုက်သည်။

လက်ယာဂိုဏ်းဆန့်ကျင်ရေးတိုက်ပွဲသည် တရုတ်လူ့အဖွဲ့အစည်း တစ်ခုလုံး အထိ မကျယ်ပြန့်။ လယ်သမားနှင့် အလုပ်သမားတို့မှာ ဘာမျှ မထိခိုက်။ တစ်နှစ်ရှိ၍ တိုက်ပွဲပြီးဆုံးသွားလျှင် ကျောင်းသား၊ ကျောင်းဆရာ၊ စာရေးဆရာ၊ အနုပညာရှင်၊ သိပ္ပံပညာရှင်နှင့် အခြားပညာရှင် ၅၅၀,၀၀၀ တို့မှာ လက်ယာ ဂိုဏ်းသားအဖြစ် သတ်မှတ်ခံရသည်။ များစွာတို့မှာ အလုပ်ပြုတ်သည်။ စက်ရုံနှင့် လယ်ယာတို့တွင် အလုပ်ကြမ်းများ လုပ်ကြရသည်။

သူတို့၏ မိသားစုမှာ ဒုတိယတန်းစား ပြည်သူများ ဖြစ်သွားသည်။ "ဆန့်ကျင်ရေးသုံးခု တိုက်ပွဲပြီးဆုံးသည့်အခါ မည်သူမျှ ငွေကြေးကိုင်တွယ်ရသည့် အလုပ်ကို မလုပ်ချင်ကြတော့။ ဆန့်ကျင်ရေး ငါးခုတိုက်ပွဲ ပြီးဆုံးသွားသည့်အခါ တရုတ်ပြည်တွင် ပါးစပ်ပေါက်များ ပိတ်သွားသည်" ဟု ပြောရိုးတစ်ခု ကျန်ရစ်ခဲ့လေသည်။

သို့သော်လည်း ၁၉၅၇ တွင် လူတွေ ငြိမ်သွားသည်ထက် ထိခိုက်တာ တွေရှိသည်။ လူတိုင်းသည် ဒုက္ခရောက်နိုင်သည်။

တရုတ်ဘာသာဖြင့် နာမည်ပေးပုံမှာ အလွန်ထိရောက်သည်။ လက်ယာ ဂိုဏ်းသားများတွင် "မဲချခံရသည့် လက်ယာဂိုဏ်းသား" ဟူ၍ ရှိသည်။ စာရင်း ပြုစုရန် ခက်သည်တွင် နာမည်စာရင်းတစ်ခု ပြုစုပြီး မဲနှိုက်ကာ လက်ယာဂိုဏ်းထဲ သွင်းခံရ သူများဖြစ်သည်။ "အိမ်သာဝင်လက်ယာဂိုဏ်းသား" မှာ ဒုတိယအမျိုးအစား ဖြစ်သည်။ အစည်းအဝေးများ ဆွေးနွေးပွဲများမှာ အချိန်ကြာသည်။ မပြီးနိုင် မဆုံးနိုင်။ စာရင်းပြုစုရခက်သည်။ ထိုအခါ မအောင့်နိုင်ဘဲ အိမ်သာ ဝင်နေစဉ် ကိုယ့်နာမည်ကို သူများက ဆွဲထည့်လိုက်သဖြင့် လက်ယာဂိုဏ်းဝင် ဖြစ်သွားရသည်။ တတိယ အမျိုးအစားမှာ "အဆိပ်ရှိသည်။ သို့သော် အန်မထုတ် သူ လက်ယာဂိုဏ်းသား" ဖြစ်သည်။ အကြီးအကဲက လက်အောက်ငယ်သားတစ်ယောက်ကို သဘောမကျလျှင် "ဒီကောင်တော့ သိပ်မဟုတ်လှဘူး" ဟု မှတ်ချက်ပေးသည်။ ထိုသူမျိုးသည် မည်သူ့ကို မျှ ဆန့်ဆန့်ကျင်ကျင် မပြောသူများဖြစ်သည်။ သို့မဟုတ် "သူ့အဖေကို ကွန်မျူနစ် တွေက သတ်ထားတယ်။ ဒီတော့ ဘယ်မှာ သူကျေနပ်ပါ့မလဲ။ ဖွင့်တော့မပြောဘူးပေါ့" ဟူ၍ မှတ်ချက်ချခံ ရသူမျိုးဖြစ်သည်။ ကြင်နာတတ်သည့် ယူနစ်ခေါင်းဆောင်သည် စာရင်းတင်၍ မရနိုင်ဖြစ်နေသည်။ "ဘယ်သူ့ကိုထည့်ရမလဲ။ ဘယ်သူ့ကိုမှ မစွပ်စွဲ ချင်ဘူး။ မစွပ်စွဲနိုင်ဘူး။ ဥပမာ ကျွန်တော့်ကိုယ် ကျွန်တော် ဆိုကြပါစို့"။ သူ့ကို အများ က ကိုယ်တိုင်ဝန်ခံသည့် လက်ယာဂိုဏ်းသားမျိုးဟု ခေါ်ကြသည်။

၁၉၅၇ တွင် လူတိုင်း ဒုက္ခရောက်ကြသည်။ အမေသည် ကွန်မျူနစ် အရေးတော်ကို ယုံကြည်သည်။ သို့သော်လည်း လက်တွေ့စခန်းတွင် သံသယများဝင်လာသည်။

အဖေသည် ပါတီနှင့် ဆက်စပ်နေသမျှ ကာလပတ်လုံး အမေမှာ အပြင် လူဖြစ်သွားပြီဟု သူ့ကိုယ်သူ သတ်မှတ်သည်။ တစ်နေ့တွင် အဖေထံမှ အဆုံးအဖြတ်

တစ်ခု အမေတောင်းခံသည်။ သို့သော်လည်း ဘာစကားမှ မကြားရ။ ထိုအခါ "ရှင်ဟာ ကွန်မျူနစ်ကောင်းတစ်ယောက်ပဲ။ ဒါပေမယ့် လင်အဖြစ်တော့ အတော်ရှုံစရာကောင်း တဲ့ လူပဲ" ဟု အမေက ခါးခါးသီးသီး ပြောလိုက်သည်။

နောင်ဆယ့်လေးနှစ်ကြာသည့်အခါ အဖေက ကျွန်မတို့ကို ၁၉၅၇ တုန်းက ဘယ်လိုဖြစ်ပျက်ခဲ့သည် တို့ကို ပြန်လည်ပြောပြသည်။ ယင်းအန်တုန်းက အဖေမှာ နှစ်ဆယ်အရွယ် လူငယ်တစ်ယောက်ဖြစ်သည်။ ရင်းနှီးသော မိတ်ဆွေများတွင် တင်လင်း ဟုခေါ်သည့် နာမည်ကျော်စာရေးဆရာမ တစ်ယောက်ပါဝင်သည်။ ၁၉၅၇ မတ်လတွင် ပီကင်းပြည်သူ့ရေးရာညီလာခံသို့ အဖေသည် ဆီချွမ်ကိုယ်စားလှယ် အဖွဲ့ကို ခေါင်းဆောင်ကာ တက်ခဲ့သည်။ တင်လင်းက တီယန်ဆင်သို့ လာလည်ပါဟု စာရေးပြီး ဖိတ်ခေါ်သည်။ အဖေ သွားချင်သည်။ သို့သော်လည်း အိမ်သို့ပြန်ချင်သဖြင့် မသွားဖြစ်ခဲ့ပေ။ နောင် လပေါင်းအတန်ကြာသည့်အခါ စာရေးဆရာမ တင်လင်းသည် တရုတ်ပြည်၏ နံပါတ်တစ် လက်ယာဂိုဏ်းသားဖြစ်လာသည်။ "အဖေသာ တီယန်ဆင် သွားခဲ့ရင် အဖေလည်း လက်ယာဂိုဏ်းစာရင်းဝင်ဖြစ်သွားမှာပဲ" ဟု ပြန်လည်ပြောပြ ဖူးသည်။

****

[၁၂]

ကျွမ်းကျင်သော အမျိုးသမီးသည် အစားအစာမပါဘဲ ထမင်းတစ်နပ်ပြင်ဆင်နိုင်သည်

တော်မှုတ်ခေါင်းပါးခြင်း

(၁၉၅၀ - ၁၉၆၂)

၁၉၅၈ ဆောင်းဦးပေါက်တွင် ကျွန်မ ခြောက်နှစ်ရှိလျှင် မူလတန်းကျောင်းသို့ သွားသည်။ အိမ်နှင့်ကျောင်း မိနစ်နှစ်ဆယ် လမ်းလျှောက်သွားရသည်။ မျှားသော အားဖြင့်ကား ရွှံ့ထူသော နောက်ဖေးလမ်းကြားများမှ ဖြတ်ရသည်။ ကျောင်းသွားစဉ် လမ်းတွင် မျက်လုံးအစုံကိုဖွင့်ကာ မြေကြီးကိုကြည့်ပြီး သံတို သံစများ၊ သံချေး တက်နေသော ခွေးသွားစိတ်များနှင့် ကျောက်လမ်းရွှံ့ထဲတွင် နစ်မြုပ်နေသော သံထည် ပစ္စည်းဟောင်းများကို ကြည့်သွားရသည်။ တွေ့လျှင် ကောက်ယူစုဆောင်းရသည်။ ယင်းတို့မှာ သတ္တုကျိုသည့် ဖိုများထဲ ထည့်ရန် ဖြစ်သည်။ ထိုဖိုတို့မှ ကျွန်မတို့တစ်တွေ သံမဏိများ ထုတ်လုပ်ကြမည်။ ထိုအလုပ်မှာ ကျွန်မတို့၏ အလုပ်ကြီးတစ်ခုဖြစ်သည်။ ခြောက်နှစ်သာရှိသေး သော်လည်း ကျွန်မသည် ကျောင်းက ဆရာများနှင့်အပြိုင် သံတိုသံစကောက်ကာ သံမဏိထုတ်လုပ်သူ ဖြစ်လာသည်။ ကျွန်မတို့ ဝန်းကျင် တစ်ခုလုံး ကြွေးကြော်သံများ မြူးကြွဖွယ်တေးဂီတများဖြင့် ရှင်မြူးတက်ကြွ နေကြသည်။

အလံများ လွှင့်ထူသည်။ ပိုစတာများ ချိတ်ဆွဲသည်။ နံရံကြီးများပေါ်တွင် ကြွေးကြော်သံများကို စာလုံးခပ်ကြီးကြီး ရေးကြသည်။ “မဟာခုန်ပျံကျော်လွှားရေး အောင်မြင်ပါစေ၊ “လူတိုင်းသံမဏိထုတ်လုပ်ကြ” ဆိုသည်တို့မှာ ကျွန်မတို့ နေ့စဉ်မြင်တွေ့ ကြားသိနေရသည့် ကြွေးကြော်သံများ ဖြစ်သည်။ ဘာကြောင့်မှန်း ကျွန်မ အပြည့် အစုံနားမလည်သော်လည်း ဥက္ကဋ္ဌကြီးမော်က တစ်နိုင်ငံလုံး သံမဏိအများအပြား ထုတ်လုပ်ရမည်ဟု အမိန့်ပေးသည်ဟု သိရသည်။ ကျွန်မတို့ ကျောင်းတွင် မီးဖိုထဲ၌ လုံနှင့်တူသော ဒယ်အိုးကြီးများ ရောက်လာသည်ကိုတွေ့ရသည်။ သံတိုသံစအားလုံး ကို ချိုးဖဲ့ကာ သံရည်ကျိုရန် လုံကြီးထဲ ထည့်ရသည်။ မီးဖိုများကို အမြဲလိုလို မီးထိုးထား ရသည်။ သံတိုသံစများ အရည်ဖြစ်သွားအောင် မီးပေးရသည်။ ကျွန်မတို့ဆရာများ သည် သံရည်ကျိုသည့် အလုပ်ကို အလှည့်ကျ တာဝန်ယူရသည်။ စာများများ မသင်ကြားရတော့ပေ။ ဆရာမျ်ား သံရည်ကျိုနေကြသောကြောင့်ဖြစ်သည်။ အသက်ကြီးသည့် ဆရာများ၊ ဆယ်ကျော်သက် ကျောင်းသားများအားလုံး ထိုလုပ်ငန်း ထဲ ပါဝင်နေကြသည်။ ကျန်ရစ်သည့် ကျွန်မတို့က ဆရာများ၏ အခန်းများကို ရှင်းလင်းပေးရသည်။ သူတို့ကလေးများကို ထိန်းပေးရသည်။

ကျွန်မတို့ ကျောင်းက ဆရာမတစ်ယောက် သံရည်ပူလောင်သဖြင့် ဆေးရုံ

တက်ရသည်။ လူနာမေးသွားသည့်အခါ အင်္ကျီဖြူဝတ် ဆရာဝန်များ သူနာပြုများ မြန်မြန်ထက်ထက်ပြေးလွှားနေသည်ကို မြင်ရသည်။ ဆေးရုံဝင်းထဲတွင် သံမဏိကျိုသည့် ဖိုတစ်ခုရှိသည်။ မီးဖိုကို မီးထင်းထည့်ပေးကြရသည်။ တစ်ညလုံး လူနာခွဲစိတ် နေစဉ်မှာပင် အလှည့်ကျ သံမဏိကျိုရသူများရှိသည်။

ကျောင်းတက်ပြီး မကြာမီပင် အရင်ကနေသည့် သင်းအုပ်ဆရာ၏ အိမ်ဟောင်းမှ ပြည်နယ်အစိုးရ ရုံးများရှိသည့် ခြံဝင်းကြီးထဲသို့ ကျွန်မတို့မိသားစု ပြောင်းရွှေ့နေထိုင်ကြသည်။ ခြံဝင်းထဲတွင် လမ်းတွေ၊ ရုံးတွေ အများကြီးရှိသည်။ တံတိုင်းခတ်ထားပြီး အပြင်လောကနှင့် မတွေ့ရ၊ မမြင်ရသည့်နေရာသို့ ရောက်လာသည်။ အဝင်တံခါးမကြီးနောက်တွင် ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန် စစ်သားများ၏ ကလပ်ဖြစ်ခဲ့ဖူးသည့် အဆောက်အအုံတစ်ခုရှိသည်။ ထိုအိမ်တွင် ၁၉၄၁ ၌ စာရေးဆရာအန်းနက်ဟဲမင်းဝေး အတော်ကြာ တည်းခို ဖူးသည်။ ကလပ် အဆောက်အအုံမှာ တရုတ်ရိုးရာပုံစံဖြစ်ပြီး စုလစ်မွမ်းချွန်တို့ဖြင့် ကော့ပျံနေပြီး နီပုပ်ပုပ် တိုင်လုံးကြီးများဖြင့် ပင့်တင်ထားသည်။ ယင်းသည် ယခုအခါ ဆီချွမ်အစိုးရ၏ အတွင်း ဝန်များရုံး ဖြစ်လာသည်။

ကားဒရိုင်ဘာများနှင့် ကားများစုဝေးသည့် နေရာတွင် မီးဖိုကြီးတစ်ခုရောက်လာသည်။ ညအခါတွင် ထိုနေရာအထက်က ကောင်းကင်ပြင်တစ်ခုလုံး နီရဲ ထိန်လင်းနေသည်။ သံမဏိကျိုသည့် မီးဖိုတစ်ပိုက်ဆီမှ အသံများကို ကြားနေရသည်။ ကျွန်မတို့မီးဖိုထဲက အိုးတွေ ခွက်တွေ ဒယ်တွေ သံရည်ကျိုသည့် ဒယ်အိုးကြီးထဲ ရောက်သွားသည်။ သွန်းသံမှန်သမျှ ဒယ်အိုးကြီးထဲ ရောက်သည်။ အိုးခွက်မရှိတော့ သဖြင့် ထမင်းမငတ်။ ချက်စရာအိုးခွက် မလိုတော့သည့် အချိန်ရောက်လာသည်။ ယခုအခါ မည်သူမျှ မီးဖိုတည်ကာ ချက်ပြုတ်စားခြင်းမပြုလုပ်ရ။ လူတိုင်း စားသောက် ဆိုင်များတွင် စားကြရသည်။ သံရည်ကျိုဒယ်ကြီးများသည် ရောက်လာသမျှ သံများကို ဝါးမျိုသည်။ အဖေ အမေတို့၏ သံခုတင်သည် ဒယ်အိုးကြီးထဲ ရောက်သွားသည်။ ထို့အတူ မြို့လယ်စကြံလမ်းများတွင် ကာရံထားသည့် သံလက်ရန်းများ၊ မြို့ပေါ်တွင် သံမှန်သမျှ သံရည်ကျိုဒယ်အိုးကြီးထဲ ရောက်သွားသည်။ အဖေနှင့် အမေတို့ကို ကျွန်မ မတွေ့ရသည်မှာ လပေါင်းအတန်ကြာပြီ။ သူတို့မှာ အိမ်သို့မပြန်နိုင်ကြ။ သူတို့ရုံးဝင်း ထဲရှိ သံမဏိကျို မီးဖိုများ မီးအားမကျအောင် ဂရုစိုက်စောင့်ကြည့်ကာ တစ်ချိန်လုံး မီးထိုးပေးနေရသည်။ ထိုအချိန်တွင် ဥက္ကဋ္ဌကြီး မော်သည် တရုတ်နိုင်ငံကို ပထမတန်းစား ခေတ်မီအင်အားစုကြီးတစ်ခု ဖြစ်ရန် စိတ်ကူးယဉ်ခဲ့သည်ကို အကောင်အထည် ဖော်ရန် ကြိုးစားနေသည်။ သံမဏိသည် စက်မှုလုပ်ငန်း၏ “မာရှယ်” ဖြစ်သည်ဟု သူတင်စားသည်။ ထို့နောက် သံမဏိ ထုတ်လုပ်မှုကို တစ်ဆတိုးရမည်။ ၁၉၅၇ တွင် တန်ချိန် ၅.၃၅ သန်းရှိရာမှ ၁၉၅၈ တွင် တန်ချိန် ၁၀.၇ သန်းသို့ တိုးစေရမည်ဟု ပြောသည်။ သို့သော်လည်း ကျွမ်းကျင်သည့်

သံမဏိအလုပ်သမားများနှင့် လုပ်ငန်းကို တိုးချဲ့ရမည့်အစား တစ်နိုင်ငံလုံးရှိ လူဦးရေအတိုင်းအတာနှင့် ပါဝင်လုပ်ဆောင်ရန် ဆုံးဖြတ်သည်။ လူတစ်ယောက် သံမဏိဘယ်လောက် ထုတ်လုပ်ရမည်ဟူ၍ လျာထားချက်ရှိသည်။ မိမိတို့လုပ်နေကျအလုပ်ကို ရပ်ထားပြီး သံမဏိကျိုကြရသည်။ သို့မှ လိုအပ်ချက်ပြည့်မီမည်။ တစ်တိုင်းပြည်လုံး၏ စီးပွားရေးဖွံ့ဖြိုးမှုသည် သံမဏိဘယ် နှစ်တန် ထုတ်လုပ်နိုင်မည်ဆိုသည့်အပေါ် တည်နေသည်။ တစ်တိုင်းပြည်လုံး ယင်းကို အားသွန်ထုတ်လုပ်နေရသည်။ လယ်သမား သန်း ၁၀၀ နီးပါးကို လယ်ယာလုပ်ငန်း ထဲမှ ဆွဲထုတ်ကာ သံမဏိကျိုစေသည်။ သူတို့သည် တိုင်းပြည်အတွက် အစားအစာ ထုတ်လုပ်နေကြသူများဖြစ်သည်။ တောင်အားလုံး တောင်ကတုံး ဖြစ်သွားသည်။ သစ်ပင်မှန်သမျှ ခုတ်ကာ သံမဏိကျိုရန် ထင်းအဖြစ်အသုံးပြုသည်။ သို့သော်လည်း ထိုသို့ လူထုအတိုင်းအတာနှင့် ထုတ်လုပ်သည့် သံမဏိသည် "နွားချေးတုံး" လောက် သာ ရှိသည်ဟု လူတွေ ပြောဆိုလာကြသည်။

မော်၏ စိတ်ကူးစိတ်သန်းမှာ ကဗျာဆရာတစ်ယောက် စိတ်ကူးယဉ်ခြင်းမျိုးနှင့် တူနေသည်။ တကယ့်အဖြစ်ကို မျက်ကွယ်ပြုခြင်းပင်ဖြစ်သည်။ "ကဗျာဆရာ တစ်ယောက် စိတ်ကူးယဉ်ခြင်းနှင့် နိုင်ငံရေးခေါင်းဆောင်တစ်ယောက်၏ အကြွင်းမဲ့ အာဏာ" မှာ တခြားစီဖြစ်သည်။ မော်သည် စီးပွားရေးကို နားမလည်။ မကြာသေးမီက ပြင်သစ်သံအမတ်ကို ဤသို့မော်ပြောဖူးသည်။ အမေရိကန်ပြည်ထောင်စုမှာ အဏုမြူ ဗုံးတွေ အများကြီးရှိမယ်။ တရုတ်ပြည်ပေါ်ကို ချမယ်။ ကမ္ဘာမြေပေါ်မှာ ချိုင့်ခွက်ကြီး တစ်ခုဖြစ်သွားမယ်။ ဒါမှမဟုတ် တစ်စစီ လွင့်စဉ်သွားမယ်။ အဲဒီဖြစ်ရပ်ဟာ နေစကြဝဠာအတွက် ထူးခြားချက် ကြီးတစ်ခုဖြစ်ချင်ဖြစ်နိုင်ပေမယ့် အနန္တစကြဝဠာကြီးတစ်ခုလုံး အတိုင်းအတာနဲ့ ဆိုရင် ထူးခြားမှုမရှိတဲ့ ဖြစ်ရပ်တစ်ခုပါ။"

မော်မှာ သူ့အလိုဆန္ဒကိုသာ အဓိကထားသည်။ ဤသို့ဖြစ်ရသည်မှာ ကရူးရှက်ကြောင့်ဖြစ်သည်။ ၁၉၅၆ တွင် ကရူးရှက်က စတာလင်ကို စွပ်စွဲခဲ့သည်။ ဤတွင် သူတစ်မျိုးသဘောပေါက်လာသည်။ ၁၉၅၇ တွင် မော်စကို၌ ကျင်းပသည့် ကွန်မြူနစ်ထိပ်သီးအစည်းအဝေးသို့ မော် တက်ရန်သွားသည်။ ပြန်အလာတွင် ရုရှား နှင့် သူ၏ မဟာမိတ်များသည် ဆိုရှယ်လစ်ဝါဒကို စွန့်ကာ ပြန်လည်ပြင်ဆင်ရေး လမ်းကြောင်းကို လျှောက်နေကြပြီဟု မော် ယုံကြည်လာသည်။ ဆိုရှယ်လစ်ဝါဒကို ယုံကြည်သူမှာ တရုတ်တစ်ဦးတည်း သာရှိသည်။ တရုတ်သည် လမ်းသစ်မီးရှူး တန်ဆောင်ကို ထွန်းညှိရမည်ဟု မော် ယုံကြည်သည်။ ဘဝင်မြင့်ရောဂါနှင့် ဆန္ဒစွဲ ရောဂါတို့ မော်ကို ပူးကပ်လေပြီ။

သံမဏိထုတ်လုပ်ရေးနှင့် ပတ်သက်၍ မော်ကို ဘယ်သူမျှ စောဒက မတက်ရဲကြ။ အခြားကိစ္စများ တွင်လည်း ထိုအတိုင်းပင်ဖြစ်သည်။ စပါးများဂျုံများ

မှည့်လာလျှင် စာကလေးတို့ ဖျက်ဆီးစားသောက်သည်။ မော် သဘောမကျ။ သို့ဖြစ်ရာ တရုတ်တစ်နိုင်ငံလုံး အိမ်တိုင်းစေ့ စာခြောက်ပွဲကျင်းပရာတွင် ပါဝင်ရသည်။ လင်းကွင်းများ သံပုံးများဆူညံအောင်တီးကာ စာခြောက်ရသည်။ အသံများ ဆူညံပြီး နားကွဲကာ သစ်ပင်ပေါ်ကကျပြီး သေသည်အထိ စာကလေး တိုက်ပွဲတစ်ခု ကျွန်မတို့ ဆင်နွှဲခဲ့ကြရသည်။ ကျွန်မတို့ မောင်နှမတစ်သိုက် သစ်ပင်ကြီးအောက်မှနေ၍ စာခြောက်ခဲ့ကြသည့်အသံများကို ယနေ့တိုင် ကြားယောင်နေမိသည်။ အစိုးရအရာရှိကြီးများလည်း အလုပ်ကို ပစ်ထားခဲ့ပြီး ကျွန်မတို့နှင့်အတူ စာခြောက်ကြရသည်။

စီးပွားရေးပန်းတိုင်များမှာလည်း မယုံကြည်နိုင်လောက်အောင် အံ့သြစရာ ကောင်းသည်။ နောင်ဆယ့်ငါးနှစ်ရှိလျှင် တရုတ်၏ စက်မှုကုန်ထွက်သည် အမေရိကန် ပြည်ထောင်စုနှင့် ဗြိတိန်နှစ်နိုင်ငံ ပေါင်းထက် ကျော်လွန်သွားမည်ဟု မော်က ကြေညာသည်။ ထိုနိုင်ငံများသည် တရုတ်တို့အဖို့ အရင်းရှင်နိုင်ငံများဟု သတ်မှတ်ခံရသည့် နိုင်ငံများဖြစ်သည်။ သူတို့ထက် ကုန်ထွက် ပိုမည်ဆိုလျှင် ရန်သူကို အောင်နိုင်ခြင်းနှင့် အတူတူပင်ဖြစ်သည်။ ရန်သူကို အနိုင်ရမည်ဆိုလျှင် တရုတ်လူထု ဂုဏ်တက်မည်။ အမေရိကန်နှင့် အခြား အနောက် အင်အားစုနိုင်ငံများက တရုတ်နိုင်ငံကို အသိအမှတ်မပြု။ သံ အဆက်အသွယ် မလုပ်။ ယင်းကြောင့် တရုတ်နိုင်ငံမှာ များစွာအရှက်ရသည်။ သို့ဖြစ်ရာ တရုတ်တို့သည် အံ့ဖွယ်သူရဲဖြစ်ရပ်များ လုပ်ပြချင်သည်။ မော်က သူတို့ ဉာဏ်ကွန့်မြူးနိုင်အောင် အစီအမံများ ဖော်ထုတ်ပေးသည်။ တရုတ်တို့၏ စွမ်းပကားကို ပြခွင့်ရပြီ။ ကြောင်းကျိုး ဆင်ခြင်တုံတရားကို မ သိနားမလည်မှုက အောင်နိုင်လိုက်ခြင်း ဖြစ်လေသည်။

၁၉၅၈ အစောပိုင်းတွင် မော်စကိုမှ မော်ပြန်လာသည်။ မကြာမီတွင် ချိန်တူမြို့သို့ သူရောက်လာသည်။ တရုတ်သည် အရာရာကို ဖြစ်အောင် လုပ်နိုင်သည်။ အထူးသဖြင့် ရုရှားထံမှ ဆိုရှယ်လစ် ခေါင်းဆောင်မှုကိုပင် သိမ်းပိုက်နိုင်မည်ဟု မော်ယုံကြည်စိတ် ထက်သန်လာသည်။ ချိန်တူမြို့တွင် ရှေ့သို့ ခုန်ပျံကျော်လွှားရေး လမ်းစဉ်ကို သူချမှတ်ခဲ့သည်။ မော်အတွက် စီတန်း လှည့်လည်ပွဲကြီး တစ်ခုကို ချိန်တူမြို့က ပြင်ဆင်နေသည်။ သို့သော်လည်း ပါဝင်သူများသည် မော် ရောက်နေမှန်းမသိကြ။ မော်ကလည်း မျက်နှာမပြဘဲ ရှောင်နေသည်။ ထိုလူထု စည်းဝေးပွဲကြီးတွင် “ကျွမ်းကျင်သော အမျိုးသမီးသည် အစားအစာမပါဘဲ ထမင်းတစ်နပ် ပြင်ဆင်နိုင်သည်” ဟူသော ကြွေးကြော်သံကို ရှေ့တန်းသို့ ထုတ်သည်။ ရှေး တရုတ် ဆိုရိုးတစ်ခုမှာ “မည်မျှ ကျွမ်းကျင်သော အမျိုးသမီးပင် ဖြစ်စေကာမူ အစားအစာမပါဘဲ ထမင်းတစ်နပ် မဖန်တီးနိုင်” ဟု ဆိုသည်။ ယင်းဆိုရိုးကို ပြောင်းပြန်လုပ်ခြင်း ဖြစ်သည်။ ထိုအချိန်တွင် မဖြစ်နိုင်သည့် အရာဟူ၍ မရှိစေရ ဟူသည့် သဘောထားများ ထိပ်တန်းရောက်လာသည်။

ထိုနှစ်နွေဦးမှာ အလွန်လှပသာယာသည်။ တစ်နေ့တွင် မော်သည်

ရှစ်ရာစုကဗျာဆရာ 'တုဖု' ၏ သက်ငယ်မိုးတဲလေးရှိရာ ပန်းခြံသို့ လမ်းလျှောက်ထွက်သွားသည်။ အမေ၏ အရှေ့ပိုင်းခရိုင်ရုံးသည် ထိုဒေသ တစ်ဝိုက်တွင် လုံခြုံရေးတာဝန်ယူရသည်။ အမေသည် လက်ဖက်ရည်ကြမ်း တစ်ခွက်ပြီး တစ်ခွက်သောက်ရင်း စောင့်သည်။ ကြာသော် ငြီးငွေ့လာပြီး တစ်နေရာသို့ လမ်းလျှောက်ထွက်သွားရာ အနောက် ပိုင်းခရိုင် တာဝန်ယူသည့် လုံခြုံရေးဒေသထဲသို့ ရောက်သွားသည်။ ထို ဒေသပါတီကော်မတီထံ မသင်္ကာဖွယ် အမျိုးသမီးတစ်ယောက် တွေ့ရသည် ဟူသော သတင်းများ ရောက်လာသည်။ ကိုယ်တိုင်လာ၍ ကြည့်သည့်အခါ ရယ်မောပြီး၊ အဲဒါ အရှေ့ပိုင်းခရိုင်က ရဲဘော်ရီယာပဲဟု ပြောသည်။ ထို့နောက်ပိုင်းတွင် အမေ၏ အထက်လူကြီး "ဂို" က စည်းကမ်းမရှိ၊ သွား ချင်ရာ လျှောက်သွားနေသည်ဟု ဝေဖန်သည်။

ချိန်တူလွင်ပြင်ကျေးရွာ လယ်ကွင်းများအနှံ့ မေ် လည်၍ကြည့်သည်။ ယခုထိမူ လယ်ယာသမဝါယမများမှာ သေးငယ်သည်။ အသေးလေးများ အားလုံးပေါင်းကာ လယ်ယာလုပ်ငန်းသမဂ္ဂများ ဖွဲ့ရမည်ဟု ဆိုသည်။ ယင်းတို့သည် နောင်အခါ ပြည်သူ့ဘုံရိပ်သာများ သို့မဟုတ် ကွန်မြူန်း ဖြစ်လာသည်။

ထိုနှစ်နွေတွင် တရုတ်တစ်နိုင်ငံလုံးကို ယူနစ်အသစ်များစုစည်းကာ တစ်ယူနစ်တွင် အိမ်ထောင်စု ၂၀၀၀ မှ ၂၀,၀၀၀ အထိ ပါဝင်သည်။ တရုတ်နိုင်ငံ မြောက်ပိုင်း ဟေပေပြည်နယ်ဆုရှုအိဒေသတွင် မော်၏ လမ်းစဉ်သည် အအောင်မြင်ဆုံးဖြစ်လာသည်။ ဒေသခံပါတီအကြီးအကဲ မော်၏ ဩဝါဒကို ခံယူကာ ယခင်က ထက် ကောက်ပဲသီးနှံဆယ်ဆပို၍ထွက်အောင် ထွန်ယက်စိုက်ပျိုးမည်ဟု ကြေညာသည်။ မော်သည် အားရဝမ်းသာရှိပြီး ပြုံးရယ်ကာ ယခုလို ပြောသည်။

"ဒီကောက်ပဲသီးနှံတွေအများကြီး ရဲဘော်တို့ ဘာလုပ်မှာလဲ။ စားစရာတွေ အများကြီးရှိလာတာ တစ်နည်းဆိုရင် ကောင်းတာပဲ။ နိုင်ငံတော်က အဲဒီ ကောက်ပဲသီးနှံတွေ အားလုံးမလိုဘူး။ လူတိုင်းပိုလျှံနေပြီ။ ဒါပေမယ့် ဒီဒေသမှာတော့ လယ်သမားတွေက စားပြီးရင်းစားနိုင်လာကြပြီး တစ်နေ့ထမင်းငါးနပ်တောင် စားနိုင်ပြီ။ ဟုတ်လား"။

မော်သည် ဝမ်းသာလွန်း၍ မှန်မှန်ကန်ကန် မတွေးနိုင်။ တရုတ်လယ်သမားတွေ ရိက္ခာပိုပိုလျှံလျှံ ရှိပြီ။ သူ၏ အိပ်မက်အကောင်အထည်ပေါ်လာပြီ။ ထိုစကားကြားရလျှင် ရွာသားများသည် အာလူးပို၍ ထုတ်မည်၊ ဂျုံပို၍ ထုတ်လုပ်မည်၊ ဂေါ်ဖီထုပ်ပို၍ ထုတ်လုပ်မည်ဟု ကြေညာသည်။

ထိုအချိန်သည် အံ့ဖွယ်သူရဲစိတ်ကူးဆန်းများ အကောင်အထည်ဖော်နေသော အချိန်ဖြစ်သည်။ လယ်ယာအများအပြားမှ ကောက်နှံများကို လယ်ကွင်း တစ်ခုတည်းသို့ ယူလာပြီး သူတို့၏ သီးနှံထွက်အလွန်ကောင်းသည်ဟု ပါတီအကြီး အကဲများအား ပြသသည်။ ထိုကဲ့သို့သော "ဟန်ပြလယ်ကွင်း" များကို နိုင်ငံခြားသားများ၊ သတင်းထောက်များ၊ အခြားဒေသမှ လာရောက် ကြည့်ရှုသူများ၊ စိုက်ပျိုးရေး သိပ္ပံပညာရှင်များအား

ပြသကြသည်။ သူတို့သည် လှည့်ဖြားရ အလွန်လွယ်သူများ ဖြစ်သည်။ ကောက်ပင်များသည် မရင့်သေးဘဲ ပြောင်းရွှေ့ စိုက်ပျိုးသဖြင့် သေသွားသည်။ ထိုအကြောင်းကို လာရောက်ကြည့်ရှုသူတို့မသိ။ တစ်နိုင်ငံလုံးလိုလို အောင်မြင်မှုတွင် ယစ်မူးလာကြသည်။ ကိုယ့်ကိုယ်ကိုယ် လိမ်ရင်း သူများကိုပါ လိမ်တတ်လာသည်။ စိုက်ပျိုးရေးသိပ္ပံပညာရှင်နှင့် ပါတီအကြီးအကဲတို့က အံ့ဖွယ် သူရဲအောင်မြင်မှုကို ကိုယ်တိုင်မြင်တွေ့ခဲ့သည်ဟု ဝန်ခံကြသည်။ သူများနည်းတူ ကောက်နှံအံ့မခန်း ထွက်အောင် မစိုက်ပျိုးနိုင်သူများသည် သံသယဝင်လာကြသည်။ ပြီးတော့ မိမိကိုယ်မိမိ အပြစ်တင်ကြသည်။ ဤသို့ဖြင့် မော်လိုခေါင်းဆောင် လက်အောက်တွင် တကယ်အဖြစ်မှန်ကို ရင်မဆိုင်ကြတော့ဘဲ မော်၏ ခေါင်းဆောင်မှု နောက်သို့သာ လိုက်လျှောက်ကြတော့သည်။ ဟုတ်ရဲ့လား၊ မှန်ရဲ့လားဟု သံသယဝင် ကာ တွေးတောဆင်ခြင်သူသည် ဒုက္ခရောက်ပြီ အမှန်တည်း။

၁၉၅၇ လက်ယာဂိုဏ်းဆန့်ကျင်ရေး တိုက်ပွဲနောက်ပိုင်းတွင် အဓိပ္ပာယ်မရှိသည့် ဖြစ်ရပ်တို့ကို မြင်တွေ့သော်လည်း သူ့စိတ်ထားအမှန်ကို မဖွင့်ဟရဲတော့ပေ။ သံသယစကားပြောသူကို ငြိမ်အောင်လုပ်သည်။ ပါးစပ်ပိတ်အောင် လုပ်သည်။ အလုပ်ထုတ်ပစ်သည်။ ထိုအခါ သားစဉ်မြေးဆက်ပါ ဝိုင်းပယ်ခံရသည်။

ကောက်ပဲသီးနှံအံ့မခန်းထွက်ပါသည်၊ အထွက်တိုးပါသည်ဟု ဝန်မခံသူကို ဝန်ခံအောင် ရိုက်နှက်သည်။ နောက်ဆုံးဟုတ်ပါသည်၊ မှန်ပါသည်ဟု ဝန်ခံလာရသည်။ ယင်းအဖြစ်မျိုး ဒေသအများအပြားတွင် ကြုံရသည်။ ယိဘင်တွင် ကောက်ပဲသီးနှံထုတ်လုပ်ရေး လယ်ယာလုပ်သား ခေါင်းဆောင်အချို့ကို လက်ပြန်ကြိုးချည်ကာ ကျေးရွာရင်ပြင်သို့ ခေါ်သွားပြီး မေးခွန်းများမေးသည်။ "လယ်တစ်မျူ (တစ်မျူသည် တစ်ဧက၏ ခြောက်ပုံတစ်ပုံနှင့် ညီမျှသည်) မှာ ဂျုံထွက်ဘယ်လောက်လဲ" ဟု မေးသည်။

"ဂျင်လေးရာပါ" (ပေါင် ၄၅၀ ခန့် မဆိုးလှပါ။)

ထိုအခါ လယ်သမားခေါင်းဆောင်ကို ခပ်နာနာရိုက်ပြီး ထပ်၍မေးသည်။

"လယ်တစ်မျူမှာ ဂျုံထွက်ဘယ်လောက်လဲ"။

"ဂျင် ရှစ်ရာပါ။"

ဤမဖြစ်နိုင်သည့် ဂဏန်းအဖြေပေးသည်ကိုပင် မကျေနပ်။ ထိုလယ်သမား မှာ ခပ်နာနာ အရိုက်ခံရသည်။ သို့မဟုတ် လက်ပြန်ကြိုးမဖြုတ်ဘဲ ပစ်ထားသည်။ "ဂျင်တစ်ထောင်" ဟု ဖြေမှ ကြိုးဖြေသည်။ တစ်ခါတစ်ရံ သူတို့ လိုချင်သည့် ဂဏန်းကို အဖြေမပေးနိုင်သူမှာ သေသွားသည်။

အောက်ခြေနှင့် နီးစပ်သည့် ပါတီအကြီးအကဲများ၊ လယ်သမားများစွာ တို့မှာ ထိုစကားကို မယုံကြည်။ သို့သော်လည်း ကြောက်သဖြင့် ဝန်ခံကြရသည်။ သူတို့သည် ပါတီအမိန့်ကို နာခံသူများဖြစ်လာသည်။ မော်၏ နောက်သို့ လိုက်သူမှန် သမျှ ဘေးကင်းသည်။ ဗဟိုချုပ်ကိုင်မှုစနစ်သည် တာဝန်သိစိတ်ကို

ဖုံးလွှမ်းသွားသည်။ ကုသ၍ မပျောက်ကင်းနိုင်သည့် ရောဂါများကို အံ့ဖွယ်သူရဲ ပျောက်ကင်းအောင် ကုနိုင်ပါသည်ဟု ပါတီအလိုကျ ပြောရသည်။

ကျွန်မတို့ အိမ်ဝိုင်းထဲသို့ ထရပ်ကားများနှင့်အတူ စံချိန်တင် လယ်သမားကြီးများအစီရင်ခံရန် ရောက်လာကြသည်။ တစ်နေ့တွင် ထရပ်ကားနီးပါး ကြီးသည့် သခွားသီးကြီးကို သယ်ယူလာကြသည်။ နောက်တစ်နေ့တွင် ခရမ်းချဉ်သီးကြီးတစ်လုံးကို ကလေးနှစ်ယောက်ထမ်းလာသည်။ တစ်ဖန်ထရပ်ကားထဲ သို့ ဧရာမဝက်ကြီး တစ်ကောင်ထိုးသိပ်ထည့်လာသည့် နေ့များလည်း ကြုံရသည်။ ထိုအရွယ်ရှိ ဝက်များကို တကယ်ပင် မွေးမြူကြသည်ဟု ဆိုသည်။ တကယ်တော့ ဝက်မှာ အရုပ်ဖြစ်ပြီး စက္ကူနှင့် ပြုလုပ်ထားသည်။ ကျွန်မတို့မှာ တကယ့်ဝက်ပင် ထင်ကြသည်။ လူအများသည် အမှန်ကို ဖုံးကွယ်ကာ လိမ်ပြော တတ်လာကြသည်။ ဟန်လုပ်ပြီး နေထိုင်ပြောဆိုသည့် အလေ့အကျင့်များ ရလာသည်။

တစ်နိုင်ငံလုံးချဲ့ကားပြောတတ်လာသည်။ စကားလုံးများသည် အစစ်အမှန်နှင့် များစွာကွဲပြားသည်။ စကားလုံးများမှာ အဓိပ္ပာယ်မရှိတော့သဖြင့် လိမ်ညာပြောဖို့ ဝန်မလေးတော့ပေ။ ကြားရသူကလည်း အတည်မယူ။

လူ့အဖွဲ့အစည်းများကို စစ်တပ်ပုံစံဖွဲ့စည်းစေသည်။ ကွန်မြူန်းများ တည်ထောင်သည့်အခါက ထိုအဖွဲ့မျိုးသည် ထိန်းချုပ်လွယ်ကူသည်ဟု မော်က ပြောသည်။ လယ်သမားများကို သူတို့ချည်း လွှတ်မထားဘဲ စနစ်တကျဖွဲ့စည်းထားသည့် အအုပ်အစုတစ်ခုအောက်တွင် ရှိနေသောကြောင့်ဖြစ်သည်ဟု မော်က ဆိုသည်။ လယ်ယာဘယ်ပုံထွန်ယက်ရမည်ကို အထက်မှ အမိန့်ပေး ညွှန်ကြားသည်။ မော်က လယ်ယာစိုက်ပျိုးရေးကို စကားလုံးရှစ်ခုဖြင့် သရုပ်ဖော်သည်။ ယင်းမှာ “မြေ၊ ဓာတ်မြေသြဇာ၊ ရေ၊ မျိုးစေ့၊ ထူထပ်စွာ စိုက်ခြင်း၊ အကာအကွယ်၊ ကြည့်ရှုခြင်း၊ နည်းပညာ” တို့ဖြစ်သည်။ ပီကင်းတွင် ရုံးထိုင်သည့် ပါတီဗဟိုကော်မတီသည် စာမျက်နှာနှစ်ခု ပါသည့် ညွှန်ကြားချက်တစ်ခု ထုတ်ဝေသည်။ တရုတ်တစ်နိုင်ငံလုံးရှိ လယ်သမားများ လိုက်နာရမည့် အချက်များ ပါဝင်သည်။ စာမျက်နှာတစ်တွင် လယ်ယာ တိုးတက်ဖွံ့ဖြိုး အောင်လုပ်နည်းနှင့် နောက်တစ်မျက်နှာတွင် ဓာတ်မြေသြဇာသုံးနည်း၊ သီးနှံများထူထူ ထပ်ထပ်စိုက်နည်း စသည်တို့ ဖြစ်သည်။ ထိုညွှန်ကြားချက်များအတိုင်း တိတိကျကျ လိုက်နာရမည်။

စစ်တပ်ပုံစံနောက်တစ်မျိုးမှာ ဘုံရိပ်သာခေါ် ကွန်မြူန်းများတွင် စားသောက်ဆိုင်များတည်ထောင်ခြင်း ဖြစ်သည်။ ဤသည်မှာ တစ်ချိန်က မော်၏ အစွဲအလမ်းတစ်ခုဖြစ်သည်။ ကွန်မြူနစ်စနစ်ဆိုသည် “ထမင်းအလကား စားရသော ပြည်သူ့စားသောက်ဆိုင်များဖြစ်သည်” ဟု မော်က ပြောဖူးသည်။ စားသောက်ဆိုင်ကိုယ်တိုင်က စားစရာများ မထုတ်လုပ်သည်မှာ သူ့ကိစ္စမဟုတ်။ ၁၉၅၈တွင် အစိုးရကလယ်သမားများ အိမ်တွင်ချက်ပြုတ်မစားရ။ လယ်သမားတိုင်း ပြည်သူ့

စားသောက်ဆိုင်များတွင် စားရမည်ဟူသော အမိန့်တစ်ခုထုတ် ပြန်ကြေညာသည်။ မီးဖိုးချောင် မရှိရ။ အိုးခွက်များ မထားရ။ လယ်သမားတိုင်းကို ဘုံရိပ်သာနှင့် နိုင်ငံတော်က ကြည့်ရှုကျွေးမွေးမည်။ လယ်သမားများသည် တစ်နေ့စာ အလုပ်ချိန်ပြီး ဆုံးလျှင် စားသောက်ဆိုင်များသို့ဝင်ကာ ကြိုက်သလို စားနိုင်သည်။ ထိုအဖြစ်မျိုး သူတို့မကြုံဖူးခဲ့ပေ။ မြေဩဇာကောင်းပြီး သီးထွက်ကောင်းသည့်ဒေသ၊ သီးထွက် ကောင်းသည့်နှစ်များမှာပင် ယခုလို ကြိုက်သလောက် အလကားစားရသည့်အဖြစ်မျိုး မကြုံခဲ့။ သူတို့ကြိုက်သလောက်စာသည်။ ပြီးတော့ လယ်ထဲဆင်းကာ အလုပ်လုပ်သည်။ ဘယ်လောက်ထွက်အောင် လုပ်မည်ဆိုသည်မှာ သူတို့နှင့်မဆိုင်။ ထွက်သမျှ သီးနှံသည် သူတို့ပိုင် မဟုတ်။ နိုင်ငံတော်ပိုင်သာဖြစ်သည်။ လယ်ထွက်ပစ္စည်းသည် လယ်သမား၏ လူနေမှုဘဝနှင့် မပတ်သက်တော့။ ထိုအခါ မော်က တရုတ်ပြည်ကြီး သည် ကွန်မြူနစ်လူ့ဘောင်သို့ ရောက်နေပြီဟု ဆိုသည်။ ကွန်မြူနစ်လူ့ဘောင်ဆို သည်မှာ ရုပ်ဝတ္ထုပစ္စည်းများကို မျှဝေသုံးစွဲခြင်းဟူ၍ တရုတ်တို့က သဘောပေါက်နားလည်သည်။ အလုပ်ဘယ်လောက်လုပ်လုပ် အလုပ်လုပ်သူတို့ ဝေစုတော့ ရမှာပဲဟု လယ်သမားတို့က ယူဆကြသည်။ မက်လုံးမရှိသဖြင့် အလုပ်ကြိုးစားမည်ဟူသော စိတ်ထားကို မမွေးကြတော့ဘဲ လယ်ထဲသွားကာ အလုပ်နည်းနည်းလုပ်ပြီး တရေး တမောအိပ်ကြသည်။

လယ်ယာလုပ်ငန်းကို ပစ်ထားပြီး သံမဏိကျိုရေးသာ ဦးစားပေးကြရသည်။ သံတိုသံစရှာရသည်။ မီးထင်းရှာကြရသည်။ သံမဏိကျိုသည့် မီးဖိုများ မီးမပြတ်ဖို့လိုသည်။ သို့ဖြစ်ရာ လယ်သမားများသည် လယ်ယာကို မိန်းမများကလေးများနှင့် လွှဲထားသည်။ သူတို့က နေ့စဉ် တတ်နိုင်သလောက် ထွန်ယက်လုပ်ကိုင်သည်။ နွား မရှိ၊ ကျွဲမရှိ။ ယင်းတို့မှာ သံမဏိလုပ်ငန်းအတွက် ယာဉ်များဆွဲရာ၌ အသုံးပြုရန် ပေးပို့ထားရသည်။ သံမဏိအထွက်ကောင်းဖို့ ဦးစားပေးကြရသည် မဟုတ်လား။ လယ်ယာရိတ်သိမ်းချိန် ရောက်လျှင် လယ်ထဲတွင် လူများများ စားမရှိ။ ဤသည်မှာ ၁၉၅၈ ဆောင်းဦးပေါက်အခြေအနေဖြစ်သည်။

၁၉၅၈ ကောက်သိမ်းချိန်တွင် အစိုးရဌာနစာရင်းများက လယ်ယာထွက် ကုန်ဂဏန်းနှစ်လုံးတိုးသည်ဟု ကြေညာသော်လည်း ကောက်ပဲ သီးနှံ အထွက် နည်းလာသည်။ ၁၉၅၈ တွင် တရုတ်ပြည်၏ ဂျုံအထွက်သည် အမေရိကန်ဂျုံထွက်ကို ကျော်လွန်သွားပြီဟု တရားဝင်ကြေညာသည်။ ပါတီသတင်းစာဖြစ်သည့် ပြည်သူ့ နေ့စဉ်က အစားအစာများများ ထုတ်လုပ်နိုင်ခြင်း ပြဿနာကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဟု ဆွေးနွေးခန်း ဖွင့်ပေးသည်။

အဖေသည် ဆီချွမ်တွင် သတင်းစာတာဝန်ခံဖြစ်သည်။ သတင်းစာသည် ပါတီ၏ အသံဖြစ်သည်။ ပါတီပေါ်လစီများနှင့် ပတ်သက်လျှင် အဖေ သို့မဟုတ် မည်သည့်တစ်စုံတစ်ယောက်မျှ သတင်းစာများတွင် တာဝန်ယူပြောဆို ဝေဖန်ခွင့်မရှိ။ အဖေတို့မှာ သယ်ပတ်ကြိုးကြီးတစ်ခုထဲက အစိတ်အပိုင်း

တစ်ခုသာဖြစ်သည်။ ယခုလို လယ်ယာအထွက်နည်းသည့် အဖြစ်နှင့် ကြုံရလျှင် အဖေစိုးရိမ်ပူပန်သည်။ သူတတ်နိုင် သည်မှာ ထိပ်ပိုင်းခေါင်းဆောင်များထံ တင်ပြရန်ပင်ဖြစ်သည်။

၁၉၅၈ နှစ်ကုန်ပိုင်းတွင် ပီကင်းရှိ ဗဟိုကော်မီတီသို့ စာတစ်စောင် အဖေရေးသည်။ သံမဏိကျိုခြင်းသည် အဓိပ္ပာယ်မရှိ။ လူ၊ ပစ္စည်းစသည့် သယံဇာတများကို ဖြုန်းတီးခြင်းဖြစ်သည်။ လယ်သမားများ ပင်ပန်းလှပြီး သူတို့လုပ်အားကို ဖြုန်းရာ ရောက်သည်။ ယခု အစားအစား ရှာပါးလာသည်။ အမြန်ဆုံး အရေးယူဆောင်ရွက်ပါ ဟု အဖေ၏စာတွင် ဖော်ပြထားသည်။ ထိုစာကို အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ဗဟိုသို့ ပို့ပေးရန် တောင်းဆိုသည်။ အုပ်ချုပ်ရေးမှူးလီဒါချန်သည် ဆီချွမ်ပြည်နယ်၏ နံပါတ်နှစ်ပုဂ္ဂိုလ် ဖြစ်သည်။ သူက အဖေ့ကို မိတ်ဆွေသူငယ်ချင်းလို ဆက်ဆံသည်။

"လီ" က အဖေ၏ စာကို ဗဟိုသို့ပို့ရန်မလို၊ စာထဲတွင် အသစ်အဆန်း မပါ၊ ပါတီသည် ဖြစ်ပျက်နေသမျှကို သိသည်၊ ပါတီကို ယုံကြည်ပါဟု အဖေ့အား ပြောသည်။ မော်ကလည်း ပြည်သူတို့၏ စိတ်ဓာတ်ကို ဘယ်သောအခါတွင်မျှ လျှော့ပါး မသွားစေရ၊ စိတ်အားမပျက်စေရဟု ဆိုသည်။ "ခုန်ပျံကျော် လွှားခြင်း" သည် တရုတ်ပြည်သူတို့၏ စိတ်နေစိတ်ထားကို ပြောင်းလဲပစ်လိုက်သည်။ ငြိမ်သက်နေရာမှ အရာရာကို လုပ်နိုင်သည်။ ဝုန်းခနဲထလုပ်နိုင်သည်ဟူ၍ စိတ်အားတက်ကြွအောင် လုပ်ပေးသည်။ ယင်းစိတ်ဓာတ်ကို မဖျက်ဆီးသင့်ဟု လီက ပြောသည်။

အဖေအား ပြည်နယ်ခေါင်းဆောင်တို့က "အတိုက်အခံ" ဟူ၍ ပြောနေကြသည်။ ယင်းမှာ ကြောက်စရာကောင်းသည်။ အဖေ၏ လုပ်ရည်ကိုင်ရည် ပါတီကို အကြွင်းမဲ့သစ္စာရှိခြင်းနှင့် စည်းကမ်း ကောင်းခြင်းတို့ကြောင့်သာ ဘာမျှမဖြစ်ခြင်း ဖြစ်သည်။ "ခင်ဗျားသံသယစကားတွေကို ပါတီကိုပဲ တင်ပြပါ။ ပြည်သူတွေ မသိပါစေ နှင့်" ဟု လီက ပြောသည်။ တစ်ဖန် အုပ်ချုပ်ရေးမှူးက ယခုလို သဘောထားများ တင်ပြနေလျှင် အဖေနှင့် အဖေ့မိသားစု ဒုက္ခရောက်နိုင်သည်ဟု သတိပေးသည်။ အဖေက အတင်းအကျပ် မပြောတော့ပေ။ လီ၏ စကားကို အဖေ မကျေနပ်။ မပြေလည်။ အချို့အဝက်သာ လက်ခံနိုင်သည်။ သို့သော်လည်း အလွန့်အလွန် စွန့်စား ရမည့် ကိစ္စမျိုးဖြစ်နေသည်။

သို့သော်လည်း ပြည်သူ့ရေးရာဌာနတွင် လုပ်ကိုင်နေကြသူများသည်လည်း အဖေ့လိုပင် မကျေလည်။ သို့ဖြစ်ရာ သူတို့သည် တာဝန်တစ်ခုအနေဖြင့် ပီကင်း ဗဟိုကော်မီတီသို့ တင်ပြကြသည်။ ပြည်သူတွေအကြားတွင် သံမဏိကျိုခြင်းကို မကျေမလည်ဖြစ်နေကြသည်။ ပြည်နယ်ပါတီခေါင်းဆောင် တို့ကလည်း မကျေနပ်။ တကယ်တော့ ခုန်ပျံကျော်လွှားခြင်းကြောင့် ကွန်မြူနစ်ခေါင်းဆောင်မှုတွင် သဘောထားကွဲလွဲစပြုလာသည်။ ဤသည်မှာ အာဏာရအပြီး ဆယ်နှစ်အကြာတွင်ဖြစ်သည်။ မော်သည် ရာထူးနှစ်ခုအနက် အနည်းငယ်

အရေးပါသည့် သမ္မတရာထူးမှ ဆင်းပေးပြီး လျူရှောက်ချီက ထိုနေရာသို့ တက်သည်။ သို့သော်လည်း လျူ၏ ဂုဏ်သိက္ခာမှာ မော်နှင့်စာလျှင် အနည်းငယ် မျှသာရှိသည်။ မော်သည်ပါတီ ဥက္ကဋ္ဌရာထူး ကို ဆက်၍ယူထားသည်။

မကျေနပ်မှုများပြားလာလေရာ ၁၉၅၉ ဇွန်လကုန်တွင် အလယ်ပိုင်း လူရှန်းတောင်ပေါ် အပန်းဖြေစခန်း၌ ပါတီအထူးညီလာခံတစ်ခု ကျင်းပပေးရသည်။ ညီလာခံတွင် ကာကွယ်ရေးဝန်ကြီး မာရှယ်ပိန်တေဟွီးက ခုန်ပျံကျော်လွှားခြင်း ပတ်သက်၍ မော်ကို ဝေဖန်သည့် စာတစ်စောင် ရေးသားတင်ပြသည်။ စီးပွားရေးကို ယထာဘူတကျကျ ကိုင်တွယ်ဖြေရှင်းပါဟူ၍လည်း တင်ပြထားသည်။ စာကို ထိန်းထိန်းသိမ်းသိမ်းရေးသည်။ ပိန်တေဟွီးသည် မော်၏ ရဲဘော်ဟောင်းတစ်ယောက် ဖြစ်သည်။ သူရွေးချယ်ခန့်ထားသဖြင့် ကာကွယ်ရေးဝန်ကြီး နေရာရသူဖြစ်သည်။ သို့သော်လည်း မော်သည် ဝေဖန်ရေးကို အနည်းငယ်မျှ မခံနိုင်။ အထူးသဖြင့် သူမှားသည်ကို သူကိုယ်တိုင်သိပြီး ယခုလို ဝိုင်းဝန်းဝေဖန် ခံနေရသော အခါမျိုးတွင် မော် ဘက်က လျစ်လျူမရှုနိုင်။ ထိုစာကို မော်က “လူရှန်းတောင်ကြီးကို ဖြိုချပြီး မြေပြင်နှင့် အညီ ညှိပစ်ရန် ကြိုးပမ်းချက်တစ်ခု” ဟု သူသုံးစွဲနေကျ စကားလုံးများဖြင့် စိတ်နာနာ နာမည်ပေးလိုက်သည်။ ထို့နောက် မော်သည် ညီလာခံကို တစ်လကျော်အထိ အချိန်ဆွဲထားပြီး မာရှယ်ပိန်တေဟွီးကို ပြင်းပြင်းထန်ထန် ထိုးနှက်သည်။ “ပိန်” နှင့် အပေါင်းပါများကို “လက်ျာအချောင်သမားများ” ဟု စွပ်စွဲသည်။ ကာကွယ်ရေးဝန်ကြီး ရာထူးမှ ဖြုတ်ချပြီး အကျယ်ချုပ် ထားသည်။ နောင်အခါ ဆီချွမ်တွင် ရာထူးငယ်လေးတစ်ခု ပေးထားရာမှ အချိန်မကျသေးဘဲ အငြိမ်းစားယူစေသည်။

မော်သည် အာဏာလက်မလွှတ်ရအောင် ကြံစည်တတ်သည်။ ဤနေရာတွင် သူ ကျွမ်းကျင်သည်။ နန်းတွင်းအရှုပ်အထွေးများနှင့် နန်းတွင်းအာဏာလုပွဲများ အကြောင်း၊ အတွဲပေါင်းများစွာပါဝင်သည့် ဂန္ထဝင်ကျမ်းတစ်စောင်ကို သူဖတ်သည်။ ပါတီခေါင်းဆောင်များကိုလည်း အဖတ်ခိုင်းသည်။ နန်းတွင်းမှူးမတ်များနှင့် တိုင်းသူပြည်သားများကို ညှို့ယူဖမ်းစားခဲ့သည့် အလယ်ခေတ်က ရှင်ဘုရင်တစ်ပါးနှင့် မော်ကို နှိုင်းယှဉ်နိုင်မည်ထင်သည်။ မတည့်သူများကို တစ်သီးတခြားစီ ခွဲထားပြီး အပေါ်ကခွစီးကာ အုပ်ချုပ်သည့် အတတ်ပညာကိုလည်း မော်တတ်ကျွမ်းသည်။ နောက်ဆုံးတွင် မော်၏ ပေါ်လစီများကို မကြိုက်သော်လည်း မာရှယ်ပိန်ဘက်က ထောက်ခံမည့်သူ နည်းလာသည်။ ထိုအချိန်က ပါတီအထွေထွေအတွင်းရေးမှူး တိန့်ရှောင်ဖိန်မှာ ခြေထောက်တစ်ဖက်ကျိုးနေသဖြင့် ညီလာခံမတတ်နိုင်။ သူ့ သဘောထား ပြောခွင့်မရ လိုက်ပေ။ ထိုအကြောင်း မော်ကြားလျှင် “ကောင်းတယ် သိပ်အဆင်ပြေတာပဲ” ဟု ဝေဖန်သည်။

ဆီချွမ်ပါတီ ပထမအတွင်းရေးမှူးဖြစ်သည့် နိုင်ငံရေးမှူးလီသည် ချိန်တူသို့

ပြန်လာသည်တွင် မာရှယ်ပိန်၏ စာကို ယူလာခဲ့သည်။ ထိုစာကို ပါတီဝင်အဆင့် ၁၇ နှင့် အထက်သို့ ဝေငှသည်။ ထိုစာပါအကြောင်းအချက်များ ကို သဘောတူမတူ မေးမြန်းသည်။

အဖေသည် "လူရှန်းတောင်ပေါ် အငြင်းပွားမှု" ကို အုပ်ချုပ်ရေးမှူးမှ တစ်ဆင့် သိထားသည်။ သူ့ကို မေးမြန်းသည့်အခါ မာရှယ်ပိန်၏ စာအကြောင်း မရေးမရာ မှတ်ချက်တစ်ခုပေးသည်။ ထို့နောက် အရင်က မလုပ်ဖူးသည့် အလုပ်တစ်ခု အဖေ လုပ်သည်။ ယင်းမှာ စာနှင့်ပတ်သက်၍ မေးမြန်းချက်မှာ ထောက်ချောက် တစ်ခုဖြစ်သည်ဟု အမေ့ကို သတိပေးခြင်းဖြစ်သည်။ အမေမှာ စိတ်လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ပါတီအကျိုးစီးပွားထက် သူ့မိန်းမ၏ အကျိုးစီးပွားကို ပထမဆုံးအကြိမ် အဖေ ရှေ့တန်းတင်ခြင်းပေတည်း။

အခြားသူများစွာလည်း ထိုအကြောင်းသိသဖြင့် အမေ အံ့ဩမိသည်။ သူတို့ ကို မေးမြန်းသည့်အခါ အမေ၏ လုပ်ဖော်ကိုင်ဘက် တစ်ဝက်လောက်က ပိန်၏ စာကိုဖတ်ပြီး ပိန်အား ဒေါသဖြင့် ဝေဖန်ကြသည်။ သူရေးထားသည်မှာ မမှန်ဟု ပြောကြသည်။ တခြားတစ်ဝက်လောက်ကမူ ဘာမျှမပြော။ ရေငုံနှုတ်ပိတ် နေကြသည်။ ရှောင်ဖယ်ဖယ်လုပ်နေကြသည်။

တစ်ယောက်ကမူ "မာရှယ်ပိန်တင်ပြတဲ့ အထောက်အထားတွေဟာ တကယ်လား၊ တကယ် မဟုတ်ဘူးလားဆိုတော့ ကျွန်တော်မသိနိုင်လို့ သူ့စာကို ထောက်ခံဖို့ ဒါမှမဟုတ် သဘောမတူဖို့ ဘယ်လိုမှ စဉ်းစားလို့မရဘူး။ သူပြောတာ မှန်ရင် ထောက်ခံမှာပဲ။ မမှန်ရင် မထောက်ခံနိုင်ဘူး။" ဟုဆိုသည်။

ချိန်တူကောက်ပဲသီးနှံဌာနမှူးနှင့် စာတိုက်ဗိုလ်တို့မှာ မာရှယ်ပိန် လက်အောက်တွင် အမှုထမ်းခဲ့သည့် တပ်နီစစ်သားဟောင်းကြီးများဖြစ်သည်။

သူတို့နှစ်ယောက်စလုံးက သူတို့လေးစားသည့် ဗိုလ်ချုပ်ကြီးပိန်ကို ထောက်ခံသည်။ သူတို့ကိုယ်တိုင် ကျေးလက်တွင် တွေ့မြင်ခဲ့ရသည်တို့မှာလည်း မာရှယ်ပိန်၏ စာအတိုင်း ဖြစ်သည်ဟု ဆိုသည်။ ထောက်ချောက်ကို သူတို့မသိတာ အံ့ဩစရာပဲဟု အမေပြောသည်။ သိလျက်နှင့် သူတို့စိတ်ထဲရှိတာကို ပြောသည်ဆိုလျှင်တော့ သတ္တိရှိ သူတွေပဲဟု အမေ ချီးကျူးသည်။ အမေကမူ သတ္တိမရှိ။ သားသမီးများကို ငဲ့ရဦးမည်။ ကျောင်းသူဘဝတုန်းကစိတ်မျိုး မထားနိုင်တော့ပေ။ သူ့အလှည့်ရောက်လျှင် "စာမှာ ပါတဲ့ သဘောထားတွေဟာ လွန်ခဲ့တဲ့ သုံးလေးနှစ်က ပါတီရဲ့ပေါ်လစီနဲ့ မညီညွတ်ဘူး" ဟူ၍ပဲ ပြောသည်။

အမေ၏ မှတ်ချက်မှာ ကျေနပ်စရာမရှိ။ သူ့သဘောထားကို မဖွင့်ဟဟု ပါတီခေါင်းဆောင်က ပြောသည်။ "ပိန်" ကို ထောက်ခံသည့် တပ်နီစစ်သားဟောင်းကြီး များကို "လက်ျာအချောင်သမား" ဟု ရှုတ်ချသည်။ အလုပ်မှထုတ်ပြီး အလုပ်ကြမ်း လုပ်စေသည်။ လက်ျာလမ်းသို့ တိမ်းညွတ်နေသူများအား ဝေဖန်သည့် အစည်းအဝေး တွင် အမေ့ကို ပါတီခေါင်းဆောင်မစ္စတာ "ဂို" က ဝေဖန်ပြီး အမေ၏ အမှားအယွင်း ကြီးများကို

ထောက်ပြသည်။ ၁၉၅၉ တွင် ချိန်တူ၌ မှောင်ခိုဈေးပေါ်ခဲ့သည်။ ကြက်သားနှင့် ကြက်ဥများ ခိုးဝှက်၍ ရောင်းချကြသည်။ ထိုမှောင်ခိုဈေးကို ပါတီက ဖမ်းရန်ကြံစည်သည်။ အမေ့ကို ခေါင်းဆောင်၍ အဖမ်းခိုင်းသည်။ အမေက လူတွေ လိုချင်တဲ့ ပစ္စည်းရောင်းတာ ဘာအပြစ်ရှိသလဲ။ ဝယ်သူရှိရင် ရောင်းသူရှိမှာပဲ" ထိုသို့ အမေက ပြောသဖြင့် အမေကို လက်ျာဘက် တိမ်းညွတ်သူဟု သတိပေးဝေဖန်သည်။

လက်ျာအချောင်သမားတိုက်ထုတ်ရေးသည် ပါတီကို လှုပ်လှုပ်ရှားရှား ဖြစ်စေသည်။ ပါတီခေါင်းဆောင် များစွာတို့သည် မာရှယ်ပိန်ကို ထောက်ခံကြသည်။ ဤတွင် သင်ခန်းစာကောင်းကောင်း ရလိုက်သည်။ မော်၏ ခေါင်းဆောင်မှုကို မည်သူမျှ တိုက်ခိုက်၍ မရနိုင်။ သူမှားနေသည့်တိုင် မော်သည် ခေါင်းဆောင်မှုမှ ဆင်းမပေး။ ပိန်သည် ကာကွယ်ရေးဝန်ကြီးဖြစ်သည်။ မော်က သဘောကျသူဟု သိထားကြသည်။ သို့သော်လည်း မော်နှင့် သဘောမတူလျှင် ကြမ္မာဆိုးနှင့် တွေ့ရမည်။ စိတ်ထဲရှိတာ ပြောပြီး ပါတီမှ နုတ်ထွက်လို့လည်း မရ။ တိတ်တဆိတ်ပါတီမှ နုတ်ထွက်သွားချင် သော်လည်း ခွင့်မပြု။ ပါတီမှ နုတ်ထွက်ခြင်းကို ဆန္ဒပြခြင်းဟု ယူဆသည်။ ပါတီ၏ ပါးစပ်များနှင့် ပြည်သူတို့၏ ပါးစပ်များကို ခပ်ကျပ်ကျပ် တံဆိပ်ခတ်ပိတ်ထား လိုက်ခြင်းဖြစ်သည်။ ထို့နောက် ခုန်ပျံကျော်လွှားရေးလမ်းစဉ်သည် ပို၍ပို၍ ဆိုးသော အစွန်းတစ်ဖက် သို့ရောက်သွားသည်။ မဖြစ်နိုင်သည့် စီးပွားရေးရည်မှန်းချက်များကို ထိပ်မှ ချပေးသည်။

လယ်သမားများ လယ်ယာလုပ်ငန်းကို စွန့်ပြီး သံမဏိကျိုကြရသည်။ အပေါ်မှ တစ်ချက်လွှတ် အမိန့်များ ဆင်းလာသည်။ ကျေးလက်တွင် ကစဉ့် ကလျားဖြစ်ကြရသည်။

၁၉၅၈ ကုန်ခါနီးတွင် ခုန်ပျံကျော်လွှားလမ်းစဉ် အထွတ်အထိပ်ရောက်လာသည်။ ၁၀ လ အတွင်း ဆောက်လုပ်ရေးလုပ်ငန်းကြီး ၁၀ ခု အပြီးသတ် ဆောက်လုပ်ရေးစတင်သည်။ ၁၉၅၉ အောက်တိုဘာ ၁ တွင် ပြည်သူ့သမ္မတနိုင်ငံ ထူထောင်သည့် ၁၀ နှစ်မြောက်ပွဲကို ဤနည်းဖြင့် ကြိုဆိုကြသည်။

အဆောက်အအုံ ဆယ်ခုအနက် တစ်ခုမှာ တီယန်အင်မင်ရင်ပြင်၏ အနောက်ဘက်၌ ဆိုဗီယက်ပုံစံအတိုင်း တိုင်လုံးကြီးများပါရှိသည့် ပြည်သူ့ခန်းမ ကြီးဖြစ်သည်။ ကျောက်ဖြူမျက်နှာစာသည် ၂ ဖာလုံရှည်သည်။ မီးပန်းဆိုင်းများ တပ်ဆင်ထားသည့် စားသောက်ခန်းမကြီးတွင် လူထောင်ပေါင်းများစွာ စားသောက် နိုင်သည်။ ထိုခန်းမတွင် အရေးကြီးသော အစည်းအဝေးများ ပြုလုပ်မည်။ နိုင်ငံခြား ဧည့်သည်များကို ကြိုဆိုဧည့်ခံမည်။ အခန်းများကို တရုတ်ပြည်၊ ပြည်နယ်များ၏ နာမည်များ မှည့်ခေါ်စေသည်။ ကျွန်မ အဖေသည် ဆီချွမ်ခန်းမမွမ်းမံပြင်ဆင်ရာတွင် တာဝန်ယူရသည်။ ပြီးလျှင် ဆီချွမ်နှင့် ဆက်စပ်နေသည့် ပါတီခေါင်းဆောင်များကို ဖိတ်ခေါ်ပြီး ကြည့်ရှုစစ်ဆေးစေသည်။ ဆီချွမ်မှ တိန့်ရှောင်ဖိန်၊ မာရှယ်ဟိုလန်းတို့

ရောက်လာသည်။ ဟိုလန်းသည် တိန့်ရှောင်ဖိန်နှင့် ရင်းနှီးသော မိတ်ဆွေဖြစ်သည်။

တစ်ချိန်တွင် အဖေ့ကို တစ်နေရာသို့ ခေါ်သွားစဉ် တိန့်ရှောင်ဖိန်နှင့် ဟိုလန်းတို့နှစ်ယောက်နှင့်အတူ အခြားသူတို့ လုပ်ဖော်ကိုင်ဘက် တစ်ယောက်တို့ စကားပြောကျန်ရစ်ခဲ့သည်။ ထိုတစ်ယောက်မှာ တိန့်ရှောင်ဖိန်၏ ညီတစ်ယောက် ဖြစ်သည်။ အဖေပြန်လာလျှင် မာရှယ်ဟိုလန်းက တိန့်ရှောင်ဖိန်၏ ညီနှင့် စကားပြော နေသည်ကို တွေ့ရသည်။ တိန့်ရှောင်ဖိန်ကို လက်ညှိုးထိုးပြပြီး ဟိုလန်းက "ရာဇပလ္လင် ပေါ် တကယ်တတ်ရမှာက သူဗျ" ဟု ပြောသည်ကို အဖေ ကြားလိုက်ရသည်။ ထိုအခိုက် အဖေကို သူတို့မြင်သွားပြီး ပြောလက်စစကားကို ရပ်လိုက်ကြသည်။

ထိုသည်နောက်ပိုင်း အဖေမှာ စိုးရိမ်စိတ်ဖြင့် တထင့်ထင့်နေထိုင်ခဲ့ရသည်။ အစိုးရထိပ်ပိုင်းတွင် သဘောထားကွဲလွဲသည်ကို ရုတ်တရက်ရှောင်တခင် သူကြားခဲ့ရသည်။ ထိုစကားအတိုင်း သူ တွေးတောထင်မြင် ယူဆကာ လှုပ်ရှားခဲ့လျှင် သို့မဟုတ် မလှုပ်ရှားခဲ့လျှင် သူ့မှာ ဒုက္ခလှလှကြီး ရောက်နိုင်သည်။ နောက်ဆယ်နှစ်ရှိသည့်အခါ အဖေက ကျွန်မအား ပြန်လည်ပြောပြပြီး ထိုကတည်းက စိုးရိမ်စိတ်ဖြင့် စိတ်တထင့်ထင့်နေရခဲ့သည်ဟု ဆိုသည်။ "အဲဒီ စကားမျိုးကြားလိုက်ရတာကိုက သစ္စာဖောက်မှုကြီးဖြစ်နေပြီ။ ခေါင်းနဲ့ကိုယ် အိုးစားကွဲနိုင်တဲ့ ရာဇဝတ်မှုကြီး ဖြစ်နေပြီ" ဟု အဖေ ပြောသည်။

အဖေကြားလိုက်ရသည့် စကားမှာ မော်၏ ခေါင်းဆောင်မှုကို မကျေနပ်သည့် အရိပ်အငွေ့ဖြစ်သည်။ ထိုသဘောထားမျိုး ထိပ်တန်းခေါင်းဆောင်အများ စုတွင် ရှိသည်။ သမ္မတသစ် လျူရှောက်ချီလည်းပါသည်။

၁၉၅၉ တွင် အနီရောင်ခမ်းနားမှုဟုခေါ်သော ကွန်မြူန်းကို စစ်ဆေးရန် ချိန်တူသို့ လျူရှောက်ချီ ရောက်လာသည်။ လွန်ခဲ့သည့်နှစ်က ထိုကွန်မြူန်းတွင် စပါးထွက်အလွန်ကောင်းသဖြင့် မော်ဝမ်းသာအားရ ချီးကျူးခဲ့သည်။ ယခု လျူ ရောက်လာလျှင် မနှစ်ကလိမ်ညာပြီး စပါးထွက်ကောင်းကြောင်း ပြခဲ့သည့် အလိမ်တွေ ပေါ်မည်စိုးသည်။ ထို့ကြောင့် ဖော်ကောင်လုပ်မည့်သူတို့ကို ဖမ်းဆီးကာ ဘုရား လိုဏ်ဂူတစ်ခုထဲတွင် ပိတ်လှောင်ထားခဲ့သည်။ သို့သော်လည်း "လျူ" တွင် အထောက်တော်များရှိသည်။ ထိုဘုရားရှေ့ရောက်လျှင် အထဲ ဝင်ချင်ကြောင်း ပြောသည်။ ခေါင်းဆောင်များက အကြောင်းအမျိုးမျိုးပြကာ မဖွင့်ရန် ပြောသည်။ သို့သော်လည်း လျူက အလျှော့မပေးဘဲ ကြည့်ချင်သည်ပြောသဖြင့် ဖွင့်ပြရာ အထဲတွင် အဝတ် စုတ်ပြတ်ပြတ်နှင့် လယ်သမားတစ်စုကို တွေ့ရသည်။ ခေါင်းဆောင်က ဒုက္ခပေးမည့် သူများဖြစ်၍ ဖမ်းဆီးပိတ်လှောင်ထားရပါသည်ဟု ဆင်ခြေပေးသည်။ လယ်သမား များကမူ ဘာမျှ မပြောဘဲ နှုတ်ပိတ်၍နေသည်။

သမ္မတလျူက နည်းနည်းပါးပါး မေးစမ်းကြည့်သည်။ သို့တိုင်အောင် လယ်သမားများက ပြုံးရုံပဲပြုံးပြီး ဘာမျှပြန်မဖြေ။ သူတို့စိတ်ထဲတွင် သမ္မတက

ကြောက်စရာမကောင်း၊ ဒေသခံပါတီ ခေါင်းဆောင်များက ကြောက်စရာကောင်း နေသည်။ သမ္မတသည် မိနစ်အနည်းငယ်အတွင်း ပီကင်းသို့ ပြန်ရောက်သွားမည်။ ကွန်မြူနစ်ခေါင်းဆောင်များမှာမူ သူတို့နှင့် မသေမချင်း နေသွားကြရမည့် သူများဖြစ် သည်ကို သူတို့နားလည်သည်။

ထို့နောက် မကြာမီ ချိန်တူသို့ မာရှယ်ချူတေးရောက်လာသည်။ သူနှင့် အတူ မော်၏ ကိုယ်ရေးအတွင်းရေးမှူး တစ်ယောက်ပါလာသည်။ ချူတေးသည် ဆီချွမ်ပြည်နယ်သားဖြစ်သည်။ တပ်နီကို ခေါင်းဆောင်ကာ အောင်ပွဲများစွာရအောင် တိုက်ခဲ့သူဖြစ်သည်။ ၁၉၄၉ နောက်ပိုင်းတွင် ခပ်မှိန်မှိန်နေခဲ့သည်။ ချိန်တူအနီးအနားရှိ ကွန်မြူန်အများအပြားသို့ လည်ပတ်ကြည့်ရှုသည်။ တစ်နေ့တွင် ငွေမြစ်ကမ်းပါး အတိုင်းလျှောက်ကာ မဏ္ဍပ်များ၊ ဝါးရုံများ၊ မိုးမခပင် အောက်က လက်ဖက်ရည်ဆိုင် များကို ငေးမောကြည့်ရှုရင်း "ဆီချွမ်ဆိုတာ တကယ်တော့ သုခဘုံတစ်ခုပဲ ..."

ဟု တစ်ကိုယ်တည်း ဆိုညည်းမြည်တမ်းသည်။ ထိုစကားလုံးများက ကဗျာပါဒများ အတိုင်း ဖြည်းဖြည်းရွတ်ဆိုသည်။ ထိုအခါ မော်၏ အတွင်းရေးမှူးက အခံပိုဒ်ကို လိုက်၍ ကဗျာဖြင့် ဖြည့်စွက်သည်။ ". . . ဒါပေမယ့် မုသားလေပြင်းနဲ့ ကွန်မြူနစ် ဝါဒအတုတို့ရဲ့ နှောင့်ရှက်ဖျက်ဆီးခံရတာ သနားစရာပဲ ...။" သူတို့နှင့်အတူ ကျွန်မအမေရှိနေသည်။ အမေသည် စိတ်ထဲက ပြောမိသည်။

"အဲဒါကို ကျွန်မ စိတ်ပါလက်ပါ ထောက်ခံပါတယ်။"

မော်သည် လုပ်ဖော်ကိုင်ဘက်များအပေါ် သံသယဝင်လာသည်။ လူရှုန်း ညီလာခံတွင် အတိုက်အခံ အပြောခံရသဖြင့် စိတ်ဆိုးသည်။ လယ်သမားများ ဒုက္ခ ပင်လယ်ဝေနေသည်ကို သူသိသည်။ သိလျက်နှင့်ပင် မဖြစ်နိုင်သည့် စီမံကိန်းများ ကို ချမှတ်လုပ်ကိုင်စေသည်။ ထောင့်ကိုးရာခြောက်ဆယ်ထဲ ဝင်လျှင် တရုတ်နိုင်ငံ အနှံ့အပြား ငတ်မွတ်ခေါင်းပါးခြင်းဘေးကြီး ဆိုက်စပြုလာသည်။

ချိန်တူတွင် လစဉ် အစားအစာဝေသည့် ရာရှင်များ လျော့နည်းလာသည်။ လူကြီးတစ်ယောက် ဆန် ၁၉ ပေါင်၊ ဟင်းချက်ဆီ ၃.၅ အောင်စ၊ အသား ၃.၅ အောင်စတို့ ရှိလျှင်ရသည်။ ပန်းဂေါ်ဖီထုပ်ပင် ရှားလာသည်။ အာဟာရမပြည့်ဝ သဖြင့် လူများစွာ ဖောရောင်သည့် ရောဂါများ စွဲကပ်သည်။ လူနာသည် အသားဝါပြီး ဖောရောင်လာသည်။ ပရိတင်းခေါ် အသားဓာတ်ကြွယ်သည့် စိမ်းသောအယ်လဂျီ တစ်မျိုးဖြစ်သည့် "ကလိုရဲလား" ကို လူအများ မွေးမြူစားသုံးကြရသည်။ ယင်းမှာ ဈေးပေါသည်။ ကလိုရဲလားသည် လူ၏ ကျင်ငယ်ရည်တွင် ကောင်းစွာဖြစ်ထွန်းသည်။ သို့ဖြစ်ရာ ဆီးသွားရန် အိမ်သာ သို့မသွားကြတော့ဘဲ အိမ်တွင်းထွေးခံများတွင် ဆီးသွားသည်။ ထိုနောက် ဆီးထဲသို့ ကလိုရဲလားအစေ့များထည့်သည်။ သုံးလေး ရက်ကြာလျှင် အစိမ်းရောင်အပင်များ ပေါက်ပွားလာသည်။ ဆီးထဲမှ ဆယ်ယူပြီး ရေဖြင့်စင်အောင် ဆေးကာ ဆန်နှင့်အတူရော၍ချက်ကာ စားသည်။ ရွံစရာကောင်း သော်လည်း

အဖေ့အရောင်ရပ်သွားသည်။

အဖေလည်း လူတိုင်းနည်းတူ ရာရှင်ရသည်။ သို့သော်လည်း အဆင့်မြင့်အရာရှိဖြစ်ရာ အထူးအခွင့်အရေးအချို့ရသည်။ "ပါတီခေါင်းဆောင်များအဖြစ် အထူးရာရှင် ကတ်ပြားများရသည်။ အမေ၏ ကတ်ပြားမှာ အပြာရောင်ဖြစ်ပြီး ကြက်ဥ ငါးလုံး၊ ပဲပိစပ်တစ်အောင်စ၊ သကြားအနည်းငယ်ရသည်။ အဖေ၏ ကတ်ပြားမှာ အဝါရောင်ဖြစ်ပြီး အမေထက် နှစ်ဆပို၍ရသည်။ အဘွားတွင် အနည်းငယ် ဖောရောင်လာသည်။ သို့ဖြစ်ရာ ကလိုရဲလားကို အိမ်မှာ မွေးပြီးစားသည်။ အဘွားအတွက် ထမင်းနှင့် ရောချက်ထားသည့် ကလိုရဲလားကို ကျွန်မ စားကြည့်သည်။

အနံ့အသက်ဆိုးသဖြင့် ပျို့အန်ကာ ထွေးထုတ်လိုက်သည်။ နောင်ဘယ်တော့မှ မစားတော့ပေ။

ကျွန်မတို့ဝန်းကျင်တွင် ငတ်မွတ်သူများရှိလာသည်ကို ကိုယ်တွေ့ကြုံရသည်။ တစ်နေ့တွင် ကျွန်မ ကျောင်းသို့သွားစဉ် ကော်ပြန့်လိပ်ကို ကိုက်စားသွားသည်။ ထိုစဉ် တစ်ယောက်ပြေးလိုက်လာပြီး ကျွန်မလက်ထဲက ကော်ပြန့်လိပ်ကို လုပြေးသွားသည်။ မည်းမည်းရိပ်ရိပ် ဖိနပ်မပါသည့် ပိန်ကျုံနေသူတစ်ယောက် လမ်းကြားထဲ ပြေးသွားသည်ကို မြင်လိုက်ရသည်။ ကော်ပြန့်လိပ်ကို သူစားသွားကြောင်း အဖေနှင့် အမေတို့ကိုပြောပြရာ အဖေမှာ များစွာစိတ်ထိခိုက်သည်။ ကျွန်မ ခေါင်းကို အသာအယာသပ်ပြီး "သမီးတို့ ကံကောင်းတယ်။ တခြားကလေးတွေ ငတ်နေကြတယ်" ဟု ပြောသည်။

ထိုအချိန်တွင် သွားကိုက်သဖြင့် ဆေးရုံသို့ ကျွန်မသွားသည်။ သွားလေရာတွင် ခြေထောက်တွေ ယောင်ကိုင်းနေသူ အများအပြားကို တွေ့ရသည်။ သွားစိုက် ဆရာအား မေးမြန်းကြည့်ရာ "ဖောတာ" ဟု သက်ပြင်းချ၍ ပြောသည်။ ဘာဖြစ်လို့လဲ ဟု မေးကြည့်ရာ အစားအစာကြောင့်ဟု တိုးတိုးပြောသည်။ သူ့စကားကို မသဲမကွဲသာ ကြားရသည်။

ဖောယောင်သူတို့မှာ လယ်သမားများ ဖြစ်သည်။ ကျေးလက်တွင် ငတ်ပြတ်မှုသည် ပိုဆိုးသည်။ ရာရှင်ကတ်ပြားမရှိ။ အာမခံချက်လည်းမရှိ။ မြို့ကြီးများတွင် ရိက္ခာမပြတ်စေရ။ ကွန်မြူနစ်ခေါင်းဆောင်တို့က လယ်သမားထံမှ ဆန်များသိမ်းယူရမည်။ ဤသည်မှာ အစိုးရကချမှတ်သည့် ပေါ်လစီဖြစ်သည်။ အချို့ဒေသများတွင် ဆန်ဂျုံစသည်တို့ ဝှက်ထားသူတို့ကို ဖမ်းဆီးပြီး ရိုက်နှက်သည်။ ညှဉ်းပန်းနှိပ်စက်သည်။ ငတ်ပြတ်နေသည့် လယ်သမားထံမှ အစားစာများမယူရက်သည့် ကွန်မြူနစ် ခေါင်းဆောင်တို့ အရေးယူခံရသည်။ လက်တွေ့တွင် တရုတ်သန်းပေါင်းများစွာ အတွက် ဆန်စပါးစိုက်ပျိုးရသူတို့ အများအပြား သေဆုံးကြရသည်။

နောင်အခါ ဆီချွမ်နှင့် မန်ချူးရီးယားတို့မှ ကျွန်မ၏ ဆွေမျိုးများ ယခု ငတ်မွတ်ခေါင်းပါးသည့် ကာလအတွင်း သေကျေပျက်စီးကြကြောင်း သိရသည်။ ထိုအထဲတွင် အဖေ၏ညီလည်းပါသည်။ သူ့အမေသည် ၁၉၅၈ တွင် ကွယ်လွန်သည်။

ငတ်မွတ်ခြင်းဘေးဆိုက်သည့်အခါ သူများပြောသည်ကို သူ မလိုက်နာ။ အဖေ၏ ညီသည် တစ်လစာပေးသောရိက္ခာကို ရက်အနည်းငယ်အတွင်း ကုန်အောင်စား လိုက်သည်။ ထိုနောက် ငတ်ပြတ်ပြီး သေဆုံးသည်။ အဘွား၏ညီမ "လန်" နှင့် သူ့လင် သစ္စာတော်ခံ ပိုင်-အိုတို့လည်း ကူမင်တန် ထောက်လှမ်းရေး အဆက်အသွယ်ပြစ်မှုကြောင့် မန်ချူးရီးယား မြောက်ဘက်အစွန်သို့ နယ်နှင်ဒဏ် ခတ်ခြင်းခံရသည်။ နှစ်ယောက်စလုံး သေဆုံးသည်။ ယုလင်၏ ယောက္ခမလည်း သေဆုံးသည်။ သူသည် စားစရာမရှိသည့်အခါ ခေါင်းအုံးထဲမှာ သွပ်ထားသော အဆာများကို စားသည်။ ကြက်သွန်ဖြူ အမြိတ်များကို စားရသည်။

ငတ်မွတ်ခေါင်းပါးခြင်းဘေး ဆိုက်သည့်အခါ ရိက္ခာဝေငှရာတွင် ကူညီ လုပ်ကိုင်ခဲ့သူ အရာရှိတစ်ယောက်နှင့် ၁၉၈၉၌ တွေ့သည့်အခါ ထိုစဉ်က ဆီချမ် ပြည်နယ်တွင် သေဆုံးသူ ခုနစ်သန်းရှိသည်ဟု ပြောသည်။ ယင်းမှာ ပြည်နယ်တစ်ခု လုံး၏ ၁၀ ရာခိုင်နှုန်းဖြစ်သည်။ တစ်ပြည်လုံး သန်းသုံးဆယ်နီးပါး သေဆုံးခဲ့သည်ဟု ခန့်မှန်းကြသည်။

၁၉၆၀ တစ်နေ့တွင် ယိဘင်၌ ကျွန်မအဒေါ်ယင်ယင်၏ အိမ်နီးချင်း၏ သုံးနှစ်သမီးလေးတစ်ယောက် ပျောက်သွားသည်။ သုံးလေးပတ်ကြာသည့်အခါ ပျောက်သွားသူနှင့်တူသည့် မိန်းကလေးတစ်ယောက် လမ်းထဲတွင် ကစားနေသည်ကို အိမ်နီးချင်းကမြင်သည်။ အသေအချာကြည့်ရာ သူ့သမီးဖြစ်နေသည်ကို တွေ့ရသည်။ ကိုယ်ပေါ်တွင်ရှိသော အမှတ်အသားများအရ ပြောပြနိုင်ခြင်း ဖြစ်သည်။ ပုလိပ်ကို တိုင်သည်။ မိန်းကလေး၏ မိဘများသည် အသားခြောက် ရောင်းသူများဖြစ်နေသည်။ ကလေးငယ်များစွာကို ခိုးလာပြီး သတ်ကာ အသားကို အခြောက်လှန်းပြီး ယုန်သား ခြောက်အဖြစ် ဈေးကြီးကြီးဖြင့် ရောင်းသည်။ ထိုလင်မယားကို သတ်ပစ်လိုက်ပြီး အမှုကို လူမသိအောင် အုပ်ထားသည်။ သို့သော်လည်း ထိုအချိန်က ကလေးများ သတ်ဖြတ်ကြသည်ကို လူတိုင်းသိသည်။

နောင်နှစ်ပေါင်းများစွာကြာသည့်အခါ အဖေ၏ မိတ်ဆွေတစ်ယောက်နှင့် ကျွန်မတွေ့သည်။ သူက ကွန်မြူန်းတစ်ခုတွင် သူတွေ့ကြုံခဲ့ရသည်တို့ကို ပြန်လည် ပြောပြသည်။ စပါးအထွက်ကောင်းသည့် ထိုဒေသတစ်ခုတည်းတွင် လယ်သမား သုံးဆယ့်ငါးရာခိုင်နှုန်း သေဆုံးသည်။ လယ်သမားများမှာ ကိုယ့်လယ်ကို မရိတ်ရ တော့ဘဲ သံမဏိကျိုသည့် နေရာသို့ ခေါ်ဆောင်သွားခြင်းခံရသည်။ စပါးများ ရင့်မှည့်ပြီး မရိတ်နိုင်ဘဲ လေလွင့်ဆုံးရှုံးရသည်။ တစ်နေ့တွင် လယ်သမားတစ်ယောက် သူ့အခန်းထဲသို့ ရောက်လာပြီး ကြမ်းပြင်ပေါ်လှဲအိပ်ကာ သူသည် အလွန်ဆိုးရွားသည့် ရာဇဝတ်မှုတစ်ခု ကျူးလွန်ခဲ့သည်။ သူ့ကို ပြစ်ဒဏ်ခတ်ကြပါဟု ပြောသည်။ အဖြစ်မှာ သူ့ကလေးကို သူကိုယ်တိုင်သတ်၍ စားခဲ့ခြင်း ဖြစ်သည်။ ငတ်မွတ်လာသည့် အခါ ကိုယ်မချိ အမိသော်လည်း သားတော်ခဲ မဟုတ်လား။ သူ့ကိုဖမ်းဆီးကာ ကလေးသတ်သူများအား သတိပေးသည့်အနေဖြင့် ပစ်သတ်လိုက်ရသည်။

အငတ်ဘေးဆိုက်ရသည်မှာ ကိုရီးယားစစ်ပွဲတွင် မြောက်ကိုရီးယားကို ကူညီရသဖြင့် နိုင်ငံတော်၌ အကြွေးများပိုလာသည်။ အကြွေးမှာ ဆိုဗီယက်ထံမှ ချေးငှါးရသည့် ငွေဖြစ်ပြီး ပြန်ပေးရန် တရုတ်အား ကရူးရှက်က အတင်းအကျပ် တောင်းသည်ဟု ဆိုသည်။ ထိုအချိန်တွင် လယ်မဲ့ယာမဲ့ လယ်သမားများ များစွာ ဒုက္ခရောက်သည်။ အသနားအကြင်နာမရှိသည့် ငွေရှင်တို့က လည်စေ့ညှစ်ကာ အကြွေးတောင်းကြသည့် အဖြစ်မျိုး များစွာကြုံရသည်။ ယခုနိုင်ငံခြား ကြွေးပြန်ဆပ်ရသဖြင့် ငတ်မွတ်ခြင်းဘေးဆိုက်သည်ကို သည်အတိုင်း ကြည့်နေရသည်ဟု မော်က အပြစ်တင်စရာ ပြင်ပရန်သူတစ်ယောက်ကို လက်ညှိုးထိုးပြပြီး လူထုကို စည်းရုံးခြင်း တစ်မျိုးဖြစ်သည်။

အငတ်ဘေးဆိုက်ရသည့် နောက်တစ်ကြောင်းမှာ မကြုံဖူးလောက်အောင် ဆိုးရွားသည့် ရာသီဥတုဖြစ်သည်။ သဘာဝဘေးဒဏ်ကို ခါးစည်းခံကြရသည်။ တရုတ်ပြည်သည် အလွန်အပြောကျယ်သည့် တိုင်းပြည်ကြီးတစ်ခု ဖြစ်သည်။ နှစ်စဉ်ပင် ဒေသတစ်ခုခုတွင် မိုးခေါင်သည်။ ရေကြီးသည်။ အစာရေစာ ပြတ်လပ်သည်။ ရာသီဥတုဆိုးရွားပုံကို တိုင်းပြည်တစ်ခုလုံးနှင့်ချီ၍ သိနိုင်သူများ သတင်းရ သူများမှာ ထိပ်ပိုင်းခေါင်းဆောင်များသာ ဖြစ်သည်။ တဖန် လူတွေဘယ်မှ မသွား မလာနိုင်ရကား တခြားဒေသတစ်ခုတွင် ဘာဖြစ်သည်ကို မသိရ။ တောင်ကြီးတစ်ခု ဟိုဘက်တွင် ဘယ်လိုငတ်မွတ်နေသည် ကို သည်ဘက်က မသိနိုင်။ ထိုအချိန်က အငတ်ဘေးဆိုက်သည်မှာ ရာသီဥတုကြောင့်ဟု ယနေ့အထိ လူတိုင်းတွေးထင်ကြသည်။ သို့သော်လည်း ကျွန်မ တွေ့ထိရသည့် တရုတ်ပြည်နယ်အများအပြားမှ လူ အနည်းငယ်တို့ သိသည်မှာ ရာသီဥတုဆိုးဝါးခြင်းကြောင့် ငတ်ခြင်းမဟုတ်။ သူတို့ ပြောပြနိုင်သည်မှာ အစာရေစာပြတ်လပ်သဖြင့် သေဆုံးကြရသည့်အကြောင်းများ သာဖြစ်သည်။

၁၉၆၂ အစပိုင်းတွင် ထိပ်တန်းကိုယ်စားလှယ် ၇,၀၀၀ တက်သည့် ညီလာခံ တစ်ခု ကျင်းပသည်။ အငတ်ဘေးဆိုက်သည်မှာ သဘာဝဘေးဒဏ်ကြောင့် ၇၀ ရာခိုင်နှုန်းဖြစ်ပြီး လူတို့အတွက်အချက်မှားသဖြင့် ၃၀ ရာခိုင်နှုန်းဖြစ်သည်ဟု မော်က ပြောသည်။ ချက်ချင်းပင် လျူရှောက်ချီက ထိုစကားကို ပြင်၍ပြောသည်။ သဘာဝ ကြောင့် ၃၀ ရာခိုင်နှုန်းဖြစ်ပြီး လူကြောင့် ၇၀ ရာခိုင်နှုန်းဖြစ်သည်ဟု လျူကဆိုသည်။ ထိုအစည်းအဝေးသို့ ကျွန်မအဖေ တက်သည်။ ပြန်လာသည့်အခါ အမေ့အား “ရဲဘော် ရှောက်ချီတော့ ဒုက္ခရောက်တော့မှာပဲ” ဟု ပြောသည်။

ထိုမိန့်ခွန်းများကို အမေတို့လို အောက်ခြေခေါင်းဆောင်များဆီသို့ ပေးပို့သည့်အခါ သမ္မတလျူ၏ ခန့်မှန်းချက်ကို ဖြုတ်ထားခဲ့သည်။ လူထုကိုမူ မော်၏ ခန့်မှန်းချက်ဂဏန်းများကိုပင် ပြောပြမနေတော့ပေ။ သတင်းများကို ထိန်ချန်ထားခြင်း အားဖြင့် ပြည်သူတို့မှာ ဘာမှမသိရသဖြင့် ဆူပူရန်အကြောင်းမရှိ။ အေးချမ်းစွာပင် ရှိနေကြသည်။ ကွန်မြူနစ်ပါတီကို ဝေဖန်သည့် အသံတစ်စွန်းတစ်စမျှ ပေါ်ထွက် မလာ။ မကြားရ။ မကျေနပ်သူတို့ အသတ်ခံရခြင်း၊

နှိပ်ကွပ်ခံရခြင်းအတွက် ဘယ်သူ့ တာဝန်လဲ၊ ကွန်မြူနစ်ပါတီမှာ တာဝန်ရှိသလားဆိုသည်ကိုပင် ပြည်သူတို့ သဲသဲကွဲကွဲ မသိ။ ခေါင်းဆောင်ပိုင်းက ကောက်ပဲ သီးနှံသိုလှောင်ထားသည်ကိုလည်း ပြည်သူက မသိလေရာ အဂတိလိုက်စားသည်၊ လာဘ်ပေးလာဘ်ယူ ရှိသည်တို့ မရှိတော့ပေ။ ပါတီခေါင်းဆောင်များသည် သာမန်လူထက် နည်းနည်းလေးနေသာထိုင်သာရှိသည် ကား အမှန်ဖြစ်သည်။ တကယ်တော့ အချို့ကျေးရွာများတွင် ပါတီခေါင်းဆောင် တို့သည် ရှေ့ဆုံးက အစာငတ်ခံကြရသည်။ အရင်ဆုံးသေကြရသည်။ ယခုဖြစ်ပွားသည့် ငတ်မွတ်ခြင်းသည် ကူမင်တန်အစိုးရ လက်ထက်ကထက် ဆိုးရွားသည်။ သို့သော်လည်း ပုံစံမတူ။ ကူမင်တန်လက်ထက်တွင်မူ ငတ်သူကငတ်ပြီး၊ သုံးစွဲ စားသောက်နိုင်သူတို့က ပြောင်ပြောင်တင်းတင်း စားသုံးနေနိုင်ကြသည်။ ငတ်သူနှင့် အလျှံပယ်စားရသူ တို့ကို တစ်ပြိုင်နက်တည်း မြင်တွေ့ရသည်။

အငတ်ဘေး မကျရောက်မီက မြေရှင်မိသားစုမှ ဆင်းသက်လာသည့် ကွန်မြူနစ်ခေါင်းဆောင် တို့သည် သူတို့မိဘများကို သူတို့နှင့်အတူ မြို့သို့ခေါ်၍ထားကြသည်။ အငတ်ဘေးဆိုက်သောခါ အသက်အရွယ် ကြီးသည့် အဘိုးအဘွား တို့ကို ဇာတိကျေးရွာသို့ ပြန်ပို့ပြီး လယ်သမားများနှင့်အတူ ဘဝခရီးကြမ်းကို ခါးစည်းပြီး ခံစေရန် ပါတီက အမိန့်များထုတ်သည်။ သဘောမှာ ကွန်မြူနစ်ခေါင်းဆောင်များသည် လူတန်းစားရန်သူ မိဘများအတွက် အခွင့်အရေးတစ်ရပ်အနေဖြင့် မယူရခြင်း ဖြစ်သည်။ ကျွန်မတို့ မိတ်ဆွေအချို့၏ အဘိုးအဘွားများသည် ချိန်တူမှ ခွာပြီး ရွာ သို့ပြန်ကာ အငတ်ဘေးနှင့်အတူ သေသွားကြသည်။

ခုန်ပျံကျော်လွှားရေးနှင့်အတူ ဖြစ်ပေါ်လာသော ငတ်မွတ်ခေါင်းပါးခြင်းကြောင့် ကျွန်မမိဘများ ချောက်ချောက်ချားချား ဖြစ်ကြရသည်။ သူတို့မှာ စာရင်းဇယားအပြည့်အစုံ မရသော်လည်း သဘာဝဘေးဒဏ် သင့်သောကြောင့် ငတ်မွတ်သည် ဆိုသည်ကို သူတို့ မယုံကြည်။ ပါတီခေါင်းဆောင်များတွင် တာဝန်ရှိသည်၊ အပြစ်ရှိသည်ဟု ခံယူကြသည်။ သူတို့သည် မမှန်သတင်းဖြန့်သည့် ဝါဒဖြန့်ချိရေး ယန္တရားဇဟိုချက်မတွင် ရပ်နေကြသူများဖြစ်သည်။ မရိုးသားသည့် နေ့စဉ်လိမ်ညာမှု ဖြန့်ချိသည့်ဘဝမှ လွတ်မြောက်ရန် အဖေသည် ကွန်မြူန်းများသို့သွားကာ ငတ်မွတ်သူတို့အား ကူညီမည်ဟု တာဝန်ယူသည်။ သဘောမှာ လယ်သမားများနှင့် အတူ နေပြီး အတူအငတ်ခံမည်ဆိုခြင်း ဖြစ်သည်။ ဤသို့ တာဝန်ထမ်းဆောင်ခြင်းသည် "ပြည်သူနှင့် အေးအတူပူအမျှ နေရမည်" ဆိုသော မော်စီတုန်း၏ "ညွှန်ကြားချက်နှင့် ကိုက်ညီသည်။ သို့သော်လည်း သူ၏ ရုံးအဖွဲ့ဝင်များက မကျေနပ်။ ရုံးအဖွဲ့သည် အဖေနှင့် အတူ လိုက်သွားရသည်။ မလိုက်ချင်၊ လိုက်လျှင် အငတ်ခံရမည် မဟုတ်လား။

၁၉၅၉ နောက်ပိုင်းမှ ၁၉၆၁ အတွင်းကာလမှာ အဆိုးရွားဆုံးအချိန် ဖြစ်သည်။ အဖေ့ကို ကျွန်မ မတွေ့ရသည်မှာ ကြာပြီ။ အဖေသည် ထိုအချိန်တွင် ကျေးလက်တွင် ကန်စွန်းဥရွက်များ သစ်ခေါက်များစားကာ လယ်သမားများနှင့်အတူ ဘဝကို ရုန်းကန်အသက်မွေးခဲ့သည်။ သူ့ရှေ့မှာ သေသွားသူတွေ အများကြီးရှိသည်။ နေ့မြင်ညပျောက် ခေတ်ကြီးပေတည်း။

နေ့စဉ်မြင်တွေ့ရသည်တို့ကြောင့် အဖေ စိတ်မချမ်းသာ။ သို့တိုင်အောင် ဒေသခံပါတီခေါင်းဆောင်တို့ ဖုံးဖိသဖြင့် မမြင်ရမကြားရသည်တို့ ရှိသေးသည်။ အဖေတွင် အသည်းရောဂါရသည်။ ခြေလက်ဖောယောင်သည်။ စိတ်ကျရောဂါလည်း တိုးလာသည်။ တောမှ ပြန်လာပြီး ဆေးရုံသို့မကြာခဏ သွားရသည်။ ၁၉၆၁ တွင် လအတန်ကြာ ဆေးရုံမှာ သူ နေသည်။ ယခုမူ သူသည် အပြောင်းအလဲကြီး ပြောင်းလဲ လာသည်။ ဟိုအရင်ကလို အလွန်စင်ကြယ်သည့် ကွန်မြူနစ်ကောင်းတစ်ယောက် မဟုတ်တော့ပြီ။ ပါတီက သူ့ကိုမကျေနပ်။ "တော်လှန်ရေးစိတ်ဓာတ် မှေးမှိန်သွားပြီ" ဟု ပါတီက ဝေဖန်ကာ အဖေ့အား ဆေးရုံမှ အမြန်ဆင်းခိုင်းသည်။

အဖေသည် ဆေးရုံတက်ရင်း ငါးမျှားသည်။ အချိန်အတော်များများကို ငါးမျှားရင်ဖြုန်းသည်။ ဆေးရုံနှင့်မျက်နှာချင်းဆိုင်တွင် ကျောက်စိမ်းစမ်းဟု ခေါ်သည့် မြစ်ငယ်လေးတစ်ခုရှိသည်။ မိုးမခကိုင်းတို့ မြစ်ကမ်းပေါ်သို့ ငိုက်ကျနေသည်။ တိမ်တောင်တိမ်လိပ်တို့ မြစ်ရေပြင်မှာ လာ၍ အရိပ်ထင်သည်။ ကျွန်မလည်း အဖေ ငါးမျှားသည်ကိုစောင့်ရင်း မြစ်ကမ်းပါးမှာထိုင်သည်။ ထိုနေရာတွင် အနံ့အသက်မကောင်း၊ အိမ်သာစော်နံသည်။ ကမ်းပါးထိပ်တွင် ဆေးရုံ၏ ပန်းခြံရှိသည်။ ယခု ဟင်းသီးဟင်းရွက်စိုက်ခင်းဖြစ်နေပြီ။ လူ့မစင်ကို မြေဩဇာအဖြစ် အသုံးပြုသဖြင့် နံစော်သည်။ ယင်းမှရသည့် ဟင်းရွက်နှင့် သီးနှံတို့ကို ဆေးရုံဝန်ထမ်းများနှင့် လူနာများ စားကြသည်။ မျက်စိမှိတ် စဉ်းစားလိုက်သည့်အခါ ဟိုတုန်းက ဂေါ်ဖီထုပ်ကိုစားသည့် ပိုးကောင်များကို ဖမ်းပြီး အဖေ၏ ငါးမျှားချိတ်မှာ အစာအဖြစ် ချိတ်ပေးရသည်ကို ကျွန်မ မြင်ယောင်လာသည်။ မောင်လေးများကလည်း ငါးစာရှာ၍ပေးသည်။

ဟင်းသီးဟင်းရွက်စိုက်ခင်းမြင်ကွင်းမှာ သနားစရာကောင်းသည်။ ဆရာဝန်များနှင့် သူနာပြုများသည် စိုက်ပျိုးရေးကျွမ်းကျင်သူများ မဟုတ်ကြပေ။

သမိုင်းတစ်လျှောက်တွင် တရုတ်ပညာရှိများနှင့် မှူးမတ်ကြီးများသည် ဘုရင်တို့နှင့် အမြင်ကွဲလွဲသည့်အခါ နန်းရိပ်မှခွာပြီး ငါးသွားမျှား နေလေ့ရှိသည်။ ငါးမျှားခြင်းသည် သဘာဝဆီသို့ ထွက်ပြေးခြင်းဖြစ်သည်။ မျက်မှောက်နိုင်ငံရေးမှခွာပြီး သဘာဝကိုပြေး၍ ပွေ့ဖက်ခြင်းတစ်မျိုးဖြစ်သည်။ ငါးမျှားခြင်းသည် ထီးရိပ်နန်းရိပ်ကို မက်မောတွယ်တာနေရာမှ ဇွတ်အတင်းခွာခြင်း၊ ထီးနန်းနှင့် မပူးပေါင်းခြင်း သဘောကိုဆောင်သော အမှတ်လက္ခဏာတစ်ခု ဖြစ်သည်။

အဖေငါးမျှားသော်လည်း ငါးမရသည်က များသည်။ "ငါးရဖို့အတွက်

ငါးမျှားသွားခြင်းမဟုတ်” ဟူ၍ အစချီသည့် ကဗျာတစ်ပုဒ် သူရေးဖွဲ့သည်။ သို့သော်လည်း သူနှင့်ငါးမျှားဘက် ဒုတိယညွှန်မှူးက သူရသည့် ငါးကို အမြဲ ခွဲဝေ၍ ပေးသည်။ ၁၉၆၁ ငေတ်မွတ်ခြင်းကာလ အလယ်တွင် အမေ၌ နောက်ထပ်ကိုယ်ဝန် တစ်ခုရသည်။ ငါးသည် ဗိုက်ထဲက ကလေး၏ ဆံပင်ကို သန်မာစေသည်ဟု တရုတ်တို့ ယုံကြည်သည်။ အမေသည် နောက်ထပ်ကလေး မလိုချင်။ သူတို့နှစ်ယောက်စလုံး လခရနေကြလေရာ နို့ထိန်းများ မပေးတော့။ ကလေးလေးယောက်ရှိလာသဖြင့် အလုပ်ပိုလာသည်။ ငွေပိုမရှိ။ အဖေသည် သူရသည့် လခကို စာအုပ်ဝယ်ဖတ်သည်။ စာအုပ်ဖိုးများစွာ ကုန်သည်။ ဂန္ထဝင်ကျမ်းတစ်တွဲ၏ တန်ဖိုးသည် အဖေ့ နှစ်လခစာနှင့် ညီမျှသည်။ အမေတိုးတိုးညည်းသည်။ မိတ်ဆွေများက အဖေ့အဆင့်အတန်းနှင့် ဆိုလျှင် စာအုပ်ထုတ်ဝေသည့် တိုက်ဆီက မေတ္တာလက်ဆောင် တောင်းနိုင်သည်ဟု အကြံပေးကြသည်။ ပါတီလုပ်ငန်းသုံးဆိုလျှင် ရနိုင်မည်ထင်သည်။ သို့သော်လည်း အဖေက အလကားမတောင်း။ ပိုက်ဆံပေးပြီးဝယ်သည်။

သားကြောဖြတ်ခြင်း၊ သားဖျက်ချခြင်းနှင့် သားသမီးမရအောင် တားခြင်းတို့မှာ ခက်ခဲသည်။ ၁၉၅၄ တွင် ကွန်မြူနစ်တို့သည် မိသားစုစီမံကိန်းကို စတင်အကောင် အထည်ဖော်သည်။ အမေသည် သူ့ခရိုင်၏ စီမံကိန်းတာဝန်ခံ ဖြစ်သည်။ ထိုအချိန် တွင် သူ့ဗိုက်ထဲမှာ ရှောက်ဟေ ကိုယ်ဝန်ဆောင်နေပြီ။ သူ့ဗိုက်ကို ပုတ်ပြကာ ခပ်သောသောလေး ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးလုပ်ပြီး အစည်းအဝေးများကို စတင်လေ့ ရှိသည်။ မော်က သားသမီးမမွေးအောင် ထိန်းသိမ်းခြင်းကို သဘောမတူ။ လူဦးရေ အများကြီးကို အခြေခံသည့် အင်အားကြီးသော တရုတ်နိုင်ငံကြီး ဖြစ်စေချင်သည်။ အမေရိကန်တို့က တရုတ်ကို အနုမြူဗုံးများချလျှင် တရုတ်တို့သည် နောက်ထပ် ကလေးများစွာ မွေးရင်း လူဦးရေကို ဖြည့်တင်းကာ ခုခံသွားမည်ဟု မော် ပြောလေ့ရှိသည်။ တရုတ်လယ်သမားတို့က ကလေးများများမွေးသည်ကို သဘောကျသည်။ ဝိုင်းဝန်းလုပ် ကိုင်မည့်လက်တွေ များလာလေလေ ကောင်းလေလေဖြစ်သည်။ ၁၉၅၇ တွင် ပီကင်းတက္ကသိုလ်မှ ပါမောက္ခတစ်ယောက်က ပဋိသန္ဓေတားဆီးခြင်းကို ထောက်ခံရာ သူ့ကို လက်ျာဂိုဏ်းသားဟု မော်က စွပ်စွဲသည်။ ထို့နောက် မိသားစုစီမံကိန်းစကားကို မပြောကြတော့ပေ။

၁၉၅၉ တွင် အမေ၌ ကိုယ်ဝန်ရှိဖူးသည်။ ပါတီက ဖျက်ချခွင့်ပြုသည်။ ထိုအချိန်က ဗိုက်ခွဲမွေးရသည်မှာ အန္တရာယ်ကြီးသည်။ ထို့ကြောင့် ပါတီက ခွင့်ပြုခြင်း ဖြစ်သည်။ သို့ဖြစ်ရာ အမေ ဖျက်ချသည်။ သို့သော်လည်း သားဖျက်သည့်နည်းမှာ ရှေးရိုးနည်းဖြစ်သဖြင့် အလွန်နာကျင်သည်။ ၁၉၆၀ တွင် ကိုယ်ဝန်ရှိလာသည့်အခါ ဖျက်ချဖို့ မစဉ်းစားတော့။ ပါတီ၊ ဆရာဝန်များနှင့် အမေကပါ ဖျက်မချချင်။

ကျွန်မတို့ အိမ်ဖော်အမျိုးသမီးမှာလည်း ကိုယ်ဝန်ရှိလာသည်။ သူသည်

အဖေ၏ အမျိုးသားအိမ်ဖော်နှင့် အိမ်ထောင်ကျသည်။ အဘွားက နှစ်ယောက်အတွက် ကြက်ဥများ၊ ပဲပိစပ်များ၊ ချက်ပြုတ်ကျွေးသည်။ အဖေတို့ ရာရှင်တွင် ကြက်ဥ ပါသည်။ ငါးကိုမူ အဖေ၏ ငါးမျှားဘက် မိတ်ဆွေကပေးသည်။

အိမ်ဖော်တွင် ၁၉၆၁ ကုန်ဆုံးခါနီး၌ သားယောကျ်ားလေးမွေးသည်။ သူတို့ အိမ်ခွဲသွားကြသည်။ တစ်နေ့တွင် ထိုအိမ်ဖော်မလေး စားသောက်ဆိုင်သို့ စားစရာ ယူရန်သွားရင်း ပါးစပ်ထဲသို့ အသားမုန့်များ ပလုတ်ပလောင်းသွတ်ကာ စားသွားသည်ကို အဖေ မြင်လိုက်သည်။ အဖေတစ်ဖက်လှည့်ထွက်သွားပြီး မမြင်ချင်ယောင် ဆောင်နေလိုက်သည်။ ထိုအကြောင်း ဘယ်သူ့ကိုမှ အဖေ မပြော။ နောင်အခါ ငတ်မွတ်ဘေးဆိုက်စဉ်က အကြောင်းများ ပြန်ပြောင်း သတိရကာ ပြောပြမှ ထိုအကြောင်း အဖေ ပြောပြခြင်းဖြစ်သည်။

အိမ်ဖော်အမျိုးသမီး အလုပ်ထွက်သွားလျှင် နောက်တစ်ယောက်မထားနိုင်။ စားစရာခက်ခဲသည်။ ထိုအလုပ်လုပ်ချင်သည့် ကျေးလက်မှ မိန်းကလေးများမှာ ရိက္ခာရာရှင်မရနိုင်။ သို့ဖြစ်ရာ ကျွန်မတို့မိသားစု ငါးယောက်ကို အဘွားနှင့် ဒေါ်လေး တို့က ချက်ပြုတ်ကျွေးမွေးရသည်။

ကျွန်မ၏ အငယ်ဆုံးမောင်လေး ရှောက်ဖန်ကို ၁၉၆၂ ဇန်နဝါရီ ၁၇ တွင် မွေးသည်။ သူတစ်ယောက်သာ အမေ့နို့တိုက်ပြီး မွေးရသည်။ သူ့ကို အားလုံးက ဝိုင်း၍ချစ်သည်။ အဖေ၏ အသည်းစွဲဖြစ်လာသည်။ သူငိုလျှင် အဖေ နေမထိ ထိုင်မသာ ဖြစ်လာသည်။ သူ့ကိုချီကာ ကုန်တိုက်သို့ သွားကာ အရုပ်ကြီးများ အဖေ ဝယ်ပေးသည်။

၁၉၆၁ အဦးပိုင်းတွင် လူသန်းပေါင်းများစွာ သေဆုံးသဖြင့် မော်အား သူ၏ စီးပွားရေးပေါ်လစီကို အတင်းအကျပ် စွန့်လွှတ်ခိုင်းရသည်။ လက်တွေ့ကျကျ လုပ်တတ်သည့် သမ္မတလျူရှောက်ချီနှင့် ပါတီအထွေထွေ အတွင်းရေးမှူး တိန့်ရှောင်ဖိန်တို့ လက်သို့ တာဝန်များကို စိတ်မပါတပါ အပ်လိုက်သည်။ တစ်ဖန် မော်အား ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးလုပ်ခိုင်းသည်။ ဝေဖန်ရေးလုပ်သည့်အခါ သူ့ကိုယ်သူ သနားသည့်စိတ်ဖြင့် ခပ်ပျော့ညံ့ညံ့ ဝေဖန်သည်။ ထို့နောက် ပါတီအား သဘောထားကြီးကြီးထားပြီး ဆိုးရွားသည့်အတွေ့အကြုံများမှ သင်ခန်းစာများ ယူခိုင်းသည်။ မော်မှ စလိုက်သည့် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးသည် တကယ် တာဝန်ရှိသူကို ဖုံးကွယ်ထားသည်။ ထို့နောက် မည်သူမျှ တရားခံမရှာကြတော့ပေ။

မည်သို့ဖြစ်စေ အခြေအနေများ တိုးတက်စပြုလာသည်။ လက်တွေ့ကျကျ လုပ်သူတို့က ပြုပြင်ရေးကြီးများကို ဆက်တိုက်လုပ်သည်။ ပြုပြင်ရေးလုပ်ရင်း တိန့်ရှောင်ဖိန်က "ကြောင်ဟာဖြူဖြူ မည်းမည်းမလိုဘူး။ ကြွက်ဖမ်းနိုင်ရင် လုံလောက်ပြီ" ဟု မှတ်ချက်ချသည်။ သံမဏိ အများအပြားထုတ်လုပ်ရေး စီမံကိန်းကို ရပ်လိုက်သည်။ မဖြစ်နိုင်သည့် စီးပွားရေးပန်းတိုင်များဆီသို့ ချီတက်ရန်မလိုတော့ပေ။ မှန်ကန်သည့် ပေါ်လစီများကို ချမှတ်သည်။ ပြည်သူ့စားသောက်ဆိုင်များ ဖျက်သိမ်းသည်။ လယ်သမားသည်

သူအလုပ်လုပ်သလောက် ဝင်ငွေရနိုင်မည်။ သူတို့ထံမှ သိမ်းပိုက် ထားသည့် ထွန်ထယ်ကျွဲနွားတို့ကို ပြန်၍ပေးသည်။ လယ်ကွက်အငယ်လေးများကို ကိုယ်ပိုင်လယ်အဖြစ် ထွန်ယက်စိုက်ပျိုးခွင့်ပေးသည်။ အချို့ဒေသတို့တွင် လယ်သမား အိမ်ထောင်စုများအား နိုင်ငံတော်က လယ်မြေများ ငှားရမ်းသည်။ စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးတွင် ဈေးကွက်စီးပွားရေးစနစ်၏အခြေခံများ ဆောင်ရွက်ခွင့်ပြုသည်။ သို့နှင့် သုံးလေးနှစ်အတွင်း စီးပွားရေး အခြေအနေကောင်းများ ဖြစ်ပေါ်လာသည်။

စီးပွားရေးထိန်းချုပ်မှု လျော့နည်းလာသည်နှင့်အမျှ နိုင်ငံရေးတွင်လည်း သဘောထားကြီးကာ အမြင်ကျယ်ပြန့်လာသည်။ မြေပိုင်ရှင်အများအပြားကို "လူတန်း စားရန်သူ" ဟု မခေါ်တော့။ လွန်ခဲ့သည့် နိုင်ငံရေးလမ်းစဉ်တိုက်ပွဲများတွင် ထုတ်ပယ်ထားသူတို့ကို ပြန်လည်ထူထောင်ခွင့်ပြုသည်။ ယင်းတို့တွင် ၁၉၅၅ တန်ပြန် တော်လှန်ရေးသမားများ၊ ၁၉၅၇ က လက်ျာဂိုဏ်းသားများနှင့် ၁၉၅၉ က လက်ျာ အချောင်သမားများ ပါဝင်သည်။ အမေသည် ၁၉၅၉ တွင် လက်ျာဂိုဏ်းသို့ တိမ်းညွတ် သဖြင့် ပါတီက သတိပေးခံရသည်။ ၁၉၆၂ တွင်မူ အမေ့ကို အစိုးရဝန်ထမ်းအဆင့်၌ အဆင့် ၁၇ မှ အဆင့် ၁၆ သို့ တိုးမြှင့်သတ်မှတ်သည်။ စာပေလွတ်လပ်ခွင့် အနုပညာ လွတ်လပ်ခွင့်ပို၍ ရလာသည်။ ယေဘုယျအခြေအနေမှာ မတင်းမာ မတင်းကျပ်။

လူတွေပို၍ စိတ်ချမ်းသာလာသည်။ အဖေနှင့် အမေသည် ပါတီကိုပို၍ ယုံကြည် လာသည်။ အမှားကို ပြင်ခွင့်ရသည်။ ခွင့်လွှတ်ခြင်းခံရသည်။

ဤကိစ္စများဖြစ်ပျက်နေစဉ် ကျွန်မသည် နံရံကြီးများနောက်က အစိုးရ ရုံးဝိုင်းထဲက "ပိုးအိမ်" လေးတစ်ခုထဲတွင် နေထိုင်ရသည်။ တကယ့်ဝမ်းနည်း ကြေကွဲစရာအဖြစ်များနှင့် ကျွန်မမှာ တိုက်ရိုက်မထိတွေ့ရပေ။ မကျေနပ်သော ဆူညံသည့် အသံများအကြားတွင် ကျွန်မကြီးပြင်းခဲ့ရပြီး ဆယ်ကျော်သက်အရွယ်သို့ တက်လှမ်းခဲ့ရသည်။

****

[၁၃]

ရွှေတစ်ထောင်တန်လေး

အခွင့်ထူးခံ ပိုးအိမ်လေးထဲမှာ

(၁၉၅၀ - ၁၉၆၅)

၁၉၅၈ တွင် မူလတန်းကျောင်းသို့ အမေက ကျွန်မကို ပို့သည်။ ကျွန်မမှာ ပန်းရောင် အင်္ကျီသစ်နှင့် အစိမ်းရောင် ဖလန်နယ်ဘောင်းဘီဝတ်ပြီး ခေါင်းမှာ ပန်းရောင်ဖဲပြားကြီး စည်းထားသည်။ ကျောင်းအုပ်ဆရာမကြီး အခန်းထဲသို့ ဝင်သွားကြသည်။ ဆရာမ တစ်ယောက်နှင့် စောင့်ကြိုနေသည်။ သူတို့အားလုံး ပြုံးရွှင်သော မျက်နှာများဖြင့် အမေ့ကို ညွှန်မှူးရှီယာအဖြစ် ရိုရိုသေသေ လက်ခံစကားပြောသည်။ အမေသည် အရေးကြီးသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လာသည်။ ထိုကျောင်းသည် အမေ၏ လက်အောက်မှဖြစ်သည်ဟု နောင်တွင် ကျွန်မ သိရသည်။

ကျွန်မမှာ အသက်ခြောက်နှစ်ရှိနေပြီ။ ထုံးစံက ခုနစ်နှစ်ရှိမှ ကျောင်းလက်ခံသည်။ ဒေသတွင် ကျောင်းများများစားစားမရှိ။ အဖေရော အမေကပါ ကျွန်မကို စောစောကျောင်းအပ်ချင်သည်။ ကျွန်မသည် ဂန္ထဝင်ကဗျာကို သွက်လက်စွာရွတ်ပြ နိုင်ပြီး လက်ရေးလက်သား စုတ်ဆွဲချက်လည်း ကောင်းသည်။ သူတို့ ကျေနပ်သဖြင့် ကျွန်မကို အထူးအခွင့်အရေးပေးကာ လက်ခံသည်။ အဖေနှင့်အမေတို့က ဂုဏ်ယူသည်။ သူတို့၏ အပေါင်းအသင်းများ၏ ကလေးများကို ထိုကျောင်းက လက်မခံ။

လူတိုင်း သူတို့သားသမီးများကို ဤကျောင်းသို့ ပို့ခွင့်ချင်ကြသည်။ ချိန်တူတွင် အကောင်းဆုံး ကျောင်းဖြစ်ပြီး ပြည်နယ်တစ်ခုလုံးတွင် ထိပ်တန်းစာရင်း၌ ပါသည်။ ထိပ်တန်းကျောင်းများနှင့် တက္ကသိုလ်များတွင် ဝင်ခွင့်ရရန်မှာ ခဲယဉ်းသည်။ ကျောင်းဝင်ခွင့်မှာ အဆင့်လိုက်၍ သက်မှတ်သည်။ တော်သူကို လက်ခံသည်။ အရာရှိ သားသမီးများ ဖြစ်သော်လည်း ဦးစားမပေး။

ဆရာအသစ်တစ်ယောက် လက်သို့အပ်တိုင်း ကျွန်မကို "ညွှန်မှူးချင်နှင့် ညွှန်မှူးရှီယာတို့၏ သမီး" ဟု ညွှန်းလေ့ရှိသည်။

လစဉ်စာမေးပွဲများစစ်သည်။ ရမှတ်နှင့်အဆင့်များကို ကြေငြာသင်ပုန်းမှာ ကပ်သည်။ ကျွန်မသည် အတန်းတွင် အမြဲတမ်း ပထမရသည်။ နောက်ကသူများ မကျေနပ်။ မကျေနပ်သည်ကို "ရွှေတစ်ထောင်တန်လေး" ဟု နာမည်ပေးခြင်းဖြင့် ပြသည်။ ကျွန်မ စားပွဲအံဆွဲထဲ ဖားပြုပ်ထည့်ထားသည်။ ဆံပင်ကျစ်ဆံမြီးကို ကုလားထိုင်နောက်ကျောနှင့် ချည်ထားသည်။ ကျွန်မတွင် စုပေါင်း စိတ်ဓာတ်မရှိ၊ တစ်ဖက်သားကို ရှုတ်ချသည့်အကြည့်ဖြင့် ကြည့်သည် စသဖြင့် စွဲချက် အမျိုးမျိုး တင်သည်။

သို့တိုင်အောင် ကျွန်မသည် သူတို့နှင့် မပေါင်းသင်းချင်။ တစ်ယောက်တည်းသာ နေချင်သည်။

ကျောင်းစာမှာ အနောက်နိုင်ငံ ကျောင်းများအတိုင်းဖြစ်သည်။ သံမဏိ ကျိုရသည့်အချိန်ကား ခြွင်းချက်ဖြစ်သည်။ နိုင်ငံရေး မသင်ကြားသော်လည်း အားကစားများ ပြုလုပ်ရသည်။ အလွန်များသည်။ အပြေး၊ အမြင့်ခုန်၊ အလျားခုန်၊ ကျွမ်းဘားနှင့် ရေကူးမှာ မသင်မနေရဖြစ်သည်။ ကျောင်းပြင်ပအားကစား တစ်ခုခု သင်ရသည်။ တင်းနစ်ကို ကျွန်မ ရွေးသည်။ အစတွင် အဖေက ကျွန်မကို အားကစားမယ် မဖြစ်စေချင်။ မထူးချွန်စေချင်။ သို့သော်လည်း အလွန်လှသည့် တင်းနစ်သင် အမျိုးသမီးလေးက ဘောင်းဘီတိုနန့်နန့် လေးဝတ်ကာ အဖေ့ကို လာ၍တွေ့သည်။ အဖေ၏ အလုပ်တာဝန်များအနက် ပြည်နယ်အားကစား ကြီးကြပ်ရေးလည်းပါသည်။ တင်းနစ်ဆရာမလေးက ခပ်ပြုံးပြုံးမျက်နှာပေးလေးဖြင့် တင်းနစ်ဆိုသည်မှာ ရည်မွန်သော အားကစားဖြစ်ပြီး ထိုအချိန်က တရုတ်ပြည်တွင် လူတိုင်းမကစားကြ။ ကျွန်မသာ တိုင်းပြည်အတွက် နမူနာကောင်းပြမည်ဆိုလျှင် အလွန်ကောင်းသည်ဟု အဖေ့အား ပြောပြသည်။ အဖေ ခွင့်ပြုလိုက်ရသည်။

ဆရာများကို ကျွန်မချစ်သည်။ သူတို့သည် သက်ဆိုင်ရာ ဘာသာရပ်များတွင် အသင်အပြ ကောင်းသူများ ဖြစ်သည်။ စိတ်ပါလာအောင် သင်ကြားနိုင်သည်။ သိပ္ပံဆရာတစ်ယောက်ကို ကျွန်မ သတိရမိသည်။ သူကား မစ္စတာ တာ-လီဆိုသူဖြစ်သည်။ သူက ဂြိုဟ်တုတစ်ခုကို ပတ်လမ်းထဲသို့ ရောက်အောင်လွှတ်တင်သည့် သဘောတရားကို သင်ပြသည်။ (ထိုအချိန်တွင် ပထမဆုံးစပွတ်နစ်ကို ရုရှားက အာကာသထဲသို့ လွှတ်တင်ပြီးစဖြစ်သည်) တစ်ဖန်အခြားဂြိုဟ်များသို့လည်း သွားရောက်နိုင်သည့် အလားအလာရှိသည်ဟု ပြောပြသည်။ ရုတ်ရုတ်သဲသဲ ကောင်လေးများပင် ကုလားထိုင်နှင့်ဖင်ကပ်နေအောင်ထိုင်ပြီး နားထောင်ကြသည်။ ကျောင်းသားတစ်ယောက်က ယခုဆရာသည် လက်ျာဂိုဏ်းဝင် ဖြစ်ခဲ့သည်ဟု ပြောသံကြားလိုက်ရသည်။ သို့သော်လည်း မည်သူမျှ အဓိပ္ပာယ်နားမလည်ကြ။ သူလက်ျာဂိုဏ်းဝင်ဖြစ်၍လည်း ကျွန်မတို့ အဖို့ ဘာမှ မထူးခြား။

ဆရာမစ္စတာ တာ-လီအကြောင်း နောင်အခါ အမေကပြောသည်။ ဆရာသည် ကလေးများအတွက် သိပ္ပံဝတ္ထုရေးသည့် စာရေးဆရာတစ်ယောက် ဖြစ်သည်။ ၁၉၅၇ တွင် ဆောင်းပါးတစ်ပုဒ်သူရေးသည်။ ကြွက်သည် အစာကို ခိုးစားကာ ဝဖီးလာကြောင်းဖြစ်ပြီး ယင်းမှာ နိုင်ငံပိုင်ပစ္စည်းကို အလွဲသုံးစားလုပ်ပြီး ကြီးပွားနေသော ပါတီအရာရှိများကို ရည်ရွယ်ကာ ရေးသည့်ဆောင်းပါး ဖြစ်သည်။ ထို့ကြောင့် သူ့ကို လက်ျာဂိုဏ်းဝင်ဟု ကင်ပွန်းတပ်သည်။ စာမရေးရ ဟု တားမြစ်ခြင်းခံရသည်။ သူ့ကို ကျေးလက်သို့ ပို့တော့မည်တွင် ကျွန်မအမေက ယခုကျောင်းသို့ သိပ္ပံဆရာအဖြစ် ခန့်လိုက်ခြင်းဖြစ်သည်။ လက်ျာဂိုဏ်းသား တစ်ယောက်ကို ပြန်လည်အလုပ်ပေးဝံ့သူ ခပ်ရှားရှားဖြစ်သည်။

အမေသည် သတ္တိကောင်းသည်။ ထို့ကြောင့် ကျွန်မနေသည့် ကျောင်းကို သူ့လက်အောက်သို့ သွတ်သွင်းလိုက်ခြင်း ဖြစ်သည်။ ဒေသအပိုင်းအခြား အရဆိုလျှင် ကျွန်မနေသည့်ကျောင်းသည် ချိန်တူအနောက်ပိုင်းခရိုင်လက် အောက်ခံဖြစ်သည်။ သို့သော်လည်း အာဏာပိုင်များက အကောင်းဆုံးဆရာများ ကျောင်းတွင် ရှိစေချင်သည်။ မလိုလားအပ်သည့် ကျောထောက်နောက်ခံရှိသူ ဖြစ်စေ တော်လျှင်ဆရာအဖြစ် ခန့်ရမည်။ အမေသည် ဤလိုနေရာ၌ သတ္တိအလွန် ရှိသည်။ ကူမင်တန်အနွယ် လက်ျာဂိုဏ်းအနွယ် ဖြစ်စေကာမူတော်လျှင် အသင်အပြကောင်းလျှင် ခန့်ရဲသည့် သတ္တိရှိသည်။ အဖေ၏ အရှိန်အဝါကလည်း အဟန့်ကြီးသည်။

၁၉၆၂ တွင် အဖေကို သက်ဆိုင်ရာကခေါ်တွေ့ပြီး သားသမီးများကို ကျွန်မတို့နေသည့် ခြံဝိုင်း၏ တစ်ဖက်ရှိကျောင်းသို့ပို့ရန် ဖိတ်ခေါ်သည်။ ထိုကျောင်းကို “ပလိန်းပင်ကျောင်း” ဟု ခေါ်သည်။ ကျောင်းဝိုင်းတွင် ပလိန်းပင်ရိပ်သာလေး တစ်ခု တည်ရှိသည်။ ထိုကျောင်းမှာ အနောက်ပိုင်းခရိုင်တွင် ထိပ်တန်းကျောင်းအဖြစ် ရည်ရွယ်တည်ထောင်သည့် ကျောင်းဖြစ်သည်။ ဆရာကောင်းများကို ပလိန်းပင် ကျောင်းသို့ ပြောင်းရွှေ့ခန့်ထားသည်။ နောင်အခါ ထိုကျောင်းမှာ “မင်းစိုးရာဇာ ကျောင်း” ဟု နာမည်တွင်လာသည်။ ပြည်နယ် အစိုးရအဖွဲ့ဝင်အရေးကြီး ပုဂ္ဂိုလ်များ၏ သားသမီးများကို ထိုကျောင်းတွင် အပ်နှံကြသောကြောင့် ဖြစ်သည်။

ထိုကျောင်းမတိုင်မီက ချိန်တူတွင် တပ်မတော်ထိပ်တန်းအရာရှိများ၏ သားသမီးများနေသည့် ဘော်ဒါကျောင်းတစ်ခုရှိခဲ့သည်။ အုပ်ချုပ်ရေးဝန်ထမ်းအချို့သာ သူတို့သားသမီးများကို ထိုကျောင်းသို့ ပို့သည်။ စာသင်မကောင်း။ ညံ့သည်။ ကျောင်းသားများသည် မိဘအရှိန်အဝါချင်းပြိုင်ကြသည်။ “ငါ့အဖေက တပ်မမှူး၊ မင်းအဖေက ဗိုလ်မှူးချုပ်လောက်ရှိတာ” ဆိုသော စကားမျိုးပြောကြသည်။ သောကြာ နေ့ညနေဆိုလျှင် သားသမီးများကို အိမ်သို့ ပြန်ခေါ်ရန် ကားကြီးကားငယ်များဖြင့် လာ၍ ကြိုကြသည်။ ကျောင်းရှေ့တွင် ကားများ နန်နီများ၊ ကိုယ်ရံတော်များ၊ ဒရိုင်ဘာများ စုဝေးရောက်ရှိနေကြသည်။ အဖေ အမေတို့က ထိုပတ်ဝန်းကျင်မျိုးကို မကြိုက်။ ကလေးတွေ ပျက်စီးမည်စိုးရိမ်သည်။ ထိုကျောင်းမျိုးသို့ကား ပို့ရန်မရည်ရွယ်။

ပလိန်းပင် ကျောင်းသည် သီးသန့်ကျောင်းတစ်ခုမဟုတ်။ အတန်းတစ်တန်းတွင် တစ်နှစ် ကျောင်းသား နှစ်ဆယ့်ငါးယောက်သာ လက်ခံသည်။ ကျွန်မ နေခဲ့သည့် အရင်ကျောင်းတွင် ကျွန်မအတန်း၌ ကျောင်းသားငါးဆယ် ရှိသည်။ ကျောင်းနား တွင်နေသည့် ထိပ်တန်းခေါင်းဆောင်များ၏ သားသမီးများအတွက် ရည်ရွယ် တည်ထောင်သည့် ကျောင်းဖြစ်သည်။

ကျွန်မ၏ အတန်းသားသစ်များမှာ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၏ သား

သမီးများဖြစ်သည်။ အချို့သည် ကျွန်မတို့ ခြံဝင်းထဲမှာပဲ နေကြသည်။ ကျောင်းက လွဲလျှင် ကျွန်မတို့နေသည့် ခြံဝင်းသည် ကျွန်မ၏ ကမ္ဘာလေးတစ်ခု ဖြစ်သည်။ ပန်းခြံထဲတွင် ပန်းမျိုးစုံရှိသည်။ ထန်းပင်၊ ဖြူနီရောင်စုံပွင့်သည့် ဆယ်နှစ်ရာသီပန်းပင်၊ ဖယောင်းပန်းပင်၊ တတိုင်းမွှေးပင်၊ နှင်းဆီပန်းမျိုးစုံ၊ ခေါင်ရန်းပန်းပင်နှင့် အလွန်ရှားပါးသည့် တရုတ်ပေါ့ပလာပင်စုံတွဲ တို့ရှိသည်။ ပေါ့ပလာစုံတွဲသည် တစ်ပင်နှင့်တစ်ပင် ယှက်နွယ် နေကြသည်မှာ ချစ်သူနှစ်ဦး လည်ချင်းယှက်နေသည်နှင့် တူသည်။ သူတို့သည် အာရုံခံစားလွယ်သည်။ တစ်ပင်၏ ပင်စည်ကို ခြစ်လိုက်လျှင် နှစ်ပင်စလုံး လှုပ်ခါသွားပြီး အရွက်များပါ တဖျတ်ဖျတ် လှုပ်လာကြသည်။ နွေအခါ နေ့လယ် စာဆင်းချိန်တွင် ကျွန်မသည် စပျစ်နွယ်ပင် တက်နေသည့် စင်အောက် စည်ပုံ ကျောက်တုံးပေါ်တွင် ထိုင်ကာ တံတောင်ဆစ်များကို ကျောက်စားပွဲပေါ်မှာတင်ပြီး စာဖတ်လေ့ရှိသည်။ သို့မဟုတ် စစ်တုရင်ကစားသည်။ မလှမ်းမကမ်းတွင် ကောင်းကင်သို့ ထိုးတက်နေသည့် အုန်းပင်တစ်ပင် ရှိသည်။ အနှစ်သက်ဆုံးမှာ စင်တစ်ခုပေါ်နွယ်တက်နေသည့် စပယ်ကြက်ရုန်းပင်ဖြစ်သည်။ ပွင့်ပြီဆိုလျှင် ကျွန်မအခန်း တစ်ခုလုံး မွှေးကြိုင်နေသည်။ ပြတင်းမှာ ထိုင်ကာ ငေးကြည့်နေပြီး စပယ်နံ့ကို ရှူရှိုက်နေမိသည်။

ခြံဝင်းထဲသို့ ပထမဆုံးပြောင်းရွှေ့လာသည့်အခါ လုံးချင်း တစ်ထပ်အိမ်ကလေးမှာ ကျွန်မတို့ နေရသည်။ ခြံဝင်းသီးသန့်ရှိသည်။ တရုတ်ရိုးရာ ပုံစံ အိမ်မျိုးဖြစ်သည်။ ခေတ်မီသော အသုံးအဆောင်များမရှိ။ ပိုက်ရေမရ။ ဆွဲအိမ်သာမရှိ၊ ရေချိုးရန် ကြွေအင်တုံကြီးလည်းမပါ။ ၁၉၆၂ တွင် ခေတ်မီအနောက်နိုင်ငံပုံစံ အိမ်ခန်းတွဲ တိုက်မျိုးဆောက်သည်။ ကျွန်မတို့ မိသားစုအတွက် အခန်းတွဲတစ်ခုရသည်။ မပြောင်းရွှေ့မီ အိမ်သစ်ကို ကျွန်မ သွား၍ ကြည့်သည်။ ရေဘုံဘိုင်၊ ရေဆွဲအိမ်သာ၊ နံရံကပ်မှန် ဘီရိုတို့ကို ကိုင်တွယ်ကြည့်သည်။ ရေချိုးခန်းနံရံတွင် ကျောက်ပြားအဖြူများကို လက်ဖြင့် စမ်းကြည့်သည်။ အေးစက်ပြီး လက်မှာ အရသာတစ်မျိုးတွေ့ရသည်။

ခြံဝင်းထဲတွင် အိမ်ခန်းတွဲတိုက် ဆယ့်သုံးလုံးရှိသည်။ လေးလုံးမှာ ဌာန ညွှန်မှူးများအတွက်ဖြစ်ပြီး ကျန်တိုက်များမှာ ဗျူရိုအကြီးအကဲများအတွက် ဖြစ်သည်။ ကျွန်မတို့ တိုက်ခန်းမှာ တစ်ထပ်လုံးဖြစ်ပြီး ဗျူရိုအကြီးအကဲတို့မှာ တစ်ထပ်ကို နှစ်ယောက်ခွဲ၍ နေရသည်။ ကျွန်မတို့နေသည့် အခန်းများက ပို၍ ကျယ်သည်။ အတွင်းခန်းပြတင်းများတွင် ခြင်ဆန်ခါများ တပ်ဆင်ထားသည်။ ရေချိုးခန်း နှစ်ခုပါသည်။ သူတို့တွင် ရေချိုးခန်းတစ်ခုသာပါသည်။ ကျွန်မတို့မှာ တစ်ပတ်ရေနွေး သုံးရက် ရပြီး သူတို့မှာ ရေနွေးမရ။ ကျွန်မတို့မှာ ကိုယ်ပိုင်တယ်လီဖုန်းတစ်ခုရသည်။ ဤသည်မှာ တရုတ်ပြည်တွင် အလွန့်အလွန်ထူးသည့် အခွင့်အရေးတစ်ခုဖြစ်သည်။ ဗျူရို အကြီးအကဲများတွင် တယ်လီဖုန်းမရ။ အရာရှိငယ်များသည် လမ်းတစ်ဖက်က ခြံဝင်း ငယ်ထဲတွင် အိမ်ခန်းတွဲလေးများ၌

နေရသည်။ သူတို့အိမ်များမှာ ကျွန်မတို့လောက် မပြည့်စုံ။ ပြည်နယ်ခေါင်းဆောင်မှုကို ချုပ်ကိုင်ထားသည့် ပါတီအတွင်းရေးမှူး ခြောက်ယောက်ခန့်သည် အတွင်းဘက်၌ တသီးတသန့် နေထိုင်သည်။ အတွင်းဘက်တွင် သူတို့၏ သီးခြားခြံဝင်းရှိသည်။ တံခါးနှစ်ပေါက်ရှိပြီး အစောင့်များ နှစ်ဆယ့်လေးနာရီ စောင့်နေသည်။ သေနတ်ကိုင်စစ်သားများ စောင့်ကြပ်သည်။ အထူးအခွင့်အရေး ရသူမှ ထိုခြံဝင်းထဲ ဝင်ခွင့်ရှိသည်။ ဂိတ်နောက်ဘက်တွင် နှစ်ထပ်အိမ်များ ရှိပြီး ပါတီအတွင်းရေးမှူးများ နေသည်။ ပထမပါတီ အတွင်းရေးမှူးလီကျင်ကျွမ်း အိမ်ရှေ့တွင် လက်နက်ကိုင် အစောင့်တစ်ယောက် ရပ်နေသည်။ ကျွန်မသည် အခွင့်ထူးခံများ အလယ်တွင် ကြီးပြင်းလာသူဖြစ်သည်။

ခြံဝင်းထဲတွင် အလုပ်လုပ်ကြသူများသည် တံခါးမကြီးတွင် ဝင်ခွင့်လက်မှတ်ပြရသည်။ ကလေးများဖြစ်ကြသည့် ကျွန်မတို့မှာ လက်မှတ်များမရှိ။ သို့သော် လည်း အစောင့်များက မှတ်မိသည်။ ကျွန်မတို့ဆီ ဧည့်သည်လာလျှင် ဝင်ခွင့်တွေ တောင်းရသည်။ ပုံစံမှာ ဖြည့်ရသည်။ ထို့နောက်ကျွန်မတို့ အိမ်ခေါင်းလောင်း မြည်သည်။ ဧည့်သည်ရှိရာ တံခါးဝသို့သွား၍ ခေါ်ရသည်။ အစောင့်များက တခြားကလေး များကို ခြံဝင်းထဲ အဝင်မခံ။ မြက်ခင်းတွေ ပျက်စီးသွားမည်ဟု ဆိုသည်။ သို့ဖြစ်ရာ ကျွန်မတို့မှာ အိမ်သို့သူငယ်ချင်းများ မခေါ်လာနိုင်။ ထိပ်တန်းကျောင်းမှာ လေးနှစ်နေစဉ် မိန်းကလေးသူငယ်ချင်းများကို အိမ်သို့ အကြိမ်အနည်းငယ်သာ အလည်အပတ် ခေါ်ရသည်။

ကျောင်းသွားသည်မှလွဲ၍ ခြံဝင်းပြင်ဘက်သို့ ကျွန်မထွက်လေ့မရှိ။ ကုန်ပဒေသာဆိုင်သို့ အဘွားနှင့်တစ်ခါတစ်ရံ လိုက်သွားဖူးသည်။ သို့သော်လည်း ဝယ်စရာမလို။ ဈေးဝယ်ထွက်ခြင်းမျိုးကို အလေ့အလာမရှိ။ မိဘများက အခါကြီး ရက်ကြီးများတွင် မုန့်ဖိုးပေးလေ့ရှိသည်။ ကျွန်မတို့ ကင်တင်းမှာ တကယ့်စားသောက်ဆိုင်ကြီးနှင့် တူသည်။ အစားကောင်းများ ချက်ပြုတ်သည်။ အငတ်ဘေးကာလမှ လွဲလျှင် ဟင်းခွက်အနည်းဆုံး ခုနစ်ခု၊ ရှစ်ခုတည်ခင်းကျွေးမွေးသည်။ ကြိုက်ရာရွေးနိုင်သည်။ စားဖိုမှူးများမှာ အထူးရွေးချယ်ထားသူများ ဖြစ်သည်။ အားလုံးအဆင့်တစ် သို့မဟုတ် အထူးအဆင့် သတ်မှတ်ခံရသူများ ဖြစ်သည်။ ထိပ်တန်းစားဖိုမှူးများကို ကျောင်းဆရာများနည်းတူ အဆင့်ခွဲခြား သတ်မှတ်သည်။ အိမ်တွင် သကြားလုံးနှင့် သစ်သီးများရှိသည်။ ကျွန်မ အနှစ်သက်ဆုံးမှာ လော်လီပေါ့ခေါ် ချိုချဉ်ပြားများဖြစ်သည်။ ကလေးများနေ့ဖြစ်သည့် ဇွန် ၁ ရက်တွင် မုန့်ဖိုးရသည့်အခါ လော်လီပေါ့ နှစ်ဆယ့်ခြောက်ခု ကျွန်မ ဝယ်စားသည်။

ခြံဝင်းထဲတွင် အရာရာပြည့်စုံသည်။ ဈေးဆိုင်၊ ဆံပင်ညှပ်ဆိုင်၊ ရုပ်ရှင်ရုံ၊ ကပွဲခန်းမများ၊ ရေပိုက်တပ်ဆင်သူများနှင့် အင်ဂျင်နီယာများရှိသည်။ တွဲကသည့် အကကို လူကြိုက်များသည်။ သီတင်းပတ်ကုန်ရက်များတွင် ပြည်နယ်အစိုးရ လက်အောက်ရှိ အဆင့်အမျိုးမျိုးမှ ကပွဲအမျိုးမျိုး ကျင်းပသည်။ ယခင် အမေရိကန်

စစ်သားများ၏ ကပွဲခန်းမတွင် ဗျူရိုအကြီးအကဲအဆင့်နှင့် အထက်မိသားစုများ၏ ကပွဲများ ကျင်းပသည်။ တီးဝိုင်း၊ ပြည်နယ်ဂီတနှင့် အကအဖွဲ့မှ ရုပ်ရှင်သရုပ်ဆောင် မင်းသား၊ မင်းသမီးများ ရောက်လာကြပြီး ပါဝင်ကပြကြသည်။ အရောင်အသွေး စုံလင်ပြီး ရည်မွန်ကြော့မော့သည်။ မင်းသမီးအချို့သည် ကျွန်မတို့အိမ်သို့ ရောက်လာပြီး အဖေအမေတို့နှင့် စကားပြောသည်။ ထို့နောက် ကျွန်မတို့ကိုခေါ်ကာ ခြံထဲမှာ လမ်းလျှောက်ကြသည်။ ရုပ်ရှင်မင်းသားမင်းသမီးတို့မှာ တိုင်းပြည်က ချစ်သူများဖြစ်၍ သူတို့နှင့်တွဲ၍ သွားလာရသည်မှာ ဂုဏ်ယူ စရာကောင်းသည်။ ကျွန်မမှာ အတော်လေး ဘဝင်ကိုင်သွားသည်။ သူတို့ကို ပြည်သူက အထူးအခွင့်အရေး ပေးသည်။ သူများထက်ပို၍ ပြောင်ပြောင်လက်လက် ဝတ်နိုင်သည်။ သူတို့၏ ချစ်ရေးကြိုက်ရေး ကိစ္စတို့ကိုလည်း ခွင့်လွှတ်သည်။ ဂီတအဖွဲ့သည် အဖေ့လက်အောက်တွင် ရှိသည်။ အဖေမှာ သူတို့အကြီး အကဲဖြစ်သည်။ အဖေကို သူတို့က "အကမင်းသား" ဟု ကျီစယ် မှည့်ခေါ်သည်။ ထိုအခါ အဖေသည် ပြုံးပြီးရှက်သွေးမွှန်သွားသည်။ အနောက်တိုင်း နှစ်ယောက်တွဲအကများ ကကြသည်။ အမေက သူ့လောက်မတော်။ စည်းဝါးမမိ။ မက တတ်။ လူကြီးများ ကပြီးနားသည့်အခါ ကျွန်မတို့ကလေးများ အလှည့်ဖြစ်သည်။ ကပွဲခန်းမ ကြမ်းပြင်ပေါ်တွင် စကိတ်စီးသလို လျှောက်၍ ပြေးကြသည်။ ထို ပတ်ဝန်းကျင်မှာ ကျွန်မအဖို့ အိပ်မက်ထဲက ကမ္ဘာလေးတစ်ခုဖြစ်လေသည်။

စနေညနေများတွင် ရုပ်ရှင်ပြသည်။ ၁၉၆၂ တွင် အခြေအနေမှာ ကောင်းလာပြီဖြစ်ရာ ဟောင်ကောင်တွင် ရိုက်သည့်ရုပ်ရှင်များကို ကြည့်ရသည်။ များသောအားဖြင့် အချစ်ဇာတ်လမ်းများဖြစ်သည်။ ပြင်ဘက်ကမ္ဘာကို ရိပ်ခနဲ မြင်ခွင့်ရသည်။ လူကြိုက်များသည်။ တော်လှန်ရေးဇာတ်လမ်းများလည်း ပြသည်။ ရုပ်ရှင်ရုံမှာ နှစ်မျိုးရှိသည်။ အထက်လွှာကို တစ်နေရာမှာ ပြသည်။ ယင်းရုပ်ရှင်ရုံမှာ ထိုင်ခုံများ ကောင်းသည်။ ခန်းမကျယ်သည်။ သက်သောင့် သက်သာကြည့်နိုင်သည်။

တခြားတစ်ခုမှာ ခြံဝင်းတစ်ခုတွင် ဆောက်လုပ်ထားသည့် အများကြည့်နိုင်သည့် ရုပ်ရှင်ရုံ တစ်ခုဖြစ်သည်။ ကျွန်မကြည့်ချင်သည့် ကားတစ်ခုပြသဖြင့် တစ်ခါသွား၍ ကြည့်ဖူးသည်။ လူကျပ်သည်။ မွန်းသည်။ နောက်ကျသူများ ထိုင်ခုံမရ။ အချို့ကိုယ်ပိုင်ခွေးခြေများ ယူလာရသည်။ နောက်ပိုင်းတွင် ရောက်နေလျှင် ရပ်ပြီးကြည့်ရသည်။ လူတွေ တွန်းကြ တိုးကြ တိုက်ကြသည်။ ကျွန်မ အတိုးခံရပြီး လဲကျကာ ခုံစွန်းတစ်ခုနှင့် ခိုက်မိပြီး တံတောင်ဆစ်စုတ်သွားသည်။ ထိုစဉ်ကရသည့် ဒဏ်ရာမှ အမာရွတ်မှာ ယခု တိုင်ရှိနေသည်။

ကျွန်မတို့အထက်လွှာ ရုပ်ရှင်ရုံတွင် ပိတ်ပင်ထားသော ဇာတ်ကားများ ပြသည်။ ယင်းတို့ကို "ညွှန်းရုပ်ရှင်များ" ဟု ခေါ်သည်။ အနောက်ရုပ်ရှင်ကားများမှ ဖြတ်ညှပ်ပြီး ဆက်ထားသည့် ကားများဖြစ်သည်။ ပထမဆုံးအကြိမ် မီနီစကတ်ခေါ် ဂါဝန်တိုနန့်နန့် သို့မဟုတ် ဘီတယ်များကို ကျွန်မမြင်ဖူးခြင်းဖြစ်သည်။ မှတ်တမ်း

ရုပ်ရှင်များကိုလည်း ကြည့်ရသည်။ စိတ္တဇပန်းချီကားများဖြစ်ပြီး ချင်ပန်ဇီမျောက်က မင်အိုးထဲလက်နှစ်ပြီး စက္ကူတစ်ရွက်ပေါ် လက်ဖြင့် နှိပ်ထားသည့် ပန်းချီကား၊ စန္ဒရားကို တင်ပါးဖြင့်တီးနေသော လူတစ်ယောက်ပုံ ပန်းချီကားတို့ကို ပြသည်။

ဤသည်တို့မှာ အနောက်တိုင်းတွင် အနုပညာတို့ မည်မျှပျက်ပြား ယိုယွင်းလာသည်ကို ရွေးချယ်ပြသခြင်းဖြစ်သည်ထင်သည်။ ပါတီခေါင်းဆောင်ကြီးများသာ ကြည့်ခွင့်ရသည်။ သို့တိုင်အောင် အနောက်တိုင်း၏ သတင်းများကို မပြသ။ တစ်ခါ တစ်ရံ ကလေးများမကြည့်သင့်သောကားများ ပြသည်။ ကြည့်ချင်သည်ဟု အဖေကို ပူဆာသည့်အခါ တစ်ခါတစ်ရံ ခေါ်သွားသည်။ အဖေသည် ထိုအချိန်က စိတ်ထား နူးညံ့နေသည်။ တံခါးဝတွင် အစောင့်တစ်ယောက်ရှိသည်။ အဖေနှင့်ပါလာသဖြင့် မတားမြစ်။ ကျွန်မ နားမလည်သည့် ရုပ်ရှင်ကားများဖြစ်သည်။ တစ်ခုမှာ ဂျပန်နိုင်ငံ တွင် အနုမြူဗုံးချပြီး ရူးသွပ်သွားသော လေယာဉ်မှူးတစ်ယောက် အကြောင်း ဖြစ်သည်။ နောက်တစ်ကားမှာ အဖြူအမည်းရုပ်ရှင်ဖြစ်ပြီး အလုပ်သမားသမဂ္ဂ ခေါင်းဆောင်တစ်ယောက်ကို မော်တော်ကားထဲတွင် လူဆိုးနှစ်ယောက်က ထိုးကြိတ်နေပုံ ကိုပြသည်။ ပါးစပ် ထဲမှ သွေးများထွက်လာသည်။ ကျွန်မ တုန်လှုပ်ထိတ်လန့်မိသည်။ ပထမဆုံး အကြိမ် သွေးထွက်သံယိုအထိုးအသတ်ရုပ်ရှင်ကားကို ကြည့်ဖူးခြင်းဖြစ်သည်။ (စာသင် ကျောင်းများတွင် ကွန်မျူနစ် အာဏာပိုင်တို့က ကြိမ်ဖြင့်ရိုက်နှက်ဆုံးမခြင်းကို တားမြစ် ထားသည်။) ထိုအချိန်က တရုတ်ရုပ်ရှင်များမှာ သိမ်မွေ့သည်။ စိတ်လှုပ်ရှားမှုကို သရုပ်ဖော်သည့် ကားများပြသသည်။ စိတ်ခတ်မြင့်တင်ရေးများလည်း ရိုက်ကူးသည်။ အထိုးအသတ်ပါပြီဆိုလျှင် တရုတ်အော်ပရာမှာလိုပင် သဘောလောက်သာပြသည်။

အနောက်နိုင်ငံ အလုပ်သမားများ ဝတ်စားဆင်ယင်ပုံကို ရုပ်ရှင်များ တွင် မြင်ရသည့်အခါ ကျွန်မ ခေါင်းရှုပ်သွားသည်။ အင်္ကျီဘောင်းဘီတို့တွင် အဖာအထေး မရှိ။ သပ်ရပ်သည်။ အရင်းရှင်နိုင်ငံတွင် ဖိနှိပ်ခံအလုပ်သမား လူတန်းစားသည် သည်လိုဝတ်နိုင်သလားဟူ၍ မူလကခံယူထားသည့် စိတ်ကူးမှာတစ်မျိုး ဖြစ်သွားသည်။ ရုပ်ရှင်ပြီးလျှင် အမေကို မေးကြည့်မိသည်။ အမေက “ချမ်းသာသူ ဆင်းရဲသူ တွေရဲ့ လူနေမှုစနစ်ဟာ ကွာခြားမှုတော့ ရှိတာပေါ့” ဟူ၍ အဖြေပေးသည်။ ကျွန်မ နားမလည်။ ကျွန်မစိတ်ထဲမှာ ထိုကိစ္စ မပြေ မလည် ရှိနေသည်။

ကျွန်မက ကလေးတွေးတွေးသည်။ အနောက်နိုင်ငံတွင် အလုပ်သမား များ ဆင်းရဲဒုက္ခရောက်သည်။ ဟန်းခရစ်ယန် အင်ဒါဆင်၏ ပုံပြင်ထဲက အိုးအိမ်မရှိသည့် မီးခြစ်သည်မလေးလို နေထိုင်ကြရသည်ဟု စွဲမှတ်ထားသည်။ ကျောင်းအိပ်ကျောင်းစား မူကြိုကျောင်းတွင်နေရစဉ် ထမင်းကုန်အောင် မစားသည့်အခါ ဆရာက “အရင်း ရှင်နိုင်ငံက ငတ်မွတ်နေတဲ့

ကလေးငယ်တွေအားလုံးကို စိတ်ကူးကြည့်စမ်း” ဟု ပြောသည်။ ကျောင်းတွင် ဆရာက စာကြိုးစားရန် ပြောသည့်အခါ “မင်းတို့တတွေ သိပ်ကံ ကောင်းတယ်။ အရင်းရှင်နိုင်ငံက ကလေးတွေဆိုရင် ကျောင်းမနေနိုင်ဘူး။ ဖတ်စရာစာအုပ် မရှိဘူး။ ငတ်ပြတ်နေတဲ့ သူတို့မိသားစုကို ကျွေးမွေးဖို့ အလုပ်လုပ်ကြရတယ်” ဟူ၍ ပြောလေ့ရှိသည်။ ကျွန်မတို့မှာ လိုတာရသည်။ အနောက်နိုင်ငံက ကလေး များစွာ လိုတာမရဟု လူကြီးများက ပြောလေ့ရှိသည်။ ကျွန်မတို့ ကံကောင်းသည်ဟုဆိုသည်။ ကျွန်မတို့ အတန်းထဲက ကျောင်းသူလေးတစ်ယောက် တိုးယိုပေါက်မြင်နိုင်သည့် ပန်းရောင်ပလတ်စတစ်မိုးကာ အင်္ကျီလေး ဝတ်လာသည့်အခါ လိုချင်တပ်မက် စိတ်ဖြစ်မိသည်။ သို့သော်လည်း ချက်ချင်းပင်စိတ်ကို ချိုးနှိမ်ကာ ဘူဇွာစိတ်ဝင်နေပြီလားဟု ကိုယ့်ကိုယ်ကိုယ် ဆုံးမပြီးနေ့စဉ် မှတ်တမ်းတွင် “အရင်းရှင် လောကက ကလေးတွေကို စဉ်းစားကြည့်၊ သူတို့မှာ ထီးတစ်ချောင်းတောင် မပိုင်ဘူး” ဟု ရေးမှတ် လိုက်သည်။

နိုင်ငံခြားသားဟူသမျှ ကြောက်စရာကောင်းသည်ဟု ကျွန်မထင်သည်။ တရုတ်အားလုံး ဆံပင်နက်သည်။ မျက်လုံးညိုသည်။ သို့ဖြစ်ရာ သူတို့ ဆံပင်အရောင်၊ မျက်လုံးအရောင်နှင့်မတူလျှင် ထူးဆန်းသည်။ လူတစိမ်းများဖြစ်သည်ဟု ယူဆသည်။ နိုင်ငံခြားသားအားလုံးကို မူသေမှတ်ထားသည်။ ဆံပင်က မဖီးမသင်နီကြောင်ကြောင်။ မျက်လုံးအရောင်က ထူးဆန်းသည်။ နှာခေါင်း ရှည်ရှည်၊ အရက်မူးပြီး ခလုတ်တိုက်လဲသည်။ ကိုကာကိုလာကို ပုလင်းလိုက် မော့သောက်သည်။ ခြေနှစ်ချောင်းကို ကိုးရိုးကားရား ဆန့်ထားသည်။ “ဟဲလို” ဟု အမြဲပြောသည်။ “ဟဲလို” ဆိုသည် ဘာမှန်းကျွန်မ မသိ။ ကျိန်ဆဲသည့် စကားဟုထင်သည်။ ကျွန်မတို့ဆီက ကောင်ကလေးတွေ ပြောက်ကျား စစ်တိုက်တမ်းကစားသည့်အခါ ကောင်းဘွိုင်ခေါ် နွားကျောင်းသားနှင့် အင်ဒီယန်းတို့ တိုက်ကြပုံကို ကစားသည်။ ရန်သူဘက်က သူများ၏ နှာခေါင်းများကို ကော်သုတ်ပြီး ဆူးတွေကပ်ထားရသည်။ ပြီးတော့ “ဟဲလို” ဟူ၍ တစ်ချိန်လုံး အော်နေသည်။ ဤသည်မှာ ကျွန်မစိတ်ကူးထဲက နိုင်ငံခြားသားဖြစ်သည်။

မူလတန်းကျောင်းတွင် တတိယနှစ်ရောက်သည့်အခါ ကျွန်မတို့အတန်းသားများ အတန်းကို သစ်ပင်ပန်းအိုးများဖြင့် မွမ်းမံကြမည် စိတ်ကူးမိသည်။ ကျောင်းသူတစ်ယောက်က သူ့အဖေအလုပ်လုပ်သည့် တံတားလမ်းကက်သလစ် ဘုရားရှိခိုးကျောင်းထဲက ထူးဆန်းသည့် အပင်တွေ ယူခဲ့မည်ဟု ပြောသည်။ တစ်ခါက ကက်သလစ်ဘုရားကျောင်းနှင့် တွဲထားသည့် မိဘမဲ့ကျောင်းတစ်ခု ရှိခဲ့ဖူးသည်။ ထိုကျောင်းကို ယခုပိတ်လိုက်ပြီဖြစ်သော်လည်း ဘုရားကျောင်းကမူ ရှိနေသေးသည်။ အစိုးရ၏ ကြီးကြပ်မှုအောက်တွင် ရှိနေပြီး ကက်သလစ်များကို ဗာတီကန်နှင့် အဆက်ဖြတ်ကာ “မျိုးချစ်” တို့နှင့် ပေါင်းခိုင်းသည်။ ဘုရားရှိခိုးကျောင်းဆိုသည် လျှို့ဝှက်နက်နဲပြီး ကြောက်စရာကောင်းသည်။ ဘာသာတရားကို ဝါဒဖြန့်သည်ဟု ကျွန်မတို့ခံယူသည်။

မုဒိမ်းကျင့်သည့်အကြောင်း ပထမဆုံး ကျွန်မ ဖတ်ရသည်မှာ ဝတ္ထုထဲက နိုင်ငံခြားသား ဘုန်းကြီးတစ်ယောက် မုဒိမ်းကျင့်သည့် ကိစ္စဖြစ်သည်။ ဘုန်းကြီးများသည် နယ်ချဲ့သမား၏ သူလျှိုများဖြစ်သည်။ လူဆိုးများဖြစ်သည်။ သူတို့သည် မိဘမဲ့ကျောင်းမှ ကလေးငယ်များအား ဆေးသုတေသန ပြုလုပ်ရာတွင် အသုံးပြုကြ သည်ဟု ကျွန်မတို့ နားလည်ထားသည်။

နေ့စဉ် ကျောင်းပြန်လျှင် တံတားလမ်းအတိုင်း လမ်းလျှောက်ပြန်သည်။ ဘုရားရှိခိုးကျောင်းတံခါးကို အမြဲဖြတ်ရသည်။ တရုတ်မျက်စိတွင် ကျောက်ဖြူသားနှင့် လုပ်ထားသည့် တံခါးတိုင်များသည် နိုင်ငံခြား ဆန်နေသည်။ ဂရိဟန်အမူအရာလည်း ရှိသည်ထင်သည်။ တရုတ်တိုင်များမှာ ဆေးခြယ်ထားသည့် သစ်သားများ ဖြစ်သည်။ ဘုရားကျောင်းထဲ ကျွန်မ ဝင်ကြည့်ချင်စိတ် ပြင်းပြလာသည်။ သူငယ်ချင်းကိုပြောရာ ဘုရားကျောင်းထဲသို့ ဧည့်သည်များ ခေါ်မလာရဟု သူ့အဖေက တားမြစ်ထားသည် ဟု ပြောသည်။ ထိုအခါ ပို၍ကြည့်ချင်လာသည်။ အထဲတွင် လျှို့ဝှက်တာတွေ ရှိမည် သေချာသည်ထင်မိသည်။ ယခု ထိုကျောင်းသူက ဘုရားကျောင်းဝိုင်းပန်းခြံထဲမှ ပန်းအိုးများယူခဲ့မည် ပြောသည့်အခါ အခွင့်သာပြီး သူနှင့်အတူ လိုက်သွားမည်ပြောသည်။

ဘုရားကျောင်းတံခါးဝရောက်လျှင် ကျွန်မ နှလုံးခုန်ရပ်သွားသည်ထင်သည်။ သူငယ်ချင်းက ခြေဖျားထောက်ပြီး ကြိုးတစ်ခုကိုဆွဲကာ ခေါင်းလောင်းသံပေးသည်။ တံခါးငယ်လေးတစ်ခု ပွင့်လာပြီး အရေများ တွန့်ရှုံ့နေသော အဘိုးကြီး တစ်ယောက် ခေါင်းပြူထွက်လာသည်ကို တွေ့ရသည်။ ဒဏ္ဍာရီပုံပြင်ထဲက စုန်းမကြီး နှင့် တူသည်ထင်သည်။ မျက်နှာကို သေသေချာချာ မမြင်ရသော်လည်း နှာခေါင်း ရှည်ရှည်ကောက်ကောက် စုန်းမကြီးတံမြက်စည်းကို စီးကာ မိုးပေါ်သို့ တက်တော့မည့် ပုံအတိုင်းပင်။ ယခုတွေ့ရသူမှာ မိန်းမမဟုတ်ဘဲ ယောက်ျားဖြစ်နေသည်သာ ကွာခြားသည်။ သူ့မျက်နှာကို မကြည့်ဘဲ အထဲသို့ ခပ်မြန်မြန်ဝင်သည်။ ကျွန်မရှေ့တွင် ကွက်လပ်လေးတစ်ခု၌ ပန်းခြံလေး တစ်ခုကို တွေ့ရသည်။ အရောင်အသွေးစုံလင်သည့် ပန်းများ ပွင့်နေသည်။ ကျောက်တုံးငယ်လေးတစ်ခု အလယ်မှ ရေပန်းလေး တစ်ခု ပန်းထွက်နေသည်။ သူငယ်ချင်းက လက်ကိုဆွဲကာ ပန်းခြံကို လှည့်၍ပြသည်။ တစ်ဖက်အစွန်သို့ ရောက်လျှင် တံခါးတစ်ခုကို ဖွင့်ပြီးနောက် ထိုနေရာမှာ ဘုန်းကြီး ဒေသနာတရား ဟောသည့်နေရာဖြစ်သည်ဟုပြောသည်။ ဒေသနာ တရား ဆိုပါလား။ ဒေသနာ တရားဟောပြောရင်း နိုင်ငံတော်လျှို့ဝှက်ချက်များကို နယ်ချဲ့သူလျှိုအား ပေးသည်ဆိုသည့် စာအုပ်တစ်ခုထဲမှအကြောင်းကို အမှတ်ရလာသည်။ အခန်းထဲသို့ဝင်သွားသည့်အခါ ကျွန်မစိတ်မှာ ပို၍ ကျဉ်းကျပ်လာသည်။ အခန်းက မှောင်ပြီး ခန်းမကြီးဖြစ်ဟန်တူသည်။ အစွန်ဘက်တွင် ရုပ်တုတစ်ခုကို ဘွားခနဲ တွေ့လိုက်ရသည်။ လက်ဝါးကပ်တိုင်တွင် ကားတင်ခံရသည့် ခရစ်တော်ကို

ပထမဆုံးအကြိမ် မြင်ဖူးခြင်းဖြစ်သည်။ အနားရောက်သွားလျှင် လက်ဝါးကပ်တိုင်ပေါ်က ရုပ်တုသည် ကျွန်မကိုယ်ပေါ်မှာ စီးမိုးထားသည်။ သွေးတွေစီးကျနေသည်။ ခေါင်းငိုက်စိုက် ကျကာ ကိုင်းညွတ်နေသည်။ မျက်နှာပေါ်တွင် တွေ့ရသည့် ရုပ်သွင်မှာ အလွန်အမင်း ကြောက်စရာကောင်းသည် ထင်မိသည်။ ကျွန်မလည်း ချာခနဲလှည့်ကာ ဘုရား ကျောင်းထဲမှ တရှိန်ထိုးပြေးထွက်လာခဲ့သည်။ အပြင်ဘက်တွင် အနက်ဝတ်ရုံကြီး ဝတ်ထားသည့် လူတစ်ယောက်နှင့် တိုက်မိမတတ် ဖြစ်သွားသည်။ သူက လက်ကို ဆန့်တန်းပြီး အရှိန်တန့်သွားရန်တားသည်။ ကျွန်မက လှမ်း၍ဖက်မည်ထင်သဖြင့် သူ့ကို ရှောင်ကာ အမြန်ပြေးထွက်ခဲ့သည်။ ကျွန်မ နောက်တွင် တံခါးပွင့်သံကြား ရသည်။ ရေပန်းသံကြားရသည်။ ကျွန်မသည် ဝင်းတံခါးကိုဖွင့်ပြီး လမ်းဆုံအထိ မရပ်ဘဲပြေးသည်။ နှလုံးမှာ တဒိန်း ဒိန်းခုန်လာကာ ခေါင်းမှာလည်း ချာချာလည် သွားသည်။

ကျွန်မနှင့်မတူသူမှာ မောင်လေးကျင်မင်းဖြစ်သည်။ သူသည် ကျွန်မ အောက် တစ်နှစ်ငယ်သည်။ သိပ္ပံမဂ္ဂဇင်းများကို ဖတ်သည်။ သူဖတ်သည့် မဂ္ဂဇင်းများမှာ ဝါဒဖြန့်တာတွေပါသည်။ ထို့ပြင် အနောက်နိုင်ငံတွင် တိုးတက်နေသော သိပ္ပံ ပညာနှင့် နည်းပညာတို့အကြောင်းပါသည်။ သူ များစွာ စိတ်ဝင်စားသည်။ လေဆာ ရောင်ခြည်၊ ရေပေါ်လျှပ်ပြေးသည့် ဟူးဗားယာဉ်၊ ရဟတ်ယာဉ်၊ အီလက်ထရွန်နစ်နှင့် မော်တော်ကားပုံများသည် သူ့ကို ညှို့ယူ ဖမ်းစားသည်။ အရင်းရှင်လောကသည် ငရဲခန်းဖြစ်ပြီး တရုတ်ပြည်သည် သုခဘုံဖြစ်သည်ဟု ကျောင်း၊ သတင်းစာ၊ ရေဒီယို တီဗီနှင့် လူကြီးများက ပြောသည်ကို ကျင်မင်း မယုံချင်တော့ပေ။

ကျင်မင်းသည် အမေရိကန်ပြည်ထောင်စုကို အထူးစွဲလမ်းနှစ်သက်သည်။ နည်းပညာများ တိုးတက်နေပြီ သူယူဆသည်။ တစ်နေ့ ထမင်းဝိုင်းတွင် အမေရိကန်၌ လေဆာရောင်ခြည် တိုးတက်မှုများအကြောင်း ပြောရင်း အမေရိကန်ကို သူသဘောကျ သည်ဟု အဖေ့အား ပြောသည်။ အဖေ ဘာပြန် ပြောရမှန်းမသိ။ စိုးရိမ်ပူပန်သွား ဟန်တူသည်။ ကျင်မင်း၏ ခေါင်းကို သပ်ကာ အမေ့အား "တို့ ဘာလုပ်ကြမလဲ။ ဒီကောင်လေးတော့ လက်ျာဂိုဏ်းသားအဖြစ် ကြီးပြင်းလာပြီ" ဟု ပြောသည်။

ကျင်မင်းသည် သိပ္ပံတီထွင်မှုများကို ဆယ့်နှစ်နှစ်မတိုင်မီ ပြုလုပ်သည်။ အဝေးကြည့် မှန်ပြောင်းတစ်ခုလုပ်ပြီး ဟေလီကြယ်တံခွန်ကို ကြည့်သည်။ မီးလုံးမှမှန်ဖြင့် မိုက်ကရိုစကုပ်တစ်ခု ပြုလုပ်သည်။ တစ်နေ့တွင် ကျည်ဆန်ဖြင့် စမ်းသပ်မှု တစ်ခုပြုလုပ်ရင်း မီးဖိုထဲ၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားသည်။ ကျင်မင်းဆီသို့ တစ်အိမ်သားလုံး ပြေးသွားကြသည်။ သူမှာ ကြောက်လန့်နေသည်။ ပေါက်ကွဲမှု ကြောင့်ကား မဟုတ်။ အဖေကို သူကြောက်ခြင်းဖြစ်သည်။

အဖေက သူ့ကို မရိုက်။ ဆူပူကြိမ်းမောင်းခြင်းလည်းမလုပ်။ အပြင်ထွက်

လမ်းလျှောက်လိုက်ဦး ဟုသာ ပြောသည်။ သူပြန်လာလျှင် အဖေက နောက်ထပ် စမ်းသပ်မှုများ မလုပ်ရန် သတိပေးသည်။ ကြာကြာမခံ။ ကျင်မင်းသည် ယခင်ကလိုပင် လုပ်မြဲဆက်၍လုပ်သည်။ ကျောင်းက သိပ္ပံဆရာမစ္စတာ တာ-လီက ကျင်မင်းကို ကူညီညွှန်ပြသည်။

ကျွန်မ၏ မောင်အငယ်ဆုံး ရှောက်ဟေကို ၁၉၅၄ တွင် မွေးသည်။ သူကား အဘွား၏ အချစ်တော်ဖြစ်သည်။ အဖေနှင့်အမေ၏ ယုယမှုကို သူမရ။ ထိုအခါ မိဘများကို ပြန်လှန်ပြောဆိုသည်။ အဖေစိတ်ဆိုးပြီး သူ့ကို ရိုက်သည်။ အဘွားက ကာဆီးကာဆီးလုပ်သည်။ ငိုသည်။ အဘွားသည် အဖေကို ရန်တွေ့သည်။ အဖေက အဘွားကြောင့် ရှောက်ဟေ ပျက်စီးရသည် စွပ်စွဲသည်။ သူတို့နှစ်ယောက် မကြာခဏ ရန်ဖြစ်ကြသည်။

သမီးများမှာ လိမ္မာသည်၊ ရိုက်နှက်စရာမလိုဟု မိဘများက ယူဆသည်။ သို့သော်လည်း ကျွန်မအစ်မ ရှောက်ဟောင် ငါးနှစ်သမီးအရွယ်တွင် အဖေက ရိုက်သည်။ သကြားလုံးပထမ တောင်းသည်။ ထမင်းစားပြီးမှ စားပါ ပြောရာမရ။ သကြားလုံးစားပြီးတော့ ထမင်းမစားနိုင်။ အဖေက ဆူပူသောအခါ ရှောက်ဟောင်သည် ထမင်းစားရင်း တူနှစ်ချောင်းကို လွှင့်ပစ်သည်။ အဖေက သူ့ကို ရိုက်သည်။ ထိုအခါ ရှောက်ဟောင်က ငှက်မွေးဖြင့် အဖေ့ကို ပြန်ရိုက်ရန် ကြိုးစားသည်။ ငှက်မွေး ကို အဖေဆွဲလုသည့်အခါ တံမြက်စည်းနှင့် ရိုက်ရန်ကြိုးစားသည်။ အဖေက ဆူပူပြီး အိမ်ခန်းထဲထည့်ကာ သော့ခတ်ထားသည်။ ရှောက်ဟောင် ထမင်းငတ်သည်။

ရှောက်ဟောင် သည် ကလေးဘဝကပင် ခေါင်းမာသည်။ ရုပ်ရှင် မကြည့်။ ပြဇာတ်လည်းမကြိုက်။ ခရီးသွားရန် ငြင်းဆန်သည်။ သူ မကြိုက်သည့် အစားအစာမှာလည်း အတော်များသည်။ နွားနို့၊ အမဲသား သို့မဟုတ် သိုးသားတို့ကျွေးလျှင် အော်ဟစ်ငြင်းဆန်သည်။ ကျွန်မသည် ငယ်စဉ်က သူ့နောက်လိုက်ဖြစ်ခဲ့ရာ ရုပ်ရှင်ကားများစွာလွတ်ပြီး အစားကောင်းများ လွတ်ခဲ့ရသည်။

ကျွန်မ စရိုက်မှာ သူတို့နှင့်များစွာကွဲပြားသည်။ ငယ်စဉ်ကပင် ကျွန်မကို လူတွေက တတ်သိလိမ္မာသည်၊ စိတ်ထိခိုက်လွယ်သည်ဟု ပြောကြသည်။ အဖေအမေတို့က စကားမာမာမပြော။ ပြောဆိုသည့်အခါတွင်လည်း ချော့မော့ပြောသည်။ ကျွန်မ ကို သူတို့ ချစ်သည်။ အဖေက ပို၍ချစ်သည်။ ညစာစား ပြီးလျှင် သူနှင့်အတူ လမ်းလျှောက်ရန် ခေါ်သည်။ အဖေသည် မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်း များဆီ သွားလေ့ရှိသည်။ သူတို့နှင့် စကားစမြည်ပြောသည်။ သူတို့ကား အရင်းနှီးဆုံး သူများဖြစ်သည်။ တော်လှန်ရေးရဲဘော် ရဲဘက်များဖြစ်ပြီး ဉာဏ်ကောင်း အကင်းပါး သူများဖြစ်သည်။ လုပ်ရည်ကိုင်ရည်ရှိသည်။ သို့သော်လည်း ပါတီ၏ မျက်စိထဲတွင် သူတို့မှာ တစ်ခုခုမှားနေသည်ဟု ထင်ဟန်တူသည်။ သို့ဖြစ်ရာ အဆင့်နိမ့်သည့် အလုပ် များကိုသာ ပေးထားသည်။ သူတို့နှင့်အဖေစကားပြောသည်ကို ကျွန်မ နားထောင်သည်။ သူတို့စကားဝိုင်းများကို

ကျွန်မ နှစ်သက်သည်။ သို့သော်လည်း တစ်ယောက်တည်း စာအုပ်တွေနှင့် နေရသည်လောက် ဘယ်အလုပ်ကိုမျှ မပျော်ပိုက်။ ကျွန်မသည် ကျောင်းအားရက်များတွင် စာဖတ်နေတတ်သည်။ စာပေတွင် ရိုးရိုးဂန္ထဝင်ကဗျာများကို နှစ်သက်သည်။ သိပ္ပံဝတ္ထုနှင့် စွန့်စားခန်းဝတ္ထုများကိုလည်း ကျွန်မ ဖတ်သည်။

ကျွန်မတို့ မောင်နှမများ စည်းစည်းလုံးလုံးရှိသည်။ သူတို့နှင့် တည့်အောင် ပေါင်းနိုင်သည်။ ယောကျ်ားလေးနှင့် မိန်းကလေး ကစားဖော်ကစားဖက်များ မဟုတ်ကြသော်လည်း ကျွန်မတို့မှာ အတူကစားသည်။ တစ်ယောက်ကို တစ်ယောက် ဂရုစိုက်သည်။ မနာလိုစိတ်မရှိ။ အပြိုင်အဆိုင်စိတ်လည်း ကင်းသည်။ ကျွန်မ ငိုနေ သည်ကို မြင်လျှင် အစ်မကြီးရှောက်ဟောင် မျက်ရည်ကျသည်။ ကျွန်မကို လူကြီးတွေ ချီးမွမ်းလျှင် သူမကြိုက်မရှိ။ မောင်နှမတတွေဘယ်လို တည့်အောင်နေကြသလဲဟု မိဘများကို မေးကြသည်။

မိဘများနှင့် အဘွားတို့ ဆက်ဆံရေးမှာ ကောင်းသည်။ အဖေနှင့်အမေ ရန်ဖြစ်သည်ကို မတွေ့ရ။ အမေသည် အဖွေ့အပေါ် မကျေနပ်ကြောင်း ဘယ်တော့မှ ကျွန်မတို့ကို မပြော။ ငတ်မွတ်ဘေးဆိုက်ပြီးသည့် နောက်ပိုင်းတွင် အခြားခေါင်းဆောင် များနည်းတူ အဖေနှင့်အမေတို့သည်လည်း ၁၉၅၀ လွန်နှစ်များကလောက် အလုပ်မှာ ထက်ထက်သန်သန် မရှိလှတော့ပေ။ မိသားစုကို ပို၍ ဦးစားပေးလာသည်။ မိသားစု အရေး ရှေ့တန်းတင်သဖြင့် ပါတီအပေါ် သစ္စာမရှိဆိုသော စကားမျိုးလည်း မပြော ကြတော့ပေ။ အဖေမှာ အသက်လေး ဆယ်ကျော်လာပြီး ပို၍ ရင့်ကျက် သိမ်မွေ့ လာသည်။ အမေ့ကိုပို၍ မြတ်နိုးတွယ်တာလာသည်။ သူတို့ နှစ်ယောက်အတူနေရသည့် အချိန်များလာသည်။ ကျွန်မလည်း ကြီးပြင်းလာပြီဖြစ်ရာ သူတို့နှစ်ယောက်ပို၍ ချစ်လာသည်ကို မြင်တွေ့လာသည်။

တစ်နေ့တွင် အဖေ၏ သူငယ်ချင်းတစ်ယောက်က အမေချောကြောင်းလှကြောင်း တော်ကြောင်း ပြောသည်။ အဖေက အမေ့အား ပြန်ပြောပြသည်။ ထိုသူငယ်ချင်း၏ မိန်းမသည်လည်း ချောသည်။ "တို့နှစ်ယောက် မိန်းမရ ကံကောင်း တယ်" ဟု အဖွေ့သူငယ်ချင်းက ပြောသည်ဆိုသည်။ "သူတို့က ဒီပြင် မိန်းမတွေနဲ့ မတူဘူး"

အဖေက ပြုံးနေသည်။

"ဒါပေမယ့် ကိုယ်ကတစ်မျိုးတွေးနေတယ်။ ခင်ဗျားမိန်းမနဲ့ ကျွန်တော့်မိန်းမ ကို ဘာဖြစ်လို့ နှိုင်းနေရတာလဲ။ ကျွန်တော့်မိန်းမက သူ့ဘာသာ တစ်သီးတသန့် ထွန်းပြောင်တဲ့ အတန်းစားထဲကဗျ" ဟု အဖေက အမေ့ကို ပြန်ပြောသည်။

တစ်ခါတုန်းက အဖေသည် ပြည်သူ့ရေးရာဌာနညွှန်မှူးများနှင့်အတူ တရုတ်တစ်နိုင်ငံလုံးရှိ ပြည်နယ်များသို့ ရက်သတ္တသုံးပတ်လေ့လာရေး ခရီးထွက်ရသည်။ အဖွေ့တစ်သက်တွင် တစ်ကြိမ်သာ သွားရသည့် ခရီးမျိုးဖြစ်သည်။ အထူးအခွင့်အရေးများ ရသည်။ ခရီးတစ်လျှောက်လုံး အရေးကြီးပုဂ္ဂိုလ်များလို

ပြုစုခံရသည်။ သူတို့နှင့်အတူ ခေတ်ပုံဆရာတစ်ယောက် ပါလာသည်။ သို့တိုင်အောင် အဖေသည် ဂနာမငြိမ် ဖြစ်လာသည်။ တတိယပတ်အစတွင် ရှန်ဟဲသို့ ရောက်သည်။ အဖေ အိမ်ကိုလွမ်းကာ နေမထိထိုင်မသာ ဖြစ်လာသည်။ သို့ ဖြစ်ရာ ချိန်တူသို့ လေယာဉ်ဖြင့် အဖေ ပြန်လာသည်။ ထိုအချိန်ကစပြီး အမေက အဖေ့ကို "အတော်ဆိုးတဲ့ အဘိုးကြီး" ဟု ခေါ်သည်။

"ရှင့်အိမ်က ဘယ်မှ ထွက်မပြေးဘူး။ ကျွန်မလည်း ပျောက်သွားမှာမှ မဟုတ်တာ။ အဲဒီ ခရီးမျိုး ရှင်ပြန်သွားချင်လို့ မရတော့ဘူး" ဟု ပြောသည်။ ထိုစကားကို အမေ ပြောသည့်အခါ အမေ့စိတ်ထဲတွင် အဖေ အိမ်လွမ်းသည်ကို ကျေနပ်နေသည် ဟု ကျွန်မထင်သည်။

သားသမီးများနှင့် ဆက်ဆံသည့်အခါ အဖေနှင့်အမေသည် နှစ်ချက်တွင် အထူးအလေးထားသည်။ ပထမအချက်မှာ ကျွန်မတို့၏ ပညာရေးတိုးတက်မှုဖြစ်သည်။ မည်မျှ အလုပ်များနေစေကာမူ ကျွန်မတို့အား ကျောင်းကပေးလိုက်သည့် အိမ်စာများကို ကြည့်ရှုစစ်ဆေးသည်။ ကျွန်မတို့၏ ဆရာများနှင့် အမြဲလိုလိုတွေ့သည်။ ပြီးတော့ ကျွန်မတို့ဘဝ ရည်မှန်းချက်မှာ ပညာရေးတွင် ထူးချွန်စေခြင်းဖြစ်သည်။ အငတ်ဘေးဆိုက်ပြီး နောက်ပိုင်းတွင် သူတို့၌ အချိန်အား များစွာရလာသည်။ ကျွန်မ တို့ကို မေးမြန်းစစ်ဆေးသည်။ တစ်ယောက် တစ်လှည့် အချိန်ပိုစာသင်ပေးသည်။

အမေက ကျွန်မတို့ကို သင်္ချာသင်ပေးပြီး အဖေက တရုတ်ဘာသာစကား နှင့် စာပေတို့ကို သင်ကြားပေးသည်။ ထိုအချိန်များ၌ အဖေ၏ စာကြည့်ခန်းကိုမွှေနှောက်နိုင်ပြီး သူ့စာအုပ်များကို ဖတ်နိုင်သည်။ စာအုပ်မကိုင်မီ လက်ဆေးရသည်။ ကျွန်မတို့သည် လူရွှန်း၏ စာများနှင့် တရုတ်ကဗျာရွှေခေတ်မှ ကဗျာများကို ဖတ်သည်။ ယင်းတို့မှာ လူကြီးများအတွက်ပင်ခက်သည်။

သူတို့က ကျောင်းစာတွင် တော်စေချင်သည်။ ထို့အတူ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍လည်း သင်ခန်းစာများပေးသည်။ တည်ကြည်ဖြောင့်မတ်ပြီး သဘောတရားခံယူကျင့်သုံးနိုင်သော တိုင်းသူပြည်သား ကောင်းတစ်ယောက် ဖြစ်စေချင်သည်။ ဤဂုဏ်နှစ်ခုနှင့် ပြည့်စုံလျှင် ကွန်မျူနစ်တော်လှန်ရေး အောင်မြင်နိုင်မည် အဖေယူဆသည်။ တရုတ်ဓလေ့ထုံးစံနှင့်အညီ ကျွန်မကို စံပြုထိုက်သည့် နာမည် များပေးသည်။ "ချီ" ဆိုသည် ရိုးသားခြင်းဖြစ်သည်။ ကျင်မင်းကို ထိုနာမည်မှည့် ခေါ်သည်။ "ဟု" မှာ ဟန်မဆောင်တတ်ခြင်း ဖြစ်ပြီး ရှောက်ဟေကို ပေးသည့်နာမည် ဖြစ်သည်။ ရှောက်ဖန်၏ နာမည်တစ်ပိုင်း ဖြစ်သည့် "ဖန်" သည် ဂတိမလိုက်စားသော ဟု အဓိပ္ပာယ်ရသည်။ တရုတ်ပြည်ဟောင်းသည် ထိုအရည်အသွေးများ လိုအပ်သည်။ ကွန်မျူနစ်တို့က လိုသည်ကို ဖြည့်ပေးမည်။ အဂတိလိုက်စားခြင်းကြောင့် တရုတ်ပြည်ဟောင်း ချည့်နဲ့ရသည်။ ကျင်မင်းသည် ရုံးတံဆိပ်ပါသည့် စာရွက်ကို စက္ကူစွန်လုပ် သဖြင့် ဆူပူကြိမ်း မောင်းခံရသည်။ တယ်လီဖုန်းပြောချင်လျှင် သူ့ထံ ခွင့်တောင်းရသည်။ အလုပ်သဘောအရ

အဖေသည် သတင်းစာများ မဂ္ဂဇင်းများ အလကား ဖတ်ခွင့်ရသည်။ ကျွန်မတို့ကို ဖတ်ခိုင်းသည်။ သို့သော်လည်း သူ့စာကြည့်ခန်းမှ အပြင် သို့ ယူမသွားရ။ လကုန်လျှင် သတင်းစာဟောင်းများကို သူ့ဌာနသို့ ပြန်ယူသွားသည်။ သူတို့ကို ပြန်၍ရောင်းရသည်။ တနင်္ဂနွေနေ့များတွင် သတင်းစာများ သူ့ရက်စွဲနှင့် အပြည့်အစုံ ရှိမရှိ ကျွန်မသည် အဖေနှင့်အတူ စစ်ဆေးရသည်။ ထိုအလုပ်မှာ အလွန်ပျင်းစရာကောင်းသည်။

အဖေသည် စည်းကမ်းကြီးသည်။ ထို့ကြောင့်ပင် အဘွားနှင့် မကြာခဏ စကားများရသည်။ ၁၉၆၅ တွင် ကမ္ဘောဒီယားမင်းသားကြီး သီဟာနု၏ သမီး တစ်ယောက်ခေါင်းဆောင်သည့် ဘဲလေးကပွဲအဖွဲ့ ချိန်တူသို့ လာရောက်ဖျော်ဖြေသည်။ ကျွန်မကြည့်ချင်သည်။ အဖေမှာ ရာထူးအရ မေတ္တာလက်ဆောင် အထူးတန်း လက်မှတ်ရသည်။ သူနှင့်အတူ ကျွန်မကို ခေါ်သွားလေ့ရှိသည်။ ယခုတစ်ကြိမ်တွင် သူ အကြောင်းတစ်ခုကြောင့် သူ မကြည့်နိုင်။ ကျွန်မကို လက်မှတ်ပေးသော်လည်း နောက်တန်းလက်မှတ်နှင့် လဲကြည့်ရမည်ဟု မှာသည်။ သူ မပါဘဲ အထူးတန်းတွင် ကျွန်မ မကြည့်ရ။

ထိုနေ့ညနေတွင် ကပွဲဇာတ်ရုံတံခါးဝတွင် လက်မှတ်ကိုကိုင်ကာ ကျွန်မရပ်စောင့်နေသည်။ မေတ္တာလက်မှတ်ရသူများ တစ်ယောက်ပြီးတစ်ယောက် ဝင်လာကြသည်။ အသိစောင့်သော်လည်း မပေါ်လာ။ ကျွန်မမျက်ရည်များပင် လည်လာသည်။ ခဏကြာမှ အဖေ၏ ဌာနမှ အရာရှိငယ်တစ်ယောက်ကို တွေ့ပြီး လက်မှတ် ချင်းလဲကာ ပွဲကြည့်ရသည်။ ထိုပုဂ္ဂိုလ်က မအံ့သြ။ အဖေ စည်းကမ်းကြီးသည်ကို သူတို့သိသည်။

၁၉၆၅ တရုတ်နှစ်သစ်ကူးပွဲတွင် ကျောင်းဆရာများအတွက် အထူးကပွဲ တစ်ခုတင်ဆက်သည်။ အဖေနှင့်အတူ ကျွန်မ လိုက်သွားရသော်လည်း လက်မှတ်လဲကာ နောက်တန်းမှ ကြည့်ရသည်။ ဆရာများ၏ ရှေ့တွင် ကျွန်မထိုင်ရန်မသင့်ဟု အဖေက အကြောင်းပြသည်။ အခြားအရာရှိကြီးများ၏ သားသမီးများ ရှေ့တန်းတွင် ရောက်နေသည်ကို ကျောင်းဆရာများတွေ့သွားပြီး စိတ်မကောင်း ဖြစ်ကြရသည်ဟု သိရသည်။

တရုတ်တစ်နိုင်ငံလုံးတွင် အရာရှိကြီးများ၏ သားသမီးများသည် ဝင့်ဝါပြီး အခွင့်အရေးအလွဲသုံးစား လုပ်ကြသည်မှာ ထုံးစံတစ်ခုလို ဖြစ်နေသည်။ အများပြည်သူ တို့က မကျေနပ်။ တစ်ခါတွင် ဝင်းတံခါးစောင့်အသစ်သည် ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ယောက်ကို မသိသဖြင့် ဝင်ခွင့်မပြု။ ထိုမိန်းကလေးက အစောင့်အား အော်ဟစ်ကြိမ်းမောင်းပြီး လွယ်အိတ်နှင့် ရိုက်သွားသည်။

အချို့အရာရှိကြီးများ၏ သားသမီးများသည် ထမင်းချက်များ၊ ကားဒရိုင်ဘာများနှင့် အခြားရုံးအမှုထမ်းများကို ရိုင်းစိုင်းကြမ်းတမ်းစွာ ပြောဆိုကြသည်။ အာဏာပြကြသည်။ ထိုသူတို့ကို နာမည်တပ် ခေါ်ကြသည်။

တရုတ်ပြည်တွင် ငယ်သူက ကြီးသူကို နာမည်တပ်ခေါ်ရိုး ထုံးစံမရှိ။ မလေးစားရာ ရောက်သည်။ အချို့မိဘများက သူတို့သားသမီးများ၏ ထိုအပြုအမူများ ကို မတားမြစ်ကြပေ။ ကျွန်မအဖေကမူ ဒေါသထွက်သည်။ "အဲဒီ အရာရှိတွေဟာ ကွန်မြူနစ်မဟုတ်ဘူး" ဟု သူပြောလေ့ရှိသည်။

သူတို့၏ သားသမီးများသည် လူတိုင်းကို ယဉ်ကျေးစွာ ဆက်ဆံရမည် လေးစားရမည်ဟု အဖေအမေတို့က ကျွန်မတို့အား မှာကြားသည်။ ရုံးအမှုထမ်း များကို "ဦးလေး၊ "ဒေါ်လေး" တပ်၍ ကျွန်မတို့ခေါ်ကြသည်။ ထမင်းစားပြီးလျှင် ပန်းကန်များ၊ တူများကို မီးဖိုသို့ပြန်ပို့ရန် ကျွန်မတို့အား အမြဲမှာကြားသည်။ သို့မှ ထမင်းချက်များ စားပွဲရှင်းချိန်ရမည်။ အသေးအဖွဲများဖြစ်သော်လည်း အတူနေ အမှုထမ်းများ၏ ချစ်ခင်မြတ်နိုးမှုကို ကျွန်မတို့ရသည်။ ဥယျာဉ်မှူးက ကျွန်မကို ပန်းပွင့် သို့မဟုတ် သစ်သီးပေးလေ့ရှိသည်။ ဒရိုင်ဘာက အဖေမသိစေဘဲ ကားမှာတင်၍ ခေါ်သည်။ အိမ်သို့ပြန်ပို့သည်။ အဖေသိလျှင် ထိုအခွင့်အရေးမျိုး ကျွန်မတို့ မရ။

ကျွန်မတို့နေသည့် ခေတ်မီအိမ်ခန်းမှာ တတိယထပ်တွင်ရှိသည်။ လသာဆောင်မှ အောက်သို့ ကြည့်လိုက်လျှင် ခြံဝင်းပြင်ဘက်ရှိ ရွှံ့ထူသော ကျောက်ခင်း လမ်းမြောင်လေးကို စီးပြီးမြင်နေရသည်။ လမ်းမြောင်တစ်ဖက်တွင် အုတ်နံရံရှိပြီး အခြားတစ်ဖက်တွင် တစ်ထပ်သစ်သားအိမ်လေးများရှိသည်။ ချိန်တူလူဆင်းရဲ ရပ်ကွက်မှ အိမ်များဖြစ်ပြီး ထိုအိမ်သားများနှင့် မြင်တွေ့နေရသည်။ ပူအိုက်သည့် ရာသီများတွင် ထိုအိမ်သားများသည် အပြင်ဘက်သို့ ထွက်ထိုင်ကာ စာဖတ်ကြသည်။ အစုတ်အပြဲ ချုပ်လုပ်ကြသည်။ စကားစမြည် ပြောကြသည်။ သူတို့ကို ကျွန်မတို့ လသာဆောင်မှ အတိုင်းသား မြင်နေရသည်။ လမ်းကြိုလမ်းကြားတွင် နေထိုင်သည့် ဆင်းရဲသားတို့ မျက်စိနောက်စရာများ မလုပ်ရဟု အဖေက သတိပေးသည်။ လသာ ဆောင်သို့ ထွက်ပြီးမကစားရန် တားမြစ်သည်။

နွေရာသီ ညဦးပိုင်းများတွင် ကျောက်ခင်းလမ်းကြားမှ လူငယ်လေးများ သည် လမ်းမများတွင် လှည့်လည်ကာခြင်ဆေးရောင်းသည်။ ခြင်ဆေးဝယ်အောင် သီချင်းများ စီကုံးပြီး သီဆိုသည်။ ညဦးပိုင်းတွင် ကျွန်မစာဖတ်ချိန်၌ ဆွဲဆွဲငင်ငင် သီဆိုသော ကြေကွဲဖွယ်သီချင်းသံကို ပြတ်တောင်းပြတ်တောင်း ကြားရသည်။ ခြင်လုံခန်းတွင် ပါကေးကြမ်းခင်းပေါ်ထိုင်ကာ အနှောင့်အယှက် မရှိဘဲ စာဖတ်နိုင် သည်မှာ အလွန်ထူးသည့် အခွင့်အရေးတစ်ခုဖြစ်သည်။ အဖေက "သူတို့နဲ့ မတူမတန် ဘူးလို့ မထင်ရဘူး။ ကံကောင်းလို့ သမီးက ဒီကို အိမ်ခန်းမျိုးမှာနေရတာ။ အဖေတို့ ကွန်မြူနစ်ခေတ်ထူထောင်ချင်တာ ဘာကြောင့်လဲ သိလား သမီး။ လူတိုင်း အခုအဖေ တို့နေတဲ့အိမ်မျိုး သည့်ထက်ကောင်းတဲ့ အိမ်မျိုးမှာ နေနိုင်ဖို့ပဲ" ဟု ဆုံးမသည်။

အဖေက မကြာခဏ ထိုစကားမျိုးပြောကာ သတိပေးသည်။ ကြာတော့ ယခုလို အခွင့်ထူးခံဘဝမှာ နေရသည်ကိုပင် ကျွန်မ ရှက်ရွံ့လာသည်။ တစ်ခါတစ်ရံ

ခြံဝင်းထဲက လူငယ်လေးများသည် လသာဆောင်တွင် ထိုင်ကာ ခြင်ဆေးရောင်းသူ သီဆိုသည့် သီချင်းများကို သီဆိုကြသည်။ သူတို့ ကိုယ်စား ကျွန်မရှက်မိသည်။ အဖေ၏ ကားနှင့် အပြင်သို့ ကျွန်မသွားလျှင် လူအုပ်ထဲ ဟွန်းတီးပြီး ဖြတ်သည့်အခါ မျက်နှာပူသည်။ သူတို့က ကားထဲသို့ စူးစိုက်ကြည့်လျှင် ကျွန်မခေါင်းငုံ့ထားသည်။

ဆယ်ကျော်သက်အစောပိုင်းတွင် ကျွန်မသည် တည်ကြည်ပြီး အလုပ်တစ်ခုခုကို အလေးအနက်ထား လုပ်ကိုင်တတ်သည့် မိန်းကလေးတစ်ယောက် ဖြစ်သည်။ တစ်ယောက်တည်းနေချင်သည်။ စိတ်ထဲနားမလည်နိုင်ဘဲ ရှုပ်ထွေးနေသော လူမှုကျင့်ဝတ်ဆိုင်ရာ ကိစ္စများကို တွေးတောဆင်ခြင်လေ့ရှိသည်။ အားကစားကို စိတ်မပါ။ တခြားကလေးများနှင့်မကစားချင်။ မိန်းကလေးများနှင့် ဝိုင်းဖွဲ့ပြီး အတင်းစကား မပြောတတ်။ ကျွန်မသည် အများနှင့် ဖော်ဖော်ရွေရွေ ပေါင်းသင်းတတ်သည်။ သို့သော်လည်း အဖော်များနှင့် စည်းခြားနေသည် ထင်မိသည်။ တရုတ်ပြည်တွင် မိန်းမများသည် အပေါင်းအသင်းဝင်ဆံ့ပြီး ရောနှောတတ်သည်။ ကျွန်မကား ကလေး ဘဝကပင် တစ်ကိုယ်တည်း နေတတ်သည့် အကျင့်ရလာသည်။

ကျွန်မ၏ ထိုစရိုက်ကို အဖေသတိထားမိသည်။ သူသဘောကျသည်။ ဆရာများကမူ ကျွန်မအား စုပေါင်းစိတ်ဓာတ် မွေးဖို့လိုသည်ဟု ပြောသည်။ အဖေကမူ ရောရောနှောနှောနေခြင်းနှင့် တစ်ယောက်ခေါင်း တစ်ယောက်နင်းကာ နေထိုင်ခြင်း မျိုးသည် ပျက်စီးခြင်းသို့ ဆိုက်ရောက်တတ်သည်ဟု ကျွန်မ ကိုပြောပြသည်။ အဖေ၏ ထောက်ခံမှုဖြင့် ကျွန်မ၏ စည်းဝိုင်းထဲသို့ အခြားသူ တို့ကို အဝင်မခံ။ တစ်ကိုယ်ရေ လွတ်လပ်ခွင့်ကို ထိန်းသိမ်းထားသည်။ တရုတ်ဘာသာစကားတွင် ထိုစကားနှစ်လုံးကို ဖွင့်ဆိုနိုင်သော တိကျသည့် စကားလုံး များမရှိ။ သို့သော်လည်း များစွာတို့က ထိုသို့ နေနိုင်ရေးကို တောင့်တသည်။ ကျွန်မမွေးချင်းများနှင့် ကျွန်မကိုယ်တိုင် အဖေပြောသည်ကို သဘောတူသည်။ ဥပမာကျောင်မင်းသည် သူ့ဘဝကို သူဖန်တီးချင်သည်။ ဘယ်သူနှင့်မှ မရောနှောချင်။ သို့ဖြစ်ရာ မသိသူတို့က သူ့ကို ဖော်ရွေမှုမရှိဟု ပြောကြသည်။ တကယ်တော့ သူသည် အပေါင်းအသင်းနှင့် နေလေ့ရှိပြီး သူငယ်ချင်းများ အကြား လူချစ်လူခင်များသည်။

အဖေက ကျွန်မတို့အား မကြာခဏပြောဖူးသည်။

"အာကာတစ်ခွင်မှာ လေလို လွတ်လွတ်လပ်လပ်လွင့်ပါးချင်တယ်" ဆိုတဲ့ မင်းတို့အမေရဲ့ သဘောထားဟာ "အံ့ဖွယ်သူရဲပဲလို့ အဖေ ထင်တယ်"

အဖေအမေတို့က ကျွန်မတို့ကို ကြိုက်ရာ ရွေးခွင့်ပေးကာ လွတ်လွတ် လပ်လပ်နေစေသည်။ သီးခြားနေခွင့်ရှိသည်ဟူ၍ လည်းယူဆခွင့်ပြုသည်။

*****

[၁၄]

အဖေသည် သွေးနီးသည်။ အမေသည် သွေးနီးသည်။ သို့သော်လည်း မည်သူမှ
ဥက္ကဋ္ဌကြီး မော်လောက် သွေးမနီး။

မော် ကိုးကွယ်ရေး
(၁၉၆၄ - ၁၉၆၅)

သူ့ကို ကျွန်မတို့က "ဥက္ကဋ္ဌကြီးမော်" ဟု အမြဲခေါ်ကြသည်။ ဥက္ကဋ္ဌကြီးမော်သည် ၁၉၆၄ ခုနှစ် ကျွန်မ ၁၂ နှစ်အရွယ်၌ ကျွန်မဘဝထဲသို့ တိုက်ရိုက်ဝင်ရောက် ပတ်သက်လာသည်။ အငတ်ဘေးဆိုက်ပြီး နောက်အတန်ကြာ တိမ်မြုပ်နေရာမှ သူပြန်လာစပြု ပြီး ၁၉၆၃ မတ်တွင် တစ်တိုင်းပြည်လုံးရှိ လူငယ်များအား "လေဖန်းထံမှ သင်ယူကြ" ဟူသည့် ကြွေးကြော်သံတစ်ခုကို မော် ထုတ်ပြန်သည်။

လေဖန်းသည် စစ်သားလေးတစ်ယောက်ဖြစ်ပြီး ၁၉၆၂ ခု အသက်နှစ်ဆယ့်နှစ်နှစ်၌ သေဆုံးခဲ့သည်ဟု ကျွန်မတို့ သိရသည်။ သူသည် အများကောင်းကျိုးကို အံ့ဘနန်းဆောင်ရွက်သူဖြစ်သည်။ အဘိုးအို၊ အဘွားအို၊ နာမကျန်းသူနှင့် အကူအညီလိုသူတို့ကို သူ ကူညီသည်။ ထိုအလုပ်သည် သူ့အလုပ်မဟုတ်။ သူ စုဆောင်းထားသည့် ပိုက်ဆံကို ကယ်ဆယ်ရေးရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းသည်။

သူ၏ ရိက္ခာရာရှင်ကို မစားဘဲ ဆေးရုံတက်နေသည့် ရဲဘော်များကို စားစေသည်။

လေဖန်းသည် ချက်ချင်းပင် ကျွန်မဘဝထဲသို့ ဝင်ရောက်ကြီးစိုးလာသည်။ ကျွန်မတို့သည် နေ့လယ်တိုင်း စာသင်ခန်းမှထွက်ကာ လေဖန်းလိုအများကောင်းကျိုးလုပ်ကိုင်ကြသည်။ ဘူတာရုံသို့သွားပြီး လေဖန်းလိုပင် အဘွားအိုများ၏ အထုပ်အပိုးများကို ကူညီသယ်ယူပေးသည်။ တစ်ခါတစ်ရံ အတင်းလုယူရသည်။ တောသူ အဘွားတို့က သူခိုးဟု ကျွန်မတို့ကိုထင်သည်။ မိုးရွာသောနေ့များတွင် လေဖန်းလို လမ်းဘေးမှာ ထီးတစ်ချောင်းဆောင်းကာ အကူအညီပေးရန် စောင့်ရသည်။ အဘွား အိုတစ်ယောက် ဖြတ်သွားလျှင် သူ့ကို အိမ်သို့လိုက်ပို့ပေးမည်။ ရေးထမ်းလာသူ တွေ့လျှင် ကျွန်မ ကူ၍ထမ်းမည်။ ရေတစ်ထမ်း ဘယ်လောက်လေးသလဲ ကျွန်မ မသိ။

၁၉၆၄တွင် စကောက်များလို သူများကိုကူညီသည့် အလေ့အထသည် တဖြည်းဖြည်း မော်ကိုးကွယ်ရေး အသွင်သို့ ပြောင်းလာသည်။ လေဖန်း၏ အနှစ်သာရမှာ ဥက္ကဋ္ဌကြီးမော်ကို အတိုင်းမသိ ချစ်ခင်ကြည်ညို လေးစားခြင်း ဖြစ်သည်ဟု ဆရာများက ဖွင့်ဆိုသည်။ လေဖန်းသည် ယခုလို တစ်ပါးသူအား

မကူညီခင် မော်၏ မိန့်ကြားချက်အချို့ကို လေဖန်း အမြဲနှလုံးသွင်းသည်။ သူ၏ နေ့စဉ် မှတ်တမ်းကို ပုံနှိပ်ထုတ်ဝေသည်။ ယင်းမှာ ကျွန်မတို့ ဖတ်ရှုရသည့် ကျောင်းသုံးစာအုပ် ဖြစ်လာသည်။ စာမျက်နှာတိုင်းသည် ကတိသစ္စာစကားများ ဖြစ်လာသည်။ ဥပမာ "ဥက္ကဋ္ဌကြီး မော်၏ ကျမ်းများကို ငါဖတ်ရမည်။ ဥက္ကဋ္ဌကြီး မော်၏ စကားများကို ငါလိုက်နာပြီး မော်၏ စစ်သားကောင်းတစ်ယောက် ဖြစ်စေရမည်။" ဟု မှတ်သားထားသည်။ ကျွန်မ တို့သည် လေဖန်းနောက်သို့ လိုက်လျှောက်ကာ "ဓားတောင်ကိုကျော်၍ မီးပင်လယ် ဖြတ်ရန်" အသင့်ရှိနေ ကြသည်။ "အရိုးကြေကြေ အရေခန်းခန်း" ဆောင်ရွက်ရန် ကတိပြုကြသည်။ "ခေါင်းဆောင်ကြီးမော်၏ ခေါင်းဆောင်မှုကို ယုံမှားကင်းစွာ လက်ခံရန် ကတိပြုကြသည်။ မော် ကိုးကွယ်ခြင်းနှင့် လေဖန်းကိုးကွယ်ခြင်းတို့သည် ပိုက်ဆံ တစ်ပြား၏ နှစ်မျက်နှာဖြစ်သည်။ တစ်ဖက် မျက်နှာမှာ ပုဂ္ဂိုလ်ကိုးကွယ်မှုဖြစ် ပြီး အခြားတစ်ဖက်သည် ပုဂ္ဂိုလ်စွဲမဲ့ ကိုးကွယ်ခြင်း ဖြစ်သည်။

၁၉၆၄ တွင် ပထမဆုံးအကြိမ် မော်၏ စာကို ကျွန်မ ဖတ်ရသည်။ "ပြည်သူ ကို အလုပ်အကျွေးပြုပါ" နှင့် "လူတန်းစားတိုက်ပွဲကို ဘယ်တော့မှ မမေ့နဲ့" တို့သည် ကျွန်မတို့ ဘဝများကို စိုးမိုးထားသည်။

တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော ကြွေးကြော်သံနှစ်ခု၏ အနှစ်သာရကို လေဖန်းက သူ၏ "လေးရာသီ" ကဗျာတွင် ဖော်ကျူးထားသည်။ ကျွန်မတို့ အလွတ် ကျက်ကြသည်။

နွေဦးလိုပဲ ရဲဘော်တွေကို ငါ နွေးနွေးထွေးထွေး ဆက်ဆံတယ်။
နွေလိုပဲ ငါမှာ တော်လှန်ရေးအလုပ်တွေနဲ့ လန်းဆန်းတက်ကြွနေတယ်။
ဆောင်းဦးလေညင်းက ကြွေကျနေတဲ့ ရော်ရွက်တွေကို တိုက်ထုတ်သလို
ငါလည်း ငါ့ရဲ့ တသီးပုဂ္ဂလဝါဒကို မောင်းထုတ်မယ်။
ကြမ်းတမ်းတဲ့ဆောင်းလိုပဲ လူတန်းစားရန်သူကို ငါ မညှာနိုင်ဘူး
ရက်စက်ရ လိမ့်မယ်။

ထိုကဗျာနှင့် ညီညွတ်အောင် အကူအညီပေးသည့်အခါ လူမမှားဖို့ ဂရုစိုက်ရမည်ဟု ကျွန်မတို့ ဆရာက ပြောသည်။ "လူတန်းစား ရန်သူ" ကို ကျွန်မတို့ မကူညီရ။ သို့ပေမယ့် လူတန်းစားရန်သူဆိုတာ ဘယ်သူတွေလဲ။ ကျွန်မ နားမလည်။ ဘယ်သူတွေဆိုသည်ကို ရှင်းပြရန် ဆရာများကို လည်းကောင်း၊ အဖေနှင့် အမေကို လည်းကောင်း ကျွန်မမေးကြည့်သည်။ ရုပ်ရှင်တွေထဲက လူဆိုးတွေလို လူတွေပေါ့" ဟူသည်မှာ သူတို့ဆီကရသည့် တညီတညွတ်တည်းသော အဖြေဖြစ်သည်။ သို့သော်လည်း ကျွန်မဝန်းကျင်တွင် ရုပ်ရှင်ထဲကလို ရှုသိုးသိုးအပေါက်ဆိုးဆိုးနှင့် လူဆိုးများကို ရှာ၍မတွေ့။ ဤသည်မှာ ပြဿနာကြီးတစ်ခု ဖြစ်လာသည်။ သို့ဖြစ်အောင် အဘွားအိုတွေဆီက အထုပ်အပိုးများကို ကူညီသယ်ဆောင်ပေးသည့် အလုပ်ကို မလုပ်ချင်တော့။ "အဘွားဟာ လူတန်းစားရန်သူလားဟင်" ဟု ကျွန်မ

မမေးနိုင်။

တစ်ခါတစ်ရံ ကျွန်မတို့သည် ကျောင်းတစ်ဖက်မှာရှိသည့် လမ်းကြားထဲ က အိမ်များသို့ သွားကာ ရှင်းလင်းပေးကြသည်။ တစ်အိမ်တွင် လူငယ်ကောင်လေး တစ်ယောက်သည် ဝါးကုလားထိုင်တွင် ခပ်ပျင်းပျင်းထိုင်နေရာမှ ကျွန်မတို့ကို လှောင်ပြုံးပြုံးကာ ကြည့်သည်။ သူ့အိမ် ပြတင်းများကို ကျွန်မတို့ ရှင်းလင်းဖုန်သုတ်ပေးရာတွင် သူက မကူညီသည့်အပြင် တဲထဲက သူ့စက်ဘီးကို စီးယူလာပြီး ဆေးကြောပေးခိုင်းသည်။

“မင်းတို့က တကယ့်လေဖန်းမဟုတ်တာ သနားစရာပဲ။ ပြီးတော့ ဒီနားမှာ ဓာတ်ပုံဆရာမရှိဘူး။ ရှိရင် မင်းတို့ပုံ တွေရိုက်ပြီး သတင်းစာတွေထဲမှာ ထည့်ပေးနိုင်မယ်”

ဟု သူက ပြောသည်။ (လေဖန်း၏ စေတနာ့ဝန်ထမ်းအလုပ်များကို သတင်းစာဓာတ်ပုံဆရာက စောင့်ပြီး ဓာတ်ပုံရိုက်လေ့ရှိသည်။) ညစ်ပတ်သော စက်ဘီးပိုင်ရှင်လူငယ်ကို ကျွန်မတို့ မုန်းသည်။ သူရော လူတန်းစားရန်သူ မဖြစ်နိုင်ဘူးလား။ သို့ပေမယ့် သူသည် စက်ပစ္စည်းစက်ရုံမှ အလုပ်သမားတစ်ယောက် ဖြစ်သည်ဟုကျွန်မတို့သိရသည်။ အလုပ်သမားလူတန်းစားသည် ကျွန်တော်တို့တော်လှန်ရေးတွင် တပ်ဦးက မားမားမတ်မတ်ရပ်သည့် လူတန်းစားဖြစ်သည်ဟု အကြိမ်ကြိမ် သွန်သင်ခဲ့သည်။ ကျွန်မခေါင်းရှုပ်သွားပြီ။

ကျောင်းဆင်းလျှင် အလေးအပင်သယ်လာသည့် ဝန်တင်လှည်းများကို ကျွန်မ ကူပြီးတွန်းပေးသည်။ ဘိလပ်မြေတင်လာသည့် လှည်းကို ကုန်းမော့မော့တွင် လူနှစ်ယောက်ဆွဲနေသည်။ ချွေးသီးချွေးပေါက်များ ကျသည့် သူတို့ကို မြင်ရသည်မှာ ကျွန်မ စိတ်မချမ်းသာ။ ဝမ်းနည်းမိသည်။ လေဖန်းစေတနာ့ ဝန်ထမ်းလုပ်ငန်း လုပ်ငန်း အစပျိုးချိန်တွင် ထိုကဲ့သို့သော ဝန်တင်လှည်းများကို ကူညီဆွဲရန် ကျွန်မ စောင့်သည်။ သူတို့ကို ကူညီပြီးနောက် ကျွန်မမှာ မောဟိုက်လာသည်။ သူတို့က ကျွန်မကို ခိုးကြည့် ပြီး မသိမသာ ပြုံးသွားကြသည်။

တစ်နေ့တွင် အတန်းသားတစ်ယောက်က ဝန်တင်လှည်းဆွဲသူများသည် အလုပ်ကြမ်းဒဏ် ပေးခံရသည့် လူတန်းစားရန်သူများဖြစ်သည်ဟု သတင်းပေးသည်။ သို့ဖြစ်ရာ သူတို့ကို ကူညီလျှင်မှားသည် ဟုဆိုသည်။ တရုတ်တို့ ထုံးစံမှာ ကိုယ်မသိလျှင် ဆရာဆရာမများကိုမေးရသည်။ သို့ဖြစ်ရာ ကျွန်မ ဆရာမကို မေးကြည့်သည်။ ဆရာမ မဖြေတတ်။ တွေတွေဝေဝေဖြစ် သွားသည်။ ကျွန်မ မစဉ်းစားတတ်တော့ပြီ။ တကယ်တော့ ဝန်တင်လှည်းဆွဲသူများမှာ ကူမင်တန်အဆက်အသွယ် သို့မဟုတ် နိုင်ငံရေး ပြစ်ဒဏ်ပေးခံရသူများ ဖြစ်သည်ဟု သိရသည်။ ဆရာမက အဖြေမပေးသော်လည်း နောက်နောင် ဝန်တင်လှည်းဆွဲသူများကို မကူညီနှင့်တော့ဟု ပြောသည်။ ထိုအခါမှ စ၍ လမ်းတွင် ဝန်တင်လှည်းဆွဲလာသူများကို တွေ့လျှင် ကျွန်မ မျက်နှာလွှဲသွားရသည်။ ရင်ထဲကမူ

မကောင်းလှ။

လူတန်းစားရန်သူကို မုန်းရန် ကျောင်းများတွင် "နာစရာတွေကို သတိရ ပျော်စရာတွေကို တွေး" ဟောပြောပွဲများ မှန်မှန်ကျင်းပသည်။ အသက်ကြီးသူတို့က ကွန်မျူနစ်မတိုင်မီက တရုတ်ပြည်၏ ဆင်းရဲဒုက္ခများကို ပြန်ပြောင်းပြောပြသည်။ ကျွန်မတို့မှာ "အလံနီအောက်" တွင် မွေးဖွားလာသည့် မျိုးဆက်သစ်ဖြစ်သည်။ ကူမင်တန်လက်အောက်တွင် မည်မျှညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်တို့ကို ကျွန်မတို့မသိ။ လေဖန်းသည် လူတန်းစားရန်သူကို နာကျည်းပြီး ဥက္ကဋ္ဌကြီးမော်ကို အသည်းထဲက ချစ်သည်မှာ အကြောင်းရှိသည်။ သူ ခုနစ်နှစ်သားအရွယ်က သူ့အမေသည် မြေပိုင်ရှင် တစ်ယောက်၏ အဓမ္မကျင့်ခံရသဖြင့် ဆွဲကြိုးချကာ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသည်။ ဤအကြောင်းကို ပြောပြသည်။

ကျွန်မတို့ကျောင်းသို့ အလုပ်သမားများ၊ လယ်သမားများ လာရောက်ဟောပြောသည်။ သူတို့ငယ်စဉ်က ငတ်ပြတ်ပုံ၊ ရေခဲသောဆောင်းတွင် အဝတ် မလုံမခြုံ ဖိနပ်မပါဘဲ နာမကျန်းဖြစ်ကာ အရွယ်မရောက်မီ သေဆုံးရပုံတို့ကို ပြောပြသည်။ ဥက္ကဋ္ဌကြီးမော်ကို သူတို့ကျေးဇူးတင်သည်။ သူတို့အသက်ကို ကယ်သည်။ ထမင်းနပ်မှန်စားရအောင် လုပ်ပေးသည်။ ဥက္ကဋ္ဌကြီး မော်ကြောင့် သူတို့ အဝတ် လုံလုံခြုံခြုံဝတ်နိုင်ကြပြီ။ ဟောပြောသူတစ်ယောက်မှာ ယီလူမျိုးစုမှ ဖြစ်သည်။ သူတို့မှာ ၁၉၅၀ လွန်နှစ်များအထိ မြေကျွန်ဘဝမှ မလွတ်မြောက်ကြသေး။ သူသည် မြေကျွန် တစ်ယောက်ဖြစ်သည်။ သူ၏ မြေပိုင်ရှင်များက သူ့အား ရိုက်နှက်နှိပ်စက်သည့် ဒဏ်ရာများကို ပြသည်။ ထိုအခါ နားထောင်နေကြသည့် ခန်းမကြီးတစ်ခုလုံးဆီမှ ငိုရှိုက်သံများကြားရသည်။ ကျွန်မသည် ထိုဟောပြောပွဲများကို နားထောင်ပြီးနောက် ကူမင်တန်တို့၏ ရက်စက်မှုကို နားလည်လာပြီး ဥက္ကဋ္ဌကြီးမော်ကို ကြည်ညို လေးစား လာသည်။

ကျောင်းစားသောက်ဆိုင်က ကျွန်မတို့ကို "ဆေးခါးကြီးထမင်း" ဟုခေါ်သည့် ထမင်းဟင်း ချက်ကျွေးသည်။ ယင်းမှာ မော် မပေါ်ခဲ့လျှင် ဘယ်လို ခံရမည်ကို လက်တွေ့ပြခြင်းဖြစ်သည်။ ထိုထမင်းဟင်းမျိုးကို ကူမင်တန်လက်အောက်တွင် ဆင်းရဲသားများ စားကြရသည်ဟု ဆိုသည်။ တကယ်တော့ ထူးဆန်းသည့် ဆေးမြစ်စုံ များနှင့် ရော၍ ချက်ထားခြင်းဖြစ်သည်။ ထမင်းချက်တွေ ကျွန်မတို့ကို ကျီစယ်နောက် ပြောင်တာများလားမသိ။ ပထမ တစ်ကြိမ် နှစ်ကြိမ်စားပြီးလျှင် ကျွန်မ အန်ထုတ်သည်။

တစ်နေ့တွင် တိဗက်ပြည်အကြောင်း "လူတန်းစားပညာပေးပြပွဲ" တစ်ခု ကျင်းပသည်။ ကင်းမလက်မည်းများ တွားသွားနေသည့် မြေအောက်အကျဉ်းခန်း၊ ညှဉ်းပန်းနှိပ်စက်သည့် ပစ္စည်းကိရိယာများ၊ မျက်လုံးထုတ်သည့် ကိရိယာနှင့် ဖနောင့်ကြောဖြတ်သည့် ဓားတို့၏ ဓာတ်ပုံများ ပြသထားသည်။ တိဗက်မှ မြေကျွန်ဟောင်း တစ်ယောက် လက်တွန်းဘီးတပ်လှည်းဖြင့် ရောက်လာပြီး သူ၏ ဖနောင့်ကြောများ အဖြတ်ခံရပုံကို ပြသည်။ အသေးအဖွဲ့အပြစ်ကလေးကြောင့်

ဒဏ်ပေးခံရခြင်းဖြစ် သည်ဟု ဆိုသည်။

၁၉၆၄ မှစ၍ အိမ်ကြီးများကို သိမ်းပြီး "လူတန်းစားအသိပညာပေးပြတိုက်များ" အဖြစ် ဖွင့်လှစ်ပြသသည်။ မော်တို့ မတက်လာမီ မြေပိုင်ရှင်ကြီးများသည် လယ်သမားများ၏ အသွေးအသားကို စုပ်ကာ စည်းစိမ်ရှိရှိ နေထိုင်သည်ကို ပြသခြင်း ဖြစ်သည်။ သူတို့ကား လူတန်းစားရန်သူများဖြစ်သည်။ ၁၉၆၅ တရုတ်နှစ်သစ်ကူး ပွဲတော်ရက်တွင် အဖေက ကျွန်မတို့အား မြေရှင်စံအိမ်ကြီး တစ်ခုသို့ ခေါ်သွားပြီး ပြသသည်။ အိမ်မှ နှစ်နာရီခွဲခရီးကားဖြင့် သွားရသည်။ တောနယ်များသို့ မိသားစုခရီးထွက်ခဲသည်။ ယခုအကြိမ်မှာ ပထမဆုံးအကြိမ် ဖြစ်သည်။

ချိန်တူလွင်ပြင်သည် စိမ်းလန်းသာယာသည်။ ယူကလစ်ပင်များ ဘေးတစ်ဖက်တစ်ချက်တွင် ပေါက်နေသည့် ကတ္တရာလမ်းအတိုင်း ကျွန်မတို့ကားဖြင့် ခရီးထွက်လာကြသည်။ လမ်းဘေးတွင် လယ်တဲလေးများကို မိုးအုပ်ထားသည့် ဝါးရုံတော သည် လေ့အဝေ့တွင် ယိမ်းနွဲ့နေသည်။ သက်ငယ်တဲများ၏ အထက်တွင် မီးခိုးတန်း လေးများ၊ မိုးယံဆီသို့ တွန့်လိမ်တက်သွားကြသည်။ သစ်ပင် ချုံနွယ်တို့ကို ဝေ့ဝိုက် စီးဆင်းသော စမ်းချောင်းလေးကား ကြည်လင်အေးမြ လှသည်။ စောစောပွင့်သည့် ဆီးပွင့်သည် စမ်းရေတွင် အရိပ်ထင်လာသည်။ အဖေက ဤခရီးမှအပြန် စာစီစာကုံး တစ်ခုရေးရမည်ဆိုသဖြင့် မြင်ကွင်းများကို ကျွန်မ မှတ်သားရသည်။ တစ်နေရာတွင် ကျွန်မ မဖြေရှင်းနိုင်သည့် ရှုခင်းတစ်ကွက်ကို တွေ့ရသည်။ လယ်ကွင်းဘေးတွင် ပေါက်ရောက်နေသည့် သစ်ပင်များတွင် အကိုင်းအလက်များ ဗလာကျင်းနေပြီး အလံတိုင်နှင့် တူနေသည်။ ထင်းခုတ်ကြသဖြင့် သစ်ပင်များ အကိုင်းမဲ့နေခြင်းဖြစ် သည်ဟု အဖေက ရှင်းပြသည်။ ယခင်ကမူ ချိန်တူလွင်ပြင်သည် သစ်တောကြီးများဖြင့် အုံ့ဆိုင်းနေသည်။ သို့သော်လည်း အဖေ ရှင်းမပြသည့် အကြောင်းတစ်ခုရှိသည်။ ယင်းမှာ ခုန်ပျံကျော်လွှားရေးခေတ်တွင် သံမဏိကျိုရန် ထင်းခုတ်သဖြင့် သစ်ပင်များ ဗလာကျင်းနေရခြင်းဖြစ်သည်။

ကျေးလက်တွင် အထူးစည်ပင်လာဟန်တူသည်။ နေ့လယ်စာစားရန် ဈေးမြို့တစ်ခုတွင် ကျွန်မတို့ရပ်နားသည်။ လယ်သမားများကို သစ်လွင်တောက်ပြောင်သည့် အဝတ်များနှင့် တွေ့ရသည်။ လူကျပ်သည့် စားသောက်ဆိုင်တစ်ခုတွင် ဘဲကင်များ ရွှေရောင်ဝင်းလက်နေသည်။ ဝါးပေါင်းချောင်းများမှ မွှေးပျံ့သည့် အနံ့များ ရသည်။ ကျွန်မတို့ ကားသည် ဈေးကိုဖြတ်ကာ ဒေသခံအစိုးရ ရုံးအဆောက်အအုံများ သို့ သွားသည်။ ရုံးမှာ စံအိမ်အကြီးစားဖြစ်ပြီး အဝင်ဝတွင် ခြင်္သေ့ရုပ်နှစ်ခု ထိုင်နေသည်။ ၁၉၆၁ အငတ်ဘေးဆိုက်စဉ် အဖေသည် ထိုဒေသတွင် လယ်သမားများနှင့်အတူ နေထိုင်ခဲ့သည်။

ယခုလေးနှစ်အကြာတွင် ဒေသခံအရာရှိများက အဖေ့အား

အပြောင်းအလဲကြီးများကို ပြချင်သည်။ စားသောက်ဆိုင်တစ်ခုသို့ ကျွန်မတို့ကို ခေါ်သွားသည်။ ဆိုင်တွင် စားပွဲတစ်ခု ပြင်ဆင်ထားသည်။ ဆိုင်ထဲဝင်သွားလျှင် လယ်သမားများက လူစိမ်းများဖြစ်သည့် ကျွန်မတို့ကို လှည့်ကြည့်ကြသည်။ ဒေသခံလူကြီးများက ရိုရိုသေသေ ဖိတ်ခေါ် လာသည်ကို သူတို့သိသည်။ စားပွဲတွင် သွားရည် ယိုစရာ ဟင်းလျာများ တည်ခင်းထားသည်။ ကျွန်မ မစားဖူးသည့် ဟင်းလျာများ ဖြစ်သည်။ ဤဈေးမြို့လေးတွင် အထူးအဆန်း ဟင်းလျာများတွေ့ရသည်။ နာမည်များမှာ အံ့သြစရာ ကောင်းသည်။ "ပုလဲလုံး"ဟင်း၊ "သေနတ်သံသုံးချက်" ဟင်း၊ "ခြင်္သေ့ ခေါင်း" ဟင်းတို့ဖြစ်သည်။ စားသောက်ပြီးနောက် ဆိုင်မန်နေဂျာက ကျွန်မတို့ကို အပြင် ဘက်စကြံအထိ လိုက်ပို့ပြီး နှုတ်ဆက်သည်။

ပြတိုက်သို့ သွားရာလမ်းတွင် ကျွန်မတို့ကားသည် အမိုးဖွင့်ထရပ်ကား တစ်စီးကို ကျော်တက်သည်။ ထိုကားတွင် ကျွန်မတို့ကျောင်းမှ ကျောင်းသား ကျောင်းသူအချို့ လိုက်ပါလာကြသည်။ သူတို့လည်း လူတန်းစားပညာပေး ပြပွဲသို့ လာကြခြင်းဖြစ်သည်။ ကျွန်မတို့ကျောင်းမှ ဆရာမတစ်ဦးသည် ကားနောက်ခန်းတွင် မတ်တပ်ရပ်နေသည်။ ဆရာမက ကျွန်မကို ပြုံးပြသည်။ သူတို့က နွေဦးလေအေးစက် စက် မနက်ခင်းတွင် အမိုးဖွင့်ထရပ်ကားနှင့် သွားနေရစဉ် ကျွန်မတို့က ရုံးကားဖြင့် သွားရခြင်းကို ရှက်ကာ နေရာတွင် ကျုံ့ကျုံ့ရုံ့ရုံ့ဖြစ်သွားသည်။

အဖေက ကားရှေ့ခန်းတွင် ကျွန်မ မောင်အငယ်ဆုံးကို ပေါင်ပေါ်တင်ကာ လိုက်လာသည်။ အဖေက ကျွန်မ စိတ်ပျက်နေသည်ကို တွေ့သောအခါ ဝမ်းမြောက်သွားသည်။ အခွင့်ထူးခံစားရ ခြင်းကို ရှက်ခြင်းသည် ကောင်းသည့် အရည်အချင်းဖြစ်ကြောင်း အဖေက ပြောသည်။

ပြတိုက်သို့ ရောက်သည်။ အံ့သြစရာကောင်းလောက်အောင် ပြကွင်း စုံသည်။ လယ်မဲ့ယာမဲ့တို့ လယ်ငှားခအဆမတန် ပေးရပုံ၊ လယ်ရှင်၏ တင်းနှစ်မျိုးပုံ၊ တင်းတစ်ခုမှာ လယ်ခကောက်သည့် တင်းဖြစ်ပြီး အလွန်ကြီးသည်။ သူက ချေးငှားရာ တွင် တင်းအသေးကို အသုံးပြုသည်။ အတိုးကလည်း ကြီးသည်။ လယ်သမားကို နှိပ်စက်သည့် နေရာများပြသထားသည်။ လယ်ခ မပေးသည့် လယ်သမားကို လယ်ရှင် က ညှဉ်းပန်းနှိပ်စက်သည်။ အိမ်ခန်းတစ်ခုမှာ နို့ထိန်းသည် သုံးယောက်နေသည့် အခန်းဖြစ်သည်။ နို့ထိန်းများက လယ်ရှင်ကို သူတို့၏ နို့ရည်ကို ညှစ်ပြီး တိုက်ကျွေးရသည်။ လူနို့သည် အာဟာရဖြစ်သည်ဟု သူယုံကြည်သည်။ လယ်ရှင်၏ နံပါတ်ငါး အပျော်မယားသည် တစ်နေ့ဘဲ အကောင်သုံးဆယ် စားသည်။ အသားကို စားခြင်း မဟုတ်။ အလွန်အရသာ ရှိသည်ဆိုသော ဘဲခြေထောက်များကို စားခြင်းဖြစ်သည်။

လူမဆန်သော ထိုလယ်ရှင်၏ ညီသည် ပီကင်းအစိုးရအဖွဲ့တွင် ယခု ဝန်ကြီး ဖြစ်နေသည်။ ၁၉၄၉ တွင် ချိန်တူမြို့ကို ကွန်မြူနစ်တို့ လက်သို့ အပ်သဖြင့် ဆုလာဘ်

ပေးခြင်းဖြစ်သည်ဟု သိရသည်။ "လူသားစားသည့် ကူမင်တန်ခေတ်အကြောင်း ပြောပြပြီးနောက် မော်ကို ကျေးဇူးတင်ရမည့်အကြောင်း လည်း ကျွန်မတို့ကို သတိပေးသည်။

မော်ကိုးကွယ်ရေး လှုံ့ဆော်ချက်သည် ပြည်သူတို့၏ အတိတ်က ငရဲခန်းများကို ဖော်ထုတ်ခြင်းနှင့် ဒွေးရောယှက်တင်ရှိနေသည်။ လူတန်းစားရန်သူများသည် တရုတ်ပြည်ကြီးကို ကူမင်တန်ခေတ်သို့ ပြန်ယူခေါ်ဆောင်ချင်သည့် ရာဇဝတ်ကောင်များဖြစ်သည်။ ကူမင်တန်ခေတ်ဆိုးသို့ ပြန်ရောက်လျှင် ကျွန်မတို့ ကလေးများ ကျောင်း နေရမည်မဟုတ်။ ဆောင်းတွင် ကျွန်မတို့ဖိနပ်စီးရမည် မဟုတ်။ အစာဝဝလင်လင် စားရမည်မဟုတ်။ ထို့ကြောင့်ပင် ထိုရန်သူများကို ကျွန်မတို့ ချေမှုန်းရမည်ဖြစ်သည်ဟု ဆိုသည်။ "ခေတ်ကျပ်" ဖြစ်သည့် ၁၉၆၂ တွင် ချန်ကေရှိတ်သည် ပြည်မသို့ ဝင်ရောက် တိုက်ခိုက်ရန် ကြိုးစားသည်ဟု သိရသည်။ "ခေတ်ကျပ်" ဆိုသည် ကွန်မြူနစ် အစိုးရလက်ထက် အငတ်ဘေး ဆိုက်ချိန်ကို "စကားအလှ" အစားထိုး သုံးထားခြင်း ဖြစ်သည်။

ထိုကဲ့သို့သော ဟောပြောချက်များ ကျွန်မကြားရသည်။ လှုပ်ရှားမှုများ တွင်ပါဝင်ရသည်။ သို့တိုင်အောင် ကျွန်မနှင့် ကျွန်မတို့ မျိုးဆက်အဖို့ လူတန်းစား ရန်သူဟူသည် နားလည်ရခက်သည့် ဒြပ်မဲ့တစ်ခု အမှန်တကယ်မမြင်ရသည့် အရိပ် တစ်ခု ဖြစ်နေသည်။ ယင်းတို့မှာ ဟိုးအဝေးဆီက အတိတ်၏ ဖြစ်ရပ်များသာ ဖြစ်သည်။ မော်သည် နေ့စဉ်ကြုံတွေ့ရသည့် ရုပ်ပစ္စည်းပုံသဏ္ဍာန်ဖြင့် ထိုခေတ်ကို မဖော်ပြနိုင်။ အကြောင်းတစ်ခုမှာ သူသည် အတိတ်ကို လုံးလုံးချေဖျက်ခဲ့ပြီးသောကြောင့် ဖြစ်သည်။ မည်သို့ဖြစ်စေ ရန်သူရှိသေးသည်ဟူသော သဘောသည် ကျွန်မ ရင်ထဲတွင် အမြစ်တွယ်လာပြီဖြစ်သည်။

တစ်ချိန်တည်းမှာပင် မော်သည် သူ့ကို ကိုးကွယ်ရန် မျိုးစေ့များ စိုက်ပျိုးနေသည်။ ကျွန်မတို့မျိုးဆက်နှင့် ကျွန်မတို့ကိုယ်တိုင်ပင် ထိုသဘောတရား ရိုက်သွင်းခြင်း ကို ခံနေကြရသည်။ သူ့လုပ်ငန်း တစ်စိတ်တစ်ပိုင်း အောင်မြင်သည်။ အကြောင်းမှာ မော်၏ ကိုင်တွယ်ပုံ ကျွမ်းကျင်မှုကြောင့် သူသည် ပြည်သူ့ကောင်းကျိုးရှေ့ဆောင်သူ၏ နေရာတွင် ရနေပြီဖြစ်သည်။ လူတန်းစား ရန်သူကို ရက်ရက်စက်စက် ချေမှုန်းခြင်း သည် ပြည်သူ့အပေါ် သစ္စာရှိခြင်းဖြစ်သည်ဟု နားလည်လာကြသည်။ သို့ဖြစ်ရာ သူ၏ ခေါင်းဆောင်မှုကို အကြွင်းမဲ့ လက်ခံခြင်းသည် ကိုယ်ကျိုးစွန့်ခြင်းပင်ဖြစ်သည်ဟု လိမ်လိမ်မာမာ သူတင် ပြနိုင်ခဲ့သည်။

တရုတ်ပြည်တွင် လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ထောင်ကတည်းက ကောရှဖ် ဟူသော ပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံအုပ်ချုပ်ရေးအာဏာနှင့် ဘာသာရေးအာဏာနှစ်ခု ကို စုစည်းချုပ်ကိုင်ခဲ့သည်။ ကမ္ဘာ့အခြားဒေသများ တွင် ဘာသာရေး အထွက်အထိပ် အဖြစ် ထာဝရဘုရားသခင်ကို နေရာပေးကြသည်။ တရုတ်ပြည်တွင်ကား ကောရှဖ်

သည်ပင် ကိုးကွယ်ရာတစ်ခု ဖြစ်ခဲ့သည်။ အခြားသန်းပေါင်းများစွာသော တိုင်းသူပြည်သားများနည်းတူ ကျွန်မ မိဘများသည် ဤဓလေ့ထုံးစံ၏ သြဇာသက်ရောက်မှုကို ခံယူခဲ့ကြသည်။

မော်သည် လျှို့လျှို့ဝှက်ဝှက်နေသည်။ ထိုအခါ သူသည် ဘုရားသခင်နှင့် ပို၍ တူလာသည်။ သူ့ကို ခပ်ဝေးဝေးမှာသာ မြင်ရတွေ့ရသည်။ လူထုသည် သူ့ဆီသို့ မရောက်နိုင်။ အလှမ်းဝေးဝေးနေသည်။ သူ့အသံကို ရေဒီယိုမှ မကြားရ။ ရုပ်မြင်သံကြားလည်း ထိုအချိန်က မပေါ်သေး။ သူ၏ ရုံးအဖွဲ့ကလွဲလျှင် သူနှင့် တွေ့နိုင်သူ အနည်းငယ်သာရှိသည်။ ထိပ်ပိုင်းက လုပ်ဖော်ကိုင်ဘက်များသည်ပင် သူ့ကို အလုပ်သဘောနှင့် တွေ့ကြသည်သာများသည်။ ယင်အန်မှပြန်လာပြီးနောက် အဖေသည် မော်ကို တစ်ခါတစ်ရံသာတွေ့သည်။ တွေ့သည့်အခါသည် လူထု အစည်းအဝေးကြီးမျိုးတွင်ဖြစ်သည်။ အမေကမူ ၁၉၅၈ တွင် ချိန်တူသို့ မော်လာတုန်းက တစ်ကြိမ်သာတွေ့ဖူးသည်။ အဆင့် ၁၈ အထက် အရာရှိများသည် မော်နှင့်အတူ ဓာတ်ပုံရိုက်ကြသည်။ ခုန်ပျံကျော် လွှားခေတ်လွန်ပြီးနောက် မော်သည် မြင်ကွင်းမှ လုံးလုံးနီးပါး ပျောက်ကွယ်သွားသည်။

ဧကရာဇ်မော်သည် တရုတ်သမိုင်းတွင် ပုံစံတစ်မျိုးနှင့် အံဝင်ခွင်ကျ ပေါ်လာသူဖြစ်သည်။ သူသည် တရုတ်တစ်နိုင်ငံလုံး၏ လယ်သမားအုံကြွမှုကို ခေါင်းဆောင်ခဲ့ပြီး ပုပ်သိုးဆွေးမြေ့သော မန်ချူးမင်းဆက်ကို ဖြုတ်ချကာ အကြွင်းမဲ့အာဏာကို ရယူနိုင်ခဲ့သည့် ကျွမ်းကျင်လိမ္မာသော ဧကရာဇ်တစ်ဆူ ဖြစ်လာသည်။ တစ်နည်းဆိုလျှင် မော်သည် ဘုရားသခင်နှင့် ဧကရာဇ်နှစ်ဦးပေါင်းအဆင့်ကို ရယူနိုင်ခဲ့သူဖြစ်သည်။

ပြည်တွင်းစစ်အဆုံးသတ်အောင် သူ ဆောင်ရွက်ခဲ့သည်။ တရုတ်ပြည်ကြီးတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးရသည်မှာ သူကြောင့်ဖြစ်သည်။ တရုတ်တို့မှာ အေးအေး ချမ်းချမ်း နေချင်သည်။ မည်မျှတောင့်တသနည်းဟူမူ တရုတ်တို့က “စစ်ကာလတွင် လူဖြစ်ရသည်ထက် ငြိမ်းချမ်းသည့် ကာလတွင် ခွေးဖြစ်ချင်သည်” ဟုပြောလေ့ရှိသည်။

မော်လက်ထက်တွင် တရုတ်နိုင်ငံကို ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခုအဖြစ် အသိအမှတ် ပြုကြသည်။ တစ်ဖန် ယခင်က တရုတ်လူမျိုးဖြစ်ရသည်ကို ရှက်သည်။ ယခုမူ ထို စိတ်ထားကွယ်ပျောက်သွားသည်။ သူတို့အတွက် အလွန်ဂုဏ်သိက္ခာရှိသည့် သဘောပင်ဖြစ်သည်။ တကယ်တော့ မော်သည် တရုတ်ပြည်ကြီးကို အလယ်ခေတ် မင်းနိုင်ငံအဖြစ်သို့ ပြန်လည်ပို့ဆောင်ပေးသည်။

တစ်ဖန် အမေရိကန်ကြောင့် တရုတ်သည် ကမ္ဘာက ဝိုင်းပယ်ထားသည့် နိုင်ငံတစ်ခုဖြစ်လာသည်။ ပြင်ပကမ္ဘာနှင့် မတွေ့ထိစေခြင်းဖြင့် တရုတ်တစ်မျိုးသားလုံး ကြီးမြင့်ကာ အင်အားကြီးနိုင်ငံတစ်ခု အဖြစ်သို့ မော် ပို့ဆောင်ခဲ့သည်။ အမျိုးသားဂုဏ်သိက္ခာသည် တရုတ်တို့အဖို့ အလွန် အရေးကြီးသည်။ သို့ဖြစ်ရာ တရုတ်တစ်မျိုးသားလုံးက မော်ကို ကျေးဇူးတင်သည်။

သူ့အပေါ် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုသည် အစပထမတွင် ပျောက်နေသည်။ တရုတ်ပြည် အနှံ့အပြားတွင် သတင်းအစုံ အလင်မရခြင်းနှင့် သတင်းများကို တမင်စနစ်တကျ ပေးခြင်းတို့ကြောင့် တရုတ်တို့သည် မော်၏ အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို ဝေဖန်ပိုင်းခြားခြင်း မပြုနိုင်။ သို့မဟုတ် ကွန်မြူနစ်အောင်မြင်မှုများတွင် မော်၏ အခန်းကဏ္ဍနှင့် အခြားခေါင်းဆောင်များ၏ အခန်းကဏ္ဍတို့ကို ခွဲခြား၍မသိနိုင်။

မော်ကိုးကွယ်ရေးကို တည်ဆောက်လာကြသည်။ များစွာသော ပြည်သူတို့မှာ ရဲရဲမတွေးဝံ့ ကြတော့ပေ။ မရည်ရွယ်ဘဲ သူတို့စိတ်ကူးစိတ်သန်းများ ပွင့်ထွက်သွားမည် စိုးရိမ်ကြသည်။ သူတို့သည် အစဉ်အလာနှင့် ဆန့်ကျင်သည့် အယူအဆများကို လက်ခံသော်လည်း သူတို့သားသမီးများအား မပြောရဲကြ။ အချို့သာပြောကြသည်။ သားသမီးများက အခြားအပေါင်းအသင်းများအား သတိမထားဘဲ လွှတ်ခနဲ ပြောမည် ကို ကြောက်သည်။ ထိုအခါ သူတို့သာမက သူတို့ မိဘများပါ ဒုက္ခရောက်နိုင်သည်။ "လေဖန်းထံမှ သင်ယူကြနှစ်များ" တွင် ပထမဆုံးနှင့် တစ်ဦးတည်းသစ္စာရှိရမည့်သူမှာ ဥက္ကဋ္ဌကြီးမော် ဖြစ်သည်ဟူသော အယူအဆကို ကျွန်မတို့ လူငယ်များခေါင်းထဲ ရိုက်သွင်းသည်။ ထိုအချိန်က ခေတ်စားသော သီချင်းတစ်ပုဒ်မှာ ဤသို့ဖြစ်သည်။

"အဖေဟာ တို့နဲ့သွေးနီးတယ်။ အမေဟာ တို့နဲ့ သွေးနီးတယ်။ ဒါပေမယ့် နှစ်ယောက်စလုံးဟာ မော်လောက် တို့နဲ့ သွေးမနီးဘူး"

ကျွန်မတို့မိဘများအပါအဝင် မည်သူမဆို မော်အတွက် မစွန့်စားဘူး ဆိုလျှင် ထိုသူသည် ကျွန်မ တို့ရန်သူဖြစ်သည်။ အဖေနှင့် အမေတို့က သားသမီး များဖြစ်သည့် ကျွန်မတို့ကို အားလုံးနှင့် လိုက်လျောလျော နေတတ်အောင် သွန်သင် ဆုံးမသည်။ ဤသည်ပင် သူတို့အနာဂတ်အတွက် စိတ်အချရဆုံး ဖြစ်သည်။

သတင်းစကားများ ဘာမှမကြားရ။ အားလုံးပိတ်ပင်ထားသည်။ ယုလင် အကြောင်း သို့မဟုတ် အဘွား၏ အခြားဆွေမျိုးများအကြောင်း ဘာမျှ မသိရ။ ၁၉၅၅ တွင် အမေ အကျယ်ချုပ်ခံရသည်ကို ကျွန်မ မသိ။ ထို့အတူ အငတ်ဘေးကြီး ဆိုက်သည်ကိုလည်း မသိ။ အစိုးရအပေါ်သို့မဟုတ် ဥက္ကဋ္ဌကြီးမော်အပေါ် သံသယ ဝင်နိုင်သည့် အကြောင်းများ ကျွန်မကို အသိမပေး။ အဖေနှင့် အမေတို့သည် အခြား မိဖများနည်းတူ အစဉ်အလာနှင့် ဆန့်ကျင်သည့်စကားများကို သူတို့ သားသမီးများ အား မပြောကြ။

၁၉၆၂ နှစ်သစ်တွင် "အဘွားကို ရိုသေပါမည်" ဟု ကျွန်မ နှစ်သစ်အဓိဋ္ဌာန် ပြုသည်။ တရုတ်တို့ အစဉ်အလာတစ်ခုအတိုင်း အဓိဋ္ဌာန်စကားဆိုခြင်း ဖြစ်သည်။ ဤသည်မှာ ကျွန်မကောင်းကောင်းနေပါမည်ဟု ဆိုခြင်းဖြစ်သည်။ အဖေကခေါင်းခါသည်။

"သမီး ဒီလိုမပြောရဘူး။ ကျွန်မ ဥက္ကဋ္ဌကြီးမော်ကို ရိုသေပါမယ်လို့ သာပြော ရမယ်" ဟု ပြောသည်။ ထိုနှစ်မတ်လတွင် ကျွန်မအသက် ဆယ့်သုံးနှစ် ပြည့်သည်။

အဖေက မွေးနေ့လက်ဆောင်အဖြစ် ခါတိုင်းလို သိပ္ပံဝတ္ထုများကို မပေး။ မော်၏ သဘောတရားစာအုပ်လေးအုပ်ပါသည့် စာအုပ်တစ်တွဲပေးသည်။

အစိုးရ၏ ဝါဒဖြန့်ချိရေးနှင့် ဆန့်ကျင်သောစကားကို လူကြီးထဲကဆိုလျှင် တိန့်ရှောင်ဖိန်၏ မိထွေးတစ်ယောက်သာလျှင် ကျွန်မကို ပြောဖူးသည်။ သူသည် ပြည်နယ် အစိုးရလက်အောက်တွင် အမှုထမ်းသည့် သူ့သမီးနှင့် အတူ ကျွန်မတို့ တိုက်ခန်းတစ်ဖက်က တိုက်ခန်းတွင်နေသည်။ သူသည် ကလေးများကိုချစ်သည်။ သူ့တိုက်ခန်းမှာ ကျွန်မတို့ သူငယ်ချင်းတစ်သိုက် စတည်းချပြီး ပန်းခြံထဲမှ ခူးလာသည့် အသီးအနှံများကြော်စားကြသည်။ ထိုအချိန်က သူ့အသက်မှာ ခုနစ်ဆယ်ခန့် ရှိနေပြီ။ ကျွန်မတို့နှင့် ရွယ်တူ တန်းတူလို ဆက်ဆံသည်။ မီးဖိုထဲတွင် သူနှင့် စကားလက်ဆုံကျသည်။ ထိုစဉ်က ကျွန်မဆယ့်သုံးနှစ်သမီး အရွယ်ဖြစ်သည်။ ကူမင်တန်လက်အောက် တွင် နေခဲ့ကြရသူများကို ကျွန်မသနားသည်။ သူ့အား “အဘွားတိန် ဆိုးယုတ်တဲ့ ကူမင်တန်လက်အောက်နေရတာ ဒုက္ခမရောက်ဘူးလား။ စစ်သားတွေက လုယူတယ်။ မြေရှင်တွေက သွေးစုပ်တယ်။ အဘွားကို သူတို့ဘာလုပ်သလဲ”ဟု မေးကြည့်သည်။ သူက “အေး . . သူတို့က အမြဲလုယက်နေတာ မဟုတ်ဘူး။ အမြဲလည်း မဆိုးဘူး” ဟု ပြောသည်။ ကျွန်မ အထိတ်တလန့် ဖြစ်မိသည်။ သူပြောသည့် စကားကို ဘယ်သူ့ကိုမျှ ကျွန်မပြန်၍မပြော။

ထိုအချိန်ကမူ မော်ကိုးကွယ်ရေး သဘောထားနှင့် လူတန်းစားတိုက်ပွဲ တို့အား ဖောင်းပေး ပုံဖော်နေသည့် အဓိပ္ပာယ်ကိုနားမလည်။ ယင်းတို့မှာ သမ္မတလျူရှောက်ချီနှင့် အထွေထွေအတွင်းရေးမှူး တိန့်ရှောင်ဖိန်တို့နှင့် အပြီးသတ် စာရင်းရှင်းရန် မော်၏ အကြံအစည် တစ်စိတ်တစ်ပိုင်းဖြစ်သည်။ လျူနှင့် တိန့်တို့ လုပ်ကိုင်နေကြသည့်လမ်းစဉ်ကို မော် မကြိုက်။ အငတ်ဘေးဆိုက်ပြီး နောက် စီးပွားရေးနှင့် လူနေမှုစနစ်ကို သူတို့က သဘောထားကြီးသည့် အမြင်ဖြင့် ချုပ်တည်းခြင်းမှ ကင်းအောင် လျှော့ပေး ဆောင်ရွက်နေကြသည်။ သူတို့ လမ်းစဉ်သည် ဆိုရှယ်လစ်စနစ်ဆီသို့ မသွားဘဲ အရင်းရှင်စနစ်ဆီသို့ သွားနေသည်ဟု မော် ထင်သည်။ သူက “အရင်းရှင်လမ်းကြောင်း” ဟု ခေါ်နေသည့် လမ်းစဉ်သည် အောင်မြင်သလို ဖြစ်လာသည်ကို သူမကျေနပ်။ စိတ်ချဉ်ပေါက်လာသည်။ သူရွေးသည့် မှန်သည့် လမ်းစဉ်သည် ပျက်စီးဆုံးပါးခြင်းသို့ ရောက်ခဲ့ရသည်။ မော်သည်လက်တွေ့သမားဖြစ်သည်။ ထို့ကြောင့် သူတို့ လုပ်ကိုင်နေသည်ကို အသိအမှတ်ပြုပြီး ဆက်၍ လုပ်ကိုင်ခွင့်ပြုထားသည်။ သို့သော်လည်း သူ၏ အစမ်းသပ်ကို ခံနိုင်လောက် အောင် တိုင်းပြည်အခြေအနေကောင်းလာသည်ကို စောင့်ပြီး သူ့လမ်းစဉ်ကို ထပ်မံ တင်ပြချင်သည်။ တစ်ဖန်ပါတီထဲတွင် ရှိနေသည့် အားကြီးနေသော သူ့ရန် သူများ ကိုဖယ်ရှားနိုင်ရန် ပြင်ဆင်နေ စုစည်းနေသည်။

ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ခြင်းဆိုသည့် သဘောတရားကို မော် မကြိုက်။ ငြိမ်းချမ်းခြင်းထဲမှာ နစ်မွန်းနေသည်ထင်သည်။ သူသည် လှုပ်ရှားတက်ကြွသော

စစ်ခေါင်းဆောင်တစ်ယောက်၊ စစ်သားကဗျာဆရာ တစ်ယောက် ဖြစ်သည်။ သူလိုချင်သည်မှာ လှုပ်ရှားမှု- ပြင်းထန်သော လှုပ်ရှားမှုဖြစ်သည်။ လူမှုအဖွဲ့အစည်း တိုးတက် ဖွံ့ဖြိုးလာဖို့ လူတို့သည် အမြဲတမ်း တိုက်ပွဲဆင်နေရမည်ဟု သူ ယုံကြည်သည်။ ယခု သူ၏ ကွန်မြူနစ်များသည် သည်းခံလွန်းသည်၊ ပျော့လွန်းသည် ထင်သည်။ တိုက်ပွဲထက် အညီအညွတ်ဖြစ်အောင် သဟာဇာတဖြစ်အောင် လုပ်နေကြသည်။ ၁၉၅၉ မှ စ၍ လူတွေအချင်းချင်း ရှုန်းကန်တိုက်ခိုက်ကြသည့် နိုင်ငံရေးစစ်ပွဲများ မရှိသလောက် ဖြစ်နေသည်။ ယင်းကို မော် မကြိုက်။

မော်စိတ်နာတာ တစ်ခုရှိသေးသည်။ သူညံ့သဖြင့် သူ့လမ်းစဉ်မအောင်မြင် ဖြစ်ရသည်ဟု ပြိုင်ဘက်များက သူကို အရှက်ခွဲသည်ဟု ခံစားရသည်။ လက်စားချေမည်။ သူ့ပြိုင်ဘက်များသည် လူထုထောက်ခံမှု ကျယ်ကျယ်ပြန့်ပြန့် ရနေသည်ဖြစ်ရာ သူ့အာဏာကို တည်ဆောက်ရမည်။ သူ့ရည်ရွယ်ချက် အောင်မြင်ရန် သူ့ကို ဘုရားလို ကိုးကွယ်သည်အထိ ဖြစ်လာအောင် လုပ်ရမည်။

စီးပွားရေးအခြေအနေ ပြေလည်ကောင်းမွန်လာသည်အထိ မော် အချိန် စောင့်သည်။ သို့သော်လည်း ၁၉၆၄ နောက်ပိုင်းတွင်မူ မော်သည် အကျယ်အပြန့် ရင်ဆိုင်ယှဉ်ပြိုင်ရန် ဆောင်ရွက်စပြုလာသည်။ ၁၉၆၀ လွန် အစောပိုင်းက နိုင်ငံရေး သဘောထားကြီးမှုများ၊ နိုင်ငံရေးအမြင်ကျယ်မှုများ တဖြည်းဖြည်းမှေးမှိန်စပြု လာသည်။

၁၉၆၄ တွင် ကျွန်မတို့ ခြံဝင်းထဲ၌ ကပွဲများ ရပ်ဆိုင်းသွားသည်။ ဟောင်ကောင်ရုပ်ရှင်များကိုလည်း မကြည့်ကြရတော့ပေ။ အမေ၏ ခေါင်းတွင် ဆံပင် များတိုလာပြီး ဖြောင့်တန်းလာသည်။ သူဝတ်သည့် အင်္ကျီများမှာအရောင်အသွေး မတောက်ပတော့ပေ။ ခန္ဓာကိုယ်အချိုးအစား မပေါ်လွင်။ အရောင်မွဲမွဲ အိတ်စွပ်ထားသည့် ဝတ်စုံမျိုးဖြစ်လာသည်။ အမေတွင် ဂါဝန်တိုတို ပျောက်သွားသဖြင့် ကျွန်မ စိတ် မကောင်း။ စက်ဘီးစီးပြီး ရုံးကပြန်လာသည့်အခါ အိမ်ရှေ့ရောက်သည်တွင် အပြာနှင့်အဖြူရောင် အကျားဂါဝန်ကို လှလှပပသိမ်းကာ စက်ဘီးပေါ်မှ ဆင်းလာသည့်ပုံမှာ အလွန်ကျက်သရေရှိသည်ထင်သည်။ ကျွန်မသည် ပလိန်းပင်မှာမှီရင်း အမေ့ကို စောင့်နေတတ်သည်။ တစ်ခါတစ်ရံ ရှောက်ဖန်ကို ဝါးလက်တွန်းလှည်း ပေါ်မှာ တင်၍ တွန်းရင်း အမေရုံးအပြန်ကို စောင့်ကြိုနေလေ့ရှိသည်။

အဘွားသည် ငါးဆယ်တွင်းရောက်လာသည်တွင် အမေထက်ပို၍ မိန်းမ သွင်ပြင်ပီပြင်လာသည်။ အဘွားသည် ရှည်လျားမည်းနက်သည့် ဆံပင်ကို ဂရုစိုက်ဖီး သင်သည်။ တရုတ်ထုံးစံမှာ မိန်းမများ လူလတ်ပိုင်းရောက်လျှင် ဆံပင်ကို ပခုံးအထက်နားအထိ သိမ်းသည်။ သုံးဆယ်ကျော်ပြီဆိုသည့် အမှတ်အသားဖြစ်သည်။ အဘွား သည် ဆံပင်ကို ထုံးကာ ခေါင်းနောက်ဘက်တွင် အဖုအထုံးထားပြီး အမြဲတမ်းလိုလို ဆင်စွယ်ရောင် တတိုင်းမွှေးပန်းများ ပန်းလေ့ရှိသည်။ တစ်ခါတစ်ရံ အရွက်စိမ်းနှစ်ခု အကြားက စပယ်ပန်းတစ်ပွင့်ကို

ပန်တတ်သည်။ အဘွားသည် ခေါင်းဖီးလျှင် အချိန်ယူပြီး အကျအနဖီးသည်။ ကျွန်မ စောင့်ကြည့်လေ့ရှိသည်။ ဖျတ်လတ်မြန်ဆန်စွာ လုပ်သည်။ မျက်ခုံးမွေးကို မီးသွေးတောင့်ခံတဲဖြင့် ဆွဲသည်။ ပြီးတော့ နှာခေါင်းမှာ ပေါင်ဒါအနည်းငယ် ဖို့သည်။ မှန်ထဲမှာ မြင်ရသည့် သူ့မျက်လုံးများမှာ ကြည်လင်ပြီး ပြုံးနေသည်။ လက်ရှိဘဝကို သူကျေနပ်နေသည်မှာ ထင်ရှားသည်။ ထိုအချိန်သည် သူ့အဖို့ အပျော်ဆုံးအချိန် ဖြစ်သည်။

ကျွန်မ ငယ်ငယ်ကတည်းကပင် အဘွားမျက်နှာခြယ်သသည်ကို ကြည့်ခဲ့ဖူးသည်။ ကြည့်ရသည်မှာ ထူးဆန်းသည်ထင်သည်။ ဝတ္ထုများထဲက ရုပ်ရှင်ဇာတ်လမ်း များထဲက မိန်းမများသည် မောင်းမများ အပျော်မယားများနည်းတူ ကောက်ကျစ်သည့် စရိုက်ပိုင်ရှင်များဖြစ်သည်။ ကျွန်မချစ်သည့် အဘွားသည် ဒုတိယမယားဖြစ်ခဲ့ဖူးသည့် အကြောင်းများကို ကျွန်မ အနည်းငယ်သိသည်။ သို့သော်လည်း ကျွန်မသည် ဆန့်ကျင် ဘက်အတွေးများ၊ တကယ့်ဒိဋ္ဌဓမ္မဘဝများနှင့် လိုက်လိုက်လျောလျော နေထိုင်နိုင်အောင် ကြိုးစားခဲ့သည်။ ယင်းတို့ကို တစ်ကန့်စီ ပိုင်းခြား စဉ်းစားကာ နားလည်အောင် ကြိုးစားခဲ့သည်။ အဘွားနှင့် ဈေးဝယ်လိုက်သွားသည့်အခါ သူများတွေနှင့် မတူပါလား ဟု ကျွန်မ သဘောပေါက်လာသည်။ အလိမ္မာကြီးသော်လည်း အဘွားသည် မျက်နှာကို ခြယ်သသည်။ ပန်းပန်သည်။ လူတွေက သူ့ကို ဂရုစိုက်ကြည့်ကြသည်။ အဘွား သည် ကိုယ်ကိုမတ်မတ်ထားကာ လမ်းလျှောက်သည်။ အဘွား၏ မာနကို ကျွန်မ တွေ့ရသည်။

သို့သော်လည်း အဘွားသည် မာနကို ချိုးနှိမ်ထားသည်။ သူသည် ကျွန်မတို့ ခြံဝင်းထဲနေသည် မဟုတ်လား။ အပြင်ဘက်တွင် သူနေလျှင် အိမ်ထောင်စုကော်မတီ၏ ကွပ်ကဲမှုအောက်တွင် နေရမည်။ ကျွန်မတို့ခြံဝင်းထဲတွင် အိမ်ထောင်စုကော်မတီ မရှိ။ တစ်ပတ်တစ်ခါ အခြားယောက္ခမများ၊ အိမ်စေများ၊ နန်နီများနှင့်အတူ အစည်း အဝေးတက်ရသည်။ အစည်းအဝေးတွင် ပါတီပေါ်လစီများကို နားထောင်ရသည်။ သို့သော်လည်း အဘွားအစည်းအဝေးမတက်။ အိမ်မှာ ကျန်ရစ်ခဲ့သည်။ အမှန်စင်စစ် အစည်းအဝေး တက်ရသည်ကို အဘွား သဘောကျသည်။ အခြားမိန်းများနှင့် စကား ပြောရသည်။ အိမ်ပြန်လာလျှင် သူနှင့်အတူ နောက်သတင်းပါလာတတ်သည်။

၁၉၆၄ ဆောင်းဦးတွင် အလယ်တန်းကျောင်းသို့ ကျွန်မ တက်သည်။ ထိုနောက်ပိုင်းတွင် နိုင်ငံရေးသည် ကျွန်မဘဝထဲသို့ အများအပြားဝင်လာသည်။ ဥက္ကဋ္ဌကြီး မော်ကို ကျွန်မတို့ ကျေးဇူးတင်ရမည်။ သူက "လူတန်းစားလမ်းကြောင်း" သတ်မှတ်ပေးသဖြင့် ယခုကျောင်းတွင် ကျွန်မတို့ နေရခြင်းဖြစ်သည်ဟု ဆိုသည်။ အထက်တန်းကျောင်းများ တက္ကသိုလ်များတွင် ဘူဇွာများ၏ သားသမီးများ အတော် များများလက်ခံနေသည်ဟု မော်က စွပ်စွဲသည်။ ယခုမှ "သမိုင်းကြောင်းကောင်းသူ" တို့၏ သားသမီးများကို ဦးစားပေး၍ လက်ခံရမည်ဟု သူ ညွှန်ကြားသည်။

ဤသည်မှာ အလုပ်သမား လယ်သမား စစ်သားသို့မဟုတ် ပါတီအရာရှိများ၏ သားသမီးများကို ဆိုလိုခြင်းဖြစ်သည်။ အထူးသဖြင့် အဖေက အရေးကြီးသည်။ "လူတန်းစား လမ်း ကြောင်း" ကို စံအဖြစ် သတ်မှတ်လိုက်သည့်အခါ တစ်စုံတစ်ယောက် ကျောင်းနေခွင့် ရဖို့သည် သူ၏ မိသားစု အဆင့်အတန်းနှင့် ဘယ်သူ့သားသမီးအဖြစ် မွေးဖွားသလဲ ဆိုသည် အပေါ်တည်သည်။

သို့ပြောလည်း မိသားစုအဆင့်သတ်မှတ်ခြင်းသည် မတိကျ။ ပြတ်ပြတ်သားသားမရှိ။ အလုပ်သမားတစ်ယောက်သည် တစ်ချိန်က ကူမင်တန်ရုံး တစ်ရုံးတွင် အလုပ်လုပ်ခဲ့ဖူးသူဖြစ်ချင်ဖြစ်မည်။ စာရေးလူတန်းစားသည် ဘယ်အဆင့်သတ်မှတ်ချက်တွင်မျှ ဘောင်မဝင်။ "ပညာတတ်" ဆိုသည် မလိုလားအပ်သူဖြစ်သည်။ သို့သော် လည်း သူက ပါတီဝင်ဖြစ်နေလျှင် ဘယ်လို သတ်မှတ်မည်လဲ။ ယခုလို မိဘများ၏ သားသမီးများကို ဘယ်လိုအတန်းအစားခွဲခြားသတ်မှတ်မည်လဲ။ ကျောင်းဝင်ခွင့် ကိုင်တွယ်သည့် အရာရှိများသည် ဘေးအကင်းဆုံးနည်းကို ပထမရွေးသည်။ ယင်းမှာ ပါတီဝင်အရာရှိများ၏ သားသမီးများကို ဦးစားပေးခြင်းဖြစ်သည်။ ကျွန်မအတန်းထဲ တွင် ယင်းကျောင်းသားမျိုး တစ်ဝက်ရှိသည်။

ကျွန်မနေသည့် နံပါတ်လေးအလယ်တန်းကျောင်းသည် ပြည်နယ်တစ်ခုလုံးတွင် ထိပ်တန်းကျောင်း တစ်ခုဖြစ်သည်။ ဆီချွမ်ပြည်နယ်တစ်ခုလုံးမှ အမှတ်အများ ဆုံးရသူများကို လက်ခံသည်။ လွန်ခဲ့သည့်နှစ်များက စာမေးပွဲရမှတ်ကို အခြေခံပြီးကျောင်းဝင်ခွင့်စဉ်းစားသည်။ ကျွန်မနေသည့် နှစ်တွင်မူ စာမေးပွဲရမှတ်နှင့် မိဘ သမိုင်းကြောင်းသည် အတူတူပင်အရေးကြီးသည်။

စာမေးပွဲနှစ်ခုတွင် သင်္ချာ၌ အမှတ် ၁၀၀ ရပြီး တရုတ်ဘာသာစကား၌ မရဖူးသည့် အမှတ် ၁၀၀ အပေါင်းရသည်။ အဖေက မိဘနာမည် မိဘနောက်ကြောင်းကို အားမကိုးရ။ လူတန်းစားလမ်းကြောင်း မှန်သဖြင့် ကျောင်းဝင်ခွင့်ရသည် ဆိုခြင်းကို မကြိုက်။ ယခုမူ ထိုအကြောင်းကို ဆက်၍ မစဉ်းစားတော့ပေ။ မော်က သည်အတိုင်းပြောသည်ဆိုလျှင် ကောင်းမည်သာ ဖြစ်သည်ဟု ယုံကြည်ထားလိုက်သည်။

ဤခေတ်ထဲမှာပင် အရာရှိကြီးများ၏ သားသမီးများသည် သီးခြား လူတန်းစားတစ်ခုဖြစ်လာသည်။ သူတို့ ကိုယ်တိုင်က အထက်တန်းလွှာသား သမီးများ ဘဝကို ခံယူလာသည်။ ထင်ရှားသိသာအောင် ပြသည်။ သူတို့မှာ အာဏာရှိသည်။ သူတို့ကို မတို့ရမထိရဟူသော စရိုက်မျိုးဖော်ပြလာသည်။ အရာရှိကြီးသားသမီး များစွာသည် မောက်မာ ဝင့်ဝါသည်။ မော်နှင့်ထိပ်ပိုင်းခေါင်းဆောင်များက သူတို့ အကြောင်း မကြာခဏပြောသည်။ သတင်းစာများတွင် သူတို့အကြောင်း တိုင်တန်းရေးသားကြသည်။ သူတို့သည် အထူးအခွင့်ထူးခံ အင်အားစုတစ်ခု ဖြစ်လာသည်။

အဖေက မာနမကြီးဖို့ သတိပေးသည်။ အခြားအရာရှိကြီးများ၏ သားသမီး

များနှင့် အုပ်စုမဖွဲ့ရပဟု မှာကြားသည်။ ထိုအခါ ကျွန်မမှာ သူငယ်ချင်းနည်းလာသည်။ အခြားကျောင်းသားများနှင့် ကျွန်မ မိတ်ဆွေဖွဲ့လေ့မရှိ။ မိတ်ဆွေဖြစ်ဖို့ ကြိုးလာသည့် အခါတွင်မူ ကျွန်မတို့မှာ တစ်ယောက်နှင့်တစ်ယောက် တူတာတွေ နည်းသည်ထက် နည်းလာသည်ကို တွေ့ရသည်။

ကျောင်းသစ်သို့ ကျွန်မဝင်သည့်အခါ အိမ်သို့ဆရာနှစ်ယောက် ရောက်လာပြီး မည်သည့်နိုင်ငံခြား ဘာသာ သင်ကြားချင်သလဲဟု မိဘများကိုမေးသည်။ သူတို့က အင်္ဂလိပ်စာကို ရွေးသည်။ ယင်းကိုပဲ သင်စေချင်သည်။ ပြီးတော့ ပထမနှစ်တွင် ရူပဗေဒနှင့် ဓာတုဗေဒသင်ချင်သလားဟု ဆရာများကမေးသည်။ ယင်းကိုမူ ကျောင်း အလိုကျအတိုင်းဟု အဖြေပေးလိုက်သည်။

ကျောင်းသစ်သို့ ကျွန်မသွားသည်။ ကျောင်းဝင်းထဲဝင်လိုက်လျှင်ပင် နှစ်သက်စိတ်ဖြစ်ပေါ်လာသည်။ တံခါးမကြီးမှာ ခန့်ညားသည်။ အမိုးကျယ်ပြန့်ပြီး အပြာရောင်အုတ်ကြွပ်များမိုးထားသည်။ တံစက်မြိတ်မှာ ပန်းပုလက်ရာများဖြင့် ကော့ပျံနေသည်။ ကျောက်လှေကားထစ်များအတိုင်း တက်သွားရသည်။ ဆင်ဝင်နှင့် ဆက်ထားသည့် စင်္ကြံကို သစ်နီတိုင်လုံးကြီးများဖြင့် ပင့်တင်ထားသည်။ အထဲသို့ဝင်သွားလျှင် အစိမ်းပုပ်ရောင်အရွယ်တူ ဆိုက်ပရပ်ပင်တန်းက ကျောင်း၏ တည်ငြိမ်ခန့်ညားခြင်းအမူအရာကိုပြသည်။

ဤကျောင်းကို ၁၄၁ ဘီစီတွင် တည်ထောင်သည်။ ပြည်နယ်အစိုးရတစ်ဖွဲ့က ပထမဆုံး တည်ဆောက်သည့် ကျောင်းဖြစ်သည်။ အလယ်ဗဟိုတွင် ကွန်ဖျူးရှပ်ကို ရည်မှန်းတည်ထားကိုးကွယ်သည့် ဘုရားကျောင်းတစ်ခုရှိသည်။ ကောင်းမွန်စွာ ထိန်းသိမ်းထားသော်လည်း ဘုရားကျောင်းအဖြစ်ကား အသုံးမပြုတော့ပေ။ ဘုရားကျောင်းထဲတွင် ပင်ပေါင်စားပွဲခြောက်ခုရှိသည်။ တိုင်လုံးကြီးများ ခြောက်ခုဖြင့် ခြားထားသည်။ နှစ်ထပ်စာသင်ဆောင်တစ်ခု ဆောက်လုပ်ထားသည်။ မြက်ခင်းပြင် ကျယ်ကြီးနှင့် စာသင်ဆောင်ကို တုန်းတံတားလေးသုံးခု ဖြတ်ကျော်သည့် စမ်းချောင်းလေးတစ်ခုက ခြားထားသည်။ တံတားများတစ်ဖက်တွင် မက်မုံပင်များနှင့် ပလိန်းပင် များ ဝန်းရံထားသည့် အလယ်တွင် အလွန်လှသည့် ပန်းခြံတစ်ခုရှိသည်။ ဘုရားကျောင်းခြေရင်းတွင် အမွှေးတိုင်ထွန်းသည့် ကြေးပန်းတင်ခုံကြီးနှစ်ခုရှိသည်။ ဘုရားကျောင်းဘေးဘက်တွင် ဘတ်စကက်ဘောကွင်းများ၊ ဘောလီဘောကွင်းများရှိသည်။ ဝန်းကျင်ရှိ မြက်ခင်းပြင်နှစ်ခုတွင် ကျွန်မတို့ အမောပြေထိုင်ကြသည်။ နွေဦးတွင် နေဆာလှုံကြသည်။ ခပ်လှမ်းလှမ်းတွင် သစ်သီးခြံတစ်ခုသည် တောင်ကုန်းလေး တစ်ခုပေါ်တွင် တည်ရှိသည်။ ခြံထဲတွင် သစ်သီးပင်များ စပျစ်ပင်များချုံနွယ် ပင်များ ပေါက်ရောက်နေသည်။

ဘုရားကျောင်း၏ ဘေးပတ်လည်တွင် သတ္တဗေဒနှင့် ဓာတုဗေဒ ဓာတ်ခွဲ ခန်းများတည်ရှိသည်။ မိုက္ကရိုစကုပ်အောက်တွင် တစ်ရှူးများ ဆဲလ်များကို ကျွန်မတို့

ကြည့်သည်။ ဖားခွဲသည်။ ငါးခွဲသည်။ စာသင်ခန်းများတွင် ရုပ်ရှင်ပြကာ စာသင်သည်။ ပြင်ပလုပ်ငန်းအဖြစ် သတ္တဗေဒအဖွဲ့နှင့်အတူ ကျောင်းဝန်းကျင် တောင်ကုန်းလေးများ ပန်းခြံများသို့သွားကာ အပင်နာမည်များ အပင်အမျိုးမျိုး၏ သွင်ပြင်လက္ခဏာများကို လေ့လာသည်။ အပူအအေးကို ထိန်းချုပ်ပြီး ခါတ်ခွဲခန်းများတွင် ဖားလောင်းလေးများ ပေါက်ဖွားလာပုံ၊ ဘဲငယ်လေးများဥမှ ပေါက်ပွားလာပုံတို့ကို ကျွန်မတို့ လေ့လာရသည်။ နွေဦးတွင် ကျောင်းဝင်းတစ်ခုလုံးသည် မက်မုံပွင့်များဖြင့် ပန်းရောင် ပင်လယ်ပြင်ကြီး ဖြစ်လာသည်။ ကျွန်မ အနှစ်သက်ဆုံးနေရာမှာ တရုတ်ဗိသုကာ ပုံစံဖြင့် ဆောက်လုပ်ထားသည့် နှစ်ထပ်စာကြည့်တိုက် ဖြစ်သည်။ ဆင်ဝင်ပတ်လည် ထုတ်ထားပြီး ထိုင်ခုံများတည်ဆောက်ထားသည်။ ထောင့်တစ်နေရာတွင် နာရီပေါင်းများစွာ ထိုင်ကာ ကျွန်မ စာဖတ်လေ့ရှိသည်။ စာဖတ်ရင်း အလွန်ရှားပါးသည့် ယပ်တောင်ပုံ ဂင်ကိုပင်၏ အရွက်များကိုတို့ထိ ကစားတတ်သည်။ စာကြည့်တိုက်ရှေ့အဝင်ဝ ဘေးတစ်ဖက်တစ်ချက်တွင် ဂင်ကိုပင်နှစ်ပင်ရှိသည်။ စာကြည့်တိုက်ကို မိုးအုပ်ထားပြီး လှပသည်။ စာအုပ်များမှ မျက်နှာလွှဲသည့်အခါ ထိုရှုခင်းများတွင် ကျွန်မ ယစ်မူးပျော်ပါးမိသည်။

ဆရာဆရာမများကို ကျွန်မ မမေ့။ စာအသင်အပြကောင်းသည်။ အဆင့် တစ် သို့မဟုတ် အထူးအဆင့် ဆရာဆရာမများဖြစ်သည်။ သူတို့ အတန်းများတွင် တက်ရောက်သင်ကြားရသည်မှာ ပျော်စရာကောင်းသည်။ သင်ယူလို့မဝနိုင် အာသာ မပြေနိုင် ရှိလာသည်။

သို့ပေမယ့် ကျောင်းသားဘဝတွင် နိုင်ငံရေးကို အတင်းရိုက်သွင်းမှု များပြားလာသည်။ မနက်ပိုင်းတစ်ကျောင်းလုံးစုဝေးချိန်တွင် မော်၏ သင်ကြားချက်များကို ပို့ချသည်။ ပါတီကြေညာစာတန်းများ ကို အချိန်ပိုများတွင် သင်ကြားသည်။ တရုတ် ဘာသာစကားစာအုပ်တွင် ဝါဒဖြန့်သည်တို့ ပို၍များလာပြီး ဂန္ထဝင်စာပေ ပို၍ နည်းလာသည်။ နိုင်ငံရေးသင်ခန်းစာတွင် မော်၏ ရေးသားချက်များကို အထူးအသား ပေးသင်ကြားသည်။ ဤသည်တို့မှာ သင်ရိုးညွှန်းတမ်း၏ တစ်စိတ်တစ်ပိုင်းဖြစ်လာသည်။

လှုပ်ရှားမှု တိုင်းသည် နိုင်ငံရေးအသွင်ဆောင်လာသည်။ တစ်နေ့ နံနက်ခင်းစုဝေးချိန် ကျောင်းအုပ်ဆရာကြီးက ကျွန်မတို့ မျက်လုံးလေ့ကျင့်ခန်း လုပ်ရမည်ဟု ပြောသည်။ ဥက္ကဋ္ဌကြီးမော်သည် ကျောင်းသားများစွာတို့ မျက်မှန်တပ်ကြသည်ကို သတိထားမိပြီး သူတို့မျက်လုံးအလုပ်သိပ်လုပ်သဖြင့် ထိခိုက်ခြင်း လက္ခဏာတစ်ခုဖြစ်သည်ဟု ပြောကြောင်း ဆရာကြီးက ဆိုသည်။ သို့ဖြစ်ရာ တစ်စုံတစ်ခုလုပ်ရမည် ညွှန်ကြားသည်။ ကျွန်မတို့အားလုံး ဥက္ကဋ္ဌကြီးမော်ကို ကျေးဇူးတင်သည်။ ကျွန်မတို့ အပေါ် ဤမျှ ဂရုစိုက်ပါလားဟု ဝမ်းသာကြသည်။ အချို့ဆိုလျှင် မျက်ရည်များ လည်သည်အထိ မော်ကို ကျေးဇူးတင်ကြသည်။ ထိုအခါမှစ၍ နံနက်တိုင်း ဆယ့်ငါးမိနစ်ခန့်

မျက်လုံးလေ့ကျင့်ခန်းလုပ်သည်။ မျက်လုံးလှုပ်ရှားပုံကို ဂီတသံသွင်းပေးသည်။ ဤသည်မှာ ဆရာဝန်များနှင့် တိုင်ပင်ပြုလုပ်ခြင်းဖြစ်သည်။ မျက်လုံးနေရာများစွာကို ပွတ်ပြီးနောက် ကျောင်းပြတင်းမှမြင်ရသည့် ပေါ့ပလာပင်များ မိုးမခပင်များကို စူးစူးရဲရဲ စိုက်၍ကြည့်ရသည်။ အစိမ်းရောင်သည် အအေးရောင်ဖြစ်ပြီး မျက်လုံးအနားရကာ အားပြည့်သည်။ လေ့ကျင့်ခန်းနှင့် သစ်ရွက်တို့၏ စိမ်းလန်းသည့်အရောင်ကို ကျွန်မ ကြိုက်သည်။ ထိုအခါ မေ၏ အမြော်အမြင်ကြီးပုံကို တွေးမိပြီး သူ့အပေါ် သစ္စာရှိပါ မည်ဟု အဓိဋ္ဌာန်ပြုမိသည်။

ထပ်ခါတလဲလဲ ညွှန်ကြားနေသည်မှာ တရုတ်ပြည်ကြီးသည် အရောင်မပြောင်းနိုင်ဆိုသည့် အချက်ဖြစ်သည်။ ကွန်မြူနစ်လမ်းစဉ်မှ အရင်းရှင်လမ်းစဉ်သို့ မပြောင်းနိုင်ခြင်းကို ဆိုလိုသည်။ တရုတ်နှင့် ဆိုဗီယက်ယူနီယံတို့ အယူအဆကွဲ သည်ကို ပထမတွင် လျှို့ဝှက်ထားသည်။ ၁၉၆၃ အစောပိုင်းတွင် မူပြောင်ပြောင် တင်းတင်း ပွင့်ထွက်လာသည်။ ၁၉၅၃ တွင် စတာလင် ကွယ်လွန်ပြီးနောက် ကရူးရှက် အာဏာရလာပြီး ဆိုဗီယက်ယူနီယံသည် နိုင်ငံတကာအရင်းရှင်များလက်အောက်သို့ လက်နက်ချလိုက်သည်။ ရုရှားကလေးငယ်များသည် ချန်ကေရှိတ်လက်အောက်က တရုတ်ပြည်မှာလိုပင် ဆင်းရဲဒုက္ခရောက်ကြသည် ဟု ကျွန်မသိရသည်။ ဆိုဗီယက်သည် အရင်းရှင်လမ်းလိုက် သွားပြီဆိုသည်ကို ကျွန်မတို့အား အကြိမ်ကြိမ် ပြောကြား အသိပေးပြီး နောက်တစ်နေ့တွင် နိုင်ငံရေးသင်တန်းမှူးက

“မင်းတို့သတိမထားရင် တို့တိုင်းပြည်ဟာ တဖြည်းဖြည်း အရောင်ပြောင်း သွားလိမ့်မယ်။ ပထမရဲရဲတောက် နီနေရာက ခပ်ဖျော့ဖျော့နီသွားမယ်။ ပြီးတော့ အညိုရောင်ဖြစ်သွားမယ်။ နောက်ဆုံးအနက်ရောင် ပြောင်းသွားမယ်”

ဟု ပြောသည်။ တိုက်ဆိုင်ချင်တော့ ဆီချွမ်သားတို့ ပြောကြသည့် စကား တွင် အနီဖျော့ဖျော့ဟူသော အသုံးအနှုန်းသည် “အားဟောင်” ဖြစ်ကာ ကျွန်မနာမည် နှင့် အသံထွက်တူနေသည်။ အတန်းသူများ တခစ်ခစ်ရယ်ရင်း ကျွန်မကို ခိုးပြီး ကြည့်ကြသည်။ ချက်ချင်းပင် ကျွန်မနာမည်ကို ပြောင်းမှ ဖြစ်တော့မည်ဟု ထင်မိသည်။ ထိုနေ့ညနေပိုင်းတွင် အဖေကို နောက်ထပ်နာမည် တစ်ခုပြောင်းပေးပါဟု ပြောသည်။ သူက “ချင်” ကို ရွေးသည်။ “စကားပြေ” နှင့် “အရွယ်စောပြီး ဖြစ်ပေါ်သည်” ဟူ၍ နှစ်မျိုး အဓိပ္ပာယ်ထွက်သည်။ သူက ကျွန်မကို ခပ်စောစောပင် စာရေးဆရာ ဖြစ်စေချင်သည်ဟု ပြောသည်။ သို့သော်လည်း သူပေးသည့် နာမည်ကို မကြိုက်။ ကျွန်မ သူငယ်ချင်းများသည် “တပ်မတော်” သို့မဟုတ် “စစ်သား” တို့နှင့် ဆက်စပ် နေသည့် စကားလုံးများကို ရွေးကြသည်။ “စစ်သံပါသည့် စကားတစ်ခုခု” လိုချင် သည်ဟု ပြောသည်။ အဖေက နောက်တစ်လုံးရွေးသည်။ ဂန္ထဝင်စာပေကို နှံ့စပ်ရာမှ ရလာသည့် စကားလုံးဖြစ်သည်။ ကျွန်မ နာမည်အသစ်သည် “ယန်” ဖြစ်သည်။ ဂန္ထဝင် ကဗျာများနှင့် ရှေးကျသော ဆိုရိုးများတွင်သာ တွေ့ရသည့် နက်နဲသိမ်မွေ့သော

ရေးအသုံးအနှုန်းတစ်ခုဖြစ်ပြီး "စစ်ရေးစစ်ရာ" ဟု အမိပ္ပာယ်ရသည်။ ကျွန်မ ခေါင်းထဲ တွင် ရှေးခေတ်က ပန်းပွားတပ်လှံတံများကိုင်ဆောင်ကာ တဟီးဟီး မြည်ဟီးနေသော မြင်းများကိုစီးရင်း တောက်ပြောင်သည့် ချပ်ဝတ်တန်ဆာ ဆင်ယင်ထားသည့် မြင်းစီး သူရဲကောင်းများ တိုက်ကြသည့် စစ်ပွဲများ၏ ပုံရိပ်များပေါ်လာသည်။ သို့နှင့် ကျွန်မ သည် နာမည်သစ် "ယန်ချင်" ဖြင့် ကျောင်းသို့ ရောက်သွားသည်။ ဆရာအချို့ပင်ထိုစကားလုံးကို မသိကြ။ မမှတ်မိကြ။

ထိုအချိန်တွင် မော်က တိုင်းပြည်ကို တပ်လှန့်နိုးဆော်ပြန်သည်။ လေဖန်းထံမှ သင်ယူပြီးနောက် ယခုတပ်မတော်မှ သင်ယူကြရမည်ဆိုသည်။ ၁၉၅၉ တွင် ကာကွယ်ရေးဝန်ကြီး မာရှယ် ပန်တေဟီးနေရာသို့ "လင်ပြောင်" တက်လာသည်။ ထိုအခါတပ်မတော်သည် မော်၏ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို ထွန်းပြောင်စေသည့် မီးရှူးတိုင်ဖြစ်လာသည်။ မော်က တစ်မျိုးသားလုံးကို စစ်တပ်ပုံစံသွင်းချင်သည်။ မကြာသေးမီက မိန်းမသားများကို ဆုံးမသည့် ကဗျာတစ်ပုဒ် မော် ရေးစပ်သည်။ မိန်းမများသည် "ကန္တကလျ သွင်ပြင်မှုရာကို စွန့်ကာ စစ်သားအမူအရာသို့ ပြောင်းကြရ မည်" ဟု ထိုကဗျာက ဆိုသည်။ အမေရိကန်သည် တရုတ်ပြည်ကို ဝင်၍တိုက်ရန် အခွင့်အရေးစောင့်နေသည်။ တိုက်ပြီးလျှင် ချန်ကေရှိတ်ကို နန်းတင်မည်။ လေဖန်း သည် နေ့ရောညပါ ကျန်းမာရေး လေ့ကျင့်ခန်းလုပ်နေသည်။ လက်ပစ်ဗုံး အပစ်တော် သူတစ်ယောက်ဖြစ်အောင် လေ့ကျင့်နေသည်။ ကျန်းမာသန်စွမ်းဖို့ လိုလာပြီဟု ဆရာ များက ပြောသည်။ သို့ဖြစ်ရာ ကျွန်မတို့ ကျန်းမာရေးလေ့ကျင့်ကြရသည်။ အပြေး၊ ရေကူး၊ အမြင့်ခုန်၊ နှစ်တန်းဘားပေါ်လျှောက်ခြင်း၊ သံလုံးပစ်ခြင်းနှင့် သစ်သား လက်ပစ်ဗုံးပစ်နေခြင်းတို့ကို လေ့ကျင့်ရသည်။ တစ်ပတ်လျှင် နှစ်နာရီ အားကစား ပြုလုပ်ရသည်။ ကျောင်းဆင်းပြီးနောက် လေးဆယ့်ငါးမိနစ် အားကစားပြုလုပ်ရသည်။

အားကစားတွင် ကျွန်မ မထူးချွန်။ ဝါသနာလည်းမပါ။ မုန်းသည်။ တင်းနစ်ကတော့ ခြွင်းချက်ဖြစ်သည်။ အရင်ကမူ အကြောင်းမဟုတ်။ ယခု အားကစားသည် နိုင်ငံရေးအသွင်တစ်မျိုးဖြင့် ကျွန်မတို့ဆီ ရောက်လာသည်။ "တိုင်းပြည်ကာကွယ်ဖို့ ကျန်းမာသန်စွမ်းရမည်" ဟူသော ကြွေးကြော်သံများ မြည်ဟီးလာသည်။ သို့ဖြစ်ရာ အားကစားလေ့ကျင့်ရသည်။ ပထမရေကူးသင်သည်။ စိတ်ထဲမှာ အမေရိကန်စစ်သားတွေ ရေကူးပြီး နောက်ကလိုက်လာနေသည်။ သူတို့ကို လွတ်အောင်မကူးနိုင်လျှင် ရေနစ်အသေခံမလား သို့မဟုတ် အမေရိကန်စစ်သားများ ဖမ်းမိသွားပြီး အညှဉ်းပန်း အနှိပ်စက်ခံမလားဟု စိတ်ကူးကြည့်ကာ ရေကူးသင်သည်။ ကြောက်ရွံ့သဖြင့် ရေကူး ရင်း မကြာခဏ ကြွက်တတ်သည်။ တစ်ကြိမ်တွင် ရေကူးကန်ထဲမှာ ရေနစ်မည်လား ပင် ထင်ရလောက်အောင် ကြွက်တက်မပြေ။ အပတ်စဉ် ရေကူးသင်သည်က လွဲလျှင် ကျွန်မ တရုတ်ပြည်မှာ ရှိနေသမျှ ကာလပတ်လုံး ရေကူးတတ်အောင် မသင်ခဲ့ပေ။

လက်ပစ်ဗုံး ပစ်တတ်ဖို့လိုသည်။ အရေးကြီးသည်။ ကျွန်မမှာ လက်ပစ်ဗုံး ပစ်ရာတွင် တစ်တန်းလုံးနောက်မှ ရောက်နေသည်။ သစ်သားလက်ပစ်ဗုံးကို သုံးလေး ငါးကိုက်သာ ရောက်အောင် ပစ်နိုင်သည်။ အမေရိကန်နယ်ချဲ့သမားကို တိုက်ဖို့ ကျွန်မအခွင့်ပြုထားသည် ဆိုသည်မှာ ဟုတ်မှဟုတ်ရဲ့လား ဟု သံသယရှိလာကြသည်။ အပတ်စဉ် အစည်းအဝေးတွင် ကျွန်မကို ဝေဖန်ကြသည်။ သူတို့ မျက်လုံးများသည် ကျွန်မ အသည်းထဲသို့ စူးစူးရှရှဝင်လာသည်။ "နင်ဟာ အမေရိကန်ရဲ့ လက်ပါးစေပဲ" ဟု ပြောနေသလားထင်ရသည်။ နောက်တစ်နေ့တွင် ကစားကွင်းထိပ်မှာ ရပ်ကာ လက်မောင်းနှစ်ဖက် ဆန့်တန်းပြီး အုတ်ခဲနှစ်လုံး ချီမသည်။ လက်မောင်းသန်မာ အောင် လေ့ကျင့်ခြင်းဖြစ်သည်။ သို့သော်လည်း အချည်းနှီးပင်။ ကျွန်မ လက်မောင်း တွေ နာလာသည်။

၁၉၆၅ တစ်နေ့တွင် ကျောင်းခန်းထဲမှ အပြင်သို့ထွက်ကာ မြက်ခင်းများ မှ မြက်များကို နုတ်ခိုင်းသည်။ မော်က မြက်ခင်းစိမ်းစိမ်း ပန်းပွင့်လှလှနှင့် အိမ်မွေး ခွေးလေး ကြောင်လေးတို့သည် ဘူဇွာအမူအကျင့်များမှ ပေါက်ဖွားလာခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ထိုအကျင့်များကို တိုက်ဖျက်ရမည်ဟု ဆိုသည်။ ကျွန်မတို့ကျောင်းရှေ့က မြက်ခင်းမှာ တရုတ်ပြည်ကလွဲလျှင် တခြားဒေသတွေမှာ မရှိသော မြက်ခင်းမျိုး ဖြစ်သည်။ တရုတ်တို့က "မြေကြီးနှင့် တစ်သားတည်း ရှိသော" ဟု ထိုမြက်၏ နာမည်ကို အဓိပ္ပာယ်ဖွင့်သည်။ မြေမှာကုပ်တွယ်နေသဖြင့် အနုတ်ရခက်သည်။ ကျွန်မ လက်ချောင်းတွေ နာလာသည်။ အသားများ ပွန်းပဲ့သည်။ ပေါက်ပြားငန်းပြားတို့နှင့် ထိုးသော်လည်း အကုန်အစင်မနုတ်နိုင်။ လေတစ်ချက်ဝှေ့ပြီး မိုးတစ်ပြိုက်ရွာလျှင် ပြန်လည်စိမ်းလန်းလာသည်။ ထိုအခါ ကျွန်မတို့၏ မြက်သုတ်သင်ရေးတိုက်ပွဲ ပြန်လည်စတင်သည်။

ပန်းများကို သုတ်သင်ရသည်မှာ လွယ်သည်။ သို့သော်လည်း ချေမှုန်းရ ခက်သည်။ မည်သူမှ အပင်မှပန်းအလှကို မခွဲချင်ကြပေ။ မော်သည် မြက်နှင့်ပန်း တိုက်ဖျက်ရေးကို ကြိမ်ဖန်များစွာ ပြောသည်။ မြက်နှင့်ပန်းအစား ဂေါ်ဖီထုပ်နှင့် ချည်မျှင်ထွက်သည့် ဝါများစိုက်ရမည်ဟု ညွှန်ကြားသည်။ ယခုမှသာ ထိုတိုက်ပွဲ စတင်နိုင်သည်။ သို့ငြားလည်း အဆင့်တစ်ခုအထိသာ အောင်မြင်သည်။ လူတွေက သစ်ပင်ပန်းမန်များကို ချစ်နှစ်သက်သည်။ ပန်းခင်းအချို့မှာ မော်၏ ချေမှုန်းရေးတွင် အသက်မသေဘဲ ရှင်သန်ကျန်ရစ်ခဲ့သည်။

ပန်းကို ကျွန်မချစ်သည်။ ပန်းတွေ မြေခရသည့်အခါ ကျွန်မ ဝမ်းနည်းသည်။ ရင်နာသည်။ သို့သော်လည်း မော်ကို မကျေနပ်ခြင်းမဟုတ်။ ထိုကဲ့သို့သော ပန်းချစ်စိတ်မဖျောက်ဖျက်နိုင်သဖြင့် စိတ်ဆင်းရဲရခြင်းဖြစ်သည်။ ထိုအချိန်တွင် ကျွန်မ သည် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးကို ကျင့်သုံးတတ်စ ပြုလာသည်။ မော်ကို ငါ ဆန့်ကျင်နေတာလားဟု ကိုယ့်ကိုယ်ကိုယ် မေးမိသည်။ ထိုအတွေးမျိုးဝင်လျှင် ကြောက်ရွံ့ထိတ်လန့်လာသည်။ ထိုအကြောင်း အခြားသူနှင့် မပြောဆို မဆွေးနွေးရဲ။ မှန်မှန်ကန်ကန် တွေးခေါ်ဖို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမနေမိသည်။ တစ်ချိန်လုံး

ကိုယ့်ကိုယ် ကိုယ် ချေချွတ်နေမိသည်။

ဤကဲ့သို့ မိမိကိုယ်မိမိ ပြန်လည်စစ်ဆေးခြင်း၊ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ခြင်းသည် မော်လက်ထက် တရုတ်ပြည်ကြီး၏ ကြွန်အင်လက္ခဏာ တစ်ခုဖြစ်သည်။ ထိုအခါ လူသစ်စိတ်သစ်ဖြစ်လာပြီး လူကောင်းဖြစ်လာမည်ဟု ကျွန်မတို့ ခံယူရသည်။ သို့သော်လည်း ထိုလုပ်ငန်းများသည် ဘာအကျိုးမှ မဖြစ်ထွန်း၊ ကိုယ်ပိုင်အတွေး အခေါ်မရှိအောင် လုပ်ခြင်းသာ ဖြစ်သည်။

စီးပွားရေး အောင်မြင်မှုများမရှိဘဲ မော် ကိုးကွယ်ရေးသည် မအောင်မြင်နိုင်။ အငတ်ဘေးဆိုက်ခြင်းမှ လွတ်မြောက်လာသည်။ လူနေမှုအဆင့်အတန်းမြင့်လာသည်။ ချိန်တူတွင် ဆန်ကို ရာရှင်နှင့် ဝေရသော်လည်း အမဲသား ဝက်သားနှင့် ဟင်းသီးဟင်းရွက်များ အလွန်ပေါသည်။ ဖရဲသီး မုန်လာဥနှင့် ခရမ်းသီးတို့မှာ လူသွားစင်္ကြံပေါ်တွင် တောင်လိုပုံနေသည်။ ဆိုင်ထဲမှာ ထားစရာမရှိသဖြင့် အပြင်မှာ ပုံထားရသည်။ အပြင်ဘက်မှာ တစ်ညလုံးထားသော်လည်း ယူမည့်သူမရှိ။ ဈေးသည်များက အလကားပေးသလို ရောင်းသည်။ ကြက်ဥမှာ တစ်ချိန်က အဖိုးတန်ပစ္စည်းဖြစ်သည်။ ယခုမူ ဝယ်သူမရှိသဖြင့် တောင်းကြီးများထဲတွင် ပုပ်သွားသည်။ သည်မျှ လောက် ကြက်ဥပေါသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်က မက်မုံသီး အလွန်ရှားသည်။ မက်မုံသီးတစ်လုံး ရှာတွေ့ဖို့ခက်သည်။ ယခု မက်မုံသီးစားခြင်းသည် မျိုးချစ် စိတ်ရှိခြင်းဖြစ်သည်ဟု ဆိုလာကြသည်။ အရာရှိများက အိမ်တကာလှည့်ပြီး မက်မုံသီး အလကားလိုလို ဝေပေးကြသည်။

ဂုဏ်ယူစရာ အောင်မြင်မှုဇာတ်လမ်း များစွာပေါ်လာသည်။ ၁၉၆၄ အောက်တိုဘာတွင် ပထမဆုံး အနုမြူဗုံးကို တရုတ်ဖောက်ခွဲသည်။ တိုင်းပြည်၏ သိပ္ပံနှင့် စက်မှုလုပ်ငန်းအောင်မြင်မှုကြီးအဖြစ် ကြွေးကြော်ကြသည်။ အထူးသဖြင့် နယ်ချဲ့သမားများ အနိုင်ကျင့်ချင်တိုင်း ကျင့်လို့မရတော့ဟု ဆိုသည်။ အနုမြူဗုံး ဖောက်ခွဲချိန်နှင့် ကရူးရှက်ရာထူးမှ ဖယ်ရှားခံရချိန်မှာ အံ့သြစရာကောင်းလောက်အောင် တိုက်ဆိုင်နေသည်။ ကရူးရှက်ရာထူးကျခြင်းသည် မော် အောင်မြင်ခြင်းဖြစ်သည်။ မော်၏ လမ်းစဉ်မှန်သည်ဟု ယူဆကြသည်။ ၁၉၆၄ တွင် တရုတ်ကို ပြင်သစ် က အသိအမှတ်ပြုသည်။ အနောက်နိုင်ငံများအနက် ပထမဆုံး အသိအမှတ်ပြုသူ ဖြစ်သည်။ ယင်းကို တရုတ်တစ်နိုင်ငံလုံးက အုတ်အော်သောင်းတင်း ကြွေးကြော်သည်။ အင်အားကြီးနိုင်ငံတစ်ခုဖြစ်သည့် အမေရိကန်အပေါ် အကြီးမားဆုံး အောင်နိုင်လိုက်ခြင်းလည်းဖြစ်သည်။ အမေရိကန်သည် ကမ္ဘာပေါ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရားဝင်ရထိုက်သည့် အခွင့်အရေး ကို အသိအမှတ်မပြု။

ထိုအချိန်တွင် တရုတ်ပြည်၌ နိုင်ငံရေးညှဉ်းပန်းနှိပ်စက်မှုမရှိ။ လူများစွာတို့ ကျေနပ်နေသည့် အချိန်ဖြစ်သည်။ သို့ဖြစ်ရာ မော်၏ ကြိုးပမ်းချက်အဖြစ် သူ့ကို များစွာချီးကျူးကြသည်။ မော် ဂုဏ်တက်နေသည်။ တကယ်က မော်၏ ဆောင်ရွက်မှု ဘယ်လောက်ရှိသည်ကို ထိပ်ပိုင်းခေါင်းဆောင်ကြီးများ သိသည်။ တိုင်းပြည်ကိုမူ

ထိုသတင်းအားလုံး မှောင်ချထားသည်။ ထိုနှစ်များတွင် ကျွန်မသည် မေ်ာကို ချီးကျူးသည့် ကဗျာများ ဖွဲ့သည်။ မေ်ာကို ကျေးဇူးတင်သည်။ ယခုအောင်မြင်မှုအားလုံးသည် မေ်ာကြောင့်ဟု ကျွန်မ ရေးဖွဲ့သည်။ မေ်ာကို သစ္စာရှိပါမည်ဟူ၍လည်း တိုင်တည်သည်။

၁၉၆၅ တွင် ကျွန်မအသက် ဆယ့်သုံးနှစ်ပြည့်သည်။ ထိုနှစ်အောက်တိုဘာ ၁ တွင် ချိန်တူ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်သည့် ဆယ့်ခြောက်နှစ်မြောက် အခမ်းအနား ကျင်းပသည်။ မြို့လယ်ရင်ပြင်၏ မြောက်ဘက်တွင် ရှေးက ဧကရာဇ်၏ နန်းတော်တည်ရှိသည်။ ယင်းကို သုံးရာစုကအတိုင်း ပြန်လည်ပြင်ဆင် မွမ်းမံထားသည်။ ချိန်တူသည် စည်ပင်ဝပြောသည့် မင်းနေပြည်ဖြစ်ခဲ့ပြီး ကျုံးနှင့် မြို့ရိုးနှင့် တည်နေခဲ့သည်။ မြို့တံခါးမှာ ပီကင်းတွင် ရှိနေသည့် ငြိမ်းအေးသော ကောင်းကင်တံခါးမျိုးနှင့် ဆင်တူသည်။ အရောင်အသွေးသာ ခြားနားသည်။ စဥ့်အုတ်ကြွပ်မိုးအောက်တွင် အနီရင့် တိုင်လုံးကြီးများ ပင့်တင်ထားသည့် မဏ္ဍပ်တစ်ခုရှိသည်။ မိဘများနှင့်အတူ မဏ္ဍပ်ထဲမှာ ကျွန်မ ရပ်နေသည်။ ဆီချွမ်ခေါင်းဆောင်များသည် အလေးပြုခုံ စင်မြင့်မဏ္ဍပ်ထဲတွင် ရှိနေကြသည်။ မကြာမီ မီးရှူးမီးပန်းများ လွှတ်တင် တော့မည်။ ကျွန်မတို့ရှေ့က ရင်ပြင်ထဲတွင် ပြည်သူ ၅၀,၀၀၀ သီချင်းများဆိုပြီး ကခုန်နေကြသည်။ ဒိုင်း . . . ဟု အချက်ပေးလိုက်လျှင် ကောင်းကင်ယံသို့ မီးရှူး မီးပန်းများ ပြေးတက်သွားသည်။ ချိန်တူကောင်းကင်တွင် မီးနီ၊ မီးဝါ၊ မီးစိမ်း၊ မီးပြာ ပန်းဥယျာဉ်ကြီးတစ်ခု ဖြစ်ပေါ်လာသည်။ ရောင်စုံမီးပန်းများ တစ်ခုပြီးတစ်ခု တက်လာသည်။ ကောင်းကင်ပြင်သည် ခဏတာမျှ ကြည်လင်သွားသည်။ ထိုနောက် ရုတ်တရက် ပေါက်ကွဲမှုတစ်ခုဖြစ်ပေါ်လာပြီး မီးပန်းဆိုင်းကြီးတစ်ခု ဖူးပွင့်လာသည်။ ထို့နောက်တွင် ရှည်လျားသော ပိုးဇာပါးတစ်ခု ကောင်းကင်ယံတွင် ယီးလေး ခိုနေသည်။ ဆောင်းဦးလေပြေနှင့်အတူ ဖြည်းဖြည်းချင်း လွင့်ပါးနေသည်။ ရင်ပြင်ထက်က အလင်းရောင်ပေါ်တွင် စာတန်းများ ပေါ်လာသည်။

"ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီး ဥက္ကဋ္ဌမော် သက်တော်ရာကျော် ရှည်ပါစေ"

ကျွန်မ မျက်လုံးအိမ်ထဲတွင် မျက်ရည်များပြည့်လျှမ်းလာသည်။ "ငါ သိပ်ကံကောင်းတယ်။ မော်စီတုန်းရဲ့ခေတ်မှာ လူဖြစ်ရတာ သိပ်ကံကောင်းတယ်" ဟု တစ်ကိုယ်တည်း ပြောမိသည်။ "တခြားအရင်းရှင်နိုင်ငံက ကလေးသူငယ်တွေ ငါ့လို မော်နဲ့ နီးနီးကပ်ကပ်မနေနိုင်ဘူး။ သူ့ကို လူကိုယ်တိုင် တွေ့ခွင့်မရှိဘူး" သူတို့ကို ကျွန်မ ကယ်တင်ချင်သည်။ ထိုအချိန် ထိုနေရာတွင် ကျွန်မ သန္နိဋ္ဌာန်တစ်ခု ချလိုက်သည်။ အင်အားကြီးသည့် တရုတ်နိုင်ငံကြီးတစ်ခု တည်ဆောက်ရာတွင် ကျွန်မ ပါဝင်မည်။ ကမ္ဘာ့တော်လှန်ရေးကို အထောက်အကူပြုမည့် တော်လှန်ရေးကြီးတွင် ကျွန်မ ပါဝင်မည်။ မော်ကို ကျွန်မ ကိုယ်တိုင်မြင်တွေ့ ခွင့်ရအောင် ကြိုးစားပြီး အလုပ်လုပ်မည်။ ယင်းမှာ ကျွန်မ၏ ဘဝရည်ရွယ်ချက်ဖြစ်လေသည်။

□ □

[၁၅]

ပထမဖျက်ဆီး။ တည်ဆောက်ခြင်းက သူ့အလိုလို လိုက်လာလိမ့်မယ်။

ယဉ်ကျေးမှုတော်လှန်ရေး အစပျိုးခြင်း

(၁၉၆၅ - ၁၉၆၆)

၁၉၆၀ လွန်နှစ်များတွင် မော်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ပျက်စီးဆုံးရှုံးခြင်းများစွာ ကြုံရသော်လည်း သူသည် ပြိုင်ဘက်မရှိ ခေါင်းဆောင်အဖြစ် တရုတ်ပြည်သူတို့၏ အမြတ်နိုးခံတစ်ယောက် ဖြစ်နေလေသည်။ ထိုအချိန်က တိုင်းပြည်ကို တကယ်ဦးဆောင်နေသူတို့မှာ လက်တွေ့ကျကျ ဆောင်ရွက်သူများ ဖြစ်လေရာ စာတတ်သူ အတော်အသင့်ရှိလာသည်။ အနုပညာလွတ်လပ်ခွင့်များလည်း မဆုံးပါးသေး။ ပြဇာတ် အော်ပရာရုပ်ရှင်နှင့် ဝတ္ထုအများအပြားသည် ဆောင်းခိုနေရာမှ ပြန်လည်ပေါ်ထွက်စ ပြုလာသည်။ ပါတီကို မည်သူကမျှ ပြောင်ပြောင် တင်းတင်း တိုက်ခိုက်ခြင်းမပြု။ ခေတ်ပြိုင်အကြောင်းအရာတို့ကို တင်ပြသည့် အနုပညာလက်ရာများမှာ ရှားပါးနေသည်။ ထိုအချိန်တွင် မော်သည် သူ့ကိုယ် သူ ခုခံကာကွယ်နေရဆဲ ဖြစ်သည်။ သူ့မိန်းမကျန်ကျင်းကို အားကိုးနေရ ဆဲလည်းဖြစ်သည်။ ကျန်ကျင်းမှာ ၁၉၃၀ လွန်နှစ် များတွင် ရုပ်ရှင်မင်းသမီး အဖြစ် ထင်ပေါ်ခဲ့သူ ဖြစ်သည်။ တည်တံ့နေဆဲ အုပ်ချုပ်ရေးနှင့် မော်တို့ စောင်းမြောင်းတိုက်ခိုက်ရာ၌ သမိုင်းထိုးဇာတ်များကို အသုံးချနေကြသည်ကို သူတို့ မြင်သည်။

တရုတ်တို့၏ အစဉ်အလာတစ်ခုမှာ သမိုင်းဝင်အဖြစ်အပျက်များကို ရည်ညွှန်းပြီး အရိပ်အမြွက် စကားများဆိုကာ ဆန့်ကျင်ရေးသဘောထားများကို တင်ပြလေ့ရှိခြင်း ဖြစ်သည်။ ယခုအခါ လူနည်းစုသာ သိသော အရိပ်အမြွက် စကားတို့သည် လက်ရှိအခြေအနေကို စကားဝှက်ဖြင့် ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်ဟု လူအများ နားလည်လက်ခံလာကြသည်။ ၁၉၆၃ ဧပြီတွင် "တစ္ဆေပြဇာတ်" များအားလုံး ကပြခြင်းမပြုရဟု မော်က တားမြစ်သည်။ ထိုပြဇာတ်များမှာ အသတ်ခံရသူတို့သည် တစ္ဆေများအဖြစ် ပြန်လည်ရှင်သန်လာပြီး သတ်သူကို လက်စားချေသည့် ရှေးဟောင်း ပုံပြင်တို့ကို စင်တင်ကပြသော အနုပညာလက်ရာများ ဖြစ်သည်။ မော်အဖို့ကား လက်စားချေသူ တစ္ဆေများသည် သူ့လက်ထက်တွင် ကျဆုံးခဲ့ရသော လူတန်းစား ရန်သူများ၏ သရုပ်နှင့် များစွာ နီးစပ်နေသည်ဟု ကသိကအောက်ခံစားနေရသည်။

မော်နှင့် အပေါင်းပါများသည် အခြားပြဇာတ်များကိုလည်း အလေးထား စောင့်ကြည့်ကြသည်။ ယင်းမှာ မင်မင်းဆက်လက်ထက်က အမတ်ကြီးတစ်ယောက် ကို ခေါင်းဆောင်တင်၍ ကပြသည့် ပြဇာတ်များဖြစ်သည်။ မင် အမတ်ကြီးသည်

ပြည်သူတို့ အဖိနှိပ်ခံရသည်ကို စာနာသည်။ ပြည်သူတို့ ဘက်ကရပ်ကာ သူ့အသက်ကို ပဓာနမထားဘဲ ပြည့်ရှင်မင်းကို ဆန့်ကျင်ပြော ဆိုကန့်ကွက်သည်။ ဘုရင်က သူ့ကို ရာထူးမှချပြီး နယ်နှင်ဒဏ်ပေးသည်။ မင်အမတ်သည် တရားမျှတမှုနှင့် ပြောင်မြောက်သည့် သတ္တိကို ကိုယ်စားပြုသူ ဖြစ်လာသည်။ ၁၉၅၉ တွင် ငတ်မွတ်ဘေးကြီးဆိုက်သည်ကို အကြောင်းပြုကာ မော်ကို ဆန့်ကျင်ပြောဆိုသည့် ကာကွယ်ရေးဝန်ကြီး မာရှယ်ပိန်တေဟွိုး အား ချက်ချင်းပင် ရာထူးချထားခဲ့သည်။ ယခုတင်ပြသည့် ပြဇာတ် များတွင် ခေါင်းဆောင်ဇာတ်လိုက် မင်အမတ်သည် ပိန်တေဟွိုး၏ ဇာတ်ရုပ်ဖြစ်သည် ဟု မော် သင်္ကာမကင်းဖြစ်လာသည်။ “မင်အမတ်” ပြဇာတ်များ စင်တင်သည်ကို မဒမ် မော်က ပြစ်တင်ရှုတ်ချသည်။ စာရေးဆရာများနှင့် အနုပညာတာဝန်ခံဝန်ကြီး များကို မဒမ်မော် ချဉ်းကပ်သည်။ သူတို့က နားမထောင်။

၁၉၆၄ တွင် ရှုတ်ချဝေဖန်ရမည့် အနုပညာရှင်များ၊ စာရေးဆရာများနှင့် ပညာရှင်များစာရင်းကို မော်ပြုစုသည်။ သုံးဆယ့်ကိုးယောက်စာရင်းတင်ခံရသည်။ သူတို့ကို “ဖောက်ပြန်သော ဓနရှင်ပေါက်စ အနုပညာခေါင်းဆောင်များ” အဖြစ် မော်က နာမည်ပေးသည်။ သူတို့သည် မော့်အလိုအရ “လူတန်းစား ရန်သူ” အမျိုးအစား တစ်ခုတွင် ပါဝင်သည်။ ယင်းတို့တွင် ထင်ရှားသူနှစ်ယောက်မှာ ဝူဟန်နှင့် ပါမောက္ခ မာယင်ချူတို့ ဖြစ်သည်။ ဝူဟန်သည် “မင် အမတ်” ကို ဖန်တီးသူ ဖြစ်သည်။ မာယင်ချူကား ပဋိသန္ဓေတားဆီးခြင်းကို အဦးဆုံးထောက်ခံသည့် စီးပွားရေးပညာရှင် တစ်ယောက် ဖြစ်သည်။ ထိုကိစ္စအတွက် သူ့ကို ၁၉၅၇ တွင် လက်ျာသမားဟု ချွတ်ချခဲ့သည်။ တရုတ်ပြည်တွင် ပဋိသန္ဓေတားဆီးရေး လိုအပ်သည်ဟု ထိုစဉ်က မော် သဘောပေါက်သည်။ သို့သော်လည်း ပါမောက္ခမာသည် လူတတ်လုပ်လွန်းသည်။ ပြီးတော့ မော် မှားသည်ဟု ထင်ရှားအောင် တင်ပြခဲ့သူဖြစ်သည်။ ထို့ကြောင့် မော် မကျေနပ်။

သုံးဆယ့်ကိုးယောက်စာရင်းကို တိုင်းပြည်သို့ကား မကြေညာ။ သူတို့ကို ပါတီအဖွဲ့အစည်းများကလည်း ထုတ်ပယ်ခြင်းမပြု။ တခြားဓနရှင်ပေါက်စ ဖောက်ပြန်ရေးသမားများကို ဖော်ထုတ်ရန်ဟူ၍ အမေတို့ အဆင့်ရှိပါတီအရာရှိများဆီသို့ ထိုသုံးဆယ်ကိုးယောက်စာရင်းကို ပို့လိုက်သည်။ ၁၉၆၄-၆၅ ဆောင်းရာသီတွင် အမေ့အား အလုပ်အဖွဲ့ခေါင်းဆောင်ခန့်ကာ “နွားဈေး” အမည်ရှိ ကျောင်းတစ်ကျောင်း သို့ ပို့လိုက်သည်။ ထင်ရှားသည့် ကျောင်းဆရာများနှင့် စာအုပ်များဆောင်းပါးများ ရေးသားသူတို့အထဲတွင် မယုံသင်္ကာရှိသူများကို ဖော်ထုတ်ရမည်ဟု အမေ့ကို မှာကြား လိုက်သည်။

အမေအထိတ်တလန့် ဖြစ်သွားသည်။ ယခုနိုင်ငံရေးသုတ်သင်ပွဲတွင် အမေ လေးစားကြည်ညိုဆုံး သူများ ပါဝင်နေသည်။ တစ်ဖန် “ရန်သူ” အရှာ ထွက်ခဲ့သော်လည်း တစ်ယောက်မျှ တွေ့နိုင်ဖွယ်မရှိသည်ကို အမေ နားလည်ထားသည်။ တခြား အကြောင်းများ ဖယ်ထားပြီး လောလောဆယ် ဖြစ်ပျက်ခဲ့သည့် နိုင်ငံရေး ညှဉ်းပန်းမှု

များတို့ကို စဉ်းစားလိုက်လျှင်ပင် အချို့သည် မိမိတို့ ယုံကြည်သည်ကို ထုတ်ဖော်ပြော ဆိုရဲသည့် အခြေအနေကို အမေ သိထားသည်။ အမေ၏ အထက်လူကြီး မစ္စတာပါအိုသည် ချိန်တူတွင် ယခုတိုက်ပွဲ ခေါင်းဆောင်ဖြစ်သည်။ အမေက သူ့သဘောထား ဘယ်သို့ရှိသည်ကို မစ္စတာ ပါအိုအား ပြောပြသည်။

သည်လိုနှင့် ထောင့်ကိုးရာခြောက်ဆယ့်လေး ကုန်လွန်ခဲ့သည်။ အမေ ဘာတစ်ခုမျှ မလုပ်ရသေး။ မစ္စတာပါအိုကလည်း အမေ့ကို တိုက်တိုက်တွန်းတွန်း မလုပ်။ ယခုကိစ္စတွင် သူတို့ ဘာမျှထိထိရောက်ရောက် မလုပ်နိုင်ခြင်းသည် ပါတီခေါင်းဆောင်များ၏ ယေဘုယျခံယူချက်ကို ပြခြင်းဖြစ်သည်။ ခေါင်းဆောင်များစွာ တို့မှာ နိုင်ငံရေးညှဉ်းပန်းခြင်းကို မကြားချင်ကြ။ ရွံမုန်းနေသည်။ လူနေမှုအဆင့် အတန်း မြင့်မားလာရေးနှင့် ပုံမှန်အနေအထားသို့ ပြန်ရောက်ရေးကိုသာ စိတ်စောနေကြသည်။ သို့ပြားလည်း သူတို့သည် မော်ကို ပြောင်ပြောင်တင်းတင်း မဆန့်ကျင်ကြ။ ဤသည်ပင်လျှင် မော်၏ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှု ကြီးထွားလာရသည့် အကြောင်းတစ်ခုဟု ဆိုနိုင်သည်။ မော်ကိုးကွယ်ရေးကို အချို့က စောင့်ကြည့်နေကြသည်။ သူတို့ ဘာမှမတတ်နိုင်သည်ကိုလည်း သူတို့ သိသည်။ မော်မှာ ဤမျှ ဂုဏ်တက်နေသည်။ အားကြီးနေသည်။ သို့ဖြစ်ရာ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို ယခု အခိုက်အတန့်တွင် ဘယ်အရာကမျှ တားဆီးခြင်းငှာမတတ်နိုင်။ သူတို့လုပ်နိုင် သည်မှာ မတုန်မလှုပ် အနုနည်းနှင့် စိတ်ထဲမှာ ကန့်ကွက်နေခြင်းသာဖြစ်သည်။

ပါတီခေါင်းဆောင်များ ငြိမ်နေကြသည်ကို မော်သိသည်။ သူ ညွှန်ကြားသည့်အတိုင်း သိက္ခာချပွဲကို မပြင်ဆင်။ သူ့အပေါ် ကြည်ညိုစိတ်လျော့ပါးသွား ပြီထင်သည်။ သမ္မတလျူနှင့် တိန့်ရှောင်ဖိန်တို့ဘက် ပါသွားကြပြီ သူထင်သည်။ ထင်ရှားသည့် သက်သေပေါ်လာသည်။ ပြဇာတ်ဆရာ ဝူဟန်နှင့် သူ၏ “မင် အမတ်” တို့ကို ရှုတ်ချသည့် ဆောင်းပါးတစ်စောင်ကို ပါတီသတင်းစာများတွင် ထည့်ရန် ငြင်းဆိုကြသည်။ ဆောင်းပါးအထည့်ခိုင်းသည်မှာ သိက္ခာချပွဲကို ပြည်သူအများ ပါဝင်ပတ်သက် စေလို၍ ဖြစ်သည်။ ယခုမှု ပါတီလုပ်နည်းကိုင် နည်းစနစ်က ပြည်သူနှင့်သူ့ကို ကတ္တားခြားလိုက်သည်ကို တွေ့လာရသည်။ ပါတီစနစ်သည် သူနှင့်ပြည်သူအကြား ကြားခံတစ်ခုဖြစ်သည် မဟုတ်လား။ တကယ်စင်စစ် သူ၏ အထိန်းအချုပ် လွတ်ထွက် သွားခြင်းဖြစ်သည်။ ပီကင်း ပါတီကော်မီတီတွင် ဝူဟန်သည် ပီကင်းဒုတိယ မြို့တော်ဝန် ဖြစ်သည်။ လူထုဆက်သွယ်ရေးယာဉ်ဖြစ်သည့် သတင်းစာများနှင့် အနုပညာဌာနများကို ဦးဆောင်ကိုင်တွယ်သူမှာ ပြည်သူ့ရေးရာ ဗဟိုဌာနချုပ်ဖြစ်သည်။ ယင်းတို့သည် မော်ကို ဆန့်ကျင်လာကြသည်။ ဝူဟန်ကို ရှုတ်ချခြင်းမပြု၊ ထုတ်ပယ်ခြင်းလည်းမပြု။

မော်သည် အခြိမ်းခြောက်ခံရပြီဟု ထင်လာသည်။ သူသည် စတာလင် နှင့် တူနေပြီလား။ သူ သက်ရှိထင်ရှားဘဝမှာပင် ကရုးရှက်တစ်ယောက်က သူ့ကို

ရှုတ်ချတော့မှာလား။ သို့ဖြစ်ရာ သူ့ဘက်က လက်ဦးအောင် "တွယ်" ချင် "ဆော်" ချင်သည်။ တရုတ်ကရှူးရှက်ဟု သူ သတ်မှတ်သည့် လျူရှောက်ချီနှင့် အပေါင်းပါ တိန့်ရှောင်ဖိန်၊ ပြီးတော့ သူတို့နောက်လိုက်များကို ဖြိုဖျက်ရမည်။ ဤသည်ကို ထင်မိယောင်မှားဖြစ်အောင် လှည့်ဖြားကာ "ယဉ်ကျေးမှုတော်လှန်ရေး" ဟု နာမည်ပေး လိုက်သည်။ သူ၏ တိုက်ပွဲသည် သူမှတစ်ပါး မည်သူမျှမပါသည့် တိုက်ပွဲမှန်း သူသိသည်။ သို့သော်လည်း ထိုတိုက်ပွဲကို ဆင်နွှဲရသဖြင့် သူ အားရကျေနပ်သည်။ သူသည် တကယ် အင်နှင့်အားနှင့် ကျယ်ကျယ်ပြန့်ပြန့်ပင် တစ်ကမ္ဘာလုံးကို စိန်ခေါ်သူ ဖြစ်လာတော့မည် မဟုတ်လား။ သူ့ကိုယ်သူ ပါတီယန္တရားတည်းဟူသော အားကြီးသည့်ရန်သူကို တိုက်မည့် အလွမ်းဇာတ်မင်းသားဟု ပုံဖော်ရင်း သူ့ကိုယ်သူ သနားသည့် စိတ်ပင် ဝင်လာသည်။

ပီကင်းတွင် ပုံနှိပ်ထုတ်ဝေရန် အဆင်မပြေသည့် ဝူဟန်ဝေဖန်ရေးကို ၁၉၆၅ နိုဝင်ဘာ ၁ဝ ၌ ရှန်ဟဲတွင် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။ ရှန်ဟဲတွင် မော်၏ နောက်လိုက် များရှိသည်။ ထိုဆောင်းပါးတွင် "ယဉ်ကျေးမှုတော်လှန်ရေး" ဟူသည့် ဝေါဟာရကို ပထမဆုံး အသုံးပြုခြင်းဖြစ်သည်။ ဦးစွာပထမပါတီ၏ အာဘော်ဖြစ်သည့် ပြည်သူ့နေ့စဉ်တွင် ဖော်ပြရန် ကြိုးစားသည်။ မအောင်မြင်။ ထို့အတူ ပီကင်းပါတီ၏ အာဘော် ဖြစ်သည့် ပီကင်းနေ့စဉ်တွင်လည်း မဖော်ပြနိုင်ခဲ့။ ပြည်နယ်များတွင် အချို့က ထိုဆောင်းပါးကို ဖော်ပြကြသည်။ ထိုအချိန်တွင် ဆီချွမ်၌ ပြည်နယ်ပါတီသတင်းစာကို ကြီးကြပ်သူမှာ ကျွန်မ အဖေဖြစ်သည်။ သူက ဆီချွမ်နေ့စဉ်တွင် မဖော်ပြရန် တင်ပြသည်။ အဖေ၏ သဘောထားမှာ ထိုဆောင်းပါးသည် မာရှယ်ပိန်တေဟွိုး ကို သိက္ခာချသည့် ဆောင်းပါးဖြစ်သဖြင့် ဖော်ပြရန်မသင့်ဟု ယူဆသည်။ ပြည်နယ်ယဉ်ကျေးမှု ဌာနဦးစီးကို အဖေတွေ့သည်။ သူက တိန့်ရှောင်ဖိန်ဆီ တယ်လီဖုန်းဆက်၍ မေးကြည့် ပါလားဆိုသည်။ တယ်လီဖုန်းဆက်ရာ တိန့်ကိုမတွေ့။ မာရှယ်ဟိုလန်းက လက်ခံ စကားပြောသည်။ သူသည် တိန့်၏ အနီးကပ်ဆုံးမိတ်ဆွေဖြစ်ပြီး နိုင်ငံရေးဦးစီး အဖွဲ့ဝင် တစ်ယောက်ဖြစ်သည်။ ၁၉၅၉ တွင် သူပြောသည့် "ရာဇပလ္လင်ပေါ် တကယ် တတ်ရမယ့် သူက သူ (တိန့်ရှောင်ဖိန်) ပဲ" ဟူသော စကားကို အဖေ ကြားခဲ့ဖူးသည်။ ယခုဟိုလန်းက ဆောင်းပါးကို ပုံနှိပ်ဖော်ပြရန် မသင့်ဟု ဆိုသည်။

ထိုဆောင်းပါးကို နောက်ဆုံးတွင် နိုဝင်ဘာ ၃ဝ ပြည်သူ့နေ့စဉ်၌ ဖော်ပြသည်။ ဆီချွမ်နေ့စဉ်တွင်မူ ဒီဇင်ဘာ ၁၈ ၌ ဖော်ပြသည်။ နောက်အကျဆုံးထဲ တွင် ပါဝင်သည်။ ချောင်အင်လိုင်းက စေ့စပ်ဖျန်ဖြေသဖြင့် ပီကင်းထုတ် ပြည်သူ့ နေ့စဉ်တွင် ထည့်သွင်းဖော်ပြခြင်း ဖြစ်သည်။ ဝန်ကြီးချုပ် "ချောင်" သည် အာဏာလုပွဲ တွင် ငြိမ်းချမ်းရေးထိန်းသိမ်းသူအဖြစ် ကြားဝင်စေ့စပ်သည်။ ယဉ်ကျေးမှုတော်လှန်ရေး ဆောင်းပါးကို နိုင်ငံရေးအသွင် မဆောင်ဘဲ ပညာရှာ လေ့လာရေးအဖြစ် ဖော်ပြပြီး ဆွေးနွေးနိုင်သည်။ ယင်းကို ကိုင်ကာ နိုင်ငံရေး စင်မြင့်မှ ရှုတ်ချခြင်းများ မပြုလုပ်သင့်ဟု ဝန်ကြီးချုပ် "ချောင်" က "အယ်ဒီတာ" ၏

မှတ်ချက်အဖြစ် ပြည်သူ့နေ့စဉ်တွင် ထည့်သွင်းဖော်ပြစေသည်။

နောက်သုံးလအတွင်း မော်၏ ဆောင်းပါးတွင် ပါရှိသည့် သိက္ခာချပွဲကို အပြင်းအထန် ဆွေးနွေးပြောဆိုကြသည်။ မော် ဆန့်ကျင်ရေးသမားများနှင့် ချောင်အင်လိုင်းတို့ ပါဝင်ဆွေးနွေးကြသည်။ ယင်းဖြစ်ရပ်ကို လမ်းလွှဲရန် သို့မဟုတ်ထိပ်တိုက်မလုပ်ဆောင်ရန် ကြိုးစားကြသည်။ ပီကင်းတွင် မော်မရှိစဉ် ၁၉၆၆ ဖေဖော်ဝါရီ၌ နိုင်ငံရေးဆောင်းပါးကို ပညာရှာလေ့လာရေးအတွက်သာ ဖတ်ရှု ဆွေးနွေးသင့်သည်၊ တစ်ဆင့်တက်၍ နိုင်ငံရေးညှဉ်းပန်းမှုများအထိ မသွားသင့်ဟူ၍ ဖြစ်သည်။ ထိုဆုံးဖြတ်ချက်ကို မော်က ကန့်ကွက်သည်။ သို့သော်လည်း လျစ်လျူရှု လိုက်သည်။

ငြိမ်တွင် အဖေ့ကို ဆီချွမ်ပါတီက စာတမ်းတစ်စောင်ပြုစုခိုင်းသည်။ ပြည်နယ်၌ ယဉ်ကျေးမှု တော်လှန်ရေးကို လမ်းညွှန်ထိန်းသိမ်းရန် ရည်ရွယ်ခြင်း ဖြစ်သည်။ နိုင်ငံရေးဦးဆောင်အဖွဲ့က ဖေဖော်ဝါရီဆုံးဖြတ်ချက် စိတ်ထားနှင့် အညီ ဆောင်ရွက်ရန်ပင် ဖြစ်လေသည်။ အဖေ၏ ပြုစုချက်ကို "ငြိမ်စာတမ်း"ဟု လူသိများသည်။ ယင်းက "အချေတင်ဆွေးနွေးခြင်းသည် ပညာရှာမှီးရေး သက်သက်သာ ဖြစ်သည်။ ပြင်းထန်သော စွပ်စွဲချက်များမတင်ရ။ မပြုရ။ အမှန်တရားရှေ့မှောက်တွင် လူတိုင်းသည် တန်းတူရည်တူ ဖြစ်သည်။ ပါတီသည် ပညာတတ်များကို အင်အားသုံး ၍ မနှိပ်ကွပ်ရ။

ငြိမ်စာတမ်းကို မေလတွင် ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ အတားဆီးခံရသည်။ ထိုအချိန်တွင် နိုင်ငံရေးဦးဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အသစ်တစ်ခု ကျလာသည်။ ဤတွင် မော်လည်း အစည်းအဝေး တက်သည်။ မော်သည် ချောင်အင်လိုင်း၏ သဘောတူညီမှုနှင့် အထက်စီးရပြီး ဆုံးဖြတ်ချက်ချနိုင်ခဲ့သည်။ ဖေဖော်ဝါရီ ဆုံးဖြတ်ချက်ကို မော်က ဆွဲဆုတ်ပစ်သည်။ ထို့နောက် သဘောထားကွဲလွဲသူ ပညာတတ်များ ၏ သဘောထားများကို ပယ်ဖျက်ရမည်ဟု ကြေညာသည်။ ပညာတတ်များနှင့် လူတန်းစားရန်သူများကို ကာကွယ်နေသူများမှာ ကွန်မြူနစ်ပါတီထဲမှ ခေါင်းဆောင်များဖြစ်သည်ဟု မော်က အလေးအနက် ပြောဆိုသည်။ ထိုခေါင်းဆောင်များသည် "အရင်းရှင်လမ်းကို လိုက်ကြပြီး အာဏာဆုပ်ကိုင်ထားသူများ ဖြစ်ကြသည်" ဟု သတ်မှတ်ကာ သူတို့အား စစ်ခင်းမည် ကြေညာသည်။ သူတို့ကို အရင်းရှင်လမ်း လိုက်သွားသူများဟု ခေါ်တွင်သည်။ အလွန်ကြီးမားသော ယဉ်ကျေးမှုတော်လှန်ရေး သည် တရားဝင် စတင်လေပြီ။

အရင်းရှင်လမ်းလိုက်သူတွေဟာ ဘယ်သူတွေလဲ။ ဘယ်သူတွေမှန်း သေသေချာချာ မော်မသိ။ ပီကင်းပါတီကော်မီတီ တစ်ခုလုံးကို အပြောင်းအလဲ သူ လုပ်ချင်သည်။ လုပ်ရမည်ကို သိသည်။ ထို့ကြောင့် အပြောင်းအလဲလုပ်သည်။ လျူရှောက်ချီနှင့် တိန့်ရှောင်ဖိန်၊ ပြီးတော့ ပါတီတွင်းမှာ ဌာနချုပ် လုပ်ထားသော ခနေရှင်ပေါက်စ အစုအဝေးကို သူဖြုတ်ထုတ်ရမည်ဟု သူနားလည်သည်။

သို့သော်လည်း ပါတီအဖွဲ့အစည်းကြီး တစ်ခုလုံးတွင် ဘယ်သူတွေက သူ့ကို သစ္စာရှိသလဲ။ ဘယ်သူတွေဟာ လျှုနှင့်တိန့်တို့၏ နောက်လိုက်တွေလဲ။ သူတို့ရဲ့ အရင်းရှင် လမ်းကြောင်းက ဘာလဲ။ သူ မသိ။ အဖွဲ့အစည်းကြီးတစ်ခုလုံးတွင် သုံးပုံတစ်ပုံကိုသာ သူ အုပ်စီးနိုင်သည်ဟု တွက်ချက်လို့ရသည်။ သူ၏ ရန်သူထဲက တစ်ယောက်မှ လွတ်ထွက်မပြေးနိုင်အောင် သူလုပ်ချင်သည်။ ထို့ကြောင့် ကွန်မြူနစ်ပါတီတစ်ခုလုံးကို ဖြုတ်ချလိုက်သည်။ သူ့အပေါ် သစ္စာရှိသူများ အုံကြွမှုကြီးမှ လွတ်မြောက်ရှင်သန် ကျန်ရစ်ခဲ့မည်။ ပါတီတစ်ခုလုံး ပျက်စီးသွားမည်ကို မော် မစိုးရိမ်။ ဧကရာဇ်မော်သည် ကွန်မြူနစ်မော်အပေါ် အမြဲတမ်း အသာစီးရခဲ့သည်မဟုတ်လား။ ထို့အတူ လူတွေ ညှဉ်းပန်းနှိပ်စက်ခံရသည့်အခါ သူ ဘယ်လိုခံစားရသလဲ။ မကြောက်ဘူးလား။ သမိုင်းထဲက သူနှစ်သက်သည့် သူရဲကောင်းတစ်ယောက်မှာ ဗိုလ်ချုပ်ကြီးဆိုးဆိုး ဖြစ်သည်။ ဗိုလ်ချုပ်ပြောသည့် စကားတစ်ခွန်းကို မော် နှစ်သက်ကြောင်း ဖွင့်ဟဖူးသည်။ ယင်းမှာ “ကောင်းကင်ဘုံအောက်က လူတွေအားလုံးကို ငါ ပြစ်မှားချင် ပြစ်မှားမယ်။ ငါ့ကိုတော့ ကောင်းကင်ဘုံအောက်က ဘယ်တစ်ယောက်ကမှ မပြစ်မှားရဘူး” ဟူ၍ ဖြစ်သည်။ သူ့ကို သစ္စာမစောင့်ဟု ထင်ပြီး အဘိုးအိုနှင့် အဘွားအို တစ်ယောက်ကို မှားယွင်းပြီး သတ်ခဲ့မိသည်ကို သိရသည့်အခါ ဗိုလ်ချုပ်က ထိုစကားပြောခြင်းဖြစ်သည်။ တကယ်တော့ သူတို့သည် ဗိုလ်ချုပ်၏ အသက် ကို ကယ်ခဲ့ဖူးသူများ ဖြစ်သည်။

ဘယ်ရန်သူကို မော် စစ်ကြေညာတာလဲ။ မှန်းဆ၍ မရနိုင်။ ပါတီခေါင်းဆောင်များနှင့် တိုင်းသူပြည်သားအားလုံးလိုလို စိတ်ထဲမှာ ဇဝေဇဝါဖြစ်မိကြသည်။ ဘယ်သူ့ကို ရည်ရွယ်ပြီး ညာသံပေးနေသလဲဆိုသည်ကို သိသူ အနည်းငယ် သာရှိသည်။ ယခုအချိန်မှာ ရန်သူဆိုသည် ဘယ်သူလဲ။ ဝါးတားတားသာ သိကြသည်။ အခြားပါတီခေါင်းဆောင်ကြီးများနည်းတူ ကျွန်မ အဖေနှင့် အမေတို့သည် မော်၏ ထိုးစစ်ကို နားလည်သည်။ မော်သည် ပါတီခေါင်းဆောင်အချို့ကို ပြစ်ဒဏ်ခတ်ချင်သည်။ သို့သော်လည်း ဘယ်သူဟူ၍ကား တိတိကျကျမသိ။ သူတို့ကိုယ်တိုင်လည်း ဖြစ်နိုင်သည်။ ငါ့ကိုများလား ဆိုသောစိတ် ဘယ်သူတွေကိုလဲဟူသော စိတ်တို့ဖြင့် ချောက်ချောက်ချားချား ဖြစ်နေကြသည်။

ထိုအတောအတွင်း မော်သည် အရေးကြီးသော တစ်ခုတည်းသော စည်းရုံး ရေးခြေလှမ်းတစ်ခု စ၍ လှမ်းသည်။ ပါတီအဖွဲ့အစည်းပြင်ပတွင် သူကိုယ်တိုင်ဦးစီး ကွပ်ကဲ အမိန့်ပေးသော အဖွဲ့တစ်ခု တည်ဆောက်သည်။ သူကမူ ထိုအဖွဲ့၏ အမိန့်များ သည် ပါတီလမ်းစဉ်အတိုင်း တည်စေခြင်းဖြစ်သည်ဟု မသိချင်ဟန်ဆောင်၍ နေသည်။ ထိုအဖွဲ့သည် နိုင်ငံရေးဦးဆောင်အဖွဲ့နှင့် ဗဟိုကော်မီတီအောက်တွင် ရှိသည်ဟု သူဆိုသည်။

ပထမမာရှယ်လင်ပြောင်ကို သူ့လက်ထောက်အဖြစ် ရွေးသည်။ လင်ပြောင် သည် ၁၉၅၉ တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် ပိန်တေဟွိုး ကို ဆက်ခံသူ၊ မော်၏

ပုဂ္ဂိုလ်ရေးကို ထိပ်တန်းတင်ကိုးကွယ်သူ ဖြစ်သည်။ ထို့နောက် အဖွဲ့သစ်တစ်ခုကို ဖွဲ့သည်။ သူ၏ ကိုယ်ရေးအရာရှိဟောင်း ချင်ပိုတာနှင့်အတူ ထောက်လှမ်းရေး အကြီးအကဲ ကန်ရှင်းနှင့် မဒမ်မော်တို့သည် ယဉ်ကျေးမှုတော်လှန်ရေးအာဏာပိုင် အဖွဲ့သစ် ၏ လက်ငင်းခေါင်းဆောင်များ ဖြစ်လာသည်။ ယင်းအဖွဲ့သည် ယဉ်ကျေးမှု တော်လှန်ရေး၏ အမြုတေဦးဆောင်အဖွဲ့ဖြစ်လာသည်။ နောက်ခြေလှမ်းမှာ လူထုဆက်သွယ်ရေးဖြစ်သည်။

ချင်ပိုတာသည် မေ၃၁တွင် ပြည်သူ့နေ့စဉ်သတင်းစာ၏ အာဏာကို သိမ်းပိုက်လိုက်သည်။ ယင်းမှ တစ်ဆင့် သန်းပေါင်းရာပေါင်းများစွာသော တရုတ်တစ်မျိုးသားလုံးကို မော်က ပြောကြားတော့မည်။

၁၉၆၆ ဇွန်မှ အစပြုကာ ပြည်သူ့နေ့စဉ်သည် စူးရှကျယ်လောင်သည့် ခေါင်းကြီးပိုင်းများကို တစ်ခုပြီးတစ်ခု ဆက်တိုက်ရေးသားကာ "ဥက္ကဋ္ဌကြီးမော်၏ အကြွင်းမဲ့အာဏာထူထောင်ရေး" နွားနှင့်တူသော၊ မြွေဆိုးနှင့်တူသော လူဆိုးများကို အမြစ်ကမကျန် ဖယ်ရှားသုတ်သင်ရေး (လူတန်းစားရန်သူများအဖြစ်) တစ်ဖန် မော်နှင့် မကြုံစဖူးထူးကဲသည့် ယဉ်ကျေးမှုတော်လှန်ရေး ခေါင်းဆောင်မှုနောက်သို့ လိုက်ကြရန် နှိုးဆော်တိုက်တွန်းလေသည်။

ကျွန်မတို့ ကျောင်းတွင် ဇွန်လမှစ၍ စာမသင်ရတော့ပေ။ ကျောင်းကို မူ မပျက်မကွက်တက်ရသည်။ ပြည်သူ့နေ့စဉ် ခေါင်းကြီးပိုင်းကို အသံချဲ့စက်ဖြင့် နေ့စဉ် ဖတ်ကြားသည်။ သတင်းစာပထမမျက်နှာတွင် မော်၏ ပုံခပ်ကြီးကြီးကို ဘောင်ခတ်၍ ဖော်ပြသည်။ မော်၏ အဆိုအမိန့်ကိုးကားချက်တို့ကို နေ့စဉ် သီးခြားကော်လံဖြင့် သတင်းစာတွင် ဖော်ပြသည်။ အတန်းထဲတွင် အခေါက်ခေါက်အခါခါ ဖတ်ရသဖြင့် ကျွန်မ ဦးနှောက်ထဲမှာ သံမှိုစွဲသလို စွဲနေသည်။ ဥပမာ "ဥက္ကဋ္ဌကြီး မော်သည် ကျွန်မတို့ နှလုံးသားထဲမှ နေဝန်းနီဖြစ်သည်" "မော်စီတုန်းအတွေးအခေါ်သည် ကျွန်ုပ်တို့၏ အသက်သွေးကြောဖြစ်သည်။" "မော်အား ဆန့်ကျင်သူတိုင်းကို ချေမှုန်းဖျက်ဆီးမည်။" "ကမ္ဘာတစ်ခွင်လုံးရှိ လူအပေါင်းသည် ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီး ဥက္ကဋ္ဌမော်ကို ချစ်မြတ်နိုးကြသည်။" တစ်ဖန် သတင်းစာတွင်နိုင်ငံခြားသတင်းစာများမှ မော်ကို ချီးကျူးသည့် ဆောင်းပါးများ၊ ဥရောပနိုင်ငံများတွင် မော်၏ ကျမ်းများကို တိုးဝှေ့ ဝယ်ယူနေသည့် လူအုပ်ကြီး၏ပုံများ စသည်တို့ကို နေ့စဉ်ဖော်ပြသည်။

နေ့စဉ်သတင်းစာဖတ်သည့် အလုပ်အစား ဥက္ကဋ္ဌ၏ ကိုးကားချက်များကို စာအုပ်နီလေးမှ ထုတ်နုတ်ရွတ်ဖတ်ရသည်။ လူတိုင်းကို စာအုပ်နီလေး တစ်အုပ်စီပေးသည်။ ယင်းကို "မိမိ၏မျက်စိမျက်ဆန်" သဖွယ် ယုယမြတ်နိုးရမည်ဟု ကျွန်မတို့အား ပြောကြားထားသည်။ နေ့စဉ် ကိုးကားချက်များကို တစ်ပြိုင်နက်တည်း ရွတ်ဆိုရသည်။ ကျွန်မဆိုလျှင် တစ်လုံးချင်းအလွတ်ရနေသည်။

တစ်နေ့တွင် ပြည်သူ့နေ့စဉ်၌ သတင်းတစ်ပုဒ်ဖတ်ရသည်။ သတင်းမှာ

လယ်သမားအဘိုးကြီး တစ်ယောက်သည် သူ့အိမ်ခန်းနံရံများတွင် မော်၏ ခေတ်ပုံ သုံးဆယ့်နှစ်ပုံ ကပ်ထားသည်။ သူအိပ်ရာမှ နိုးလျှင်နိုးခြင်း ဘယ်နေရာကြည့်ကြည့် မော်၏ မျက်နှာကို မြင်နိုင်ရန်ဖြစ်သည်။ သို့ဖြစ်ရာ ကျွန်မတို့လည်း စာသင်ခန်းတိုင်း၏ နံရံများတွင် ပြုံးနေသော မော်၏ မျက်နှာပြည့်ရုပ်ပုံများ ကပ်ထားကြသည်။ သို့သော် လည်း ယင်းတို့ကို ချက်ချင်းပင် နံရံများမှ အမြန် ဖြုတ်ချလိုက်ရသည်။ အကြောင်းမှာ မော်၏ရုပ်ပုံများကို အကောင်းဆုံးစက္ကူများဖြင့် ရိုက်နှိပ်ထားပြီး အခမဲ့ဝေငှသည်ဖြစ်ရာ လယ်သမားအဘိုးအိုသည် ယင်းပုံများကို နံရံကပ်စက္ကူအဖြစ် အသုံးပြုခြင်း ဖြစ်သည်ဟု ဆိုသည်။ ထိုသတင်းကို ဖော်ပြသူသတင်းထောက်သည် လူတန်းစား ရန်သူ စာရင်းဝင်ဖြစ်သွားသည်။ သူက မော်၏ရုပ်ပုံကို အလွဲသုံးစားလုပ်သည့် အကြောင်း ဖော်ပြခဲ့သည် မဟုတ်လား။ ထိုအခါမှစ၍ ကျွန်မ၏ အတွင်းစိတ်တွင် ပထမဆုံးအကြိမ် မော်ကို ကြောက်ရွံ့သည့်အာရုံ စွဲထင်လာသည်။

ကျွန်မတို့ကျောင်း၏ လုပ်ငန်းအဖွဲ့သည် ကျောင်းမှ အကောင်းဆုံး ဆရာများကို ဖောက်ပြန်သော ဓနရှင်ပေါက်စ အာဏာပိုင်များစာရင်းတွင် စိတ်မပါ့တပါ ထည့်သွင်းပြုစုထားသည်။ သို့သော်လည်း ထိုနာမည်စာရင်းကိုမူ ကျောင်းသားများအား အသိမပေး။ ၁၉၆၆ ဇွန်တွင်ကား ယဉ်ကျေးမှုတော်လှန်ရေး ဒီရေသည် မြင့်တက် လာသည်။ ဤတွင် အထိတ်တလန့်ဖြစ်ပြီး တရားခံ အချို့ကို ဖန်တီးဖော်ပြရန် လိုသည် ဟု သဘောရလာကြသည်။ သို့နှင့် လုပ်ငန်းအဖွဲ့သည် ဓနရှင်ပေါက်စ ဖောက်ပြန်ရေး ဆရာများနာမည်ကို တစ်ကျောင်းလုံးသို့ ထုတ်ပြန်ကြေညာလိုက်သည်။

ကင်းကင်းလွတ်လွတ် ကျန်ရှိနေသည့် ကျောင်းသားများနှင့် ဆရာများကို ရှုတ်ချရေးပိုစတာများ ကြွေးကြော်သံများ အရေးခိုင်းသည်။ ချက်ချင်းပင် ပိုစတာနှင့် ကြွေးကြော်သံများ ကျောင်းမြေအနှံ့ လွှမ်းမိုးလာသည်။ ဆရာအများအပြား ပါဝင် လှုပ်ရှားလာသည်။ အရင်းခံအကြောင်းမှာ ကြောက်ရွံ့စိတ် ဖြစ်သည်။ ပါတီအမိန့်ကို သစ္စာထားသည်။ ညီညွတ်စွာလုပ်ချင်ကြသည်။ အခွင့်အရေးရ အခြားဆရာများကို မနာလိုစိတ်ဖြစ်လာကြသည်။ ဤသည်ပင် ပါဝင်ရသည့် အကြောင်းရင်းများဖြစ်သည်။

စွပ်စွဲခံရသူများတွင် ကျွန်မအား တရုတ်ဘာသာစကားနှင့် စာပေသင်ပြသူ ဆရာမစွတာချီ ပါသည်။ သူ့ကို ကျွန်မ ရိုသေချစ်ခင်သည်။ နံရံကပ်ပို့ စတာတစ်ခု အလိုအရ ၁၉၆၀ လွန်နှစ်များတွင် မစ္စတာချီက “ခုန်ပျံကျော်လွှားရေးကြီး အောင်မြင်ပါစေ” ဟု ကြွေးကြော်ခြင်းအားဖြင့် “ကျွန်တော်တို့ ဗိုက်များ ဝလာမည်လား ဘယ်လိုလဲ” ဟူ၍ ပြောဆိုခဲ့ကြောင်း သိရသည်။ ခုန်ပျံကျော်လွှားရေးကြီးကြောင့် အငတ်ဘေး ဆိုက်ခဲ့သည်ကို ကျွန်မ နားမလည်ရကား သူ၏ မှတ်ချက်ကို ကျွန်မ နားမလည်။

မစ္စတာချီ ဒုက္ခရောက်ရသည်မှာ အကြောင်းရှိသည်။ ထိုအချိန်က ဆရာ့ကို

လက်ညှိုးထိုးပြီး ကျွန်မ မစွပ်စွဲခဲ့ပါ။ ယခုမူ ဆရာနှင့် ပတ်သက်၍ ကြမ္မာ၏ အရွဲ့တိုက်ချက်တစ်ခုကို ကျွန်မ ရေးရေးမြင်ယောင်လို့ ရလာသည်။ ဆရာသည် ချောင်းခြောက်ဆိုးတတ်သည်။ ရယ်တစ်ဝက် လုပ်တတ်သည်။ ရယ်တာလား ချောင်းဆိုး တာလား ခွဲခြား၍မရ။ ခပ်ထွေ့ထွေ့ ခပ်ငေါ့ငေါ့ ရယ်ပုံနှင့် လည်းတူသည်။ ထိုရယ်သံ နောက်တွင် သူမ ပြောခဲ့သည့် ဖြစ်ရပ်တစ်ခု ရှိနေသည်။ တစ်ချိန်က သူ့ကို ကျွန်မ စူးစမ်းသည့် အမေးတစ်ခုထုတ်သည့် အခါ ထိုချောင်းကပ်ရယ်သံမျိုး သူလုပ်ခဲ့ဖူးသည်။ သူသည် အတန်းထဲတွင် ခရီးရှည်ချီတက်ပွဲအကြောင်း ပြောပြတတ်သည်။ ထိုအချိန်က ဗဟိုပြည်သူ့ ဆက်ဆံရေးဌာနကြီးမှူး လုတင်ရီ၏ ခရီးရှည်ချီတက် ပွဲအတွေ့အကြုံ တစ်ခုသည် ကျွန်မတို့ ကျောင်းသင်ခန်းစာထဲတွင် ပါလာသည်။ မစ္စတာချီသည် ခရီးရှည်ချီတက်ပွဲကို ကွက်ကွက်ကွင်းကွင်းပေါ်အောင် ရှင်းလင်း သင်ကြားတတ်သည်။ တပ်များသည် တစ်ဆစ်ချိုးအကွေ့များသည့် တောင်တန်းများအတိုင်း ချီတက်ကြသည်။ လရောင်မရှိသော မှောင်မိုက်သည့်ညတွင် ထင်းရှူးဆီမီး တုတ်များကိုင်ကာ လမ်းရှာကြသည်။ ညတွင် ရပ်နားမည့်စခန်းသို့ ရောက်လျှင် ရောက်ချင်း ရဲဘော် တပ်သားအားလုံး ထမင်းနှင့်ဟင်းတစ်ပန်းကန်လုံး ကုန်း၍ လွေးကြသည်ဟု သိရသည်။ ကျွန်မ ဘဝင်မကျ။ တပ်နီတော်စစ်သည်တို့သည် ရဲဘော်များကို ဦးစွာ ကျွေးမွေးပြီးမှ သူတို့ကိုယ်တိုင် အငတ်ခံသည်ဟု ကျွန်မတို့ သိရဖူးသည်။ ဖတ်ရှုရဖူးသည်။ သူတို့တတွေ ထမင်းကို ကုန်းပြီး လွေးကြသည် ဆိုသည် ကျွန်မနားမလည်။ ထိုအကြောင်း မစ္စတာချီကို မေးကြည့်ဖူးသည်။ သူက ချောင်းကပ်ဆိုးကာ ရယ်ပြီး အဖြေပေးသည်။ အလွန်အမင်း ထမင်းဆာသည်၊ အလွန်ထမင်းငတ်သည် ဆိုသည် ကို ကျွန်မ နားလည်ဟန် မတူ ဟူ၍သာ အဖြေပေးပြီး စကားပြောင်းပစ်သည်။ ကျွန်မ သဘောမပေါက် နိုင်ခဲ့ပါ။

သို့တိုင်အောင် မစ္စတာချီကို ကျွန်မ အလေးစားမပျက်ခဲ့။ ကျွန်မ ချစ်သော လေးစားသောဆရာများ နာမည်ဆိုးဖြင့် အစွပ်စွဲခံရသည့်အခါ စိတ်မကောင်းပါ။

စိတ်မချမ်းမြေ့ဖြစ်ရသည်။ လုပ်ငန်းအဖွဲ့က ပိုစတာများ ရေးရန် ပြောသည့်အခါ ကျွန်မ ထိုအလုပ်ကို ရှုံ့မုန်းမိသည်။

ထိုအချိန်က ကျွန်မမှာ ဆယ့်လေးနှစ်သမီးအရွယ်ဖြစ်သည်။ တက်ကြွသည့် အလုပ်တွေ လုပ်ချင်စိတ်မရှိ။ ဘာရေးရမည်မသိ။ “ဘယ်ခွေးကောင်ရဲ့ ခေါင်းကို ရိုက်ခွဲ” “ဒူးမထောက်လျှင် မည်သည့် ဖောက်ပြန်ရေးသမားကို အပြီးတိုင် ချေမှုန်းကြ” စသည့် ကြွေးကြော်သံများကို ကြောက်လန့်လာသည်။ ကျောင်းပြေးကာ အိမ်မှာ ခိုနေသည်။ ယင်းကြောင့် ကျောင်းသူဘဝတစ်လျှောက်လုံး အစည်းအဝေးများတွင် “မိသားစုကို ပထမအရေးပေးသူ” အဖြစ် ဝေဖန်ခံခဲ့ရသည်။ ထိုအစည်းအဝေးများကို ကျွန်မ ကြောက်သည်။ မမျှော်မှန်းနိုင်သည့် ဘေးအန္တရာယ်တစ်ခုက ကျွန်မကို ခြောက်လှန့်နေသည်။

တစ်နေ့တွင် ဒုတိယကျောင်းအုပ် မစ္စတာကန်တစ်ယောက် အရင်းရှင်

လမ်းလျှောက်သူ အစွပ်စွဲခံဆရာများကို ကာကွယ်သူအဖြစ် ဝေဖန်ခံရသည်။ ကျောင်းတွင် သူ လုပ်ခဲ့သမျှ အားလုံး အရင်းရှင်ဆန်သည်ဟု ဝေဖန်ကြသည်။ မော်၏ ကျမ်းများကို လေ့လာရာမှာပင် ကျောင်းစာကို များများဖတ်ပြီး မော်၏ စာများကို နည်းနည်း ဖတ်သည်ဟု စွပ်စွဲသည်။ သူသည် ပျော်ပျော်နေတတ်သူ တက်တက်ကြွကြွ ခေါင်းဆောင်တတ်သူ ဖြစ်သည်။

ကျောင်းတွင် ပျော်ပျော်နေတတ်သူတစ်ယောက် ရှိသေးသည်။ သူသည် ကျောင်းကွန်မြူနစ် လူငယ်အဖွဲ့၏ အတွင်းရေးမှူး မစ္စတာရှန်ဖြစ်သည်။ သူ့ကို "မော်ဆန့်ကျင်သူ" ဟု စွပ်စွဲသည်။ သူသည် ဖျတ်လတ်သည့် ဆရာလေးတစ်ယောက်ဖြစ်သည်။ ကျွန်မ အသက်ဆယ့်ငါးနှစ်ရှိသည့်အခါ လူငယ်အဖွဲ့သို့ ဝင်ခွင့်လျှောက်ရာ၌ ကူညီနိုင်မည့်သူအဖြစ် သူ့ကို စွဲလမ်းနှစ်သက်စိတ် ဖြစ်ပေါ်ခဲ့ဖူးသည်။

မစ္စတာရှန်သည် ကျောင်းတွင် ဆယ့်ခြောက်နှစ်မှဆယ့်ရှစ်နှစ်အရွယ် ကျောင်းသားများအား မတ်ဝါဒကို သင်ကြားသည်။ အက်ဆေးများ အရေးခိုင်းသည်။ အက်ဆေးကောင်းများဟု သူယူဆသည့် စာများမှ ကောက်နုတ်ချက် အချို့ကို မျဉ်းသားပေးကာ လေ့လာစေသည်။ ယခုမူ အပိုင်းပိုင်းအစစ ကွဲပြားနေသော ပုဂ္ဂိုလ် အမျိုးမျိုးရေးသည့် ထိုစာများကို တပည့်များက စုစည်းပြီး တစ်ခုနှင့်တစ်ခု ပေါင်းစပ်၍ ပေးလိုက်သည်တွင် အက်ဆေးတစ်ပုဒ်ဖြစ်လာသည်။ ထိုအက်ဆေးသည် အဓိပ္ပာယ် အလွဲလွဲအချော်ချော် ဖြစ်ကာ မော်ကို ဆန့်ကျင်သည့် စာတစ်ပုဒ်ဖြစ်လာသည်။ နံရံကပ် ပိုစတာများတွင် ထိုအကြောင်း များပါရှိသည်။ ဤနည်းမှာ ၁၉၅၅ က စတင် စမ်းသပ်ခဲ့သည့် နည်းဖြစ်ကြောင်း နောင်အခါ ကျွန်မ သိရသည်။ စွဲချက်တင်ရာတွင်အသုံးပြုသည့် နည်းတစ်ခု ဖြစ်သည်။ အဆက်အစပ်မရှိသည့် စာပိုဒ်များကို ပေါင်းစပ် ရောမွှေကာ စာတစ်ပုဒ်ဖြစ်အောင်လုပ်သည့် ထိုနည်းကို အမေတို့ခေတ်က အလူး အလဲခံခဲ့ကြရသည်။ ၁၉၅၅ လောက်တွင် ကွန်မြူနစ်များလက်အောက်၌ အမေ အကျဉ်းကျခံခဲ့ရဖူးသည်။ ထိုအချိန်တွင် စာရေးဆရာအချို့သည် အခြားစာရေးဆရာများကို ကွန်မြူနစ်ဆန့်ကျင်ရေးသမားများအဖြစ် စွဲချက်တင်ရာ၌ ဤနည်းကို အသုံးပြုခဲ့ကြသည်။

နောင်အခါ မစ္စတာရှန်က ကျွန်မကို ဇာတ်ကြောင်းပြန်၍ ပြောပြဖူးသည်။ ထိုအချိန်က ဒုတိယကျောင်းအုပ်နှင့် မစ္စတာရှန်တို့သည် တခြားလုပ်ငန်း အဖွဲ့တစ်ခုနှင့် အဝေးသို့ ရောက်နေသည်။ ဤတွင် ကျောင်းအုပ်က သူတို့ကို စွပ်စွဲခြင်းဖြစ်သည်။ "တို့သာ ကျောင်းမှာကျန်ခဲ့ပြီး အဲဒီခွေးမျိုး တစ်နေရာရောက်နေရင် သူအဲဒီလို ကိုယ့်ဖင် ကိုယ်သေးနဲ့ပန်းရဲမှာ မဟုတ်ဘူး" ဟု မစ္စတာရှန်က နာနာကျည်းကျည်း ပြောပြခဲ့သည်။

ဒုတိယကျောင်းအုပ် မစ္စတာကန်သည် ပါတီအကျိုးလိုလားသူဖြစ်သည်။ ယခုမူ သူ့မှာ မတရားစွပ်စွဲခံရသည်ဟု ခံစားမိသည်။ တစ်ညနေတွင်

ကိုယ့်ကိုယ်ကိုယ် သတ်သေသည့် စာတစ်စောင်ရေးခဲ့ပြီး လည်ပင်းကို သင်တုန်းဓားဖြင့် လှီးကာ သတ်၍သေသည်။ ထိုနေ့က သူ့မိန်းမမှာ အိမ်သို့စောစောပြန် ရောက်နေသဖြင့် သူ့ယောက်ျားကို ဆေးရုံသို့ အမြန်ပို့သည်။ လုပ်ငန်းအဖွဲ့သည် မစ္စတာကန် သတ်သေသည့် ဖြစ်ရပ်ကို ဖုံးထားသည်။ မစ္စတာကန်လို ပါတီဝင်တစ်ယောက်အဖို့ ကိုယ့်ကိုယ် ကိုယ် သေကြောင်းကြံသည်မှာ ပါတီကို သစ္စာဖောက်ခြင်းဟု သဘောထားသည်။ ပါတီအပေါ် ယုံကြည်မှုနည်းပါးပြီး ပါတီဂုဏ်ပျက်ဖွယ်ကိစ္စကို တမင်ဖော်ထုတ်ခြင်းဟု ယူဆစရာရှိသည်။ သို့ဖြစ်ရာ ထိုပုဂ္ဂိုလ်မျိုးကို ပါတီက သနားစရာမလို။ သို့သော်လည်း လုပ်ငန်းအဖွဲ့သည် သွေးလေချောက်ချားလာသည်။ တကယ်မှန်ကန်သည်ဟု မပြောနိုင်ဘဲ လုပ်ကြံစွပ်စွဲချက် တင်ကာ တရားခံရှာသည့်အဖြစ်ကို သူတို့သိသည်။

ထိုအကြောင်း အမေသိသည့်အခါ ငိုသည်။ မစ္စတာကန်ကို အမေ အလွန် နှစ်သက်သည်။ သူသည် စိတ်ကောင်းရှိသူ အကောင်းမြင်တတ်သူ ဖြစ်သည်ကို အမေ သိသည်။ လူမဆန်ဘဲ မတရားနှိပ်စက်ခံရခြင်း ဖြစ်သည်ဟု အမေ နားလည်သည်။

သူ့ကျောင်းတွင် ထိုသို့မတရားနှိပ်စက်သည့် အဖြစ်မျိုးထဲ မပါရန် အမေ ရှောင်သည်။ သို့သော်လည်း ကျောင်းတွင် ဆယ်ကျော်သက်ကလေးများသည် ပြည်သူ့ နေ့စဉ်ကို ဖတ်ကာ ရိုးတိုးရွတွ ဖြစ်လာကြသည်။ ထို့နောက် သူတို့ဆရာများကို ဆန့်ကျင်ပြောဆို လာကြသည်။ ပြည်သူ့နေ့စဉ်က (မော်ကို ကိုးကားလျက်) ကျောင်းသားများအား ရန်သူလို သဘောထား နှိပ်စက်သည့် စာမေးပွဲစနစ်ကို ရိုက်ချိုး ရမည်ဟု လှုံ့ဆော်သည်။ ဤသည်မှာ ဓနရှင်ပေါက်စတို့၏ ယုတ်မာသော အကြံအစည် ဖြစ်သည်ဟူ၍လည်း ဆိုသည်။ ဓနရှင်ပေါက်စဟူသည် (မော်ကို ကိုးကား လျက်) ကျောင်းဆရာအများစုဖြစ်သည်ဟု ညွှန်သည်။ တစ်ဖန်ဓနရှင်ပေါက်စများ သည် ကူမင်တန်ပြန်လည်စိုးမိုးရေးကို ရည်ရွယ်ပြီး လူငယ်များကို အဆိပ်ပင် ရေလောင်းလုပ်နေကြသည်ဟူလည်း စွပ်စွဲချက်များတင်သည်။ မော်က "ငါတို့ရဲ့ စာသင် ကျောင်းတွေမှာ ဓနရှင်ပေါက်စတွေ အကြီးစိုးမခံနိုင်ဘူး" ဟု လှုံ့ဆော်ကြွေးကြော်သည်။

တစ်နေ့တွင် အမေသည် ဘိုင်စကယ်စီးကာ ကျောင်းသို့ရောက်သွားသည်။ ကျောင်းသားများဦးစီးကာ ကျောင်းအုပ်၊ ပညာရေးမှူးနှင့် အဆင့်ရပြီး ဆရာများ ပြီးတော့ သူတို့မနှစ်သက်သည့် ဆရာများအားလုံးကို သိမ်းကျုံးဖမ်းဆီးလာပြီး အခန်းတစ်ခုထဲမှာ တံခါးပိတ်ထည့်ထားသည်။ သတင်းစာများက ဖောက်ပြန်သော ဓနရှင် ပေါက်စ အာဏာပိုင်များဟု သူတို့ကို နာမည်ပေးသည်။ သူတို့ကိုထည့်ထားသည့် အခန်းတံခါးထိပ်တွင် "မကောင်းဆိုးဝါး" များဟု စာတန်းချိတ်ဆွဲထားသည်။ ယဉ်ကျေးမှုတော်လှန်ရေးက ကျောင်းသားများအား စိတ်ထားပြောင်းသွားအောင် လုပ်နိုင်ခဲ့သဖြင့် ဆရာများအကျဉ်းချခံရခြင်းဖြစ်သည်။

ယခုအခါ ကျောင်းသားများမှာ "အာဏာပိုင်များလိုလို" ဖြစ်လာသည်။ သည်လိုလည်း အတိအကျမပြောနိုင်။ သို့သော်လည်း တကယ်က သည်အတိုင်း ဖြစ်နေသည်။ ကျောင်းဝိုင်းထဲတွင် ပြည်သူ့နေ့စဉ်မှာပါသည့် ကြွေးကြော်သံများကို မြေစိုက်ပိုစတာများအဖြစ် စိုက်ထူးထားကြသည်။

အကျဉ်းခန်းကို အမေ့အား ပြသသည်။ သူ့ဘေးမှာ ကျောင်းသားများ ဝိုင်းနေသည်။ တချို့မှာ စူးစူးရဲရဲနှင့် ကြမ်းတမ်းခက်ထန်နေသည်။ အချို့ကား ရှက်နေသည်။ အချို့မှာ စိုးရိမ်စိတ်လွှမ်းနေသည်။ ကျန်အချို့မှာ ဘာမှ မရေရာမသေချာ သော စိတ်ထားရှိသူများဖြစ်သည်။ အမေရောက်သွားလျှင် သူ့နောက်သို့ ကျောင်းသားများ လိုက်လာကြသည်။ သူသည် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်ဖြစ်ရာ အာဏာအပြည့် ရှိသူဖြစ်သည်။ သူ့စကားသည် ပါတီ၏ စကား ဖြစ်သည်။ သို့ဖြစ်ရာသူ့ဆီက အမိန့် နာခံရန် ကျောင်းသားများ စောင့်ဆိုင်းနေကြသည်။ အကျဉ်းထောင်တော့ ထူထောင် ပြီးပြီ။ ဘာဆက်လုပ်ရမလဲ။

အမေက "မကောင်းဆိုးရွား" အခန်းကို ဖွင့်ကာ အကျဉ်းခံရသူများကို လွှတ်ရမည်ဟု အမိန့်တစ်ခု ပြင်းပြင်းထန်ထန် ထုတ်သည်။ ကျောင်းသားများအကြား လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ သို့သော်လည်း သူ့အမိန့်ကို မည်သူမျှ မလွန်ဆန်ရဲ။ ယောကျ်ားလေးအချို့ အချင်းချင်း ပြောဆိုဆွေးနွေးကြသည်။ သို့သော်လည်း အမေက ဘာပြောချင်သလဲ ပြောချင်တာရှိလျှင် ပြောကြဟု တောင်းဆိုသည့်အခါ အားလုံး ငြိမ်သွားသည်။ အမေက ယခုကဲ့သို့ အကျဉ်းချရန် ဘယ်သူ့အမိန့်ရှိသလဲ။ အမိန့်မပါ လျှင် တရားမဝင်။ တစ်ဖန်ရိုသေလေးစားရမည့် ကျေးဇူးတရားသိတတ်ရမည့် ဆရာသမားများကို ယခုလို မတော်မတရား လုပ်ခြင်းသည် မကောင်း။ မလုပ်ရဟု ပြောသည်။ သို့ဖြစ်ရာ တံခါးကို ဖွင့်ပြီး အကျဉ်းခံဆရာများကို လွှတ်ပေးလိုက်သည်။

အမေသည် တက်လာသည့် ဒီရေကို ဆန့်ကျင်ရဲသည်မှာ အတော်လေး သတ္တိကောင်းသူဖြစ်နေသည်။ အခြားလုပ်ငန်းအဖွဲ့များသည် အပြစ်မဲ့သူများကို မတရား ဖမ်းဆီးနှိပ်စက်ကြသည်။ သူ့တို့သည် ကိုယ့်ဘေးကိုရှောင် ကြသူများဖြစ်သည်။ တကယ်တော့ သူ့မှာ အကြောင်းရှိသည်။ ပြည်နယ်အာဏာပိုင်များ သည် ခေးစာခံအများအပြားကို ဖမ်းဆီးနှိပ်စက်ပြီးပြီ။ ကျွန်မ အဖေသည် တရားခံထဲတွင် ပါနိုင်သည့် အလားအလာရှိနေသည်။ နောက်တစ်ဆင့်တက်လျှင် အဖေတရားခံဖြစ် တော့မည်။ အပေါင်းအသင်းအချို့က သူ့ကို တိုးတိုးကြိတ်ကြိတ် သတိပေးပြီး ဖြစ်သည်။ မကြာမီ သူ့ကို စွဲချက်တင်ကြတော့မည်။

ကျွန်မ မိဘများသည် ကျွန်မနှင့်မွေးချင်းတို့အား ဘာတစ်ခွန်းမျှ မပြော။ နိုင်ငံရေးနှင့်ပတ်သက်လျှင် အရင်ကတည်းက စောင့်စည်းထိန်းချုပ်ခဲ့သည့် အစဉ် အလာကို ယခုတိုင် ကျင့်သုံးလျက်ရှိသည်။ သို့ဖြစ်ရာ သူတို့စိတ်ထားကို ကျွန်မတို့

မသိရ။ ယခုမူ ဘာမျှပြောစရာမလိုတော့သည့် အခြေအနေသို့ ရောက်နေသည် မဟုတ်လား။ အခြေအနေမှာ ရှုပ်ထွေးသည်။ သူတို့ ကိုယ်တိုင်နားမလည်တာတွေ ရှိသည်။ သို့ဖြစ်ရာ ကျွန်မတို့ကို ဘယ်လိုပြောရမည်လဲ သူတို့မသိ။ ပြီးတော့ ပြောတော့ရော ဘာအကျိုးထူးသလဲ။ မည်သူမည်သည့် ပုဂ္ဂိုလ်မှ မတတ်နိုင်သည့် ကိစ္စမျိုးဖြစ်သည်။ ပို၍ဆိုးသည်မှာ များများသိလေ များများ အန္တရာယ်ရှိလေဖြစ်သည်။ သို့ဖြစ်ရာ ကျွန်မနှင့်တကွ မောင်နှမတစ်စုမှာ ယဉ်ကျေးမှုတော်လှန်ရေးအတွက် ဘာတစ်ခုမျှ ပြင်ဆင်မှုမရှိခဲ့ပေ။ ဘေးအန္တရာယ်တစ်ခုခုကား ရုတ်တရက် ကျရောက်လာတော့ မည်ဟု ကျွန်မတို့ ရေးရေးသိနေသည်။

ထိုအခြေအနေနှင့်အတူ ဩဂုတ်လရောက်လာသည်။ ရုတ်တရက်ချက်ချင်းပင် တရုတ်တစ်နိုင်ငံလုံးကို မုန်တိုင်းကြီးတစ်ခု တိုက်ခတ်မွှေနှောက်သည့် အလား သန်းပေါင်းများစွာသော တပ်နီလူငယ်များ ပေါ်ပေါက်လာခဲ့လေသည်။

****

[၁၆]

ကောင်းကင်ဆီပျံတက်၊ မြေကြီးထဲ ထွင်းဖောက်

မော်၏ တပ်နီလူငယ်များ

(ဇွန်-ဩဂုတ် ၁၉၆၆)

မော်လက်ထက်တွင် ဆယ်ကျော်သက် မျိုးဆက်တစ်ခုသည် လူတန်းစားရန်သူကို တိုက်မည်ဟူသော မျှော်လင့်ချက်ဖြင့် ပေါ်ပေါက်ကြီးထွားလာခဲ့သည်။ တစ်ဖန် သတင်းစာများတွင် ဖတ်ရသည့် ယဉ်ကျေးမှုတော်လှန်ရေးတစ်ခုလို အပ်လာပြီ ဟူသော စစ်ခေါ်သံက သူတို့ကို သွေးထိုးမောင်းတင် ပေးလေရာ "တိုက်ပွဲ" တစ်ခု မလွဲမသွေ ဖြစ်ပေါ်တော့မည်ဟူ၍ နိုးနိုးကြားကြား မျှော်လင့်နေကြသည်။ လူငယ် အချို့မှာ နိုင်ငံရေးအသိရှိသူများဖြစ်ရာ သူတို့မြတ်နိုး ကြည်ညိုသည့် မော်သည် ထိုတိုက်ပွဲတွင် တိုက်ရိုက်ပါဝင် ပတ်သက်နေသည်။ ပြီးတော့ သူတို့ခေါင်းထဲတွင် သံမှိုလိုစွဲနေသည့် နိုင်ငံရေးသဘောတရားက သူတို့အဖို့ အခြားရွေးစရာလမ်းမရှိ။ မော်၏ ဘက်က ရပ်ကြရမည်ဟူသော လမ်းသာရှိသည်ဟု ပြတ်ပြတ်သားသား ခံယူကြသည်။ ဇွန်လဆန်းတွင် နာမည်ကြီး ပီကင်းကျင်ဟွာတက္ကသိုလ်နှင့် တွဲထားသည့် အလယ်တန်းမှ ကျောင်းသားများ စတင်လှုပ်ရှားသည်။ သူတို့ချင်း အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးကြပြီး လာမည့် တိုက်ပွဲအတွက် မဟာဗျူဟာများချမှတ်ကာ သူတို့ ကိုယ်သူတို့ ဥက္ကဋ္ဌမော်၏ တပ်နီလူငယ်များဟု ကင်ပွန်းတပ်လိုက်ကြသည်။ တစ်ဖန်ပြည်သူ့နေစဉ်တွင် ပါသည့် မော်၏ "တော်လှန်ရေးသည် တရားသည်" ဟူသော ကြွေးကြော်သံကို သူတို့၏ ဆောင်ပုဒ်အဖြစ် သက်မှတ်သည်။

ဤစောစောပိုင်း တပ်နီလူငယ်များသည် ကွန်မြူနစ်ခေါင်းဆောင်ကြီး များ၏ သားသမီးများဖြစ်သည်။ သူတို့စိတ်တွင် ယခုလို နိုင်ငံရေးလှုပ်ရှားမှုမျိုးတွင် ပါဝင်လှုပ်ရှားနေမှ သူတို့အဖို့ ပြည့်ပြည့်ဝဝလုံခြုံမှုရှိသည်ဟု ယုံမှတ်နေကြသည်။ တစ်ဖန်သူတို့အားလုံးလိုလိုသည် နိုင်ငံရေးလောကတစ်ခုတွင် ကြီးပြင်းလာကြ သူများဖြစ်ရာ အခြားတရုတ်လူမျိုးများထက် သူတို့က နိုင်ငံရေး စက်ပုန်းခုတ်ပွဲများကို ပို၍ စိတ်ဝင်စားသည်။ ယင်းကို မဒမ်မော်သတိထားမိပြီး ဇူလိုင်လထဲတွင် သူတို့အား လက်ခံတွေ့ဆုံသည်။ ဩဂုတ် ၁ တွင် မော်သည် ထူးထူးခြားခြား အမှုတစ်ခုကို ပြုသည်။ ယင်းမှာ ထိုလူငယ်များထံ အိတ်ဖွင့်ပေးစာတစ်စောင်ရေးပြီး သူတို့အား နွေးထွေးစွာ ကြိုဆိုကြောင်း ထက်ထက်သန်သန် ထောက်ခံကြောင်းနှင့် သူ၏ သဘောထားကို ဖွင့်ဟလိုက်သည်။ ထိုအိတ်ဖွင့်ပေးစာတွင် စောစောက သူ၏ ကြွေးကြော်သံကို "ဖောက်ပြန်ရေးသမားများအား တော်လှန်ခြင်းသည် တရားသည်" ဟူ၍

သိမ်သိမ်မွေ့မွေ့ ပြုပြင်ပေးလိုက်သည်။ ဆယ်ကျော်သက် အရွေးအမူးစိတ်အား ထက်သန်နေသူတို့ အဖို့ ထိုစကားသည် ဘုရားဟောသည့် စကားလောက် လေးနက်သွားသည်။ ထိုသည့် နောက်တွင်ကား ပီကင်းမြို့တွင် တပ်နီလူငယ်များ အလျှိုလျှိုပေါ် ပေါက်လာသည်။ ထိုနောက် တပ်နီလူငယ်အဖွဲ့များ တရုတ်တစ်နိုင်ငံလုံးအနှံ့အပြား ပေါ်ပေါက်ခဲ့လေသည်။

ထိုလူငယ်များအား မော်က သူ၏ ယဉ်ကျေးမှုတော်လှန်ရေး ထိုးစစ်တွင် ရှေ့တန်းတင်၍ တိုက်လိုသည်။ အရင်းရှင်လမ်းကြောင်းလျှောက်သူများကို ဆန့်ကျင်တိုက်ဖျက်ရန် သူ အကြိမ်ကြိမ် နှိုးဆော်ခဲ့သည်။ ပြည်သူတို့ထံမှ တုံ့ပြန်မှုကိုမရ။ ကွန်မျူနစ်ပါတီ၏ အရှိန်အဝါဩဇာအဝန်းအဝိုင်းသည် အတော်လေး ကျယ်ပြန့်သည်။ ထို့ပြင် ၁၉၅၇ အတွေ့အကြုံမှာ ပြည်သူတို့နှလုံးသားတွင် လန်းဆန်းနေဆဲ ဖြစ်သည်။ သို့တိုင်အောင် မော်က ပါတီခေါင်းဆောင်များအား ဝေဖန်ရှုတ်ချရန် တောင်းဆိုနေသည်။ သို့သော်လည်း သူ့လမ်းစဉ်ကို လိုက်သူတို့မှာ နောက်ဆုံးတွင် လကျ်ာသမား များအဖြစ် ဝေဖန်ရှုတ်ချခံရသည်။ ပါတီမှ ထုတ်ပယ်ခံရသည်။ ထိုဖြစ်ရပ်များကို မမေ့နိုင်သည့် ပြည်သူတို့သည် ယခု တစ်ကြိမ်တွင်လည်း ယခင်ကပရိယာယ်မျိုးလာ ပြန်ပြီလားဟု သံသယရှိလာသည်။ မြွေဟောက်ကို ပခြုပ်ထဲမှ ခေါင်းပြူ ထွက်လာအောင် မြှူဆွယ်ခေါ်ထုတ်ပြီးမှ ခေါင်းဖြတ်သတ်တော့မည်လားဟု သံသယများ ဝင်လာသည်။

လူထုပါလာအောင် လုပ်လိုလျှင် ပါတီ၏ ဩဇာကိုချိုးဖျက်ရမည်၊ ပြီးတော့ သူ့ကို အကြွင်းမဲ့ သစ္စာရှိအောင် ထူထောင်ရမည်ဟု မော် နားလည်သည်။ ယင်းအမှု အောင်မြင်ရန် လူတွေအထိတ်တလန့် ဖြစ်နေဖို့လိုသည်။ တစ်စုံတစ်ခုကို ကြောက်လန့်နေရမည်။ ထိုအခါ ကြောက်လန့်စိတ် ကြောင့် တခြားဘာကိုမှ စဉ်းစားနေတော့မည်မဟုတ်။ တခြားကြောက်စရာများကိုလည်း တွေးနေတော့မည် မဟုတ်။ ဆယ်ကျော်သက်အရွယ်များနှင့် နှစ်ဆယ်ကျော်ကျော် အရွယ်လေးများသည် ပြောင်မြောက်သော သူ၏ ကိုယ်ပွားကိုယ်စားလှယ်လေးများ ဖြစ်လာနိုင်သည်။ သူတို့သည် ပုဂ္ဂိုလ်ကိုးကွယ်မှုကို အရူးအမူး ဝင်စားနေကြသူများဖြစ်သည်။ ထို့ပြင် လူတန်းစား တိုက်ပွဲ သဘောတရားကို တကျကြွစွာ လက်ခံကြသူများလည်း ဖြစ်သည်။ တစ်ဖန် သူတို့တွင် လူငယ်တို့၏ အရည်အသွေးများ ပြည့်ပြည့်စုံစုံရှိသည်။ တော်လှန် ပုန်ကန်ချင်သည်။ အကြောက်အရွံ့ စိတ်ကင်းမဲ့သည်။ တရားသောတိုက်ပွဲတွင် ပါဝင်ဆင်နွှဲလိုက်ချင်သည်။ စွန့်စားချင်ကြသည်။ တစ်ဖန် သူတို့အရွယ်သည် တာဝန်မဲ့ နေထိုင်တတ်သည်။ မသိနားမလည်တာတွေ များသည်။ ကိုင်တွယ်ပုံသွင်းရလွယ်သူများဖြစ်သည်။ ပြီးတော့ အကြမ်းပတမ်းအလုပ်များ၌ ဝါသနာပါသည်။ လူမှုအဖွဲ့အစည်းကြီးတစ်ခုလုံး အကြောက်ကြီး အလန့်ကြီးဖြစ်အောင် လုပ်ရာတွင် သူတို့သည် တကယ့် အင်အားစုကြီးတစ်ခု ဖြစ်နိုင်သည်။ ပါတီ၏အခြေခံအုတ်မြစ်ကို ကိုင်လှုပ်ကာ ပျက်ပြားသွားအောင်လုပ်နိုင်သည့် အင်အားတစ်ခုလည်း ဖြစ်သည်။

တပ်နီလူငယ်တို့က "ကျွန်တော်တို့သည် ယဉ်ကျေးမှု တော်လှန်ရေးကို ဆန့်ကျင်ရဲသူတို့အား လည်းကောင်း၊ ဥက္ကဋ္ဌမော်ကို ဆန့်ကျင်ရဲသူတို့အား လည်းကောင်း အညှာ အကာကင်းမဲ့စွာ တိုက်ဖျက်ပါမည်ဟု သန္နိဋ္ဌာန်ပြုပါသည်" ဟူ၍ ကြွေးကြော် ကြေညာသည်။

တရုတ်နိုင်ငံတွင် သဘောတရားများ အမိန့်များ ညွှန်ကြားချက်များ အားလုံးကို တင်းကျပ်သည့် ပါတီစနစ်မှတစ်ဆင့် ပေးပို့သည်။ ယခုမူ ထိုလမ်းကြောင်းကို မော် မရွေး။ လူငယ်ထုမှတစ်ဆင့် ပြည်သူနှင့် သူ ဆက်သွယ်မည်။ ယင်းသို့ ဆက်သွယ် နိုင်ရန် ကွဲပြားခြားနားသည့် နည်းနှစ်ခုကို သူအသုံးပြုသည်။ ပထမ မပြတ်သား မရေရာသော စကားလုံးခပ်ကြီးကြီးများပါသော ပြောဟောမှုကို သတင်းစာမှတစ်ဆင့် ပွင့်လင်းစွာတင်ပြမည်။ ဒုတိယ သူ့မိန်းမ ကျန်ချင်းမှတစ်ဆင့် လျှို့ဝှက်ကျင့်သုံးတန် သည်ကို ကျင့်သုံးမည်။ ယဉ်ကျေးမှု တော်လှန်ရေးအာဏာပိုင်အဖွဲ့က သွေးထိုး လှုံ့ဆော်မည်။ နားဝင်အောင် ဟောပြောနားသွင်းမှုကို အာဏာပိုင်အဖွဲ့က ဦးဆောင်သည်။ "အာဏာပိုင် အစိုးရကို ပုန်ကန်ရမည်။" "ပညာရေးတွင် တော်လှန်ရေးလုပ်ရမည်။" "အသစ် တစ်ခုမွေးဖွားနိုင်ရန် လောကဟောင်းကို ဖျက်ဆီးရမည်" တစ်ဖန် "လူသစ်ကို ဖန်တီးမွေးဖွားမည်။" ယင်းကြွေးကြော်သံများ အားလုံးလိုလိုသည် ၁၉၆၀ လွန်နှစ်များတွင် အနောက်နိုင်ငံများ၌ ဆွဲဆောင်မှုအပြည့်ရှိသည်။ လူငယ်တွင် အကြမ်းဖက်လိုစိတ် ငုပ်အောင်းနေတတ်သည်ကို မော် သိသည်။ သူတို့ကို ဝဝလင်လင် ကျွေးပြီးနောက် စာသင်ခန်းကို စွန့်စေသည်နှင့် သူတို့သည် ကောင်းကောင်းလှုပ်ရှား မွှေနှောက်နိုင်သူများဖြစ်လာပြီး ဒေါသအာဃာတ စိတ်ကို လွှတ်ပေးချင်တိုင်း လွှတ်ပေးနိုင်ကြသူများဖြစ်သည်ကိုလည်း မော် သိသည်။

လူငယ်သည် များစွာတက်ကြွနေမည်။ ဒေါသကြီးသည့် လူအုပ်ကြီးလည်း ရှိလာမည်။ ယင်းတို့ကို ထိန်းရန် ဓားစာခံများလိုသည်။ ကျောင်းများတွင် ထင်ရှားသည့် ပစ်မှတ်များမှာ ဆရာများဖြစ်သည်။ ယင်းတို့ကို လွန်ခဲ့သည့် လအနည်းငယ်အတွင်းက သူတို့၏ တပည့်များက စွဲချက်တင်ခဲ့ကြပြီးပြီ။ ယခုပုန်ကန်သော လူငယ်များ၏ အလှည့်ရောက်လာသည်။ မိဘထက် ဆရာကို ပစ်မှတ်အဖြစ် သုံးရသည်မှာ ပို၍ လွယ်သည်။ ဆရာများကို ဟိုနေရာတစ်ကွက် သည်နေရာတစ်ကွက် စွဲချက်တင်နိုင်သည်။ နှိပ်စက်ကလူ ပြုနိုင်သည်။ တရုတ်ယဉ်ကျေးမှုအရ ဆရာဆိုသည် မိဘနှင့် မတူဘဲ ပို၍ အရေးကြီးသော အာဏာပိုင်များဖြစ်သည်။ တရုတ်ပြည်အနှံ့အပြားတွင် ဆရာများကို စွဲချက်တင်ကြသည်။ ဆဲဆိုမောင်းမဲသည်။ ရိုက်နှက် ဆုံးမသည်။ တစ်ခါတစ်ရံ သေလုမျောပါးအနှိပ်စက်ခံကြရသည်။ ကျောင်းများတွင် အကျဉ်းခန်းများဖွဲ့ပြီး ဆရာများကို ထည့်သွင်းကာ တပည့်ကျောင်းသားများက ရိုက်မောင်းပုတ်မာလုပ်ပြီး သင်ခန်းစာပေးကြသည်။ ညှဉ်းပန်းနှိပ်စက်ကြသည်။

ဤမျှနှင့် မော်လိုချင်သည့် စခန်းလမ်းသို့ကား မရောက်သေး။ ဩဂုတ် ၁၈

တွင် ပီကင်းမြို့ တီယန်အန်မင်ရင်ပြင်၌ လူငယ်တစ်သန်းကျော် တက်သည့် လူထု စည်းဝေးပွဲကြီးတစ်ခု ကျင်းပသည်။ လင်ပြောင်သည် အစည်းအဝေးသို့ ပထမဆုံး အကြိမ် မော်၏ ဒုတိယအကြီးအကဲအဖြစ် တက်ရောက်ကာ စကားပြောသည်။ တပ်နီလူငယ်များအား ကျောင်းစာသင်ခန်းများမှ ထွက်လာကြပြီး "ရှေးဟောင်း လေးမျိုးကို ချေမှုန်းရန်" ဖိတ်ခေါ်သည်။ ရှေးဟောင်းလေးမျိုးဆိုသည် "ရှေးဟောင်း အယူအဆများ"၊ "ရှေးဟောင်းယဉ်ကျေးမှု"၊ "ရှေးဟောင်းဓလေ့ထုံးစံများ"နှင့် "ရှေးဟောင်းအမူအကျင့်များ" ဖြစ်သည်။

မရေမရာတိုက်ပွဲခေါ်သံများနောက်သို့ တစ်နိုင်ငံလုံးရှိ တပ်နီလူငယ်များ လိုက်လာကြသည်။ လမ်းမများသို့ ချဉ်းနင်းဝင်ရောက်သည်။ စိတ်ရှိတိုင်း ဖျက်ဆီးသည်။ လူနေအိမ်များသို့ သူတို့ဝင်သည်။ အိမ်ထဲမှာတွေ့သည့် ရှေးဟောင်း အနုပညာလက်ရာများကို ဖျက်ဆီးသည်။ ပန်းချီကားများကို ဆုတ်ဖြဲသည်။ မီးပုံပွဲများလုပ်ကာ စာအုပ်များကို မီးရှို့သည်။ ဘာမျှမကြာလိုက်ပါ။ ကိုယ်ပိုင်စုဆောင်းထားသည့် ရှေးဟောင်းပစ္စည်းများ၊ ပန်းချီကားများ၊ ပန်းပုလက်ရာကောင်းများ မီးပုံများထဲမှာ လောင်မြိုက်သွားသည်။ စာရေးဆရာများနှင့် အနုပညာသည် အများအပြားမှာ ရက်စက်စွာ ရိုက်နှက်ခံရသည်။ အရှက်ခွဲခံ ရသည်။ သူတို့ရေးသည့် စာအုပ်များ မီးပုံထဲရောက်သည်ကို ကိုယ်တိုင်ကြည့်ရသည်။ သို့ဖြစ်ရာ စာရေးဆရာနှင့် အနုပညာသည်အများအပြား ကိုယ့်ကိုယ်ကိုယ် သတ်သေကြသည်။ ပြတိုက်များလည်း အဖျက် ဆီးခံရသည်။ နန်းတော်များ၊ ဘုရားကျောင်းများ၊ သင်္ချိုင်းဟောင်းများ၊ စေတီပုထိုးများ၊ မြို့ရိုးများစသည့် အဟောင်းမှန်သမျှ တိုက်ဖျက်ခံရသည်။ ပီကင်းနန်းတော်ဟောင်း စသည့် အဆောက်အုံအချို့သာ အကောင်းပကတိ ကျန်ရစ်ခဲ့သည်။ အဖျက်မခံရ သည်မှာလည်း ဝန်ကြီးချုပ်ချောင်အင်လိုင်းက စစ်တပ်တစ်တပ် စေလွှတ်၍ အကာအကွယ်ပေးသောကြောင့်ဖြစ်သည်။ တစ်ဖန် ချောင်အင်လိုင်းကပင် နန်းတော်ဟောင်းကို မဖျက်ဆီးရန် သီးခြားအမိန့်များ ထုတ်ပေးရသည်။ တပ်နီ လူငယ်များမှာ တွန်းတွန်းထိုးထိုး အားပေးသူရှိလျှင် ဖိနှိပ်ဖျက်ဆီးတတ်သည်။

မော်ကမူ တပ်နီလူငယ်တို့၏ လုပ်ဆောင်မှုများသည် "အလွန်ကောင်းသည်" ဟု ချီးကျူးပြီး တရုတ်တစ်နိုင်ငံလုံးက ထောက်ခံအားပေးရန် အမိန့်များထုတ်သည်။

ပြည်သူတို့ ပို၍ အထိတ်တလန့် ဖြစ်စေရန် မော်က လက်ျာတရားခံများကို ကျယ်ကျယ်ပြန့်ပြန့် ရှာဖွေနှိုးဆော်သည်။ ကွန်မျူနစ်အစိုးရလက်ထက်တွင် အခွင့်အရေး ရသော ထင်ရှားသည့် စာရေးဆရာများ၊ အနုပညာရှင်များ၊ ပညာရှင်များနှင့် အခြား ထိပ်တန်းကျွမ်းကျင်သူ ပညာရှင်များကို ယခုအခါ ဖောက်ပြန်သော အရင်းရှင်ပေါက်စ အာဏာပိုင်များအဖြစ် ပြတ်ပြတ်သားသား ပြစ်တင်ရှုတ်ချသည်။ အကြောင်းအမျိုးမျိုး ကြောင့် မနာလိုခြင်းခံရသူ အထက်ပါ ပုဂ္ဂိုလ်များကို တပ်နီလူငယ်များက ဝေဖန်ရှုတ်ချ ကြသည်။ ထို့နောက် ရန်သူဟောင်း

လူတန်းစားရန်သူများဖြစ်ကြသည့် မြေပိုင်ရှင်ဟောင်းများ၊ အရင်းရှင်ဟောင်းများ၊ ကူမင်တန်အဖွဲ့နှင့် အဆက်အသွယ်ရှိသူများ သူတို့နှင့်အတူ သူတို့၏ သားသမီးများကိုပါ ယခင် နိုင်ငံရေးတိုက်ပွဲများအတိုင်း ဝေဖန် ရှုတ်ချခံကြရသည်။

လူတန်းစားရန်သူ အများအပြားကို သေဒဏ်မပေး။ အလုပ်ကြမ်းစခန်းများသို့ မပို့။ သို့သော် သူတို့ကို စောင့်ကြည့်နေသည်။ ယဉ်ကျေးမှုတော်လှန်ရေး မတိုင်မီကဆိုလျှင် ပုလိပ်က သက်ဆိုင်ရာအာဏာပိုင်သို့ သတင်းပို့သည်။ ယခုမူ ပေါ်လစီပြောင်းသွားသည်။ မော်၏ သစ္စာတော်ခံပုလိပ်မင်းကြီးသည် သူ့တပည့်များအား လူတန်းစားရန်သူများကို တပ်နီလူငယ်များထံသို့ ပို့စေသည်။ ပြစ်မှုမှာ သူတို့သည် "ကွန်မြူနစ်အစိုးရကို ဖြုတ်ချရန် ကြံစည်သူများ" ဖြစ်သည်။

ယဉ်ကျေးမှုတော်လှန်ရေး မတိုင်မီကဆိုလျှင် လူတစ်ယောက်အား ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ခြင်းကို တားမြစ်သည်။ ယခုမူ ပုလိပ်အကြီးအကဲက "လူတွေကို သေအောင်ရိုက်တာ မကြိုက်ပါဘူး။ ဒါပေမယ့် အချို့ (တပ်နီလူငယ်) က သူလိုလူတန်းစားရန်သူ ကို မုန်းတီးရွံရှာကာ သေအောင်သတ်ချင်သည် ဆိုလျှင် တားဆီးရန်မကြိုးစားနှင့်" ဟု သူ့လူများကို မှာကြားသည်။

လူတန်းစားရန်သူတို့ အိမ်များကိုဝင်ရောက်ပြီး သင်ခန်းစာပေးသည့်အခါ မျိုးတွင် ရိုက်နှက်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ ရှိလာသည်။ ယင်းအပြုအမူမျိုး ကို နိုင်ငံနှင့်တစ်ဝန်း တွေ့ရသည်။ တစ်ခါတစ်ရံ တပ်နီလူငယ်များရှေ့တွင် မိသားစု တစ်ခုလုံး ဒူးထောက်ထိုင်ကာ ရှိခိုးရသည်။ တပ်နီလူငယ်က ခါးပတ်ချွတ်ပြီး ကြေးခါးပတ်ခေါင်းဖြင့် ရိုက်သည်။ တစ်ခါတစ်ရံ ကန်ကျောက်ပြီး ခေါင်းကို တစ်ခြမ်းပြောင် အောင် တုံးသည်။ ဤသည်မှာ "ယင်နှင့်ယန်ခေါင်း" ဟုခေါ်သည့် အရုက်ခွဲနည်း တစ်မျိုးဖြစ်သည်။ တရုတ်ရှေးသင်္ကေတ တစ်ခုဖြစ်သည့် အမှောင် (ယင်) နှင့် အလင်း (ယန်) နှင့် တူသောကြောင့် ဖြစ်သည်။ လူတန်းစားရန်သူတို့၏ ပစ္စည်းများကို ဖျက်ဆီးသည်။ သို့မဟုတ် သိမ်းပိုက်သွားသည်။

ပီကင်းသည် ယဉ်ကျေးမှုတော်လှန်ရေးအာဏာပိုင်အဖွဲ့၏ ဗဟိုချက်မ ဖြစ်လေရာ လူငယ်များကို အားပေးအားမြှောက်လုပ်ရန် လွယ်သဖြင့် အခြေအနေ အဆိုးဆုံးကြုံရသည်။ မြို့လယ်တွင် ဇာတ်ရုံများနှင့် ရုပ်ရှင်ရုံများကို ညှဉ်းပန်းရေး စခန်းများအဖြစ်သို့ ပြောင်းလဲစေသည်။ လူတန်းစားရန်သူများကို ပီကင်းမြို့အရပ်ရပ်မှ ခေါ်ဆောင်လာပြီး ယင်းတွင် ထည့်သွင်းထားသည်။ လမ်းသွားလမ်းလာများသည် ထိုနေရာမျိုးကို ရှောင်ကြသည်။ ထိုနေရာများတွင် အော်သံငိုကြွေးသံတို့ ဆူညံပွဲတင် ထပ်နေသည်။

အစောပိုင်း တပ်နီလူငယ်အုပ်စုများကို ပါတီခေါင်းဆောင်ကြီးများ၏ သားသမီးများဖြင့် ဖွဲ့စည်းထား သည်။ ထို့နောက် ယင်းအုပ်စုသို့ အခြားလူငယ်များ ပါဝင်လာကြသည်။ ပါတီခေါင်းဆောင်အချို့၏ သားသမီးများသည်

သပိတ်တားသည့် အထူးအုပ်စုပုံစံမျိုး ဖွဲ့စည်းလှုပ်ရှားသည်။ မော်နှင့် သူ့နောက်လိုက်တစ်စုသည် ခြေလှမ်းသစ် တစ်လှမ်းတိုးသည်။ သူတို့၏ အာဏာစက်ကို အသိအမှတ်ပြုစေသည့် ခြေလှမ်းများဖြစ်သည်။ ဒုတိယအကြိမ် တပ်နီလူငယ်လူထုစည်းဝေးပွဲတွင် လင်ပြောင် သည် တပ်နီလူငယ် လက်ပတ်ကို ပတ်ကာ တက်ရောက်သည်။ သူလည်း သူတို့အုပ်စုဝင်တစ်ယောက်ဖြစ်ကြောင်း သိစေလိုဟန်တူသည်။ အမျိုးသားနေ့ဖြစ်သည့် အောက်တိုဘာ ၁ ရက်နေ့တွင် တီယန်အန်မင်ရင်ပြင်၌ စုဝေးကြသည့်အခါ တပ်နီ လူငယ်အဖွဲ့သည် ဂုဏ်ပြုတပ်ဖွဲ့ဖြစ်လာသည်။ ယင်းမှာ မဒမ်မော်၏ အစီအမံဖြစ်သည်။ သူတို့သည် "ဆွေစဉ်မျိုးဆက် သဘောတရား" သီချင်းကို ကြွေးကြော်သီဆိုသည်။ "သူရဲကောင်းအဖေ၏သားသည် အမြဲတမ်းကြီးကျယ်သော ပုဂ္ဂိုလ်ဖြစ်သည်။ ဖောက်ပြန်ရေးသမား အဖေက လူဆိုးကလေးကို မွေးသည်။" ဤသဘောတရားကို လက်ကိုင်ပြုကာ ခေါင်းဆောင်ကြီးအချို့၏ သားသမီးများသည် မလိုလားအပ်သည့် နောက်ကြောင်းရှိသူတို့၏ သားသမီးများကို ညှဉ်းပန်း နှိပ်စက်သည်။

တစ်နိုင်ငံလုံး အထိတ်တလန့်ဖြစ်အောင် ရုတ်ရုတ်သဲသဲဖြစ်အောင် မော်က ဖန်တီးလိုက်ခြင်းဖြစ်သည်။ ဘယ်သူတွေ အနှိပ်စက်ခံရပြီး ဘယ်သူတွေက ရိုက်နှက်သည်ကို သူ သိစရာမလို။ သိလည်းမသိချင်။ အစောပိုင်း ဓားစာခံများသည် သူ၏ တကယ့်ပစ်မှတ်မဟုတ်။ ပြီးတော့ မော်သည် ထိုတပ်နီ လူငယ်တို့ကို ထူးထူးခြားခြား ကြိုက်နှစ်သက်ခြင်း သို့မဟုတ် ယုံကြည်ကိုးစားခြင်း မရှိ။ သူတို့ကို အသုံးပြုခြင်းသာ ဖြစ်သည်။ သူတို့ဘက်ကလည်း ဖျက်ဆီး နှိပ်စက်သူများရော အနှိပ်စက်ခံရသူများပါ အားလုံးသည် မော်ကို အမြဲကြည်ညို လေးစားခြင်းမရှိကြပေ။ သူတို့သည် တစ်ချိန်တွင် အကျအနရမ်းကားလိုက်ကြ ခြင်းသာဖြစ်ပြီး လိုင်စင်ရ အရိုင်းစိတ်ကို ထုတ်ဖော် ပြသလိုက်ခြင်းသာ ဖြစ်သည်။

တပ်နီလူငယ် အစိတ်အပိုင်းအနည်းငယ်သာ ထိုပွဲတွင် ပါဝင်ခဲ့ကြသည်။ များစွာတို့မှာ ရမ်းကားသည့် အမှုတွင်မပါဝင်ကြ။ တပ်နီလူငယ်သည် လျော့ရည်းသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အဖွဲ့ဝင်များကို မကောင်းမှုပြုလုပ်ရန် ညွှန်ကြားခြင်း မရှိခဲ့ပေ။ တစ်ဖန်တကယ့်အဖြစ်တွင်လည်း မော်သည် တပ်နီလူငယ်များ ကို လူသတ်ရန် အမိန့်မပေး။ အကြမ်းဖက်ခြင်းနှင့် ပတ်သက်လျှင် သူ မလိုလားသည်မှာ ထင်ရှားသည်။ မရမ်းကားဘဲ မကောင်းမှု မလုပ်ဘဲနှင့်လည်း မော်ကို ကြည်ညိုနိုင်သည်။ အကြမ်း ဖက်ခဲ့သူများဘက်ကလည်း မော်ကို အပြစ်မဆိုသာ။

သို့သော်လည်း မော်၏ အကွက်ဆင်တတ်သော ဉာဏ်မှာ ကြီးမားပြီး အားပေးအားမြှောက်ပြုပုံမှာ ငြင်း၍မရပေ။ ဩဂုတ် ၁၈ တွင် ကျင်းပသည့် အစည်းဝေးသည် လူထုစည်းဝေးပွဲကြီး ရှစ်ကြိမ်တွင် ပထမဆုံးအကြိမ် ဖြစ်သည်။ လူထုဆယ့်သုံးသန်း တက်ရောက်သည်။ မော်က တပ်နီလူငယ်အမျိုးသမီးတစ်ဦး၏ နာမည်ကို မေးရာ၊ "ပင်-ပင်" ဟု အဖြေရသည်။ အဓိပ္ပာယ်မှာ "သိမ်မွေ့သူ"

ဖြစ်သည်။ ထိုအခါ မော်က မကြိုက်ဘဲ "ခပ်ကြမ်းကြမ်းနေပေါ့" ဟု ပြောသည်။ မော်သည်လူထုစည်းဝေးပွဲများတွင် စကားပြောလေ့မရှိ၊ သို့သော်လည်း ထိုမှတ်ချက်ကို လူတိုင်း ကိုးကားကြသည်။ ပြီးတော့ ဘုရားဟော တရားလို လိုက်နာကြသည်။ စက်တင်ဘာ ၁၅ တွင် တတိယအကြိမ် လူထုစည်းဝေးပွဲ၌ မော်က အသိအမှတ်ပြုထားသည့် ပြောရေးဆိုခွင့်ရှိသူ လင်ပြောင်သည် သူ့ဘေးမှာရပ်ရင်း ယခုလို ပြောဟောသည်။ ထိုအချိန်တွင် တပ်နီလူငယ်တို့၏ အကြမ်းဖက်မှုသည် အထွတ်အထိပ်သို့ ရောက်နေပြီ။

"တပ်နီလူငယ်တိုက်ပွဲဝင်သူများ၊ သင်တို့၏ တိုက်ပွဲဦးတည်ချက်ဟာ အမြဲ မှန်ကန်တယ်။ သင်တို့ဟာ အရင်းရှင်လမ်းကြောင်းလိုက်သူတွေကို ပြောင်ပြောင် မြောက်မြောက် ဆုံးမခဲ့တယ်။ ဖောက်ပြန်ရေးသမား ဘူဇွာအာဏာပိုင်တွေ သွေးစုပ် သူတွေ ကပ်ပါးတွေကို စိတ်ရောကိုယ်ပါ ဆုံးမခဲ့တယ်။ သင်တို့ လုပ်တာ မှန်တယ်။ ပြီးတော့ ပြောင်မြောက်တယ်။

ထိုသို့ လင်ပြောင်ပြောဟောပြီးသည့်အခါ လူထုကြီးက တစ်ခဲနက် "ဥက္ကဋ္ဌကြီး မော် သက်တော်ရာကျော် ရှည်ပါစေ" ဟု ဟစ်ကြွေးသြဘာ ပေးသည်။ တီယန်အန်မင်ရင်ပြင်တစ်ခုလုံး မျက်ရည်မထိန်းနိုင်ဘဲ ငိုကြွေးကြသည်။ သစ္စာရှိပါမည် ဟု တိုင်တည်ကြသည်။ မော်က မိဘသဖွယ် လက်ဝှေ့ယမ်း နှုတ်ဆက်သည်။ လူထုကြီးသည် ပို၍ အရူးအမူး သွေးကြွသွားသည်။

ယဉ်ကျေးမှုတော်လှန်ရေး အာဏာပိုင်အဖွဲ့မှတစ်ဆင့် ပီကင်းတပ်နီ လူငယ် များကို မော် ကွပ်ကဲသည်။ ထိုနောက် သူတို့ကို ပြည်နယ်လူငယ်များထံသို့ စေလွှတ်ကာ ဘာလုပ်ကြရမည် ပြောခိုင်းသည်။ မန်ချူးရီးယားပြည်နယ် ကျင်ကျို့တွင် ကျွန်မ အဘွား၏မောင် ယုလင်နှင့် သူ့မိန်းမတို့ အရိုက်နှက်ခံရသည်။ ပြီးတော့ သူတို့လင်မယားနှင့် ကလေးနှစ်ယောက်ကို ကျတ်တီးကုန်း မြေသို့ နယ်နှင်ဒဏ်ခတ်သည်။

ကွန်မျူနစ်တက်စက ကူမင်တန်ထောက်လှမ်း ရေးကတ်ပြားကိုင်ဆောင်ထားသဖြင့် ယုလင်မှာ သံသယစာရင်းဝင်ဖြစ်ခဲ့သည်။ သို့သော်လည်း ယခုတိုင် ဘာမျှမဖြစ်ခဲ့ပေ။ ထိုအချိန်က ယုလင် ဘာဖြစ်သွားသည်ကို ကျွန်မတို့မိသားစု သိခွင့်မရခဲ့ပေ။ လူများစွာတို့ စာပေးစာယူမလုပ်ကြ။ သတင်းဖလှယ်ခြင်း အမှုကို ရှောင်ကြသည်။ ယခုလို အချိန် အခါတွင် စာပေးစာယူလုပ်ခြင်းကြောင့် ဘယ်မျှ ဒုက္ခရောက်နိုင်သည်ကို မည်သူမျှ မခန့်မှန်းနိုင်။

ဆီချွမ်ပြည်နယ်သားတို့မှာ ပီကင်းတွင် ဘယ်အတိုင်းအတာအထိ ဆူပွက် သည်ကိုမသိ။ မခန့်မှန်းနိုင်။ ယဉ်ကျေးမှုတော်လှန်ရေးအာဏာပိုင်အဖွဲ့နှင့် တိုက်ရိုက် အဆက်အသွယ်မရှိသဖြင့် တပ်နီလူငယ်တို့ အနည်းငယ်သာ ရမ်းကားနိုင်သည်။

တစ်ဖန် ပီကင်းမှ ပုလိပ်မင်းကြီးမစ္စတာ "ဆီး" ၏ အမိန့်ကို ဆီချွမ်ပုလိပ်က မကြား ယောင်ပြုနေသည်။ သို့ဖြစ်ရာ လူတန်းစားရန်သူကို သူတို့ မညွှန်ပြကြ။

သို့သော်လည်း ဆီချွမ်တပ်နီလူငယ်တို့သည် ပီကင်းလူငယ်တို့၏ အတုကို ခိုးကြသည်။ ထိုအချိန်က ထိန်းထိန်းသိမ်းသိမ်း အုံကြွဆူပူမှုသည် တရုတ်နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားခဲ့သည်။ ဝင်ရောက်သိမ်းပိုက်ရမည့် အိမ်များကို တပ်နီလူငယ်များ ချဉ်းနင်းဝင်ရောက် လုယက်ကောင်း လုယက်မည်။ သို့သော်လည်း ဈေးဆိုင်များမှ ပစ္စည်းများကို မခိုးယူခဲ့ပေ။ အရောင်းအဝယ်၊ စာတိုက်နှင့် သယ်ယူပို့ဆောင်ရေးတို့ အရှိန်မပျက်ဘဲ မူလအတိုင်း ဆောင်ရွက် နိုင်ခဲ့သည်။

ကျွန်မတို့ကျောင်းတွင် တပ်နီလူငယ်အဖွဲ့ကို ဩဂုတ် ၁၆ တွင် ဖွဲ့စည်းသည်။ ပီကင်းလူငယ်အချို့ လာရောက်ကူညီသည်။ ကျွန်မသည် ဖျားဟန်ဆောင်ပြီး အိမ်တွင်းပုန်းနေသည်။ နိုင်ငံရေးစည်းဝေးပွဲများသို့ ကျွန်မ မတက်။ သို့သော်လည်း လေးငါးရက်အကြာတွင် ကျွန်မထံ ဖုန်းဆက်ပြီး မဟာပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးတွင် ပါဝင်ဆင်နွှဲရန် ဖိတ်ခေါ်သည်။ ကျောင်းသို့ ကျွန်မရောက်သွား သောခါ ကျောင်းသားအများအပြား ရွှေရောင်တပ်နီလူငယ် စာလုံးများပါရှိသည့် လက်ပတ်နီများ ပတ်ထားကြသည်ကို တွေ့ရသည်။

ထိုရက်စောစောပိုင်းများတွင် ဖွားသစ်စတပ်နီလူငယ်သည် မော်၏ သားသမီးအဖြစ် ဂုဏ်သိက္ခာ အကြီးအကျယ် တက်နေသည်။ ကျွန်မလည်း ထိုအဖွဲ့ သို့ဝင်ရမည်။ သို့ဖြစ်ရာ ချက်ချင်းပင် ကျွန်မတို့ အတန်းက တပ်နီလူငယ် ခေါင်းဆောင်ထံ လျှောက်လွှာပေးလိုက်သည်။ ခေါင်းဆောင်မှာ ဆယ့်ငါးနှစ်သား “ဂင်” ဆို သူဖြစ်သည်။ ကျွန်မနှင့် တပူးတွဲတွဲနေချင်ပြီး တကယ်တွဲရသည့်အခါတွင်မူ ရှက်ကာ ဘုကျကျပြောတတ်သည်။

ဂင်တစ်ယောက် ဘယ်လိုတပ်နီလူငယ်ဖြစ်လာသည် ကျွန်မ မစဉ်းစားတတ်ပေ။ သူ ဘာလုပ်သည်ကို အမြဲလျှို့ဝှက်လေ့ရှိသည်။ တပ်နီလူငယ်ဆိုသည် များသောအားဖြင့် ပါတီခေါင်းဆောင်ကြီးများ၏ သားသမီးများအဖွဲ့ ဖြစ်သည်ကို ကျွန်မ နားလည်သည်။ ကျောင်း၏ ခေါင်းဆောင်မှာ ဆီချွမ်ပါတီ၏ ပထမ အတွင်းရေးမှူး နိုင်ငံရေးမှူးလီ၏ သားတစ်ယောက်ဖြစ်သည်။ ကျွန်မမှာ ရိုးရိုး အသင်းဝင်အဖြစ်သာ နေသင့်သည်။ ကျောင်းသားအနည်းငယ်တို့၏ အဖေများမှာ ကျွန်မအဖေထက် ရာထူးကြီးသူများဖြစ်သည်။ သို့သော်လည်း “ဂင်” က ကျွန်မသည် ပျော့လွန်းပြီး တက်ကြွမှုမရှိ။ ကြမ်းရမည်။ သို့မှ အဖွဲ့ဝင်အဖြစ် လက်ခံနိုင်မည် ဆိုသည်။

ဖွန်လမှစ၍ ကျောင်းတွင် ကျောင်းသားများနှစ်ဆယ့်လေးနာရီ ရှိနေရမည်ဟူသော မကြေညာသည့် စည်းကမ်းတစ်ခု ထွက်လာသည်။ သို့မှယဉ်ကျေးမှု တော်လှန်ရေးတွင် အချိန်ပြည့်ထမ်းဆောင်နိုင်မည်။ ကျောင်းတွင် အမြဲမနေသူထဲ၌ ကျွန်မ ပါသည်။ ကျောင်းပြေးဆိုကြပါစို့။ ကျောင်းပြေးဖြစ်ရသည်ကို တကယ် တွေးလျှင် ကျောထဲမှာ စိမ့်လာသည်။ သို့ဖြစ်ရာ မဖြစ်မနေကျောင်းမှာနေဖို့ ကြိုးစားရသည်။ ကျောင်းသားများက

စာသင်ခန်းများတွင် အိပ်သည်။ ကျွန်မတို့ကျောင်းသူ များက အခန်းကျယ်ကြီးများတွင် တစ်စုတစ်ဝေးတည်းအိပ်သည်။

ကျောင်းသို့ပြန်ရောက်သည့်နေ့တွင် အခြားကျောင်းသားများနှင့်အတူ လမ်းနာမည်များကို တော်လှန်ရေးကျကျ မှည့်ခေါ်ရန် အကြံရပြီး အပြင်သို့ ထွက်လာခဲ့ ကြသည်။ ကျွန်မနေသည့် လမ်း၏ မူလနာမည်မှာ ကုန်သွယ်ရေးလမ်း ဖြစ်သည်။ ယင်းကို အချို့က "မီးရှူးတန်ဆောင်" လမ်းဟု ပြင်ချင်သည်။ အချို့က ပြည်သူ့ဝန်ထမ်း လမ်းဟု မှည့်ခေါ်ချင်သည်။ သို့သော်လည်း ဘာမျှ အဆုံးအဖြတ်မကျဘဲ ဖြစ်နေသည်။ လမ်းဆိုင်းဘုတ်မှာ နံရံတစ်ခု၏ ခပ်မြင့်မြင့်နေရာတွင်ရှိနေသဖြင့် တက်၍ ဖြုတ်မည့်သူ မရှိဖြစ်နေသည်။

ပီကင်းတပ်နီလူငယ်များမှာ ပို၍ တက်ကြွသည်။ သူတို့၏ အောင်ပွဲ သတင်းများကြားရသည်။ ဗြိတိသျှသံရုံးသည် ယခုအခါ "အရင်းရှင်ဆန့်ကျင် ရေးလမ်း" တွင် တည်ရှိကာ ရုရှသံရုံးသည် ပြန်လည် ပြင်ဆင်ရေး ဆန့်ကျင်ရေးလမ်းပေါ်တွင် တည်နေသည်။

ချိန်တူတွင် လမ်းနာမည်ဟောင်းများ ပျောက်ပြီး အသစ်များရောက်လာသည်။ လမ်းဟောင်းတစ်ခုမှာ "တစ်မိုးအောက်က မျိုးဆက်ငါးဆက်" (ကွန်ဖြူးရှပ် ၏ ကောင်းမြတ်သောဂုဏ်ရည်) ဖြစ်ပြီး ယင်း၏ လမ်းသစ်အမည်မှာ "အဟောင်းကို ဖျက်" ဖြစ်လာသည်။ "ပေါ့ပလာပင်နှင့် မိုးမခပင်တို့မှာ စိမ်းသည်" ဟူသော လမ်းဟောင်းသည် "အရှေ့သည်နီ၏" လမ်းသစ်ဖြစ်လာသည်။ (အစိမ်းသည် တော်လှန်ရေးအရောင်မဟုတ်။) "နဂါးစိမ်း" လမ်းဟောင်းကို "တော်လှန်ရေး လမ်းသစ်" ဟု ပြောင်းလိုက်ကြသည်။ နဂါးစိမ်းသည် မြေရှင်ပဒေသရာဇ်၏ သင်္ကေတဖြစ်သည်။ ချိန်တူတွင် နာမည်ကြီးစားသောက်ဆိုင်တစ်ခု၏ နာမည်မှာ "လေချိုသွေး" ဖြစ်သည်။ ယင်း၏ ဆိုင်းဘုတ်ကို အပိုင်းပိုင်းအစစ ချိုးဖျက်ပစ်လိုက်ပြီး "ယမ်းနံ့တစ်ရှိုက်" ဟူသော နာမည်သစ် တပ်ဆင်လိုက်သည်။

လမ်းအချက်ပြမီးအတွက် ရက်အတန်ကြာ စိတ်ရှုပ်ကြရသည်။ "အနီ"မှာ ရပ်ရန်အချက်ပြ အရောင်ဖြစ်သော်လည်း တော်လှန်ရေးနှင့်ဆန့်ကျင်ဘက် သဘောဖြစ်နေသည်။ "အနီ" ပြလျှင် ကားများဆက်၍ မောင်းဖို့ကောင်းသည်။ တစ်ဖန် ကားများလမ်း ဘယ်ဘက်က မောင်းရမည်ဟူ၍ အမိန့်တစ်ခု ထွက်လာသည်။ မူလက လမ်းညာဘက်က မောင်းသည်။ ယာဉ်ထိန်းပုလိပ်ကို ရက်အတန်ကြာဘေးမှာ ရပ်နေ ခိုင်းပြီး ကျွန်မတို့ ကိုယ်တိုင် ယဉ်ကြောကို ထိန်းသည်။ ကျွန်မသည် လမ်းထောင့် မှာ တာဝန်ကျပြီး စက်ဘီးသမားများကို ဘယ်ဘက်ကစီးရန် ပြောရသည်။ ချိန်တူတွင် ကားများများမရှိ။ လမ်းအချက်ပြ မီးနီ မီးစိမ်းလည်း မရှိ။ သို့ဖြစ်ရာ ရှုပ်ရှုပ်ထွေး ထွေးမဖြစ်။ သို့သော်လည်း လမ်းမကြီးအချို့တွင် ဗရုတ်သုကဲ့များဖြစ်သည်။ နောက်ဆုံး တွင် ပီကင်းတပ်နီ လူငယ်ခေါင်းဆောင်များအား ချောင်အင်လိုင်းက ကျေကျေလည်လည် ဆွေးနွေးကာ

စနစ်ဟောင်းကိုပင် ပြန်လည်လက်ခံသည်။ သို့သော်လည်း လူငယ်များက သူတို့အလုပ်မှန်ကန်ကြောင်း သက်သေထူရန် ဖြတ်တိန်တွင် ဝဲဘက်မှ ကားမောင်းခြင်းကို ဆန့်ကျင်သည့် အနေဖြင့် အရင်းရှင်ဆန့်ကျင်ရေးစိတ်ဓာတ်ကို ပြရန် ညာဘက်က မောင်းခိုင်းခြင်းဖြစ်သည်ဟု တပ်နီလူငယ် ကျောင်းသူလေးတစ်ယောက်က ကျွန်မကို ရှင်းပြသည်။ သို့သော်လည်း အမေရိကမှ ညာမောင်းစနစ်ကို သူထည့်၍ မပြော။

ကျွန်မသည် အရက်အကြောက်ကြီးသည်။ စုစုဝေးဝေး မနေတတ်။ စုစုရုံးရုံး အလုပ်မျိုးမလုပ်တတ်။ ယခုအသက်ဆယ့်လေးနှစ်အရွယ်တွင် ပို၍ မလိုမလား ဖြစ်မိသည်။ ထိုစိတ်ထားမကောင်းဟု မြင်ကာ ပြုပြင်သည်။ မေ၏ လမ်းစဉ်မှ သွေနေပြီလားဟု ဆင်ခြင်သည်။ တော်လှန်ရေးအတွေးအခေါ်ရှိပြီး လက်တွေ့ကျရမည်ဟု နားလည်ခံယူသည်။ သို့သော်လည်း လမ်းသွား လမ်းလာများကို ရပ်ခိုင်းပြီး ဆံပင်ရှည် ရှည်တွေ့လျှင် ဖြတ်ခြင်း၊ ဘောင်းဘီကျပ်ကျပ်၊ ဂါဝန်ကျပ်ကျပ်တို့ကို ကိုက်ဖြတ်ခြင်း၊ ဖိနပ်ခွာသေးလျှင် ရိုက်ချိုးခြင်း စသည့် အလုပ်တို့ကိုမူ တက်တက်ကြွကြွ မလုပ်ရဲပေ။ ယခုအခါ ထိုအမူအရာ ထိုအသွင်အပြင် တို့သည် ဆုတ်ယုတ်ပျက်ပြားလာသော ဘူဇွာယဉ်ကျေးမှုများ ဖြစ်သည်ဟု ပီကင်းတပ်နီလူငယ်တို့က ဆိုလေသည်။

ကျွန်မ ခေါင်းထက်ကဆံပင်မှာ သူငယ်ချင်းများ မျက်စိနောက်စရာ ဖြစ်လာသည်။ နားရွက်အောက်ခြေနှင့် တညီတည်းဖြတ်လိုက်ရသည်။ ဓနရှင်ပေါက်စ ဆန်လွန်းသည်ကို တိတ်တခိုး ရှက်မိသော်လည်း ကျစ်ဆံမြီးရှည်ရှည် နှစ်ခု ဆုံးရှုံးသွားသည့်အခါ မျက်ရည်ကျမိသည်။ ငယ်စဉ်ကပင် အထိန်းတော်က ကျွန်မဆံပင်ကို ဖြီးသင်ပြီး ခေါင်းထက်မှာ ထောင်နေအောင် လုပ်ပေးကာ မိုးမခကိုင်းနှင့် တူသည်ဟု ပြောသည်။ ယင်းပုံစံကို သူက “မိုးသို့ ပြေးတက်သွားသည့် မီးရှူးမီးပန်း” ဟု ခေါ်သည်။

၁၉၆၀ လွန်နှစ်များတွင် နားထင်တစ်ဖက် တစ်ချက်တွင် ဆံထုံးဝိုင်းလေးနှစ်ခု ခွေကာ ပိုးစလေးများဖြင့် ဆင်ယင်ထုံးဖွဲ့ မှုပြုသည်။ နံနက်စာ စားနေစဉ် အဘွား သို့မဟုတ် အထိန်းက ကျွန်မဆံပင်ကို ချစ်ခင်ယုယစွာ ထုံးနှောင်ပေးသည်။ ဖဲကြိုးများအနက် ပန်းရောင်ကို ကျွန်မ အနှစ်သက်ဆုံးဖြစ်သည်။

၁၉၆၄ နောက်ပိုင်းတွင် မေ်က လူတန်းစားတိုက်ပွဲနှင့် လိုက်ဖက်စွာ ရိုးရိုးသားသား ခြိုးခြံနေထိုင်ကြရမည်ဆိုသည်။ သို့ဖြစ်ရာ ပစ္စည်းမဲ့ပီသအောင် ကျွန်မသည် ဘောင်းဘီအကောင်းကို ဖာထေးဝတ်သည်။ ဆံပင်ကို ချိုစောင်းတွင် အဝိုင်းထုံးနှစ်ခု ဆင်ယင်သည်။ အရောင်လွင်သည့် ဖဲကြိုးကို မတပ်။ တိုအချိန်က ဆံပင်ရှည်ကို မရှုတ်ချသေးပေ။ အဘွားက ဆံပင်ရှည်ကို ဖြတ်ပေးရင်း ပါးစပ်က တဖျစ်တောက်တောက် ပြောဆိုနေသည်။ သူ့ဆံပင်ရှည်မှာ ယခုတိုင် ရှိနေသေးသည်။ သူက အပြင် မထွက်သူဖြစ်ရာ သူ့ဆံပင်ကို ဘယ်သူကမျှ

မျက်စိနောက်စရာမလိုတော့ပေ။

ချိန်တူတွင် နာမည်ကြီးလက်ဖက်ရည်ဆိုင်များကို "ပျက်ပြားယိုယွင်း" နေသော နာမဝိသေသန တပ်ကာ ပြောဆိုတိုက်ခိုက်သည်။ ဘာကြောင့်ဟူ၍ ကားမသိ။ သို့သော်လည်း ကျွန်မ မမေး။ ၁၉၆၆ နွေတွင်မူ စူးစမ်းဆင်ခြင်တတ်သည့် ကျွန်မအကျင့်ကို ကြိုးစား၍ ချိုးနှိမ်သည့် အကျင့်တစ်ခု ရလာသည်။ တရုတ်လူမျိုး အများအပြားသည် ထိုအတိုင်း နေထိုင်လာကြသည်မှာ ကြာခဲ့ပြီ။

ဆီချွမ်လက်ဖက်ရည်ဆိုင်တစ်ဆိုင်သည် တစ်မျိုးတစ်ဖုံ ထူးခြားသည့် နေရာဒေသတစ်ခုဖြစ်သည်။ သစ်ပင်အုပ်အုပ်ကြီးတစ်ခုအောက် သို့မဟုတ် ဝါးရုံပင်တစ်အုပ်အောက်တွင် ထိုဆိုင်နေရာယူထားသည်။ လေးထောင့်စားပွဲ နိမ့်နိမ့်လေးများ ပတ်ပတ်လည်တွင် ဝါးပက်လက်ကုလားထိုင်များ ခင်းကျင်းထားသည်။ အသုံးကြာပြီဖြစ်သော်လည်း ဝါးနံ့ကားမပျောက်သေး။ လက်ဖက်ရည်တစ်ခွက်ကို ယခုလို ပြင်ဆင်သည်။ လက်ဖက်ခြောက် အနည်းငယ်ကို ပန်းကန်ထဲထည့်ပြီး ရေနွေးကျိုက်ကျိုက်ဆူကို အပေါ်က လောင်းထည့်သည်။ ပြီးတော့ ပန်းကန်ဖုံးကို ခပ်ရွဲ့ရွဲ့ တင်ထားလိုက်သည်။ ရေနွေးငွေ့သည် အဖုံးကြားမှ တငွေ့ငွေ့ထွက်လာပြီး နှာဝကိုချူသည်။ စံပယ်နံ့ သို့မဟုတ် အခြား ပန်းရနံ့တစ်ခုခုရသည်။ စံပယ်နံ့သင်းသည့် လက်ဖက်ရည်တစ်ခွက် ဖြစ်လာသည်။ ဆီချွမ်တွင် လက်ဖက်ခြောက်အမျိုးမျိုးရှိသည်။ စံပယ်ခြောက်ဆိုသည်ပင် ငါးမျိုးရှိသည်။

ဗြိတိန်တွင် ဘီယာဆိုင်သည် အရေးကြီးသော လိုအပ်ချက်တစ်ခုဖြစ်သလို ဆီချွမ်တွင် လက်ဖက်ရည်ဆိုင်သည်လည်း အရေးကြီးသော လိုအပ်ချက်တစ်ခုဖြစ်သည်။ ဆီချွမ်တွင် အသက်အရွယ် ကြီးသူတို့သည် လက်ဖက်ရည်ဆိုင်တွင် ဆေးတံအိုးသောက်ရှုရင်း အချိန်များစွာ ကုန်လွန်လေ့ရှိသည်။ ဆေးတံအိုးသောက်ရှုပြီး လက်ဖက်ရည်တစ်ခွက်ကို အရသာခံ၍ သောက်ကြသည်။ ကျွန်မသည် ထိုလက်ဖက်ရည်ဆိုင်မျိုးသို့ သွားရောက်လေ့မရှိ။ မိဘများက ကျွန်မကို ခွင့်မပြု။

ဥရောပ ကဖေးများမှာကဲ့သို့ပင် ဆီချွမ်လက်ဖက်ရည်များတွင်လည်း ဝါးတံဖြင့်ညှပ်ထားသည့် သတင်းစာများကို ဖတ်နိုင်သည်။ အချို့သည် လက်ဖက်ရည်ဆိုင်သို့ သတင်းစာဖတ်ရန်သွားကြသည်။ သို့သော်လည်း မူလရည်ရွယ်ချက်မှာ အချင်းချင်းတွေ့ဆုံ ပြောဆိုဆွေးနွေးရန်၊ သတင်းဖလှယ်ရန်နှင့် အတင်းပြောရန် ဖြစ်လေသည်။ ထိုနေရာတွင် ပုံပြောသူများလည်းရှိသည်။ တစ်ချိန်တည်းမှာပင် ဖြေဖျော်မှုရနိုင်သည်။

အမှန်စင်စစ် လက်ဖက်ရည်ဆိုင်၏ သဘာဝမှာ အချိန်အားကို ဖြုန်းသည့် သဘောသက်ဝင်လေရာ တော်လှန်ရေးအတွက် အကျိုးမဖြစ်ထွန်းလျှင် ပိတ်ပစ်ရန်သာအကြောင်းရှိသည်။ ပိုးမြစ်ကမ်းဘေးရှိ လက်ဖက်ရည်ဆိုင်ငယ်လေးတစ်ခုသို့ ကျွန်မတို့ ရောက်သွားသည်။ အဖော်များမှာ ဆယ့်သုံးနှစ်မှ ဆယ့်ခြောက်နှစ်အရွယ် တပ်နီလူငယ်များဖြစ်သည်။

သစ်ပင်ရိပ်တစ်ခုအောက်တွင် စားပွဲများ၊ ကုလားထိုင်များ ခင်းကျင်းထားသည်။ မြစ်ယံကို ဖြတ်၍ တိုက်ခတ်လာသည့် ညနေခင်းလေပြည် လေညင်းတွင် သင်းပျံ့သည့် ပန်းရနံ့များပါလာသည်။ လက်ဖက်ရည်သောက်လာ သူတို့မှာ ယောကျ်ားများဖြစ်ပြီး ကျွန်မတို့ ခြေသံများကြားလျှင် ခေါင်းထောင်၍ကြည့်သည်။ သစ်ပင်အောက်တွင် ကျွန်မတို့ ရပ်သည်။ ပြီးတော့ယခုလိုစ၍ အော်သည်။

"သိမ်းကြ၊ သိမ်းကြ၊ ဒီဘုရွှာနေရာမှာ အချိန်ဖြုန်းမနေကြနဲ့"။

ကျွန်မတို့အတန်းမှ ကောင်ကလေးတစ်ယောက်သည် ထိုင်နေသူများ၏ စစ်တုရင်ခုံကို ကောက်ယူပြီး အဝေးသို့ လွှင့်ပစ်လိုက်သည်။ စစ်တုရင်ရုပ်များ မြေကြီးပေါ်တွင် ပြန့်ကျဲကျန်ရစ်ခဲ့သည်။ စစ်တုရင်ကစားနေကြသူများမှာ လူရွယ်ယောကျ်ားများ ဖြစ်သည်။ တစ်ယောက်က လက်သီးများဆုပ်ပြီး ရှေ့သို့ပြေးထွက်လာသည်။ သို့သော်လည်း သူ့ သူငယ်ချင်းက အင်္ကျီစကိုဆွဲ၍ ထားသည်။ သူတို့လည်း စကားတစ်ခွန်းမျှ ပြန်မပြောတော့ဘဲ စစ်တုရင်ရုပ်များကို သိမ်းသည်။ စစ်တုရင်ခုံကို လွှင့်ပစ်သူ ကောင်လေးက "စစ်တုရင် မကစားရတော့ဘူး။ အဲဒါ ဘုရွှာအကျင့်ဆိုတာ ခင်ဗျားတို့ မသိဘူးလား" ဟု အော်ပြောသည်။ ထို့နောက် စစ်တုရင်ရုပ်များကို ကုန်း၍ ကောက်ကာ မြစ်ထဲသို့ လွှင့်ပစ်သည်။

ငယ်စဉ်ကပင် လူမှုဆက်ဆံရေး၌ ယဉ်ကျေးရမည်၊ ကြီးသူကို လေးစားရမည်ဟု ခံယူကြီးပြင်းခဲ့သည့် ကျွန်မမှာ ယခုအခါ တော်လှန်ရေးကျသည်ဆိုခြင်းမှာ ရန်လိုခြင်း၊ တက်ကြွခြင်းဟူ၍ နားလည်ရမည့် အခြေအနေနှင့် ကြုံကြိုက်နေရသည်။ ယခုမူ သိမ်မွေ့ခြင်းဆိုသည် ဓနရှင်ပေါက်စအမူအရာဖြစ်သည်ဟု သဘောထားလာကြသည်။ ကျွန်မမှာ သိမ်မွေ့လွန်းသဖြင့် မကြာခဏဝေဖန်ခံရသည်။ ထိုအကြောင်း တစ်ခုကြောင့်ပင် တပ်နီလူငယ်သို့ ဝင်ခွင့် မရခဲ့ခြင်းဖြစ်သည်။ ယဉ်ကျေးမှု တော်လှန်ရေးခေတ် တစ်လျှောက်လုံးတွင် လူပေါင်းများစွာတို့သည် "ကျေးဇူးတင်ပါတယ်" ဟူသော စကားကို ဖောဖောသီသီ သုံးသဖြင့် ဓနရှင်ပေါက်စတို့၏ ညာလှိုင်းသည့် အကျင့်စွဲနေပြီဟု ဝေဖန်ခံရသည်ကို ကိုယ်တွေ့ကြုံခဲ့ရဖူးသည်။ ယဉ်ကျေး သိမ်မွေ့ခြင်းသည် ပျောက်လုနီးပါး ဖြစ်လာသည်။

ယခုမူ လက်ဖက်ရည်ဆိုင်အပြင်ဘက်တွင် တပ်နီလူငယ်များသည် အမူအရာသစ်တစ်ခုဖြစ်သည့် သူတစ်ပါးကို အထက်စီးနှင့် ဗိုလ်ကျပြောဆို ဆက်ဆံနေသည်ကို စိတ်မသက်မသာဖြင့် မြင်နေကြားနေ ကြရသည်။ ကျွန်မတို့ အများစုမှာ ပါးစပ်ကို လုံးဝမဟကြ။ အချို့က ကြွေးကြော်သံပိုစတာများကို လက်ဖက်ရည်ဆိုင်နံရံ တွင်လည်းကောင်း၊ သစ်ပင်ပင်စည်တွင်လည်းကောင်း တိတ်တဆိတ် ကပ်နေကြသည်။ လက်ဖက်ရည်သောက်သူများသည် မြစ်ကမ်းအတိုင်း လျှောက်သွားကြသည်။ သူတို့ပျောက်ကွယ်သွားသည် အထိ ကြည့်နေရင်း ကျွန်မစိတ်မှာ တစ်စုံတစ်ခု ဆုံးရှုံးသွားပြီဟု ခံစားမိသည်။ လွန်ခဲ့သည့်

လအနည်းငယ်က ဆိုလျှင် ထိုလူရွယ်များက ကျွန်မတို့လမ်းမှားရောက်သွားပြီဟု ပြောချင်ပြောမည်။ ယခုမူ တပ်နီလူငယ်များကို မော်က ထောက်ခံအားပေးနေသည်ကို သူတို့သိသည်။ ထိုအကြောင်းများကို ပြန်ပြောင်းစဉ်းစားမိသည့်အခါ လူငယ်အချို့သည် လူကြီးများအပေါ် အနိုင်အထက် ပြောဆိုရသည့်အရသာကို ကြည်ကြည်နူးနူးခံစား မိလာလေသလားဟူသော အတွေး ဝင်လာသည်။ လူကြိုက်များသော တပ်နီ ကြွေးကြော်သံတစ်ခုမှာ "ငါတို့သည် ကောင်းကင်ကို ပျံတက်ပြီး မြေကြီးထဲ ဖောက်ထွင်းနိုင်သည့် သတ္တိရှိသည်။ ငါတို့၏ ခေါင်းဆောင်ကြီးဥက္ကဋ္ဌမော်သည် ငါတို့၏ သေနာပတိကြီးမဟုတ်လား" ဖြစ်သည်။ ထိုကြွေးကြော်သံ အလိုအရ တပ်နီလူငယ်များသည် လွတ်လပ်စွာ တွေးခေါ်ပြောဆိုနိုင် သူများမဟုတ်သည်မှာ ထင်ရှားသည်။ လက်မွန်မဆွကပင် သူတို့သည် အစမ္မမင်း တစ်ယောက်၏ အသုံးခံများ ဖြစ်နေသောကြောင့်တည်း။

၁၉၆၆ ဩဂုတ်လက မြစ်ကမ်းနဖူးပေါ်မှာ ကျွန်မရပ်နေသော်လည်း စိတ်ထဲမှာ ရှုပ်ထွေးထွေပြား နေသည်။ လက်ဖက်ရည်ဆိုင်သို့ အတန်းဖော်များနှင့် သွားခဲ့သည်။ အချို့က လက်ဖက်ရည်ဆိုင်ပိတ်ပစ်ရန် မန်နေဂျာအားပြောသည်။ အခြားသူများက နံရံများတွင် ကြွေးကြော်သံပိုစတာများ ကပ်သည်။ ဆိုင်ထိုင်နေကြသူ အများ အပြား ပြန်စပြုနေပြီ။ သို့သော်လည်း ထောင့်တစ်နေရာတွင် အဘိုးအိုတစ်ယောက် ဆိတ်ဆိတ်ထိုင်ပြီး လက်ဖက်ရည်သောက်နေသည်။ အဘိုးဘေးမှာ ကျွန်မထိုင်ပြီး ပါးစပ်က ထွက်ရတော့မည့် အမိန့်အာဏာစကားအတွက် စိတ်အနှောင့်အယှက် ဖြစ်နေမိသည်။ ကျွန်မကို သူ မော့ကြည့်သည်။ ပြီးတော့ လက်ဖက်ရည်ကို တစ်ငုံချင်း အသံမြည်အောင် သောက်သည်။ သူ့မျက်နှာမှာ ပါးရေများတွန့်လိပ်ကာ အရေး အကြောင်းများ ထင်နေသည်။ တကယ့်ဝါဒဖြန့်ရုပ်ပုံထဲက မပြောင်းလဲသော ပုံစံကျ "လုပ်သားပြည်သူ" မျက်နှာ မျိုးဖြစ်သည်။ သူ့လက်နှစ်ဖက်မှာ ကျောင်းသုံးစာအုပ်ထဲက လယ်သမားအဘိုးအို တစ်ယောက်၏ လက်များနှင့် တစ်ထေရာတည်းတူသည်။ ထိုလက်များသည် ဆူးပါသော ထင်းချောင်းကို မနာမကျင် စည်းနှောင်နိုင်သည့် လက် များဖြစ်သည်။

အမှန်စင်စစ် ထိုအဘိုးအို၏ ဇာတိဇာစ်မြစ်မှာ စောကြောစရာမလို။ သို့မဟုတ် သူ့အသက်အရွယ်မှာ ရိုသေလေးစားထိုက်သည် သေချာသည်။ သို့မဟုတ် သူသည် ကျွန်မကို ဘယ်ကောင်မလေးလဲ ဟူ၍ စိတ်မဝင်စားသည်မှာ ထင်ရှားသည်။ မည်သို့ဖြစ်စေ သူသည် ကျွန်မကို သတိမထားဘဲ သူ့နေရာမှာ သူထိုင်နေသည်။ ကျွန်မလည်း မနည်းပင် သတ္တိမွေး အားတင်းကာ လေသံတိုးတိုးဖြင့် "အဘိုးမပြန် တော့ဘူးလား" ဟု မေးသည်။ သူက ကျွန်မကို မကြည့်ဘဲ "ဘယ်ကိုပြန်ရမှာလဲ" ဟု ပြန်မေးသည်။

"အိမ်ကိုပေါ့"

ကျွန်မဘက်သို့ သူလှည့်သည်။ သူ့အသံမှာ တိုးသော်လည်း

စိတ်ထိခိုက်သံပါသည်။

"အိမ်ကို ဟုတ်လား။ ဘယ်အိမ်ကို ပြောတာလဲ။ ကျုပ်က မြေးနှစ်ယောက်နဲ့ အတူနေတာ။ သူတို့အိမ်ထောင့်တစ်နေရာမှာ ဝါးထရံကာပြီး နေရတယ်။ အိပ်ရုံ လေးပါ။ အဲဒါ ကျုပ်အိမ်ပဲ။ မြေးလေးတွေ အိမ်ပြန်လာကြရင် ကျုပ်က အေးဆေး ငြိမ်သက်မှုရတဲ့ ဒီနေရာကိုလာနေတယ်။ အဲဒီ အေးချမ်းမှုလေး ကျုပ်ဆီက ဘာဖြစ်လို့ မင်း ယူပြေးချင်ရတာလဲ"

သူ့စကားကြောင့် ကျွန်မ စိတ်မှာ ချောက်ချောက်ချားချားဖြစ်မိသည်။ ပြီးတော့ ရှက်သည်။ နုံချာသည့် ယခုလိုလူနေမှုဘဝကို ပထမဆုံးအကြိမ် တိုက်ရိုက် ကြားသိရခြင်း ဖြစ်သည်။ သူ့ဆီက လှည့်ထွက်ပြီး အဝေးသို့ ကျွန်မ လျှောက်သွားမိသည်။

ထိုလက်ဖက်ရည်ဆိုင်နှင့်အတူ ဆီချွမ်ပြည်နယ်တစ်ခုလုံးရှိ အခြား လက်ဖက်ရည်ဆိုင်များကို ဆယ့်ငါးနှစ်လုံးလုံး ပိတ်ထားသည်။ ၁၉၈၁တွင် တိန့်ရှောင်ဖိန်၏ ပြုပြင်ရေးအမိန့်များ ထွက်လာတော့မှ ပြန်၍ဖွင့်နိုင်သည်။ ၁၉၈၅တွင် ထိုလက်ဖက်ရည်ဆိုင်သို့ ဗြိတိသျှမိတ်ဆွေတစ်ယောက်နှင့်အတူ ပြန်ရောက်လာ ကာ သစ်ပင်အောက်မှာ ကျွန်မတို့ ထိုင်ကြသည်။ စားပွဲထိုးမလေးတစ်ယောက် ပြေးလာပြီး လက်ဖက်ရည်ခွက်များထဲသို့ ရေနွေးလောင်းထည့်ပေးသည်။ အနီးပတ်လည်တွင် လူအများ စစ်တုရင် ကစားနေကြသည်။ ဇာတိမြေသို့ ပြန်ရောက်သည်တွင် ထိုတစ်ကြိမ်သည် အပျော်ဆုံးအချိန်တစ်ခုဖြစ်သည်။

ယဉ်ကျေးမှုဟောင်းကို ဖျက်ဆီးပစ်ရမည်ဟု လင်ပြောင်ပြောသည့်အခါ ကျွန်မတို့ ကျောင်းမှ ကျောင်းသားများသည် အဟောင်းမှန်သမျှကို ဖျက်ဆီးပစ်သည်။ ကျောင်း၏သက်တမ်းမှာ အနှစ် နှစ်ထောင် ကျော်ပြီဖြစ်ရာ ရှေးဟောင်းပစ္စည်းအများ အပြားရှိသည်။ ဖျက်ဆီးစရာ တကယ့်နေရာကောင်းကြီး ပေတည်း။ အဝင်တံခါးမုခ်ဦး၊ ဘုရားကျောင်းထဲက မီးပူဇော်ရာ ကြေးအိုးကြီးများကို ဖြိုချ ဖျက်ဆီးသည်။ ကြေးအိုး တွင် ကျောင်းသားများက အပေါ့သွားသည်။ ကျောင်းနောက်က ပန်းခြံထဲတွင် ကျောက်ရုပ်ကလေးများကို ရိုက်ခွဲသည်။ အားကစား ကွင်းတစ်ဖက်တွင် ကွန်ဖျူးရှပ်၏ အဆိုအမိန့်များကို ကမ္ပည်းတင်ထားသည့် ပေနှစ်ဆယ်မြင့်သည့် ကျောက်စာတိုင်ကြီး တစ်ခုကို ကြိုးချည်ဖြိုချသည်။ အုတ်မြစ်များနက်သဖြင့် သုံးလေးရက်ဖျက်ဆီးမှ ပျက်စီးခြင်းသို့ ဆိုက်ရောက်သည်။ ထိုကမ္ပည်းတိုင် ပြိုကျလျှင် ဩဘာပေးကြပြီး ယင်းနောက်က အင်္ဂတေလမ်းကို မြေလှန်ပစ်သည်။

ကျွန်မ ချစ်သည့်အရာအားလုံး ပျောက်ပျက်သွားသည်။ ဝမ်းအနည်းဆုံးမှာ စာကြည့်တိုက်ကြီး မွှေနှောက်လုယက်ခံရခြင်း ဖြစ်သည်။ အားလုံး မြေလှန်ကာ စာအုပ်များ ဆုတ်ဖြဲပစ်သည်။ ပြီးလျှင် စက္ကူဖြူခပ်ကြီးကြီးကို ကြက်ခြေခတ်ပုံဏ္ဍာန် ကိုက်ညှပ်ပြီး တံခါးများ ပြတင်းများတွင် ကပ်ထားသည်။ အဆောက်အအုံတစ်ခုလုံး

ချိတ်ပိတ်ပြီးပြီဆိုသည့် သဘောဖြစ်သည်။

မော် အဖျက်ဆီးခိုင်းသည့် အမိန့်ထဲတွင် စာအုပ်များသည် အဓိက ပစ်မှတ်များဖြစ်သည်။ ထိုစာအုပ်တို့မှာ လွန်ခဲ့သည့် လအနည်းငယ်အတွင်း ရေးသည့် စာအုပ်များမဟုတ်လေရာ မော်ကို ကိုးကားသည့် စာများစာမျက်နှာတိုင်းတွင် မပါရှိ။ တပ်နီလူငယ်ချို့က ထိုစာအုပ်များကို "အဆိပ်ပင်" များဟု စွပ်စွဲကြေညာသည်။ မတ်ဝါဒ ကျမ်းရင်းများ၊ စတာလင်၊ မော်နှင့် ကွယ်လွန်သူ လူ့ရွှန်း၏ စာအုပ်များကလွဲလျှင် အားလုံးအဖျက်ဆီးခံရသည်။ မဒမ်မော်က လူ့ရွှန်း၏ စာများကို သူ့ပုဂ္ဂိုလ်ရေး ရန်ငြိုးများအတွက် အသုံးချသည်။ သို့ဖြစ်ရာ တရုတ်ပြည်တစ်ဝန်းရှိ စာအုပ်များ မီးအရှို့ခံရသည်။ စာပေအမွေအနှစ်မှန်သမျှ အားလုံးလိုလို ဆုံးရှုံးသည်။ ကျန်ကောင်းသည့် စာအုပ်များကို နောင်အခါ မီးထင်းအဖြစ် အသုံးပြုကြသည်။

ကျွန်မတို့ ကျောင်းတွင် မီးပုံတိုက်သည့် မီးပုံပွဲမဖြစ်။ ကျောင်း၏ တပ်နီ လူငယ်ခေါင်းဆောင်သည် လိပ်ပြာသန့်ပြီး တာဝန်သိသော ကျောင်းသားတစ်ယောက် ဖြစ်သည်။ သူသည် မိန်းမလို ကန့်ကလျရုပ်ရည်ရှိသည့် ဆယ့်ခုနစ်နှစ်အရွယ် ကျောင်းသားတစ်ယောက် ဖြစ်သည်။ သူ့ဆန္ဒကြောင့် မဟုတ်ဘဲ သူ့ အဖေမှာ ပြည်နယ်ပါတီခေါင်းဆောင်ဖြစ်၍ တပ်နီလူငယ်ခေါင်းဆောင် နေရာရသူဖြစ်သည်။ အရာရာဖျက်ဆီးသည်ကို သူ မတားနိုင်သော်လည်း စာအုပ်များကိုမူ မီးပုံထဲမရောက်အောင် သူဆောင်ရွက်နိုင်ခဲ့သည်။

လူတိုင်းနည်းတူ ကျွန်မလည်း တော်လှန်သည့်လုပ်ငန်းများတွင် ပါဝင်ရမည်ဖြစ်သည်။ သို့သော်လည်း ကျောင်းသားအများစုနည်းတူ ကျွန်မ တတ်နိုင်သမျှ ရှောင်နိုင်ခဲ့သည်။ အကြောင်းရှိသည်။ ဖျက်ဆီးရေး လုပ်ငန်းများသည် စုစုစည်းစည်း မရှိ။ ကျွန်မတို့ ပါဝင်ရမည်ဟုလည်း မည်သူမျှ ရေရေရာရာမသိ။ ကျောင်းသား အများစုသည် အဖျက်လုပ်ငန်းကို မုန်းသည်။ သို့သော်လည်း မည်သူကမျှ ဦးဆောင်၍ တားဆီးရန်မကြိုးစား။ ကျွန်မလိုပင် ကျောင်းသား ကျောင်းသူအများစုစိတ်ထဲတွင် အဖျက်လုပ်ငန်းမကောင်း၊ ဝမ်းနည်းစရာ ကောင်းသည်၊ ပျက်စီးသည်တို့ ပြန်လည် ပြုပြင်ရမည်ဟု ယူဆသည်။ အချင်းချင်းလည်း ပြောဆိုဆွေးနွေး ကြသည်။ သို့သော်လည်း ကန့်ကွက်လျှင်မူ ချက်ချင်း အရေးယူခံရမည်၊ ရှုတ်ချချေမှုန်းခံရ မည်ဟူ၍ စိတ်ထဲမှာ နားလည်ထားကြသည်။

ထိုအချိန်တွင် "စွဲချက်တင်ပွဲ" များသည် ယဉ်ကျေးမှုတော်လှန်ရေး၏ အဓိက လက္ခဏာတစ်ခု ဖြစ်လာသည်။ ထိုပွဲမျိုးတွင် သွေးရူးသွေးတန်း လူအုပ်သည် အမြဲတမ်း ပါဝင်သည်။ ပြီးတော့ ကိုယ်အင်္ဂါအစိတ်ပိုင်းတစ်ခုခုကို ကြမ်းတမ်းစွာ ရိုက်နှက်သည် တို့ပါရှိလာသည်။ ဤနေရာတွင် ပီကင်းတက္ကသိုလ်သည် ရှေ့ဆောင်ဌာနတစ်ခု ဖြစ်လာသည်။ ထိုပွဲကို မော်ကိုယ်တိုင်ကြီးကြပ်ကွပ်ကဲသည်။

ဇွန် ၁၈တွင် ပထမစွဲချက် တင်ပွဲကို ကျင်းပသည်။ ပါမောက္ခများ ဌာနမှူးများနှင့် တက္ကသိုလ်အဓိပတိအပါအဝင် ဆရာခြောက်ဆယ်ကျော် အရိုက်ခံရသည်။ အကန်အကျောက်ခံရသည်။ နာရီပေါင်းများစွာ ဒူးထောက် ထိုင်နေကြရသည်။ ဦးထုပ်ချွန်များ ဆောင်းစေသည်။ ဦးထုပ်ပေါ် တွင် အရှက်ရဖွယ် ကြွေးကြော်သံများ ရေးထားသည်။ မျက်နှာကို မင်နက်ဖြင့် ပက်ကြလောင်းကြသည်။ အနက်ရောင်သည် ဆိုးယုတ်သော အကုသိုလ် အရောင်ဖြစ်သည်။ သူတို့တစ်ကိုယ်လုံးတွင် ကြွေးကြော်သံစာရွက်များ အကပ်ခံရသည်။ ကျောင်းသား နှစ်ယောက်က ခေးစာခံတစ်ယောက်စီကို လက်နှစ်ဖက် နောက်ပြန်လိမ်ပြီး ရှေ့သို့ တွန်းတွန်းထိုးထိုး အရှိန်ဖြင့် တွန်းထုတ်သည်။ လက်မောင်းဆစ်များ လွဲသွားနိုင်သည် အထိ အရှိန်ပြင်းသည်။ ထိုကိုယ်အနေအထားကို "ဂျက်လေယာဉ်" ဟု ခေါ်သည်။ ဤသို့ဖြင့် တစ်နိုင်ငံလုံး ထိုပုံစံအတိုင်း စွဲချက်တင်ပွဲများ စွဲချက်တင်အစည်းအဝေးများ ကျင်းပကြသည်။

ထိုအစည်းအဝေးတစ်ခုသို့ ကျွန်မတို့ အတန်းက တပ်နီလူငယ်များခေါ် သဖြင့် လိုက်သွားသည်။ အလွန်ပူပြင်းသည့် တစ်နေ့လယ်ခင်းတွင် ထိတ်လန့်စရာ မြင်ကွင်းတစ်ခုကြောင့် ကျွန်မ ရင်ထဲမှာ အေးစိမ့်စိမ့်ဖြစ်လာသည်။ ကျွန်မတို့ကျောင်းက ဆရာတစ်ဒါဇင်လောက် အားကစားကွင်းစင်မြင့် တစ်ခုပေါ်တွင် ရပ်နေသည်ကို မြင်ရသည်။ သူတို့ ဦးခေါင်းများမှာ ရှေ့သို့ငိုက်ကျနေကြပြီး လက်မောင်းနှစ်ခုကို ဂျက်လေယာဉ်ပုံ အနေအထားအတိုင်း နောက်သို့ အနည်းငယ် လိမ်ချိုးထားသည်။ အချို့မှာ တံကောက်ကွေးများတွင် အကန်ခံရသည်။ ကျွန်မတို့ကို အင်္ဂလိပ်စာ သင်ပေးသည့် ဆရာလည်း ထိုအထဲတွင် ပါသည်။ ဆရာသည် အလွန်သိမ်မွေ့သည်။ ရှေးက လူကြီးလူကောင်းတစ်ယောက်မျိုးဖြစ်ပြီး အသက်ကြီးသည်။ ဆရာအပါအဝင် သူတို့အားလုံး ခုံတန်းရှည်တစ်ခုပေါ်မှ လက်နောက်ပြန်ပစ်ပြီး ကုန်းကွကွ ရပ်နေကြသည်။ ဆရာသည် သူ့ကိုယ် သူ မထိန်းနိုင်မဟန်နိုင်ဖြစ်ကာ ခုံတန်းပေါ်မှ ယိမ်းယိုင်ပြီး အောက်သို့ကျသည်တွင် နဖူးနှင့်ခုံစောင်းခိုက်မိကာ နဖူးကွဲသွားသည်။ သူ့အနားတွင် ရပ်နေသည့် တပ်နီလူငယ်သည် ကုန်းပြီး ဆရာ့ကို ဖေးကူမည်ဟန်ပြင်ပြီးမှ ကိုယ်ကို မတ်ကာ လက်သီးနှစ်ဖက်ဆုပ်ပြီး မာန်ပါပါရပ်သည်။ ပြီးတော့ "ခုံပေါ်ပြန်တက်" ဟု အော်ပြောသည်။ လူတန်းစားရန်သူကို သူချော့မော့မနေနိုင်။ ဆက်ဆံရေး ပျော့လွန်းသည်အထင် မခံနိုင်။ ဆရာ၏ နဖူးစောင်းမှ သွေးများယိုစီးကျလာပြီး ပါးပြင်မှာ ခဲနေသည်။

ဆရာသည် အခြားဆရာများနှင့်အတူ စွဲချက်တင်ခံရသည်။ ထူးထူးဆန်းဆန်း ပြစ်မှုများကျူးလွန်သည် ဟူ၍လည်း အစွပ်စွဲခံရသည်။ အဖြစ်မှန်မှာ ထိုဆရာ တစ်စုသည် အဆင့်တိုးမြှင့် သတ်မှတ်ခံရခြင်းသို့မဟုတ် တပည့်အချို့က သူတို့အပေါ် အာဃာတ မစင်ခြင်းတို့ကြောင့် ဖြစ်သည်။

နောင်အခါ အကြောင်းစုံ သိခွင့်ကြုံရသည်။ ကျွန်မတို့ ကျောင်းမှ

ကျောင်းသားများသည် အခြားကျောင်းသားများနှင့် စာလျှင် ဆက်ဆံရေးပြေပြစ်သည်။ သူတို့သည် သိက္ခာရှိသော ကျောင်းမှ ကျောင်းသားများဖြစ်ရာ အောင်မြင်ပြီး ပညာတော်ကြသည်။ စာကြိုးစားကြသည်။ ခပ်ကြမ်းကြမ်း ယောကျ်ားလေး ကျောင်းသားများရှိသော ကျောင်းတွင် ဆရာများမှာ သေဆုံးသွားသည်အထိ အရိုက် အနှက်ဒဏ်ခပ်ပြင်းပြင်း ခံရသည်။ ကျွန်မတို့ကျောင်းတွင် ရိုက်နှက်သည်ကို တစ်ကြိမ်သာ တွေ့ဖူးသည်။ ဒသနိက ဗေဒကိုသင်ပြသည့် ဆရာမသည် အတန်းတွင် စာမကြိုးစားသူအချို့ကို ထုတ်ပစ်သည်။ အချို့က သူ့ကိုမုန်းပြီး ယခုအခွင့်သာသည်တွင် ခေတ်နောက်ပြန်ဆွဲ တစ်ယောက်ဟု စွပ်စွဲသည်။

ယဉ်ကျေးမှုတော်လှန်ရေးတွင် အလွန်အကျွံ တရားသေကျသည်တို့ ရှိလာသည်ကို ဆရာမ၏ ဖြစ်ရပ်မှ သိနားလည်နိုင်သည်။ သူနှင့်သူ့ခင်ပွန်းဖြစ်မည့် သူတို့ ဘတ်စ်ကားစီးရင်း တွေ့ဆုံကြသည်။ ပြောကြဆိုကြ ဆက်ဆံကြနှင့် ကြာသော်ရင်းနှီးလာပြီး ချစ်ကြိုက်သွားကြသည်။ ယခုလို ဘတ်စ်ကားပေါ်တွေ့ရာမှ ချစ်ကြိုက်ကာ အိမ်ထောင်ပြုကြသည်ကို အကျင့် ပျက်သည်ဟု ယူဆသည်။ သို့ဖြစ်ရာ ကောင်ကလေးများက ဆရာမကို ရုံးတစ်ခုသို့ ခေါ်သွားပြီး “တော်လှန်ရေးပြစ်ဒဏ်များ” ပေးသည်။ ဤသည်မှာ လူတစ်ယောက်အား ရိုက်နှက်ဆုံးမသည်ကို စကားလှအောင် ပြောဆိုသည့် အသုံးအနှုန်းဖြစ်သည်။ ဆရာမ ကို မရိုက်နှက်မီ ကျွန်မကိုခေါ်ပြီး သူတို့စီရင်သည်ကို ကြည့်စေသည်။ “သူချစ်တဲ့ တပည့်ကိုမြင်ရင် သူ ဘယ်လိုထင်မလဲ” ဟူ၍ သူတို့က ပြောသည်။

ဆရာမက ကျွန်မ စာတော်ကြောင်း မကြာခဏ ချီးမွမ်းသည်။ ပြီးတော့ “တော်လှန်ရေးသင်ခန်းစာ” ရစေချင်သဖြင့် အမှုစီရင်သည့်နေရာတွင် ကျွန်မ ရှိနေစေချင်သည်ဟူ၍လည်း ပြောသည်။

စတင်ရိုက်နှက်လျှင် ကျွန်မလည်း အခန်းတစ်ခုကို ဝိုင်းအုံနေသော ကျောင်းသားများကြားမှ နောက်တန်းသို့ ကျုံ့ဝင်လိုက်သည်။ အတန်းဖော်အချို့က ကျွန်မကို တံတောင်နှင့်တွက်ကာ ရှေ့သို့တိုးခိုင်းပြီး ရိုက်နှက်ခိုင်းသည်။ သူတို့ စကား ကျွန်မ နားမထောင်။ လူအုပ်အလယ်တွင် ဆရာမကို ဝိုင်း၍ရိုက်နှက်ကြသည်။ ဆရာမမှာ ဆံပင်တွေ ဖိုးရိုးဖားရားနှင့် ကြမ်းပြင်တွင် လူးလွန့်နေသည်။ ပြီးတော့ မရိုက်ကြပါနှင့်ဟု တောင်းပန်သည်။ ရိုက်နှက်သူတို့က “အခုမှ တောင်းပန်နေတယ် ပေါ့။ ခင်ဗျား ရက်စက်တုန်းက ရက်စက်ခဲ့တယ်မဟုတ်လား။ ကဲ အခု ကျကျနန တောင်းပန်” ဟု ပြောသည်။ ထို့နောက် ဆက်လက်၍ ရိုက်နှက်ပြီး “ကျွန်မအသက်ကို ချမ်းသာပေးပါလို့ တောင်းပန်” ဟု ပြောကာ သူတို့အား ရှိခိုးခိုင်းသည်။ လူတစ်ယောက် ကို ရှိခိုးပြီး အသက်ကိုချမ်းသာပေးပါဟု တောင်းပန်ရသူမှာ အောက်အချို့ရဆုံး ကိစ္စဖြစ်သည်။ ဆရာမသည် ထ၍ထိုင်ကာ ရှေ့ကို ငေးတိငေးကြောင်ကြည့်သည်။

ထုံးနှောင်တားသော သူ့ဆံပင်များ အကြားမှ သူ့မျက်လုံးများကို မြင်ရသည်။

ထိုမျက်လုံးများတွင် နာကျင်ပြင်းပြသည့် ဝေဒနာ၊ မျှော်လင့်ချက်ကင်းမဲ့ခြင်းနှင့် အချည်းနှီးဖြစ်ရခြင်းတို့ကို တွေ့ရသည်။ ဆရာမသည် ပင့်သက်ရှူနေသည်။ သူ့မျက်နှာ မှာ မွဲပြာရောင် ညို့နေသည်။ ကျွန်မလည်း အခန်းထဲမှ တိတ်တဆိတ် ထွက်လာခဲ့သည်။ ကျွန်မ နောက်သို့ ကျောင်းသားအများအပြား လိုက်လာသည်။ နောက်ဘက် တွင် ကြွေးကြော် သံများ အော်ဟစ်နေကြသည်ကို ကြားရသည်။ သို့သော်လည်း သူတို့ အသံများမှာ ထက်ထက်သန်သန်မရှိ။ စကားလုံးလည်း မပီသ မသဲကွဲ။ ကျွန်မလည်း ခပ်မြန်မြန် ထွက်လာခဲ့သည်။ ရင်ထဲက တဒိန်းဒိန်းမြည်နေသော နှလုံးခုန်သံကို ကြားနေရသည်။ လူမိသွားပြီး အရိုက်နှက်ခံရမှာ ကျွန်မ ကြောက်သည်။ သို့သော် လည်း ဘယ်သူမျှ နောက်ကလိုက်မလာ။ နောင်တွင်လည်း ထိုကိစ္စကြောင့် ပြစ်တင် ခြင်းမရှိ။

ထိုအချိန်တွင် တပ်နီလူငယ်များကို သုံးစုခွဲခြားသည်။ "အနီ" "အနက်" နှင့် "အညို" တို့ဖြစ်သည်။ အနီအုပ်စုတွင် "အလုပ်သမား၊ လယ်သမား၊ တော်လှန်သော အရာရှိများနှင့် တော်လှန်သော အာဇာနည်များမှ ဆင်းသက်လာသူများ" ပါဝင်သည်။ "အနက်" အုပ်စုတွင် "မြေရှင်၊ ချမ်းသာသော လယ်သမား၊ တန်ပြန်တော်လှန်ရေး သမား၊ ဆိုးသွမ်းသူများနှင့် လက်ျာသမားများ" ၏ သားသမီးများ ပါဝင်သည်။ "အညို" အုပ်စုတွင် မရေရာသော ဘဝဇာတိ ရှိသူ မိသားစုများ ဥပမာ ဆိုင်ထိုင်လက်ထောက် လူတန်းစားနှင့် စာရေး စာချီများ၏ သားသမီးများပါဝင်သည်။ ကျွန်မကျောင်းဝင်သည့် နှစ်တွင် ဆန်ခါစစ်ပြီး လက်ခံသဖြင့် ကျောင်းသားအားလုံးလိုလို အနီများ ဖြစ်မည် ထင်သည်။ သို့သော်လည်း ယဉ်ကျေးမှုတော်လှန်ရေး၏ တွန်းအားအရ လူကြမ်းဇာတ်လိုက် အချို့တော့ တွေ့ရမည်ထင်သည်။ သို့ဖြစ်ရာ ကျောင်းသား တစ်ဒါဇင်ကျော်ကျော်မှာ အညိုရောင်သို့မဟုတ် အနက်ရောင် အုပ်စုဝင်ဖြစ်သွား ကြသည်။

ကျွန်မတို့နှစ်တွင် "အေလင်း" ဆိုသော ကျောင်းသူလေးတစ်ယောက်ရှိသည်။ ကျွန်မတို့မှာ ငယ်သူငယ်ချင်းများဖြစ်သည်။ သူ့အိမ်သို့ ရောက်ဖူးပြီး သူ့ မိသားစုကို ကျွန်မ သိသည်။ သူ့အဘိုးသည် ထင်ရှားသည့် စီးပွားရေးပါရဂူ တစ်ယောက်ဖြစ်သည်။ သူတို့သည် ကွန်မြူနစ်အစိုးရလက်ထက်တွင် အခွင့်ထူးခံ မိသားစုဖြစ်လာသည်။ သူတို့အိမ်မှာ အလွန်ကြီးကျယ်ခမ်းနားသည်။ ဗိမ်ရှိရှိနေကြ သူများဖြစ်သည်။ ပန်းခြံမှာ အလွန်လှသည်။ ကျွန်မတို့အိမ်ခန်းနှင့် လားလားမျှ မဆိုင်။ သူတို့အိမ်တွင် စုဆောင်းထားသည့် ပစ္စည်းများအနက် ကျွန်မ အနှစ်သက်ဆုံးမှာသူ့အဘိုး အင်္ဂလန်ပြည် အောက်စဖို့သို့ ပညာသင်သွားစဉ် ၁၉၂၀ လောက်က သယ်ဆောင်လာခဲ့သည့် နာရီဖူးများဖြစ်သည်။

ယခု ချက်ချင်းလိုလိုပင် "အေလင်း" သည် "အနက်" တစ်ယောက်ဖြစ် သွားသည်။ သူ့အတန်းမှ ကျောင်းသားများ သူ့အိမ်ထဲဝင်ပြီး ဖျက်ဆီးချေမှုန်းသည်။ နာရီဖူးများ ပျက်စီးသွားသည်။ သူ့မိဘများနှင့် အဘိုးကို ခါးပတ်ခေါင်းနှင့်

ရိုက်သည်။ နောက် တစ်နေ့တွင် အေလင်းကို ခေါင်းမှာ ပုဝါလွှမ်းလျက် တွေ့ရသည်။ သူ့ ခေါင်းကို တပ်နီ လူငယ်တို့က ရိတ်ကာ ယင်နှင့်ယန်ခေါင်းအဖြစ် ဖန်တီးလိုက်သည်။ သို့ဖြစ်ရာ အေလင်းသည် သူ့ခေါင်းကို ပြောင်အောင်ရိတ်ပစ်လိုက်သည်။ ကျွန်မကို တွေ့သောအခါ အေလင်း ငိုသည်။ သူ့ကို နှစ်သိမ့်နိုင်မည့်စကားလုံးများ မရှိတော့သဖြင့် ကျွန်မ ရင်ထဲမှာ ဟာသွားသည်။

ကျွန်မတို့အတန်းတွင် တပ်နီလူငယ်များက အစည်းအဝေးတစ်ခု ကျင်းပပြီး မိသားစုသမိုင်းအရ အုပ်စုသတ်မှတ်သည်။ ကျွန်မမှာ "တော်လှန်ရေးခေါင်းဆောင်" မျိုးနွယ်အဖြစ် အသတ်မှတ်ခံရသည်။ ကျောင်းသားသုံးလေး ယောက်မှာ "ရုံးဝန်ထမ်း" မျိုးနွယ်ဝင်များ ဖြစ်သွားသည်။ ယင်းမှာ ထိုအချိန် သတ်မှတ်ချက်အရ "ခေါင်းဆောင်" အတန်းအစားနှင့်မတူ။ အတန်းအစား သတ်မှတ်ပုံမှာ မတိကျ။ မပြတ်သား။ ဆိုင်ထိုင် လက်ထောက်တစ်ယောက်၏ သမီးကို ရုံးဝန်ထမ်းသားသမီးများနှင့်အတူ "အညို ရောင်" ဟု သတ်မှတ်ခံရသည်။ သူတို့ကို စောင့်ကြည့်နေသည်။ သူတို့သည် ကျောင်းဝင်းကို သန့်ရှင်းရေးလုပ်ရသည်။ အိမ်သာများ ဆေးရသည်။ သူတို့အတွေးအခေါ် ပြောင်းလဲသလား၊ မပြောင်းလဲဘူးလား ပြီးတော့ နေ့စဉ်အပြုအမူ ဘယ်လို လဲဟူသည်တို့ကို မှန်မှန်အစီရင်ခံရသည်။

ထိုကျောင်းသားလေးများ၏ အမူအရာအပြောင်းလဲသွားသည်။ အနှိမ်ခံရသဖြင့် အနေကျုံ့သွားသည်။ သတ္တိနှင့် စိတ်အားထက်သန်မှုတို့လည်း မရှိတော့။ ကျောင်းသူလေးတစ်ယောက်မှာ ခေါင်းငိုက်စိုက်ကျကာ မျက်ရည်များ ဖြိုင်ဖြိုင်ကျ နေသည်။ သူနှင့်ကျွန်မတို့မှာ သူငယ်ချင်းများဖြစ်သည်။ အစည်းအဝေးပြီးဆုံးသည့် အခါ သူ့ကို ကျွန်မ သွား၍ တွေ့သည်။ နှစ်သိမ့်စကားတစ်ခုခု ပြောချင်သည်။ သို့သော် လည်း သူခေါင်းမော့ကြည့်သည့်အခါ သူ့မျက်လုံး များတွင် မကျေနပ်သည့် ဒေါသနှင့် အမုန်းတို့ကို တွေ့လိုက်ရသည်။ စကား တစ်လုံးမျှ မပြောတော့ဘဲ ကျွန်မ ထွက်လာခဲ့သည်။ ပြီးတော့ မတည်ငြိမ်သော ကိုယ် စိတ်ဖြင့် ကျောင်းဝင်းအနှံ့ လျှောက်သွားနေသည်။ စံပယ်ရုံမှ စံပယ်နံ့ သင်းလာသည်။ အမွှေးနံ့ဆိုတာ ရှိနေသည်ပင် ထူးဆန်းနေ သည် ထင်မိသည်။

ညနေမှောင်ရီပျိုးချိန်တွင် ဘုံအိပ်ခန်းဆောင်ဒုတိယထပ် ပြတင်းမှ တစ်စုံတစ်ခုကို ရုတ်တရက် မြင်လိုက်ရသည်။ လူတစ်ယောက် အောက်သို့ ကျသွားသည့် မြင်ကွင်းဖြစ်သည်။ ခဏကြာလျှင် "တစ်ယောက်ယောက် ပြတင်းက ခုန်ချတယ်" ဟူသော သတင်းစကားကြားရသည်။

ကျွန်မလည်း လက်နှစ်ဖက်မြှောက်ကာ မျက်လုံးစုံပိတ်ပြီး အခန်းထဲမှ ထွက်ပြေးသည်။ ကျွန်မ အလွန်ကြောက်ရွံ့လာသည်။ လူအများပြောသံဆိုသံ ကြားရသည်။

ဆယ့်ခုနစ်နှစ်အရွယ် ကျောင်းသူတစ်ယောက် သူ့ကိုယ်သူ သတ်သေရန်

ကြိုးစားခြင်းဖြစ်သည်။ ယဉ်ကျေးမှုတော်လှန်ရေးမဖြစ်မီက သူသည် ကွန်မြူနစ်လူငယ်အဖွဲ့ခေါင်းဆောင်တစ်ယောက်ဖြစ်သည်။ လေဖန်းထံမှ သင်ကြားခြင်းဖြင့် စံပြခေါင်းဆောင်တစ်ယောက်ဖြစ်အောင် သူကြိုးစားနေသည်။ ကောင်းသည့် အလုပ်များ သူလုပ်သည်။ မော်၏ သင်ကြားချက်များကို လေ့လာဖတ်ရှုသည်။ အဖော် ကျောင်းသား တစ်ယောက်နှင့် မကြာခဏ ဆွေးနွေးသည်ကို မြင်ကြရသည်။ ယခုမူ သူ့ကို "အနက်" အုပ်စု စာရင်းထဲ သွင်းလိုက်သည်။ သူ့အဖေမှာ ရုံးဝန်ထမ်းဖြစ်ပြီး မျူနီစပယ်ရုံး၌ ပါတီဝင်ဖြစ်သည်။ သို့သော်လည်း သူ၏ အတန်းဖော်အချို့က သူ့အပေါ် အပြစ်ပေးစရာတစ်ခုတွေ့သည်။ သူတို့အဖေများမှာ ရာထူးကြီးများ ရထားသူများ ဖြစ်သည်။ သုံးလေးရက်အတွင်း ထိုကောင်မလေးကို အခြား "အနက်" များ၊ "အညို" များနှင့်အတူ အစောင့်အကြပ် ချထားခြင်းခံရသည်။ ထို့ကြောင့် ကစားကွင်း၌ မြက်နုတ်ခိုင်းသည်။ သိက္ခာချရန် အလွန်လှသည့်ဆံပင်ကို ခေါင်းတုံး ရိတ်ပစ်လိုက်သည်။ ထိုညနေတွင် အတန်းသား "အနီ" များက သူနှင့်အခြား ခေါင်းစားခံများကို ပြစ်တင်ကြိမ်းမောင်းသည်။ သူက ဥက္ကဋ္ဌမော်ကို သူတို့ထက်ပို၍ သစ္စာရှိကြောင်း ပြန်ပြောသည်။ "အနီ" များက သူ့ကို ဝိုင်း၍ ပါးရိုက်ကာ သူသည် ယခု လူတန်းစားရန်သူဖြစ်နေပြီးဖြစ်၍ ဥက္ကဋ္ဌမော်အပေါ် သစ္စာရှိကြောင်း မပြော ထိုက်ဟု ဆိုသည်။ ဤသို့ဖြင့် သူလည်း ပြတင်းဆီသို့ အတင်းပြေးသွားပြီး အောက်သို့ ခုန်ချလိုက်သည်။

တပ်နီလူငယ်များက သူ့ကို သယ်ယူပြီးဆေးရုံသို့ ပို့သည်။ သူကား မသေ။ သို့သော်လည်း ခြေထောက်ကျိုးနှင့် နေသွားရတော့သည်။ လများစွာ ကြာပြီးမနောက် သူ့ကို လမ်းပေါ်မှာ ချိုင်းထောက်နှင့် တွေ့ရသည်။ သူ့မျက်လုံးများမှာ ငေးကြောင် ကြောင်ဖြစ်နေသည်။

သူသေကြောင်းကြံသည့်ညက ကျွန်မ အိပ်မပျော်။ မျက်လုံးစုံမှိတ်ထားသော်လည်း သွေးသံရဲရဲနှင့် တစ်စုံတစ်ယောက် ကျွန်မအပေါ် မိုးအုပ်နေသည်ကို မသဲမကွဲ မြင်နေရသည်။ နောက်တစ်နေ့တွင် နာဖျားခွင့်တောင်းရာ ခွင့်ပေးသည်။ ကျောင်း၏ ငရဲခန်းများမှ ကင်းဝေးရာသည် အိမ်ပင်ဖြစ်သည်ထင်သည်။ အိမ်မှ အပြင် လောကသို့ ဘယ်တော့မှ မထွက်ချင်တော့ပေ။

****

[၁၇]

သားသမီးတွေကို "အနက်" တွေ ဖြစ်စေချင်သလား။

အဖေနှင့်အမေ၏ ဆုပ်လည်းစူး စားလည်းရှူး ဘဝ

(ဩဂုတ် - အောက်တိုဘာ ၁၉၆၆)

ကျွန်မအဖို့ အိမ်သည်လည်း ခိုလှုံရာနေရာမဟုတ်သည်ကို ကြုံရသည်။ အဖေနှင့် အမေမှာ အာရုံပျံ့လွင့်နေဟန်တူသည်။ သို့မဟုတ် စိတ်ထွေပြားနေခြင်းပဲ ဖြစ်မည် ထင်သည်။ အဖေသည် ခါတိုင်းလို အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် မလျှောက်တော့ဘဲ စာကြည့်ခန်းထဲမှာ တစ်ယောက်တည်း ပိတ်လှောင်နေသည်။ အမေသည် စက္ကူလုံးများကို မီးဖိုထဲသို့ တစ်လုံးပြီးတစ်လုံး ပစ်သွင်းနေသည်။ အဘွားသည်လည်း တစ်စုံတစ်ခု စိတ်ရှုပ်စရာ ဖြစ်လာတော့မည်လားဟု ပူပန်နေဟန်တူသည်။ အဖေနှင့် အမေတို့ကို စိုးရိမ်စိတ်ဖြင့် စိုက်ကြည့်နေတတ်သည်။ ကျွန်မလည်း အကြောက်လွန် စိတ်ဖြင့် သူတို့ကို အကဲခတ်သည်။ ဘာဖြစ်တာလဲ ဟူ၍ကား မမေးရဲပေ။

လွန်ခဲ့သည့် ညနေခင်းများတွင် အဖေနှင့်အမေတို့ ခေါင်းချင်းဆိုင်ကာ စကားတွေပြောကြသည်။ ဘာဟူ၍ကား ကျွန်မ မသိရ။ ပြတင်းကို ဖွင့်ပြီး အတူယှဉ်ထိုင်နေကြစဉ် အပြင်ဘက်တွင် အသံချဲ့စက်မှ စကားပြောသံများ ကြားနေရသည်။ မော်၏ ဟောပြောချက်များကို ရွတ်ဖတ်နေခြင်းဖြစ်သည်။ တော်လှန်ရေးတိုင်းသည် အကြမ်းဖက်သည်သာတည်းဟူသော ကောက်ချက်များလည်း ပါသည်။ ဥပမာ စကား တစ်ခုမှာ "လူတန်းစားတစ်ခုက နောက်လူတန်းစားတစ်ခုကို ကြမ်းကြမ်းတမ်းတမ်း တွန်းလှန်ဖြိုဖျက်ခြင်း" ဖြစ်သည်။ မော်၏ ကိုးကားချက်များကို တစ်ခုပြီး တစ်ခုအော်၍ ဖတ်သည်။ ထို့နောက် တပ်နီလူငယ်များ၏ အောင်ပွဲများကို တစ်ခုပြီး တစ်ခု ကြေညာသည်။ သူတို့သည် "လူတန်းစားရန်သူ" များကို တစ်ယောက်ပြီး တစ်ယောက် ချေမှုန်း ကာ သူတို့မွေးထားသည့် ခွေးများကို ခေါင်းရိုက်ခွဲသတ်ပစ်ကြသည်။

အဖေသည် ဝင်တော့မည့် နေလုံးနီနီရဲရဲကို ထိုင်ကြည့်နေသည်။ ပြီးတော့ အမေ့ဘက်သို့ လှည့်ကာ

"ယဉ်ကျေးမှုတော်လှန်ရေးကို ငါ နားမလည်ဘူး။ ဒါပေမယ့် အခု ဖြစ်ပျက်နေတာတော့ အများကြီးမှားတယ်ထင်တာပဲ။ အဲဒီ တော်လှန်ရေးကို မတ်ဝါဒ ဒါမှမဟုတ် ကွန်မြူနစ်သဘောတရား တွေနဲ့လည်း ညှိလို့ မရနိုင်ဘူး ထင်တယ်။ လူတွေ မှာ အခြေခံအခွင့်အရေးနဲ့ မိမိကိုယ်မိမိ ကာကွယ်ပိုင်ခွင့် တွေဆုံးရှုံးလာပြီ။ အဲဒါကို ထုတ်ပြောလို့မရဘူး။ ငါဟာ ကွန်မြူနစ်တစ်ယောက်ဆိုတော့ ဆိုးဆိုးဝါးဝါးမဖြစ် အောင် တားမြစ်ဖို့ တာဝန်ရှိတယ်။ ပါတီခေါင်းဆောင်မှုဆီကို

စာရေးမယ်။ ဥက္ကဋ္ဌ မော်ဆီကို စာရေးမယ်” ဟု တိုးတိုးပြောသည်။

တရုတ်ပြည်တွင် မကျေနပ်ချက်ကို ဖွင့်ဟတင်ပြနိုင်သည့် အခြားနည်းလမ်းမရှိ။ သို့မဟုတ် အစိုးရပေါ်လစီကို ဩဇာမပေးနိုင်။ ခေါင်းဆောင်များဆီ စာရေးပန်ကြားရန် နည်းလမ်းတစ်ခုသာရှိသည်။ ယခုကိစ္စတွင် ဥက္ကဋ္ဌမော်တစ်ယောက်သာ အခြေအနေကို ပြောင်းအောင်လုပ်နိုင်လိမ့်မည်။ မော်အကြောင်း အဖေ တွေးသည်။ တစ်ခုတည်းသောနည်းလမ်းမှာ သူ့ဆီ စာရေးရန်ပင်ဖြစ်သည်ဟု အဖြေထွက်သည်။

အမေကမူ အတိုင်အတောလုပ်ခြင်းသည် အလွန်ကြောက်စရာကောင်းသည်ဟု သူ့အတွေ့အကြုံအရ သိသည်။ အတိုင်အတောလုပ်သူတွေနှင့် သူတို့ မိသားစုမှာသာ ပြန်၍ ဒဏ်ခတ်ခံရသည်။ အမေသည် အကြာကြီး စကားမပြောဘဲ နေကာ အဝေးတွင် လောင်မြိုက်နေသော နေလုံးနီရဲရဲကို ငေးကြည့်နေပြီး သူ့စိုးရိမ်မှု နှင့် ဒေါသများ၊ ပြီးတော့ အချည်းနှီးဖြစ်ရသည်များကို ဆင်ခြင်သုံးသပ်ကြည့်သည်။ “မီးထဲတိုးတဲ့ ပိုးဖလံဘာလို့ ဖြစ်ချင်ရတာလဲ” ဟု နောက်ဆုံးစကားတစ်ခွန်းပြောသည်။

အဖေက “ဒီမီးက ရိုးရိုးမီးမဟုတ်ဘူး။ လူပေါင်းများစွာရဲ့ သေရေးရှင်ရေးနဲ့ ပတ်သက်နေတယ်။ ဒီတစ်ခါတော့ တစ်ခုခု ငါလုပ်ရမယ်” ဟု ပြောသည်။

အမေ တဆတ်ဆတ်တုန်လာသည်။

“ရှင့်အတွက် ရှင်မစဉ်းစားဘူးဆိုတာ ထားပါတော့။ မိန်းမကိုလည်း မစဉ်းစားဘူး။ ဒါလည်း ကျွန်မ လက်ခံပါတယ်။ ဒါပေမယ့် ကလေးတွေကို ထည့်စဉ်းစားဦးမှပေါ့။ ရှင်တစ်ခုခုဖြစ်သွားရင် သူတို့ ဘယ်လိုဖြစ်သွားမယ် ထင်သလဲ။ ရှင့်သားသမီးတွေကို “အနက်” တွေ ဖြစ်စေချင်သလား။”

အဖေသည် အစဉ်းစားကြီးစဉ်းစားကာ ယခုလိုပြောသည်။ သူ့ကိုယ်သူလည်း ဆုံးမချင်ဟန်တူသည်။

“လူတိုင်း သားသမီးကို ချစ်ကြတာပဲ။ ကျားဆိုတာ သားကောင်ကို ခုန်အုပ်ခါနီးမှာ အမြဲနောက်ကိုလှည့်ပြီး သူ့ကလေး လုံခြုံရဲ့လားလို့ ကြည့်တယ်။ လူမပြောနဲ့ လူသားစားတိရစ္ဆာန်တောင် သားသမီးကိုချစ်တယ်။ ဒါပေမယ့် ကွန်မြူနစ်ဆိုတာ သည့်ထက်ပိုပြီး စိတ်ထားမွန်မြတ်ရမယ်။ သူ့သားသမီးသာမဟုတ်ဘူး တခြားကလေး တွေကိုလည်း စဉ်းစားရမယ်။ ခေးစာခံတွေရဲ့ သားသမီးတွေ ဘယ်လို ခံစားကြရ မလဲ။

အမေသည် ထိုင်ရာမှ ထထွက်သွားသည်။ သူ့ယောကျ်ားမှာ ပြောလို့ ရမည့် လူစားမျိုးမဟုတ်။ သူ အခန်းရောက်လျှင် ချုံးပွဲချငိုသည်။

မော်ထံသို့ အဖေ စာစ၍ရေးသည်။ ရေးပြီးလျှင်ဆုတ်သည်။ နောက်တစ်စောင်ထပ်၍ ရေးသည်။ မကြိုက်ပြန်သဖြင့် ဆုတ်သည်။ နောက်ထပ်ရေးသည်။ အဖေသည် စည်းကမ်းကြီးသူဖြစ်သည်။ မော်ဆီ စာရေးသည့်ကိစ္စမှာ အသေးအဖွဲ မဟုတ်။ ဆိုလိုသည်ကို တိုတိုရှင်းရှင်းရေးမည်။ နောက်ဆက်တွဲတွေမဖြစ်လာအောင် ပြောရမည်။ အထူးသဖြင့် မိသားစုကို အထိခိုက်မခံနိုင်။

တစ်နည်းဆိုလျှင် သူ၏ ဝေဖန်ရေးကို ဝေဖန်ရေးဟု မထင်အောင် ရေးရမည်။ မော်ကို စိတ်ဆိုးအောင်သူ မလုပ်ရဲ။

ဖွန်လကတည်းက စာရေးမည် အဖေစိတ်ကူးခဲ့သည်။ သူ့အပေါင်းအသင်း ရဲဘော်များစွာ ခေါ်စာခံဖြစ်ခဲ့ရသည်။ သူတို့အတွက် အဖေ ပြောချင်သည်။ သို့သော်လည်း ဖြစ်ရပ်တွေတစ်ခုပြီးတစ်ခု ဆက်တိုက်ပေါ်လာသည့်အခါ ပြောချိန်မရ။ သည်အထဲတွင် သူကိုယ်တိုင် သားကောင်ဖြစ်မည့် အရိပ်အယောင်များ ပြလာသည်။ တစ်နေ့တွင် ချိန်တူမြို့လယ်၌ ပိုစတာအကြီးကြီးတစ်ခု အမေ တွေ့လာသည်။ ဆီချွမ်တွင် ယဉ်ကျေးမှုတော်လှန်ရေးကို ဆန့်ကျင်သူ နံပါတ်တစ်မှာ အဖေဖြစ်သည်ဟု နာမည်ထုတ်ဖော်ရေးသားထားသည်။ စွဲချက်နှစ်ခုအပေါ် အခြေတည်သည်။ လွန်ခဲ့သည့် ဆောင်းရာသီက မင် မင်း ဆက်လက်ထက်က မှူးမတ်ကြီးတစ်ယောက်အား အခြေခံသည့် ပြဇာတ်များက ပြခြင်းကို ရှုတ်ချသည့် ဆောင်းပါးတစ်စောင် သတင်းတွင် ဖော်ပြရန်တင်ပြသည့်အခါ အဖေ ကန့်ကွက်ခဲ့သည်။ ဆောင်းပါးများရေးရန် မူလအစပျိုးသူမှာ မော် ကိုယ်တိုင်ဖြစ်သည်။

တစ်ဖန်နိုင်ငံရေးညွှန်းပန်းမှုကို ဆန့်ကျင်ပြီး ယဉ်ကျေးမှုတော်လှန်ရေးကို နိုင်ငံရေးမပါသည့် စကားစစ်ထိုးပွဲ အသွင်သာ ဖြစ်အောင် ကြိုးစားခဲ့ပြီး “ဧပြီမှတ်တမ်း” ကို အဖေ ရေးခဲ့သည်။

မြို့လယ်က ပို့စတာအကြောင်း အမေ ပြောပြသောအခါ အဖေက ချက်ချင်းပင် ဤသည်မှာ ပြည်နယ်ပါတီခေါင်းဆောင်များ၏ လက်ချက်ဖြစ်သည်ဟု ပြန်ပြောသည်။ ထိုစွဲချက်နှစ်ခုသည် ထိပ်ပိုင်းက အသိုင်းအဝိုင်းငယ် ကလေးလောက်သာသိသည့် ကိစ္စဖြစ်သည်။ သို့ဖြစ်ရာ သူတို့က အဖေ့ကို ခေါ်စာခံလုပ်ချင်သည်မှာ ထင်ရှားသည်။ ဘာကြောင့်ဆိုသည်လည်း အဖေ သိသည်။ ချိန်တူတက္ကသိုလ်များမှ ကျောင်းသားများသည် ပြည်နယ်ပါတီခေါင်းဆောင်များကို စ၍ ဝေဖန်ချင်သည်။ တက္ကသိုလ်ကျောင်းသားများ သည် ယဉ်ကျေးမှုတော်လှန်ရေးနှင့် ပတ်သက်သည့် သတင်းအပြည့်အစုံကို အလယ်တန်း ကျောင်းသားများ ထက် ပို၍သိသည်။ မော်၏ ရည်ရွယ်ချက်မှာ ကွန်မျူနစ်ပါတီခေါင်းဆောင်များကို တိုက်ခိုက်ရန်ဖြစ်သည်။ အရင်းရှင်လမ်းလိုက်သူများမှာ သူတို့ပင် ဖြစ်သည်ဟု မော်ထင်မြင်ယူဆသည်။ ကျောင်းသားများစွာတို့မှာ ပါတီခေါင်းဆောင်ကြီးများ၏ သားသမီးများမဟုတ်ကြ။ ပါတီခေါင်းဆောင်ကြီးများသည် ၁၉၄၉ ပြည်သူ့သမ္မတနိုင်ငံထူထောင်ပြီးမှ အိမ်ထောင်ပြုကြသူများ ဖြစ်သည်။ သို့ဖြစ်ရာ သူတို့တွင် တက္ကသိုလ်ကျောင်းသား အရွယ် သားသမီးများ မရှိနိုင်။ ယခုလို မူလအခြေအနေအတိုင်း ရှိနေသည်ကို ကျောင်းသားများ မကျေနပ်။ ပါတီခေါင်းဆောင်များဘက်သို့ မြားဦးလှည့်ချင်သည်။

အလယ်တန်းကျောင်းသားများ သောင်းကျန်းခဲ့သည်တို့ကို ဆီချွမ် အာဏာပိုင်တို့ မကြိုက်။ ဒေါသဖြစ်သည်။ သို့သော်လည်း

တက္ကသိုလ်ကျောင်းသားများကပို၍ အထိတ်တလန့်ဖြစ်စေသည်။ ကျောင်းသားများ စိတ်ကျေနပ်အောင် ထင်ရှားသည့် ခေးစာခံတစ်ယောက်ရှာရမည်ဟု သူတို့နားလည်သည်။ အဖေသည် “ယဉ်ကျေးမှု” ဌာနတွင် ထိပ်ပိုင်းခေါင်းဆောင်တစ်ယောက် ဖြစ်သည်။ ထိုဌာနသည် ယဉ်ကျေးမှုတော်လှန်ရေး၏ အဓိကပစ်မှတ်ဖြစ်လာသည်။ တစ်ဖန် အဖေသည် သူ့မူနှင့်သူ နေသူဖြစ်သည်။ မူကိုအထိခိုက်မခံဟု နာမည်ကြီးသည်။ တစ်စိတ်တည်း တစ်ဝမ်းတည်းရှိပြီး အမိန့်ကို လိုက်နာရမည့် အချိန်မျိုးတွင် အဖေမပါဘဲ သူတို့ လုပ်နိုင် သည်ဟု ပါတီခေါင်းဆောင်များထင် မှတ်နေကြသည်။

အဖေဒုက္ခရောက်ဖို့သေချာသွားပြီ။ ဩဂုတ် ၂၆ တွင် ဆီချွမ်တက္ကသိုလ် ကျောင်းသားများ ဦးစီးကျင်းပသည့် အစည်းအဝေးသို့ တက်ရန် အဖေကို ပြောသည်။

သူတို့သည် တက္ကသိုလ်ရုံးအဖွဲ့ကို ဝေဖန်ပြီးပြီ။ ယခုပါတီခေါင်းဆောင်များ၏ အလှည့်ဖြစ်သည်။ အစည်းအဝေးမှာ ကျောင်းသားများက စွဲချက်များတင်သည်ကို ပြည်နယ်ပါတီခေါင်းဆောင်များ နားထောင်ရသည့် အခမ်းအနားဖြစ်သည်။ နိုင်ငံရေးမှူးလီသည် ထိပ်တန်းပါတီခေါင်းဆောင်များနှင့် အတူ စင်မြင့်ထက်မှာ ထိုင်သည်။ ချိန်တူမြို့တွင် အကြီးမားဆုံးခန်းမကြီးတစ်ခုလုံး ကျပ်သိပ်နေအောင် ပြည်သူသို့ တက်လာကြသည်။

ကျောင်းသားအများအပြားသည် မှောင့်ရှောင့်ရန်တက်လာကြသည်။ တစ်ခဏချင်းအတွင်းမှာပင် ခန်းမကြီးတစ်ခုလုံး ကျွက်ကျွက်ညံနေသည်။ ကျောင်းသားများသည် ကြွေးကြော်သံများ ဟစ်ကြွေးကြသည်။ အလံများလွှင့်ထူကာ လှုပ်ယမ်းကြသည်။ ပြီးတော့ စင်မြင့်ထက်သို့ ပြေးလွှားခုန်တက်ကာ စကားပြောခွက်ကို ရယူရန် ကြိုးစားသည်။ အဖေသည် အစည်းအဝေး၏ သဘာပတိ မဟုတ်။ သို့သော်လည်း သူ့အား အခြေအနေကို ထိန်းပေးပါဟု တောင်းဆိုသည်။ ကျောင်းသားထုကို အဖေ ရင်ဆိုင်ထိန်းသိမ်းနေစဉ် အခြားပါတီခေါင်းဆောင်များအစည်းအဝေးမှ လစ်ထွက် ပြေးကြသည်။

“ရဲဘော်တို့ဟာ ပညာတတ်ကျောင်းသားတွေလား ဒါမှမဟုတ် တေလေကြမ်းပိုးတွေလား”

အဖေအော်၍ မေးသည်။

“ရဲဘော်တို့ အကျိုးသင့် အကြောင်းသင့် ပြောကြပါ”

ယေဘုယျအားဖြင့် တရုတ်ပြည်တွင် ပါတီခေါင်းဆောင်များသည် ရာထူးနှင့် အညီ ခပ်အေးအေး အမူအရာကို ဆောင်ကြသည်။ သို့သော်လည်း အဖေသည် ကျောင်းသားတစ်ယောက်လို အော်၍ ပြောသည်။ မေးသည်။ အဖေ ကံဆိုးသည်။ မှန်မှန်ကန်ကန်ဖြစ်အောင် ထိန်းသိမ်းသည်ကို သူတို့ လက်မခံ။ သို့ဖြစ်ရာ အော်ဟစ် ကြွေးကြော်ဆူညံနေသည့်အကြားမှ အဖေ ထွက်လာခဲ့သည်။ ထိုနောက် သူ့အား “ခေါင်းအမာဆုံး အရင်းရှင်လမ်းလိုက်သူ၊ ယဉ်ကျေးမှုတော်လှန်ရေးကို

အစွဲကြီးကြီးဖြင့် ဆန့်ကျင်နေသူ” ဟု စွပ်စွဲပြီး ပိုစတာကြီးများရေးကာ အစည်းအဝေးခန်းမနံရံများတွင် ကပ်ကြသည်။

ထိုအစည်းအဝေးသည် အရေးပါသော ဖြစ်ရပ်တစ်ခုဖြစ်လာသည်။ ထို အစည်းအဝေးကို အကြောင်းပြုကာ ဆီချွမ်တက္ကသိုလ် တပ်နီလူငယ်အုပ်စုက “ဩဂုတ် ၂၆ အုပ်စု” ဟူသော နာမည်ကို ယူလိုက်ကြသည်။ ထိုအုပ်စုသည် ပြည်နယ်အတိုင်း အတာအထိ ကျယ်ပြန့်သည့် အမြုတေ အဖွဲ့အစည်း ဖြစ်လာသည်။ ပြည်သူသန်းပေါင်းများစွာ ပါဝင်ပူးပေါင်းကြပြီး ဆီချွမ်ပြည်နယ်၏ ယဉ်ကျေးမှုတော်လှန်ရေး အဓိက အင်အားစု ဖြစ်လာသည်။

အစည်းအဝေးနောက်ပိုင်းတွင် ပြည်နယ်အာဏာပိုင်တို့က အဖေ့အား သူ့အသက်စည်းစိမ် ကာကွယ်ရန် မည်သည့်အကြောင်းကြောင့်မှ နေအိမ်မှ အပြင်သို့ မထွက်ရဟု အမိန့်တစ်ခု ထုတ်သည်။ ပထမ ကျောင်းသားထုနှင့် ရင်ဆိုင်ခိုင်းသည်။ ထိုနောက် အိမ်မှာအကျယ်ချုပ်နှင့်နေစေသည်။ ထိုအကြောင်းတို့ကို မော်ထံပေးသည့် စာတွင် ဖော်ပြထားသည်။ တစ်ညတွင် အဖေသည် မျက်ရည်များလည်လျက် အမေ့အား သူ့စာကို ပီကင်းသို့ သွား၍ပို့ပေးရန် ပြောသည်။ ယခု သူသည် လွတ်လပ်စွာ မလှုပ်ရှားနိုင်တော့ပြီ။

မော်ထံသို့ စာရေးသည်ကို အမေ သဘောမတူ။ ယခုမူ စိတ်ထားပြောင်းသွားသည်။ လက်ရှိအနေအထားမှာ အဖေကို သားကောင်အဖြစ် ဖန်တီးလိုက်ကြခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ အတော်ကျယ်ပြန့်သည်။ သူ့သားသမီးများ “အနက်များ” ဖြစ်လာတော့မည်။ “အနက်” ဆိုသည်မှာ မည်မျှတာသွားသည်ကို အမေ သိသည်။ တစ်ခုတည်းသော နည်းလမ်းသာ ကျန်တော့သည်။ မည်မျှပင် မျှော်လင့်ချက်ဝေး စေကာမူ ပီကင်းသို့သွားရောက်ခြင်းသည်သာလျှင် သူ့ခင်ပွန်းနှင့် သားသမီးများကို အဖြစ်ဆိုး ဘဝဆိုးမှ ကယ်တင်နိုင်မည့်နည်းလမ်း ဖြစ်မည်ထင်သည်။

ဩဂုတ်လ နောက်ဆုံးနေ့တွင် အဖေအမေတို့ အခန်းမှ အသံများကြား ၍ မေးငိုက်နေရာမှ ကျွန်မ လန့်နိုးသည်။ အဖေ၏ စာကြည့်ခန်းဆီသို့ ခြေဖျားထောက်၍ ကျွန်မ သွားသည်။ တံခါးတစ်ခြမ်းပွင့်နေသည်။ အဖေသည် အခန်း အလယ်တွင် ရပ်နေသည်။ သူ့ဘေးတွင် လူတွေဝိုင်းနေသည်။ သူတို့ကို ကျွန်မ မှတ်မိသည်။ သူ့ဌာနမှ အပေါင်းအသင်းများဖြစ်သည်။ အားလုံး မျက်နှာထားတင်းတင်း အရယ်အပြုံးကင်းကင်းနှင့်ဖြစ်သည်။ အဖေက

“ကျွန်တော့်ကိုယ်စား ပြည်နယ်အာဏာပိုင်အဖွဲ့ဝင်တွေကို ကျေးဇူးစကား ပြောပေးပါ။ သူတို့တတွေ စိတ်ပူတယ်ကြားရလို့ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်တော် ဘယ်မှာမှ ပုန်းလို့မနေနိုင်ပါဘူး။ ကွန်မြူနစ်တစ်ယောက်ဟာ ကျောင်းသား တွေကို ကြောက်ဖို့မလိုပါဘူး” ဟု ပြောနေသည်။

သူ့အသံသည် တည်ငြိမ်သည်။ သို့သော်လည်း ကြေကွဲဝမ်းနည်းသံ ပါသည်။ ယင်းကို ကျွန်မစိုးရိမ်မိသည်။ ထို့နောက် ပုဂ္ဂိုလ်ကြီးတစ်ယောက်၏ ခြိမ်းခြောက်

သံကို ကြားရသည်။

"ဒါပေမယ့် ညွှန်မှူးချင်ခင်ဗျား၊ ပါတီက အရာရာကို သိပါတယ်။ တက္ကသိုလ်ကျောင်းသားတွေက ခင်ဗျားကို ဝေဖန်တိုက်ခိုက်နေကြပြီ။ သူတို့ဘက်က ကြမ်းလာ နိုင်တယ်။ ခင်ဗျားကို လုံခြုံတဲ့နေရာမှာ ထားသင့်တယ်လို့ ပါတီက ယုံကြည်တယ်။ အဲဒါ ပါတီရဲ့ ဆုံးဖြတ်ချက်ပဲ။ ကွန်မြူနစ်တစ်ယောက်ဆိုတာ ပါတီရဲ့ဆုံးဖြတ်ချက်ကို အကြွင်းမဲ့လက်ခံရမယ်။"

ခဏမျှ တိတ်ဆိတ်နေသည်။ ပြီးမှ အဖေက

"ပါတီရဲ့ဆုံးဖြတ်ချက်ကို ကျွန်တော် လိုက်နာပါမယ်။ ခင်ဗျားတို့နဲ့ အတူ လိုက်ပါမယ်" ဟု တိုးတိုးပြောသည်။

"ဒါပေမယ့် ဘယ်ကိုလဲ"

အမေ၏ အသံကြားရသည်။ ထိုအခါ စိတ်မရှည်သော အသံတစ်သံက ဖြေသည်။

"ပါတီရဲ့ညွှန်ကြားချက်က ဘယ်သူမှ သိဖို့မလိုဘူးတဲ့"

အခန်းထဲမှ ထွက်လာသည့်အခါ ကျွန်မကို အဖေမြင်ပြီး လက်ကိုဖမ်း၍ ဆုပ်ကိုင်ထားသည်။ ပြီးတော့ "အဖေ ခဏအဝေးကို သွားမလို့။ အမေ့ အပေါ် မဆိုးနဲ့နော်။ ကောင်းကောင်းနေနော်" ဟု ပြောသည်။

အမေနှင့် ကျွန်မ အဖေ့ကို ခြံဝင်းတံခါးဝအထိ လိုက်ပို့သည်။ ထိုလမ်း တစ်လျှောက် အဖေ့ဌာနမှလူများ စီတန်းရပ်နေကြသည်။ ကျွန်မ ရင်မှာတဒိန်းဒိန်း ခုန်လာပြီး ခြေထောက်များမှာ ဝါဂွမ်းနှင့်လုပ်ထားသလား အောက်မေ့ရသည်။ အဖေ သည် စိတ်လှုပ်ရှားနေသည်။ ကျွန်မလက်ကို ကိုင်ထားသည့် သူ့လက်မှာ တဆတ် ဆတ်တုန်နေသည်။ ကျွန်မက ကျန်လက်တစ်ဖက်ဖြင့် အဖေ့လက်ကို ခပ်နာနာ ရိုက်လိုက်သည်။

ခြံဝင်းတံခါးပြင်ဘက်တွင် ကားတစ်စီးရပ်နေသည်။ အဖေ့အတွက် တံခါး ဖွင့်ပေးသည်။ ကားထဲတွင် ရှေ့ခန်းမှာ လူတစ်ယောက်၊ နောက်ခန်းမှာ လူတစ်ယောက် ရှိသည်။ အမေ၏မျက်နှာ တင်းပြီး တည်ငြိမ်သည်။ အဖေ့မျက်လုံးကို သူစိုက်ကြည့်ပြီး "မပူနဲ့ ကျွန်မ တာဝန်ယူမယ်" ဟု ပြောသည်။ အမေ့ကိုရော ကျွန်မကိုပါ ပွေ့ဖက်ခြင်းမပြုဘဲ အဖေ ထွက်ခွာသွားသည်။ တရုတ်လူမျိုးတို့သည် ထူးခြား သော အချိန်အခါများမှာပင် လူထဲ၌ မေတ္တာစိတ်ကို ပြလေ့မရှိ။

အဖေ့ကို ထောင်သွင်းအကျဉ်းချမည်မထင်။ "အကာအကွယ်ပေးရန်" ဟူသော အကြောင်းပြချက် ကြောင့်ဖြစ်သည်။ ဆယ့်လေးနှစ်သမီးဖြစ်သဖြင့် အာဏာပိုင်အဖွဲ့၏ သိုသိပ်သော လုပ်ထုံးလုပ်နည်းကို ကျွန်မ အကဲမခတ်တတ်သေး။ မရိုးသားသော အမူအရာများကိုမူ တွေ့ရသည်။ အကြောင်းမှာ အမေ့၏ ဒူးနှစ်ဖက်လှုပ်ရှားသဖြင့် အိပ်ပျော်သွားရာမှ ကျွန်မ နိုးလာသည်။ ခေါင်းထောင်ကြည့်လိုက်လျှင် ရှေ့တွင် ရပ်နေသည့် မိုးကာအင်္ကျီဝတ်

လူနှစ်ယောက်ကို မြင်ရသည်။ အသံတိုးတိုးဖြင့် ပြောဆိုဆွေးနွေးနေကြသည်။ ဘာတွေပြောနေ သည်ကို ကျွန်မ မသိ။ သူတို့ကို ယောကျ်ားလား၊ မိန်းမလား ဟူ၍ပင် မခွဲခြားနိုင်။ အမေက "တပ်နီလူငယ်တွေကို ကျွန်မ အော်ခေါ်လိုက် မယ်" ဟု ခပ်မာမာပြောသည် ကို ကြားရသည်။ ထို့နောက် သူတို့လည်း အချင်းချင်းတီးတိုးပြောကာ ခပ်မြန်မြန် ထွက်သွားကြသည်။ လူသူ အတွေ့မခံချင်သည်မှာ သိသာသည်။

အရုဏ်တက်လျှင် ပီကင်းရထားပေါ်တွင် အမေပါသွားသည်။

နောင်နှစ်ပေါင်းများစွာကြာမှ ထိုစဉ်က ဖြစ်ပျက်ပုံကို အမေက ပြန်လည် ပြောပြသည်။ ထိုညက ရောက်လာကြသူနှစ်ယောက်မှာ အဖေ၏ ဌာနမှ အမျိုးသမီး ခေါင်းဆောင်နှစ်ယောက်ဖြစ်သည်။ ပီကင်းသို့ အမေသွားခြင်းသည် "ပါတီ ဆန့်ကျင်ရေး" လုပ်ရပ်တစ်ခုဖြစ်သည်ဟု ပြောသည်။ အမေက ပါတီဝင် တိုင်းတွင် ခေါင်းဆောင်ကြီးများထံ အယူခံခွင့်ရှိသည်ဟု ပြန်ပြောသည်။ သူတို့က ဘူတာပြင်ဘက်မှာ ရပ်ထားခဲ့သည့်ကားထဲတွင် အတင်းအကျပ်ဆွဲ ခေါ်နိုင်မည့် ယောကျ်ားကြီး များ ပါလာသည်ဟု ဆိုသည်။ ထိုအခါ အမေက ဘူတာဝန်းကျင်တွင်ရှိသည့် တပ်နီ လူငယ်များကို အော်၍ တိုင်တန်းမည်ဟု ပြန်ပြောသည်။ ဥက္ကဋ္ဌကြီး မော်နှင့်တွေ့ရန် ပီကင်းသို့သွားမည်ကို တားမြစ်နေကြောင်း ပြောပြမည်ဆိုသည်။

"သူတို့က အမေထက်ဦးအောင် အမေဟာ ထွက်ပြေးမယ့် လူတန်းစား ရန်သူပါလို့ တပ်နီလူငယ်တွေကို ပြောရင် ဘယ်လိုလုပ်မလဲ"

ကျွန်မ ကမေးသည်။

"သူတို့ သည်လောက်အထိ မစွန့်စားရဲဘူးလို့ အမေတွက်ထားတယ်။ ဘာပဲဖြစ်ဖြစ် တို့ကတော့ အရာရာကို ရင်ဆိုင်ရမှာပဲ။ တခြားနည်းလမ်းမရှိတော့ဘူးလေ"

ပီကင်းတွင် အဖေ၏ စာကို နစ်နာချက်တိုင်ကြားသည့်ရုံးသို့ ပေးလိုက်သည်။ တရုတ်သမိုင်း တစ်လျှောက်လုံးတွင် မင်းဧကရာဇ်သည် ပြည်သူ့ဟာစ်တိုင် ရုံးများဖွင့်လှစ်ပြီး မကျေနပ်သည်ကို တိုင်ကြားခွင့်ပြုခဲ့သည်။ မင်းဧကရာဇ် လက်ထက်တွင် လွတ်လပ်သည့် တရားရုံးစနစ်မရှိ။ ထိုအစဉ်အလာကို ကွန်မြူနစ်များ အမွေ ဆက်ခံခဲ့သည်။ ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် ကွန်မြူနစ်ခေါင်းဆောင်များ အရေးနိမ့်စပြုလာသည့်အခါ ပီကင်းသို့ တိုင်ကြားရန် လာသူတွေ များပြားလာသည်။ သို့သော်လည်း ယဉ်ကျေးမှုတော်လှန်ရေး အာဏာပိုင်အဖွဲ့က "လူတန်းစားရန်သူ"သည် တိုင်တောခွင့်မရှိ။ အရင်းရှင်လမ်းကြောင်း လိုက်သူကိုပင် အပြစ်မရှာရဟု အမိန့်ထုတ်ထားသည်။ အတိုင်အတောထူလျှင် ပြစ်ဒဏ်နှစ်ဆ ခံရလိမ့်မည်။

အဖေ့ကိစ္စမျိုး ပီကင်းသို့ရောက်ခဲသည်။ သို့ဖြစ်ရာ အမေ့ကို အထူးအလေး ပေးနားထောင်သည်။ ပီကင်းသို့ သွားကြသူများအနက် အမေလို ဇနီးများမှာ

ရှားသည်။ အဖေ၏ကိစ္စမှာ အစွပ်စွဲခံရသူနှင့် စွပ်စွဲသူအကြား “ရန်ငါပြတ်” အောင် တင်ပြရသည့် အမှုမျိုးဖြစ်သည်။ ဓားစာခံများအတွက် အယူခံလွှာတင်သည့် ကိစ္စမျိုး မဟုတ်။ ထိုအချိန်က ယဉ်ကျေးမှုတော်လှန်ရေး ခေါင်းဆောင် တစ်ယောက် ဖြစ်သည့် ဗဟိုပြည်သူ့ရေးရာဌာန အကြီးအကဲ ဒုတိယဝန်ကြီးချုပ် တာအိုချူသည် အမေ့ကို ချက်ချင်းလက်ခံတွေ့ဆုံသည်။ အမေက အဖေ၏ စာကို ပေးပြီး အမြန်လွှတ်ရန် ဆီချွမ် အာဏာပိုင်တို့ထံ အမိန့်တစ်ခုထုတ်ပြန်ပေးပါဟု ပြောသည်။ အမေ့စကားကို သူ ယုံသည်။ အဖေ့ကိစ္စမျိုး တစ်ပြည်လုံးတွင် ဖြစ်ပေါ်နေသည်။ ပါတီခေါင်းဆောင်များသည် မိမိတို့ အပြစ်လွတ်အောင် ဓားစာခံများ အပူတပြင်း ရှာနေကြသည်။ တာအိုက လွှတ်မိန့်ကို အမေ့လက်သို့အပ်သည်။ လမ်းစဉ်အတိုင်း စာတစ်စောင် နောက်က လိုက်လာလိမ့်မည်။ အမေ့စာမှာ မြန်မည်။

ထိုသို့ တာအိုချူက အရေးတယူဆောင်ရွက်ဖန်များလာသည့်အခါ သူကိုယ်တိုင်ပင် လျူရှောက်ချီနှင့် တိန့်ရှောင်ဖိန်တို့ပြီးလျှင် အရင်းရှင်လမ်းကြောင်းလိုက်သူ တတိယပုဂ္ဂိုလ်ဖြစ်လာပြီး ရှုတ်ချခံရသည်။

ထိုအတွင်း တာအိုချူ၏စာကို လက်ရေးဖြင့် အမေ မိတ္တူကူးပြီး အဘွား ထံသို့ ပို့လိုက်သည်။ သူ့ဌာနသို့ပြကာ လွှတ်ရန်တောင်းဆိုဖို့ စာရေးလိုက်သည်။ သူကိုယ်တိုင်မူ ဆီချွမ်သို့ မပြန်သေး။ အဖေ လွတ်မှပြန်မည်။ သို့မဟုတ်ဘဲ ယခုပြန် သွားလျှင် သူ့ကို ဖမ်းကြလိမ့်မည်။ ပီကင်းမှာနေပြီး ဆက်လက်၍ တိုက်ပွဲဆင်သည် ကကောင်းသည်ဟု အမေ ယူဆသည်။

အဘွားက တာအိုချူ၏ စာကို ပြည်နယ်အာဏာပိုင်တို့အား ပြသည်။ သူတို့က နားလည်မှုလွဲခြင်းသာ ဖြစ်သည်၊ အမေ အမြန်ပြန်လာပါဟု ပြောသည်။

ကျွန်မတို့ အိမ်ခန်းသို့ ခေါင်းဆောင်များကြိမ်ဖန်များစွာ ရောက်လာပြီး အဘွားအား ပီကင်းသို့သွားကာ အမေ့ကို ခေါ်ပေးပါဟု ပြောကြသည်။ “အမေ့သမီးက ကျွန်တော်တို့စကားကို နားမထောင်ဘဲ ပီကင်းသွားတော့ သူဟာ ပါတီဆန့်ကျင်သူ ဖြစ်သွားပြီ။ သူပြန်လာရင် ခွင့်လွှတ်မယ်” ဟု ပြောကြသည်။

အဘွားစိတ်မချမ်းသာ။ အမှုက သူ့သမီးကိုပါ လာ၍ပတ်နေသည် မဟုတ်လား။ အဖေမှာ စိတ်ထိခိုက်ပြီး ချောက်ချောက်ချားချား ဖြစ်နေသည်၊ အမေ ပြန်လာမှဆေးရုံတင်နိုင်မည်ဟု အဘွားကို သူတို့ နားပူသံကပ်လုပ်ကြသည်။

သူတို့က အဘွားအား မီးရထားလက်မှတ်နှစ်စောင်ပေးသည်။ တစ်စောင် မှာ ရှောက်ဖန်အတွက်ဖြစ်ပြီး ပီကင်းသို့အတူသွားရန်ဖြစ်သည်။ ထိုသတင်း အမေကြားလျှင် အဖေ၏ ဌာနသို့ ကြေးနန်းရိုက်ကာ သူပြန်လာပြီဟု အကြောင်းကြားသည်။ အောက်တိုဘာဒုတိယပတ်တွင် အမေသည် အဘွား ရှောက်ဖန်တို့နှင့်အတူ ဆီချွမ်သို့ ပြန်လာသည်။

စက်တင်ဘာတစ်လလုံး ကျွန်မသည် အဘွားနှင့်အတူ အိမ်မှာ ရှိနေသည်။ အဘွားမှာ စိတ်ပူနေသည်။ ကျွန်မကလည်း ဘာတွေ ဖြစ်နေမှန်းမသိ။ အဖေ ဘယ် ရောက်နေသလဲ။ အဖမ်းခံရသလား။ အဖေ့ကို အကာအကွယ်ပေးထားတာလား။

ကျွန်မတို့ မိသားစု ဒုက္ခရောက်နေတာလား၊ မရောက်ဘူးလား။ ဘာမျှမသိ။ ဘယ်သူကမျှလည်း ဘာမျှမပြော။

ကျွန်မအိမ်မှာ နေနိုင်သည်မှာ တပ်နီလူငယ်အဖွဲ့အစည်းသည် ပါတီလောက် တင်းတင်းကျပ်ကျပ် ထိန်းချုပ်ခြင်း မပြုသောကြောင့်ဖြစ်သည်။ စက်တင်ဘာလကုန်တွင်မူ အမျိုးသားနေ့ဖြစ်သည့် အောက်တိုဘာ ၁ မတိုင်မီ ကျောင်းသို့ပြန်လာပါ၊ သို့မှ တပ်နီလူငယ်သို့ ဝင်နိုင်မည်ဟု ကျွန်မ၏ ဘုဂလန့် ခေါင်းဆောင် “ဂင်” က တယ်လီဖုန်းဆက်သည်။

ကျွန်မကို တပ်နီလူငယ်သို့ အတင်းအကျပ်အဝင်မခိုင်း။ ပတ်ဝန်းကျင်တွင် ဘာတွေဖြစ်ပျက်နေသည် ကျွန်မ မသိ။ ယဉ်ကျေးမှုတော်လှန်ရေး သို့မဟုတ် တပ်နီ လူငယ်ဆိုသည်ကိုလည်း ဘာတွေလဲဟု စူးစမ်းလိုစိတ် မဝင်စား။ ယင်းတို့မှာ မော်၏ ဖန်တီးမှုများဖြစ်သည်။ မော်ဆိုသည်မှာ စောကြောစရာ ပုဂ္ဂိုလ်မဟုတ်။

ထိုအချိန်ကမူ ကျွန်မမှာ များစွာသော တရုတ်တို့နည်းတူ မှန်မှန်ကန် ကန်တွေးတောနိုင်စွမ်းမရှိ။ ကြောက်ဖို့သာ ပထမဆုံးစဉ်းစားမိသည်။

ကျောင်းသို့ပြန်ရောက်လျှင် “အနီ” အုပ်စုက သူတို့ကိုဘာကြောင့် တပ်နီ လူငယ်သို့ ဝင်ခွင့်မပြုသလဲဟု ဆူဆူပူပူမေးမြန်းသည်နှင့် ကြုံကြိုက်သည်။ သို့ဖြစ်ရာ အမျိုးသားနေ့တွင် ပါဝင်ဖို့လိုသည်။ ဤသို့ဖြင့် မိသားစုကို ယဉ်ကျေးမှု တော်လှန်ရေးက ဒုက္ခပေးသည့် ကာလမှာပင် ကျွန်မသည် တပ်နီလူငယ်အဖွဲ့ ဝင်တစ်ယောက် ဖြစ်လာသည်။

တပ်နီလူငယ်ဖြစ်လာသည့်အခါ စစ်ယူနီဖောင်းအဟောင်းများကို ရှာကြံ၍ ဝတ်ရန်ကြိုးစားသည်။ သေတ္တာအောက်ဆုံးမှ အမေ၏ လီနင်ဝတ်စုံဟောင်းကို ထုတ်ပြီး လက်မောင်းက လက်ပတ်အနီအတွင်း ရွှေစာလုံးများကို ကြည့်ပြီး တက်ကြွလာသည်။ အဖေ့ပစ္စည်း အမေ့ပစ္စည်းတို့နှင့် ပေါင်းစပ်လိုက်သည့်အခါ ကျွန်မကိုယ်ပေါ်မှာ ပြည့်စုံသွားသည်။ သို့သော်လည်း လမ်းမများပေါ် လျှောက်သည့်အခါ မနေတတ် မထိုင်တတ် ဖြစ်မိသည်။ ကျွန်မ ရုပ်ပုံလွှာမှာ ခပ်ကြွကြွဖြစ်နေသည်။

ပီကင်းသို့ အဘွားလိုက်သွားသည်။ ကျွန်မမှာ တပ်နီလူငယ်သို့ဝင် စဖြစ်သဖြင့် ကျောင်းမှာ အမြဲလိုလို နေရသည်။ အိမ်က အဖြစ်အပျက်ကြောင့် ကျောင်းမှာ အမြဲလိုလိုထိတ်လန့်နေရသည်။ အနက်အုပ်စုနှင့် အညိုအုပ်စုတို့ တံမြက်လှည်းပြီး အိမ်သာဆေးနေသည်ကို မြင်ရလျှင် ထိုအုပ်စုထဲ ကိုယ်ပါသွားသလို စိတ်ထဲမှာ ခံစားမိသည်။ ညအခါ အိမ်များသို့ဝင်ရောက် စစ်ဆေးရန် တပ်နီလူငယ်များ ထွက်သွားကြလျှင် ကိုယ့်အိမ်ကို သူတို့ဦးတည်၍ သွားနေသည် ထင်ပြီး ခြေထောက် များပျော့ခွေလာသည်။

သို့သော်လည်း ခိုလှုံရာနေရာတစ်ခု တွေ့ထားသည်။ ယင်းမှာ တပ်နီ လူငယ်ကြိုဆိုဧည့်ခံရေး ရုံးခန်းဖြစ်သည်။

ကျောင်းသို့လာရောက်လည်ပတ်သူ များပြားလာသည်။ ၁၉၆၆

စက်တင်ဘာမှစ၍ တိုင်းပြည်အနှံ့ လှည့်လည်လေ့လာသူ လူငယ်အများအပြားသည် ချိန်တူရောက်လျှင် ကျွန်မတို့ကျောင်းသို့ ဝင်လာကြသည်။ သူတို့ကို နေရာ ထိုင်ခင်း ပေးရသည်။ စားစရာပေးရသည်။ သွားလာဖို့ ယာဉ်ရထားစီစဉ် ပေးရသည်။ အားလုံးအခကြေးငွေမပေးရ။ ထိုတာဝန်ကို တပ်နီလူငယ်ကယူရသည်။

ထိုရုံးခန်းမှာ ကျွန်မ ပျော်သည်။ ရောက်လာကြသူများမှာ အများအားဖြင့် ရည်ရွယ်ချက် တိတိကျကျမရှိ။ သူတို့ကို လက်ဖက်ရည်တိုက်ကာ ဧည့်ခံစကား ပြောရသည်။ တပ်နီလူငယ်ခေါင်းဆောင်များနှင့် တွေ့လိုသူများကို စီစဉ်ပေးရသည်။ ဧည့်သည် များရသည့် အကြောင်းတစ်ခုမှာ ယင်းတွင် ကောင်မလေး ငါးယောက် အလုပ်လုပ်နေသောကြောင့်ဖြစ်သည်။ သူတို့သည် ဖော်ရွေသည်။ အလုပ်မများ အေးဆေးသည့် ပတ်ဝန်းကျင်ဖြစ်သည်။ သူတို့နှင့် တွေ့ရလျှင် ကျွန်မ ပျော်သည်။

ကြိုဆိုရေးအခန်းသို့ လူပေါင်းများစွာ ရောက်လာသည်။ တစ်ခါတစ်ရံ တံခါးဝမှာ တန်းစီစောင့်နေကြသည်။ အချို့မှာ သုံးလေးကြိမ်ထပ်ပြန်တလဲလဲ ရောက်လာသည်။ သူတို့သည် အမျိုးသမီးများနှင့် ရောရောနှောနှော နေချင်ကြသူ လူငယ်များဖြစ်ကြောင်း ယခုမှ သဘောပေါက်မိသည်။ သူတို့သည် ယဉ်ကျေးမှု တော်လှန်ရေးကို အာရုံစူးစိုက်သူများကားမဟုတ်။ သို့သော်လည်း ထက်သန်မှုရှိ သည်ကို မှတ်မိနေသည်။ သူတို့၏ စူးစူးရဲရဲအကြည့်များကို ကျွန်မက မရှောင်။ မျက်စိတစ်ဖက်မှိတ်ပြသည်ကိုမူ မတုံ့ပြန်။ သူတို့မေးသမျှတို့ကို မှတ်သားထားသည်။

ပူအိုက်သည့်တစ်ညတွင် ကြိုဆိုရေးရုံးခန်းသို့ လူလတ်ပိုင်း အမျိုးသမီးကြီး နှစ်ယောက် ရောက်လာသည်။ သူတို့ရုပ်ရည်မှာ ကြမ်းထော်ထော်ဖြစ်သည်။ သူတို့သည် ကျွန်မတို့ကျောင်းနားမှ ရပ်ကွက်ကော်မတီတစ်ခု၏ ညွှန်မှူးနှင့် လက်ထောက် ညွှန်မှူးများဖြစ်သည်ဟု ဆိုသည်။ ထို့နောက် စကားတွေဖောင်လောက် အောင်ပြောသည်။ သူတို့ကိုယ်သူတို့ ကိုယ်စားပြုအဖွဲ့ကြီးတစ်ခုလို ထင်နေကြဟန် တူသည်။ ထိုအမူအရာမျိုး မကြိုက်သဖြင့် ကျွန်မ ကျောခိုင်းနေသည်။ မကြာမီအတွင်းမှာပင် သတင်းစကားတစ်ခု သူတို့ထံမှ ကြားရပြီး ဆူဆူညံညံဖြစ်လာသည်။ "ထရပ်ကား တစ်စီး မြန်မြန်ရှာ။ သွားကြမယ်" ဟူသောအသံများ ကြားရသည်။ ဘာဖြစ်မှန်းမသိမီ ကျွန်မလည်း လူအုပ်နှင့်အတူ ရောပါကာ ကားပေါ်သို့ ရောက်သွားသည်။ တပ်နီ လူငယ်များကို အလုပ်သမားများက ထောက်ခံကူညီရမည်ဟု မော်က မှာကြားထားရာ ကားများမှာ အဆင်သင့်ရှိနေသည်။ ကားပေါ်တွင် ကျွန်မသည် သတင်းစကား ကြားလာသူ အမျိုးသမီးအနားမှာ ရောက်နေသည်ကို သတိထားမိသည်။ သူက ယခု ရင်ဆိုင်ရမည့် အရေးကိစ္စကို စိတ်အားထက်သန်စွာ ပြောပြနေသည်။ သူတို့အိမ်နားတွင် ထိုင်ဝမ်သို့ ထွက်ပြေးသော ကူမင်တန်အရာရှိ တစ်ယောက်၏ မိန်းမတစ်ယောက် ရှိသည်။ သူ့အခန်းတွင် ချန်ကေရှိတ်၏ ဓာတ်ပုံတစ်ပုံ ဝှက်ထားသည်။

ထိုအမျိုးသမီးကို ကျွန်မ မကြိုက်။ အထူးသဖြင့် သူ့အပြုံးမှာ မျက်နှာလိုအားရ အပြုံးမျိုး၊ ကပ်ဖားယပ်ဖား အပြုံးမျိုးဖြစ်သည်။ မကြာမီ လမ်းကျဉ်းလေးတစ်ခု ၏ထိပ်တွင် ကားရပ်သည်။ ထို့နောက် အမျိုးသမီးနှစ်ယောက် နောက်က လိုက်သွား ကြသည်။ ညမှာ မှောင်မိုက်သည်။ အလင်းရောင်ဆို၍ ထရံကြားများမှ ထိုးထွက်လာသည့် မီးရောင်မှိန်မှိန်သာရှိသည်။ အစွပ်စွဲခံရသူ၏ အိမ်မှာ သုံးပင်နှစ်ခန်းအိမ်ဖြစ်သည်။ အားလုံးမဝင်နိုင်။ အပြင်ဘက်မှာ နေခဲ့ရသဖြင့် ကျွန်မ အလွန်စိတ်ချမ်းသာသည်။ သို့သော်လည်း မကြာမီ တစ်စုံတစ်ယောက်၏ "အိမ်ထဲဝင်လို့ရတယ်။ နေရာရှိတယ်။ ဝင်လာပြီး လူတန်းစားတိုက်ပွဲသင်ခန်းစာ ယူလှည့်ကြ" ဟူသော ခေါ်သံကို ကြားရသည်။

အိမ်ခန်းထဲဝင်သွားလျှင် ချေးနံ့သေးနံ့နှင့် ညစ်ပတ်သည့် လူနံ့များ နှာခေါင်းထဲ တိုးဝင်သည်။ အခန်းတစ်ခုလုံး မွှေနှောက်ထားသည်။ အစွပ်စွဲခံရသူ အိမ်ရှင် မိန်းမမှာ အသက်လေးဆယ်ကျော်ဖြစ်သည်။ အခန်းအလယ်တွင် ဒူးထောက်ထိုင် နေသည်။ ကိုယ်ပေါ်မှာ အဝတ်ဖုံးရုံပဲ ဖုံးထားသည်။ အခန်းမှာ ဆယ့်ငါးဝပ်မီးလုံးဖြင့် ခပ်မှိန်မှိန်လင်းနေသည်။ အိမ်ရှင်အမျိုးသမီး၏ ခေါင်းတွင် သွေးစွန်းနေသော ဆံပင် များကို မြင်ရသည်။ သူ့မျက်လုံးများမှာ ပြူးထွက်နေပြီး ပါးစပ်က "တပ်နီလူငယ်ဆရာလေးများရှင့်။ ကျွန်မဆီမှာ ချန်ကေရှိတ်ရဲ့ ဓာတ်ပုံမရှိပါဘူး။ ကျိန်ပြီးပြော ပါတယ်" ဟု ပြောကာ ကြမ်းပြင်နှင့်နဖူး တဒုန်း ဒုန်းဆောင့်သည်။ နဖူးမှ သွေးများ ယိုစီးထွက်လာသည်။ ကျောတွင် ဒဏ်ရာများမှ သွေးများထွက်နေသည်။ တပ်နီ လူငယ်တို့ကို ထိုင်ကန်တော့စဉ် မြောက်တတ်လာသော တင်ပါးတွင် အမည်းကွက် တစ်ခု တွေ့ရသည်။ အနံ့အသက်မှာလည်း ပုပ်ဟောင်နံစော်နေသည်။ ကျွန်မလည်း ကြောက်လန့်သွားပြီး မျက်နှာလွှဲလိုက်သည်။ ထို့နောက် နှိပ်စက်သူ တရားခံကို မြင်လိုက်ရသည်။ သူကား ဆယ့်ခုနစ်နှစ်သား ချီယန် ဆိုသူပင်တည်း။ သူသည် အခန်းအလယ်တွင် ကုလားထိုင် တစ်ခုပေါ်၌ အခန့်သားထိုင်ကာ လက်က သားရေ ခါးပတ်ကွင်းကို ကိုင်ထားပြီး လှုပ်ယမ်းနေသည်။ "မှန်တာပြောနော် ဒါမှမဟုတ်ရင် ထပ်ပြီးအရိုက်ခံရမယ်" ဟု နွမ်းလျလျ လေသံဖြင့် ပြောနေသည်ကိုလည်း ကြားရသည်။

ချီယန်၏ အဖေသည် တိဗက်သို့ ရောက်နေသည့် အရာရှိတစ်ယောက် ဖြစ်သည်။ တိဗက်သို့ အပို့ခံရသူများသည် သူတို့မိသားစုများကို အနီးဆုံးဖြစ်သည့် ချိန်တူတွင် ထားရစ်ခဲ့ကြသည်။ စောစောပိုင်းကမူ ချီယန်၏ နွမ်းလျလျ အသံကြောင့် သဘောကျသလိုလို ရှိသည်။ ယခုမူ "ဥက္ကဋ္ဌကြီးမော်က ကြမ်းကြမ်းတမ်းတမ်းမလုပ်နဲ့။ ပါးစပ်ကပဲ နားလည်အောင်ပြောရမယ်လို့ ဆိုတယ် မဟုတ်လား။ ကျွန်မတို့တတွေ " ဟု တိုးတိုးပြောမိသည်။

ကျွန်မ၏ ကန့်ကွက်သံကို ဝိုင်းဝန်းထောက်ခံကြသည်။ သို့သော်လည်း ချီယန်သည် ကျွန်မတို့ကို မနှစ်မြို့သည့် မျက်စောင်းဖြင့် ချိတ်ကာ

"ခင်ဗျားတို့တတွေ လူတန်းစားရန်သူနဲ့ ရန်ငါပြတ်ရမယ်။ ဥက္ကဋ္ဌကြီး မော်က

ရန်သူကို သနားတာဟာ လူထုအပေါ် ရက်စက်ရာရောက်တယ်လို့ ပြောတယ်မဟုတ်လား။ ခင်ဗျားတို့သွေးထွက်သံယို မြင်ရတာ ကြောက်နေရင် တပ်နီလူငယ်မလုပ်နဲ့” ဟု ပြောသည်။ သူ့မျက်နှာမှာ ရွံ့စရာကောင်းလောက်အောင် မဲ့ရွဲ့နေသည်။ သူ့ကို ပြန်ပြောမနေတော့။ လူတန်းစားရန်သူကို မသနားရဟု ကျွန်မတို့အား သင်ကြားထားသည်။ သနားလျှင် ကျွန်မတို့ကိုယ်တိုင် လူတန်းစား ရန်သူဖြစ်တော့မည်။ ကျွန်မ လည်း နောက်သို့လှည့်ကာ ပန်းခြံထဲသို့ ခပ်မြန်မြန်ဝင်ပြေးခဲ့သည်။ ထိုနေရာတွင် ဂေါ်ပြားများကိုင်ထားသည့် တပ်နီ လူငယ်များကိုတွေ့ရသည်။ အိမ်ထဲတွင် သားရေ ခါးပတ်ဖြင့် ရိုက်သံများ၊ အော်သံများ ကြားရသည်။ တူးဆွနေကြသူများဆီက “ဒီနေရာမှာ ဘာမှမတွေ့ရဘူး။ သွားကြမယ်။ သွားကြမယ်” ဆိုသော ပြောသံများကြား ရသည်။ ကျွန်မတို့ အိမ်ထဲဖြတ် ထွက်လာသည့်အခါ အနှိပ်စက်ခံရသူအပေါ် စီးမိုးရပ် နေသော ချီယန် ကိုတွေ့ရသည်။ တံခါးအပြင်ဘက်တွင် မျက်နှာလိုမျက်နှာရလုပ်သောစောစောက မိန်းမကြီး ရပ်နေသည်။ ယခုမူ သူသည် ထိတ်လန့်ပြီး တုန်တုန်ရီရီ ဖြစ်နေသည်။ တစ်ခုခုပြောမည် သူ ကြံစည်သည်။ သို့သော်လည်း ပါးစပ်က တစ်ခွန်း မှ မထွက်လာ။ သူ့မျက်နှာကို ကျွန်မတည့်တည့် စိုက်ကြည့်မိသည်။ ချန်ကေရှိတ် ရုပ်ပုံဆိုသည်မှာ တကယ်မရှိဟု နားလည်လိုက်သည်။ အိမ်ရှင်မ သူဆင်းရဲကို လက်စားချေစိတ်ဖြင့် စွပ်စွဲခြင်းသာ ဖြစ်သည်။ ကျွန်မလည်း ထရပ်ကားပေါ်သို့ စက်ဆုပ်ရွံရှာစိတ်ဖြင့် တက်ခဲ့လေသည်။

****

[၁၈]

အံ့ဩစရာသတင်းထက် ပိုပြီး တာသွားတယ်။

ပီကင်းသို့ ဘုရားဖူးသွားခြင်း

(အောက်တိုဘာ - ဒီဇင်ဘာ ၁၉၆၆)

အိမ်သို့ပြန်နေရန် ခိုင်လုံသည့်အကြောင်းတစ်ခုရှိသဖြင့် ကျွန်မသည် နောက်တစ်နေ့ မနက်တွင် အိမ်သို့ပြန်ခဲ့သည်။ အိမ်ခန်းတွင် မည်သူမှမရှိ။ အဖေမှာ အထိန်းသိမ်း ခံနေရသည်။ အမေ၊ အဘွားနှင့် ရှောက်ဖန်တို့ ပီကင်းသွားနေသည်။ ကျန် မွေးချင်း တို့မှာ တစ်နေရာစီတွင် တသီးတခြားနေထိုင်ကြသည်။

ကျင်မင်းသည် ယဉ်ကျေးမှုတော်လှန်ရေးကို အစကတည်းက မကျေနပ်။ သူသည် ကျွန်မနှင့် တစ်ကျောင်းတည်းနေပြီး ပထမနှစ်တွင် တက်နေသည်။ သူသည် သိပ္ပံပညာရှင်တစ်ယောက် ဖြစ်ချင်သည်။ သို့သော်လည်း ယဉ်ကျေးမှုတော်လှန်ရေးက သိပ္ပံပညာရှင်များကို ဓနရှင်ပေါက်စများဟု စွပ်စွဲရှုတ်ချသည်။ သူနှင့်အတူ သူတို့ အတန်းမှ အုပ်စုလေးတစ်ခုဖွဲ့ထားပြီး "သံမဏိညီနောင်" အုပ်စုဟု သူတို့က နာမည် ပေးထားသည်။ ကျင်မင်းသည် ထိုအုပ်စု၏ နံပါတ်တစ် ညီနောင်ဖြစ်သည်။ သူသည် အရပ်ရှည်ပြီး အတန်းစာတော်သည်။ ဓာတုဗေဒသင်ခန်းစာမှ အတွေ့အကြုံယူကာ အပတ်စဉ် မျက်လှည့်ပြပွဲတစ်ခုကို သူခေါင်းဆောင်ပြသည်။ အခြားသူငယ်ချင်းများ အပေါ် သင့်တင့်အောင် ပေါင်းသင်းပြီး ရက်ရောသည်။

ကျောင်းတွင် တပ်နီလူငယ်ဖွဲ့သည့်အခါ ကျင်မင်းတို့ ညီနောင်အဖွဲ့သည် တပ်နီလူငယ်နှင့် ပူးပေါင်းလိုက်သည်။ ကြေငြာစာတန်းများ ရိုက်နှိပ်ကာ လမ်းများတွင် လှည့်လည်ဝေငှသည့်တာဝန်ကို သူတို့အားပေးထားသည်။ သူတို့အရွယ် တပ်နီလူငယ်များရေးသည့် ကြေညာစာတန်းများဖြစ်သည်။ ယင်းတို့မှာ "နံပါတ်တစ်ကျောင်း တပ်နီလူငယ် ပထမတပ်မတော်၏ ပထမတပ်မဟာ ထူထောင်သည့် ကြေငြာချက်" (တပ်နီလူငယ်အဖွဲ့တိုင်း ခမ်းနားကြီးကျယ်သည့် နာမည်များ မှည့်ကြသည်။) တည်ကြည်သည့်ကြေငြာချက် (ကျောင်းသားတစ်ယောက်က သူ့နာမည်ကို ဥက္ကဋ္ဌ မော်၏ သက်တော်စောင့် ဟွမ်ဟု ပြောင်းလိုက်သည့် အကြောင်း) "အံ့ဩစရာထက် ပိုပြီးတာသွားတယ်" (ယဉ်ကျေးမှု တော်လှန်ရေး အာဏာပိုင်အဖွဲ့ဝင် တစ်ယောက်က တပ်နီလူငယ်များအား တွေ့ဆုံခြင်း)၊ နောက်ဆုံးအရေးအကြီးဆုံး ညွှန်ကြားချက်များ (မော်၏ စကား တစ်ခွန်းနှစ်ခွန်း အပြင်သို့ ပေါက်ထွက်လာခြင်း) တို့ဖြစ်သည်။

ကျင်မင်းသည် မကြာမီအတွင်း စိတ်မပါတော့ဘဲ ငြီးငွေ့လာသည်။ အဖွဲ့ လုပ်ငန်းများရှိရာသို့ မသွားတော့ပေ။ အကြောင်းမှာ သူနှင့်ရွယ်တူ ဆယ့်သုံးနှစ်သမီး

တစ်ယောက်အား ချစ်ကြိုက်နေသောကြောင့် ဖြစ်သည်။ သူ့စိတ်ထဲတွင် ကောင်မလေးမှာ ပြစ်မျိုးမှဲ့မထင်သည့် စံဒေဝီဖြစ်နေသည်။ အရုက်အကြောက်ကြီးပြီး သိမ်မွေ့သည်။ အပေါင်းအသင်းကား မရှိ။ ကောင်မလေးကိုမူ မချဉ်းကပ်။ ချစ်ကြောင်း မကြေညာ။ အဝေးကကြည့်ပြီး စိတ်ထဲကချစ်နေရလျှင် ကျေနပ်နေသည်။

တစ်နေ့တွင် သူတို့အဖွဲ့ အိမ်တက်တိုက်ပွဲတစ်ခုသို့ လိုက်ပါသွားသည်။ အသက်ကြီးကြီး တပ်နီလူငယ်က ဓနရှင်ပေါက်စ ပညာတတ်လူတန်းစားအိမ် သွားကြမည်ပြောသည်။ အိမ်ရောက်လျှင် အိမ်သားအားလုံးကို အကျဉ်းသားများအဖြစ် ကြေညာပြီး အခန်းတစ်ခုထဲတွင် တစ်စုတဝေးတည်း နေစေသည်။ ပြီးမှ အိမ်ကို အနှံ့အပြားရှာဖွေသည်။ ကျင်မင်းသည် အိမ်သားများကို စောင့်ကြည့်သည့် ထောင်မှူး တာဝန်ယူရသည်။ သူနှင့်အတူ “ထောင်မှူးလေး” တစ်ယောက်မှာ သူချစ်နေသော ကောင်မလေးဖြစ်နေသဖြင့် ဝမ်းသာသည်။

အကျဉ်းသားသုံးယောက်ရှိသည်။ လူလတ်ပိုင်းယောကျ်ားတစ်ယောက်၊ သူ့သားနှင့်ချွေးမ တို့ဖြစ်သည်။ သူတို့က ကျင်မင်းကို စူးစူးစိုက်စိုက်ကြည့်ကြသည်။ ကျင်မင်း မနေတတ်မထိုင်တတ် ဖြစ်လာသည်။ “ထောင်မှူးလေး” မှာ စိတ်မပါဖြစ်လာပြီး တံခါးဆီသာကြည့်နေသည်။ ကောင်လေးတစ်သိုက် ကြွေပန်းကန်သေတ္တာ တစ်ခု သယ်ယူလာသည်ကိုတွေ့လျှင် သူလည်း သွားကြည့် မည်ပြောကာ ထွက်သွားသည်။

အိမ်ရှင်၏ချွေးမက အခြားအခန်းတစ်ခုတွင် ရှိနေသော သူ့ကလေးကို နို့တိုက်ချင်သဖြင့် ခွင့်တောင်းသည်။ ကျင်မင်းက ခွင့်ပြုလိုက်သည်။

ကလေးအမေ ထွက်သွားလျှင် အချစ်တော်ထောင်မှူးလေး ရုတ်တရက် ရောက်လာပြီး ဘာကြောင့် ထွက်သွားခွင့်ပြုသလဲမေးသည်။ ကျင်မင်းက ပြောပြသောအခါ လူတန်းစားရန်သူအပေါ် သက်ညှာသည်ဆိုကာ အော်ငေါက်ကြိမ်းမောင်းသည်။ ထောင်မှူးလေးသည် ခါးကခါးပတ်ကိုဖြုတ်ပြီး ကျင်မင်း နှာခေါင်းဆီသို့ ချိန်ရွယ်သည်။ ပြီးတော့ ပါးစပ်က ဆူပူကြိမ်းမောင်းသည်။ ဤသည်မှာ တကယ့် တပ်နီလူငယ်ပုံစံ ဖြစ်သည်။ ကျင်မင်းဘာမှ ပြန်မပြောနိုင်ဘဲ ဆွံ့အသွားသည်။ အချစ်တော်လေးကို မမှတ်မိတော့။ သိမ်မွေ့ပျော့ပျောင်းရာမှ ချက်ချင်းပင် အရုပ်ဆိုးမလေး ဖြစ်သွားသည်။ သွေးလေချောက်ချားကာ မတည်မငြိမ်ဖြစ်သွားသည်။ ချစ်စရာ ကောင်းတာတွေ အရုက်အကြောက်တွေ လွင့်စဉ်ကွယ်ပျောက်သွားသည်။ ဤသို့ဖြင့် ကျင်မင်း၏ ပထမအချစ်မီးလျှံ သည် ဟုပ်ခနဲငြိမ်းသွားသည်။

သို့သော်လည်း ကောင်မလေးကို သူပြန်၍ အော်သည်။ ကောင်မလေးသည် အခန်းထဲက ထွက်သွားပြီး ခပ်ကြီးကြီးတပ်နီလူငယ်တစ်ယောက် နှင့်အတူ ပြန်လာသည်။ သူကား အုပ်စုခေါင်းဆောင်ဖြစ်သည်။ သူက ကျင်မင်းအား အော်ဟစ် ကြိမ်းမောင်းသည်။ ခါးပတ်ချွတ်ကာ ရိုက်မည်ချိန်ရွယ်သည်။ ထို့နောက် လူတန်းစား

ရန်သူတွေရှေ့မှာ အထုပ်ဖြေမပြချင်သဖြင့် အကြိမ်းအမောင်း ရပ်သွားသည်။ ပြီးတော့ ကျောင်းသို့အပြန်ခိုင်းကာ စီရင်ချက်ကို စောင့်နေဖို့ ပြောသည်။

ထိုညနေက အတန်းသားတပ်နီလူငယ်များသည် ကျင်မင်းမပါဘဲ စည်းဝေးသည်။ သံမဏိညီနောင်အဖွဲ့ က ကျင်မင်းဘက်မှ အကာအကွယ်ပေးသည်။ ထောင်မှူးကောင်မလေးကို မကြိုက်သူများ ရှိသည်။ သို့တိုင်အောင် ကျင်မင်းမှာ အပြစ်ရှိသည်ဟု ဆုံးဖြတ်လိုက်ကြသည်။ ပြစ်မှုမှာ လူတန်းစားရန်သူအပေါ် ပျော့ညံ့ခြင်း ဖြစ်သည်။ အနက်အုပ်စု၊ အညိုအုပ်စု တို့နှင့်အတူ မြက်နုတ်ရမည် စီရင်သည်။ မြက်ဆိုသည် ခေါင်းမာသည်။ အမြစ်က မကျန် နုတ်ပစ်ရမည်ဟု မော်ညွှန်ကြားဖူးသည်။

ရက်အတန်ကြာ ကျင်မင်း မြက်နုတ်ရသည်။ အဖွဲ့သားများ စိတ်မကောင်းကြ။ မကြာမီအတွင်း သံမဏိညီနောင်အဖွဲ့နှင့် နိုင်ငံအနှံ့ လေ့လာရေးခရီးထွက်ကြသည်။ တောတွေတောင်တွေ ကျော်သည်။ မြစ်တွေချောင်းတွေ ကူးဖြတ်သည်။ အခြား သူများလို ပီကင်းသို့ကား ဘုရားဖူးမရောက်။ မော်နှင့်လည်း သူမတွေ့။ ၁၉၆၆ နှစ်ကုန်ခါနီးမှ အိမ်သို့ သူပြန်ရောက်လာသည်။

ကျွန်မအစ်မ ရှောက်ဟောင်သည်လည်း သူ့ကျောင်းတွင် တပ်နီလူငယ်အဖွဲ့ဝင်တစ်ယောက် ဖြစ်သည်။ သို့သော်လည်း အပြိုင်အဆိုင်လှုပ်ရှားနေကြသော ခေါင်းဆောင်များ၏ သားသမီးများ အလယ်တွင် သူကား တစ်ယောက်တည်း အဖော်မဲ့ နေသည်။ တက်ကြွတာတွေ အကြမ်းဖက်ချင်တာတွေ သူ့မှာမရှိ။ သို့သော်လည်း ပါဝင်လှုပ်ရှားရသဖြင့် သူစိတ်ရှုပ်သည်။ အိမ်ပြန်လာပြီး အကူအညီတောင်းသည်။ အိမ်တွင် သူ့ကို အကြံပေးမည့်သူ တစ်ယောက်မှမရှိ။ အဘွားက အစိုးရိမ်ကြီးကာ စိတ်ပူသည်။ သို့နှင့် အဘွားစိတ်ဆင်းရဲတာကို မကြည့်ချင်သဖြင့် ကျောင်းသို့ပြန် ရောက်သွားသည်။ ကျောင်းတွင် စာကြည့်တိုက်မှ "မဖတ်ရ မဖတ်သင့်" ဆိုသည့် စာအုပ်များကို စောင့်ရှောက်ထိန်းသိမ်းရသည့်တာဝန်ယူရင်း ထိုစာအုပ်များကို ဖတ်၍ အချိန်ကုန်စေသည်။ စက်တင်ဘာအလယ်ပိုင်းတွင် သူလည်း သူငယ်ချင်းများနှင့်အတူ တိုင်းပြည်အနှံ့ လည်ပတ်လေ့လာသည်။ နှစ်ကုန်မှ အိမ်သို့ပြန်ရောက်လာသည်။

မောင်အငယ်ဆုံးရှောက်ဟေမှာ ဆယ့်နှစ်နှစ်ရှိလာပြီး ကျွန်မတက်သည့် မူလတန်းကျောင်းမှာပင် တက်သည်။ တပ်နီလူငယ်များဖွဲ့လျှင် သူလည်း ဝင်ချင်သည်။ တပ်နီလူငယ်အဖွဲ့ဝင်လျှင် အိမ်နှင့်ဝေးဝေး နေရမည်။ လူကြီးတွေကို ဆူပူကြိမ်းမောင်း နိုင်သည်ဟု သူတို့နားလည်ထားသည်။ သို့ဖြင့်ရာ ကျောင်းသို့သွားပြီး အဖွဲ့ဝင်ခွင့်ပြုရန် တောင်းဆိုသည်။ စိတ်ကျေနပ်အောင် တပ်နီလူ ငယ်ခေါင်းဆောင် တစ်ယောက်က "ပထမတပ်မရဲ့ ယူနစ် ၄၉၆၉ အဖွဲ့တစ်ခု ဖွဲ့ပေါ့" ဟု ခွင့်ပေးလိုက်သည်။ ဤသို့ဖြင့် ရှောက်ဟေသည် ကျောင်းသားလေး နှစ်ဆယ်ပါဝင်သော ဝါဒဖြန့်ချိရေးဌာန၏

အကြီးအကဲဖြစ်လာသည်။ ကျန်အဖွဲ့ဝင်များမှာ တပ်မှူးများ၊ ဦးစီးမှူးများစသဖြင့် ရာထူး အဆောင်အယောင်များရ ကြသည်။ သူတို့ တပ်ဖွဲ့တွင် တပ်သားတစ်ယောက်မျှမရှိ။

ဆရာများကိုရိုက်သည့်အဖွဲ့တွင် ရှောက်ဟေ နှစ်ကြိမ်ပါခဲ့သည်။ တစ်ကြိမ်မှာ အားကစားဆရာ တစ်ယောက်ကို ရိုက်နှက်စဉ်ကဖြစ်သည်။ ရှောက်ဟေတို့အရွယ် ကျောင်းသူအချို့က ဆရာသည် အားကစားလေ့ကျင်ခန်း လုပ်စဉ် သူတို့၏ ရင်သား များနှင့်ပေါင်များကို ကိုင်တွယ်သည်ဟု စွပ်စွဲသည်။ အခြားဆရာတစ်ယောက်မှာ ကိုယ်ကျင့်တရားသင်ပြသည့် ဆရာဖြစ်သည်။

တစ်ရက်တွင် အိမ်သိမ်းတိုက်ပွဲဆင်နွှဲရန် ကူမင်တန်မိသားစုဟု ကောလာဟလသတင်းဖြစ်နေသည့် အိမ်တစ်အိမ်သို့ သွားကြသည်။ ဘာလုပ်ရမည် သူတို့ ကောင်းကောင်းမသိ။ ချန်ကေရှိတ်ပြန်လာမည့် အချိန်ကို မျှော်နေသည်၊ ကွန်မျူနစ်တွေ ကို မုန်းသည်ဟူသော ဒိုင်ယာရီအရေးအသားများ တွေ့ရမည်ဟု သူတို့ မျှော်လင့်သည်။

ထိုအိမ်တွင် သားငါးယောက်ရှိသည်။ အားလုံး အားခွန်ဗလကောင်းသည်။ သူတို့က အိမ်ပေါက်ဝမှ စောင့်ကာ ရှောက်လာသည့် တပ်နီလူငယ်လေးများကို မာန်စောင်၍ ကြည့်သည်။ ကျောင်းသားလေး တစ်ယောက်သာ ခြေဖျား ထောင်ပြီး အိမ်ထဲသို့ အရဲစွန့်ကာ ဝင်သည်။ သူ့ကိုလည်း ကုပ်ကဆွဲပြီး အိမ်ပြင်သို့ ပစ်ထုတ်လိုက်သည်။ သို့နှင့် ရှောက်ဟေ၏ တပ်မဟာသည် တော်လှန်ရေးလုပ်ငန်းများ ကို ဆက်၍ မလုပ်တော့ဘဲ စခန်းသိမ်းလိုက်သည်။

သို့နှင့် အောက်တိုဘာဒုတိယပတ်တွင် အိမ်၌ အဘွားနှင့်ကျွန်မတို့ နှစ်ယောက်သာ ရှိနေစဉ် အဖေသည် ဘယ်သို့မျှ အကြောင်းမကြားဘဲ အိမ်တံခါးဝမှ ဝင်လာသည်။

တိတ်တဆိတ် သူရောက်လာပုံမှာ ထိတ်စရာလန့်စရာပင် ကောင်းသည်။ အဖေသည် အပြောင်းလဲကြီး ပြောင်းလဲလာသည်။ သူ့စိတ်မှာ ပျံ့လွင့်ကာ တခြားသို့ ရောက်နေသည်။ အမြဲလိုလို တွေဝေငေးမောနေသည်။ သူဘယ်နေရာ ရောက်ခဲ့သည်။ ဘာဖြစ်ခဲ့သည်တို့ကို တစ်ခွန်း တစ်ပါဒမျှမပြော။ ညအခါ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ အိပ်သည်ဟူ၍မရှိ။ ကျွန်မမှာ စိုးရိမ်ပြီး အိပ်မပျော်ဖြစ်ရသည်။ နှစ်ရက်ရှိလျှင် ပီကင်းမှ အမေ ပြန်လာသည်။ သူနှင့်အတူ အဘွားနှင့် ရှောက်ဖန်တို့ ပါလာသည်။

သူနှင့်ပါလာသည့် တာအိုချူ၏ စာကို အဖေ၏ ဌာနသို့ အမေချက် ချင်းသွားပေးသည်။ အဖေကို အပန်းဖြေဆေးခန်းတစ်ခုသို့ ပို့သည်။ အမေလည်း လိုက်ပါခွင့်ပြုသည်။

သူတို့ဆီသို့ ကျွန်မလိုက်သွားသည်။ ကျေးလက်မှ သာယာသည့်နေရာလေး တစ်ခုဖြစ်ပြီး ဘေးတစ်ဖက်တစ်ချက်တွင် စမ်းချောင်းလေး ရစ်ပတ်စီးဆင်းနေသည်။ အဖေ့အတွက် အိမ်ကလေးတစ်ခု သပ်သပ်ပေးထားသည်။ ဧည့်ခန်းတွင် စာအုပ်

မရှိသော စာအုပ်စင်များရှိသည်။ နှစ်ယောက်အိပ်ခန်းတစ်ခုနှင့် ကြွေပြားခင်းထားသည့် ရေချိုးခန်းတစ်ခုရှိသည်။ လသာဆောင်ပြင်ဘက်တွင် အော့စမန်းသတ်ပင်များ ရှိသည်။ လေပြေနှင့်အတူ ရွှေရောင်ပွင့်ချပ်များ မြေသို့ လေဟုန်စီးကျလာသည်။ ပန်းရနံ့မှာ မွှေးပျံ့သည်။

အဖေရောအမေပါ အေးချမ်းစွာအချိန်ကုန်လွန်ကြသည်။ သူတို့နှစ်ယောက် နေ့တိုင်းငါးမျှားသည်ဟု အမေက ပြောသည်။ ပူစရာမလိုတော့သဖြင့် ဥက္ကဋ္ဌမော်ကို တွေ့ရန် ပီကင်းသို့ သွားဖို့စီစဉ်သည်။ သူများနည်းတူ ကျွန်မလည်း ထိုခရီးသွားချင်နေ သည်မှာကြာပြီ။ အဖေနှင့်အမေကို အားပေးကူညီရန် ဘယ်မှ မထွက်ဘဲနေခဲ့သည်။

ပီကင်းသို့ အလည်သွားရန် အားပေးကြသည်။ အစားအသောက် နေရေး ထိုင်ရေးနှင့် သွားစရာယာဉ်ရထားများ အခမဲ့ခွင့်ပြုသည်။ သို့သော်လည်း စနစ်တကျ ခရီးမဟုတ်။ နှစ်ရက်ရှိလျှင် ကြိုဆိုသည့်ခံရေးအဖွဲ့မှ ကျောင်းသူ ငါးယောက်နှင့် ချိန်တူမှ ထွက်လာခဲ့ကြသည်။ ချိန်တူမြို့ပြင်ဘက် ရောက်လျှင် အပြောကျယ်သည့် လယ်ကွင်းများကို တွေ့ရသည်။ စပါးများရိတ်သိမ်းပြီးစ ဖြစ်သည်။ ကျေးလက်တွင် ယဉ်ကျေးမှု တော်လှန်ရေးကြောင့် အပျက်အစီးမရှိ။ မော်က ပြည်သူတွေ ဝဝလင်လင်စားရမှ ယဉ်ကျေးမှုတော်လှန်ရေးတွင် ထက်သန်စွာ ပါဝင်နိုင်မည် ယုံကြည်သည်။ သို့ဖြစ်ရာ အဖျက်အဆီးပြုလုပ်ရန် အားမပေး။ သူ့ဇနီးကိုလည်း မြှောက်မပေး။ ယဉ်ကျေးမှု တော်လှန်ရေးစခဲ့သည်မှာ ငါးလထဲရောက်လာပြီ။ ကျွန်မ၏ ဘဝမှာ လုံးဝပြောင်းလဲ ခဲ့ရသည်။ အိမ်ကို လွမ်းမိသည်။ အဖော်တို့မှာ ဝေဖန်တတ်သူများ မဟုတ်သဖြင့် ခေရှင် ပေါက်စဆန်သည်ဟု အပြောလွတ်ခဲ့သည်။ သူတို့နှင့် ခရီးသွားရသည်မှာ ပျော်စရာ ကောင်းသည်။

မီးရထားခရီးမှာ နှစ်ရက်နှင့်တစ်ည ကြာသည်။ ပီကင်းဘူတာရုံသို့ ညသန်းခေါင်ကျော်တွင် ရောက်သည်။ ကျွန်မတို့ကို ဥက္ကဋ္ဌကြီးမော်၏ ဧည့်သည်များ အဖြစ် တခမ်းတနား ကြိုဆိုသည်။ မီးမောင်းကြီးများအောက်တွင် အထောင် အသောင်းမျှသော လူငယ်များ ဘာသာစကားအမျိုးမျိုးပြောကာ အတွေ့အကြုံချင်း ဖလှယ်ကြသည်။ လက်ပတ်နီများကို ဘူတာတခွင်လုံး နီရဲနေ အောင်တွေ့ရသည်။ ဘူတာရုံတွင် မော်၏ ရုပ်ပုံကားကြီးတစ်ခု ချိတ်ဆွဲထားသည်။ ယင်းအထက်တွင် “ပီကင်းဘူတာရုံ” ဟူသော မော်၏ စုတ်ချက်ဖြင့် ရေးဆွဲတန်ဆာဆင်ထားသည့် စာတန်းကို တွေ့ရသည်။

ပီကင်းမြို့တော်ကြီးမှာ ပျားပန်းခတ်မျှစည်ကားလှသည်။ အစားအစာနှင့် နေထိုင်စရာများ စီစဉ်ပေးသည်။ ယာဉ်များအဆင်သင့်ရှိသည်။ ကျွန်မတို့ကို ကျင်ဟွာ တက္ကသိုလ်တွင် နေရာချထားသည်။ သွားရေးလာရေးနေထိုင်ရေးတို့ကို ချောင်အင်လိုင်းက ခေါင်းဆောင်စီစဉ်သည်။ ချောင်လို ပုဂ္ဂိုလ်မရှိခဲ့လျှင် ယဉ်ကျေးမှု တော်လှန်ရေးကျဆုံးသွားမည်။ သို့ဖြစ်ရာ ချောင်အင်လိုင်းအား တိုက်ခိုက်စွပ်စွဲခြင်း မပြုရန် မော်က မှာကြားထားသည်။

ကျွန်မတို့ အုပ်စုသည် အပျော်အပါးရှေ့တန်းမတင်။ မော်နှင့်တွေ့ရန် သည် တစ်ခုတည်းသော ဆန္ဒဖြစ်သည်။ တီယန်အန်မင်ရင်ပြင်တွင် တပ်နီလူငယ်များအား မော်နှင့် ပဌမအကြိမ် တွေ့သည့်ပွဲကို ကျွန်မတို့ လွတ်သွားသည်။ သို့ဖြစ်ရာ အလည်အပတ် မထွက်တော့ဘဲ အခါအခွင့်စောင့်ရင်း ကျင်ဟွာတက္ကသိုလ်တွင် နံရံကပ်ပိုစတာများကို ကူးယူကာ အချိန်ကုန်လွန်ကြသည်။ ခရီးထွက်သည့် ရည်ရွယ်ချက်တစ်ခုမှာ ယဉ်ကျေးမှုတော်လှန်ရေး သတင်းများ ဖလှယ်ရန်ဖြစ်သည်ဟု မော်က ဆိုသည်။ သို့ဖြစ်ရာ ပီကင်းတပ်နီလူငယ်တို့၏ ကြွေးကြော်သံများကို ချိန်တူသို့ ကျွန်မတို့ပြန်ယူ သွားကြမည်။

တကယ်တော့လည်း အပြင်သို့ ထွက်ရန်မလွယ်ကူ။ ကားများ ကျပ်သည်။ ကျင်ဟွာတက္ကသိုလ်သည် မြို့နှင့်ဆယ်မိုင်ဝေးသည်။

တက္ကသိုလ်ပရဝုဏ်တွင် လူများသဖြင့် အနေအထိုင်ဆင်းရဲသည်။ အထူးသဖြင့် အိမ်သာများမသန့်ရှင်း။ ဖိနပ်များတွင် အညစ်အကြေးများပေကျံ လာသည်။ တစ်ပတ်ရှိပြီဖြစ်သော်လည်း မော်နှင့်တွေ့ရဖို့ မနီးစပ်သေး။ သို့ဖြစ်ရာ ၁၉၂၀ တွင် ကွန်မြူနစ်ပါတီတည်ထောင်ခဲ့သည့် အဆောက်အအုံရှိရာ ရှန်ဟဲမြို့သို့ သွားမည် ဆုံးဖြတ်သည်။ ထိုမှတရုတ်ပြည် အလယ်ဘက် တောင်ဘက်ဒေသရှိ မော် မွေးဖွားသည့် ဟူနန်ပြည်နယ်သို့ သွားကြမည်။

ထိုခရီးများမှာ ငရဲပြည်သွားရသည်နှင့်တူသည်။ ရထားများသည် လူပြည့်ကျပ်နေသည်။ အနက်အုပ်စု၊ အညိုအုပ်စုများ မှေးမှိန်စပြုလာသည်။ သူတို့သည် အုပ်စုဖွဲ့ကာ ခရီးထွက်ကြသည်။ ရထားပေါ်တွင် သူငယ်အိမ်နက်နက် မျက်လုံး မျက်ဖန်ကောင်းပြီး မျက်တောင်ကော့ကြီးများရှိသည့် ဆယ့်ရှစ်နှစ်အရွယ် မိန်းမ ချောလေးတစ်ယောက်ကို တွေ့သည်။ ထုံးစံအတိုင်း ကျွန်မတို့က မိဘမျိုးရိုးကို မေးသည်။ ချစ်စရာကလေးမလေးက မျက်စိမျက်နှာမပျက်ဘဲ “အနက်” အုပ်စုကပါဟု ဖြေသည်။ ကျွန်မတို့ကိုမူ ဖော်ရွေသည့် အနီအုပ်စုဟု သူက ထင်သည်။ ဤခရီးမှာ အပျော်ဆုံးဖြစ်သည်။ သီချင်းတွေဆိုကြသည်။ မိတ်သစ်ဆွေသစ်တိုးသည်။ စကားတွေ ဖောင်လောက်အောင်ပြောကြသည်။

ရထားပေါ်တွင် အပေါ့အပါးသွားရသည်မှာ ခက်သည်။ အိမ်သာထဲတွင် လူအပြည့်ရှိနေသည်။ သုံးယောက်အတွက် ထိုင်ခုံတစ်ခုတွင် ငါးယောက် ကျပ်ကျပ် ညှပ်ညှပ် ထိုင်ရသည်။ အပေါ့အပါးသွားချင်သဖြင့် ကျွန်မမှာ တုန်တုန်ယင်ယင်ဖြစ် လာသည်။ နောက်ဘူတာတစ်ခုရောက်မှ အပြင်သွားတော့မည် စိတ်ကူးမိသည်။ အတော်လေးကြာမှ ဘူတာရောက်သည်။ ကျွန်မလည်း ပြတင်းမှ ခုန်ချပြီး အပြင်သို့ သွားသည်။ သို့သော်လည်း ရထားပေါ် ပြန်မတက်နိုင်ဘဲ ဒုက္ခရောက်နေသည်။

အဖွဲ့တွင် ကျွန်မမှာ ဖျတ်လတ်မှုမရှိဆုံးဖြစ်သည်။ ယခင်ဘူတာများတွင် ရထားပေါ်ပြန်တက်သည့် အခါ စကြံပေါ်မှ လူများက တွန်းတင်ပေးပြီး ရထားပေါ်မှ အဖော်များက ဆွဲတင်သည်။ ယခုတစ်ကြိမ်တွင် အပေါ်က လေးယောက်လောက်ကဆွဲတင်သော်လည်း တံတောင်နှစ်ဖက်နှင့် ခေါင်းမှာပြတင်း

ဘောင်သို့ မရောက်ချင်။ ရာသီမှာ အေးသော်လည်း ကျွန်မတစ်ကိုယ်လုံး ချွေးပြန်လာသည်။ ထိုအခိုက် ရထား မှာ ထွက်စပြုသည်။ အကူအညီတောင်းရန် ဘေးဘီကြည့်သည်တွင် ခပ်နွဲ့နွဲ့ ကောင်လေးတစ်ယောက် ပြတင်းဘောင် ကုပ်ကပ်ပြီး တက်နေသည်ကို မြင်ရသည်။ သို့သော်လည်း ကျွန်မကို အကူအညီ ပေးရန်မဟုတ်။

ကျွန်မ၏ အပေါ်အင်္ကျီအိတ်ထဲတွင် ပိုက်ဆံအိတ်ပြူထွက်နေသည်။ ကောင်လေးက လက်ချောင်းနှစ်ခုဖြင့်ညှပ်ကာ ပိုက်ဆံအိတ်ကိုယူသည်။ ကျွန်မလည်း အော်ဟစ်၍ ငိုချလိုက်သည်။ ကောင်ကလေးလက်တွန့်သွားပြီး ပိုက်ဆံအိတ်ကို ပြန်ထည့်သည်။ ထို့နောက် ကျွန်မ၏ ညာဘက်ခြေထောက်ကို ပင့်တင်ပေးသည်။ ရထားအရှိန်ရလာခိုက် တွဲထဲက စားပွဲပေါ်သို့ ခေါင်းနှင့် ကျသွားသည်။ ကျွန်မမှာ ခါးပိုက်နှိုက်များ မျက်စိကျစရာဖြစ်လာသည်။ တစ်ခါတွင်မူ တစ်နှစ်စာ ရိက္ခာ ကတ်ပြားများ ခါးပိုက်နှိုက်လက်သို့ အပါခံရဖူးသည်။ တကယ်တော့ ထိုဆောင်းရာသီ တွင် တွေ့ခဲ့ရသည့် စကြိုပေါ်က ကောင်လေးသည် လူချင်းစာနာစိတ်ရှိသူ တစ်ယောက်ဖြစ်လာပြီး ကျွန်မ လေးစားစိတ် ဖြစ်ပေါ်မိသည်။

တိုင်းပြည်အနှံ့ ကျွန်မတို့သွားသည့် ခရီးမှာ မိုင် ၂၀၀၀ ရှိပြီ။ ယခု လောက် ပင်ပန်းသည့်ခရီးမျိုး မကြုံဖူးခဲ့ပေ။ နောက်ဆုံး မော်၏ အိမ်သို့ သွားကြသည်။ သူမွေးဖွားရာ အိမ်ဟောင်းဖြစ်ပြီး ယခုပြတိုက်နှင့် အမြတ်တနိုး အဆောက်အအုံအဖြစ် ပူးတွဲထားသည့် နေရာဖြစ်သည်။ ကျွန်မတို့ မျှော်လင့်ထားသည့် ခေါင်းပုံဖြတ်ခံ လယ်သမားတစ်ယောက်အိမ်ထက် ပို၍သားနား ထည်ဝါနေသည်။ အိမ်ထဲတွင် နံရံပေါ်၌ မော်၏ အမေဓာတ်ပုံတစ်ခု ချိတ်ဆွဲထားသည်။ မော့်အမေသည် ဆင်းရဲသူများအား မကြာခဏ အစားအစာများ ပေးသည်၊ အလွန်ကြင်နာသည့် မိခင်တစ်ယောက်ဖြစ်သည်ဟူသော စာများ ရေးသားသည်။ သူတို့ မိသားစုမှာ အတန် အသင့် ချောင်လည်သည်ဟူ၍လည်း သိရသည်။ သို့ဖြစ်ရာ ကျွန်မတို့ ခေါင်းဆောင် ကြီး၏ မိဘများမှာ ချမ်းသာသော လယ်သမားများဖြစ်သည်ဟု သိခွင့်ရသည်။ သို့ပေမယ့် ချမ်းသာသော လယ်သမားဆိုသည်မှာ လူတန်းစားရန်သူ မဟုတ်လား။ သို့ဖြစ်လျှင် အခြား လူတန်းစား ရန်သူများမှာ ပြည်သူတို့အမုန်းခံများဖြစ်ပြီး မော်၏ မိဘများမှာ ဘာကြောင့် သူရဲကောင်းများဖြစ်နေရသလဲ။ ထိုအမေးစိတ်ထဲပေါ်လာ လျှင် ကျွန်မ စိုးထိတ်သွားပြီး ချက်ချင်းပင် ထိုသံသယကို ချိုးနှိမ်လိုက်ရသည်။

နိုဝင်ဘာလလယ်တွင် ပီကင်းသို့ ပြန်လာသည့်အခါ ရာသီဥတုမှာ အလွန် အေးစက်လာသည်။ ဧည့်ခံရေးကော်မတီက ကျွန်မတို့ကို လောလောဆယ် နေရာချထားမပေးနိုင်သေး။ ပန်းခြံတစ်ခုတွင် စောင့်နေကြရသည်။ ပီကင်းဆောင်းမှာ ထူးထူးခြားခြားအေးသည်။ နောက်တစ်နေ့ညနေမှောင်ရီပျိုးမှ ဗဟိုက ဇာတ်ကျောင်းသို့ ကျွန်မတို့တည်းခိုရန် ရောက်သွားသည်။ ကြိုဆိုသူများမှာ လေတပ်အရာရှိများဖြစ်သည်။ ဥက္ကဋ္ဌကြီးမော်က ကျွန်မတို့ကို စောင့်ရှောက်ရန်

မှာကြားလိုက်သည်။ ပြီးတော့ အခြေခံစစ်ပညာ သင်ကြားပေးရမည်ဟု ဆိုသည်။ ဥက္ကဋ္ဌကြီးမော်က ဤမျှဂရုစိုက်ပါလားဟု ကျွန်မတို့ များစွာ စိတ်ထိခိုက်ရသည်။ စစ်သင်တန်းမှာ တပ်နီလူငယ်များအတွက် လုပ်ငန်းသစ်တစ်ခု ဖြစ်သည်။ တွေ့ကရာ ဖျက်ဆီးနေသည်ကို လမ်းလွှဲပေးခြင်းဖြစ်သည်။ ပြဇာတ်ကျောင်းတွင် ကျွန်မတို့ကို တာဝန်ယူ သင်ကြားပေးသူမှာ လေတပ်အရာရှိများ ဖြစ်သည်။ ယင်းအနက် နှစ်ယောက်မှာ ကျွန်မတို့နှင့် အလွမ်းသင့်သည်။ သူတို့၏ အဝတ်များကို ကျွန်မတို့ လျှော်ဖွပ်ပေးသည်။ စိတ်ကစားစအရွယ် ဖြစ်သော်လည်း နိုင်ငံရေးအုံကြွမှုများက ကျွန်မတို့ကို လွှမ်းမိုးနေသဖြင့် ချစ်စိတ် ကြိုက်စိတ် ခေါင်းပါးနေကြသည်။ မိဘနှင့်ဝေးသည့်အခါ စိတ်လွတ်ကိုယ်လွတ် မထိန်းသိမ်းနိုင်သည်တို့ ကြုံရသည်။ အိမ်ပြန်ရောက်သည့်အခါ ကျွန်မ ကျောင်းနေဘက်သူငယ်ချင်းဟောင်း ဆယ့်ငါးနှစ်သမီး မိန်းမချောလေး တစ်ယောက်အကြောင်း ကြားရသဖြင့် စိတ်မကောင်း ဖြစ်ရသည်။ နိုင်ငံအနှံ့လှည့်လည်စဉ် တပ်နီလူငယ်တစ်ယောက်နှင့် ငြိစွန်းပြီး ကိုယ်ဝန်ရှိလာသည်။ အိမ်ပြန်ရောက်သောခါ သူ့အဖေက ရိုက်နှက်ဆုံးမသည်။ အိမ်နီးချင်းတို့က အတင်းစကားပြောသည်။ သူငယ်ချင်းများက မေးငေါ့သည်။ ထိုဒဏ်များမခံနိုင်ဘဲ အသက်ရှင်နေရမှာ ရှက်သည်ဟု စာရေးထားခဲ့ပြီး ကြိုးဆွဲချ သေသွားသည်။

ယဉ်ကျေးမှုတော်လှန်ရေးက တိုင်းပြည်အတွက်တစ်ခုတည်းကိုသာ လုပ်မည်ဆိုသည့် တက်ကြွသည့် အမျိုးသမီးငယ်များကို မွေးထုတ်ပေးခဲ့သည်။ ကျွန်မတို့အတန်းမှ သူငယ်ချင်းတစ်ယောက်မှာ ဆယ့်ခြောက်နှစ်သား ကောင်လေးတစ်ယောက်၏ ရည်းစားစာပေးခံရသည်။ သူက “ရှင်ဟာ တော်လှန်ရေးကို သစ္စာဖောက်တဲ့သူ” ဟု စာပြန်ရေးသည်။ “အခုလို လူတန်းစားရန်သူတွေ အလွန်များနေတဲ့ အချိန်မှာ ဘာဖြစ်လို့ အရှက်မရှိတဲ့ အလုပ်မျိုး လုပ်ရတာလဲ။ အရင်းရှင်လောကမှာ လူတွေအများကြီး ဆင်းရဲတွင်းနစ်နေတယ်။ အဲဒါ ရှင်မသိဘူးလား” ဟူ၍လည်း အပြစ်တင်စာ ရေးပေးလိုက်သည်။ ထိုစိတ်ထားမျိုးကို ကျောင်းသူအများအပြား မွေးမြူကြသည်။ မိန်းမပီသသည့် သွင်ပြင်အမူအရာမျိုးကို ချိုးနှိမ်ထားကြသည်။ အပြာရောင် ဝတ်စုံ သို့မဟုတ် အညိုရောင်၊ အစိမ်းရောင်ဝတ်စုံမှလွဲပြီး အခြားအဝတ်များ မဝတ်ရ။

ကျွန်မမှာ အရိုးအဆစ်ကိုက်သည့် ရောဂါတစ်ခု အိမ်သို့ပြန်ပါလာသည်။ ပီကင်းမှာ အေးသည်။ ကျွန်မတို့တွင် ခြုံစောင်မလုံလောက်။ တစ်နေ့တွင် တပ်နီလူငယ်အမျိုးသမီးအသစ်များ ရောက်လာသဖြင့် ခြုံစောင်များကို မျှတပေးရသည်။ သို့ဖြစ်ရာ စောင်တစ်ထည်ကို နှစ်ယောက်ခြုံကြရသည်။ ကျေးလက်မှ လူငယ်များတွင် ကိုယ်သန်းများပါလာသည်။ တစ်နေ့တွင် ကျွန်မ သူငယ်ချင်းတစ်ယောက် အခန်းထဲသို့ ငိုပြီးဝင်လာသည်။ သူ့အင်္ကျီတွင် ကိုယ်သန်းဥများတွေ့ရသဖြင့် စိတ်မချမ်းမသာ ဖြစ်ရသည်ဆိုသည်။ ကိုယ်သန်းမှာ တစ်ကိုယ်ရေ သန့်ရှင်းမှုမရှိသဖြင့် ဖြစ်ပေါ်လာသည့် ကိစ္စဖြစ်သည်။ ထိုအခါမှ စ၍

ကျွန်မမှာ တစ်ကိုယ်လုံး ယားယံသလိုဖြစ်လာပြီး မနေတတ်မထိုင်တတ် ဖြစ်လာသည်။ အောက်ခံအဝတ်များကို မကြာခဏ စစ်ဆေးသည့် အကျင့်ရ လာသည်။ အိမ်ကိုလည်း လွမ်းလာသည်။

နိုဝင်ဘာ ၂၄ နေ့လယ်တွင် ကျွန်မတို့ တပ်ခွဲမှူးက "ပင်လယ်ခုနစ်တန် ကျော်ဖြတ်ခဲ့တဲ့အခါ ပွဲကိုင်မယ့်သူလိုတယ်" ဟူသော ယဉ်ကျေးမှုတော်လှန်ရေးသီချင်း ကိုဆိုပြီး အခန်းထဲဝင်လာသည်။ ထိုသီချင်းမှာ ခေတ်စားပြီး လူကြိုက်များသည်။ သူ့တွင် သတင်းကောင်းပါလာကြောင်း ကျွန်မတို့ သိလိုက်သည်။ သူက "နက်ဖန် ဥက္ကဋ္ဌကြီးမော်ကို တို့တွေ့ရမယ်" ဟု ကြေညာသည်။ ကျွန်မတို့ လက်ခုပ်တီးသြဘာ ပေးသည့် အသံများအကြားတွင် နောက်ထပ် ဆက်၍ပြောသည့်စကားများ နစ်မြုပ် သွားသည်။ "ဥက္ကဋ္ဌကြီးမော် အသက်ရာကျော်ရှည်ပါစေ" "မော်၏ ခေါင်းဆောင်မှု နောက်သို့ ငါတို့အမြဲလိုက်မည်"

ထို့နောက် တက္ကသိုလ်ပြင်ဘက်သို့ မထွက်ကြရန် လေတပ်အရာရှိက မှာကြားသည်။ ညစာစားပြီးလျှင် ဥက္ကဋ္ဌမော်၏ လုံခြုံမှုအတွက် အချင်းချင်း ရှာဖွေကြမည်။ လက်နက်ဆို၍ သော့တစ်ချောင်းကိုပင် မကိုင်ဆောင်ရ။ ကျွန်မတို့တတွေ တစ်ညလုံး မအိပ်နိုင်ကြ။ စိတ်လှုပ်ရှားနေကြသည်။ တစ်ညလုံး ထိုင်၍ စကားပြောကြသည်။ မနက်လေးနာရီတွင် အိပ်ရာမှထကာ တီယန်အန်မင်ရင်ပြင် သို့ လျှောက်သွားကြသည်။ ပီကင်းမြို့ နံနက်ခင်းတွင် လမ်းများအားလုံး အသက်ဝင်လှုပ်ရှားနေသည်။ ကြွေးကြော်သံဟစ်ကြွေးရင်း စာအုပ်နီလေးများကို မြှောက်ကိုင်ကြသည်။ ကျွန်မတို့ ခေါင်းပေါ်တွင် အနီရောင်အတန်းလေးတစ်ခုကို ရေးရေးမြင်နိုင်သည်။ ထိုနောက် တီယန်အန်မင်ရင်ပြင်ရှေ့တွင် နေရာယူကာ ထိုင်ကြသည်။ သို့နှင့် နေ့လယ်မွန်းတည့် ချိန်တွင် အရှေ့ဘက်ဆီမှ "ဥက္ကဋ္ဌကြီးမော် အသက်ရာကျော်ရှည်ပါစေ" ဟူသော ကြွေးကြော်သံများ ကြားရသည်။ မော်ရောက်လာတော့မည်။

"ထိုင်ကြပါ။ ထိုင်ကြပါ။"

ကျွန်မ အော်ပြောသည်။ သို့သော်လည်း အချည်းနှီးပင်။ ထိုင်ရသည်မှာ ကြာသဖြင့် ခြေထောက်များ ထုံကျဉ်လာသည်။ အားတင်းပြီး မတ်တပ်ရပ် လိုက်သည် တွင် ရှေ့မှာဖြတ်သွားသော ကားတန်းတစ်ခု၏ နောက်ဆုံးပိုင်းကို မြင်လိုက်ရသည်။ သမ္မတလျူရှောက်ချီသည် ကားပေါ်တွင် ကျွန်မတို့ဘက် မျက်နှာမူကာ လိုက်ပါသွားသည်။

နံရံကပ်ပိုစတာများတွင် "လျူ" ကို တရုတ်ကရုးရှက်အဖြစ် စွပ်စွဲတိုက်ခိုက်ပြီး မော်နှင့် ဆန့်ကျင်ဘက် ခေါင်းဆောင်တစ်ယောက် ဖြစ်လာသည်။ "လျူ" ကျဆုံးတော့မည်မှာ သေချာသည်။ ကားတန်းတွင် လျူသည် နံပါတ်နှစ်ခေါင်းဆောင်ဖြစ်ငြားလည်း မော်နှင့်ယှဉ်ပြီး မလိုက်ပါ။ နောက်တန်းတစ်နေရာ မှာသာ သူလိုက်ပါသွားသည်။

"လျူ" မှာ အနှိမ်ခံရဟန်တူသည်။ ကိုယ်စိတ်နွမ်းနယ်နေဟန်ရှိသည်။ သူသည် သမ္မတဖြစ်ငြားလည်း ကျွန်မတို့မျိုးဆက်က သူ့ကို အထင်မကြီး။ ကျွန်မတို့မှာ မော်ကို ပုဂ္ဂိုလ်ရေးကိုးကွယ်ရင်း ကြီးပြင်းလာကြသူများ ဖြစ်သည်။ သူသည် မော်ကို ဆန့်ကျင်သူဖြစ်လျှင် ထုံးစံအတိုင်း အရာကျမည်မှာ မလွဲဟု ကျွန်မတို့ ခံယူသည်။

လျူနှင့်သူ့အပေါင်းအသင်းများသည် မော်ကို ခေါင်းပေါ်ရွက်တင်ပေးခဲ့သည်။ မော်ကျေနပ်မည်ဟု သူတို့ထင်သည်။ ဤသို့ဖြင့် သူတို့သည် မော်ကြီးမြတ်ရေးတွင် အသုံးခံများဖြစ်ခဲ့ရသည်။ သို့သော်လည်း မော် မကျေနပ်သေး။ သူသည် အကြွင်းမဲ့အာဏာကို သည်ကမ္ဘာမြေပေါ်တွင်သာမက ကောင်းကင်ဘုံမှာလည်း လိုချင်သူဖြစ်သည်။ ထိုနေ့ကား ၁၉၆၆ နိုဝင်ဘာ ၂၅ ဖြစ်လေသည်။

ရက်အနည်းငယ်အတွင်း ကျွန်မတို့ ခရီးစဉ်ပြီးဆုံးကာ အိမ်သို့ပြန်လာခဲ့သည်။ ပီကင်းမှ မထွက်ခွာမီ အမေ့ထံမှ စာတစ်စောင်ရသည်။ အဖေနေကောင်းသည်။ ချိန်တူတွင် အားလုံးနေကောင်းကြသည်။ သို့သော်လည်း အဖေ့ကို အရင်းရှင်လမ်းလိုက်သူအဖြစ် အဝေဖန်ခံရသည်ဟု အမေက အသိပေးသည်။ ကျွန်မ စိတ်ထိခိုက်မိသည်။ ကွန်မျူနစ်ခေါင်းဆောင် ဆိုသူများသည် အရင်းရှင်လမ်းလိုက်သူများ ဖြစ်လာပြီး ယဉ်ကျေးမှုတော်လှန်ရေး၏ အဓိက ပစ်မှတ်မှာ သူတို့ပင်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း နားလည်လာသည်။ မကြာမီအတွင်း ကျွန်မတို့မိသားစု၏ ကံကြမ္မာ ကို ယဉ်ကျေးမှုတော်လှန်ရေးက ဘယ်ပုံဖန်တီးသည်ကို ကိုယ်တွေ့ကြုံရတော့မည်။

*****

[၁၉]

ရှုတ်ချချင်စိတ်ရှိလျှင် အထောက်အထားတွေရှိသည်။

မိဘများ စိတ်ဆင်းရဲသည်

အရင်းရှင်လမ်းလိုက်သူဆိုသည်မှာ အရင်းရှင်သဘောတရားအတိုင်း ပြုကျင့်သည့် အာဏာရ ခေါင်းဆောင်ကို ခေါ်ခြင်းဖြစ်သည်။ သို့သော်လည်း မည်သည့် သဘော တရား၊ မည်သည့်ဝါဒအတိုင်း လုပ်ကိုင်ရမည်ဟူ၍ ခေါင်းဆောင်များ၌ ရွေးချယ်ခွင့်မရှိ။ မော်၏ အမိန့်နှင့် သူနှင့်ဆန့်ကျင်သူတို့၏ အမိန့်များသည် ပါတီမှ ရောက်လာသည့် အမိန့်များဖြစ်သည်။ ခေါင်းဆောင်များမှာ အားလုံးကို လိုက်နာရမည်။ ယင်းတို့ အတိုင်း လိုက်နာဆောင်ရွက်ရာမှာပင် အကွေ့အကောက်အမျိုးမျိုး ဖြတ်လျှောက်ရသည်။ နောက်ပြန်လှည့်၍ လျှောက်ရသည့် အခါလည်း ကြုံရသည်။ မကြိုက်လျှင် မကြိုက်ကြောင်းမပြနိုင်။ ဖုံးဖိရန် မလွယ်သောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ သူတို့ အလုပ်အပေါ်ကြည့်ကာ ပါတီခေါင်းဆောင်များကို မည်သူက အရင်းရှင် လမ်းလျှောက်သူ မည်သူက မဟုတ်သူ ဟူ၍ ဆုံးဖြတ်ရခက်သည်။

ခေါင်းဆောင်တိုင်းတွင် ကိုယ်ပိုင်အယူအဆများရှိသည်။ သို့သော်လည်း ပြည်သူသို့ မဖော်ထုတ်ရ ဟူသော ပါတီစည်းကမ်းတစ်ခုက ထိန်းချုပ်ထားသည်။ သို့ဖြစ်ရာ ခေါင်းဆောင်တစ်ယောက်၏ သဘောထား အမှန်ကို ပြည်သူက သိရန် မလွယ်ကူ။

ပါတီလုပ်ငန်းများကို ဆောင်ရွက်သူများမှာ ပါတီခေါင်းဆောင်များ ဖြစ်သည်။ သို့သော်လည်း မော်ကမူ အရင်းရှင်လမ်းလိုက်သူအား ဝေဖန်တိုက်ခိုက်ရာ၌ သာမန်ပြည်သူများကို အင်အားစုတစ်ခုအဖြစ် အသုံးပြုသည်။ သို့ဖြစ်ရာ ပါတီခေါင်းဆောင်များမှာ ပါတီလုပ်ငန်းများ လုပ်ကိုင်သဖြင့် အရင်းရှင်လမ်း လိုက်သူများ ဖြစ်လာရသည်။ ပါတီခေါင်းဆောင်ဆိုရာတွင် ရာထူးအကြီး အငယ်အတိုင်း သတ်မှတ်၍ မရနိုင်။ ထိုခေါင်းဆောင်သည် ပါတီလုပ်ပိုင်ခွင့် အပြည့်အဝရှိသော ယူနစ်၏ ခေါင်းဆောင် ဟုတ်မဟုတ်က အရေးကြီးသည်။ ပြည်သူတစ်ရပ်လုံးကို ယူနစ်များ ဖွဲ့စည်းထားပြီး တစ်ဖွဲ့ကို ယူနစ်ခေါင်းဆောင် တစ်ယောက်က ဦးဆောင်ရသည်။ မော်သည် ကွန်မြူနစ်အာဏာဖွဲ့စည်း တည်ဆောက်ပုံ၏ အဓိကသော့ချက် ဖြစ်သည့် ယူနစ်ခေါင်းဆောင်များကို ဖယ်ရှားချင်သည်။

ကျွန်မအဖေနှင့် အမေတို့မှာ ဌာနကြီးမှူးများဖြစ်လေရာ နှစ်ယောက်စလုံးမှာ အရင်းရှင်လမ်း လိုက်သူများအဖြစ် အစွပ်စွဲခံရသည်။ တရုတ်ဆိုရိုးတစ်ခုမှာ “ရှုတ်ချချင်စိတ်ရှိလျှင် အထောက်အထားတွေ ရှိသည်” ဟူ၍

ဖြစ်သည်။ ဤ အခြေခံအရ တရုတ်ပြည်တစ်ဝန်း ယူနစ်ခေါင်းဆောင်များကို ကြီးသည်ငယ်သည်မဟူ အရင်းရှင်ဝါဒသွတ်သွင်းသူ မော် ဆန့်ကျင်သူများအဖြစ် သူတို့ လက်အောက်မှာ လုပ်ကိုင်သူများက စတင်ရှုတ်ချသည်။ ယင်းတို့တွင် ကျေးလက်များ၌ လွတ်လပ်သည့် ဈေးကွက်များ ခွင့်ပြုခြင်း၊ အလုပ်သမားများ အရည်အသွေးနှင့် ကျွမ်းကျင်မှု ဦးစားပေး ရမည်ဟု ပြောဆိုခြင်း၊ စာပေနှင့် အနုပညာလွတ်လပ်ခွင့်ထောက်ခံသူများ၊ အားကစားတွင် အပြိုင်အဆိုင် ယှဉ်ပြိုင်ရမည်ဟု ထောက်ခံသူများ (ယခုအခါ ဆုဖလားနှင့် ဆုတံဆိပ် အရူးအမူး လိုချင်သူများ) သည် အရင်းရှင်လမ်းလိုက်သူ များအဖြစ် အစွပ်စွဲ ခံရသည်။ ထိုသဘောထားများကို မော် မကြိုက်မှန်း မသိကြ။ တကယ်တော့ ယင်းတို့မှာ သူခေါင်းဆောင်သည့် ပါတီထိပ်ပိုင်းမှ ကျလာခြင်းဖြစ်သည်။ ယခုမူ ထိုသဘောထား အားလုံးသည် ပါတီတွင်းရှိ “ဘူဇွာဌာနချုပ်” မှ ညွှန်ကြားခြင်းများ ဖြစ်သည်ဟု ဆိုသည်။

ပါတီယူနစ်တိုင်းတွင် သူပုန်တပ်နီလူငယ်များ သို့မဟုတ် သူပုန်များသည် တက်ကြွသူများ ဖြစ်လာသည်။ သူတို့က “အရင်းရှင်လမ်းလိုက်သူများကို ချေမှုန်းကြ” ဟု ကြွေးကြော်သည်။ ယင်းမှာ အဓိပ္ပာယ်မရှိ။ ပါတီအမိန့်များကို လိုက်နာရမည်ဟု မော်ကပင် ပြောခဲ့သည်။ ပြီးတော့ “ဘူဇွာဌာနချုပ်” တစ်ခု ရှိနေသည်ဟူ၍ မည်သူ့ကိုမျှ အသိပေးခြင်းမပြုခဲ့ပေ။ သူတို့ဘယ်လို သိနိုင်မည်လဲ။ သိမှသာ ရှောင်နိုင်ရှားနိုင်မည် မဟုတ်လား။ ပါတီခေါင်းဆောင်များတွင် နောက်လိုက်များစွာရှိသည်။ အချို့က သူတို့ခေါင်းဆောင်ကို ကာကွယ်ပြော ဆိုကြသည်။ သူတို့ကို “သစ္စာခံ” များဟု နာမည်ပေးသည်။ ဤတွင် သစ္စာခံများနှင့် “သူပုန်” များ ရန်ဖြစ်ကြသည်။ အပြန်အလှန် ရိုက်နှက် တိုက်ခိုက် ကြသည်။ ပါတီခေါင်းဆောင်အားလုံးကို ရှုတ်ချရမည်ဟု မော် ဘယ်တုန်းကမျှ မပြောခဲ့ရာ အချို့မှာ တွေတွေဝေဝေ ဖြစ်လာသည်။ သာမန်ပြည်သူတို့အဖို့ ဘာတွေ ဖြစ်လာမည်လဲ၊ ဘယ်သူ့အမိန့်နာခံရမည်လဲ မသိကြတော့ပေ။

၁၉၆၆ ဒီဇင်ဘာတွင် ချိန်တူသို့ ကျွန်မ ပြန်ရောက်သည်။ ထိုအခါ ဘာတစ်ခုမျှ သေချာရေရာခြင်း မရှိသည်ကို နားလည်လာသည်။

မိဘနှစ်ပါးသည် အိမ်တွင် ရှိနေသည်။ နိုဝင်ဘာတွင် ကျန်းမာရေး အပန်းဖြေစခန်းက သူတို့ကို အိမ်ပြန်ခွင့်ပြုလိုက်သည်။ အရင်းရှင်လမ်းလိုက်သူများသည် သူတို့ယူနစ်များသို့ပြန်ကာ အရှုတ်ချအစွပ်စွဲ ခံရမည်ဟု ယူဆရသည် မဟုတ်လား။ အိမ်ဝိုင်းထဲက ကင်းတင်းဆိုင်မှာ ပိတ်သွားသည်။ မိဘများမှာ လခများ လစဉ်မှန်မှန် ရနေသည်။ ပါတီစနစ်မှာမူ မရှိတော့။ သူတို့လည်း ရုံးသွားရန်မလိုတော့ပေ။ အဖေနှင့် အမေတို့မှာ ယဉ်ကျေးမှုနှင့် ဆက်စပ်နေသည့် ဌာနများကို ကိုင်တွယ်ရသူများဖြစ်သည်။ ပီကင်းရှိ သူတို့ခေါင်းဆောင်များကို မော်က အထူးမကျေမနပ်ဖြစ်သည်။ ယဉ်ကျေးမှုတော်လှန်ရေးစကတည်းက သူတို့မှာ ရာထူးမှ အချခံရသည်။ သို့ဖြစ်ရာ

အဖေနှင့် အမေတို့မှာ တိုက်ရိုက် ပစ်မှတ်စက်ကွင်းထဲ ရောက်နေသူများ ဖြစ်လာသည်။ "ချန်ရှိုယုကို ချေမှုန်းကြ" "ဇီယာတေဟောင်ကို မီးလောင်တိုက်သွင်း" ဟူသော နံရံကပ် ပိုစတာများဖြင့် ရှုတ်ချခံနေရသည်။

အဖေ၏ ဌာနတွင် အစည်းအဝေးများ ကျင်းပသည်။ သူ့ကို အော်ဟစ် ကြိမ်းမောင်းသည်။ တရုတ်ပြည်နိုင်ငံရေးတိုက်ပွဲများတွင် ပုဂ္ဂိုလ်ရေးရန်ငြိုးသည် အခြေခံ အစပြုရာဖြစ်သည်။ အဖေကို တိုက်ခိုက်သူခေါင်းဆောင်မှာ မစ္စစ်ရှောဆိုသူ ဖြစ်သည်။ တစ်ခါတွင် အဖေ့မျက်နှာကို မစ္စစ်ရှောက တံတွေးဖြင့် ထွေးဖူးသည်။ ကျန်ရုံးဝန်ထမ်းများကမူ အဖေကို ရိုသေကြသည်။ ပြင်းပြင်းထန်ထန် မပြောဆို မဆက်ဆံကြပေ။ ဆီချွမ်နေ့စဉ်သတင်းစာတိုက်သားများကလည်း အဖေကို ပြစ်တင် ရှုတ်ချသည်။ သို့သော်လည်း သူတို့အစည်းအဝေးများမှာ လုပ်ရိုးလုပ်စဉ်ဖြစ်ပြီး ပုဂ္ဂိုလ်ရေးအာဃာတ မထားကြပေ။

အမေ့ကိုမူ ရှုတ်ချသည့် အစည်းအဝေးများ မပြုလုပ်ကြပေ။ သူသည် ကျောင်း ဆေးရုံနှင့် ဖြေဖျော်ရေးအဖွဲ့တို့ကို တာဝန်ခံရသူဖြစ်ရာ ရင်းရင်းနှီးနှီး ဆက်ဆံသဖြင့် ပြေလည်သည်။ သူ့လက်အောက်ဝန်ထမ်းများ၏ အကျိုးကို အမြဲရှေးရှု ဆောင်ရွက်ခဲ့သည်။ ယခင်ရှုတ်ချပွဲများတုန်းက အမေသည် လူပေါင်းများစွာကိုအကာအကွယ်ပေးခဲ့သည်။ ယခု သူ့အလှည့်တွင် အကျိုးခံစားရသည်။ မည်သူကမျှ သူ့ဘက်သို့ မလှည့်တော့ပေ။

အိမ်သို့ကျွန်မပြန်ရောက်သည့် ညနေပိုင်းတွင် အမေက သူတို့ ဘယ်သို့သော ဖြစ်ရပ်တို့နှင့် ရင်ဆိုင်ရသည်ကို ပြုံးပြုံးရွှင်ရွှင်ပြောပြသည်။ ယဉ်ကျေးမှု တော်လှန်ရေးပြီးလျှင် ပါတီခေါင်းဆောင်အဖြစ်မှ သူတို့ နုတ်ထွက်ကြတော့မည်။ သာမန် ပြည်သူပြည်သားတစ်ယောက်ဘဝမှာ နေထိုင်သွားကြတော့မည်၊ မိသားစုနှင့် အတူ ပျော်ပျော်နေထိုင်မည်ဟူ၍ ပြောပြသည်။ ဤသည်မှာ စိတ်ကူးယဉ်ခြင်းသာ ဖြစ်သည်။ ကွန်မြူနစ်ပါတီမှာ ဝင်မိလျှင် ထွက်၍ မရတော့။ သို့သော်လည်း ထိုအခိုက်အတန့်တွင်မူ တစ်စုံတစ်ခု ဆုပ်ကိုင်ထားမှ ဖြစ်မည် သူတို့ထင်သည်။

အဖေက ပြောသည်။

"အရင်းရှင်နိုင်ငံမှာဆိုရင် သမ္မတကနေ နေ့ချင်းညချင်း သာမန်ပြည်သူ ဖြစ်နိုင်တယ်။ လူတစ်ယောက်ကို အမြဲတမ်း အာဏာပေးမထားတာ ကောင်းတယ်။ အာဏာအလွဲသုံးစား လုပ်ကြတယ်မဟုတ်လား။"

ထို့နောက် မိသားစုအပေါ် အာဏာရှင်ဆန်ခဲ့သည့် သူ့အဖြစ်ကို ကျွန်မ အား တောင်းပန်သည်။

"တို့လိုခေါင်းဆောင်တွေ ဝေဖန်ခံရတာကောင်းပါတယ်။ နည်းနည်းတော့ ပင်ပန်းတာပေါ့။ မျက်နှာလည်း ပျက်ရတာပေါ့"

သို့နှင့် ထောင့်ကိုးရာခြောက်ဆယ့်ခုနစ်ထဲ ရောက်လာသည်။ ယဉ်ကျေးမှုတော်လှန်ရေးသည် အရှိန်အဟုန်ပြင်းထန်လာသည်။ ပထမ

တပ်နီလူငယ်များ၏ လှုပ်ရှားမှုနှင့်စသည်။ ထိတ်လန့်စရာခေတ်ကြီး ဖြစ်ပေါ်လာသည်။ ယခုအခါ မော် သည် "ဘူဇွာဍြာနချုပ်" နှင့် တည်တံ့နေသော ပါတီအဖွဲ့အစည်း အဆင့်ဆင့်ကို သူ၏ အာဏာပိုင်စနစ်အဖြစ်သို့ ပြောင်းရန်ကြိုးစားသည်။ လျူရှောက်ချီနှင့် တိန့်ရှောင်ဖိန် တို့ကို ရှုတ်ချပြီး ဖမ်းဆီးထားသည်။ တာအိုချုကိုလည်း အရေးယူသည်။

ဇန်နဝါရီ ၉ တွင် ရှန်ဟဲ၌ ဇန်နဝါရီမုန်တိုင်း စတင်တိုက်ခတ်ပြီ" ဟု ပြည်သူ့နေ့စဉ်သတင်းစာနှင့် ရေဒီယိုက ကြေညာသည်။ ရှန်ဟဲ၌ "သူပုန်" တို့က အာဏာသိမ်းသည်။ မော်ကိုယ်တိုင်က အရင်းရှင်လမ်းလိုက်သူများထံမှ ပြည်သူများက အာဏာ သိမ်းရန် လှုံ့ဆော်ကြေညာသည်။

အာဏာသိမ်းသည် ဆိုသည်မှာ တရုတ်တွင် ပဥ္စလက်အတတ်နှင့် ဆက်စပ်နေသည့် စကားလုံး ဖြစ်သည်။ ဝါဒသဘောတရားများကို ချုပ်ကိုင်ခြင်း မဟုတ်ဘဲ ပြည်သူအပေါ် ထိန်းချုပ်ကွပ်ကဲပိုင်ခွင့် လိုင်စင်ရခြင်းတစ်မျိုးဟု နားလည်ထားကြသည်။ ထိုလိုင်စင်ရလျှင် ငွေရသည်။ အခွင့်ထူးခံစားရသည်။ အရိုသေခံရသည်။ မျက်နှာလုပ်ခံရသည်။ လက်စားချေခွင့်ရသည်။ တရုတ်နိုင်ငံတွင် ပြည်သူတို့ဘက်မှာ လုံခြုံမှုဘာမျှမရှိ။ တစ်တိုင်းပြည်လုံးသည် ပွက်ပွက်ဆူနေသော အလုံပိတ် ရေနွေးအိုးကြီးတစ်ခုနှင့် တူသည်။ ရေနွေးငွေ့များ အဆက်မပြတ် စီးဝင်နေသည်။ ဘောလုံးပွဲ တွေမရှိ။ စည်းဝေးပွဲတွေ၊ တရားစွဲဆိုခြင်း တွေမရှိ။ အကြမ်းပတမ်းရုပ်ရှင်တွေ ပြခွင့် မရှိ။ တည်တံ့နေသည့်စနစ်ကို ကန့်ကွက်ဝေဖန်ခြင်း မတရားမှုများကို ဖော်ထုတ် ဝေဖန်ခြင်းမျိုးမရှိ။ ဆန္ဒပြပွဲကျင်းပရန် စိတ်ကူးမျိုးကား ဝေလာဝေး။ နိုင်ငံရေး စကားပြောခြင်း ဆွေးနွေးခြင်းသည် ရင်ဖွင့်ခြင်းတစ်မျိုးဖြစ်သည်။ သို့သော်လည်း ထိုဆွေးနွေးပွဲမျိုးမရှိ။ မလုပ်ရဟု ပညတ်ထားသလိုပင်တည်း။ အောက်ခြေဝန်ထမ်းတို့ သည် အထက်အရာရှိတို့ကို ပြန်ပြောခွင့်မရှိကြ။ သင်သည် အကြီးအကဲတစ်ယောက် ဖြစ်ခဲ့လျှင်မူ မကျေနပ်သည်တို့ကို တိုင်တည်ရင်ဖွင့်ခွင့်ရှိသည်။ အာဏာဆိုသည် ယူတတ်မှရသည်ဟု မော်က ပြောနေသည်ဟု သာမန်ပြည်သူတို့ နားလည်လာကြသည်။ အာဏာသည် ကြောက်စရာကောင်းသော်လည်း အာဏာမရှိသူနှင့် ယှဉ်လျှင် ရှိသူက နေသာထိုင်သာရှိသည်။ အထူးသဖြင့် အာဏာလက်ဝယ်မရှိဖူးသူတို့အတွက် ပို၍ မှန်ကန်သည်။

တရုတ်ပြည်တစ်ဝန်းတွင် သူပုန်ယူနစ်သည် စိတ်ဓာတ်အတက်ကြွဆုံး ဖြစ်ပြီး အရေအတွက်အများဆုံး ဖြစ်လာသည်။ အလုပ်သမားများ၊ ကျောင်းဆရာများ၊ ဈေးဆိုင်အကူများ၊ အစိုးရဝန်ထမ်းများသည် သူတို့ကိုယ်သူတို့"သူပုန်" ဟု ကြေညာသည်။ ရှန်ဟဲရှေ့ဆောင်မှုနောက်သို့ လိုက်ကာ "သစ္စာခံ" များကို ရိုက်နှက်သည်။ စောစောပိုင်းက ခေါင်းဆောင်မှုရခဲ့သည့် တပ်နီလူငယ်အုပ်စုသည် ပြိုကွဲစပြုလာသည်။ သူတို့မှာ

ပါတီခေါင်းဆောင်များ၏ သားသမီးများ အစုအဝေးဖြစ်ရာ ယခုမူ အပြင်းအထန်အဝေဖန် အတိုက်ခိုက်ခံ နေရသည်။ ယဉ်ကျေးမှုတော်လှန်ရေး၏ ကဏ္ဍသစ်ကို ဆန့်ကျင်သည့် တပ်နီလူငယ်အချို့ အဖမ်းခံရသည်။ မဒမ်မော် အကြောင်း လွှတ်ခနဲပြောဖူးသည့် နိုင်ငံရေးမှူးလီ၏ သားတစ်ယောက် အရိုက်နှက် ခံရပြီး သေဆုံးသွားသည်။

အဖေ၏ဌာနမှ အမှုထမ်းများသည် သူပုန်အုပ်စုဝင်များ ဖြစ်လာသည်။ မစ္စစ်ရှောသည် ဆီချွမ်ပါတီခေါင်းဆောင်အားလုံးအထက်က ခေါင်းဆောင်ကြီး တစ်ယောက်ဖြစ်လာသည်။

သူပုန်အုပ်စုသည် ဖွဲ့ပြီးမကြာမီအတွင်း အုပ်စုများအပိုင်းပိုင်းကွဲသွားသည်။ အုပ်စုအားလုံးက ဆန့်ကျင်ဘက်များကို ယဉ်ကျေးမှုတော်လှန်ရေးဆန့်ကျင်သူများ ဟုစွပ်စွဲသည်။ နောက်ဆုံးတွင် တက်ကြွသည့် ဩဂုတ် ၂၆ အုပ်စုသည် ဆီချွမ် တက္ကသိုလ်ကို ကိုယ်စားပြုပြီး အတန်အသင့် တက်ကြွသည့် "ချိန်တူနီ" အုပ်စုသည် ချိန်တူ တက္ကသိုလ်ကို ကိုယ်စားပြုသည်။ ပြည်နယ်တစ်ခုလုံးတွင် အုပ်စုတစ်ခုစီ အောက်၌ နောက်လိုက်သန်းပေါင်းများစွာ ပါဝင်လာသည်။ အဖေ၏ လက်အောက်မှ မစ္စစ်ရှောသည် "ဩဂုတ် ၂၆" အုပ်စုနှင့် ပေါင်းပြီး အဖေ၏ဌာနမှ အခြားသူများ သည် "ချိန်တူနီ" အုပ်စုနှင့် ပူးပေါင်းသည်။ သူတို့က အဖေ့ကို ချစ်ခင်နှစ်သက်ကြသည်။

ကျွန်မတို့ ခြံဝင်းအပြင်ဘက်တွင် "ဩဂုတ် ၂၆" နှင့် ချိန်တူနီ" တို့ နေ့ရော ညပါ တစ်ဖက်နှင့်တစ်ဖက် ဝေဖန်စွပ်စွဲကြသည်။ တစ်ညတွင် "ဩဂုတ် ၂၆" အုပ်စုက "ချိန်တူနီ" ခေါင်းဆောင်မှုအောက်ရှိ စက်ရုံတစ်ခုကို ဝင်ရောက်သိမ်းပိုက်ပြီး အလုပ်သမားများကို ဖမ်းဆီးကာ နှိပ်စက်သည်ဟု သတင်းကြားရသည်။ ခေါင်းကို ရိုက်ခွဲသည်။ မျက်နှာကို ဓားဖြင့် မွှန်းသည်။ အလုပ်သမား အချို့မှာ အနှိပ်စက် မခံနိုင်သဖြင့် တိုက်အပေါ်ထပ်မှ ခုန်ချပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ကြသည်။ သူတို့သည် အာဇာနည်များ ဖြစ်လာသည်ဟု "ချိန်တူနီ" အုပ်စုက ကြေညာသည်။

"သူပုန်" တို့၏ ဦးတည်ချက်မှာ ပညာတတ်လူတန်းစားဖြစ်သည့် ဆရာဝန်၊ အနုပညာရှင်၊ စာရေးဆရာ၊ သိပ္ပံပညာရှင်များသာမက အင်ဂျင်နီယာ၊ အလုပ်သမား ခေါင်းဆောင်များနှင့် မိလ္လာသိမ်းအလုပ်သမားများကိုပါ ရန်သူအဖြစ် သတ်မှတ် တိုက်ခိုက်သည်။ သူတို့သည် အရင်းရှင်လမ်းလိုက်သူများက ရာထူးတိုးပေးခံရသူများ ဖြစ်သည်ဟု စွပ်စွဲသည်။ တကယ့်အဖြစ်မှာ မနာလိုခြင်းပင်တည်း။ အစက မတည့်သူများကို တော်လှန်ရေးနာမည် အလွဲသုံးစားပြုကာ ဆန့်ကျင်သူများအဖြစ် ကြေညာ ခြင်းဖြစ်သည်။

ဇန်နဝါရီမုန်တိုင်းကား ပြင်းထန်သည်။ တက်ကြွသူအုပ်စုက ပါတီအာဏာ ကို သိမ်းယူသည်။ ထိုအချိန်တွင် ရာထူးသစ်များခန့်အပ်တော့မည်ဖြစ်ရာ အစွမ်းကုန် တက်ကြွပြကြပြီး ရာထူးယူကာ အာဏာသိမ်းရန် ကြံစည်ကြသည်။ ဤသို့ဖြင့် ယဉ်ကျေးမှုတော်လှန်ရေး အရှိန်အဟုန်သည် ကြီးမားလာသည်။

အမေသည် ကိုယ်ထိလက်ရောက် နှိပ်စက်ခံရသည့် အချိန်တစ်ခု ရောက်လာသည်။ သူ့ကို သူမ၏ အရှေ့ဘက်ခရိုင်တွင်းရှိ ခေးပြ၊ မုဒိမ်းကောင်၊ မူးယစ်ဆေးရောင်းဝယ်သူ ပြည့်တန်ဆာခေါင်း စသည့် အကျဉ်းသားဟောင်းများက စွပ်စွဲတိုက်ခိုက်ခံရခြင်းဖြစ်သည်။ ဝေဖန်ရေး အစည်းအဝေးများတွင် ပုလင်းကွဲ ဖန်ကွဲများပေါ် ဒူးထောက် ထိုင်ခိုင်းသည်။ တစ်နေ့တွင် အမေသည် ရှုံ့မဲ့ပြီး ပြန်လာသည်။

အဘွားက ဒူးမှ ဖန်ကွဲများကို ညှပ်ဖြင့် ဆွဲထုတ်ကာ ဆေးထည့်ပေးရသည်။ နောက်ထစ်နေ့တွင် ဒူးမနာအောင် ဒူးစွပ်နှစ်ခုကို အဘွားက ပြုလုပ်ပေးသည်။ ခါးကိုလည်း အဝတ်အထပ်ထပ် ပတ်ပေးရသည်။ ဝေဖန်ရှုတ်ချသူတို့က ခါးကိုလည်း လက်သီးနှင့် ထိုးသည်။

ထိုနှစ်ဆောင်းရာသီက လမ်းဘေးအလုပ်ရုံ ဆွေးနွေးပွဲတစ်ခုတွင် အမေ နှင့် သူ့အပေါင်းအသင်းများကို သဲပေါ်တွင် ဒူးထောက်ထိုင်စေပြီး အကြာကြီး ဒုက္ခခံရင်း အစွပ်စွဲအဝေဖန်ခံရသည်။ မိုးသည်းထန်စွာ ရွာသည်တွင် အသည်း ခိုက်ခိုက်တုန်အောင် ချမ်းသည်။ ခါးလည်းကိုက်သည်။ ကိုယ်ကို အနည်းငယ် ရွှေ့စောင်းလိုက်သည်တွင် ခေါင်းကိုနောက်ဘက်က ပြင်းထန်စွာ အရိုက်ခံရသည်။ အမေလဲကျသွားသည်။ အမေ့ကို ရန်ငြိုးထားသော ပြည့်တန်ဆာခေါင်း အမျိုးသမီးတစ်ယောက်က မျက်လုံးကို စူးနှင့်တအား ထိုးသည်။ ထိုအချိန်တွင် အမေ့နောက်မှာ ရပ်နေသည့် တပ်နီ လူငယ်က အမေ့ခေါင်းကို ရိုက်လိုက်ပြီး စူးဒဏ်ကို အကာအကွယ်ပေးလိုက်သည်။ ထိုလူငယ်သာ အမေ့ခေါင်းကို မရိုက်လိုက်လျှင် အမေ့လက်ဝဲဘက်မျက်လုံး ပေါက်သွားမည်ဖြစ်သည်။

အမေက ထိုအဖြစ်အပျက်များကို ကျွန်မတို့အား ပြန်ပြောပြခြင်းမရှိ။ အရေးမကြီးကြောင်း၊ အနည်းငယ်သာ နာကျင်ကြောင်းပြောသည်။ အဘွားပြောပြမှ ကျွန်မ တို့ သိရသည်။ အဘွားသည် အမေ့ကို အမြဲကြည့်ရှုစောင့် ရှောက်သည်။ သူ့ရင်ထဲက နာကျည်းချက်များကို ဖုံးထားသည်။ အမေ့အား လမ်းများပေါ်တွင် လှည့်လည်စေပြီး ပွဲကြည့်ပရိသတ်အား ဦးညွှတ်အလေးပြု ခိုင်းသည့်သတင်းကို အဘွားကြားရသည့် အခါ စိတ်မထိန်းနိုင်ဘဲ သတိမေ့လဲကျ သွားသည်။ သတိရလာသည့်အခါ “အမေ့သမီး ဘာပြစ်မှုတွေ ကျူးလွန်ခဲ့လို့ ဒီလို အရှက်ခွဲခံရတာလဲကွယ်” ဟု ပြောပြီးငိုသည်။

အမေသည် အရိုက်ခံရသည့်ဒဏ်ကြောင့်သားအိမ်မှ မကြာခဏ သွေးသွန်သည်။ ၁၉၇၃ တွင် သားအိမ်ခွဲထုတ်လိုက်တော့မှ သွေးဆင်းရပ်သွားသည်။ ဆရာဝန် များက ဟော်မုန်းဆေးထိုးပေးသည်။

ထိုအချိန်တွင် အဖေလည်း ယဉ်ကျေးမှုတော်လှန်ရေး၏ စက်ကွင်းမှ မလွတ်ကင်း။ သူ့ဌာနမှ မစ္စစ်ရှောခေါင်းဆောင်သည့် “ဩဂုတ် ၂၆” အုပ်စုက ရန်ရှာသည်။

တစ်နေ့တွင် တပ်နီလူငယ်အုပ်စုတစ်ခု အိမ်ထဲဝင်လာပြီး စာကြည့်ခန်း ကို သွားသည်။ စာအုပ်စင်ကို မွှေနှောက်ရှာဖွေပြီး “ဖောက်ပြန်သည့် စာအုပ်များ

လက်ဝယ်ထားသူ” ဟု စွပ်စွဲသည်။ စောစောပိုင်းက တပ်နီလူငယ်များ စာအုပ်မီးရှို့ပွဲကျင်းပစဉ် အဖေသည် သူ့စာအုပ်များကို မီးမရှို့။ သိမ်းထားသည်။ ယခုလည်း မတ်ဝါဒစာအုပ်များကို လက်ညှိုးထိုးပြပြီး ဖောက်ပြန်ရေးမဟုတ်ဟု ငြင်းဆိုသည်။ မစ္စစ်ရှောက “တို့တပ်နီလူငယ်တွေကို အရူးမလုပ်နဲ့။ ရှင့်မှာ အဆိပ်အတောက် စာအုပ်တွေ အများကြီးပဲ” ဟု ပြောသည်။ ထိုနောက် တရုတ်ဂန္ထဝင်စာအုပ်များကို ဆွဲထုတ်ပြသည်။

“တို့တပ်နီလူငယ်တွေဆိုတာ ဘာပြောတာလဲ။ ခင်ဗျားဟာ သူတို့အမေ အရွယ်ရောက်နေပြီ။ သူတို့ထက်ပိုပြီး စဉ်းစားဉာဏ်ရှိဖို့ကောင်းတာပေါ့” ဟု အဖေက ပြန်ပြောသည်။

မစ္စစ်ရှောက အဖေ့ပါးကို ခပ်နာနာရိုက်သည်။ ထို့နောက် စာအုပ်များကို ဂုန်နီအိတ်များတွင် ထည့်ပြီး ယူသွားသည်။ နောက်တစ်နေ့တွင် ဌာနရှေ့တွင် မီးရှို့မည်၊ အဖေလာကြည့်ပြီး သင်ခန်းစာယူရမည်ဟု ပြောသည်။ ကျန်စာအုပ်များ အားလုံးကို မီးရှို့ရမည်ဟု ပြောသွားသည်။

ထိုနေ့ညနေက ကျွန်မအိမ်ပြန်ရောက်လာသည့်အခါ မီးဖိုထဲက ဘိလပ်မြေခွက်ကြီးထဲတွင် စာအုပ်များကိုမီးရှို့နေသည့် အဖေ့ကို တွေ့ရသည်။ အဖေ ငိုနေသည်။ အဖေငိုသည်ကို ပထမဆုံးအကြိမ် ကျွန်မတွေ့ရခြင်းဖြစ်သည်။ မျက်ရည်ကျခဲသည့် အဖေသည် ရှိုက်ကာရှိုက်ကာငိုရင်း ခြေနှစ်ဖက်ကို ကြမ်းပြင်မှာ တဒုန်းဒုန်း ခုန်သည်။ ဆောင့်သည်။ ပြီးတော့ နံရံကို ခေါင်းနှင့်ဆောင့်သည်။

ကျွန်မ ထိတ်လန့်သွားပြီး အချိန်အတန်ကြာအထိ အဖေ့ကို နှစ်သိမ့်ရန် မကြိုးစားမိ။ နောက်တော့မှ အဖေကို လက်နှစ်ဖက်ဖြင့် ကျောကိုဖက်ထားကာ နှစ်သိမ့်မှုပေးရသည်။ ပါးစပ်ကမူ ဘယ်သို့မျှမပြော။ ဘာစကားပြောရမည်လဲ ကျွန်မ မသိ။ အဖေကလည်း စကားတစ်ခွန်းမျှမဆို။ အဖေသည် ရသမျှ ထောက်ပံ့ငွေထဲမှ စာအုပ်ဖိုးများများသုံးသည်။ စာအုပ်သည်ပင် သူ၏ ဘဝဖြစ်သည်။ စာအုပ်များကို မီးရှို့ပြီးနောက် သူ့စိတ်ထဲမှာ တစ်စုံတစ်ခု စွဲထင်သွားပြီဟု ကျွန်မ အတပ်ပြောနိုင်သည်။

ရှုတ်ချပွဲပေါင်းများစွာသို့ အဖေ သွားရသည်။ အစည်းအဝေးကို “ကျွန်ုပ် တို့ဆရာ၊ ခေါင်းဆောင်ကြီး၊ တပ်မှူးကြီး၊ ဦးစီးပဲ့ကိုင်ကြီး ဥက္ကဋ္ဌမော် အသက်တစ်သောင်း၊ နောက်ထပ် အသက်တစ်သောင်း၊ နောက်ထပ်အသက်တစ်သောင်း တိုးပြီး ရှည်ပါစေ” ဟု ကြွေးကြော်ကာ ဖွင့်လှစ်သည်။ ကြွေးကြော်တိုင်း စာအုပ်နီလေး များကို မြှောက်ရသည်။ အဖေက စာအုပ်နီကို မမြှောက်။ ပါးစပ်ကလည်း မကြွေးကြော်။ “အသက်တစ်သောင်းရှည်ပါစေဆိုတာ ဧကရာဇ်ဘုရင်တွေအတွက် ဆုတောင်းတာ။ ကွန်မြူနစ်ဖြစ်တဲ့ ဥက္ကဋ္ဌမော်နဲ့ မအပ်စပ်ဘူး” ဟု အဖေက ပြောသည်။

ရှုတ်ချပွဲတစ်ခုတွင် မော်၏ ရုပ်ပုံကြီးတစ်ခုရှေ့တွင် ဒူးထောက်ထိုင်စေပြီး ဦးညွှတ်တရိုတသေ ပြုခိုင်းသည်။ အဖေက ငြင်းသည်။ “သူပုန်” များက အဖေကို

ခြေနှင့်ကန်သည်။ ရိုက်သည်။ အဖေသည် ဦးမညွတ်ဘဲ မတ်မတ်ရပ်နေသည်။ "ငါ ဒူးမထောက်နိုင်ဘူး။ ဦးမညွတ်နိုင်ဘူး" ဟု ပြောသည်။ "ငါ ဘာပြစ်မှုတစ်ခုမှ ကျူးလွန်ခဲ့ တာမဟုတ်ဘူး။ ဒီတော့ ဦးညွတ်စရာမလိုဘူး" ဟူ၍လည်း ပြောသည်။ သူ့ကို "ယဉ်ကျေးမှုတော်လှန်ရေးဆန့်ကျင်သူ" ဟု စွပ်စွဲသည်။ အဖေက "ဘာယဉ်ကျေးမှု တော်လှန်ရေးလဲ။ ယဉ်ကျေးတယ်ဆိုတာ တစ်ခုမှ မတွေ့ရဘူး။ ဒီအပြုအမူဟာ ရိုင်းတယ်" ဟု ပြန်ပြောသည်။ လူငယ်အများအပြားက အဖေ့ကိုယ်ပေါ် တက်၍ ခုန်ကြသည်။ အဖေ့ဆံပင်ကို ဆွဲကြ။ ရိုက်နှက်ကြသည်။

သူ့ကို ရိုက်သူများက

"ယဉ်ကျေးမှုတော်လှန်ရေးကို ဥက္ကဋ္ဌမော်က ခေါင်းဆောင်တယ်။ ခင်ဗျား ဥက္ကဋ္ဌမော်ကို ဆန့်ကျင်ရဲတယ်ပေါ့" ဟု ဆိုသည်။ အဖေက အသံကုန် ဟစ်ပြီး

"ဟုတ်တယ်၊ ငါ ဆန့်ကျင်တယ်။ ဒီတော်လှန်ရေးကို ဥက္ကဋ္ဌမော် ခေါင်းဆောင်တယ်ဆိုရင်လည်း ငါဆန့်ကျင်တယ်။"

ထိုစကားကြားရလျှင် အားလုံးငြိမ်သွားသည်။ "ဥက္ကဋ္ဌမော်ကို ဆန့်ကျင်ခြင်း" သည် သေဒဏ် ပေးနိုင်သည့် ပြစ်မှုဖြစ်သည်။ များစွာတို့မှာ အပြစ်တစ်စုံတစ်ရာမရှိဘဲ ဥက္ကဋ္ဌမော်ကိုဆန့်ကျင်သဖြင့် သေသွားကြသည်။ အဖေတွင် ကြောက်စိတ်မရှိသည်ကို မြင်လျှင် "သူပုန်" တို့ အံ့အားသင့်ကာ ကြက်သေ သေသွားကြသည်။ ထိုနောက်အဖေ့ ကို ရိုက်နှက်သည်။ ဥက္ကဋ္ဌမော်အား စော်ကားသည့် စကားများကို ပြန်၍ ရုပ်သိမ်း ရန်ပြောသည်။ အဖေက ငြင်းသည်။ ထိုအခါ ပို၍ ဒေါသဖြစ်ကာ ပုလိပ်ဆီသို့ ဆွဲခေါ် သွားပြီး အဖမ်းခိုင်းသည်။ ပုလိပ်က မဖမ်း။ သူတို့သည် ဥပဒေစိုးမိုးရေးကို လိုလားသည်။ ပါတီခေါင်းဆောင်များကို သဘောကျနှစ်သက်သည်။ သူပုန်များကို မုန်းသည်။ အဖေလို ရာထူးကြီးသူတစ်ယောက်ကို ဖမ်းရန် ခွင့်ပြုမိန့်လိုသည်။ ဘယ်သူမှ ထိုအမိန့် မျိုးမပေး။

အဖေကို ထပ်ကာထပ်ကာ ရိုက်နှက်သည်။ အဖေကား မလျှော့။ ကျွန်မတို့ နေသည့် ခြံဝင်းထဲတွင် ခေါင်းမာသူမှာ သူတစ်ယောက်တည်းသာ ဖြစ်သည်။ သူပုန်များအပါအဝင် များစွာတို့က သူ့ကို တိတ်တဆိတ် ချီးကျူးကြသည်။ လူငယ်အချို့က အဖေ့လိုသတ္တိရှိချင်ပါဘိဟု ကျွန်မမောင်များကို ဖွင့်ဟ ကြသည်။

အဖေနှင့်အမေကို အပြင်မထွက်ရ၊ အိမ်မှာနေရမည်၊ နောက်တစ်ကြိမ်ခေါ်လျှင် အသင့်ရှိနေရမည်ဟု အာဏာပိုင်တို့က မှာကြားထားသည်။ တစ်နေရာရာမှာ ပုန်းနေဖို့ဆိုသည်ကား စိတ်ကူးထဲမှာပင် ထည့်လို့မရသည့် ကိစ္စဖြစ်သည်။ တရုတ်ပြည်တစ်ခုလုံးမှာ အကျဉ်းထောင်နှင့် တူလာသည်။ အိမ်တိုင်းလမ်းတိုင်းကို လူတွေက စောင့်ကြည့်နေကြသည်။ ဤမျှကျယ်ပြောသည့် တိုင်းပြည်တစ်ပြည်တွင် ပုန်းခိုစရာနေရာဟူ၍ မရှိတော့ပေ။

သူတို့မှာ ပြင်ပတစ်နေရာသို့ ထွက်သွားကာ အနားမယူနိုင်။ အနားယူ အပန်းဖြေခြင်းကို မည်သို့မျှ လက်မခံ။ စာအုပ်များ၊ ပန်ချီကားများ၊ အားကစား၊ ဖဲ၊

စစ်တုရင်၊ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်များ အားလုံး အစအနမျှ မမြင်ရအောင် ပျောက်ကွယ်သွားသည်။ ပန်းခြံများတွင် လူသူမရှိ။ ခြောက်ကပ် နေသည်။ ပန်းပင်များ မြက်ခင်းများကို အမြစ်က လှန်ပစ်သည်။ ငှက်များ၊ ရွှေငါးများကို သတ်ပစ်သည်။ ရုပ်ရှင်၊ ပြဇာတ်နှင့် ကပွဲများကို ပိတ်ပင်ထားသည်။ မဒမ်မော်သည် အနုပညာ ပြဇာတ်ရုပ်ရှင်တို့ကို ချုပ်ကိုင်ထားသည်။ မည်သူမျှ မကပြကြတော့ပေ။ ကျွန်မတို့မှာ အိမ်ထဲက အိမ်ပြင်ထွက်၍ လမ်းလျှောက်ရန် စိတ်မကူးရဲကြ။ အိမ်ပြင်ဘက်က လောကမှာလည်း ထိတ်လန့်စရာတွေအထိ ရှိနေသည်။ လမ်းထောင့်များတွင် သွေးထွက်သံယို ရှုတ်ချပွဲများ ဝေဖန်ပွဲများ နေ့စဉ်ကျင်းပနေသည်။

အမြဲတမ်းစိုးရိမ်ထိတ်လန့်နေရသည့် ပတ်ဝန်းကျင်တွင် မည်သူမျှ သတင်းစာများကို မီးမရှို့ရဲ၊ လွှင့်မပစ်ရဲ။ နေ့စဉ်သတင်းစာများတွင် မျက်နှာဖုံး၌ မော်၏ ဓာတ်ပုံကြီးကိုဖော်ပြလေ့ရှိသည်။ ဓာတ်ပုံနှင့်အတူ မော်၏ ဟောပြောချက် တစ်ခုခုကို ကိုးကားဖော်ပြထားသည်။ ထိုသတင်းစာများမှာ အဖိုးတန်ရတနာများ ဖြစ်သည်။ သတင်းစာကို ဖျက်ဆီးလျှင် စွန့်ပစ်လျှင် ဒုက္ခ တွေ့နိုင်သည်။ ချိန်တူတွင် တပ်နီလူငယ်အချို့ မော်၏ ဓာတ်ပုံများပါသည့် သတင်းစာဟောင်းများကို ဖင်ခုထိုင်မိသဖြင့် အချင်းချင်း စွပ်စွဲဝေဖန်ရာမှ ခိုက်ရန်ဖြစ်ပွားသည် အထိ ကြီးကျယ်သွားသည်။

၁၉၆၇ ဖေဖော်ဝါရီ တစ်ရက်တွင် အဖေနှင့်အမေတို့ ဖြစ်ပျက်နေသမျှ ကိစ္စအားလုံးကို ဆွေးနွေးတိုင်ပင်ကြသည်။ အဖေက ယဉ်ကျေးမှုတော်လှန်ရေးသည် ဒီမိုကရေစီနှင့် မည်သို့မျှ အံဝင်ခွင်ကျမဖြစ်။ လူသာမန်များကို ပြောရေးဆိုခွင့် ဘာမျှ မပေး။ မော်၏ အာဏာပို၍ကြီးလာရေးအတွက် သွေးထွက်သံယို အပုပ်ချပွဲတော်ခု ဖြစ်သည်ဟု အဖေက ရှင်းပြသည်။

"ဒါပေမယ့် ဥက္ကဋ္ဌမော်ဟာ အမြဲသဘောထားကြီးတယ် မဟုတ်လား။ ဧကရာဇ်ပုရီကိုတောင် သူ မသတ်ဘူး။ တရုတ်ပြည်သစ်ထူထောင်ဖို့ သူနဲ့အတူလက်တွဲတိုက်ခဲ့ကြတဲ့ ရဲဘော်ရဲဘက်တွေကို သူခွင့်မလွှတ်နိုင်ဘူးလား။ ဘာဖြစ်လို့ သူတို့အပေါ် ကြမ်းတမ်းခက်ထန်နေရတာလဲ" အမေက ပြောသည်။

ထိုအခါ အဖေက ဖြည်းဖြည်းချင်းလေးလေးနက်နက် ပြန်ရှင်းပြသည်။ "ပုရီက ဘာလဲ။ သူက စစ်ရာဇဝတ်ကောင်တစ်ယောက်ပဲ။ သူ့နောက်မှာ ထောက်ခံမယ့်လူထုမရှိဘူး။ သူ ဘာမှမလုပ်နိုင်ဘူး။ ဒါပေမယ့် . . . " အဖေ ဆက်၍ မပြော တော့။ ငြိမ်သွားသည်။ သူ့စကားသည် များစွာအဓိပ္ပာယ်ရှိသည်။ ယင်းကို အမေ နားလည်သည်။ မော်အဖို့ တုပြိုင်သူရှိနေသည်ကို သည်းမခံနိုင်။

"ဒါပေမယ့် ဘာဖြစ်လို့ ကျွန်မတို့ ပါနေရတာလဲ။ ကျွန်မတို့က အထက်က ကျလာတဲ့အမိန့်အတိုင်း လုပ်ရတာပဲမဟုတ်လား။ ဘာဖြစ်လို့ အပြစ်မရှိတဲ့ သူတွေ အပေါ်လာပြီး အမှုပတ်နေရတာလဲ။ အပျက်အစီးတွေ များလှပြီ။ လူတွေ ဒုက္ခရောက် လှပြီ။"

အမေက မေးသည်။

အဖေက ယခုလိုပြန်ပြောသည်။

"လူတွေအားလုံးကို အထက်အောက် ပြောင်းပြန်လှန်မပစ်ဘဲ သူ့ရည်ရွယ်ချက် မအောင်မြင်နိုင်ဘူးလို့ ဥက္ကဋ္ဌမော်က ယူဆလို့ ဖြစ်မှာပေါ့။ သူဟာ သိပ်သေချာတဲ့သူ။ ဒီလောက် အသေအပျောက်များလာတဲ့ဟာကို သူဘယ်လိုမှ တွန့်တွန့်ဆုတ်ဆုတ် မဖြစ်ဘူးတဲ့လား။ ဒီကိစ္စကို တော်လှန်ရေးလို့ ခေါ်လို့ရမလား။ တစ်ဦး တစ်ယောက်အာဏာရဖို့အတွက် တိုင်းပြည်နဲ့ချီပြီး အမှားအယွင်းတွေ လုပ်နေရမှာ တဲ့လား။ ငါတော့ မကြိုက်ဘူး။ ဒါတော်လှန်ရေး မဟုတ်ဘူး။ ရာဇဝတ်မှုလို့ ထင်တာပဲ"

အမေစိတ်ထဲမှာ ဒုက္ခရောက်တော့မှာပဲဟု ထင်လာသည်။ ယခုလို ဝေဖန်ပြီးမှတော့ သူ့ယောက်ျား တစ်ခုခုလုပ်ရတော့မည်ဟု တွက်မိသည်။ မျှော်လင့်ထားသည့်အတိုင်းပင် အဖေက ပြောသည်။

"ဥက္ကဋ္ဌမော်ဆီကို ငါ စာရေးမယ်။"

အမေက "ဘာထူးမှာလဲ" ဟု ပြောသည်။

"ရှင်ပြောတာကို ဥက္ကဋ္ဌမော်က နားထောင်မှာတဲ့လား။ ရှင့်ကိုယ်ရှင်ဘာဖြစ်လို့ ဒုက္ခရောက်အောင်လုပ် ချင်တာလဲ။ အဓိပ္ပာယ်မရှိဘူး။ ဒီတစ်ခါ ရှင့်စာကိုကျွန်မ ပီကင်းသွားမပို့နိုင်ဘူး"

"မင်းကို အပို့မခိုင်းပါဘူး။ စာတိုက်ကထည့်မှာပါ။ တခြားဘာမှ ငါမလုပ်နိုင်ဘူး။ ဒီတော့ ပြောစရာရှိတာ ပြောရမယ်။ ကိုယ်သိက္ခာကိုယ် ရှိသေရင်ပြောသင့်တာ ပြောရမှာပဲ။"

"ရှင့်သိက္ခာက ဘာဖြစ်လို့ အရေးကြီးနေရတာလဲ။ ရှင့်သားသမီးတွေထက် အရေးကြီးသလား။ သူတို့တစ်တွေ အနက်အုပ်စုထဲ ရောက်သွားစေချင်လို့လား"

သူတို့နှစ်ယောက် စကားမပြောဘဲ အကြာကြီး ငြိမ်နေကြသည်။ ထို့နောက် အဖေက လေးလေးဖင့်ဖင့်ပြောသည်။

"ငါ့ကို မင်းကွာလိုက်ပြီး ကလေးတွေကို မင်းစိတ်ကြိုက်မွေးယူပေါ့"

စာရေးမည်ဆိုကတည်းက ဒုက္ခတွေ ဆက်တိုက်ရောက်လာနိုင်သည်ကို သူတွေးပြီးဖြစ်မည်ဟု အမေ ယုံကြည်သည်။ ဆိုးကျိုးတွေ တစ်ခုပြီးတစ်ခု ရောက်လာ တော့မည်။

သည်လိုနှင့် ရက်တွေကုန်ခဲ့သည်။ ဖေဖော်ဝါရီလကုန်တွင် ချိန်တူမြို့ပေါ်သို့ လေယာဉ်တစ်စီး ဝဲပျံလာပြီး စာရွက်များ ကြဲချသည်။ ဖေဖော်ဝါရီ ၁၇ နေ့စွဲဖြင့် ဗဟိုစစ်ရေးကော်မီတီ၏ သူပုန်များသို့ ပန်ကြားချက်ဖြစ်သည်။ အကြမ်းဖက်မှုများ ရှောင်ရှားကြပါဟု ဆိုသည်။ ဗဟိုစစ်ရေးကော်မီတီသည် တပ်မတော်အရာရှိကြီးများ ပါဝင်သည့် အဖွဲ့ဖြစ်သည်။ ထိုစာရွက်ကို အမေဖတ်ရသည်။ မျှော်လင့်ချက် ရောင်ခြည်လေးတစ်ခု မြင်ရပြီဟု အမေ ဝမ်းသာသည်။ ချိန်တူတွင် လူထုစည်းဝေးပွဲ တစ်ခုကျင်းပကာ စစ်ရေးကော်မီတီ၏ ပန်ကြားချက်ကို ထောက်ခံသည်။

ဇန်နဝါရီနှောင်းပိုင်းတွင် မော်က သူပုန်များအား ထောက်ခံရန် တပ်ကို ပန်ကြားသည်။ ထိပ်တန်းဗိုလ်ချုပ်များ ဒေါသဖြစ် စိတ်ဆိုးကြသည်။ ယင်းတို့တွင် လင်ပြောင် မပါ။ ဖေဖော်ဝါရီ ၁၄ နှင့် ၁၆ တွင် အစည်းအဝေးနှစ်ကြိမ် ကျင်းပသည်။ နိုင်ငံရေးခေါင်းဆောင်များနှင့် ဗိုလ်ချုပ်များ ဆွေးနွေးသည်။ ချောင်အင်လိုင်းက အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်သည်။ ထိုအစည်းအဝေးက အပြစ်မဲ့ သူတို့ကို နှိပ်စက်ခြင်း၊ တိုင်းပြည်မတည်မငြိမ်ဖြစ်ခြင်းတို့ကြောင့် ယဉ်ကျေးမှုတော်လှန်ရေးကို အပြစ်တင်ရှုတ်ချသည်။ ဒုတိယဝန်ကြီး ချုပ်တစ်ယောက်ဖြစ်သည့် တန်ချင်လင်က “တစ်သက်လုံး ဥက္ကဋ္ဌမော်နောက် လိုက်ခဲ့တယ်။ အခုတစ်ခါတော့ မလိုက်နိုင်တော့ဘူး” ဟု ပြောသည်။ ယင်းအစည်းအဝေးက သူပုန်များအား အကြမ်း မဖက်ရန် ပန်ကြားသည်။

ချောင်အင်လိုင်းသည် အများစုနောက်သို့ မလိုက်ဘဲ မော် ဘက်ကရပ်သည်။ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုက မော်အား အာဏာစိတ်မွှန်ထူ ယစ်မူးလာစေသည်။ ဆန့်ကျင်ဘက်အစုအဝေးကို ပြစ်ဒဏ်ခတ်သည်မှာ အလွန်မြန်သည်။ မကျေနပ်သော နိုင်ငံရေးဦးဆောင်အဖွဲ့နှင့် တပ်မှူးများကို ဝေဖန်ရှုတ်ချပွဲများ အမြန်ကျင်းပသည်။ ဗိုလ်ချုပ်မှူးများအား အပြစ်ပေးရန် မော်က သဘောတူသည့်အခါ တပ်သည် တပ်မှူးများနောက်မှာ မရှိတော့ပေ။

လေယာဉ်မှ စာဝေခြင်းသည် မော်ကို ဆန့်ကျင်ရန် အတတ်နိုင်ဆုံး ကြိုးစားခြင်းဖြစ်သည်။ ယင်းကို “ဖေဖော်ဝါရီ ရေဆန်စီးခြင်း” ဟု နာမည် ပေးကြသည်။

ဖေဖော်ဝါရီ အစည်းအဝေးသည် မော်အတွက် အလှည့်အပြောင်းကြီး တစ်ခုဖြစ်သည်။ နိုင်ငံရေးဦးဆောင်အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပြီး ယဉ်ကျေးမှု တော်လှန်ရေးအာဏာပိုင်အဖွဲ့အဖြစ် အစားထိုးလိုက်သည်။ ပြည်နယ်များသို့ တော်လှန်ရေးကော်မီတီများ ဖွဲ့စည်းရန် မော်က သူ၏ ကိုယ်စားလှယ်များကို စေလွှတ်သည်။ ယခင်က တည်ရှိသော ပါတီစနစ်တစ်ခုလုံးကို ဖျက်သိမ်းပြီး တော်လှန်ရေး ကော်မီတီများ ဖွဲ့ခြင်းဖြစ်သည်။

ဆီချွမ်တွင် မော်၏ ကိုယ်စားလှယ်အဖွဲ့ဝင်များမှာ အဖေ၏ အသိအကျွမ်းများဖြစ်သည့် တင်လင်မယားဖြစ်သည်။ ယိဘင်မှ ကျွန်မတို့ မိသားစု ထွက်လာသည့်အခါ ထိုဒေသကို တင်လင်မယားတို့ တာဝန်ယူ အုပ်ချုပ်သည်။ မစ္စတာတင်မှာ ပါတီအတွင်းရေးမှူးဖြစ်ပြီး မစ္စစ်တင်မှာ ယိဘင်မြို့နယ်ပါတီ ခေါင်းဆောင်ဖြစ်လာသည်။

တင်လင်မယားသည် နိုင်ငံရေးညှဉ်းပန်းမှုများ ပြုလုပ်သည်။ ရန်သူဟောင်းကို လက်စားချေသည်။ မစ္စစ်တင်၏ ကိုယ်ရံတော်တစ်ယောက်မှာ သူ့အလိုမလိုက် သဖြင့် သူ့ကို မတရားကျင့်ပါသည်ဟု စွပ်စွဲကာ ထောင် သုံးနှစ်ချခဲ့ပြီး ရဲဘက်စခန်းသို့ အလုပ်ကြမ်းလုပ်ရန် အပို့ခံရသည်။ ယိဘင်တွင် သူတို့လင်မယားကို အားလုံးက ကြောက်ရသည်။ ၁၉၅၉ တွင် ယိဘင်အုပ်ချုပ်

ရေးမှူးကို တင်လင်မယားက ဖြုတ်ချ လိုက်သည်။ ခုန်ပျံကျော်လွှားခေတ်တွင် အုပ်ချုပ်ရေးမှူးလီသည် သံမဏိထုတ်လုပ်ရေးတွင် စိတ်အားထက်သန်မှုမရှိ။ တစ်ဖန် ၁၉၅၉ တွင် ဝေါ်မွတ်ဘေးဆိုက်သည့် အကြောင်း လီက တင်ပြသည်။ ဤတွင် တင်လင်မယားက လက်ျာအချောင်သမားဟု စွပ်စွဲကာ ရာထူးချလိုက်သည်။ ဝေါ်မွတ်ဘေးနှင့်အတူ လီသေဆုံးသွားသည်။ သူကား ရိုးသားဖြောင့်မတ်သူဖြစ်သည်။ ထိုကဲ့သို့ အာဏာအလွဲသုံးစားလုပ်မှုများကြောင့် တင်လင် မယားမှာ ၁၉၆၅ တွင် ပါတီမှ အထုတ်ခံရသည်။ ယဉ်ကျေးမှုတော်လှန်ရေး စတင်သည့်အခါ ပီကင်းသို့ သူတို့ သွားရောက်ကြပြီး ယဉ်ကျေးမှုတော်လှန်ရေး အာဏာပိုင်အဖွဲ့တွင် အယူခံဝင်သည်။ ယခင်ပါတီအဖွဲ့အစည်းက သူတို့ကို မတရား နှိပ်စက်ပါသည်ဟု တိုင်တန်းသည်။

သူတို့လင်မယားကို ယဉ်ကျေးမှုတော်လှန်ရေး အာဏာပိုင်အဖွဲ့ဝင် ချင်ပိုတာက ရွေးချယ်တာဝန် ပေးလိုက်သည်။ ထို့နောက် သူတို့သည် မဒမ်မော်နှင့် တွေ့ရသည်။ မဒမ်မော်သည် မဒမ်လျူရှောက်ချီကို မနာလို။ နိုင်ငံခြား မကြာခဏ သွားသည်ကို မရှုဆိတ်။ ထိုကြောင့် စီအိုင်အေ သူလျှိုဖြစ်သည်ဟု စွပ်စွဲပြီး ထောင်ချလိုက်သည်။ မဒမ်မော်သည် ရန်သူမုန်သမျှကို လက်စားချေသည်။ သူ့စက်ကွင်းမလွတ် သူများတွင် ရုပ်ရှင်မင်းသားများ၊ မင်းသမီးများလည်း ပါသည်။

မဒမ်မော်နှင့် မစ္စစ်တင်တို့သည် တစ်ဂိုဏ်းတည်းဖြစ်သည်။ သူတို့ကို "ပြည်သူတို့အား နိုင်ငံရေးအရ ညှဉ်းပန်းနှိပ်စက်သူများ" ဟု တရုတ်ပြည်သူတို့က နာမည်ပေးထားသည်။ ၁၉၆၇ မတ်တွင်မူ တင်ဇနီးမောင်နှံတို့အား အပြစ်မှ ခွင့်လွှတ်ပြီး ဆီချွမ်တော်လှန်ရေးကော်မီတီကို စည်းရုံးရန် တာဝန်ပေးလိုက်သည်။ ထိုအမိန့်ကို မော်လက်မှတ်ရေးထိုးပေးသည်။

ဆီချွမ်တွင် တော်လှန်ရေးကော်မီတီတစ်ခု ဖွဲ့စည်းသည်။ ဗိုလ်ချုပ် နှစ်ယောက်ဖြစ်သည်။ နိုင်ငံရေးမှူးနှင့် ချိန်တူစစ်ဒေသမှူးတို့ပါဝင်ပြီး အရပ်သား ထဲမှ တင်လင်မယားပါဝင်သည်။ ၁၉၆၇ မတ်လထဲတွင် အဖေ့ကို "တင်" လင်မယား လာတွေ့သည်။ သူတို့ ကော်မီတီထဲတွင် ပါဝင်ရန် အဖေအား ဖိတ်ခေါ်သည်။ မစ္စစ်တင်က "ရှင့်ကို ချီးမြှင့်မလို့ပါ" ဟု ပြောသည်။ အဖေက မပါနိုင်ဟု ငြင်းသည်။ တင်လင်မယားက အံ့သြသည်။

"ခင်ဗျားတို့နဲ့ ကျွန်တော် မပတ်သက်နိုင်ဘူး။ ခင်ဗျားတို့နဲ့ ကျွန်တော်ဟာ မတူဘူး။ တခြားစီပဲ" ဟု အဖေပြောလိုက်သည်။

သူတို့ ပြန်သွားလျှင် အဖေသည် မင်ခဲကို အရည်ဖျော်သည်။ ထို့နောက် စာကြည့်ခန်းသို့ဝင်ပြီး စားပွဲမှာထိုင်ကာ စာတစ်စောင်ရေးသည်။ ယခုစာသည် မော်ထံ သို့ ပို့ရန်ပင်ဖြစ်သည်။

"ဥက္ကဋ္ဌကြီးမော်ခင်ဗျား။ ကွန်မြူနစ်အချင်းချင်း ပန်ကြားတဲ့အနေနဲ့ ဒီစာကို ရေးတာပါ။ ယဉ်ကျေးမှုတော်လှန်ရေးကို ရပ်ဖို့အချိန်တန်ပါပြီ"

ထို့နောက် တရုတ်ပြည်တွင် ကြုံရသည့် ဘေးဥပါဒ်များကို ဖော်ပြသည်။

ထို့နောက် "လျှုကျီတင်နဲ့ ချင်ရှီတင်တို့လို လူမျိုးနှစ်ယောက်ကို အာဏာပေးတာဟာ ပါတီနဲ့ တိုင်းပြည်ဒုက္ခရောက်ဖို့ပါပဲ။ သန်းပေါင်းများစွာသော ပြည်သူတွေရဲ့ အသက် အိုးအိမ်စည်းစိမ်တွေ မလုံခြုံတော့ပါဘူး" ဟု စာကို အဆုံးသတ်သည်။

စာကို "ဥက္ကဋ္ဌမော် ပီကင်း" ဟု လိပ်မူထားသည်။ လမ်းထိပ်က စာတိုက်မှာ ထည့်သည်။ မှတ်ပုံတင်လေကြောင်းစာ ဖြစ်သည်။ စာတိုက်စာရေးသည့် ထိုစာအိတ်ကို ကြည့်ပြီး ပါးစပ်အဟောင်းသားနှင့် ငေးကြောင်ကြောင် ဖြစ်သွားသည်။ ထို့နောက် အဖေသည် အိမ်သို့လမ်းလျှောက်ပြန်လာခဲ့သည်။ အဖြေကို အဖေ စောင့်နေမည်။

****

[၂၀]

ငါ့ကိုယ်ငါ ရောင်းမစားဘူး

အဖေ အဖမ်းခံရခြင်း

(၁၉၆၇ - ၁၉၆၀)

မော်ဆီသို့ စာထည့်ပြီး တတိယနေ့ နေ့လယ်တွင် အိမ်ခန်းတံခါးခေါက်သံကို အမေ ကြားရပြီး ဖွင့်ပေးလိုက်သည်။ အပြာရောင် ဝတ်စုံပွပွနှင့် လူသုံးယောက် ဝင်လာသည်။ တစ်ယောက်ကို အဖေသိသည်။ သူ့ဌာနဟောင်းက အမှုထမ်းဖြစ်ပြီး တက်ကြွသူ တစ်ယောက်ဖြစ်သည်။ "ဥက္ကဋ္ဌမော်နှင့် ယဉ်ကျေးမှုတော်လှန်ရေးကို ဆန့်ကျင်သည့် တန်ပြန်တော်လှန်ရေးသမားကို ဖမ်းရန်လာခြင်းဖြစ်သည်" ဟု ပြောသည်။

သူတို့ ဘယ်သူတွေဆိုသည့် ဝန်ထမ်းကတ်ပြားကိုပင်မပြ။ ဖမ်းဝရမ်း လည်းမပါ။ မော်ထံရေးသည့်စာ အကြောင်း မပြောသော်လည်း စာကို ဖြတ်ယူ ဖတ်ရှုသည်မှာ သေချာသည်။ ထိုစာကို ရေးသဖြင့် အဖမ်းခံရမည်ကို အဖေ သိသည်။ သို့သော်လည်း မော်သိစေချင်သည့် ဆန္ဒရှိသဖြင့် စာရေးခြင်းဖြစ်သည်။ မော်ဆီ ရောက်ဖို့မလွယ်သည်ကို အဖေသိသည်။ အိပ်ခန်းမှ ထွက်ခါနီးတွင် အမေ့ကို တိုးတိုး ပြောသည်။

"တို့ပါတီအပေါ် မခွေရစိတ်မထားနဲ့။ ဘယ်လောက်ပဲ ကြီးတဲ့အမှားဖြစ်ပစေ သူ့အမှားသူ ပြင်လိမ့်မယ်။ ငါ့ကို ကွာလိုက်ပါ။ ကလေးတွေကို ငါ့ကိုယ်စားယုယပါ။ သူတို့ကို မခြောက်လှန့်ပါနဲ့"

ထိုညနေက ကျွန်မ အိမ်သို့ပြန်ရောက်လျှင် အဖေရော အမေတို့ကိုပါ မတွေ့ရတော့။ သူတို့သွားကြပြီဟု ပြောသည်။ အဖေ့ကို သူ့ဌာနမှ သူပုန်များ လာ၍ ခေါ်သွားသည်။ အမေကမူ အဖေ့ကိစ္စ အသနားခံရန် ပီကင်းသို့သွားသည်ဟု အဘွားက ပြောပြသည်။ ခေါ်သွားကြသူများမှာ ပုလိပ်အဖွဲ့မှ ဖြစ်သည်ဟူ၍ ကား မပြော။ ကျွန်မ ထိတ်လန့်မည်စိုးသောကြောင့်ဖြစ်သည်။

အဖေ့ဌာနသို့ ကျွန်မလိုက်သွားပြီး အဖေဘယ်မှာလဲဟု မေးသည်။ အဖြေမရ။ မစ္စစ်ရှော၏ အကြိမ်းအမောင်းကိုသာရသည်။

"အရင်းရှင်လမ်းလိုက်တဲ့ နင့်အဖေနဲ့ ရန်ငါပြတ်ရမယ်။ သူ ဘယ်မှာရှိရှိ ထိုက်တန်တဲ့နေရာမှာ ရောက်နေမှာပဲ" ဟု ပြောသည်။ အလွန် ရွံ့မုန်းစရာ ကောင်းသူ တွေဟု ထင်သည်။

အမေသည် ဘူတာရုံတွင် ပီကင်းရထားကို စောင့်နေသည်။ ဒုတိယ အကြိမ် ပီကင်းသို့ အမေသွားခြင်းဖြစ်သည်။ ယခုအကြိမ်တွင်မူ အမေအားငယ်သည်။ လွန်ခဲ့သည့် ခြောက်လက တရားမျှတမှု ရှိသေးသည်။ ယခု မျှော်လင့်ချက်

နည်းသည်။ သို့တိုင် အောင် အမေ စိတ်မလျှော့။ အမှန်ရောက်အောင် တိုက်မည်ဟု သန္နိဋ္ဌာန်ချထားသည်။

အမေသည် ချောင်အင်လိုင်းနှင့် တွေ့ရန် ရည်ရွယ်သည်။ သို့သော်လည်း ထိုကိစ္စမှာ မလွယ်။ အိမ်ဖြူတော်သို့ သွားသူ သို့မဟုတ် ပုပ်ရဟန်းမင်းကြီးနှင့် တွေ့ရန် သွားသူလို ဖြစ်နေသည်။

အမေရထားစောင့်နေစဉ် "ပီကင်းသို့သွားမည့် ချိန်တူနီအယူခံကိုယ်စားလှယ်အဖွဲ့" ဟူသော အောင်လံကြီးတစ်ခု လွှင့်ထူချီတက်လာသူများကို တွေ့ရသည်။ သူတို့မှာ တက္ကသိုလ်ကျောင်းသားများဖြစ်ပြီး ပီကင်းသို့သွားပြီး "တင်" လင်မယား၏ ညှဉ်းပန်းမှုကို တိုင်ကြားကြမည့်သူများဖြစ်သည်။ အောင်လံတွင် ရေးထားသော စာများအရ သူတို့သည် ဝန်ကြီးချုပ်ချောင်နှင့် တွေ့ရန်ခွင့်ပြုချက် ရထားသူများ ဟူ၍လည်း သိရသည်။

ဩဂုတ် ၂၆ သူပုန်အုပ်စုနှင့် စာလျှင် ချိန်တူနီအုပ်စုက ပျော့ပျောင်းသည်။ ယခုအခါ ယဉ်ကျေးမှုတော်လှန်ရေးသည် အာဏာရရန် ယှဉ်ပြိုင်နေကြသော သူပုန်အုပ်စုများ ကြီးစိုးသည့် လက်အောက် ရောက်လာသည်။ အုပ်စုနှစ်ခုသည် မော်၏ သဘောတရားများကို ရွတ်ဆိုကာ အပြန်အလှန် တိုက်ခိုက်ကြသည်။ ချိန်တူနီကို ထောက်ခံသူသန်းပေါင်းများစွာရှိသည်။ ထို့ကြောင့် ချောင်အင်လိုင်းက လက်ခံတွေ့ဆုံမည် ကတိပေးခြင်းဖြစ်သည်။

ပီကင်းအမြန်ရထားပေါ်သို့ တက်သွားကြသည့် ကျောင်းသားအုပ်စုထဲတွင် အမေရောလိုက်သွားသည်။ ရထားတွဲပေါ်အတက်တွင် ကျောင်းသားတစ်ယောက်က အမေ့ကို တားသည်။ "ခင်ဗျား ဘယ်သူလဲ။ ကျွန်တော်တို့ထဲက မဟုတ်ဘူး။ ဆင်း" ဟု နှင်ချသည်။ အမေမှာ သုံးဆယ့်ငါးနှစ်ရှိပြီဖြစ်ရာ ကျောင်းသားနှင့်မတူ။

အမေသည် ရထားတွဲတံခါးလက်ကိုင်ကို ဆုပ်ကိုင်ရင်း "ကျွန်မ ပီကင်း ကို သွားမလို့ပါ။ တင်လင်မယားအကြောင်း တိုင်ကြားချင်လို့ပါ။ သူတို့အကြောင်း အစောကြီးကတည်းက ကျွန်မသိတယ်" ဟု အော်၍ ပြောသည်။ "ဝင်ပါစေ၊ သူ ဘာပြောမလဲ နားထောင်ရအောင်" ဟု လူငယ်တစ်ယောက်က ပြောသည်။

အမေသည် ပြည့်သိပ်နေသော တွဲထဲသို့ တိုးဝင်သွားပြီး လူငယ်တစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ အကြားမှာ ထိုင်သည်။ သူတို့က ချိန်တူနီရုံးအဖွဲ့ အရာထမ်းများဖြစ်သည်ဟု သူတို့ကိုယ်သူတို့ မိတ်ဆက်သည်။ သူတို့သည် ချိန်တူ တက္ကသိုလ်မှ ကျောင်းသားများဖြစ်သည်။ လူငယ်မှာ "ယောင်" ဖြစ်ပြီး အမျိုးသမီးမှာ "ယန်" ဖြစ်သည်။

သူတို့ ပြောစကားများအရ ကျောင်းသားများသည် တင်လင်မယား အကြောင်း ကောင်းစွာမသိဟု အမေထင်သည်။ အမေက တင်လင်မယားအကြောင်း ယဉ်ကျေးမှုတော်လှန်ရေးမတိုင်မီက ယိဘင်တွင် ကြုံခဲ့ရပုံများကို ပြောပြသည်။ မစ္စစ်တင်သည် သူ့ကိုယ်ရံတော်အား မြှူဆွယ်ခဲ့ပုံ၊ အကြံ မအောင်သဖြင့် သူ့ကို

မုဒိမ်းကျင့်ပါသည်ဟု စွဲချက်တင်ကာ အလုပ်ကြမ်းနှင့် ထောင်ချခဲ့ပုံ၊ အဖေ့ကို မြှူဆွယ် ခဲ့ပုံ၊ ယခုလည်း အဖေကို သူတို့နှင့်အတူ လုပ်ကိုင်ရန် ဖိတ်ခေါ်ရာ အဖေက ငြင်းခဲ့ပုံ၊ ထို့ကြောင့် အဖေကို ဖမ်းဆီးသွားပုံတို့ကို ပြောပြပြီး ယခု ပီကင်းသို့ အသနားခံရန် သွားမည့်အကြောင်း ပြောပြသည်။

ယန်နှင့်ယောင်က အမေ့အား ချောင်အင်လိုင်းနှင့်တွေ့ပေးမည်ဟု ကတိပေးသည်။ ရထားပေါ်တွင် အမေအိပ်မပျော်။ ချောင်နှင့်တွေ့လျှင် ဘာပြောရမည် ဘယ်လိုပြောရမည်ကို စိတ်ထဲမှာ စီစဉ်နေသည်။

ပီကင်းဘူတာရုံတွင် ဝန်ကြီးချုပ်၏ ကိုယ်စားလှယ်တစ်ယောက် သူတို့ကို စောင့်ကြိုနေသည်။ အစိုးရတည်းခိုဆောင်တွင် တည်းခိုရမည်။ နောက်တစ်နေ့ ညနေ ပိုင်းတွင် ချောင်နှင့်တွေ့ရမည်ဟု ပြောသည်။

နောက်တစ်နေ့တွင် ကျောင်းသားများအပြင်ထွက်ခိုက် ချောင်သို့ပေးရန် အသနားခံစာတစ်စောင် အမေ ရေးသည်။ စကားပြောခွင့်ရလျှင် ကောင်းမည်။

သို့သော်လည်း လိုလိုမည်မည် စာနှင့်ရေး၍ ပြောသည်က ကောင်းသည် ထင်သည်။ ည ၉ နာရီတွင် တီယန်အင်မင်ရင်ပြင်၏ အနောက်ဘက်ရှိ ပြည်သူ့ခန်းမ၌ ကျောင်းသားများကို ဝန်ကြီးချုပ်က လက်ခံတွေ့ဆုံသည်။

ချောင်အင်လိုင်းက ညီညွတ်ကြပါဟု ပြောပြီးနောက် “တခြားဘာပြောစရာ ရှိသေးသလဲ” ဟု မေးသည်။ ထိုအခါ အမေသည် ထိုင်ခုံမှထပြီး “ဝန်ကြီးချုပ်ရှင့် ကျွန်မမှာ ပြောစရာနည်းနည်းရှိပါတယ်” ဟု ပြောသည်။ အမေ၏ သွင်ပြင်မှာ ကျောင်းသားနှင့်မတူပါ။ ချောင်က “မင်းက ဘယ်သူလဲ” ဟု မေးသည်။ အမေက နာမည်နှင့်တာဝန်တို့ကိုပြောပြပြီး ဆက်တိုက်ပင် “ကျွန်မ ယောက်ျားကို တန်ပြန် တော်လှန်ရေးသမားအဖြစ် ဖမ်းထားပါတယ်။ သူ့ကိစ္စကို တရားမျှတမှုရှိအောင် အရေးယူပေးပါလို့ တင်ပြချင်လို့ ရောက်လာတာပါ” ဟု ပြောကာ အဖေ၏ နာမည်နှင့် တာဝန်တို့ကို ပြောပြသည်။

ချောင်၏ မျက်လုံးများသည် အာရုံစူးစိုက်လာသည်။ အဖေ ယူထားသည့် တာဝန်သည် အလွန်ကြီးသည်။

“ကျောင်းသားတွေ သွားနိုင်ပြီ။ မင်းနဲ့ပဲ နှစ်ယောက်ချင်းပြောကြမယ်” ဟု ချောင်က ပြောသည်။

အမေသည် ချောင်နှင့်နှစ်ယောက်ချင်းစကားပြောခွင့်ကို မျှော်လင့်နေသည်မှာ ကြာပြီ။ သို့ပေမယ့် အရေးကြီးသည့် ကိစ္စအတွက် ထိုအခွင့်အရေးကို မယူတော့ပဲ “ဝန်ကြီးချုပ်ရှင့် ကျောင်းသားတွေကို သက်သေအဖြစ်နဲ့ ရှိနေချင်ပါတယ်” ဟု ပြောကာ သူ၏ အသနားခံစာကို ရှေ့က ကျောင်းသားတစ်ယောက်အား ပေး လိုက်သည်။ ထိုကျောင်းသားက ချောင်၏ လက်သို့ ပို့ပေးသည်။

ဝန်ကြီးချုပ်က ခေါင်းညိတ်ပြီး “ဟုတ်ပြီ၊ ပြောစရာရှိတာပြော” ဟု ခွင့်ပြုသည်။

အမေက လိုရင်းကို ခပ်မြန်မြန်နှင့် ရှင်းရှင်းလင်းလင်း တင်ပြသည်။ ဥက္ကဋ္ဌကြီးမော်ထံ စာတစ်စောင်အဖေရေးသဖြင့် အဖမ်းခံရခြင်းဖြစ်ကြောင်း တင်ပြသည်။ တင်လင်မယားကို ဆီချွမ်ပြည်နယ်တွင် ခေါင်းဆောင်အသစ်များအဖြစ် ရွေးချယ်သည်ကို အဖေ သဘောမတူ။ ယိဘင်တွင် သူတို့တာဝန်ယူခဲ့စဉ်က အာဏာအလွဲ သုံးစားပြုခဲ့ဖူးသည့် သာဓကများရှိသည်။ တစ်ဖန် အမေက "ကျွန်မယောကျ်ားရဲ့ စာထဲမှာ ယဉ်ကျေးမှုတော်လှန်ရေးဟာ အလွန်ကြီးမားတဲ့ အမှားကြီးတွေ ကျူးလွန်နေတဲ့ အကြောင်းလည်း ရေးထားပါတယ်" ဟု တင်ပြသည်။

ဘယ်သို့တင်ပြရမည်ကို အမေ အသေအချာ စဉ်းစားသည်။ ချောင်ကိုမူဖြစ်ရပ်အမှန်ကို တင်ပြမည်။ သို့သော်လည်း အဖေ၏ စကားလုံးများကို အရင်းအတိုင်း သူ မပြော။ သူပုန်အဖွဲ့ကို သူကြောက်သည်။ သို့သော်လည်း တတ်နိုင်သမျှ အနှစ်သာရတို့ကို ထုတ်နုတ်ပြောပြသည်။

"အဖေမှာ မှားယွင်းတဲ့ အမြင်တွေ အယူအဆတွေရှိနေပါတယ်။ ဒါပေမယ့် အဲဒီအမြင်အယူအဆကို ပြည်သူလူထုအကြား သူချမပြပါဘူး။ ကွန်မြူနစ်ပါတီရဲ့ စည်းကမ်းကို သူလိုက်နာပါတယ်။ သူ့အယူအဆကို ဥက္ကဋ္ဌကြီးမော်ကိုပဲ ပြောပြတာပါ။ ပါတီရဲ့ ကြေညာစာတမ်းထဲမှာ ပါတီဝင်တစ်ယောက်ရဲ့ တရားဝင်အခွင့်အရေး တစ်ခုအဖြစ် မိမိအယူအဆကို လွတ်လပ်စွာ တင်ပြခွင့် ရှိပါတယ်။ အဲဒါကို အခွင့် ကောင်းယူပြီး အဖေ့ကို ဖမ်းဖို့မသင့်ပါဘူး။ သူ့အမှုကိစ္စကို တရားမျှတအောင် စီရင်ပေးပါလို့ ကျွန်မ တင်ပြပါတယ်"

အမေသည် ချောင်အင်လိုင်း၏ မျက်လုံးကို စိုက်၍ကြည့်သည်။ အဖေ့စာ ဆိုလိုရင်းကို သူနားလည်သည်။ တစ်ဖန် အမေကမူ နှုတ်မှပွင့်ပွင့်လင်းလင်း ထုတ်ဖော်ခြင်းငှာ မစွမ်းဆိုသည်တို့ကို နားလည်ကြောင်း တွေ့ရသည်။ အမေ၏ အသနားခံစာ ကို သူဖတ်ကြည့်သည်။ ထို့နောက် သူ့နောက်တွင် ထိုင်နေသည့် အတွင်းရေးမှူး တစ်ယောက်ဘက်သို့ လှည့်ကာ တစ်စုံတစ်ခုတိုး တိုးပြောသည်။ ခန်းမကြီးတစ်ခုလုံး ငြိမ်နေသည်။ အားလုံး၏ မျက်လုံးများသည် ဝန်ကြီးချုပ်ဆီသို့ ရောက်နေသည်။

အတွင်းရေးမှူးက နိုင်ငံတော်ကောင်စီ (ဝန်ကြီးအဖွဲ့) တံဆိပ်ပါသည့် စာရွက်များ ချောင်ကိုပေးသည်။ ချောင်က ယင်းတွင် စ၍ ရေးသည်။ ပြီးလျှင် အတွင်းရေးမှူးလက်သို့ ကမ်းလိုက်သည်။ အတွင်းရေးမှူးက ဖတ်ပြသည်။

"တစ်-ကွန်မြူနစ်ပါတီဝင်တစ်ယောက်အနေဖြင့် ချန်ရှိုယုသည် ပါတီခေါင်းဆောင်များဆီသို့ စာရေးခွင့်ရှိသည်။ စာထဲတွင် မည်သည့် အမှားအယွင်းများပါသည်ဖြစ်စေ သူ့ကို တန်ပြန်တော်လှန်ရေး သမားဟု မစွပ်စွဲရ။

နှစ်-ဆီချွမ်ပြည်နယ် ပြည်သူ့ရေးဌာန၏ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ချန်ရှိုယုသည် လူထု၏စုံစမ်းခြင်းနှင့် ဝေဖန်ခြင်းကို ခံယူရမည်။

သုံး-ချန်ရှိုယုအပေါ် နောက်ဆုံးစီရင်ချက်ကို ယခုမချမှတ်ရ။ ယဉ်ကျေးမှု

တော်လှန်ရေး ပြီးဆုံးသည်အထိ စောင့်ရမည်။ ချောင်အင်လိုင်း”

အမေ၏ ရင်ထဲမှာ ပေါ့သွားသည်။ စကားပင် မပြောနိုင်လောက်အောင် အံ့ဩသွားသည်။ ယခုအမှာစာကို ဆီချွမ်ပြည်နယ်ခေါင်းဆောင် အသစ်များထံသို့ လိပ်မူ၍မထား။ သို့ဖြစ်ရာ သူတို့လက်သို့ မပေးရ။ မည်သူ့ကိုမှလည်း မပေးရ။ အမေ လက်ဝယ်သိမ်းထားပြီး အသုံးကျမည်ထင်သည့်အခါ တစ်ယောက်ယောက်သို့ ပြနိုင်ရန်ရည်ရွယ်၍ ချောင်က ရေးပေးလိုက်ခြင်းဖြစ်သည်။

ယန်နှင့် ယောင်သည် အမေ့ဘယ်ဘက်တွင် ထိုင်နေကြသည်။ သူတို့ဘက်သို့ အမေလှည့်ကြည့်လျှင် မျက်နှာများ ဝင်းလက်ကာ ပျော်နေသည်ကို တွေ့ရသည်။

နှစ်ရက်ရှိလျှင် ချိန်တူသို့ အမေပြန်လာသည်။ ချောင်၏ စာကို တင်လင်မယား သိမ်းဆည်းသွားမည် စိုးသဖြင့် ယန်နှင့်ယောင်တို့ကို အမေ မခွာရဲ။ သူတို့ဘေးမှာ ကပ်၍နေသည်။ သူတို့ကလည်း သဘောတူသည်။ ဩဂုတ် ၂၆ အဖွဲ့က ဖမ်းသွားလိမ့်မယ်ဟု သတိပေးသည်။

ယန်နှင့်ယောင်တို့ကို အမေ ချစ်ခင်နှစ်သက်သွားသည်။ သူပုန်များပင် ဖြစ်သော်လည်း ကြင်နာသည်။ ဖော်ရွေသည်။ ကျွန်မတို့မိသားစုအပေါ် စောင့်ရှောက်သည်။ သူတို့နှစ်ယောက်ချစ်သူများ ဖြစ်နေကြပြီဟု တွေ့လျှင်တွေ့ချင်း ပြောနိုင်သည်။ တစ်ယောက်ကို တစ်ယောက်ကြည့်ပုံ၊ ကျီစယ်ကြပုံတို့မှာ သူများထက် ထူးနေသည်။ အဘွားက သူတို့လက်ထပ်လျှင် လက်ဆောင်ကောင်းကောင်းပေးရန် အမေ့ကို ပြောသည်။ အမေက မဖြစ်နိုင်၊ သူတို့ ဒုက္ခရောက်သွားမည်။ အရင်းရှင် လမ်းလိုက်သူများထံမှ တံဆိုးလက်ဆောင် လက်ခံခြင်းသည် ကြီးလေးသော အပြစ်ဖြစ်သည်ဟု ပြန်ပြောသည်။

ယန်သည် နှစ်ဆယ့်လေးနှစ်ရှိပြီ။ ချိန်တူတက္ကသိုလ်တွင် တတိယနှစ် စာရင်းကိုင်သင်တန်း၌ တက်နေသည်။ ဖြစ်သလိုဝတ်ပြီး ဖြစ်သလိုနေသည်။ ထိုအချိန် က အပြာရောင်ဝတ်စုံကို ယောကျ်ားမိန်းမနှင့် ကလေးတို့အားလုံး ဝတ်ကြသည်။ အဆင်အသွေးရှိသည့် အဝတ်ကို ဝတ်ဆင်ခွင့်မပြု။

ယောင်သည် ယန်နှင့်ယှဉ်လျှင် ပို၍ကျနသေသပ်စွာဝတ်သည်။ ဘောင်းဘီကို လိပ်တင်ထားပြီး ကောက်ရိုးဖိနပ်စီးသည်။ လယ်သမားနှင့်ပို၍ နီးစပ်သည့် သဘောဖြစ်သည်။ ဉာဏ်ကောင်းသည်၊ ထက်မြက်သည်။

သူတို့နှစ်ယောက် အမေ့အိမ်အထိ လိုက်လာကြသည်။ စားသောက်ပြီးမှ ပြန်သွားကြသည်။ အမေက လှေကားမှဆင်းပြီး အောက်ထပ်အထိ လိုက်ပို့သည့်အခါ ချောင်အင်လိုင်း၏ စာကို လုံခြုံသည့်နေရာမှာ သိမ်းထားရန် တိုးတိုးမှာသည်။ ထိုစာအကြောင်း ကျွန်မကိုလည်းကောင်း၊ အခြားမွေးချင်းများကိုလည်းကောင်း အမေ တစ်ခွန်းမျှ မဟ။

ထိုနေ့ညနေတွင် အမေသည် အပေါင်းအသင်းဟောင်းတစ်ယောက် ဖြစ်သည့် ချင်မိုးထံသို့သွားကာ ချောင်အင်လိုင်း၏ စာကိုပြသည်။ ချင်မိုးသည် တင်လင်မယားနှင့်လည်း အဆင်ပြေသည်။ အမေက

အဖေလွတ်မြောက်အောင်ကူညီပါဦးဟု မျက်ရည်စက်လက်နှင့်ပြောသည်။ သူက တင်တို့ အား ပြောပါမည်ဟု ကတိပေးသည်။

အချိန်တွေ ကုန်ခဲ့ပြီးနောက် ဧပြီတွင် အဖေသည် ဘွားခနဲ အိမ်သို့ ပြန်ရောက်လာသည်။ ကျွန်မ အလွန်ပျော်သည်။ သို့သော်လည်း ကြာကြာမခံ။ အဖေ့ မျက်လုံးအကြည့်မှာ တစ်မျိုးဖြစ်လာသည်။ ဘယ်သွားသည်ဟူ၍ ပြန် မပြောနိုင်။ ပြောပြန်သော်လည်း သူ့စကားများကို နားမလည်၊ နေ့ရောညပါ အိပ်သည်ဟူ၍မရှိ။ တစ်ယောက်တည်း စကားပြောနေသည်။ တစ်နေ့တွင် အိမ်သားအားလုံးကို မိုးရေထဲမှာ ထွက်ရပ်ခိုင်းသည်။ "ဒါမှ တော်လှန်ရေးမုန်တိုင်းဒဏ်ခံနိုင်မယ်" ဟု ပြောသည်။ နောက်တစ်နေ့တွင် လစာအိတ်ကို မီးဖိုထဲလွှင့်ပစ်သည်။ "ပုဂ္ဂလိကပစ္စည်းနှင့် အဆက် ဖြတ်ရမည်" ဟူ၍ပြောသည်။ အဖေ ရူးသွားပြီဆိုသည်ကို ထိုအခါမှ သိရတော့သည်။

အမေမှာ သူနှိပ်စက်ရာ ပုဂ္ဂိုလ်ဖြစ်လာသည်။ အမေကို ဒေါသနှင့် ပြောသည်။ အရှက်မရှိသူ။ သူရဲဘောနည်းသည်။ သတ္တိမရှိ။ ကိုယ့်ကိုယ်ကိုယ် ရောင်းစားသည်ဟု စွပ်စွဲသည်။ ထို့နောက် အိမ်သားများရှေ့မှာပင် အမေ့ကို အလွန်အမင်း ချစ်သည်ပြောကာ ဖက်ယမ်းနမ်းရှုပ်သည်။ သူသည် ဘာမျှတန်ဖိုးမရှိသည့် လင်ဖြစ်သည်။ သူ့ကို ခွင့်လွှတ်ပြီး သူ့ထံ အမေပြန်လာပါဟု ပြောသည်။

အိမ်သို့ပြန်လာသည့် ပထမနေ့က အမေ့အား မသက်သာသည့် မျက်လုံးများဖြင့် ကြည့်ပြီး ဘယ်သွားနေသလဲမေးသည်။ အမေက ပီကင်းသို့သွားကာ သူ့ လွတ်မြောက်ရေးအတွက် အသနားခံစာ တင်ခဲ့ကြောင်း ပြောသည်။ အဖေက မယုံ။ ခေါင်းကို ယမ်းပြီး သက်သေထူခိုင်းသည်။ ချောင်အင်လိုင်း၏ စာအကြောင်း မပြောရဲ၊ စိတ်မမှန်သူဖြစ်ရာ ထိုအမှာစာကို တင်လင်မယားလက်အပ်လိုက်မှာစိုးသည်။ ယန်နှင့် ယောင်အကြောင်းလည်း မပြောရဲ။ တပ်နီလူငယ်များနှင့် ရောရောထွေးထွေး ဆက်ဆံ သည်ကို အဖေမကြိုက်။

ထိုအကြောင်း ခဏခဏသူမေးသည်။ အမေ့ကို စစ်ဆေးသည်။ ကျွန်မ တို့က အမေဘက်ကနေပြီး အဖေယုံအောင် လုပ်ကြံပြောဆိုသည်။ ထိုအခါမှ ပို၍ ရှုပ်ထွေးကုန်သည်။

အဖေ့ကို ထောင်ထဲထည့်ထားစဉ် စစ်ဆေးမေးမြန်းသူတို့က အမှားကို ဝန်ခံခိုင်းသည်။ ဝန်မခံလျှင် သူ့မိန်းနှင့် သားသမီးများက စွန့်ပစ်သွားမည် ပြောသည်။ ဤသည်မှာ စစ်ဆေးရိုးထုံးစံဖြစ်သည်။ ဇွတ်အတင်းဝန်ခံခိုင်းသည်။ အဖေကမူ သူ့တွင် ဝန်ခံစရာအမှားတစ်ခုမျှ မရှိဟု ပြောသည်။ စာနှင့်ရေးပြီး ဝန်ခံဖို့လည်း ငြင်းသည်။

သူ့ ကို ဖမ်းဆီးသူတို့က အမေက သူ့ကို စွန့်ပစ်လိုက်ပြီဖြစ်ကြောင်း လီဆယ် လုပ်ကြံပြောဆိုသည်။ တစ်ဖက်ခန်းတွင် အမေရှိသည်။ အမှားဝန်မခံလျှင် အမေက

တွေ့မည်မဟုတ်ဟု ပြောသည်။ သို့တိုင်အောင် အဖေကား အလျှော့မပေး။ ဖမ်းဆီးထားရာမှ လွတ်လပ်သည့်အခါ အမေက သူ့ကို စောင့် ကြည့်နေလိမ့်မည်ဟု ပြောလိုက်ကြသည်။ ထိုတာဝန်ကို ပါတီက အမေ့အား ပေးထားသည်ဟူ၍လည်း ပြောသည်။ အိမ်ပြန်ရသည်ဆိုသော်လည်း အိမ်သည် ထောင်တစ်မျိုးဖြစ်သည်ဟု လည်းပြောသည်။

ထောင်ထဲတွင် ဘာတွေဖြစ်ပျက်ခဲ့သည်ကို အမေမသိ။ ချောင်အင်လိုင်း၏ စာအကြောင်းလည်း မပြောရဲ။ တင်လင်မယားဏ် ညာလက်ရုံး ချင်မိုနှင့်တွေ့သည် အကြောင်းကို ဖုံးထားရသည်။ တင်လင်မယားထံ အကူအညီတောင်းသည်ကို အဖေ မလိုလား။ ဤသို့ဖြင့် အမေမှာ ဘာပြောရမှန်းမသိ။ အဖေကလည်း အရူးရင့်လာသည်။ ဤသို့ဖြင့် သံသရာလည်နေသည်။

အမေက အဖေ့ကို ဆေးရုံတင်ရန် ကြိုးစားသည်။ သို့သော်လည်း အဖေ့ နာမည် ကြားလျှင် စိတ်ရောဂါကုဆေးရုံများက လက်မခံ။ အာဏာပိုင်များ၏ ခွင့်ပြုမိန့်ရမှ ဆေးရုံက လက်ခံမည်။ သူတို့ကိုယ်တိုင်ကမူ ခွင့်တောင်းမပေး။

အမေက အပေါ်စီးရနေသည့် သူပုန်အုပ်စုထံ သွားကာ ဆေးရုံတင်ဖို့ ကြိုးစားသည်။ သို့သော်လည်း အချည်းနှီးပင်။

တင်လင်မယားက နံရံကပ်ပိုစတာတိုက်ပွဲ ဆင်နွှဲပြီး အဖေ့ကို ရှုတ်ချခိုင်းသည်။ မော်ထံ အဖေရေးသည့် စာထဲက စကားလုံးတစ်ချို့ကို ကောက်နုတ်ပြီး အဖေ သည် မော်ကဲ့သို့သော ခေါင်းဆောင်ကြီးကို ပြောင်ပြောင်တင်းတင်း တိုက်ခိုက်သည်။ ထိုလူမျိုးကို ထောင်ချရမည်။ သေဒဏ်သည်ပင် နည်းသေးသည်ဟု စွပ်စွဲတိုက်ခိုက်သည်။ တင်လင်မယားက ထိုအကြောင်းကို မဒမ်မော်ထံ တိုင်ကြားသည်။ မဒမ်မော်က အဖေ့ကို ရှုတ်ချသည်။ သို့သော်လည်း အဖေ့ကို သေသေချာချာမသိ။ ထို့ကြောင့် ရှုတ်ချရုံသာ ရှုတ်ချပြီး ဆက်လက်အရေးမယူ။ နံရံကပ်ပိုစတာတိုက်ပွဲဆိုသည်မှာ တရားဝင်မဟုတ်။ ယင်းတို့ကို ရေးသူများမှာ ပြည်သူလူထုဖြစ်ရာ ပါတီ၏ တရားဝင် အပိုင်းမပါ။ သို့သော်လည်း အဖေ့ကို ရှုတ်ချရမည်ဆိုသည်မှာ ကောလာဟလမဟုတ်။ တကယ်ပင်ဖြစ်ကြောင်း ကျွန်မ သိသည်။

တစ်နေ့တွင် အဖေသည် မျက်လုံးတစ်ဖက်ဒဏ်ရာရပြီး အိမ်သို့ ပြန်လာသည်။ နောက်တစ်နေ့တွင် အဖေ့ကို ထရပ်ကားပေါ်တင်ကာ ဖြည်းဖြည်းမောင်းပြီး လမ်းတကာလှည့်၍ ပြသည်။ လည်ပင်းတွင် စာဆွဲထားသည်။ အဖေကား မဖြုန်။

နာသည်ကျင်သည်ဟူ၍ လည်းမပြော။ သူ့စိတ်နှင့်သူ့ ကိုယ် မဟုတ်တော့။ ယင်းအတွက် ကျွန်မတို့ စိတ်မချမ်းသာဖြစ်ရသည်။

ခတ်ပုံစာအုပ်ထဲတွင် တင်လင်မယားပါသည့် ပုံမှန်သမျှကို အဖေ ဆွဲဆုတ်သည်။ ခေါင်းအုံးစွပ်၊ အိပ်ရာခင်းအဝတ်တို့ကို မီးရှို့သည်။ စားပွဲ၊ ကုလားထိုင်၊ ခုတင် တို့ကိုလည်း ရိုက်ချိုးသည်။

တစ်နေ့တွင် အိပ်ခန်းထဲမှ ဆူဆူညံညံအသံများကြား၍ သွားကြည့်ရာ အဖေသည် အမေ့လည်ပင်းကို ညှစ်နေသည်။ ကျွန်မတို့ ပြေးသွားပြီး အဖေ့ကို ဆွဲခေါ် ရသည်။ အမေသည် ဘယ်ဘက်နားကို လက်ဖြင့်အုပ်ထားသည်။ အဘွားသည် တစ်ညလုံးအိပ်မပျော်ဘဲ စောင့်နေရသည်။ အဖေ ရိုက်လိုက်သဖြင့် အမေ့ဘယ်ဘက်နား ထိုင်းသွားသည်။ အမေသည် အိမ်မှာနေလျှင် မဖြစ်တော့သည်ကို နားလည် ပြီး သူ့ဌာန သို့ သွားကာ ခိုလှုံစရာနေရာရှာသည်။ သူပုန်များက ကြင်နာစိတ်ဝင်ပြီး ပန်းခြံထောင့်ရှိ ဥယျာဉ်မှူး အခန်းကျဉ်းလေးတွင် နေရာချထားသည်။ ဆယ်ပေ ရှစ်ပေခန်းဖြစ်ရာ အိပ်ရာနှင့် စားပွဲတစ်ခုကို မနည်းဝင်အောင် သွင်းရသည်။

ထိုညက အမေ့အခန်းထဲက အိပ်ရာတွင် အမေ၊ အဘွား၊ ရှောက်ဖန်နှင့် ကျွန်မတို့ တိုးဝှေ့အိပ်ရသည်။ ခြေထောက်ပင် ဆန့်လို့မရ။ အမေ သားအိမ်မှ သွေးဆင်းသည်။ ဘာမျှမလုပ်နိုင်။ မီးဖိုမရှိသဖြင့် ဆေးထိုးအပ်ကို မပြုတ်နိုင်။ ဆေးထိုး ဖို့ လက်လျှော့လိုက်ရသည်။

နောက်ရက်များတွင် ကျင်မင်းသည် အဖေနှင့်အတူသွား၍ နေသည်။ ကျွန်မက အမေ့ဆီမှာနေပြီး ကူညီလုပ်ကိုင်ပေးသည်။ တစ်ဖက်ခန်းတွင် သူပုန် လူငယ် ခေါင်းဆောင်လေးတစ်ယောက်နေသည်။ သူက ဖော်ဖော်ရွေရွေ ဆက်ဆံသဖြင့် ပြေလည်သည်။

ကျွန်မတို့ ပြောင်းလာပြီးအတန်ကြာလျှင် တစ်မနက်ခင်းတွင် အပြင်ဘက် တံစက်မြိတ်သို့ထွက်ကာ မျက်နှာသစ်နေသည့် အမေ့ကို သူပုန်လူငယ်လေးက သူ့အခန်းနှင့် လဲပြီးနေပါလားဟု ဆိုသည်။ သူ့အခန်းမှာ ကျွန်မတို့ အခန်းထက် နှစ်ဆကြီးသည်။ ထိုညနေမှာပင် အခန်းချင်းလဲကာ ပြောင်းရွှေ့နေထိုင်သည်။ သူက ခုတင်နောက်တစ်ခု ထပ်၍ပေးသည်။ ကျွန်မတို့ ချောင်ချောင် ချိချိ နေနိုင်သည်။ သူက ကြင်နာသဖြင့် ကျွန်မတို့အတော် စိတ်ထိခိုက်ကြ ရသည်။

ထိုသူပုန်လူငယ်တွင် မျက်စိစွေပြီး အလွန်လှသည့် မိန်းကလေးသူငယ်ချင်း တစ်ယောက်ရှိသည်။ သူနှင့်အတူ အခန်းထဲမှာ ညအိပ်သည်။ ထိုအချိန်က မကြားဖူးသည့် ဆက်ဆံရေးမျိုးဖြစ်သည်။ ကျွန်မတို့သိသော်လည်း အရေးမစိုက်။

တစ်မနက်ခင်းတွင် သူတို့စုံတွဲနှင့် ကျွန်မ ပက်ပင်းပါတွေ့ရာ သူတို့က ပြုံးပြသည်။ သူတို့ပျော်နေကြသည်ဟု နားလည်လိုက်သည်။ လူတွေသည် ပျော်ရွှင်နေလျှင် သဘောကောင်းလာတတ် ကြသည်။

အမေ၏ ကျန်းမာရေးကောင်းလျှင် အဖေ့ဆီသို့ ကျွန်မ ပြန်၍နေသည်။ အဖေ့အခန်းမှာ ရှုပ်ပွနေသည်။ အပျက်အစီးတွေ အကျိုးအပဲ့တွေ ပုံနေသည်။ သူနှင့် အတူ နေရသည်မှာ ကြောက်စရာကောင်းသည်။ ကျွန်မကို ခဏခဏ ရိုက်သည်။ ထိုအခါ နောက်ဖေးပန်းခြံထဲမှာ သို့မဟုတ် ဆင်ဝင်အောက်မှာ ပြေး၍ပုန်းနေရသည်။ တစ်နေ့တွင် အခန်းထဲမှ သူပျောက်သွားသည်။ အိမ်နီးချင်းတစ်ယောက်က အဖေ ခေါင်မိုးပေါ် တက်သွားသည်ကို မြင်လိုက်ရသည်ဟု ပြောသည်။

ကျွန်မတို့သည် ငါးထပ်တိုက်ခန်းတွဲများတွင် နေသည်။ ကျွန်မလည်း လှေကားအတိုင်း အထက်ဆုံးထပ်သို့ ပြေးတက်သည်။ တစ်ဖက်က လေးထပ်တိုက် ခေါင်မိုးသို့သွားနိုင်သည့် ပြတင်းလေး တစ်ခုပွင့်နေသည်။ ထိုအမိုးတွင် သံတန်းများ ကာရံထားသည်။ အဖေကို ထိုခေါင်မိုးအဖျားမှာ တွေ့ရသည်။

"အဖေ " ဟု တုန်ရီသော အသံဖြင့် ခေါ်မိသည်။

ကျွန်မအသံကြားလျှင် လှည့်ကြည့်ပြီး "ဒီမှာ ဘာလုပ်နေတာလဲ" ဟု မေးသည်။

"ကျွန်မ ဆီလာပါအုံး။ ပြတင်းမှာ မထွက်နိုင်ဘဲ ညှပ်နေတယ်" ဟု

ပြောရသည်။

သူပြန်လာသည်။ သူ့လက်ကို ဖမ်းဆွဲပြီး လှေကားပေါ်ရောက်အောင် ခေါ်ရသည်။ ဘာ့ကြောင့်မှန်းမသိ စိတ်ကောင်းပြန်ဝင်လာသည်ကို တွေ့ရသည်။ ကျွန်မကို အောက်ထပ်သို့ သူတွဲခေါ်လာပြီး ဆိုဖာပေါ်မှာ ထိုင်စေကာ မျက်နှာသုတ်ပဝါဖြင့် ကျွန်မ မျက်ရည်တွေကို သုတ်ပေးသည်။ သို့သော်လည်း စိတ်ကောင်းဝင်သည်မှာ မကြာပါ။ ကျွန်မကို ရိုက်ရန်လက်ရွယ်သဖြင့် ထွက်ပြေးခဲ့ရသည်။

အဖေ၏ ကျန်းမာရေးမှာ တဖြည်းဖြည်းယိုယွင်းလာသည်။ အမေက ချင်မိုထံ အကူအညီတောင်းသည်။ ဘာမျှမထူးခြား။ သို့ဖြစ်ရာ ချိန်တူနီအုပ်စုထံသို့ အမေသွားကာ ယန်နှင့်ယောင်တို့ကို တွေ့ရန် ကြိုးစားသည်။ ဆီချွမ်ဆေးကောလိပ်မှ ကျောင်းသားအုပ်စုသည် ချိန်တူနီတွင် ခေါင်းဆောင်ပိုင်း၌ ပါဝင်နေသည်။ ကောလိပ် နှင့်တွဲလျက် စိတ်ရောဂါဆေးရုံတစ်ခုဖွင့်ထားသည်။ ချိန်တူနီ၏ နှုတ်၏စောင်မမှုဖြင့် ထိုဆေးရုံသို့ အဖေတက်ခွင့်ရသည်။ ယန်နှင့်ယောင်မှာ ကြင်နာတတ်သည်။ သို့သော်လည်း သူတို့မှာ ရဲဘော်များကို မနည်းနားဝင်အောင်ပြောရသည်။

လူလူချင်း စာနာစိတ်ဆိုသည်ကို မော်က မကြိုက်။ ဘူဇွာသူတော်ကောင်းယောင် ဆောင်ခြင်း ဖြစ်သည်။ လူတန်းစားရန်သူအပေါ် မသနားရ။ ယန်နှင့်ယောင် တို့၏ အကြောင်းပြချက်မှာ ကောင်းသည်။ အဖေသည် တင်လင် မယား၏ နိုင်ငံရေး ညှဉ်းပန်းမှု ခံရသူဖြစ်သည်။ သူ့ထံမှ အချက်အလက်များ ရစရာရှိသည်။ ဩဂုတ် ၂၆ အုပ်စုကို ပြုတ်ကျအောင် လုပ်ရာတွင် အဖေ့ဆီမှ အကူအညီရနိုင်သည်ဟု သူတို့က တင်ပြသည်။

နောက်တစ်ကြောင်းရှိသေးသည်။ တော်လှန်ရေးကော်မီတီအသစ်များတွင် တော်လှန်သော ပါတီအရာရှိများ သူပုန်များနှင့် တပ်မတော်အင်အားစုများ ပါဝင်ရမည်ဟုဆိုသည်။ ချိန်တူနီအုပ်စုနှင့် ဩဂုတ် ၂၆ အုပ်စုတို့တွင် အရာရှိများ လိုနေသည်။ သူပုန်တို့က အုပ်ချုပ်ရေးကျွမ်းကျင်သူများ လိုချင်သည်။ ချိန်တူအုပ်စုကမူ အဖေသည် အသင့်တော်ဆုံးအရာရှိဟု ယူဆသည်။ သို့ဖြစ်ရာ ဆေးကုသခွင့် ပြု လိုက်သည်။

အဖေကို ဆီချွမ်ဆေးကောလိပ် စိတ်ရောဂါကုဌာနသို့ ပို့လိုက်သည်။

ထိုနေရာမှာ သာယာသည်။ ချိန်တူဆင်ခြေဖုံးတွင် တည်ရှိပြီး လယ်ကွင်းများ ဝိုင်းနေသည်။ ဝါးရုံပင်များလည်း ပေါက်ရောက်လျက်ရှိသည်။ တစ်နေ့တွင် အမျိုးသား သူနာပြုနှစ်ယောက် အရပ်ဝတ်ဖြင့် ရောက်လာပြီး ရှုတ်ချအစည်းအဝေးတစ်ခုသို့ ခေါ်သွားမည်ဟု ဆိုသည်။ စိတ်ရောဂါဆေးရုံသို့ ရောက်သည့်အခါ အဖေက ရုန်းကန် လှုပ်ရှားသည်။ ထွက်ပြေးရန် ကြိုးစားသည်။ ထိုအခါ အဖေကို အတင်းအကျပ် ဆွဲခေါ်သွားပြီး ကိုယ်ကျပ်အင်္ကျီ ဝတ်ပေးလိုက်သည်။

စိတ်ရောဂါကုဆရာဝန် ဒေါက်တာစုမှာ အသက်သုံးဆယ်တွင်းဖြစ်ပြီး ကြင်နာတတ်သည့် မျက်နှာရှိသည်။ တစ်ပတ်ခန့်ကြည့်ရှုရဦးမည်၊ ပြီးမှ ရောဂါအမည် ဖော်မည်။ တစ်ပတ်ကုန်ဆုံးလျှင် အဖေ့ရောဂါကို စိတ်ကစဉ့်ကလျား ရောဂါဟု နာမည်တပ်သည်။ လျှပ်စစ်ဓာတ်ရှော့ရိုက်ပြီး အင်ဆူလင်ဆေးထိုးပေးသည်။ ခုတင်တွင် ကြိုးဖြင့် ချည်ထားရသည်။ ရက်အနည်းငယ်ကြာလျှင် အဖေသက်သာလာပြီး လူ ကောင်းစိတ်ဝင်လာသည်။ ရှော့ရိုက်သည်မှာ နာသည်၊ ကုထုံးပြောင်း ပေးပါဟု အမေအား ပြောခိုင်းသည်။ ဒေါက်တာစုကမူ ဤနည်းမှတစ်ပါး အခြားကုထုံးမရှိဟု ဆိုသည်။

နောက်တစ်ကြိမ် အဖေ့ကိုတွေ့သည့်အခါ သူသည် ခုတင်တွင်ထိုင်ကာ အမေနှင့် စကားပြောနေသည်။ ယန်နှင့်ယောင်တို့လည်း ရှိသည်။ သူတို့အားလုံး ပြုံးရွှင်နေသည်။ ရယ်သည့်အခါရယ်သည်။ အဖေနေကောင်းလာပြီ။ ကျွန်မလည်းအိမ်သာသို့သွားမည်ပြောကာ ရှောင်ထွက်ခဲ့ပြီး မျက်ရည်များကို ထုတ်ရသည်။

အဖေကို အထူးဂရုစိုက်သည်။ အထူးအစားအစာကျွေးသည်။

သူနာပြုတစ်ယောက် အမြဲထားပေးသည်။ အဖေနေကောင်းလာတော့မည် မျှော်လင့်မိသည်။

ဆေးကုသည်မှာ ရက်လေးဆယ်ခန့်ကြာသည်။ ဇူလိုင်လလယ်တွင် အဖေ ဆေးရုံမှ ဆင်းရသည်။ ထို့နောက် ချိန်တူတက္ကသိုလ်ပရဝဏ်ထဲတွင် နေစရာ အိမ်ခန်း ပေးသည်။ အဖေ့နာမည်ကို ပြောင်းထားသည်။ ကျောင်းပြင်ဘက် ထွက်ခွင့်မပြု။ အဖေ့အတွက် အန္တရာယ်ကို ကြိုတင်ကာကွယ်ထားခြင်းဖြစ်သည်။ သူ့ဆီသို့ ယန်နှင့် ယောင်တို့ လာ၍လည်ကြသည်။ ချိန်တူနီခေါင်းဆောင်များလည်း ရောက်လာသည်။

အဖေဆီသို့ မကြာခဏ ကျွန်မရောက်သည်။ စက်ဘီးတစ်စီးငှားပြီး ကျောက်ပေါက်မာနှင့် တောလမ်းကို တစ်နာရီလောက်သွားရသည်။ အဖေကား အေးဆေးတည်ငြိမ်မှုရလာသည်။ ကျောင်းသားများကို ကျေးဇူးတင်ကြောင်း အဖေ ပြောသည်။

မှောင်ရီပျိုးလျှင် ကျွန်မတို့ သားအမိသားအဖသုံးယောက် ကျောင်းဝင်းထဲမှာ လမ်းလျှောက်ကြသည်။ ခပ်လှမ်းလှမ်းတွင် အစောင့်များ လိုက်ပါလာသည်။ ညနေခင်းမှာ သာယာသည်။ စံပယ်ပန်းနံ့များ သင်းနေသည်။

နွေဦးလေညင်းနှင့်အတူ ပန်းရနံ့တို့ ပါလာသည်။ ဆူပူမှုများ သတ်ဖြတ်မှုများနှင့် ဝေးရာ အိပ်မက်ထဲကရိပ်သာ တစ်ခုသို့ ရောက်နေသည်နှင့်တူသည်။ ယခုဒေသမှာ အဖေ၏ အကျဉ်းစခန်းတစ်ခုဟု ကျွန်မ နားလည်ပါသည်။ သို့သော်လည်း ဤအကျဉ်းစခန်းက ထွက်မလာပါစေနှင့်ဟု ဆုတောင်းပါသည်။

၁၉၆၇ နွေရာသီတွင် အုပ်စုတိုက်ပွဲများ ပြင်းထန်လာသည်။ အုပ်စုတွေ ရှုပ်ထွေးနေသည်။ လူထုထောက်ခံမှုရအောင် “ကွန်မြူနစ်များနှင့် ကူမင်တန်ဂိုဏ်းသား များ” တိုက်ပွဲဟူ၍ နာမည်ပေးသူက ပေးသည်။ ယဉ်ကျေးမှုတော်လှန်ရေးအတွက် သူပုန်များကို တပ်မတော်က လက်နက်တပ်ဆင်ပေးရမည် ဟူသော အမိန့်များ ထုတ်ပြန်သည်။ သို့သော်လည်း မည်သည့်ဂိုဏ်းအုပ်စုကို ထောက်ခံရမည်ဟု တပ်မတော်အား မပြော။ တကယ်တော့ မိမိတို့ကြိုက် နှစ်သက်ရာဘက်ကို ကူညီ အားပေးကြသည်သာတည်း။

တပ်မတော်သည် အုံကြွစပြုလာသည်။ အကြောင်းမှာ လင်ပြောင်သည် သူ့ရန်သူများကို တပ်အသုံးပြုကာ ဖိနှိပ်နေပြီး အာဏာရနေရာများမှ ထုတ်ပစ်ကာ သူ့လူများကို အစားသွင်းနေသည်။ ထိုအခါ မော်ကိုယ်တိုင် တပ်ကို ထိန်းမရဖြစ်လာပြီး လင်ပြောင်ကို နဖားကြိုးတပ်ပေးလိုက်သည်။ မော်တွင် စိတ်နှစ်ခွ ဖြစ်လာသည်။

တစ်ဖက်တွင် ကွဲပြားနေသော ဂိုဏ်းများအုပ်စုများ ညီညွတ် စုစည်းကာ သူ့အာဏာ အခြေခံကို တည်ဆောက်ချင်သည်။ အခြားတစ်ဖက်တွင် အစဉ်တိုက်ပွဲဝင် နေချင်သည့် သူ၏ ပင်ကိုယ်စိတ်ထားကို ချိုးနှိမ်မရ ဖြစ်နေသည်။ တရုတ်ပြည်အနှံ့အပြား သွေးချောင်းစီးတိုက်ပွဲများ ဖြစ်ပွားနေစဉ် သူက “လူငယ်တွေ လက်နက်ကိုင်တိုက်ပွဲ အတွေ့အကြုံရတာ ကောင်းတယ်။ ငါတို့ နိုင်ငံမှာ စစ်ပွဲမဖြစ်တာ အတော်လေးကြာပြီ မဟုတ်လား” ဟု သူပြောသည်။

ဆီချွမ်ပြည်နယ်တွင် တိုက်ပွဲများမှာ ပြင်းထန်သည်။ အကြောင်းတစ်ခုမှာ ယင်းပြည်နယ်သည် တရုတ်လက်နက်ထုတ်လုပ်ရေး၏ အချက်အချာဌာန ဖြစ်သောကြောင့်ပင်။ တင့်ကားများ သံချပ်ကာကားများ နှင့် အမြောက်များကို စက်ရုံများနှင့် ကုန်လှောင်ရုံများမှ စစ်ပြိုင်နှစ်ဖွဲ့က တိုက်ရိုက်ထုတ်ယူ သုံးစွဲကြသည်။ ယိဘင်တွင် တိုက်ပွဲများ ပြင်းထန်သည်။ သေနတ်များ၊ လက်ပစ်ဗုံးများ၊ မော်တာများနှင့် စက်သေနတ်များ သုံးစွဲတိုက်ခိုက်ကြသည်။ ယိဘင်တစ်မြို့တည်းမှာပင် လူတစ်ရာ ကျော် သေဆုံးခဲ့သည်။ နောက်ဆုံးတွင် “ချိန်တူနီ” အုပ်စုသည် အရေးနိမ့်ကာ ဆုတ်ပြေးရသည်။ ချိန်တူနီ အုပ်စုသိမ်းပိုက်ထားသည့် လူကျို့သို့ အများအပြားထွက်ပြေးကြသည်။ တင်လင်မယားအုပ်စုက ဩဂုတ် ၂၆ အုပ်စုဝင် ၅,၀၀၀ ကျော်နှင့် လူကျို့ကို တိုက်ခိုက်သည်တွင် လူ ၃၀၀ ခန့် သေဆုံးပြီး အများအပြား ဒဏ်ရာရသည်။

ချိန်တူတွင်မူ တိုက်ပွဲများ ကွက်ကျားကွက်ကျားဖြစ်ပွားသည်။ စစ်သွေးကြွသူများ ပါဝင်တိုက်ခိုက်သည်။ သူပုန်ထောင်ပေါင်းများစွာသည်

တိုက်ပွဲများတွင် သေဆုံးသည့် သွေးသံရဲရဲ အလောင်းများကို သယ်ယူကာ စီတန်းလှည့် လည်ကြသည်။ လမ်းများထဲသို့ ရိုင်ဖယ်များနှင့် ပစ်ခတ်ကြသည်။

ထိုအခြေအနေတွင် ချိန်တူနီအုပ်စုက အဖေထံ သုံးချက် တောင်းဆိုသည်။ သူတို့အား ထောက်ခံရန်၊ တင်လင်မယားအကြောင်း အပြည့်အစုံ ပြောပြရန်၊ သူတို့အဖွဲ့၏ အကြံပေးအဖြစ် ဆောင်ရွက်ပြီး ဆီချွမ်တော်လှန်ရေး ကော်မီတီတွင် သူတို့ကို ကိုယ်စားပြုပါဝင်ရန်တို့ဖြစ်သည်။

အဖေက ငြင်းသည်။ တစ်ဖွဲ့တွင်ပါဝင်ပြီး အခြားတစ်ဖွဲ့ကို မဆန့်ကျင်နိုင်။ ထို့ပြင် တင်လင်မယားအကြောင်းလည်း ပြောမပြနိုင်။ ပြောပြလျှင် အခြေအနေ ပို၍ ဆိုးရွားလာနိုင်စရာ အကြောင်းရှိသည်။ ပို၍ ရန်များလာမည်။ ပြီးတော့ ဆီချွမ်တော်လှန်ရေးကော်မီတီတွင် မပါဝင်နိုင်။ ပါဝင်ရန် လုံးဝဆန္ဒမရှိဟု အဖေက ပြန်ကြားသည်။

ဤတွင် စောစောက မိတ်ဆွေအနေစုအထားများ ပျက်ပြားသွားသည်။ အဖေနှင့်ပတ်သက်၍ ချိန်တူနီအုပ်စုတွင် နှစ်ပိုင်းကွဲသွားသည်။ တစ်စုက အဖေလို ခေါင်းမာသော၊ အကျိုးသင့်အကြောင်းသင့် စကားကို လက်မခံသော သူမျိုး မတွေ့ဖူးကြောင်း၊ သေလုမတတ် ညှဉ်းပန်းနှိပ်စက်ခံရသော်လည်း လက်စားချေလိုစိတ်မရှိ။ သူ့အသက်ကို ကယ်တင်ခဲ့သည့် အားကြီးသော သူပုန်များကို အဖေသည် ဆန့်ကျင်ရဲသူ ဖြစ်သည်။ သူ့ကို ပြန်လည်ထူထောင်ရန် ကမ်းလှမ်းသည်ကိုပင် လက်မခံဘဲ ငြင်းဆန်သူ ဖြစ်သည်။ သို့ဖြစ်ရာ ထိုအစုက ဒေါသဖြစ်ကာ “သူ့ကို နာနာရိုက်ကြ ရမယ်။ အရိုးသုံးလေးချောင်းလောက် ကျိုးသွားအောင် သင်ခန်းစာပေးရမယ်” ဟု ကြွေးကြော်ကြသည်။

ယန်နှင့်ယောင်တို့ကမူ အဖေ့ဘက်က ထောက်ခံပြောဆိုသည်။ အခြားသူအနည်းငယ်ကလည်း ထောက်ခံပြောဆိုကြသည်။ ယောင်က အဖေသည် အလွန် ရှားပါးသည့် စရိုက်လက္ခဏာပိုင်ရှင်ဖြစ်သည်။ သူလိုလူကို မတွေ့ဖူးခဲ့။ သူ့ကို ပြစ်ဒဏ် မပေးသင့်။ သေသည်အထိ ရိုက်နှက်လည်း အလျှော့ပေးမည့် သူမျိုးမဟုတ်။ သူ့ကို ညှဉ်းပန်းနှိပ်စက်လျှင် နှိပ်စက်သူသာ အရှက်ရမည်။ သူသည် သူ့ယုံကြည်ချက်အတိုင်း နေထိုင်သူဖြစ်သည်” ဟု ပြောသည်။

အဖေက ခြိမ်းခြောက်သော်လည်း မကြောက်။ ၁၉၆၇ စက်တင်ဘာလကုန်ပိုင်းတွင် ကားတစ်စီးဖြင့် အဖေနှင့် အမေတို့ကို အိမ်သို့လာပို့သည်။ ယန်နှင့်ယောင်တို့က အဖေကို အကာအကွယ်မပေးတော့ပေ။ အိမ်သို့လိုက်ပို့ပြီး နှုတ်ဆက်သွားသည်။

မကြာမီပင် မစ္စစ်ရှောနှင့် တင်လင်မယားအဖွဲ့လက်ထဲသို့ အဖေ ရောက်သွားသည်။ တစ်နေ့တွင် မစ္စစ်ရှော၏ အုပ်စုမှ လူနှစ်ယောက်ရောက်လာပြီး အဖေကို “ရှုတ်ချပွဲ” တစ်ခုသို့ ခေါ်သွားသည်။ ထို့နောက် ထိုပုဂ္ဂိုလ်များ အိမ်သို့ရောက်လာပြီး ကျွန်မတို့ မောင်နှမတစ်သိုက်အား အဖေရှိရာဌာနသို့ သွားပြီး ပြန်ခေါ်သွားရန် ပြောသည်။

အဖေသည် သူအလုပ်လုပ်ခဲ့သည့် ဥာနခြံဝင်းထဲက နံရံတစ်ခုတွင် မှီကာ ရပ်နေသည်။ ကြိုးစားပြီး လဲရာမှထရာ နံရံကိုမှီပြီး ရပ်နေရသည့် အနေအထားမျိုး ဖြစ်သည်။ သူ့မျက်နှာမှာ ညိုမည်းနေပြီး မယုံကြည်နိုင်လောက်အောင် ယောင်ယမ်းနေသည်။

တကယ်က ရှုတ်ချပွဲဟူ၍ မရှိ။ အဖေ ရုံးသို့ရောက်သွားလျှင် အခန်းကျဉ်းလေးတစ်ခုထဲသို့ ဆွဲသွင်းပြီး လူစိမ်းခြောက်ယောက်လောက်က ဝိုင်းပြီး ထိုးသည်။ ကန်သည်။ ခန္ဓာကိုယ်အောက်ပိုင်းကို ရိုက်နှက်သည်။ ပါးစပ်ထဲ ရေလောင်းထည့်ပြီး ဗိုက်ပေါ် တက်ခုန်သည်။ ရေတွေအန်ထွက်သည်။ ဆီးတွေ ဒလဟောထွက်သည်။ နောက်ဖေးများ ထွက်သည်။ ထို့နောက် အဖေ မေ့သွားသည်။

အဖေ သတိရလာသည့်အခါ လူရမ်းကားများ ပျောက်သွားသည်။ အဖေသည် ရေအလွန်ငတ်သဖြင့် အခန်းထဲက ဒယိမ်းဒယိုင်ထွက်လာပြီး ခြံဝင်းထဲမှာရှိသည့် ရွှံ့ရေအိုင်ထဲက ရေကို သောက်ရသည်။ မတ်တပ်အနိုင်နိုင် ရပ်ရသည်။ မစ္စစ်ရှော၏ အုပ်စုမှ လူများခြံဝင်းထဲတွင် ရှိနေသည်။ သို့ပြားလည်း အကူအညီမပေး။

လူရမ်းကားများမှာ ချုံကင်းဩဂုတ် ၂၆ အုပ်စုမှ ဖြစ်ပြီး မိုင် ၁၅၀ ဝေးသည့် ချိန်တူသို့ ထွက်ပြေးလာကြသူများ ဖြစ်သည်။ ချုံကင်းတွင် တိုက်ပွဲများ ပြင်းထန်သည်။ ယန်စီမြစ်တစ်ဖက်ကမ်းသို့ အမြောက်များဖြင့် ပစ်ခတ်သည်။ ဩဂုတ် ၂၆ အုပ်စုသည် မြို့ထဲမှ ဆုတ်ခွာထွက်ပြေးရသည်။ အချို့သည် ချိန်တူသို့ရောက်လာပြီး ကျွန်မတို့ ခြံဝင်းထဲမှာ တည်းခိုကြသည်။ သူတို့သည် သွေးဆာနေကြသည်။ ဂဏှာမငြိမ်ဖြစ် နေပြီး ဒေါသထွက်နေကြသည်။ မစ္စစ်ရှော၏ အုပ်စုအား "သူတို့သည် ဟင်းသီး ဟင်းရွက်စားနေရသည်မှာ ကြာပြီ။ ယခုသွေးသောက်ချင်သည်။ လူသား စားချင် သည်" ဟု ပြောပြသည်။

ထိုညက အဖေ အခြေအနေဆိုးသည်။ အရင်က ရိုက်နှက်နှိပ်စက်သည် ကို တစ်ချက်မအော်ဘဲ ကြိတ်မှတ်၍ ခံခဲ့သူသည် ယခု နာကျင်သဖြင့် ညည်းညူသည်။ နောက်တစ်နေ့မနက်တွင် ဆယ့်လေးနှစ်အရွယ်ရှိ ကျွန်မအစ်ကို ကျင်မင်း က ခြံဝင်းမီးဖိုသို့ ပြေးသွားပြီး လှည်းတစ်စီးငှားကာ အဖေ့ကို ဆေးရုံသို့ ပို့ရန် စီစဉ်သည်။ ရှောက်ဟောသည် ဆံပင်ညှပ်သမားတစ်ယောက် ခေါ်လာပြီး တစ်ဝက်သာ ရိတ်ထားသည့် အဖေ၏ခေါင်းကို ပြောင်စင်အောင် ရိတ်စေသည်။ မှန်ထဲတွင် ခေါင်းတုံးပြောင်ကို မြင်ရလျှင် အဖေပြုံးသည်။ "အဲဒါ ကောင်းတယ်။ ဒါမှ နောက်တစ်ခါ ရှုတ်ချပွဲမှာ ဆံပင်ဆောင့်ဆွဲတာ မခံရမှာ" ဟု ပြောသည်။

အဖေ့ကို လှည်းပေါ်တင်ပြီး အရိုးကုဆေးရုံသို့ ဆွဲသွားကြသည်။ ယခု အကြိမ်တွင်မူ သူ့ကို စောင့်ကြည့်စရာမလို။ စိတ်ရောဂါကို ကုခြင်းမဟုတ်။ စိတ်ရောဂါ မှာကား အပြုအစုအစောင့်အရှောက် လိုသည်။ အရိုးများတွင်မူ သဘောတရားရေး အသွေးအရောင်မရှိ။ ဆရာဝန်သည် အလွန်ကြင်နာတတ် သူဖြစ်သည်ကို တွေ့ရသည်။ အဖေ့ကို ဂရုတစိုက်ကြည့်ရှုစမ်းသပ်သည့်။ ထိုအခါ

ကျွန်မမှာ လည်ချောင်း ထဲတွင် တစ်ဆို့လာသည်။ ခြေနှင့်ကန်တာတွေ ပါးရိုက်တာတွေ တုတ်နှင့်ရိုက်တာတွေအများကြီး ကျွန်မ မြင်ခဲ့ရသည်။ နွေးထွေး ကြင်နာခြင်းကိုမူ အနည်းငယ်သာ တွေ့ရ ကြုံရဖူးသည်။

အဖေတွင် နံရိုးနှစ်ချောင်းကျိုးသည်။ ဆေးရုံတင်ဖို့ အထက်က အမိန့် လိုသည်ဟု ဆရာဝန်က ပြောသည်။ ဆေးရုံတွင် ခြေကျိုးလက်ကျိုးဒဏ်ရာရ သူတွေ ပြည့်နေသည်။ ရှုတ်ချပွဲများမှ ဒဏ်ရာရသူများ ဆေးရုံပေါ် ရောက်လာကြသည်။

အမေလည်း ချင်မိုထံ နောက်တစ်ခေါက်သွားကာ တင်လင်မယားအား အဖေကို နောက်ထပ်မရိုက်ပါနှင့်ဟု ပြောခိုင်းသည်။ ရက်အနည်းငယ်ကြာလျှင် ချင်မိုထံမှ စကားပြန်ရသည်။ လျူကျီတင်နှင့် ချင်ရှီတင်တို့သည် ခေါင်းဆောင်ကောင်းများ ဖြစ်သည်ဟူသော နံရံကပ်ပိုစတာတစ်စောင် အဖေရေးရမည်ဟု တောင်းဆိုသည်။ တင်လင်မယားကို ဆန့်ကျင်နေခြင်းသည် ကျောက်ဆောင်ကို ကြက်ဥနှင့်ပေါက်သလို ဖြစ်မည်ဟု ချင်မိုက ပြောသည်။ အဖေကို ထိုအကြောင်း ပြောပြသည့်အခါ “သူတို့ အကြောင်း အကောင်းမပြောနိုင်” ဟု အဖေ ကဆိုသည်။ “ဒါပေမယ့် ရှင်အလုပ်ပြန်ရမှာမဟုတ်ဘူး။ ရှင်ကိုပြန်လည်ထူထောင်ခွင့်ရဖို့ မဟုတ်ဘူး။ ရှင့်အသက်အတွက် ပြောနေတာ။ ပိုစတာတစ်စောင်နဲ့ လူတစ်ယောက် အသက် ယှဉ်ကြည့်ပါဦး” ဟု အမေက ဆိုသည်။ ထိုအခါ အဖေက “ငါ့ကိုယ်ငါ ရောင်းမစားဘူး” ဟု အပြတ်ပြောသည်။

၁၉၆၈ ကုန်သည်အထိ အဖေသည် အချုပ်ခန်းသို့ အကြိမ်ကြိမ်ဝင် လိုက် ထွက်လိုက်လုပ်ခဲ့ရသည်။ အဖေနှင့်အတူ ပြည်နယ်ခေါင်းဆောင်ဟောင်းများလည်း ပါဝင်သည်။ အကျဉ်းခံရသည်ကို “မော်စီတုန်း၏ အတွေးအခေါ် သင်တန်းတက်သည်” ဟု ခေါ်သည်။ ထိုသင်တန်းသို့အကြိမ်ကြိမ် တက်ရသူများသည် တင်လင် မယားထံ ဝပ်လျိုးအညံ့ခံကြသည်။ အဖေကား အညံ့မခံ။ သူ့မိသားစုသည် အလွန် ချစ်စရာကောင်းသည်၊ သူ့ကို ပြုစုသည်၊ အားပေးသည်၊ ကူညီသည်ဟု နောင်အခါ ပြောပြသည်။ အချို့မှာ ကိုယ့်ကိုယ်ကိုယ် သတ်သေကြသည်။ သူတို့မိသားစုက သူ့ကို အဆက်ဖြတ်သည်တွင် ဆောက်တည်ရာမရဖြစ်ပြီး သတ်သေကြခြင်းဖြစ်သည်။ ကျွန်မတို့သည် အဖေ့အကျဉ်း စခန်းသို့ အခွင့်ရတိုင်း သွားရောက်လည်ပတ်သည်။ အားပေးသည်။ ချစ်ခင်မှုပြသည်။ အိမ်သို့တစ်ခဏတာ ပြန်လာခွင့်ရသည့်အခါများ တွင် အဖေကို လိုလေ သေးမရှိ ပြုစုကြသည်။

အဖေအညံ့မခံလျှင် တင်လင်မယားက အမေနှင့် သွေးခွဲရန်ကြိုးစားသည်။ သို့သော်လည်း အမေသည် အဖေဒုက္ခရောက်စဉ် အဖေ့ဘက်မှာ အမြဲ ရပ်သည်။ အဖေကို သူ မရှုတ်ချနိုင်။

အမေအလုပ်လုပ်ခဲ့သည့် ဌာနကလည်း တင်လင်မယား၏ အမိန့်ကို မကြားယောင်ပြုကာ အမေကို နှိပ်စက်ရန်မကြိုးစား။ သို့သော်လည်း မစ္စစ်ရှော၏ အုပ်စုကမူ အမေကို ရှုတ်ချပွဲသို့ခေါ်ရန် ဝန်မလေး။ အမေသည် ရှုတ်ချပွဲ

အစည်းအဝေးများသို့ အကြိမ်တစ်ရာလောက်တက်ခဲ့ရသည်။ တစ်ခါက ချိန်တူမြို့လယ် ပြည်သူ့ရင်ပြင်တွင် လူထောင်ပေါင်းများစွာ တက်ရောက်သည့် ရှုတ်ချပွဲသို့ အရှုတ်ချခံ အဖြစ် အမေသွားရသည်။ အစည်းအဝေးတက်လာသူများက အမေ့ကို မည်သူမှန်း ပင်မသိကြ။

အမေ့ကို အကြောင်းအမျိုးမျိုးကြောင့် ရှုတ်ချကြသည်။ သူ့အဖေမှာ စစ်မင်း ဗိုလ်ချုပ်တစ်ယောက် ဖြစ်ခဲ့သဖြင့်လည်း အရှုတ်ချခံရသည်။ သူ့အဖေ သေတော့ အမေမှာ နှစ်နှစ်သမီးအရွယ်သာရှိသေးသည်။ သို့တိုင်အောင် ခွင့်မလွှတ်နိုင်။

ထိုအချိန်ကမူ အရင်းရှင်လမ်းလိုက်သူမှန်သမျှ သူတို့၏ အတိတ်သမိုင်းကြောင်းကို အဖွဲ့တစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့လောက်ထံ အသေးစိတ် အစစ်ဆေးခံကြရသည်။ သူ့နောက်လိုက်များ၏ နောက်ကြောင်း သမိုင်းကို မော် သိချင်သည်။ အမေ့မှာ လေးကြိမ်လောက် အစစ်ဆေးအမေးမြန်းခံရသည်။ စစ်ဆေး ရေးအဖွဲ့တစ်ခုတွင် အဖွဲ့ဝင်ဆယ့်ငါးယောက်ပါဝင်သည်။ သူတို့သည် တရုတ်ပြည်အနှံ့အပြားသွားရသည်။ ယင်းတို့မှတစ်ဆင့် အမေသည် မိတ်ဆွေသူငယ်ချင်းများ ဆွေမျိုးများ ဘယ်မှာ ရောက်နေသည်ကို သိရသည်။ အဖွဲ့တစ်ခုက အမေ့ကို သတင်းထူးများ ပေးသွားသည်။

၁၉၄၀ လွန်နှစ်များက မိတ်ဆွေသူငယ်ချင်းများအကြောင်း သိရသည်။ ထိုစဉ်က ဒေါက်တာရှီယာသည် ကွန်မြူနစ်ပါတီဝင် ယု-ဝု ကို အိမ်ခန်းတစ်ခုငှားခဲ့ဖူးသည်။ ယု-ဝုမှာ အမေ၏ ယူနစ်ခေါင်းဆောင်ဖြစ်ပြီး စစ်ရေးသတင်းများကို စုဆောင်းကာ ပါတီသို့ ပို့ပေးရသူဖြစ်သည်။ ယု-ဝုနှင့် ဆက်သွယ်သူ ခေါင်းဆောင်တစ်ယောက် မှာ ကူမင်တန်ကိုယ်စားလှယ်အဖြစ် ဟန်ဆောင်ကာ ကွန်မြူနစ်ပါတီအတွက် အလုပ် လုပ်ပေးခဲ့သည်။ ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် သူ့ကို ကူမင်တန်သူလျှိုဟု စွပ်စွဲပြီး ဝန်ခံခိုင်းသည်။ ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်သည်။ နောက်ဆုံးတွင် နှိပ်စက်သည့် ဒဏ်မခံနိုင်သဖြင့် ဝန်ခံပြီး ယု-ဝုအပါအဝင် သူလျှိုအဖွဲ့တစ်ခုရှိခဲ့ပါသည်ဟု လုပ်ကြံပြောဆိုရသည်။

ယု-ဝု ကိုလည်း ပြင်းထန်စွာနှိပ်စက်သည်။ ယု-ဝု က အမေ့အကြောင်းကို မပြော။ သို့သော်လည်း စစ်ဆေးသည့်အဖွဲ့က ယု-ဝုနှင့် အမေတို့ ဆက်သွယ် လုပ်ကိုင်ခဲ့ဖူးသည်ကို သိသွားပြီး အမေ့အား သူလျှိုအဖွဲ့တွင် ပါဝင်ခဲ့ဖူးသည်ဟုစွပ်စွဲသည်။

ဆယ်ကျော်သက်အရွယ်က အမေသည်ကူမင်တန်နှင့် အဆက်အသွယ် ရှိသည်ဟူသော စွဲချက်ထပ်၍ ပေါ်လာသည်။ ယင်းမှာ ၁၉၅၅ တုန်းက စွပ်စွဲ ချက်များ ဖြစ်သည်။ ထိုစဉ်က စစ်ဆေးမေးမြန်းသူမှာ မစ္စတာကွန်ဖြစ်ပြီး သူသည် “သစ္စာဖောက် နှင့် ကူမင်တန်သူလျှို” ဖြစ်သည်ဟု အမေအား ပြောသည်။ မစ္စတာကွန်လူငယ် ဘဝတွင် ကူမင်တန်က ဖမ်းဆီးချုပ်နှောင်ထားခဲ့သည်။ အကယ်၍ ကွန်မြူနစ် ဆန့်ကျင်ရေးသဘောထားများ ရေးသားပြီး သတင်းစာတွင်

သူ့နာမည်ဖြင့် ထည့်ခွင့် ပြုမည်ဆိုလျှင် အချုပ်မှ လွတ်မည်ဆိုသည်။ မစ္စတာကွန်က ငြင်းသည်။ ပါတီကမူ သူတို့ကိုလိုသည်။ ကွန်မျူနစ်ဆန့်ကျင်ရေး သဘောထားများကို လက်မှတ်ထိုးချင်ထိုးပါ ဟုညွှန်ကြားသည်။ ဤသို့ဖြင့် မစ္စတာကွန် လွတ်မြောက်လာခဲ့သည်။

အခြားသူများလည်း ထိုနည်းအတိုင်း အချုပ်မှ ထွက်လာခဲ့ကြသည်။ ၁၉၃၆ တွင် ထောင်ချထားသည့် ကွန်မျူနစ် ခြောက်ဆယ့်တစ်ယောက်သည် ဤနည်းဖြင့် လွတ်မြောက်လာသည်။

ထိုခြောက်ဆယ့်တစ်ယောက်ကို ပါတီ ဗဟိုကော်မီတီနှင့် လျူရှောက်ချီတို့က ညွှန်ကြားခြင်းဖြစ်သည်။ နောင်အခါ သူတို့အနက် အချို့သည် ကွန်မျူနစ်အစိုးရ လက်ထက်တွင် ထိပ်တန်းအရာရှိများ ဒုတိယဝန်ကြီးချုပ်များ ပြည်နယ်ဒေသပါတီကော်မီတီ ပထမအတွင်း ရေးမှူးများဖြစ်လာကြသည်။ မဒမ်မော် နှင့် အပေါင်းပါတို့က သူတို့ကို “သစ္စာဖောက်နှင့် သူလျှိုခြောက်ဆယ့်တစ်ယောက်” ဟု ကြေညာသည်။ ယင်းကို မော်က သဘောတူသည်။ သူတို့မှာ ရက်စက်စွာ အနှိပ် စက်ခံကြရသည်။

သူတို့နည်းတူ ကွန်မျူနစ်တရုတ်ပြည်သစ်အတွက် တိုက်ပွဲဝင်ခဲ့ကြသည့် ရဲရင့်သူယောက်ျားမိန်းမ အများအပြား သစ္စာဖောက်မှု သူလျှိုမှုနှင့် ထောင်ချ ခံရသည်။ ရှုတ်ချခံရသည်။ ညှဉ်းပန်းနှိပ်စက်မှုခံကြရသည်။ ဆီချွမ်နှင့် နယ်ချင်းဆက်နေသည့် ယူနန်ပြည်နယ်တွင် လူ ၁၄,၀၀၀ သေဆုံးသည်။ ပီကင်း တည်ရှိရာ ဟောပေပြည်နယ် တွင် လူ ၈၄,၀၀၀ အဖမ်းခံရပြီး နှိပ်စက်ခံရသည်။ ထောင်ပေါင်းများစွာ သေဆုံးသည်။ အမေ၏ ငယ်သူငယ်ချင်း “ဟု” လည်း သေဆုံးသွားသည်။

မစ္စတာကွန်ကိုလည်း သူလျှိုသစ္စာဖောက်ဟု စွပ်စွဲသည်။ အမေမှာ ၁၉၆၇ နောက်ပိုင်းမှ ၁၉၆၉ အောက်တိုဘာအတွင်း နှစ်နှစ်နီးပါး ဖမ်းလိုက် လွှတ်လိုက် ခံခဲ့ရသည်။ သူ့အနေအထိုင်မှာ အစောင့်များအပေါ် တည်သည်။ အချို့မှာ အမေ့ကို ကြင်နာသည်။ ဆေးဝါးရှာကြံပေးသည်။ စားစရာများ ပေးသည်။ နို့ကြက်ဥနှင့် ကြက်သားတို့ အပတ်တိုင်းစားရသည်။

အမေ၏ အနေအထိုင်ချောင်လည်ကြောင်း တင်လင်မယားသိသွားလျှင် အစောင့်ပြောင်းသည်။ အမေသည် ခံဝန်ချက်အမျိုးမျိုး လက်မှတ်ထိုးခဲ့သည်။ “အရင်းရှင်လမ်း” ကို လက်ခံပါသည်ဟူ၍လည်း ဝန်ခံခဲ့ရသည်။ သို့သော်လည်း အဖေ ကိုမူ သူ မရှုတ်ချ။ ထို့အတူ သူလျှိုစွဲချက်ကိုလည်း ဝန်မခံ။

အမေ့ကို ရုပ်ရှင်ရုံဟောင်းတစ်ခုအပေါ်ထပ်မှာ အကျဉ်းချထားသည်။ ထိုနေရာကိုကား မသိ။ သို့သော်လည်း အထုပ်များပေးခွင့်ပြုသည်။ ၁၉၆၈ ဆောင်းဦး တစ်ရက်တွင် အစားအသောက်များပေးရန် ကျွန်မ သွားသည်။ အစောင့်က လက်မခံ။ ထိုအကြောင်း အဘွားကြားလျှင် စိတ်ထိခိုက်ပြီး မေ့လဲ သွားသည်။ အမေ သေပြီဟု အဘွားထင်နေသည်။

ဘာဖြစ်မှန်းမသိသဖြင့် ကျွန်မလည်းခြောက်နှစ်သား မောင်ငယ် ရှောက်ဖန်ကို လက်ကဆွဲပြီး ထိုလမ်းထဲလျှောက်ကာ "အမေရေ အမေရေ" ဟု အော်ခေါ်သည်။ လမ်းသွားလမ်းလာများက ကျွန်မတို့ကို တအံ့တသြ ကြည့်သွားကြသည်။ ရှောက်ဖန်ငိုသည်။ အမေကို မမြင်ရ။

ထိုအကြောင်း နောင်အခါ အမေပြန်၍ပြောပြဖူးသည်။ ကျွန်မတို့ခေါ်သည်ကို သူကြားရသည်။ သို့သော်လည်း အစောင့်မိန်းမက ပြတင်းဖွင့် ခွင့်မပြု။ အဖေ့ကို ရှုတ်ချပြီး အမေကိုယ်တိုင် ကူမင်တန်သူလျှိုဖြစ်ပါသည်ဟု ဝန်ခံမှ ကျွန်မတို့နှင့် တွေ့ခွင့်ပြုမည်ဟု ဆိုသည်။ "ဒါမှမဟုတ်ရင် ဒီအခန်းထဲက အသက်ရှင်ပြီး မထွက်နိုင်" ဟု ဆိုသည်။ အမေက အားလုံးကို ငြင်းသည်။

****

[၂၁]

ကျွန်မ၏ မွေးချင်းများနှင့် သူ့ငယ်ချင်းများ

(၁၉၆၇ – ၁၉၆၈)

၁၉၆၇ နှင့် ၁၉၆၈ တစ်လျှောက်လုံး ပြည်သူတို့သည် မော်၏အကြံအစည်အောင်မြင်ရန် ကူညီပံ့ပိုးကြရသည်။ ကျွန်မမိဘများမှာ ရှုတ်ချခံနေရသော်လည်း ယခုတိုင် လစာများရနေကြသည်။ နိုင်ငံတော်ကပေးသည့် ရိက္ခာများကိုလည်း အခြားမြို့များမှ ပါတီဝင်များနည်းတူ ခံစားကြရသည်။

မြို့နေလူထုကို တော်လှန်ရေးအား မျက်ခြည်မပြတ်စေရန် လှုံ့ဆော်ထားသည်။ အလွန်တော်သည့် ဝန်ကြီးချုပ်ချောင်အင်လိုင်းကို မော်က အကာအကွယ် ပေးထားသည်။ ချောင်အင်လိုင်းတစ်စုံတစ်ခုဖြစ်လျှင် အစားထိုးနိုင်ရန် တိန့်ရှောင်ဖိန် ကိုလည်း လုံခြုံမှုပေးထားသည်။ တရုတ်ပြည်ကြီးတစ်ခုလုံး ပြိုလဲမသွားသေး။

သို့သော်လည်း တော်လှန်ရေးတာရှည်လာသည်နှင့်အမျှ စီးပွားရေး လုပ်ငန်းများ ရပ်တန့်သွားသည်။ မြို့နေလူဦးရေ တိုးပွားလာသည်။ လူနေအိုးအိမ်များ ဆောက်မပေးနိုင်။ ဆား၊ သွားတိုက်ဆေး၊ အိမ်သာသုံးစက္ကူ၊ ရိက္ခာအမျိုးမျိုးနှင့် အဝတ်အထည်များကို ရာရှင်စနစ်ဖြင့် ဝေရသည်။ အချို့ ဒေသများတွင် လုံးဝပျောက်သွားသည်။ ချိန်တူတွင် သကြားမရှိသည်မှာ တစ်နှစ်ရှိပြီ။ ဆပ်ပြာတစ်တောင့်မရှိသည် မှာ ခြောက်လရှိပြီ။

၁၉၆၆ ဇွန်မှစ၍ ကျောင်းများပိတ်ထားသည်။ ဆရာများမှာ ရှုတ်ချခံရ သို့မဟုတ် သူပုန်အုပ်စုများ၏ အသိမ်းသွင်းခံကြရသည်။ ကျောင်းမရှိလျှင် အအုပ်အထိန်းမရှိ။ စာအုပ်၊ ဂီတ၊ ရုပ်ရှင်၊ ပြဇာတ်၊ ပြတိုက်၊ လက်ဖက်ရည်ဆိုင်တို့အားလုံး ပျောက်သွားသည်။ ဖဲကစားခြင်းတစ်ခုသာ ခိုးကြောင်ခိုးဝှက် ဖြေဖျော်စရာအဖြစ် ကျန်ရစ်သည်။ မော်၏ ယဉ်ကျေးမှုတော်လှန်ရေးတွင် လူတွေမှာ လုပ်စရာအလုပ်များမရှိ။ ဒေါသတွေဖြစ်လာသည်။ ဒေါသကို ရှုတ်ချပွဲများတွင် အန်ထုတ်ကြသည်။ အချင်းချင်းထိုးကြိတ်ကြ၊ ရန်စောင်ကြ ရန်ဖြစ်ကြသည်။

တပ်နီလူငယ်အဖွဲ့သို့ ဝင်ချင်သူမှ ဝင်နိုင်သည်။ ပါတီစနစ်လျော့ရဲလာလျှင် လူတွေကို မထိန်းသိမ်းနိုင်။ အသေးအဖွဲလေးများကို ယိုးမယ်ဖွဲ့ကာ ရန်ဖြစ်ကြသည်။ လမ်းထဲမှာ ဈေးဆိုင်များမှာ ဘတ်စကားပေါ်မှာ စကားများ ရန်ဖြစ်ကြသည်။ သိသာသည့် နောက်တစ်ချက်မှာ ကလေးမွေးခြင်းကို မထိန်းချုပ်နိုင်သဖြင့် သားသမီးတွေ အများကြီးမွေးလာသည်။ ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း လူဦးရေ သန်း ၂၀၀ တိုးလာသည်။

၁၉၆၆ ကုန်ခါနီးတွင် ကျွန်မတို့ မောင်နှမအားလုံး တပ်နီလူငယ်အဖွဲ့သို့

မသွားကြတော့။ အားရတင်းတိမ်လောက်ပြီ ယူဆကြသည်။ အရှုတ်ချခံရသော မိသားစုမှ သားသမီးများမှာ မိဘနှင့် ရန်ငါပြတ်ရသည်။ လျှူရှောက်ချီ၏ သမီး တစ်ယောက်သည် သူ့အဖေကို ရှုတ်ချသည့် ပိုစတာများရေးသည်။ အချို့မှာ မိဘ နာမည်ဖြစ်သည့် မျိုးရိုးနာမည်ကို ပြောင်းပစ်ကြသည်။

အမေ့အား အဖေ့ကို ရှုတ်ချရန် သက်ဆိုင်ရာက ပြောသည်။ အမေ ငြင်းသည်။ ကျွန်မတို့ကလည်း အဖေ့ကို မရှုတ်ချနိုင်။ ကျွန်မတို့အတွက် အမေဂုဏ်ယူသည်။ မိဘနှစ်ပါးစလုံး ဆင်းရဲဒုက္ခခံနိုင်ကြသဖြင့်၊ သတ္တိရှိသဖြင့် ကျွန်မတို့ ဝမ်းသာသည်။ လေးစားသည်။ မိဘတို့ကို ဆထက်ထမ်းပိုး ပို၍ လေးစားချစ်ခင်လာသည်။

ကျွန်မတို့ မျိုးဆက်မှာ အပြိုင်အဆိုင်တွေ၊ အချင်းချင်း မကျေနပ်ချက်တွေ မရှိဘဲ ကြီးပြင်းခဲ့ကြရသည်။ လူငယ်ဘဝပျော်စရာ ဘာမျှမရှိ။ ယဉ်ကျေးမှု တော်လှန်ရေးက ကျွန်မတို့ လူငယ်ဘဝကို ဖျက်ဆီးပစ်လိုက်သည်။

ကျွန်မမှာ ဆယ့်လေးနှစ်အရွယ်တွင် အဖေနှင့်အမေကို သူမတူအောင် ချစ်မိသည်။ ကျွန်မ ဘဝသည် သူတို့ဝန်းကျင်မှာသာရှိသည်။ သူတို့အမူအရာများကို အကဲခတ်ကာ ပျော်အောင်ရွှင်အောင် ပြောဆိုနေထိုင်သည်။ အကျဉ်းခံရသည့်အခါ သူတို့ရှိရာသို့ သွား၍ တွေ့သည်။ စကားပြောသည်။ အဖေနှင့် အမေကို ဘယ်လောက် ချစ်ကြောင်း အစောင့်များကို ပြောပြသည်။ ဆီချွမ် အစိုးရဝန်ထမ်းများနှင့် ချိန်တူအရှေ့ပိုင်းခရိုင်ဝန်ထမ်းများသည် ကျွန်မကို မှတ်မိနေကြသည်။ မစ္စစ်ရှောက ကျွန်မ သူ့ကို မထီလေးစားကြည့်သည်ဟု စွပ်စွဲကာ အော်ထုတ်သည်။ ပြီးတော့ လီဆယ် လုပ်ကြံမှုတစ်ခု ပြုလုပ်သည်။ ချိန်တူနီအုပ်စုက ကျွန်မအဖေကို ကောင်းမွန်စွာ ဆက်ဆံပြုစုသည်မှာ “ယောင်” အား ကျွန်မကိုယ်ကို ထိုးအပ်ထားသောကြောင့် ဖြစ်သည်ဟု သွားပုပ်လေလွင့် ပြောသည်။

ပီကင်းမှ ပြန်လာပြီးနောက် ချိန်တူဆင်ခြေဖုံးတွင်ရှိသည့် လေယာဉ် ထိန်းသိမ်းရေးစခန်းသို့ တစ်လခန့် အလည်သွားသည်။ အပေါင်းအသင်းသစ် များအဖြစ် ဖက်တီး၊ ချင်ချင်နှင့် သူတို့သူငယ်ချင်းများ တိုးလာသည်။ ကျွန်မတို့မှာ တစ်စုံတစ်ခုတွင် ပါဝင်ပတ်သက်နေဖို့လိုသည်။ သို့ဖြစ်ရာ စက်ရုံများသို့ သွားကာ အရင်းရှင်လမ်းလိုက်သူများ ဆန့်ကျင်ရေးလှုံ့ဆော်ခြင်းဖြင့် အလုပ်တစ်ခုခုတွင် နှစ်မြုပ်နေလိုက်သည်။

ကျွန်မတို့ သုံးယောက်ကို စက်ရုံဘတ်စကက်ဘောအသင်းဝင် လူငယ် များက စိတ်ဝင်စားလာသည်။ ကျေးလက်များသို့ လျှောက်လည်သည်။ တစ်ခါတစ်ရံ အိမ်သို့ပြန်သည်။ ဘတ်စကက်ဘော အသင်းဝင်တို့နှင့် မိတ်ဆွေဖြစ်သည်မှာ အတော် လေးကြာလာသည်။ ရှောက်ဟောင်နှင့် ကျွန်မတို့ ကျောင်းမှ အခြားကျောင်းသူများ လည်း ကျွန်မတို့အဖွဲ့နှင့် ပူးပေါင်းသည်။

ဘတ်စကက်ဘောအသင်းကက်ပတိန် “စိုင်” ကို ကျွန်မတို့ စိတ်ဝင်စားသည်။ ကျွန်မနှင့် ချင်ချင်တို့အနက် ဘယ်သူ့ကို “စိုင်” က

စိတ်ဝင်စားသလဲဟု ကျောင်းသူလေးများ စူးစမ်းကြသည်။ ချင်ချင်က "စိုင်" ကို စွဲနေသည်။ ကျွန်မလည်း သူ့ကို စိတ်ဝင်စားသလို ဖြစ်လာသည်။ ယဉ်ကျေးမှုတော်လှန်ရေးက ကျွန်မ၏ အပျိုအရွယ် ဘဝကို ပျက်ပြားစေသည်။

သူငယ်ချင်းအချို့မှာ မိဘများရှုတ်ချခံရသဖြင့် သူတို့ကိုယ်သူတို့ သတ်သေကြသည်။ အချို့မှာ မော်ဆန့်ကျင်ရေးလုပ်သည်ဟု အစွပ်စွဲခံရသည်။ သူတို့ကို ဖမ်းရန် ပုလိပ်ရောက်လာသည့်အခါ ညှဉ်းပန်းနှိပ်စက်မှုမခံနိုင်သဖြင့် သုံးထပ်တိုက် ပြတင်း ပေါက်မှ ခုန်ချပြီး အသေခံသွားကြသည်။

ဖက်တီး၊ ချင်ချင်နှင့် အခြားသူငယ်ချင်းတို့၏ မိဘများမှာ ထိုစွပ်စွဲမှုမျိုးမခံရ။ သူတို့သည် ကျွန်မ၏ သူငယ်ချင်းများအဖြစ် ဆက်လက်တည်ရှိနေသည်။ သူတို့သည် ကျွန်မတို့ကို မစွန့်ခွာ။ အန္တရာယ်ရှိသည်ဆိုပြီး ဘက်မပြောင်း။ ထိုသူငယ်ချင်းများသည် တရုတ်လူမျိုးတို့၏ သစ္စာရှိပုံရှိနည်းအတိုင်း "ဆီးနှင်းထန်သည့် အခါ မီးသွေးပေးကြသူများ" ဖြစ်လာသည်။ ယဉ်ကျေးမှုတော်လှန်ရေး၏ အဆိုးရွားဆုံးနှစ်များအတွင်း ကျွန်မကို အကူအညီပေးကြသည်။

၁၉၆၇ တွင် ချိန်တူနီအုပ်စုက ကျွန်မတို့ခြံဝင်းကို ဝင်ရောက်တိုက်ခိုက်သည်။ ကျွန်မတို့အား နောက်တစ်တိုက်၏ အောက်ဆုံးထပ်သို့ ပြောင်းရွှေ့ခိုင်းသည်။ ထိုအချိန်တွင် အဖေရော အမေပါ ဖမ်းဆီးခံနေရသည်။ ထိုအခါ သူငယ်ချင်းများက အိမ်ပြောင်းရာတွင် ကူညီကာ ပစ္စည်းများ သယ်ပိုးပေးသည်။ တိုက်သစ်တွင် ကျွန်မတို့ ညီအစ်မနှစ်ယောက် အခန်းတစ်ခုတွင် အတူနေကြသည်။ ညအခါ သေနတ်သံများ ကြားရသည်။ တစ်ညတွင် ကျည်ဆန်တစ်ခု ကျွန်မတို့ အခန်းပြတင်းမှန်ကို လာ၍မှန် ကာ ကွဲကျသွားသည်။ ကျွန်မ မကြောက်မိ။ တုန်လှုပ်ထိတ်လန့်စရာများ ကြုံခဲ့ရပြီး နောက် သေနတ်ကျည်ဆန်သည်ပင် ကြောက်လန့်အောင် မစွမ်းဆောင်နိုင်တော့ပြီ။

ထိုစဉ် စိတ်မလေရန် ဂန္ထဝင်စတိုင်ကဗျာများစပ်သည်။ မှတ်မှတ်ရရ ဆိုလျှင် ၁၉၆၈ မတ် ၂၅ တွင် ကျရောက်သည့် ဆယ့်ခြောက်နှစ်မြောက် မွေးနေ့တွင် ပထမဆုံး ကဗျာကိုစပ်သည်။ ထုံးစံအရ မွေးနေ့ပွဲများ မကျင်းပနိုင်။ မိဘများ အကျဉ်းခံနေရသည် မဟုတ်လား။ မြေပြင်က သုခဘုံဖြစ်သော ဆိုရှယ်လစ်တရုတ်ပြည်မှာ ကျွန်မနေရပြီး အရင်းရှင်ကမ္ဘာဆိုသည် ငရဲပြည်နှင့် တူသည်ဟု ကျွန်မတို့ကို ပြောခဲ့ကြသည်။ ဤနေရာသည် သုခဘုံဆိုလျှင် ငရဲဘုံသည် ဘယ်လိုနည်းဟု ရေးစပ်သည်။ သဘော တရားရိုက်အသွင်းခံရသည့် ဘဝသည် အတိတ်တွင် ကျန်ရစ်ခဲ့ပြီး ရွက်ခြောက်များလို လေမှာလွင့်ပါးသွား သည်ဟု တင်စားစပ်ဆိုသည်။

ထိုကဗျာကို ရေးနေစဉ် အခန်းတံခါးခေါက်သံ ကြားရသည်။ အိမ်ခန်း တွင်း ဝင်ရောက်စီးနင်းသည့် အဖွဲ့ရောက်လာပြီဟု နားလည်လိုက်သည်။ မစ္စစ်ရှောသည် ကျွန်မတို့အခန်းကို မကြာခဏ ဝင်ရောက်တိုက်ခိုက်သည်။ ဘူဇွာဇိမ်ခံပစ္စည်း များကို

သိမ်းသွားသည်။ အဘွား၏ ကွန်မျူနစ်မတိုင်မီခေတ်က အဝတ်ကောင်းများ၊ အမေ၏ သားမွေးကုတ်အင်္ကျီ၊ အဖေ၏ မော်စတိုင် ဝတ်စုံတို့မှာ သိမ်းသည့်အထဲ ပါသွားသည်။ ကျွန်မ၏ သိုးမွေးဘောင်းဘီရှည်ကိုပင် ယူသည်။

ကျွန်မ ကဗျာကို တွေ့လျှင် ဒုက္ခပဲဟု တွေးမိသည်။ အဖေရေးသည့် ကဗျာများကို ကျွန်မ မှတ်မိသည်။ အမေက ထိုကဗျာများကို မဖျက်ဆီး။ ထို့ကြောင့် ရှုတ်ချခြင်းအကြိမ်ကြိမ်ခံရသည်။

ညသည် ပို၍ မှောင်လာသည့်အခါ
အလင်းရောင်များပို၍ လင်းလက်လာသည်။
ငါ့ကလောင်သည် အရုဏ်ဦးကို
တွေ့ရန် အသော့နှင်သည် . . .

သူပုန်များက "မှောင်သည့်ည" ဟူသည် ဆိုရှယ်လစ်တရုတ်ပြည်ကို တင်စားခြင်းဖြစ်သည်၊ အရုဏ်ဖြူဆိုသည်မှာ ကူမင်တန်တို့ ပြန်လာတော့မည်ကို ရည်ရွယ်ရင်းဖြစ်သည်ဟု စွပ်စွဲသည်။ အဖြူရောင်သည် တန်ပြန်တော်လှန်ရေး အရောင်ဖြစ်သည်။

အိမ်တံခါးခေါက်သံပြင်းထန်လာလျှင် ကျွန်မလည်း အိမ်သာထဲသို့ ဝင်ပြေးသည်။ ကဗျာကို အစိတ်စိတ် ဆုတ်ဖြဲပြီး အိမ်သာထဲသို့ ချကာ ရေဆွဲသည်။ အိမ်သာတံခါး လာ၍ ခေါက်သည်။ ကျွန်မဖွင့်မပေး။

သူပုန်များသည် အိမ်ထဲသို့ ဝင်ရောက်တိုက်ခိုက်ပြီး စာအုပ်များကို သိမ်းသည်။ ကျင်မင်းဝယ်ထားသည့် စာအုပ်များပါသွားသည်။

ဒုတိယမောင်လေးဖြစ်သည့် ရှောက်ဟေသည် ၁၉၆၇ နှစ်စတွင် ဆယ့်နှစ်နှစ်အရွယ်ရောက်လာသည်။ ဘာမျှလုပ်စရာမရှိသည့်အခါ လမ်းတွင်း လူငယ်အုပ်စု အဖွဲ့ဝင်ဖြစ်လာသည်။ သူတို့မှာ လမ်းသရဲဂိုဏ်းဆန်ဆန် အုပ်စုဖြစ်သည်။ ရှောက်ဟေ ၏ အပေါင်းအသင်းများသည် သူများပစ္စည်းကို ခိုးသည်။ အလစ်သုတ်သည်။ ရသမျှ ပစ္စည်းများကို ခေါင်းဆောင်လက် အပ်ရသည်။ ခေါင်းဆောင်က ခွဲဝေပေးသည်။

ယဉ်ကျေးမှုတော်လှန်ရေးကာလတစ်လျှောက်လုံး ခါးပိုက်နှိုက်ခြင်း၊ စက်ဘီး ခိုးခြင်းများ ကျယ်ပြန့်လာသည်။ ခါးပိုက်နှိုက်မခံရသူဟူ၍ မရှိ။

ရှောက်ဟေ၏ ရဲဘော်များသည် မိန်းကလေးများနောက်သို့ လိုက်လံ ပိုးပန်းကြသည်။ ရှောက်ဟေမှာ သတ္တိမရှိ။ သို့ဖြစ်ရာ သူ့ထက်ကြီးသူများ၏ ရည်းစားစာများကို မိန်းကလေးများထံ အရောက်ပို့ပေးရသည်။ တစ်ခါတစ်ရံ တံခါးအောက်တွင် ထိုးထည့်ခဲ့သည်။

မိန်းကလေးက လက်မခံဘဲ ပယ်ချလိုက်လျှင် အုပ်စုဖွဲ့ကာ လက်တုံ့ပြန်တတ်ကြသည်။ သူ့အိမ်ရှေ့သွားကာ ညံညံစီစီ အော်ဟစ်နောက်ပြောင် ကြသည်။ လောက်လေးဖြင့်ပစ်ကြသည်။ မိန်းကလေးထွက်လာလျှင် တံတွေးဖြင့် ထွေးသည်။

လက်ခလယ်ကို လှုပ်ကာ သရော်သည်။ မဖွယ်မရာ အညစ်အပတ် စကားများ အော်ဟစ်သည်။

ရောက်ပြီဟောတို့ အုပ်စု၏ ပျော်စရာရှာနည်းတစ်ခုမှာ ယှဉ်ပြိုင်သတ်ပုတ်ခြင်း ဖြစ်သည်။ သူကား သတ္တိမရှိ။ ထွက်ပြေးသည်သာများသည်။ သူတို့သည် ပြိုင်ဘက် အုပ်စုများနှင့် တစ်နေရာတွင် ချိန်းကာ သတ်ပုတ်ကြသည်။ အကောင်းဆုံးနေရာမှာ ပြည်သူ့အားကစားရုံဖြစ်သည်။ ထိုနေရာတွင် အားကစားပွဲများ မရှိသဖြင့် လူရှင်းနေသည်။

ချိန်တူ ဒုစရိုက်ဂိုဏ်းခေါင်းဆောင်တစ်ယောက်မှာ ခြေထောက်ဆွံ့နှင့် တန်ဖြစ်သည်။ မွေးကတည်းက ခြေမသန်သဖြင့် ထော့ကျိုးသွားရသည်။ တန်သည် ဉာဏ် ထက်မြက်သည်။ မကြာမီ တန် အဖမ်းခံရသည်။

၁၉၆၈ အစပိုင်းတွင် ယဉ်ကျေးမှုတော်လှန်ရေး၏ စတုတ္ထအဆင့်သို့ ဝင်ရောက်လာသည်။ အဆင့်တစ်မှာ ဆယ်ကျော်သက်တပ်နီလူငယ် လှုပ်ရှားမှု ဖြစ်သည်။ ထိုနောက် သူပုန်အုပ်စုပေါ်လာပြီး အရင်းရှင်လမ်းလိုက်သူများကို ရှုတ်ချ တိုက်ခိုက်သည်။ တတိယအဆင့်တွင် သူပုန်အုပ်စုအချင်းချင်း တိုက်ခိုက်ကြသည်။ ထို့နောက် နိုင်ငံရေးတိုက်ပွဲအသွင်သစ် အဆင့်သို့ ကူးပြောင်းလာပြီး လူတန်းစား ရန်သူသစ်ကို ရှာဖွေတိုက်ခိုက်ခြင်းဖြစ်သည်။ "တန်" အဖမ်းခံရပြီး ယဉ်ကျေးမှု တော်လှန်ရေးပြီးဆုံးသည့် ၁၉၇၆ တွင်မှ လွတ်မြောက်လာသည်။ ၁၉၈၀ လွန်နှစ်များတွင်မူ သူသည် ကုန်သည်ကြီးတစ်ယောက် ဖြစ်လာပြီး သန်းကြွယ်သူဌေးဖြစ်လာပြီး ချိန်တူတွင် တန်သည် အချမ်းသာဆုံးဖြစ်လာသည်။

"လူတန်းစားသစ် သန့်ရှင်းရေး" တိုက်ပွဲတွင် ပြည်သူသန်းပေါင်းများစွာ အသက်ဆုံးရှုံးရသည်။ အတွင်းမွန်ဂိုလီးယားတွင် လူနှစ်သောင်းသေဆုံးသည်။ တိုက်ပွဲများကို တော်လှန်ရေးကော်မီတီက ကြီးကြပ်ကွပ်ကဲသည်။ ဆီချွမ်ပြည်နယ် တော်လှန်ရေးကော်မတီကို ၁၉၆၈ ဇွန် ၂ တွင် ဖွဲ့စည်းသည်။ ဗိုလ်ချုပ်နှစ်ဦးနှင့် တင်လင်မယားပါဝင်သည့် လေးဦးက ခေါင်းဆောင်သည်။ ထို့ပြင် သူပုန်အုပ်စု နှစ်စုဖြစ်သည်။ ချိန်တူနီနှင့် ဩဂုတ် ၂၆ အုပ်စုတို့မှ ခေါင်းဆောင်များပါဝင်သည်။

လစာများဖြတ်တောက်သည်။ ကျွန်မတို့မိဘများမှာ လစာတစ်ဝက် ကျော်ကျော် လျော့သည်။ မငတ်သော်လည်း မှောင်ခိုဈေးတွင် ဝယ်၍မစားနိုင်တော့။ အမဲသားရာရှင်သည် လူတစ်ယောက် တစ်လပေါင်ဝက်သာရသည်။ အဘွားက ကောင်းကောင်းမွန်မွန် စားရအောင် စီမံဖန်တီးသည်။ အကျဉ်းခန်းထဲက အဖေနှင့် အမေအတွက်လည်း စားစရာများ စီစဉ်သည်။

တော်လှန်ရေးကော်မီတီ၏ နောက်အမိန့်တစ်ခုမှာ အရင်းရှင်လမ်းလိုက်သူများကို ယခုကျွန်မတို့နေသော တိုက်ခန်းများက ဖယ်ရှားပေးရန် ဖြစ်သည်။ ခေါင်းဆောင်သစ်များအတွက် နေစရာပေးရမည်။ ကျွန်မတို့ မိသားစုသည် သုံးထပ်တိုက် အပေါ်ဆုံးထပ် အခန်းတစ်ခုသို့ ပြောင်းရွှေ့ခဲ့ရသည်။ ပိုက်လုံးရေနှင့် အိမ်သာ တို့မရှိ။ သွားတိုက်ရန် အောက်ထပ်သို့

ဆင်းရသည်။ သို့သော်လည်း ကျွန်မ စိတ်မပျက်။ ယခု အိမ်ခန်းသစ်သည် သားနားသပ်ရပ်သည်။ နောက်ဖေးဘက်တွင် ပန်းခြံ တစ်ခုရှိပြီး ပိုးစာပင်များ ပေါက်ရောက်လျက်ရှိသည်။ အိမ်ရှေ့ ပန်းခြံတွင် ပန်းပင်များဝေဝေဆာဆာ ဖူးပွင့်နေသည်။ နာမည်ခေါ်မရသည့် အပင်ကြီးများ လည်းရှိသည်။

ထိုစဉ်က အလုအပမြတ်နိုးခြင်းကို ရှုတ်ချနေချိန်ဖြစ်ရာ ကျွန်မတို့ မိသားစုကို ပြစ်ဒဏ်ခတ်သည့် အနေဖြင့် လုပသာယာသည့် ဤအိမ်ခန်းတွင် နေရာချထား ပေသည်မှာ ကျေးဇူးတင်စရာကောင်းလှသည်။ ခန်းမကြီးမှာ ကြီးပြီး ပါကေးကြမ်းခင်း ထားသည်။ သုံးဖက်သုံးတန်တွင် အလင်းရောင်ရသည့် မှန်ပြတင်းများရှိသည်။ ရာသီဥတုသာယာသည့်နေ့တွင် ဆီချွမ်အနောက်ဘက် အစွန်က နှင်းဆောင်းထောင် ထွတ်များကို မြင်ရသည်။ ဆင်ဝင်တွင် ဂရိပုံစံ လက်ရန်းတန်းများ တပ်ဆင်ထားသည်။

အိမ်သစ်တည်ရှိရာ လမ်းမှာ ဥက္ကာပျံလမ်းဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ရာပေါင်းများစွာက အာကာသမှ ဥက္ကာခဲများ ကျလာသည်ကို အစွဲပြုကာ ဥက္ကာပျံလမ်းဟု မှည့်ခေါ်ထားခြင်းဖြစ်သည်။ အိမ်နီးချင်းတစ်ယောက်မှာ အဖေ၏ဌာနမှ ဝန်ထမ်းတစ်ယောက်ဖြစ်ပြီး မစ္စစ်ရှော၏ သူပုန်အုပ်စု ဝင်တစ်ယောက်ဖြစ်သည်။ နောက်ထပ်အိမ်နီးချင်းမှာ ပိတ်လိုက်ရသော မဂ္ဂဇင်းတစ်ခု၏ အယ်ဒီတာဖြစ်ပြီး သူ့မိန်းမမှာ ကျောင်းဆရာမတစ်ယောက်ဖြစ်သည်။ သူတို့တွင် ဂျိုဂျိုဟုသော ခြောက်နှစ်အရွယ်သား တစ်ယောက်ရှိသည်။ ဂျိုဂျိုသည် ရှောက်ဖန်နှင့် ရွယ်တူဖြစ်သည်။ သူတို့နှင့်အတူ အရာရှိငယ်တစ်ယောက် လာရောက်နေထိုင်သည်။ သူ့တွင် ငါးနှစ် သမီးတစ်ယောက် ပါလာပြီး သူတို့ သုံးယောက် ကစားဖော်များဖြစ်လာသည်။

တစ်နေ့တွင် သူတို့သုံးယောက်ဆရာဝန်လုပ်တမ်း ကစားကြသည်။ ဂျိုဂျိုက ဆရာဝန်လုပ်ပြီး ရှောက်ဖန်က သူနာပြုလုပ်သည်။ ငါးနှစ်သမီးမှာ လူနာဖြစ်လာသည်။ သမီးငယ်သည် စားပွဲတစ်ခုပေါ်တွင် မှောက်လျက်အိပ်ပြီး ဂါဝန်ကို ပင့်တင်ကာ ဆေးထိုးခံရန် အသင့်ပြင်ဆင်ထားသည်။ ရှောက်ဖန်က ကုလားထိုင်ပျက်တစ်ခုမှ နောက်မှီသစ်သားတစ်ခုကို ကိုင်ကာ ဆေးထိုးအပ်အဖြစ် ဟန်ဆောင် အသုံးပြုသည်။ ထိုအချိန်တွင် သမီးငယ်၏ အမေရောက်လာပြီး အော်ဟစ်ကြိမ်းမောင်းကာ သူ့သမီး ကို စားပွဲပေါ်မှ ဆွဲခေါ်သွားသည်။

ကလေး၏ ပေါင်အတွင်းဘက်တွင် ခြစ်ရာတစ်ခုတွေ့ရသည်။ ဆေးရုံသို့ ခေါ်မသွားဘဲ အဖွဲ့ရုံးမှ သူပုန်တစ်စုကို ခေါ်လာသည်။ လူအုပ်ကြီးတစ်စု အိမ်ရှေ့ ပန်းခြံတွင်းမှ ဝင်လာပြီး အိမ်ပြန်ရောက်နေသော အမေ့ကို ချက်ချင်း ဖမ်းသည်။ ရှောက်ဖန်ကို ဆွဲခေါ်သည်။ သမီးငယ်ကို မုဒိမ်းကျင့်ရန် ဘယ်သူက သင်ကြားပေး သလဲဟု မေးကာ မပြောလျှင် သေသည်အထိ ရိုက်နှက်မည်ဟု သူတို့က ဆိုသည်။ အစ်ကိုများက ခိုင်းသည်ဟု ပြောရမည်ဟု ခြိမ်းခြောက်သည်။ ရှောက်ဖန်မှာ

ဘာမျှပြန်မပြောနိုင်။ ငိုပင်မငိုနိုင်။ ဂျိုဂျိုမှာ ကြောက်လန့်နေရာမှ ငိုပြီး ရှောက်ဖန်အား သူက ဆေးထိုးခိုင်းမိသည်ဟု ပြောသည်။ သမီးငယ်ကလည်း ငိုယိုကာ သူ့ကို ဆေး မထိုးရသေးပါဟု ဆိုသည်။ သို့သော်လည်း လူကြီးများက ပါးစပ်ပိတ်ထားဟု အော် ပြောပြီး ရှောက်ဖန်ကို ခြိမ်းခြောက်ကာ အနိုင်ကျင့်သည်။ ထိုအခါ အမေက ဆီချွမ် ပြည်သူ့ဆေးရုံ ခေါ်သွားပါလားဟု အကြံပေးသည်။

ဆေးရုံရောက်လျှင် ရောက်ချင်း လူအုပ်နှင့်သမီးငယ်၏ အမေတို့က ဆရာဝန် သူနာပြုများနှင့် လူနာများအား "အရင်းရှင်လမ်းကြောင်းလိုက်သူ၏ သားက သူပုန်၏ သမီးငယ်ကို မုဒိမ်းကျင့်ပါသည်" ဟု တိုင်တန်းသည်။ သမီးငယ်ကို ဆရာဝန်၏ အခန်းထဲတွင် စစ်ဆေးစဉ် လူစိမ်းတစ်ယောက်က "အရင်းရှင် လမ်းလိုက်တဲ့ မိဘ တွေကို သေအောင်ရိုက်ပါလား" ဟု အော်ပြောသည်။

ဆရာဝန်က မုဒိမ်းအကျင့်မခံရပါ၊ ပေါင်က ခြစ်ရာများမှာ လောလော လတ်လတ် ဒဏ်ရာများမဟုတ်၊ သစ်ပင်ပေါ်တက်ရာမှ သစ်ကိုင်းနှင့် ခြစ်မိခြင်း ဖြစ်သည်ဟု ပြောပြသည်။ လူအုပ်ကြီးလည်း မကျေမနပ်နှင့် ထွက်သွားကြသည်။

ထိုညနေပိုင်းတွင် ရှောက်ဖန် ကယောင်ကတမ်းတွေပြောသည်။ နောက် တစ်နေ့တွင် အမေက ဆေးရုံခေါ်သွားရာ ဆရာဝန်က စိတ်ငြိမ်ဆေးပေး လိုက်သည်။ ထိုအခါမှစ၍ ခြောက်နှစ်သားရှောက်ဖန်သည် ကလေးသဘာဝ အပေါင်းအဖော်နှင့် ကစားခြင်းကို စွန့်လွှတ်ခဲ့လေသည်။

ဥက္ကာပျံလမ်းသို့ ပြောင်းရွှေ့သည့်အခါ ရှောက်ဟောင်၏ ယောက်ျားလေး သူငယ်ချင်း ချိန်ယီက များစွာကူညီသည်။ ချိန်ယီ၏ အဖေမှာ ကူမင်တန် လက်ထက် က အရာထမ်းငယ်တစ်ဦးဖြစ်သည်။ ၁၉၄၉ နောက်ပိုင်းတွင် အလုပ်အကိုင်မရ နိုင်ဖြစ်လာသည်။ သူ့တွင် တီဘီရောဂါနှင့် ဗိုက်နာရောဂါရှိသဖြင့် မည်သူကမျှ မခိုင်းချင်။ လမ်းတွင်တံမြက်စည်းလှဲပြီး ဝမ်းစာရှာရသည်။ အငတ်ဘေးဆိုက်စဉ် သူတို့ လင်မယားမှာ ချုံကင်းသို့ ရောက်နေကြပြီး ရောဂါဖိစီးရာတွင် အစာရေစာ ပြတ်လပ်သဖြင့် သေဆုံးသွားကြသည်။

ချိန်ယီသည် လေယာဉ်စက်ရုံမှ အလုပ်သမားဖြစ်ပြီး ၁၉၆၈ နှစ်ဦးတွင် ကျွန်မအစ်မရှောက်ဟောင်နှင့် တွေ့သည်။ ချိန်ယီသည် ဂီတသမားကောင်း ဖြစ်သည်။ စက်ရုံဂီတအဖွဲ့ဝင်တစ်ယောက်ဖြစ်သည်။ ကျွန်မ အစ်မ ရှောက်ဟောင်သည် အက ဝါသနာပါသည်။ ဖက်တီး၊ ချင်ချင်တို့နှင့်အတူ အကအဖွဲ့ကို ဝင်သည်။ သူနှင့် ချိန်ယီတို့ များမကြာမီ ချစ်ကြိုက်ကြသည်။ သူတို့ အချစ်ကို ဖြိုခွင်းကြသူများရှိသည်။ ရှောက်ဟောင်သည် အရင်းရှင်လမ်း ကြောင်းလိုက်သူ၏ သမီးဖြစ်သည်ဟုအကြောင်း ပြကာ အပေါင်းအသင်းအလုပ် သမားများနှင့် သူ့အမေက ဖျက်သည်။ ကျွန်မက လည်း မိဘကို မျက်နှာလွှဲကာ ရှောက်ဟောင်တစ်ယောက် ချစ်သူမရှာ စေချင်။ သို့သော်လည်း သူတို့ အချစ်မှာ ခိုင်မြဲသည်။

ဂီတအဖွဲ့ဝင်တစ်ယောက်ဖြစ်သည့် "အယ်" သည် ဖက်တီးကို သဘော

ကျနေသည်။ ကျွန်မတို့နှင့် မပေါင်းသင်းရန် သူ့ကို တားမြစ်ကြသည်။ သူက "ခင်ဗျားတို့ဟာ အရာရှိကြီးတွေရဲ့သားသမီးတွေ၊ ခင်ဗျားတို့နဲ့ မိတ်ဆွေဖြစ်ရတာ ကောင်း တယ်။ ယဉ်ကျေးမှုတော်လှန်ရေးပြီးရင် ခင်ဗျားတို့ အခွင့်ထူးခံတွေ ဝယ်ခွင့်ရှိတဲ့ ပစ္စည်းတွေ ကျွန်တော်တစ်ဆင့်ဝယ်နိုင်တာပေါ့" လို့သူတို့ကို ပြောခဲ့တယ်ဟု အယ်က ဆိုသည်။

ကျွန်မအံ့အားသင့်သွားသည်။ ပထမအကြောင်းမှာ ကျွန်မတို့တစ်တွေ လူသုံးကုန်တွေ အလျှံပယ်ရနေသည်ဟု သူထင်နေသောကြောင့်ဖြစ်သည်။ အမှန်က ကျွန်မတို့ ဘာမျှ မခံစားရ။ ဒုတိယအကြောင်းမှာ ကျွန်မမိဘများမှာ တစ်နေ့တွင် အာဏာပြန်ရလာမည်ဟု သူယုံကြည်နေသောကြောင့် ဖြစ်သည်။

ပြည်သူတို့သည် တော်လှန်ရေးကော်မီတီများကို တစ်ခဏသာ အုပ်ချုပ်မည့်သူများဟု ယုံကြည်နေကြသည်။

၁၉၆၈ ဆောင်းဦးတွင် အဖွဲ့သစ်တစ်မျိုး ကျွန်မတို့ ကျောင်းသို့ ရောက်လာသည်။ သူတို့ကို "မော်စီတုန်းအတွေးအခေါ် ဖြန့်ချိရေးအဖွဲ့" ဟု ခေါ်သည်။ အုပ်စုဖွဲ့ကာ လက်နက်ကိုင်တိုက်ခိုက်သူများ မပါသည့်အဖွဲ့ဖြစ်ပြီး စစ်သားများ အလုပ်သမားများသာ ပါဝင်သည်။ သူတို့အဖွဲ့သည် အခြေအနေကို ထိန်းသိမ်းပြီး တရားဥပဒေစိုးမိုးရေးတာဝန်ယူကြသူများ ဖြစ်သည်။ ကျောင်းသားအားလုံးကို ပြန်ခေါ်သည်။

ကျောင်းတွင် ရှုတ်ချမခံရသူ ဆရာများက စာမသင်တော့။ သူတို့ မသင်ရဲ။ ကျောင်းသုံးစာအုပ် ဟောင်းများကို ဘူဇွာအဆိပ်အတောက်များ ဖြစ်သည်ဟု ရှုတ်ချပစ်ပယ်ထားသည်။ စာအုပ်အသစ်ရေးရဲသူမရှိ။ သို့ဖြစ်ရာ ပြည်သူ့နေ့စဉ် ခေါင်းကြီးများကိုသာ ရွတ်ဖတ်ကြသည်။ မော်၏ သင်ကြားချက်များကို သီချင်းစပ်ကာဆိုသည်။ ပြီးတော့ "သစ္စာစောင့်အက" များ ကကြသည်။ ကရင်း စာအုပ်နီလေးများကို မြှောက် ကာဝှေ့ယမ်းရသည်။

"သစ္စာစောင့်အက" များကို တရုတ်တစ်ပြည်လုံး ကရမည်ဟု အမိန့်များ ထုတ်သည်။ ကျောင်းများ၊ စက်ရုံများ၊ လမ်းများ၊ ဈေးဆိုင်များ၊ ဘူတာရုံ စင်္ကြံများ၊ ဆေးရုံတွင် လှုပ်ရှားနိုင်သူလူနာများ ကကြရသည်။

၁၉၆၈ ကုန်ဆုံးလျှင် တရုတ်တစ်နိုင်ငံလုံးရှိ တက္ကသိုလ်ကျောင်းသားများ ကို စာမေးပွဲမစစ်ဘဲ အအောင်ပေးလိုက်သည်။ ထို့နောက် အလုပ်တာဝန်များပေးကာ တစ်နိုင်ငံလုံးအနှံ့အပြား စေလွှတ်သည်။ ယန်နှင့်ယောင်အား အဖေ့ကို ရှုတ်ချခိုင်းသည်။ သူတို့က ငြင်းသည်။ သို့ဖြစ်ရာ ယန်အားဆီချွမ်အရှေ့ပိုင်း တောင်ပေါ်ဒေသ ကျောက်မီးသွေးတွင်းသို့ တာဝန်ပေးစေလွှတ်သည်။ အန္တရာယ်များသည့် အလုပ်ဖြစ်သည်။ အမျိုးသမီးများသည် ယောကျ်ားများနည်းတူ မြေအောက်တွင်းများတွင် လေးဖက်ထောက် သွားလာလှုပ်ရှားကြရသည်။ အကာအကွယ်ပေးစနစ် မရှိသေး။ မဒမ်မော်က အမျိုးသမီးများသည် ယောကျ်ားများနည်းတူ အလုပ်ကြမ်းလုပ်နိုင် ရမည်ဆိုသဖြင့် "ယန်" မှာ

"ကျောက်မီးသွေး လုပ်သမား" ဖြစ်လာရသည်။

တက္ကသိုလ်ကျောင်းသားများပြီးလျှင် ကျွန်မတို့လို အလယ်တန်းကျောင်းသားများ၏ အလှည့်ရောက်လာသည်။ ဝေးလံသည် ကျေးလက်ဒေသ၊ တောင်ပေါ်ဒေသများသို့ သွားကာ အလုပ်ကြမ်းလုပ်ရမည် ညွှန်ကြားသည်။ ကျွန်မ၏ ဘဝကို လယ်သမားအဖြစ် ကုန်လွန်စေရန် မော်က ရည်ရွယ်ဟန်တူသည်။

****

[၂၂]
အလုပ်ကြမ်းလုပ်ရင်း အတွေးအခေါ်ပြုပြင်ရမည်

ဟိမဝန္တာဒေသအစပ်သို့

(၁၉၆၉ ဇန်နဝါရီ မှ ဇွန်အထိ)

၁၉၆၉တွင် မိဘနှစ်ဦး၊ ကျွန်မအစ်မ၊ မောင်လေးကျင်မင်းနှင့် ကျွန်မတို့မှာ တစ်ယောက်ပြီး တစ်ယောက် ချိန်တူမြို့မှ အဝေးရှိ ဆီချွမ်အခေါင်အဖျားဒေသသို့ အပို့ခံကြရသည်။ မြို့နေလူတန်းစား သန်းပေါင်းများစွာကို ကျေးလက်သို့ အပို့ခံရသည့် အထဲတွင် ကျွန်မတို့ပါဝင်သည်။ လူငယ်လူရွယ်တို့မှာ မြို့ကြီးများတွင် လေလွင့် မနေတော့ဘဲ ကျေးလက်သို့ စေလွှတ်ခြင်းသည် တော်လှန်ရေးကော်မီတီတို့၏ အစီ အမံဖြစ်သည်။ ကျေးလက်တွင် အလုပ်ကြမ်းများ လုပ်ကိုင်ကြရမည်ဟု ညွှန်ကြားသည်။

နိုင်ငံရေးသဘောတရားများ သွတ်သွင်းပြီး ပြန်လည်ပြုပြင်ရေးပြုလုပ်ရန်အတွက် ကျေးလက်မှာ အလုပ်ကြမ်းများလုပ်ကြရမည်ဟု မော်ကဆိုသည်။ အတွေးအခေါ်များကို အလုပ်ကြမ်းလုပ်ခြင်းဖြင့် ပြုပြင်သွားရမည်ဟူ၍လည်း ဆိုသည်။ ထိုနှစ်ခုဆက်စပ်နေပုံကိုကား ရှင်းမပြ။ ထိုအကြောင်း မမေးရ။ မေးလျှင် နိုင်ငံတော်ကို သစ္စာဖောက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ကျေးလက်သို့ အလုပ်ကြမ်းလုပ်ရန်စေလွှတ်ခြင်းသည် ပြစ်ဒဏ်ပေးခြင်းတစ်မျိုးဖြစ်သည်ဟု လူတိုင်းနားလည်သည်။ သို့သော်လည်း အသစ်ဖွဲ့စည်းထားသော တော်လှန်ရေးကော်မီတီဝင် အရာရှိကြီးများ၏ သားသမီးများ ထိုအလုပ်မျိုးမလုပ်ရ။ ကျေးလက်သို့ မသွားရ။

၁၉၆၉ နှစ်သစ်ကူးပွဲတော် ပြီးဆုံးသည့်နောက်ပိုင်းတွင် အဖေကို ဟိမဝန္တာ အရှေ့ဘက် နယ်စပ်ဖြစ်သည့် ဆီချင်ဒေသ မီယိခရိုင်သို့ပို့သည်။ ထိုဒေသသည် ယခုအခါ တရုတ်ဂြိုဟ်တုများ လွှတ်တင်ရာ ဒေသဖြစ်သည်။ ချိန်တူမှ မိုင် ၃၀၀ ဝေးပြီး ထရပ်ကားဖြင့် လေးရက်ခရီးသွားရသည်။ မီးရထားလမ်း မရှိ။ အပူပိုင်းဇုန်အောက် ဒေသ ရောဂါမျိုးစုံရှိသည့်နေရာဖြစ်သည်။

ပြည်နယ်အစိုးရအဖွဲ့ဝင်များ နေထိုင်ရန် စခန်းများတည်ဆောက်ထားသည်။ ထိုစခန်းမျိုး ထောင်ပေါင်းများစွာ တရုတ်ပြည်အနှံ့အပြားတွင် တည်ရှိသည်။ ယင်းတို့ကို ကေဒါကျောင်းများဟု နာမည်ပေးထားသည်။ စာရေးဆရာများ၊ ပညာတတ်များ၊ သိပ္ပံပညာရှင်များ၊ ကျောင်းဆရာများ၊ ဆရာဝန်များနှင့် ရုပ်ရှင်သရုပ်ဆောင်များတို့မှာ ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် အသုံးမဝင်သူများ ဖြစ်ပြီး သူတို့ကို အတွေးအခေါ်သစ် သွင်းပေးရန် ထိုကေဒါကျောင်းများသို့ ပို့သည်။

အတွေးအခေါ်ပြုပြင်ရေး အစီအစဉ်သည် ပိုလျှံနေသော သူပုန်အုပ်စု ဝင်များကို နေရာချထားရာ နေရာတစ်ခုဖြစ်လာသည်။ ကေဒါကျောင်းများသည် အကျဉ်းစခန်းများမဟုတ်။ သို့သော်လည်း လူသူကင်းဝေးရာနေရာဖြစ်ပြီး စည်းကမ်းတင်းကျပ်သည့် ကွပ်ကဲမှုအောက်တွင် အလုပ်ကြမ်းများ လုပ်ရသည့် နေရာများဖြစ်သည်။ လွတ်လပ်မှုကို ချုပ်ချယ်ကန့်သတ်ထားသည်။ တရုတ်ပြည်တွင် ထွန်ယက် စိုက်ပျိုးနိုင်သည့် ဒေသများတွင် လူဦးရေထူထပ်သည်။ တောင်ပေါ်ဒေသများတွင် မြို့နေလူတန်းစားကို ထိန်းချုပ်ထားရန် ကျယ်ဝန်းသည်။ စခန်းရောက်လျှင် ကိုယ့် အစာကိုယ်ထုတ်လုပ်ရသည်။ ပိုက်ဆံပေးသော်လည်း အစားအစာလိုချင်တိုင်း ဝယ်လို့မရ။ လူနေမှုဘဝမှာ ကြမ်းတမ်းသည်။

အဖေ့ကို မီယီခရိုင်သို့ပို့မည်ဆိုတော့ မသွားခင် သူ့ဇနီးနှင့် တွေ့ပါရစေ တောင်းဆိုသည်။ အာဏာပိုင်တို့က တွေ့ခွင့်မပေး။ အဖေ့စိတ်ထဲတွင် သူ့တစ်သက် အမေ့ကို တွေ့ရပါတော့မည်လား ထင်မိသည်။

အမေ့အား အကျဉ်းချထားသည့် ရုပ်ရှင်ရုံဟောင်းလမ်းသို့ ကျွန်မနှင့် မောင်လေးကျင်မင်းတို့ မကြာခဏလျှောက်ကြည့်သည်။ အမေ့ကို တွေ့ရရန် မျှော်လင့်မိသည်။ သို့သော်လည်း အချည်းနှီးသာ။ ထိုလမ်းသို့ အဖေ့ကို မကြာခဏ ခေါ်သွားသည်။ အရုဏ်တက်ချိန်မှ မနက်စာစားချိန်အထိ စောင့်သည်။ သို့သော်လည်း အရိပ်အယောင်ကို မမြင်ရ။ ကံအားလျော်စွာ တစ်မနက်ခင်း၌ အမေ့ကိုတွေ့ရသည်။ ထိုနေ့က နှင်းတွေထန်ကာ အလွန်အေးသည်။ အသက်မဝင်သည့် အိမ်အိုကြီးများအကြား အပေါ်ထပ်အဆောက်အအုံ တစ်ခုတွင် အမေ၏ ရုပ်သွင်ပေါ် လာသည်။ အဖေနှင့် အမေတို့ မျက်လုံးချင်းဆုံကြသည်။ သူတို့ နှုတ်ခမ်းများ လှုပ်လှုပ် ရွရွ ဖြစ်လာသည်။ သို့သော်လည်း အသံများ မထွက်လာ။ ထိုအခိုက်အမေ၏ အစောင့်က တွေ့သွားပြီး အမေ ခေါင်းငုံ့သွားသည်။

ထို့နောက် လေးငါးရက်ရှိလျှင် အဖေလည်း မီယီဒေသသို့ ထွက်ခွာသွားသည်။ အဖေ စိတ်အနှောင့်အယှက်ဖြစ်သွားသည်။ အဖေစိတ်ရောဂါထပ်၍ ရသွားမှာ ကျွန်မ စိုးရိမ်မိသည်။ သို့ဖြစ်ရာ အဖေ့ကို နီးနီးကပ်ကပ် ပြုစုရန် သူသွားရာနောက်သို့ လိုက်နိုင်အောင် ကြိုးစားမည်စိတ်ကူးမိသည်။ သို့သော်လည်း မီယီသို့ ကျွန်မ ပြောင်းရွှေ့ခွင့်ရရန် မလွယ်ကူပါ။ တစ်နေ့တွင် ကျွန်မတို့ ကျောင်းသားများကို နင်ငန် ဒေသသို့ စေလွှတ်မည်ဟု ကြားရသည့်အခါ ဝမ်းသာမိသည်။ နင်ငန်ဒေသသည် အဖေ့စခန်းနှင့် မိုင်းငါးဆယ်သာ ဝေးသည်။

၁၉၆၉ ဇန်နဝါရီတွင် ချိန်တူမြို့နယ်အတွင်းရှိ အလယ်တန်းကျောင်းသား များကို ဆီချွမ်ပြည်နယ် ကျေးလက်ဒေသတစ်ခုခုသို့ ပို့ကာ လယ်သမားများထံမှ ပညာ ယူစေသည်။ သူတို့က မည်သို့သော ပညာများပေးမည်ကို မသိရသော်လည်း မော်၏ အလိုအရမှု နွားချေးပေကျံနေသည့် လယ်သမားကြီးများသည် မြို့နေ ပညာတတ် လူတန်းစားထက် သန့်ရှင်းစင်ကြယ်သည်။ သို့ဖြစ်ရာ ကျွန်မတို့မှာ

လယ်သမားများ ထံမှ ပညာအများကြီးယူရမည်။ ထိုခရီးသွားရမည်ဖြစ်သဖြင့် ကျွန်မပျော်သည်။

ကျွန်မတို့ကျောင်းတွင် အရင်းရှင်လမ်းလိုက်သူတို့၏ သားသမီးများမှာ အများစုဖြစ်သည်။ တော်လှန်ရေးကော်မီတီ၏ သားသမီးများမှာ ဘယ်ကျေးလက်သို့မျှ သွားရန်မလို။ သူတို့သည် စစ်တပ်ထဲသို့ အလွယ်တကူဝင်ခွင့်ရသည်။ ထိုအခါမှစ၍ စစ်တပ်ထဲသို့ ဝင်သူများလာသည်။

လူငယ်ဆယ့်ငါးသန်းကို ကျေးလက်သို့ ဖြန့်၍စေလွှတ်သည်။ သမိုင်းတွင် အကြီးကျယ်ဆုံး လူထုလှုပ်ရှားမှုတစ်ခုဖြစ်သည်။ တစ်တိုင်းပြည်လုံး ကစဉ့်ကလျား ရှုပ်ရှုပ်ထွေးထွေးဖြစ်နေချိန်တွင် တစ်မိန့်တည်းအောက်တွင် ခပ်မြန်မြန် စည်းရုံး လှုပ်ရှားနိုင်ခဲ့ခြင်း ဖြစ်သည်။ လူတိုင်းကို ပစ္စည်းများဝယ်ရန် ငွေပိုများ ထုတ်ပေးသည်။ အဝတ်အထည်၊ ခေါင်းအုံး၊ စောင်၊ သေတ္တာ၊ ခြင်ထောင် စသည်တို့အပြင် ရေဗူး၊ လက်နှိပ်ဓာတ်မီးတို့ အသင့်ဝယ်နိုင်ရန် စီစဉ်ပေးသည်။ ထိုလူသုံးပစ္စည်းများကို အထူး အစီအစဉ်ဖြင့် ခပ်မြန်မြန်ထုတ် လုပ်ဖြန့်ချိသည်။ ဆင်းရဲသူများအတွက် ငွေကြေး အထောက်အပံ့ပေးသည်။ ပထမနှစ်တွင် နိုင်ငံတော်က လက်ဖက်ရည်ဖိုးနှင့် ရိက္ခာများထုတ်ပေးသည်။ ဆန်ဆီနှင့် အမဲသားတို့လည်း ပါဝင်သည်။ ယင်းတို့ကို တာဝန်ကျသည့် ကျေးရွာများတွင် ထုတ်ယူနိုင်သည်။

ခုန်ပျံကျော်လွှားလှုပ်ရှားမှု ခေတ်မှစ၍ ကျေးလက်တွင် ကွန်မြူန်းများ စတင်ဖွဲ့စည်းသည်။ စုပေါင်းဘုံရိပ်သာများဖြစ်ပြီး ကျေးရွာများကို စုစည်းကာ ကွန်မြူန်းတစ်ခုတွင် အိမ်ထောင်စု ၂,၀၀၀ မှ ၂၀,၀၀၀ အထိပါဝင်သည်။ ကွန်မြူန်းခေါ် ဘုံရိပ်သာတစ်ခုအောက်တွင် ကုန်ထုတ်လုပ်ရေးတပ်မဟာများ ရှိသည်။ ယင်းတို့က ကုန်ထုတ်လုပ်ရေးအဖွဲ့ခွဲများကို တစ်ဆင့်တာဝန်ခံအုပ်ချုပ်သည်။ ကုန်ထုတ်လုပ်ရေးအဖွဲ့တစ်ခု၏ အင်အားမှာ ကျေးရွာတစ်ရွာနှင့် ညီမျှပြီး ယင်းသည် ကျေးလက်လူနေမှု ဘဝ၏ အခြေခံယူနစ် အဖွဲ့အစည်းဖြစ်သည်။ ကျွန်မတို့ကျောင်းတွင် ကုန်ထုတ်လုပ် ရေးအဖွဲ့တစ်ခုသို့ ကျောင်းသားရှစ်ယောက် တာဝန်ချပေးသည်။ မိမိစိတ်ကြိုက် ကျောင်းသားများရွေးပြီး ဖွဲ့စည်းနိုင်သည်။ ကျွန်မအဖွဲ့တွင် ဖက်တီးအတန်းမှ သူငယ်ချင်းများပါဝင်သည်။ ရောက်ဟောင်မှာ ကျွန်မတို့ကျောင်းမှမဟုတ်သော်လည်း ကျွန်မတို့အဖွဲ့သို့ ဝင်လာသည်။ ဆွေမျိုးရှိရာ ဒေသသို့သွားခွင့်ပြုသည်။ ကျင်မင်းမှာ ဆယ့်ခြောက်နှစ် မပြည့်သေးသဖြင့် ချိန်တူတွင် နေရစ်ခဲ့သည်။ ဖက်တီးလည်း မလိုက်ပါနိုင်။ သူကား ကလေးအရွယ်သာသာ ရှိသေးသည်။

နင်ငန်သို့ ရောက်ချင်လှပြီ။ ကျွန်မမှာ အလုပ်ကြမ်းမလုပ်ဖူးခဲ့ပေ။ နင်ငန်တွင် နိုင်ငံရေးမရှိဆိုသဖြင့် သာယာသည့်ဒေသဖြစ်မည် မျှော်လင့်မိသည်။ နင်ငန်မှ အရာရှိတစ်ယောက် ရောက်လာပြီး သူတို့ဒေသအကြောင်း ပြောပြသည်။ ရာသီဥတုမှာ အပူပိုင်းဇုန်အောက် သမပိုင်းဇုန်ဒေသ ဖြစ်သည်။ ကောင်းကင်ပြာပြာ

အောက်တွင် နီရဲနေသော ခေါင်ရန်းပန်းများ ပွင့်နေသည်။ တစ်ပေလောက်ရှည်သည့် ငှက်ပျောသီးများ သီးသည်။ ယန်ဇီ၏ အထက်ပိုင်းဖြစ်သည့် ရွှေသဲပြင်မြစ်သည် နင်ငန်ဒေသတွင် စီးဆင်းနေသည်။ နေရောင်ခြည် လင်းလက်ပြီး လေညင်းများ တိုက်ခတ်သည့်အခါ ရွှေသဲပြင်မြစ်သည် ဂယက်လေးများထကာ အငြိမ့်ငြိမ့် စီးဆင်းနေသည်။ ဤသည်မှာ နင်ငန်မှ ရောက်လာသည့် အရာရှိ၏ အချီးနိဒါန်းစကားဖြစ်သည်။

ကျွန်မသည် ညိုမွဲမွဲမြူနှင်းတွေ သန်သည့် အရပ်တွင် ကြီးပြင်းခဲ့ရသူ၊ နံရံမည်းကြီးများတွင် ကြွေးကြော်သံပိုစတာများအလယ်မှာ ရှင်သန်ခဲ့ရသူဖြစ်သည်။ အရာရှိ၏ အချီးနိဒါန်း ကြားရလျှင် ပျော်သွားသည်။

နင်ငန်သို့ သွားချင်လှပြီ။ အဖေရှိသည့် မီယီသို့ လွယ်လွယ်နှင့် ရောက်နိုင်မည်ထင်သည်။ သို့သော်လည်း အဖေနှင့်ကျွန်မအကြား ပေ ၁၀,၀၀၀ ကျော်မြင့်သည့် တောင်ကြီးတစ်ခု ကာဆီးနေသည်ကို မသိ။ မြေပုံကို ကျွန်မ မကြည့်တတ်။

၁၉၆၉ ဇန်နဝါရီ ၂၇ တွင် နင်ငန်သို့ ခရီးထွက်ခဲ့ကြသည်။ လူသုံးဆယ်ကျော်မှာ ထရပ်ကားနောက်ပိုင်း တွင် လိုက်ပါကြရသည်။ လမ်းမှာ ကြမ်းပြီး ကားသည် ခုန်နေသည်။ သုံးရက်ခရီးသွားရမည်။ သုံးရက်ရှိလျှင် ဆီချင်နယ်စပ် ရောက်မည် သိရသည်။ ချိန်တူလွင်ပြင်နှင့် တောင်တန်းများသည် ဟိမဝန္တာ အရှေ့ဘက် တောင်တန်းများနှင့် ဆက်စပ်နေသည်။ အနောက်ဘက် ခပ်ဝေးဝေးတွင် ပေ ၂၅,၀၀၀ နီးပါးမြင့်သည့် တောင်ထွတ်တစ်ခုကို မြင်ရသည်။

ဒုတိယညနေခင်းတွင် ကျောက်ဂွမ်းခရိုင်ဟု ခေါ်သည့် ဒေသသို့ ရောက်သည်။ ကျောက်ဂွမ်းထွက်သဖြင့် ထိုနာမည်မှည့်ခေါ်ထားခြင်း ဖြစ်သည်။ တော်ပေါ် တစ်နေရာတွင် ကားတန်းကြီး ရပ်သည်။ အိမ်သာသွားချင်လျှင် ရွှံ့တဲ နှစ်ခုသို့ သွားနိုင်သည်။ ကျင်းထဲတွင်ကား လောက်အပြည့်။ အနီးဝန်းကျင်တွင် တွေ့ရသည့် အလုပ်သမားများ၏ မျက်နှာများမှာ ညိုမွဲမွဲနှင့် ခဲရောင်တောက်နေသည်။ အသက် မရှိသည့် မျက်နှာများနှင့်တူနေသည်။ ကျောက်ဂွမ်းတူးဖော်ရသည်မှာ အန္တရာယ် များသည်။ လူကို ဘေးဥပါဒ်ပေးနိုင်သည်။ သို့ဖြစ်ရာ မည်သူမျှ ထိုအလုပ်ကို မလုပ်ချင်ကြ။ သူတို့ကား ထောင်ကျအကျဉ်းသမား များဖြစ်သည်။ အတင်းအကြပ် စေခိုင်း ရသည်။ တရုတ်ပြည်တွင် ကျွန်မ ပထမဆုံးတွေ့ရသည့် ရဲဘက်စခန်းတစ်ခုဖြစ်သည်။

ငါးရက်မြောက်နေ့တွင် တောင်ထိပ်တစ်ခုရှိ ကျီတစ်ခုရှေ့၌ ကျွန်မတို့ကို ထရပ်ကားပေါ်မှ ချထားခဲ့သည်။ အရာရှိတစ်ယောက်က ကြိုဆိုပြီး မိန့်ခွန်း အနည်း ငယ်ပြောသည်။ သတင်းစာထဲက စကားလုံးတွေ သူ့ပါးစပ်ထဲ ရောက်နေသည်။ လယ်သမားတစ်ဒါဇင်လောက် ကျွန်မတို့အထုပ်အပိုးများကို ကူညီသယ်ဆောင် ပေးသည်။ သူတို့မျက်နှာများက အကဲခတ်ရခက်သည်။ သူတို့ စကားကို ကျွန်မတို့ နားမလည်။

ကျွန်မတို့ညီအစ်မနှစ်ယောက်သည် အိုးသစ်အိမ်သစ်တွင် အခြား ကျောင်းသူနှစ်ယောက်၊ ကျောင်းသားလေးယောက်နှင့် အတူ နေရမည်ဖြစ်သည်။ ပစ္စည်းများ သယ်ယူလာသည့် လယ်သမားများထံမှ ဘာစကားမျှ မကြားရ။ ကျွန်မ တို့လည်း တိတ်ဆိတ်နေသည်။ ကျွန်မသည် ညိုမှောင်းသည့် တောင်တန်းကြီးများကို ဖြတ်ကျော်ပြီး စခန်းလမ်းဆုံးသို့ ရောက်လာခဲ့ကြသည်။ ပင်ပန်းနွမ်းနယ်နေသဖြင့် ပတ်ဝန်းကျင်အလှကို ဂရုမစိုက်သတိမမူမိ။ အဝေးဆီသို့ လှမ်း၍ကြည့်မိသည်။ တောင်စဉ်ခုနစ်ခရိုင်လို အရပ်မျိုးရောက်လာကြခြင်း ဖြစ်သည်။ ဘယ်ကို ကြည့်ကြည့် တောင်တွေဝိုင်းနေသည်။ လမ်းဟူ၍မရှိ။ အိမ်ခြေယာခြေလည်း မမြင်ရ။ သက်ရှိ လူသူဟူ၍ မရှိ။ သစ်တောအုပ်ကို ဖြတ်၍ လေသည် တရှဲရှဲ အော်မြည်တိုက်ခတ်သည်။ ကျောက်ဆောင်များကို ဖြတ်၍ တသွင်သွင်စီးနေသော ရေစီးသံများကို ကြားနေရသည်။ ယခုမူ တိတ်ဆိတ်ငြိမ်သက်သည့် တောင်ခေါင်ခေါင်အလယ်တွင် ကျွန်မ ရောက်နေပါလားဟု သတိဝင်လာသည်။

နေဝင်ဖျိုးဖျတွင် အလင်းရောင်မရှိသည့် ရွာလေးတစ်ရွာသို့ ရောက်သွားသည်။ ထိုနေရာတွင် လျှပ်စစ်မီးမရှိ။ ဆီရှားသဖြင့် လုံးဝမှောင်မှ မီးထွန်းကြဟန် တူသည်။ ရွာသားများသည် အိမ်တံခါးဝများတွင်ရပ်ကာ ကျွန်မတို့ကို ငေးမော ကြည့်ရှု နေကြသည်။ စိတ်ဝင်စားတာလား သို့မဟုတ် ဥပေက္ခာရှုတာလားမသိ။ ပါးစပ် အဟောင်းသားနှင့်သာ ကြည့်နေကြသည်။ ၁၉၇၀ လွန် နှစ်များတွင် နိုင်ငံခြားသား များအား တရုတ်ပြည်သို့ ဖွင့်ပေးလိုက်စဉ် ဝင်ရောက်လည်ပတ်ကြသူများကို မမြင်ဖူးသည့် လူစိမ်းများအဖြစ် ပြည်သူတို့က ငေးမောကြည့်ရှုသည့် အကြည့်မျိုးဖြင့် ကျွန်မ တို့ကို ကြည့်ကြခြင်းဖြစ်သည်။ ထိုဒေသမှ လယ်သမားများအဖို့ ကျွန်မတို့မှာ နိုင်ငံခြား သားများဖြစ်နေသည်။

ကျွန်မတို့ ရှစ်ယောက်အတွက် အိမ်ခန်းကြီးတစ်ခု စီစဉ်ထားသည်။ အခန်းကြီးနှစ်ခုရှိပြီး မိန်းကလေးသတ်သတ် ယောကျ်ားလေး သတ်သတ်နေကြ ရမည်။ ထိုအခန်းမှ စင်္ကြံတစ်ခုသည် ခန်းမတစ်ခုနှင့် ဆက်နေသည်။ ခန်းမကြီးထဲတွင် ချက်ပြုတ်ရန် အုတ်မီးဖိုတစ်ခု ပြုလုပ်ထားသည်။ ကလေးငယ်အချို့ ကျွန်မတို့အခန်းသို့ လိုက်လာသည်။ ပြတင်းမှ ချောင်းကြည့်သည်။ ကျွန်မတို့က ပြုံးပြီးဖိတ်ခေါ်သည်။ သို့သော်လည်း အတုံ့အပြန်မရှိ။

ကျွန်မတို့အုပ်စုတွင် ယောကျ်ားလေးတစ်ယောက်က အဖွဲ့ခေါင်းဆောင် ဖြစ်လာပြီး ဆက်သွယ်ရေးအရာရှိ ဖြစ်လာသည်။ ရက်အနည်းငယ်အတွင်း ရေ၊ ရေနံဆီနှင့် ထမင်းချက်ရန် ထင်းတို့ရမည်ဟု သိရသည်။ ထို့နောက် လယ်ထဲတွင် ကျွန်မတို့ အလုပ်လုပ်ကြရမည်။

နင်ငန်တွင် စက်ဟူ၍မရှိ။ အလုပ်ဟူသမျှကို လက်ဖြင့် လုပ်ကိုင်ရသည်။ ခိုင်းရန် ကျွဲနွားစသည်တို့မရှိ။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ က လူနေမှုစနစ်သည် ထိုဒေသတွင် မပြောင်းမလဲ တည်ရှိနေသည်။ လယ်သမားများမှာ

စားစရာပြတ်လပ်၍ မြင်း သို့မဟုတ် မြည်းတို့အတွက် အစာမရှိ။ ကျွန်မတို့ရောက်လာသည့်အခါ အသုံးပြု ရန်အတွက် ရေကန်တစ်ခု တူးဖော်ထားသည်။ နောက်တစ်နေ့တွင် ရေ၏တန်ဖိုးကို သိလာသည်။ ရေသယ်ရန် တောင်ကုန်းတစ်ခုပေါ်သို့ နာရီဝက်ကြာ တက်ရသည်။ ရောက်လျှင် ရေတွင်းတစ်ခုမှ ရေကိုင်ငင်ယူပြီး သစ်သားရေပုံးနှစ်ခုကို ဆိုင်းထမ်းဖြင့် ထမ်းကာ သယ်ယူရသည်။ ရေတစ်ထမ်းသည် ပေါင်ကိုးဆယ်လေးသည်။ ထမ်းပိုးတင်သည့်ပခုံးမှာ ကြာသော် ကိုက်ခဲလာသည်။ ယောကျ်ားလေးများက ရေသယ်ပေးမည် ပြောလျှင် များစွာဝမ်းသာသွားသည်။

ထမင်းဟင်းကိုလည်း ယောကျ်ားလေးများပင် ချက်သည်။ မိန်းကလေး လေးယောက်အနက် တစ်ယောက်သာ ထမင်းဟင်းချက်တတ်သည်။ ဆန်ကို ကြိတ်ဆုံ တစ်ခုမှာ အခွံချွတ်ရသည်။ ပြီးမှ ဆန်ကောတစ်ခုတွင်ထည့်ပြီး ပြာရသည်။ ကြိတ်ဆုံထိုး ဆန်ပြာရသဖြင့် လက်မောင်းများ ကိုက်လာသည်။ ထမင်းစားရသည်မှာ မလွယ်။

ထင်းကိုလည်း ကိုယ်တိုင်ရှာရသည်။ ထင်းခွေရန် နှစ်နာရီလောက် လျှောက်မှ လိုသည့်ထင်းကိုရသည်။ ထင်းခြောက်ရရန် ထင်ရှူးပင်ပေါ်တက်ရသည်။ ထို့နောက် ဖြတ်တောက်ပြီး စည်းနှောင်ကာ ပခုံးထက်မှာ သယ်ယူရသည်။ အိမ်သို့ရောက်အောင် နှစ်နာရီကြာ လျှောက်ရသည်။ ထင်းစည်းသည် ပေါင် ၁၄၀ လေးသည်။

ထင်းခွေရန် သစ်ပင်တက်စဉ် ကျွန်မဘောင်းဘီဖင်ဘက်ကို သစ်ကိုင်း ငြိပြီး စုတ်ပြဲသွားသည်။ အပြန်တွင် သူများမမြင်ရန် နောက်ဆုံးက လျှောက်ရသည်။

အိမ်သာသွားရသည်မှာ မလွယ်။ မတ်စောက်သည့် တောင်အောက် ဆင်းရသည်။ ပြီးလျှင် တောင်စောင်းမှ ပြန်တက်ရသည်။ တစ်ခါ အိမ်သာသွားတိုင်း ကိုယ် တွင် အပွန်းအပဲ့တွေ များသည်ထက် များလာသည်။

အလုပ်ကြမ်းလုပ်နိုင်ရမည်၊ အပင်ပန်းခံနိုင်ရမည်ဆိုသည်မှာ အတွေးအခေါ်ပြုပြင်ရေး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သဘောတရားအရကား နှစ်သက်စရာကောင်းသည်။ လယ်သမားလူတန်းစားနှင့် နီးစပ်လာမည်။ ယဉ်ကျေးမှု တော်လှန်ရေးမတိုင်မီက ထိုအယူအဆကို ကျွန်မ လက်ခံခဲ့သည်။ ၁၉၆၆ နွေဦးတွင်မူ ကျွန်မတို့ အတန်းသူများကို လမ်းဖောက်လုပ်ငန်းတစ်ခု၌ တာဝန်ပေးခဲ့သည်။ မိန်းကလေးများဖြစ်သဖြင့် ပေါ့ပါးသည့်အလုပ်များကိုသာ လုပ်ကိုင်ခဲ့ရသည်။ ယောကျ်ားလေးများက လမ်းခင်းကျောက်များကို ခွဲသည်။ သူတို့ကို ကူညီလုပ်ကိုင် ပေးသည့်အခါမျိုးတွင် လက်မောင်းများ ကိုက်လာသည်။ ယခုမူ သုံးနှစ်ကြာပြီဖြစ်ရာ ဟိုတုန်းက အယူအဆတွေ လွင့်ပြယ်စပြုလာသည်။ သို့ဖြစ်ရာ ယခုလို တောင်စဉ် ခုနစ်ခရိုင်က နင်ငန်တွင် ဝဋ်ဒုက္ခခံနေရသည်မှာ အဓိပ္ပာယ်မရှိဟု ကျွန်မ ထင်လာသည်။

နင်ငန်ရောက်ပြီးနောက် အရေပြားတွင် ယားနာများပေါက်လာသည်။

ဘယ်ဆေးနှင့်ကုသ၍မျှ မပျောက်။ တစ်ချိန်လုံး ယားနေသည်။ ခြေထောက်များ ယောင်ယမ်းလာပြီး အနာများပေါက်ကာ ပြည်တည်လာသည်။ ပြီးတော့ ဝမ်းလျှောပြီး အန်သည်။ အားနည်းလာကာ အဖျားဝင်လာသည်။ ဘုံရိပ်သာ ဆေးခန်းမှာ မိုင်သုံးဆယ်ဝေးသည်။

နင်ငန်မှ အဖေရှိသည့် မီယီသို့သွားရန် မလွယ်။ ကားမရှိ။ ကံအားလျော်စွာ ဝါဒဖြန့်ချိရေး အဖွဲ့ခေါင်းဆောင် ဒေါင်းအန်းရောက်လာပြီး ကျွန်မတို့ နေရေးထိုင်ရေးကို လေ့လာသည်။ ကျွန်မနေမကောင်းသည်ကို တွေ့လျှင် ချိန်တူသို့ပြန်ပြီး ဆေးကုရန်ပြောသည်။

သူလည်း နောက်ဆုံးထရပ်ကားနှင့် ချိန်တူသို့ ပြန်မည်ဖြစ်ရာ သူနှင့်အတူ ကျွန်မကို ခေါ်သွားသည်။ ဤသို့ဖြင့် နင်ငန်သို့ရောက်ပြီး နှစ်ဆယ့် ခြောက်ရက်အကြာတွင် ချိန်တူသို့ ပြန်လာခဲ့ရသည်။

နင်ငန်တွင် အသိအကျွမ်းဆို၍ ကျေးရွာဘုံရိပ်သာ၏ စာရင်းကိုင်တစ်ယောက်သာရှိသည်။ သူ့အိမ်သို့ လိုက်၍ လည်ပတ်သည့်အခါ သူ့မိန်းမနှင့်တွေ့ပြီး ကျွန်မက နှုတ်ဆက်သည်။ သူက ပြန်၍နှုတ်မဆက်။ နင်ငန်တွင် နေစဉ် ရက်ပိုင်း အတွင်း ရွာသားများနှင့် စကားကောင်းကောင်းပြောခွင့်မရ။ သူတို့မှာ အနေဝေးပြီး ကျွန်မတို့လာရောက်ကူညီသည်ကို စိတ်ဝင်စားဟန်မတူ။ နင်ငန် တောင်ကုန်းကြီး များက သူတို့နှင့် ကျွန်မတို့ကို ဘဝခြားထားသည်။

နင်ငန်မှ ချိန်တူသို့ပြန်တော့မည့်အခါတွင်မှ နင်ငန်၏ အလှကို ကျွန်မ ခံစားရသည်။ နွေဦးသည် နင်ငန်သို့ ဖေဖော်ဝါရီလတွင် ရောက်လာသည်။ ရေခဲများ အရည်ပျော်ပြီး တောင်ကြားများမှ စမ်းရေများ စီးဆင်းလာသည်။ ရေကန်များ ရေပြည့်လာကာ ရေချိုးကြ လျှော်ဖွပ်ကြသည်။ မြက်ခင်းစိမ်းတွင် လဲလျောင်းရင်း ထင်းရှူးတောအကြား လေပြည်လေညင်းတိုးဝှေ့သံကို နားထောင်ရသည်မှာ သာယာသည်။

ချိန်တူပြန်ရောက်ပြီး နောက်အမြဲတမ်းလိုလို ဗိုက်နာပြီးဝမ်းသွားသည်။ မြို့ဝင်းထဲရှိ ဆေးခန်းသို့ သွားသည်။ ကင်တင်းနှင့်ဆေးခန်းက ကျွန်မတို့ကို အရင်လိုပင် လက်ခံသည်။ အနောက်တိုင်း ဆေးအပြင် အဘွားက တရုတ်ရိုးရာဆေးဖြင့်လည်း ကုသပေးသည်။ ကြက်ကလေးသားနှင့် ဆေးမြစ်တို့ကို ကျို၍တိုက်သည်။ တရုတ်ပရဆေး ဝယ်ရန် ခပ်လှမ်းလှမ်းရွာများသို့ အဘွားသွားရသည်။ အဘွားကိုယ်တိုင်မှာ နေ မကောင်း။ အိပ်ရာပေါ်တွင် မကြာခဏ လဲလျောင်း အနားယူ နေတတ်သည်။ မေးသည့်အခါ ဘာမှမဖြစ်၊ နေကောင်းပါသည်ဟုသာပြောသည်။

ရက်အတန်ကြာလျှင် ကျွန်မ နေကောင်းလာသည်။ နင်ငန်သို့ ပြန်လွှတ် မည့်သူမရှိဘဲ ဖြစ်နေရာ အဖေရှိရာ မီလီသို့ သွားရန် အစီအစဉ်လုပ်သည်။ သို့သော်လည်း ယိဘင်ရှိ အဖေနှမ ယန်ယင်ထံမှ သံကြိုးတစ်စောင် ရောက်လာသည်။

သူ အသည်းအသန် နေမကောင်းဖြစ်နေသည်ဟု သံကြိုးစာက ဆိုသည်။ သူသည် အငယ်ဆုံးမောင်လေး ရောက်ဖန်ကို ကြည့်ရှု ထိန်းသိမ်းနေသူ ဖြစ်သည်။ သူ့ဆီသွား ပြီး ပြုစုသင့်သည်ဟု ကျွန်မ ယူဆမိသည်။

ယိဘင်မှ ဒေါ်လေးယန်ယင်နှင့် အဖေဆွေမျိုးများသည် ကျွန်မတို့ မိသားစုကို ကြင်နာသည်။ အဖေကမူ ဆွေပြတ်မျိုးပြတ် ဖြစ်နေသည်။ အဖေ၏ အမေသည် ၁၉၅၈ တွင် ကွယ်လွန်သည်။ အဖေ့ကို အကြောင်းမကြား။ အသုဘကို ချဲ့လွန်းသည် ပြောမည်စိုးရိမ်ကြ၍ ဖြစ်သည်။ အသုဘချပြီးမှ အကြောင်းကြားသည်။ ချိန်တူသို့ ကျွန်မတို့ ပြောင်းရွှေ့ပြီးနောက် သူတို့ တစ်တွေနှင့် အဆက်ပြတ်သွားသည်။

သို့တိုင်အောင် ယဉ်ကျေးမှုတော်လှန်ရေးတွင် အဖေ ဒုက္ခရောက်သည့် အခါ သူတို့ရောက်လာပြီး အကူအညီများပေးသည်။ ဒေါ်လေးယန်ယင်သည် ချိန်တူ နှင့်ယိဘင်ကို ကူးလူးသွားလာနေသည်။ ပြီးတော့ ရောက်ဖန်ကို သူကြည့် ရှုထိန်းသိမ်း မည်ဆိုပြီး ခေါ်သွားသည်။

ကျွန်မ ရောက်သွားသည့်အခါ ဒေါ်လေးသည် ပက်လက်ကုလားထိုင်တွင် ထိုင်နေသည်။ သူ့ရှေ့တွင် ခေါင်းတစ်လုံးရှိသည်။ သူသေလျှင် အသုဘချရန် လေးလံသော သစ်နီသားဖြင့် ပြုလုပ်ထားသည့် ခေါင်းဖြစ်သည်။ ဒေါ်လေးကို မြင်လျှင် ကျွန်မ ဝမ်းနည်းသွားသည်။ ဒေါ်လေးမှာ ခြေတစ်ဖက်လေဖြတ်ခြင်း ဖြစ်သည်။ ဆေးရုံကမူ ဆေးမရှိသဖြင့် မကုနိုင်၊ အိမ်ပြန်နေပါဟု ပြောသည်။ ဒေါ်လေးမှာ ဝမ်းပျက်ဝမ်းလျှော မကြာခဏဖြစ်သည်။ အစာလည်း မစားနိုင်။ အစာစားလျှင် ဗိုက်နာလာသည်။

ယိဘင်တွင် အလုပ်မည်မည်ရရမရှိ။ ဖတ်စရာစာအုပ်ရှာရာ မော်စီတုန်း၏ လက်ရွေးစင်ကျမ်း လေးတွဲမှလွဲလျှင် အဘိဓာန်စာအုပ်သာ တွေ့သည်။ စာအုပ် အားလုံးမှာ မီးရှို့ခံရသည်။ အဘိဓာန်ထဲမှ စာလုံး ၁၅,၀၀၀ ကို လေ့လာပြီး မသိသော စာလုံးများကို အလွတ်ရအောင်ကျက်မှတ်သည်။ ကျန်သည့်အချိန်များ တွင် ရောက်ဖန် ကို ပျော်အောင်ချော့ပြီး အတူကစားသည်။

ယိဘင်သည် သာယာသည့် မြို့လေးတစ်မြို့ဖြစ်သည်။ ခဏတာမျှကား ပျော်စရာကောင်းသည်။ ရှုခင်းသာယာသည်။ တောနှင့်တောင်နှင့် မြစ်ချောင်းနှင့် စိုပြည်အေးချမ်းသည်။ ညနေရောက်ပြီး မှောင်လာလျှင် ပိုစတာတိုက်ပွဲသံများ အသံချဲ့ စက်သံများ ပျောက်ကွယ်သွားပြီး တိတ်ဆိတ်သွားသည်။ မြို့လယ်တွင် စားသောက် ဆိုင်တန်းတစ်ခု ဖွင့်ထားသည်။ ရောင်းစရာများများ စားစားမရှိ။

တစ်ခါတစ်ရံ လမ်းကြိုလမ်းကြားမှ အသံချဲ့စက်သံကြားရသည်။ မြို့လယ်တွင်မူ တစ်နေ့ဆယ့်ရှစ်နာရီ လုံးလုံး ရှုတ်ချပွဲများ ကျင်းပနေသည်။ ကျွန်မမှာ ယင်းတို့ ဆီ အာရုံမရောက်အောင် ကြိုးစားပြီး နေထိုင်ရသည်။

ဧပြီတစ်ညချမ်းတွင် ပီကင်း၌ ကွန်ဂရက်တစ်ခု ကျင်းပသည့် သတင်းကို ရေဒီယိုမှ ကြားရသည်။ ယင်းမှာ နဝမကွန်ဂရက်ဖြစ်ပြီး ခေါင်းဆောင်အသစ်များ

တတ်လာသည်။ နိုင်ငံရေးဦးစီးအဖွဲ့ ဆယ့်ခုနစ်ဦး အနက် မော်၊ လင်ပြောင်၊ ချောင်အင်လိုင်းနှင့် လီရှန်နင်းတို့ လေးယောက်ရှိနေသေးသည်။ ကျန်ခေါင်းဆောင်များမှာ ရှုတ်ချခံရသည်။ အထုတ်ခံရသည်။ အချို့ကွယ်လွန်သည်။

အဋ္ဌမ ကွန်ဂရက်တွင် နံပါတ်နှစ်ပုဂ္ဂိုလ်ဖြစ်သည့် သမ္မတလျူရှောက်ချီ မှာ ၁၉၆၇ ကတည်းက အဖမ်းခံရပြီး ရှုတ်ချပွဲများ၌ အရိုက်အနှက်ခံရသည်။ နဝမကွန်ဂရက်တွင် သူ့ကို ရှုတ်ချသည်။ "သစ္စာဖောက်၊ ရန်သူ၏ သူလျှို၊ နယ်ချဲ့သမား ကိုယ်စားလှယ်၊ ခေတ်သစ်ပြန်လည် ပြင်ဆင်ရေးသမား၊ ကူမင်တန်ဖောက်ပြန်ရေး သမားအဖြစ် ကြေညာသည်။ ကွန်ဂရက်ပြီးဆုံးလျှင် လျူရှောက်ချီ ကွယ်လွန်သည်။

နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်ဟောင်း မာရှယ်ဟိုလန်းသည် ကွန်ဂရက်အပြီး နှစ်လအကြာတွင် ကွယ်လွန်သည်။ နှစ်နှစ်ခွဲကြာသည်အထိ သူ့ကို ဖြည်းဖြည်းချင်း နှိပ်စက်သည်။ နွေရာသီတွင် တစ်နေ့ရေတစ်ခွက်သာ သောက်ခွင့်ပြုသည်။ ဆောင်းရာသီတွင် အပူပေးစနစ်မရ။ ဆီးချိုရောဂါ ခံစားနေရသော်လည်း ဆေးမတိုက်။ နောက်ဆုံးတွင် ဂလူးကို့အများကြီး အကျွေးခံရပြီး ကွယ်လွန်သွားသည်။

နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် တောချူသည်လည်း သည်းခြေအိတ်ကင်ဆာဖြင့် ကွယ်လွန်သွားသည်။ ထို့အတူ မာရှယ်ပိန်တေဟွိုး လည်း ရှစ်နှစ် နေမကောင်းဖြစ်ပြီး ၁၉၇၄ တွင် ကွယ်လွန်သည်။

လူတွေပြည့်ကျပ်နေသော ရင်ပြင်တွင် ရေဒီယိုမှ သတင်းကြေညာသည်ကို ကျွန်မနားထောင်နေသည်။ ဗဟိုကော်မီတီအသစ်စာရင်းတွင် လျူကျီတင်နှင့် ချန်ရှိတင်တို့ လင်မယားနာမည်ကို ကြားလိုက်ရသည်။ ကျွန်မတို့ မိသားစု၏ ဝဋ်ဒုက္ခ ဆုံးနိုင်ဖွယ်မမြင်တော့ဟု ရင်ထဲမှာ ဖြစ်ပေါ်လာသည်။

ထို့နောက် မကြာမီ အဘွားအိပ်ရာပေါ်မှ မေ့လဲသွားကြောင်း သံကြိုးစာရသည်။ ရှောက်ဖန်နှင့်ကျွန်မတို့ မောင်နှမနှစ်ယောက် နောက်ရထားဖြင့် ချိန်တူသို့ ပြန်ခဲ့ကြသည်။

အဘွားသည် ခြောက်ဆယ်ပြည့်လုနီးလာပြီး သူ၏ ဥပေက္ခာကို နာကျင်ကိုက်ခဲခြင်းက အနိုင်ယူလိုက်သည်။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲသဖြင့် ဆေးရုံသို့ ပို့ရသည်။ ဆေးရုံသည် ယခုတိုင် ပုံမှန်အလုပ်လုပ်နေသေးသည်။ အခန်းတိုင်း မျက်နှာတွင် ဒဏ်ရာရသူများ၊ နံရိုးကျိုးသူများဖြင့် ပြည့်နေသည်။ ရှုတ်ချပွဲများမှ လူနာများ ဖြစ်ဟန်တူသည်။

အဘွားနှင့်အတူ ဆေးရုံမှာ ကျွန်မလိုက်၍နေသည်။ ဆေးရုံမှာပင် ချက်ပြုတ်စားကြသည်။ အနံ့အသက်များမှာ ဆိုးရွားသည်။ ကျင်ကြီးကျင်ငယ်အိုးများမှ အနံ့များ နံသည်။

တစ်နေ့တွင် ဆေးရုံပေါ်သို့ တက်လာသည့်သူငယ်ချင်း "ပင်" ကို တွေ့ရသည်။ သူ့အဖေမှာ ယဉ်ကျေးမှုတော်လှန်ရေးမတိုင်မီခေတ်က ဌာနညွှန်မှူး

တစ်ယောက်ဖြစ်သည်။ “ပင်” သည် အခြားအရာရှိကြီးများ၏ သားသမီးများနှင့်မတူ။ လောကကြီးတွင် အပြစ်ချည်းသာ မြင်နေသူဖြစ်သည်။ “ငါဘာဖြစ်လို့ တောကို သွားရမှာလဲ” ဟု ပြောဖူးသည်။ ဟုတ်သည်။ ရောဂါရှာမရသော နာဖျားမကျန်း ဝေဒနာတစ်ခုကြောင့် အတွေးအခေါ်ပြုပြင်ရေး အလုပ်ကြမ်းအဖွဲ့တွင် သူပါမသွား။ ကျွန်မ စိတ်ထဲတွင် သူ့ကို အနည်းငယ် စွဲလမ်းမိသည်။

ယခုအထိကား သူနှင့်ကျွန်မမှာ ချစ်သူအဆင့်မရောက်သေး။ ကျွန်မသည် သတိကြီးစွာထား၍ စိတ်အလိုနောက်သို့ မလိုက်ဘဲ ထိန်းချုပ်ထားသည်။ ထိုနေ့က “ပင်” သည် အဘွားရှိရာ ဖျားနာဆောင်ထဲသို့ မျက်ကွင်းညိုမည်းပြီး ရောက်လာသည်။ သူ့ကို “ဝမ်” က လက်သီးနှင့်ထိုးသည်ဟု ပြောသည်။ “ဝမ်” မှာ နင်ငန်မှ ပြန်လာသည့် လူငယ်တစ်ယောက်ဖြစ်သည်။ ကျွန်မက “ပင်” ကို အလေးပေးဆက်ဆံသဖြင့် ဝမ်က မနာလိုဖြစ်သည်ဟု ပြောပြသည်။ နောက်အခါ ဝမ်ထံမှ ကြားရသည့်သတင်းအရ “ဒီကောင့်မျက်နှာပေးက မာနတက်နေတယ်။ ဒါနဲ့မျက်နှာကို လက်သီးနဲ့ ထိုးလိုက်တာ ပဲ” ဟုသိရသည်။

“ဝမ်” သည်လည်း “ပင်” လိုပင် အရာရှိကြီးတစ်ယောက်၏ သားဖြစ်သည်။ တစ်နေ့တွင် သူသည် “နင်ငန်သို့ ပြန်သွားပြီး အတွေးအခေါ်ပြုပြင်ရေးလှုပ်ရှားမှုတွင် ပါဝင်မည်” ဟု ကျွန်မကို ပြောပြသည်။ “ဘာဖြစ်လို့လဲ” ဟု မေးရာ “ဥက္ကဋ္ဌမော်နောက် လိုက်ဖို့ပေါ့။ တခြားဘာရှိသေးသလဲ။ ငါက မော်ရဲ့ တပ်နီလူငယ်တစ်ယောက်ပဲ” ဟူသော အဖြေရသည့်အခါ ကျွန်မမှာ ခဏမျှ စကားမပြောနိုင်ပဲ တွေဝေသွားသည်။

ဝမ်၏ တွေးခေါ်ပုံကြောင့် သူနှင့်မဆက်ဆံလိုစိတ် မဖြစ်ပေ။ ယုံကြည်ချက်ကြောင့်တော့ဖြင့် လူအချင်းချင်း သွေးကွဲဖို့အကြောင်းမရှိဟု ယဉ်ကျေးမှု တော်လှန်ရေးက ကျွန်မကို သင်ကြားခဲ့သည်။ ပုဂ္ဂိုလ်တစ်ယောက်သည် ရက်စက် သလား၊ ကြင်နာစိတ်ရှိသလားဆိုသည့် အပေါ် မူတည်သည်။ ဝမ်သည် သိမ်မွေ့ချောင် သူတစ်ယောက်ဖြစ်သည်။ နင်ငန်မှ ချိန်တူသို့ ပြန်ရန်သူ့အကူအညီကို ယူရသည်။

နင်ငန်မှကျွန်မ ထွက်လာခဲ့သည်မှာ နှစ်လကျော်နေပြီ။ ရောက်သည့်နေရာမှာ နှင်ထုတ်မည့်သူမရှိ။ သို့သော်လည်း အာဏာပိုင်တို့တွင် အခွင့်အာဏာ တစ်ခု ဆုပ်ကိုင်ထားသည်။ တောင်တန်းဒေသသို့ ကျွန်မ မသွားဘဲ နေလို့မဖြစ်။ ကျွန်မ၏ မှတ်ပုံတင်ကို ချိန်တူတွင် ပယ်ဖျက်ထားသည်။ ချိန်တူတွင် နေလျှင် ရိက္ခာရာရှင် မခံစားရ။ ယခု အခိုက်အတန့်တွင် ရိက္ခာမစားဘဲ နေနိုင်သော်လည်း တာရှည် ကားမဖြစ်။ ချိန်တူအနီးအနားသို့ မှတ်ပုံတင်ကို ရွှေ့ပြောင်းရမည်ဟု နားလည်ထားသည်။

ချိန်တူသို့ကား မရွှေ့ပြောင်းနိုင်။ ကျေးလက်မှတ်ပုံတင်ကိုင်ထားသူကို မြို့ကြီးသို့ ရွှေ့ပေးလေ့မရှိ။ ထို့အတူ ဝေးလံသီခေါင်သည့် တောင်တန်းဒေသ

မှတ်ပုံတင်ကို စည်ပင်ဝပြောသည့် ချိန်တူဝန်းကျင်လွှင်ပြင် ဒေသသို့လည်း ပြောင်းရွှေ့၍မရ။ သို့သော်လည်း ထွက်ပေါက်တစ်ခုတော့ရှိသည်။ အကယ်၍ ဆွေမျိုးသားချင်း တစ်ယောက်ယောက်က လက်ခံမည်ဆိုလျှင် ထိုအိမ်ထောင်စု စာရင်းဝင် ဖြစ်နိုင်သည်။ ဆွေမျိုးသားချင်းကား ဖန်တီးလို့ရသည်။ တရုတ်လူမျိုးတစ်ယောက်၏ ဆွေစဉ် မျိုးဆက်ကို ဘယ်သူမျှ အတိအကျ စောကြော၍ မရနိုင်။

ပြောင်းရွှေ့ရေးကို နင်ငန်မှ ပြန်ရောက်လာသည့် သူငယ်ချင်းကောင်း "နာနာ" နှင့် စီစဉ်သည်။ ကျွန်မတို့စီမံကိန်းထဲတွင် နင်ငန်၌ ရှိနေသော ရှောက်ဟောင်ကိုလည်း ထည့်သွင်းထားသည်။ ရွှေ့ပြောင်းရေးအတွက် ထောက်ခံစာ သုံးစောင် လိုသည်။ ပထမမှာ ထိုဒေသဘုံရိပ်သာ အဖွဲ့ဝင်ဆွေမျိုး တစ်ယောက်က လက်ခံပါမည် ဆိုသော ထောက်ခံစာလိုသည်။ ဒုတိယ ထိုဘုံရိပ်သာတည်ရှိသည့် ခရိုင်ပါတီက သဘောတူကြောင်း ထောက်ခံစာဖြစ်သည်။ တတိယမှာ ရွှေ့ပြောင်းရေးကို ခွင့်ပြု လက်ခံသည့် ဆီချွမ်မြို့တော်လူငယ်အဖွဲ့၏ စာဖြစ်သည်။ ထိုစာသုံးစောင် ကျွန်မတို့ ရပြီးနောက် နင်ငန်ကုန်ထုတ်လုပ်ရေး အဖွဲ့သို့ ပြန်သွားကာ နင်ငန်ခရိုင်မှတ်ပုံတင် အရာရှိ၏ အတည်ပြုချက်ကိုရမည်။ သို့မှသာ တစ်နေရာသို့ ပြောင်းရွှေ့ခြင်းကို လက်ခံ အတည်ပြုသည်။

မမျှော်လင့်သည့် အဖျက်အဆီးများ ကြုံရတတ်သည်မှာ ထုံးစံလိုဖြစ်နေသည်။

ပြောင်းရွှေ့ရန် စီစဉ်နေစဉ် ဇွန် ၂၁ မှစ၍ မှတ်ပုံတင်ပြောင်းရွှေ့ခြင်းများကို ရပ်ဆိုင်းထားသည်ဟူသော ဗဟိုအစိုးရ၏ အမိန့်တစ်ခုထွက်လာသည်။ အချိန် မှာ မေလတတိယပတ် ထဲရောက်လာသည်။ အချိန်မီ ဆွေမျိုးတစ်ယောက် ရှာဖို့ မလွယ်။

"ဝမ်" ၏ အကူအညီကို ကျွန်မ တောင်းခံရသည်။ လက်မှတ်အတု၊ ထောက်ခံစာအတု လုပ်ခြင်းသည် ထောင်ဒဏ်များစွာ ပြစ်ဒဏ်ခံရနိုင်သည့် ပြစ်မှု တစ်ခုဖြစ်သည်။ "မော်၏ တပ်နီလူငယ်" ဝမ် က ကျွန်မ၏ သတိပေးစကားကို ပခုံး တွန့်ကာ ကိစ္စမရှိဟု ဆိုသည်။

ဝမ်သည် လက်ရေးလက်သားစုတ်ချက်ကောင်းသူဖြစ်သည်။ လိုသည့် ထောက်ခံစာများကို ဆပ်ပြာခဲဖြင့် အတုဖန်တီးပြီး ကျွန်မကို ပေးသည်။ ရုံးတံဆိပ် လက်မှတ်အားလုံး ပြည့်စုံသည်။ အစစ်နှင့်ခွဲခြား၍ မရအောင် တူသည်။ ဝမ်က နာနာနှင့် ကျွန်မကို နင်ငန်သို့ သူလိုက်ပို့ပြီး လိုအပ်သည်တို့ကို ကူညီဆောင်ရွက် ပေးမည်ဟု ဆိုသည်။

သွားရန်အချိန်ရောက်လျှင် အဘွားမှာ ဆေးရုံပေါ်က မဆင်းသေး။ သူ့ကို ဆေးရုံမှာ တစ်ယောက်တည်းမထားခဲ့ရက်။ သူက သွားပါ၊ အိမ်သို့ သူပြန်နေပါမည် ပြောသည်။ သူ့စိတ်ကူးကို ထောက်ခံမိသည်။ ဆေးရုံမှာ မသန့်ရှင်း။ ဆေးရုံမှ အဘွား ဆင်းသည့်နေ့တွင် ခါးဆစ်ကျောရိုး၌ အပြင်းအထန်နာသည်။ စက်ဘီးပစ္စည်း

တင်သည့် ဘေးတွဲပေါ်တွင် အဘွားထိုင်၍ လိုက်ပါလာသည်။ ရောက်ပေါက စက်ဘီး နင်းသည်။ ထိုစဉ် မိုးသည်းထန်စွာရွာသည်။ ကျွန်မတို့အားလုံး စိုရွဲသွားသည်။ အဘွား က "ကျွန်မ သေပါရစေ၊ သေပါရစေ" ဟု ဘုရားကို တိုင်တည်သည်။ ကျွန်မလည်း ငိုချင်လာသည်။ သို့သော်လည်း အိမ်ရောက်တော့မှာပါဟု အဘွားကို နှစ်သိမ့်ရသည်။

ထိုစဉ်ခေါင်းလောင်းတစ်ခု မြည်သံကြားရသည်။ ခြေနင်းလှည်းတစ်ခု ရောက်လာပြီး လူငယ်တစ်ယောက် ဆင်းလာကာ အဘွားကိုပွေ့ချီပြီး လှည်းပေါ်တင်သည်။ လှည်းပေါ်တွင် အဘိုးအိုတစ်ယောက် ပါလာသည်။ ဆေးရုံမှ ဆင်းလာသည့် သူ့အဖေဟု ထိုလူငယ်က ပြောသည်။ ကျွန်မတို့အားလုံးကို အိမ်ရှေ့တံခါးဝတွင် ချသွားသည်။ ကျေးဇူးတင်စကားပြောရာ "ကိစ္စမရှိပါဘူး" ဟု ဆိုသည်။ သူ့နာမည် ကိုပင် မမေးလိုက်ရပေ။

နှစ်ရက်ရှိလျှင် အဘွား ထူထူထောင်ထောင် ဖြစ်လာသည်။ သူက နင်ငန် သွားရန် တိုက်တွန်းသည်။ ယခုမူ ဇွန်လဆန်းရောက်လာသည်။ ကျွန်မ နှင့်အတူ ကျင်မင်းကို ခေါ်သွားပါဟု အဘွားက ပြောသည်။ ကျင်မင်းမှာ ဆယ့်ခြောက်နှစ် ရှိပြီဖြစ်သော်လည်း ဘုံရိပ်သာတစ်ခုသို့ မဝင်ရသေး။ နင်ငန်သို့ သံကြိုးရိုက်ပြီး ရောက်ပေါင်အား ပြန်လာရန်ခေါ်ရသည်။ မောင်လေးရောက်ပေါမှာ ဆယ့်လေး နှစ်ရှိပြီဖြစ်ရာ အဘွားကို သူ ပြုစုမည်ဆိုသည်။ ခုနစ်နှစ်သား ရောက်ဖန်ကလည်း ထိုအတိုင်းပြောသည်။ ဆီချင်သို့ သွားမည့်ထရပ်ကားကို အတော်ကြာကြာရှာရသည်။ နောက်ဆုံးတွင် သူငယ်ချင်းတစ်ယောက်၏ အကူအညီဖြင့် ပီကင်းမှ ထရပ်ကား ဒရိုင်ဘာ တစ်ယောက်က ကျင်မင်း၊ နာနာ၊ ဝမ်နှင့် ကျွန်မတို့ကို ခေါ်ဆောင်သွားမည်ဟု ဆိုသည်။ ကျွန်မတို့အားလုံး ထရပ်ကားနောက်ပိုင်းတွင် ထိုင်လျက် လိုက်ပါသွားသည်။ ရှေ့ခန်းတွင် ဒရိုင်ဘာ အပိုတစ်ယောက် အတွက် နေရာသာရှိသည်။ ဆီချွမ်ပြည်နယ် ဆီချင်ဒေသကို စက်မှုဇုန်အဖြစ် မော်က သတ်မှတ်သည်။ ထိုဒေသသို့ ထရပ်ကား အများအပြားသွားကြသည်။

ထရပ်ကားဒရိုင်ဘာများသည် မိန်းကလေးခရီးသည်ကိုသာ တင်ချင်ကြသည်ဟု သတင်းကြီးသည်။ ဒရိုင်ဘာက ခရီးသည်မိန်းကလေးကို မုဒိမ်းကျင့်သည့် ဖြစ်ရပ်အချို့ ကြားရဖူးသည်။ သို့သော်လည်း ကားကြုံစီးရင်း ချစ်ကြိုက်သွားကြ သည်သာများသည်။ ထိုခရီးများမှ အကြင်လင်မယားဖြစ်သွားကြသည့် စုံတွဲ အတော် များများအကြောင်း မကြာခဏကြားရသည်။ စက်မှုန်ဇုန်နှင့် ကူးသန်းနေသည့် ထရပ်ကား ဒရိုင်ဘာများသည် သူ့ဇနီး၏ မှတ်ပုံတင်ကို သူနေသည့် မြို့ကြီးသို့ ပြောင်းရွှေ့နိုင်သည့် အခွင့်ထူးတစ်ခု ရရှိထားသည်။ သို့ဖြစ်ရာ မြို့ကြီးများသို့ ပြောင်းရွှေ့နေထိုင်ချင်သည့် မိန်းကလေးအချို့သည် ထိုအခွင့်အရေးကိုယူကာ လွယ်လွယ်ကူကူမှတ်ပုံတင်ပြောင်းလို့ရကြသည်။

စခန်းတစ်ခုတွင် အခြားကားများမှ ဒရိုင်ဘာများက နာနာနှင့် ကျွန်မကို သူတို့ကားနှင့် လိုက်ရန် ခေါ်သည်။ ကျွန်မတို့ ဒရိုင်ဘာက မနှစ်သက်။ သို့နှင့် ကျွန်မတို့ ကားပြောင်း၍ မစီးကြတော့။

ဝမ်သည် တစ်လမ်းလုံး နာနာနှင့်ကျွန်မကို စောင့်ရှောက်လာသည်။ မတော်မတရားပြုရန် အကြံအစည်လုံးလုံးမရှိ။

တစ်ည ဆယ့်နှစ်နာရီလောက်တွင် ဟိုတယ်တံခါးခေါက်သံကြားသဖြင့် အိပ်ရာမှ လန့်နိုးသည်။ ဥက္ကဋ္ဌမော်အား ညပိုင်းသတင်းပို့ရန်ဖြစ်သည်ဟု ဆိုသည်။ မော်၏ ရုပ်ပုံတစ်ခု ရှေ့တွင်ရပ်ကာ စာအုပ်နီလေးထဲမှ အဆိုအမိန့်များ ရွတ်ဖတ်ပြီး ဥက္ကဋ္ဌမော်သက်တော်ရာကျော် ရှည်ပါစေဟု ဟစ်ကြွေးရသည်။ ကျွန်မတို့လည်း မျက်စိပွတ်ကာ အိပ်ချင်မူးတူးနှင့် အိပ်ရာမှ ထပြီး သတင်းပို့ရသည်။ မည်သူမျှ မငြင်း။ မငြင်းရဲကြ။ မနက်ငါးနာရီတွင် တစ်ကြိမ် သတင်းပို့ရပြန်သည်။ နောက်အခါ လမ်းတွင် ကျင်မင်းက “အဲဒီမြို့က တော်လှန်ရေးကော်မီတီဥက္ကဋ္ဌဟာ ညညအိပ်မပျော်တဲ့ ရောဂါ ရနေတယ်ထင်တယ်” ဟု မှတ်ချက်ချသည်။

ကျွန်မတို့ကို ချိန်တူမှ သယ်ဆောင်လာသည့် ထရပ်ကားသည် နင်ငန်ရောက်ခါနီးတွင် လမ်းခွဲထွက်ရမည်ဖြစ်သဖြင့် အခြားကားတစ်စီးသို့ ပြောင်းတင် ပေးလိုက်သည်။

နင်ငန်သည် ပင်လယ်ပြင်မှ ပေ ၅,၀၀၀ အမြင့်တွင်တည်ရှိသည်။ နင်ငန် အဝင်တွင် ကျွန်မ ဗိုက်နာသည်။ စားသမျှ အန်သည်။ သို့သော် ကျွန်မ မရပ်နားနိုင်။ ဇွန် ၂၁ မတိုင်မီ ပြောင်းရွှေ့ခွင့်စာများရအောင် ယူရမည်။ နာနာ၏အဖွဲ့သည် နီးသဖြင့် ထိုအရပ်သို့ ပထမဆုံးသွားကြသည်။ တောင်များကိုဖြတ်ပြီး တစ်နေ့ခရီးသွား ရသည်။ မိုးရွာစပြုလာပြီ။ တောင်စောင်းလမ်းကျဉ်းလေးများ ဖြတ်ရသည်။ ကျွန်မတို့ ကျောင်းမှ သူငယ်ချင်းအများအပြား တောင် အောက်ကျ၍ သေဆုံးခဲ့ကြရသည်။ နေပူသည့်အခါ ရေငတ်သည်။ လူတိုင်း၏ ရေဗူးမှ ရေကို ကျွန်မ အကုန်သောက်သည်။ နာနာက တားသည်။ ရေကို ကျိုချက်ပြီးမှ သောက်ပါဟု သတိပေးသည်။ သို့သော်လည်း ရေငတ်လွန်းသဖြင့် မကျိုချက်နိုင်။ ရေစိမ်းသောက်ပြီးနောက် ဗိုက်ထဲရှိ သမျှအားလုံး အန်ထုတ်သည်။

အိမ်တစ်အိမ်သို့ရောက်လျှင် ဆန်ပြုတ်အိုးကြီး တည်နေသည်ကို တွေ့ရသည်။ လယ်သမားများက ဖိတ်ခေါ်သည်။ ဆန်ပြုတ်သည် အာဟာရအရှိဆုံး အစာ ဖြစ်သည်။ သို့သော်လည်း ဆန်ပြုတ်အိုးမှာ ယင်တွေအုံနေသည်။ ဆန်ပြုတ်အဖြူရောင် အစား အမည်းရောင်သာမြင်ရသည်။ ကျွန်မလည်း ဆန်ပြုတ်ထဲက ယင်ကောင် တွေကို ဖယ်ထုတ်ကာ အားရပါးရ သောက်ကြသည်။

နာနာ၏ အဖွဲ့ရှိသည့်ရွာသို့ ရောက်လျှင် မှောင်နေပြီ။ နောက်တစ်နေ့တွင် အဖွဲ့ခေါင်းဆောင်က စာများကို လိုလိုချင်ချင် တံဆိပ်ရိုက်ပေးသည်။ နာနာကို မြန်မြန် အဖွဲ့မှ ထုတ်ချင်သည်မှာ ထင်ရှားသည်။ လယ်သမားများအဖို့ အပိုလုပ်အားမရဘဲ အပိုပါးစပ်ပေါက်များကို ကျွေးရသဖြင့် မလောက်င။ သို့ဖြစ်ရာ

မြို့ကြီးသားလူငယ်များ မြန်မြန်ပြောင်းရွှေ့သွားလျှင် သူတို့ ဝမ်းသာသည်။

ကျွန်မမှာ နေမကောင်းပြီး အားနည်းနေသဖြင့် ပြောင်းရွှေ့ခွင့်သဘော တူထောက်ခံချက်ယူရန် အဖွဲ့ရှိရာသို့ မသွားနိုင်။ နာနာနှင့်အခြားမိန်းကလေးများက ကျွန်မကို ပြုစုသည်။ ဝမ်က ထောက်ခံစာများယူရန် ထွက်သွားသည်။ ကျွန်မသည် အဘွား၏ ကြက်စွပ်ပြုတ်ကို အမှတ်ရလာသည်။ ထိုအရပ်တွင် ကြက်များရှိသော်လည်း မရောင်း။ ဥစားအဖြစ်သာ မွေးကြသည်။ ကျင်မင်းက စာကလေးများ ထောင်ဖမ်း၍ စွပ်ပြုတ်ချက်ကာ ကျွန်မကို ကျွေးသည်။

အချိန်အားလျှင် ကျင်မင်းယူလာသည့် တူရဂီညက်နှင့် ချက်ကော့ ဝတ္ထုဘာသာပြန်များကို ကျွန်မ ဖတ်သည်။ တူရဂီညက်၏ "အချစ်ဦး"[1] ကို များစွာ နှစ်သက်သည်။ အချို့စာပိုဒ်များကို အလွတ်ရနေသည်။

ရက်အနည်းငယ်ရှိလျှင် ဝမ်သည် ကျွန်မတို့ညီအစ်မ၏ ကုန်ထုတ်လုပ်ရေးအဖွဲ့မှ ခွင့်ပြုမိန့်များနှင့်အတူ ပြန်ရောက်လာသည်။ ဤတွင် မှတ်ပုံတင်အရာရှိကို ချက်ချင်းရှာကြရသည်။ ဇွန် ၂၁ ရောက်ဖို့ တစ်ပတ်သာလိုတော့သည်။

နင်ငန်ခရိုင်မြို့သို့ ကျွန်မတို့ ရောက်သွားသည်။ စစ်ကာလနှင့် တူနေသည် ကို ကြုံရသည်။ တရုတ်ပြည်ဒေသအများအပြားတွင် ဂိုဏ်းချင်းပြိုင်ဆိုင် တိုက်ခိုက်မှုများ ရပ်သွားသော်လည်း ယခုဒေသတွင် တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေသေးသည်။ ရှုံးသည့်ဘက်က အဖွဲ့သားများသည် တောင်ပေါ် ဒေသများတွင် ပုန်းအောင်း နေသည်။ မကြာခဏ မြို့သို့လာ၍ တိုက်ခိုက်သည်။ လက်နက်ကိုင် တပ်သားများ နေရာတိုင်းတွင် ရှိနေသည်။ သူတို့မှာ ယီတိုင်းရင်းသားများ ဖြစ်သည်။ ကျွန်မတို့ ရောက်သွားလျှင် သူတို့က သေနတ်နှင့် ချိန်ကာ ဘယ်သူတွေလဲမေးသည်။ နောက်ဆုံးတွင် မှတ်ပုံတင်အရာရှိ ရုံးတည်နေရာကို သိရသည်။ ရုံးမှာ သူမရှိ။ သို့သော်လည်း မိတ်ဆွေတစ်ယောက်က မှတ်ပုံတင်အရာရှိသည် မြို့ကြီးသားလူငယ်များကို ကြောက်သဖြင့်ပုန်းနေသည်ဟု ဆိုသည်။ မြို့ကြီးသားလူငယ်တို့က ပြဿနာအမျိုးမျိုးယူလာပြီး ဖြေရှင်းခိုင်းသည်။ မိတ်ဆွေက မြို့ကြီးသားလူငယ်ဟောင်း အုပ်စုအကြောင်း ပြောပြသည်။

"လူငယ်ဟောင်း" ဆိုသည် ယဉ်ကျေးမှုတော်လှန်ရေးမတိုင်မီက ကျေးလက် သို့သွားနှင့်ကြသည့် လူငယ်များဖြစ်သည်။ အထက်တန်းကျောင်းနှင့် တက္ကသိုလ်များမှ စာမေးပွဲကျသည့် ကျောင်းသားများကို ကျေးလက်တွင် ဆိုရှယ်လစ် လူ့ဘောင်သစ် တစ်ခု တည်ဆောက်ရန် လုပ်အားပေးကြပါဟု ပါတီက တိုက်တွန်းသည်။ တက်ကြွ စိတ်ကူးယဉ်သူ လူငယ်အချို့သည် ပါတီခေါင်းဆောင်မှုနောက်သို့ ဦးလည်မသုန် လိုက်ကြသည်။ ကျေးလက်မှာ စိတ်ကူးယဉ် သလို ပျော်စရာမကောင်း၊ ပြန်လာလို့ လည်းမရ။ အရာရှိကြီးများ ခေါင်းဆောင်ကြီးများ၏ သားသမီးများလည်း ထိုအရပ်များ သို့ မသွားကြ။ ထိုအခါ လူငယ်ဟောင်းများအနက် အများစုသည် မြင်မြင်သမျှ အပြစ်ချည်းမြင်သူများ

ဖြစ်လာသည်။

လူငယ်ဟောင်းအဖွဲ့သည် ဖော်ရွေသည်။ ကျွန်မတို့ကို ကျွေးမွေးဧည့်ခံပြီး မှတ်ပုံတင်အရာရှိကို လိုက်ရှာပေးမည်ဆိုသည်။ သူတို့က မှတ်ပုံတင်အရာရှိနှင့် တွေ့လျှင် ကျွန်မတို့ အဖေများ၏ အခြေအနေများကို ပြောပြရန် မမေ့ဖို့သတိပေးသည်။ "အဲဒါပြောလိုက်ရင် တစ်ခါတည်းတံဆိပ် ရိုက်ပေးလိုက်မှာပဲ" ဟု တစ်ယောက်က ရယ်ကာမောကာ ပြောသည်။ ကျွန်မတို့သည် ပါတီအရာရှိကြီးများ၏ သားသမီး ဖြစ်သည်ကို သူတို့သိနေသည်။ ကျွန်မတို့ ကျောင်းမှာ ပြည်နယ်တွင်နာမည်ကြီး ကျောင်းတစ်ခုဖြစ်သည်မဟုတ်လား။ သူတို့၏ အကြံဉာဏ်ကို ကျွန်မ ယုံမှား သံသယဝင်လာသည်။

"ဒါပေမယ့် ကျွန်မတို့ မိဘတွေက ရာထူးလက်ရှိမဟုတ်တော့ဘူး။ သူတို့ဟာ အရင်းရှင်လမ်းလိုက်တဲ့ သူတွေလို့ တံဆိပ်တပ်ပေးလိုက်ကြတယ်" ဟု ကျွန်မက ပြောသည်။

"အဲဒါဘာဖြစ်သလဲ။ ခင်ဗျား အဖေဟာ ဝါရင့်ကွန်မြူနစ်တစ်ယောက် မဟုတ်လား"

"ဟုတ်ပါတယ်"

"အရာရှိကြီးတစ်ယောက်နော်"

"ဆိုပါတော့။ ဒါပေမယ့် ယဉ်ကျေးမှုတော်လှန်ရေးမတိုင်မီကပါ။ အခု တော့. . ."

"အဲဒါအကြောင်းမဟုတ်ပါဘူး။ သူ့ကို ပါတီက ထုတ်လိုက်ပြီလို့ တစ်ယောက်ယောက်က ကြေညာသလား"

"မကြေညာပါဘူး"

"ဒါဖြင့် ဘာကိစ္စရှိသလဲ။ ပါတီအဆုံးအဖြတ်မှ မပေးရသေးပဲဟာ။ အဲဒီလိုပဲ သူက ပြောမှာပဲ" လူငယ်ဟောင်းတစ်ယောက်က တစ်နေရာသို့ လက်ညှိုးညွှန်ကာ ပြောသည်။ သူညွှန်သည်မှာ သမိုင်းပုံပြင်ထဲမှ ဆီချွမ်ပြည်နယ် ဘုရင်ဟောင်း ချူဂေးလျန်၏ လိုဏ်ဂူတည်ရှိရာသို့ဖြစ်သည်။ ချူဂေးလျန်သည် ဆီချင်ဒေသ အရိုင်းအစိုင်းများကို အောင်နိုင်သည့် ဘုရင်တစ်ပါးဖြစ်သည်။ ပြည်သူတို့၏ အကြည်ညို ခံချင်လျှင် သူတို့၏ ချစ်ခင်လေးစားမှုကို ပထမရအောင်ယူရမည်ဟူသော ဥပဒေသကို လိုက်နာရမည်။ ရှုတ်ချခံရသော ပါတီခေါင်းဆောင်တို့သည် တစ်နေ့တွင် အာဏာပြန် ရလာမည်ဟု အများ ပြည်သူတို့က ယုံကြည်နေကြသည်။ "ဒီမှာရှိတဲ့ ဘယ်အရာရှိကမှ ခင်ဗျားတို့ ဆန္ဒကို မဆန့်ကျင်ရဲပါဘူး" ဟု တစ်ယောက်က ပြောသည်။ ထိုအခါ တင်လင်မယားကို ကျွန်မ အမှတ်ရလာသည်။ သူတို့ လက်စားချေပုံကို ဆင်ခြင်မိသည်။ တရုတ်ပြည်တွင် အာဏာရသူတို့ လက်စားချေရန် ဝန်မလေးကြသည်မှာ အမှန်တရားတစ်ခုဖြစ်လာသည်။

ပြန်ခါနီးတွင် မှတ်ပုံတင်အရာရှိအား အဖေ့အကြောင်း

အရိပ်အမြွက်ပြောပြရမည်လားဟု မေးသည့်အခါ သူတို့ရယ်သည်။

"အဲဒီပုဂ္ဂိုလ်က တကယ့်လယ်သမားအတိုင်းပဲ။ သူတို့စိတ်ထဲမှာ ဘာမှ စနိုးစနောင့် ဖြစ်သွား မဟုတ်ဘူး။ အမှန်အတိုင်းသာ ပြောပြလိုက်ပေါ့။ ကျွန်မ အဖေဟာ...ဌာနရဲ့ အကြီးအကဲပါ။"

သူတို့အသံတွင် ပြောင်လှောင်သည့် အရိပ်အယောင်ပါသည်ထင်သည်။ မြို့ကြီးသားလူငယ် အသစ်အဟောင်းတို့သည် ကျေးလက်တွင် အနေကြာသည့်အခါ လယ်သမားများကို အထင်သေးစိတ် ဝင်လာကြသည်။ မော်ကား သူတို့နှင့် ဆန့်ကျင်ဘက်ဖြစ်လာသည်။

ဇွန် ၂၀ တွင် မှတ်ပုံတင်အရာရှိကို တွေ့သည်။ သူက "ယဉ်ကျေးမှု တော်လှန်ရေးမတိုင်ခင်က ခင်ဗျားအဖေ ဘာလုပ်သလဲ" ဟု မေးပြီး အင်္ကျီအိတ်ထဲက ညစ်ထေးထေးလက်ကိုင်ပုဝါတစ်ခုကို ထုတ်ပြီး ခေါက်ထားသည်ကို ဖြည်လိုက်သည့်အခါ သစ်သားတံဆိပ်တုံးတစ်ခု ထွက်လာသည်။ ပြီးတော့ မင်နီဆွတ်ထားသည့် ရေမြုပ်ပြားလေးတစ်ခုပေါ်တွင် တံဆိပ်တုံးကို ဖိပြီး ကျွန်မတို့ စာများပေါ်တွင် ရိုက်နှိပ် ပေးလိုက်သည်။

ထို့နောက် ခရိုင်ရုံးစိုက်သည့် မြို့လေးသို့ ပြန်ခဲ့ကြသည်။ နေဝင်ပြီး မှောင်မှ တည်းခိုမည့် အစိုးရဧည့်ဂေဟာသို့ ရောက်သည်။ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အပေါ်ဆုံးထပ်တွင် တံခါးတစ်ဖက် ဖွင့်ထားသည့် အိပ်ခန်းများကို တွေ့ရသည်။ အခန်းတစ်ခုသို့ ဝင်သည်။ လူသူတစ်ယောက်မျှမရှိ။ ပင်ပန်းသဖြင့် တံခါးကိုပင် မပိတ်နိုင်တော့ပဲ အိပ်ရာပေါ်လှဲချလိုက်သည်တွင် အိပ်ပျော်သွားလေသည်။ အသံချဲ့စက်မှ မော်၏ ကောက်နုတ်ချက်များကို ရွတ်ဖတ်နေသံ ကြားပြီး လန့်နိုးသည်။ ပြီးတော့ "လက်နက်မချရင် ရန်သူကို အပြတ်ချေမှုန်းရမယ်" ဟူသော ကောက်နုတ်ချက်ကိုလည်း ဖတ်သည်။ မျက်လုံးကျယ်လာပြီး ကျွန်မတို့ရောက်နေသော အဆောက်အအုံကို ဝိုင်း၍ ပစ်ခတ်နေခြင်းဖြစ်သည်ကို သိလာသည်။

ကျည်ဆန်များ တရွှီရွှီပြေးလာပြီး ပြတင်းများကိုမှန်သည်။ မှန်များကွဲကျသည်။ အသံချဲ့စက်က သူပုန်အဖွဲ့၏ နာမည်ကို အော်ခေါ်ပြီး လက်နက်ချရန် ပြောသည်။ သို့မဟုတ်လျှင် ဧည့်ဂေဟာကို ဒိုင်းနမိုက်ဖြင့် ခွဲရလိမ့်မည်ဟု ဆိုသည်။

အခန်းထဲသို့ ကျင်မင်း ပြေးဝင်လာသည်။ သူ့နောက်က အခြားလက်နက်ကိုင်တပ်သားများ ပါလာသည်။ ကျွန်မနေသည့် အခန်းနှင့် မျက်နှာချင်းဆိုင် အခန်းထဲသို့ သူတို့ဝင်သည်။ ထိုအခန်းသည် ဧည့်ဂေဟာရှေ့ပေါက်ကို မျက်နှာမူ နေသည်။ လူငယ်တစ်ယောက်သည် သေနတ်ဒင်ဖြင့် ပြတင်းမှန်ကို ခွဲပြီး စတင်ပစ်ခတ်သည်။ တပ်မှူးနှင့်တူသူ တစ်ယောက်က ကျွန်မတို့အား ဧည့်ဂေဟာမှ အမြန်ထွက် ပြေးကြရန် သတိပေးသည်။ အောက်ထပ်ဆင်းပြေးပြီး ရှေ့တံခါးပေါက်က မထွက်နိုင်။ ပစ်ခတ်သူတို့နှင့် မျက်နှာချင်းဆိုင် တိုးနေမည်။ ဘယ်လိုပြေးရမည်လဲ။

အိပ်ရာခင်းများ ခေါင်းအုံးစွပ်များကို ဆုတ်ဖြဲပြီး ကြိုးဖြစ်အောင် ဆက်သည်။ အစတစ်ဖက်ကို ပြတင်းဘောင်တွင် ချည်ကာ အောက်သို့ ကြိုးဖြင့်ဆင်း ကြသည်။ မြေပေါ် ခြေနင်းမိလျှင် ကျည်ဆန်များ တဝီဝီ ပြေးလာပြီး ရွှံ့ထဲစိုက်ဝင်သည်။ ကုန်းကုန်းကွကွနှင့် ပြိုကျနေသော နံရံတစ်ခုဆီသို့ ပြေးရသည်။ အနီးအနား တွင် မိတ်ဆွေတစ်ယောက်၏ အိမ်ရှိရာ မနည်းပင်အသက်လု၍ ပြေးကြရသည်။ ကျွန်မတို့ တည်းခိုသည့် ဧည့်ဂေဟာကြီး ပြိုကျသွားပြီဟု လမ်းတွင်တွေ့သည့် လယ်သမားတစ်ယောက်က ပြောသည်။ ဖောက်ခွဲဖျက်ဆီး လိုက်ဟန်တူသည်။

မိတ်ဆွေအိမ်တွင် ကျွန်မအတွက် သတင်းစကားတစ်ခု စောင့်နေသည်။ ယင်းမှာ ချိန်တူမှ ညီမရိုက်လိုက်သည့် သံကြိုးစာဖြစ်သည်။ မှတ်ပုံတင်အရာရှိ နောက်လိုက်ရန် နာနာ တာဝန်ကျသည့် ရွာမှထွက်လာချိန်တွင် ရောက်လာသည့် သံကြိုးဖြစ်သည်။ ကျွန်မနှင့်မတွေ့သဖြင့် သူငယ်ချင်းများက ဖောက်ဖတ်ပြီး သတင်း စကားတစ်ဆင့်မှာကြားရန် ပြောထားသည်။

ဤသို့ဖြင့် အဘွားသေဆုံးသည့်အကြောင်းကို ကျွန်မ ကြားရလေသည်။

****

[၂၃]

စာအုပ်များများ ဖတ်လေလေ မိုက်မဲလေလေ

ကောက်စိုက်သမနှင့် စေတနာ့ဝန်ထမ်း ဆရာဝန်

ရွှေသဲပြင်မြစ်ကမ်းပေါ်မှာ ကျင်မင်းနှင့်ကျွန်မ ထိုင်ကာ ကူးတို့စောင့်နေသည်။ ယန်ဇီမြစ်သည် တသွင်သွင်စီးဆင်းနေသည်။ နွေရာသီတွင် ရေစီးကြမ်းသည်။ ရက်အနည်းငယ်က ကူးတို့တစ်စင်း မှောက်သွားရာတွင် ကျွန်မတို့ ကျောင်းက သူငယ်ချင်း သုံးယောက် ပါသွားသည်။

ညနေဆည်းဆာချိန်ဖြစ်သည်။ ကျင်မင်းသည် မြက်ခင်းစိမ်းပေါ်တွင် အပေါ်အင်္ကျီကို ဖြန့်ခင်းကာ ထိုင်စရာပြုလုပ်ထားသည်။ ကျွန်မလည်း သူနှင့် အတူ ထိုင်ကာ တစ်ဖက်ကမ်းသို့ ကူးပြီး ချိန်တူသွား ကားတစ်စီးနှင့် လိုက်သွားကြမည်။ ဆီချွမ်ကို ဖြတ်သည့်လမ်းတွင် သူပုန်တပ်များ အချင်းချင်းတိုက်နေသဖြင့် မလုံခြုံ။ သို့ဖြစ်ရာ အခြားလမ်းမှ လှည့်ပတ်သွားရမည်။ နာနာနှင့် ဝမ်တို့သည် ကျွန်မနှင့် ရှောက်ဟောင်တို့၏ မှတ်ပုံတင်စာအုပ်များနှင့် ပစ္စည်းများကို သယ်ယူပြီး ချိန်တူ သို့သွားနိုင်ကြသည်။

ယူနန်နယ်ဘက်က ကျောက်ကျီယာကမ်းနဖူးတွင် ထရပ်ကားတစ်စီး ရပ်နေသည်။ ဒရိုင်ဘာက သူ့ကားတွင် လိုက်ပါခွင့်ပြုရန် သဘောတူပြီး ဖြစ်သည်။ ကားနှင့် လိုက်ပါသွားစဉ် တောင်တစ်ခုအထက်၌ ငှက်ပျောတော တစ်ခုကို တွေ့ရသည်။

ချိန်တူတွင် အဘွားဆေးရုံတက်စဉ် ဆေးရုံရှေ့က အရွက်ဖားဖားကြီးများနှင့် ငှက်ပျောပင်ကို မြင်ယောင်လာပြီး အဘွားကို အမှတ် ရလာသည်။ ထိုစဉ် "ပင်" သည် ကျွန်မကို အမြဲလိုလိုလာ၍ တွေ့ရသည်။ အဘွားက မကြိုက်။ အထူးသဖြင့် "ပင်"၏ သရော်သည့် မျက်နှာပေးကို မကြိုက်။ လူကြီးတွေနှင့်တွေ့သည့်အခါ မလေးစား။ အရိုအသေမပေး။ အဘွား စိတ်ထဲမှာ မတွေ့။ အဘွားသည် ပင်နှင့်ထိုင်ကာ စကား ပြောနေသည့် ကျွန်မကိုခေါ်ပြီး ထိန်းသိမ်းသည်။ ထိုအချိန်က "ပင်" ကို ကျွန်မ ညွတ်နေမိသည်။ မမြင်ရမနေနိုင် ဖြစ်မိသည်။ အဘွားကို ချစ်စိတ်ဖြင့် ကျွန်မကိုယ် ကျွန်မ ထိန်းထိန်းသိမ်းသိမ်း နေရသည်။

ယိဘင်ကို ကျွန်မတို့ ဖြတ်ကျော်ခဲ့သည်။ ပြေတုန်းက ယိဘင်မှ ဥက္ကာပုံ လမ်းရှိ အိမ်သို့ ပြန်လာခဲ့သည်ကို အမှတ်ရလာသည်။ ဒေါက်တာရှီယာ၏ သင်္ချိုင်းကို ကျွန်မရှင်းခဲ့ကြောင်း အဘွားကို ပြောမိသည်။ ဒေါ်လေးယန်ယင်က ငွေရောင်စက္ကူ ငွေများကို မီးရှို့ရန် ပေးသဖြင့် ဒေါက်တာရှီယာဂူဘေးမှာ မီးရှို့ပြီး ဆုတောင်းခဲ့သည်။ ထိုလေ့ကို ပဒေသရာဇ်တို့၏ ဓလေ့ထုံးစံဟူ၍ ရှုတ်ချခဲ့သည်။ တပ်နီလူငယ်တို့သည် သင်္ချိုင်းမြေကို ဖြိုချပြီး ဂူများကို ဖျက်ဆီးခဲ့သည်။ သေသူကို

မြေမြှုပ်သင်္ဂြိုဟ်ခြင်းသည် ခေတ်ဟောင်းဓလေ့ဖြစ်သည်ဟု သူတို့က ဆိုသည်။

အိမ်ရောက်လျှင် ဗလာကျင်းနေသော အဘွား၏ အိပ်ရာကိုသာ တွေ့ရသည်။ အဘွားသည် ဝေဒနာကို မျိုသိပ်နိုင်သည်။ နာသည်ဟု မညည်း။ သူဘယ်မျှ ခံစားရသည်ကို ကျွန်မတို့ မသိအောင် ဖုံးထားသည်။

အမေသည် အကျဉ်းစခန်းမှာ ရှိနေသည်။ အဘွားသည် အိမ်အလုပ်ကို ဒိုင်ခံလုပ်သည်။ ပြီးလျှင် အိပ်ရာမှာ လှဲကာနားသည်။ မျက်နှာရှုံ့မဲ့ပြီး ဗိုက်ထဲကနာ သည်ကို ကြိတ်မှိတ်၍ ခံသည်။ ကျွန်မ ခရီးထွက်သွားသည်ကို သူ စိတ်မချ။ ပြီးတော့ မြေးယောကျ်ားလေးနှစ်ယောက်အတွက်လည်း ပူသည်။ “ကလေးတွေ ဘာလုပ်ကြ ကိုင်ကြမလဲ။ ကျောင်းမရှိတော့ ကျောင်းမတက်ရတော့ ဘာလုပ်ရမှာလဲ” ဟု ပြောကာ အဘွားသက်ပြင်းချသည်ဟု သိရသည်။

ထို့နောက် တစ်နေ့တွင် အဘွားအိပ်ရာမှ မထနိုင်။ ဆရာဝန်များက အိမ်သို့ လာ၍ မကြည့်နိုင်။ သို့ဖြစ်ရာ ရှောက်ဟောင်၏ရည်းစား မျက်မှန်ကြီးခေါ် ချင်းယီက ကျောပိုးကာ ဆေးရုံသို့ ပို့သေးသည်။ သုံးလေးကြိမ်ဆေးရုံသို့ သွားပြီးနောက် ဆရာဝန် များက လာဖို့မလိုဟု ပြောသည်။

သို့နှင့်အဘွားသည် အိပ်ရာပေါ်မှာ လဲလျောင်းရင်း သေမင်းကို စောင့်နေသည်။ တဖြည်းဖြည်း အသက်မရှိသူလို ဖြစ်လာသည်။ မြေးများက အမေ့ အကျဉ်းစခန်းသွားပြီး အိမ်ပြန်ခွင့်ပေးရန် အသနားခံသည်။ အာဏာပိုင်တို့က ခွင့်မပြု။ နောက်ဆုံးတွင်မှ အမေကို အိမ်သို့ပြန်ခွင့်ပြုသည်။ အမေသည် သုံးရက်လုံးလုံး အဘွား အိပ်ရာဘေးက ဘယ်သို့မျှ မသွား။ အမေရောက်လာပြီး တတိယနေ့တွင် အဘွား ကွယ်လွန်သည်။ အဘွားကို မြေမြှုပ်ပြီးနောက် အမေသည် အကျဉ်းစခန်းသို့ ပြန်သွား ရသည်။

အဘွားကို အိပ်မက်ထဲမှာ မကြာခဏတွေ့ရသည်။ အဖွားသည် ဖျတ်လတ်သည်။ လုပ်ရည်ကိုင်ရည်ရှိသည်။ ဖြတ်ထိုးဉာဏ်ကောင်းသည်။ သို့သော်လည်း သူ့ အစွမ်းအစကို ပြခွင့်မရ။ သူသည် မြို့ငယ်လေးတစ်ခုမှ ကြီးပွားချင်သော ပုလိပ် အရာရှိတစ်ယောက်၏ မိန်းမဖြစ်သည်။ ပြီးတော့ စစ်မင်းတစ်ယောက်၏ မောင်းမ မိသံတစ်ယောက်ဖြစ်လာသည်။ ကွန်မြူနစ် နှစ်ယောက်၏ အမေနှင့် ယောက္ခမ ဖြစ်သည်။ ထိုပတ်ဝန်းကျင်တွင် သူ့အဖို့ ပျော်စရာအနည်းငယ်မျှ မရှိ၊ ပြည်တွင်းစစ်မှာ ကျင်လည်ခဲ့ရသည်။ ကြိမ်ဖန်များစွာ သေဘေးနီးခဲ့သည်။ မြေးတွေကို ကြည့်ရှုစောင့် ရှောက်သည်။ မြေးတွေအတွက် ပူပန်ရသည်။ အထိခိုက်ဆုံးမှာ သူ့သမီးအကျဉ်းခံရခြင်း ဖြစ်သည်။ နောက်ဆုံးတွင် သောကတွေ ဖိစီးပြီး သေရွာသို့ သွားခဲ့ရလေသည်။

မြန်မြန်သေရသည့် အကြောင်းတစ်ခုရှိသေးသည်။ ယင်းမှာ အကျအန ဆေးဝါးကုသခွင့်မရခြင်း ဖြစ်သည်။ နေမကောင်းစဉ် တစ်ဦးတည်းသော သမီးက သူ့ကို ယဉ်ကျေးမှုတော်လှန်ရေးကြောင့် မကြည့်ရှုမပြုစုနိုင်။ သို့ဖြစ်လျှင် လူတွေ သေကြေပျက်စီးရသည့် ယဉ်ကျေးမှုတော်လှန်ရေးဆိုသည် ဘယ်မှာ

ကောင်းနိုင်ပါမည်လဲ။ အဖန်ဖန်တွေးမိတိုင်း ယဉ်ကျေးမှုတော်လှန်ရေးကို ကျွန်မ မုန်းသည်။ ပြီးတော့ ကျွန်မကိုယ်တိုင် ဘာမျှမတတ်နိုင်ခြင်းကြောင့် ပို၍ စိတ်ဒုက္ခရောက်ရသည်။

အဘွားဆေးရုံတက်စဉ် ဝမ်နှင့်ပင်တို့ကို ကျွန်မသိခဲ့ရသည်။ သူတို့နှင့် ပြောဆိုဆက်ဆံရေးက ကြားဝင်လာသဖြင့် အဘွားရောဂါဝေဒနာကို ကျွန်မ သတိမထားမိ။ အဘွားအိပ်ရာဘေးမှာ ကျွန်မ ပျော်စရာရှာကြည့်ခဲ့သည်။ အဘွား သေတော့မည့်ဆဲဆဲမှာ ကျွန်မ ပျော်စရာရှာဖို့မကောင်း။ မသင့်။ သို့ဖြစ်ရာ နောက်နောင် ရည်းစားရှာလိုစိတ်ကို ချိုးနှိမ်ပါတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။ သည်လို မိမိကိုယ်မိမိ ပြစ်ဒဏ်ခတ်ခြင်းဖြင့် အဘွားအပေါ် တာဝန်မကျေခဲ့သည်ကို အလျော် ပေးလိုက်သည်။

ထို့နောက် ချိန်တူတွင် နှစ်လနေစဉ် နာနာ၊ ရှောက်ဟောင်နှင့် ကျွန်မတို့ ကို လက်ခံမည့် ဆွေမျိုးရှိရာ ဘုံရိပ်သာတစ်ခုကို အပူတပြင်းရှာရသည်။ ဆောင်းဦး ကောက်သိမ်းချိန်တွင် တစ်ခုတွေ့သည်။ သို့မှသာ လာမည့်နှစ်အတွက် စားစရာရှိမည်။

ဇန်နဝါရီတွင် နိုင်ငံတော်က ပေးသည့် ရိက္ခာကုန်သွားပြီ။

ကျွန်မကို "ပင်" လာ၍ တွေ့သည့်အခါ သူ့ကို ခပ်စိမ်းစိမ်းဆက်ဆံသည်။ နောက်ဘယ်တော့မှ မလာပါနှင့်ဟု ပြောလိုက်သည်။ သူ့စာတွေ အများကြီး ရောက် လာသည်။ မဖတ်ဘဲ မီးထဲထည့်လိုက်သည်။ ဤအပြုအမူမှာ ရှုရှားဝတ္ထုတွေထဲကရသည့် နည်းတစ်ခုဖြစ်သည်။ ဝမ်သည် နင်ငန်မှ ပြန်ရောက်လာပြီး မှတ်ပုံတင် စာအုပ်နှင့် ပစ္စည်းများပေးသည်။ သူ့ကိုတွေ့ရန် ငြင်းလိုက်သည်။ လမ်းမှာ တစ်ခါတွေ့သည်။ သူ့မျက်လုံးထဲတွင် နာကျည်းသည့် အရိပ်အယောင်ကို တွေ့ရသည်။

နင်ငန်သို့ ဝမ် ပြန်သွားသည်။ ၁၉၇၀ တွင် တောမီးလောင်ရာမှ ဝမ်းနှင့် သူ့သူငယ်ချင်းတို့ ငြိမ်းသတ်သည်တွင် သူငယ်ချင်းဒဏ်ရာရသည်။ သူတို့နှစ်ယောက် နင်ငန်မှ ထွက်သွားကြပြီး လာအိုနိုင်ငံထဲသို့ ဝင်ပြေးသည်။ ထိုအချိန်တွင် လက်ဝဲ ဂိုဏ်းပြောက်ကျားတပ်ဖွဲ့များနှင့် အမေရိကန်တို့ တိုက်ခိုက်နေကြသည်။ အရာရှိကြီးများ၏ သားသမီးများသည် လာအိုနှင့် ဗီယက်နမ်နိုင်ငံများသို့ တိတ်တဆိတ် ဝင်ရောက်ပြီး အမေရိကန်တပ်များကို လျှို့ဝှက်စွာ တိုက်ခိုက်နေကြသည်။ တရုတ် အစိုးရက ထိုသို့တိုက်ခိုက်ခြင်းကို ခွင့်မပြု။ တားမြစ်သည်။ သူတို့သည် ယဉ်ကျေးမှု တော်လှန်ရေးမှ ကင်းကွာသွားပြီး တက်ကြွသည့် လူငယ်စိတ်ကို အမေရိကန် နယ်ချဲ့သမားနှင့် ရင်ဆိုင်ခြင်းဖြင့် ပြန်လည်ရရှိလိမ့်မည် မျှော်လင့်ကြဟန်တူသည်။

တစ်နေ့တွင် ဝမ်သည် ဗီယက်နမ်တို့ ထောင်ထားသည့် မိုင်းကို တက်နင်း မိကာ ကိုယ်အင်္ဂါ အပိုင်းပိုင်းပြတ်ပြီး သေဆုံးသွားသည်။ ကျွန်မ သူ့ကို နောက်ဆုံး မှတ်မိနေသည်မှာ ချိန်တူမြို့၏ လမ်းထောင့်တစ်နေရာမှ ကျွန်မကို

စောင့်ကြည့်နေသော သောက အကြည့်ဖြစ်သည်။

ယခုအခိုက်အတန့်တွင် ကျွန်မတို့မိသားစု တကွဲတပြားစီဖြစ်နေသည်။ ၁၉၆၉ အောက်တိုဘာ ၁၇ တွင် လင်ပြောင်က တိုင်းပြည်သည် စစ်ဖြစ်သည့် အနေအထားရောက်နေပြီဟု ကြေညာသည်။ နယ်စပ်တွင် ဆိုဗီယက်တပ်များနှင့် အပြန်အလှန် ပစ်ခတ်သည်ကို အခွင့်အရေးယူ၍ တပ်လှန့်ခြင်းဖြစ်သည်။ တော်လှန်ရေးကော်မီတီများက မလိုလားအပ်သူများကို နယ်နှင်ဒဏ်ခတ်ရန် စီစဉ်သည်။ အမေ၏ အရှေ့ပိုင်းခရိုင် အမှုထမ်း ၅၀၀ ကို ချိန်တူမှ နှင်ထုတ်ပြီး ဆီချွမ်နောက်ပိုင်းအခေါင်အဖျားဒေသဖြစ်သည့် "ကျွဲကျောင်းသားမြေပြန့်" သို့ ပို့ရန် အမြန်စီစဉ်သည်။ အမေအား ထိုခရီးအတွက် ပြင်ဆင်ရန် ခွင့် ၁၀ ရက် ပေးပြီး အိမ်သို့ပြန်ပို့သည်။ ရှောက်ဟေနှင့်ရှောက်ဖန်တို့ကို ယိဘင် ရထားပေါ်သို့တင်၍ လွှတ်လိုက်သည်။ ကျင်မင်းသည် ချိန်တူအရှေ့မြောက်ဘက် မိုင်ငါးဆယ်ဝေးသည့် ဒေသဘုံရိပ်သာတစ်ခုသို့ ကျောင်းက စေလွှတ်သည့် အဖွဲ့နှင့် ပါသွားသည်။

ထိုအချိန်တွင် နာနာ၊ ရှောက်ဟောင်နှင့် ကျွန်မတို့ကို တေယန်းခရိုင်အတွင်းမှ ဘုံရိပ်သာတစ်ခုက လက်ခံသည်။ ကျင်မင်း၏ နေရာနှင့် မဝေးလှပေ။ ရှောက်ဟောင်၏ချစ်သူ မျက်မှန်ကြီးခေါ် ချင်းယီ၏ အပေါင်းအသင်းတစ်ယောက်က ကျွန်မတို့မှာ သူ၏ ဆွေမျိုးများဖြစ်ပါသည်ဟု ထောက်ခံသည်။ ထိုဒေသရှိ ဘုံရိပ်သာအချို့တွင် လယ်ယာလုပ်သားများစွာ လိုနေသည်။ ကျွန်မတို့မှာ ဆွေမျိုးတော်စပ်ပုံ အထောက်အထား မပြနိုင်သော်လည်း မည်သူကမျှ မေးမြန်းခြင်းမပြု။ သူတို့အဖို့ လုပ်အားလိုနေသည် မဟုတ်လား။

ကျွန်မတို့မှာ နှစ်စုခွဲပြီး နေရသည်။ နာနာနှင့်ကျွန်မက အဖွဲ့တစ်ခုသို့ ဝင်ရပြီး ရှောက်ဟောင်က သုံးမိုင်ဝေးသည့်နေရာရှိ အဖွဲ့တစ်ခုသို့ ဝင်ရသည်။ ရွာနှင့် ဘူတာရုံမှာ သုံးမိုင်ဝေးသည်။

ကျွန်မတို့မိသားစု ခုနစ်ယောက်မှာ ခြောက်နေရာ ကွဲနေသည်။ ရှောက်ဟေသည် ချိန်တူမှခွာရသဖြင့် ဝမ်းသာသည်။ သူ့ကျောင်းတွင် အသစ် ပြုစုလိုက်သည့် ကျောင်းသုံးစာအုပ်၌ အဖေကို နာမည်တပ်ဖော်ပြပြီး ရှုတ်ချထားသည်။ ကျောင်းတွင် ရှောက်ဟေမှာ ဝိုင်းပယ်ခံရသည်။ အနိုင်ကျင့်ခံရသည်။

၁၉၆၉ နွေရာသီစောစောပိုင်းတွင် ရှောက်ဟေတို့ ကျောင်းသားများသည် ချိန်တူဝန်းကျင်မှ ကောက်ရိတ်သိမ်းသည့် လယ်ယာများသို့ ကူညီရန် သွားရသည်။ ကျောင်းသားနှင့် ကျောင်းသူတို့ကို တခြားစီထားသည်။ ညဦးပိုင်းတွင် လယ်ကန်သင်း များပေါ်သို့ စုံတွဲများလမ်းလျှောက်ထွက်ကြသည်။ ရှောက်ဟေသည် သူ့အဖွဲ့မှ ကျောင်းသူတစ်ယောက်ကို နှစ်သက်စွဲလမ်းမိသည်။ လမ်းလျှောက်သွားရန် ခေါ်သည်။ မိန်းကလေးက ခေါင်းငုံ့နေပြီး ပါးစပ်က ဘာတစ်ခွန်းမျှ မပြော။ ရှောက်ဟေကမူ သဘောတူသည် ယူဆသည်။

လရောင်အောက်တွင် ကောက်ရိုးပုံဘေး၌ မီကာ သူ့ကောင်မလေးကို ရှောက်ဟေ စောင့်နေသည်။ သူ မလာ။ သူ့အတန်းမှ ကျောင်းသားတစ်သိုက်

ရောက်လာပြီး လေချွန်ကာ ပြောင်လှောင်ကြသည်။ ဆဲသည်။ လက်သီးနှင့် ထိုးသည်။ ခြေနှင့် ကန်သည်။ သူထွက်ပြေးကာ ဆရာတစ်ယောက်အခန်းဆီသို့ သွားပြီး အကူအညီ တောင်းသည်။ ဆရာက သူ့ကို တွန်းထုတ်ပြီး "မင်းကို မကူနိုင်ဘူး။ ငါ့ဆီမလာနဲ့" ဟု မောင်းထုတ်သည်။

ထိုညက ရောက်ဟေ ကောက်ရိုးပုံမှာ အိပ်ရသည်။ ကောင်မလေးလက်ချက်ဟု ရောက်ဟေ နားလည်လိုက်သည်။ "တန်ပြန်တော်လှန်ရေးသမား အရင်းရှင်လမ်းလိုက်သူ၏သား" က သူ့ကို ချစ်ရေးဆိုရမည်လားဟု ထိုမိန်းကလေး အမျက်တော်ရှသည်။

ယိဘင်ကျောင်းသစ်တွင် ပို၍ အနိုင်ကျင့်ခံရမည် ရောက်ဟေထင်သည်။ သို့သော်လည်း အထင်နှင့်အများကြီး ကွာခြားသည်။ ဆရာများ၊ ကျောင်းသားများက သူ့အဖေအကြောင်း ကြားဖူးပြီး သူ့ကို နွေးထွေးစွာ ကြိုဆိုလက်ခံသည်။ ကျောင်းတွင် အချောဆုံးကောင်မလေးသည် သူ့ချစ်သူဖြစ်လာသည်။ ယိဘင်က သူ့အဖေကို ကြည်ညိုလေးစားသည်မှာ ထင်ရှားသည်။ အဖေ့ကြောင့် ရောက်ဟေမှာ ယိဘင်တွင် မျက်နှာပွင့်သည်။ ထို့ကြောင့် ပျော်သည်။ အဖေသည် တင်လင်မယားနှင့် တခြားစီဖြစ် သည်ဟု ယိဘင်က ခံယူသည်။

သို့သော်လည်း ရောက်ဟေကို ဆရာ့လက်ပါးစေဟု မနှစ်မြို့သူများ ရှိလာသည်။ ရောက်ဟေသည် သူ့ချစ်သူကို လမ်းထဲတွင် ခါတ်တိုင်အောက်၌ ပွေ့ဖက်သည်ဟု တီးတိုးဝါဒဖြန့်သူများ ပေါ်လာသည်။ ထိုအပြုအမူမှာ "ဘူဇွာ ရာဇဝတ်မှု" တစ်ခုဟု ယူဆကြသည်။ မိန်းကလေး၏ အမေက သူ့သမီး၏ အပျိုရည်ကို စစ်ဆေးပေးပါဟု တောင်းဆိုသည်။ ကျောင်းတွင် အချီအချ ပြောကြဆိုကြပြီးနောက် ထိုကျောင်းသူလေးကို သူ့အမေက ကျောင်းထုတ်သွားသည်။

တေယန်းတွင် ကျွန်မတာဝန်ကျသည့် ဘုံရိပ်သာသစ်မှာ တောင်ကုန်းဒေသ ဖြစ်ပြီး ချုံပုတ်ပင်များ၊ ယူကလစ်ပင်များ ပေါက်ရောက်သည်။ လယ်မြေ ဖွံ့ဖြိုးသည်။ တစ်နှစ် နှစ်သီးထွက်သည်။ ဂျုံတစ်လှည့် စပါးတစ်လှည့် စိုက်ပျိုးသည်။ ဟင်းသီး ဟင်းရွက် ကန်စွန်းဥအလျှံပယ်ပေါသည်။

ရောက်စတွင် ဝက်ခြံဘေးကအိမ်၌ နေရသည်။ နံစော်သည်။ အသံများ ဆူညံသည်။ ဝက်ချေးနံ့နှင့် ခြင်ဆေးနံ့ အမြဲနံနေသည်။ ခဏကြာလျှင် နာနာနှင့် ကျွန်မအတွက် နှစ်ခန်းတွဲတဲကလေးတစ်ခု ဆောက်လုပ်ပေးသည်။ တဲမှာ ညအခါ ရေဝပ်သည်။ အိပ်ရာမှာ ရေအထက်နှစ်ပေခန့်သာ မြင့်သည်။ အေးစိမ့် စွတ်စိုသဖြင့် အရိုးများ ကြွက်သားများ ကိုက်ခဲလာသည်။

အိမ်တံခါးဝတွင် ရွာ၏ သောက်သုံးရေကန်တစ်ခုရှိသည်။ ကြာများ ဖူးပွင့် နေသဖြင့် သာယာသည်။ ညနေပိုင်းတွင် ရေခပ်လာကြသူများ၏ အသံများ ဆူညံ နေသည်။

တေယန်းရောက်မှ တရုတ်လယ်သမား၏ လူနေမှုဘဝကို ကျွန်မ

နားလည်လာသည်။ နံနက်တိုင်းတွင် ကုန်ထုတ်လုပ်ငန်းခေါင်းဆောင်က တာဝန်များ ခွဲဝေချထားသည်။ လယ်သမားတိုင်း အလုပ်လုပ်ကြရပြီး တစ်နေ့တာအတွက် သတ်မှတ်ထားသည့် အလုပ်အမှတ်များရသည်။ တစ်နှစ်ကုန်ဆုံးသည့် အလုပ်မှတ်ကို ရေတွက်ပြီး ရိက္ခာများရသည်။ အစားအသောက်၊ မီးထင်းနှင့် အခြားနေ့စဉ်သုံးပစ္စည်းများ၊ တစ်ဖန် ငွေအနည်းငယ်ရသည်။ ကုန်ထုတ်အဖွဲ့က ဝေပေးခြင်းဖြစ်သည်။ ကောက်ရိတ်သိမ်းပြီးလျှင် အချို့ကို အခွန်အဖြစ် နိုင်ငံတော်သို့ ပေးရသည်။ ကျန်သည်ကို ခွဲဝေပေးသည်။ ပထမအခြေခံတန်ဖိုးအဖြစ် ယောကျ်ားများအား အညီအမျှ ခွဲဝေပေးသည်။ မိန်းမများက လေးပုံတစ်ပုံ လျော့၍ရသည်။ သုံးနှစ်အောက်ကလေးများ တစ်ဝက်ရသည်။ သုံးနှစ်ကျော်စ ကလေးမှာ လူကြီးလို များများမစားသုံးနိုင်သဖြင့် ကလေးများများရှိလျှင် အကျိုးကျေးဇူး ပို၍ရှိသည်။ ထိုစနစ်ကြောင့် ကလေးများများ မွေးခြင်းကို မထိန်းချုပ်ကြတော့ပေ။

ကျန်သည့် စုစုပေါင်းကို အလုပ်မှတ်အတိုင်း ခွဲဝေပေးသည်။ တစ်နှစ်တွင် နှစ်ကြိမ် လယ်သမားတိုင်းရသည်။ အလုပ်မှတ်ကို စုဝေးညှိနှိုင်းအတည်ပြုသည်။ လူတန်းစားရန်သူဖြစ်သည့် ရွာ၏ မြေရှင်ဟောင်းသည် အခြားသူများ အောက်သုံးလေးမှတ်လျော့ပြီးရသည်။ နာနာနှင့် ကျွန်မတို့မှာ မကျွမ်းကျင်သော မြို့နေ လူငယ်ဖြစ်သဖြင့် လေးမှတ်ရသည်။

အလုပ်မှတ်ကွာခြားမှု အနည်းအများရှိလေရာ မကျေနပ်မှုအမြဲတမ်းဖြစ်ပေါ်နေသည်။ လယ်သမားများသည် သူများတွေ ဘယ်လို အလုပ်လုပ်သည်ကို စောင့်ကြည့်သည်။ အမှတ်အတူတူရသဖြင့် မည်သူမျှ ကြိုးစားပမ်းစား မလုပ်ကြ။ မိန်းမများက ယောကျ်ားများကို မကျေနပ်။ အတူတူ အလုပ်လုပ်ရသော်လည်း ယောကျ်ားက နှစ်မှတ်ပို၍ ရနေသည်။ ဘာဖြစ်လို့လဲဟု မေးကြ မြန်းကြသည်။

လယ်ထဲတွင် တစ်နေ့ဆယ်နာရီ အလုပ်လုပ်ရသည်။ ယင်းမှာ ငါးနာရီနှင့်ပြီးနိုင်သည့် အလုပ်ဖြစ်သည်။ သို့သော်လည်း ဆယ်နာရီအပြည့် အလုပ်ဆင်းမှ အလုပ်လုပ်ချိန်တစ်နေ့ဟု သတ်မှတ်သည်။ ကျွန်မတို့သည် ဖြည်းဖြည်းလုပ်သည်။ ခရာမှုတ်သံနားထောင်ပြီး အလုပ်သိမ်းရန် စိတ်စောနေကြသည်။

ယခုဒေသတွင် နင်ငန်နှင့် ဆီချွမ်တို့နည်းတူ စက်များမရှိ။ လယ်လုပ်နည်းမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကအတိုင်းပင် ဖြစ်သည်။ ဓာတ်မြေသြဇာသုံးတာ တစ်ခုပဲ ထူးသည်။ ကျွဲကိုသာ အသုံးပြုသည်။ အလုပ်တိုင်းမှာ လူ၏ လုပ်အားဖြင့် လုပ်ရသည်။ ရေသယ်ခြင်း၊ မြေသြဇာသယ်ခြင်း၊ ကောက်နှံ သယ်ခြင်းတို့ဖြစ်သည်။ ကျွန်မအဖို့ ပခုံးထမ်းသယ်ပိုးရခြင်းကြောင့် ပခုံးများ ယောင်ကိုင်းလာသည်။ ကျွန်မကို ပိုးပန်းရန်လာသည့် ယောကျ်ားလေးတိုင်းသည် ကျွန်မကိုယ်စား ရေတိုင်ကီကို ရေဖြည့် ပေးလေ့ရှိသည်။

ကောက်စိုက်သည့် အလုပ်ကိုမူ ကြိုက်သည်။ ခါးကုန်းလုပ်ရသဖြင့် ပင်ပန်းသည်ဟု ယူဆကြသည်။ တစ်နေကုန်ကောက်စိုက်ပြီးလျှင်ညနေတွင် ခါးကို

ဆန့်ရန်မနည်းအားထုတ်ရသည်။ သို့သော်လည်း ရေထဲမှာ တစ်နေကုန် နေရသည့် အရသာကို သဘောကျသည်။ သို့သော်လည်း ခြေသလုံးမှာ ယားကျိကျိ ဖြစ်လာပြီး မျှော့တွယ်သည်ကို ဖယ်ထုတ်လိုက်ရန် ကြိုးစားသည့်အခါ အသံကုန် အော်မိသည်။ ပျော့စိစိမျှော့ကို ကိုင်ရသည်မှာ အသည်းယားသည်။ ဘေးနားက ကောက်စိုက်သမလေးက တခစ်ခစ်ရယ်သည်။ ပြီးတော့ မျှော့ အထက်နားက ကျွန်မခြေသလုံးကို ဖတ်ခနဲရိုက်လိုက်လျှင် မျှော့လည်း ရေထဲသို့ ပြုတ်ကျသွားသည်။

ဆောင်းတွင်း မနက်ပိုင်းတွင် တောင်ကုန်းများသို့ တက်ကာထင်းခွေရသည်။ သစ်ပင်ကြီးဟူ၍မရှိ။ ချုံများသာရှိသည်။ များများစားစား မပေါက်ရောက်။ တံစဉ်ဖြင့် ချုံကို ရိတ်လှီးရသည်။ ဆူးပေါသည့် ချုံများဖြစ်ရာ လက်ကို ဆူးစူးသည်။ ဆူးကိုထွင်မနေတော့။ သူ့အလိုလိုထွက်လာအောင် စောင့်သည်။ သို့သော်လည်း လက်ဖဝါးများ ယောင်လာသည်။

ချုံပုတ်မီးထင်းကို "ငှက်မွေးထင်း" ဟု ခေါ်ကြသည်။ ခုန်ပုံကျော်လွှားခေတ်မတိုင်မီကမူ ထိုတောင်ကုန်းများတွင် ထင်းရှူး၊ ယူကလစ်၊ ဆိုက်ပရတ်ပင်များ ပေါက်သည်။ ခုန်ပုံကျော်လွှားခေတ်တွင် သံမဏိကျိုရန် ထိုသစ်ပင်များကို ခုတ်ကြသဖြင့် တောပြုန်းသွားသည်။ အခြား အတွေ့အကြုံသစ်များလည်း ရသည်။ တစ်ခုမှာ "ရင်ဖွင့်ပွဲ" ဖြစ်သည်။ ကူမင်တန်လက်အောက်တွင် အနှိပ်စက်ခံရပြီး မော်လက်ထက်တွင် အနှိပ်စက်ကင်း ပုံကို ရင်ဖွင့်ကြသည်။ မော်ကို ကျေးဇူးတင်သည်ဟု မျိုးဆက်သစ်လူငယ်များက ချီးကျူးသည်။

ထို့နောက် အငတ်ဘေးဆိုက်ပုံ သရောကြီးခိုင်းပုံကို အမှားမှားအယွင်းယွင်း ပြောကြသည်။ ကန်စွန်းခက်စားရပြီး ကန်စွန်းဥတူးရပုံ ရွာတွင် လူအများ သေဆုံးပုံတို့ကို ရင်ဖွင့်သည်။ သူတို့ပြောသည့် အငတ်ဘေးမှာ ကူမင်တန်လက်ထက် မဟုတ်ဘဲ ကွန်မြူနစ်လက်ထက်ဖြစ်နေသည်။ ခေတ်နှစ်ခုကို သူတို့စိတ်မှာ အရောရော အထွေးထွေး မှတ်သားထားသည်။ "ပြီးတော့ အဲဒီလူပေါ့။ ကျုပ်တို့ကို သံမဏိကျိုခိုင်း တယ်။ ကောက်နှံတစ်ဝက်လောက် လယ်ထဲမှာ ပျက်စီးသွားတယ်" ဟု အသက်လေး ဆယ်အရွယ် ကြောက်ရွံ့နေသည့် လယ်သမားတစ်ယောက်ကို လက်ညှိုးထိုးပြသည်။ တဖြည်းဖြည်း ရုပ်လုံးပေါ်လာသည်။ ကြောက်ရွံ့ရွံ့လူသည် ခုန်ပုံကျော်လွှားခေတ်က ကုန်ထုတ်လုပ်ရေး အဖွဲ့ခေါင်းဆောင်ဖြစ်သည်။ သူနှင့်သူ့နောက်လိုက်များသည် လယ်သမားများ၏ မီးဖိုများ၊ ဒယ်အိုးများကို ဖျက်ဆီးပစ်သည်။ သို့မှ ထင်းများကို သံမဏိကျိုသည့်ဖိုများတွင် အသုံးပြုနိုင်မည်ဖြစ်သည်။ ငတ်မွတ်ဘေးဆိုက် ပြီးနောက် သူ့ကို ရာထူးမှ ချလိုက်သည်။ သူကား "လူတန်းစားရန်သူ" ဖြစ်သွားလေသည်။

လူတန်းစားရန်သူကို ထောင်သွင်းအကျဉ်းမချ။ စောင့်ကြည့်နေခိုင်းသည်။ ရန်သူကို မြင်နေရပြီး မုန်းစရာအကောင်အထည်ကို အမြဲတွေ့နေရသဖြင့် လူတန်းစား ရန်သူဟူသည် လက်တွေ့သရုပ်ပြပြီး ဖြစ်လာသည်။ သူ့ကို အလုပ်ကြမ်း လုပ်ခိုင်းသည်။ ရွာမှကလေးများက သူ့သားများကို ခဲနှင့်ပစ်သည်။

သူ့ကို ပြစ်ဒဏ်ခတ်သဖြင့် လယ်သမားများက မော်ကို ကျေးဇူးတင်သည်။ ကျွန်မသည် သူ့ကို တစ်ဦးချင်းတွေ့ကာ အဖြစ်အပျက်ကို ပြောပြခိုင်းသည်။ သူ့ကို မေးသဖြင့် ကျေးဇူးတင်ဟန်တူသည်။

"ကျွန်တော်က အထက်ကအမိန့်ကို အကောင်အထည်ဖော်တဲ့သူပါ။ ကျွန်တော် အလုပ် ဘယ်အပြုတ်ခံချင်ပါ့မလဲ။ တခြားတစ်ယောက်က ကျွန်တော့် နေရာဝင်ယူမှာပေါ့။ အဲဒီနောက် ကျွန်တော်နဲ့သားသမီးတွေ ဘာဖြစ်မလဲ။ ဝေါ်ပြီး သေရုံပဲပေါ့။ ကုန်ထုတ်လုပ်ရေးအဖွဲ့ခေါင်းဆောင်ဆိုတာ သေးသေးလေးပါ။ ဒါပေမယ့် သူလည်း ရွာက သူများတွေလို သေနိုင်တယ် . . . "

သူနှင့် အခြားလယ်သမားများ၏ စကားများကြားရသဖြင့် ကျွန်မ တုန်လှုပ် ချောက်ချားဖြစ်မိသည်။ ပထမဆုံးအကြိမ် ယဉ်ကျေးမှုတော်လှန်ရေး၏ အရုပ်ဆိုး အကျည်းတန်သည့် မျက်နှာကို မြင်ခြင်းဖြစ်သည်။ မွေးပုံ့သင်းထုံသည့် တရားဝင် ထုတ်ပြန်ချက်များနှင့်ကား အကွာခြားကြီး ကွာခြားလှေသည်။ သို့တိုင်အောင် ကျွန်မ မှာ မော်အပေါ် သံသယစိတ်မဝင်။

တေယန်းတွင် လယ်သမားမဆိုစလောက်သာ စာဖတ်တတ်သည်။ အများ အပြားမှာ ကိုယ့်နာမည်ပင် ကိုယ်မရေးတတ်ကြ။ ရွာတွင် မူလတန်းကျောင်းတစ်ခု ရှိခဲ့ဖူးသည်။ ဘုံရိပ်သာက စရိတ်ခံသည်။ သို့သော်လည်း ယဉ်ကျေးမှုတော်လှန်ရေး အစတွင် တပည့်ကျောင်းသားများသည် ဆရာများကို အားရပါးရအပုပ်ချသည်။ ဆဲသည်။ သံဒယ်အိုးကို ခေါင်းမှာ ဆောင်းခိုင်းပြီး ရွာလည်ပြသည်။ ထိုအခါမှစ၍ စာသင်ရဲသည့် ကျောင်းဆရာ မရှိတော့ပေ။

လယ်သမားအများစုသည် ကျောင်းနေခဲ့ကြဖူးသည်။ "ဘာကိစ္စ ကျောင်းနေ ရတာလဲ။" သူတို့က မေးမည်။ "ကျောင်းလခပေးရတယ်။ နှစ်အတော်ကြာနေရတယ်။ နောက်ဆုံးတော့ လယ်သမားအဖြစ်က မတက်တော့ဘူး။ ထမင်းစားဖို့ ချွေးကျအောင်လုပ်ရတယ်။ စာအုပ်တွေဖတ်တတ်လို့ စပါးတစ်စေ့ပိုပြီး မရဘူး။ အချိန်ကုန်တယ်၊ ငွေကုန်တယ်၊ အလုပ်အမှတ် အများများရအောင် အစကတည်းက လယ်ထဲဆင်းတာ ပဲကောင်းတယ်" ဟု ပြောမည်။ ကျောင်းသားအရွယ် လယ်သမားသားသမီးများသည် အိမ်မှာနေကာ အမေကို အကူအညီပေးသည်။ ညီငယ်ညီမငယ်များကို ထိန်းကျောင်းသည်။ ဆယ်နှစ်မပြည့်သေးမီ လယ်ထဲဆင်းပြီး အဖေကို ကူရသည်။ မိန်းကလေးများ ကိုမူ ကျောင်းထားလျှင် အချိန်ဖြုန်းရာရောက်သည်ဟု ယူဆသည်။ "သူများသားနဲ့ အိမ်ထောင်ပြုမယ်။ သဲထဲရေသွန်သလို အလကားဖြစ်ရတာပဲ" ဟု ယူဆသည်။

ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် ညနေသင်တန်းများဖွင့်ကာ အသုံးလုံး သင်ကြားပေးသည်။ နာနာနှင့် ကျွန်မကို စာသင်ခိုင်းသည်။ ကျွန်မ ဝမ်းသာသည်။ သို့သော်လည်း ပထမနေ့သင်တန်းပြီးကတည်းက သူတို့အတွက် ပညာတတ်ဖို့ ဟူ သည် တစ်မျိုးဖြစ်နေသည်။

ကုန်ထုတ်လုပ်ရေးအဖွဲ့ခေါင်းဆောင်က ပြည်သူ့နေ့စဉ်မှ ဆောင်းပါးများနှင့်

မော်၏ဆောင်းပါးများကို အသင်ခိုင်းသည်။ ထိုနောက် နိုင်ငံရေးစကားလုံးများများပါသည့် မိန့်ခွန်းရှည်ကြီးကို ပြောသည်။

တစ်နေ့တာ လယ်ထဲမှာ အလုပ်လုပ်ပြီး နောက်သင်တန်းတက်ရသည်။ မတက်ဘဲမနေရဲ။ ထိုင်ပြီး ငိုက်သည်။ ဤသည်မှာ ပညာသင်ကြားခြင်းမဟုတ်ဟု ကျွန်မ ထင်သည်။

ပညာမတတ်လျှင် လယ်သမားများလောကမှာ အမြင်ကျဉ်းသည်။ သူတို့သည် နေ့စဉ် လုပ်ကိုင်စားသောက်ရေးကိုသာ ပြောကြသည်။ ပြီးတော့ အမျိုးသမီးတစ်ယောက်က သူ့ယောက်မအကြောင်း ပြောသည်။ နောက်တစ်ယောက်က သူ့ယောက္ခမအကြောင်း ပြောသည်။

မမောနိုင်သည့် အတင်းစကားမှာ လင်ယူသားမွေး ကိစ္စဖြစ်သည်။ "မေ" ဆိုသော တေယန်းခရိုင်မြို့မှ အမျိုးသမီးတစ်ယောက် မြို့ကြီးသားလူငယ်များ၊ လယ်သမားများနှင့် အိပ်သည့်အကြောင်း၊ ကိုယ်ဝန်ပျက်ကျသည့် အကြောင်း ပြောကြသည်။

ကျွန်မတို့ ကုန်ထုတ်လုပ်ရေးအဖွဲ့တွင် ပညာအတတ်ဆုံးပုဂ္ဂိုလ်မှာ မြေရှင်ဟောင်းဖြစ်သည်။ မြေရှင်ဆိုသည် လူဆိုးဖြစ်သည်။ ယခုမူ မြေရှင်ဟောင်းမိသားစုနှင့် ကျွန်မ ပြောလို့ဆိုလို့ရသည်။ ယောက်ျားကြီးမှာ ရက်စက်သည့် သွင်ပြင်အမူအရာ မရှိ။

ကျွန်မတို့ချည်းရှိသည့်အခါ မြေရှင်ဟောင်းက "ဒီမှာ ယန်ချင်။ ခင်ဗျားဟာ ကြင်နာတတ်တယ်ဆိုတာ ကျွန်တော် သိတယ်။ ခင်ဗျားစာအုပ်တွေ ဖတ်တယ်ဆိုတော့ အကျိုးသင့် အကြောင်းသင့် စဉ်းစားတတ် တယ်လို့ ယုံတယ်။ အဲဒီတော့ ကျွန်တော်ပြောတာနားထောင် ကြည့်ပါ" ဟု အစချီသော သူ့ကို မြေရှင်အဖြစ် လူတန်းစားသတ်မှတ်သည့် အကြောင်း ရှင်းပြသည်။ ၁၉၄၈ တွင် သူသည် ချိန်တူတွင် ဟိုတယ်စားပွဲထိုး တစ်ယောက်ဖြစ်သည်။ ပိုက်ဆံကို တစ်ပြားချင်းစုခဲ့သည်။ ထိုအချိန်တွင် မြေရှင်အချို့က ကွန်မျူနစ်များ ရောက်လာပြီး မြေယာပြုပြင်ရေး မလုပ်မီ သူတို့မြေများကို ဈေးချိုချိုဖြင့် ရောင်းသည်။ စားပွဲထိုးသည် နိုင်ငံရေးနားမလည်။ မြေအချို့ ဝယ်ထားလိုက်သည်။ မြတ်မှာပဲ သူထင်သည်။ မြေယာပြုပြင်ရေး လုပ်သည့်အခါ သူ့မြေများ ဆုံးရှုံးမက သူ ကိုယ်တိုင် လူတန်းစား ရန်သူဖြစ်လာသည်။

ရွာသားများသည် သူနှင့်သူ့ အိမ်ထောင်စုကို မလိုမလားမရှိသော်လည်း ဝေးဝေးက ဆက်ဆံသည်။ သို့သော်လည်း အခြားလူတန်းစား ရန်သူများနည်းတူ သူများမလုပ်ချင်သည့် အလုပ်များကို လုပ်ခိုင်းသည်။ သူတို့သည် အနည်းငယ် ပညာတတ်သည်။ သားနှစ်ယောက်ရှိသော်လည်း မည်သည့်မိန်းကလေးကမျှ အိမ်ထောင်ဘက်အဖြစ် မစဉ်းစား။ သူတို့နှင့်ပြောရဆိုရသည်မှာ အဆင်ပြေသည်။ နားလည်မှုရှိသည်။

တေယန်းမှာနေစဉ် ကျွန်မ စာဖတ်ဖြစ်သည်။ လူရွှန်း၏ စာများကို

ဖတ်သည်။ အဖေကလည်း လူရွှန်း၏ စာကို ကြိုက်သည်။ လူရွှန်းတွင် နိုင်ငံရေးသဘော တရားမရှိ။ လူသားချင်း စာနာထောက်ထားရေး ဝါဒကို သူဖြန့်သည်။ အဖေ စုဆောင်း ထားသည့် မတ်ဝါဒဂန္ထဝင်စာများကိုလည်း ဖတ်သည်။ မတ်၏ စာများကို ဖတ်ခြင်းအားဖြင့် ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်တိုးလာသည်။ အကျိုးအကြောင်း ဆင်ခြင်စဉ်းစားတတ်သည့် အကျင့်ရလာသည်။

ကျွန်မမှာ ရွာထဲတွင် လူချစ်လူခင် မများ။ လယ်ယာအလုပ်လုပ်ရာတွင် မကျွမ်းကျင်ခြင်းကြောင့် ဖြစ်ဟန်တူသည်။ အလုပ်လုပ်နိုင်သူကိုမှ သူတို့ သဘောကျသည်။ ကျွန်မကလည်း လက်ရုံးအားကိုး အလုပ်ကိုမုန်းသည်။ အလုပ်ကြမ်း မလုပ်နိုင်။ စာဖတ်၍သာ နေချင်သည်။ နှင်ငန်တုန်းကရသည့် အနာရောဂါများ ပြန်ရလာသည်။ အနာစိမ်းများပေါက်သည်။ ဝမ်းလျှောဝမ်းပျက်ဖြစ်သည်။ အားနည်းပြီး ခေါင်းထဲမှာ မူးဝေလာသည်။ သူတို့အဖို့ကား ကျွန်မကို ချူချာလွန်းသည်ထင်သည်။

သူတို့က မကျေနပ်သော်လည်း ကျွန်မ၏ ကုန်ထုတ်လုပ်ရေးအဖွဲ့က သွားလိုရာ သွားခွင့်ပြုထားသည်။

ထိုအတောအတွင်း ရှောက်ဟောင်မှာ အနီးအနားက ရွာတစ်ရွာတွင် အလုပ်မှာ အောင်မြင်နေသည်။ အလုပ်ကြမ်းကို သူလုပ်နိုင်သည်။ တစ်နေ့ အလုပ်မှတ် ရှစ်မှတ်ရသည်။ ချိန်တူမှ သူ့ချစ်သူ မျက်မှန်ကြီးရောက်လာပြီး ကူညီသည်။ မျက်မှန်ကြီး၏ အလုပ်ရုံမှာ ပိတ်ထားရသည်။ စက်ရုံအုပ်ချုပ်ရေး အဖွဲ့ ရိုက်ချိုးခံရသည်။ တော်လှန်ရေးကော်မီတီအသစ်က ကုန်ထုတ်လုပ်ရေးထက် တော်လှန်ရေးကို ဦးစားပေးလုပ်ကိုင်စေသည်။ တစ်ခါတစ်ရံ ချင်းယီ (မျက်မှန်ကြီး)သည် ရွာသို့ဆင်း ကာ ချစ်သူရှောက်ဟောင်၏ အလုပ်ကို ကူညီလုပ်ကိုင်ပေးသည်။ ထိုအခါ ရှောက်ဟောင် အနားရသည်။

နာနာနှင့်ကျွန်မတို့ နှစ်ယောက်သည် ရှောက်ဟောင်ကို အဖော်ခေါ်ပြီး မြို့ဈေးနေ့သို့ သွားလည်ကြသည်။ လယ်သမားများသည် ကြက်ဥကအစ ကြက်ကောင်လုံးကို သယ်လာပြီး ရောင်းတတ်သည်။

၁၉၇၀ နွေဦးတွင် ရှောက်ဟောင်နှင့် မျက်မှန်ကြီးတို့ လက်ထပ်ကြသည်။ ကျေးရွာဘုံရိပ်သာမှ လက်ထပ်စာချုပ်လက်မှတ်ကို ယူလာပြီး ရှောက်ဟောင်၏ ရွာသို့ သွားကြသည်။ သကြားလုံးများ၊ စီးကရက်များ ဝေသည်။ လယ်သမားများ ကျေနပ် ဝမ်းသာသည်။ ထိုကဲ့သို့သော အဖိုးတန်ပစ္စည်းများကို သူတို့ တစ်ခါတစ်ရံမှသာ သုံးစွဲဖူးသည်။

သူတို့ရွာ တစ်ရွာလုံးပျော်ကြသည်။ ရှောက်ဟောင်၏တဲသို့ သွားကာ လက်ဆောင်များပေးကြသည်။ သူတို့လင်မယားမှာ လယ်သမားကြီးများ၏ ခင်မင်မှုကို ခံယူရသဖြင့် ဝမ်းသာသည်။ နာနာနှင့် ကျွန်မ ရောက်သွားသည့်အခါ ရှောက်ဟောင် က ရွာမှကလေးများအား “သစ္စာထားအက” ကို သင်ကြား

ပေးနေသည်။

လက်ထပ်သဖြင့် ရှောက်ဟောင်သည် ရွာမှခွာခွင့်မရသေး။ သို့ဖြစ်ရာ ဇနီးမောင်နှံအတူ နေခွင့်မရ။ သို့သော်လည်း ချင်းယီသာ မြို့မှတ်ပုံတင်ကို စွန့်မည်ဆိုလျှင် ရှောက်ဟောင်နှင့် အတူနေရန် အခွင့်သာမည် ဖြစ်သည်။ ရှောက်ဟောင်အဖို့လည်း ချိန်တူသို့ မသွားနိုင်။ သူ့လက်ဝယ်တွင် ကျေးရွာမှတ်ပုံတင်သာ ရှိနေသည်။ တရုတ်ပြည်တွင် လင်မယားစုံတွဲပေါင်းများစွာသည် တကွဲတပြားစီ နေထိုင်လျက်ရှိသည်။ တစ်နှစ်တွင် ဆယ့်နှစ်ရက်ခွင့်ရပြီး အတူနေနိုင်ကြသည်။ သူတို့ကား ကံကောင်းသည်။ ချင်းယီ၏ စက်ရုံသည် ပုံမှန်လည်ပတ်သည့် အဆင့်မရောက်သေး။ သို့ဖြစ်ရာ တေယန်းတွင် နေချိန်များစွာရသည်။

တေယန်းတွင် တစ်နှစ်အလုပ်လုပ်ပြီးနောက် ကျွန်မဘဝသည် အပြောင်းအလဲတစ်ခု ကြုံလာသည်။ ကျွန်မတို့ ကုန်ထုတ်လုပ်ရေးအဖွဲ့က ရိုးရိုးဖျားနာရောဂါတို့ကို ကုသပေးမည့် ဆေးခန်းတစ်ခုဖွင့်ရန် စီစဉ်သည်။ ကုန်ထုတ်လုပ်ရေးအသင်း အားလုံးက ငွေကြေးထောက်ပံ့သည့် ဆေးခန်းဖြစ်သည်။ ဆေးခန်းသို့လာ၍ ကုသလျှင် ပိုက်ဆံပေးစရာမလို။ အခမဲ့ကုသခွင့်ရှိသည်။ သို့သော်လည်း အနည်းစု ကိုသာ ကုသနိုင်သည်။ ဆရာဝန်နှစ်ယောက်ရှိပြီး တစ်ယောက်မှာ ၁၉၅၀ လွန်နှစ်များ တွင် ဖွင့်လှစ်သည့် တေယန်းခရိုင်ဆေးကျောင်းမှ ဘွဲ့ရတစ်ယောက်ဖြစ်သည်။ သူကား ပညာတော်သည်။ သူ့ဇာတိသို့ ပြန်လည်အမှုထမ်းရန် စိတ်အားထက်သန်သူ တစ်ယောက်ဖြစ်သည်။ နောက်တစ်ယောက်မှာ လူလတ်ပိုင်းအရွယ်ဖြစ်ပြီး တရုတ်ရိုးရာ ဆေးပညာဖြင့် ကုသသည့်သူဖြစ်သည်။ ၁၉၆၄ တွင် သူ့ကို အနောက်တိုင်းဆေးပညာသင်တန်းတက်ရန် ဘုံရိပ်သာက စေလွှတ်ခဲ့သည်။

၁၉၇၀ အစပိုင်းတွင် စေတနာ့ဝန်ထမ်း ဆရာဝန်တစ်ယောက် ဆေးခန်းတွင်ခန့်ထားရန် ဘုံရိပ်သာအာဏာပိုင်တို့က စီစဉ်သည်။ စေတနာ့ဝန်ထမ်းဆရာဝန်ကို ဆေးခန်းက ဖိနပ်မစီးသော ဆရာဝန် (barefoot doctor) ဟု နာမည်ပေးသည်။ ဆရာဝန်သည် လယ်သမားလိုနေထိုင်ပြီး လယ်သမားလို ဖိနပ်မစီးဘဲ လယ်တွင်းထဲလျှောက်သွားကာ လူနာရှိရာသို့ လိုက်လံကုသမည့်သူဖြစ်သည်ဟု သူတို့ကဆိုသည်။ ထို့ကြောင့် စေတနာ့ဝန်ထမ်း ဆရာဝန်ကို ဖိနပ်မစီးသော ဆရာဝန် ဟု တင်စားခေါ်ဝေါ်ခြင်း ဖြစ်သည်။ ထိုအချိန်တွင် စေတနာ့ဝန်ထမ်း ဆရာဝန်များ သည် ယဉ်ကျေးမှုတော်လှန်ရေးက ပေါက်ဖွားလာသူများဖြစ်သည်ဟု ပြည်သူတို့က အားရဝမ်းသာကြွေးကြော်ဆိုနေကြချိန် ဖြစ်သည်။ ကျွန်မ၏ ကုန်ထုတ်လုပ်ရေးအဖွဲ့က ကျွန်မကို သူတို့အဖွဲ့မှ ဖယ်ထုတ်ချင်နေသည်။ အကယ်၍ ကျွန်မသာ ဆေးပေးခန်း တွင် အလုပ်လုပ်မည်ဆိုလျှင် ရိက္ခာနှင့်အခြားဝင်ငွေများကို ကုန်ထုတ်တပ်မဟာက တာဝန်ယူလိမ့်မည်ဖြစ်ကြောင်း ပြောပြသည်။

ကျွန်မသည် ဆရာဝန်ဖြစ်ချင်စိတ်ရှိခဲ့သည်။ အဘွားနာဖျားမကျန်းဖြစ်ပြီး

ကွယ်လွန်သွားသည့်အခါ ဆရာဝန်၏ တန်ဖိုးကို ပို၍သိလာသည်။ တေယန်းသို့ မသွားမီ အပ်စိုက်ကုနည်းကို သူငယ်ချင်းတစ်ယောက်ထံမှ သင်ယူခဲ့သည်။ တစ်ဖန် စေတနာ့ဝန်ထမ်း ဆရာဝန်တစ်ယောက်၏ လက်စွဲကျမ်းဆိုသော စာအုပ်ကိုလည်း ဖတ်ဖူးသည်။ ထိုအချိန်က ရှားရှားပါးပါး ပုံနှိပ်ထုတ်ဝေသည့် စာအုပ်ဖြစ်သည်။

ဤသည်မှာ မော်၏ နိုင်ငံရေးကျားကွက်တစ်ခုဖြစ်သည်။ ယဉ်ကျေးမှုတော်လှန်ရေးမတိုင်မီခေတ်က ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းများကို သူ မကြိုက်။ ကျေးလက်မှ လယ်သမားတို့၏ ကျန်းမာရေးကို ဂရုမစိုက်။ မြို့နေလူထု အထူးသဖြင့် ပါတီအရာရှိများကိုသာ ဆေးကုသူများဖြစ်သည်။ ဆရာဝန်များသည် ကျေးလက်သို့မသွားချင်။ ဝေးလသည့် အရပ်များသို့ မသွားချင် သူများဖြစ်သည်ဟု ရှုတ်ချသည်။ သို့သော်လည်း မော်သည် အစိုးရအဖွဲ့၏ အကြီးအကဲအဖြစ် ထိုအခြေအနေများ ပပျောက်အောင် လက်တွေ့မဆောင်ရွက်ခဲ့။ ဆရာဝန်များများမွေးထုတ်ဖို့လည်း သူမညွှန်ကြား။ ယဉ်ကျေးမှုတော်လှန်ရေးခေတ်တွင်မူ ဆေးဝါးကုသရေး ကျန်းမာရေး အခြေအနေတို့မှာ ယိုယွင်းလာသည်။ လယ်သမားများ၏ ကျန်းမာရေးကို ကြည့်ရှုရန် ဆရာဝန်များမရှိခဲ့ခြင်းကို အကြောင်းပြုပြီး ယဉ်ကျေးမှုတော်လှန်ရေးမတိုင်မီခေတ် ပါတီစနစ်ကို ပြစ်တင်ဝေဖန်သည်။ ပညာတတ်များကို ဝေဖန်သည်။ ပညာတတ် လူတန်းစားတွင် ဆရာဝန်များ သူနာပြုများပါဝင်သည်။

လယ်သမားများ၏ ရောဂါဝေဒနာတို့ ပဋ္ဌလက်နည်းဖြင့် ယူပစ်လိုက်သလို ပျောက်ကင်းသွားမည်။ ဆရာဝန်များ အစုလိုက်အပြုံလိုက် မွေးထုတ်မည်။ သူတို့သည် စေတနာဝန်ထမ်းဆရာဝန်များ သို့မဟုတ် ရွံ့ထဲလျှောက်သွားမည့် ဖိနပ်မစီးသော ဆရာဝန်များဖြစ်သည်။ သူတို့ကို လက်တွေ့ကုသခြင်းက ပညာသင်ကြားပေးလိမ့်မည်။ ၁၉၆၅ ဇွန် ၂၆ တွင် ကျန်းမာရေးနှင့် ပညာရေး လမ်းညွှန်ချက်တစ်ခု ထုတ်ပြန်သည်။ ယင်းမှာ "စာအုပ်များများ ဖတ်လေလေ ပို၍ မိုက်မဲလေလေဖြစ်သည်" ဖြစ်သည်။ ကျွန်မသည် သင်တန်းမတက်ဘဲ ဆေးကုသည့် အလုပ်ကို တာဝန်ယူရတော့မည်။

ကျွန်မနေသည့်တဲမှ တစ်နာရီလမ်းလျှောက်သွားလျှင် တောင်ကုန်းတစ်ခု၏ ထိပ်ရှိ ခန်းမကြီးတစ်ခုသို့ ရောက်သွားသည်။ ယင်းမှာ ကျေးရွာဆေးပေးခန်း ဖြစ်သည်။ ကပ်လျက် ဈေးဆိုင်လေးတစ်ခုတွင် မီးခြစ်၊ ဆားနှင့် ပဲပိစပ်တို့ ရောင်းသည်။ ယင်းတို့အားလုံးမှာ ရာရှင်ဝေသည့် ရိက္ခာများဖြစ်သည်။ ခွဲစိတ်ခန်းတစ်ခုသည် ကျွန်မ အိပ်ခန်းဖြစ်လာသည်။ ကျွန်မဘာတာဝန်ယူရမည် အတိအကျမသိရသေး။

ကျွန်မတွင် စေတနာ့ဝန်ထမ်း ဆရာဝန်လက်စွဲစာအုပ်တစ်ခုသာ လက်ကိုင်ရှိသည်။ ဆေးခန်းတွင် စားပွဲတစ်ခု၌ ကျွန်မထိုင်သည်။ ကျွန်မ နောက်တွင် အခြားစားပွဲနှစ်ခု၌ ဆရာဝန်နှစ်ယောက်ထိုင်နေသည်။ လူနာရောက်လာလျှင် အတွေ့အကြုံမရှိသော ဆယ့်ရှစ်နှစ်သမီးတစ်ယောက် စာအုပ်ဖါးပါးတစ်ခုဖတ်

နေသည်ကို တွေ့ရသဖြင့် ကျွန်မကိုကျော်ကာ ဆရာဝန်များဆီသို့ သွားသည်။ ကျွန်မ စိတ်ထဲမှာ ပေါ့ပါးသွားသည်။ ကျွန်မကို စော်ကားသည်ဟု မယူဆ။ စေတနာ့ဝန်ထမ်း ဆရာဝန်ဆိုသည် အရာရှိများကို ကုသပေးရန်မဟုတ်။ ပြည်သူကို ဆေးကုသရမည်။ သို့နှင့် ကျွန်မသည် သူနာပြုအဖြစ် သတ်သတ်မှတ်မှတ် တာဝန်ယူရသည်။ ထိုအခါ ကျွန်မ ဝမ်းသာသည်။ ဆရာဝန်ညွှန်သည့်ဆေးများကို လူနာများအား ပေးရသည်။ ဆေးထိုးပေးရသည်။ အမေ သွေးသွန်တုန်းက ဆေးထိုးသည့်အတတ်ကို ကျွန်မနားလည်တတ်ကျွမ်းခဲ့သည်။

လူငယ်ဆရာဝန်လေးမှာ ဆေးကျောင်းဆင်း ဖြစ်သည်။ သူက တရုတ် တိုင်းရင်းဆေးဖြင့် ကုသသည့်အခါ ရောဂါအတော်များများ ပျောက်ကင်းသည်။ သူသည် တာဝန်သိသည်။ ဝတ္တရားကျေပွန်သည်။ ကျေးရွာများသို့ သွားသည်။ အချိန် အားရလျှင် တိုင်းရင်းဆေးမြစ်ဆေးဥများကို လိုက်လံစုဆောင်းသည်။ မုတ်ဆိတ်မွေး နှင့် အခြားဆရာဝန်ဆေးကုပုံကြည့်ကာ ကျွန်မထိတ်လန့် တုန်လှုပ် မိသည်။ သူသည် တာဝန်ကျေ ပေါ့ပေါ့တန်တန်လုပ်သည်။ အပ်တစ်ချောင်းတည်းဖြင့် လူနာများစွာကို ဆေးထိုးသည်။ အပ်ကို ရေနွေးတွင် ပြုတ်မနေတော့။ ပင်နီစီလင်ထိုးသည့်အခါ စမ်းသပ်ခြင်းမပြု။ ကြောက်စရာကောင်းသည်။ တရုတ်ပင်နီစီလင်သည် တည့်မတည့် စမ်းပြီးမှ ထိုးရသည်။ အဆင်မသင့်လျှင် ဆေးနှင့်မတည့်ပြီး အန္တရာယ်ဖြစ်နိုင်၊ သေသွားနိုင်သည်။ ကျွန်မက သူ့အစား ဆေးထိုးပေးပါမည်ဟု ယဉ်ကျေးစွာ တာဝန် လွှဲယူရသည်။ သူက ပြုံးပြီး “လယ်သမားတွေက မြို့ပေါ်ကလူတွေလို နုနုနယ်နယ် လေးတွေ မဟုတ်ပါဘူး” ဟု ပြောသည်။

ဆရာဝန်နှစ်ယောက်ကို ကျွန်မ နှစ်သက်စပြုလာသည်။ ကျွန်မ အပေါ် ကြင်နာစွာဆက်ဆံသည်။ မသိ၍မေးလျှင် ရှင်းပြသည်။ ကျွန်မကို အန္တရာယ်ပြုမည့်သူဟု သူတို့မမြင်။ ကျေးလက်တွင် အတတ်ပညာကျွမ်းကျင်မှုသာလိုသည်။ နိုင်ငံရေးစကားလုံးတွေ မလို။

တောင်ကုန်းပေါ်က ဆေးခန်းလေးတွင် နေထိုင်ရသည်ကို ကျွန်မ ပျော်သည်။ ရွာများနှင့်ကား ဝေးသည်။ မနက်တိုင်း စောစောအိပ်ရာမှ ထပြီး တောင်စောင်း မှာ လမ်းလျှောက်သည်။ တက်သစ်စနေကို ကြည့်ကာ ရှေးဟောင်းကဗျာစာအုပ် တစ်ခုမှ အပ်စိုက်ကုထုံးကဗျာတစ်ပိုဒ်ကို ရွတ်ဖတ်သည်။ ကျွန်မ၏ အောက်ဘက်တွင် လင်းကြက်တွန်သံနှင့်အတူ လယ်ကွင်းများ လယ်တဲများ သည် လူးလွန့်နိုးထလာသည်။ ကောင်းကင်ယံတွင် သောကြာကြယ်ကြီးတစ်လုံးသည် တောက်ပြောင်သည် ထက် တောက်ပြောင်လာသည်။ နံနက်ခင်း လေပြည်နှင့်အတူ သင်းပျံ့သည့် ပန်းရနံ့ များကို ရှူရှိုက်ရသည်။ ကျေးငှက်သာရကာတို့ ပျံဝဲကာ တီတီတာတာ တေးဆိုကြသည်။ ကဗျာရွတ်နေရာမှ သူတို့၏ အသံကို နားစွင့်ကာ ခဏတာမျှ ငေးမောနေမိသည်။ ထိုနောက် နံနက်စာ ပြင်ဆင်ရန် မီးဖိုကို မီးညှိရသည်။

ခန္ဓာဗေဒ ကားချပ်တစ်ခု အကူအညီဖြင့် အပ်စိုက်ကုထုံးကဗျာများကို

ကျွန်မလေ့လာသည်။ ဘယ်ရောဂါအတွက် ဘယ်နေရာမှာ အပ်စိုက်ရမည်ကို အတိအကျမသိသေး။ လူနာများကိုသာ စောင့်မျှော်နေရသည်။ ရွာနီးချုပ်စပ်တွင်ချိန်တူမှ လူငယ်လေးများ ရောက်နေသည်။ ကျွန်မကိုလည်း သူတို့ ပိုးချင်ပန်းချင်ကြသည်။ အပ်စိုက်ခံရန် နာရီပေါင်းများစွာ လမ်းလျှောက်၍ လာကြသည်။ လူငယ် တစ်ယောက်ဆိုလျှင် အင်္ကျီလက်မောင်းကို ပင့်တင်ပြီး တံတောင်ဆစ်မှာ အပ်စိုက်ခံရန် အသင့်ပြင်ရင်း ရဲတင်းသည့် မျက်နှာဖြင့် ကျွန်မကို ကြည့်ကာ "ယောက်ျားလေး သူငယ်ချင်းတွေဆိုတာ ကူညီရမှာပေါ့" ဟု ဆိုသည်။

သူတို့ထဲက တစ်ယောက်ယောက်နှင့်မျှ ချစ်ကြိုက်ရန် ကျွန်မ မရည်မှန်း မိသေး။ အဖေ၊ အမေနှင့် အဘွားကိုကူညီရမည်ဖြစ်သဖြင့် ရည်းစားမထားတော့ပါဟု သော ဆုံးဖြတ်ချက်သည်ကား စောစောကလို ခိုင်ခိုင်မြဲမြဲမရှိတော့။ သို့သော်လည်း အချစ်မပါဘဲ မည်သူ့ကိုမျှ မရင်းနှီးချင်။ ကျွန်မဝန်းကျင်တွင် မြို့ကြီးသားများ မြို့ကြီး သူများသည် လွတ်လွတ်လပ်လပ် ဆက်ဆံနေကြသည်။ ကျွန်မသည် တစ်ယောက် တည်း ကျောက်သားပြင်တစ်ခုပေါ်မှာ ရပ်နေသည်။ ကျွန်မ ကဗျာစပ်နေသတဲ့ ဟူသော သတင်းစကားများ ပျံ့လွင့်သွားသည်။ ထို့ကြောင့် မည်သူမျှ မနှောင့်ယှက် ကြတော့ပေ။

နွေးထွေးသော ညနေခင်းများတွင် မွှေးပျံ့သည့် တရုတ်ပရဆေးဥယျာဉ် အလယ်တွင် ကျွန်မတစ်ယောက်တည်း ထိုင်နေသည်။ တစ်ဖက်ဈေးဆိုင်သည် ညတွင် မဖွင့်။ ကျွန်မတစ်ယောက်တည်းသာ ရှိနေသည်။ ညသည် မှောင်သည်။ လရောင် ပြိုးပြိုးပြက်ပြက်သာ လင်းသည်။ အဝေးရှိ လယ်တဲလေးများမှ မီးရောင်များ မှိတ်တုတ် မှိတ်တုတ် လက်နေသည်။ တစ်ခါတစ်ရံ ပိုးစုန်းကြူးများ ပျံဝဲနေသည်။ ပန်းရနံ့ သင်းပျံ့ပျံ့ကို ရှူရှိုက်ရင်း ဘဝမှာ ကြည်နူးသာယာ နေမိသည်။ အေးချမ်းသည့် ဘဝမှာ ခိုလှုံရသည်မှာ ပျော်စရာကောင်းသည်။

*****

[၂၄]
ငါ့ကို ခွင့်လွှတ်ပါ

အဖေနှင့်အမေတို့၏ အကျဉ်းစခန်းများ
(၁၉၆၉ - ၁၉၇၂)

ချိန်တူမှ ထရပ်ကားနှင့် သုံးရက်ခရီးသွားလျှင် ဆီချင်မြောက်ပိုင်း ကျွဲကျောင်းသား မြေပြန့်သို့ ရောက်သည်။ ထိုဒေသတွင် လမ်းဆုံလမ်းခွတစ်ခုရှိသည်။ တစ်လမ်းသည် အနောက်တောင်ဘက် မီယီသို့သွားသည်။ ထိုအရပ်တွင် အဖေ ရှိသည်။ နောက် လမ်းတစ်ခုသည် နင်ငန်သို့သွားသည်။

ကျွဲကျောင်းသားမြေပြန့်သို့ ၁၉၆၉ နိုဝင်ဘာတွင် အရှေ့ပိုင်းခရိုင်မှ အပေါင်း အသင်းဟောင်း ၅၀၀ နှင့်အတူ အမေရောက်သည်။ ယင်းတို့တွင် သူပုန်အုပ်စုနှင့် အရင်းရှင်လမ်းကြောင်းလိုက်သူများ ပါဝင်သည်။ ချိန်တူမှ အမြန်ထွက်ခွာရမည်ဟု အမိန့်ပေးသဖြင့် ချက်ချင်းထွက်လာခဲ့ရသူများ ဖြစ်သည်။ နေစရာခက်ခဲသည်။ ချိန်တူ ကူမင်းရထားလမ်းဖောက်သူ စစ်တပ်အင်ဂျင်နီယာများ နေခဲ့သည့် တဲအိမ်လေး များတွင် နေထိုင်ကြရသည်။

ထိုအရပ်တွင် စက်မရှိ။ လျှပ်စစ်မီးမရှိ။ ခိုင်းစရာကျွဲနွားများပင်မရှိ။ မြေပြန့်လွင်ပြင်တစ်ခုသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅,၀၀၀တွင် တည်ရှိသည်။ တစ်နေ့တွင် ရာသီဥတုလေးကြိမ် အပြောင်းအလဲရှိသည်။ မနက် ခုနစ်နာရီတွင် အမေတို့ အလုပ်စလုပ်ရသည်။ ထိုအချိန်တွင် ရေခဲမှတ် ရောက်အောင်အေးသည်။ နေ့လယ်မွန်းတည့်လျှင် ၈၀ ဒီဂရီအထိ အပူချိန်တက်လာသည်။ ညနေ ၄ နာရီတွင် တောင်များကိုကျော်ဖြတ်လာသည့် လေပူများတိုက်ခတ်သည်။ အလုပ်သိမ်းသည့် ညနေခုနစ်နာရီတွင် အပူချိန်ကျသွားပြီး အေးလာသည်။ ထိုရာသီမျိုးတွင် အမေနှင့် အခြားအကျဉ်းသားတို့မှာ တစ်နေ့ ၁၂ နာရီ အလုပ်လုပ်ရသည်။ နေ့လယ်စာစားချိန် တွင် ခဏနားရသည်။ ပထမလ အနည်းငယ်တွင် ထမင်းနှင့်ဂေါ်ဖီထုပ်ပြုတ်များ စားရသည်။

စခန်းကို စစ်တပ်အတိုင်း အုပ်ချုပ်ပြီး ချိန်တူတော်လှန်ရေးကော်မီတီ လက်အောက်၌ ထားရှိသည်။ အမေကို လူတန်းစားရန်သူအဖြစ် သတ်မှတ်သည်။ နေ့လယ်စာစားချိန်တွင် တစ်ချိန်လုံး ဦးညွှတ်ခေါင်းငုံ့ ထားရသည်။ အမေက ခြေထောက်များမသန်။ ညောင်းသဖြင့် တစ်နေကုန်အလုပ်မလုပ်နိုင်ဟု ကန့်ကွက်သည်။ တော်လှန်ရေးကော်မီတီတွင် အမေနှင့်အလွမ်းသင့်သည့် အရာရှိများ ပါဝင်ရာ နားခွင့်ပြုသည်။ သို့သော်လည်း အကြမ်းဆုံးအလုပ်များကို

ပေးသည်။ အခြား အကျဉ်းသားများလို တနင်္ဂနွေနေ့များတွင် မနားရ။ သားအိမ်မှ သွေးသွန်သည်မှာ ပို၍ ဆိုးလာသည်။ ထို့နောက် အသည်းရောင်ရောဂါရသည်။ တစ်ကိုယ်လုံးဝါပြီး ယောင်ရမ်းလာသည်။ မတ်တပ်ပင်မရပ်နိုင်။

စခန်းတွင် ဆရာဝန်များရှိသည်။ အမေ့ကို ကြည့်သည့် ဆရာဝန်က အမေ့ကို ကျေးဇူးတင်ကြောင်း၊ ယဉ်ကျေးမှုတော်လှန်ရေးတွင် အမေအကာအကွယ်ပေးခဲ့သဖြင့် ဒုက္ခမရောက်ကြောင်း ပြောပြသည်။ သို့မဟုတ်လျှင် ၁၉၅၇ တုန်းကလို လက်ျာသမားဟု အစွပ်စွဲခံရမည်ဖြစ်သည်။ အနောက်တိုင်း ဆေးများမရှိ။ အသည်းယောင်ရောဂါကို တရုတ်ဆေးဖြင့် ကုသပေးသည်။

သူ့ရောဂါသည် ကူးစက်တတ်သည်ဟု ပြောသဖြင့် အမေကို တစ်ယောက်တည်း ခွဲထားသည်။ ယင်းမှာ မိုင်ဝက်ခန့်ဝေးသည်။ နေ့တိုင်း ဆရာဝန်လာ၍ ကြည့်သည်။ ဆိတ်နို့သောက်ရသည်။ ယခုအမေနေရသည်မှာ ဝက်ခြံဟောင်းဖြစ်သည်။ ကြင်နာသူများက ကောက်ရိုးများခင်းပေးသည်။ စားစရာများ ပို့သည်။ လူမသိအောင် ကြက်ဥများ ထည့်ပေးသည်။ အမဲသားပေါ်သည့်အခါ နေ့စဉ်အမဲသားစားရသည်။ တခြားသူများမှာ တစ်ပတ်တစ်ခါသာ စားရသည်။ ကံကောင်းထောက်မ၍ အသည်းယောင်ရောဂါရခြင်းဟု အမေ ထင်သည်။

ရက်လေးဆယ်ရှိလျှင် သက်သာလာပြီး စခန်းဟောင်းသို့ ပြန်၍နေရသည်။ မြေပြန့်တွင် မိုးမရွာ။ လျှပ်စီးလက်သည်။ မိုးကြိုးပစ်သည်။ ဘေးပတ်လည် တောင်များတွင် မိုးရွာသည်။ သူတို့နေရာတွင်ကား မိုးကြိုးမုန်တိုင်း မကြာခဏကျရောက်သည်။ ပူလွန်းသဖြင့် ကောက်ပဲသီးနှံမဖြစ်ထွန်း။ မစိုက်ပျိုးနိုင်။

ညအခါတွင် ဝက်များကို ဝံပုလွေဝင်၍ မဆွဲအောင် ကင်းစောင့်ကြရသည်။ ဝံပုလွေများသည် အလွန်ပါးသည်။ ဝက်ခြံထဲရောက်လျှင် ဝက်၏ နားရွက်နောက်ဘက်ကို လျှာဖြင့် လျက်သည်။ ဝက်မှာ အရသာခံကောင်းသဖြင့် မလှုပ်။ အသံလည်း မပြု။ ထိုအခါ ဝက်နားရွက်ကို ကိုက်ပြီး ချီပြေးသည်။ လမ်းတွင် တစ်ချိန်လုံး သူ့ အမြီးဖြင့် ဝက်ကို ပွတ်သပ်ပေးသွားသည်။

ဝံပုလွေသည် မီးကိုကြောက်သည်ဟု လယ်သမားတို့က ပြောသည်။ တစ်ညနေတွင် အမေသည် ရေကန်လေးတစ်ခုတွင် အဝတ်လျှော်နေသည်။ ခေါင်းမော့လိုက်သည်တွင် ရေကန်တစ်ဖက် ကိုက်နှစ်ဆယ်လောက်၌ မျက်လုံး နီရဲရဲဖြင့် ဝံပုလွေတစ်ကောင်ရပ်နေသည်ကို မြင်ရသည်။ ငယ်ငယ်က ကြားဖူးနားဝရှိသည်မှာ ဝံပုလွေနှင့်တွေ့လျှင် ကြောက်ဟန်မပြရ။ နောက်ပြန်ဆုတ်ပြေးရမည်။ သို့ဖြစ်ရာ အမေလည်း ဟန်မပျက်ဘဲ နောက်ပြန်ဆုတ်သည်။ ဝံပုလွေက တစ်လှမ်းချင်း ရှေ့တိုးပြီး လိုက်သည်။ စခန်းအစွန်ရောက်လျှင် ဝံပုလွေ ရပ်သည်။ မီးရောင် ကိုမြင်ရကာ အသံများကြားရသည်။ အမေလည်း လှည့်ပြေးပြီး တံခါးဆီသို့ ဝင်ပြေးသည်။

ဆီချင်တွင် ညများ၌ မီးပုံသာလျှင် အလင်းရောင် ပေးနိုင်သည်။ လျှပ်စစ်မီး

မရှိ။ ဖယောင်းတိုင်မှာ ရှားပါးပစ္စည်းဖြစ်ပြီး ဈေးကြီးသည်။

အချိန်ကြာလာလျှင် အားလုံးစိတ်ခေတ်ကျလာသည်။ အတိတ်ကတတ်တက်ကြွကြွလုပ်ခဲ့သမျှ ဘာမျှအရာမထင်။ ချိန်တူတွင် သူတို့ပြန်လည်အာဏာရဖို့ အကြောင်းမမြင်။ သူပုန်အုပ်စုကို အမေက အားပေးရသည်။ ဘဝတူအကျဉ်းသားများက အမေ့ကို အကြင်နာမိခင် "ကွမ်ယင်" မယ်တော်ဟု နာမည် ပေးကြသည်။

"မှောင်မိုက်သော ညများတွင် အမေသည် ကလေးများ၏ ငယ်စဉ် ဘဝကို ပြန်လည်သတိရသည်။ ယခုမူ သူသည် သားသမီးများနှင့် ကင်းကွာနေသော မိခင်တစ်ယောက်ဖြစ်လာသည်။ ငယ်စဉ်က ပါတီအတွက် လုပ်ခဲ့သမျှ ယခုအရာမထင်တော့ပြီ။ အဓိပ္ပာယ်လည်းဘာမျှမရှိ။

၁၉၇၀ ဖေဖော်ဝါရီတရုတ်နှစ်သစ်ကူးပွဲတော်မတိုင်မီ ဆယ်ရက်အလိုတွင် အမေတို့ အဖွဲ့သည် သူတို့စခန်းသို့ စစ်ဆေးရန်လာမည့် တပ်မှူးတစ်ယောက်ကိုကြိုဆိုရန် တန်းစီကာ အသင့်အနေအထားမှာ ရပ်နေကြသည်။ အချိန်အတော်ကြာ စောင့်နေပြီးနောက် အဝေးလမ်းမဆီမှ လူတစ်ယောက်ပုံသဏ္ဍာန် ခပ်သေးသေးကို လှမ်း၍မြင်ရသည်။ တလှုပ်လှုပ် ရွေ့လာနေသူကို သူတို့အားလုံး စိုက်ကြည့်နေကြသည်။ ပုဂ္ဂိုလ်ကြီးကြီးတစ်ယောက် မဟုတ်နိုင်။ ပုဂ္ဂိုလ်ကြီးကြီး တစ်ယောက်ဆိုလျှင် ကားနှင့်လာမည်။ သို့သော်လည်း ဒေသခံ လယ်သမားတစ်ယောက်လည်း မဖြစ်နိုင်။ ခေါင်းမှာပတ်ထားသည့် လည်စီးအနက်မှာ စတိုင်ကျလှသည်။ နီးလာလျှင် ကျောတွင် တောင်းတစ်ခု သယ်လာသည့် အမျိုးသမီးငယ်တစ်ယောက် ဖြစ်နေသည်ကို တွေ့ရသည်။ တဖြည်းဖြည်း နီးလာလျှင် အမေ့ရင်ထဲမှာ တဒိန်းဒိန်းခုန်လာသည်။ ကျွန်မနှင့် တူသည်ဟု ထင်သည်။ သို့ပေမယ့် စိတ်ကူးယဉ်တာလည်း ဖြစ်နိုင်သည်။ "အားဟောင် ဆိုရင် သိပ်အံ့ဩစရာကောင်းတာပဲ" ဟု သူတွေးမိသည်။ ထိုခဏတွင် သူ့ဘေးမှ လူတွေက "အဲဒါ မင်းရဲ့သမီးပဲ။ မင်းကို အားဟောင် လာတွေ့တာပဲ" ဟု အော်၍ ပြောကြသည်။

ဤသည်မှာ အမေ့ဆီသို့ ကျွန်မသွား၍ တွေ့သည့်အခါ အမေ အံ့ဩပုံ ဖြစ်သည်။ ယင်းမြင်ကွင်းကို အမေတစ်သက်လုံး အမှတ်ရနေမည်ဖြစ်သည်။ ကျွန်မသည် အကျဉ်းစခန်း၏ ပထမဆုံးဧည့်သည်ဖြစ်သည်။ ဝမ်းသာအားရ ကြိုဆိုသူရှိသလို မနာလိုသူလည်း ရှိသည်။ အတူပါလာသည့် တောင်းထဲတွင် ဝက်အူချောင်းများ၊ ကြက်ဥများ၊ သကြားလုံးများ၊ ကိတ်မုန့်များ၊ ခေါက်ဆွဲ၊ သကြားနှင့် စည်သွတ်ဘူး များပါလာသည်။ သားသမီးအားလုံးနှင့် မျက်မှန်ကြီးတို့၏ လက်ဆောင်များဖြစ်သည်။ ထူးခြားချက်နှစ်ခု တွေ့ရသည်။ အမေသည် နေကောင်းနေသည်။ အသည်းရောင်ရောဂါမှ နာလန်ထစဖြစ်သည်။ နောက်တစ်ချက်မှာ သူ့ပတ်ဝန်းကျင်သည် နွေးထွေးခြင်းဖြစ်သည်။ တချို့က သူ့ကို မယ်တော်ကွမ်ယင်ဟူ၍ နာမည် ပေးထားသည်။

အမေမှာ အနည်းငယ်အိုစာသွားသည်။ သုံးဆယ့်ရှစ်နှစ်ထက် ဆယ်နှစ်လောက် ပိုကြီးနေသည်။ အမေ့ဆီတွင် ဆယ်ရက် ကျွန်မနေသည်။ နှစ်သစ်ကူးနေ့တွင် အဖေ့ဆီသို့ ခရီးဆက်ရန် ဒရိုင်ဘာနှင့် အချိန်းအချက် လုပ်ခဲ့ပြီး ဖြစ်သည်။ အလာတုန်းက ကားပေါ်မှ ချထားခဲ့သည့်နေရာတွင် သူ့ကားကို စောင့်သည်။ အဖေနှင့် အမေတို့စခန်းမှာ နီးသော်လည်း တွေ့ခွင့် မပြု။ အမေသည် ကျွန်မသယ်လာသည့် စားစရာများကို တောင်းတွင်ထည့်ကာ အဖေ့အတွက် ပေးလိုက်သည်။ ကျွန်မနှင့်အတူ ကားလမ်းဆုံသို့ အမေလိုက်လာသည်။ နေကပူသည်။ အမေသည် ကျွန်မကိုဖက်ထားသည်။ နောက်ထပ် ပြန်မတွေ့ရမှာ သူပူနေသည်။ ထိုအချိန်ကမူ အကျဉ်း စခန်းများ ဘယ်အချိန်တွင် ဖျက်သိမ်းမည်မသိ။ အမေ ဝမ်းနည်းနေသည်။ ချက်ချင်း ပင် ကျွန်မကိုပါ ကူးစက်လာသည်။ နင်ငန်မှ ပြန်မရောက်ခင် အဘွား ကွယ်လွန် သွားသည်ကို အမှတ်ရနေသည်။

နေမြင့်လာပြီ။ ထရပ်ကားမလာသေး။ ကျွန်မအတွက် နှစ်သစ်ကူး လက်ဆောင်မပေးရသေးသည်ကို အမှတ်ရပြီး စခန်းသို့ ပြန်ယူမည်ဟု ဆိုသည်။ သူထွက်သွားစဉ် ထရပ်ကားရောက်လာသည်။ စခန်းဆီသို့ စောင်းငဲ့ကြည့်ရာ သူပြေး လာနေသည်ကို မြင်ရသည်။ ဒရိုင်ဘာကို စောင့်ပါဦးဟု ကျွန်မ မပြောချင်။ သို့ဖြစ်ရာ ကားပေါ်တက်သည်။ အမေ ပြေးလာနေသည်ကို မြင်နေရသည်။ မီနိုင်ဖွယ်မရှိ။ ကျွန်မ ကားပေါ် တက်သွားသည်ကို မြင်လျှင် အမေ ပုံလျက် လဲကျသွားသည်။

နာရီပေါင်းများစွာ ကားပေါ်မှာ အခုန်အဆောင့်ခံပြီး လိုက်ခဲ့ရာ နောက်ဆုံးတွင် အဖေ၏ စခန်းသို့ ရောက်သွားသည်။ တောင်ကြီးများ၏ ဟိုဘက်တွင် ဖြစ်ပြီး အလုပ်ကြမ်းရဲဘက်စခန်းတစ်ခုအသွင်ဖြစ်သည်။ စခန်းမှာကြီးသည်။ ပြည်နယ်အစိုးရ၏ ဝန်ထမ်းဟောင်း ထောင်ပေါင်းများစွာ ရှိနေသည်။

ကားလမ်းမမှ စခန်းရှိရာသို့ နာရီပေါင်းများစွာ လမ်းလျှောက်ရသည်။ ကြိုးတံတားတစ်ခုကို ဖြတ်ရသည်။ တောင်တွေဝိုင်းနေသည့် စခန်းဖြစ်ပြီး ပတ်ဝန်းကျင်မှာ သာယာသည်။ နွေဦးပေါက်ဖြစ်ရာ တောပန်းများ ဖူးပွင့်နေသည်။ ရောင်စုံ ဥဒေါင်းများကို ဆီးပင်ရိပ်မှာ တွေ့ရသည်။

အဖေ့ကို တစ်နှစ်ကျော်ကြာပြီးနောက် ယခုတွေ့ရသည့်အခါ စိတ်ညစ်စရာ စိတ်ထိခိုက်စရာ ကောင်းသည်။ အဖေသည် တောင်းနှစ်ခုတွင် အုတ်များကိုထည့်ကာ သယ်ယူနေသည်။ ခြေသလုံးသေးသေးကို ဖောင်းပွနေသော ဘောင်းဘီတို့က ဖုံးအုပ်ထားသည်။ မျက်နှာမှာ နေလောင်ပြီး ညိုရောင်သမ်း လာသည်။ ဆံပင်တွေ ဖြူလာသည်။ ကျွန်မကို သူမြင်သောအခါ သယ်လာသည့် အလေးအပင်ကိုချပြီး အပြင်းအထန် စိတ်လှုပ်ရှားနေသည်။ သူ့ဆီသို့ ကျွန်မ အပြေးသွားသည်။ တရုတ်ထုံးစံအရ ကွဲကွာနေသော အဖေများနှင့် သမီးများ ပြန်တွေ့သည့်အခါ ဖက်ယမ်းခြင်းမပြုကြ။ သူ့မျက်လုံးများတွင် ဘယ်မျှ ဝမ်းသာသည်ကို ကျွန်မ

တွေ့ရသည်။ ချစ်မေတ္တာ များစွာနှင့် ကြင်နာယုယမှု များစွာပေါ်လွင်နေသည်။ ငယ်ရုပ်ပေါ်လာသည်။ မျက်လုံးများမှာ အရောင်လက်နေသည်။ အဖေသည် အရွယ်ကောင်းချိန်ရောက်နေပြီ။ ယခု သူ့အသက်မှာ လေးဆယ့်ရှစ်နှစ်သာရှိသေးသည်။ စိတ်ရောဂါ ပြန်မထ။ ယင်းအတွက် ကျွန်မ ဝမ်းသာမိသည်။

အခန်းတစ်ခုထဲတွင် အခြားခုနစ်ယောက်နှင့်အတူ အဖေ နေရသည်။ ဝင်ပေါက်တစ်ခုတည်းသာ ရှိသည်။ အမြဲဖွင့်ထားမှ အလင်းရောင်ရသည်။ အခန်းဖော်များသည် တစ်ဦးကို တစ်ဦးစကားမပြောကြ။ ကျွန်မကိုလည်း နှုတ်မဆက်။ အကြောင်းမှာ ဤစခန်းသည် တော်လှန်ရေးကော်မီတီ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ရှိသောကြောင့် ဖြစ်သည်။ အခန်းနံရံပေါ်တွင် ကြွေးကြော်သံ၊ ပိုစတာများ ချိတ်ဆွဲထားသည်။ ဘယ်သူ့ကို ရှုတ်ချ၊ ဘယ်သူ့ကို ချေမှုန်းစသည်တို့ဖြစ်သည်။ သူ့ကို မီးဖိုထဲဝင်ခွင့်မပြု။ မော်ဆန့်ကျင်ရေးသမား တစ်ယောက်အစာထဲ အဆိပ်ခပ်မည် စိုးရိမ်ရသည်။ ဤသည်မှာ အဖေ့ကိုစော်ကားခြင်းဖြစ်သည်။

ယင်းတို့ကို အဖေ ငြိမ်ငြိမ်သက်သက်ခံယူသည်။ တစ်ခါတွင်မူ အဖေ၏ဒေါသပေါက်ကွဲဖူးသည်။ စခန်းသို့ ရောက်စက လက်ပတ်ဖြူပတ်ထားရမည်ဆိုသည်။ လက်ပတ်တွင် “တန်ပြန်တော်လှန်ရေးသမား စိတ်ဓာတ်မပျောက်သေး” ဟု ရေးထားသည်။ အဖေက လက်ပတ်ကို ဆွဲဖြုတ်ပစ်ကာ အံကြိတ်ပြီး “ငါ့ကိုသေသည်အထိ ရိုက်နိုင်တယ်။ ဒီလက်ပတ်ကိုတော့ မပတ်ဘူး” ဟု ပြောသည်။ သူပုန်အုပ်စု နောက် တွန့်သွားသည်။ တကယ်ပြောနေခြင်း ဖြစ်သည်ကိုသူတို့နားလည်သည်။ သူ့ကို သတ်ရန်အမိန့်မရှိ။

တင်လင်မယား၏ လက်စားချေခံရသူများလည်း စခန်းတွင်ရှိသည်။ တစ်ဦးမှာ အပြင်းအထန် နေမကောင်းပြီး အလုပ်ကြမ်းဒဏ်ကြောင့် ဆေးရုံမှာသေသွားသည်။ သူသေတော့ ဆွေမျိုးသားချင်း ဘယ်သူမျှ မရှိ။ သူ့မိန်းမသည်သူ့ကိုယ်သူ သတ်သေသွားသည်။

အဖေ့ကို အကျဉ်းစခန်းမှာ ရှုတ်ချပွဲများပြုလုပ်ပြီး ဒဏ်ခတ်သည်။ ထိုအစည်းအဝေးက ပြန်လာလျှင် အဖေ့ကို စိတ်ပြေလက်ပျောက်ဖြစ်အောင်ပျော်စရာများ ကျွန်မပြောသည်။ ခေါင်း၊ လည်ပင်းနှင့် ပခုံးများကို နှိပ်ပေးသည်။ သူက ဂန္ထဝင်ကဗျာများကို ရွတ်ပြသည်။ ကျွန်မက သူ့အလုပ်များကိုကူ၍လုပ်ပေးသည်။

အဖေ့စခန်းတွင် ကျွန်မသုံးလနေသည်။ အာဏာပိုင်တို့က ကင်တင်းတွင် ထမင်းစားစေသည်။ အိပ်စရာအခန်းတစ်ခုပေးသည်။ အခြားမိန်းမငါးယောက်နှင့်အတူ အိပ်ရသည်။ သူတို့က ခပ်ပြတ်ပြတ်ပြောကာ အေးစက်စက်ဆက်ဆံသည်။ ကျွန်မရောက်လာသည်ကို နှစ်သက်ဟန်မတူ။ သို့သော်လည်း သူတို့အထဲတွင် ကြင်နာသူတွေရှိသည်။ ကျွန်မအပေါ် ကြင်နာမှုပြရမှာမကြောက်ကြ။

"ယောင်" ကိုလည်း တွေ့ရသည်။ သူက ကြင်နာမှုပြသည်။ အဖေ့ဆီသို့ သားသမီးလာရောက် လည်ပတ်ရန် သူက ခွင့်ပြုခြင်းဖြစ်သည်။ မိုးရွာသည့် နေ့များတွင် အဖေကို အပြင်သို့ထွက်ခွင့်ပြုသည်။ မိုးတိတ်လျှင် ကျွန်မလည်း အဖေနှင့်လိုက်သွားပြီး သစ်တောအုပ်ထဲတွင် မှိုရှာသည်။ ပြန်ရောက်လျှင် မှိုကို ဘဲသားဘူး သို့မဟုတ် အမဲသားဘူးနှင့် ချက်၍ကျွေးသည်။ အဖေ အားရပါးရစားသည်။

အဖေ့စခန်းသို့ သုံးကြိမ်ကျွန်မ ရောက်သွားသည်။ တစ်ကြိမ်ဆိုလျှင် အကြာကြီးနေသည်။ ကျွန်မ၏ မွေးချင်းတို့လည်း အဖေဆီ သွားလည်ကြသည်။ စခန်း တစ်ခုလုံးက သူ့ကို မနာလိုနေကြသည်။ ဘယ်သူ့ဆီကိုမှ သူတို့သားသမီးများလာ ရောက်လည်ပတ်ခြင်းမရှိသောကြောင့် ဖြစ်သည်ဟု အဖေက ပြောသည်။ အချို့မှာ လုံးဝထွေ့သည်မရှိ။ ယဉ်ကျေးမှုတော်လှန်ရေးက လူလူချင်း ဆက်ဆံရေးကို ပျက်ပြား စေသည်။ များစွာသော မိသားစုများ တကွဲတပြား ဖြစ်သွားကြသည်။

ကျွန်မတို့ မိသားစုမှာ တစ်ဦးနှင့်တစ်ဦး နီးနီးစပ်စပ်ရှိနေကြသည်။ ရှောက်ဟေသည် အဖေ့ကို ချစ်တတ်လာသည်။ သူရောက်လာပြီး ကုတင်တစ်ခု ပေါ်တွင် သားအဖနှစ်ယောက်အတူ အိပ်သည်ကို တခြားသူတို့က မနာလို ဖြစ်ကြသည်။ ငယ်ငယ်က ရှောက်ဟေအား ရိုက်နှက်ဆုံးမခဲ့သည်တို့ကို အဖေ နောင်တရနေသည်။

"အခု ယဉ်ကျေးမှုတော်လှန်ရေးက ငါ့ကို လူကောင်းဖြစ်အောင် လုပ်ပေးလိုက်ပြီကွယ်" ဟု ပြောကာ ရှောက်ဟေ၏ ခေါင်းကို အဖေ ပွတ်သတ် နှစ်သိမ့်မှု ပေးသည်။

ထိုနှစ်ဆောင်းဦးက မောင်လေးရှောက်ဟေနှင့် ရှောက်ဖန်တို့သည် အဖေနှင့်အတူ သွား၍နေသည်။ ဒေါ်လေးယန်ယင် သေသည်ကို ရှစ်နှစ်သား ရှောက်ဖန် လွှတ်ခနဲပြောလိုက်သည်။ သူငေးငိုင်သွားပြီး စကားမပြောတော့။ ပခုံးတွေ လှုပ်လာသည်အထိ ငိုရှိုက်သည်။ အဖေ ယခုလိုငိုသည်ကို မောင်လေးများ မမြင်ဖူးသဖြင့် အံ့အားသင့်နေကြသည်။

၁၉၇၁ နှစ်ဦးတွင် တင်လင်မယား ရာထူးမှ ဖယ်ရှားခံရသည်။ သူတို့နှင့်အတူ မစ္စစ်ရှောလည်း လွင့်စဉ်သွားသည်။ ထိုအချိန်တွင် အဖေနှင့်အတူ အမေနေခွင့်ရသည်။ သူတို့နှစ်ပတ် အတူနေကြသည်။

၁၉၇၁ နွေရာသီတစ်နေ့တွင် အမေ၏ သားအိမ်မှ သွေးသွန်သည်။ သည်တစ်ကြိမ် ရောဂါ ပြင်းထန်သည်။ မေ့သွားသဖြင့် ဆေးရုံသို့ ပွေ့ခေါ်သွားရသည်။ အဖေ့ကို တွေ့ခွင့်မပြု။ သူတို့နှစ်ယောက်စလုံး ဆီချင်ဒေသမှာ ရှိနေကြသည်။

နေကောင်းလာသည့်အခါ အမေ့ကို ချိန်တူသို့ ပြန်ခွင့်ပြုပြီး ဆေးဝါးကုသခွင့်ပြုသည်။ သွေးသွန်ရပ်သွားသော်လည်း အရေပြားရောဂါတစ်ခု

အမေ့မှာ တွေ့သည်ဟု ဆရာဝန်များက ပြောသည်။ ညာဘက်နား နောက်တွင် အသားမာတစ်ခုဖြစ်လာပြီး ကျုံ့ဝင်သွားသည်။ ညာဘက်မေးရိုးသည် ဘယ်ဘက် ထက်သေးသွားသည်။ ညာဘက်နားကမူ ကောင်းကောင်းကြားသည်။ ညာဘက်လည်ပင်းလှည့်မရ။ တုတ်ခိုင် သွားသည်။ အရေပြားပါရဂူတို့ကမူ အတွင်းအင်္ဂါများသို့ ရောဂါကူးစက်ပြီး သုံးနှစ် သို့မဟုတ် လေးနှစ်အတွင်း သေဆုံးမည်ပြောသည်။ သူတို့ပေးသည့်ဆေးမှာ ကော်တီဆုန်း ဖြစ်သည်။ ပြီးတော့ လည်ကုပ်မှာ ဆေးထိုးပေးသည်။

အမေ့ရောဂါအကြောင်း အဖေထံ စာရေးအကြောင်းကြားသည်။ ထိုစဉ်က အဖေနှင့်အတူ ကျွန်မရှိနေသည်။ အဖေက စာရေးပြီး အိမ်ပြန်ခွင့်တောင်းသည်။ ခွင့်မပြု။ လူလယ်ကောင်မှာ အဖေငိုသည်။ နောက်တစ်နေ့တွင် စာတိုက်သို့သွားပြီး သုံးမျက်နှာရှိသည့် သံကြိုးတစ်စောင်ရိုက်သည်။ “ဒီစာကို ခွင့်လွှတ်ပါလို့ တောင်းပန်တဲ့စာအဖြစ် မှတ်ယူပါ။ ငါဟာ လင်သားကောင်း တစ်ယောက်မဖြစ်ခဲ့ဘူး။ နေကောင်းအောင် နေပါ။ ပြုစုဖို့ ကြံပါလိမ့်ဦးမည်” ဟု အမေ့ကို သူပြောသည်။

၁၉၇၁ တွင် တေယန်းသို့ ချင်းယီရောက်လာသည်။ လင်ပြောင် လေယာဉ် ပျက်ကျပြီး သေဆုံးသွားကြောင်း သတင်းစကားတစ်ခု ပါလာသည်။ ဆိုဗီယက်သို့ ထွက်အပြေး လေယာဉ်ပျံပျက်ကျခြင်း ဖြစ်သည်။

ထိုသတင်းကို တေယန်းဘုံရိပ်သာက ထုတ်ပြန်သည်။ လယ်သမားများအဖို့ ဘာမျှထူးခြား။ လင်ပြောင်ကို သူတို့မသိ။ နာမည်ကိုပင် မကြားဖူးကြပေ။ ယဉ်ကျေးမှု တော်လှန်ရေး ပြီးဆုံးတော့မည်ဟု ပြည်သူအများမျှော်လင့်ကြသည်။ အရင်းရှင် လမ်းလိုက်သူများမှာ ပြန်လည်ထူထောင်ခွင့်ရပြီး အကျဉ်းစခန်း မှလွှတ်မည် ယူဆကြသည်။

လင်ပြောင်၏ သတင်းကို နိုဝင်ဘာလလယ်တွင် အဖေကြားရသည်။ သူပုန် အုပ်စုဝင် တချို့ပြုံးကြသည်။ မဒမ်လင်ပြောင်ကို ရှုတ်ချရန် အဖွဲ့အား ပြောသည်။ ၁၉၄၀ လွန်နှစ်များတွင် အဖေသည် ယဲ့ချန်ခေါ် မဒမ်လင်ပြောင်နှင့် ယင်အန်တွင် အတူနေခဲ့ဖူးသည်။ အဖေ ဘာတစ်ခွန်းမျှ မပြော။

အဖွဲ့စခန်းမှ အများအပြားလွတ်မြောက်ကြသည်။ အဖေကား မလွတ်သေး။ အဖေ့ကျန်းမာရေးသည် တဖြည်းဖြည်းယိုယွင်းလာသည်။ စိတ်ခတ်ကျသည်။ ရုပ်လည်းကျသည်။ အလုပ်ကြမ်းဒဏ်ကို အဖေ မခံနိုင်။ ငါးနှစ်နီးပါးစိတ်ငြိမ်ဆေးများ အဖေ စားခဲ့ရသည်။ တစ်ခါတစ်ရံ ဆေးလုံးသာမန်ဆေးခွက်စာ ထက်အဆ နှစ်ဆယ် ပို၍ သောက်ရသည်။ ဆေးဒဏ်မခံနိုင်။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲ့သည်။ သွေးအန်သည်။ မကြာခဏ အသက်ရှူမှားသည်။ မူးဝေသည်။ ငါးဆယ်အရွယ် ဖြစ်ငြားလည်း ခုနစ်ဆယ်အရွယ်နှင့်တူလာသည်။ ဆရာဝန်များက သူ့ကို အေးတိအေး စက်ဆက်ဆံသည်။ ဆေးစစ်ရန် ချိန်တူသွားချင်ပါသည် ပြောသော်လည်းခွင့်မပြု။

သူပုန်အုပ်စုဝင်အချို့က “နေမကောင်းဟန်ဆောင်ပြီး ထွက်ပြေးမယ်မကြံနဲ့” ဟု ဟိန်းဟောက်ကြသည်။

ကျင်မင်းသည် ၁၉၇၁ တွင် အဖေ၏ စခန်းမှာရှိနေသည်။ အဖေ့ကို စိုးရိမ်သဖြင့် ၁၉၇၂ နွေဦးအထိ နေသည်။ ထိုနောက် သူ၏ ကုန်ထုတ်လုပ်ရေး အဖွဲ့က ပြန်ခေါ်သည်။ မီယီသို့ ရထားလမ်းဖောက်ပြီးပြီ။ အဖေက ဘူတာသို့ ကျင်မင်းကို လိုက်ပို့သည်။ နှစ်ယောက်အတူ လမ်းလျှောက်လာကြစဉ် ရုတ်တရက် အဖေ အသက်ရှူပြတ်သွားသည်။ ကျင်မင်းက ဖေးမပြီး လမ်းဘေးမှာ ထိုင်ကာ နားသည်။ အတော်ကြာမှ အသက်ပြန်ရှူနိုင်သည်။

“ငါ ကြာကြာနေရတော့မှာ မဟုတ်ဘူး။ လူ့ဘဝဆိုတာ အိပ်မက်လိုပဲ” ဟု အဖေပြောသည်။ သေဖို့အကြောင်း အဖေပြောသည်ကို ကျင်မင်း မကြားရဖူးခဲ့။ ကျင်မင်းက အဖေကို နှစ်သိမ့်သည်။ အဖေက

“ငါ့ကိုယ်ငါ မေးတယ်။ မင်းသေမှာကြောက်သလား၊ ငါမကြောက်ဘူး ထင်တယ်။ ငါ့ဘဝဟာ အခုနေမှာ အတော်ဆိုးတယ်။ ပြီးဆုံးချိန် မရောက်နိုင်သေးဘူး။ တစ်ခါတလေတော့ ငါ အားငယ်တယ်။ တစ်ချက်လေး လူလာရင် ငါနာလန်ထူလာမှာပဲ ထင်တယ်။ နောက်တော့ မသေချင်သေးဘူး။ စာရင်း မရှင်းဘဲ မသေချင်ဘူး။ အပြစ်မရှိဘူးဆိုမှ ငါသေရင်ကောင်းမယ်။ ဒါမှ မင်းတို့တတွေ ဒုက္ခမရောက်မယ်။ နောက်ပိုင်းမှာ ငါအများကြီး စဉ်းစားတယ်။ ကလေးဘဝတုန်းက အဆင်မပြေဘူး။ လူ့လောကတစ်ခုလုံး မတရားမှုတွေ ပြည့်နေတယ်။ လောကသစ် တစ်ခုအတွက် ကွန်မျူနစ်ပါတီကို ငါဝင်တယ်။ အများကြီးအလုပ်လုပ်ခဲ့ပါတယ်။ ဒါပေမယ့် လူတွေအတွက် ဘာများ အကျိုးထူးသလဲ။ ငါ့မှာရော ဘာထူးသလဲ။ ငါ့မိသားစုပျက်စီးဒုက္ခရောက်ရတာ အဖတ်တင်တာပဲ။ အကုသိုလ်အကျိုးပေးကို ယုံကြည်တဲ့လူတွေက ငါဘာတွေ လုပ်ခဲ့လို့ ဒီအဖြစ်မျိုးကြုံရတာလဲလို့ ပြောကြတယ်။ ငါ့ဘဝကို ငါပြန်စဉ်းစား ကြည့်တယ်။ ငါဘာတွေလုပ်ခဲ့သလဲ။ လူတချို့ကို သတ်ဖို့ ငါအမိန့်ပေးခဲ့တယ်”

သေမိန့်များတွင် သူလက်မှတ်ထိုးခဲ့ရသည်တို့ရှိသည်ဟု ကျင်မင်းအား အဖေ ပြန်ပြောပြသည်။ ထိုအချိန်မှာ ချီယန်းတွင် လယ်မြေပြုပြင်ရေးလုပ်ငန်းစဉ်က နှင့် ယိဘင်တွင် ဓားပြတို့ သောင်းကျန်းစဉ်က ဖြစ်သည်။

“ဒါပေမယ့် ဒီလူတွေဟာ အတော်ဆိုးလို့ ဘုရားသခင်ကိုယ်တိုင်က သူတို့ကို သေမိန့်ချမှာပဲ၊ ဒီတော့ ဘာပြစ်မှုတွေလုပ်ခဲ့လို့ ငါအခုလို ဒုက္ခခံ ရနေရတာလဲ

ခဏမျှ နားပြီး အဖေဆက်ပြောသည်။

“ငါ ဒီအတိုင်းသေသွားရင်တော့ ကွန်မျူနစ်ပါတီကို ဆက်ပြီး မယုံကြည်နဲ့တော့.....”

****

[၂၅]

သင်းပျံ့သော လေချိုမွှေး

လျှပ်စစ်သမားများနှင့် ဘဝသစ်

၁၉၆၉၊ ၁၉၇၀နှင့် ၁၉၇၁ တို့သည် သေခြင်း၊ ချစ်ခြင်း၊ ညှဉ်းပန်းခံရခြင်း၊ ခွင့်လွှတ် သက်သာခြင်းတို့နှင့်အတူ ကုန်ဆုံးသွားသည်။ မိယီတွင် နွေနှင့်မိုးရာသီများ အလှည့် ကျပြောင်းသွားသည်။ ကျွဲကျောင်းသားမြေပြန့်တွင် တစ်လဆန်းပြီး တစ်လဆုတ်သည်။ လေတစီးစီးတိုက်ခတ်သည်။ ဝံပုလွေအော်သံကြားရပြီး ပျောက်ကွယ်သွားသည်။ တေယန်းပရဆေးဥယျာဉ်တွင် ပန်းရနံ့များ မွှေးကြိုင်လာသည်။ ကျွန်မသည် အဖေအမေတို့၏ စခန်းများ၊ ဒေါ်လေး၏အိမ်နှင့် တေယန်းအကြား ကူးချည် သန်းချည် အကြိမ်ကြိမ်လုပ်ခဲ့ရသည်။ လယ်ကွင်းများတွင် မြေသြဇာများ ကြဲပေးပြီး ကြာပန်းကို ဖွဲ့သည့် ကဗျာများ ရေးစပ်ခဲ့သည်။

လင်ပြောင်သေဆုံးသည့် သတင်းကို ချိန်တူကအိမ်မှာ ရှိနေစဉ် အမေ ကြားရသည်။ ၁၉၇၁ နိုဝင်ဘာတွင် သူ့ကို ပြန်လည်ထူထောင်ခွင့်ပေးသည်။ စခန်းသို့ ပြန်သွားစရာမလိုဟုပြောသည်။ သို့သော်လည်း မူလအလုပ်ကားပြန်၍ မရသေး။ အရှေ့ပိုင်းခရိုင်ရုံးတွင် ညွှန်မှူးတွေခုနစ်ယောက်ထက်မနည်း ရှိလာသည်။ ညွှန်မှူး အဟောင်းအသစ်နှင့် အလုပ်ကြမ်းစခန်းမှ ပြန်လာသူများလည်း ပါဝင်သည်။ အမေ သူ့ဌာနသို့ ပြန်မသွားသေးသည်မှာ နေမကောင်းသောကြောင့်ဖြစ်သည်။ ထူးဆန်းသည်မှာ အဖေတစ်ယောက် ပြန်လည်ထူထောင်ခွင့် မရသေးခြင်း ဖြစ်သည်။ သူများ တွေ ပြန်လာနေကြပြီ။

လင်ပြောင်မရှိတော့သောခါ ရာထူးချထားခံရပြီး တပ်၏ ယုံကြည်မှု ရလျက်ရှိသေးသည့် ခေါင်းဆောင်များကို မော်အားကိုးလာသည်။ ထိုအထဲတွင် တိန့်ရှောင်ဖိန်လည်းပါသည်။

အဖေသည် မိယီမှာပင်ရှိနေသေးသည်။ ၁၉၆၈ ဇွန်မှစ၍ ထုတ်မပေးခဲ့သည့် လခများကိုမူ ပြန်၍ ထုတ်ပေးသည်။ သို့ဖြစ်ရာ ကျွန်မပိုင်ငွေများ ဘဏ်တွင် အစု လိုက်အပုံလိုက်ရှိလာသည်။ သိမ်းဆည်းသွားသည့် ကိုယ်ပိုင်ပစ္စည်းများလည်း ပြန်ရသည်။ မော်ထိုင်းအရက်နှစ်ပုလင်းကား ပြန်၍မရ။ အားတက်စရာ သတင်းများကြား ရသေးသည်။ အာဏာပို၍ တိုးလာသည့် ချောင်အင်လိုင်းသည် စီးပွားရေး ရှင်သန်လာအောင် တာဝန်ယူဆောင်ရွက်နေသည်။ အုပ်ချုပ်ရေးဟောင်းကို ပြန်လည် အသုံးချသည်။ ကုန်ထုတ်လုပ်ရေးနှင့် ဥပဒေလိုက်နာရေးကို အလေးပေးဆောင်ရွက်လာသည်။ သိပ္ပံသုတေသနများ စတင်ပြုလုပ်သည်။ ကျောင်းများတွင် ခြောက်နှစ် စာမသင်ဘဲ ရပ်ထားရာမှ

ပြန်လည်သင်ကြားသည်။ မောင်အငယ်ဆုံး ရောက်ဖန်မှာ ဆယ်နှစ်ရှိပြီး နောက်ကျမှ စာကို ဟုတ်တိပတ်တိ သင်ရသည်။

စီးပွားရေး ပြန်လည်ရှင်သန်လာသည့်တွင် စက်ရုံများက အလုပ်သမား သစ်များစုဆောင်းသည်။ အလုပ်သမားများ၏ သားသမီးများကို ဦးစားပေးသည်။ အမေက အရှေ့ပိုင်းခရိုင် ချိန်တူအသေးစား စက်မှုလုပ်ငန်း စက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများမှ မန်နေဂျာများထံ ပြောဆိုကြည့်သည်။ ကျွန်မကို လက်သင့်ခံမည် ဆိုသည်။ သို့နှင့် အသက်နှစ်ဆယ်ပြည့်မွေးနေ့မတိုင်မီ ကျွန်မသည် တေယန်းမှ အပြီး ထွက်ခွာခဲ့သည်။ ရောက်ဟောင်မှာမူ တာဝန်ကျရွာမှ ထွက်ခွင့် မရသေး။ ကျေးလက်သို့ သွားပြီး အိမ်ထောင်ကျသူများသည်။ သူတို့အိမ်သားခင်ပွန်းများ မြို့မှတ်ပုံတင်ရှိသည့်တိုင် သူတို့ကို မြို့သို့ ပြန်လာခွင့်မပြု။

အလုပ်သမားဖြစ်ရန် နဂိုကပင် ကျွန်မရည်မှန်းခဲ့သည်။ တက္ကသိုလ်များ ပိတ်ထားသဖြင့် အခြားအလုပ်များ လမ်းမပွင့်သေး။ စက်ရုံအလုပ်မှာ တစ်နေ့ရှစ်နာရီ လုပ်ရသည်။ လယ်တောမှာလို နေထွက်ကနေဝင် တစ်ချိန်လုံး မလုပ်ရ။ အလေးအပင် သယ်စရာမလို။ သို့သော်လည်း မြို့မှတ်ပုံတင် ယူထားရမည်။ သို့မှ နိုင်ငံတော်ကပေးသည့် ရိက္ခာနှင့် အခြားအခြေခံအသုံးအဆောင်များ ရမည်။

စက်ရုံသည် ချိန်တူအရှေ့ပိုင်းဆင်ခြေဖုံးတွင် ရှိသည်။ အိမ်မှ စက်ဘီး စီးသွားလျှင် လေးဆယ့်ငါးမိနစ်နှင့် ရောက်သည်။ မြို့စွန်ဂျုံခင်းဘေးတွင် ရှေးဟောင်းအဆောက်အအုံ နှစ်ဆယ်ရာစု အစက စက်ဟောင်းများဖြင့် လည်ပတ်နေသည့် စက်ရုံမှာ ကျွန်မ အလုပ်ဆင်းရသည့် စက်ရုံဖြစ်သည်။ ငါးနှစ်လောက် ရှုတ်ချပွဲတွေ အပုပ်ချပွဲတွေ ပြုလုပ်ပြီးနောက် မန်နေဂျာများ အင်ဂျင်နီယာများသည် ယခုမှ စက်သုံးပစ္စည်းကိရိယာများ ပြန်လည်ထုတ်လုပ်ရန် အစပျိုးနေသည်။ အလုပ်သမားများက ကျွန်မကို ကြိုဆိုကြသည်။ ယင်းမှာ ကျွန်မ မိဘ၏ အရှိန်အဝါကြောင့် ဖြစ်သည်။

ကျွန်မကို သတ္တုအရည်ကျိုရုံတွင် “အန်တီဝေ” ၏ လက်အောက်၌ တာဝန် ချထားသည်။ သူကား ငယ်စဉ်က ဆင်းရဲသည်။ ဆယ်ကျော်သက်အရွယ်ရောက်လာ သော်လည်း ဘောင်းဘီကောင်းကောင်း တစ်ထည်မရှိ။ ကွန်မြူနစ်တို့ တက်လာသောခါ သူ့ဘဝ ပြောင်းသွားသည်။ ပါတီသို့ သူဝင်သည်။ ယဉ်ကျေးမှု တော်လှန်ရေးအစ တွင် ပါတီကိုဖက်တွယ်ထားသည့် သစ္စာရှိသူများထဲတွင် အန်တီဝေလည်း တစ်ယောက် အပါအဝင်ဖြစ်သည်။ မော်က သူပုန်အုပ်စုကို ထောက်ခံသောအခါ သူ့ကို နှိပ်စက်သည်။ ရိုက်နှက်ဆုံးမသည်။ သူ့ဘဝ ကံကြမ္မာသည် ပါတီနှင့် ဆက်စပ် နေသည်။ ပါတီဆန့်ကျင်သူ လင်ပြောင်၏ နောက်လိုက်များက ဖျက်ဆီးခြင်းဟု အန်တီဝေ ယုံကြည်သည်။ ကျွန်မကိုမူ သမီးတစ်ယောက်လို ဆက်ဆံသည်။ အရင်းခံ အကြောင်းမှာ ကျွန်မသည် ကွန်မြူနစ်မိဘနှစ်ပါး၏ သမီးဖြစ်သောကြောင့်ပင်။

ကျွန်မတို့ဌာနတွင် ယောက်ျားမိန်းမသုံးဆယ်လောက် အလုပ်လုပ်နေကြသည်။ သတ္တုရည်ကျိုပြီး ပုံစံခွက်ထဲလောင်းထည့်ရသည်။ မီးပွားများ တဖျတ်ဖျတ် ပန်းထွက်သည်။ အန္တရာယ်များသည်။ အလုပ်ကြမ်းဖြစ်ပြီး ညစ်ပတ်ပေရေသည်။ ကျွန်မလက်မောင်းများ အောင့်ပြီး ယောင်ကိုင်းလာသည်။ သို့တိုင်အောင် တေယန်းက လယ်သမားများမြင်လျှင် အံ့အားသင့်လောက်အောင် အလုပ်လုပ်သည်။ သို့သော် လည်း တစ်လကျော်လျှင် အလုပ်ပြောင်းရမည်။ မိဘများကြောင့် တခြားအလုပ်များကို အရွေးခိုင်းသည်။ တွင်ခုံ၊ ဝန်ချီစက်မောင်း၊ တယ်လီဖုန်းအော်ပရေတာ၊ လက်သမား သို့မဟုတ် လျှပ်စစ်မီးပြင်သမားတို့အနက် တစ်ခုခုရွေးနိုင်သည်။ လျှပ်စစ်မီးပြင်သမား အလုပ်ကို ရွေးလိုက်သည်။ ထိုအလုပ်သည် စက်အနားတွင် တစ်နေ့ရှစ်နာရီ ထိုင်ကြည့်နေ စရာမလို။ စာဖတ်ချိန်ရသည်။

အလုပ်ဝင်သည့် ပထမလမှာပင် ခေတ်လိုက်ခံရသည်။ စေတနာ့ဝန်ထမ်း ဆရာဝန်လိုပင် ယခုအလုပ်တွင်လည်း သင်တန်းမတက်ခဲ့ရ။ အမျိုးသမီး အလုပ်သမားတစ်ယောက်က လျှပ်စစ်မီးပြင် တစ်ယောက်၏ လက်စွဲ စာအုပ်တစ်အုပ် ပေးဖတ်သည်။

ခေတ်လိုက်ခံရပေါင်းများသဖြင့် အကျင့်ရလာသည်။ ၁၉၄၉ ဟိုဘက်တွင်မူ စက်ရုံများမှာ ပုဂ္ဂလိကပိုင်များဖြစ်သည်။ လျှပ်စစ်ခေတ်ရှိမရှိ လက်ဖမိုးဖြင့် စမ်းကြည့်ရသည်ဟု အလုပ်သမားအိုကြီး တစ်ယောက်က ပြောသည်။ ယခုမှာ စမ်းသပ်ပစ္စည်းများ အသုံးပြုလာကြသည်။

ကျွန်မတို့အဖွဲ့တွင် "တေး" ဟု ခေါ်သည့် လူငယ်တစ်ယောက်သည် ယဉ်ကျေးမှုတော်လှန်ရေး စချိန်အထိ အထက်တန်းကျောင်းတွင် နေဖူးသည်။ ပညာတတ်တစ်ယောက်ဟု ယူဆကြသည်။ လက်ရေးကောင်းသည်။ ဂီတပစ္စည်းအမျိုးမျိုး တီးမှုတ်တတ်သည်။ ကျွန်မအပေါ် သူညွှတ်ချင်လာသည်။ မနက်ခင်းများတွင် လျှပ်စစ် မီးပြင်သမားများ အခန်းဝတွင် ကျွန်မအလာကို ရပ်စောင့်နေပြီး နှုတ်ဆက်လေ့ရှိသည်။ ကျွန်မသည် သူနှင့်အတူ မီးပြင်သွားလေ့ရှိသည်။ နွေရာသီတစ်မနက်ခင်းတွင် နေ့လယ်စာစားအပြီး သံရည်ကျိုရုံနောက်ဘက်က ကောက်ရိုးစင်ဘေးတွင်ထိုင်ကာ ဂန္ထဝင်တရုတ်ကဗျာ အကြောင်း ဆွေးနွေးကြသည်။ အပြန်အလှန်ကဗျာစပ်ကြသည်။ ရှေးကလို အအုပ်အခံစပ်ခြင်းမျိုး ဖြစ်သည်။ ကျွန်မတို့ခေတ်တွင် အချို့သော ဂန္ထဝင် ကဗျာကို နားလည်ကြသည်။ မြတ်နိုးကြသည်။ နေ့လယ်ပိုင်း အလုပ်ပြန်ဝင်သည့်အခါ အတော်နောက်ကျ သွားသည်။ ဝေဖန်ခြင်းကားမရှိ။ သို့သော်လည်း အခြားအဖွဲ့ဝင်များက အဓိပ္ပာယ်ပါသော အပြုံးများဖြင့် ကျွန်မတို့ကို ကြည့်သည်။

မကြာပါ။ တေးနှင့်ကျွန်မတို့ နီးစပ်လာသည်။ အလုပ်ဆင်းလျှင် အတူ ပြန်သည်။ ချစ်စကားကြိုက်စကား မပြော။

ထို့နောက် "တေး" သည် ကျွန်မနှင့်မတန်ဟူသော အတင်းစကားများ

ထွက်လာသည်။ ကျွန်မမှာ မျက်နှာကြီးတစ်ယောက်၏ သမီးဖြစ်သည်။ ကျွန်မလိုလူမျိုး စက်ရုံအလုပ်သမားနှင့် ထိတွေ့ဖို့ဆိုသည်မှာ မလွယ်။ အရာရှိကြီး၏ သားသမီးများသည် မာနကြီးသည်။ ပျက်စီးသည်။ ကျွန်မ တစ်ယောက်သာ စိတ်ကြီးဝင် မာနကြီးခြင်းမရှိသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ အလုပ်သမားအချို့က စက်ရုံအလုပ်သမားထဲတွင် ကျွန်မနှင့်တန်သူ မရှိဟု ပြောကြသည်။

"တေး" ကို သူတို့ မနှစ်သက်။ တေးအဖေသည် ကူမင်တန်အရာရှိ တစ်ယောက်ဖြစ်ပြီး အလုပ်ကြမ်းစခန်းသို့ ရောက်ဖူးသည်။ ကျွန်မ၏ အနာဂတ်သည် ဖြောင့်ဖြူးသည်။ တေးနှင့်လက်ထပ်လျှင် ကံဆိုးမိုးမှောင်ကျမည်ဟု အလုပ်သမားများက ယုံကြည်ကြသည်။

တေး၏ အဖေ ကူမင်တန်ဘက်ရောက်သွားသည်မှာလည်း မတော်တဆပင်ဖြစ်သည်။ ၁၉၃၇ တွင် သူနှင့်အဖော်နှစ်ယောက် ယင်ယန်သို့သွားပြီး ကွန်မြူနစ်ဘက်ဝင်ပြီး ဂျပန်ကိုတိုက်မည် ကြံစည်စဉ် လမ်း၌ ကူမင်တန်တပ်များနှင့် တွေ့ပြီး သူတို့ဘက်ဝင်ပါဟု ခေါ်သည်။ ဂျပန်တိုက်တာချင်းတူတူ ဘယ်ဘက်က တိုက်တိုက် အတူတူပင်ဖြစ်သည် ယူဆပြီး တေးအဖေသည် ကူမင်တန်ဘက်သို့ ဝင်သည်။ အဖော် နှစ်ယောက်က ကွန်မြူနစ်ဘက်ဝင်သည်။ ၁၉၄၉ သည်ဘက်တွင် တေးအဖေမှာ ရဲဘက်စခန်းသို့ ရောက်သွားပြီး သူ့ သူငယ်ချင်းနှစ်ယောက်မှာ ကွန်မြူနစ်တပ်တွင် ရာထူးကြီးကြီး အရာရှိများဖြစ်လာသည်။

သမိုင်းအလှည့်အပြောင်း တစ်ချက်မှားသဖြင့် တေးမှာ ကိုယ့်ဘဝကိုယ် မသိသူ အမှိုက်ကောင်းရှာနေသူ ဟူ၍ ဝေဖန်ခံရသည်။ ထိုစကားများမှာ သူ့ကို စော်ကားသည့် စကားများဟု သူထင်သည်။ ကျွန်မကိုမူ ဘာမျှမပြော။ ယခုမူ ကျွန်မအတွက် ကဗျာလည်းမစပ်တော့။ မိတ်ဆွေအဖြစ် ဆက်ဆံရေးပင် ပျက်ပြားသွားသည်။ ကျွန်မ နှင့်တွေ့လျှင် ရိုရိုသေသေဆက်ဆံသည်။ အများကိုမူ သူတို့အလိုကျ ကျွန်မလို ပုဂ္ဂိုလ်ကို အထင်မကြီးဟု ပြောသည်။ ကျွန်မလည်း ဝမ်းနည်းလာသည်။ တရုတ်ပြည်တွင် ရာထူးဂုဏ်သိန်ဆိုသည် စည်းစိမ်တစ်ခုပါလားဟု ယူဆသူများရှိသည်။ ထိုဘဝ မရောက်ဖူးသူများ၏ သဘောထားပင်ဖြစ်သည်။ ကျွန်မတို့နှစ်ယောက် တဖြည်းဖြည်း အနေဝေးသွားကြသည်။

လူတန်းစားရန်သူ မိသားစုဖြစ်ရသည်မှာ ကံဆိုးသည်။ ကျွန်မသည် တေးနှင့် ချစ်ကြိုက်သည့် အဆင့်သို့ မရောက်ခဲ့။ ဝါသနာတူသဖြင့် ကြည်နူးသာယာသည့် ဘဝသာ ရောက်ခဲ့သည်။

ထိုအချိန်တွင် အမေသည် ကော်တီဆုန်းဆေးမစားတော့ဘဲ တိုင်းရင်းဆေးကိုသာ စားတော့သည်။ တိုင်းရင်းဆေးမှာလည်း အရှာရခက်သည်။ အမျိုးအမည်စုံမှ ဆေးဖော်လို့ရသည်။ ဆရာဝန်များကမူ ရာသီဥတုသာယာလာလျှင် အထူးကုများနှင့် နီးနီးနေရန် ပီကင်းသို့ သွားသင့်သည်ဟု အကြံပေးသည်။ အမေနှင့်အတူ အဖော် တစ်ယောက်လိုက်ပါခွင့် ပေးသည်။ ကျွန်မ လိုက်မည်လားဟု အမေက

အဖော်ခေါ်သည်။

၁၉၇၂ ပြေတွင် ပီကင်းသို့ သွားသည်။ မိတ်ဆွေများ အိမ်မှာတည်းခိုသည်။ ပီကင်းနှင့်တီယန်ဆင်တို့တွင် မီးယပ်ပါရဂူအများအပြားနှင့် တွေ့ရသည်။ သားအိမ်တွင် အလုံးလေးတစ်ခု ရှိသည်။ ဖြတ်ထုတ်ရန် အကြံပေးသည်။ သွေးသွန်ခြင်းကိုမူ အနားယူပါ၊ ပျော်ပျော်နေပါဟု အကြံပေးသည်။ အရေဖျားမာသည့် အသားမာ ရောဂါမှာ ပြန့်သွားမည်မဟုတ်၊ တစ်နေရာတည်းမှာပဲ ရှိနေမည်။ ယင်းကြောင့် အသက်အန္တရာယ်မဖြစ်နိုင်ဟု ဆိုသည်။ ဆရာဝန်များ အကြံပေးသည့်အတိုင်းနောက်တစ်နှစ်တွင် အမေ၏ သားအိမ်ကို ဖြတ်ထုတ်လိုက်သည်။ အသားမာမှာ နားနောက်မှာပဲ ရှိနေသည်။

ကျွန်မတို့သည် မိတ်ဆွေများ၏ အိမ်များသို့ လည်ပတ်သည်။ သွားလေရာနေရာတိုင်းတွင် ပြန်လည်ထူထောင်ခံရသူများတွေ့ရသည်။ အချို့မှာ ထောင်မှလွတ်စရှိသေးသည်။ မော်ထိုင်းနှင့် အခြားအဖိုးတန် ယမကာများဖြင့် ဧည့်ခံသည်။ ယမကာများ ရေလိုစီးဆင်းသလို မျက်ရည်များလည်း ရေလို စီးဆင်းသည်။ မိသားစုတိုင်းတွင် ယဉ်ကျေးမှုတော်လှန်ရေးကြောင့် တစ်ယောက်ယောက်သေဆုံးခဲ့ရသည်။ ကြေကွဲဖွယ်ရာ အဖြစ်သနစ်များကား ပြောမကုန်နိုင် အိမ်ထောင်တိုင်း မျက်ရည်ကျရသည်။ သို့ပေမယ့် အနာဂတ်သည် သာယာမည်ဟု မျှော်လင့်အားထားကြသည်။

တစ်နေ့တွင် မိတ်ဆွေဟောင်း တန်မိသားစုနှင့်သွား၍ တွေ့သည်။ သူကားထောင်မှလွတ်လာသည်မှာ မကြာသေး။ မန်ချူးရီးယားမှ ဆီချွမ်သို့ ချီတက်ကြစဉ်သူသည် အမေ၏ အထက်အရာရှိဖြစ်သည်။ နောင်အခါ ပြည့်သူ့လုံခြုံရေးဝန်ကြီးဌာနတွင် ဌာနကြီးမှူးဖြစ်လာသည်။ ယဉ်ကျေးမှုတော်လှန်ရေးအစတွင် သူ့ကို ရုရှားသူလျှိုဟုစွပ်စွဲသည်။ မော်၏ နေအိမ်တွင် အသံဖမ်းစက် တပ်ဆင်ပေးရန်တွင် သူကြီးကြပ်ရသည်။ ယင်းမှာ အထက်အမိန့်အရ ဆောင်ရွက်ရခြင်းဖြစ်သည်။ မော်၏ စကားလုံးတိုင်းကို အသံဖမ်းထားရမည်၊ အဖိုးအလွန်တန်သည်ဟုဆိုသည်။ သို့သော်လည်း မော်ပြောသည့်စကားကို သူ့ အတွင်းရေးမှူးများပင် နားမလည်။ တစ်ခါတစ်ရံ သူတို့ကို အခန်းထဲမှ နှင်ထုတ်ပြီးမှ အရေးကြီးသည့် စကားတို့ကို မော်ပြောသည်။ ၁၉၆၇ တွင် တန်ကို ဖမ်းဆီးပြီး ကျင်ချင်းအထူး အကျဉ်းထောင်သို့ပို့သည်။ ထောင်ထဲမှာ သံခြေချင်းနှင့် ငါးနှစ်နေရပြီး တိုက်ပိတ်ခံရသည်။ ခြေထောက်များမှာ မီးခြစ်ဆန်လေးများလို သေးသွယ်လာသည်။ သူ့မိန်းမကိုမူ ယောကျ်ားအား ရှုတ်ချခိုင်းသည်။ သားသမီးများ၏ မျိုးရိုးနာမည်ကို ပြောင်းခိုင်းသည်။ အဖေနှင့် အဆက်ဖြတ် ခိုင်းခြင်းပင်ဖြစ်သည်။ လင်ပြောင်၏ ရန်သူမှာ တန်၏ အကြီးအကဲဖြစ်သည်။ ထိုပုဂ္ဂိုလ်ရာထူးပြန်ရတော့မှ ထောင်မှ တန်လွတ်လာသည်။ သူ့မိန်းမကိုလည်း မြောက်ဘက်နယ်စပ်ဒေသ အကျဉ်းစခန်းမှ ပြန်ခေါ်သည်။

ကျွန်မတို့ အလည်သွားပြီး လအနည်းငယ်ကြာလျှင် တန်ကို တောင်ပိုင်း ဆိပ်ကမ်းမြို့တစ်ခုသို့ စေလွှတ်သည်။ အမှုတစ်ခုစစ်ဆေးရန်ဖြစ်သည်။ ထောင်ထဲမှာ

အနေကြာသဖြင့် တန်၏ ကျန်းမာရေးမှာ မကောင်း။ နှလုံးရောဂါ ရသည်။ ကွမ်ကျို့ ဆေးရုံတစ်ခုသို့ ဆေးကုရန်အထူးလေယာဉ် လွှတ်ပေးသည်။ ဆေးရုံခွဲခန်းထဲတွင် တန် သေဆုံးသွားသည်။ သူသေတော့ မိသားစုမှာ သူနှင့် အတူမရှိ။

"သူတို့တစ်တွေအလုပ်မပျက်စေနဲ့" ဟု သူ မှာသွားသည်။

၁၉၇၂ မေလတွင် တန် မိသားစုနှင့်အတူ ကျွန်မတို့ရှိနေသည်။ ထိုစဉ် အဖေအကျဉ်းစခန်းမှ လွတ်လာပြီဟူသော သံကြိုးစာရသည်။ ဆရာဝန်များက အဖေ့မှာ သွေးတိုးရောဂါရှိသည်။ နှလုံးရောဂါနှင့် အသည်းရောဂါ လည်းရနေသည်။ သွေးကြောများ မာကျစ်နေသည်။ ပီကင်းတွင် ဆရာဝန်များနှင့် ပြသပါဟု အကြံပေးသည်။

အဖေသည် ချိန်တူသို့ ရထားစီးသွားပြီး ယင်းမှ ပီကင်းသို့ လေယာဉ်စီးသည်။ လေဆိပ်သို့ လိုက်ပို့သူများအတွက် ကားမရှိ။ သို့ဖြစ်ရာ ကျွန်မတို့မှာ လေဆိပ်သို့ သွားနှင့်ပြီး အဖေ့ကို စောင့်နေရသည်။ အဖေသည် ပိန်ချုံးပြီး နေညှဉ်းကာ မွဲခြောက်နေသည်။ မီယီတောင်ကုန်းဒေသတွင် သုံးနှစ်ကြာ နေခဲ့ရသဖြင့် ပီကင်းတွင် သူမျက်စိလည်နေသည်။ လမ်းဖြတ်ကူးလျှင် မြစ်ဖြတ်ကူးသည်ဟု ပြောသည်။ ကားစီး လျှင် လှေစီးသည်ဟု ပြောသည်။ လူထူထပ်သည့် လမ်းများတွင် မသွားတတ်။ ဖြည်းဖြည်းလျှောက်သည်။ ကျွန်မပါမှ သူသွားသည်။ ယိဘင်မှ မိတ်ဆွေဟောင်း တစ်ယောက်အိမ်တွင် ကျွန်မတို့တည်းခိုသည်။ သူလည်း ယဉ်ကျေးမှုတော်လှန်ရေး တွင် ရက်ရက်စက်စက် အနှိပ်စက်ခံ လိုက်ရသည်။

ထိုမိတ်ဆွေနှင့် တန် မိသားစုမှအပ မည်သူ့ကိုမျှ အဖေမတွေ့။ သူကား ယခုအထိ ပြန်လည်ထူထောင်ခွင့်မရသေး။ ကျွန်မမှာ အကောင်းမြင် စိတ်တွေ လွှမ်းနေသလောက် အဖေကား အမြဲလိုလို စိတ်ထဲမှာ လေးလံနေသည်။ သူစိတ်ပြောင်းရန် အမေနှင့် အတူ မြို့ထဲသို့သွားကြသည်။ တစ်ခါတွင်မူ မဟာရုံတံတိုင်းကြီးသို့ ဘတ်စ်ကားနှင့်ခေါ်သွားသည်။ လူကျပ်ပြီး မွန်းပိတ်နေသည်။ အမေတစ်ယောက်၏ ရင်ခွင်ထဲမှ ကလေးငယ် သံကုန်ဟစ်၍ငိုသည်။ သူ့အမေက တင်ပါးကို ခပ်ဆတ်ဆတ်ရိုက်သည်။ အဖေသည် ထိုင်ရာမှ ဝုန်းခနဲထကာ "ကလေးကို မရိုက်ရဘူး" ဟု ထိုမိခင်ကို အော်သည်။ ကျွန်မလည်း သူ့အင်္ကျီလက်ကိုဆွဲပြီး အထိုင်ခိုင်းရသည်။ တစ်ကားလုံး သူ့ကို ဝိုင်းကြည့်ကြသည်။ တရုတ်လူမျိုးတစ်ယောက် အဖို့ ယခုလို သူများကိစ္စတွင် ဝင်၍ မစွက်ဖက်ရ။ ကျွန်မ သက်ပြင်းချမိသည်။ ငယ်ငယ်တုန်းက ကျင်မင်းနှင့် ရှောက်ဟေတို့ကို သူနာနာရိုက်သည်။ ခုဘယ်လိုစိတ်ပြောင်းလာလေပြီလဲ။

ထိုနှစ် ဖေဖော်ဝါရီက တရုတ်ပြည်သို့ သမ္မတနစ်ဆင်လာ၍လည်ပတ်သည်။ အစိုးရသဘောထားမှာ နစ်ဆင်သည် "အလံဖြူကိုင်၍လာသည်" ဟုဆိုသည်။ ဆက်ဆံရေးပြောင်းလဲ စပြုလာသည်။ ကမ္ဘာ့အကြောင်း ဘာသာပြန်စာအုပ်များ ဖတ်ရသည်။

လင်ပြောင် သေဆုံးပြီးနောက် အတွေးအခေါ်များ ပြောင်းလဲလာသည်။ လွတ်လပ်ခွင့် ပိုရလာသည်။ ယခုအခါ အင်္ဂလိပ်စာကို သင်ကြားခြင်းသည် ရာဇဝတ်မှု တစ်ခု မဟုတ်တော့ပေ။ ဧည့်သည်တော်ကြီး ထိတ်လန့်သွားမည်စိုးသဖြင့် ပီကင်းတွင် တပ်နီလူငယ်တို့ မှည့်ခေါ်ထားသည့် တက်ကြွသော နာမည်များကို ပြန်၍နာမည်ပြောင်းသည်။ ချိန်တူသို့ကား နစ်ဆင်မရောက်။ သို့သော်လည်း ယမ်းနံ့ထမင်းဆိုင် သည် နာမည်ဟောင်းဖြစ်သည့် သင်းပျံ့သည့် လေချိုမွှေး အမည်ကို ပြန်၍ ဆိုင်းဘုတ် တင်သည်။

ပီကင်းတွင် ကျွန်မ ငါးလကြာနေခဲ့သည်။ ကောလိပ်ကျောင်းတစ်ခုသို့ တက်ချင်စိတ် လွှမ်းမိုးလာသည်။ ပီကင်းကျောင်းသားများ ကျောင်းဝင်ခွင့် လျှောက်ထားကြသည်။ တစ်ပြည်လုံးရှိ တက္ကသိုလ်များ ပြန်ဖွင့်တော့မည်။ ချောင်အင်လိုင်းက “သိပ္ပံပညာနှင့် နည်းပညာအတွက် တက္ကသိုလ်များလိုအပ်သည်” ဟူသော မော်၏စကားကို ကိုးကားပြောဆိုသည်။ ချိန်တူသို့ အမြန်ပြန်ရန် စိတ်ကူးမိသည်။

၁၉၇၂ စက်တင်ဘာတွင် ချိန်တူသို့ ကျွန်မပြန်သည်။ ဘာသာရပ် အားလုံးကို ကျွန်မ လေ့လာစပြုသည်။ အဓိကဘာသာများမှာ တရုတ်၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒနှင့် အင်္ဂလိပ်စာတို့ ဖြစ်သည်။

မော်က ခါတိုင်းလို အလယ်တန်းကျောင်းအောင်ပြီးသူများ တက္ကသိုလ်တက်ခြင်းကို မလိုလား။ အလုပ်သမားများ၊ လယ်သမားများ အထက်တန်းပညာသင်ကြားရမည် ဆိုသည်။ ကျွန်မ အရည်အချင်း ပြည့်မီသည်။ လယ်သမားလည်း ဖြစ်ခဲ့ဖူးပြီး ယခု အလုပ်သမားတစ်ယောက်ဖြစ်နေသည် မဟုတ်လား။

တက္ကသိုလ်ဝင် စာမေးပွဲမရှိစေရဟု ချောင်အင်လိုင်းက အဆုံးအဖြတ်ပေးသည်။ စာမေးပွဲဟူသော ဝေါဟာရအစား ကျောင်းဝင်မည့်သူများ၏ အရည်အသွေးကို စူးစမ်းခြင်း၊ အခြေခံပညာစူးစမ်းခြင်း၊ ဝေဖန်စိစစ်နိုင်သည့် အရည်အချင်း နှင့် ပြဿနာကြီးများကို ဖြေရှင်းနိုင်သည့် အရည်အသွေးစူးစမ်းခြင်းဟူ၍ ပြောင်းလဲ ခေါ်ဆိုသည်။ မော်သည် စာမေးပွဲစနစ်ကို မကြိုက်။ ကျောင်းဝင်မည့်သူ တစ်ယောက်၏ အလုပ်ယူနစ်က ပထမစိစစ်ထောက်ခံမည်။ ပြီးတော့မှ ကျောင်းဝင်ခွင့် စစ်ဆေးမည်။ ထိုနောက် စာမေးပွဲရလာဒ်နှင့် နိုင်ငံရေးခံယူချက်တို့ကို အကဲဖြတ်ကာ ကျောင်း လက်ခံမည်။

စက်ရုံတွင်လည်းကောင်း၊ အိမ်တွင်လည်းကောင်း၊ ကျောင်းစာအုပ်များကိုအချိန်ရသမျှ ကျွန်မ ဖတ်သည်။ တပ်နီလူငယ်တို့ မီးရှို့မခံရသည့် စာအုပ်အချို့ မိတ်ဆွေသူငယ်ချင်းများထံမှရသည်။ ဆရာများက ဝိုင်းဝန်းသင်ပြပေးသည်။

၁၉၇၃ နွေဦးတွင် တိန့်ရှောင်ဖိန် ပြန်လည်ထူထောင်ခွင့်ရပြီး ဒုတိယဝန်ကြီးချုပ် ခန့်အပ်ခြင်း ခံရသည်။ မကျန်းမာသည့် ချောင်အင်လိုင်း၏

တရားဝင် လက်ထောက်ဖြစ်လာသည်။ ကျွန်မ ပီတိဖြစ်မိသည်။ တိန် ပြန်လာခြင်းသည် ယဉ်ကျေးမှုတော်လှန်ရေးလမ်းကြောင်း ပြောင်းပြန်လှည့်ခြင်း ဖြစ်သည်။ သူသည် တည်ဆောက်ရေးသမားဖြစ်သည်။ အုပ်ချုပ်ရေးသမားကောင်း တစ်ယောက်ဖြစ်သည်။ မော်က သူ့ကို လုံခြုံသည့်နေရာတစ်ခုဖြစ်သည့် ခပ်ဝေးဝေးရှိ ထွန်စက်ရုံတစ်ခုသို့ ပို့ထားသည်။ ချောင်အင်လိုင်း ကွယ်လွန်လျှင် အစားထိုးရန် လျာထားခံရသူ ဖြစ်သည်။ မော်သည် အာဏာကို တပ်မက်သော်လည်း ဖောင်ကိုကား မဖျက်။

တိန့်ရှောင်ဖိန် ပြန်လည်ထူထောင်ခွင့်ရသဖြင့် ကျွန်မ ဝမ်းသာသည်။ သူ့မိထွေးနှင့် ကျွန်မတို့ မိသားစု ခြံဝင်းတစ်ခုတည်း အကြာကြီးနေဖူးသည်။ သူ့နှမနှင့် ယောက်ဖတို့မှာ တိန့်နှင့် ဆွေမျိုးတော်သဖြင့် ရှုတ်ချခံခဲ့ရသည်။ ကျွန်မတို့မိသားစုက သူတို့ကို အခင်မင်မပျက် ဆက်ဆံသည်။ ကျွန်မ အဖေ သတ္တိကောင်းပုံကို တိန့်နှမက ချီးကျူးသည်။ ထိုအချိန်ကမူ ခေါင်းလေးတစ်ချက် ညိတ်ခြင်း သို့မဟုတ် အပြုံးတစ်ချက် သမ်းခြင်းသည် အလွန်ရှားပါးတန်ဖိုး ရှိသော အမူအရာအပြုအမူများဖြစ်သည်။

၁၉၇၃ နွေရာသီတွင် တက္ကသိုလ်ဝင်ခွင့်စတင်လက်ခံသည်။ ကျွန်မမှာ သေရေးရှင်ရေးတမျှ အရေးကြီးနေသည်။ ဆီချွမ်တက္ကသိုလ် ဘာသာခြားစာပေ သင်ကြားရေးဌာနတွင် ကျောင်းဝင်ခွင့် တစ်နေရာကို ချိန်တူအသေးစား စက်မှု လုပ်ငန်းအတွက် လျာထားသည်။ ယင်းလက်အောက်တွင် စက်ရုံ နှစ်ဆယ့်သုံးခုရှိသည်။ ကျွန်မ၏ စက်ရုံလည်း တစ်ခုပါဝင်သည်။ စက်ရုံတစ်ခုတွင် ကျောင်းသား တစ်ယောက် စာမေးပွဲဖြေခွင့်ရသည်။ ကျွန်မအပါအဝင် ခြောက်ယောက် လျှောက်လွှာ တင်သည်။ စက်ရုံ၏ အလုပ်ရုံငါးခုအနက် လေးခုက ကျွန်မကို ရွေးသည်။

ကျွန်မတို့ အလုပ်ရုံတွင် ဆယ့်ကိုးနှစ်အရွယ် ကျွန်မသူငယ်ချင်းတစ်ယောက်လည်း ဝင်ခွင့်စာမေးပွဲဖြေချင်သည်။ နှစ်ယောက်စလုံး လူကြိုက်များသည်။ မဲဖြင့်ရွေးသည့်အခါ သူ့နာမည်ကို တစ်ယောက်က ပထမဆုံး အဆိုတင်သည်။ သူ့အတွက် မဲတွေများနေပြီး ကျွန်မအတွက် နည်းနိုင်သည်။ ချက်ချင်းပင် သူထပြီး “ကျွန်မ စာမေးပွဲမဖြေပါဘူး။ ယန်ချင် ဖြေပါစေ။ ကျွန်မက သူ့အောက် နှစ်နှစ် ငယ်ပါတယ်။ နောင်နှစ်မှာ ကျွန်မဖြေပါမယ်” ဟု ရှောင်ပေးသည်။ အလုပ်သမားများ ဝမ်းသာအားရ ရယ်ကြသည်။ နောင်နှစ်တွင် သူ့ကို ရွေးပါမည် ကတိပေးသည်။

ကတိအတိုင်း နောင်နှစ်တွင် သူ့ကို ရွေးသည်။ တက္ကသိုလ်ကို ၁၉၇၄ တွင် သူတက်သည်။

သူသဘောထားကြီးသဖြင့် ကျွန်မမှာ များစွာစိတ်ထိခိုက်ရသည်။ အလုပ်သမားများက ကျွန်မ အိပ်မက်အကောင်အထည်ပေါ်အောင် ကူညီကြသည်။ မိသားစုအနေအထားကြောင့် ကျွန်မမှာ မထိခိုက်။

တရုတ်ဘာသာ၊ သင်္ချာနှင့် အင်္ဂလိပ်ဘာသာတို့ ဖြေဆိုသည်။ စာမေးပွဲ မတိုင်မီညက အိပ်မပျော်။ နေ့လယ်စာစားရန် အိမ်ပြန်လာသည့်အခါ ရှောက်ဟောင်က ကျွန်မကို စောင့်နေပြီး ခေါင်းကိုနှိပ်ပေးသည်။ ဘာသာရပ်အားလုံးတွင် ကျွန်မ ဂုဏ်ထူးမှတ်ရသည်။ အင်္ဂလိပ်စာ နှုတ်မေးခွန်းတွင် ချိန်တူမှ ဖြေသူများအနက် အမှတ် အများဆုံးရသည်။

ကျွန်မ အမောမပြေသေးမီ စိတ်ပျက်အားငယ်စရာ ဖြစ်ရပ်တစ်ခု ကြုံရသည်။ ဂျူလိုင် ၂၀ ပီကင်းနေ့စဉ်တွင် “ဗလာအဖြေလွှာတစ်ခု” အကြောင်း ဆောင်းပါး တစ်ခုပါလာသည်။

ကျင်ကျိုးအန်းကျေးလက်တစ်ခုမှ “ချန်တေရှင်း” ဆိုသည့် ကျောင်းသားသည် တက္ကသိုလ်ဝင်ခွင့် မေးခွန်းလွှာများ မဖြေနိုင်သဖြင့် စာတစ်ကြောင်းပင် မရေးဘဲ အဖြေလွှာတွင် ဗလာစာရွက်အတိုင်း ပေးလိုက်သည်။ ပြီးတော့ စာမေးပွဲများသည် အရင်းရှင်စနစ်ကို ပြန်လည်ထူထောင်ခြင်း ဖြစ်သည်ဟု စာတစ်စောင် ရေးလိုက်သည်။ သူ၏ စာသည် မော်၏တူ မော်ယွန်ရှင် ဆီရောက်သွားသည်။ မဒမ်မော်နှင့် အပေါင်းပါတို့က ပညာတတ်များကို ဘူဇွာအာဏာရှင်စနစ် ထူထောင်မည့်သူများဟု ရှုတ်ချသည်။ “တစ်တိုင်းပြည်လုံး စာတစ်လုံးမှ မတတ်တော့ ဘာဖြစ်သလဲ။ ယဉ်ကျေးမှုတော်လှန်ရေး အောင်မြင်ဖို့လိုတယ်” ဟု ကြေညာသည်။

ကျွန်မဖြေသည့် စာမေးပွဲများ တရားမဝင်ဟု ကြေညာသည်။ တက္ကသိုလ်ဝင်ခွင့် ကို နိုင်ငံရေးခံယူချက်အပေါ် အခြေခံကာ ရွေးမည်ဆိုသည်။ သို့ဖြစ်ရာ ဘယ်ပုံ ရွေးမည်လဲ။ ကျွန်မကို လျှပ်စစ်စက်ရုံက ထောက်ခံသည်။ စံပြအလုပ်သမားဟု ရွေးသည်။ အခြားနှစ်ဆယ့်တစ်ယောက်သည်လည်း ကျွန်မကို ထောက်ခံချက်များ ပေးမည်အမှန်။ ဘယ်လိုရွေးချယ်မည်လဲ။

အလုပ်သမားတစ်ယောက်ကမူ “ကျွန်တော့်အရည်အချင်းကို ခင်ဗျားတို့ သိချင်လိမ့်မယ်။ ကျွန်တော့်အရည်အချင်းကတော့ ဒါပဲ” ဟု ပြောကာ သူ့လက်နှစ်ဖက်ကို မြှောက်ပြပြီး အသားမာများကို လက်ညှိုးထိုးပြသည်။ သို့ပေမယ့် ကျွန်မတို့ အားလုံး၏ လက်များမှာလည်း အသားမာတွေရှိသည်။ ကျွန်မတို့သည် စက်ရုံတွေမှာအလုပ်လုပ်ဖူးသည်။ လယ်ကွင်းတွေထဲမှာ အလုပ်လုပ်ဖူးသည်။

နောက်တစ်နည်းရှိသည်။ ယင်းမှာ နောက်ဖေးပေါက်ပင်တည်း။

ဆီချွမ်ရွေးချယ်ရေးကော်မီတီအဖွဲ့ဝင်များ ညွှန်မှူးများသည် ပြန်လည် ထူထောင်ခွင့်ရလာသည့် အဖေ၏ အပေါင်းအသင်းဟောင်းများ ဖြစ်သည်။ သူတို့က အဖေ၏သတ္တိနှင့် ရိုးသားဖြောင့်မတ်ခြင်းကို ယုံကြည်လေးစားကြသည်။ သို့သော်လည်း အဖေကား အကူအညီတောင်းမည့်သူမဟုတ်။ “အာဏာမရှိတဲ့ လူတွေအပေါ် တရားမျှတမှုရှိမှာ မဟုတ်ဘူး။ ဒီနည်းနဲ့သာ စခန်းသွားနေရင် တို့ တိုင်းပြည် ဘာဖြစ်မလဲ” ဟု အဖေပြောသည်။ ကျွန်မက သူ့ကို ဆွေးနွေးသည်။ နောက်ဆုံး မျက်ရည်သာအဖတ်တင်သည်။ ကျွန်မ စိတ်ထိ ခိုက်မှန်း သူသိသည်။

“ကဲ ဒါဖြင့် အဖေ ပြောပေးမယ်” ဟု သူပြောသည်။

သူ့ကို တွဲကာ တစ်မိုင်လောက်ဝေးသည့် ဆေးရုံသို့ ခေါ်သွားသည်။ ဆေးရုံတွင် ရွေးချယ်ရေး အဖွဲ့ဝင်တစ်ယောက် ဆေးစစ်ခံနေသည်။ တုတ်ကောက် အကူအညီဖြင့် အဖေ ဖြည်းဖြည်းလျှောက်သည်။ ဟိုတုန်းက အားခွန် ဗလတွေ ဘယ်ရောက်ကုန်ပြီမသိ။ ကျွန်မမှာ “ကဲ ပြန်ကြမယ် အဖေ” ဟု ပြောချင် စိတ်ဖြစ်ပေါ်လာသည်။ သို့သော်လည်း တက္ကသိုလ်နေချင် စိတ်ကား ပြင်းထန်နေသည်။

ဆေးရုံဝင်းထဲက ကျောက်တုံတားအစွန်းတစ်ခုတွင် ကျွန်မတို့ ထိုင်ကြသည်။ အဖေကား ပင်ပန်းလှသည်။ ထိုခဏမှာပင် “အဖေ့ကို ခွင့်လွှတ်နော်၊ အဖေ မပြောချင်ဘူး” ဟုဆိုသည်။ အဖေ့ကို ကျွန်မ ဟစ်အော်ကန့်ကွက်ချင်သည်။ တခြား နည်းလမ်းမရှိ။ ကျွန်မနှင့် ထိုက်တန်သည်။ အလုပ်အရလည်း ထိုက်တန်သည်။ စာမေးပွဲအောင်ချက်အရလည်း ထိုက်တန်သည်။ ကျွန်မ အရွေးခံရပြီးဖြစ်သည်။ ဒါတွေ အဖေ အားလုံးသိသည်။ ပညာမြတ်နိုးအောင် အဖေပင် ကျွန်မကို အားပေးခဲ့သည်။ သို့သော်လည်း သူသည် “မူ” ကို အထိမခံ။ သူ့ကို ကျွန်မချစ်သည်။ ထို့ကြောင့် သူအနေအတိုင်းရှိပါစေတော့ဟု ခွင့်လွှတ်လိုက်သည်။ သူသည် ကိုယ်ကျင့်တရား မကောင်းသည့် သူများအလယ်တွင် ကိုယ်ကျင့်တရားကို တစ်ယောက်တည်း ထိန်းနေ သူဖြစ်သည်။ ကျွန်မလည်း မျက်ရည်သုတ်ပြီး “ဒါဖြင့်လည်း နေပါစေ အဖေရယ်” ဟု ပြောကာ သူ့ကို ဆွဲပြီး အိမ်သို့ပြန်လာခဲ့သည်။

ကျွန်မ ကံကောင်းသည့် တစ်ချက်ရှိသည်။ အားကိုးစရာ အမေတစ်ယောက် ရှိနေသည် မဟုတ်လား။ အမေသည် ရွေးချယ်ရေးကော်မီတီအကြီးအကဲ၏ ဇနီးကို သွား၍ တွေ့သည်။ သူကတစ်ဆင့် သူယောကျ်ားကို ပြောသည်။ ထို့နောက် အခြား အကြီးအကဲများထံသို့လည်း အမေ သွားသည်။ ကျွန်မကို ထောက်ခံပါ သူပြောခဲ့သည်။ စာမေးပွဲအဖြေလွှာများကို ပြောပြသည်။ ဤသို့ဖြင့် ၁၉၇၃ အောက်တိုဘာ တွင် ကျွန်မသည် ချိန်တူမြို့ ဆီချွမ် တက္ကသိုလ်ဘာသာခြားသင်ဌာနတွင် အင်္ဂလိပ်စာသင်ကြားရန် တက်ရောက်ခွင့်ရလေသည်။

****

[၂၆]

အင်္ဂလိပ်စာသင်ကြားခြင်း

(၁၉၇၂ - ၁၉၇၄)

၁၉၇၂ ဆောင်းဦးတွင် ပီကင်းမှ အမေပြန်လာပြီးနောက် သားသမီးငါးယောက်ကို ကူညီခြင်းမှာ သူ့အလုပ်ဖြစ်လာသည်။ မောင်အငယ်ဆုံး ရှောက်ဖန်သည် ကျောင်း မတတ်ရသည်မှာ ကြာပြီဖြစ်သဖြင့် အမေက စာလိုက်နိုင်အောင် သင်ကြားပေးသည်။ ကလေးများ၏ အနာဂတ်သည် သူ့အပေါ်တည်သည်။

ခြောက်နှစ်လုံးလုံး ကိုယ်တစ်ခြမ်းလေဖြတ်ခံရသလို ဖြစ်ခဲ့ရသည့် တရုတ်လူ့အဖွဲ့အစည်းတွင် မဖြေရှင်းနိုင်သည့် ပြဿနာများစွာ ပေါ်ခဲ့သည်။ အဆိုးဆုံးမှာ သန်းပေါင်းများစွာသော လူငယ်တို့ကို ကျေးလက်သို့ စေလွှတ်ခဲ့ ခြင်းဖြစ်သည်။ ယခု သူတို့မြို့သို့ ပြန်၍လာချင်ကြသည်။ မြို့တွင် စီးပွားရေးလုပ်ငန်းများ ပြန်လည် စည်ပင်စပြုလာရာ အလုပ်သမားများစွာလိုသည်။ မြို့သို့ ပြန်လာသည့်အရေအတွက် ကို အစိုးရက သတ်မှတ်ကာ လူဦးရေကို ထိန်းချုပ်သည်။ မြို့နေလူထုအတွက် အစား အစာနေစရာအိမ်နှင့် လုပ်စရာအလုပ်တို့အတွက် အစိုးရက တာဝန်ယူသည်။

မြို့ပြန်ချင်သူ အဆမတန်များလာပြီး အပြိုင်အဆိုင် ဖြစ်လာသည်။ လက်ထပ်ပြီးသူများကို မြို့သို့မခေါ်။ လက်ထပ်ပြီးလျှင် မြို့ရှိ ဘယ်အဖွဲ့အစည်း ဘယ်အလုပ်ကမျှ မကြိုဆို။ ဤစည်းကမ်းကြောင့် ရှောက်ဟောင်မှာ မြို့တွင် အလုပ်မရနိုင်။ တက္ကသိုလ်သို့လည်း မရောက်နိုင်။ ထိုနည်းများဖြင့် မြို့သို့ ပြန်လာခြင်းသည် လွယ်ကူသည်။ ရှောက်ဟောင်သည် ချင်းယီနှင့်အတူ နေချင်သည်။ သူ့ယောက်ျား ချင်းမိ၏ အလုပ်ရုံလည်း ပြန်ဖွင့်နေပြီ။ သို့ဖြစ်ရာ သူလည်း တေယန်းသို့ မသွားနိုင်။ လက်ထပ်ပြီးသူများ အတူနေနိုင်ရန် တစ်နှစ်လျှင် ခွင့်ဆယ့်နှစ်ရက်ပေးသည်။ ချိန်တူသို့ ရှောက်ဟောင်ပြန်ရောက်ဖို့ ရောဂါတစ်ခု လိုသည်။ တောတွင် ကုသ၍မပျောက် နိုင်သည့် ရောဂါမျိုးဖြစ်ရမည်။ လူတိုင်း ဤနည်းလမ်းဖြင့် မြို့သို့ ပြန်ရောက်လာကြသည်။ သို့ဖြစ်ရာ အမေသည် မိတ်ဆွေဆရာဝန်တစ်ယောက် အကူအညီဖြင့် ရှောက်ဟောင်တွင် အသည်းရွှတ် ရောဂါရစေသည်။ သို့ဖြစ်ရာ ၁၉၇၂ နှစ်ကုန်တွင် ချိန်တူသို့ ရှောက်ဟောင် ပြန်ရောက်လာသည်။

ယခုအခါ အမှုကိစ္စဟူသမျှကို အဆက်အသွယ်ကောင်းနှင့် ဆောင်ရွက်မှ ပြီးမြောက်သည်။ သူတို့သားသမီးများကို တောမှပြန်ခေါ်ရန် အမေ့ဆီသို့နေစဉ် လူမျိုးပေါင်းစုရောက်လာကြသည်။ အမေမှာ ရာထူးလက်ရှိမဟုတ်သော်လည်း အဆက်အသွယ်ကောင်းများရှိသည်။ အဖေကိုမူ အားမကိုးကြ။

အစိုးရဌာနများ၏ ပုံမှန်လမ်းကြောင်းအတိုင်း ပြီးမြောက်သည်တိုင် ပုဂ္ဂိုလ်ရေးအဆင်ပြေမှုရှိလျှင် ချောမွေ့သည်။ ၁၉၇၂ မတ်တွင် ကျင်မင်းသည် သူတာဝန်ကျသောရွာမှ မြို့သို့ ပြန်ရောက်လာသည်။ သူနေသော မြို့နယ်တွင် လျှပ်စစ် ပစ္စည်းစက်ရုံသို့ ကျင်မင်းအလုပ်ဝင်သည်။

ယင်းမှာ ရှန်ဟဲမှ ရွှေ့ပြောင်းလာသည့် စက်ရုံကြီးဖြစ်သည်။ မော်၏ အစီအစဉ်အရ အမေရိကန်နှင့် ရုရှားတို့နှင့် ဝေးရာဆီချွမ်တောင်တန်းတွင် စက်မှုလုပ်ငန်းများ တည်ဆောက်နေသည့် စီမံကိန်းဝင် စက်ရုံတစ်ခုဖြစ်သည်။ ကျင်မင်းသည် အလုပ်ကြိုးစားသည်။ ၁၉၇၃ တွင် လျှောက်လွှာ ၂၀၀ အနက်မှ သူ့ကို ရွေးပြီး တက္ကသိုလ်သို့ ကျောင်းတက်စေသည်။ စာမေးပွဲတွင် အမှတ်ကောင်းဖြင့် အောင်သည်။ သို့သော်လည်း နိုင်ငံရေးခံယူချက် စာမေးပွဲကို ကျော်လွှန်ဖို့ လိုသေးသည်။ အမေ ဆောင်ရွက်သဖြင့် ကင်းရှင်းသွားသည်။ ၁၉၇၃ အောက်တိုဘာတွင် ဆီချွမ်တက္ကသိုလ်သို့ ရောက်သွားသည့်အခါ ကျင်မင်းကို တရုတ်ပြည်အလယ်ပိုင်း ဝူဟန်အင်ဂျင်နီယာကောလိပ် ပုံသွင်းလုပ်ငန်း လေ့လာရန် တက်ရောက်ရသည်။ သူ သင်ကြားချင်သည်မှာ ရူပဗေဒဖြစ်သည်။

ထိုအချိန်တွင် ဒုတိယမောင်လေးရှောက်ဟေမှာ အခက်အခဲကြုံရသည်။ တက္ကသိုလ်တက်ခွင့် မျှော်လင့်ချက်မရှိ။ အလုပ်သမား၊ လယ်သမား သို့မဟုတ် စစ်သား တစ်ခုမျှမဟုတ်သဖြင့် ဝင်ခွင့်မရ။ အစိုးရသည် မြို့နေလူငယ်များကို ကျေးလက်သို့ပို့နေသည်။ ရှောက်ဟေအတွက် အခွင့်အလမ်းတစ်ခု ရှိသည်။ စစ်တပ်ထဲဝင်လျှင် တက္ကသိုလ်သို့ သူရောက်နိုင်သည်။

၁၉၇၂ ဒီဇင်ဘာတွင် မြောက်ပိုင်းရှိ လေတပ်ကောလိပ်တစ်ခုသို့ ဝင်ခွင့်ရပြီး သုံးလသင်တန်းပြီးလျှင် ရေဒီယိုအော်ပရေတာ ဖြစ်လာသည်။ သူသည် တစ်နေ့ငါး နာရီ အလုပ်လုပ်ပြီး ကျန်အချိန်များတွင် နိုင်ငံရေးလေ့လာ ဖတ်ရှုသည်။

၁၉၇၀ လွန်နှစ်များတွင် ကွန်မြူနစ်ပါတီသို့ဝင်ရန် ကြိုးစားသူများ လာသည်။ သဘောတရားရေး ကြောင့်ကားမဟုတ်။ လူတိုင်းက လျှောက်လွှာတွင် လူ့လောကအကျိုး ဆောင်ရွက်ချင်ပါသည်၊ ကမ္ဘာ့ပစ္စည်းမဲ့များ လွတ်မြောက်ရေးကို ရေးရှုပါသည်ဟု ဖော်ပြသည်။ သို့သော်လည်း အခွင့်အရေးမျှော် ကိုးသည်မှာ အကြောင်းရင်းဖြစ်သည်။ ပြီးလျှင် အရာရှိဖြစ်အောင် ကြိုးစားမည်။ ပြီးမှ နိုင်ငံတော် အစိုးရ၏ အရာရှိဖြစ်လာမည်။ လခ၊ ဂုဏ်သိက္ခာ၊ အာဏာ အားလုံးရမည်။ မြို့နေ မှတ်ပုံတင်ဆိုသည်ကား အသေးအဖွဲ့မျှသာ။ တပ်သားသည် တပ်ကထွက်လျှင် တောသို့ ပြန်ရောက်ပြီး လယ်လုပ်ရမည်။ စည်းကမ်းတစ်ခုမှာ တပ်ကထွက်လာပြီး မိမိလာသောနေရာ ပြန်သွားရခြင်းဖြစ်သည်။ သို့ဖြစ်ရာ ပါတီဝင်ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ချိန်တူတွင် ရှောက်ဟေ အလုပ်တစ်ခုရမည်။ သို့သော်လည်း ပါတီဝင်ဖြစ်လျှင် အလုပ်ကောင်းရမည်။

ပါတီသို့ဝင်ခြင်းမှာ အသက်အာမခံထားခြင်းနှင့် တူသည်။ ရှောက်ဟေ သည် မတ်ဝါဒကျမ်းများကို ဖတ်သည်။ မတ်လီနင်ဝါဒနားလည်မှ ကွန်မြူနစ် ပါတီ

ဝင်ဖြစ်နိုင်မည်။ လယ်သမားပါတီဝင်သည် မတ်ဝါဒကို နားမလည်။ ပါတီဝင်ဖြစ်ဖို့မှာ မလွယ်။ အရေးအကြီးဆုံးမှာ ကိုယ့်အထက်လူကြီး ကျေနပ် ရေးပင် ဖြစ်သည်။ ထို့နောက် ရဲဘော်များ ကျေနပ်ရမည်။ လူချစ်လူခင်များသည့် အပြင် လူတွေကို အကျိုးပြုသည့် အလုပ်များလုပ်ရမည်။ မနက်စောစော ထကာ တံမြက်စည်းလှဲရမည်။ တံမြက်စည်းရအောင် လုရသဖြင့် ရဲဘော်များ မနက် ၄ နာရီကတည်းက အိပ်ရာမှ နိုးနေကြသည်။

နောက်တစ်ခုမှာ ကုန်ထုတ်လုပ်ငန်းတွင် ပါဝင်ရမည်။ တပ်ဖွဲ့တိုင်း စပါးစိုက်ရသည်။ ဂျုံစိုက်ရသည်။ ဟင်းသီးဟင်းရွက်စိုက်ရသည်။ ဝက်မွေးရသည်။ ရှောက်ဟေသည် နံနံစော်စော် ဝက်ခြံမှာ တာဝန်ယူရသည်။ မနက် စောစောထကာ ဝက်မကြီးကို အစာကျွေးရသည်။ နို့ထွက်ကောင်းမှ ဝက်ကလေးများ ဝမည်။ ပဲပိစပ်ကို ထောင်းကာ ဝက်မကြီးကို ကျွေးသည်။ သို့နှင့် တစ်နှစ်တာကုန်ဆုံးပြီးနောက် ရှောက်ဟေသည် ပါတီဝင်ဖြစ်လာသည်။

ပါတီဝင်ဖြစ်ရုံနှင့် မပြီးသေး။ ရာထူးတက်ဖို့လိုသေးသည်။ အရာရှိဖြစ်ရမည်။ အရာရှိဖြစ်ဖို့ အထက်လူကြီးနှင့် မျက်မှန်းတန်းမိရမည်။ တစ်နေ့တွင် နိုင်ငံရေးမှူးက ရှောက်ဟေကို ခေါ်၍တွေ့သည်။ စီးကရက်တစ်လိပ် မီးညှိပြီးနောက် မိဘ၊ အသက်၊ ကျန်းမာရေး စသည်တို့ကို မေးသည်။ ရည်းစားရှိသလားဟူ၍လည်း မေးသည်။ မရှိပါဟု ဖြေသည်။

ထို့နောက် နိုင်ငံရေးမှူးက ဒုတိယစီးကရက်မီးညှိကာ ဝါဂွမ်းစက်ရုံတွင် မီးလောင်စဉ်က ချည်ငင်ဌာန အမျိုးသမီးတစ်ယောက် ပစ္စည်းများသိမ်းဆည်းစဉ် မီးလောင်ဒဏ်ရာရသည်။ ခြေလက်များ ဖြတ်ပစ်ရသည်။ ခေါင်းနှင့်ကိုယ်ပဲ ကျန်သည်။ မျက်နှာမှာ အကောင်းပကတိ။ အရေးကြီးတာတစ်ခုမှာ ထိုအမျိုးသမီးသည် မျိုးဆက် ပြန့်ပွားရေးတာဝန်ကို ယူနိုင်ခြင်းပင် ဖြစ်သည်။ သူသည် အမျိုးသမီး အလုပ်သမား သူရဲကောင်း ဖြစ်လာသည်။ သူ့စွန့်စားမှုကို သတင်း စာများတွင် အသားပေးဖော်ပြသည်။ ပါတီကလည်း သူ့ကို လိုအင်ဆန္ဒများ ဖြည့်ဆည်းပေးသည်။ သူက လေတပ် ဗိုလ်တစ်ယောက်နှင့် လက်ထပ်ချင်ပါသည်ဟု ပြောသည်။ ရှောက်ဟေသည် ငယ်သည်။ ချောမောခန့်ညားသည်။ ရည်းစားမရှိ။ အချိန်မရွေး အရာရှိဖြစ်နိုင်သည်။

ရှောက်ဟေသည် အမျိုးသမီးကို သနားသည်။ သို့သော်လည်း လက်ထပ်ဖို့ ဆိုသည်မှာ တစ်ကိစ္စဖြစ်သည်။ သို့သော်လည်း နိုင်ငံရေးမှူးစကားကို သူ ဘယ်လို ငြင်းရမည်လဲ။ အချစ်။ အချစ်ဆိုသည်မှာ လူတုန်းစားစိတ်ခံစားနှင့် ဆက်စပ်နေသည်။ ကွန်မြူနစ်သူရဲကောင်း အမျိုးသမီးတစ်ယောက်ကို လူတန်းစား စာနာစိတ်ဖြင့် မချစ်နိုင်ဘူးလား။ တရုတ်ပြည်တွင် လက်ထပ်ပွဲများစွာကို ပါတီက စီစဉ်ပေးသည်။ အရာရှိဖြစ်လာမည့် ပါတီဝင်ရှောက်ဟေက “ကျွန်တော် ပါတီရဲ့ အဆုံးအဖြတ်ကို နာခံပါမယ်” ဟု အဖြေပေးရမည်။ စောစောက ရည်းစားမရှိပါဟု ပြောခဲ့မိသဖြင့် နောင်တရနေသည်။ ဘာပြောရမလဲ ရှောက်ဟေ စဉ်းစားသည်။

နိုင်ငံရေးမှူးသည် နောက်ထပ် စီးကရက်တစ်လိပ် မီးညှိပြီး ခဏငုံ့လင့်နေသည်။ ရှောက်ဟော စကားလုံးများ ရွေးသည်။ ချိန်ဆသည်။ အရဲစွန့်ကာ အဲဒီပါတီရဲ့ အဆုံးအဖြတ်ဟာ မပြင်နိုင်တော့ဘူးလားဟု မေးသည်။ ပါတီကမူ လိုလိုချင်ချင်တာဝန်ယူသည်ကို ကြိုက်သည်။ နိုင်ငံရေးမှူးက မပြင်နိုင်ဟု ဖြေသည်။ ရှောက်ဟောဘက်က ပြောစရာသာ ကျန်တော့သည်။ ရှောက်ဟော လိမ်ပြောရန် စိတ်ကူးသည်။ သူ့တွင် ရည်းစားမရှိသေးသော်လည်း အမေက သူ့ကို မိန်းမပေးစားရန် စီစဉ်နေပါသည်။ ထိုအမျိုးသမီးသည် တပ်နယ်တစ်ခုမှ တပ်မှူးတစ်ယောက်၏ သမီးဖြစ်သည်။ တပ်မတော်ဆေးရုံတစ်ခုတွင် အမှုထမ်းနေသည်။ မကြာသေးမီက သူတို့နှစ်ယောက်အချစ်အကြောင်း ဆွေးနွေးခဲ့ကြသည်။

နိုင်ငံရေးမှူးက သူ့စကားကို ပြန်လည်ရုပ်သိမ်းသည်။ ရှောက်ဟော ဘယ်လိုခံစားရသလဲ သိချင်၍ မေးခြင်းဖြစ်သည်၊ ဖွတ်အတင်း မပေးစားလိုပါဟု ဆိုသည်။ ရှောက်ဟောကို ပြစ်ဒဏ်မပေး။ မကြာမီ သူသည် အရာရှိဖြစ်လာပြီး မြေပြင် ရေဒီယိုဆက်သွယ်ရေးယူနစ်တစ်ခုတွင် တာဝန်ကျသည်။ လယ်သမားအခြေခံမှ တက်လာသည့် လူငယ်တစ်ယောက်က ခြေပြတ်လက်ပြတ် အမျိုးသမီးကို လက်ထပ် မည်ဆိုသည်။

ထိုအခိုက် မဒမ်မော်နှင့် အပေါင်းပါများ တစ်စခန်းထသည်။

စက်မှု လုပ်ငန်းတွင် "ကုန်ထုတ်လုပ်ရေးရပ်ခြင်းသည် တော်လှန်ရေးလုပ်ခြင်းဖြစ်သည်" ဟု ကြွေးကြော်ပြီး လယ်ယာစိုက်ပျိုးရေးတွင်မူ "အရင်းရှင်သီးနှံအစား ဆိုရှယ်လစ် ပေါင်းပင်ပဲလိုချင်သည်" ဟု ကြွေးကြော်သည်။ နိုင်ငံခြားနည်းပညာရယူခြင်းမှာ နိုင်ငံခြားသားလေလည်သည်ကို မွှေးသည်ဟု ပြောခြင်းမျိုးဖြစ်သည်ဟု ဆိုသည်။ ပညာရေးတွင်မူ "စာမတတ်တဲ့ လုပ်သားပြည်သူပဲ လိုချင်တယ်။ ပညာတတ် မင်းစိတ် စိုးစိတ်ပေါက်နေတဲ့လူတွေ မလိုချင်ဘူး" ဟု ဆိုသည်။ တစ်ဆက်တည်းပင် တပည့်များ သည် ဆရာများကို တော်လှန်ရမည်ဟု လှုံ့ဆော်သည်။ ၁၉၇၄ တွင် ပီကင်းကျောင်း များရှိ စာသင်ခန်းပြတင်းမှန်များ၊ စားပွဲများ၊ ကုလားထိုင်များကို ၁၉၆၆ နည်းတူ ရိုက်ချိုးဖျက်ဆီးသည်။ မဒမ်းက "ဆယ့်ရှစ်ရာစုမှာ အင်္ဂလိပ်အလုပ်သမားတွေက စက်တွေကို ဖျက်ဆီးတာနဲ့ အတူတူပဲ" ဟု ဆိုသည်။ ဤသည်မှာ ချောင်အင်လိုင်းနှင့် တိန့်ရှောင်ဖိန်တို့ကို ဒုက္ခပေးရန် ရည်ရွယ်ခြင်းဖြစ်သည်။

ချောင်နှင့်တိန့်တို့က တရုတ်ပြည်၏ တံခါးများကို ဖွင့်ချင်သည်။ မဒမ်မော်က နိုင်ငံခြားယဉ်ကျေးမှုကို ထပ်မံတိုက်ခိုက်သည်။ ၁၉၇၄ အစောပိုင်းတွင် အီတလီ ရုပ်ရှင်ဒါရိုက်တာ မိုက်ကယ်အန်ဂျလို အန်တိုနီယိုနီကို စတင်တိုက်ခိုက်သည်။ တရုတ်ပြည်အကြောင်း ရုပ်ရှင်တစ်ကားရိုက်သည်တွင် ရှုတ်ချခြင်းဖြစ်သည်။ ထိုရုပ်ရှင် အကြောင်းကို တရုတ်ပြည်တွင် မည်သူမျှမကြားဖူးပေ။ အန်တိုနီယိုနီကိုလည်း မသိ။ ဗီလာဒဲလဖီးယားသံစုံတီးဝိုင်း လာရောက် ဖြေဖျော်သည့်အခါ ဗီထိုဗင်ကို တိုက်ခိုက် ပြောဆိုသည်။

လင်ပြောင်ကွယ်လွန်ပြီး နှစ်နှစ်အတွင်း ယဉ်ကျေးမှုတော်လှန်ရေး အစောပိုင်းတုန်းကလို မသောင်းကျန်းကြတော့။ မော်သည် ဘယ်သူ့ဘက်ကိုမျှမလိုက်။ ချောင်နှင့်တိန့်တို့က ယဉ်ကျေးမှုတော်လှန်ရေး ဟန့်တားသည်ကို သူမကြိုက်။ သူ့မိန်းမနှင့် အပေါင်းပါတို့သည်လည်း တိုင်းပြည်ကောင်းအောင် လုပ်နိုင်မည်မဟုတ်ဟု သိသည်။

ချောင်အင်လိုင်းသည် အုပ်ချုပ်ရေးတည်ငြိမ်အောင် ဆောင်ရွက်နေသည်။ မော်က သူ့မိန်းမမှတစ်ဆင့် ကွန်ဖျူးရှပ်ကို ဝေဖန်သည်။ လင်ပြောင်ကို ရှုတ်ချသည့် ကြွေးကြော်သံများ ထွက်လာသော်လည်း ချောင်ကို ဇောင်းပေး တိုက်ခြင်းဖြစ်သည်။ ချောင်သည် မော်အပေါ် သစ္စာရှိသော်လည်း သူ့ကိုလည်း တစ်ယောက်တည်း လွှတ်မထား။

ထိုအချိန်တွင်မူ ယဉ်ကျေးမှုတော်လှန်ရေးတွင် တာဝန်ရှိသူမှာ မော် ဖြစ်သည်ဟူ၍ ကျွန်မ နားလည်လာသည်။

မဒမ်မော် ရှေ့တန်းတင်တိုက်ခိုက်သည့်ကဏ္ဍမှာ ပညာရေးဖြစ်သည်။ ယင်းမှာ စီးပွားရေးအတွက် လောလောဆယ် အရေးမကြီးဟု ဆိုသည်။ တက္ကသိုလ်သို့ ကျွန်မ တက်သည့်အချိန်တွင် တိုက်ပွဲတစ်ခုအလယ်၌ ကျွန်မ ရောက်နေသည်။

ဆီချွမ်တက္ကသိုလ်မှာ ဩဂုတ် ၂၆ အုပ်စု၏ ဌာနချုပ်ဖြစ်သည်။ သူတို့ကား တင်လင်မယား၏ လက်ကိုင်တုတ်များဖြစ်သည်။ တက္ကသိုလ်အဆောက်အအုံများ တစ်ခုမျှ အကောင်းမကျန်။

ယဉ်ကျေးမှုတော်လှန်ရေး၏ ဒဏ်ရာဒဏ်ချက်များဖြင့် ပျက်စီးယိုယွင်းနေသည်။ ပရဝုဏ်အလယ်ရှိ ရေကန်သည် ခြင်များစုဝေးရာ ရေဆိုးအိုင်တစ်ခု ဖြစ်လာသည်။ တံခါးမကြီး ဝင်ပေါက်တစ်လျှောက် ရိပ်သာလမ်းတွင် ပြင်သစ်ပလိန်းပင်များ ကျိုးပဲ့ပျက်စီးနေသည်။

ထိုအချိန်တွင် နောက်ဖေးပေါက်မှ ဝင်လာကြသူများသည် နိုင်ငံရေးတိုက်ပွဲတစ်ခု အစပျိုးလျက်ရှိသည်။ ရှေ့ပေါက်မှာ ပိတ်ဆို့ရပ်နေသူများမှာ ယဉ်ကျေးမှု တော်လှန်ရေးခေါင်းဆောင်များ ဖြစ်သည်။ အလုပ်သမားတော်လှန်ရေးခေါင်းဆောင် များဖြစ်သည်။ အလုပ်သမားလယ်သမား စစ်သားတစ်ဖြစ်လဲ ကျောင်းသားသစ်များ တွင် ခေါင်းဆောင်ကြီးများ၏ သားသမီးများ များစွာပါဝင်သည်။ ကျန်ကျောင်းသား တို့မှာ အဆက်အသွယ်ကောင်းရှိသူများဖြစ်သည်။ လယ်သမားကျောင်းသားအဖို့ ကုန်ထုတ်လုပ်ရေး အဖွဲ့ခေါင်းဆောင် သို့မဟုတ် ဘုံရိပ်သာအတွင်းရေးမှူးများ၊ အလုပ်သမားကျောင်းသားအဖို့ စက်ရုံအကြီးအကဲများမှာ အဆက်အသွယ်ကောင်း များဖြစ်လာသည်။ နောက်ဖေးပေါက်မှ ဝင်ခြင်းသည် တစ်ခုတည်းသော နည်းလမ်း ဖြစ်သည်။ ကျွန်မ၏ အဖော်များသည် ထိုတိုက်ပွဲတွင် ထက်ထက်သန်သန်မရှိလှပေ။

ညနေတိုင်း ပြည်သူ့နေ့စဉ်သတင်းစာများ လေ့လာရသည်။ တစ်ချိန် လုံး

ကျောင်းဝင်းထဲမှာ နေရသည်။

အင်္ဂလိပ်စာသည် ကျွန်မသင်ယူရမည့် ဘာသာရပ်ဖြစ်သည်။ သို့သော်လည်း သင်ယူဖို့ နည်းလမ်းမှာ အဆင်မပြေ။ ဆီချွမ်သို့ နိုင်ငံခြားသားတစ်ယောက်မျှ မဝင်ရ။ ဗြိတိန်နိုင်ငံ ကွန်မျူနစ်ပါတီ၏ အာဘော်ဖြစ်သည့် လုပ်သားသတင်းစာ ကိုသာ ဖတ်ရသည်။ အင်္ဂလိပ်စကားပြောသူတစ်ယောက်မျှ မတွေ့ရ။

ကျောင်းသုံးစာအုပ်များမှာလည်း ဝါဒဖြန့်စာအုပ်များသာ ဖြစ်သည်။ ပထမဆုံး စာကြောင်းမှာ ဥက္ကဋ္ဌကြီးမော် အသက်ရာကျော် ရှည်ပါစေဖြစ်သည်။ အင်္ဂလိပ်စာအုပ်များ ရှာကြံငှားရမ်းပြီး ဖတ်ရှုရသည်။ ကျင်မင်းက သူ့တက္ကသိုလ် မှရနိုင်သည့် စာအုပ်များကို စာတိုက်မှပို့ပေးသည်။ ဂျိန်းအော်စတင်၊ ချားဒစ်ကင်း၊ အော်စကာဝိုင်းတို့၏ စာများ၊ ဥရောပဝတ္ထုများနှင့် အမေရိကန်သမိုင်းတို့ကို ဖတ်ရသည်။

အင်္ဂလိပ်စာတွင် အတန်းဖော်များထက် ကျွန်မက သာသည်။ ဤသည်မှာ မကောင်း။ ကျောင်းသားအရာရှိများက ကျွန်မ၏ နိုင်ငံရေးခံယူချက်ကို စောင့်ကြည့်နေသည်။ သူတို့သည် ကျေးလက်မှ လာကြသူများဖြစ်သည်။ သူတို့သည် အင်္ဂလိပ်စာကို အလွန်အမင်း သင်ယူလိုကြသည်။ သို့သော်လည်း စာမလိုက်နိုင်။ ကျွန်မကို မနာလိုသည်မှာ နားလည်နိုင်ပါသည်။

ကျောင်းသားအရာရှိဆိုသည်မှာ ကျောင်းသားကြီးကြပ်ရေးမှူး ဖြစ်သည်။ သူနှင့်နားလည်မှုရှိဖို့ လိုသည်။ ကျွန်မတို့ ပါတီယူနစ်၏ ခေါင်းဆောင်မှာ လယ်သမားမှ တက်လာသူဖြစ်ပြီး “မင်း” ဟုခေါ်သည်။ သူသည် ဆင်းရဲသည်။ သူက ယဉ်ကျေးမှု တော်လှန်ရေး၏ နောက်ဆုံးဖွံ့ဖြိုးမှုအပိုင်း အလုပ်သမား၊ လယ်သမား၊ စစ်သား တစ်ဖြစ်လဲ ကျောင်းသားတို့၏ တာဝန်များကို ဆွေးနွေးသည်။ ကျွန်မဘက်မှာ ချို့တဲ့မှု တွေရှိနေသဖြင့် ဆွေးနွေးပွဲလိုအပ်လာသည်။ “မင်း” က အတည်ဝင်ပြောသည်။ “လူတွေက ခင်ဗျားအကြောင်း ပြောနေကြတယ်” ဒါပဲပြောပြီး ရပ်ထားသည်။ တစ်နေ့တွင် ကျွန်မကို “အဖြူနှင့် ကျွမ်းကျင်သူ” ဟု စွပ်စွဲကြတော့မည်။ “အဖြူ” ဆိုသည် နိုင်ငံရေးအရ စိတ်မချရသူဖြစ်ပြီး ကျွမ်းကျင်သူဆိုသည် မိမိအလုပ်တွင် တော်သူဖြစ်သည်။ ယင်း လူမျိုးကို ပါတီက မလိုလား။ နောက်တစ်နေ့တွင် ကျွန်မတို့ကို ဘူဇွာဟု စွပ်စွဲလာနိုင်သည်။ အိမ်သာမဆေးသောကြောင့် ဖြစ်သည်။

သူငယ်ချင်းများ၏ အဝတ်များကို ကူ၍လျှော်ဖွပ်မပေးတာလည်းပါသည်။ ယင်းတို့မှာ ကျောင်းသား အလုပ်များဖြစ်သည်ကိုဆိုသည်။ တစ်ဖန် အတန်းသားများကို စာသင်မပေး။ ကျွန်မကို မီလာမှာစိုး၍ ဖြစ်သည်ဟု စွပ်စွဲလာနိုင်သည်။

“ခင်ဗျားဟာ တစ်ကိုယ်တော်သမားတဲ့။ လူထုနဲ့ မရောဘူးတဲ့” မင်းက တည့်တည့်ပြောသည်။

ကျောင်းသားကြီးကြပ်ရေးမှူးတစ်မျိုးရှိသေးသည်။ ယင်းမှာ နိုင်ငံရေး

သင်တန်းမှူးများဖြစ်သည်။ အင်္ဂလိပ်စာ အင်္ဂလိပ်စကားအနည်းငယ်သာ သိသည်။ သို့မဟုတ် လုံးလုံးမသိ။ သူတို့က ကျွန်မကို မနှစ်သက်။ အခါအားလျော်စွာ ကျွန်မ၏ အတွေးအခေါ်ကို အစီရင်ခံရသည်။ သူ့ကိုလည်း ကျွန်မကြောက်သည်။ သူသည် ကြောင်နှင့်ကြွက် လိုက်တမ်းကစားသူလို လူမျိုးဖြစ်သည်။ ကျွန်မ ကျိုးနွံရမည်။ စိတ်အားထက်သန်ရမည်။

ကျွန်မမှာ ကျေးလက်နှင့် စက်ရုံလောကကို ပြန်၍ လွမ်းလာသည်။ ယခုမူ အထီးကျန်ဖြစ်နေသည်။ မဒမ်မော်သည် ပညာတတ်လောကကို အာရုံ ပြုသဖြင့် တက္ကသိုလ်များကို မျက်လုံးဒေါက်ထောက်ကြည့်သည်။ တင်းတင်းကျပ်ကျပ် အုပ်ချုပ်သည်။ ယဉ်ကျေးမှုတော်လှန်ရေးမှ အမြတ်ရခဲ့သူများတွင် ကျွန်မပါသည်။ ယင်းသာ မဖြစ်ခဲ့လျှင် ယခုတက္ကသိုလ်တွင် ရောက်နေသူအများအပြား ဘာဝပြောင်းစရာ အကြောင်းမရှိ။

တစ်ချိန်တွင် အင်္ဂလိပ်အတိုကောက်အဘိဓာန်အသစ်တစ်ခု ပြုစုခိုင်းသည်။ လက်ရှိအဘိဓာန်မှာ ဖောက်ပြန်သည်။ အရင်းရှင်အတိုကောက်များသာ ပါသည်။ ရုစဗဲ့ကို ဘာကြောင့် FDR ဟု ပြထားရသလဲ။ ဥက္ကဋ္ဌကြီး မော်တော့ မပါဘူးဟု ကျောင်းသားအချို့က ဝေဖန်သည်။

ဤပတ်ဝန်းကျင်တွင် ကျွန်မ မပျော်။ မသိနားမလည်သည်ကို ခွင့်လွှတ်နိုင်ပါသည်။ သို့သော်လည်း မသိနားမလည်သူတွေက အုပ်ချုပ်ဖို့ မဆိုထားနှင့် ယင်းတို့ကို ဂုဏ်တင်ပြောဆိုနေသည်ကိုပင် ကျွန်မ လက်မခံနိုင်ပါ။

တက္ကသိုလ်မှ ခွာ၍လေ့လာရေးသွားရသည့်အခါများ ရှိသည်။ ကျွန်မ ဘာသာရပ်နှင့် ဘာမှုမဆိုင်။ မော်က “စက်ရုံ၊ ကျေးလက်နှင့်တပ်တို့မှ” သင်ယူစရာတွေရှိသည်ဟု ဆိုသည်။ ၁၉၇၃ အောက်တိုဘာတွင် တက္ကသိုလ်တစ်ခုလုံး ချိန်တူအနီးဝန်းကျင်ရှိ နဂါးစမ်းတောင်သို့ လေ့လာရေးသွားကြရသည်။

တက္ကသိုလ်ကျောင်းသားများသည် စေတနာ့ဝန်ထမ်းအလုပ်များတွင် ကူညီလုပ်ကိုင်ရသည်။ ကျွန်မ စိတ်မဝင်စား၊ လုပ်ကိုင်သည့်အခါတွင်လည်း ကျွန်မ ကိုယ်မှ ချွေးမထွက်။ ထို့ကြောင့် ကျွန်မကို မကြိုက်။

၁၉၇၄ တွင် တက္ကသိုလ်တစ်ခုလုံး တပ်မတော်ယူနစ်တစ်ခုသို့ သွားရောက်လေ့လာရသည့်အခါနှင့် ကြုံရသည်။ ချိန်တူနှင့် မဝေးလှသည့် ဒေသသို့ သွားကြရသည်။ သာယာသည့် ဒေသဖြစ်ပြီး စပါးစိုက်သည့် လယ်ကွင်း၊ မက်မုံပွင့်များ၊ ဝါးရုံပင် များ ဝိုင်းရံနေသည့်ဒေသဖြစ်သည်။ မနက်ခင်းတွင် အပြေးလေ့ကျင့်ရသည်။ ရန်သူတင့်ကားက ပစ်ခတ်သည့်အခါ မြေမှာ ဝပ်တွားပြီး သွားရသည်။ အပွန်းအပဲ့ ဒဏ်ရာတွေရသည်။ လက်ပစ်ဗုံးပစ်လေ့ကျင့်ရသည်။ သေနတ်ပစ်လေ့ကျင့်ရသည်။

တက္ကသိုလ်တွင် ယဉ်ကျေးမှုတော်လှန်ရေး မတိုင်မီက ခန့်ထားခြင်းခံရသည့် ပါမောက္ခများ ကထိကများ၏ အိမ်များသို့ ကျွန်မသွားရောက်လည်ပတ်သည်။ သူတို့သည် ကွန်မျူနစ်တို့ မတက်မီက ဗြိတိန်သို့မဟုတ် အမေရိကန်သို့ ရောက်ဖူး

သူများဖြစ်သည်။ သူတို့နှင့် စကားပြောရာတွင် သတိထားပြောရသည်။ အန္တရာယ်ဖြစ်နိုင်သည့် စကားများမပြောကြ။ ကျွန်မဘက်က မမေးမိ မမြန်းမိအောင် သတိထားသည်။

ထို့အတူ မိဘများနှင့်လည်း စကားကို ဆင်ခြင်၍ မေးသည်။ သူတို့ကို စိတ်မပင်ပန်းစေချင်။ ဘာမျှမသိသည့် အမှောင်ထဲမှာပဲ နေစေချင်သည်။ ကျွန်မမှာ တစ်စုံတစ်ခုဖြစ်လျှင် သူတို့ဘာမျှ မသိပါဘူးဟု အလွယ်ပြောနိုင်မည်ဖြစ်သည်။

အတွေးအခေါ်ချင်း ဖလှယ်ကြသူတို့မှာ ကျွန်မတို့ မျိုးဆက်က သူငယ်ချင်းများနှင့် ဖြစ်သည်။ စကားပြောတာက လွဲလျှင် တခြားဘာတစ်ခုမျှ လုပ်စရာမရှိ။ ယောကျ်ားအပေါင်းအသင်းတို့နှင့်ကား စကားပြောချင်လျှင် ပြောနိုင်သည်။ အတူတွဲ ထွက်ဖို့ဆိုသည်မှာ မလွယ်။ လူထဲနှစ်ယောက်တွဲတွေ့လျှင် စွေ့စပ်ကြောင်းလမ်းဖို့ လိုလာမည်။ တဖန် ဖြေဖျော်မှုရှာစရာလည်းမရှိ။ ရုပ်ရှင်ကားများဆိုလျှင် မဒမ်မော် ထောက်ခံသည့် ဇာတ်ကားကိုမှ ကြည့်နိုင်သည်။

နိုင်ငံခြားရုပ်ရှင်ဆို၍ အယ်လဘေးနီးယားမှ ဇာတ်ကားတစ်ခုတလေသာ ရှားရှားပါးပါးရုံတင်သည်။ လက်မှတ်ဝယ်လို့မလွယ်။ အဆက်အသွယ်ကောင်းသူများက လက်မှတ်များကို သိမ်းကျုံးဝယ်ထားသည်။ လက်မှတ်တိုးရသည်မှာ အန္တရာယ် ရှိသည်။

သို့ဖြစ်ရာ အိမ်မှာထိုင်ပြီး စကားပြောကြသည်သာ များသည်။ ဤသည်မှာ ဘေးကင်းသည်။ မိန်းမများအဖို့ ယောကျ်ားမိတ်ဆွေဟူ၍ ထားခဲသည်။ ထိုအချိန်က အလေ့အထမရှိ။ မိန်းကလေးသူငယ်ချင်း တစ်ယောက်က “ကျွန်မတော့ မိန်းကလေး တစ်ယောက်မှာ ယောကျ်ားလေးသူငယ်ချင်းများရှိတာ မတွေ့ဖူးဘူး၊ မိန်းကလေး ဆိုတာ မိန်းကလေးသူငယ်ချင်းပဲ ရှိတာပဲ” ဟု ပြောသည်ကို အမှတ်ရမိသည်။ သူပြောတာ မှန်သည်။ မိန်းကလေးတို့သည် သူနှင့်ပထမဆုံး နီးစပ်သည့် ယောကျ်ားလေးနှင့် လက်ထပ်ကြသည်သာ များသည်။ ကျွန်မနှင့် ဆက်ဆံသည့် ယောကျ်ားလေး မိတ်ဆွေများအနက် စိတ်ဝင်စားမှုပြသူတို့ထံမှ စိတ်ကူးယဉ်ကဗျာများ ရေးစပ်ပေးပို့သည်ကိုသာ ကြုံရဖူးသည်။ တချို့က ရည်းစားစာကို ထိန်းထိန်းသိမ်းသိမ်း ရေးကြသည်။ တစ်ယောက်ကား ရည်းစားစာကို သွေးနှင့်ရေးပြီးပို့သည်။ ထိုသူမှာ ကောလိပ်ဘောလုံးအသင်း၏ ဂိုးသမားတစ်ယောက်ဖြစ်သည်။

ကျွန်မသည် စာကြည့်တိုက်တွင် နစ်မြုပ်ကာ ရနိုင်သမျှ အင်္ဂလိပ်စာအုပ်များကို ရှာ၍ဖတ်သည်။ အင်္ဂလိပ်စာအုပ်များကို ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် မီးရှို့ဖျက်ဆီးသည်။ သို့သော်လည်း များစွာတို့မှာ စာကြည့်တိုက်တွင် ငုပ်လျှိုးပြီး ကျန်ရစ်ခဲ့သည်။ ထိုစာအုပ်များကို ဖတ်သူရှိသဖြင့် စာကြည့်တိုက်မှူးများက ဝမ်းသာသည်။ အမျိုးသမီးစာရေးဆရာမများ၏ ဝတ္ထုဝင်များကို ရှာဖွေ ဖတ်ရှုသည်။ ဂျိန်းအော်စတင်၊ ဘရွန်တီညီအစ်မများ ၏ စာအုပ်များမှာ ဖတ်ရလွယ်သည်။ မိန်းမသား အချင်းချင်းဖြစ်သဖြင့်

သဘောပေါက်လွယ်သည်။ ဒစ်ကင်း၏ စာအုပ်များထက် ဖတ်ရလွယ်သည် ကျွန်မ ထင်သည်။

၁၉၇၄ ဆောင်ဦးတစ်ရက်တွင် သူငယ်ချင်းတစ်ယောက်က မော်နှင့် မဒမ်မော်တို့၏ ပုံများပါသည့်၊ နယူးစ်ဝိ မဂ္ဂဇင်းတစ်ခုကို ပြသည်။ သူတို့ အကြောင်း ရေးထားသည်။ ကျွန်မသည် နိုင်ငံခြားမဂ္ဂဇင်းတစ်ခုကို ပထမဆုံး ဖတ်ရခြင်း ဖြစ်သည်။ ဝါကျတစ်ခုကြောင့် ကျွန်မမှာ လျှပ်စီးလက်လိုက်သလို ဖျတ်ခနဲ အလင်းရောင် တစ်ခုရလိုက်သည်။ ဝါကျတွင် မဒမ်မော်သည် မော်၏ "နား၊ မျက်စိနှင့် အသံ" ဖြစ်သည်ရေးထားသည်။ မော်သည် အဖျက်အဆီး အင်အားစုနောက်ကွယ်တွင် ရှိနေပါလားဟု ကျွန်မနားလည်လိုက်သည်။ မော်မရှိဘဲ မဒမ်မော်နှင့် အပေါင်း ပါများသည် တစ်ရက်ပင်မခံနိုင်။

***

[၂၇]

ဒါ သုခဘုံဆိုရင် ငရဲခန်းက ဘယ်မှာလဲ

ကျွန်မအဖေ ကွယ်လွန်ခြင်း

(၁၉၇၄ - ၁၉၇၆)

အခြားသူ၏ မိတ်ဆွေများလို အဖေမှာ ယခုတိုင်ပြန်လည်ထူထောင်ခွင့်မရသေး။ သူသည် အမေနှင့်အတူ ၁၉၇၂ တွင် ပီကင်းမှ ပြန်လာပြီးနောက် ဌက္ကာပုံ လမ်းမှာ နေထိုင်လျက်ရှိသည်။ အလုပ်ဟူ၍ မည်မည်ရရမရှိ။ ပြဿနာတစ်ခုမှာ သူသည် ဌက္ကဋ္ဌမော်ထံ စာရေးပြီး ဝေဖန်သည့်ကိစ္စဖြစ်သည်။ အဖေ့ကို စစ်ဆေးသည့်အဖွဲ့ သည် အဖေကို သနားသည်။ ခွင့်လွှတ်နိုင်သည်။ သို့သော်လည်း သူတို့အထက်က အာဏာပိုင်များကမူ အဖေကို ခပ်ပြင်းပြင်းဒဏ်ပေးစေချင်သည်။ သို့ဖြစ်ရာ စစ်ဆေးသူမှာ သူတို့ ဒုက္ခရောက်မည်ကိုလည်း စိုးရိမ်သည်။

နောက်တစ်ကြောင်းရှိသေးသည်။

အဖေသည် ယဉ်ကျေးမှုတော်လှန်ရေးတွင် ဘက်မလိုက်သူဖြစ်သည်။ သို့ဖြစ်ရာ သူ့ကို ထောက်ခံကြည့်ရှုမည့် အထက်လူ ကြီးမရှိ။ သူ့မှာ ရန်သူတွေသာ ဝိုင်းနေသည်။

အမေသည် အာဏာရနေသော မိတ်ဆွေတစ်ယောက်ထံ အဖေ့အတွက် ကြိုးစားကြည့်သည်။ သူက “မလွယ်လှဘူး” ဟု ပြောကာ စားပွဲပေါ်တွင် “ချို” ဟူသော စာလုံးရေးပြသည်။ အမေ နားလည်သည်။

“ချို” သည် အဖေ၏ အပေါင်းအသင်းဟောင်းတစ်ယောက်ဖြစ်သည်။ ယဉ်ကျေးမှုတော်လှန်ရေးတွင် ရှုတ်ချခြင်းမခံရ။ ယခုအာဏာပိုင်အဖွဲ့နှင့် နီးစပ်သူဖြစ်နေသည်။ မစ္စစ်ရှော၏ သူပုန်အုပ်စု၏ အချစ်တော်ဖြစ်လာပြီး တင်လင်မယား၏ မိတ်ဆွေဖြစ်လာသည်။

အဖေကမူ မော်အား ဝေဖန်သည့် စကားလုံးများကို ပြန်လည်ရုပ်သိမ်းမည်မဟုတ်။ သို့သော်လည်း စစ်ဆေးသည့်အဖွဲ့က အဖေသည် စိတ်ရောဂါရနေသည်ဟု ထောက်ခံစာရေးမည်ဆိုလျှင် ဘယ်လိုလဲဟု မေးသည်။ အဖေက ထိုသဘောကိုမူ လိုက်လျောရန် အသင့်ဟု စိတ်ညစ်ညစ်နှင့် လက်ခံလိုက်သည်။

ထိုအတောအတွင်း တိုင်းပြည်အခြေအနေမှာ စိတ်ပျက်စရာကောင်းလာသည်ဟု အဖေယူဆသည်။ အုပ်ချုပ်သူများနှင့် ပါတီခေါင်းဆောင်တို့မှာ မူ မရှိ။ ဘက်လိုက်မှုများ ထူပြောလာသည်။ ခေါင်းဆောင်များသည် ကိုယ့်မိသားစုအတွက် ကိုယ်ကြည့်သည်။ ပြီးတော့မှ မိတ်ဆွေအပေါင်းအသင်း အတွက် ကြည့်သည်။

ကျောင်းဆရာများသည် တပည့်များကို ကြောက်နေသည်။ တပည့်၏ အရိုက်ခံရမည်စိုးသဖြင့် စာမေးပွဲတွင် အမှတ်များများပေးသည်။ ဘတ်စ်ကားစပယ်ယာများသည် ကားခများ မကောက်ခံကြတော့။ ခရီးသည်များ ပိုက်ဆံမပေးဘဲ စီးကြရသည်။ မော်၏ ယဉ်ကျေးမှုတော်လှန်ရေးက ပါတီစည်းကမ်းနှင့် ပြည်သူ့ကျင့်ဝတ်တို့ကို ရိုက်ချိုးလိုက်သည်။

အဖေသည် စိတ်မထိန်းနိုင်ဖြစ်လာပြီး မိသားစုနှင့် ကိုယ်တိုင်ကို ဒုက္ခရောက်စေမည့် စကားများကိုသာ ပြောသည်။

စိတ်ငြိမ်ဆေးသောက်မှ အနည်းငယ်တည်ငြိမ်လာသည်။ နိုင်ငံရေး ရာသီဥတုကောင်းလာလျှင် ဆေးကိုလျှော့သောက်သည်။ ရှုတ်ချပွဲများပြင်းထန်လာသည့်အခါ ဆေးကို တိုးသောက်ရသည်။ များလွန်းလျှင်မကောင်း။ ၁၉၇၄ မေလတွင်မူ အခြေအနေဆိုးလာသဖြင့် စိတ်ရောဂါကု ဆရာထံ ပြပြီး ဆေးရုံတင်ရသည်။

ကျွန်မသည် တက္ကသိုလ်မှခွင့်ယူပြီး အဖေကို ပြုစုရန် ဆေးရုံသို့အတူလိုက်နေသည်။ ယခင်အဖေ့ကိုကုသသည့် ဒေါက်တာစုပင် ယခုကြည့်ရှုသည်။ တင်လင်မယားအာဏာရစဉ်က အဖေသည် နေမကောင်းဟန်ဆောင်ပြီး ဆေးရုံတက်ခြင်းဖြစ်သည်။ သို့အတွက် ရှုတ်ချရမည်ဟုဆိုကာ ဒေါက်တာစုအား လိမ်၍ ဆေးရုံတက်ပါသည်ဟူသော မှတ်ချက်ရေးခိုင်းသည်။ ဒေါက်တာစု က ငြင်းသည်။ သို့ဖြစ်ရာ ဒေါက်တာစုကို ဆေးရုံမှ ဖယ်ရှားလိုက်သည်။ ၁၉၆၈ တစ်နေ့တွင် ဒေါက်တာစုအား ဆေးရုံ၌ သန့်ရှင်းရေးလုပ်နေသည်ကို တွေ့ရသည်။ သူဆံပင်တွေ ဖြူလာသည်။ သူ့အသက်မှာ သုံးဆယ်ကျော်သာရှိ သေးသည်။ အဖေကို သူခင်သည်။ တင်လင်မယားရာထူးမှ ဖယ်ရှားခံရသည့်အခါ ဒေါက်တာစု ဆေးရုံတွင် ပြန်လည်အမှုထမ်းခွင့်ရသည်။ ယခုတစ်ခေါက် အဖေ ဆေးရုံတက်သည့်အခါ ဆရာဝန်များက စောင့်ရန်မလိုဟု ပြောသည်။ သို့သော်လည်း ကျွန်မ စောင့်ချင်သည်။ ယခုအချိန်တွင် အဖေကို ကျွန်မ ပြုစုချင်သည်။ သူ့မှာ သွေးများစွာတိုးနေသည်။ ခေါင်းမူးပြီး လဲကျသွားနိုင်သည်။ မကြာခဏ နှလုံးရောဂါ အတိုက်ခိုက်ခံရသည်။ ကောင်းကောင်း လမ်းမလျှောက်နိုင်။ လဲကျသွားလျှင် အသက်အန္တရာယ် စိုးရိမ်ရသည်ဟု ဆရာဝန် များက ပြောသည်။ ကျွန်မလည်း အဖေနှင့်အတူ ဆေးရုံသို့ ပြောင်းရွှေ့ နေထိုင်သည်။ ၁၉၆၇ တုန်းက တက်ခဲ့သည့် အခန်းတွင် နေရာရသည်သဖြင့် ခုတင်လွတ်၌ လူနာ မထားသဖြင့် ကျွန်မ အိပ်နိုင်သည်။

ဆေးရုံပန်းခြံမှာ သာယာလှပသည်။ ပန်းတွေရောင်စုံဖူးပွင့်နေသည်။ အဝါရောင်ဒမ်ဒယ်လီယန် တောပန်းများကို လိပ်ပြာများ ရစ်ဝဲနေသည်။ တရုတ်ထင်းရှူးပင်များသည် မိုးယံသို့ ထိုးထွက်နေသည်။ ဝါးရုံပင်များသည် လေအဝေ့တွင် ဆင်နှာမောင်းကြီးများလို ယိမ်းထိုးလှုပ်ယမ်းနေသည်။ အနီရောင် အိုလီယင်းဒါး ပန်းပွင့်များနောက်ဘက်နားတွင် သလဲပင်များ ဖူးပွင့်နေသည်။ ပန်းခြံတွင် လမ်းလျှောက်ရင်း ကျွန်မ ကဗျာစပ်သည်။

ပန်းခြံအစွန်တစ်ဖက်တွင် အပန်းဖြေခန်းတစ်ခုရှိသည်။ လူနာများ အနားယူကာ ဖဲကစားကြသည်။ စစ်တုရင်ကစားကြသည်။ အချို့က သတင်းစာဖတ်နေသည်။

စိတ်ရောဂါလူနာများမှာ မကြမ်း။ သို့တိုင်အောင် သူတို့အကြား နေရသဖြင့် ကြောက်သည်။ ညအခါ ပို၍ အားငယ်မိသည်။ တစ်ညတွင် လူနာတစ်ယောက် စိတ်ဖောက်ပြန်ပြီး ကျွန်မ ခြင်ထောင်ကို လာ၍လှပ်သည်။ အဖေမှာ အိပ်ဆေးကြောင့် အိပ်မောကျနေသည်။ ကျွန်မမှာ ကြောက်လွန်းသဖြင့် ခြေလက်တွေ အေးစက်လာသည်။ မအော်မိအောင် ခေါင်းအုံးကို ပါးစပ်မှာ အပ်ထားရသည်။ သို့သော်လည်း လူနာသည် ခြင်ထောင်ကို ပြန်ချကာ အပြင်ဘက်သို့ ပြန်ထွက်သွားသဖြင့် သက်ပြင်းချ နိုင်သည်။

တစ်လရှိလျှင် အဖေ ဆေးရုံမှဆင်းရသည်။ သို့သော်လည်း လုံးဝ မသက်သာသေး။ နိုင်ငံရေးအခြေအနေမှာ မတည်ငြိမ်သေးသဖြင့် သူ့စိတ်မှာ အတည်အငြိမ်မရှိ။ စိတ်ငြိမ်ဆေးကို ဆက်လက်မှီဝဲနေရသည်။ တဖြည်းဖြည်း ပိန်လာသည်။

ထိုအချိန်တွင် အဖေအတွက် စီရင်ချက်တစ်ခု အကြမ်းရေးနေသည်။ ယင်းတွင် “အဖေသည် နိုင်ငံရေးအမှားကြီးများ ကျူးလွန်ခဲ့သည်” ဟု ဆိုသည်။ စောစောပိုင်းက “လူတန်းစားရန်သူ” ဆိုသော စီရင်ချက်ထက်တော့ သက်သာ သေးသည်။ အဖေကို ပြကာ လက်မှတ်ထိုးခိုင်းသည်။ အဖေ ဖတ်ကြည့်ပြီး ငိုသည်။ ပြီးတော့ လက်မှတ်ထိုးသည်။

ထိုစီရင်ချက်ကို အထက်အာဏာပိုင်များက လက်မခံ။

သည်ထက်ပြင်းထန်သည့် ပြစ်ဒဏ်မျိုးပေးစေချင်သည်။

၁၉၇၅ မတ်လတွင် ကျွန်မ၏ ခဲအိုချင်းယီမှာ သူ့စက်ရုံတွင် ရာထူးတက်ဖို့ ရှိသည်။ သို့ဖြစ်ရာ အဖေ့ဌာနသို့ လာရောက်စုံစမ်းသည်။ မစ္စစ်ရှောအုပ်စုမှ သူပုန်ဟောင်းတစ်ယောက်က အဖေသည် မော်ဆန့်ကျင်ရေးသမား ဖြစ်သည်ဟု ပြောလိုက်သည်။ သို့ဖြစ်ရာ ချင်းယီမှာ ရာထူးမတက်။ ထိုအကြောင်း အဖေ အမေတို့ အား မပြော။ စိတ်ထိခိုက်မည်စိုးသည်။ သို့သော်လည်း အဖေ့ဌာနမှ တစ်ယောက် အိမ်သို့ရောက်လာပြီး အမေ့အား တိုးတိုးပြောသည်။ အဖေ ထိုစကားကို ကြားသော အခါ စိတ်မကောင်း။ မျက်ရည်တွေတွေကျကာ အမေ့အား “ငါ ဘာပြစ်မှုတွေ ကျူးလွန်ခဲ့လို့ ငါ့သားမက် ခုလိုထိခိုက်ရတာလဲ၊ မင်းတို့ ဒုက္ခမရောက်အောင် ငါ ဘာလုပ်ပေးရမလဲ” ဟု မေးသည်။

စိတ်ငြိမ်ဆေးအများအပြား တိုက်သော်လည်း အဖေ အိပ်မပျော်။ မျက်လုံး ကြောင်နေသည်။ ဧပြီ ၉ နေ့လယ်ပိုင်းတွင် သူအိပ်ဦးမည် ပြောသည်။

အမေလည်း ညစာချက်ပြုတ်အပြီး အပေါ်ထပ်အဖေရှိရာသို့ တက်ကြည့်သည်။ အဖေအိပ်ပျော်နေသည်။ နှိုး၍မရ။ နှလုံးရောဂါ အတိုက်ခိုက်ခံရပြီကို အမေ နားလည်လိုက်သည်။ တယ်လီဖုန်းမရှိသဖြင့်

တစ်လမ်းကျော်သို့ပြေးကာ ပြည်နယ်ဆေးပေးခန်းသို့ သွားသည်။ ဆေးရုံအုပ် ဒေါက်တာယင်ကို တွေ့သည်။ လုပ်လက်စ အလုပ်ပြီးမှ လာမည်ဟု ဆိုသည်။

အမေက နှလုံးရောဂါတိုက်ခိုက်ခံရသည်မှာ အချိန်လုရသည်ဟု ပြောသည်။ တစ်နာရီခန့်ကြာမှ သူနာပြုတစ်ယောက်နှင့် ဒေါက်တာယင် ရောက်လာသည်။ ရှေးဦးသူနာပြုပစ္စည်းမပါသဖြင့် ဆရာမက ဆေးရုံသို့ ပြန်ယူသည်။ နောက်နာရီဝက်အကြာတွင် အဖေသေဆုံးသည်။ ထိုညက ကျွန်မသည် တက္ကသိုလ်တွင် မီးပျက်နေသဖြင့် ဖယောင်းတိုင်မီးနှင့် အလုပ်လုပ်နေသည်။ အဖေ၏ဌာနမှ အချို့ ရောက်လာပြီး ကျွန်မကို အိမ်သို့ခေါ်သွားသည်။ ဘာကိစ္စဟူ၍ကား မပြော။

အဖေသည် အိပ်ရာပေါ်တွင် စောင်းလျက်အိပ်နေသည်။ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည် ထင်ရသည်။ အသက်ငါးဆယ့်လေးနှစ်ဟု မထင်ရဘဲ နုပျိုနေသည်။ ကျွန်မ အသည်းနှလုံးတွေ အစိတ်စိတ်အမြွှာမြွှာ ကွဲသွားသည်။ မအောင့်နိုင်တော့။ အားရပါးရ ကျွန်မ ငိုသည်။

လေးရက်လုံးလုံး တစ်ယောက်တည်း ကြိတ်၍ ကျွန်မငိုသည်။ အဖေ့ ဘဝ တစ်ခုလုံးကို ပြန်လည်သုံးသပ်ကြည့်မိသည်။ ကွန်မြူနစ်ပါတီနှင့် နိုင်ငံအကျိုးအတွက် သူ့ကိုယ်ကို ပုံ၍ အပ်ခဲ့သော်လည်း အချည်းနှီးပင်။ သူ့အိပ်မက်များ လွင့်စဉ် ပျက်ပြား သွားသည်။ မော်၏ တရုတ်ပြည်မှာ သူ့အတွက် နေရာမရှိ။ အကြောင်းမှာ သူသည် အလွန်ရိုးသောကြောင့် ဖြစ်သည်။ ဘဝတစ်ခုလုံးကို ပုံ၍ အပ်ထားရာ တစ်စုံတစ်ခုက သူ့ကို သစ္စာဖောက်ခဲ့သည်။ ယင်းကပင် သူ့ဘဝကို ကျေပျက်အောင် ချေမှုန်းခဲ့သည်။

အမေက ဒေါက်တာယင်အား အပြစ်ပေးရမည်တောင်းဆိုသည်။ သူသာ မပေါ့လျော့ခဲ့လျှင် အဖေ သေဦးမည်မဟုတ်။. သူ့တောင်းဆိုချက်ကို မုဆိုးမ တစ်ယောက်၏ စိတ်ထိခိုက်မှုသာဖြစ်သည်ဟု ယူဆကြသည်။ ထိုကိစ္စကို ဆက်လက် ၍ မဆောင်ရွက်တော့ဟု အမေဆုံးဖြတ်လိုက်သည်။ သည့်ထက် ပို၍ အရေးကြီးသည့် တိုက်ပွဲတစ်ခုရှိသေးသည်။ အဖေ့အသုဘတွင် လက်ခံနိုင်လောက်သည့် အမှတ်တရ မိန့်ခွန်းတစ်ခု အမေ ကြားချင်သည်။

အမှတ်တရ မိန့်ခွန်းမှာ အရေးကြီးသည်။ ပါတီက အဖေ့အပေါ် ဘယ်လို သဘောထားသလဲဆိုသည်ကို ကြားရသူတိုင်း နားလည်နိုင်မည်။ အဖေ၏ ပုဂ္ဂိုလ်ရေး စာတွဲတွင် ထည့်သွင်းထားပြီး အဖေ သေပြီးနောက် သားသမီးများ၏ အနာဂတ်ကို ထိုမိန့်ခွန်းက ရုပ်လုံးဖော်ပေးလိမ့်မည်။ သတ်မှတ်ထားပြီး မိန့်ခွန်းပုံစံများ ရှိသည်။ နိုင်ငံရေးပြစ်မှုမရှိ သို့မဟုတ် ရှုတ်ချသည် စသည်တို့ဖြစ်သည်။ အကြမ်းရေးပြီး မိန့်ခွန်းကို အမေ့အား ပြသည်။ ယင်းတွင် ပြစ်တင်ရှုတ်ချသံတွေ အများကြီးပါသည်။ ထိုမိန့်ခွန်းအတိုင်းဆိုလျှင် ကျွန်မတို့ မိသားစုမှာ သံသယတွေနှင့် ထွေးလုံးရစ်ပတ် နေသွားကြမည် ဖြစ်သည်။ အနာဂတ်ရှေ့ရေးအတွက် လုံခြုံစိတ်ချရမှုမရှိ။ ကျွန်မတို့ မျိုးဆက် တစ်ခုပြီး တစ်ခု ဝေဖန်ခံရမည် ဖြစ်သည်။ မိန့်ခွန်းအကြမ်းများစွာကို အမေ လက်မခံဘဲ ပယ်ချသည်။

အမေ့အပေါ် သံသယတွေ အများကြီးရှိနေသည်။ သို့သော်လည်း အဖေ့ကို များစွာကြင်နာ သက်ညှာမှုရှိသည်ကို အမေ သိသည်။ အဖေသေပြီးနောက် အမေ အိပ်ရာမှာ ဗုန်းဗုန်းလဲသည်။ သို့သော်လည်း အဖေ့အတွက် တတ်နိုင်သမျှ တိုက်ပွဲဝင်ရ မည်ကို အမေသိသည်။ ကျေနပ်လောက်သည့် မိန့်ခွန်းမျိုးမရလျှင် အမှတ်တရ အခမ်းအနားတွင် အာဏာပိုင်တို့အား ပြစ်တင် ရှုတ်ချရလိမ့်မည်ဟု အမေ ခြိမ်းခြောက်ထားသည်။ အဖေ့မိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဘက်များကို အမေခေါ် တွေ့သည်။ အမေနေမကောင်းကာ အိပ်ရာထက်မှာ အနားယူနေစဉ် သူတို့ ရောက်လာကြသည်။ သားသမီးများ၏ ရှေ့ရေးကို ထိုပုဂ္ဂိုလ်များလက်ထဲသို့ ပုံအပ်ထားပါသည်ဟု အမေ ပြောသည်။ သူတို့က အဖေကို ချီးကျူးပြောဆိုပါမည်ဟု ကတိပေးသည်။ နောက်ဆုံးတွင် အာဏာပိုင်များ သနားစိတ်ဝင်လာသည်အထိ ခွင့်မပြုရဲသော်လည်း အန္တရာယ် မဖြစ်နိုင်သည့် ပါတီဝင်တစ်ယောက်အဖြစ်ကား လျှော့ပေါ့ပြောဆိုမည်ဟု ကတိပေးသည်။

၁၉၇၅ ဧပြီ ၂၁ တွင် ဈာပနကော်မီတီက ကြီးမှူးပြီး အမှတ်တရ အခမ်းအနားတစ်ခု ကျင်းပသည်။ လူ ၅၀၀ တက်သည်။ မစ္စစ်ရှောလည်း ရောက်လာသည်။ ဌာနတိုင်းက ပန်းခွေများပို့သည်။ ပန်းခွေအရွယ်အစားမှာ သတ်မှတ်ချက် အတိုင်း ပြုလုပ်ရသည်။ ပြည်နယ်အစိုးရ၏ ဌာနကြီးမှူးများ တက်ရောက်ကြသည်။ အစိုးရက ကြီးမှူးကျင်းပသဖြင့် မိသားစုမှာ ဝမ်းသာရသည်။ အဖေလို ရာထူးအဆင့်ရှိ သူတစ်ယောက်၏ အသုဘအခမ်းအနားကို ယခုလို ပြည်နယ်အစိုးရက ကြီးမှူးကျင်းပ လေ့မရှိ။ တက်ရောက်သူများကို ကျွန်မ မမှတ်မိ။ ဖက်တီး၊ နာနာနှင့် ကျွန်မ၏ လျှပ်စစ်ပစ္စည်းစက်ရုံဟောင်း က သူငယ်ချင်းအရင်းအချာများ ရောက်လာသည်။

အစီအစဉ်တွင် မိသားစုကိုယ်စားလှယ်တစ်ယောက်အား စကားပြော ခွင့်ပြုသည်။ ထိုတာဝန်ကို ကျွန်မ ယူရသည်။ အဖေ့စရိုက်၊ ကိုယ်ကျင့်သိက္ခာ၊ ပါတီကို ယုံကြည်ပုံ၊ ပြည်သူအတွက် ဆောင်ရွက်လိုစိတ်တို့ကို ကျွန်မ ပြောပြသည်။ အဖေ ကွယ်လွန်ပြီဖြစ်ရာ အဖေ့ကို သူတို့ အမှတ်ရစေချင်သည်။

အခမ်းအနားပြီးခါနီးတွင် အဖေ့အလောင်းရှိရာသို့ စီတန်းလျှောက်လာကြပြီး ကျွန်မတို့ကို လက်ဆွဲနှုတ်ဆက်သည်။ သူပုန်အဖွဲ့ဝင်ဟောင်းတို့ မျက်နှာတွင် မျက်ရည်စများ တွေ့ရသည်။ မစ္စစ်ရှောပင် ဝမ်းနည်းနေဟန် တွေ့ရသည်။ သူတို့သည် မျက်နှာဖုံးအမျိုးမျိုး စွပ်တတ်သူများဖြစ်သည်။ အခမ်းအနားတစ်ခုတွင် မျက်နှာဖုံး တစ်မျိုးစွပ်ပြီး နောက်တစ်ခုတွင် နောက်တစ်မျိုးစွပ်တတ်သည်။

သူပုန်အချို့က "ခင်ဗျားအဖေ ဖြတ်သန်းခဲ့ရတဲ့ ဘဝကြမ်းအတွက် ဝမ်းနည်းပါတယ်"ဟု ပြောသည်။ ဟုတ်နိုင်သည်။ သို့သော်လည်း ယခုမှ ဘာများထူးခြားဦး မည်နည်း။ အဖေ ကွယ်လွန်ခဲ့ပြီ။ အဖေသေရသည်တွင် သူတို့လုပ်ရပ်များပါခဲ့သည်။ နောင်လည်း ဒီလိုပဲ လုပ်ကြ မှာလား။

ကျွန်မ မသိသည့် အမျိုးသမီးငယ်တစ်ယောက်သည် ကျွန်မ ပခုံးပေါ်

မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုသည်။ ပြီးတော့ ကျွန်မလက်ထဲ စာရွက်ခေါက်တစ်ခု ထည့်သွားသည်။ စာတွင် "ရှင့်အဖေရဲ့ အကျင့်သီလကို လေးစားမိပါတယ်။ သူထံမှ ကျွန်မ များစွာပညာယူရမယ်" ဟု ရေးထားသည်။

ယခုမူ အဖေမရှိတော့သဖြင့် ကျွန်မရင်ထဲမှာ ဟာနေသည်။ မည်သူနှင့်မျှ မတွေ့မသိဘဲ တစ်ယောက်တည်း အေးအေးချမ်းချမ်း နေချင်သည်။ နွေရာသီ အားလပ်ချိန်တွင် ယန်စီမြစ်ကြောင်းအတိုင်း ကျွန်မ စုန်ဆင်းချင်သည်။ ထိုအကြောင်း အမေကို ပြောကြည့်သည်။

အမေက သဘောတူသည်။ ကျွန်မအစ်မနှင့် သူ့ယောကျ်ားတို့ကလည်း အားပေးသည်။ ရှောက်ဟောင်နှင့် ချင်းယီတို့မှာ နေစရာအိမ်မရှိသဖြင့် ကျွန်မတို့နှင့် အတူ လာ၍နေသည်။ သို့ဖြစ်ရာ မျိုးဆက်သုံးခု တစ်မိုးအောက် အတူနေထိုင်လျက်ရှိသည်။

ရှောက်ဟောင်တွင် အလုပ်မရှိ။ မြို့သို့ပြန်ပြောင်းလာသည့်အခါ အလုပ်မပေး။ သို့သော်လည်း နိုင်ငံတော်ဝန်ထမ်းတစ်ယောက် သေဆုံးလျှင် သူ့နေရာတွင် သားသမီးတစ်ယောက်ယောက်ကို အလုပ်တစ်ခုခုပေးသည်။ သို့ဖြစ်ရာ ချိန်တူတရုတ် ဆေးပညာကောလိပ် အုပ်ချုပ်ရေးရုံးတွင် အလုပ်ရသည်။

ကျင်မင်းသည် ယန်စီမြစ်ပေါ်ရှိ ဝူဟန်မြို့တွင် ကျောင်းတက်နေသည်။ ဝူဟန်မှာ မြို့ကြီးဖြစ်ပြီး စည်ကားသည်။ ဂျူလိုင်တွင် ကျွန်မသည် ကျင်မင်းနှင့် အတူ ယန်စီမြစ်အတိုင်း စုန်ဆင်းခဲ့သည်။ ပထမခရီးတစ်ထောက်အဖြစ် ဝူဟန်မြို့အနီးရှိ လူရှန်းတောင်စခန်းသို့ သွားရောက်လည်ပတ်သည်။ တောင်စခန်းတွင် သစ်ပင်ထူထပ်ပေါက်ရောက်ပြီး စိမ်းလန်းစိုပြည်သည်။ ရာသီဥတုအလွန်ကောင်းသည်။ အရေးကြီးသည့် ပါတီညီလာခံများကို လူရှန်းတောင်စခန်းတွင် ကျင်းပသည်။ ၁၉၅၉ တွင် မာရှယ်ပိန်တေဟွိုင်းအား ရှုတ်ချသည့် အစည်းအဝေးကို ထိုဒေသတွင် ကျင်းပခဲ့သည်။ တဖန်ထိုစခန်းတွင် "တော်လှန်ရေးပညာရေးသင်တန်း" များဖွင့်လှစ်ခဲ့သည်။ ထိုနေရာသို့သွားမည်ဟု ကျွန်မက ပြောသည့်အခါ ကျင်မင်းက "ခင်ဗျားအခုထက်ထိ တော်လှန်ရေး ပညာရေးနဲ့ မပြတ်နိုင် သေးဘူးထင်တယ်" ဟု ကျွန်မကို သံသယဖြင့် လှမ်းကြည့်သည်။ တောင်ပေါ်မှ ဆင်းလာလျှင် နှစ်ထပ်အိမ်တစ်ခုကို သစ်ပင်အုပ် အုပ်အလယ်၌ တွေ့ရသည်။ ထင်းရှူးပင်၊ တတိုင်းမွှေးပင်နှင့် အခြားပန်းပင်များ ခြံရံလျက်ရှိသည်။ ထိုဂေဟာသည် ချစ်စရာကောင်းသည်။ ကျောက်ဆောင်များ အကြားတွင် ကျောက်တုံးများအဆင့်ဆင့် မြင့်တက်နေပုံမျိုးနှင့် တူသည်။ ကျွန်မ ကင်မရာတွင် ၃၅ ပုံ ရိုက်ခဲ့ပြီးနောက်ဆုံး တစ်ပုံကျန်သေးသဖြင့် ထိုဂေဟာကို ဓာတ်ပုံ ရိုက်လိုက်သည်။ ထိုအခိုက်ဘယ်နေရာက ပေါ်လာမှန်းမသိရသည့် လူတစ်ယောက် ကျွန်မ ကင်မရာကို တောင်းသည်။ အရပ်ဝတ်နှင့်ဖြစ်သော်လည်း သူ့အသံမှာ အမိန့်သံပါသည်။ သို့သော်လည်း သူ့ခြောက်လုံးပြူးကိုမူ သတိထားမိသည်။ ထို့နောက် သူက ကင်မရာကို ဖွင့်ပြီး ဖလင်လိပ်ကို အလင်းရောင်ထဲ

ဆွဲထုတ်လိုက်သည်။ ပြီးလျှင် မြေလျှိုးသွားသလို ပျောက်သွားသည်။ ကျွန်မဘေးတွင် ရပ်နေသော ခရီးသွားများက ထိုဂေဟာသည် မော်၏ နွေရာသီစံအိမ်ဖြစ်သည်ဟု တိုးတိုးပြောသည်။ ကျွန်မ စိတ်ထဲတွင် ကျင်ခနဲ တစ်ချက်နာသွားသည်။ မော်အခွင့်ထူးခံပြီး နွေရာသီစံအိမ်တွင်နေသောကြောင့်ကား မဟုတ်။ ပြည်သူများအား ဖိမ်မခံနှင့်ဟု ပြောဆိုသွန်သင်သည့် သူ့စကားကို အမှတ်ရခြင်းကြောင့် ဖြစ်သည်။ ကျွန်မမှာ ပျက်စီး သွားသည့် ရိုက်ပြီးဖလင်များကို နှမြောတသမိသည်။ ကျင်မင်းက ပြုံးဖြဲဖြဲ မျက်နှာဖြင့် "ကဲ အဓိကရ နေရာတွေ ပြူးပြူးပြဲပြဲ ကြည့်လို့ ခင်ဗျား ခံရပြီမဟုတ်လား" ဟု ပြောသည်။

ယန်စီမြစ်အတိုင်း စုန်ဆင်းခဲ့ကြသည်တွင် ယဉ်ကျေးမှုတော်လှန်ရေး၏ အကျိုးဆက်ကို နေရာတိုင်းလိုလို၌ ကျွန်မတို့ တွေ့ရသည်။ ဘုရားကျောင်းများ ပျက်စီးနေသည်။ ကျောက်ရုပ်များ မြေသို့လဲကျသည်။ မြို့ဟောင်းကြီးများ ပျက်စီးသည်။ တရုတ်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အနည်းငယ်သာ ကျန်ရစ်ခဲ့သည်။ တရုတ်တစ်နိုင်ငံလုံးတွင် အလှအပမှန်သမျှ ဖျက်ဆီးခံရသည်။ အလှအပ ခံစား နိုင်စရာများ ပျောက်ပျက်သွားသည်။ အသစ်များ မဖန်တီး မတည်ဆောက်နိုင်။ အပျက်အစီးတွေနှင့် တရုတ်ပြည်ကြီးသည် အရုပ်ဆိုး အကျည်းတန်သည့် တိုင်းပြည် တစ်ခု ဖြစ်လာသည်။

ကျောင်းပိတ်ရက်ကုန်ခါနီးတွင် ကျွန်မတစ်ယောက်တည်း ဝူဟန်မှ သင်္ဘောစီးကာ ယန်စီမြစ်အတိုင်း ဆန်တက်ခဲ့သည်။ ယန်စီမြစ်ကျဉ်းဖြစ်သည့် ကျောက်ကမ်းပါး တောင်ကြားများကို ဖြတ်သန်းခဲ့ရသည်။ ထိုခရီးမှာ သုံးရက်ကြာသည်။ တစ်မနက်ခင်းတွင် သင်္ဘောလက်ရန်းမှ အပြင်သို့ ခေါင်းပြူထွက်ကာ ရှုခင်းများကို ငေးနေစဉ် လေပြင်းတစ်ချက်တိုက်သဖြင့် ခေါင်းကဆံပင် ပြေသွားပြီး ဆံညှပ်တစ်ခု ရေထဲသို့ကျသွားသည်။ ကျွန်မနှင့် စကားလက်ဆုံကျနေသည့် ခရီးဖော်က ယန်စီမြစ် ထဲသို့ စီးဝင်လာသည့် မြစ်လက်တစ်တစ်ခုကို လက်ညှိုးညွှန်ရင်း ပုံပြင်တစ်ခု ပြောပြသည်။

ဘီစီ ၃၃ တွင် တရုတ်ပြည့်ရှင်မင်းသည် မြောက်ဘက်နယ်စပ်မှ အင်အားကြီးမားသည့်အိမ်နီးချင်း "ဟန်" တို့ကို ချော့ချင်သဖြင့် လူရိုင်းဘုရင်နှင့် လက်ဆက်ရန် နန်းတွင်းသူ မိန်းမတစ်ယောက်ကို "ဟန်" တို့ ဒေသသို့ ပို့ရန် ဆုံးဖြတ်သည်။ နန်းတွင်း သူအမျိုးသမီး ၃,၀၀၀ ၏ ပုံတူများကို ကြည့်ပြီး တစ်ယောက်ကို ရွေးသည်။ သူတို့ကို ဘုရင်မင်းမြတ် မမြင်ဖူးပေ။ လူရိုင်းဘုရင် အတွက် လက်ဆောင်ပဏ္ဏာ ပေးပို့ရသည် ဖြစ်ရာ ရုပ်အဆိုးဆုံးအမျိုးသမီးကို ရွေးလိုက်သည်။ သို့သော်လည်း ခရီးထွက်မည့်နေ့တွင်မှ ထိုအမျိုးသမီးမှာ အလွန်လှပသည့် နန်းတွင်းသူဖြစ်နေကြောင်း ဘုရင်ကြီး တွေ့ရသည်။ သူ့ရုပ်ပုံတွင် အရုပ်ဆိုးနေသည်မှာ နန်းတွင်းပန်းချီကျော်အား လာဘ်ထိုးရန် သူငြင်းဆန်သောကြောင့် ဖြစ်သည်။ ဘုရင်မင်းမြတ်က ပန်းချီဆရာကို သတ်ရန် အမိန့်ပေးသည်။ နန်းတွင်းသူသည် မြစ်ကမ်းဘေးမှာထိုင်ရင်း အရိုင်းအစိုင်း

တိုင်းပြည်သို့သွားကာ အရိုင်းအစိုင်း ဘုရင်ကို လင်လုပ်ရမည့်အရေး တွေးတောကာ ငိုသည်။ လေတစ်ချက်ဝှေ့ယမ်းလိုက်သည်တွင် သူ့ခေါင်းထက်မှ ဆံညှပ်တစ်ခု ပြုတ်ကျပြီး လေတွင်ပါသွားပြီး မြစ်ထဲသို့ ကျသွားသည်။ လူက အရိုင်း တိုင်းပြည် သွားမည်ဖြစ်သော်လည်း ဆံညှပ်က ထိုတိုင်းပြည်သို့ မလိုက်နိုင်ဘဲ နေရစ်ခဲ့ချင် ဟန်တူသည်။ နောင်အခါ နန်းတွင်းသူသည် သူ့ကိုယ်သူ သတ်သေသွားလေသည်။

ဆံညှပ်ကျသွားသည့် နေရာတွင် မြစ်ရေသည် ပုံဆောင်ခဲလို ကြည်လင်သည်ဟု သမိုင်းပုံပြင်ကဆိုသည်။ ထိုမြစ်ကို ပုံဆောင်ခဲမြစ်ဟု ခေါ်တွင်သည်။ ထိုမြစ် လက်တက်ကို ကျွန်မတို့ သင်္ဘောဖြတ်သွားစဉ် ခရီးဖော်က ပြောပြခြင်း ဖြစ်သည်။ ပြီးတော့ ပြုံးရယ်ကာ

"အင်း နိမိတ်မကောင်းဘူး . . . ရှင်လည်း နိုင်ငံခြားတိုင်းပြည်တစ်ခု မှာ ဘဝကို မြှုပ်နှံပြီး အရိုင်းအစိုင်းတစ်ယောက်နဲ့ လက်ထပ်ရလိမ့်မယ်" ဟု ပြောသည်။ တရုတ်လူမျိုးတွေက တခြားလူမျိုးများကို မယဉ်ကျေးသူများ အရိုင်းအစိုင်းများဟု လက်ခံယုံကြည်သည့် အစဉ်အလာကို တွေးမိပြီး ကျွန်မ ပြုံးမိသည်။ ထိုနန်းတွင်း သူသည် အရိုင်းဘုရင်နှင့် ပေါင်းဖက်မိလျှင် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိနိုင်သည် ဟူ၍လည်း တွေးမိသည်။ တရုတ်ကေရာဇ်၏ နန်းတော်တွင် သူသည် မောင်းမမိဿံ အဖြစ် နေထိုင်ရသည်။ စည်းစိမ်ရှိပါသည်။ သို့သော်လည်း နန်းတော်တွင်း၌ သစ်ပင် တစ်ပင်မျှမရှိ။ နန်းတွင်းသူတို့ သစ်ပင်ပေါ်တက်ကာ တံတိုင်းကိုကျော်ပြီး ထွက်ပြေး သွားမည်စိုးသောကြောင့် နန်းတွင်း၌ သစ်ပင်မစိုက်။ အရိုင်းတိုင်းပြည်တွင်မူ ကျယ်ပြန့်သည့် မြက်ခင်းပြင် ကြီးရှိမည်။ မြင်းတွေရှိမည်။ သဘာဝနှင့် အဆက်မပြတ်သဖြင့် ကြည်နူး သာယာစရာကောင်းမည်ထင်သည်။ တရုတ်သမိုင်းပုံပြင်ထဲက ဖားများသည် ရေတွင်းထဲတွင်နေပြီး ကောင်းကင်ကြီးသည် ရေတွင်းဝလို ဝိုင်းဝိုင်းကြီးဖြစ်သည်ဟု ယုံကြည်ကြသည်။ ကျွန်မတို့သည်လည်း ထိုဖားသူငယ်များနှင့် တူသည်ထင်သည်။ ကျွန်မလည်း ပြင်ပကမ္ဘာကို မြင်ချင်တွေ့ချင်စိတ် ပြင်းထန်စွာ ဖြစ်ပေါ်လာသည်။

ထိုအချိန်က ကျွန်မမှာ နှစ်ဆယ့်သုံးနှစ်ရှိပြီး အင်္ဂလိပ်စာသင်ကြားနေ သူတစ်ယောက်ဖြစ်သော်လည်း နိုင်ငံခြားသားဆို၍ မည်သူနှင့်မှ မတွေ့ဖူး စကားမပြောဖူးပေ။ နိုင်ငံခြားသားဆို၍ ၁၉၇၂ တွင် ပီကင်းမြို့ရောက်စဉ်က မြင်ဖူးရုံသာမြင်ဖူးခဲ့သည်။

ယန်စီမြစ်ခရီးမှ ပြန်လာသည့်အခါ အောက်တိုဘာတွင် ကျွန်မတို့ နှစ်က ကျောင်းသားများ ချင်ကျန်းဆိုသည့် ဆိပ်ကမ်းမြို့တစ်မြို့သို့ ခရီးသွားရမည်။ နိုင်ငံခြား သားသင်္ဘောသားများနှင့်တွေ့ကာ အင်္ဂလိပ်စကားပြော လေ့ကျင့်နိုင်မည်ဟု သတင်း စကားတစ်ခု ကြားရသည်။ ကျွန်မ ဝမ်းသာအားရ ဖြစ်မိသည်။

ချင်ကျန်းသည် ချိန်တူမှ မိုင် ၇၅၀ ဝေးသည်။ ရထားစီးကာ နှစ်နေ့နှင့် နှစ်ညခရီးသွားရသည်။ တရုတ်ပြည်တောင်ဘက်အစွန်ဆုံး ပင်လယ်ဆိပ်ကမ်း

မြို့ဖြစ်ပြီး ဗီယက်နမ်နယ်ခြားနှင့်နီးသည်။ တကယ့်နိုင်ငံခြားတိုင်းပြည်တစ်ခု ရောက်နေသလား ထင်ရသည်။ အဆောက်အအုံများမှာ သည်ဘက်ရာစုအကူး ဗိသုကာ လက်ရာများဖြစ်သည်။ ဒေသခံတို့သည် ကန်တုန်စကားပြောကြသည်။ ကျွန်မတို့ အဖို့က ကန်တုန်စကားမှာ နိုင်ငံခြားဘာသာစကားတစ်ခုဖြစ်သည်။ ပင်လယ်လေ ရှူရှိုက်ရသည်။ အပူပိုင်းသစ်သီးပန်းမန်တို့မှာ အသစ်အဆန်းများဖြစ်ပြီး နိုင်ငံခြား ကမ္ဘာကြီးတစ်ခုနှင့်တူလေသည်။ ခရီးမှာ ပျော်စရာကောင်းသော်လည်း စိတ်အနှောင့်အယှက် ဖြစ်စရာတို့ ကြုံရသည်။ အတူပါလာသူများအနက် နိုင်ငံရေးမှူးတစ်ယောက်နှင့် ကထိက သုံးယောက်တို့က အဖွဲ့ကို ကွပ်ကဲကြီးကြပ်သည်။

ဘယ်ဟာမလုပ်ရ၊ ဘယ်နေရာ မသွားရဟု ပညတ်သည်။ ကျွန်မတို့ တည်းခိုသည့်နေရာမှ အပြင်ဘက် ခပ်ဝေးဝေး မသွားရ။ အနီးအနားသာ သွားခွင့်ရှိသည်။ ဆိပ်ကမ်းကိုမူ လုံးဝ မသွားရ။ တစ်နေ့တွင် ကျွန်မလည်း နေမကောင်းချင်ယောင်ဆောင်ကာ ဆေးရုံရှိရာ မြို့လယ်သို့ သွားခွင့်တောင်းပြီး ထွက်လာခဲ့သည်။ တစ်လမ်းဝင် တစ်လမ်းထွက် အနှံ့အပြားလည်ပြီး ပင်လယ်ကို ရှာကြည့်သည်။ မမြင်ရ၊ ဒေသခံတို့မှာ အကူအညီတောင်း၍ မရ။ ကန်တုန်စကား မပြောတတ်သူများကို သူတို့ မနှစ်သက်။ ကျွန်မပြော သည်ကို နားမလည်ဟန်ပြုပြီး နားမထောင်။ ချင်ကျန်းတွင် သုံးပတ်နေစဉ် အထူး အခွင့်ရေးတစ်ခုအဖြစ် ပင်လယ်နှင့်တွေ့ရန် ကျွန်းကလေးတစ်ခုသို့ အလည် သွားခွင့်ပြုသည်။

ကျွန်းသို့ရောက်လျှင် သင်္ဘောသားများနှင့် စကားပြောခွင့်ရကြသည်။ အုပ်စုငယ်လေးများခွဲကာ နှစ်နေရာသို့ သွားခွင့်ပြုသည်။ ချစ်ကြည်ရေး ကုန်စုံဆိုင်နှင့် သင်္ဘောသားကလပ်တို့ဖြစ်သည်။ ကုန်စုံဆိုင်တွင် ငွေမာနှင့်သာ ဝယ်ခွင့်ရှိသည်။ သင်္ဘောသားကလပ်တွင် အရက်ဆိုင်၊ စားသောက်ဆိုင်၊ ဘိလယက်ခုံနှင့် ပင်ပေါင် ကစားသည့်အခန်းတို့ရှိသည်။

နိုင်ငံခြားသား သင်္ဘောသားများနှင့်တွေ့လျှင် တစ်ယောက်တည်း ပြောခွင့်မပြု။ သူတို့က ကျွန်မတို့၏ နာမည်နှင့်လိပ်စာတို့ မေးလျှင် အမှန်မပြောရ။ တကယ်တော့ အင်္ဂလိပ်စကားပြောရန် အခွင့်အလမ်း အလွန်နည်းသည်။ သင်္ဘောက လည်း နေ့တိုင်းမဝင်။ အင်္ဂလိပ်စကားပြောကြသူများမှာ အင်္ဂလန် ဇာတိသားများ မဟုတ်။ ဂရိ၊ ဂျပန်၊ ယူဂိုစလပ်၊ အာဖရိကန်နှင့် ဖိလိဖိုင်အများအပြားနှင့် ပြောရသည်။ စကော့ကက်ပတိန်တစ်ယောက်နှင့် သူ့မိန်းမ၊ စကင် ဒီနေဗီယန်းအချို့တို့မှာ အင်္ဂလိပ် စကားပြော ကောင်းသူများအဖြစ် တွေ့ရသည်။

သင်္ဘောသားများက အရက်သောက်မလားမေးလျှင် ကျွန်မတို့ ငြင်းသည်။ သူတို့ အံ့သြကြသည်။ သူတို့ တိုက်သည့်အရက်ကို မသောက်ရဟု တားမြစ်ထားသည်။ တကယ်တော့ အရက်ကို လုံးဝသောက်ခွင့်မရှိ။ ဆိုင်မှာပြထားသည့် နိုင်ငံခြားဖြစ် ယမကာပုလင်းများနှင့် သစ်သီးဘူးအသားဘူးတို့မှာ နိုင်ငံခြားသားများ အတွက်သာ ဖြစ်ပြီး သူတို့သာ

ဝယ်ခွင့်ရှိသည်။

နီဂရိုးသင်္ဘောသားများ ရောက်လာလျှင် ကျွန်မတို့ ဆရာများက ကျောင်းသူများ အနေအထိုင် ဂရုစိုက်ရန် သတိပေးသည်။ တစ်ခါက လူပုံအလယ်တွင် တရုတ် အမျိုးသမီးတစ်ယောက်ကို ဂမ်ဘီယာသင်္ဘောသား တစ်ယောက်က ပွေ့ဖက်သဖြင့် စူးစူးဝါးဝါး အော်ဟစ်သည်တွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

နိုင်ငံခြားသားများနှင့် ဆက်ဆံသည့်အခါ ကျွန်မတို့ဘက်က ဘယ်လို တုံ့ပြန်သလဲဆိုသည်မှာ အရေးကြီးသည်။ နိုင်ငံရေးဆွေးနွေးပွဲများတွင် ကျွန်မတို့ အမူအရာများက ထောက်ပြသည်။ ဥပမာ ကျွန်မသည် မျက်လုံးကစား လွန်းသည်၊ မကြာခဏ ပြုံးပြသည်၊ ပြုံးသည့်အခါ ပါးစပ်ကြီးအဟောင်းသား ပွင့်သွားသည်ဟု ဝေဖန်ခံရသည်။ သူတို့နှင့်တွေ့လျှင် ကျောင်းသားများသည် လက်နှစ်ဖက်ကို စားပွဲ အောက်ထားကာ ငြိမ်ငြိမ်ကြီးထိုင်နေရမည်ဟု ညွှန်ကြားသည်။

လက်ရှိတရုတ်လူ့အဖွဲ့အစည်းက မိန်းမများသည် ဣန္ဒြေသိက္ခာရှိရှိ နေထိုင်ရမည်။ ယောကျ်ားများက စူးစူးဝါးဝါးကြည့်လျှင် မျက်လွှာများချထားရမည်။ သွားမပေါ်အောင် ပြုံးသည်ဆိုရုံ ပြုံးရမည်။ လက်အမူအရာလုံးဝမပြရ။ ထိုစည်းကမ်းများ ဖောက်ဖျက်လျှင် မိန်းမတန်မဲ့ ပြီတီတီလုပ်လွန်းသည်။ ပရောပရည်လုပ်သည်ဟု သတ်မှတ်သည်။ နိုင်ငံခြားသားများနှင့် ပြီတီတီလုပ်သည့်မိန်းမမှာ ပြစ်မှုကြီးတစ်ခု ကျူးလွန်ရာရောက်သည်။

ကျွန်မကို စောင်းပါးရိပ်ခြည် ကဲ့ရဲ့သဂြိုဟ်စကား အဆိုခံရသည့်အခါ အလွန်အမင်း ဒေါသဖြစ်ရသည်။ ကျွန်မ၏ ကွန်မြူနစ်မိဘနှစ်ပါးက အချုပ်အချယ်မရှိပြုစုပျိုးထောင်ပေးခဲ့သည်။ ကွန်မြူနစ်တော်လှန်ရေးက မိန်းမများအား အထူးချုပ်ချယ်သည့် ရှေးဟောင်းအလေ့အထကို တွန်းလှန်ခဲ့ကြသည်။

သင်္ဘောသားကလပ်၏ ညွှန်မှူးမစ္စတာလောင်းသည် ကျွန်မနှင့် အလွန်သင့်သည်။ လောင်းက ကျွန်မအား တစ်ခါတစ်ရံ စကားပြန်လုပ်ခိုင်းသည်။ ပါကစ္စတန် သင်္ဘောတစ်စီးရောက်လာသည့်အခါ ကလပ်တစ်ခုလုံးကို သန့်ရှင်းရေးလုပ်ခိုင်းပြီး စားသောက်ပွဲတစ်ခု တည်ခင်းကျွေးမွေးရန် စီစဉ်သည်။ ထိုပွဲတွင် ကျွန်မက လောင်း၏ စကားပြန်လုပ်ရသည်။ ပါကစ္စတန်စစ်သံမှူး သည် ပီကင်းမှရောက်လာပြီး ပါကစ္စတန် သင်္ဘောက ကျွေးမွေးသည့် နှုတ်ဆက် ထမင်းစားပွဲသို့ တက်သည်။ ကပ္ပတိန်က ကျွန်မတို့ကို ဖိတ်သည်။ သို့သော်လည်း ဆရာများက မည်သူမျှ နိုင်ငံခြားသင်္ဘော ပေါ်သို့ မတက်ရဟု တားမြစ်သည်။ တစ်ယောက်ယောက်သင်္ဘောနှင့် လိုက်ပါသွားလျှင် မခက်ပါလား။ သို့ဖြစ်ရာ ကျွန်မအား မအားဘူးဟု ငြင်းခိုင်းသည်။ ခရီးစဉ်ပြီး ဆုံးလျှင် အစီရင်ခံစာတွင် ကျွန်မ၏ အပြုအမူမှာ နိုင်ငံရေးအားဖြင့် သံသယဝင်စရာရှိ သည်ဟု မှတ်ချက်ရေးထားသည်။

ပတ်ဝန်းကျင်မှာ သာယာသည်။ အုန်းပင်တန်းသည် လေအဝှေ့တွင် ပင်လယ်ကမ်းစပ်သို့ ငိုက်ကျနေသည်။ နေရောင်ခြည်မှာ နွေးထွေးပြီး ပင်လယ်လေပြည်လေညင်းက တသွင်သွင် တိုက်ခတ်နေသည်။ ဤမျှ ပျော်စရာအခြေအနေမှာ စိတ်ညစ်စရာအဖြစ်သို့ ရောက်ခဲ့ရသည်။ ကျွန်မတို့အဖွဲ့တွင် မိတ်ဆွေကောင်းတစ်ယောက်ပါလာပြီး ကျွန်မကို ဖျောင်းဖျသည်။ ယခု တွေ့ကြုံရသည်မှာ ယဉ်ကျေးမှုတော်လှန်ရေး အစောပိုင်းက တွေ့ကြုံရသည့် စိတ်မချမ်းမှုမျိုးထက် မပိုပါ။ သို့သော်လည်း ကျွန်မဘဝမှာ သည်လိုအဖြစ်မျိုးတွေနှင့် မလွတ်ကင်းနိုင်ပါလား ဆိုသည်ကို စဉ်းစားမိသည့်အခါတိုင်း စိတ်ဓာတ်ကျချင် လာသည်။

ချင်ကျန်းတွင် သုံးပတ်နေပြီးနောက် ပြန်လာခဲ့ကြသည်။ ချိန်တူသို့ အပြန်လမ်းတွင် မိတ်ဆွေအချို့နှင့်အတူ သမိုင်းဝင်ကွေလင်းမြို့သို့ ဝင်ရောက်လည်ပတ်သည်။

ကွေလင်းတောတောင်ရေမြေတို့သည် ဂန္ထဝင်တရုတ်ပန်းချီကားတစ်ခုမှ ခုန်ထွက်လာသည်နှင့် တူနေသည်။ နိုင်ငံခြားသားဧည့်သည်များနှင့် တွေ့ရသည်။ တစ်စုံတွဲသည် ကျွန်မတို့ကို ပြုံးရယ်နှုတ်ဆက်သည်။ ဂွတ်မောနင်း ဂွတ်ဘိုင်တို့ ဝေစီနေသည်။ သူတို့ထွက်သွားလျှင် အရပ်ဝတ် ပုလိပ်တစ်ယောက် ရောက်လာပြီး ကျွန်မတို့ကို တားကာ မေးခွန်းတွေအများကြီးမေးသည်။

ဒီဇင်ဘာတွင် ချိန်တူသို့ ကျွန်ပြန်ရောက်သည့်အခါ ချိန်တူတစ်မြို့လုံးသည် မဒမ်မော်နှင့် ရှန်ဟဲမြို့ကြီးသား သုံးယောက်ဖြစ်ကြသည့် ချန်ချွန်းကို၊ ယိုဝင်ယွန်နှင့် ဝမ်ဟုန်ဝင်း ဆန့်ကျင်ရေးစိတ်ဓာတ်များ ဖြစ်ပေါ်တိုးပွားနေသည်ကို တွေ့ရသည်။ သူတို့ကို လေးယောက်ဂိုဏ်းဟု နာမည်ပေးကြသည်။ ယခုအချိန်တွင် ရှစ်ဆယ့်တစ်နှစ်ရှိ မော်သည် သူတို့ကို အပြည့်အဝ ထောက်ခံမှုပေးစ ပြုလာသည်။ ချောင်အင်လိုင်းမှာ နေမကောင်းသဖြင့် ဆေးရုံတက်ရသည်။ တိန့်ရှောင်ဖိန်က အုပ်ချုပ်ရေးယန္တရားကို ကွပ်ကဲထိန်းချုပ်လျက် ရှိသည်။

၁၉၇၅ ကုန်ခါနီးတွင် "ကျွန့်ပ်တို့ ဆိုရှယ်လစ်အမိမြေသည် သုခဘုံဖြစ်သည်" ဟူသော ကြွေးကြော်သံ ပေါ်ထွက်လာသည်။ "ယခုအမိမြေသည် သုခဘုံဖြစ်သည် ဆိုလျှင် ငရဲခန်းဆိုတာ ဘာလဲ" ဟူသော မေးခွန်းများ ကျွန်မ စိတ်ထဲမှာ ပေါ်လာသည်။

မဒမ်မော်နှင့် ပတ်သက်သည့် ပြောဆိုမှုများလည်း ပေါ်ထွက်လာသည်။ မဒမ်မော်အား အော်ပရာဇာတ်သမား၊ ပင်ပေါင်ကစားသမား၊ ဘဲလေးအကသမား စသည့် ယောကျ်ားငယ်ငယ် ချောချောများနှင့် အတွေ့ရများသောအခါ မဒမ်မော် "ယောကျ်ားအမြှောင်" ထားသည်ဟု ပြောဆိုကြသည်။

၁၉၇၆ ဇန်နဝါရီ ၈ ရက်နေ့တွင် ဝန်ကြီးချုပ်ချောင်အင်လိုင်း ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။ ယဉ်ကျေးမှုတော်လှန်ရေးခေတ်တွင် ချောင်သည် ကျွန်မတို့၏ မျှော်လင့်အားထားရာတစ်ယောက်ဖြစ်သည်။ သူ ကွယ်လွန်သဖြင့် ကျွန်မနှင့်

သူငယ်ချင်း အားလုံး ဝမ်းနည်းသည်။ သူသည် ယဉ်ကျေးမှုတော်လှန်ရေးတွင် ပြည်တွင်းစစ်ချောက်ကမ်းပါးသို့ မကျအောင် ထိန်းသိမ်းခဲ့သူဖြစ်သည်။ ပုဂ္ဂိုလ်အများအပြားကို သူ အကာအကွယ်ပေးခဲ့သည်။ ကျွန်မအဖေကို သူ အကာအကွယ်ပေးခဲ့ဖူးသည်။ သူကိုယ်တိုင်ကမူ မော်ကို အပြည့်အဝ ထောက်ခံခဲ့သည်။ အကယ်၍ မော်ကို ဆန့်ကျင်ခဲ့လျှင် သူလည်း အချေမှုန်းခံရမည်ကို နားလည်ဟန်တူသည်။

ချိန်တူတက္ကသိုလ် ပရဝုဏ်တစ်ခုလုံးတွင် စက္ကူဖြူပန်းခွေများ ဝမ်းနည်း အထိမ်းအမှတ်စာတန်းများ ကဗျာများကို တွေ့ရသည်။ လူတိုင်း လက်ပတ်နက် ပတ်ကြပြီး ရင်ဘတ်တွင် ပန်းအဖြူတစ်ပွင့် ထိုးထားကြသည်။ ချောင်ကွယ်လွန်သည့် အချိန်တွင် လေးယောက်ဂိုဏ်းက သူ့ကို ဆန့်ကျင်တိုက်ခိုက် နေကြသည်။ လေးယောက် ဂိုဏ်းက ဝမ်းနည်းအထိမ်းအမှတ်များ မလုပ်ရဟု အမိန့်ထုတ်သည်။ သို့ဖြစ်ရာ ချောင် အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်များ၊ ပွဲများ ကျင်းပခြင်းသည် လေးယောက် ဂိုဏ်းကို အန်တုဖက်ပြိုင်သည်နှင့် အတူတူပင် ဖြစ်သည်။ သို့သော်လည်း အကြောင်း အမျိုးမျိုးကြောင့် ချောင်ကွယ်လွန်သည်ကို ငိုကြွေးကြသူတို့ရှိသည်။

ချိန်တူတက္ကသိုလ်ပြင်ပတွင်မူ ချောင်ကို ပြောင်ပြောင်တင်းတင်း ထောက်ခံသူတို့ ၏ အရိပ်အယောင်များကို တွေ့ရသည်။

ပိုစတာတစ်ခုတွင် “ယခုမူ ကောင်းကင်ကား မည်းမှောင်လျက် ကြယ်ကြီး တစ်ခု ကြွေကျသွားလေပြီ” ဟူသော စာတန်းများ နံရံများတွင် တွေ့ရသည်။ စာတန်း ဘေးဘက်က အနားသားတွင်ကား “ဘာဖြစ်လို့ ကောင်းကင်ကြီး မည်းမှောင်ရသလဲ။ နီနီရဲတဲ့ နေမင်းကြီး ဘယ်ရောက်နေသလဲ။ (မော်ကို ဆိုလိုဟန်တူသည်)” ဟူသော စာများ တွေ့ရသည်။ နံရံကပ်ပိုစတာ တစ်ခုတွင် “ဝန်ကြီးချုပ်ချောင်အား ဖိနှိပ်ညှဉ်း ပန်းသူများကို ဆီပူမှာထည့်ပြီး ကြော်ကြ” ဟု ရေးထားသည်။ ယင်းနှင့်အတူ “တစ်လမှ ဆီရိက္ခာနှစ်လျန် (၃.၂ အောင်စ) ပဲ ရတယ်မဟုတ်လား၊ ဘာနဲ့ ကြော်မလဲ” ဟု မေးသူက မေးသည်။ ဆယ်နှစ်အတွင်း ပြည်သူတို့သည် သရော်စာများ ဟာသပါသော စာများ ထုတ်ဖော်ရေးသားတတ်လာသည်ကို ပထမဆုံးအကြိမ် တွေ့ရခြင်း ဖြစ်သည်။ ကျွန်မ စိတ်ဓာတ် တက်ကြွလာသည်။

မော်က “ဟွကိုဖန်း” ကို ချောင်နေရာမှာ ခန့်ထားသည်။ လေးယောက်ဂိုဏ်းက တိန့်ရှောင်ဖိန်ကို ရှုတ်ချသည်။ တိန့်ရှောင်ဖိန်၏ မိန့်ခွန်းများကို ရှုတ်ချရန် ရည်ရွယ်ချက်ဖြင့် ပုံနှိပ်ထုတ်ဝေသည်။ မိန့်ခွန်းတစ်ခုတွင် တိန့်က ယန်အန်မှ လယ်သမားများသည် ကွန်မြူနစ်တွေ တက်လာမှ အခြေ အနေပိုဆိုး ကြောင်းပြောသည်။ နောက်မိန့်ခွန်းတစ်ခုတွင် သူက ပါတီအကြီးအကဲများသည် အသက်မွေးဝမ်းကျောင်း ပညာရှင်များအား “ခင်ဗျားတို့ ရှေ့က သွားပါ။ ကျွန်တော် နောက်က လိုက်မယ်” ဟု ပြောသင့်ကြောင်း မိန့် ကြားသည်။

ချိန်တူတက္ကသိုလ်တွင် တိန့်ရှောင်ဖိန်ကို ရှုတ်ချရန် ဆော်ဩသည်။ သို့သော်လည်း အစည်းအဝေးများတွင် တက်ကြွမှုမရှိ။ တိန့်ကို ရှုတ်ချနေစဉ် စကားပြောသူက ပြော၊ ဇာထိုးသူကထိုး နေသည်။ ရှုတ်ချသူသည်လည်း စင်မြင့်သို့ တက်ကာ ဝတ္တရားအတိုင်း ကြေညာစာတန်းဖတ်သလို ရှုတ်ချစကားများကို ခပ်မြန်မြန်ခပ်တိုးတိုး သံမှန်ဖြင့် တဝေါဝေါဖတ်သွားသည်။ သဲသဲကွဲကွဲမကြားရ။

တိန့်ရှောင်ဖိန်သည် ဆီချွမ်ပြည်နယ် ဇာတိဖြစ်ရာ သူ့ကို ချိန်တူသို့ ပြည်နှင် ဒဏ်ခတ်လိုက်သည်ဟု ကောလာဟလသတင်းဖြစ်နေသည်။ လမ်းဘေးတစ်ဖက် တစ်ချက်တွင် လူတန်းရှည်ကြီးကို မကြာခဏတွေ့ရသည်။ တိန့်ရှောင်ဖိန်၏ကား ထိုလမ်းမှ ဖြတ်သွားမည်ဟု သတင်းစကားတစ်ခု ကြားရသောကြောင့် ဖြစ်သည်။ ထိုအခါမျိုးတွင် လူသောင်းချီပြီ ရောက်လာသည်။

တစ်ချိန်တည်းမှာပင် ပြည်သူက လေးယောက်ဂိုဏ်းအပေါ် အမုန်းပွားလာသည်။ သူတို့ကို ရှန်ဟဲဂိုဏ်းသားများဟု နာမည်ပေးသူကပေးသည်။ ရှန်ဟဲဖြစ်စက်ဘီးများနှင့် အခြားကုန်ပစ္စည်းများ အရောင်းထိုင်းသွားသည်။ ချိန်တူသို့ ရှန်ဟဲ ဘောလုံးသင်းရောက်လာသည့်အခါ ပရိသတ်က ဝိုင်း၍ အော်ကြသည်။ ဘောလုံးကွင်းပြင်ဘက်တွင် လူထုကြီးစောင့်နေကြပြီး သူတို့အဝင်အထွက်တွင် လှောင်ပြောင် ကြသည်။ ဆဲဆိုကြသည်။

၁၉၇၆ သင်္ကြိုင်းမီးထွန်းပွဲအချိန်တွင် လေးယောက်ဂိုဏ်းဆန့်ကျင်ရေး ဆန္ဒပြပွဲလေးများ နေရာအနှံ့အပြားတွင် ဖြစ်ပွားသည်။ တီယန်အင်မင်ရင်ပြင်တွင် စုဝေးကာ ချောင်အင်လိုင်းဆုတောင်းပွဲများ ကျင်းပကြသည်။ ဆုတောင်းပွဲသည် တစ်ခါတစ်ရံ ဆန္ဒပြပွဲအသွင် ကူးပြောင်းသွားသည်။ လေးယောက်ဂိုဏ်းကို ဆန့်ကျင်ရေးများ ပြောဟောကြသည်။ ဧပြီ ၅ တွင်မူ ဆန္ဒပြပွဲကို ချေမှုန်းပြီး ရာပေါင်း များစွာကို ဖမ်းဆီးသည်။ ၁၉၄၉ တွင် စတင်ထူထောင်သည့် အစိုးရကို ကန့်ကွက်သည့် ဆန္ဒပြပွဲများ ယခုပထမဆုံးအကြိမ် ဖြစ်ပွားခြင်းဖြစ်သည်။ မော်က တိန့်ရှောင်ဖိန် ကို ထုတ်ပစ်သည်။

၁၉၇၆ နွေတွင် ကျွန်မတို့ အတန်းသားများ တောင်တန်းဒေသရှိ စက်ရုံ တစ်ခုသို့ အလုပ်သမားထံမှ ပညာယူခရီးထွက်ခဲ့ကြသည်။ တစ်လကုန်ဆုံးလျှင် သူငယ်ချင်းများနှင့်အတူ “အီမေ” တောင်ထိပ်သို့ တက်ကြသည်။ ယင်းမှာ ချိန်တူမြို့ အနောက်ဘက်တွင် တည်ရှိပြီး “ချစ်စရာ့ မျက်ခုံး” ဟူ၍ အဓိပ္ပာယ်ဖြင့် နာမည် မှည့်ထားသည့်တောင် ဖြစ်သည်။ ဇူလိုင် ၂၈ တွင် ခရီးစတင်ထွက်ခဲ့သည်။ ထိုစဉ် ခရီးသွားတစ်ယောက်သည် ထရန်စစ္စတာ ရေဒီယိုကို နားထောင်နေသည်ကို တွေ့ရသည်။ ရေဒီယိုအသံမှာ ကျယ်သည်။ ပီကင်းအနီး တန်ရှန်ကျောက်မီးသွေးတွင်းဒေသ တွင် လျှောင်လှုပ်သည့် သတင်းကို ကြေညာသည်။ အတော်လေး ဆိုးရွားပြင်းထန်ဟန် တူသည်။ ရေဒီယိုသတင်းများ ကြေညာရာတွင် မကောင်းသတင်းများကို ကြေညာ လေ့မရှိ။ ယခုမူ အစိုးရထုတ်ပြန်သည့် သတင်းအရ လူ ၂၄၂,၀၀၀ သေဆုံးပြီး ၁၆၄,၀၀၀

အပြင်းအထန် ဒဏ်ရာရသည်။

လေးယောက်ဂိုဏ်းကမူ တိုင်းပြည်ကို တစ်ခုသတိပေးသည်။ တိန့်ရှောင်ဖိန်အား ရှုတ်ချဖို့ မမေ့ကြရန် မှာကြားသည်။ လျှောင်ကြောင့်၊ အသေအကြေ အပျက်အစီးများကြောင့် ရှုတ်ချပွဲကို မမေ့ကြပါနှင့် သတိပေးသည်။ မဒမ်မော်က “လျှောင်ကြောင့် ထောင်ပေါင်းများစွာ သေဆုံးသည်။ ဒီတော့ ဘာဖြစ်သလဲ။ တိန့်ရှောင်ဖိန်ကို ရှုတ်ချရေးသည် သန်းပေါင်းရှစ်ရာနှင့် သက်ဆိုင်သည့် အရေးကိစ္စဖြစ်သည်” ဟု ဆိုသည်။

ချိန်တူဒေသတွင် လျှောင်လှုပ်နိုင်သည့် သတိပေးချက်များကို ကြေညာသည်။ ထိုအချိန်တွင် “အီမေ” တောင်စခန်းမှ ကျွန်မပြန်ရောက်စဖြစ်သည်။ အမေနှင့် ရှောက်ဖန်တို့သည် လုံခြုံစိတ်ချရသည့် ချုံကင်းသို့ သွားကြမည်။ ကျွန်မလည်း သူတို့နှင့် အတူ လိုက်သွားသည်။ အစ်မရှောက်ဟောင်သည် ချိန်တူမှာပဲ နေရစ်ခဲ့သည်။ ဝက်သစ်ချစားပွဲကြီးကို စောင်များအုပ်ထားပြီး ခေါင်းအုံးများတင်ထားသည်။ ယင်းအောက်တွင် သူအိပ်သည်။ အာဏာပိုင်များ က လူထုကိုတပ်လှန့်ထားသည်။ တစ်ဖန်တိရစ္ဆာန်များ၏ အမူအရာများကို စောင့်ကြည့်ရန်မှာကြားသည်။ ထိုတိရစ္ဆာန်များသည် လျှောင်လှုပ်မည်ကို ကြို၍ သိပြီး ထူးထူးခြားခြား အမူအရာများ ပြုမူလှုပ်ရှားတတ်သည်ဟု ဆိုသည်။ လေးယောက်ဂိုဏ်းကမူ လျှောင်အန္တရာယ်ကို ဗန်းပြပြီး “တိန့်ရှောင်ဖိန်က သူ၏ ရာဇဝတ်မှုများကို လမ်းပြောင်းဖုံးကွယ်ရန် ကြိုးစားနေ သည်ကို သတိထားကြဖို့ လိုသည်” ဟု ကြေညာသည်။ တိန့်သည် တော်လှန်ရေးကို နှိမ်နှင်းရန် ကြိုးစားသည်ဟု လေးယောက်ဂိုဏ်းက တပ်လှန့်နှိုးဆော်သည်။ သို့သော်လည်း တိန့်ဆန့်ကျင်ရေး နှိုးဆော်ချက်ပူဖောင်းသည် ဖောင်းခနဲ ပေါက်ထွက် သွားသည်။

စက်တင်ဘာလဆန်းတွင် ချိန်တူသို့ ကျွန်မပြန်ရောက်သည်။ ထိုအချိန်တွင် လျှောင်ကြောက်စိတ်သည် လျော့ပါးသွားသည်။ ၁၉၇၆ စက်တင်ဘာ ၉ တွင် အင်္ဂလိပ်စာသင်တန်းတစ်ခု၌ ကျွန်မ တက်ရောက်နေသည်။ နေ့လယ် ၂း၄၀ နာရီ တွင် အထူးသတင်းကြေညာချက်တစ်ခု လွှင့်ထုတ်လိမ့်မည်ဟု ကြားရသည်။ ကျွန်မတို့ အားလုံး ကျောင်းရှေ့ရင်ပြင်တွင် စုဝေးကြရမည်ဟု အမိန့်တစ်ခုထွက်လာသည်။ သုံးနာရီတွင် သတင်းထူးကြေညာမည်။ အရင်ကလည်း ထိုကဲ့သို့သော နှိုးဆော်မှုမျိုး ကြုံခဲ့ရဖူးလှပြီ။ သို့ဖြစ်ရာ ကျွန်မလည်း စိတ်တိုတိုနှင့် ကျောင်းခန်းပြင်ဘက်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

ချိန်တူဆောင်းဦးရာသီဥတုမှာ ထုံးစံ အတိုင်းမိုးတိမ်ထူထပ်ပြီး အုံ့မှိုင်းနေသည်။ ဝါးရုံအုပ်ဆီက ဝါးရွက်လေတိုးသံကို ကြားနေရသည်။ ဂီတသံလို တရှဲရှဲမြည်နေသည်။ သုံးနာရီမထိုးမီ အသံချဲ့စက်၏ ဂျိဂျိဂျိဂျိမြည်သံကို ကြားရသည်။ ထို့နောက် ပါတီအတွင်းရေးမှူးသည် လူစုလူဝေး ရှေ့က စင်မြင့်သို့ တက်ကာ နေရာယူသည်။ သူ့အမူအရာမှာ ထူးခြားသည်။ ဝမ်းနည်းကြေကွဲရိပ်သမ်းနေသည်။ ကျွန်မတို့ကို စိတ်မချမ်းသာသည့် မျက်နှာဖြင့်

သူကြည့်သည်။ ပြီးမှ သူ့ပါးစပ်မှ ထစ်အထစ်အ အသံဖြင့် "ကျွန်မတို့၏ ခေါင်းဆောင်ကြီး ဥက္ကဋ္ဌကြီးမော်သည် . . . "

ချက်ချင်းပင် ကျွန်မနားလည်လိုက်သည်။ မော် ကွယ်လွန်ပြီ။

[၂၈]

ပျံသန်းပါလေ ပျံလေဦးတော့မယ်

(၁၉၇၆ - ၁၉၇၀)

ကြားရသည့် သတင်းကြောင့် ကျွန်မတစ်ကိုယ်လုံး ခေတ္တခဏ ထုံကျဉ်သွားသည်။ ထို့နောက် စိတ်လှုပ်ရှားလာပြီး အခြေအနေကို စတင်သုံးသပ်မိသည်။ ကျွန်မ ပတ်ဝန်းကျင်တစ်ခုလုံး ငိုကြွေးနေကြသည်။ ကျွန်မလည်း အခြေအနေနှင့် လိုက်လျောညီညွတ်အောင် ငိုကြွေးမိသည်။ သို့သော်လည်း ကျွန်မ စိတ်ထဲက တကယ့် အဖြစ်ကို ဘယ်မှာပုန်းခိုရမည်လဲ။ တွေ့ပြီ။ ကျွန်မရှေ့မှာ အမျိုးသမီးတစ်ယောက် သိမ့်သိမ့်တုန်အောင် ငိုကြွေးနေသည်။ သူသည် ကျောင်းသားအရာရှိတစ်ယောက် ဖြစ်ဟန်တူသည်။ သူ့ပခုံးပေါ် ကျွန်မမျက်နှာကို အပ်ထားလိုက်ပြီး ဖောင်းချည် ပိန်ချည် အသက်ကို ပြင်းပြင်းရှူမိသည်။ ထိုအမျိုးသမီးသည် နောက်ပြန်လှည့်ပြီး ကျွန်မကို ဖက်သည်။ ကျွန်မကို နှစ်သိမ့်ချင်ဟန် တူသည်။

မော်သေဆုံးပြီးနောက် ခေါင်းထဲမှာ စဉ်းစားစရာတွေ တစ်ပုံကြီး ဝင်လာသည်။ သူ့ကို ဒဿနပညာရှင်တစ်ယောက်ဟု ယုံမှတ်ကြသည်။ ထိုအခါ သူ့ဒဿန သည်ဘာလဲဟု ကျွန်မ ဆင်ခြင်သည်။ အရင်းခံတရားကိုယ်မှာ အမြဲတမ်းတစ်ခု နှင့်တစ်ခု ဆန့်ကျင်တိုက်ခိုက်ခြင်းဖြစ်သည်။ အင်အားစုတစ်ခုနှင့် အခြားအင်အားစု တစ်ခုတို့ ဆန့်ကျင်တိုက်ခိုက်နေရမည်။ လူတို့၏ ရုန်းကန်လှုပ်ရှားမှုသည် သမိုင်း၏လှုံ့ဆောင်မှုအင်အားတစ်ခုဖြစ်သည်။ ပြီးတော့ သမိုင်း တစ်ခုရေးသားရန် လူတန်းစား ရန်သူများ ထုနှင့်ထည်နှင့် ဖြစ်ပေါ် နေရမည်။ သူတို့၏ သဘောတရားများကြောင့် လူတွေဒုက္ခအမျိုးမျိုးရောက်ကာ သေကြေပျက်စီးဆုံးပါးခြင်းဆီသို့ အရောက်ပို့ ပေးနိုင်စွမ်းရှိသည့် အခြားဒဿနပညာရှင်များ ပေါ်ပေါက်ခဲ့ဖူးသလား ကျွန်မ စဉ်းစားကြည့်သည်။ တရုတ်လူမျိုးတွေ ခံစားရသည့်ကြောက်ရွံ့ခြင်းနှင့် ထိတ်လန့်ခြင်းတို့ကို ကျွန်မ ဆင်ခြင်သုံးသပ်ကြည့်သည်။ ဘာအတွက် ကြောက်ရတာလဲ။ ထိတ်လန့်ရတာလဲ။

သို့ပေမယ့် မော်၏ သဘောတရားသည် သူ့ကိုယ်ရည်ကိုယ်သွေး သို့မဟုတ် သူ့စရိုက်ကို ဆန့်ထုတ်လိုက်ခြင်းဖြစ်သည် ဟု ကျွန်မထင်သည်။ လောကတွင် အမြဲတမ်းလှုပ်ရှားတိုက်ခိုက်နေရမည်မှာ သဘာဝတရားတစ်ခု ဖြစ်သည်ဟု သူယုံကြည်သည်။ လူတွေမှာ မနာလိုဝန်တိုစိတ်များရှိသည်။ မကျေနပ်ချက် တွေရှိသည်။ ယင်းတို့ကို သူကောင်းကောင်းအသုံးချတတ်သည်။ လူတွေတစ်ယောက် နှင့်တစ်ယောက် မုန်းတီးနေအောင်လုပ်ပြီး သူအုပ်ချုပ်သည်။ လူတွေကို အာဏာရှင် စနစ်၏ အသုံးခံလက်နက်များ ဖြစ်လာအောင် သူ

စည်းရုံးတတ်သည်။ သို့ကြောင့်ပင် သူ့လက်ထက်တွင် တရုတ်ပြည်၌ ကေဂျီဘီလို အဖွဲ့အစည်းမျိုး မပေါ်ထွန်းခြင်းဖြစ်သည်။ တရုတ်ပြည်တွင် ကေဂျီဘီမလို။ လူ၏ ဆိုးရွားသော စရိုက်လက္ခဏာများကို မွေးမြူထိန်းသိမ်းခြင်းအားဖြင့် လူအချင်းချင်း အစဉ်မုန်းတီးနေသော အလဟာသ ပြုန်းတီးနေသော တိုင်းပြည်တစ်ခုကို သူဖန်တီးထားသည်။ ထိုတိုင်းပြည်မျိုးတွင် လူသာမန်တို့ ဘယ်အခန်းက ပါဝင်ကြမည်ကိုမူ ကျွန်မ မစဉ်းစားတတ်ပေ။

နောက်တစ်ခုမှာ မသိမိုက်မဲခြင်း၊ အသိဉာဏ်ကင်းမဲ့ခြင်း သို့မဟုတ် အဝိဇ္ဇာကြီးစိုးနေခြင်းပင် ဖြစ်သည်။ လူအများစုမှာ ပညာမတတ်။ သို့ဖြစ်ရာ ယဉ်ကျေး သိမ်မွေ့သည့် လူတန်းစားကို ပညာမတတ်သူတို့က ပစ်မှတ်ထားကာ ဆန့်ကျင် တိုက်ခိုက်ကြရန် လွယ်ကူနေသည်။ ထိုအခြေအနေမျိုးကို အသုံးချတတ်ဖို့လိုသည်။ သူသည် ဓလေ့ထုံးစံနှင့်အညီ ပညာသင်ကြားခဲ့ရသူမဟုတ်။ သို့ဖြစ်ရာ အတန်းပညာ သင်ကြားရေးနှင့် ပညာတတ်တို့ကို သူ မကျေနပ်။ မလိုလား။ သူသည် သူ့ကိုယ်သူ အထင်ကြီးသည်။ ဘဝင်မြင့်သည်။ သို့ဖြစ်ရာ သမိုင်းဝင် တရုတ်ပညာရှင်များကို အထင်သေးသည်။ မလေးမစားပြုချင်သည်။ သမိုင်းဝင်ဒေသများ၏ ယဉ်ကျေးမှု အမွေအနှစ်ကို သူစက်ဆုပ်ရွံရှာသည်။ ယဉ်ကျေးမှုအမွေအနှစ်ကို သူနားမလည်။ ဗိသုကာလက်ရာများ၊ အနုပညာနှင့် ဂီတတို့ကို သူနားမလည်။ မလိုက်စား။ သို့ဖြစ်ရာ တိုင်းပြည်၏ ယဉ်ကျေးမှု အမွေအနှစ်တို့ကို သူဖျက်ဆီးခဲ့သည်။ သူသေသွားတော့ ရက်စက်ကြမ်းတမ်းသူများ ကြီးစိုးရာ တိုင်းပြည်တစ်ပြည်အဖြစ်သာမက သမိုင်းဝင်မှတ်တိုင်များ ယိုယွင်းပျက်စီးသွားသည့် မြေရိုင်းရေရိုင်းအဖြစ် ကျန်ရစ်ခဲ့သည်။ အတိတ်၏ ယဉ်ကျေးမှုအမွေအနှစ်ကို နားလည်ခံစားရကောင်းမှန်း သူ မသိခဲ့။

တရုတ်တစ်ပြည်လုံးသည် မော် သေဆုံးသည့်အခါ လှိုက်လှိုက်လှဲလှဲ ငိုကြွေးကြသည်။ သို့သော်လည်း သူတို့ကျသည့် မျက်ရည်များသည် တကယ် ပူဆွေး၍ ကျသည့် မျက်ရည်တွေလား။ ကျွန်မ အံ့သြမိသည်။ အစီအစဉ်တစ်ခု စနစ်တစ်ခု အတိုင်း ကြီးပြင်းခဲ့ရသည့် လူအားလုံးသည် ယခုစနစ်တကျ ငိုကြွေး တတ်နေပြီလား။

သို့သော်လည်း မော် ကံဆိုးသည်။ တိုင်းပြည်၏ စိတ်နေစိတ်ထားမှာ သူ့ဝါဒ များကို ဆန့်ကျင်လိုစိတ် လွှမ်းမိုးနေသည်။ သူသေပြီး တစ်လမပြည့်မီ အောက်တိုဘာ ၆ တွင် မဒမ်မော်ကို ဖမ်းဆီးလိုက်သည်။ သူနှင့်အတူ လေးယောက်ဂိုဏ်းဝင်များ ကိုလည်း ဖမ်းလိုက်သည်။ မည်သူကမျှ သူတို့ကို မထောက်ခံ။ စစ်တပ်၊ ပုလိပ်အဖွဲ့၊ သူတို့၏ သက်တော်စောင့်များကပင် သူတို့ကို အကာအကွယ်မပေးကြ။ သူတို့ ကိုးကွယ်ရာမှာ မော်သာဖြစ်သည်။ လေးယောက်ဂိုဏ်း အာဏာသိမ်းထားနိုင်သည်မှာ အမှန်စင်စစ် ငါးယောက် ဂိုဏ်းဖြစ်သောကြောင့်ပင်။

လေးယောက်ဂိုဏ်းကို အလွယ်တကူ ထိန်းသိမ်းလိုက်သည့်သတင်းကို

ကြားရလျှင် ကျွန်မ ဝမ်းနည်းစိတ်ဖြစ်ပေါ်လာသည်။ သည်မျှသေးငယ်သည့် ဒုတိယတန်းစား မင်းဆိုးမင်းညစ်တစ်စုသည် သန်း ၉၀၀ ရှိသည့် ပြည်သူတစ်ရပ်လုံးကို ဘာကြောင့် ခပ်ကြာကြာ ဖျက်ဆီးနှိပ်စက်ညှဉ်း ပန်းနိုင်ရသလဲ။ သို့သော်လည်း တကယ့်ခံစားမှုမှာ ကျွန်မ ပျော်နေခြင်းပင် ဖြစ်သည်။ ယဉ်ကျေးမှုတော်လှန်ရေးကို ခေါင်းဆောင်ခဲ့သည့် မင်းဆိုးမင်းညစ်များ အဖမ်းခံရသဖြင့် ကျွန်မဝမ်းသာသည်။ တရုတ်တစ်မျိုးသားလုံး သည်လည်း ဝမ်းသာအားရ စိတ်ဖြင့် ပျော်ပွဲများဆင်နွှဲကြသည်။ ဆိုင်များတွင် အကောင်းဆုံး အရက်များ ဝယ်မရဖြစ်သွားသည်။ ကျွန်မတို့မိသားစု ပျော်ပွဲအတွက် အရက်မရခဲ့။ အခြေအနေမှာသည်မျှ မြန်မြန်ဆန်ဆန်ပြောင်းလဲ သွားသည်။

ခေါင်းဆောင်မှုအသစ်သည် ဟွကိုဖုန်း လက်ထဲရောက်သွားသည်။ ဒုတိယတန်းစား ရွက်ကြမ်းရေကျိုထဲက ဖြစ်သည်။ သူ၏ ပထမဆုံး ဆောင်ရွက်ချက်မှာ တီယန်အင်မင်ရင်ပြင်တွင် မော်၏ အာဇာနည်ဗိမာန်တစ်ခု တည်ဆောက်ခြင်း ဖြစ်သည်။ ကျွန်မ ဒေါသဖြစ်မိသည်။ ငလျင်ဘေးကြောင့် လူပေါင်းများစွာ အိုးမဲ့ အိမ်မဲ့ဖြစ်နေစဉ် ဘာကြောင့် သည်အမိန့်ထွက်လာရသလဲ။

ခေတ်သစ်တစ်ခု ဆန်းလာပြီဟု သူ့အတွေ့အကြုံအရ အမေ ချက်ချင်း သဘောပေါက်သည်။ မော်ကွယ်လွန်ပြီး နောက်တစ်နေ့တွင် သူ့ဌာနသို့ အမေသွားပြီးအလုပ်ဝင်ရန် အစီရင်ခံသည်။ အိမ်မှာ နေနေသည်မှာ ငါးနှစ်ရှိပြီ။ ယခုမူ သူ့ စွမ်းအားကို ပါဝင်အသုံးချချင်သည်။ သူ့ကို နံပါတ်ခုနစ် ဒုတိယညွှန်ကြားရေးမှူး ခန့်သည်။ အမေလက်ခံသည်။

ကျွန်မကား စိတ်ထဲမှာ ယောက်ယက်ခတ်နေသည်။ ၁၉၇၇ တွင် တက္ကသိုလ်တန်း ပြီးဆုံးသည်။ စာမေးပွဲမစစ်။ ဘွဲ့လည်းမပေး။ မော်မရှိသော်ငြားလည်း သူစည်းကမ်းသည် ယခုတိုင် တည်ဆဲနေသေးသည်။ ကျွန်မတို့အား မိမိတို့ လာရာဌာနသို့ ပြန်သွားရမည်စီစဉ်သည်။ သို့ဖြစ်ရာ စက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ သို့ ကျွန်မ ပြန်သွားရမည်။

ကျွန်မ မပျော်။ စက်ရုံပြန်သွားရလျှင် အင်္ဂလိပ်စကားပြော ဘယ်မှာ ကျွန်ရစ်တော့မှာလဲ။ စကားပြောမည့်သူမရှိ။ ဘာသာပြန်စရာလည်းမရှိ။ သို့ဖြစ်ရာ အမေ့ဆီသို့ ပြေးရသည်။ နည်းလမ်းတစ်ခုပဲ ရှိသည်။ ယင်းမှာ စက်ရုံက ကျွန်မကို လက်သင့် မခံရန်ပင်ဖြစ်သည်။ အမေအနည်းငယ် လှုပ်ရှားသည်။ ထိုအခါ အသေးစားစက်မှု လုပ်ငန်းရုံးသို့ စာတစ်စောင်ရောက်သွားသည်။

ထိုစာရောက်သွားလျှင် အမေသည် ရုံးအဖွဲ့ အကြီးအကဲမစ္စတာဟွီး နှင့်သွား၍တွေ့သည်။ သူသည် မိသားစုမိတ်ဆွေဖြစ်ပြီး ကျွန်မ ကလေးဘဝကပင် သိသူဖြစ်သည်။ သူက ဘုတ်အဖွဲ့အစည်းအဝေးတစ်ခု ကျင်းပပြီး ကျွန်မ တတ်မြောက် ထားသည့် အင်္ဂလိပ်စာ အင်္ဂလိပ်စကားကို အသုံးချနိုင်ရန် နည်းလမ်းများ ရှာကြသင့် သည်ဟု တက္ကသိုလ်သို့ စာတစ်စောင်ရေးသည်။

သို့နှင့် ၁၉၇၇ ဇန်နဝါရီတွင် ကျွန်မသည် ဆီချွမ်တက္ကသိုလ်တွင် အင်္ဂလိပ်

စာဌာနၓ် လက်ထောက်ကထိကဖြစ်လာသည်။ တက္ကသိုလ်တွင် အလုပ်ဝင်ရသည်မှာ မလွယ်။ နိုင်ငံရေးမှူးက မျက်လုံး ဒေါက်ထောက် ကြည့်နေမည်။ တစ်နှစ်ခန့် ဘာအလုပ်မျှ ရှိမည်မဟုတ်။ အလုပ်ခန့်ပြီး တစ်ပတ်ရှိလျှင် "ပညာရှာရန်" အစီအစဉ်အရ ချိန်တူဝန်းကျင် ကျေးလက်သို့ ပြောင်းရွှေ့ရသည်။

အလုပ်ဟူ၍ မည်မည်ရရမရှိ။ အစည်းအဝေးတွေ တစ်ခုပြီးတစ်ခု တက်ရသည်။ ကြာသော် ငြီးငွေ့လာသည်။ စိတ်ထဲမှာလည်း မကျေနပ်မှုတွေ ပွားများလာသည်။ အသက်ကနှစ်ဆယ့်ငါးနှစ်ထဲ ရောက်နေပြီးလည်း ရည်းစားမရှိသေး။ သို့ဖြစ်ရာ ယောကျ်ားလေးနှစ်ယောက်၊ သုံးယောက်နှင့် ချစ်ချင်သလိုလို ကြိုက်ချင်သလိုလို သာယာသလိုလို ဖြစ်လာသည်။ တစ်ယောက်ကမူ ရည်းစားစာ လှလှလေး တွေ ဖွဲ့ဖွဲ့နွဲ့နွဲ့ရေးသည်။ သို့သော်လည်း ပထမဆုံးအကြိမ် လူကိုမြင်ဖူးသည့်အခါ ချစ်စိတ် ကုန်ခန်းသွားသည်။ နောက်တစ်ယောက်မှာ သူပုန်ခေါင်းဆောင်ဟောင်း ဟို ဖြစ်သည်။ သူကား ခေတ်အလိုက် ပေါက်ဖွားလာသည့် လူငယ်တစ်ယောက်ဖြစ်သည်။ ထက်မြက်သည်။ သူ့ကို ချစ်ချင်သလိုလိုဖြစ်လာသည်။

သို့သော်လည်း ၁၉၇၇ နွေရာသီတွင် လေးယောက်ဂိုဏ်း နောက်လိုက်များအား လိုက်လံသုတ်သင်သည် တွင် သူအဖမ်းခံရသည်။ သူတို့ကို သူပုန်ဂိုဏ်း ခေါင်းဆောင်များဟု သတ်မှတ်သည်။ ယဉ်ကျေးမှုတော်လှန်ရေးကာလက ရာဇဝတ်မှု ကျူးလွန်ခဲ့သူ၊ ညှဉ်းပန်းနှိပ်စက်မှုပြုခဲ့သူ၊ လူသတ်ခဲ့ဖူးသူ၊ နိုင်ငံပိုင်ပစ္စည်းဖျက်ဆီးသူ၊ လုယက်သူတို့ကို လိုက်လံရှာဖွေသည်။ သို့သော်လည်း လအနည်းငယ်အတွင်း ထိုလှုပ်ရှားမှု လျော့ပါးသွားသည်။

လွတ်လပ်သည့် တရားဥပဒေစနစ်ကား မရှိ။ သို့ဖြစ်ရာ စုံစမ်းစစ်ဆေးမှု တရားစီရင်မှု မပြုလုပ်နိုင်။ မည်သူ့ကို ပြစ်ဒဏ်ပေးမည် မည်သူ့ကို လွှတ်မည်ဆို သည်မှာ ပါတီခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်အပေါ် တည်သည်။ ချစ်လျှင် ချစ်သလို မုန်းလျှင်မုန်းသလို စီရင်နိုင်သည်။ သူပုန်ခေါင်းဆောင်အချို့ကို မှန်မှန်ကန်ကန် အပြစ်ပေးနိုင်သည်။ အချို့ကိုမူ အသင့်အတင့်သာ စစ်ဆေးသည်။ အချို့မှာ ကွင်းလုံး ကျွတ်လွတ်သည်။ အဖေ့ကို ညှဉ်းပန်းသူများ အနက်အချို့မှာ ဘာအပြစ်မှ မရ။ မစ္စစ်ရှောက်ကိုမူ အခြားအလုပ်တစ်ခုသို့ ပြောင်းရွှေ့လိုက်သည်။

တင်လင်မယားကို ၁၉၇၀ ကတည်းက ဖမ်းထားသည်။ ရုံးတင်စစ်ဆေးခြင်း ကားမပြု။ အစည်းအဝေးများ ကျင်းပပြီး နာကျည်းမှုကို ရင်ဖွင့်နိုင်သည်။ ထိုအစည်းအဝေးမျိုးတစ်ခုသို့ အမေတက်ပြီး အဖေမည်သို့သော နိုင်ငံရေးညှဉ်းပန်းမှု မျိုးခံရကြောင်း ရင်ဖွင့်သည်။ တင်လင်မယားကို အမှုမစစ်ဘဲ ၁၉၈၂ အထိ ချုပ်ထားသည်။ ထို့နောက် တင်ကို ထောင်အနှစ် နှစ်ဆယ် ချသည်။ မစ္စစ်တင်ကို ထောင်ဆယ့် ခုနစ်နှစ်ချသည်။

ဟိုကိုမူ ထောင်ချသည်။ ဘယ်အချိန်တွင် သူလွတ်သွားမှန်း မသိလိုက်ရ။

သို့သော်လည်း သူတို့ ပြစ်မှုများအလျောက် တရားမျှတအောင်ကား စီရင်သင့်သည်။

ထိုအချိန်အခါမျိုး ဘယ်တော့ရောက်လေမည်မသိ။ တရားမျှတမှုဆိုတာ ရှိမှရှိသေးရဲ့လား။ ကျွန်မ၏ ပတ်ဝန်းကျင်တွင် ခါးခါးသီးသီး အမုန်းပွားကာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ တိုက်ခိုက်ခဲ့ကြသူများသည် ယခုအမိုးတစ်ခုတည်းအောက်တွင် အတူလုပ်ကိုင်နေကြသည်။ အရင်းရှင်လမ်းလိုက်သူများနှင့် သူပုန်အုပ်စုဝင်များနှင့် အတူစက်ရုံတစ်ခုတည်းမှာ အလုပ်လုပ်နေကြသည်။ တိုင်းပြည်တစ်ခုလုံး တင်းမာကာဘာဖြစ်ဦးမှာလဲဟု တထိတ်ထိတ်နှင့် စောင့်ကြည့်နေကြသည်။ မော်ဖန်တီးခဲ့သည့်ကြောက်စရာခေတ်ဆိုးကြီး ဘယ်တော့အဆုံးသတ်လေမည်လဲ။

၁၉၇၇ ဇူလိုင်တွင် တိန့်ရှောင်ဖိန် ပြန်လည်ထူထောင်ခွင့်ရပြီး ဟွကိုဖုန်း၏ လက်ထောက် ဖြစ်လာသည်။ တိန့်၏ မိန့်ခွန်းများတွင် လေကောင်းလေသန့် တဖြူးဖြူး တိုက်ခတ်စပြုလာသည်။ မူဝါဒကို တရားသေမကျင့်သုံးရ။ ဒိဌ္ဌမလောကနှင့်အညီ ကျင့်သုံးရမည်။ မော်၏ စကားလုံးတိုင်း၏ နောက်သို့ မလိုက်ရ။ တိန့်ရှောင်ဖိန်သည် တရုတ်ပြည်၏ လမ်းကြောင်းကို ပြောင်းရန် ကြိုးစားနေသည်။ ကျွန်မ စိုးရိမ်မိသည်။ ခေတ်သစ်သည် ပေါ်ထွန်းနိုင်ပါတော့မည်လား။

တိန့်၏ လမ်းစဉ်သစ်အရ ၁၉၇၇ ဒီဇင်ဘာတွင် ကျေးလက်ဘုံရိပ်သာမှ ကျွန်မ ခွာခွင့်ရသည်။ တစ်နှစ်ပြည့်အောင် မနေလိုက်ရ။ ဆယ့်တစ်လသာ ဝင်္ခံလိုက်ရသည်။ ချိန်တူပြန်ရောက်လျှင် တက္ကသိုလ်သည် စာမေးပွဲစနစ်ကို ပြန်လည်ကျင့်သုံး ကာ စာမေးပွဲများ စစ်နေသည်။ ဆယ့်တစ်နှစ်အကြာမှ ပြန်လည်ကျင့်သုံးခြင်းဖြစ်သည်။ တက္ကသိုလ်ဝင်ခွင့်များသည် စာမေးပွဲမှ တစ်ဆင့်သတ်မှတ်ရမည်။ နောက်ဖေး ပေါက်မှ မဝင်ရဟု တိန့်က ဆိုသည်။ သို့ဖြစ်ရာ ဆောင်းဦးစာသင်ချိန်ကို ရွှေ့ဆိုင်း လိုက်သည်။

ကျွန်မကို တာဝန်သစ်နှင့် ဆီချွမ်မြောက်ပိုင်းတောင်ပေါ်ဒေသသို့ စေလွှတ်သည်။ ဌာနသို့ ဝင်လိုသည့် လျှောက်လွှာရှင်များကို စစ်ဆေးရမည်။ လိုလိုချင်ချင် ကျွန်မ သွားသည်။ ခရိုင်တစ်ခုမှတစ်ခုသို့ တောလမ်းအတိုင်း သွားသည်။ ထိုစဉ် စိတ်ကူးတစ်ခု ပေါ်လာသည်။ အနောက်နိုင်ငံသို့ ပညာတော်သင်သွားရသော် မည်မျှ ကောင်းမည်လဲ။

လွန်ခဲ့သည့် နှစ်အနည်းငယ်က ကျွန်မသူငယ်ချင်းတစ်ယောက် ပြောပြသည့် ပုံပြင်တစ်ခုကို နားထောင်ရသည်။ သူသည် ၁၉၆၄ တွင် ဟောင်ကောင်မှ ပြည်မကြီးသို့ ကူးလာသူဖြစ်သည်။ ထိုအခါမှစ၍ ပြည်ပသို့ ထွက်ခွင့်မရပေ။ ၁၉၇၃ တွင် နှစ်ဆင်လာရောက်လည်ပတ်ပြီးနောက် သူ့မိသားစုနှင့်တွေ့ရန် ဟောင်ကောင်သို့ ပြန်ခွင့်ပြုသည်။ ဟောင်ကောင်ရောက်သည့်ညမှာပင် သူ့တူမက တိုကျိုသို့ တယ်လီဖုန်းလှမ်းဆက်ပြီး စနေ၊ တနင်္ဂနွေတွင် တိုကျို၌ ဆုံကြရန် စီစဉ်သည်။ ထိုအခွင့်အရေးမျိုး ကျွန်မလိုချင်သည်။ ကမ္ဘာကို လွတ်လွတ်လပ်လပ်လည်ပတ်နိုင်ခွင့် ဘယ်တော့များ ရလေမည် မသိရ။ နိုင်ငံခြားသွား

ရောက်လည်ပတ်ချင်စိတ်သည် ရင်ထဲမှာ အမြဲကိန်းအောင်းနေသည့် ဆန္ဒတစ်ခု ဖြစ်လာသည်။ အတိတ်က အနောက် နိုင်ငံတက္ကသိုလ်များသို့ ပညာသင်များ စေလွှတ်ခဲ့ဖူးသည်။ အာဏာပိုင်များက ရွေးချယ်ပြီး အရည်အချင်းတစ်ခုမှာ ပါတီဝင်ဖြစ်ခြင်းဖြစ်သည်။ ကျွန်မမှာအခွင့်အလမ်းမရှိနိုင်။ ပါတီဝင်လည်း မဟုတ်။ ဌာနက ယုံကြည်ကိုးစားခြင်း ခံရသူ လည်းမဟုတ်။ ပညာတော်သင် သွားခွင့် မိုးပေါ်က ကျလာစေ ကျွန်မမှာ အခွင့် အလမ်းမပွင့်။ သို့သော်လည်း ယခုအခါ စာမေးပွဲစနစ်ကို ပြန်လည်ကျင့် သုံးလာပြီ ဖြစ်ရာ တရုတ်ပြည်ကြီးသည် မော်ကိုယ်ကျပ်အကျႌကြီးကို ချွတ်လိုက်သူနှင့် အနည်း ငယ်တူလာသည်။ သို့ဖြစ်၍ မျှော်လင့်ချက်အနည်းငယ်ရှိလာသည်။

ခရီးမှ ပြန်လာသည့်အခါ ဌာနမှ အနောက်နိုင်ငံသို့ ပညာတော်သင် စေလွှတ်ရန်ရှိသည်ဆိုသော သတင်းတစ်ခုကြားရသည်။ တစ်ယောက်ကို ရွေးထားသည်ဆိုသော သတင်းလည်းထွက်လာသည်။

ကျွန်မကို သတင်းပေးသူမှာ ပါမောက္ခ “လို” ဖြစ်သည်။ သူသည် ခုနစ်ဆယ်ကျော်အရွယ်ဖြစ်သည်။ အင်္ဂလိပ်စကားကို ခပ်မြန်မြန်ခပ်သွက်သွက် ပြောသည်။ အမေရိကန်ပြည်ထောင်စုတွင် နှစ်ပေါင်းသုံးဆယ် နေခဲ့ဖူးသည်။ သူ့အဖေမှာ ကူမင်တန်အစိုးရလက်ထက်တွင် တရားရုံးချုပ်တရားသူကြီး တစ်ယောက်ဖြစ်သည်။ အမေရိကတွင် သူ့နာမည်မှာ လူစီဖြစ်သည်။ “လု” ဟူသော အမေရိကန် ကျောင်းသားတစ်ယောက်နှင့် ချစ်ကြိုက်သည်။ “လု” အမေက “လူစီ . . . မင်းကို ချစ်ပါတယ်။ ဒါပေမယ့် တို့က မွေးလာတဲ့ သားသမီးတွေ အခက်အခဲတွေ့မယ်” ဟု ပြောသည်။

သို့နှင့် လူစီသည် “လု” ကို စွန့်လိုက်သည်။ ၁၉၅၀ ကျော်တွင် တရုတ်ပြည်သို့ လူစီပြန်လာသည်။ တရုတ်လူမျိုးအင်္ဂလိပ်စာပြ ပါမောက္ခတစ်ယောက်နှင့် အပျိုကြီး ဘဝတွင် လက်ထပ်လိုက်သည်။ သူတို့ ချစ်ကြိုက်၍ ယူကြသူများ မဟုတ်။ မကြာခဏ ရန်ဖြစ်သည်။ ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် အိမ်ပေါ်မှ မောင်းချခံရပြီး ဆယ်ပေရှစ်ပေအခန်းလေးတစ်ခုတွင် ခက်ခက် ခဲခဲနေကြရသည်။

ပါမောက္ခ “လို” သည် ကျွန်မကိုချစ်သည်။ လွန်ခဲ့သည့် အနှစ်ငါးဆယ်က အချည်းနှီးဖြစ်ခဲ့ရသည့် သူ့ဘဝကို ပြန်လည်မြင်ယောင်ကာ ကျွန်မကို ကိုယ်ချင်းစာသည်။ ထိုစဉ်ကမူ သူ့ဘဝမှာ ပျော်စရာဟူ၍ မရှိ။ ပျော်စရာရှာသည်။ မရ။ ကျွန်မကို သူ့လို မဆုံးရှုံးစေချင်။ ဘဝအောင်မြင်မှုရစေချင်သည်။ အမေရိကသို့ ပညာတော် သင်ဆု တစ်ခုရသည့်အခါ ကျွန်မကို သူ သတိရသည်။ ထိုအချိန်တွင် ကျွန်မ မရှိ။ အဝေးမှာ ရောက်နေသည်။ ထိုပညာသင်ဆုကို မစ္စယီဆိုသော ကျောင်းသူ တစ်ယောက်ရသည်။ ယီသည် ကျွန်မ ထက်တစ်နှစ်ကြီးပြီး ယခုပါတီအရာရှိဖြစ် နေသည်။

ပါမောက္ခ “လို” သည် သူတို့ကို အင်္ဂလိပ်စာမွမ်းမံသင်တန်း ပေးသည့်

ဆရာမ တစ်ယောက် ဖြစ်လာသည်။ ပီကင်းနှင့် ရှန်ဟဲတို့သို့ အင်္ဂလိပ်စာအုပ်များ လှမ်း၍မှာသည်။ ကျေးလက်မှ ကျွန်မပြန်လာသည့်အခါ သူ့အတန်းမှာ တက်ရသည်။

တစ်နေ့တွင် အမေရိကန်၌ အနုမြူစွမ်းအင်ကို အသုံးပြုနေသည့် အကြောင်း သင်ခန်းစာတစ်ခုကို သင်ကြားပေးသည်။ ပါမောက္ခလိုက ထိုဆောင်းပါး ၏ အဓိပ္ပာယ်ကို ရှင်းပြသည်။ ထိုအခါ မစ္စယီသည် ခါးဆန့်ပြီး "ဒီဆောင်းပါးကို သတိထားဖတ်ရမယ်။ အမေရိကန်နယ်ချဲ့သမားဆိုတာ အနုမြူစွမ်းအင်ကို လူ့လောက အကျိုးပြုလုပ်ငန်းတွေမှာ ဘယ်အသုံးပြုပါ့မလဲ" ဟု ဝေဖန်သည်။ မစ္စယီ၏ ဝေဖန်ရေး သည် ဝါဒဖြန့်လမ်းစဉ်နောက် သံယောင်လိုက်ခြင်းသာဖြစ်သည်။ ကျွန်မလည်း ချောင်းမှာ ယားကျိကျိဖြစ်လာပြီး ပါးစပ်ပိတ်မထားနိုင်တော့ဘဲ သူ့ကို ပြန်မေးမိသည်။

"သူတို့ အသုံးမပြုနိုင်ဘူးလို့ ရှင်ဘယ်လိုသိသလဲ"

မစ္စယီနှင့် တစ်တန်းလုံး ကျွန်မကို ပြူးပြဲကြည့်ကြသည်။ ကျွန်မ မေးခွန်းကို သူတို့ လက်မခံ။ ယင်းမှာ အကျိုးမဲ့စကားမျိုးဖြစ်သည်။ ထိုအခိုက် ပါမောက္ခလို၏ မျက်လုံးထဲတွင် အရောင်တစ်ချက် လက်သွားသည်ကို ကျွန်မ မြင်လိုက်သည်။ ကျွန်မ စကားကို သူတန်ဖိုးထားပြီး နှစ်သက်လေးစားသည်ကို ပြခြင်းဖြစ်သည်ဟု ကျွန်မ ထင်သည်။

ပါမောက္ခလိုအပြင် အခြားပါမောက္ခများ ကထိကများကလည်း ယီ အစား ကျွန်မကို အနောက်သို့ လွှတ်ချင်သည်။ သို့သော်လည်း မည်သူမျှ မစရဲ။ နိုင်ငံရေး ရာသီဥတုကို မခန့်မှန်းနိုင်ကြသေး။ ကျွန်မလည်း အဖေ၏ အပေါင်းသင်းဟောင်း တစ်ယောက်ဆီသွား၍ တွေ့သည်။ ကျွန်မကို ယှဉ်ပြိုင် ခွင့်ပြုပါ စာမေးပွဲဖြင့် ပညာတော်သင်ကို စဉ်းစားပါဟု တင်ပြခဲ့သည်။ ဤသည်မှာ အမေ၏ အကြံဉာဏ် ဖြစ်သည်။

ထိုစဉ် အမိန့်တစ်ခုထွက်လာသည်။ ပညာတော်သင်စေလွှတ်ရန် စာမေးပွဲ များ ကျင်းပရမည်။ ပီကင်း၊ ရှန်ဟဲနှင့် ဆီအန်တို့တွင် တစ်ပြိုင်နက်တည်း ကျင်းပရမည်။ ဆီအန်မှာ ရွှံ့ရုပ်စစ်သားများ တူးဖော်တွေ့ရှိသည့် ဒေသဖြစ်သည်။

ဌာနက ဆီအန်သို့ သုံးယောက်လွှတ်သည်။ ကျွန်မနှင့် အသက်လေးဆယ်ဝန်းကျင်ရှိ ကထိကနှစ်ယောက်ဖြစ်သည်။ ယီကိုမူ စာမေးပွဲဝင်ခွင့် မပြု။ မတ်လ တွင် ရေးဖြေနှင့် နှုတ်မေး စာမွေးပွဲနှစ်ခု ကျင်းပသည်။

စာမေးပွဲနှစ်ခုစလုံးတွင် ကျွန်မ အမှတ်အများဆုံးရသည်။

နှုတ်မေးတွင် မေးခွန်းကို မဲနှိုက်ရသည်။ ကျွန်မရသည့် မေးခွန်းမှာ "တရုတ် ကွန်မြူနစ်ပါတီ၏ ဆယ့်တစ်ကြိမ်မြောက်ညီလာခံ ဒုတိယမျက်နှာစုံညီ အစည်းအဝေးတွင် အရေးကြီးသော ဆုံးဖြတ်ချက်များမှာ ဘာတွေလဲ" ကျွန်မ မဖြေနိုင်။ ဘာတွေမှန်းမသိ။ ငေးပြီးရပ်နေမိသည်။ ထိုအခါ ပါမောက္ခလိုက မေးခွန်းကို ကျွန်မထံ လှမ်းတောင်းပြီး အခြားစာစစ်ပါမောက္ခတစ်ယောက်ကို ပြသည်။ ပြီးတော့ ထိုမေးခွန်း ကို သူ့အိတ်ထဲ အသာလေးထည့်ပြီး နောက်တစ်ခု

ရွေးခိုင်းသည်။ ဒုတိယမေးခွန်းမှာ "အမိမြေ၏ ထွန်းပြောင်သည့် ဆိုရှယ်လစ်တည်ဆောက်ရေးအခြေအနေကို ပြောပြပါ"

ထွန်းပြောင်သည့် ဆိုရှယ်လစ်တည်ဆောက်ရေးအခြေအနေကို ကျွန်မ စိတ်ပျက်နေသည်မှာ ကြာပြီ။ သို့သော်လည်း ယခုမူ ပြောစရာတွေရှိလာသည်။ သို့ဖြစ်ရာ စိတ်ထဲရှိသမျှ ပြောပြလိုက်သည်။ ၁၉၇၈ တွင် ပီတိစိတ်ဖြင့် ကဗျာတစ်ပုဒ် ကျွန်မ ရေးဖွဲ့ခဲ့သည်။ လူတန်းစားရန်သူတိုက်ပွဲကို ရုပ်သိမ်းစပြု လာသည်။ တစ်တိုင်းပြည်လုံး မော်ဝါဒကို ခါချစပြုလာသည်။ စက်ရုံများ အချိန်ပြည့်လည်ပတ်လာသည်။ ဈေးဆိုင်များတွင် လူသုံးကုန်များ ဖောဖော သီသီ ရောင်းချလာသည်။ ကျောင်းများ ဆေးရုံများ အခြားပြည်သူ့ဝန်ထမ်းလုပ်ငန်းများ ပြန်လည်စည်ကားလာသည်။ ပိတ်ပင်ထားသည့် စာအုပ်များ ဖတ်ခွင့်ရလာသည်။ လမ်းများအိမ်များတွင် ရယ်မောသံ များကို ကြားရလာသည်။

ဆီအန်စာမေးပွဲအတွက် အပြင်းအထန် စာဖတ်သည်။ ပြင်ဆင်သည်။ ပါမောက္ခများက အကူအညီများပေးသည်။ ကျွန်မနှင့် ကထိကနှစ်ယောက် ဆီအန်သို့ ရထားဖြင့် သွားကြသည်။ ရောက်လျှင် စာမေးပွဲဖြေမည့်သူ နှစ်ဆယ့်နှစ်ယောက်ရှိကြောင်း သိရသည်။ ဇာစ်မြစ် (Roots) မှ ကောက်နုတ်ချက်တစ်ခု ကို တရုတ်ဘာသာသို့ ပြန်ဆိုရသည်။ စာမေးပွဲခန်းပြင်ဘက်သို့ ပြတင်းမှ လှမ်းမျှော်ကြည့်လိုက် လျှင် ပြေမြို့တော်ကြီးတစ်ခုလုံးကို မိုးမခပန်းဖြူလွလွတို့ လွှမ်းခြုံထားသည်ကို ရင်သပ် ရှုမောမြင်ရသည်။ မိုးမခပန်းတို့ အကဆင်နေသည် ထင်ရသည်။ ညနေပိုင်းတွင် နှုတ်မေးဖြေရသည်။

မေလကုန်တွင် စာမေးပွဲနှစ်ခုစလုံး၌ ကျွန်မ ဂုဏ်ထူးမှတ်ရသည်ဟု သတင်းစကားကြားရသည်။ ထိုအခါ အမေသည် အငြိမ်မနေနိုင်တော့ဘဲ အဖေ၏ အနေအထား ကောင်းမွန်ရေးအတွက် ကြိုးစားလုံးပန်းသည်။ အဖေတွင် အပြစ်မရှိကြောင်း စာနှင့်ပေနှင့် အကြောင်းကြားစာ ရဖို့လိုသည်။ အဖေ သေပြီးဖြစ်သော်လည်း သားသမီးများ၏ ကံကြမ္မာသည် သူ့ကိုယ်ရေးရာဇဝင်ဖိုင်တွဲအပေါ် တည်နေသည်။

နောက်ဆုံးအခြေအနေမှာ အဖေသည် ကြီးမားသော နိုင်ငံရေးအမှားများ ကျူးလွန်ခဲ့သူဖြစ်သည် ဟူ၍သာတည်း။

အမေသည် ချောင်အင်လိုင်းထံမှရခဲ့သည့်စာကို သိမ်းထားသည်။ အဖေ သည် ပါတီဝင်ဖြစ်သဖြင့် မော်ထံ အယူခံခွင့်ရှိသည်ဟု ချောင်၏ စာက ဆိုသည်။

ထိုစာကို အဘွားက သူ၏ အဝတ်ဖိနပ်တစ်ခုအပေါ်ပိုင်းတွင် ထည့်၍ ချုပ်ကာ သိမ်းထားခဲ့သည်။ ယခု ဆယ့်တစ်နှစ်ကြာပြီဖြစ်သည့် ချောင်အင်လိုင်း၏ စာကို ပြည်နယ်အာဏာပိုင်များ လက်သို့ပေးမည် အမေ စိတ်ကူးသည်။

အချိန်သင့်အခါသင့်ဖြစ်လာသည်။ မော်၏ အရောင်သည် မှေးမှိန်စပြု နေပြီ။ ဇွန် ၂၁ တွင် အထက်တန်းအရာရှိတစ်ယောက် ဥက္ကာပျံလမ်းထဲသို့

ရောက်လာပြီး အဖေ့အပေါ် ပါတီ၏ သဘောထား စာတစ်စောင် ယူလာပြီး အမေ့လက်သို့ ပေးအပ်သည်။ စာတွင် အဖေသည် "အရာရှိကောင်းတစ်ယောက်၊ ပါတီဝင်ကောင်း တစ်ယောက်ဖြစ်သည်" ဟူ၍ မှတ်ချက်ရေးသားထားသည်။ ဤသည်မှာ ပြန်လည် ထူထောင်ခွင့်ရခြင်းပင် ဖြစ်သည်။ ထိုစာရပြီးမှ ကျွန်မ၏ ပညာသင်ခွင့်ကို ပီကင်း ပညာရေးဝန်ကြီးဌာနသို့ ဆိုင်ရာက ပေးပို့လိုက်သည်။

ကျွန်မ ဗြိတိန်သို့ ပညာတော်သင်သွားရမည်ဆိုသည့် သတင်းကို ဌာန အာဏာပိုင်များက ယူဆောင်လာသည်။ ဝမ်းသာကြောင်း စာများ သံကြိုး များရသည်။ အထိမ်းအမှတ်ပွဲများ ကျင်းပသည်။ အနောက်သို့ သွားခွင့်ရသည်မှာ အခွင့်ထူးကြီး တစ်ခုဖြစ်သည်။ ကျွန်မသည် ပါတီဝင်မဟုတ်။ ဤသည်မှာ ပြောင်းလဲမှုကြီးတစ်ခု ဖြစ်သည်ကို သက်သေပြခြင်းဖြစ်သည်။ ပြည်သူတို့က မျှော်လင့်ချက်ရောင်ခြည်ကို လက်ကမ်းကြိုဆိုလျက်ရှိသည်။

တရုတ်ပြည်တွင် ပြည်သူများစွာတို့မှာ အစွမ်းအစရှိလျက် အခွင့်အလမ်းများ ပိတ်ပင်ခံခဲ့ရသည်။ ထွက်ပေါက်ဟူ၍မရှိ။ ကျွန်မမှာ အခွင့်ထူးခံ မိဘများမှ ပေါက်ဖွားလာသူဖြစ်သဖြင့် ကံကောင်းခြင်းဖြစ်သည်။ သို့တိုင်အောင် အဖေနှင့် အမေ တို့မှာ မျက်နှာမမော်နိုင်လောက်အောင် အနှိမ်ခံ အညှဉ်းပန်းခံ ခဲ့ကြရသည်။

ဗြိတိန်သို့သွားရန် ပီကင်းသို့ ရထားဖြင့်သွားရသည်။ ပီကင်းတွင် နိုင်ငံခြား ပညာတော်သင်များအတွက် သင်တန်းတစ်ခုတက်ရမည်။ တစ်လကြာမျှ နိုင်ငံရေး သင်တန်းတက်ရသည်။ ထို့နောက် နိုင်ငံအနှံ့အပြား တစ်လတာ လည်ပတ်ကြည့်ရှုရသည်။ အမိနိုင်ငံသည် အလွန်သာယာလှပသည့် နိုင်ငံဖြစ်သည်ကို ပြလိုခြင်းဖြစ်သည်။ သို့မှ နိုင်ငံကို မစွန့်မည်။

ပိုးမြစ်သည် ကျောင်းပရဝုဏ်ကို ဖြတ်၍စီးဆင်းသည်။ ညနေခင်းများတွင် မြစ်ကမ်းပါးမှာ လမ်းလျှောက်ရင်း ဘဝကို ဆင်ခြင်သုံးသပ်သည်။ ညချမ်းရောက်လျှင် ငွေလရောင်သည် မြစ်ပြင်ကို ပက်ဖျန်းသည်။ နွေည၏ နှင်းမြူလွှာများ လွှမ်းခြုံထားသည်။ နှစ်ဆယ့်ခြောက်နှစ် ဘဝကို ပြန်လည်သုံးသပ်သည်။ အခွင့်အရေးရခဲ့သည်။ အရှုတ်ချခံခဲ့ရသည်။ သတ္တိပြောင်မြောက်ခဲ့သလို ကြောက်လန့်သည့် အခါများလည်း ကြုံကြိုက်ရသည်။ ကျွန်မအပေါ် ကြင်နာယုယသူတွေ ရှိသလို မလိုမုန်းတီး သူတွေလည်း ရှိခဲ့သည်။ စိတ်မချမ်းမြေ့စရာ များကြုံရသည်။ ပျက်စီးဆုံးပါးတော့မည့် အခြေအနေများ ကြုံရသည်။ ပြီးတော့ အဖေ သေဆုံးသည်ကိုလည်း မြင်တွေ့ခဲ့ရသည်။ အချေမှုန်းမခံ အနိုင်မခံဘဲ ဘဝတွင် ပြောင်မြောက်စွာ ရှင်သန်ခွင့်ရအောင် ကြိုးပမ်းခဲ့ရသည်။ ပျော်စရာကို ကျွန်မ ရှာခွင့်ရခဲ့သည်။

အဖေ၊ အဘွားနှင့် ဒေါ်လေးယန်ယင်တို့အကြောင်း စဉ်းစားမိလျှင် ဝမ်းနည်းသည်။ သူတို့ကို မေ့ရန်ကြိုးစားသည်။ သူတို့သေဆုံးခဲ့ရပုံတို့ကို မတွေးချင်။ အသည်းနာသည်။ ယခုလို ကျွန်မ၏ အောင်မြင်မှုကို တွေ့ရလျှင် သူတို့ ဘယ်လောက် ဝမ်းသာလေမည်လဲ။

တက္ကသိုလ်ဆရာ ဆယ့်သုံးယောက်နှင့်အတူ ပီကင်းသို့ လေယာဉ်ဖြင့် သွားရသည်။ နိုင်ငံရေးမှူးတစ်ယောက်လည်း အတူပါသည်။ ၁၉၇၈ စက်တင် ဘာ ၁၂ ည ၈ နာရီတွင် ကျွန်မတို့လေယာဉ် ပြည်ပသို့ ထွက်မည်။ လေယာဉ် လွတ်သွားမည်အထိ သူငယ်ချင်းများကို နှုတ်ဆက်နေရသည်။ လေယာဉ်ပေါ်ရောက်ပြီး ထိုင်ခုံတွင်နေရာယူတော့မှ အမေ့ကို ပွေ့ပွေ့ဖက်ဖက် မလုပ်ခဲ့မိသည်ကို သတိရလာသည်။ ချိန်တူလေဆိပ်သို့ အမေလိုက်၍ပို့သည်။ ပို့ရိုးပို့စဉ်မျှသာ။ အမေ မျက်လုံးများတွင် မျက်ရည်တစ်စက်မတွေ့ရ။ ကျွန်မသည် ကမ္ဘာတစ်ဝက်ခရီးကို သွားတော့မည်။ ဤအဖြစ်မှာ ဖြစ်ရပ်တွေစုံသည့် ကျွန်မတို့ ဘဝတွင် နောက်ထပ်တစ်ခုတိုးလာသည့် ဖြစ်ရပ်တစ်ခုမျှသာ ဖြစ်သည်။

တရုတ်ပြည်ကြီးသည် ဝေး၍ ဝေး၍ကျန်ရစ်ခဲ့သည်။ ငွေရောင် လေယာဉ် တောင်ပံ ဟိုဘက်တွင် ကြီးမားသည့် စကြဝဠာကြီးကို မြင်ရသည်။ အတိတ်ကို ပြန်လည်ရှုကြည့်သည်။ ယခုမူ အနာဂတ်ဘဝတစ်ခုသို့ ကျွန်မ ရှေ့ရှုနေသည်။ ကမ္ဘာကြီးကို ပွေ့ဖက်ရန် အသင့်ဖြစ်နေသည်။

***

နိဂုံးစကား

လန်ဒန်မြို့ကို ကျွန်မ၏ အိုးအိမ်အဖြစ် ရွေးချယ်လိုက်သည်။ ကျန်ရစ်ခဲ့သည့် တရုတ်ပြည်အကြောင်း ဆယ်နှစ်လုံးလုံး ကျွန်မ မစဉ်းစားခဲ့။ ထို့နောက် ၁၉၈၈တွင် ကျွန်မရှိရာ အင်္ဂလန်သို့ အမေလာရောက် လည်ပတ်သည်။ သူ၏ ဘဝဇာတ်ကြောင်းနှင့် အဘွား၏ ဘဝဇာတ်ကြောင်းတို့ကို ပထမဆုံးအကြိမ် ကျွန်မအား ပြောပြသည်။ ချိန်တူသို့ အမေပြန်သွားသည့်အခါ ကျွန်မသည် စားပွဲမှာ ထိုင်ကာ မှတ်ဉာဏ်ကို ပြန်လည်နှိုးဆွသည်။ အမှတ်ရစရာများ တဖြည်းဖြည်းပေါ်လာသည်။ အပြင်သို့ မကျသည့် မျက်ရည်များ တစ်ကိုယ်လုံးလွှမ်းခြုံသွားသည်။ ငန်းရိုင်းများကို ရေးရန် ကျွန်မ ဆုံးဖြတ်လိုက်သည်။ အတိတ်ကို နာကျည်းစိတ်ဖြင့် ပြန်လည်အမှတ်ရမည့် အချိန် မဟုတ်တော့ပေ။ အချစ်ကို ကျွန်မ ရှာတွေ့ခဲ့သည်။ လိုအင်ဆန္ဒတို့ ပြည့်ဝခဲ့သည်။ သို့ဖြစ်ရာ အေးချမ်းတည်ငြိမ်မှု ရလာသည်။

ကျွန်မ ထွက်လာခဲ့သည့် တရုတ်ပြည်သည် အတိတ်မှာကျန်ရစ်ခဲ့သည်။ ၁၉၇၈ ကုန်တွင် ကွန်မြူနစ်ပါတီသည် မော်၏ လူတန်းစားတိုက်ပွဲကို ဘေးဖယ်ထားခဲ့သည်။ လူ့အဖွဲ့အစည်းမှ စွန့်ပစ်ထားသူများ၊ ကျွန်မစာအုပ်ထဲတွင် ဖော်ပြထားသည့် လူတန်းစားရန်သူများကို ပြန်လည်ထူထောင်ခွင့် ပေးခဲ့သည်။ ထိုအထဲတွင် ၁၉၅၅ တုန်းက တန်ပြန်တော်လှန်ရေးသမားများဟု ကင်ပွန်းတပ် ခံခဲ့ရသည့် မန်ချူးရီးယားမှ အမေ့မိတ်ဆွေများပါဝင်သည်။ သူတို့နှင့် တကွ သူတို့ မိသားစုအားလုံး ကို အစိုးရက တရားဝင်ညှဉ်းပန်းနှိပ်စက်ခြင်း မပြုတော့ပေ။ သူတို့ကို အလုပ်ကြမ်းသမားဘဝမှ ရုန်းထွက်ခွင့်ပြုပြီး ပို၍ ကောင်းသည့် အလုပ်များပေးခဲ့သည်။ များစွာတို့ကို ကွန်မြူနစ်ပါတီသို့ ဝင်ခွင့်ပြုပြီး ရာထူးပေးခဲ့သည်။ ကျွန်မ၏ အဘိုးလေး ယုလင်နှင့် သူ့မိန်းမ သားသမီးများကို ၁၉၈ဝတွင် ကျေးလက်မှ ကျင်ကျို့သို့ ပြန်နေ ခွင့်ပြုခဲ့သည်။ ယုလင်သည် ဆေးကုမ္ပဏီတစ်ခုတွင် စာရင်းကိုင်ဖြစ်လာပြီး သူ့မိန်းမ သည် သူငယ်တန်း ကျောင်းတစ်ကျောင်း၏ ကျောင်းအုပ်ဖြစ်လာသည်။

အပြစ်ပေးထားသူများကို အပြစ်အားလုံးမှ ကင်းလွတ်ခွင့်ပြုပြီး သူတို့၏ ကိုယ်ရေးသမိုင်း မှတ်တမ်းများတွင် ရေးသားဖော်ပြခဲ့သည့် ဖိုင်တွဲဟောင်းများကို မီးရှို့ဖျက်ဆီးသည်။ အသက်ပေါင်းများစွာ ဆုံးရှုံးစေခဲ့သည့် ထိုမှတ်တမ်းများကို တရုတ်ပြည်အနှံ့အပြားတွင် အသင်းအဖွဲ့များစွာတို့က မီးပုံ၍ရှို့ကြသည်။

ကျွန်မ အမေ၏ ဖိုင်တွဲသည် အလွန်ထူသည်။ ငယ်စဉ်က ကူမင်တန် အဆက်အသွယ်များပါ ထည့်သွင်းထားသည်။ ယခုမူ ယင်းတို့အားလုံး မီးထဲ ပါသွားသည်။ ယင်းနေရာတွင် ၁၉၇၈ ဒီဇင်ဘာ ၂ဝ ရက်စွဲဖြင့် ထိုစွပ်စွဲချက် အားလုံးသည် မမှန်ကန်ဟု မှတ်တမ်းသစ်တင်ထားသည်။ အပိုဆုအဖြစ် သူ၏

မိသားစုအနေ အထားကိုလည်း ထပ်မံသတ်မှတ်သည်။ မလိုလားအပ်သည့် "စစ်မင်း" အစား "ဒေါက်တာ" ဟူသော စကားလုံးအစားဝင်လာသည်။

၁၉၈၂ တွင် ဗြိတိန်၌ ကျွန်မ အခြေစိုက်ရန် ဆုံးဖြတ်ခဲ့သည်။ ယင်းမှာ ယခုတိုင် ထူးခြားသည့် ဆုံးဖြတ်ချက်တစ်ခု ဖြစ်နေသည်။ သူ့အလုပ်တွင် ထိခိုက်မည် စိုးသဖြင့် အမေသည် စောစောအနားယူခွင့် တောင်းခံခဲ့သည်။ ၁၉၈၃တွင် အမေ့ကို အနားယူခွင့်ပြုသည်။ သို့တိုင်အောင် အနောက်နိုင်ငံတွင် နေထိုင်သော သမီး တစ်ယောက်ကြောင့်ကား သူ့မှာဒုက္ခမဖြစ်။ အတိတ်ကဆိုလျှင် မလွယ်။

တရုတ်ပြည်တံခါးပေါက်ကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ထားသည်။ ကျွန်မ၏ မောင်နှမငယ်သုံးယောက်သည် အနောက်နိုင်ငံများတွင် ယခုနေထိုင်လျက်ရှိသည်။ ကျင်မင်းသည် ဗြိတိန်နိုင်ငံတွင် ရောက်နေသည်။ ဆောက်သင်ပတန် တက္ကသိုလ်တွင် ရူပဗေဒသုတေသနအဖွဲ့တစ်ခုတွင် ပါဝင်ဆောင်ရွက်နေသည်။ သူ့ကို ထုထည် ရူပဗေဒ၏ ပညာရပ်တစ်ခု၏ သိပ္ပံသုတေသီတစ်ယောက်အဖြစ် ကမ္ဘာက အသိ အမှတ်ပြုထားသည်။ လေတပ်မှ ထွက်ခဲ့သည့် ရှောက်ဟေသည် ယခုအခါ သတင်းစာ သမားတစ်ယောက်အဖြစ် အသက်မွေးကာ လန်ဒန်တွင် နေထိုင်လျက်ရှိသည်။ ရှောက်ဖန်ကား ပြင်သစ်ပြည် စထရတ် စဘာတ်တက္ကသိုလ်မှ နိုင်ငံတကာ ကူးသန်း ရောင်းဝယ်ရေး မဟာဝိဇ္ဇာဘွဲ့တစ်ခု ရရှိထားသည်။ ကျင်မင်းနှင့်ရှောက်ဟေတို့ နှစ်ယောက်စလုံး အိမ်ထောင်ကျပြီး ကလေးတစ်ယောက်စီ ရနေကြပြီ။ ရှောက်ဖန်ကား ပြင်သစ်ကုမ္ပဏီတစ်ခုတွင် လုပ်ကိုင်နေသည်။

အစ်မရှောက်ဟောင်တစ်ယောက်သာ တရုတ်ပြည်မှာ ယခုတိုင် ရှိနေသည်။ သူသည် ချိန်တူကောလိပ် တရုပ်တိုင်းရင်းဆေးပညာဌာနတွင် အုပ်ချုပ်ရေးဘက်၌ လုပ်ကိုင်နေသည်။ ၁၉၈၀ လွန်နှစ်များတွင် ပုဂ္ဂလိကလုပ်ငန်းများ ခွင့်ပြုသည့်အခါ ရှောက်ဟောင်သည် ခွင့်နှစ်နှစ်ယူပြီး အဝတ်အထည် ဒီဇိုင်း ကုမ္ပဏီတစ်ခု တည်ထောင်သည်။ ခွင့်စေ့လျှင် အစိုးရအလုပ်ကို စွန့်ပြီး ကိုယ်ပိုင်လုပ်ငန်းထဲသို့ ဝင်သည်။ သူ့ယောကျ်ား မျက်မှန်ကြီးခေါ် ချင်းယီသည် ချိန်တူဘဏ်တစ်ခုတွင် အမှုဆောင်အရာရှိအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိသည်။

ယခုအခါ တရုတ်ပြည်သည် ပြင်ပကမ္ဘာနှင့် နေ့စဉ်အဆက်အသွယ် မပြတ်တော့ပေ။ ချိန်တူမှ ပေးပို့လိုက်သော စာသည် တစ်ပတ်ရှိလျှင် လန်ဒန်သို့ ရောက်လာသည်။ အမေသည် မြို့လယ်စာတိုက်မှ ကျွန်မဆီသို့ ဖက်စ်ကြေးနန်းများ ပေးပို့သည်။ အိမ်မှာရှိနေသော အမေ့ဆီသို့ ကျွန်မသည် တိုက်ရိုက်တယ်လီဖုန်းစကား ပြောခွင့်ရသည်။ တရုတ်ရုပ်မြင်သံကြားတွင် စိစစ်ပြီး နိုင်ငံခြားသတင်းများ ကြည့်ရသည်။ တော်လှန်ရေးများနှင့် အရှေ့ဥရောပနှင့် ဆိုဗီယက် ယူနီယံတို့တွင် နိုင်ငံရေးအုံကြွမှု သတင်းများအပါအဝင် ကမ္ဘာ့သတင်းများကို နားထောင်ကြည့်ရှုနိုင်သည်။

၁၉၈၃ နှင့် ၁၉၈၉ အတွင်း အမေရှိရာ တရုတ်ပြည်သို့ နှစ်တိုင်း ကျွန်မ အလည်အပတ်ရောက်သည်။ တစ်ခေါက်သွားတိုင်း မော်လက်ထက်က အမြဲထိတ်လန့် နေစိတ်သည် တဖြည်းဖြည်းလျော့ပါးလာသည်ကို တွေ့ရသည်။

၁၉၈၉ နွေဦးတွင် ယခုစာအုပ်ရေးရန် တရုတ်ပြည်အနှံ့အပြားသို့ ကျွန်မ လည်ပတ်သည်။ ချိန်တူမှုသည် တီယန်အင်မင်ရင်ပြင်အထိ ဆန္ဒပြပွဲများ တာစူနေသည်ကို ကျွန်မ မြင်ခဲ့ရသည်။ ကြောက်စိတ်ဆိုသည် မရှိတော့ပါလား။ မေ့ကုန်ကြ ပြီထင်သည်။ သန်းပေါင်းများစွာသော ဆန္ဒပြသူများအနက် အချို့သာ ဘေးအန္တရာယ် ကို တွေးတောမိမည်ဟု ထင်ရသည်။ စစ်တပ်က ပစ်ခတ်သည့် အခါ များစွာတို့မှာ အံ့အားသင့်နေကြသည်။ ရုပ်မြင်သံကြားတွင် သေဆုံးသူတို့ကို မြင်ရလျှင် ကျွန်မ မျက်လုံးများကိုပင် မယုံချင်။ ကျွန်မနှင့်တကွ များစွာသောသူတို့က လွတ်မြောက်ရေး တိုက်ပွဲခေါင်းဆောင်များဟု ယူဆသူများ၏ အမိန့်ပေးချက်များလားဟု အံ့သြမိကြသည်။

လစ်ဘရယ်အယူအဆများ ထွန်းကားစပြုလာသည်။ နိုင်ငံရေးအစည်း အဝေးများတွင်မူ ပါတီခေါင်းဆောင်များကို နာမည်ထုတ်ဖော်၍ ဝေဖန်သည်။ သို့ရာတွင် မော်၏ မျက်နှာသည် တီယန်အင်မင် ရင်ပြင်ပေါ်သို့ ငုံ့ကြည့်နေဆဲ။

၁၉၈၀ လွန်နှစ်များတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် မကြုံစဖူးပင် လူနေမှုအဆင့်အတန်း မြင့်မားလာသည်။ နိုင်ငံခြားကုန်သွယ်မှု အခွင့်အလမ်းများ ပွင့်လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ များပြားလာသည့်ကျေးဇူးပင် ဖြစ်သည်။ တရုတ်ပြည်တွင် ယခုအခါ နိုင်ငံခြားကုန်သည်များကို လူတိုင်းက ပျူပျူငှာငှာ နှုတ်ဆက်ကြသည်။ ၁၉၈၈ တွင် အမေသည် ကျင်ကျို့သို့ သွားသည်။ ယုလင်၏ အိမ်ကလေးမှာ တည်းခိုသည်။ မျက်နှာချင်းဆိုင်တွင် ကျင်ကျို့၏ အကောင်းဆုံး ဟိုတယ်တစ်ခု မားမားမတ်မတ် ပေါ်လာသည်ကို အမေ တွေ့ရသည်။ နေ့တိုင်းပင် ညှော့ခံပွဲများ ကျင်းပပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို အလျှံပယ်ကျွေးမွေး ညှော့ခံသည်။ တစ်ရက်တွင် ထမင်းစားပွဲမှ ထွက်လာသည့် ပရိသတ်တွင် ညှော့သည်တစ်ယောက်ကို အမေ မြင်လိုက်သည်။ ထိုင်ဝမ်ရှိ သူ့အိမ်ကြီးတစ်ဆောင်နှင့် ဇိမ်ခံကားတစ်စီး၏ ဓာတ်ပုံများကို ဘေးတွင် ဝိုင်းနေသော ပရိသတ်အား ပြသနေသည်။ သူကား လွန်ခဲ့သည့် အနှစ်လေးဆယ်က အမေ့ကျောင်းမှ ကူမင်တန် နိုင်ငံရေးမှူးဖြစ်ပြီး အမေအဖမ်းခံရသည့်ကိစ္စတွင် တာဝန်မကင်းသူ ယို-ဟာန် ဖြစ်လေသည်။

ကျော်အောင် (၁၁-၅-၉၇)

WHISPER of WORDS
Subscribe Telegram Channel
https://t.me/TheBookR

Notes

[←1]

(First Love by Turgenev)